# တရားသင်္ဂြိုဟ်ကျမ်း

ရန်ကုန်တိုင်း
သာကေတမြို့နယ်၊ (၇) ရပ်ကွက်၊ မြင်တော်သာလမ်း၊
အာဒိကာရုံကျောင်းတိုက်၊ ဓမ္မာရုံကျောင်း၌
သီတင်းသုံးတော်မူသော
ဓမ္မာရုံနိကာယ မဟာနာယက-ဂဏဝါစက ဂန္ထကာရက
ဘဒ္ဒန္တ ဩသဓ မဟာထေရ်
၏

ဓမ္မသင်္ဂဟ
ခေါ်

# တရားသင်္ဂြိုဟ်ကျမ်း

စာပြင်မှူး ဓမ္မာစရိယ-**ဦးထွန်းသိန်း** ကြပ်မတ်ပြင်ဆင်သည်။

●

ပညာရောင်ခြည်စာပေဒိုက်
ကိုးထပ်ကြီးဘုရားဈေး၊ ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။

★

၁၃၃၈-ခုနှစ်။ သီတင်းကျွတ်လ။ ၁၉၇၆-ခုနှစ်။

သောဓကော စရိယော

★

ထွန်းသိန်းနာမာ စရိယေန၊
ဓမ္မာစရိယု ပါဠိနာ။
သောဓိတော ဒေသနာ ဓမ္မ၊
လင်္ကိတော ဓမ္မသင်္ဂဟော။

●



တရားသင်္ဂြိုဟ် ကျမ်းပြု
ဓမ္မာရုံ နိကာယ မဟာနာယကဆရာတော်
ဘဒ္ဒန္တ ဩသဓ မဟာထေရ်

# ကာရာဇသဂြိုဟ်ကျမ်း

★


- ဘာသာရေးဆိုင်ရာ စာမူပုံနှိပ်ထုတ်ဝေခွင့်အမှတ် (၀၀၀၂)
- ထုတ်ဝေသူ — ဒေါ်ခင်နု (မြဲ-၀၂၄၀)
  ပညာရောင်ခြည်စာပေဌာန၊
  ကိုးထပ်ကြီးဘုရားဈေး၊
  ကြည့်မြင်တိုင်၊ ရန်ကုန်။
- ပုံနှိပ်သူ — ဦးကြီးမောင် (၀၂၄၀)
  ခေတ်-စာပုံနှိပ်လုပ်ငန်း၊
  အမှတ်-၉၀၊ ကွမ်းရွံတန်း၊
  ကြည့်မြင်တိုင်၊ ရန်ကုန်။
- စာအုပ်ရေ — ၁၅၀၀-အုပ်။
- အကြိမ် — [ပထမ]၊ ၁၉၇၆-ခု၊ အောက်တိုဘာလ။
- ဈေးနှုန်း — တအုပ် ၁၃-ကျပ်။
- ဒီဇိုင်းဘလောက်= ဦးသောင်း (ဥက္ကလာ)။


●

“ သတိ ”

★

ဤကျမ်းစာ စာမျက်နှာ-၅၊ စာကြောင်းရေ ၃-တွင်
“သုံးရာ့နှစ်ကြိုး”-ကို “ရာ့သုံးနှစ်ကြိုး”-ဟု
ပြင်ဆင် ဘတ်ရှုတော်မူကြပါ။

●

# မာတိကာ

★


| ပုဒ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | စာတည်းဆရာ၏ သုံးသပ်ချက် | (င) |
| | နိဒါန်း | (ဆ) |
| | **ပထမပိုင်း** | |
| | **ကျမ်းဦးပဏာမပဏ္ဏနာဂါထာပါဠိအနက်** | ၃ |
| | အာသီသဂါထာများနှင့် အတိုကောက်ဟောပြောဘွယ်များ (၁) | |
| ၁။ | ဥဋ္ဌေါသနအာသီသဂါထာ .... .... .... | ၄ |
| ၂။ | ကုဏ္ဍာဝုဓအာသီသဂါထာ .... .... .... | ၆ |
| ၃။ | ဝိဇယုဿဝအာသီသဂါထာ .... .... .... | ၇ |
| ၄။ | သဗ္ဗမင်္ဂလာအာသီသဂါထာ .... .... .... | ၈ |
| ၅။ | ဇယမင်္ဂလာအာသီသဂါထာ .... .... .... | ၉ |
| ၆။ | ဗာဟိရာရိဇယအာသီသဂါထာ .... .... .... | ၉ |
| | (သတိပြုဘွယ်ညွှန်ကြားခြင်း) .... .... .... | ၁၁ |
| ၇။ | အတိုကောက်ဟောပြောဘွယ် အလုံးစုံသက်ဆိုင်သော သံခေပကထာ .... .... .... .... | ၁၂ |
| ၈။ | အတိုကောက်ဟောပြောဘွယ် အလုံးစုံသက်ဆိုင်သော သံခေပကထာ .... .... .... .... | ၁၃ |
| ၉။ | အတိုကောက်ဟောပြောဘွယ်အလုံးစုံသက်ဆိုင်သော သံခေပ ကထာ .... .... .... .... | ၁၄ |
| ၁၀။ | အတိုကောက်ဟောပြောဘွယ်အလုံးစုံသက်ဆိုင်သော သံခေပ ကထာ .... .... .... .... | ၁၅ |
| ၁၁။ | အတိုကောက်ဟောပြောဘွယ်အလုံးစုံသက်ဆိုင်သော သံခေပ ကထာ .... .... .... .... | ၁၆ |
| ၁၂။ | အတိုကောက်ဟောပြောဘွယ် အလုံးစုံသက်ဆိုင်သော သံခေပ ကထာ .... .... .... .... | ၁၇ |

၁၃။ အတိုကောက်ဟောပြောဘွယ်အလုံးစုံသက်ဆိုင်သော သံခေပ ကထာ .... .... .... .... ၁၈
၁၄။ အတိုကောက်ဟောပြောဘွယ် ဆွမ်းသွတ်ကိစ္စအတွက် သံခေပ ကထာ .... .... .... .... ၂၀
၁၅။ အတိုကောက်ဟောပြောဘွယ် ဆွမ်းသွတ်ကိစ္စအတွက် သံခေပ ကထာ .... .... .... .... ၂၁
၁၆။ အတိုကောက်ဟောပြောဘွယ် ဆွမ်းသွတ်ကိစ္စအတွက် သံခေပ ကထာ .... .... .... .... ၂၂
၁၇။ အတိုကောက်ဟောပြောဘွယ် ဆွမ်းသွတ်ကိစ္စအတွက် သံခေပ ကထာ .... .... .... .... ၂၃
၁၈။ အတိုကောက်ဟောပြောဘွယ် ဆွမ်းသွတ်ကိစ္စအတွက် သံခေပ ကထာ .... .... .... .... ၂၄
၁၉။ အတိုကောက်ဟောပြောဘွယ် မရဏာနုဿတိကထာ .... ၂၅
၂၀။ အတိုကောက်ဟောပြောဘွယ်သံခေပဒါနကထာ .... ၂၇
၂၁။ အတိုကောက်ဟောပြောဘွယ် အလုံးစုံသက်ဆိုင်သော ဥစ္စာလေးမျိုး .... .... .... .... ၂၈
၂၂။ အတိုကောက်ဟောပြောဘွယ် ဒါနနှင့်ဆိုင်ရာ .... ၂၉
၂၃။ အတိုကောက်ဟောပြောဘွယ် ဒါနနှင့်ဆိုင်ရာ .... ၃၁
၂၄။ အတိုကောက်ဟောပြောဘွယ် ကုသိုလ်တိုင်း အကြောင်းပြုရန် .... .... .... .... ၃၂
၂၅။ အတိုကောက်ဟောပြောဘွယ် ကုသိုလ်အရာတိုင်း သက်ဆိုင်သည် .... .... .... .... ၃၃

## ဒုတိယပိုင်း

ရတနာစစ်တမ်းနှင့် ပုညကြိယာဒေသနာတော်များ(၂)

၂၆။ ရတနဝိစိနနကထာ ရတနာစစ်တမ်းတရားတော် .... ၃၇
၂၇။ ဒါနကထာ .... .... .... .... ၄၆
၂၈။ သီလကထာ .... .... .... .... ၅၇
၂၉။ ဘာဝနာရာကထာ .... .... .... .... ၆၆
၃၀။ အပစာယနကထာ .... .... .... .... ၇၇

၃၁။ ဝေယျာဝစ္စကထာ .... ... .... .... ၈၄
၃၂။ ပတ္တိဒါနကထာ .... .... .... .... ၉၄
၃၃။ ပတ္တာနုမောဒနာကထာ .... .... .... ၁၀၂
၃၄။ ဓမ္မဿဝနကထာ .... .... .... .... ၁၀၉
၃၅။ ဓမ္မဒေသနာကထာ .... .... .... .... ၁၁၉
၃၆။ ဒိဋ္ဌုဇုကမ္မကထာ .... .... .... .... ၁၃၀


## တတိယပိုင်း

### ရဟန်းခံ-ရှင်ပြု တရားတော်များ(၃)


၃၇။ ဥပသမ္ပဒါနိသံသကထာ .... .... .... ၁၄၃
၃၈။ သဗ္ဗသာဓာရဏတရားချီးနှင့်ရဟန်းခံ-ရှင်ပြုများ .... ၁၅၀
၃၉။ ရဟန်းခံ-ရှင်ပြုတရားတော် .... .... .... ၁၆၁
၄၀။ ပဗ္ဗဇ္ဇမင်္ဂလာ ရှင်ပြုတရားတော် .... .... .... ၁၆၉
၄၁။ ပဉ္စင်းခံ- ရှင်ပြုတရားတော် .... .... .... ၁၇၅


## စတုတ္ထပိုင်း

### ဒါန,သီလ,ဘာဝနာနှင့်ဆိုင်ရာ တရားတော်များ(၄)


၄၂။ ဒါန,သီလ,ဘာဝနာ သုံးပါးလုံးနှင့်သက်ဆိုင်သော
လိုရာရတရားချီး .... .... .... .... ၁၉၁
၄၃။ စရိုက်အားလျော်စွာကျင့်ထိုက်ပုံဒေသနာဒါနကထာ .... ၁၉၆
၄၄။ ဒါနခဏ်း ရှင်းတမ်းတရားတော် .... .... ၂၀၆
၄၅။ လိုရာရဒါနကထာ .... .... .... .... ၂၁၆
၄၆။ သီလကထာ .... .... .... .... ၂၂၅
၄၇။ ကုမ္မောပမဒေသနာသီလကထာ .... .... .... ၂၃၄
၄၈။ သံဝေဇနီယကထာ .... .... .... .... ၂၄၀
၄၉။ ဗုဒ္ဓါနုဿတိဘာဝနာ .... .... .... ၂၅၄
၅၀။ အားအကြီးဆုံးဖော်ပြသောသံဝေဂကထာ .... ၂၆၂
၅၁။ မရဏာနုဿတိကထာ .... .... .... ၂၆၈
၅၂။ မရဏာနုဿတိကထာ .... .... .... ၂၇၄

## ပဥ္စမပိုင်း

### အထွေထွေပကိဏ္ဏက ဒေသနာတော်များ(၅)


၅၃။ သောတာနုဂတသုတ္တန်ဒေသနာတော် .... .... ၂၈၁
၅၄။ ကထိနကထာ ကထိန်တရားတော် .... .... ၂၉၃
၅၅။ သရဏဂမနကထာ အပါယ်တံခါးပိတ်တရားတော် .... ၃၀၂
၅၆။ ကမ္မဝိဘင်္ဂဒေသနာ .... .... .... .... ၃၁၃
၅၇။ ခမာပနကထာ-ကန်တော့ခန်းတရားတော် .... ၃၂၄
၅၈။ ကံ-ဉာဏ်-ဝီရိယ-တိကမ္မကထာ .... .... .... ၃၃၀
၅၉။ ပဝါရဏာနိသံသကထာ .... .... .... ၃၃၉
၆၀။ ဓမ္မဿဝနကထာ .... .... .... .... ၃၄၇
၆၁။ သာမုက္ကာရကထာ .... .... .... .... ၃၅၅
၆၂။ ပလ္လင်္ကဒါနကထာ .... .... .... .... ၃၆၂
၆၃။ ဗုဒ္ဓါဘိသေကမဟာမင်္ဂလာအနေကဇာတင်
တရားတော် .... .... .... .... ၃၇၀
၆၄။ သိမ်အနုမောဒနာတရား .... .... .... ၃၈၀
၆၅။ သင်္ကြန်တရားတော် .... .... .... .... ၃၉၀
၆၆။ သပ္ပုရိသဒါနတရားတော် .... .... .... ၃၉၈
၆၇။ မှန်ပြဒေသနာညီမျှရေးကထာ .... .... .... ၄၀၄
၆၈။ ဂေါစရဇ္ဈာနဒေသနာ .... .... .... ၄၀၉
၆၉။ ဓမ္မာရုံသြဝါဒဒေသနာသာရဏီယကထာ .... .... ၄၁၅
၇၀။ တရားအဆုံးသတ် အဘိဓမ္မာတပ်ရန် .... .... ၄၂၆
၇၁။ နောက်ဆက်တွဲ-သံဝေဂဂါထာများ .... .... ၄၂၈
၇၂။ ရေစက်ချစာတမ်း .... .... .... .... ၄၃၄
၇၃။ နိဂမကထာ .... .... .... .... ၄၃၇
၇၄။ အက္ခရာဝလိကျမ်းညွှန်းကဏ္ဍ .... .... .... ၄၃၉


ကျမ်းညွှန်းမာတိကာပြီး၏။

# စာတည်းဆရာ၏ သုံးသပ်ချက်

ဖားကူး ဓမ္မာရုံ ဆရာတော် ဘုရားကြီးနှင့် ရန်ကုန်မြို့ ဝေဠုဝန် နိကာယာဓိပတိ ပဌမဆရာတော်ဘုရားကြီးတို့၏ နည်းနာနယကို စည်းကမ်းတကျ ဟတ္ထမုဋ္ဌိလက်ဆုပ် ရရှိတော်မူသော သာကေတမြို့ အာဒိကာရုံတိုက် ဓမ္မာရုံဆရာတော်ဘုရားသည် တပည့်ဖြစ်သော ရဟန်းများစွာတို့ ဖန်ခါခါ တောင်းပန်မှုကြောင့်၎င်း၊ ရန်ကုန်မြို့ကြည့်မြင်တိုင် ကိုးထပ်ကြီးဘုရားဈေး ပညာရောင်ခြည်စာပေဌာန **ကိုတင်အောင်-မခင်နု** တို့က လျှောက်ထားတောင်းပန် သောကြောင့်၎င်း ဤတရား သင်္ဂြိုဟ်ကို ရေးသားတော်မူရသည်ဟု ဆရာတော်၏စာနိဒါန်း၌ သိခဏ်းဖွင့်ခဲ့လေသည်။

ဆရာတော်၏တရားသင်္ဂြိုဟ်သည် မှည့်ဆိုထားသော အမည်အတိုင်း အသိုင်းအဝိုင်းမများ စကားသွားမရှည် စကားနေမပို တရားသားတိုတိုနှင့် လိုရင်းကို အကွက်ပြ၍အချက်ကျ ပိုက်ထွေးထားပေသည်။

ဆိုင်ရာဆိုင်ရာမှာ ပိုင်နိုင်စွာဟောပြောမှုအတွက် စပ်ဆက်၍ ဟပ်ဖက်သော တရားပုဒ်ပေါင်းလည်း အကြောင်းအားလျော်စွာ များစွာပါဝင်လေသည်။ ပုါဠိမှမြန်မာနက်ပြန်ရာမှာလည်း သံသရာရှည်မျော တမောကြီးရွတ်ဆိုရသောအနက်သွားမျိုး မဟုတ်ပေ။ တိုတိုကျဉ်းကျဉ်းနှင့် လိုရင်းကို ထိမိသည့်ပြင် သုတီလွင်၍ နားဝင်လည်းချိုပေသည်။ စကားပြင်မှာလည်း ပေါ်လွင်၍ သဘောအမြင်လည်း ပေါက်လွယ်လေသည်။

ဆရာတော်၏ တရား သင်္ဂြိုဟ် ကို ဖတ်ရှုရသည်မှာ အရဏ်ရောင်နေခြည်အေးဖြင့် နွေးထွေးထားသကဲ့သို့ ဖြစ်ပေသည်။

တထိုင်ဟော တရားတို စာပေများ ခေတ်စားလာသော ယခုအချိန်တွင် သိရသရေမြင့်ထွား ခေတ်စားသောစကားလုံးတို့ဖြင့် သုံးနှုန်းမွမ်းမံ့တန်ဆာဆင်ထားရကား တရားတိုစာသားအနေဖြင့် စာပေလောကတွင် ဖူးပွင့်၍ မွှေးဝင့်နေမည်မှာ ယုံမှားစရာမရှိတန်ရာပါချေ။

( ၈ )

ကောင်းခြင်း ငါးဖြာ လက္ခဏာ ကြန်အင် စုံလင်ပြည့်ကြွယ် လှပျို မယ်ကို ဆန်းကြယ်ဒွါဒရာ တန်ဆာဆင်ထား သကဲ့သို့ စာသား စာနေ ထွေထွေပြေပြစ် စကားသစ်၍ စာချစ်သော ပရိသတ်တို့၏ ဟဒယနှလုံးကို ရွှင်ပြုံးစေပါလိမ့်မယ်။

ကျွန်ုပ်၏အခွင့်အရ အသင့်ပြည့်ဖွင့်ဟချက်သည် လွင့်တက်အောင် မြှင့်လက်ဆောင် မဟုတ်ပါ၊ စာပေ ဝါသနာရှင်တို့ မျက်မြင်သုံးသပ်၍ ဆုံးဖြတ်ရန်ကို မျှော်ကိုးပါသည်၊ အဆုံးဖြတ်၍ အမှုံးရပ်ကလေး များကို သုံးသပ်တော်မူစေတမုံ့။

**ထွန်းသိန်း** (မဗ္ဗာစရိယ)

★

ညွှန်ကြားခြင်း-

ဤကျမ်း၌ပြထားသော သာဓကပါဠိများ၏ကျမ်းညွှန်းကို သိလိုပါမူ ပါဠိ၏အစအက္ခရာကိုမှတ်၍ ကျမ်း၏ နောက် ဆုံး၌ပြထားသော "အက္ခရာဝလိအစဉ်"နှင့် တိုက်ဆိုင်ပြီး လျှင် ကျမ်းညွှန်းကို သိပါကုန်။

---

# ဤကျမ်းစာဖြစ်ပေါ်ရခြင်း အကြောင်းအရာ
# နိဒါနကထာ

❁

"သာဂါရာ-အနာဂါရာစ၊ ဥဘောအညောညနိဿိတာ"ဟူသော ဒေသနာတော်အရ ရဟန်းတော်များနှင့်လူများ၊ ဆရာ-ဒကာ နှစ်ဦးနှစ်ဖက် အချင်းချင်း တွဲစပ်ကာ တဦးကိုတဦး အမှီပြု၍ သူတော်ကောင်းတရား ပြည့်စုံအောင် အားထုတ်ကြရပေသည်။

(၁) ရဟန်းတော်များသည် ဟောပြောရေးဘက်က ကျင့်သုံးရန် ဝတ္တရားရှိပေသည်။

(၂) ဒကာ - ဒကာမများ ဘက်က မူကား ဟောပြောသည်ကို နာယူကျင့်သုံးရန် ဝတ္တရားရှိပေသည်။

## ရဟန်းဝတ္တရား

ပထမ နံပါတ်(၁) ရဟန်းတော်များအတွက် သိက္ခါလသုတ်တော်လာ ရဟန်းကျင့်ဝတ်ခြောက်ပါး၌ ဟောပြောရန် ကျင့်ဝတ်တပါးပြည့် အပြင်၊ ကျောင်းထိုင် အင်္ဂါငါးပါး မှာလည်း ဟောရေး-ပြောရေး အင်္ဂါ တပါး အထင်အရှားရှိပေသည်။ သို့ဖြစ်၍ ဟောပြောရေးသည်ကား ရဟန်းတော်များ၏ လိုရင်းကျသော ဝတ္တရားဖြစ်ကြောင်း ထင်ရှားပေသည်။

## ဝိတ္ထာရဒေသနာ

ဝတ္တရားရှိသည့်အတိုင်း ဟော ပြော ရန် တ ရား ဟော တတ် သော ရဟန်းတော်များသည်ကား အနယ်နယ်တိုင်း နည်းပါးလှပေသည်။ တချို့ တရားဟောရန် ဝါသနာ ပါသော်လည်း အစီအစဉ်မတတ် နည်းညွှန် ရှေ့ဆောင်မရှိ၊ ရှေးမူ တရားစာအုပ်ကြီးများကို မှီငြမ်းပြုသော်လည်း မချုံး တတ်-မချဲ့တတ်သောကြောင့် နည်းလမ်းမရ ဖြစ်ကြရသည်။ သို့အတွက်- ဤကျမ်းစာ၌ ညွှန်ပြလတ္တံ့ဖြစ်သော ငါးမိနစ်-ဆယ်မိနစ်ခန့် အတိုကောက် ဟောပြောဘွယ်ကစပြီးလျှင် အလေ့အကျင့်ရပြီးကြပါက ဝိတ္ထာရဒေသနာ တိုင်အောင် ဟောပြောရေး နားလည်စေရန်အတွက် အကျယ်မချဲ့မူ၍ အကျဉ်းမျှသာ စီစဉ်ပြထားပေသည်။

( ၈ )

## တရားတော်နှင့်ဝေးလျှင်

ဒုတိယ နံပါတ်(၂)လူများဘက်ကကြည့်လျှင် များသောအားဖြင့် တရားနာလိုသောဆန္ဒမရှိကြ။ သီလပေး-ရေစက်ချလောက်ကိုပင် ရှေသည်ဟု ထင်ကြသည်။ မလွဲသာ၍ တရားနာဘို့ကြုံကြလျှင် တရားရှည်မည်ကို ကြောက်ကြသည်။ သို့ဖြစ်၍ လူ့ဘောင်လောကမှာ တရားတော်နှင့် ဝေးသည်ထက်-ဝေးကြသဖြင့် ဘာသာဝါဒယဉ်ကျေးမှုများ ကျဆုံးနေကြရလေပြီ။

## ဘာသာ ယဉ်ကျေးမှု

ခေတ်ပေါ်လူငယ်များသည်ကား - ရိုးရာကိုလိုက်၍ ဗုဒ္ဓဘာသာ အမည်ခံသော်လည်း ဘာသာရေးကို နားမလည်ကြ။ အလုပ်ရရေးကို အကြောင်းပြု၍ ဘုန်းတော်ကြီးများကျောင်းမှာ မနေ ဘူးသည့် အပြင်-လောကဲခေတ်ကျောင်းများကလည်း ဘာသာရေးယဉ်ကျေးမှုကို မသင်ကြသည်အတွက် အလွန်ရိုင်းကြသဖြင့် တမလွန်အရေး ပြည့်စုံအောင်အားထုတ်နည်းကို ထားဘိဦး လူကြီး-မိဘ-ဆရာသမား-ရတနာသုံးပါးကို မရိုသေတတ်ကြ၊ အုပ်ချုပ်သူ အကြီးအကဲများကိုပင် တော်လှန်တတ်ကြသည်မှာ မျက်မြင်ဖြစ်ပေသည်။

## အကျိုးတရားတိုးပွားရန်

ထို့ကြောင့်- ရဟန်းတော်များဘက်က ဝတ္တရားအတိုင်း ဟောပြောမှု၊ ပညာပေးမှုကို လက်လျှော့၍ မဖြစ်ပေ။ စွမ်းနိုင်သမျှ ဟောပြောရေးကို အားထုတ်ကြပါဟူ၍ တိုက်တွန်းပါသည်။ မိမိတို့ ဝတ္တရားအတိုင်း ကိစ္စအလိုက် စရိုက်ကိုကြည့်၍ ငါးမိနစ်-ဆယ်မိနစ် စသည်ဖြင့် ဟောပြောကာ ပညာပေးမှုသာလျှင် - ဆရာနှင့်တကာ "အညောညနိဿိတ" သဘောလိုက်လျော၍ ကောင်းသောအကျိုးတရား တိုးပွားဘွယ် ဖြစ်ပါလိမ့်မည်။

## မူလရည်ရွယ်ချက်

ဤသို့လျှင် ဉာဏ်အမြင် ရှိသလောက် မြှော်ထောက် တွေးဆထားသည်အတိုင်း မိမိဟောပြောချက်များကို မှတ်တမ်းတင်၍ စုဆောင်းထားခဲ့ပေသည်။ ထိုနောက် ဟောကွက် - ပြောကွက် အခက်ကြုံလာကြသော တပည့်တစုတို့က ဆရာတော်ဟောပြသော " သခေ်ပကထာ " အသွားကို မှတ်သားမှီးယူလျက် နည်းတူဟောပြ ဓမ္မဒေသက အလုပ်ကို အားထုတ်ဆည်းပူးလိုပါသည်။ ထိုနည်းမကွာ ဝါသနာပြန့်ပြော တရားဟောကထိကလမ်းကို ရွက်ထမ်းလိုသော ပုဂ္ဂိုလ်များကိုလည်း ငွဲညှာ ထောက်ထား၍ တကျမ်းတဖွဲ့ဖြစ်အောင် ပြုစုတော်မူပါဟု တောင်းပန်ခြင်းကို အကြောင်းပြု၍ သာမန်မျှသာ ကျမ်းစာကလေးတစောင်ဖြစ်အောင် စီမံပေးမည်ဟု ကြံရွယ်ချက်ရှိခဲ့ပေသည်။

## ပညာရောင်ခြည်နှင့်ဆုံဆည်းခြင်း

တဖြေးဖြေးဖြင့် အေးဆေးစွာ ကြံရွယ်ထားရင်းပင် ပေါင်းသင်းနှီးနွှယ် ဆက်သွယ်တွေ့ဆုံကြသော- ရန်ကုန်မြို့ ကြည့်မြင်တိုင် ကိုးထပ်ကြီး ဘုရားဈေး "ပညာရောင်ခြည် - စာပေဌာန" ကိုတင်အောင်-မခင်နု တို့က လိုလိုလားလား လျှောက်ထား တောင်းပန်ကြသည်အတွက် ဖြည့်စွက်ရေးသား၍ နံပါတ်များသော ကျမ်းတစောင် ဖြစ်ခဲ့ပေသည်။ သို့သော်လည်း တိုတိုတုတ်တုတ် အကျဉ်းချုပ်ကထာ ဒေသနာတော်များ ဖြစ်သည်အတိုင်း ဓမ္မသင်္ဂဟခေါ်သော ဤ "တရားသင်္ဂြိုဟ်ကျမ်း" သည် တောင်းပန်သူတို့ကိုလည်း အာသာပြည့်စေလျက် ဘာသာရေးအတွက် စည်းကမ်းကျစေရန် နည်းလမ်းပြဘို့ ထွက်ပေါ်ရသည် ဖြစ်ပါသတည်း။

## ဤကျမ်းစာအတွက် အမြတ်ထွက်နိုင်ပုံ

(၁) ဤကျမ်း၌ညွှန်ပြထားသော အတိုကောက်ဟောပြောဘွယ် သံခေပကထာ များသည်ကား လေ့လာ ဟော ကြား ဖန်များခဲ့သော် ချဲ့ထွင်ဟောပြနိုင်သော ဝိတ္ထာရကထာမျိုး အဖြစ်ဖြင့် မိမိအား အားပေးလိမ့်မည်။

(၂) မကျဉ်းမကျယ်သော ဤကျမ်းရှိ ကထာများကို ဆည်းပူး ဖန် များခဲ့သော် ဗဟုသုတအလျှောက် ချဲ့နိုင်ချုံးနိုင်သော ကထာအမျိုးမျိုးဖြစ်ပုံကို လက်တွေ့သိရလိမ့်မည်။

(၃) ကျမ်းညွှန်းကို ပြထားသည်အတွက် မူလကျမ်းရင်းကို အလွယ်တကူကြည့်နိုင်သဖြင့် သံသယကင်းပြီးလျှင် ရဲတင်းစွာ မိမိအလိုလို ဒေသနာပြောရေးကို စီစဉ်တတ် ရေးသားတတ်ကြလိမ့်မည်။

ဤကျမ်းကိုလက်သုံးပြုပါက- ဤသို့ အမြတ်ထွက်နိုင်ကြောင်းကို ညွှန်ပြအပ်ပါသတည်း။

တသ္မိံ ယံ ခလိတေ ဂန္ထေ၊
လောကဟိတာယ ကာရိတော။
ဝုဍ္ဎိကာမာ ပညာဝန္တော၊
သောဓေန္တု သုဒ္ဓစေတသာ။

**သတိ။** ။လူထုအကျိုး၊ရှိစနိုးဖြင့်၊ကြိုးပမ်းရေးပါ၊ဤကျမ်းစာ၌၊ ဉာဏ်လွှာ ယွင်းချွတ်၊ သတိလွတ်၍၊ ချွတ်သည့်အရာ၊ တွေ့တုံပါသော်၊ စိတ်မှာ ဖြူစင်၊ ကိုယ့်ကျမ်းသွင်သို့၊ ပြင်ဆင်သမှု၊ ပြုပါလေလော....။

အသျှင်ဩဘာသ
မေ့ဘာရုံနိကာယ-မဟာနာယက မထေရ်
မမွာရုံကျောင်း
အာဒိကာရုံတိုက်၊ ၇-ရပ်ကွက်၊ သာကေတမြို့။

# ပထမပိုင်း

★

## ကျမ်းဦးပဏာမပဏ္ဏာသဂါထာ, အာသီသဂါထာများနှင့် အတိုကောက် ဖော်ပြချက်များ။

●

စိရံ တိဋ္ဌတု သဒ္ဓမ္မော

# တရားသဂြိုဟ်ကျမ်း

★

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

## ကျမ်းဦး ပဏာမ ပတ္ထနာ

●

သေဋ္ဌတရံ မဟာဟိတံ၊
ဂုရဝေါစ နမာမဟံ။
ပတ္ထိတံ တေန သိဿဟိ၊
ဇယေတု ဓမ္မသင်္ဂဟံ။ ။

အဟံ၊ နာမ်-ရုပ်နှစ်ဖြာ ငါးသညာကို ခန္ဓာသမုတ် အကျွန်ုပ်သည်။ မဟာဟိတံ၊ သန္တိသုခ နိဗ္ဗာနခေါင် နန်းမြို့သောင်သို့ ရောက်အောင်ချီးပင့် ကြီးမြင့်သောအကျိုးကို ဆောင်တော်မူတတ်သော။ သေဋ္ဌတရံ၊ မြတ်ထက် မြတ်ဆုံး တုနှိုင်းမရ ပဏီတကေန် သုံးတန်သော ရတနာမြတ်ကိုင်း။ ဂုရဝေါစ၊ ကျင့်ကြံနေရေး ပညာပေးသည့် အလေးပြုအပ် ဆရာမြတ်တို့ကိုင်း။ ဝါ-ဝေဠုဝန် နိကာယ ဂဏသမုဋ္ဌာပက မဟာနာယကာဓိပတိ နှံ့သိလေ ကြ ဓမ္မာစရိယဖြစ်သော "ဝေဠုဝန်ဆရာတော်ဘုရားကြီး" နှင့်တကွ ဓမ္မာရုံ နိကာယ ဂဏသမုဋ္ဌာပက မဟာနာယကာဓိပတိ နှံ့သိပြန့်ကျယ် ဥပဇ္ဈာယ် ဖြစ်တော်မူသော ဖါးကူးရွာ "ဓမ္မာရုံ ဆရာတော်ဘုရား" တည်းဟူသော အလေးပြုအပ် ဆရာမြတ်တို့ကိုင်း။ နမာမိ၊ အထူးဂါရဝ ဦးနှိမ်ချ၍ နိစ္စ ရိုကျိုး ရှိခိုးပါ၏ဘုရား။ တေနပုညေန၊ ဝန္ဒနာပဏာမ ကုသလစေတနာ ဝေဖြာပေါင်းစု ထိုကောင်းမှုကြောင့်။ သိဿဟိ၊ သဒ္ဓိဝိဟာရိက-အန္တေ ဝါသိက မည်ရနှစ်သွယ် ကြီး-အငယ်ဟု မှီးတွယ်စုအောင်း တပည့်အပေါင်း

တို့သည်။ ပတ္ထိတံ၊ မကျဉ်း-မကျယ် နည်းသွယ်သွယ်ဖြင့် ဟောဘွယ်အရေး ဝန်မလေးဘို့ မျှော်တွေးကြောင့်ကြ တောင့်တ လိုလားအပ်သော။ ဓမ္မ သင်္ဂဟံ၊ တိုတို-တုတ်တုတ် အကျဉ်းချုပ်နည်းပြ သံခေပထိုထို ဤတရား **သဘြိုဟ်ကျမ်း**သည်။ ဇယံ၊ ရေးသားစက်တင် မျက်မြင်ဒိဋ္ဌ ဘိဋ္ဌနအန္တရာယ် ရန်စွယ်ဟူသမျှ ကင်းပရှောင်ကွင်း အောင်မြင်ခြင်းသို့။ ဧတု၊ ရောက်ပါစေ သတည်း။ ဇယေတု-ဇယံတော့၊ ဆောင်ရွက်သမျှ အရေးအခွင့် မလေးမဖင့် အခေါင်ချင်းပြီး အောင်ခြင်းကြီး အောင်မြင်ရပါစေသတည်း။ ။

---

# အလိုရှိရာသုံးနိုင်သော အာသီသဂါထာများ

★

## (၁) ဥဏ္ဟိဿသန အာသီသဂါထာ

ဇယော ဟိ ဗုဒ္ဓဿ သိရီမတော အယံ၊
မာရဿစ ပါပိမတော ပရာဇယော။
ဥဏ္ဟိဿသယံ ဗောဓိမဏ္ဍေ ပမောဒိတာ၊
ဇယံ တဒါ ဒေဝဂဏာ မဟေသိနော။
တထေဝ ဥဏ္ဟိဿသထ တံ ဇယုတ္တမံ၊
မောဒန္တု သန္တာ ပရိသာပိ သာဓဝေ။ ။

အယံဇယော၊အနယ်နယ်ရှိသမျှ အဓိကပွဲအချွန်တို့ထက် ကဲလွန်ကာ အခေါင်စွဲသည့် ဤအောင်ပွဲသဘင်ကြီးသည်ကား။သိရီမတော၊ဘုန်းတော် ကံတော် ဉာဏ်တော်လက်ဝေ ကြက်သရေအမျိုးမျိုးတို့နှင့် မောက်ဖြိုးရှိဆို ပြည့်စုံတော်မူပေထသော။ဗုဒ္ဓဿ၊သစ္စာလေးခွင် ပိုင်ရှင်ထွင်ထား ရှင်တော် ဘုရား၏။ ဇယော၊ ရှိသမျှအမှန် ခွါရှောင်လွဲရမည့် အဓိကပရမ မဟာ အောင်ပွဲကြီး ဖြစ်ပါပေသတည်း။ ပါပိမတော၊ မမြင်ညစ်ညမ်း သူကာဏ်း အနုပ် သူယုတ်မာကြီးအစစ်ဖြစ်သော။ မာရဿစ၊ အယုတ်တကာ့ဘုရင်ဟု အဆိုမျိုး ထုတ်အပ်သဖြင့် ဗုဒ္ဓဘုရင်ကို မလိုချိုးလုပ်ချင်တဲ့ အလိုဆိုးပုပ်

မာရ်နတ်ယုတ်ကြီး၏လည်း၊ ပရာဇယော၊တခေတ်မဟီမြေတွင် မဖြစ်မမှီလေသဖြင့် စစ်သည်တွေပါ အကုန်ပြုန်းပြီး အရှုံးကြီးရှုံးရတဲ့ပွဲပေတည်း။ ဣတိ၊ ဤသို့။ တဒါ၊ထိုမဟာသက္ကရာဇ် သုံးရာနှစ်ကြုံ ကဆုန်လပြည့် မာရ်အောင်သောနေ့၌။ ဗောဓိမဏ္ဍေ၊ နယ်ဇမ္ဗူမှက မဟာတိဘဝမှာ ဘယ်သူမှမသာဖိမရနိုင်သဖြင့် အပ္ပရာဇိတခေါ်တဲ့ ညောင်တော်နန်း၌။ ပမောဒိတာ၊ နှစ်သက်အားရ ရှင်လန်းဝမ်းမြောက်ကြကုန်သော။ ဒေဝဂဏာ၊အဆောင်အရောင် အနဲ့နဲ့ဖြင့် တပြောင်ပြောင်နွဲ့ပြီးတော့ အောင်ပွဲလာကြတဲ့ နတ်-ဗြဟ္မာအပေါင်းတို့သည်။ မဟေသိနော၊ သီလက္ခန္ဓ ပဘာဝဂုဏ်အမျိုးမျိုးကို စုံဖြိုးအောင် နည်းအထူးထူးဖြင့် ဆည်းပူးတော်မူသော ရှင်တော်မြတ်ဘုရား၏။ ဇယံ၊ ကောင်းငြိးသံမစဲ မာရ်အောင်ပွဲကို။ ဥဃ္ဃေါသယုံ၊ စက္ကဝါတိုက် သောင်းလုံးခိုက်အောင် ကျုံးရှိက်ခါ အဘွေး ပျော်ပျော်နဲ့ နွဲ့ပြီးကြွေးကြော်ပွဲကြီး ပြုလုပ်ကြလေကုန်ပြီ။

သာဓဝေ၊ တရားပွဲလာ များစွာသောင်းသောင်း အို-သူတော်ကောင်းတို့။ တုမှေပိ(ထည့်)၊ တရားသခင် ဘုရားရှင်ကိုမှီခိုပြီး ကြည်ညိုကြကုန်သော သင်တို့သည်လည်း။ တထေဝ၊ မေဒနီတဝိုက် သောင်းလုံးခိုက်အောင် တုန်ရှိက်ခါကပ်လာစိုသည့် နတ်-ဗြဟ္မာတို့လိုမှီးယူပြီး နည်းတူစွာကျင့်ကုန်၍သာလျှင်။ တံဇယုတ္တမံ၊ ဘုရားရှင်တို့ကြွပေါ်မှ အရတော်စွာအသင့်ကပ်ရသဖြင့် မြင့်မြတ်တဲ့ထိုအောင်ပွဲသဘင်ကြီးကို။ ဝါ-ရတနာ့ပလ္လင်မာရ်ဘင် ဆိုထုံးအရမှာ ဟိုတုံးက အဖြစ်ဝေးခဲ့သော်လဲ အသစ်တွေးကာ မပြတ်ဖူးသင့်သဖြင့် အမြတ်ထူးတဲ့ ထိုအောင်ပွဲကြီးကို။ ဥဃ္ဃေါသထ၊ သာဓုခေါ်ကာ အောင်သံပေးပြီး ဟစ်ကြွေးကျေညာကြပါကုန်လော့။ သန္တာ၊ သူတော်ကောင်းဖြစ်ကုန်သော။ ပရိသာပိ၊ လာသမျှအဖြာဖြာ အသိအမှတ်ကောင်းကြသည့် သာသနဒါယကာ ပရိသတ် အပေါင်း တို့သည်လည်း။ မောဒန္တု၊ စိတ်ဝယ်ကြည်နူး အထူးဝမ်းမြောက်ကြစေကုန်သတည်း။ မောဒန္တု၊ အောင်ခမ်းသဘင် ညောင်ပလ္လင်မဟော်နန်းသို့ ရော်ရမ်းကာ ဓမ္မာရုံထားပြီးတော့ မဟာဂုဏ် ဘုရားကို မနသီအထူးဖြင့် ကြည်နူးစွာ လျှမ်းတောက်လျက် ဝမ်းမြောက်ခြင်း ဖြစ်ကြပါစေကုန်သတည်း။ ။

## (၂) ကုဏ္ဍာဂုဓ အာသိသဂါထာ

မာရာရိဗလ ဝိသဋ္ဌာ၊
ကုဏ္ဍာ နာနာဝိဓာ ယုဓာ။
လဇ္ဇမာနာညဝေသေန၊
ဇိနပါဒါ နတာ တဝ။
ဧတေန သစ္စဝဇ္ဇေန၊
ဝိဂတာ ဟောန္တု အာယုဓာ။ ။

မာရာရိဗလ ဝိသဋ္ဌာ၊ ကပ်ကမ္ဘာမှာ သကပ်ဖြာသဖြင့် နတ်-ဗြဟ္မာတို့ပါ အမှန်မကပ်ချဉ်းနိုင်သည့် မာရ်နတ်မင်းတည်းဟူသော ရန်သူကြီး၏ မာန်ဖြိုးကာ ဘုရားထံသို့ အားမာန်ဖြင့်ပစ်လွှင့်အပ်ကုန်သော။ နာနာဝိဓာ၊ ပတ်လည်ရစ်ကာ ရှစ်မျက်နှာ ဝိုက်သိုင်းပြီး မိုက်ရိုင်းစွာ အခြေဆိုးစေဘို့ လေတမျိုး-ရေတဖုံ မြေဝသုံ သဲပြာမိုးတို့ဖြင့် မွဲကာညှိုး သေကြေအောင် လေဗွေဆောင်ချောက်ချားဘို့ မြောက်များစွာ အထူးစီမံ အပ်ကုန်သော။ အာယုဓာ၊ ဓား-လှံ ခက်ရင်း ဖျက်ခင်းများစွာ လှွားကာနှင့် လေးမြှား အသေးစားအကြီးအထိ နည်းရှိသမျှအကြံပြုပြီး အံတုဘို့အဖျက်စက်မောင်းနှင့် လက်နက်ကောင်း ဟူသမျှတို့သည်။ လဇ္ဇမာနာ၊ ဖက်ပြိုင်သူဘယ်မရှိဟု နယ်သိတဲ့ သုဂတတဆူကို တုပသူမနိုင်ရှုံးပြီဟု ခရိုင်လုံး ကြော်ငြာလျက် သရော်မှာကို ရှက်ကြကုန်သောကြောင့်။ ကုဏ္ဍာ၊ အစွန်း-အသွား အဖျားကောက်ကွေ့ တုံးကြကုန်သည် ဖြစ်၍။ အညဝေသေန၊ လက်နက်အမှန်ပုံသဏ္ဍာန်မှ တဖန်ရွေ့ရှား တပါးသောအသွင် ပန်းပေါက်ပေါက် အဆင်အပြင်ဖြင့်။ ဇိန၊ အို-မြတ်စွာဘုရား။ တဝ၊ ဘုန်းရှင်-ကံရှင် မြတ်သခင်၏။ ပါဒါနတာ၊ မြတ်ဗုဒ္ဓ အသရေကိုလှုံလျက် ခြေတော်စုံကို နှာထူးဆိုက်ပြီး ဦးတိုက်ကြကုန်တော့သည်တကား။

ဧတေန သစ္စဝဇ္ဇေန၊ ဗုဒ္ဓဂုဏ်ကြီးမမှုကို ထုတ်ပြပုံ နည်းတဝဖြင့် ချီးပတဲ့ ဤသစ္စာစကားကြောင့်။ တေ-တုမှာကံ၊ ဘုရားကိုခိုလှုံ တရားတော်ကို ကြည်ယုံလျက် သံဃာဂုဏ် အနီးအစပ်ကို ဆည်းကပ်သူ သင်-ပရိသတ် အပေါင်းတို့အား။ အာယုဓာ၊ တရားမမှန် ဓား-လှံ တရပ် သေနတ်နှင့်ဗုံး နောက်ဆုံးပြုမူ အဏုမြူစိန်ပြောင်း လက်နက်အပေါင်းမှ။ ဝိဂတာ၊

ကင်းလွတ်ကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ ဝိဂတာ ဟောန္တု၊ ဗုဒ္ဓရှင်အေးမွေကြောင့် မုချပင်အဝေးသို့ကျပြီးလျှင် ဘေးဘယ တွေ အမှန်ရှင်းပြီးတော့ ရန်ကင်းစွာ ကျန်းမာလင်းလျက် ချမ်းသာခြင်း ဖြစ်ကြပါစေကုန်သတည်း။ ။

## (၃) ဝိဇယုဿဝ အာသီသဂါထာ

ယော မာရသေန မာသန္န၊
မာသန္န ဝိဇယုဿဝေ။
တိဏာယပိ န မညိတ္ထ၊
သော နော ဒေတု ဇယံ ဇိနော။ ။

အာသန္နဝိဇယုဿဝေ၊ အဇ္ဈတ္တရန် လေးပါးသောမာရ်ဟူသမျှကို တဆံမြူမျှ မကျန် ကြွင်းရအောင် အမှန်ခွင်းကာ အခေါင် စွဲနိုင် သဖြင့် အောင်ပွဲပိုင် ဖြစ်တော်မူထသော။ ယောဇိနော၊ အောင်ပွဲသခင် အကြင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ အာသန္နံ၊ စက္ကဝါအများဇမ္ဗူတွင် တပါး သူကို ဆရာမမြှောက်မူ၍ ငါ-တယောက်သာ အပိုင်မူဖြင့် အနိုင်ယူရန် အသစ်ထွင်ပြီးလျှင် စစ်ဆင်ရန်အနီးသို့ ချဉ်းကပ်၍လာသော။ မာရသေနံ၊ ဂိရိမေခလာ ဂဇာကြီးတွင် စီးတော်ဆင်နှင့် မာန်ဝင်ကာ အဖျက်သုံးဘို့ လက်ရုံးကိုတထောင်ဆင်လျက် အောင်ပလ္လင်ဌာန်ရပ်ကို ရပတ်ခါရစ်ချီသည့် မာရ်နတ်၏စစ်သည်အပေါင်းကို။ တိဏာယပိ၊ကြောက်စိတ်-လန့်စိတ် အရိပ် မသိ ဆံချည်တမျှင် မြက်တပင်ကလေးမျှလောက်သော်လည်း။ န မညိတ္ထ၊ အရေးစိုက်ခါ အကြောက်တွေ့ပြီး အောက်မေ့ မှတ်ထင်တော် မမူခဲ့ပေ။ သောဇိနော၊ ငါးပါးမာရ်နှင့် ထိုဘုရားရှင် ကိုယ်တော်မြတ်သည်။ နော- အမှာကံ၊ အကျွန်ုပ်တို့အား။ တုမှာကံ(ထည့်)၊ ဓမ္မသဘင် ဤရပ်ခွင် ဓမ္မာ သနသို့ လာကြစုပေါင်း အသင်-ပရိသတ်အပေါင်းတို့အား။ ဇယံ၊ ပစ္စုပ္ပန် သံသရာ နှစ်ဖြာ-နှစ်ဝ အောင်ခြင်းမင်္ဂလာ ဟူသမျှကို။ .ဒေတု၊ ပေးသနား တော်မူပါ့ အရှင်မြတ်ဘုရား။ ဒေတု၊ ပြုပြုသမျှ ယခုဘဝမှာလဲ အောင် နောင်သံသရာမှာလဲအနိုင်ရ ပိုင်လှအောင်ခရီးရောက်ဘို့ ချီးမြှောက် ပေး သနားတော်မူပါ့ အရှင်မြတ်ဘုရား။ ။

## (၄) သဗ္ဗမင်္ဂလာ အာသီသဂါထာ

ဘဝတု သဗ္ဗမင်္ဂလံ၊
ရက္ခန္တု သဗ္ဗဒေဝတာ။
ရတနတ္တယာနုဘာဝေန၊
သဒါ သုခီ ဘဝန္တု တေ။ ။

ရတနတ္တယာနုဘာဝေန၊ ဘုရားဗုဒ္ဓ မြတ်ဓမ္မနှင့် ရှစ်ဝ အရိယာ တိဘဝါခေတ်အလုံး၌ အမြတ်ဆုံးရတနာတို့၏ အဖြာဖြာမှန်လှသည့် အနန္တတန်ခိုးတော် အာနုဘော် ဟူသမျှကြောင့်။ တေ-တုမှာကံ၊ ရတနာသုံးရပ် မြတ်ထက်မြတ်ကို ဆည်းကပ်ဝပ်ညောင်း သင်-သူတော်ကောင်း တို့အား။ သဗ္ဗမင်္ဂလံ၊ အလုံးစုံတိဘဝမှာ ရှိသမျှထင်စွာပြုအပ်သည့် မင်္ဂလာမှုဟူသမျှသည်။ ဘဝတု၊ အဖြာဖြာ ခရီးရောက်လျက် ပြီးမြောက် ဖြစ်ထွန်းပါစေသတည်း။ ရတနတ္တယာနုဘာဝေန၊ ဘုရားဗုဒ္ဓ မြတ်ဓမ္မနှင့် ရှစ်ဝအရိယာ တိဘဝါခေတ်အလုံး၌ အမြတ်ဆုံးရတနာတို့၏ အဖြာဖြာမှန်လှသည့် အနန္တတန်ခိုးတော် အာနုဘော် ဟူသမျှကြောင့်။ သဗ္ဗဒေဝတာ၊ အနီးမှာစပ် ကိုယ်စောင့်နတ်နှင့် မလပ်စေရ ဒေဝပါလာ ဗြဟ္မာ-သိကြား ခပ်သိမ်းသော-နတ်အများတို့သည်။ ရက္ခန္တု၊ အန္တရာယ်ပါး ရန်မများအောင် ထင်ရှားစွာ စောင့်ရှောက်ကြ စေကုန်သတည်း။ ရတနတ္တယာနုဘာဝေန၊ ဘုရားဗုဒ္ဓ မြတ်ဓမ္မနှင့် ရှစ်ဝအရိယာ တိဘဝါခေတ်အလုံး၌ အမြတ်ဆုံးရတနာတို့၏ အဖြာဖြာမှန်လှသည့် အနန္တတန်ခိုးတော် အာနုဘော် ဟူသမျှကြောင့်။ တေ-တုမှာကံ၊ ရတနာသုံးရပ် မြတ်ထက်မြတ်ကို ဆည်းကပ်ဝပ်ညောင်း သင်-သူတော်ကောင်းတို့အား။ သဒါ၊ ဥတုသုံးလီ ရာသီဆယ့်နှစ် တွက်စစ်ကာ တွေးသင့်သည့် နေ့နှင့်ညဉ့် ဟူသမျှ၌။ သုခီ၊ ကိုယ်ရောစိတ်ပါ နှစ်ဖြာဝေးစွ ဘေးမခဘဲ အေးမြကာ လန်းဖြာပွင့်ပြီး ချမ်းသာနှင့် ပြည့်စုံကြကုန်သည်။ ဘဝန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ ။

## (၅) ဇယမင်္ဂလာ အာသီသဂါထာ

ဇယန္တော ဗောဓိယာမူလေ၊
သကျာနံ နန္ဒိဝဍ္ဎနော။
ဧဝမေဝ ဇယော ဟောတု၊
ဇယဿု ဇယမင်္ဂလေ။ ။

**သကျာနံ၊** မဟာသမတ် အမြတ်နွယ်ရင်း သာကီဝင်မင်း တို့၏။ **နန္ဒိဝဍ္ဎနော၊** နှလုံးကြည်မြို့ နှစ်လိုကြည်ရွှင် ကြည်လင်ခြင်းကို ပွားစေတော်မူတတ်သော။ ဗုဒ္ဓေါ၊ သစ္စာလေးဆူ ပွင့်တော်မူသော သယမ္ဘူထွဋ် ဘုရားမြတ်သည်။ **ဗောဓိယာ၊** ဖွားဘက်တော်စစ် ဒုမရာဇ်ဟု သုံးခေတ်ထိပ်ပန်း ညောင်တော်နန်း၏။ မူလေ၊တလံကွာရှိ မြတ်ဗောဓိရွှေ အောင်မြေမုန်ကင်း ပင်အရင်း၌။ ဇယန္တော၊ယထာ၊ မာရ်ပဉ္စမေ ရန်သင်္ချေကို ပယ်ချေခွင်းသတ် ကြွင်းမဲ့ဖြတ်လျက် အမြတ်သဘင် အောင်ပွဲဆင်ယင်သကဲ့သို့။ ဧဝမေဝ၊ မချွတ်မူ ထိုအတူသာလျှင်။ ဝေါတုမှာကံ၊ သရဏဂုံသုံးရပ် ဆည်းကပ်မှေးလျှော် တရားပျော်သော သင်-သူတော်ကောင်း အပေါင်းတို့အား။ ဇယော၊ ဆိုယ်ပ-ကိုယ်တွင်း ရန်ခပင်းကို နှိမ်နင်း အောင်မြင် နိုင်သည်။ ဟောတု၊ဖြစ်စေသတည်း။ဇယမင်္ဂလေ၊အောင်ရာစုပေါင်း အောင်ကြောင်း မင်္ဂလာ အဖြာဖြာ၌။ ဇယော၊ အောင်ရာ-အောင်မှု အောင်ကြောင်းဆုသည်။ အဿု-ဘဝတု၊ ဖြစ်ကြပါစေသတည်း။ ။

---

## (၆) ဗာဟိရာရိဇယ အာသီသဂါထာ

မာရံ အာဠဝကံ ဟတ္ထိ၊
အင်္ဂုလိမာလဉ္စ စိဉ္စမာနံ။
ကုဋ္ဌန္တံ နာဂရာဇဉ္စ၊
ဗကံ အဇိနိ တေဇသာ။ ။

မာရံ၊ နတ်တို့ ခရိုင် ခြောက်ပြည်ပိုင် အုပ်စိုးသည့် အယုတ်မျိုး မာရ်နတ်မိုက်ကိုငင်း။ အာဠဝကံ၊ ကြမ်းထမ်းခက်ထန် မျက်မာန်စွယ်ပြူး ဒေါသကြူးသည့် အာဠဝကမည်သော ဘီလူးကိုငင်း။ ဟတ္ထိံ၊ အမုန်မာန်တက် စွယ်စုံယှက်လျက် မိုးကြိုးစက်ကျသည့်အသွင် မင်းစီးဆင် နာဠာဂိရိ

ကိုင်ငင်း။ အင်္ဂုလိမာလဥ္စ၊သုံးယူဇနာရောက် ခရီးပေါက်အောင် တဟုန်တည်း ပြေးလျှောက်နိုင်သော အင်္ဂုလိမာလမည်သော ခိုးသူကြီးကိုင်ငင်း။ စိဥ္စမာနံ၊ မမှန်-မဟုတ် ပရိသတ်ဗိုလ်ထုဘောင်တွင် ကျိုးနဲ့အောင် တကယ်လုပ်တတ်သည့် စိဥ္စမာဏမည်သော မိမ္မယုတ်ကိုင်ငင်း။ ကုဋ္ဋန္တံ၊ ကုဋ္ဋဒန္တ နာမသမိုက် တံခွန်စိုက်သည့် သစ္စကပရဗိုဇ်ကိုင်ငင်း။နာဂရာဇံ၊မုန်တိုင်းမုကအစိုးထလျက် တေဇထန်ပြင်း နန္ဒောပနန္ဒ မည်သော နဂါးမင်းကိုင်ငင်း။ ဗကံ၊ မဟိဒ္ဓိဂုဏ် တန်ခိုးစုံသည့် အဟုန်ထန်ပြင်း ဗက-အမည်ရှိသော ဗြဟ္မာမင်း ကိုင်ငင်း။ ယောဇိနော၊ အတွင်းရန်-အပြင်ရန် ပယ်လှန်ဖျက်ကူး ဂုဏ်တော်ထူးသည့် အောင်ပွဲမှူးသခင် အကြင်-ဘုရားရှင် ကိုယ်တော်မြတ်သည်။ တေဇသာ၊ ပါရမီတော်တန်ခိုး လွန်ပြည့်ဖြိုးသည့် မညိုးသော မိမိတန်ခိုးတော်ဖြင့်။ အဇိနိ၊သယမ္ဘူမွမ်လမ်းဖြင့် အောင်ပန်းကိုရတော်မူခဲ့လေပြီ။ သောဇိနော၊ အောင်ဇေယျာဘိ အောင်သိဒ္ဓိနှင့် ဗောဓိညွန့်ရှင် အောင်ပလ္လင်ဝယ် ငါးအင်မာရ်ယုတ် ရန်ခလုတ်ကို တမုဟုတ်ရှောင်တခင် ဘုန်းတော်ညွန့် အောင်လံတင်၍ အောင်ပလ္လင်ကနက္ကဒဏ်ရိပ်မှာ အောင်ဘိသိက် သွန်းတော်မူသော ထိုမြတ်စွာဘုရားသည်။

အမှာကံ၊ တပည့်တော်တို့အား။ တေ-တုမှာကံ၊ သင်-တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့အား။ ဇယံ၊ အောင်ရာ-အောင်မှု အောင် ကြောင်း ဆု ကို။ ဒေတု၊ ပေးသနားတော်မူပါ မြတ်စွာဘုရား။ ဒေတု၊ ယနေ့ကစ၍ နိဗ္ဗာန်ရသော ဘဝတိုင်အောင် ထိုနောက်နောင်ဝယ် ဂုဏ်ရောင်ထွန်းတောက် တမိုးအောက်၌ တယောက်ထင်ပေါ် တိုင်းလုံးကျော်၍ ဘုန်းတေဇော် ထောင်ရောင်မီးကဲ့သို့ မြတ်စည်းစိမ် ပြောင်ပြောင်ညီးတဲ့အောင် တပည့်တော်တို့တတွေကို အောင်ဆုကြီး ပေးသနားတော်မူပါ မြတ်စွာဘုရား။ ။

# သတိပြုရန် ညွှန်ကြားခြင်း

ရေးသားပြလတ္တံ့ဖြစ်သော အတိုကောက်ဟောပြောဘွယ် သခေ်ပကထာများသည်ကား—တရားပွဲကြီး-ငယ်များ၌ဟောပြသော ဓမ္မဒေသနာတရားဟောသော နည်းမျှးကဲ့သို့ တရားသဖြင့် ခန့်ခန့်-တည်တည် ဟောပြကြရန် မဟုတ်၊ ဆရာ-ဒကာ သို့မဟုတ် ဆရာ-တပည့်ချင်း အနီးအစပ်ချဥ်းကပ်ဆွေးနွေး နည်းလမ်းပေးသော "ဥပနိသန္နကထာ" မျိုး ဖြစ်၍ စကားပြောလေသွား အနေအထားဖြင့်သာ ပြောကြားရန် သင့်သည်ဟု ယူဆပေသည်။

ညွှန်ပြလတ္တံ့သော တိုတို-တုတ်တုတ် အကျဥ်းချုပ် သခေ်ပကထာမျိုးသည်ကား-ယခုခေတ်အခါတွင် ခပ်များများအသုံးဝင်လျက်ရှိကြောင်းများစွာတွေ့ရသည်၊ မှန်လှ၏။ အချိန်များစွာမဆိုထားဘိ ၁၅-မိနစ်၊မိနစ် ၂၀-မျှပင် တရားနာရန် အချိန်မရသော ကိစ္စများကိုသာ များစွာတွေ့ရသည်။ ဘာသာရေးဗဟုသုတနည်းသော ဒါယကာ-ဒါယိကာမများအားဟောပြောမှု-နည်းပေးညွှန်ပြမှု မရှိပါလျှင် ဘာသာရေး၌ နည်းလမ်းမသိ-ကျင့်ကြံအားထုတ်မှုမရှိ ဖြစ်ကြလိမ့်မည်။

ဗုဒ္ဓရှင်တော်မြတ် ကိုယ်တိုင်ကလည်း "သန္တိ သတ္တာ အပ္ပရဇက္ခဇာတိကာ၊အဿဝနတာ ဓမ္မဿ ပရိဟာယန္တိ"ဟူသော ဒေသနာတော်ဖြင့်ကိလေသာမှုနည်းသောသူများလည်း ရှိကြပေသည်။ထိုသူတို့ကား မကြားမနာရလျှင် တရားတော်မှ ဆုတ်ယုတ် ကြလိမ့်မည်။ "စရထ ဘိက္ခဝေ စာရိကံ ဗဟုဇနဟိတာယ" စသည်ဖြင့်လည်း လူအများ အကျိုးစီးပွားများကြလေအောင် လှည့်လည်ပြီး တရားဟောထွက်ကြလို့ တိုက်တွန်းတော်မူခဲ့ပါသည်။

သို့ဖြစ်၍၊ ရေစက်မချမ်မိ ကိစ္စအားလျော်စွာ အာရုံပြုစေ၍ အချိန်များများမဟုတ်ဘဲ ၅-မိနစ်၊ ၁၀-မိနစ်ခန့်မျှ သတိပေး ဟောကြားမှသာသာသနာရေး-ဘာသာရေး ကိစ္စကို နည်းလည်ကြ-နည်းလမ်းကို သိကြလိမ့်မည်။

ထို့ကြောင့် တိုတို-တုတ်တုတ်ဖြစ်သော ဓမ္မကထာများကို များစွာလေ့လာထားရန် သင့်ကြပေသည်။ ယခု-ညွှန်ပြလတ္တံ့သည်ကား နည်းရရုံမျှသာ ညွှန်ပြခြင်းဖြစ်ပေသည်။ မိမိတို့ ဗဟုသုတအသိဉာဏ်ဖြင့် ထိုသခေ်ပကထာမျိုးကို အမျိုးမျိုးစီစဥ်၍ နှလုံးသွင်းထားရန် သင့်လျော်ကြောင်းအကြောင်းအားလျော်စွာ သတိပေးတိုက်တွန်းအပ်ပါသတည်း။

## (၇) အတိုကောက်ဟောပြောဘွယ် အလုံးစုံ သက်ဆိုင်သော သံခေပကထာ

ကုသိုလ်ပြုကြတဲ့အရာမှာ မြင့်မြတ်တဲ့အကျိုးကိုရမှသာ ကုန်ကျိုးနပ်ကြပေမယ်။ တော့ကြောင့် တိဟိတ်ကုသိုလ်-ဒွိဟိတ်ကုသိုလ်ရယ်လို့ ကုသိုလ်နှစ်ပါးကိုခွဲပြီး သိမှတ်ကြပါ။ ဉာဏ်ယှဉ်ပြီးတော့လှူရင် တိဟိတ်ကုသိုလ်ခေါ်တယ်။ ဉာဏ်မယှဉ်ဘဲနဲ့ အမှတ်တမဲ့ ပြုလုပ်ရင်တော့ ဒွိဟိတ်ကုသိုလ်ခေါ်တယ်။ ဒီနေရာမှာ ဉာဏ်ယှဉ်ပုံကလေးကို သိဘို့ကတော့ ကောင်းမှုကုသိုလ် ပြုလုပ်ခြင်းဟာ "အတ္တိ ဒိန္န" ဆိုတဲ့အတိုင်း အကျိုးရှိတယ်လို့ ကမ္မဿကတာ ဉာဏ်မျိုးနဲ့ ဆင်ခြင်ပြီးတော့ ပြုလုပ်ရင် ဉာဏ်ယှဉ်တယ်လို့ ဆိုရပါတယ်။ ဒါထက်ပိုပြီးတော့ အလှူဝတ္ထု-အလှူခံ-အလှူပေး ပုဂ္ဂိုလ်တို့ အပေါ်မှာ အနိစ္စ-ဒုက္ခ-အနတ္တဆိုတဲ့ လက္ခဏာယဉ်တင်ပြီးတော့ ပြုလုပ်ကြရင်လဲ ဝိပဿနာဉာဏ်နဲ့ယှဉ်ပြီးတော့ ပြုလုပ်တာခေါ်တယ်။ အဲဒါလို ဉာဏ်ယှဉ်ပြီးတော့ ပြုတဲ့ကုသိုလ်ဟာ တိဟိတ်ကုသိုလ်လို့ အကျဉ်းမှတ်ကြပါ။ အဲဒါလို ခွဲခြားကာသိပြီးတော့ မိမိကုသိုလ်ကို တိဟိတ်ကုသိုလ်ဖြစ်အောင် ဉာဏ်ယှဉ်ပြီးအားထုတ်ကြပေါ့။

ထို့ပြင်လဲ ဥက္ကဋ္ဌတဲ့-ဩမကတဲ့ ကုသိုလ်နှစ်မျိုးရှိသေးတယ်၊ ကုသိုလ်မှု မပြုသေးခင် ပုဗ္ဗစေတနာ အခိုက်မှာ ဖြစ်စေ၊ ကုသိုလ် ပြုပြီးတဲ့နောက် အပရစေတနာ အခိုက်မှာဖြစ်စေ ကောင်းတဲ့ ကုသိုလ်စိတ်တွေသာ ဖြစ်စေရမယ်။ ဒီလို-ရှေ့နောက် နှစ်ပါးလုံးမှာ ကုသိုလ်စိတ်တွေချည်း ခြံရံနေရင် ယင်းကုသိုလ်ဟာ မြတ်တဲ့ ဥက္ကဋ္ဌကုသိုလ် ခေါ်တယ်။ ရှေ့-နောက် နှစ်ချိန်လုံးမှာ အကျိုးမရှိဘဲ - မကောင်းတဲ့ အကုသိုလ်စိတ်တွေ ဝင်နေရင်တော့ ယုတ်ညံ့တဲ့ ဩမကကုသိုလ် ခေါ်ရတာပေါ့။ အဲဒီလို ခွဲခြားပြီးတော့ မိမိကုသိုလ်ကို ဥက္ကဋ္ဌကုသိုလ်ဖြစ်အောင် ပုဗ္ဗစေတနာ-အပရစေတနာ အခိုက်အတန့်မှာ အကုသိုလ်မဝင်အောင် သတိပြုကြပေါ့။

ယခု ပြောခဲ့တဲ့အတိုင်း ဉာဏ်ယှဉ်ပြီးလှူတဲ့ တိဟိတ်ကုသိုလ်ဖြစ်မယ်၊ ရှေ့-နောက်ကုသိုလ်စိတ်တွေနဲ့သာ ဝန်းရံပြီးပြုတဲ့ ဥက္ကဋ္ဌကုသိုလ်လဲ ဖြစ်မယ်ဆိုရင် အဲဒီကုသိုလ်ကို တိဟိတ်ဥက္ကဋ္ဌ အမြင့်အမြတ်ဆုံးကုသိုလ်လို့ ခေါ်ဆိုရတာပေါ့။

ဒကာ-ဒကာမတွေ အာရုံပြုနိုင်ရုံလောက် အကျဉ်းညွှန်ပြခဲ့တဲ့ နည်းလမ်းကို အကျယ်ချဲ့ထွင်ကာ အာရုံပြုကြပြီးတော့ ရေစက်သွန်းချ အမျှပေးဝေကြပေတော့။

---

## (၈) အတိုကောက်ဟောပြောဘွယ်
## အလုံးစုံ သက်ဆိုင်သော သံဝေဂကထာ

ကုသိုလ် ပြုလုပ်ပြီးတော့ ကျိန်းသေ အကျိုးပေး မြဲကြရအောင် နည်းလမ်းညွှန်ပြရသေးတာပေါ့။ ကျင့်ကြံဘို့တရားဆိုတာက နည်းလမ်းကို သိမှ လိုက်နာ ကျင့်ကြံနိုင်မှာ ဖြစ်တယ်။ နည်းလမ်းမသိရင်တော့ အလုပ်စည်းကမ်းကို နားမလည်ကြဘူးပေါ့။ သတိပေးချင်တာက တခြား မဟုတ်ပါဘူး။

ယဿ သဒ္ဓါ သီလ သုတ စာဂ ပညာ သင်္ခါတာ ပဥ္စ ဓမ္မာ
အတ္တိ န ပတ္ထနာ၊ တဿ ဂတိ အနိဗဒ္ဓါ။

အစရှိတဲ့ ဒေသနာတော်အတိုင်းဘဲ သဒ္ဓါ-သီလ-သုတ-စာဂ-ပညာဆိုတဲ့ ကုသိုလ်တရားတွေ လက်ရှိဖြစ်နေပေတဲ့ ဆုတောင်းခြင်းမရှိဘူးဆိုရင် လားရာဂတိမမြဲဘူးတဲ့။

ဥပမာဆိုရင် အမှတ်တမဲ့ အထက် ကောင်းကင်သို့ ပစ်တင်လိုက်တဲ့ တုတ်လုံတန်ဟာ အရင်းနဲ့ကျမယ်၊ သို့မဟုတ် အဖျားနဲ့ကျမယ်-ဟူ၍ အမှတ်မရှိ တထစ်ကျမပြောနိုင်တာလိုဘဲ ဆုတောင်းပြီးတော့ ရည်ရွယ်ချက်မရှိဘူးဆိုရင်လဲ လားရာဂတိမမြဲနိုင်ဘူး။သို့အတွက် "ကုသလကမ္မံ ကတွာ ကေသိဉ္စိ ဌာနေ ပတ္ထနံ ကာတုံ ဝဋ္ဋတိ" ဟူ၍ မိန့်တော်မူတဲ့အတိုင်း ကုသိုလ်ပြုကြရင် မိမိလိုရာ တမယ်မယ်သော ဌာနကို ဆုတောင်းသင့်ကြတယ်လို့ ဒေသနာတော်မှာ နည်းလမ်းပေးတော်မူခဲ့ပါတယ်။

သမ္မာသမ္ဗုဒ္ဓ ဘုရားကြီးကစပြီးတော့ ပစ္စေကဗုဒ္ဓါဘုရားများ၊ အဂ္ဂသာဝက-မဟာသာဝက တေဒဂ်ရ ရဟန္တာ မထေရ်ကြီးများရဲ့ အတ္ထုပ္ပတ္တိတွေကို ကြည့်ကြရင်လဲ ဆုတောင်းနဲ့ချည်းဘဲ ကုသိုလ်ပြုကြပါတယ်၊အကျိုးခံစားကြရပါတယ်။ ထို့ကြောင့် ကုသိုလ်ပြုတဲ့အခါ အယုတ်ဆုံး နေ့စဉ်-ဘုရားပုထိုးရှိခိုးတဲ့အခါကစပြီး အလိုရှိရာကိုဆုတောင်းမြဲအောင် ကျိုးစားပြီး သတိပြုကြပါလို့ နည်းလမ်းပေးပြီး တိုက်တွန်းခဲ့ပါတယ်။

ကိုင်း-ရေစက်ချပြီး လိုရာဆုကိုတောင်း အမျှအတမ်း ပေးဝေကြပေတော့။

---

## (၉) အတိုကောက်ဟောပြောဘွယ် အလုံးစုံ သက်ဆိုင်သော သံဓေပကထာ

ရေစက်မချမှီ နဲနဲအာရုံပြုကြ၊ ပြုလုပ်ကြတဲ့ မိမိတို့ အလုပ်ကိစ္စဟာ ဘယ်လိုအကျိုးရှိမဲ့ကိစ္စလဲလို့ အာရုံပြုနိုင်မှကောင်းမယ်။

စိတ္တုပ္ပါဒမ္ပိ ခေါ စုန္ဒ ကုသလေသု ဓမ္မေသု ဗဟုပကာရံ ဝဒါမိ၊
ကောပနဝါဒေါ ကာယေန ဝါစာယ အနုဝိဓီယနာသု။

ဟူ၍ မူလပဏ္ဏာသ ပါဠိတော်မှာ ဘုရား ဟောတော် မူခဲ့တယ်။ အဓိပ္ပါယ်ကတော့....ချစ်သား-စုန္ဒ ကောင်းသောအမှု ကုသိုလ်တရားတို့၌ စိတ်ဖြင့်ကြံစီရံမျှပင်ဖြစ်သော်လဲ များစွာကျေးဇူးရှိပေတယ်၊ ကောင်းကျိုး ချမ်းသာကို ပေးနိုင်တယ်။ ကိုယ်ဘိ-ရင်ဘိ ကိုယ်တိုင် ကောင်းမှုကုသိုလ်ကို ပြုလုပ်မယ်-ဆောင်ရွက်မယ် ဆိုရင်၊ ထို့ပြင်လဲ နှုတ်ဝစီနဲ့ စီမံခန့်ခွဲပြီးတော့ ကောင်းတဲ့ကုသိုလ်ကို အားထုတ်ကြမယ်ဆိုရင် အဘယ်မှာ ကျေးဇူးမရှိဘဲ နေပါ့မလဲ၊ အကျိုးမရှိဘဲနေပါ့မလဲ၊ ကျိန်းသေ ကောင်းကျိုးချမ်းသာကို ပေးနိုင်တော့တာပေါ့-လို့ စုန္ဒမထေရ်အား မြတ်စွာဘုရား ကိုယ်တော်တိုင် ထုတ်ဖော်ပြီး ဟောတော်မူခဲ့တဲ့ ဒေသနာဖြစ်ပေတယ်။

ထို့ကြောင့် ကုသိုလ်ဆိုတဲ့ အလုပ်ဟာ စိတ်နဲ့ကြံစီရံမျှပင် အကျိုး ရှိတယ်ဆိုတော့ ယနေ့-ယခုလို ဝတ္ထုကြေးငွေ အကုန်အကျ ခံပြီးတော့ ကိုယ်တိုင်သာဟတ္ထိကမြောက် ကိုယ်-နှုတ်-နှလုံး သုံးပါးလုံးစုံညီစွာ ကိုယ်ဘိ ရင်ဘိ အားထုတ်ပုံဟာ မျက်မြင်ထင်ရှားနေတော့ ဒီကုသိုလ်ဟာ ကောင်း ကျိုးချမ်းသာကို ကျိန်းသေဖြစ်စေလိမ့်မယ်ဆိုတာ တထစ်ကျ ယုံကြည်ကြ ရမယ်။

အဲတာလို ကောင်းမှုကုသိုလ်ရဲ့ အကျိုးရှိပုံကိုယုံကြည်တဲ့ ကမ္မဿက တာ သမ္မာဒိဋ္ဌိဉာဏ်ဖြင့် နိဗ္ဗာန်တိုင်အောင်အကျိုးဆောင်နိုင်သော ကုသိုလ် တရားကို ငါတို့-အားထုတ်ရပြီဟု အာရုံပြုကြပြီးတော့ ရေစက်ချကာ အမျှ အတမ်း ပေးဝေကြပေတော့။

## (၁၀) အတိုကောက်ဟောပြောဘွယ်
## အလုံးစုံ သက်ဆိုင်သော သံဝေပကထာ

ဘုန်းကြီးများနှင့်တကွ ဒကာ-ဒကာမတွေဟာ နိဗ္ဗာန် - မဂ် - ဖိုလ် မရကြသေးရင် ဘုံဘဝတွေမှာ ကျင်လည်ကြရအုံးမယ်။ဒီတော့ ဘာအရေး တကြီး လိုသလဲဆိုတော့ အပါယ်လေးပါးက လွတ်ဘို့၊ အပါယ်လေးပါး မလားရောက်ဘို့က ရှေဦးစွာအရေးကြီးတဲ့ကိစ္စဘဲ။ အပါယ်လေးပါး မကျ ရောက်အောင် ဘယ်တရားများကို လိုရင်းအားထုတ်ရမလဲဆိုတော့—

မြတ်စွာဘုရားသည် မဟာသမယသုတ်တော်ကြီးကို ဟောတော်မူရာ ဖြစ်တဲ့ မဟာဝုန်တောမှာ သီတင်းသုံးတော်မူစဉ် အခါက မြောက်များစွာ သော နတ်ပရိသတ်တွေထဲက သုဒ္ဓါဝါသပြဟ္မာကြီးများ ဘုရားထံချဉ်းကပ် ပြီးတော့ -

ယေကေစိ ဗုဒ္ဓံ သရဏံ ဂတာသေ၊ န တေ ဂမိဿန္တိ အပါယ ဘူမိံ။

အစရှိတဲ့ ဂါထာဖြင့် မြတ်စွာဘုရားအား လျှောက်ထားကြတယ်၊ လျှောက်ထားပုံကတော့ ရှင်တော်မြတ်ဘုရား တပည့်တော်တို့၏ပြဟ္မာများ ဉာဏ်ပါဒ်ဖြင့် ကြည့်ရှုတဲ့အခါမှာ ဘုရား-တရား-သံဃာဆိုတဲ့ ရတနာသုံးပါး ကို ကိုးကွယ်ဆည်းကပ်တဲ့ပုဂ္ဂိုလ်ဘွေ၊ သရဏဂုံမြဲတဲ့ပုဂ္ဂိုလ်တွေဟာ အပါယ် လေးပါးသို့ မလားရောက်ကြဘဲ နတ်ရွာ သုဂတိသို့သာ ရောက်ကြောင်း သိမြင် ရပါတယ်ဘုရား-လို့ လျှောက်ထားကြတယ်။ မြတ်စွာဘုရားကလဲ ဟုတ်မှန်တဲ့အတိုင်း လျှောက်ထားကြတာဖြစ်တော့ "ယေကေစိ ဗုဒ္ဓံ သရဏံ ဂတာသေ၊ န တေ ဂမိဿန္တိ အပါယဘူမိံ" အစရှိတဲ့ ပြဟ္မာများ၏စကား ကိုပင် ထောက်ခံပြီးတော့ မှန်ကန်ကြောင်း ပြန်ပြီးမိန့်တော်မူတဲ့ ဒေသနာ တော်က ပိဋကတ်တော်မှာ အထင်အရှားရှိပါတယ်။

တာကြောင့် အပါယ်လေးပါးက ကျိန်းသေ လွတ်ကြ ရအောင် ခုတင်က သီလသိက္ခာပုဒ်တွေကို မဆောက်တည်ခင်က ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ-လို့ သရဏဂုံ ဆောက်တည်ပြီး တော့ ရတနာသုံးပါးကိုဆည်းကပ်ကိုးကွယ်ခဲ့ကြတာကို ယုံယုံကြည်ကြည်နဲ့ အားကိုးကြပါ၊ သရဏဂုံ မပျက်အောင် သတိ ထားကြပါ။ အဲတာလို သရဏဂုံသုံးပါးအား ကိုးကွယ်ဆည်းကပ်မှုရှိနေရင် ဒေသနာတော်အတိုင်း

ငါတို့-အပါယ်လေးပါးက လွတ်နိုင်ကြပြီလို့ ကျိန်းသေမှတ်ကြပေတော့။ ယခု-အတိုကောက်ဟောပြောတာက လိုရင်းအကျဆုံးဖြစ်တဲ့အကျင့်ပဋိပတ်ဖြစ်တယ်လို့မှတ်ကြပါ။ကိုင်း-ရေစက်ချ အမျှအတမ်း ပေးဝေကြပေတော့။

## (၁၁) အတိုကောက်ဟောပြောဘွယ် အလုံးစုံ သက်ဆိုင်သော သံဓေပကထာ

ဒကာ-ဒကာမတွေနှင့်တကွ ဘုန်းကြီးများ နေထိုင်ကြရာဘုံဘဝက ဘဝပဒေသာဘုံလို့ခေါ်ဆိုရပါတယ်။ ကမ္ဘာဦးအခါက ရှိတဲ့ပဒေသာပင်၊ နတ်ပြည်လောကမှာရှိတဲ့ပဒေသာပင်ဆိုတာ လိုချင်တာကိုရသတဲ့။ ထို့အတူဘဲ လူဘုံကလဲ လိုချင်တဲ့ဝတ္ထု-လိုချင်တဲ့ဂတိကို ရနိုင်တယ်။ ငရဲကိုလိုချင်သလား၊ လူ-နတ်-ဗြဟ္မာဘဝကိုလိုချင်သလား၊ ဘုရား-ပစ္စေကဗုဒ္ဓါ-အရိယာအဖြစ်ကို လိုချင်သလား၊ လိုချင်တာကို တောင့်တပြီး အားထုတ်ရင် ရနိုင်တာချည်းဖြစ်လို့ လူဘုံကို ဘဝပဒေသာလို့ ခေါ်ရပါတယ်။ ဒီနေရာမှာ ငရဲဆိုတာ လိုချင်တဲ့သူ ရှိပါ့မလားဘုရားလို့ စောဒနာဘွယ်ရှိပါတယ်။ အကုသိုလ်ကိုပြုလုပ်ပြီးနေတဲ့ သူတွေဟာ ငရဲကိုလိုချင်တယ်လို့ဆိုရမှာပေါ့။ ငရဲကို မလိုချင်ရင် အကုသိုလ်ကို ရှောင်ကြဉ်ရမယ်။ သတိပြုစရာပေါ့။

ငရဲဘုံပြိတ္တာဘုံက သတ္တဝါတွေဟာ တစက္ကန့်တမိနစ်မျှ ဒုက္ခခံစားရာက မလွတ်နိုင်ကြတဲ့အတွက် ကုသိုလ်ပြုခွင့်မရနိုင်ကြဘူး။ တိရစ္ဆာန်ဘုံက သတ္တဝါတွေကတော့ နိုင်ရာစားဖြစ်ပြီး အကုသိုလ်တွေ ထပ်ခါ-ထပ်ခါ တိုးနေတဲ့အပြင် ကုသိုလ်ပြုဖို့ကိုလဲ နားမလည်ကြဘူး။ ထို့ကြောင့် အပါယ်ဘုံဆိုတာ လိုတာရနိုင်တဲ့ ဘဝပဒေသာ မဖြစ်နိုင်ဘူး။

နတ်ဘုံ ဗြဟ္မာဘုံဆိုတာလဲ ကာမဂုဏ်ချမ်းသာတွေက ထူထပ်ပေါများနေတော့ ကုသိုလ်ပြုခွင့်ကို များသောအားဖြင့် မေ့လျော့နေတတ်ကြတယ်။ပါရမီဖြည့်နေတဲ့ အလောင်းတော်ကြီးများဟာ တခါတလေ လူ့ဘုံက ဈာန်သမာပတ်တွေ ရပြီးတော့ အသက်ရှည်ဘဲ့ ဗြဟ္မာဘုံတွေမှာ သွားပြီးဖြစ်နေတဲ့အခါမှာ ၎င်းဘုံမှာ ပါရမီဖြည့်စရာမရှိလို့ သက်တမ်းမကုန်ခင်လူ့ဘုံကိုပြန်ဆင်းလျက် လူ့ဘုံကနေပြီးတော့ ပါရမီဖြည့်အောင် ဆည်းပူးတော်မူကြရတယ်။ ထို့ကြောင့် နတ်ဘုံဗြဟ္မာဘုံဆိုတာလဲ ဘဝပဒေသာဘုံ မဖြစ်နိုင်ဘူး။

လူဘုံက လူဘဝဆိုတာက သုခ-ဒုက္ခနှစ်ပါး ရောယှက်ရှုပ်ထွေးနေတာကိုယ်တွေ့ကြုံနေကြရတော့ အသိဉာဏ်နဲ့ချင့်ချိန်ပြီးသကာလ လိုတာကိုဆုတောင်းလျက် ကုသိုလ်တရားတွေကိုအားထုတ်နိုင်ကြတယ်၊ကုသိုလ်ပြုပြီးတော့ တောင့်တတိုင်းလိုတိုင်း ပြည့်စုံနိုင်တာမို့ လူ့ဘုံကို ဘဝပဒေသာလို့ခေါ်ဆိုရတာပေါ့။

ထိုကြောင့် ဘဝပဒေသာခေါ်တဲ့ လူ့ဘဝကိုရကြတဲ့အခါမှာ နိဗ္ဗာန်တိုင်အောင် သုဂတိဘုံသို့ ရောက်ကြောင်း ကောင်းသော ကုသိုလ်တရားတွေကို အားထုတ်ကြပါလို့ နည်းလမ်းဖေါ်ပြပြီး တိုက်တွန်းခဲ့ပါတယ်။

ကိုင်း-ရေစက်ချ အမျှပေးဝေကြပေတော့။

---

## (၁၂) အတိုကောက်ဟောပြောဘွယ်
## အလုံးစုံ သက်ဆိုင်သော သံဓေပကထာ

ယနေ့ အားထုတ်ကြတာက ကောင်းတဲ့ ကုသိုလ်အလုပ် ဖြစ်တယ်။ ကုသိုလ်ဆိုပေတဲ့ အယုတ်, အလတ်, အမြတ်လို့ ၃-မျိုးရှိပါတယ်။ မြတ်တဲ့ ပဏ္ဍိတကုသိုလ်ဖြစ်မှ အကျိုးပေး မြင့်မြတ်မှာပေါ့။ သို့အတွက် ပဏ္ဍိတကုသိုလ်ဖြစ်အောင် စိတ်ထားတတ်ဘို့ နည်းလမ်းပေးရသေးတာပေါ့။

"အရိယဘာဝံ နိဿာယ သမာဒိန္နံ ပဏ္ဍိတံ"လို့ ဒေသနာတော်က လမ်းပြထားတာရှိပါတယ်။ ဘုရား-ပစ္စေကဗုဒ္ဓါ-အရိယာ သူတော်ကောင်းတွေ ကျင့်ပုံ-ကြံပုံကို နည်းမှီးပြီးတော့ ကျင့်သုံးတဲ့ ကုသိုလ်ဟာ ပဏ္ဍိတကုသိုလ်တဲ့။ အရိယာ သူတော်ကောင်းတွေဟာ ဘယ်လို ကျင့်သုံးသွားကြသလဲဆိုရင် ဝဋ်ဆင်းရဲမှ ထွက်မြောက်ရာနိဗ္ဗာန်ကိုသာ ဆုတောင်းပြီးတော့ ကောင်းမှုကုသိုလ်ပြုကြတယ်။

အဲဒီ သဘောအတိုင်းဘဲ ဝဋ္ဋာဘိရတ သဘောက လွတ်ကင်းပြီးတော့ နိဗ္ဗာန်ထိအောင် စိတ်ကို ညွတ်ထားကြရမယ်။ ဒါမှသာ အရိယာတို့ရဲ့အကျင့်ကို နည်းယူရာကျမယ်။ ဝိဝဋ္ဋနိဿိတကုသိုလ်အမြတ်ဆုံးပဏ္ဍိတကုသိုလ်ဖြစ်မယ်။

နိဗ္ဗာန်ကို တခါထဲ ရောက်မှာ မဟုတ်တော့ ကြားကာလတွေမှာ ဆင်းဆင်းရဲရဲ နေရမှာလားဘုရားလို့ မေးဘွယ်ရှိတယ်။တောင်ထိပ်ပေါ်က စီးဆင်းတဲ့ရေဟာ တောင်ခြေတောင်ရင်းက အင်းအိုင်ချောင်းမြောင်းတွေ

ကို ပြည့်စေပြီးမှ သမုဒ္ဒရာထဲကို ရောက်သလိုပေါ့။ ကြားကာလ ဘဝတွေအတွက်လဲ ဆင်းရဲမှာမပူပါနှင့်။ လုပ်ထားတဲ့အလုပ်က ကုသိုလ်ကံဆိုတော့ ဖြစ်ရာဘဝမှာ ကောင်းကျိုးကိုသာ ပေးရမယ်။ ဆင်းရဲတယ် ဆိုတာက မကောင်းတဲ့ အကျိုးဘဲ။ ကောင်းတဲ့အလုပ်ကြောင့် မကောင်းတဲ့ အကျိုးကို မဖြစ်စေနိုင်ဘူး။ ကောင်းတဲ့ ကုသိုလ်ကိုသာ မျှားမျှား အားရှိအောင် အားထုတ်ထားပါ။ နိဗ္ဗာန်ထိအောင် အပြည့်အဝ ကောင်းကျိုးကို ဆောင်ပါလိမ့်မယ်။

တော်လောက်ပြီ၊ ရေစက်ချ အမျှအတန်းပေးကြပေတော့။

---

## (၁၃) အတိုကောက်ဟောပြောဘွယ်
## အလုံးစုံ သက်ဆိုင်သော သံဓေပကထာ

မိမိတို့ ပြုလုပ်အားထုတ်တဲ့အလုပ်ကိစ္စဆိုဒါ အကြောင်းအကျိုးကို နားလည်ပြီးပြုလုပ်မှသာ အကျိုးရှိကြပါလိမ့်မယ်။ ခပ်တိုတိုဘဲ အနည်းငယ် အာရုံပြုကြပါ။ လောဘ-ဒေါသ-မောဟဆိုတဲ့ အကုသိုလ်ဘက်က အရင်းခံ အကြောင်း ၃-ပါး၊ အလောဘ-အဒေါသ-အမောဟဆိုတဲ့ ကုသိုလ်ဘက်က အရင်းခံအကြောင်း ၃-ပါး၊ အဲဒီတရား ၆-ပါးဟာ အခြေခံ အကြောင်း တရားအစစ်ဖြစ်လို့ မူလတရားလဲခေါ်တယ်၊ ဟိတ်တရားလဲခေါ်ရပါတယ်။

ယနေ့ကိစ္စက ကုသိုလ်အရာဖြစ်တဲ့အတွက် ကုသိုလ်ဟိတ် ၃-ပါးကို ပြောပြမယ်။ မိမိတို့ပြုလုပ်တဲ့ကိစ္စက အလောဘ-အဒေါသ-အမောဟ ဆိုတဲ့ ကုသိုလ်မူ ၃-ပါးထဲမှာ သက်ဝင်ရဲ့လားလို့ စီစစ်ကြည့်ရမယ်။ သက်ဝင်တဲ့ အလုပ်ဖြစ်ရင် အကြောင်းက ကုသိုလ်ဖြစ်တော့ အကျိုးကလဲ ကုသိုလ် အကျိုးဘဲရမှာ မလွဲပါဘူး။

အလောဘဆိုတာက တွယ်တာစုံမက်ခြင်း မရှိတာကို ခေါ်တယ်။ ယနေ့ အလှူရှင်များဟာ ငွေကုန်ကြေးကျ ခံပြီးတော့ ကုသိုလ်မှုကို ပြုရပေတယ်။ မိမိအလှူအတွက် ကုန်ကျဘွယ် ငွေကြေး အပေါ်မှာ တပ်နှစ်သက်နေတဲ့လောဘကိုဖြတ်နိုင်လို့ အလှူဖြစ်တာပေါ့။ လောဘကိုဖြတ်လိုက်တော့ အလှူရှင်ရဲ့စေတနာဟာ အလောဘစေတနာ ဖြစ်သွားပြီလို့ အာရုံပြုကြ။ အလောဘစေတနာ အကြောင်းရင်းဖြစ်ရင်....

" အလောဘော ဘောဂသမ္ပတ္တိယာ ပစ္စယော ဟောတိ " ဆိုတဲ့ ဒေသနာအတိုင်း ဖြစ်ရာဖြစ်ရာ ဘဝတိုင်းဘဝတိုင်း၌ စားဝတ်နေရေးပြည့်စုံတဲ့ ဘောဂသမ္ပတ္တိအကျိုးကို ခံစားရမယ်လို့ ကျိန်းသေမှတ်ကြပေတော့။

အဒေါသဆိုတာကတော့ မေတ္တာကို တရားကိုယ် ကောက်ရတယ်။ အခု သံဃာတော်များနှင့်တကွ ပရိသတ်တွေကို မေတ္တာစိတ်ရှိလို့သာ ပင့်ကြတာ ဘိတ်ကြတာပေါ့တဲ့။ သည်တော့ အလှူရှင်ရဲ့ မေတ္တာစေတ်ဟာ အဒေါသစေတနာ ဖြစ်နေပြီ။ အဒေါသ အကြောင်းရင်းဖြစ်ရင်-

"အဒေါသော မိတ္တသမ္ပတ္တိယာ ပစ္စယော ဟောတိ" ဆိုတဲ့အတိုင်း ဖြစ်လေရာရာ ဘဝတိုင်း၌ သား, သမီး, ဆွေမျိုးညာတိ, မိတ်ကောင်း-ဆွေကောင်း ပေါများတဲ့အကျိုးကို ခံစားရမယ်ဆိုတာ မှတ်ကြရမယ်။

အမောဟ-ဆိုတာကတော့ အသိဉာဏ် ပညာကိုတရားကိုယ်ကောက်ရတယ်။ ကုသိုလ်အလုပ် ဆိုတာ သူတော်ကောင်းများ အားထုတ်ကြတဲ့ လမ်းစဉ်ဘဲ။ အကျိုးရှိတဲ့လုပ်ငန်းဘဲလို့ သိတတ်တဲ့ အသိဉာဏ်နဲ့ ပြုလုပ်တာဖြစ်တော့ အလှူရှင်ရဲ့ စေတနာဟာ အမောဟလို့ ဆိုရမယ်။ အမောဟစေတနာဖြစ်ရင်–

"အမောဟော အတ္တသမ္ပတ္တိယာ ပစ္စယော ဟောတိ"ဆိုတဲ့ဒေသနာတော်အတိုင်း ပစ္စုပ္ပန်–သံသရာ နှစ်ဖြာလုံးမှာ မိမိတို့အတွက် အကျိုးရှိမဲ့ လုပ်ငန်းနဲ့ချည်း တွေ့ကြုံပြီးတော့ ကောင်းကျိုးကိုချည်း ခံစားသွားရမယ်လို့ ယုံကြည်ကြပါ။

အတိုကောက်ကလေး ပြောခဲ့တဲ့ တရားတော်အရ မိမိတို့ ကုသိုလ်ရဲ့ အလောဘ-အဒေါသ-အမောဟစေတနာကောင်းဖြစ်ပုံကို ဝမ်းမြောက်စွာ အာရုံပြုကြပြီးတော့ ရေစက်ချ အမျှအတမ်း ပေးဝေကြပေတော့။

## (၁၄)အတိုကောက်ဟောပြောဘွယ် ဆွမ်းသွတ်ကိစ္စ အတွက် သံဒေပကထာ

ယနေ့ကိစ္စက ဘဝတပါး ပြောင်းသွားသော သူကို အကြောင်းပြု ပြီးတော့ ကောင်မှုကုသိုလ်တရားကို အားထုတ်လျက် ရေစက်သွန်းချ အမျှ အတမ်း ပေးဝေတဲ့ကိစ္စ ဖြစ်ပေတယ်။ ဒီကိစ္စဟာ ပတ္တိဒါန ပုညကြိယာ ကုသိုလ်လို့ ဆိုရမယ်။ ထို့ပြင်လဲ ရည်မှန်းပြီး လှူဒါန်းတဲ့ ဒါနကုသိုလ်ကို သာဓုအနုမောဒနာ ခေါ်ပြီးတော့ ခံယူတဲ့ပုဂ္ဂိုလ်ဘက်ကကြည့်ရင်လဲ ပတ္တာ နုမောဒန ကုသိုလ်ဖြစ်ပေတယ်။

အဲဒါလို ကုသိုလ်အဖို့ကို ပေးဝေတဲ့ ပုဂ္ဂိုလ်ဘက်ကရော၊ ခံယူတဲ့ ပုဂ္ဂိုလ်ဘက်ကရော နှစ်ဦးနှစ်ဝလုံးရဲ့ ကုသိုလ်စေတနာတွေကို ဒါန,သီလ, ဘာဝနာ-ဆိုတဲ့ အရင်းခံကုသိုလ် ၃-ပါးထဲမှာဆိုရင် ဒါန ကုသိုလ်ချည်း ဖြစ်ထာ အထင်အရှား သိကြရတယ် မဟုတ်ပါလား။ အဲဒီလို ခွဲခြမ်းပြီး ကြည့်လိုက်တော့ ယနေ့ယခု ပြုလုပ်တဲ့ကိစ္စ ကုသိုလ်ဟာ ပတ္တိဒါန ကုသိုလ် ပတ္တာနုမောဒနကုသိုလ်ဆိုဒါ ရှင်းသွားတော့တာပေါ့။

ဤကဲ့သို့ နှစ်ဦးနှစ်ဘက်စလုံး ဒါန ကုသိုလ်ချည်း ဖြစ်ထာ သိရ တော့ကာ "ဒါနတော ဘောဂဝါ"ဒေသနာအတိုင်း ဘဝတပါးက နေပြီး စေတနာကုသိုလ်ကိုခံယူတဲ့ပုဂ္ဂိုလ်ဟာလဲ စားဝတ်နေရေးပြည့်စုံတဲ့ ဘောဂ သမ္ပတ္တိ အကျိုးကို မုချရနိုင်ပါတယ်။ အဲဒါက ဘဝတပါးက ခံယူဘဲ့ပုဂ္ဂိုလ် ဘက်က အကျိုးရပုံကို ဟောပြောခြင်းဖြစ်ပေတယ်။

ဒီကနေပြီးတော့ အမျှပေးဝေတဲ့ ပုဂ္ဂိုလ်ရဲ့ ပတ္တိဒါန ကုသိုလ်ရှင် များကော၊ မိမိတို့အားထုတ်တဲ့ဒါနစေတနာအတွက် ဘဝအဆက်ဆက်မှာ စား-ဝတ်-နေရေး ပြည့်စုံပြီးတော့ နိဗ္ဗာန်တိုင်အောင် အကျိုးဆောင်နိုင်တဲ့ ကုသိုလ်ကို အားထုတ်ရပြီလို့ အာရုံပြုကြရမယ်။

ကိုင်း-ယနေ့ ရည်ရွယ်ချက် အတိုင်း အားထုတ်တဲ့ ဒါနကုသိုလ် စေတနာ၏ အဖို့ဘာဂကို ဘဝတပါးပြောင်းသွားသောသူသည် ရောက်ရာ ဘဝက သာဓုအနုမောဒနာပြုနိုင်ပြီးသကာလ ချမ်းသာသုခရပါစေဆိုတာ အာရုံပြုပြီး ရေစက်ချ အမျှအတမ်း ပေးဝေကြပေတော့။

## (၁၅) အတိုကောက်ဟောပြောဘွယ်

## ဆွမ်းသွတ်ကိစ္စအတွက် သံဃေပကထာ

ယနေ့ကိစ္စက ဘဝတပါးသို့ပြောင်းသွားလေသောသူအား ရည်မှန်းပြီး လှူဒါန်းကာ အမျှအတမ်းပေးဝေတဲ့ကိစ္စ ဖြစ်ပေတယ်။ မိမိတို့ဆိုင်ရာ-ဆိုင်ရာ အမိ, အဘ, သား, လင်, ခင်ပွန်း, ဆွေရင်းဉာတကာ စသည်တို့အား ချစ်ကြ-ခင်ကြ-ကြင်နာကြရင် မသေမီကာလကလဲ အသီး-အသီးကလျာဏမိတ္တဆိုတဲ့ မိတ်ကောင်း-ဆွေကောင်းအဖြစ်နဲ့ ပေါင်းသင်း ဆက်ဆံ ကြပြီးတော့ မကောင်းတာကို မလုပ်ဖြစ်အောင်၊ ကောင်းမှုတရားတွေ တိုးပွားအောင် အဆင့်ဆင့် တိုက်တွန်း ကြရမယ်၊ သတိပေးကြရမယ်။ တဦးဦး သေလွန်သွားတဲ့နောက်မှာလဲ ကျန်ရစ်တဲ့သူတွေက ကလျာဏမိတ္တခေါ်တဲ့ မိတ်ကောင်း - ဆွေကောင်းအနေနဲ့ သတိရကြပြီး ဒါနအစရှိတဲ့ ကုသိုလ်မှုတွေကို တတ်နိုင်သမျှပြုပြီးတော့ အမျှအတမ်း ပေးဝေကြရမယ်။ အဲဒါလို အသီး-အသီးကျင့်ကြံကြမှ ကလျာဏမိတ္တ အင်္ဂါညီပြီးတော့ ချစ်ရာ-ခင်ရာ ရောက်ပါတယ်။

ကလျာဏမိတ္တခေါ်တဲ့မိတ်ကောင်း-ဆွေကောင်းဟာ ဘယ်လောက် အရေးပါသလဲဆိုရင်—"ဥပဍ္ဎမိဒံ ဘန္တေ ဗြဟ္မစရိယဿ ယဒိဒံ ကလျာဏမိတ္တတာ" အရှင်မြတ်ဘုရား ကလျာဏမိတ်ကောင်း-ဆွေကောင်းဆိုတာဟာ မြတ်သောမဂ်,ဖိုလ်တရားကို ရဘို့ကိစ္စမှာ ထက်ဝက်လောက် ခရီးရောက်ပါကယ်ဘုရား-လို့ အရှင်အာနန္ဒာလျှောက်ထားတဲ့အခါမှာ မြတ်စွာဘုရားက "မာ ဟေဝံ အာနန္ဒ အဝစ" အာနန္ဒာ ဒီလိုမဆိုပါနဲ့၊ ဒီလိုမလျှောက်ပါနဲ့။ "သကလမိဒံ အာနန္ဒ ဗြဟ္မစရိယဿ ယဒိဒံ ကလျာဏမိတ္တတာ" အာနန္ဒာ-မိတ်ကောင်း-ဆွေကောင်းဖြစ်တဲ့ ကလျာဏမိတ်ဟာ တရားထူးကိုရဘို့နေရာမှာ အလုံးစုံကိစ္စပြီးအောင် အကျိုးရှိပါတယ်-လို့ ရှင်တော်ဘုရား မိန့်ကြားတော် မူပါတယ်။

ထို့ကြောင့် မိတ်ကောင်း-ဆွေကောင်းဖြစ်တဲ့ ကလျာဏမိတ်ဆွေဟာ လောကမှာအရေးအကြီးဆုံးဖြစ်လို့ မသေမီမှာလဲအကျိုးရှိတယ်၊ သေပြီးတဲ့ နောက်ကာလမှာလဲ အကျိုးရှိပေတယ်လို့ ကြပ်ကြပ် သတိပြုကြရမယ်။



တမ္ပဒ္ဓဇ ဗုဒ္ဓတက္ကသိုလ်
စာကြည့်တိုက်
တမ္ဗာဒေး။

ယနေ့ကိစ္စမှာလဲ သေသူကိုအကြောင်းပြုပြီး ကျန်ရစ်တဲ့သူများက ကလျာဏမိတ္တအနေလုပ်ခြင်းဟာ သူတော်ကောင်းတို့ ကျင့်စဉ်လို့ မှတ်ကြပြီးတော့ ၎င်းသေသူအားရည်မှန်းကာ အမျှအတမ်း ပေးဝေကြပေတော့။

## (၁၆) အတိုကောက် ဟောပြောဘွယ် ဆွမ်းသွတ်ကိစ္စအတွက် သံခေပကထာ

ယနေ့ကိစ္စက ဘဝတပါးသို့ ပြောင်းသွားလေသူအား ရည်မှန်း၍ လှူဒါန်းအမျှဝေတဲ့ မတကဘတ္တဒါနကုသိုလ်ကိစ္စဖြစ်ပေတယ်။

မိမိတို့ ဆိုင်ရာ-ဆိုင်ရာ အမိ, အဘ, သား, လင်, ခင်ပွန်း, ဆွေမျိုးဉာတိ သားချင်းတို့အား ချစ်ခင်ကြ, ကြင်နာကြ, မေတ္တာရှိကြရင် မသေမီကာလကလဲ အကုသိုလ်နဲ့အောင် ကုသိုလ်တရားများအောင် တိုက်တွန်းပေးကြရမယ်။ သေလွန်ပြီးတဲ့ နောက်ကာလမှာလဲ ကျန်ရစ်ခဲ့တဲ့ ပုဂ္ဂိုလ်တွေက သတိတရားရပြီး ချစ်ခင်ကြင်နာကြမယ်ဆိုရင် ကောင်းမှုကုသိုလ်ကိုပြုပြီးတော့ ကုသိုလ်၏အဖို့ဘာဂကို အမျှအတမ်းပေးဝေကြရမယ်။

ရည်မှန်း၍ အမျှအတမ်းပေးဝေတဲ့ကိစ္စဟာ အလွန် အရေးကြီးတာဖြစ်လို့ သားသမီးကျင့်ဝတ်တရား ငါးပါးထဲမှာ ကျင့်ဝတ်တပါးသီးခြားထားပြီးတော့ မြတ်စွာဘုရား ဟောကြားခဲ့ပါတယ်။ ပေတာနံ ကာလကတာနံ ဒက္ခိဏံ အနုပဒဿာမိ။ ပေတာနံ ကာလင်္ကတာနံ၊ ဘဝတပါး ပြောင်းသွားကွယ်လွန်ကြကုန်သော မိခင်-ဘခင် တို့အား။ ဒက္ခိဏံ၊ အလှူ၏ အဘို့ဘာဂကို။ အနုပဒဿာမိ၊ ပေးဝေရ၏။ ဤသို့ဟောတော်မူခဲ့တာ ထောက်ဆပြီး ကြည့်ကြမယ်ဆိုရင် တဦးဦး သေလွန်သွားတဲ့အခါမှာ ကျန်ရစ်တဲ့ ပုဂ္ဂိုလ်များက ချစ်ခင်ကြင်နာကြရင်, မေတ္တာရှိကြရင်, သတိရကြရင် ဒါနအစရှိတဲ့ ကုသိုလ်မှုကိုပြုပြီး ရည်မှန်းကာ အမျှပေးဝေကြရမယ်။

ဒီကနေ့ပြီး အမျှအတမ်း ပေးဝေလိုက်တဲ့အခါမှာ ရသင့် ရထိုက်တဲ့ ဌာနကနေပြီး သာဓုအနုမောဒနာ ခေါ်နိုင်မယ်ဆိုပါက အဲသည်ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ အများကြီး ချမ်းသာသုခ ရသွားကြောင်းကို ကျမ်းဂန်များမှာလဲ အထင်အရှား ပြထားတာ ရှိပါတယ်။ မိမိတို့ရည်မှန်းတဲ့ ပုဂ္ဂိုလ်က အဝေး ရောက်နေလို့, သို့မဟုတ် မရနိုင်တဲ့ ဘဝမှာ ရောက်နေတယ် ဆိုရင်

တော့ ပြိတ္တာဘုံမှာညာတိတော်တဲ့ ပြိတ္တာတွေ အများကြီး ရှိပါတယ်။ အဲဒီ ပြိတ္တာတွေဟာ သာဓုအနုမောဒနာပြုပြီး ချမ်းသာသုခ ရနိုင်ပါတယ်လို့ မှတ်ကြပါ။

သို့အတွက် မိမိတို့ ပြုလုပ်တဲ့ကုသိုလ်၏ အဘို့ဘာဂကို ဘဝတပါး ပြောင်းသွားသောသူအား ရည်မှန်းကာအာရုံပြုပြီးတော့ အမျှပေးဝေကြ ပေတော့။

---

## (၁၇) အတိုကောက် ဟောပြောဘွယ်
## ဆွမ်း သွတ် ကိစ္စ အ တွက် သံ ခေ ပ က ထာ

ဇာဏုသောဏိပုဏ္ဏားသည်မြတ်စွာဘုရားထံချဉ်းကပ်ပြီး အရှင်မြတ်ဘုရားတဦးတယောက် သေလွန်သွားတဲ့အခါမှာ တပည့်တော်တို့ဟာ ထိုသေလွန်တဲ့သူအတွက် ရည်မှန်းပြီးတော့ အလှူပြုလုပ်ကာ အမျှအတမ်းပေးဝေကြပါတယ်ဘုရား။ အဲဒါလိုပြုလုပ်တဲ့ အလှူအတွက် ဘဝတပါး ပြောင်းသွားတဲ့ သူဟာ အကျိုး ခံစားရပါသလား ဘုရားလို့ လျှောက် ထားတဲ့ အခါမှာ-

ဗုဒ္ဓရှင်တော်မြတ်က အသင်ပုဏ္ဏားကြီး-ရသင့်သော အရပ်ဌာနမှာ ဖြစ်ပြီး သာဓုအနုမောဒနာ ပြုနိုင်ရင် ရပေတယ်လို့ မိန့်တော်မူတော့ ရသင့်သော နေရာ-မရသင့်တဲ့နေရာကို ခွဲခြားပြီးသိလို၍ လျှောက်ထားပြန်သတဲ့။

သေခါနီးကာလက မကောင်းတဲ့နိမိတ်တွေထင်ပြီးတော့ ဝေမာနိက ပြိတ္တာဘုံဘဝမှာ သွားဖြစ်ကြရင် ဝေငှပေးကမ်းတဲ့ ကုသိုလ်အဘို့ဘာဂကို ရရောက်ခံစားရနိုင်တယ်။ တပါးသောဘုံဘဝမှာ သွားဖြစ်ရင်တော့ မရနိုင်ဘူးလို့ မိန့်တော်မူပါတယ်။ ဒီလို ရည်ရွယ်တဲ့ ပုဂ္ဂိုလ်မရရင် လှူဒါန်းတဲ့ ပုဂ္ဂိုလ်ဟာ အကျိုးရှိပါရဲ့လား ဘုရား-လို့ လျှောက်ထားတယ်။ ဒါယကာ ပုဏ္ဏားကြီး ရည်ရွယ်တဲ့ပုဂ္ဂိုလ် ရသည် ဖြစ်စေ, မရသည် ဖြစ်စေ အလှူဒါယကာရဲ့ ကုသိုလ် စေတနာကတော့ အလကား ဘယ်ဖြစ်မလဲ။ အလှူဒါယကာအား မုချအကျိုးရခွင့်ပေးတာပေါ့-လို့ ဟောကြားတော်မူလိုက်တော့ ဇာဏုသောဏိ ပုဏ္ဏားကြီးဟာ မြတ်စွာဘုရား၏ တရားတော်ကို များစွာ နှစ်သက်ဝမ်းမြောက်ခြင်း ဖြစ်သွားပါသတဲ့။

ဤသာဓက အတိုင်းဘဲ ယခုကိစ္စမှာလဲ ရည်ရွယ်တဲ့ ပုဂ္ဂိုလ်ဟာ အကယ်၍ ဂတိ တိမ်းပါးပြီး ပြိတ္တာဘုံဘဝရောက်နေမယ်ဆိုရင် ဤကုသိုလ်၏အဘို့ဘာဂကို အမျှရပြီးတော့ နတ်တို့၏ချမ်းသာကို ခံစားရနိုင်ပါတယ်၊ အလှူဒါယကာ၏ သန္တာန်မှာတော့ ဒါနစေတနာ၏အကျိုးကို မုချခံစားရနိုင်ပါတယ်လို့ အကြောင်းအားလျော်စွာ တရားတော်ကို အာရုံပြုကြရမယ်။ ယနေ့ကိစ္စအတွက် သေသောသူကို ရည်ရွယ်ပြီးတော့ မိမိတို့၏ စေတနာ အဘို့ဘာဂကို ရေစက်သွန်းချကာ အမျှအတမ်း ပေးဝေကြပေလော့။

---

## (၁၈) အတိုကောက် ဟောပြောဘွယ် ဆွမ်း သွတ် ကိ စ္စ အ တွက် သံ ခေ ပ က ထာ

ဘဝတပါးပြောင်းသွားသူကို ရည်မှန်းပြီး လှူဒါန်းကြတဲ့ ယနေ့ကိစ္စအတွက် အနည်းငယ် အာရုံပြုကြ။ မြတ်စွာဘုရား ကျောင်းဒါယကာ ဗိမ္ဗိသာရမင်းကြီးရဲ့ဆွေတော်မျိုးတော်တွေဟာ ပြိတ္တာဘုံဘဝမှာဖြစ်ပြီးတော့ အငတ်ငတ်အပြတ်ပြတ် အလွန်ဆင်းရဲဒုက္ခ ရောက်ပြီးနေကြရတော့ကာ ငါတို့ရဲ့ဆွေမျိုးဖြစ်တဲ့ ဗိမ္ဗိသာရ မင်းကြီးဟာ ကုသိုလ် ပြုပြီးတော့ ငါတို့ကို အမျှပေးဝေပါလျှင် ငါတို့ချမ်းသာရာ ရနိုင်မယ်လို့ သိကြတဲ့အတွက် အမျှကုသိုလ်ရဘို့ကို စောင့်စားတမ်းတနေကြသတဲ့။

စောင့်နေကြရတာ ရက်လအလွန် ကြာလာတော့ကာ သည်းမခံနိုင်ဖြစ်လာပြီးတော့ အကာလညဥ့်အခါမှာ မင်းကြီးရဲ့ နန်းတော်ကို ဝိုင်းရံပြီး မကောင်းဆိုးဝါးတဲ့ အသံကြီးတွေနဲ့ အော်ကြ, ဟစ်ကြ,ညည်းညူကြသတဲ့။ ကြောက်စရာဖြစ်တဲ့ အဲဒီအသံတွေကို ကြားရတော့ ဗိမ္ဗိသာရမင်းကြီးလဲ ထိတ်လန့်ကြောက်ရွံ့ပြီးတော့ စက်တော်ခေါ်လို့ မရအောင် ဖြစ်ပြီးလျှင် နံနက်မိုးသောက် အလင်းရောက်တဲ့အခါမှာ ဘုရားကျောင်းတော်အရောက်သွား၊ မြတ်စွာဘုရားအား လျှောက်ထားသတဲ့။

သည်တော့ ဘုရားရှင်က အသင်မင်းကြီး ဒီကိစ္စဟာ အသင်မင်းကြီး အတွက် အန္တရာယ်ဖြစ်ဘို့ မရှိပါဘူး။ အသင်၏ ဆွေမျိုးတော်စပ်တဲ့ ပြိတ္တာတွေက အသင်မင်းကြီးအထံက ကုသိုလ်အဘို့ဘာဂ အမျှရဘို့ကို တောင့်တပြီးတော့ အော်ကြ, ဟစ်ကြတာပါလို့ မိန့်တော်မူလိုက်တော့မှ ဗိမ္ဗိသာရ

မင်းကြီး သက်သာရာ ရသွားပြီးတဲ့နောက်၊ နောက်တနေ့အတွက် ဘုရား အမှူးရှိတဲ့ သံဃာတော်များအား ဆွမ်းအလှူခံ ပင့်သွားသတဲ့။

နောက်တနေ့ရောက်တဲ့ အခါမှာ ဘုရား အမှူးရှိတဲ့ သံဃာတော် များအား သောက်တော်ရေနှင့်တကွ ယာဂုခဲဘွယ် အမယ်မယ်သော ဘော ဇဉ် ချိုချဉ်အရသာ အဖျော်ယမကာများနှင့်တကွ အဝတ်, သင်္ကန်း, ထီး, ဘိနပ်အစရှိတဲ့ အလှူဝတ္ထုတွေကို လှူဒါန်းဆက်ကပ်ပြီးတော့-

"ဣဒံ မေ ဒါနံ ဉာတီနံ ဟောတု" မေ၊ တပည့်တော်၏။ ဣဒံ ဒါနံ၊ ဤဒါနကုသိုလ်စေတနာသည်။ ဉာတီနံ၊ ဆွေမျိုး တော်စပ်ကုန်သော ပြိတ္တာ အပေါင်းတို့အား။ ဟောတု၊ ရရောက်ခံစားရပါစေသတည်း။ ဤသို့ရေစက် သွန်းချ အမျှပေးဝေလိုက်တဲ့အခါ ကျတော့ ပြိတ္တာအပေါင်းတို့မှာ နတ်၌ ဖြစ်သော ရေတွင်း, ရေကန်, ဗိမာန်, ဥယျာဉ်,ဘောဇဉ်အမျိုးမျိုး,ပြည့်ဖြိုး တင့်တယ်သော အဝတ်အစားတို့ဖြင့် မြောက်မြားစွာ ခံစားရ၍ ချမ်းသာ သုခရသွားကြောင်းကို တိရောကုဋ္ဋသုတ်မှာ မြတ်စွာဘုရား မိန့်တော်မူခဲ့ပါ တယ်။

သို့အတွက် ယနေ့လှူဒါန်းတဲ့ ကုသိုလ်အဘို့ဘာဂကိုလဲ ဘဝတပါး ပြောင်းသွားသောသူနှင့်တကွ ဉာတိ တော်စပ်သော ပြိတ္တာ အပေါင်းတို့ပါ အားလုံးအမျှရ၍ ချမ်းသာကြပါစေလို့ အာရုံပြုပြီးတော့ ရေစက် သွန်းချ အမျှပေးဝေကြပေတော့။

---

## (၁၉) အတိုကောက်ဟောပြောဘွယ်
## မရဏာနုဿတိကထာ

ဇီဝိတံ ဗျာဓိ ကာလော စ၊
ဒေဟနိက္ခေပနံ ဂတိ။
ပဉ္စေ တေ ဇီဝလောကသ္မိံ၊
အနိမိတ္တာ န နာယရေ။ ။

ဇီဝလောကသ္မိံ၊ အသက်ရှိသော ဤလောကကြီး၌။ အနိမိတ္တာ၊ ကျိန်းသေပိုင်းခြား အမှတ်အသား မရှိသည်၏ အဖြစ်ကြောင့်။ သတ္တာနံ၊ သတ္တဝါတို့၏။ ဇီဝိတဉ္စ၊ ရှည်-တိုမှတ်သား အသက်အပိုင်းအခြားကိုရင်း။ ဗျာဓိစ၊ မည်သည့်ရောဂါ ဝေဒနာဖြင့် မှန်စွာသေရမည်ဟူသော အနာ

ရောဂါကိုင်း။ ကာလောစ၊နံနက်နှင့်ည သေအံ့သောအချိန်ကာလကိုင်း။ ဒေဟနိက္ခေပနဥ္စ၊ ခန္ဓာဝန်ကိုချရာဌာန အရပ်ဒေသကိုင်း။ ဂတိစ၊ငါးဖြာ အရှိ လားရာဂတိကိုင်း။ ဧတေပဥ္စ၊ ထိုငါးပါးတို့ကို။ နနာယရေ၊ မသိ-မမြင်နိုင်ကြရကုန်။

ဤ ဒေသနာတော်အတိုင်း အသက်ရှိတဲ့ ဤဇီဝ လောကကြီးက သတ္တဝါတွေဟာ တချို့-အမိဝမ်းတွင်း ကလလရေကြည် စတည်ကတဲက ပျက်စီးရတယ်၊ တချို့တော့ ပဋိသန္ဓေတည်နေလို့ တလ-နှစ်လစသည် မဖွား မီက သေကြတယ်၊ တချို့တော့ ဖွားပြီးစကပင် သေကြတယ်၊ တချို့တော့ အရွယ်ကြီးပြင်းမှ သေကျေပျက်စီးရတယ်၊ထို့ကြောင့် မိမိတို့အသက်အပိုင်း အခြားကို မသိနိုင်ကြဘူး။

ၚင်းပြင် ဗျာဓိနှိပ်စက်ပြီးတော့ မိမိတို့မှာမျက်စိအနာနဲ့သေရမလား၊ နားအနာနဲ့ သေရမလား၊ ထိုပြင်လဲ လေနာ,ရင်နာ,ဒူလာ,မီးယပ် တပ်အပ် သေချာ နှိပ်စက်မဲ့ဝေဒနာကိုလဲ သေချာအောင် မသိနိုင်ကြဘူးတဲ့။

ကာလဆိုတာကတော့ မိမိတို့ဟာ နံနက်ဘဲ, မွန်းတည့်ဘဲ, ညအခါ ဘဲလို့ သေရမဲ့အချိန်အခါကိုလဲ မသိနိုင်ကြဘူး။

ဒေဟနိက္ခေပနဆိုတာက ခန္ဓာဝန်ကို ပစ်ချရာဌာနကို ဆိုပါတယ်၊ ရွာတွင်းမှာမွေးဖွားပြီး ရွာပြင်မှာ တချို့ချရတယ်၊ တချို့-တောမှာမွေးပြီး မြို့မှာချရတယ်၊ အချို့-ကုန်းမှာမွေးပြီး ရေမှာချရတယ်၊ အဲဒါလို မိမိတို့ ခန္ဓာဝန်ပစ်ချရာဌာနကိုလဲ ကျိန်းသေမသိနိုင်ကြဘူး။

ဂတိဆိုတာက ဒေဝ,မနုဿ,နိရိယ,တိရစ္ဆာန,ပေတဂတိ-လို့ ဂတိ ငါးပါးရှိတဲ့အနက် မိမိတို့သေသွားရင် ဘယ်ဂတိ လားရမယ်လို့ ကျိန်းသေ မသိနိုင်ဘူးတဲ့။

အဲ့တာလို အပိုင်းအခြား အမှတ်အသား ထင်ရှားမရှိတဲ့ ဤတရား ငါးပါးအတွင်းက မလွတ်ကင်းနိုင် ကြသည်အတွက် တချို့လဲ ငါတို့အရင် သေဆုံးကုန်ကြပြီ၊ ငါတို့လဲ ဤလမ်းက လွှဲဖယ်မရသဖြင့် တနေ့နေ့ ကြုံကြ ရမည်သာ ဖြစ်ပေသည်-ဟူ၍ မရဏာ နုဿတိ ဘာဝနာကို ထင်အောင်-မြင်အောင် ရှုဆင်ခြင်ကြပေတော့။

## (၂၀) အတိုကောက် ဟောပြောဘွယ်
## သံခေပဒါနကထာ

ဒါနဉ္စ ယုဒ္ဓဉ္စ သမာနမာဟု။

ဒါနဉ္စ၊ လှူဒါန်းစာဂ ဒါနအမှုသည်၎င်း။ ယုဒ္ဓဉ္စ၊ အနိုင်သိမ်းပိုက် စစ်တိုက်ခြင်း အမှုသည်၎င်း။ သမာနံ၊ အယူအဆတူကြ၏-ဟူ၍။ အာဟု၊ ဆိုကုန်ပြီ။

ယနေ့-အလှူရှင်များကိုစွက လှူဒါန်းစွန့်ကြဲခြင်း ဒါနကုသိုလ်အရာ ဖြစ်လို့ ဒါနကုသိုလ်ရဲ့ ဖြစ်မြောက်ဘို့ခဲယဉ်းပုံ၊ခဲယဉ်းတဲ့ကုသိုလ်မှုကို ငါတို့ အောင်မြင်စွာပြုရပြီးလို့ ဝမ်းမြောက်ကြဘို့ အနည်းငယ်ဟောပြမယ် အာရုံ ပြုကြပေတော့။

ရန်သူနဲ့ရင်ဆိုင်ပြီးစစ်တိုက်တဲ့ကိစ္စရယ်၊ဒါနကုသိုလ်ပြုရတဲ့ကိစ္စရယ်၊ အဲဒီ ကိစ္စနှစ်မျိုးဟာ အယူအဆ သဘာဝချင်း တူကြတယ်လို့ မိန့်ဆိုတော် မူတယ်။ တူပုံကို ဝေဘန်ပြရသေးတာပေါ့။

မိမိအသက်သေမှာ ကြောက်တဲ့သူဟာ စစ်မတိုက်ဝံ့ဘူး၊ အဲဒါလိုဘဲ မိမိပစ္စည်း ကုန်ခမ်းမှာ ကြောက်တဲ့သူဟာလဲ ဒါနကို မပြုဝံ့ဘူး၊ အဲဒါက မစွမ်းနိုင်ခြင်းသဘောတူပုံတမျိုးပေါ့။

သူတပါးတို့၏တိုင်းပြည်နိုင်ငံကို သိမ်းယူလိုတဲ့သူဟာ မိမိအသက်ကို မငဲ့ကွက်ဘဲ သေချင်သေပေစေ နိုင်အောင်တိုက်ယူမယ်လို့ အသက်ကိုစွန့်ပြီး အားထုတ်ကြရတယ် မဟုတ်ပါလား၊ အဲဒါလိုဘဲ လှူဒါန်းလို့ရမဲ့ ကုသိုလ် အကျိုးကို အလိုရှိတဲ့သူဟာလဲ ပစ္စည်းမှာတွယ်တာတဲ့ အာလယကိုပယ်စွန့် ပြီး ကုသိုလ်ကို ရအောင်ယူတော့မယ်လို့ ဒါနကို အားထုတ်ကြရပါတယ်၊ အဲဒါက စွန့်လွှတ်ရခြင်းတူပုံတမျိုးဖြစ်တယ်။

စစ်တိုက်တဲ့အခါမှာ ရဲရဲ-ရင့်ရင့် သူရသတ္တိ ရှိတဲ့သူဟာ လူနဲစုပင် ဖြစ်သော်လဲ သတ္တိမရှိတဲ့ ကြောက်ရွံ့တတ်တဲ့ အများစုကိုနိုင်ရတယ် မဟုတ် ပါလား၊ ထို့အတူဘဲ ဒါနကုသိုလ်ပြုတဲ့သူဟာ ဒါနဝတ္ထုက အနည်းငယ် ဖြစ်သော်လဲ သဒ္ဓါစေတနာကအားကြီးရင် များစွာသောမစ္ဆရိယအန္နောက် အယှက်တွေကို နိုင်ရပေတယ်။ အဲဒါက အားကြီးခြင်း တမျိုးတူပုံကို မှတ် ရမယ်။

ယခု-ရှင်းပြခဲ့တာက "ဒါန နဲ့ ယှဥ်"သဘာဝတူပုံကို ဒေသနာတော်အရ ရှင်းပြခြင်းဖြစ်ပါတယ်။ ယနေ့-လှူဒါန်းတဲ့ ကုသိုလ်ရှင်များ သန္တာန်မှာတော့ မိမိပစ္စည်းကုန်ခမ်းမှာ မကြောက်ရွံ့ခြင်း၊ မိမိပစ္စည်းအပေါ်မှာ တွယ်တာတပ်မက်တဲ့ အာလယကို စွန့်လွှတ်နိုင်ခြင်း၊ သဒ္ဓါစေတနာ အားကြီးစွာထားပြီး မစ္ဆရိယရန်သူကိုအနိုင်ယူခြင်း၊ဤသို့ကောင်းသောစေတနာသဒ္ဓါတရားဖြင့် ဒါနကုသိုလ်ကို ငါတို့အောင်မြင်စွာအားထုတ်ရပြီဟု မိမိတို့ကုသိုလ်ကို ဝမ်းမြောက်စွာ အာရုံပြုကြပေတော့။

---

## (၂၁) အတိုကောက် ဟောပြောဘွယ် ကောင်းမှုအားလုံးနှင့်သက်ဆိုင်သော ဥစ္စာလေးမျိုး

ဥစ္စာလေးမျိုးကို နားလည်အောင် မှတ်သား ကြပြီး တဲ့နောက်၊ ဥစ္စာကိုပြုပြင်ပြောင်းလဲပြီး သိမ်းဆည်းတတ်ရမယ်၊ ဥစ္စာလေးမျိုးဆိုတာက ထာဝရဥစ္စာ, ဇင်္ဂမဥစ္စာ, အင်္ဂသမဥစ္စာ, အနုဂါမိကဥစ္စာ-ဟူ၍ လေးမျိုးရှိတယ်။

( ၁ ) ပုတီး, နားဒေါင်း, လက်ကောက်, လက်ကြပ်, နားကပ်, ဆွဲကြိုး အစရှိတဲ့ ရွှေ-ငွေဘဏ္ဍာနှင့်တကွ လယ်ယာခြံမြေအစရှိတဲ့ ဣရိယာပုထ် လေးပါးနဲ့ မစပ်တဲ့ပစ္စည်းမျိုးက ထာဝရဥစ္စာခေါ်တယ်။

( ၂ ) ဆင်,မြင်း, ကျွဲ,နွား, ကြက်,ဝက်, ဘဲ, ငှက် အစရှိတဲ့ ဣရိယာပုထ်နဲ့ စပ်တဲ့ အရာဝတ္ထုက ဇင်္ဂမဥစ္စာ ခေါ်တယ်။

( ၃ ) စက်မှုပညာ-လက်မှုပညာ-နှုတ်မှုပညာ အစရှိတဲ့ အတတ်ပညာမျိုးက မျက်စိ,နား,နှာ အစရှိတဲ့ အင်္ဂါကြီး-ငယ်နဲ့တူလို့ အင်္ဂသမဥစ္စာ ခေါ်တယ်။

( ၄ ) ဒါန,သီလ,ဘာဝနာဆိုတဲ့ ကောင်းမှုကုသိုလ်စေတနာမျိုးက အရိပ်ပမာ မိမိနောက်သို့ အစဉ်တစိုက် လိုက်ပါတတ်လို့ အနုဂါမိကဥစ္စာ ခေါ်တယ်။

အဲဒီ ဥစ္စာလေးမျိုးကို ခွဲခြားသိပြီးကြရင်၊ မိမိတို့ ဥစ္စာ များကို ပြောင်းလဲပြီးတော့ ခိုင်မြဲအောင် သိမ်းဆည်းတတ်ရမယ်။ ဘယ်လိုပြောင်းလဲပြီး သိမ်းဆည်းရမလဲဆိုတော့ ဣရိယာပုထ်နဲ့စပ်နေတဲ့ ဆင်,မြင်း, ကျွဲ,

နွား အစရှိတဲ့ ဇင်္ဂမဥစ္စာမျိုးက သေကျေ ပျောက်ပျက်လွယ်တာ ဖြစ်တော့ သူ့ထက်ခိုင်မြဲတဲ့ ရွှေ,ငွေ,ဘဏ္ဍာ,လယ်ယာစတဲ့ ထာဝရဥစ္စာမျိုးဖြစ်အောင် ပြောင်းလဲတည်ထောင်ထားရမယ်။

ဒါထက် ခိုင်မြဲအောင်ဆိုရင် မိမိသွားရာတိုင်း အတူပါတဲ့ အင်္ဂါကြီး-ငယ်နဲ့ တူတဲ့ ပညာ-တည်းဟူသော အင်္ဂသမဥစ္စာမျိုးသို့ ပြောင်းလဲ့တည်ထောင် ထားရမယ်။ အတတ်ပညာခေါ်တဲ့ အင်္ဂသမ ဥစ္စာပါရင် ရောက်ရာအရပ်မှာ ရွှေမရှား - ငွေမရှား ဖြစ်နိုင်တာကို စဉ်းစားကြည့်လျှင် သိကြပါလိမ့်မယ်။

ယခုပြောခဲ့တဲ့ ဥစ္စာသုံးမျိုးကတော့ မသေမှီ မျက်မှောက် ဘဝမှာ အသုံးပြုရပြီး သေလျှင် ယူမသွားနိုင်ဘူး၊ ကိုယ့်နောက်ကို မပါနိုင်ဘူး၊ ကောင်းမှုကုသိုလ်လို့ခေါ်ဆိုရတဲ့ အနုဂါမိကဥစ္စာမျိုးကတော့ အရိပ်ပမာ မိမိနောက်သို့ ဘဝတိုင်း အတူပါပြီးတော့ ဆောင်ယူသွားနိုင်တဲ့ ဥစ္စာဖြစ်တယ်။ ရောက်ရာဘဝမှာ အသုံးချရမယ်။ ထို့ကြောင့် အကျဉ်း အားဖြင့် ဟောခဲ့တဲ့ နည်းလမ်းအတိုင်း ဥစ္စာချင်း ပြောင်းလဲ့ပုံကို နားလည်ပြီးတဲ့ အလျောက်၊ ပျက်လွယ်တဲ့ ဥစ္စာက ခိုင်မြဲတဲ့ ဥစ္စာဖြစ်အောင်၊ ထိုမှတပါး မိမိနောက်သို့ အစဉ်လိုက်ပြီး အသုံးချဘို့ရာ ဥစ္စာဖြစ်အောင် ပစ္စည်းဥစ္စာများကို ပြောင်းလဲ့တည်ထောင် သိမ်းဆည်းကြပါလို့ သတိပေးခဲ့ပါတယ်။

ယနေ့-အားထုတ်တဲ့ကိစ္စက (ဒါနဆိုတဲ့ အနုဂါမိကဥစ္စာ)ဖြစ်တော့ မိမိနောက်သို့ ဘဝတိုင်း အစဉ်လိုက်ပြီး သုံးဆောင်ဘို့ ဥစ္စာကို ငါတို့-တည်ထောင်ရပြီ။ ဤကုသိုလ်စေတနာက နိဗ္ဗာန်ထိအောင် အကျိုးဆောင်ပါစေ-ဟူ၍ ဆုတောင်းပတ္ထနာ ပြုကြပေတော့။ ။(ကိစ္စအားလျော်စွာ လက်သည်းကွင်းအတွင်းက ဒါနကိုပြုပြင်၍ အသုံးပြုပါကုန်)။

---

## (၂၂) အတိုကောက် ဟောပြောဘွယ် ဒါနနှင့် ဆိုင်ရာ

ယနေ့ကိစ္စက လှူဒါန်းပေးကမ်း စွန့်ကြဲခြင်း ဒါနခန်း ကုသိုလ်ကိစ္စ ဖြစ်ပေတယ်။ ဉာဏ်နဲ့ယှဉ်တဲ့ ဉာဏသမ္ပယုတ် ကုသိုလ်ဖြစ်အောင် အနည်းငယ်အာရုံပြုကြပါ။ ဒါနကုသိုလ်ဆိုတာ ကိုယ်ထိလက်ရောက် သာဟတ္ထိက

မြောက်အောင် ဆောင်ရွက်လုပ်ကိုင်ပြီးတော့လှူဒါန်းတဲ့ဒါနဟာ ကာယကံ ဒါနခေါ်တယ်။ နှုတ်ဖြင့်စီမံခန့်ခွဲ ခိုင်းစေပြီးတော့ လှူဒါန်းတဲ့ ဒါနဟာ ဝစီကံဒါန ခေါ်တယ်။ ကိုယ်အင်္ဂါ-နှုတ်အင်္ဂါ မပါစေဘဲ စိတ်ဖြင့်ကြံစည်ပြီး လှူဒါန်းတဲ့ဒါနဟာ မနောကံဒါနလို့ ခေါ်တယ်။ အဲဒါလို ကံသုံးပါးနှင့်သက်ဆိုင်တဲ့ အဖြစ်ကိုအာရုံပြုပြီး လှူဒါန်းတဲ့ဒါနဖြစ်မယ်ဆိုရင် ကာယကံဒါန, ဝစီကံဒါန, မနောကံဒါနရယ်လို့ ဒါနကုသိုလ်သုံးမျိုး ရသွားတာပေါ့။ အဲဒါလိုလှူဒါန်းတဲ့အခါမှာ ဉာဏ်နဲ့ယှဉ်ပြီး အာရုံပြုတတ်ရမယ်။

ရင်းပြင်လဲ သဘောသွားကိုအာရုံပြုပြီးဉာဏ်ယှဉ်တတ်မယ်ဆိုရင်လဲ အကျိုးများဘွယ်ရှိပါသေးတယ်။ ဘယ်လိုအာရုံပြုရမလဲ ဆိုတော့ ငါဟာ, ယခုပေးလှူခြင်းဒါနကုသိုလ်ကို ပြုပြီးနေတယ်။ ရှေးရှေးက အလောင်းတော်များဟာလဲ လှူဒါန်းခြင်းဒါနပါရမီကို ဖြည့်ဆည်းပူးပြီးတော့ နိဗ္ဗာန်ကို ယူသွားကြပြီ။ ငါလဲ အလောင်းတော်ကြီးများလို နိဗ္ဗာန် ထိအောင် အကျိုးဆောင်နိုင်တဲ့ ဒါနပါရမီကို ဆည်းပူးရပြီလို့ ဒါနကို အာရုံပြုပြီးတော့ လှူဒါန်းရင် "ဒါနမယပုညကြိယဝတ္ထုကုသိုလ်"လို့ ခေါ်ဆိုရတယ်။

ထိုမှတပါး ဝတ္ထုသီလ ခေါ်တဲ့ အကျင့်ဝတ်ကို ဦးတည်ပြီးတော့ ငါ-ယနေ့ အားထုတ်တဲ့ ကုသိုလ်ဟာ မိဘဘိုးဘွား အစဉ်အဆက်က အမြဲမပြတ် အားထုတ်ခဲ့ကြတဲ့ ဝတ်နိဗဒ် ဖြစ်ပေတယ်။ လူကြီး-သူကြီးများ အားထုတ်ခဲ့တဲ့ဝတ်နိဗဒ်ကို ဆက်လက်ပြီးတော့မပျက်အောင် ငါ-အားထုတ်ရပြီဟု ကျင့်ဝတ်ကို ဦးတည်ပြီးတော့ အာရုံပြုကြမယ်ဆိုရင် "သီလမယပုညကြိယဝတ္ထုကုသိုလ်"လို့ ခေါ်ဆိုရတယ်။

ထိုမှတပါး အလှူပေးတဲ့ အလှူဒါယကာ, လှူဘွယ် ဝတ္ထု, အလှူခံပုဂ္ဂိုလ်, အဲဒီ သုံးမျိုးလုံးဟာ သင်္ခါရ နယ်အတွင်းမှာ ဖြစ်နေကြတယ်။ သို့အတွက် အလှူခံဖြစ်တဲ့ငါတို့ဟာလဲ ခယသဘော,ဝယသဘောဖြစ်တယ်။ လှူဘွယ်ဝတ္ထုဟာလဲ မခိုင်မြဲဘူး။အလှူခံပုဂ္ဂိုလ်များလဲ နောက်ဆုံး ပျက်စီးရမဲ့ဓမ္မတာကို မလွန်နိုင်ဘူးလို့ အဲဒါလို ဝိပဿနာ ဉာဏ်ဖြင့် ဆင်ခြင်ပြီး လှူဒါန်းရင် "ဘာဝနာမယ ပုညကြိယဝတ္ထု ကုသိုလ်"လို့ ခေါ်ရတယ်။

အဲ-ဤကဲ့သို့ ဟောပြောခဲ့တဲ့ အကျဉ်းမျှသော လမ်းစဉ်ကလေးကို သတိထားပြီးတော့ ဟောပြောခဲ့တဲ့ နည်းလမ်းအတိုင်း ဉာဏ်နဲ့ ယှဉ်လျက် မိမိ ကုသိုလ်ကို အာရုံပြုကာ ရေစက်သွန်းချ အမျှပေးဝေကြပေတော့။

## (၂၃) အတိုကောက် ဟောပြောဘွယ် ဒါနနှင့် ဆိုင်ရာ

ယနေ့ကိစ္စက ဒါနကုသိုလ်ကို ပြုလုပ်တဲ့ ကိစ္စဖြစ်တယ်။ သို့အတွက် ဒါနကုသိုလ် အထမြောက်ဘို့ရာ အကြောင်းအင်္ဂါ ၃-ပါးကို မြတ်စွာဘုရား မိန့်တော်မူခဲ့တဲ့ ဒေသနာတော်ကို နာယူပြီးတော့ဝမ်းမြောက်ကြရမယ်။

"တိဏ္ဏံ ဘိက္ခဝေ သမ္မုခီဘာဝါ သဒ္ဓါ ကုလပုတ္တော ဗဟုံ ပုညံ ပသဝတိ" အစရှိသည်ဖြင့် ဟောတော်မူသော ဒေသနာတော်အရ ဒါန ကုသိုလ် အထမြောက်ဘို့ရာမှာ သဒ္ဓါတရားကတပါး လှူဘွယ်ဝတ္ထုကတပါး အလှူခံပုဂ္ဂိုလ်က တပါး၊ အဲဒီသုံးပါး ပြည့်စုံညီညွတ်မှ ဒါန အထမြောက် ကြလိမ့်မယ်။ ၎င်းသုံးပါးထဲမှာ လှူဘွယ်ဝတ္ထုနဲ့ အလှူခံဆိုတာက အရာအား လျော်စွာ ဖြစ်မြောက်ဘို့ လွယ်ကူပါတယ်။ ဘယ်ကြောင့်ပါလဲ ဆိုတော့ မိမိတို့အိမ်မှာ အိုးဆေးရေ, ခွက်ဆေးရေ သွန်းလောင်း ချထားတဲ့ တစည်း အိုင် ညွန်အိုင်ထဲမှာ ပေါက်ပွားနေကြတဲ့ ပိုးမွှားတိရစ္ဆာန်များ စားသုံးရန် အတွက် အိုးခွက်ဆေးကြောတဲ့ရေများကို စေတနာ သဒ္ဓါထားပြီးတော့ လှူဒါန်းမယ်ဆိုရင် ဒါနကုသိုလ်ဖြစ်ကြောင်းမိန့်တော်မူခဲ့ပါတယ်။ ဒီနေရာ မှာညွန်အိုင်အတွင်းက ပိုးမွှားတိရစ္ဆာန်တွေက အလှူခံ၊အိုးခွက် ဆေးကြော ချတဲ့ရေက အလှူဝတ္ထု ဖြစ်တော့အလှူခံနဲ့ အလှူဝတ္ထုဆိုတာ သိပ်ပြီး ရဘို့ မခဲယဉ်းလှပါဘူး။

အင်္ဂါ သုံးပါးထဲက သဒ္ဓါတရားဆိုတာကခဲယဉ်းဘဲ့သဘော ဖြစ်လို့ "ပုထုဇ္ဇနဿ ဟိ သဒ္ဓါ အထာဝရာ ပဒဝါရေန နာနာ ဟောတိ"လို့ မိန့် တော်မူထားတယ်။ ပုထုဇဉ်တို့ သဒ္ဓါဆိုတာက မခိုင်မြဲဘူး။ ပျောက်လွယ် ပျက်လွယ်တယ်တဲ့။ ပထမ-ခြေလှမ်းစဉ်က ဖြစ်ပေါ်တဲ့သဒ္ဓါဟာ ဒုတိယ- ခြေလှမ်းကျတော့ ပျောက်သွားတတ်သတဲ့။ ကိုယ်တွေ့ဘဲ စဉ်းစားကြည့်ကြ တော့။ အင်မတန်မှန်ပေတယ်၊အရှင်မောဂ္ဂလာန်မထေရ်မြတ်တောင်ပုထုဇဉ် သဏ္ဍာန်က သဒ္ဓါကို တာဝန်မယူနိုင်လို့ ဒကာ၏သဒ္ဓါကို ဒကာဘဲ စောင့် ရှောက်ပါလို့ ပြန်ပြီးအပ်နှင်းရသတဲ့။

ဒါကြောင့် ကုသိုလ်ပြုဘို့ရန် သဒ္ဓါတရား မဖြစ်သေးရင် ဖြစ်ပေါ် အောင် ဖြစ်ပေါ်လာတဲ့ သဒ္ဓါတရားကိုလဲ မပျောက်ပျက်မို အချိန်မလင့် ကုသိုလ်ကို အရယူကြရန် သတိပေးခဲ့ရပါတယ်။ ယနေ့အလှူရှင်များ အဘို့

မှာတော့ ရတနာသုံးပါးကို ယုံကြည်လေးစားတဲ့ သဒ္ဓါတရားက ထင်ရှားဖြစ်ပေါ်တဲ့အလျောက် အလှူဝတ္ထု၊ အလှူခံပုဂ္ဂိုလ်များပါ အားလုံး အင်္ဂါသုံးပါး ညီညာတဲ့အတွက် ငါတို့ရဲ့ ကောင်းမှုကုသိုလ်ဟာ အထမြောက်ပြီ၊ နိဗ္ဗာန် ရောက်သည်တိုင်အောင် သံသရာရိက္ခာ ပြည့်စုံနိုင်ပြီဟူ၍ မိမိတို့အလှူကို ဝမ်းမြောက်စွာ အာရုံပြုပြီးတော့ ရေစက်ချ အမျှ ပေးဝေကြလေ။

---

## (၂၄) အတိုကောက် ဟောပြောဘွယ် ကုသိုလ်တိုင်း အကြောင်းပြရန်

အနန္တစကြဝဠာ ကမ္ဘာ မြေပြင်ပေါ်မှာ ရှိသမျှ သတ္တဝါအားလုံး ဘယ်ပုဂ္ဂိုလ်မျိုးမဆို ချမ်းသာကိုအလိုရှိကြတာချည်း ဖြစ်ပေတယ်။ အတိတ်ကံဟုန် အထောက်အပံ့စုံ ခဲ့လို့ စည်းစိမ်ဂုဏ် ရှိနေတဲ့အတွက် စား ဝတ်နေရေးပြည့်စုံပြီး ချမ်းသာတဲ့ပုဂ္ဂိုလ်တွေကလဲ ချမ်းသာသည်ထက် ချမ်းသာချင်ကြတာဘဲ။ ချမ်းသာကိုဘဲ တောင့်တတာဘဲ။

အားလုံးအလိုရှိကြတဲ့ ချမ်းသာခြင်းသုခ၏ သဘောရင်းကို သိကြရမယ်။ အားလုံးလိုချင်နေတဲ့ ချမ်းသာမှု ပြည့်စုံအောင် ဘယ်လိုလုပ်ရမလဲလို့ နည်းလမ်းကို ရှာရမယ်မဟုတ်ပါလား။

"မာ ဘိက္ခဝေ ပုညာနံ ဘာယိတ္ထ၊ သုခဿေတံ ဘိက္ခဝေ အဓိဝစနံ ဣဋ္ဌဿ ကန္တဿ ပိယဿ မနာပဿ ယဒိဒံ ပုညာနိ" ဟူ၍ မြတ်စွာဘုရား နည်းလမ်းပေးတော်မူခဲ့ပါတယ်။ ဘိက္ခဝေ၊ ချစ်သားတို့။ ပုညာနံ၊ ကောင်းသောအမှု ကုသိုလ် တရားတို့ကို။ မာ ဘာယိတ္ထ၊ မကြောက်ကြကုန်လင့်။ ယဒိဒံ-ယာနိ ပုညာနိ၊ အကြင်ကောင်းမှု ကုသိုလ်တို့မည်ကုန်သည်။ သန္တိ၊ ရှိကုန်၏။ ဧတံနာမံ၊ ဤကောင်းမှုကုသိုလ်ဟူသော အမည်သည်။ ဣဋ္ဌဿ၊ အလိုရှိအပ်သော။ ကန္တဿ၊ နှစ်သက်အပ်သော။ ပိယဿ၊ ချစ်မြတ်နိုးအပ်သော။ မနာပဿ၊ နှလုံးကို ပွားစေတတ်သော။ သုခဿ၊ ချမ်းသာခြင်းသုခ၏။ အဓိဝစနံ၊ အမည်ရင်းပေတည်း။

ဤ ဒေသနာတော် အရ အားလုံး တောင့်တ လိုချင်ပြီး နေကြတဲ့ ချမ်းသာခြင်းသုခဆိုတာ တခြားမဟုတ်ဘူး။ ပုညခေါ်တဲ့ ကုသိုလ်တရားဘဲ။ ကုသိုလ်ဆိုတဲ့ အမည်ဟာချမ်းသာခြင်းသုခရဲ့ အမည့်ရင်းဘဲလို့ မြတ်စွာဘုရားက အခြေခံကို ထုတ်ဖော်ပြီး ညွှန်ပြသွားပါတယ်။

ထို့ကြောင့် ချမ်းသာကို လိုချင်ရင် ကောင်းမှုကို မကြောက်ရဘူး။ ကောင်းမှုကို အားထုတ်ရင် လိုချင်တဲ့ချမ်းသာကို ရမှာဘဲ။ အဲဒါလို ကျိန်းသေဖြစ်တဲ့အတွက် "မာ ဘိက္ခဝေ ပုညာနံ ဘာယိတ္ထ" လို့ သတိပေးတော်မူသွားပေတယ်။ ဓမ္မပဒ ဒေသနာတော်မှာလဲ "သုခေါ ပုညဿ ဥစ္စယော" လို့မိန့်တော်မူသေးတာပေါ့။ ပုညဿ၊ကောင်းမှုကုသိုလ်၏။ ဥစ္စယော၊ဆည်းပူးခြင်းသည်။သုခေါ၊ ချမ်းသာခြင်း၏ အကြောင်းတည်း။

ဤကဲ့သို့ ရှင်တော်မြတ်ဘုရားရဲ့အမိန့် ဒေသနာတော်များအရ၊ပုညနဲ့ သုခဟာ သဘော မကွဲ တသားထဲ အရတူကြတာ ဖြစ်တော့ ချမ်းသာခြင်းသုခနဲ့ ကုသိုလ်ဆိုတဲ့ ပုညဟာ အမည်တူဘဲလို့ မှတ်သား ကြပေထော့။ မှတ်သားပြီးတဲ့အတိုင်း ချမ်းသာချင်ရင် ကောင်းမှု ကုသိုလ်ကို အားထုတ်ကြလို့ တိုက်တွန်းခဲ့ပါတယ်။

ယနေ့အားထုတ်တဲ့ ကုသိုလ်ရှင်များသဏ္ဍာန်မှာလဲ မိမိတို့အားထုတ်တဲ့ ကုသိုလ်ကြောင့် ချမ်းသာခြင်းသုခကို ရနိုင်ကြပေပြီ။ အမြင့်ဆုံးဖြစ်တဲ့ ချမ်းသာသုခကို ရအောင် ဤကောင်းမှုကုသိုလ်စေတနာကြောင့် သန္တိသုခ အစစ်အမှန်ဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာသို့ ရောက်အောင် အထောက်အပံ့ဖြစ်ပါစေဟူ၍ ဆုတောင်းကြ ပြီးတော့ ရေစက်ချကာ အမျှအတမ်း ပေးဝေကြပေတော့။

---

## (၂၅) အတိုကောက်ဟောပြောဘွယ် ကုသိုလ်အရာတိုင်း သက်ဆိုင်သည်

ပုဗ္ဗေဝ ဒါနာ သုမနော၊
ဒဒံ စိတ္တံ ပသာဒယေ။
ဒတွာ အတ္တမနော ဟောတိ၊
သော ပုညဿ သမ္ပဒါ။

ဒါနာ၊ လှူဒါန်းပေးကမ်းသည်မှ။ ပုဗ္ဗေဝ၊ ရှေးမဆွကပင်လျှင်။သုမနော၊ဝမ်းမြောက်သောစိတ်ရှိသည်။ဟောတိ၊ဖြစ်၏။ ဒဒံဒဒန္တော၊ ပေးလှူဆဲဖြစ်သော သူသည်။ စိတ္တံ၊မိမိစိတ်ကို။ ပသာဒယေ၊ ကြည်လင်စေရာ၏။ ဒတွာ၊ ပေးလှူ ပြီး၍လည်း။ အတ္တမနော၊ နှစ်သက် ဝမ်းမြောက်သည်။ ဟောတိ၊ ဖြစ်၏။ သော၊ ဤသို့ သုံးတန်စေတနာ ညီညွတ်ခြင်းသည်။ ပုညဿ၊ ကောင်းမှုကုသိုလ်၏။ သမ္ပဒါ၊ ပြည့်စုံခြင်းပေတည်း။

ဤဒေသနာတော်အတိုင်း ကောင်းမှုပြုတဲ့အခါမှာစေတနာသုံးတန် ညီညွတ်ဘို့လိုပါတယ်။ မလှူမီ ရှေ့အဘို့မှာ ဖြစ်တဲ့ ပုဗ္ဗစေတနာကိုလဲ ဝမ်းမြောက်စွာ ပြည့်စုံစေမယ်ဆိုရင် အကျိုးခံစားခွင့် ရှိပါတယ်။ အပဒါန် ပါဠိတော် ဝိမာနဝတ္ထုမှာ ပြတဲ့ ကောသာဋကီနတ်သမီးတို့လိုပေါ့။ စေတီတော်ကို ပန်းပူဇော်ရအောင် သွားရင်း စေတီကို မရောက်ခင် လမ်းခရီး အကြားမှာ နွားဝှေ့ပြီးသေတော့ ချက်ချင်း သုဂတိနတ်ရွာကို ရောက်ကြောင်း ဒေသနာတော် ရှိပါတယ်။ ထို့ကြောင့် ရှေးဦးစွာ ဖြစ်ပေါ်တဲ့ စေတနာကိုလဲ မပျက်အောင် အားခဲကြပါ။

လှူဒါန်းဆဲ မုဉ္စစေတနာအခိုက်မှာတော့ အလှူပျက်ဘို့တော့ မရှိပါဘူး၊ သို့ပေမဲ့ စိတ်ညစ်စရာ အနှောက်အယှက် မဝင်ရအောင် သတိထားပြီးတော့ ဝမ်းမြောက် ဝမ်းသာစွာနဲ့ အလှူကိစ္စပြီးဘို့ကို ဂရုစိုက်ရမယ်။

အလှူကိစ္စပြီးတဲ့နောက် ပရစေတနာအခိုက်ဟာ တော်တော်အရေးကြီးပါတယ်၊ ဘာကြောင့်ပါလဲဆိုတော့ - အလှူပြုလုပ်နေတုံးက အဆင်မပြေခဲ့တဲ့ ကိစ္စတွေကို ဆင်ခြင် ပြောဆိုပြီးတော့ စိတ်ပျက် နေတတ်တယ်။ ဒီလိုဖြစ်ရင် ပရစေတနာ ချို့တတ်တယ်။ လှူပြီးတဲ့ဝတ္ထုတွေလို ဆင်ခြင်ပြီးတော့ ပြန်ပြီး နှမြောနေမယ်ဆိုရင်လဲ ပရစေတနာချို့ပြန်တာဘဲ။

စတုက္ကနိပါတ် မယုက ဇာတ်လာ အာဂန္တုက သူဌေးကို အာရုံပြုကြည့်ကြ။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်အား ဆွမ်းလှူပြီးတဲ့နောက်မှ ဒီလိုမွန်မြတ်တဲ့ အရသာတွေကို ငါ့ရဲ့ အမှုလုပ်တွေကိုကျွေးပြီးခိုင်းရရင် အလုပ်ကောင်းကောင်း လုပ်ပေးမှာဘဲ၊ ယခုလို လှူလိုက်ရတာက ဘာမျှ အကျိုးရှိမှာမဟုတ်ဘူးလို့ ပရစေတနာ ချို့ယွင်းခဲ့တဲ့အတွက် အလွန်ချမ်းသာတဲ့ သူဌေးကြီးဘဝမှာဖြစ်ပေတဲ့ ကိုယ်လဲ မစားရက်၊ မဝတ်ရက်၊ မသုံးရက်၊ မလှူရက်ဘဲ သေသွားတဲ့အခါမှာ ငရဲရောက်ပြီးတော့ ပစ္စည်းတွေဟာလဲ မင်းဘဏ္ဍာ ဖြစ်သွားရတယ်။

ဒါကြောင့် နောက်ဆုံးဖြစ်တဲ့ ပရစေတနာကို မတွန့်စေဘဲနဲ့ လှူပြီးတာကို အာရုံပြုပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်စေရမယ်။ အဲတာလို အစ အလယ် အဆုံး စေတနာ သုံးတန်လုံး ရွှင်ပြုံး ဝမ်းမြောက်စွာ ဖြစ်အောင် သတိပြုနိုင်ကြမယ်ဆိုရင် မိမိပြုတဲ့ကောင်းမှု ကုသိုလ်ဟာ ဖွံ့ဖွံ့ဖြိုးဖြိုး အကျိုးပေးမဲ့ကုသိုလ်ဘဲလို့ ဝမ်းမြောက်စွာ အာရုံပြုပြီး ရေစက်ချကာ အမျှပေးဝေကြပေတော့။

# ဒုတိယပိုင်း

★

ရတနဝိဓိနနကထာ ရတနာစစ်တမ်းနှင့်

ပုညကြိယာ ဒေသနာတော်များ။

●

## (၂၆) နဒေဝ သဗ္ဗသတ္တုတ္တမသ ဇေယျတု ရတနဝိစိနန ကထာ၊ ရတနာ့စစ်တမ်း တရားတော်

ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာ ဂတေန၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ။
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။ ။

ဣဓဝါ၊ ဘဝပဒေသာ ဤလူ့ရွာ၌ငှင်း။ ဟုရံဝါ၊ တန်ခိုးကြီးမား လွန်ထင်ရှားသည့် နဂါးပြည် ဂဠုန်ပြည်၌ငှင်း။ သဂ္ဂေသုဝါ၊ ရတနာမျိုး တွေ ဖြိုးဖြိုးဝေသည့် နတ်ပြေ ဗြဟ္မာပြေ တို့၌ငှင်း။ ယံကိဉ္စိ၊ အလုံးစုံသော။ ဝိတ္တံ၊ နှစ်သက်တွယ်တာ ခင်မင်စရာဖြစ်သော။ ပဏီတံ၊ အကောင်းဆုံး ဟူ၍ သမုတ်အပ်သော။ ယံ ရတနံ၊ အထွေထွေရှိသမျှ အဓိကဘဏ္ဍာ အကြင် ရတနာဟူသမျှသည်။ အတ္ထိ၊ ရှိ၏။ တွေ၊ လူဘုံ တပါး နဂါး ဂဠုန် လုံးစုံ နတ်ရွာ ထက်ဗြဟ္မာအထိ ရှိရှိသမျှ အဓိကဘဏ္ဍာ ထိုရတနာ အပေါင်းတို့ တွင်။ တထာဂတေန၊ တထာဂတ ဂုဏ်လွှမ်းထင် ဘုရားရှင်နှင့်။ သမံ၊ တူသော ရတနာသည်။ န နောအတ္ထိ၊ မရှိရိုးအမှန် ဖြစ်တော့သည်သာလျှင် တည်း။ ဗုဒ္ဓေ၊ မြတ်စွာဘုရား၏။ ဣဒမ္ပိ ရတနံ၊ ဤရတနာ၏ အဖြစ်သည် သာလျှင်။ ပဏီတံ၊ မြတ်၏။ ဝါ၊ ရှိသမျှ အရာရာတို့ထက် အဓိကရတနာ အမွန်စွဲပြီးတော့ အလွန်အကဲချည်း မွန်မြတ်လှပေ၏။ ဧတေနသစ္စေန၊ ဤသို့မြွက်ကြား သစ္စာစကားကြောင့်။ တုမှာကံ၊ သင်ပရိသတ်အပေါင်း တို့အား။ သုဝတ္ထိ၊ အန္တရာယ်ကင်း ဘေးရှင်းရန်ကွာ ချမ်းသာကြသည်။ ဟောတု၊ ဖြစ်ကြပါစေသတည်း။

ဤဒေသနာတော်က သုတ္တနိပါတ် ပါဠိတော် ရတနသုတ်ဒေသနာ ဖြစ်ပေတယ်။ ဤဒေသနာတော်ရဲ့ တန်ခိုးရှိပုံကတော့ ဝေသာလီပြည်ကြီး မှာ ဘေးကြီးစွာ နှိပ်စက်စဉ်ကာလက မြတ်စွာဘုရားဂုဏ်တော်တွေကို အာရုံ ပြုပြီးတော့ အရှင်အာနန္ဒာမထေရ်မြတ် သုံးထပ်သောတံတိုင်းတို့၏အကြား မှာ ထပ်မနား ရွတ်ဖတ်သရဇ္ဈာယ်တော်မူတော့ ကျရောက်နှိပ်စက်ပြီးနေတဲ့ အနာရောဂါဘေးကြီး၊ ဘီလူးသဘက်တို့ နှိပ်စက်နေတဲ့ဘေးကြီး၊ ငတ်မွတ်

ခေါင်းပါးနေတဲ့ဘေးကြီး ၎င်းဘေးကြီးသုံးပါးက လွတ်မြောက်ပြီးတော့ ဝေသာလီပြည်ကြီးဟာ ချမ်းသာခြင်းသို့ ရောက်ရပါတယ်တဲ့။ ဤကဲ့သို့ တန်ခိုးကြီးသဖြင့် အကျိုးပြီးနိုင်တဲ့ ဒေသနာတော်ကို ရွတ်ဆိုဟောကြား မှန်ကန်တဲ့ သစ္စာစကား ကြောင့် ဘုန်းကြီးများနှင့်တကွ ဒကာ - ဒကာမ အပေါင်းတို့ သန္တာန်မှာ ဘေးရန်လွတ်ကင်းပြီး ချမ်းသာခြင်းသို့ရောက်ကြ ဘို့ ဆုတောင်းပတ္ထနာ ပြုလိုက်တဲ့ အာသီသဂါထာ ဒေသနာတော် ဖြစ် ပေတယ်။

ယခုဟောပြောမဲ့ တရားတော်က ရတနာစစ်တမ်း တရားတော်တဲ့။ ရှေးဦးစွာ ဘယ်လို သဘောတရားကို ရတနာခေါ်သလဲ၊ ဘယ်အရာဝတ္ထု ဟာ ရတနာဟူသောအမည်ကိုရသလဲ၊ ဘယ်ရတနာဟာ အမြတ်ဆုံးရတနာ ဖြစ်သလဲ။ ဤသို့ စသည်ဖြင့် သိမှတ်စရာများတဲ့အပြင် လက်ရှိ မိမိတို့ ကိုးကွယ်နေတဲ့ရတနာဟာ အစစ် ကိုးကွယ်ထိုက်တဲ့ အမြတ်ဆုံးရတနာဟုတ် ပါ့ရဲ့လားဟူ၍ မေးစရာ - ဖြေစရာ - သိစရာတွေ များစွာရှိတဲ့အတွက် ဤ "ရတနာစစ်တမ်း" တရားတော်ကို ဟောပြောရခြင်း ဖြစ်ပါတယ်။

ဤဒေသနာတော်က ဘယ်ဟာကို မှီးဆပြီး နည်းပြတဲ့ဒေသနာလဲလို့ မေးဘွယ်ရှိသေးရဲ့။ သုတ္တနိပါတ ဋ္ဌကထာ ရတနသုတ် အဖွင့်-ဥပရိပဏ္ဏာသ ဋ္ဌကထာ ခါတုဝိဘင်္ဂသုတ် အဖွင့် နှင့် ခုဒ္ဒကပါဌ ဋ္ဌကထာများကို မှီးဆပြီး နည်းပြတဲ့ ဒေသနာတော်ဖြစ်တော့၊ ယံဝါ တံဝါ ဇာတ်သဘောကြည့်ပြီး အတ္တနောမတိ ဟောတာတွေဘဲလို့ အပြစ်တင်စရာ မဖြစ်ရအောင် အဖြေ ပေးရခြင်းဖြစ်ပါတယ်။

ပက္ကုသာတိ မင်းကြီးအထံသို့ အမြတ်ဆုံးလက်ဆောင်ပြန်ဘို့ အတန် တန် စုံစမ်းပြီးတော့ အခဏ်းခဏ်းစစ်ဆေးကာ စစ်တမ်းထုတ်ပြီး ရှာဖွေ ဆုံးဖြတ်ထားတဲ့ ဘုရားကျောင်းဒါယကာ ဗိမ္ဗိသာရမင်းကြီးရဲ့ ရတနာစစ် တမ်းနှင့်တကွ ရတနသုတ် ဒေသနာတော်ကို မှီးကပ်ပြီးတော့ အမြတ်ကို သိရအောင် စစ်ဆေးဟောကြားတဲ့ ဒေသနာတော်ဟူ၍ မှတ်ကြပါ။

ရတိံ ဇနေတီတိ ရတနံ၊ ရတိံ၊ မွေ့လျော်ခြင်း-နှစ်သက်ခြင်း- ချစ်ခင်ခြင်းကို။ ဇနေတိ၊ ဖြစ်စေတတ်၏။ ဣတိ၊ ထို့ကြောင့်။ ရတနံ၊ ရတနာ မည်၏။ မွေ့လျော်ဘွယ် - နှစ်သက်ဘွယ် - ချစ်ခင်ဘွယ် သဘော သတ္တိဟာ ရတနာခေါ်ရတယ်။ ၎င်းသဘောသတ္တိရှိတဲ့ အရာဝတ္ထုဟာလဲ

ရတနာခေါ်ရပါတယ်တဲ့။ အဲ့ဒီသဘာဝအတိုင်းဘဲ လောကမှာ နှစ်သက်ဘွယ် ချစ်ခင်ဘွယ်ဖြစ်တဲ့ အရာဝတ္ထုမှန်သမျှဟာ သက်ရှိသက်မဲ့ နှစ်မျိုးလုံးဘဲ ရတနာလို့ ခေါ်ရပါတယ်။ နှစ်သက်ဘွယ် ချစ်ခင်ဘွယ်မဟုတ်တဲ့ အရာဝတ္ထုမျိုးကတော့ 'ရတနာ'ဟူသောအမည်မရနိုင်ဘူးပေါ့။ အဲတာလို ရှေးဦးစွာ ရတနာ၏ သဘော၊ ရတနာအမည်ရတဲ့ အရာဝတ္ထုများကို အကျဉ်း မှတ်သားထားကြပေတော့....။

အဇာတသတ်မင်း၏ ခမည်းတော်ဖြစ်တဲ့ ဗိမ္ဗိသာရမင်းကြီးနဲ့ ပက္ကုသာတိမင်းကြီး ၎င်းမင်းနှစ်ပါးတို့ဟာ မင်းမျိုးချည်းဖြစ်ကြတဲ့ ဇာတိဝုဒ္ဓိ၊ အသက်အရွယ် ကြီးရင့်ခြင်း တူညီတဲ့ ဝယဝုဒ္ဓိ၊ အတန်းအစား မြင့်မြတ်တဲ့ ဂုဏဝုဒ္ဓိ၊ အဲဒီ ဝုဒ္ဓိသုံးမျိုးလုံး တူညီကြတဲ့၊ သဘောတူကြတဲ့ အဘိုင်းဘဲ သံတမန်များနဲ့ ဆက်သွယ်ရေးကို အကြောင်းပြုပြီးတော့ တဦးနဲ့တဦး မတွေ့ဘူး - မမြင်ဘူး ကြဘဲနဲ့ အဒိဋ္ဌသဟာယ အဖြစ်ဖြင့် အလွန်ပင် ချစ်ခင်ကြ-ကြင်နာကြတယ်။ တဦးအပေါ်တဦး အရေးအခွင့် ပေးပြီး ပေါင်းဖေါ်ကြတယ်။

တဦးအပေါ်တဦး ဘယ်လောက်အရေးအခွင့်ပေးပါသလဲဆိုတော့ ပက္ကုသာတိမင်းကြီးသည် ဗိမ္ဗိသာရမင်းကြီးနဲ့ ရင်းနှီးတဲ့အခါကစပြီးတော့ မင်းချင်းတို့အား မိန့်ကြားသည်မှာ အချင်းတို့- ယနေ့ကစပြီးတော့ ငါ၏ အကြည်တော်မင်းမြတ်ရဲ့ နိုင်ငံတော်က လာကြတဲ့ ခြေကြောင်းကုန်သည်တွေ၊ လှည်းကြောင်းကုန်သည်တွေ အဲဒီကုန်သည်တွေဟာ ငါ၏နိုင်ငံတော်အတွင်းသို့ ဝင်ရောက်ပြီးလာကြတယ်ဆိုရင် တည်းခိုနေထိုင်စရာ အိမ်ပေးကြရမယ်။ ကျီတော်ကထုတ်ပြီးတော့ စားရေရိက္ခာများ ပေးကြရမယ်။ အခွန်အကောက် မရှိစေနဲ့၊ မည်သူကမျှ အပိတ်အပင် အဆီးအတား အနှောက်အရှက် မရှိစေနဲ့၊ ငါ၏ အမိန့်အတိုင်း တိုင်းပြည်ကို စည်နဲ့လှည့်ပြီး ကျေညာထားလို့ အဲဒီလိုအမိန့်ပေးပြီး အကြည်တော်မင်းမြတ်အပေါ်မှာ အခွင့်အရေးပေးတော်မူသတဲ့။ ဗိမ္ဗိသာရမင်းကြီးကလဲ ထို့နည်းတူဘဲ အလွန်ချစ်ခင် ကြင်နာတဲ့စေတနာနဲ့ ပက္ကုသာတိမင်းကြီး ကျေညာချက်ထားတဲ့အတိုင်းဘဲ မိမိပိုင်ဆိုင်တဲ့နိုင်ငံတော်အတွင်းမှာ စည်မောင်းကျေညာပြီးတော့ ဆင့်ဆို အမိန့်ပေးထားပေတယ်။

ထိုနောက် .... ဗိမ္ဗိသာရ မင်းကြီးသည် ပက္ကုသာတိမင်း အထံသို့ အဆွေတော်--- ပစ္စန္တရစ်အရပ်မှာ ပုလဲပဒ္မ မြား အစရှိတဲ့ မမြင်ဘူးတဲ့ ထူးထူးထွေထွေ ရတနာများ ဖြစ်ပေါ်လာရင် ကျွန်ုပ်ထံပေးပို့ပါ၊ လျှို့ဝှက် မထားပါနဲ့ ကျွန်ုပ် သိပါရစေလို့ သတင်းပို့ထားတယ်။ ပက္ကုသာတိမင်းကြီး ကလဲ အဆွေတော် ဗိမ္ဗိသာရမင်း၊ အကြည်တော်တို့ မဇ္ဈိမဒေသဆိုတာ ထူးထူးထွေထွေ ရတနာမျိုးများ ပေါ်ပေါက်လာတတ်ပါတယ်၊ မမြင်ဘူး မကြားဘူးတဲ့ ရတနာမျိုးများဖြစ်ပေါ်လာရင် ကျွန်ုပ်သိပါရစေ၊ ကျွန်ုပ်ကို လဲ အသိပေးပါလို့၊ အဲတာလို အပြန် အလှန် သတင်း ပို့ထားပြီးတော့ အဒိဋ္ဌသဟာယ အဖြစ်နဲ့ အလွန်ချစ်ခင်စွာ ပေါင်းသင်း ဆက်ဆံနေကြ ပေတယ်။

တနေ့သောအခါမှာ ပက္ကုသာတိမင်းအထံသို့ လက်ဆောင်ကောင်း တခု ရောက်ရှိလာသတဲ့။ ဘယ်လို လက်ဆောင် ပါလဲ ဆိုတော့ အလျား ၁၆-တောင်၊ အနံ ၈-တောင် ရှိပြီးတော့ အရောင်အဆင်း ငါးမျိုးတို့ဖြင့် လှပတဲ့အပြင် နူးညံ့တဲ့ အတွေ့အထိ ရှိသတဲ့။ အဖိုးမဖြတ်နိုင်တာဖြစ်တော့ အနဃ္ဃကမ္ဗလာလို့ခေါ်ရတဲ့ ကမ္ဗလာရှစ်ထည်လက်ဆောင်ရောက်လာတယ်။

ထိုအခါ ပက္ကုသာတိ မင်းကြီးသည် မတွေ့ဘူး - မကြုံဘူးအောင် အလွန်ကောင်းမွန်တဲ့ ကမ္ဗလာကိုရတော့ အကြည်တော်-ဗိမ္ဗိသာရမင်းကြီး ကို သတိရပြီးလျှင်၊ မရစဖူး ထူးကဲတဲ့ ကမ္ဗလာအစုံကို လုံခြုံသိပ်သည်းစွာ စီမံထည့်သွင်းလျက် မင်းတံဆိပ်ရိုက်နှိပ်ကာ မွန်မြတ်တဲ့ပဏ္ဏာကာရအဖြစ်ဖြင့် ဗိမ္ဗိသာရမင်းကြီးအထံ ပို့ဆောင်ဆက်သစေတယ်တဲ့။

ပက္ကုသာတိမင်းကြီး ပို့လိုက်တဲ့ အနဃ္ဃကမ္ဗလာကို မြင်ရတော့ ဗိမ္ဗိ သာရမင်းမြတ်သည် မိမိအပေါ်၌ အမြဲသဘောရကာ ချစ်ခင်ကြင်နာသော မေတ္တာစိတ်ဖြင့် ဆက်သွယ်လျက်ရှိတဲ့ အဆွေတော် - ပက္ကုသာတိမင်းကို အရေးတယူ အလေးမူပြီးတော့ ပြန်လည် စဉ်းစားသည်မှာ အော်-ငါ၏ အဆွေတော်ကတော့ ငါ့အား ချစ်ခင်တဲ့အနေနဲ့ အလွန်အကျူး အထူး ကောင်းမွန်တဲ့ လက်ဆောင်ပဏ္ဏာကို ဆက်သလိုက်ပြီ၊ ငါက ပြန်ပြီးတော့ သူ့ထက် လွန်ကဲ ကောင်းမွန်တဲ့ လက်ဆောင် ပဏ္ဏာတော်ကို ပို့ဆောင်မှ တော်မယ်။ မင်းဖြစ်တဲ့ပုဂ္ဂိုလ်များမှာတော့ ရွှေ, ငွေ, မြ, ရွှဲ, ပုလဲ, သန္တာ ရတနာအမျိုးမျိုးတို့နှင့်တကွ အထည်အလိပ်-စားရေးသောက်ခွင် လိုချင်တဲ့ ရတနာတွေကို ရဘို့မခဲယဉ်းကြပေဘူး၊လောကမှာ ရတနာလို့သမုတ်ထားတဲ့

အရာတွေထဲက အမြတ်ဆုံးရတနာကို စိစစ်ပြီးတော့ ၎င်းအမြတ်ဆုံးရတနာဖြင့်သာ အဆွေတော်၏အထံကို လက်ဆောင်ပဏ္ဏာအဖြစ် ပို့မှတော်မယ်လို့ ကြံစီစဉ်းစား နှလုံးထားပြီးတော့ ဗိမ္ဗိသာရမင်းမြတ်သည် ရတနာစစ်တမ်းကို တခမ်းတနားဝေဘန်ပြီး အတန်တန် စဉ်းစားပုံဟာ အင်မတန် နာယူမှတ်သားစရာ ကောင်းပေတယ်။ လေးလေးစားစားမှတ်သားပြီး နာကြားကြပေတော့။

လောကကြီး၌ နှစ်သက်ဖွယ်ရာရတနာဆိုတဲ့အရာဝတ္ထုဟာ အသက်ရှိတဲ့ သဝိညာဏက ရတနာ, အသက်မရှိတဲ့ အဝိညာဏက ရတနာဟူ၍ ရှေးဦးစွာ ၎င်းရတနာ နှစ်ပါးကို စစ်တမ်း ထုတ်ကြည့်တယ်။ အဲဒီ ရတနာနှစ်ပါးထဲမှာ စကြာမင်းများသာ သုံးဆောင်ထိုက်တဲ့ စကြာ ရတနာ-ပတ္တမြားရတနာက စပြီးတော့ ရွှေငွေအစရှိတဲ့ အဝိညာဏက ရတနာမျိုးတွေ ရှိကြပေတယ်။ စကြာရတနာကို ထားလိုက်ဦးတော့ ပတ္တမြားရတနာရဲ့ တန်ခိုးရှိပုံကို အာရုံပြုလိုက်ကြစမ်း။

စကြာမင်းရဲ့ ဘုန်းတန်ခိုးကြောင့် ဝေပုလ္လတောင်က အလိုလို ရောက်ပြီးလာရတဲ့ ပတ္တမြားရတနာဆိုတာ အတောင်ခြောက်ဆယ်ခန့်ရှိတဲ့ တိုင်ထိပ်မှာ တင်ပြီးထားလိုက်ရင် တယူဇနာ ပတ်လည်ရှိတဲ့ ပတ်ဝန်းကျင် အရပ်ဒေသမှာ နေ့တစင်း ထွက်လာဘိသကဲ့သို့ အလင်းရောင် ဖြစ်ပေါ်သတဲ့။ အဲဒီ ပတ္တမြားရောင်နဲ့ဘဲ လယ်သမားများက လယ်ထွန်နိုင်တယ်။ ကုန်သည်များက ကုန်ဆိုင်ဖွင့်ပြီး ရောင်းချနိုင်တယ်။ နေ့အခါလိုထင်မှတ်ပြီး အားလုံး အမှုကိစ္စဟူသမျှပြီးစီးနိုင်တယ်တဲ့။ အဝိညာဏက ပတ္တမြားရတနာဟာ ဤသို့ပင် အဘိုးမဖြတ်နိုင်အောင် တန်ခိုး ရှိပေတယ်။ ဤမျှလောက် တန်ခိုးရှိတဲ့ စကြာမင်းရဲ့ အသုံးအဆောင်သာ ဖြစ်ရတယ် မဟုတ်ပါလား။

ရွှေ,ငွေ,မြ,ရွှဲ,ပုလဲ,သန္တာ အစရှိတဲ့ ရတနာတွေကလဲ သူတို့ရဲ့အရည်အချင်းကို လိုက်ပြီးတော့ အထိုက်အလျောက် တန်ခိုး ရှိကြတာပါဘဲ၊ သို့ပေမဲ့အဲဒီရွှေ,ငွေ,မြရွှဲ,ပုလဲ,သန္တာစတဲ့ ရတနာတွေဟာလဲ ဆင်,မြင်းအစရှိတဲ့ တိရစ္ဆာန်တို့ရဲ့ အဆင်တန်ဆာပင် ဖြစ်တဲ့အခါ ဖြစ်ရသေးတယ် မဟုတ်ပါလား။ သို့အတွက် သက်ရှိသက်မဲ့ ရတနာနှစ်မျိုးရဲ့ အဆင့် အတန်းကို ရွေးချယ်စီစစ်လိုက်တော့ အနိန္ဒြိယဗဒ္ဓဖြစ်တဲ့ အဝိညာဏက သက်မဲ့ရတနာထက် ဣန္ဒြိယဗဒ္ဓဖြစ်တဲ့ သဝိညာဏက သက်ရှိ ရတနာက မြတ်တယ် သို့ ဆုံးဖြတ်လိုက်တော့တာပေါ့။

တဖန်-သဝိညာဏက သက်ရှိရတနာဟာလဲ လူရတနာ, တိရစ္ဆာန် ရတနာရယ်လို့ နှစ်မျိုး ရှိပြန်သေးတယ်။ ၎င်း နှစ်မျိုးအနက် စကြာမင်းရဲ့ ဆင်ရတနာ, မြင်းရတနာများဟာ တိရစ္ဆာန်ပင်ဖြစ်ပေတဲ့ တန်ခိုး ဣဒ္ဓိပါဒ် ရှိပေတယ်။ ဆဒ္ဒန်ဆင်မျိုးက ဖြစ်ထွန်းလာတဲ့ ဆင်ရတနာ, သိန္ဓောမြင်းမျိုး ကဖြစ်ထွန်းလာတဲ့ မြင်းရတနာ- ၎င်းဆင်မြင်းရတနာများဟာ ရွှေဟင်္သာ တို့လိုကောင်းကင်ကို ပျံနိုင်တဲ့ တန်ခိုးရှိတယ်။ စကြာ ရတနာကဲ့သို့ တဆယ့် နှစ်ယူဇနာရှိတဲ့ပရိသတ်ကို ယူဆောင်ပြီးတော့ လေးကျွန်းလုံး လှည့်ပတ်ပြီး သက်လ ပျံသွားနိုင်တဲ့ သတ္တိရှိပေတယ်။ တိရစ္ဆာန် ဖြစ်ပေတဲ့ ထူးကဲတဲ့ တန်ခိုးသတ္တိရှိပါတယ်။ အဲဒါလောက်ကြီးမားတဲ့ တန်ခိုးရှိပေတဲ့ လူရတနာ ဖြစ်တဲ့ စကြာမင်းရဲ့အသုံးအဆောင်သာဖြစ်ရပါတယ်။ထို့ကြောင့်တိရစ္ဆာန် ရတနာထက် လူရတနာက မြင့်မြတ်တယ်ဟူ၍ ဆုံးဖြတ်ရတာပေါ့။

တဖန်-လူရတနာမှာလဲ မိမ္မရတနာ, ယောကျ်ား ရတနာ ရယ်လို့ နှစ်မျိုးရှိပြန်တော့ စစ်တမ်းထုတ်ရပြန်တယ်။မိန်းမရတနာများပေတဲ့တန်ခိုး ကြီးကြပေတယ်။ စကြာမင်းရဲ့မိဖုရားများဟာ မဒ္ဒရာဇ်မင်းမျိုးက ဖြစ်စေ၊ မြောက်ကျွန်းသူများပင် အလိုအလျောက် ရောက်လာ၍ ဖြစ်စေ၊ စကြာ မင်းရဲ့ အဂ္ဂမဟေသီ မိဖုရားကြီးအရာမှာ ဖြစ်ရတယ်။ အဲဒီ မိဖုရားရတနာ များဟာ ဘယ်လောက် တန်ခိုးရှိကြသလဲဆိုရင် ၁၂-တောင်ရှိတဲ့ တိုက်ခန်း မှာ မီးမထွန်းဘဲလင်းနိုင်တဲ့ ကိုယ်ရောင်ရှိသတဲ့။ အကြိမ်တရာ ဖတ်အပ်ပြီး သော ဝါဂွမ်းစိုင်ကဲ့သို့ နူးညံ့တဲ့ ကိုယ်ရေ-ကိုယ်သား ရှိတယ်။ အမြဲမပြတ် မွှေးကြိုင်နေတဲ့ ကိုယ်နံ့ရှိတယ်။ အဆင်းလှခြင်းနှင့်တကွ မနိမ့်, မမြင့်, မဖြူ, မညို, ပင်ကိုယ်ကာယက ပါသာဒိက ဒဿနိယ အစရှိတဲ့ မြောက်များစွာ အမွှမ်းတင်ဘွယ် - ချီးကျူးဘွယ် အမျိုးမျိုးတို့ဖြင့် အလွန်ပင် တန်ခိုးဂုဏ် သိရ်နဲ့ ပြည့်စုံကြပေတယ်လို့ ဗုဒ္ဓိရတနာခမ်းမှာ ကျယ်ဝန်းစွာ ဖော်ပြ ထားပါတယ်။

ဒေါတိက သူဌေးရဲ့ကြင်ယာ မြောက်ကျွန်းသူဖြစ်တဲ့ တုလကာယီ တို့ဟာလဲ ကောင်းခြင်းငါးဖြာ သွင်ကလျာဖြင့် ဆင်းဝါလှပ လူမမျှ နတ် တမျိုးကဲ့သို့ မြတ်တန်ခိုး ဂုဏ်သိရ်များတဲ့အတွက် မင်းတြား ဗိမ္ဗိသာရက တောင် များစွာချီးကျူးပြီး အထူးဂုဏ်တင် ရပေတယ်။ မိန်းမဖြစ်ပေတဲ့

မြင့်မြတ်တဲ့ ဘုန်းတန်ခိုးရှိကြ ပါပေတယ်။ ဤသို့ပင်ကြီးမြတ်တဲ့ တန်ခိုးရှိပေတဲ့ ယောကျ်ားရတနာရဲ့ အလုပ်အကျွေးမျှသာဖြစ်ရတော့ မိန်းမရတနာထက် ယောကျ်ားရတနာက မြင့်မြတ်ကြောင်းဆို ဆုံးဖြတ်ရပေတာပေါ့။

ယောကျ်ားရတနာမှာလဲ အာဂါရိက ရတနာခေါ်တဲ့ လူ့ဘောင်ကလူယောကျ်ား တမျိုး၊ အနာဂါရိက ရတနာခေါ်တဲ့ ရဟန်းဘောင်က ရဟန်းယောကျ်ား, သာမဏေယောကျ်ားက တမျိုး၊ အဲဒါလို နှစ်မျိုးရှိပေတယ်။ လူ့ဘောင်က လူ့ဝတ်ကြောင်ထဲမှာ စကြာမင်းထက် မြတ်တဲ့ပုဂ္ဂိုလ်မရှိနိုင်ဘူး။ စကြာမင်းဆိုတဲ့ပုဂ္ဂိုလ်ဟာ ရတနာခုနစ်ပါးပိုင်ရှင်ဖြစ်တဲ့အတွက် လူလူချင်းသာဖြင့် မတုနိုင် မယှဉ်နိုင်အောင်တန်ခိုးရှိတာပေါ့။ နတ်ရွာစံ၍ ပျံတော်ကုန်သွားတဲ့အခါ ကျတာ တောင်မှ သူ၏အသားဓာတ်, အရိုးဓာတ်တော်များကို စေတီတည်ပြီး လူများ ကိုးကွယ်ကောင်းတဲ့ ထူပါရဟ တပါးအပါအဝင် ဖြစ်ပေတယ်။

အဲဒါလို တန်ခိုးကြီးတဲ့ စကြာမင်းကြီးဟာ ရဟန်း သံဃာဘောင်မှာ အောက်ဆုံး အတန်းအစားဖြစ်တဲ့ အနာဂါရိက ရတနာ ရှင်သာမဏေကလေးနဲ့ တွေ့ဆုံ ယှဉ်ပြိုင်လိုက်ရင် "စက္ကဝတ္တိ ရာဇာ အဇ္ဇ ပဗ္ဗဇိတ သာမဏေရံ ပဉ္စပတိဋ္ဌိတေန ဝန္ဒတိ" ဟူ၍ ပြဆိုတဲ့ ဒေသနာအရ စကြာမင်းကြီးက ရှင်သာမဏေငယ်ကလေးကို ရှိခိုးရမယ်။ ဦးချရမယ်။ အရိုအသေ ဂါရဝပြုရမယ်။ အဲဒါလို စစ်တမ်း ထုတ်လိုက်တော့ လူ့ဘောင်က သာဂါရိက ရတနာထက် ရဟန်းသံဃာဘောင်က အနာဂါရိကရတနာက မြတ်ကြောင်း ဆုံးဖြတ်ရပြန်တာပေါ့။

တဖန် - အနာဂါရိက ရတနာဟာလဲ အရိယပုဂ္ဂိုလ်, ပုထုဇဉ်ပုဂ္ဂိုလ် ရယ်လို့ နှစ်မျိုးကွဲပြန်တယ်။ တာလို နှစ်မျိုးရှိတဲ့အနက် အောက်ဆုံး အရိယာဖြစ်တဲ့ သောတာပန် ပုဂ္ဂိုလ်မှာ ဒိဋ္ဌိ,ဝိစိကိစ္ဆာဆိုတဲ့ အကုသိုလ်နှစ်မျိုးကို သမုစ္ဆေဒပဟာန်နဲ့ဖြတ်ပြီး အကြွင်းမဲ့သတ်ထားပြီးပြီ၊ ပုတုဇဉ်ဆိုတာကတော့ အကုသိုလ်ကို တဒင်္ဂပဟာန်နဲ့ ပယ်သတ်ဘို့တောင် မနဲအားထုတ်နေရတာ အားလုံးအသိဘဲ၊ သို့အတွက် ပုထုဇဉ် အနာဂါရိက ရတနာထက် အရိယာ အနာဂါရိက ရတနာက မြင့်မြတ်ကြောင်း ဆုံးဖြတ်ရပြန်တာပေါ့။

တဖန် - အရိယာပုဂ္ဂိုလ်မှာလဲ သေက္ခ ရတနာ, အ သေက္ခ ရတနာ ရယ်လို့ နှစ်မျိုးရှိပြန်တယ်။ အရိယာ ရှစ်ယောက် ရှိတဲ့ အနက် မဂ်ပုဂ္ဂိုလ် လေးယောက်, အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ်က သုံးယောက် အဲဒီ ခုနစ်ယောက် ကို သေက္ခပုဂ္ဂိုလ်လို့ ခေါ်ရတယ်။ အထက်ဆုံးဖြစ်တဲ့ ရဟန္တာ ပုဂ္ဂိုလ်ကို တော့ အသေက္ခ ပုဂ္ဂိုလ်လို့ ခေါ်ရတယ်။ သေက္ခ - အ သေက္ခ နှစ်မျိုးလုံးကို အရိယာလို့ ခေါ်ဆိုရပေတဲ့ သေက္ခ ပုဂ္ဂိုလ် ခုနစ်ယောက်က အလုံးစုံ အကုသိုလ်မကုန်သေးတော့ အကုသိုလ် အကြွင်းမရှိ ကုန်တဲ့ အသေက္ခပုဂ္ဂိုလ် တို့ရဲ့ဂုဏ်ကို မမှီနိုင်ဘူး။ ထို့ကြောင့် သေက္ခရတနာထက်, အ သေက္ခ ရတနာ က မြတ်တယ်လို့ ရွေးကောက်ရပါတယ်။

ထိုနောက်-အရဟတ္တဖိုလ်သို့ ရောက်နေတဲ့ အ သေက္ခ ရတနာ ဟာလဲ ဗုဒ္ဓ,ရတနာ၊ သာဝက,ရတနာ ရယ်လို့ နှစ်မျိုး ပြားပြန်တယ်။ ထိုနှစ်မျိုး အနက် သာဝက,ရဘနာ တသိန်းလောက်ပင် ရှိစေကာမူ ဗုဒ္ဓ,ရတနာတဆူ ၏ ဂုဏ်, တစိတ်ကို မ မှီ နိုင် ဘူး။ သာဝက,ရတနာ ဟာ ဗုဒ္ဓ, ရ တ နာ ၏ လက်အောက်က တပည့်မျှသာ ဖြစ်ပေတယ်။ ထို့ကြောင့် သာဝက,ရတနာ ထက် ဗုဒ္ဓ,ရတနာက မြတ်ကြောင်းကို ဆုံးဖြတ်ရပါတယ်။

ဗုဒ္ဓ,ရတနာမှာလဲ ပစ္စေကဗုဒ္ဓ ရတနာ, သဗ္ဗညု ဗုဒ္ဓ ရတနာရယ်လို့ နှစ်မျိုးရှိပြန်တယ်၊ ထိုနှစ်မျိုးအနက် ပစ္စေကဗုဒ္ဓ ရတနာ တသိန်းလောက် ပင် သဗ္ဗညု ဗုဒ္ဓ ရတနာ တဆူ၏ ဂုဏ် တ စိတ် ကို မ မှီ နိုင် ဘူး။ ဇမ္ဗူဒိပ် တကျွန်းလုံးမှာ ပလ္လင်ချင်း ထိစပ်အောင် သီတင်းသုံးလျက်ရှိတဲ့ ပစ္စေက ဗုဒ္ဓါ ဘုရားများစွာတို့က သဗ္ဗညုဘုရားတဆူ၏ ဂုဏ်တော်ကို ကုန်ဆုံးအောင် ဟောတော်မမူနိုင်ဘူးတဲ့။

"ဗုဒ္ဓေါ ပိ ဗုဒ္ဓဿ ဘဏေယျ ဝဏ္ဏံ" အစရှိသော ဒေသနာတော် အရ၊ သဗ္ဗညု ဘုရားတဆူသည် သဗ္ဗညုဘုရားတဆူ၏ဂုဏ်တော်ကို ချီးကျူး ဟောကြားမည် ဖြစ်အံ့၊ အာယုကပ် ကုန်ဆုံးဘွယ်သာ ဖြစ်မည်။ သဗ္ဗညု ဘုရားရှင်၏ ဂုဏ်တော်များသည်ကား ကုန်ဆုံးနိုင်မည် မဟုတ်ဟူ၍ သဗ္ဗညု ဘုရားရှင်၏ အလွန့်အလွန် ကြီးမြင့်သော ဂုဏ်တော်ကို ဖေါ်ပြတော်မူပါ တယ်။ထို့ကြောင့် ပစ္စေကဗုဒ္ဓရတနာထက် သဗ္ဗညုဗုဒ္ဓရတနာက အထူးသဖြင့် မြင့်မြတ်တယ်ဟူ၍ အမြင့်ဆုံးအမြတ်ဆုံးဖြစ်တဲ့ သဗ္ဗညု မြတ်စွာဘုရားကြီးသို့ တိုင်အောင် အမြတ်ဆုံးရတနာကို ရွေးချယ်စိစစ်ပြီး သိရပေတယ်။

ဗိမ္ဗိသာရမင်းသည်ကား - အဆွေတော်ထံက ပို့လိုက်တဲ့ လောကီဘဏ္ဍာမျိုး အစားထိုးဖရာ မရှိလို့လားဆိုတော့ ဘုန်းသမ္ဘာနှင့် ပြည့်စုံတဲ့ မင်းဖြစ်တဲ့အလျောက် လောကီရေးဘက်က ဆိုသမျှမှာ အလိုကျ ဖြစ်နိုင်တဲ့ မင်း ဖြစ်ပေတယ်။ သို့ပါသော်လဲ ထူးကဲစွာ လက်ဆောင် ပြန်ရန်အတွက် အတန်တန် အထွေထွေ ရတနာတွေရှိသမျှ လောကဓမ္မ နှစ်ဘက်စလုံး သိမ်းကျုံးပြီးစိစစ် အဆီညှစ်ကာ အတွေးနဲ့လျောက်ပြီး ရွေးကောက်ခြင်း ပြုလိုက်တော့ သုံးလောကလုံးရဲ့ အဓိပတိ မုနိထွဋ်ထား သဗ္ဗညုရှင်တော်ဘုရားထက် မြင့်မြတ်တဲ့ရတနာ မရှိတော့ဘူးဆိုပြီး အမြတ်ဆုံးရတနာကို အကြွင်းမရှိ သိရတော့တာပေါ့။

သည်တော့မှ ဗိမ္ဗိသာရမင်းကြီးသည် ထင်ရှားစွာသိရတဲ့ "ပဏိတ"ရတနာဖြစ်သော မြတ်စွာဘုရား၏ဂုဏ်တော်ကို အကုန်ဖေါ်ပြီး ရွှေပြားမှာ တင်ပြ မြင်ရလျှင် သဒ္ဓါမြင့်ဘို့၊ အဖြာဖြာ အဆင့်ဆင့် လုံခြုံအောင် သွင်းနှိပ်ပြီး မင်းတံဆိပ်ခပ်ကာ အကြည်တော် ပက္ကုသာတိမင်းထံသို့ အမြန်ဆုံး ပို့ဆောင်ကာ ကြည်ညိုစေတယ်တဲ့။

ယခု ဟောပြောခဲ့တဲ့ 'ရတနာစစ်တမ်း'ကိုကြားနာရပါသောကြောင့် မိမိတို့ ကိုးကွယ်နေတဲ့ ဗုဒ္ဓရတနာဟာ လောကသုံးပါးလုံးမှာ အမြတ်ဆုံး ဖြစ်ပါပေသည်ဟူ၍ ကျိန်းသေမုချ အာရုံပြုနိုင်ကြတဲ့အပြင်၊ သင်တို့ ဘုရားရတနာရဲ့ မြင့်မြတ်ပုံကို ခွဲစိတ်ပြစမ်းပါဟု မေးသူရှိပါကလဲ အောက်ခြေကစပြီး အဆင့်ဆင့် တက်ကာ စိစစ်ရွေးချယ်ပြီး မေးဘွယ်ရှိသမျှကို အတိအကျ ဖြေကြားနိုင်ကြပါလိမ့်မယ်။

ဤကဲ့သို့ ရတနာစစ်တမ်းဖြင့် ဆုံးခန်းတိုင်အောင် ရွေးချယ်လိုက်တော့ ဘုန်းကြီးများနှင့်တကွ ဒကာ-ဒကာမတွေဆည်းကပ်နေကြတဲ့ "သမ္မာသမ္ဗုဒ္ဓ အနုတ္တရ" ရတနာမြတ်ဟာ အထပ်ထပ်အဖြာဖြာ အရာရာအဆင့်ဆင့် အမြင့်ဆုံး-အမြတ်ဆုံး ရတနာဖြစ်ကြောင်းကို အတိအကျ သိရတာပေါ့။ သိကြတဲ့အတိုင်းဘဲ ဘုရားပွင့်ရာ ခေတ်သမယမှာ ဖြစ်ရကျိုးနပ်ကြလေအောင် ကျင့်ဆောင်လုပ်ကြ အနုတ္တရဂုဏ် အများကိုလဲ ယုံမှားမရှိ ထုတ်ကာကြံ၍ ဗုဒ္ဓါရမ္မဏ ဘာဝနာ တန်ခိုးကြောင့် မဟာအကျိုး အာနိသံသာကို အတည့်အမှန်ရကာ စခမ်းပေါက်ပြီးတော့ နိဗ္ဗာန်တိုင်လှမ်းရောက်ကြပါစေဟု၍ ဆုတောင်းမေတ္တာပို့ပြီး တရားတော် အပြီးသတ်ကြဦးစို့။

ယံ ကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ။
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
(အနက်ကို ရှေးအတိုင်း ရွတ်ဆိုဟောပြော၍ တရား အပြီးသတ်လေကုန်။)

ရတန ဝိဝိနနကထာ
ရတနာစစ်တမ်းတရားတော် ပြီး၏။

---

## နမော ဘဂဝတော ဇေယျတု
## (၂၇) ဒါန ကထာ

(၁၃၃၆)ခုနှစ် ဝါတွင်းမှာ သီတင်းသည် ဥပါသကာ-ဥပါသိကာ ဒကာ-ဒကာမတွေ ဥပုသ် ဆောက်တည်ရင်း ဗဟုဿုတဖြစ်ကြဘို့ ကျင့်ကြံအားထုတ်ရေး တရားတော်ကို သိကြဘို့အတွက် ပုညကြိယာဆယ်ပါးကို တသီတင်းလျှင် တပါးစီ-တပါးစီ ဟောပြပြီးတော့ နည်းလမ်းပေးမယ်လို့ နှလုံးသွင်းမိတဲ့အတိုင်း ယနေ့-ဝါဆိုလဆုတ် ၇-ရက်နေ့မှာတော့ ရှေးဦးစွာ ဒါနကထာ ဒေသနာကစပြီး ဟောပြောဘို့ ဖြစ်တယ်၊ ကျိုးစားပြီးတော့ တရားတော်ကို နာယူမှတ်သားပြီး ကျင့်ကြံအားထုတ်ကြပါလို့ တိုက်တွန်းခဲ့ပါတယ်။

သံသရာတည်းဟူသော သမုဒ္ဒရာပင်လယ်ထဲမှာ မျောပါးနေကြရတဲ့ သတ္တဝါတွေဟာ ၎င်းသံသရာကလွန်မြောက်ပြီး အေးငြိမ်းရာသန္တိသုခအစစ် ဖြစ်တဲ့ နိဗ္ဗာန်အထိသွားနိုင်ကြအောင် စုဆောင်းအားထုတ်ဘို့တရားတွေက အနုစိပ်အားဖြင့် များစွာရှိပေတဲ့ ဒါန,သီလ,ဘာဝနာ ဒီတရားသုံးပါးသာ အကျဉ်းချုပ်လိုရင်းဘဲလို့ မှတ်သားထားကြပေတော့။

အဲဒီတရားသုံးပါးကို တပါးစီ-တပါးစီ ထောက်ပြီးကြည့်မယ်ဆိုရင် အားလုံးပင် လိုရင်းကျတာချည်းဘဲ တွေ့ရမယ်။လှုံတန်သုံးချောင်း ထောက်ပြီးတော့ ထောင်ထားတဲ့ အခါမှာ တချောင်းကို ဖယ်လိုက်ရင် ကျန်တဲ့ နှစ်ချောင်းဟာ ရပ်တည်လို့မနေနိုင်ပါဘူး။ ထောင်ပြီးတော့နေနိုင်အောင် သုံးချောင်းစလုံး လိုရင်းကျတာချည်း ဖြစ်သလို၊ ဒါန, သီလ, ဘာဝနာ

သုံးပါးဟာလဲ ဘယ်ဟာကိုမှ ခြင်းချန်ပယ်ထားလို့ မရပါဘူး။ သုံးပါးလုံး ပြည့်စုံအောင် စုဆောင်းရမှာချည်းဘဲ ဆိုတာကို တိတိ-ကျကျ မှတ်သား ထားကြဘို့ လိုပါတယ်။

ဒါန, သီလ, ဘာဝနာ တရားသုံးပါးရဲ့ အသီး-အသီး လိုရင်းကျပုံ တွေကို အစဉ်ရောက်တဲ့အခါ သိကြရပါလိမ့်မယ်။ ယနေ့အဘို့ကတော့ ဒါန ကထာဖြစ်တဲ့အတွက် ဒါနဆိုတဲ့ ပုညကြိယာဝတ္ထု၏သဘောကို ဟောပြဘို့ ဖြစ်ပါတယ်။

ယခုလောကမှာ အချို့က-တရားတော်ရဲ့ အရင်းအမြစ်ကို မသိကြ တော့ ထင်မိထင်ရာ - ယူမိယူရာ - ပြောမိပြောရာတွေကို ပြောဆိုပြီးတော့ ဒါနဟာ သံသရာရှည်တဲ့ တရားဘဲလို့ ပြောကြတယ်။ ဒါနက သံသရာရှည် အောင် ပြုလုပ်ပေးတာ မဟုတ်ပါဘူး၊ သတ္တဝါတွေရဲ့ သန္တာန်မှာရှိတဲ့ သံသရာကို ရှည်စေချင်တဲ့စေတနာက ရှည်အောင်ပြုလုပ်ပေးတာဖြစ်တယ်။ အဲတာကိုသဘောကျအောင်မှတ်ကြပါ။ ဒါနကုသိုလ်က ဘဝအဆက်ဆက် မှာ အမျိုးမျိုး ချမ်းသာကြီးတွေကို ပြည့်စုံအောင် ဖန်တီးပေးတဲ့အပြင် သဗ္ဗညုတဘုရားအဖြစ်ကိုတောင် ရောက်အောင် ဆောင်ရွက်ပေးပါတယ်လို့ တထစ်ကျမှတ်ကြပါ။

> ဒါနံ ဟိ လောကေ သက္ကသမ္ပတ္တိံ ဒေတိ၊ မာရသမ္ပတ္တိံ ဒေတိ၊ ဗြဟ္မသမ္ပတ္တိံ ဒေတိ၊ စက္ကဝတ္တိသမ္ပတ္တိံ ဒေတိ၊ သာဝကပါရမီ ဉာဏံ ပစ္စေကဗောဓိဉာဏံ အဘိသမ္ဗောဓိဉာဏံ ဒေတိ။ ။

ဟိ၊ အမှန်စကား တရားသဘောဖြင့် ဟောပြောဖြေရှင်း၍ပြပေအံ့။ လောကေ၊ လောက၌။ ဒါနံ၊ ဒါနကုသိုလ်သည်။ သက္ကသမ္ပတ္တိံ၊ သိကြားမင်း စည်းစိမ်ကို။ ဒေတိ၊ ပေးနိုင်၏။ မာရသမ္ပတ္တိံ၊ မာရ်မင်းစည်းစိမ်ကို။ ဒေတိ၊ ပေးနိုင်၏။ ဗြဟ္မသမ္ပတ္တိံ၊ ဗြဟ္မာမင်းစည်းစိမ်ကို။ ဒေတိ၊ ပေးနိုင်၏။ စက္က ဝတ္တိသမ္ပတ္တိံ၊ စကြဝတေးမင်း စည်းစိမ်ကို။ ဒေတိ၊ ပေးနိုင်၏။ သာဝက ပါရမီဉာဏံ၊ အရိယသာဝကတို့၏ ပါရမီဉာဏ်ကို။ ဒေတိ၊ ပေးနိုင်၏။ ဝါ- အရဟတ္တဖိုလ်သို့ ရောက်စေနိုင်၏။ ပစ္စေကဗောဓိဉာဏံ၊ ပစ္စေကဗောဓိဉာဏ် ကို။ ဒေတိ၊ ပေးနိုင်၏။ ဝါ-ပစ္စေကဗုဒ္ဓါ ဘုရားအဖြစ်သို့ ရောက်စေနိုင်၏။ အဘိသမ္ဗောဓိဉာဏံ၊ သဗ္ဗညုတ ဉာဏ်တော်အရှင် သမ္မာသမ္ဗုဒ္ဓ ဘုရားကြီး အဖြစ်ကို။ ဒေတိ၊ ပေးနိုင်၏။ ဝါ-သဗ္ဗညုတဘုရားအဖြစ်သို့ ရောက်စေနိုင်၏။

ကိုင်း-ယခုထုတ်ပြတဲ့ သာဓကဒေသနာနဲ့ကြည့်ကြစမ်း ဒါနကုသိုလ်ဟာ သိကြားမင်း စည်းစိမ်, မာရ်မင်း စည်းစိမ်, ဗြဟ္မာမင်း စည်းစိမ်, စကြဝတေးမင်းစည်းစိမ်တွေကို အမျိုးမျိုးပေးတဲ့အပြင် အရဟတ္တဖိုလ်ရောက်ပြီး ရဟန္တာဖြစ်စေနိုင်တယ်၊ ပစ္စေကဗုဒ္ဓါဘုရား ဖြစ်စေနိုင်တယ်၊ သမ္မာသမ္ဗုဒ္ဓဘုရားကြီးအထိ ဖြစ်စေနိုင်တယ်-လို့ ဒေသနာကပြထားပြီ၊ ဒါနက သံသရာရှည်စေတယ်လို့ ဒေသနာက ပြတာ မရှိပါဘူး၊ ဝဋ္ဋာဘိရတ သဘောနဲ့ သံသရာထဲက မထွက်လိုသေးတဲ့ သဘောရှိတဲ့ ဒါနရှင်တွေတော့ သံသရာထဲမှာ နေရအုံးမှာပေါ့၊ အနာထပိဏ် သူဌေးတို့လို-ဝိသာခါ ကျောင်းအမကြီးများလိုပေါ့။

ယခု-အနည်းငယ် ထုတ်ပြခဲ့တဲ့ ရှင်းတမ်းအရ ဒါနကိုအပြစ်တင်ပြီးတော့ ဒါနကုသိုလ်ကို မပယ်ကြပါနဲ့၊ ရိက္ခာမပါတဲ့ ခရီးသယ်ဟာ ခရီးသွားလို့ ရပါ့မလား၊ ထို့အတူဘဲ ဘုရားအလောင်းတော်ကြီး များတောင် ပါရမီဖြည့်နေတဲ့ အခိုက်အတန့် အတောအတွင်းမှာ ရိက္ခာပြည့်စုံအောင် ဒါနကိုလက်မလွှတ်ဘဲ ဒါနကိုဦးတည်ပြီး တရားအားထုတ်တော် မူရတယ် မဟုတ်ပါလား။

ဒါန နာမေတံ မယှံ ဂတမဂ္ဂေါ။ ။ဧတံဒါနံနာမ၊ ဤဒါနကုသိုလ်မည်သည်။ မယှံ၊ ငါ၏။ ဂတမဂ္ဂေါ၊ သွားရာလမ်းကြောင်းတည်း။ ဘုရားအလောင်းတော်ကြီးများတောင် ဒါနဟာ ငါ့ရဲ့သွားရာလမ်းကြောင်းဘဲလို့ ကိုယ်တိုင်ပြောဆိုသွားကြတယ်၊ ဒါနကိုမပယ်ကြပါဘူး။

ဘုရားအလောင်းတော်မြတ်သည် ဘုရားအဖြစ်သို့ ရောက်လိုရေးနဲ့ ပါရမီတော်များကို ဖြည့်ဆည်းပူးနေတဲ့ ကမ္ဘာများစွာတို့ပတ်လုံး အစ, အလယ်, အဆုံး သုံးပါးလုံးမှာဘဲ လိုလိုလားလား အာရုံထားပြီးသကာလ ဒါနပါရမီတော်ကို ဆည်းပူးအားထုတ်တော် မူသွားပုံကို နာယူကြပေအုံးတော့။

ဒီပင်္ကရာ မြတ်စွာဘုရား ပွင့်တော်မူရာ လက်ထက်တော်က ငါတို့-အလောင်းတော်မြတ်သည် သုမေဓာရသေ့ဘဝနဲ့ နောင်-လေးသင်္ချေ နှင့် ကမ္ဘာတသိန်းလွန်မြောက်တဲ့အခါမှာ ဂေါတမဆိုတဲ့အမည်တော်နဲ့ ဘုရားစင်စစ် ဧကန်ဖြစ်လိမ့်မယ်လို့ နိယတဗျာဒိတ်တော် ရစဉ်အခါ ကာလကဆိတ်ငြိမ်ရာသို့ ကပ်လျက် စဉ်းစားတော်မူသည်မှာ ဗျာဒိတ်ရရုံနဲ့ ဘုရား

ဖြစ်ကြောင်း အကျင့်တွေကိုမကျင့်ရင် ဘယ်မှာဘုရားဖြစ်နိုင်ပါ့မလဲ၊ ဘုရားဖြစ်ဘို့အကျင့်တွေကိုကျင့်မှသာ ဘုရားဖြစ်တော့မပေါ့၊သို့ဖြစ်၍ ဘယ်တရားမျိုးတွေကို ကျင့်ရပါ့မလဲလို့ ဘုရားဖြစ်ကြောင်း အကျင့်တွေကို စဉ်းစားဆင်ခြင်တော်မူတဲ့အခါမှာ ရှေးဦးစွာ ဒါနပါရမီတော်ကို ပဌမဦးဆုံး တွေ့မြင်တော်မူသတဲ့။

ဝိစိနန္တော တဒါ ဒက္ခိံ၊
ပဌမံ ဒါန ပါရမိံ။
ပုဗ္ဗကေ ဟိ အနေကေဟိ၊
အနုစိဏ္ဏံ မဟာပထံ။ ။

တဒါ၊ ထိုသုမေဓာ ရသေ့အဖြစ်နဲ့ နိယတဗျာဒိတ်တော် အပ်နှင်းစဉ်အခါက။ ဝိစိနန္တော၊ ဘုရားဖြစ်ကြောင်း နည်းလမ်းကောင်းတို့ကို စုံစမ်းစစ်ဆေး ကြံတွေးဆင်ခြင်သည်ရှိသော်။ ပုဗ္ဗကေဟိ၊ ရှေးရှေးကပွင့်တော်မူသွားကြကုန်သော။ အနေကေဟိ၊ များစွာကုန်သော ဘုရားရှင်တို့သည်။ အနုစိဏ္ဏံ မဟာပထံ၊ လေ့ကျက် သွားလာရာ ခရီးလမ်းမကြီးသဘွယ်ဖြစ်သော။ ဒါန ပါရမိံ၊ ဒါနပါရမီတော်ကို။ ပဌမံ၊ ရှေးဦးစွာ။ အဒက္ခိံ၊ တွေ့မြင်ရလေပြီ။

ဤဒေသနာတော်အရ အလောင်းတော်မြတ်ဟာ ဘုရားဖြစ်ဘို့ကျင့်စဉ်တွေကို စဉ်းစားတဲ့အခါမှာ ကျင့်ဘို့ရာ တရားတွေက အမြောက်အမြားကြီးရှိတဲ့အနက် ရှေးဦးစွာ ဒါနပါရမီတော်ကိုတွေ့မြင်တော်မူသတဲ့။ တွေ့မြင်တော်မူတဲ့ အတိုင်းဘဲ ဒါန ပါရမီ တော်က စပြီးတော့ ကျင့်ကြံကျိုးကုတ် ပါရမီသမ္ဘာရအလုပ်ကို အားထုတ်တော်မူပါတယ်။ အဲဒီကျင့်စဉ်ကို ကြည့်ရင်လဲ ဒါနကုသိုလ်ဟာ နိဗ္ဗာန် ရောက်အောင်၊ ဘုရားအဖြစ်သို့ရောက်အောင် ပို့ဆောင် ကယ်တင်နိုင်တဲ့ သတ္တိရှိကြောင်းကို မြဲမြဲမှတ်သားကြရမယ်။

ပါရမီဖြည့်တော်မူတဲ့ စ,စဦး ကျင့်စဉ်ကိုကြည့်လိုက်ရင် အခုဟောခဲ့တဲ့ ဒေသနာတော်အရ ဒါနပါရမီတော်က စ,တည်ပြီး ဆည်းပူးအားထုတ်တာ တွေ့ရတယ်။ ဒီလို ဒါနပါရမီတော်က စ,တည်ပြီး အားထုတ်တော်မူတာဟာ ဂေါတမ မြတ်စွာဘုရား အလောင်းတော် တဦးထဲ လားသို့ စစ်တမ်းထုတ်လိုက်ရင်–

ယေ စ ဗုဒ္ဓါ အတီတာစ၊
သမုဒ္ဒါ ဝါဠု ကူပမာ။
ဒါနံဝ အာဒိံ ကတွာ၊
သမ္ဗောဓိံ စ လဘန္တိ တေ။ ။

သမုဒ္ဒါ ဝါဠု ကူပမာ၊ ဂင်္ဂါ ဝါဠု သဲစုဘမျှ ပမာပြအပ်ကုန်သည် ဖြစ်၍။ အတီတာ၊ ပရိနိဗ္ဗာန် ဝင်စံရွှေပြောင်း စက်မွှေလျောင်းတော် မူကြကုန်သော။ ယေဗုဒ္ဓါ၊ အကြင်ဘုရားရှင် ကိုယ်တော်မြတ် တို့သည်။ သန္တိ၊ ရှိကုန်၏။ တေဗုဒ္ဓါ၊ ထို ဘုရားရှင် အပေါင်း တို့သည်။ ဒါနံဝ၊ စွန့်ကြဲ ပေးကမ်း လှူဒါန်းစာဂ မြတ်ဒါနကို သာလျှင်။ အာဒိံ ကတွာ၊ အစအမူး အဦးထားကာ ကျင့်တော် မူကြကုန်သည် ဖြစ်၍။ သမ္ဗောဓိံ၊ အရဟတ္တမဂ်ဉာဏ်-သဗ္ဗညုတ ဉာဏ်တော်ကြီးကို။ လဘန္တိ၊ ရတော်မူကြလေ ကုန်ပြီ။

ဂင်္ဂါသဲလုံးနှင့်အမျှ ပွင့်တော်မူကြပြီးတော့ ပရိနိဗ္ဗာန် ဝင်စံတော် မူကြတဲ့ ဘုရားရှင်တို့အားလုံးဟဲ ဒါနပါရမီတော်က စတည်ပြီးတော့၊ ဒါန ပါရမီကို အစ, အဦး ထားပြီး သကာလ ကျင့်တော်မူကြကြောင်းကိုလဲ ဒေသနာတော်က ပြတာရှိပေတယ်။ ဒါ့ကြောင့်မို့ ဘုရားအလောင်းတော် ဟူသမျှ ဒါနကစပြီး ပါရမီဖြည့်ရတာဟာ မွေတာအကျင့်တရား ဖြစ်နေတဲ့ အတွက် ဒါနကုသိုလ်ဟာ တော်တော်အလေးပြုကြရမဲ့ တရားဘဲလို့ အသိ အမှတ် ပြုထားကြရမယ်။

ထိုနောက် ဘုရားမဖြစ်မီအကြား မြောက်မြားစွာသော ဘဝတွေ မှာ ကျင်လည်ပြီးနေရင်း ကျင့်ကြံ ဆည်းပူးလျက် တရားတော်ကို ရှာမှီး နေတဲ့ ဘဝတွေမှာကော ဒါနအလုပ်ဟာ နိဗ္ဗာန်ရောက်ကြောင်းတရား မဟုတ်ဘူးဆိုပြီးတော့ ဒါနကို ပစ်ပယ်ထားခဲ့သလားလို့ စစ်ဆေးပြီးကြည့် ကြမယ်ဆိုရင်လဲ---

ဗြဟ္မဏ မဟာသာလ မျိုးမှာဖြစ်တဲ့ အကိတ္တိပုဏ္ဏား ဘဝ၊ သို့ပြင် သင်္ခပုဏ္ဏား ဘဝ၊ ဓနဥ္စယမင်း ဖြစ်ခဲ့တဲ့အခါ၊ မဟာသုဒဿန စကြာမင်း ဘဝမှာ ကျင့်ခဲ့ပုံ၊ မဟာဂေါဝိန္ဒ ပုဏ္ဏား ဘ၀၊ နေမိမင်း ဖြစ်ခဲ့စဉ်အခါ၊ စန္ဒကုမာရမင်း ဖြစ်တဲ့အခါ၊ သိဝိမင်းကြီး ဖြစ်စဉ်က တရပ်၊ ဝေလာမ ပုဏ္ဏားဖြစ်ခဲ့တဲ့ဘဝ၊ နောက်ဆုံး ဝေဿန္တရာမင်း ဖြစ်တော်မူခဲ့တဲ့ဘဝတွေ

ဘုရားမဖြစ်မီ ဖေါ်ပြခဲ့တဲ့ ကြားကာလ ဘဝတွေမှာ - သူ မတူအောင် ထင်ထင် ရှားရှားချည်း ဒါနပါရမီတော်ကို အထူး တလည် ဆည်းပူးအား ထုတ်တော်မူခဲ့ကြောင်းကို ဒေသနာတော်များကပြထားတာ အထင်အရှား ရှိပေတယ်။ ထို့ကြောင့် ဘုရားမဖြစ်မီ ကြားကာလ, ကြားဘဝတွေမှာလဲ ဒါနပါရမီ, ဒါနကုသိုလ်ကို လိုလိုလားလား အားထုတ်တော်မူခဲ့ကြောင်းကို ကြားနာ သိမှတ်ကြရတယ်မဟုတ်ပါလား။

အဲဒီ ဘုရားမဖြစ်မီ ကြားကာလမှာ ပါရမီတော်တွေကို ဖြည့်ကျင့်ခဲ့လို့ ပါရမီပြည့်တော်မူတဲ့ နောက်ဆုံးဘဝဟာ ဝေဿန္တရာမင်းကြီးဘဝဘဲ။ အဲဒီနောက်ဆုံးဘဝမှာတောင် ဒါနပါရမီတော်ကို သဲသဲမဲမဲ ဘယ်လောက် အားထုတ်ခဲ့သလဲဆိုတာ ဝေဿန္တရာဇာတ်တော်ကြီးမှာ ကြားဘူးကြမှာပေါ့။

ကြားဘူးကြပေတဲ့ ဒါနကုသိုလ်ကို ဦးတည်ပြီး လက်မလွတ်တန်း အရေးတယူပြုခဲ့ပုံကို နဲနဲဟောပြရအုံးမယ်။ အလောင်းတော်-ဝေဿန္တရာ မင်းမြတ်သည် ဒါနပါရမီတော်ကို ဆည်းပူးခြင်း၌ အလွန့်အလွန် စိတ်အားထက်သန်တော်မူတဲ့အတိုင်း ရွှေ,ငွေ,ဘဏ္ဍာ, ကျောက်,သံ,ပတ္တမြား,အဝတ်အစား, ကျွဲ, နွား, ဆင်, မြင်း အခင်းခင်းသော လှူဘွယ်ဝတ္ထု ဟူသမျှတို့ကို လှူဒါန်းတဲ့အရာမှာ အလောင်းတော်ရဲ့အလှူတင်းကုတ်၌ ဘယ်ဝတ္ထုမပါဘူး၊ မရှိဘူးလို့ မပြောရအောင်ဘဲ စေ့စုံအောင် ကြီးကြီး-ကျယ်ကျယ် အလှူကြီးများကို ပေးလှူပြီးတော့ ဒါနကုသိုလ်ကို နေ့စဉ်-နေ့တိုင်း ဆည်းပူးလျက်နေတော်မူတယ်။

အဲ့ဒါလို ဝေဿန္တရာမင်းမြတ်ရဲ့ ဒါနစေတနာတော်လွန်ကဲကြောင်း သတင်းကောင်း ကြားတဲ့အခါ ကလိင်္ဂတိုင်းက အလှူခံ ပုဏ္ဏား များဟာ အလွန်အဘိုးထိုက်တန်တဲ့ ပစ္စယဆင်ဖြူတော်ကိုလာပြီးအလှူခံကြတယ်၊အလှူခံလာကြတော့ ၎င်းပစ္စယ ဆင်ဖြူတော်ကိုလဲ အဘိုးအနဂ္ဃ ထိုက်တန်ဘဲ့ ဝတ်စားတန်ဆာ အဆင်အယင် များနှင့်တကွ တွန့်တိုခြင်းမရှိဘဲ လှူတော်မူလိုက်တယ်။

ဤကဲ့သို့ ပစ္စယ ဆင်ဖြူတော် ကိုပါ လှူတဲ့ဆီ အထိ ရောက်တော့ တိုင်းသူ-ပြည်သားတွေက မခံမရပ်နိုင်ကြတော့ဘူးတဲ့၊ တိုတို ပြောကြပါစို့ မခံမရပ်နိုင်ဖြစ်ကြတော့ ခမည်းတော်-သိဥ္စည်းမင်းကြီးအထံ ရောက်အောင် တိုင်ကြားပြီး ဆူကြ-ပူကြ ဆူပူရုံမကဘူး "အရှင်မင်းကြီး ဝေဿန္တရာ မင်းမြတ် တိုင်းပြည်မှာ ရှိနေရင်တော့ တိုင်းပြည်ပါ ပျက်ပါတော့မယ်၊ ဝေဿန္တရာမင်းမြတ်ကို တိုင်းပြည်ကထွက်ခွါသွားအောင် စီမံပေးတော်မူပါ လို့"တင်လျှောက်ကြတဲ့အခါကျတော့ ဝေဿန္တရာမင်းမြတ်ကို တိုင်းပြည်က ထွက်ခွါသွားရအောင် ခမည်းတော်မင်းကြီးက စီမံပေးရတော့တယ်။

ထိုအခါ ဝေဿန္တရာ မင်းမြတ်ဟာ တိုင်းပြည်က ထွက်ခွါသွားရမဲ့ အခါကျတာတောင်မှ ဒါနကုသိုလ်ထဲမှာ စိတ် ဘယ်လောက် စွဲနေသလဲ ဆိုတော့ နန်းတော်ကြီးမှာကျန်ရစ်ခဲ့မဲ့ မဒ္ဒီမိဖုရားအား နောက်ဆုံးမှာထား တော်မူတဲ့ စကားကို အာရုံပြုကြစမ်း။

သီလဝန္တေသု ဒဇ္ဇာသိ၊
ဒါနံ မဒ္ဒီ ယထာရဟံ။
န ဟိ ဒါနာ ပရံ အတ္ထိ၊
ပတိဋ္ဌာ သဗ္ဗပါဏိနံ။ ။

မဒ္ဒီ၊ မဒ္ဒီမိဖုရား။ သီလဝန္တေသု၊ သီလရှိကြကုန်သော အလှူခံပုဂ္ဂိုလ် တို့၌။ယထာရဟံ၊ထိုက်သည်အားလျော်စွာ။ဒါနံ၊လှူဘွယ်ဝတ္ထုဒါနအစုကို။ ဒဇ္ဇာသိ၊ ငါ့သို့တမူ အရေးယူ၍ ပေးလှူရစ်ပါလေ။ သဗ္ဗပါဏိနံ၊ ရှိသမျှ များစွာ သတ္တဝါတို့အား။ ဒါနာ၊ အလှူဒါန ကုသလမှ။ ပရံ၊တပါးသော။ ပတိဋ္ဌာ၊တည်ရာ-မှီရာ-အားကိုးရာသည်။နဟိအတ္ထိ၊မရှိသည်သာလျှင်တည်း။

မဒ္ဒီမိဖုရား ငါ-ဝင်္ကဘာတောင် ထွက်ခွါသွားတဲ့အခါမှာ သင်က တော့ နန်းတော်ကြီးမှာ နေရစ်ရလိမ့်မယ်။ အဲဒါလို နန်းတော်ကြီးမှာ စံစားလို့နေရစ်ခဲ့တဲ့အခါမှာ ငါ-ရှိစဉ်က လှူဒါန်းပေးကမ်းပြီးဒါကုသိုလ်ကို ပြုခဲ့သလို သင်-မိဖုရားလဲ ဒါနပြုဘို့ကို မမေ့ပါနဲ့၊ သတ္တဝါ ဟူသမျှ တို့မှာ ဒါနကုသိုလ်မှတပါး မှီခိုစရာတခြားမရှိပေဘူးလို့ မဒ္ဒီမိဖုရားအား တောထွက် ခါနီးမှာတောင် ဒါနကုသိုလ်ကို အားထုတ်နေခဲ့ဘို့ တိုက်တွန်းသွားတဲ့ စကားကို ထောက်ဆပြီး ကြည့်ကြစမ်း။

အလောင်းတော်ကြီးများဟာ ပါရမီကုသိုလ်တွေထဲက ဒါနပါရမီ၊ ဒါနကုသိုလ်ကို ဘယ်လောက် အရေးတယူ အားကိုးပါသလဲဆိုတာ ယခု ပြခဲ့တဲ့စကားအစဉ်နဲ့ဘဲ အင်မတန်ပေါ်လွင်နေပြီမဟုတ်ပါလား။ထို့ကြောင့် ဒါနကုသိုလ်အားထုတ်ဘို့ကိုမမေ့ကြပါနဲ့၊ ဘယ်သူကဘယ်လိုဘဲ ဟောဟော ပြောပြော ဒေသနာတော်မှာ မရှိတဲ့စကားပြောရင် အမှားချည်း ဖြစ်နေ တော့မှာပေါ့။

ရှေ့တဆင့်တက်ပြီးတော့နာယူမှတ်သားကြပါအုံး၊အလောင်းတော် များဟာ အလောင်းတော်ဘဝ ပါရမီဖြည့်စဉ်အစကလဲ ဒါနကို ဦးတည် ခဲ့တယ်၊ ပါရမီပြည့်လို့ နောက်ဆုံး ဘဝမှာလဲ အထူးတလည် ဒါနကိုဘဲ အားထုတ်ပြခဲ့တယ်၊ ပါရမီတော်ကိုဖြည့်ကျင့်နေတုံး အလယ်ဖြစ်တဲ့ ကြား ကာလမှာလဲ များစွာသောဘဝတွေမှာ ဒါနကုသိုလ်ကို လက်မလွှတ်ခဲ့ဘူး။ အဲဒါလို ဒါနပါရမီတော်ကို အမွှမ်းတင်ပြီးတော့ အားထုတ်ကျင့်ကြံတော် မူပြီးတဲ့နောက် သမ္မာသမ္ဗုဒ္ဓစစ်စစ် ဘုရားအဖြစ်သို့ ရောက်တော်မူတဲ့အခါ ကာလမှာလဲ....

ပရိသတ်အပေါင်းတို့အား တရားဟောတော်မူတဲ့ တရားပွဲတိုင်းမှာ အနုပုဗ္ဗိကထာ ဆိုပြီးတော့ တရားတော်ကို အစီအစဉ်နဲ့ ဟောပြတော်မူပါ တယ်။ အဲဒီ ဟောပြတော်မူတဲ့တရားအစဉ်မှာ များသောအားဖြင့် ဒါနကို ဦးတည်ပြီးတော့ ဒါနကထာ, သီလကထာ, သဂ္ဂကထာ, မဂ္ဂကထာ စသော အစဉ်နဲ့ မြတ်စွာဘုရား တရားပြတော်မူပါတယ်။ အဲဒီမြတ်စွာဘုရား တရား ဟောတော်မူတဲ့ တရားအစဉ်မှာလဲ ဒါနကုသိုလ်ကို ဦးတည်ပြီးဟောခဲ့တာ များထဲ့အတွက် ဒါနကုသိုလ်ဟာ မူလဘူတအခြေခံအကျဆုံးဖြစ်တဲ့ကုသိုလ် ဆိုတာ သိရတာပေါ့။ ဒါ့ကြောင့် ဒါနကုသိုလ်ကို အားကိုးကြပါ၊ တတ်နိုင် သမျှ မပြတ်မလပ် အားထုတ်ကြပါလို့ တိုက်တွန်းပါတယ်။

ယခု-ဟောပြောခဲ့တဲ့ တရားအစဉ်မှာ ဒါနကိုချည်း ဦးစားပေးပြီး အရေးတယူ ဟောခဲ့တော့ တပါးသော သီလတို့, ဘာဝနာတို့ဆိုတဲ့ တရား တွေဟာ အရေးမပါတဲ့တရား,အရေးမယူထိုက်တဲ့ တရားတွေလားဘုရားလို့ မေးစရာဖြစ်နေပြီပေါ့။ ဖြေရှင်းရသေးတာပေါ့။

ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ။  ။ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ မေ၊ငါ၏။ သရဏံ၊ကိုးကွယ်ရာတည်း။ အညံ၊ဘုရားမှတပါးသော။ သရဏံ၊ ကိုးကွယ်ရာသည်။ နတ္ထိ၊ မရှိ၊ အဲဒီ ဗုဒ္ဓသရဏဂုံ ဆောက်တည်တဲ့ နေရာမှာ မြတ်စွာဘုရားသာ ငါ၏ ကိုးကွယ်ရာဖြစ်တယ်၊ ဘုရားမှတပါး ကိုးကွယ်ရာ မရှိဘူးဆိုတော့ တပါးသောတရား,သံဃာတွေဟာ ကိုးကွယ်ရာမဟုတ်သလို ဖြစ်မနေဘူးလား။

တဖန်–"ဓမ္မော မေ သရဏံ အညံ နတ္ထိ"ဆိုတဲ့ ဓမ္မသရဏဂုံ အရာမှာလဲ တရားတော်ဟာ ငါ၏ကိုးကွယ်ရာ ဖြစ်တယ်၊ တရားတော်မှတပါး အားကိုးရာမရှိဘူးဆိုတော့ တပါးသောဘုရားနဲ့သံဃာတွေဟာ ကိုးကွယ်ရာ မဟုတ်သလို ဖြစ်မနေဘူးလား။

တဖန်–" သံဃော မေ သရဏံ အညံ နတ္ထိ " ဆိုတဲ့ သံဃာသရဏဂုံ အရာမှာလဲ သံဃာတော်ဟာ ငါ၏ ကိုးကွယ်ရာ ဖြစ်တယ်၊ သံဃာတော်မှ တပါး ကိုးကွယ်ရာမရှိဘူးဆိုတော့ တပါးသောဘုရားရှင်နဲ့ တရားတော်ဟာ ကိုးကွယ်ရာမဟုတ်သလို ဖြစ်မနေဘူးလား။

ဒီနေရာမှာ မှန်ကန်စွာယူရမဲ့အယူအဆက တပါးကပ်ပြီး တပါးကို ပယ်တဲ့တရား မဟုတ်ပါဘူး၊ ဘုရား–တရား-သံဃာ သရဏဂုံ သုံးပါးဟာ ဘယ်ဒင်းကိုဘဲကြည့်ကြည့်, ဘယ်ဘက်ကနေပြီးကြည့်ကြည့် လိုရင်းကျတာ ချည်းဘဲ၊ကိုးကွယ်သင့်တာချည်းဘဲလို့ လေးလေး-နက်နက်သိဘို့,ဘယ်တရား ကိုမှ မပယ်ဘို့,လေးစားဘို့ညွှန်ပြတဲ့ ဒေသနာဘဲဆိုတာ သိမှတ်ကြရမယ်။

အဲဒီယူဆနည်းလိုဘဲ ဒါန,သီလ,ဘာဝနာ တရားသုံးပါးလုံးဟာလဲ အရေးပါတဲ့တရားချည်းဘဲ၊အရေးကြီးတဲ့တရားချည်းဘဲလို့ အမှတ်ပြုရမယ်၊ ယူဆရမယ်။ယနေ့ ဟောပြောရေးကိစ္စက ဒါနကထာ,ဒါနအကြောင်းအရာ များကိုသာ ကောင်းကောင်းချည်း သိရအောင် ဟောပြောရမဲ့ ဒါနမယ ပုညကြိယာအခဏ်းဖြစ်လို့ ဒါနကိုဦးစားပေးပြီး ဟောပြောခြင်းဖြစ်တယ်လို့ မှတ်ကြပေတော့။

ဆက်လက်ပြီးတော့ဟောပြောလိုတာက ဒါနကိုချည်းဘဲ အားထုတ် နေရင် နိဗ္ဗာန်မရောက်နိုင်ဘူး၊ ဒါနချည်းဘဲဆိုရင်တော့ သံသရာလည်နေမဲ့ တရားဘဲလို့ စွဲနေကြတဲ့ အစွဲကလေးပြုတ်သွားအောင် ထပ်မံ၍ သတိပေး လိုပါသေးတယ်။

အပ္ပမတ္တကံ ပဏ္ဏမုဋ္ဌိမတ္တဒါန ကုသလံ မဟန္တံ ဝေလာမဒါနာဒိ ကုသလံဝါ ဟောတု၊ သစေ ဝဋ္ဋသမ္ပတ္တိံ ပတ္ထေတွာ ဝဋ္ဋနိဿိတ ဝသေန မိစ္ဆာဌပိတံ ဟောတိ၊ ဝဋ္ဋဝသေနအာဟရိတုံ သက္ကောတိ နော ဝိဝဋ္ဋံ။

အပ္ပမတ္တကံ၊ အနည်းငယ်မျှသော။ ပဏ္ဏမုဋ္ဌိမတ္တဒါနကုသလံ၊ ဟင်းရွက်တဆုပ်မျှသာလှူဒါန်းနိုင်သောကုသိုလ်သည်မူလည်း။ ဟောတု၊ဖြစ်စေ။ မဟန္တံ၊ ကြီးကျယ်သော။ ဝေလာမဒါနာဒိ ကုသလံဝါ၊ ဝေလာမပုဏ္ဏား၏ အလှူတော်ကြီးမျိုး အစရှိသော ကုသိုလ်သည်မူလည်း။ ဟောတု၊ ဖြစ်စေ။ ဝဋ္ဋသမ္ပတ္တိံ၊ ဝဋ်ဆင်းရဲကမလွတ်သော စည်းစိမ်မျိုးကို။ ပတ္ထေတွာ၊ တောင့်တ၍။ ဝဋ္ဋနိဿိတ ဝသေန၊ ဝဋ်ဆင်းရဲကို မှီသည်၏အစွမ်းအားဖြင့်။ မိစ္ဆာဌပိတံ၊ မှားမှားယွင်းယွင်း ဆုတောင်းခြင်းသည်။ သစေဟောတိ၊အကယ်၍ ဖြစ်အံ့။ ဝဋ္ဋမေဝ၊ ဝဋ်ဆင်းရဲကိုသာလျှင်။ အာဟရိတုံ၊ ဆောင်ခြင်းငှါ။ သက္ကောတိ၊ စွမ်းနိုင်၏။ ဝိဝဋ္ဋံ၊ ဝဋ်ကင်းရာနိဗ္ဗာန်ကို။ နောသက္ကောတိ၊ ရောက်အောင်မပို့နိုင်။

ဤဒေသနာတော်အရ အာရုံပြုကြစမ်း၊ မိမိစေတနာနဲ့ မိမိဆန္ဒရှိပုံ၊ တောင့်တပုံက အရေးကြီးတယ် မဟုတ်ပါလား။ ဟင်းရွက် တဆုပ်လောက်လှူတဲ့ကုသိုလ်ကလေးဘဲဖြစ်စေ၊ထမင်းရေချောင်းစီးအောင်လှူတဲ့ ဝေလာမပုဏ္ဏားကြီးများရဲ့ကုသိုလ်ကြီးတွေဘဲဖြစ်ဖြစ်၊ဝဋ်ဆင်းရဲမကင်းတဲ့ဝဋ်အတွင်းက အကျိုးကိုဘဲ လိုချင်တောင့်တပြီးလှူတော့ ဝဋ်အတွင်းက အကျိုးကိုဘဲ ရမှာပေါ့၊ နိဗ္ဗာန်ထိအောင် မရနိုင်တော့ဘူးပေါ့။

ဣဒံ မေ ဒါနံ အာသဝက္ခယာ ဝဟံ ဟောတူတိ ဧဝံ ဝိဝဋ္ဋံ ပတ္ထေန္တေန ဝိဝဋ္ဋဝသေန သမ္မာဌပိတံ အရဟတ္တမ္ပိ ပစ္စေက ဗောဓိဉာဏမ္ပိ သဗ္ဗညုတ ဉာဏမ္ပိ ဒါတုံ သက္ကောတိယေဝ။

မေ၊ ငါ၏။ ဣဒံ ဒါနံ၊ ဤဒါနဟုသိုလ်စေတနာသည်။ အာသဝက္ခယာ ဝဟံ၊ အာသဝေါကင်းရာ နိဗ္ဗာန်ရောက်အောင် ပို့ဆောင်နိုင်သည်။ ဟောကု၊ ဖြစ်ပါစေသတည်း။ ဧဝံ၊ ဤသို့။ ဝိဝဋ္ဋံ၊ ဝဋ်ကင်းရာ နိဗ္ဗာန်ကို။ ပတ္ထေန္တေန၊ တောင့်တသဖြင့်။ ဝိဝဋ္ဋဝသေန၊ နိဗ္ဗာန်ကို အာရုံပြုသည်၏ အစွမ်းအားဖြင့်။ သမ္မာဌပိတံ၊ ကောင်းစွာ တောင့်တအပ်သည် ဖြစ်အံ့။ အရဟတ္တမ္ပိ၊ ရဟန္တာအဖြစ်ကိုရင်း။ ပစ္စေကဗောဓိဉာဏမ္ပိ၊ ပစ္စေကဗောဓိ

ဉာဏ်ကိုရင်း။ သဗ္ဗညုတဉာဏမ္ပိ၊ သဗ္ဗညုတဉာဏ်ကိုရင်း။ ဒါတုံ၊ ပေးခြင်းငှါ။ သက္ကောတိယေဝ၊ ပေးစွမ်းနိုင်သည်သာလျှင်တည်း။

ဤဒါနကုသိုလ်စေတနာကြောင့်နိဗ္ဗာန်မဂ်ဖိုလ်ကို မျက်မှောက်ပြုရပါလို၏ဟူ၍ ဝိဝဋ္ဋနိဿိတ သဘောအားဖြင့် နိဗ္ဗာန်ကိုတောင့်တပြီး လှူဒါန်းမယ်ဆိုရင် ရဟန္တာအဖြစ်သို့လဲရောက်စေနိုင်တယ်၊ ပစ္စေကဗုဒ္ဓါဘုရားလဲဖြစ်နိုင်တယ်၊ သဗ္ဗညုတဘုရားကြီးလဲ ဖြစ်နိုင်တယ်။ အဲဒီလို မိန့်ဆိုပြထားကော့ မိမိဆန္ဒနဲ့ ဆုတောင်းက အရေးကြီးမနေဘူးလား။

ရှင်းလင်းချက်ထုတ်ရရင် ဒါနကုသိုလ်က သံသရာဝဋ်ထဲမှာ လည်နေအောင် ချတာမဟုတ်ဘူး၊မိမိကိုယ်ကလည်ချင်လို့ ဆုတောင်းပြီးလည်နေဘို့ အကျိုးကိုယူထားတာမဟုတ်ပါလား။

နိဗ္ဗာန်ရောက်အောင်ဆုတောင်းရင် နိဗ္ဗာန်ရောက်ဘို့ ကျိန်းသေတဲ့ အပြင် သဗ္ဗညုတဘုရားအဖြစ်သို့ရောက်အောင်ပင် ဒါနကုသိုလ်ကပို့ဆောင်ပေးမယ်လို့ ဒေသနာတော်က ရှင်းပြထားပါပြီ။

ထို့ကြောင့် – ဒါနပြုရင် သံသရာထဲမှာ လည်နေမယ်ဆိုတဲ့ အစွဲရှိတဲ့ ပုဂ္ဂိုလ်များ အစွဲဖြုတ်ကြပေတော့။ အခိုင်အမာဆုံးဖြစ်တဲ့ "ဗုဒ္ဓ သာမုက္ကံ" ဘုရားကိုယ်တော်တိုင် နှုတ်သံ "သုမန သုတ္တံ"ဒေသနာတော်မှာ မိန့်တော်မူတာက....

" အလမေဝ သုမနေ ဒါနာနိ ဒါတုံ " သုမနေ၊ ချစ်သမီးသုမန။ ဒါနာနိ၊ အလှူဒါန ဟူသမျှကို။ ဒါတုံ၊ ပေးလှူခြင်းငှာ။ အလမေဝ၊ သင့်လျော် လျောက်ပတ်ပေးလှူအပ်သည်သာလျှင်တည်း။ အဲဒီ ဒေသနတော်ကိုလဲ သေချာစွာစဉ်းစားကြရင် အထင်းသားအမှန်ကျပြီး သံသယကင်းပျောက်ကြပါလိမ့်မယ်။

ဒါနနဲ့ ပတ်သက်တဲ့ အကြောင်း အရာတွေက ဒေသနာတော်မှာ အများကြီးဟောထားတာရှိပါတယ်။သို့သော်လဲဤမျှလောက်နဲ့အပြီးသတ်ကြသေးတာပေါ့။ ပုညကြိယာဝတ္ထု ဆယ်ပါးရှိတဲ့အနက် ယနေ့မှာတော့ အစအဦးဖြစ်တဲ့"ဒါနမယပုညကြိယာဝတ္ထု"ကို သင့်သလောက်ဝေဘန်ပြီး ဟောခဲ့ပါပြီ။ ဟောခဲ့တဲ့အတိုင်း တပည့်တော်များ လိုက်နာကျင့်ကြံကြပါတော့မယ်ဟု ပဋိညာဉ်ပေးသောအားဖြင့် သာဓုခေါ်ကြပေတော့။

(ဒါနကထာ ပြီး၏)

## နမော အတုလဿ ဇေယျတု
## ( ၂၀ ) သီလကထာ ဒေသနာတော်

ဗုဒ္ဓုပ္ပါဒ ဒုလ္လဘခေတ်မှာ ကြုံရပြီးတော့ မြတ်စွာဘုရား သာသနာတော်ကို ခိုလှုံကြတဲ့ ဒကာ - ဒကာမတွေ့, တရားနာ ပရိသတ်တွေ ကြီးပွားတိုးတက်ကြပါစေဆိုပြီးတော့ အောင်ဆုပေးခဲ့မယ်။ သာဓုအနုမောဒနာပြုပြီးတော့ မေတ္တာခံယူကြပေတော့။

ဇယန္တော ဗောဓိယာ မူလေ၊
သကျာနံ နန္ဒိဝဍ္ဍနော။
ဧဝမေဝ ဇယောဟောတု၊
ဇယဿု ဇယမင်္ဂလေ။ ။

သကျာနံ၊ မဟာသမတ် အမြတ်နွယ်ရင်း သာကီဝင်မင်းတို့၏။ နန္ဒိဝဍ္ဍနော၊ နှလုံးကြည်မြို့ နှစ်လိုကြည်ရွှင် ကြည်လင်ခြင်းကို ပွားစေတော်မူတတ်သော။ ဗုဒ္ဓေါ၊ သစ္စာလေးဆူ ပွင့်တော်မူသော သယမ္ဘူထွဋ် ဘုရားမြတ်သည်။ ဗောဓိယာ၊ ဖွားဘက်တော်စစ် ဒုမရာဇ်ဟု သုံးခေတ်ထိပ်ပန်းညောင်တော်နန်း၏။ မူလေ၊ တလံကွာရှိ မြတ်ဗောဓိရွှေ အောင်မြေမှန်ကင်းပင်အရင်း၌။ ဇယန္တော ယထာ၊ မာရ်ပဉ္စမေ ရန်သခေါ်ကို ပယ်ချေခွင်းသတ် ကြွင်းမဲ့ဖြတ်လျက် အမြတ်သဘင် အောင်ပွဲယင်သကဲ့သို့။ ဧဝမေဝ၊ မချွတ်မူ ထို့အတူသာလျှင်။ ဝေါတုမှာကံ၊ သရဏဂုံသုံးရပ် ဆည်းကပ်မွေ့လျော် သင်သူတော်အပေါင်းတို့အား။ ဇယော၊ ကိုယ်ပကိုယ်တွင်း ရန်ခပင်းကို နှိမ်နင်းအောင်မြင်နိုင်သည်။ ဟောတု၊ ဖြစ်စေသတည်း။ ဇယမင်္ဂလေ၊ အောင်ရာစုပေါင်း အောင်ကြောင်းမင်္ဂလာ အဖြာဖြာ၌။ ဇယော၊ အောင်ရာအောင်မှု အောင်ကြောင်းဆုသည်။ အဿု - ဘဝတု၊ ဖြစ်ကြပါစေသတည်း။

၁၃၃၆-ခုနှစ် ဝါတွင်းသုံးလပတ်လုံး သီတင်းနေ့တိုင်း-နေ့တိုင်းမှာ ဘာသာရေးနဲ့ပတ်သက်တဲ့ ကုသိုလ်ရရာ ရကြောင်း ကျင့်စဉ်ပဋိပတ်တွေကို ဒကာ - ဒကာမများ သိကြဘို့, ဗဟုသုတ ဖြစ်ကြဘို့ ရည်ရွယ်ပြီးတော့- ဒါန,သီလ, ဘာဝနာ, အပစာယန,ဝေယျာဝစ္စ, ပတ္တိဒါန,ပတ္တာနုမောဒန,

ဓမ္မသာဝန, ဓမ္မဒေသနာ, ဒိဋ္ဌိဇုကမ္မ - ဆိုတဲ့ ပုညကြိယာဆယ်ပါး အရေးကြီးတဲ့ ၎င်းတရားတော်များကို တစ်သီတင်းလျှင် တပါးစီတပါးစီဟောပြမယ်လို့ဝန်ခံခဲ့တယ်။ တာဝန်ခံတဲ့အတိုင်း ဒုတိယဝါဆိုလဆုတ် (၈)ရက်နေ့ကတော့ ဒါနနဲ့ပတ်သက်တဲ့ ဒါနကထာဒေသနာကို ဟောကြားခဲ့ပြီးပေပြီ။ ယနေ့ ဒုတိယဝါဆိုလကွယ်နေ့မှာတော့ အစဉ်ရောက်သောအားဖြင့် သီလနဲ့ပတ်သက်တဲ့အကြောင်းအရာ သီလကထာဒေသနာကိုဟောပြောဘို့အလှည့်ရောက်လာခဲ့တယ်။ သို့အတွက် သီလနဲ့ပတ်သက်တဲ့အကြောင်းအရာများကို ‌လေးလေးစားစား အာရုံပြုကာ နာယူမှတ်သားကြပေတော့။

တင်ကြိုပြီး သတိပြုထားဘို့ ဒေသနာတော်ကို ‌ရှေးဦးစွာ ထုတ်ပြရအုံးမယ်။ သတ္တဝါတွေ ကြဉ်လည်ပြီးနေကြရတဲ့ သံသရာဘုံဘဝကြီးကို သမုဒ္ဒရာပင်လယ်ကြီးနဲ့ဥပမာပြုပြီးသိမှတ်ထားကြရမယ်။ ဘုန်းကြီးများနှင့်တကွ ဒကာ-ဒကာမများစွာ အနန္တသတ္တဝါတွေဟာ နိဗ္ဗာန်တည်းဟူသောကမ်းတဖက်သို့ မရောက်သေးမှီ သံသရာတည်းဟူသော ပင်လယ်တွင်းမှာ စုံချီ - ဆန်ချီ လှည့်လည် မျောပါးကာ နေကြရအုံးမှာ အမှန်ဖြစ်ပေတယ်။ လှည့်လည်ပြီးတော့ မျောပါနေကြရတဲ့ သမုဒ္ဒရာပင်လယ်နဲ့တူတဲ့ သံသရာဘဝတွေဟာ ဘယ်ဒင်းပါလဲလို့ဆိုရင် ငရဲ,တိရစ္ဆာန်,ပြိတ္တာ,အသူရကာယ ဆိုတဲ့အောက်သံသရာဖြစ်တဲ့အပါယ်လေးဘုံကစပြီးတော့ လူ့ဘုံ, စတုမဟာရာဇ်ဘုံ, တာဝတိံသာဘုံ အစရှိတဲ့ ကာမသုဂတိခုနစ်ဘုံ,အထက်က ဗြဟ္မာဘုံ(၂၀)၊ ပေါင်းလိုက်တော့ အဲဒီ ဘုံသုံးဆယ့်တစ်ဘုံဟာ သတ္တဝါတွေ ကြဉ်လည်ပြီးနေကြရတဲ့ သံသရာဘုံဘဝတွေပေါ့။

သမုဒ္ဒရာပင်လယ်ထဲ သွားနေကြတဲ့ ခရီးသည်တွေဟာ အောက်သို့နစ်မြုပ်မသွားရအောင် သင်္ဘော,လှေ,ဖေါင်ပေါ်မှာ တက်ပြီး စီးနင်းနေကြရမယ်။ သင်္ဘောပေါ်မှာ စီးနင်းပြီးနေတဲ့အခါမှာလဲ စားနပ်ရိက္ခာနှင့်တကွ လိုရာခရီးကိုသွားနိုင်အောင် စက်တို့,ရွက်တို့, တက်တို့ ဆိုတဲ့ ကြိယာတန်ဆာပလာ အစုံအလင်ရှိရမယ်။ ထို့ပြင်လဲ လိုရာခရီးသို့ ဖြောင့်ဖြောင့်တန်းတန်းရောက်သွားအောင် တက်မ,တည်းဟူသော အရာဝတ္ထု ထင်ရှားစွာ တပ်ဆင်ထားရမယ်။ အဲဒါလို သူကိစ္စနဲ့သူကိစ္စပြီးဘို့ အရံသင့် အရံသင့်ပြည့်စုံအောင် ဖန်တီးတပ်ဆင်ထားရသလို....

သံသရာတည်းဟူသော ပင်လယ်တွင်းမှာ ကြဉ်လည်ပြီးတော့နေကြရတဲ့ သံသရာ ခရီးသည်တွေမှာလဲ ငရဲ,တိရစ္ဆာန်,ပြိတ္တာ,အသူရကာယ် ဆိုတဲ့ အောက်သံသရာဘုံတည်းဟူသော ပင်လယ်သမုဒ္ဒရာထဲ နစ်မြုပ်မသွားကြရအောင် သီလ,တည်းဟူသော သင်္ဘောပေါ်မှာ တက်ပြီး မှီခိုနေကြရမယ်။ သီလ,တည်းဟူသော လှေ,ဖေါင်ပေါ်မှာ တက်စီးပြီး မနေကြရင်တော့- အပါယ်လေးပါးတည်းဟူသောအောက်သမုဒ္ဒရာထဲသို့ နစ်မြုပ်ဖို့ရှိပါတယ်။ လိုရင်းဆိုလိုတာကတော့ အပါယ်လေးပါးက လွတ်ကင်းကြရအောင် သီလကုသိုလ်ကို အားထုတ်ထားကြပါ,စောင့်ထိန်းထားကြပါလို့ ဆိုလိုပါတယ်။

သီလ,တည်းဟူသောသင်္ဘောပေါ် တက်နေတော့ အောက်သမုဒ္ဒရာထဲသို့ ကျပြီးမသွားနိုင်ဘူးဆိုပေဘဲ့ သင်္ဘောပေါ်မှာ စားရေရိက္ခာ မရှိရင်တော့ ငတ်ပြတ်ပြီးဆင်းရဲဒုက္ခရောက်ရမယ်၊သင်္ဘောပေါ်မှာ စက်တို့,ရွက်တို့ တက်တို့မရှိရင်လဲ မသွားနိုင် - မလာနိုင် ဖြစ်ကြရမယ်။ ထို့ကြောင့် သံသရာ ခရီးသည်တွေဟာ သီလ,တည်းဟူသော သင်္ဘောပေါ်မှာ ဒါန,တည်းဟူသော စားရေရိက္ခာ စက်,ရွက်,အစရှိတဲ့ ကြိယာတန်ဆာပလာ ပြည့်စုံမှ ချမ်းသာကြမယ်၊ လိုရာခရီးကိုသွားနိုင်ကြရမယ်။ ဆိုလိုရင်းကတော့- ရိက္ခာ ပြည့်စုံအောင် ဒါနကုသိုလ်ကိုလဲ အားထုတ်ထားကြလို့ ဆိုလိုရင်း ဖြစ်ပါတယ်။

သီလတည်းဟူသောသင်္ဘောပေါ်မှာနေတော့ အောက်ကိုမနစ်မြုပ်နိုင်တဲ့အပြင် ဒါနတည်းဟူသော ရိက္ခာနှင့်စက်ရွက်တို့ပြည့်စုံတော့ ငတ်မွတ်ခြင်း ဘေးကင်းပြီးတော့ လိုရာခရီးကို သွားနိုင်ပြီဆိုပေတဲ့ သွားလိုရာအရပ်သို့ ဖြောင့်ဖြောင့်တန်းတန်းရောက်သွားကြရအောင် ဘာဝနာတည်းဟူသော တက်မ တပ်ဆင်ထားကြရမယ်၊ တက်မမရှိရင် စက်ရှိပေတဲ့ လိုရာအရပ်သို့ ဖြောင့်တန်းအောင် မရောက်နိုင်ကြောင်း ဟနေ့ကသတင်းစာမှာ တွေ့လိုက်ရတယ်၊ ရန်ကုန်မြစ်ဝကဝင်လာတဲ့ စက်ာပူသင်္ဘောကြီးဟာ ရေကြောင်းပြသင်္ဘောက ဖြောင့်ဖြောင့် လိုက်လာဘို့ ရှေ့က လမ်းပြပေးပါလျက် ၎င်းသင်္ဘောကြီးမှာ တက်မ ပျက်နေ လို့တဲ့၊ လိုရာလမ်းကို မရောက်တော့ဘဲ သောင်ခုံပေါ်ကို ထိုးတက်သွားပြီး သင်္ဘောကြီးခါးကျိုးသွားသတဲ့။ အဲဒီလက်တွေ့သာဓကကိုဘဲ ကြည့်ကြပေတော့ တက်မတည်းဟူသော ဘာဝနာကုသိုလ်မပါရင် လိုရာခရီးကို ဖြောင့်ဖြောင့် မရောက်နိုင်ဘူး။ ဆိုလိုရင်းက

တော့ လူ့ဘုံကို ရောက်လိုသည် ဖြစ်စေ၊ နတ်ဘုံကို ရောက်လိုသည် ဖြစ်စေ၊ ဗြဟ္မာ့ဘုံကို ရောက်လိုသည် ဖြစ်စေ၊ နိဗ္ဗာန်ထိအောင် တက်လိုသည် ဖြစ်စေ ရောက်လိုရာသို့ ဖြောင့်ဖြောင့်တန်းတန်း ရောက်သွားအောင် လမ်းဖြောင့် ပေးတတ်လဲ ဘာဝနာကုသိုလ်ပါရမယ်၊ ဘာဝနာကုသိုလ်ကိုလဲ အားထုတ် ထားကြဘို့ တိုက်တွန်းလိုရင်းဖြစ်ပါတယ်။

ယခု - ဟောပြောခဲ့တာက တင်ကြိုပြီးသတိပြုကြဘို့ လိုရင်းဖြစ်တဲ့ တရားတော်ဖြစ်ပါတယ်။ဒါန,သီလ,ဘာဝနာကုသိုလ်သုံးပါးဟာ စုံအောင် အားထုတ်ထားဘို့ တရားတွေဘဲ။ယခုကာလ တချို့သူတွေက အရင်းအမြစ် ဖြစ်တဲ့ သာသနာရေး-ဘာသာရေး တရားတွေကို အစအဆုံး မသိ-မမြင်-နားမလည်ပါဘဲနဲ့ ဒါနကို ပယ်လိုပယ်၊ သီလကို ပယ်လိုပယ်၊ ကာမာဝစရ ကုသိုလ်ဆိုတာ အိပ်နေလဲရတာဘဲ၊ လောကုတ္တရာကုသိုလ်ကို အားထုတ်မှ မဂ်-ဖိုလ်ရောက်အောင် အကျိုးရှိတယ်၊ အဲတာလို အမျိုးမျိုးဟောပြောတဲ့ ဝါဒတွေ ပေါ်နေကြလို့ မှန်ကန်တဲ့ လမ်းကြောင်းကိုပြပြီး သတိပေးရပါ တယ်၊ ၎င်းအကြောင်းနဲ့ ပတ်သက်ထဲ့ ဟောစရာ-ရှင်းစရာတွေက အများ အပြားဖြစ်တော့ ဒါလောက်-သတိပေးစကားမျှဖြင့် ရပ်ကြဦးစို့။

ဟောပြောရန်အစဉ်ရောက်တဲ့ သီလကထာကိုဆက်ကြဦးစို့ရဲ့၊ ဥပုသ် သည် ဒကာ-ဒကာမတွေ ယနေ့-ယခု စောင့်ထိန်း ဆောက်တည်ကြတဲ့ သီလ ဆိုတာက လိုရင်းကဲတော့ မကောင်းတဲ့အကုသိုလ် ဒုစရိုက်မှုကို ရှောင်ကြဉ် ကြရတဲ့ကိစ္စပါဘဲ၊ အဲဒါလိုမကောင်းတဲ့အကုသိုလ်ကိုရှောင်ကြဉ်တဲ့ သဘော ဟာ "ဝိရတီ"လို့ ခေါ်တယ်။အဲဒီဝိရတီဟာ သမ္ပတ္တဝိရတီ,သမာဒါနဝိရတီ, သမုစ္ဆေဒဝိရတီ-လို့ ဝိရတီသီလဟာ သုံးမျိုးရှိပါတယ်။

၎င်းသုံးမျိုးရှိတဲ့အနက် ရှေဦးစွာ သမ္ပတ္တဝိရတီဆိုတာက သိက္ခာပုဒ် တွေကို ခံယူ ဆောက်တည်ခြင်း မပြုမူ၍ တွေ့တဲ့-ကြုံတဲ့အခါ အရံသင့် တိုက်ဆိုင်တဲ့အခါမျိုးမှာ အကုသိုလ်မှုကိုရှောင်ကြဉ်တာကို သမ္ပတ္တဝိရတီ-လို့ ခေါ်ပါတယ်။ ၎င်းသမ္ပတ္တဝိရတီရဲ့ သဘောကို အထင်အရှားသိကြရအောင် ဝတ္ထုသက်သေ ဆောင်ပြီးတော့ ပြရသေးတာပေါ့။ တမ္ဗပဏ္ဏိ ခေါ်တဲ့ သီဟိုဠ်ကျွန်းမှာ မဟာစက္ကလ-စူဠစက္ကလခေါ်တဲ့ ညီနောင်နှစ်ယောက်ရှိကြ တယ်၊ ၎င်းညီနောင်နှစ်ယောက်ဟာ မိမိတို့ရဲ့မိခင်ကြီး ခေါင်းခဲဦးယဉ်းနာ ဖြစ်နေတော့ ဆေးဆရာများက ယုန်သွေးရမှပျောက်ကင်းမယ်လို့ ပြောတဲ့

အတွက် နေ့ခင်တော်ကြီးက ညီငယ်အား"ငါ့ညီ-ယုန်သေ့းရအောင် တောသို့ သွားပြီးတော့ယုန်ရှာပါချေ"လို့ စေခိုင်းလိုက်တယ်၊ညီဖြစ်သူ စူဠစက္ကလ,လဲ ယုန်ထောင်စရာ လက်နက်စုံယူပြီးတော့ တောသို့သွားကာ ယုန်ထောင်တာ ပေါ့။ထိုအခါ နို့စို့သားငယ်နှစ်ခုရှိတဲ့ ယုန်မတကောင် ညွတ်ကွင်းမှာလာပြီး မိပါသတဲ့၊ မိတဲ့အခါ ယုန်မ,လဲ ညွတ်ကွင်း ဒဏ်ကြောင့် ရုံးကန်တော့ အင်မတန် နာကျင်တာကတမျိုး၊ သေရမဲ့ဘေးကို ကြောက်တာကလဲတဖုံ၊ သားနှစ်ခုကို စွန့်ခွါသွားရမဲ့ အရေးကလဲ အင်မတန် စိတ်မကောင်းဖြစ်ပြီး တော့ အော်ဟစ်ညည်းညူကာ ထိတ်လန့်တုန်လှုပ်နေရှာတယ်။ ထိုအခါမှာ သားယုန်ငယ်ကလေးများလဲ မိခင်ထံပြေးကပ်လိုက်၊အချုပ်မိနေတဲ့မိခင်ကြီး မြင်တော့ ကြောက်လန့်တကြား ဖဲ့ခွါပြီးသွားလိုက်နဲ့ အင်မတန်သနားစရာ ဖြစ်နေတော့တာပေါ့။

အဲဒီအခြင်းအရာကို ယုန်ထောင်တဲ့စူဠစက္ကလမြင်တဲ့အခါမှာ အော်-ညွတ်ကွင်းမိနေတဲ့ယုန်မကြီးရဲ့ဖြစ်ပုံဟာ ငါတို့တစုနဲ့ဖြင့် အရာရာတူနေကြပြီ၊ ငါတို့မိခင်ကြီးမှာ သားနှစ်ယောက်ရှိသလို ယုန်မကြီးမှာလဲ သားနှစ်ခုရှိပေ တယ်၊ငါတို့မိခင်ကြီးဟာ သားနှစ်ယောက်အပေါ်မှာ အလွန်ချစ်ခင်တာလို ယုန်မကြီးလဲ သူ၏သားနှစ်ခုအပေါ်မှာ အလွန်ချစ်ခင်ရှာမယ်၊ ငါတို့မိခင် ဟာ သားနှစ်ယောက်ကို စွန့်ပစ်ပြီးတော့ သေရမှာကိုကြောက်သလို၊ ယုန်မ ကြီးဟာလဲ သားနှစ်ခုကိုစွန့်ပစ်ပြီး သေရမှာကို အင်မတန် ကြောက်နေရှာ မှာဘဲ၊ ယခုလို ဖြစ်နေပုံကတော့ ငါတို့အုပ်စုနဲ့ အလွန်တူနေပြီ။ သို့အတွက် ငါတို့မိခင်တော့ရှင်ပေစေ၊ယုန်မကြီးတော့သေပေစေသဘောထားလို့ မဖြစ် နိုင်ပါဘူး။မိခင်ကြီးရဲ့ဝေဒနာမှာတော့ သူ၏ကံအကြောင်းတရားအတိုင်းဘဲ ဖြစ်ပါစေတော့လို့ အကြံထုတ်ကာ ဆင်ခြင်စဉ်းစားပြီး ယုန်မကြီးကို ညွတ် ကြော့ကွင်းမှ ဘေးကင်းရာကို သွားပေတော့လို့ လွှတ်လိုက်သတဲ့။

စူဠစက္ကလ,လဲ ယုန်မကြီး သားအမိတစုကို လွှတ်လိုက်ပြီး အိမ်ပြန် ရောက်တဲ့အခါကျတော့"ငါ့ညီ ယုန်,ရခဲ့ရဲ့လား"လို့ နေ့ခင်တော်ကမေးလေ လျှင် ဖြစ်ပျက်ခဲ့ပုံ အလုံးစုံကို အကုန်ပြန်ကြား ပြောဆိုလိုက်တဲ့အခါမှာ - အကိုလုပ်သူက ဒေါထ-သဘောမကျအောင်ဖြစ်ပြီးတော့"တိရစ္ဆာန်နဲ့မိခင် အသွင်တူပုံထားပြီး အလားတူဂုဏ်ထုတ် မင်းလုပ်ပုံ အချိုးမကျလေခြင်း" ဆိုပြီးတော့ ညီငယ်ကိုရိုက်နှက်ရန် ဒုတ်ကိုင်ပြီးလိုက်ပါသတဲ့။ စူဠစက္ကလ,လဲ

မိခင်ကြီးထံပြေးသွားပြီး ခ,စား တောင်းပန်၊ မိခင်ကလဲ သည်းခံပါ ငါ့သား
ဟု ဖြန်ဖြေလိုက်ပြီးတဲ့နောက်– စူဠစက္ကလသည် "ကျွန်ုပ်မူကား.... အရှယ်
ရောက်သည်ကစပြီး တစုံတယောက်ကိုမျှ မသတ်စဖူးပါ၊ ဤ ယုန်ကိစ္စမှာလဲ
မေတ္တာစေတနာနဲ့ စိတ်ကိုဆောင်ပြီး သူ့အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်ခဲ့
ပါတယ်။ ဤသစ္စာစကားကြောင့် မိခင်ကြီးရဲ့ဝေဒနာဟာ ကောင်းစွာ
လွတ်ကင်းပြီး ချမ်းသာခြင်းသို့ ရောက်ပါစေ...."လို့ သစ္စာဆိုလိုက်သည်နှင့်
တပြိုင်နက် မိခင်ကြီးမှာ ဝေဒနာကင်းပျောက်ပြီး ချမ်းသာခြင်းသို့ ရောက်
သွားသတဲ့။

အဲဒီသာဓကအတိုင်း ရှေးဦးစွာက သိက္ခာပုဒ်ကို ခံယူဆောက်တည်
ပြီးတော့ မကောင်းမှုကိုရှောင်ကြဉ်ပါမယ်လို့ဝန်ခံချက်မရှိဘဲနှင့် တွေ့ကြုံတဲ့
အခါမှာ အကုသိုလ်ကို ရှောင်ကြဉ်ခြင်းဟာ "သမ္ပတ္တဝိရတီသီလ"လို့ ခေါ်
ပါတယ်။ ဥပုသ်သည် ဒကာ-ဒကာမတွေလဲ ယခုဟောခဲ့တဲ့"သမ္ပတ္တဝိရတီ"
သဘောကို သိကြရပြီ။ သို့အတွက် ဥပုသ်မစောင့်တဲ့အခါမျိုးမှာလဲ သတိပြု
ကြရမယ်။ ငါတို့ ဥပုသ်စောင့်တာမှမဟုတ်ဘဲ ရှောင်ကြဉ်ဘို့ မလိုပါဘူးလို့
အယူမရှိကြလေနဲ့၊ ရှောင်ကြဉ်ရင် သမ္ပတ္တဝိရတီအဖြစ်နဲ့ သီလကုသိုလ်ဖြစ်ပါ
တယ်လို့ သတိပြုကြပါ။

ထိုမှတပါး "သမာဒါနဝိရတီ" ဆိုတာက– သိက္ခာပုဒ်များကို ခံယူ
ဆောက်တည်ပြီးတော့ အကုသိုလ်ကိုရှောင်ကြဉ်တာခေါ်ပါတယ်။ သီဟိုဠ်
ကျွန်း၌ လယ်လုပ်ယောကျ်ားတယောက်သည် မိမိဆရာဖြစ်တဲ့ 'ပုဒ္ဓရက္ခိတ'
မထေရ်မြတ်အထံမှာ နံနက်စောစောကဘဲ သီလ ဆောက်တည်ပြီးတဲ့နောက်
မိမိလွှတ်လိုက်တဲ့နွားတွေကို ပြန်သိမ်းဘို့အတွက် တောသို့ ထွက်သွားသတဲ့၊
တောကိုရောက်တဲ့အခါမှာစပါးကြီးမြွေကြီးနဲ့တွေ့တော့ မိမိအားတင်းကြပ်
စွာ ရစ်ပတ်ပြီး ဖမ်းထားလိုက်တော့ အလွန်အမင်း နာကျင်စွာခံရတော့တာ
ပေါ့။ ထိုအခါမှာ မိမိလက်ထဲပါလာတဲ့ ပဲ့ခွပ်နဲ့ မြွေ၏ဦးခေါင်းကိုဖြတ်လိုက်
ဖို့ ကြံစီမိတယ်၊ တိုနောက်မှ သတိရပြီးတော့ "အော်.... နံနက်စောစောက
မထေရ်မြတ်အထံမှာ သီလယူပြီးတော့ သူတပါးအသက်ကို သတ်ခြင်းမှ
ရှောင်ကြဉ်ပါမယ်လို့ အာမဝန်ထား ခံလာခဲ့တယ်၊ မြွေကို ငါသတ်လိုက်ရင်
ငါ၏သိက္ခာသီလ ပျက်သွားတော့မှာပေါ့"ဟု တွေးတောမိတဲ့အပြင် မြွေက

ငါ့ကိုသတ်မယ်ဆိုရင် တဘဝသာ ငါခံရမယ်၊ မြွေကိုငါကသတ်လိုက်ရင် သိက္ခာသီလ ,ပျက်တဲ့အပြင် ဘဝများစွာ ငါအသတ်ခံရဘို့ဖြစ်တော့မှာပေါ့၊ သို့အတွက် သူတပါးအသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ပါတော့မယ်” လို့ စိတ်ကို ဒိုးဒိုးချပြီးတော့ သတ်ဖို့ရန် အခြေခံဖြစ်တဲ့ လက်ထဲကပဲခွပ်ကလေး ကို အဝေးသို့ လွှင့်ပစ်လိုက်တယ်တဲ့။

အဲဒီတော့ စပါးကြီးမြွေကြီးလဲ စိတ်စေတနာကောင်းရှိတဲ့ သီတင်း သည်ကို ပြစ်မှားမိတဲ့အတွက် မိမိကိုယ်ဟာ မခံမရပ်နိုင်အောင် အလွန်ပူ လောင် တုန်လှုပ်ပြီးတော့ သီတင်းသည် ဥပါသကာကိုလွှတ်ပြီး ဝေးရာကို ရှောင်ရှားသွားသတဲ့။

အဲဒီသာဓကမှာလာတဲ့အတိုင်း သိက္ခာပုဒ်ကို ခံယူဆောက်တည်ပြီး တော့ ရှောင်ကြဉ်တဲ့သီလဟာ “သမာဒါန ဝိရတီသီလ” ခေါ်ပေတယ်။ အဲဒီ ဥပါသကာစောင့်ထိန်းတဲ့ သီလကုသိုလ်ဟာ အသက်ကို စွန့်ပြီးတော့ စောင့်ထိန်းတာဖြစ်တဲ့အတွက် “သီလပရမတ္ထပါရမီ” မြောက်တဲ့ ကုသိုလ် မျိုးလို့ မှတ်ရမယ်။

ထိုနောက် “သမုစ္ဆေဒ ဝိရတီသီလ” ဆိုတာက အရိယမဂ်ဖြင့် အကု သိုလ် မှန်သမျှကိုအကြွင်းမဲ့ဖြတ်ပစ်ပြီး ရှောင်ကြဉ်တာဖြစ်ပေတယ်။အရိယာ ပုဂ္ဂိုလ်များ အကုသိုလ်ကို ရှောင်ကြဉ်ပုံ ဝတ္ထုသာဓကကို နာယူကြပေအုံး တော့။ မြတ်စွာဘုရားသက်တော်ထင်ရှားရှိတော်မူစဉ် အခါတုံးက ရွှံထွင်း သမားတယောက်ဟာ ရဟန်းတော်တပါးကို နေ့စဉ် - နေ့တိုင်း မိမိအိမ်ကို ပင့်ပြီးတော့ ဆွမ်းလုပ်ကျွေးနေသတဲ့။ တနေ့သ၌ မထေရ်မြတ်လဲ ဆွမ်းစား ဘို့ အချိန်ကို ငဲ့လင့်ပြီးတော့ ခါတိုင်းခင်းထားတဲ့နေရာမှာထိုင်ပြီး သီတင်း သုံးနေတယ်။ ထိုအခါမှာ မင်းနန်းတော်က ရွှံဘလုံးကို ထွင်းပေးရန် လာ ရောက်ပြီး အပ်နှံသတဲ့။ ရွှံထွင်းသမားလဲ အမဲသားငါးကို လှီးဖြတ်နေတဲ့ သွေးသံရဲရဲ လက်နက်နဲ့ ခံယူလိုက်ပြီးတော့ ရဟန်းတော်ရဲ့အနီးမှာ ခေတ္တ ချထားကာ မီးဖိုထဲသို့ ပြန်ဝင်သွားတယ်။ ထိုအခါ အိမ်မှာ မွေးထားတဲ့ ကြိုးကြာက သွေးသံတွေလိမ်းကျံနေတဲ့ရွှံကို မြင်ဘဲ့အခါ သားတစ်အမှတ် ဖြင့် ယူပြီး မျိုချလိုက်တယ်။ ရဟန်းတော်မထေရ်မြတ်လဲ ၎င်းအခြင်းအရာ ကို မြင်လိုက် - သိလိုက်တာပေါ့။

ရွှံထွင်းသမားလဲ မီးဖိုအိမ်ကထွက်လာရာ ရွှံကို မမြင်တဲ့အတွက်– “အရှင်ဘုရား....ရွှံ့ကိုယူပါသလား”လို့ မေးရာ ရဟန်းတော်လဲ မည်သို့မျှ ပြန်ကြား ပြောဆိုခြင်းမပြုဘဲ ဆိတ်ဆိတ်နေတော်မူတယ်။ အကြိမ်ကြိမ် မေး၍ မပြောတော့ကာ ဤရဟန်း၊ ရွှံကို ခိုးယူထားပြီဟု မှတ်ထင်လျက် ကြိုးဖြင့်တုပ်ကာ ပြင်းထန်စွာ ရိုက်နှိပ်မေးလေ၏။ ထိုအခါ ရဟန်းတော်၏ ကိုယ်မှ ရိုက်နှိပ်သော ဒဏ်ရာဖြင့် ပေါက်ကွဲ စုတ်ပြဲကာ ချင်းချင်းနီသော သွေးများပင် ယိုစီးထွက်ကျလာလေရာ ယိုစီးကျလာသောသွေးကို ကြိုးကြာ လာ၍ သောက်လေလျှင် ရွှံထွင်းသမားလည်း ဒေါသကို မသိမ်းနိုင်သဖြင့် “ကြိုးကြာက လာရှုပ်ပြန်ပကော....”ဟု ဒုတ်ဖြင့် ပုတ်ခတ်လိုက်လေလျှင် အချက်ကောင်းကိုထိ၍ကြိုးကြာသေလေ၏။ထိုအခြင်းအရာကိုရဟန်းတော် မြင်၍-ဒါယကာ ကြိုးကြာသေပြီလားလို့ မေးလေလျှင်– ကြိုးကြာသေပြီဟု ပြောသည့်နောက် ရဟန်းတော်က သုံးကြိမ်တိုင်တိုင် မေးလေလျှင် ရွှံထွင်း သမားက ကြိုးကြာသေပြီ၊ ဘာလုပ်မှာလဲ....ရွှံကို ပေးလျှင်ပေး မပေးလျှင် ကြိုးကြာလိုဘဲ သင့်ကိုလဲ အသေသတ်ရလိမ့်မယ်ဟု ကြိမ်းဝါးလေလျှင်....

ဒါယကာ ကြိုးကြာ သေလျှင် ငါ့ကိုလွှတ်ပေတော့၊ ကြိုးကြာစလုပ် ထဲက သင်၏ရွှံကို ယူပေတော့ဟု ညွှန်ပြသဖြင့် ကြိုးကြာစလုပ်ကို ခွဲကြည့်ရာ ရွှံကို ရတော့မှ အော်--ငါမှားလေပြီဟု မထေရ်မြတ်၏ ကိုယ်မှသွေးများကို ဆေးကြောပေးပြီး မိမိအမှားကို သည်းခံတော်မူရန် တောင်းပန်လေ၏။ မထေရ်မြတ်လည်း ငါသည်းခံပါသည်ဒါယကာဟု ရဟန္တာဖြစ်သည်အတိုင်း ဒေါသ,သောက,စသည် မရှိဘဲ ညင်သာစွာ မိန့်ကြားတော်မူ၏။

ရွှံထွင်းသမားလဲ အရှင်ဘုရား, သည်းခံတော်မူပါလျှင် နေ့စဉ် - နေ့ တိုင်း အရင်ကလို တပည့်တော်၏နေအိမ်မှာ ဆွမ်းဘုဉ်းပေးကြွပါလို့ပင့်ဘိတ် သောအခါ-ဒါယကာ ငါတို့ဟာ လွတ်လပ်စွာ မနေမိသည့်အတွက် ဤကဲ့သို့ ဒုက္ခမျိုး တွေ့ကြုံရလေပြီ၊ ယနေ့ကစ၍ သင်၏အိမ်ကို မဆိုထားဘိ မည်သူ့ အိမ်၏ တံစက်အောက်ကိုပင် ငါမဝင်ဘဲ အိမ်စဉ်မပြတ် လှည့်လည်ပတ်၍ ဆွမ်းရပ်သောအလုပ်ဖြင့်သာ အသက်မွေးတော့မည်ဟုမိန့်ဆို၍ ကျောင်းသို့ ပြန်ကြွပြီးလျှင် ဤခံရသောဝေဒနာဖြင့်ပင် ရဟန္တာမထေရ်မြတ် ပရိနိဗ္ဗာန်

ပြုတော်မူရသတဲ့။ ရွှံသမားလဲ သေသည်၏အခြားမဲ့မှာ ကြီးစွာသောအပြစ်ကြောင့် ငရဲ၌ ကျရကြောင်း ဒေသနာ သာဓကကို နာယူ မှတ်သားကြပေတော့။

ဤ၀တ္ထုမှာကြည့်ကြစမ်း အကုသိုလ် ကို ရှောင် ကြဉ် တဲ့ အရာမှာ ဘယ်လောက် စင်ကြယ်အောင် ကျင့် တော် မူသလဲ ဆို တာ သတိပြုကြပေ တော့။ မိမိအသက်ကိုငဲ့ကွက်လို့ မိမိအနာ အကျင်မခံနိုင်လျှင် ရွှံကို ကြိုးကြာ မျိုသွားကြောင်း ပြောလိုက်ပါက ကြိုးကြာကို သတ်တော့မည်၊ ထိုအခါ သူသတ်တဲ့ပါဏာတိပါတကိစ္စမှာ မိမိ၏ပယောဂပါတော့မည်ဟု အကုသိုလ်မှုကို လုံးလုံး ရှောင်ကြဉ်တော်မူသောအနေဖြင့် ကျင့်သုံးတော်မူခြင်းဟာ အရိယမဂ်ဖြင့် မကောင်းမှုကို အကြွင်းမဲ့ပယ်ဖြတ်ခဲ့တဲ့ သမုစ္ဆေဒ၀ိရတီသီလ ခေါ်ပေတယ်။ ဒီလို သမုစ္ဆေဒ၀ိရတီသီလမျိုးကတော့ အရိယာမထေရ်များ သန္တာန်မှာသာ ဖြစ်နိုင်ပါတယ်။ သို့ပေမဲ့ ပုထုဇဉ်တွေလဲ နည်းနာကိုသိရ တော့ လိုက်နာကျင့်သုံးတတ်အောင် ဟောပြောရခြင်းဖြစ်ပေတယ်။

ယခုဟောခဲ့တဲ့ ၀ိရတီသီလ သုံးမျိုးကို စေ့စပ်သေချာစွာ နားလည်အောင် လေ့လာထားကြပါ၊ လေ့လာပြီးတော့လဲ သိပြီးတဲ့ကျင့်စဉ်ပဋိပတ်အတိုင်း အရာအားလျော်စွာ သီလမယ ပုညကြိယာ ကုသိုလ်စေတနာတွေ တိုးပွားအောင် အားထုတ်ထားကြဘို့ များများကြီး တိုက်တွန်းခဲ့ပါတယ်။ မူလကစ တည်ပြီး ဟောပြောခဲ့တဲ့ဒေသနာအတိုင်း မိမိတို့သန္တာန်မှာ သီလ ကုသိုလ်အခြေခံရှိနေကြရင် အောက်သံသရာအပါယ်လေးပါးက ကင်းလွတ်နိုင်ကြပြီလို့ ယုံကြည်လေးစားသော သဒ္ဓါတရားလက်ကိုင်ထားပြီး ကုသိုလ် တရားတွေ တိုးပွားအောင် အားထုတ်နိုင်ကြပါစေကုန် သတည်း။

**သီလကထာဒေသနာ ပြီး၊ ပြီ။**

## နမော အတုလ ဇိနဿ ဇေယျတု
## (၂၉) ဘာဝနာကထာ

အာရဗ္ဘထ နိက္ကမထ၊
ယုဉ္ဇထ ဗုဒ္ဓ သာသနေ။
ဓုနာထ မစ္စုနော သေနံ၊
နဠာဂါရံဝ ကုဉ္ဇရော။ ။

ဗုဒ္ဓသာသနေ၊ သမ္မာသမ္ဗုဒ္ဓ အတုလသာသနာ ထင်ရှားစွာဖြစ်ပေါ်ဆဲအခါ၌။ အာရဗ္ဘထ၊ လုံ့လကျိုးကုတ် အားထုတ်လိုက်ကြကုန်လော့။ နိက္ကမထ၊ ကိလေသာငုတ် လောဘယုတ်ကို နှင်ထုတ်လိုက်ကြကုန်လော့။ ယုဉ္ဇထ၊ ပတ်လည်ဝိုင်းလျက် မာရ်စစ်မက်ကို တိုက်ဖျက်လိုက်ကြကုန်လော့။ ကုဉ္ဇရော၊ ဆင်ပြောင်ကြီးသည်။ နဠာဂါရံ၊ ဆွေးမြွေးသေးသိမ် ကျူကာအိမ်ကို။ ဓုနာတိဣဝ၊ ကျေအောင်နင်းလျက် တိုက်ဖျက်သကဲ့သို့။ မစ္စုနော၊ သေမင်း၏။ သေနံ၊ လောဘ, ဒေါသ စသည်ထောင်သောင်း စစ်သည်အပေါင်းကို။ ဓုနာထ၊ တရားလက်နက် ခါးလှုံ့စက်ဖြင့် တိုက်ဖျက်ချေမှုန်းလိုက်ကြကုန်လော့။

ဤဒေသနာတော်အရ မိန့်တော်မူတာက- မြတ်စွာဘုရားသာသနာတော်ကြီး ဖြစ်ထွန်းပေါ်ပေါက်ပြီး အထင်အရှား ရှိနေတဲ့အခါမှာ မမေ့မလျော့ကြနဲ့၊ ကျိုးစားပြီး အားပါးတကုတ် ကုသိုလ်အလုပ်ကို ကျင့်ကြံကျိုးကုတ် အားထုတ်လိုက်ကြလို့ ဝိရိယမလျော့ကြရန် တိုက်တွန်းတော်မူတာ ဖြစ်ပေတယ်။

ထို့ပြင်လဲ သံသါရနယ်အတွင်းကမလွတ်ကင်းကြသေးသမျှ ခံစားပြီးနေကြရတဲ့ မုချအကျိုး ဒုက္ခအမျိုးမျိုးတို့သည်ကား၊ အရင်းခံသဘောအရမှာ လောဘကြောင့်သာ ဖြစ်ကြရလေသောကြောင့် ကိလေသာငုတ် လောဘ,ယုတ်ကို နှင်ထုတ်ပယ်ရှားလိုက်ကြလို့ ဆုံးမတော်မူတာဖြစ်ပေတယ်။

ထိုမှတပါး ဇာတိ, ဇရာ, ဗျာဓိ, မရဏ အစစရှိလေသမျှ ကိလေသ မြစ်အရင်းကိုလဲ စစ်ခင်းကာ အကုန်ရှင်းလိုက်ကြလို့ သတိပေးတော်မူတာလဲ ဖြစ်တယ်။ ဥပမာပြတော်မူတာကတော့ - အားကြီးသော ဆင်ပြောင်ကြီးသည် ကျူ,ဖျာမိုးအိမ်သေးသိမ်သောတဲကုပ်ကို ဆွဲဆုတ်ဖိစီးပြီး ဖျက်ဆီး၍ ပစ်လိုက်သလို လောဘ,ဒေါသ စသည်အခင်းခင်း သေမင်း၏ စစ်သည်အပေါင်းတို့ကို ကောင်းကောင်းချည်း တိုက်ဖျက်နိုင်အောင် သတိဆောင်ကာ အတိအကျလုပ်ပြီး ဝိရိယမယုတ်အောင် ကျိုးစားကြလို့ တိုက်တွန်းတော်မူတာ ဖြစ်ပါတယ်။

လုံ့လမကူ သတိမမူကြပါက ဘဝပဒေသာခေါ်တဲ့ လူ့ဘုံက မျှောလျက် အောက်ဘက်ကို လျှော၃အိပြီး ဒုဂ္ဂတိ,ဘဝသို့ ရောက်ကြမယ်ဆိုရင် အထက်သို့ပြန်တက်ဘို့ မလွယ်ကူကြောင်းကိုလဲ သတိပေးတော်မူခဲ့ပါတယ်။ အဘယ်ကြောင့် အောက်ဘုံသို့ရောက်လျှင် အထက်ဘုံသို့ပြန်တက်ဘို့မလွယ်ပါသလဲဆိုတော့ ဒုဂ္ဂတိဘုံတွေဆိုတာက ကုသိုလ်ပြုခွင့် မရကြဘူး၊ မရတဲ့အပြင် အကုသိုလ်အမှုတွေဘဲ ထပ်ခါထပ်ခါ တိုးပွားနေကြတော့ ဒုဂ္ဂတိဘုံက လွတ်မြောက်ဘို့ဆိုတာ တော်တော်ခဲယဉ်းပေတယ်။ သို့အတွက် ကုသိုလ်ပြုခွင့်ရကြတဲ့ ဤအခါမျိုး၌ လူဖြစ်ကြရတာဖြစ်တော့ လုံ့လရှိဘို့, မမေ့မလျော့ဘို့သာ အရေးကြီးလေသောကြောင့် " အာရဗ္ဘထ နိက္ကမထ " စသော ဒေသနာတော်နဲ့ ရှင်တော်ဘုရား သတိပေးတော်မူခဲ့ပါတယ်။

ထို့ကြောင့် ယနေ့ဟောပြောမဲ့တရားစခမ်းသည်ကား အောက်လမ်းသို့ မသက်ဆင်းရဘဲ အထက်အထက်ဖြစ်သော သုဂတိဘုံ,အဆင့်ဆင့်မှ နိဗ္ဗာန်ထိအောင် တက်နိုင်ကြဘို့ ကောင်းသောနည်းလမ်းများကို ညွှန်ပြပါလိမ့်မယ်။ ညွှန်ပြတဲ့အတိုင်း လိုက်နာကျင့်သုံးနိုင်ကြပါစေဟူ၍ တိုက်တွန်းခဲ့ပါတယ်။

ယခုဟောပြမှာကတော့ - ဒါန, သီလ, ဘာဝနာ ဟူသော ကုသိုလ်သုံးပါးရှိဘဲ့အနက် သမထဘာဝနာ,ဝိပဿနာဘာဝနာခေါ်တဲ့ ဘာဝနာနဲ့ဆိုင်ရာ တရားတော်များကိုနာကြရပါလိမ့်မယ်။ "ဒါနထက် သီလခက်၊ သီလထက် ဘာဝနာခက်" ဆိုတဲ့ မှတ်တမ်းအတိုင်း အခက်ဆုံးဖြစ်တဲ့ ဘာဝနာလုပ်ငန်းရဲ့ သဘောတရား ကျင့်ကြံအားထုတ်ရေးနှင့် အကျိုးခံစားခွင့်များကို လေးလေးနက်နက် မှတ်သားနိုင်ကြပါစေလို့ သတိပေးရပါတယ်။

ရှေးဦးစွာ သတ္တဝါတွေ ဖြစ်ပေါ်နေထိုင်ရာဖြစ်တဲ့ နယ်ပယ်ကြီးကို-

သမ္မုတိသစ္စာနယ်၊
ပရမတ္ထသစ္စာနယ်၊
အရိယသစ္စာနယ်....

ဟူ၍ နယ်သုံးနယ် ခွဲခြားပြီးတော့ မှတ်သား ထားကြပါ။

**သမုတိသစ္စာနယ် ဆိုတာက** - လောက ဝေါဟာရအားဖြင့် ခေါ် ဝေါ်ပညတ် သမုတ်ပြီးတော့ထားတဲ့ လူ, နတ်, ဗြဟ္မာ, သတ္တဝါခေါ်တဲ့ ဝေါဟာရ။ အမိ, အဘ, ဆရာသမား, သား, သမီး, မိကြီး, မိထွေး, ညီ, အစ်ကို,မောင်,နှမ အစရှိတဲ့ ခေါ်ဝေါ် သမုတ်ပြီးတော့ သုံးစွဲဆက်ဆံနေကြတဲ့ နယ်ပယ်က " သမ္မုတိသစ္စာနယ် " ခေါ်တယ်။ အဲတာ အသက်ရှိတဲ့ 'သဝိညာဏက' ဘက်က ဖြစ်တယ်။ တော, တောင်, ရေ, မြေ, သမုဒ္ဒရာ, သီတာ, သတ္တရဇ္ဇန် အစရှိတဲ့ 'အဝိညာဏက' ဘက်က ဖြစ်တဲ့ ဝေါဟာရ ပညတ်ဟာလဲ သမ္မုတိနယ်ဘက်ကပါဘဲ။

အဲဒီ သမ္မုတိနယ်ဘက်က ခေါ်ဝေါ် သုံးစွဲနေကြတာလဲ အထင် အရှားရှိနေလို့ မှန်ကန်တာဖြစ်တဲ့အတွက် 'သစ္စာ' ဆိုတဲ့အမည်ပါ တွဲဘက် ပြီးတော့ " သမ္မုတိသစ္စာနယ် " လို့ ခေါ်ရပါတယ်။ ဗုဒ္ဓရှင်တော်ဘုရား ကိုယ်တော်တိုင်ကလဲ "မာတာ ပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော"စတဲ့ ဒေသနာတော်တွေအထဲမှာ - အမိ,အဘ,သား,မယား အစရှိတဲ့ ဝေါဟာရ မျိုးကို သုံးနှုန်းတော်မူခဲ့ပါတယ်။

'ပရမတ္ထနယ်'ဘက်က နေပြီးတော့ အမိ,အဘ,သား,မယား,ဆိုတာ မရှိသင့်ဘူးလို့ မဆိုထိုက်ဘူးပေါ့။ သူ့အရှိ-သူ့အနေနဲ့က ဝေါဟာရ မှန်နေ ပေတယ်။ ယခုဟောခဲ့တဲ့ သမ္မုတိသစ္စာနယ်ဘက်ကသဘာဝကို ခွဲခြားပြီး မှတ်သားထားကြရမယ်။

**ပရမတ္ထသစ္စာနယ်ဘက်က** ယူဆပုံကတော့ .... ပုဂ္ဂိုလ်, သတ္တဝါ, ယောကျ်ား, မိန်းမ, ဟူ၍မရှိ။ တော, တောင်, ရေ,မြေ, သမုဒ္ဒရာ ဟူ၍မရှိ။ 'သဝိညာဏက - အဝိညာဏက'ဟူသမျှကို စုပေါင်း၍ကြည့်လိုက်ရင် ခန္ဓာ ငါးပါးသာဖြစ်တယ်။ ဒါထက် ချုံးလိုက်ရင် " ရုပ် - နာမ်" နှစ်ပါးသာ ဖြစ်တယ်လို့ ယူဆပုံက - ပရမတ္ထအားဖြင့် စစ်စစ်မှန်ကန်တဲ့ဘရားဖြစ်လို့ "ပရမတ္ထသစ္စာနယ်"လို့ တနယ် ကန့်သတ်ထားရပါတယ်။

သမ္မုတိသစ္စာနယ်ဘက်က ပုဂ္ဂိုလ်က - လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါ ရှိတယ်လို့ ဘုရားဟောခဲ့တာဘဲ။ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါမရှိဆိုတဲ့ ဝါဒ ကို လက်မခံနိုင်ဘူးလို့ သွားပြီးမငြင်းလေနဲ့ သူ့နယ်နဲ့သူ ကန့်သတ်ထားတာ ဖြစ်ပါတယ်။

**အရိယသစ္စာနယ်** ကျတော့ အမှန်ဆုံးနယ် ဖြစ်နေတော့ ငြင်းစရာ မလိုတော့ဘူး၊ ပညာစက္ခုဖြင့် အတိအကျသိမြင်ပြီးဖြစ်တဲ့ အရိယာပုဂ္ဂိုလ် များရဲ့နယ်ပယ်ဖြစ်နေပြီ။

အဲတာလို နယ်သုံးနယ်ပိုင်းခြားပြီး နယ်သဘောကို သိထားပြီးကြ ရင် လမ်းမှန်အောင်သိနိုင်ဘို့ မှန်ကန်တဲ့ဉာဏ်အမြင်လိုကြတယ်။ ထို့ကြောင့် ဉာဏ်သုံးပါးကိုခွဲခြားပြီးမှတ်သားကြပေအုံးတော့။

ဉာဏ်သုံးပါးဆိုတာက....

ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်၊
ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်၊
မဂ္ဂသမ္မာဒိဋ္ဌိဉာဏ်၊

၎င်းသမ္မာဒိဋ္ဌိဉာဏ်သုံးပါးနဲ့ ပြခဲ့တဲ့နယ်သုံးနယ်ကို တွဲစပ်ပြီး ကြည့် တတ်ရမယ်။

**ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်**ဆိုတာက ကုသိုလ်-အကုသိုလ်ရှိတယ်၊ ကုသိုလ်-အကုသိုလ်တို့၏ အကျိုးဝိပါက်ရှိတယ်၊ တမလွန်လောက ရှိတယ်၊ နတ်ဘုံ၊ ဗြဟ္မာဘုံဆိုတာ ရှိတယ်၊ ကာလသုံးပါးလုံးကိုသိနိုင်တဲ့ အဘိညာဉ် သမာပတ်နှင့်ပြည့်စုံတဲ့ ရဟန်း-ပုဏ္ဏားများလောကမှာ ရှိတယ်၊ အဲတာလို အမြင်မှန်-အယူမှန်တဲ့ သမ္မာဒိဋ္ဌိဉာဏ်ကို "ကမ္မဿကတာ သမ္မာဒိဋ္ဌိ" ခေါ် တယ်။ ၎င်းကမ္မဿကတာ သမ္မာဒိဋ္ဌိအယူရှိတဲ့ပုဂ္ဂိုလ်ဟာ မိစ္ဆာဝါဒမဟုတ် တော့ဘူး။ ဗုဒ္ဓဘာသာဝါဒအစစ် ဖြစ်သွားပြီလို့ မှတ်ရမယ်။

၎င်း ကမ္မဿကတာသမ္မာဒိဋ္ဌိဉာဏ်နဲ့ကြည့်ပြီးတော့ - ယခင်က ဟော ခဲ့တဲ့ သမ္မုတိသစ္စာနယ်ဘက်က တရားကို အားထုတ်ကြရမယ်။ ဘယ်လို အားထုတ်ကြရမလဲဆိုရင် ဘုရား၊ တရား၊ သံဃာဟူ၍သမုတ်ထားတဲ့ ရတနာ သုံးပါးကို ယုံကြည်စွာ ဆည်းကပ် ကိုးကွယ်ကြရမယ်။ အမိ-အဘ များကို

လုပ်ကျွေး ပြုစုကြရမယ်။ သားသမီးများကို ထောက်ပံ့ကြရမယ်။ တမလွန်ဘဝသို့ပြောင်းသွားတဲ့သူများကို ရည်မှန်းပြီးတော့ လှူဒါန်း ပေးကမ်းကာ အမျှအတန်းပေးဝေကြရမယ်။ သီတင်းသီလ စောင့်ထိန်းကြရမယ်။ အဲဒီကောင်းမှုကုသိုလ်တွေကြောင့် အပါယ်လေးပါးက လွတ်ကင်း ပြီးတော့ ကောင်းမြတ်တဲ့ လူ့ဘုံ နတ်ဘုံဆိုတဲ့ သုဂတိဘုံတွေမှာ ဖြစ်ရခြင်းအကျိုးကို ရကြမယ်။

ထိုမှတဆင့်တက်ပြီးတော့ - သမထဘာဝနာလုပ်ငန်းဖြစ်တဲ့ "ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း"၊ ထွက်သက်-ဝင်သက်ကိုအာရုံပြုအားထုတ်တဲ့"အာနာပါန ကမ္မဋ္ဌာန်း - ကာယဂတာ သတိကမ္မဋ္ဌာန်း"အစရှိတဲ့ သမထကမ္မဋ္ဌာန်းတွေကို အားထုတ်ကြရမယ် မဟုတ်ပါလား။ အဲဒီတရားတွေကလဲ သမ္မုတိသစ္စာနယ် – ပညတ်နယ်ဘက်ကချည်း ဖြစ်တယ်။ ၎င်း ပညတ်နယ်ဘက်က သမထကမ္မဋ္ဌာန်းကို ပေါက်ရောက်အောင် အပ္ပနာသမာဓိ ရောက်အောင် အဟုတ်တကယ်အားထုတ်နိုင်ကြရင် ဈာန်အဘိညာဉ်ရတဲ့ဆီအထိ အကျိုးခံစားခွင့်ရှိတယ်။ စုတေတဲ့အခါမှာလဲ ဗြဟ္မာပြည်အထိ ဖြစ်နိုင်ပါတယ်။

ယခုဟောခဲ့တာကတော့ သမ္မုတိနယ်ဘက်က တရားတွေကို ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်နဲ့ ကြည့်ပြီးတော့ အားထုတ်ပုံနည်းလမ်း - အားထုတ်ခြင်းကြောင့်ရနိုင်တဲ့အကျိုးများကို အကျဉ်းမျှဖော်ပြခြင်း ဖြစ်ပေတယ်။

**ဝိပဿနာသမ္မာဒိဋ္ဌိ** စခမ်းကို ကြည့်ကြအုံးစို့ – ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ် ဆိုတာက ၎င်းဉာဏ်နဲ့ ကြည့်လိုက်ရင် သဝိညာဏက – အဝိညာဏက အရာဝတ္ထုတွေဟာ အားလုံး ခန္ဓာငါးပါး အစုအဝေးချည်းဘဲ ဖြစ်တယ်။ ဒါထက်ခွဲပြီးကြည့်လိုက်ရင် 'ရုပ် - နာမ်'' နှစ်ပါးသာ ဖြစ်တယ်။ ပုဂ္ဂိုလ်, သတ္တဝါ, လူ, နတ်, ဗြဟ္မာ ဟူ၍မရှိဘူး။ ဝိပဿနာဉာဏ်နဲ့ကြည့်တဲ့အခါမှာ သမ္မုတိနယ်ကို မရောက်စေရဘူး၊ သမ္မုတိနယ်ကိုမရောက်အောင်'ရုပ်-နာမ်' တရားနှစ်ပါးကို လက္ခဏာယဉ်သုံးပါးနဲ့ ထင်အောင်ရှုရမယ်။ အဲတာက အလွန် အရေးကြီးတဲ့ အရာဘဲ။ သတ္တဝါတွေရဲ့ သန္တာန်မှာ သက္ကာယဒိဋ္ဌိ အစွဲက အင်မတန် ထူထပ် နေ တော့ ငါစွဲဖျောက်ဘို့ တယ်မလွယ်လှဘူး။ သို့အတွက် ရုပ်–နာမ် နှစ်ပါးကို ဝိပဿနာတင်ပြီးတော့ မရှုရသေးခင်'ရုပ်' တရား-'နာမ်'တရား နှစ်ပါးကို ခွဲခြားပြီးတော့ အကြမ်းအားဖြင့်သိထားဘို့ လိုကြပေတယ်။

ရုပ်ဆိုတာက မဟာဘုတ်လေးပါး အခြေတည်ပြီးတော့ ဖြစ်ပေါ် နေတဲ့ ၂၈-ပါးသော ရုပ်တရား၊ သူက အထုပ်အထည် အစိုင်အခဲရှိတယ်။ ယေဘုယျအားဖြင့် လက်ညှိုးထိုးပြီးပြ၍ရတယ်၊ သိတော့ ဘာမျှမသိတတ် ဘူး။ ဥပမာ-စက္ခုပသာဒရုပ်ဆိုပါတော့ မျက်စိအကြည်ဓာတ် ရုပ်ကလေး ပေါ့၊ သူက ရူပါရုံကို ကြည့်လိုက်ရင် မြင်ရုံဘဲ မြင်တာဘဲ၊ အဖြူ, အနီ, အကြောင်, အကြား ဘာမျှခွဲပြီး မသိတတ်ဘူး။ အဲတာလိုဘဲ ရုပ်တရား မှန်သမျှဟာ နာမ်တရားရဲ့ မှီရာ-တည်ရာသာဖြစ်တယ်၊ ဘာမျှမသိတတ်ဘူး။

ရုပ်ကိုမှီပြီးတော့နေတဲ့ နာမ်တရားကတော့ သိတတ်တဲ့အသိဉာဏ်ဘဲ ဖြစ်တယ်။ခုတင်ကပြောခဲ့တဲ့ ဥပမာမှာ-စက္ခုပသာဒရုပ်က ရူပါရုံကိုမြင်ရုံဘဲ မြင်တယ် ဘာမျှမသိဘူး။ နာမ်တရားကသာ အဖြူဘဲ, အနီဘဲ စသည်ဖြင့် သိတတ်တဲ့သဘောရှိတယ်။ အဲဒီလို အကြမ်းဖြင်းအားဖြင့် ရုပ်-နာမ်နှစ်ပါး ကို ခွဲခြားပြီးတော့ ရှေးဦးစွာ မှတ်သားထားရမယ်။ နောက်တော့ "ရုပ်" တရားသက်သက်ကို လက္ခဏာယာဉ် တင်ပြီးတော့ သုံးသပ်ရမယ်။ သုံးသပ် ပုံကတော့....

ရူပံ အနိစ္စံ။ ။ရူပံ၊ ရုပ်တရားသည်။ အနိစ္စံ၊ အမြဲမရှိ။ ရုပ်တရား မှန်သမျှ ဘယ်ရုပ်မှ မမြဲကြဘူး၊ အားလုံး နောက်ဆုံးတော့ ပျက်စီးရမှာ ချည်းဘဲ။အသက်ရှိတဲ့ရုပ်တွေ ပျက်စီးနေတာကတော့ ကိုယ့်မျက်စိအောက် တွင် အထင်အရှား တွေ့နေရတော့ ပျက်စီးကြောင်း ထင်ရှားပါတယ်။ အသက်မရှိတဲ့ တော,တောင်,ရေ,မြေ,သမုဒ္ဒရာတွေကော မပျက်စီးဘူးလား လို့ဆိုတော့ အနှေးနဲ့အမြန်ဘဲ ဘယ်ရုပ်တရားမှမမြဲကြဘူးလို့ ဆင်ခြင်ရမယ်။ အဝိညာဏကဖြစ်တဲ့ တော, တောင်, ရေ, မြေ စသည်တို့ ပျက်စီးပုံတွေကို ပြောနေရင် အင်မတန် ကျယ်ဝန်းပါတယ်။ သို့အတွက် သက်ရှိ-သက်မဲ့ နှစ်ပါးလုံး မမြဲတဲ့အဖြစ် ရုပ်တရားအပေါ်မှာ လက္ခဏာယာဉ်တင်ပြီးတော့ "**ရူပံ အနိစ္စံ - ရူပံ အနိစ္စံ**" ဟူ၍ အထပ်ထပ်ပွားများအားထုတ်ပါ။

နောက်တဆင့်တက်ပြီးတော့ ရုပ်ဘရားရဲ့ မမြဲပုံကို ရှုဆင်ခြင်ရမှာ ကတော့-

ယော်ပိ ဟေတု ယော်ပိ ပစ္စယော ရူပဿ ဥပ္ပါဒါယ၊ သောပိ
အနိစ္စော၊အနိစ္စသမ္ဘူတံ ဘိက္ခဝေ ရူပံ ကုတော နိစ္စံ ဘဝိဿတိ၊

ရူပဿ၊ ရုပ်၏။ ဥပ္ပါဒါယ၊ ဖြစ်ပေါ်လာခြင်းငှာ။ ယော်ပိဟေတု၊ အကြင်ကံ,စိတ်,ဥတု,အာဟာရဟုဆိုအပ်သောဇနကအကြောင်းသည်၎င်း။ ယော်ပိ ပစ္စယော၊ အကြင် ကံ, စိတ်, ဥတု, အာဟာရ ဟု ဆိုအပ်သော ဥပထမ္ဘက အကြောင်းသည်၎င်း။ အတ္ထိ၊ ရှိ၏။ သောပိ၊ ထိုအကြောင်းသည်လည်း။ အနိစ္စော၊ မမြဲ။ ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ အနိစ္စသမ္ဘူတံ၊ မမြဲသောအနိစ္စကြောင့်ဖြစ်သော။ ရူပံ၊ ရုပ်သည်။ ကုတော နိစ္စံ ဘဝိဿတိ၊ အဘယ်မှာ မြဲအောင်ဖြစ်နိုင်ပါအံ့နည်း။

ရုပ်ဆိုတာဟာလဲ အလေ့ပေါက် အလိုလို ဖြစ်လာတာ မဟုတ်ဘူး။ ကံ,စိတ်,ဥတု,အာဟာရဆိုတဲ့ရုပ်ကိုဖြစ်စေတတ်တဲ့ဇနကအကြောင်းကြောင့် ရုပ်တရား ဖြစ်ပေါ် လာ ရတာ။ ဖြစ် ပေါ် လာ ပြီး တဲ့ ရုပ် တရား ဟာလဲ အထောက်အကူ အကြောင်းမရှိဘဲ တည်တန့် ခိုင်မြဲ မနေနိုင်ဘူး။ ကံ,စိတ်, ဥတု,အာဟာရဆိုကဲ့ ထောက်ပံ့ ပေးတတ်တဲ့ ဥပထမ္ဘက အ ကြောင်း တွေကြောင့် တည်တန့်ခိုင်မြဲပြီးနေရတယ်။

အဲတာလို ရုပ်ကိုဖြစ်စေတတ်တဲ့ ဇနကအကြောင်း၊ ထောက်ပံ့ပေးတတ်တဲ့ ဥပထမ္ဘက အကြောင်းတွေကို ရှုလိုက်အုံး၊ အဲဒီအကြောင်းတွေကော မြဲသလားဆိုတော့ "သောပိ အနိစ္စော" လို့ ဟောထားပြီ၊ အဲဒီ အကြောင်းတွေလဲမမြဲဘူးတဲ့။ ဒီတော့ မမြဲတဲ့အကြောင်းတွေကြောင့်ဖြစ်ရတဲ့ ရုပ်,တရားဟာ ဘယ်မှာ မြဲနိုင်ပါ့မလဲ။ ထို့ကြောင့် "အနိစ္စ သမ္ဘူတံ ဘိက္ခဝေ ရူပံ ကုတော နိစ္စံ ဘဝိဿတိ" လို့ ဟောထားလေပြီ။ ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ အနိစ္စ သမ္ဘူတံ၊ အနိစ္စကြောင့် ဖြစ်သော။ ရူပံ၊ ရုပ်,တရားသည်။ နိစ္စံ၊ မြဲသည်။ ကုတောဘဝိဿတိ၊ အဘယ်မှာဖြစ်နိုင်လတ္တံ့နည်း။ ယခုဟောပြခဲ့တဲ့အတိုင်း ရုပ်,တရားကို အနိစ္စလက္ခဏာယာဉ် တင်ပြီးတော့ အဘန်ဘန် သုံးသပ် ဆင်ခြင်ကြရမယ်။ ဒီလိုဆင်ခြင်မှသာ အတ္တဒိဋ္ဌိ, သက္ကာယဒိဋ္ဌိ ကင်းပျောက်နိုင်မယ်။

ထို့မှတပါး ရုပ်တရားကို ဒုက္ခလက္ခဏာယာဉ်တင်ပြီးတော့ ဆင်ခြင်ပုံကို အာရုံပြုကြအုံး။

ယော ဘိက္ခဝေ ရူပဿ ဥပ္ပါဒေါ ယာ ဌိတိ အဘိနိဗ္ဗတ္တိ ပါတု ဘာဝေါ၊ သော ဒုက္ခဿ ဥပ္ပါဒေါ၊ ရောဂါနံ ဌိတိ၊ ဇရာ မရဏဿ ပါတုဘာဝေါ။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ရူပဿ၊ ရုပ်၏။ ယောဥပ္ပါဒေါ၊ အကြင်ဥပါဒ်အဖြစ်ဖြင့် ဖြစ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ သော ဥပ္ပါဒေါ၊ ထိုဥပါဒ်အဖြစ်ဖြင့် ဖြစ်ခြင်းသည်။ဒုက္ခဿ၊ဇာတိဒုက္ခ၏။ဥပ္ပါဒေါ၊ ဖြစ်ခြင်း မည်၏။

ရုပ်တရားဖြစ်ပေါ်လာတယ်ဆိုရင် ရှေးဦးစွာ ဖြစ်ပေါ်စကို ဥပါဒ် ခေါ်တယ်။ အဲတာလို ဥပါဒ်အဖြစ်နဲ့ဖြစ်တော့ စဉ်းစားကြည့်ကြစမ်း၊ ပဋိ သန္ဓေဆိုတဲ့ ဇာတိဒုက္ခဖြစ်ဘို့ ဖြစ်ပေါ်လာရတာတဲ့။ ထို့ကြောင့်- "သော ဒုက္ခဿ ဥပ္ပါဒေါ"လို့ မိန့်ဆိုထားပြီး၊ သော၊ ထိုဥပါဒ်အဖြစ်ဖြင့် ဖြစ်ပေါ် ရခြင်းသည်။ ဒုက္ခဿ၊ ဇာတိဒုက္ခ၏။ ဥပ္ပါဒေါ၊ ဖြစ်ခြင်းမည်၏။

ရုပ်တရားဟာ နာမ်တရားလို အချုပ်မမြန်ဘူး၊ စိတ္တက္ခဏ (၁၇) ချက်၊ ခဏငယ်(၅၁)ချက် အသက်ရှိတယ်။ ခဏငယ်(၅၁) ချက်မှာ ပထမ ဦးဆုံး ခဏငယ်ကို "ဥပါဒ်" ခေါ်တယ်။ နောက်ဆုံးခဏငယ်ကို "ဘင်" ခေါ်တယ်။ ဒီတော့ ပထမအစ ဥပါဒ်တုံးက သုခ မဟုတ်ဘူး၊ ဇာတိဒုက္ခ ဖြစ်ခဲ့ပြီ။ နောက်ဆုံး 'ဘင်'မရောက်ခင် အလယ်ပိုင်းခဏငယ် (၄၉) ချက် ဟာ "ဌီ-ခဏ"ဖြစ်တယ်။ အဲဒီ ဌီခဏမှာကော သုခဖြစ်ရဲ့လား ရှုကြစမ်း-

ရူပဿ၊ ရုပ်၏။ ယာဌိတိ၊ အကြင်ဌီခဏအဖြစ်ဖြင့်တည်ခြင်းသည်။ ယာအဘိနိဗ္ဗတ္တိ၊ အကြင် ဥပါဒ်-ဌီခဏ နှစ်ပါးအဖြစ်ဖြင့် ဖြစ်ရခြင်းသည်။ ရောဂါနံ၊ အနာရောဂါတို့၏။ ဝါ - ဗျာဓိဒုက္ခ နှိပ်စက်ဘို့ရာ။ ဌိတိ၊ တည် ခြင်း မည်၏။

ကိုင်းကောင်းကြသေးရဲ့လား-ခဏခေတ္တကလေး တည်နေရတဲ့ ဌီခဏ ဟာလဲ အနာရောဂါနှိပ်စက်ခြင်း ဗျာဓိဒုက္ခ ဖြစ်ဘို့ တည်နေရတာတဲ့။ ဒါ့ကြောင့် ရုပ်တရားမချုပ်သေးခင် ဌီခဏအခိုက်အတန့်မှာလဲ သုခမဟုတ် ဘူး ဒုက္ခဘဲလို့ ဒုက္ခလက္ခဏာယာဉ်တင်ပြီးတော့ သုံးသပ်ရမယ်။

ရုပ်တရား၏ ဥပါဒ်,အခိုက်အတန့်၊ဌီ,အခိုက်အတန့်မှာ ဒုက္ခထင်ရှား ပါပြီ ဘင်ခဏမှာကော ချမ်းသာရှိလားလို့ ရှုကြအုံးတော့။ ရူပဿ၊ရုပ်၏။ ယောပါတုဘာဝေါ၊ အကြင် ဥပါဒ်,ဌီ,ဘင်,ဟူ၍ ခဏငယ်သုံးပါးပြည့်စုံစွာ ထင်ရှားဖြစ်ပေါ်လာခြင်းသည်။ အတ္ထိ၊ ရှိ၏။ သောပါတုဘာဝေါ၊ ထိုထင်ရှားဖြစ်ပေါ်လာရခြင်းသည်။ ဇရာမရဏဿ၊ အိုရခြင်း, သေရခြင်း၏။ ပါတုဘာဝေါ၊ ထင်ရှားစွာဖြစ်ပေါ်ရခြင်းတည်း။

ရုပ်တရားတခု ဥပါဒ်-ဌီ-ဘင် သုံးချက်ညီအောင် ထင်ထင်ရှားရှား ဖြစ်ပေါ်လာတာဟာ ဘယ်လိုဖြစ်ဘို့ ဖြစ်ပေါ်လာရသလဲလို့ စစ်တမ်းတွတ်ကြည့်ရင် တဖြေးဖြေး ရင့်ရော်ပြီးတော့ အိုရဘို့၊ နောက်ဆုံး သေရဘို့ဆိုတဲ့ ဇရာဒုက္ခ-မရဏဒုက္ခ နှိပ်စက်ခံရဘို့ ဖြစ်ပေါ်လာရတာတဲ့။ အဲတာက "ရုပ်" တရားအပေါ်မှာ ဒုက္ခလက္ခဏာယာဉ်,တင်ပြီးတော့ ရှုဆင်ခြင်တဲ့ ဝိပဿနာဘာဝနာဖြစ်ပါတယ်။

ရုပ်တရားကို အနတ္တလက္ခဏာယာဉ် တင်ပြီးတော့ ဝိပဿနာရှုနည်းကို နာယူမှတ်သားကြပေအုံးတော့-

ရူပံ ဘိက္ခဝေ အနတ္တာ။ ။ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ရူပံ၊ ရုပ်တရားသည်။ အနတ္တာ၊ မိမိကိုယ်ပိုင် အတ္တမဟုတ်။ ဝါ - မိမိအစိုးမရ။ ဤဒေသနာတော်နဲ့ကြည့်ကြစမ်း၊ ရူပက္ခန္ဓာ,လို့ဆိုပြီးတော့ ဖွဲ့စည်းထားတဲ့ မိမိတို့၏ ခန္ဓာရုပ်တရားဟာ မိမိအစိုးရသလား၊ မိမိပိုင်သလား၊ မိမိအလိုသို့ လိုက်သလား စဉ်းစားကြည့်ကြစမ်း၊ ဘယ်မှာ မိမိအစိုးရမလဲ၊ မိမိပိုင်မလဲ၊ မိမိအလိုသို့ ဘယ်မှာ လိုက်မလဲ။ အမှတ်တမဲ့နေပြီးတော့ မိမိခန္ဓာကိုယ်ကို မိမိ ကိုယ်ပိုင် ထင်ပြီးတော့ ကျေးမွေး သုတ်သင် ပြုပြင်နေလိုက်ကြတာ နောက်ဆုံးတော့ သူ့အလိုကိုသာ လိုက်သွားကြရတယ်။ ကိုယ့်အလိုကို သူမလိုက်ခဲ့ဘူး။

> ရူပဉ္စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ ရူပံ အာဗာဓာယ သံဝတ္တေယျ၊ လဗ္ဘေထ စ ရူပေ ဧဝံ မေ ဟောတု၊ ဧဝံ မေ ရူပံ မာအဟောသီတိ။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ဣဒံရူပံ၊ ဤရုပ်တရားသည်။အတ္တာ၊ မိမိကိုယ်သည်။ ဝါ - မိမိအစိုးရသည်။ အဘဝိဿ၊ ဖြစ်ငြားအံ့။ ဣဒံရူပံ၊ ဤရုပ်သည်။ အာဗာဓာယ၊ နာခြင်းငှါ။ ဝါ - အနာရောဂါနှိပ်စက်ခြင်း

ငှါ။ နသံဝတ္တေယျ၊ မဖြစ်ရာ။ အတ္တာ၊ မိမိပိုင်ဆိုင်သည်။ အာဘာဝိဿ၊ ဖြစ်ငြားအံ့။ ရူပေ၊ ရုပ်၌။ မေ၊ ငါ၏။ ရူပံ၊ ရုပ်သည်။ ဧဝံဟောတု၊ ဤသို့ ငါ့အလိုအတိုင်းဖြစ်စေ။ မေ၊ ငါ၏။ ရူပံ၊ ရုပ်သည်။ ဧဝံ နဟောသိ၊ ဤသို့ သူ့အလိုအတိုင်း မဖြစ်စေလင့်။ ဣတိ၊ ဤသို့။ လဗ္ဘေထစ၊ စေခိုင်းတိုင်း၊ အမိန့်ပေးတိုင်း ရရာ – ဖြစ်ရာ၏။ တသ္မာ၊ ထို့ကြောင့်။ ရူပံ၊ ရုပ်သည်။ အနတ္တာ၊ မိမိကိုယ်ပိုင်မဟုတ် - မိမိအစိုးမရ- မိမိအလိုသို့မလိုက်သောအနတ္တ သာတည်း။

မိမိခန္ဓာကိုယ်အပေါ်မှာ အာရုံစူးစိုက်ပြီးတော့ ဆင်ခြင်ကြည့်ကြစမ်း၊ ငါ့ကိုယ်ဘဲ - ငါ့ပစ္စည်းဘဲ - ငါ့အတ္တဘဲလို့စွဲပြီးနေတဲ့ သက္ကာယအစွဲကြီးက အလွန့်အလွန် ပြင်းထန်နေတဲ့အတွက် မိမိခန္ဓာကိုယ်ကို မိမိပိုင်တယ်ဘဲ ထင်နေကြတယ်။ ဒေသနာတော်အရ ကြည့်ကြစမ်း၊ မိမိပိုင်အတ္တမဟုတ်ဘူးတဲ့။ မိမိပိုင်အတ္တသာ အစစ်ဖြစ်မယ်ဆိုရင် အနာရောဂါဝင်ပြီး နှိပ်စက်ဘို့ လက်မခံရဘူး။ အနာရောဂါ မဖြစ်စေရဘူး။ အခုတော့ ကိုယ်မပိုင်လို့ ကိုယ့်ကိုယ်ကို ကိုယ်အစိုးမရလို့ အနာရောဂါဝင်ပြီး နှိပ်စက်ရင်လဲ အလူးအလဲခံနေရတယ်မဟုတ်ပါလား။

အကယ်၍ ကိုယ်ပိုင်အတ္တဖြစ်မယ်ဆိုရင် – ငါ၏ရုပ်ဟာ ကောင်းတဲ့ နေရာမှာ ကောင်းတာတွေကိုသာသုံးဆောင်ပြီးတော့၊ ကောင်းတဲ့-ချမ်းသာတဲ့ အဖြစ်ကောင်းချည်းဘဲ ဖြစ်ပေစေလို့ – စီမံလို့ အမိန့်ပေးလို့ရမှာပေါ့။ အခုတော့ ဒီလိုအမိန့်ပေးလို့မရတော့ ကိုယ်မပိုင်လို့ပေါ့။ ကိုယ်အစိုးမရလို့ပေါ့။ အဲတာလို အနတ္တလက္ခဏာသဘောကို ဆင်ခြင်ရမယ်။

ဒါတင်မကဘူး မကောင်းတဲ့ နေရာမှာ မကောင်းတာတွေကို သုံးဆောင်ပြီး မကောင်းတဲ့အဖြစ်မျိုးတွေ မဖြစ်စေနဲ့လို့ကော အမိန့်ပေးလို့ ရရဲ့လား။ ဘယ်တော့မှ မရနိုင်ကြဘူး။ သူ့သဘောအတိုင်း စီမံသွားတာကို ခံရတယ်။ အဲတာဘယ့်ကြောင့်လဲ-မိမိပိုင်အတ္တမဟုတ်လို့ပေါ့။ ထို့ကြောင့် "ရူပံ ဘိက္ခဝေ အနတ္တာ" လို့ မြတ်စွာဘုရား မိန့်တော်မူခဲ့ပါတယ်။ ယခုဟောခဲ့တဲ့ ဒေသနာတော်အတိုင်း ရုပ်တရား အပေါ်မှာ·အနတ္တလက္ခဏာ တင်ပြီးတော့ ဝိပဿနာရှုတာက ဝိပဿနာဘာဝနာ ခေါ်တယ်။

အဲတာလို - "ဝိပဿနာယာနိက"သဘောနဲ့ အထပ်ထပ် ဆင်ခြင်ပွားများအားထုတ်ကြပါလျှင် ရုပ်တရားအပေါ်မှာ စွဲလမ်းပြီး အမြင်မှားနေတဲ့ အတ္တဒိဋ္ဌိကင်းပျောက်ပြီးတော့ အမြင်မှန်ဖြစ်တဲ့ မဂ္ဂသမ္မာဒိဋ္ဌိဖြစ်နိုင်ပါတယ်။ ယခုဟောခဲ့တဲ့ဒေသနာတော်က ရုပ်တရားအပေါ်မှာ လက္ခဏာယာဉ် သုံးပါးနဲ့တင်ပြီးတော့ ဝိပဿနာဘာဝနာရှုနည်းဖြစ်တယ်။ ထို့အတူဘဲ နာမ်တရားအပေါ်မှာလဲ အနိစ္စ – ဒုက္ခ – အနတ္တ ဆိုတဲ့ လက္ခဏာယာဉ်သုံးပါးတင်ပြီးတော့ ဝိပဿနာဘာဝနာအဖြစ်ဖြင့် ပွားများရမယ်။

ဤကဲ့သို့ "ပရမတ္ထသစ္စာနယ်"ဘက်က ရုပ် - နာမ် တရားနှစ်ပါးကို ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ်အမြင်နဲ့ ရှု ဆင်ခြင်လို့၊ ပွားများ အားထုတ်လို့ သက္ကာယဒိဋ္ဌိ ကင်းပျောက်သွားရင် အရိယသစ္စာနယ်ဘက်သို့ ရောက်ပြီလို့ သိရမယ်။

အရိယသစ္စာနယ်ဘက်သို့ ရောက်သွားရင် အောက်ထစ်ဆုံးအားဖြင့် ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ ပြုတ်သွားတော့ အားလုံး အမြင်မှန်ရသွားပြီ။ ယုံမှားသံသယမရှိတော့ဘူး။ ကျိန်းသေ အပါယ်လေးပါးကလွတ်ပြီလို့ "**မဂ္ဂသမ္မာဒိဋ္ဌိဉာဏ်**"အမြင်နဲ့ မြင်သွားတော့တာပေါ့။

ယခုဟောခဲ့သော အကျဉ်းမျှ ဖြစ်သော ဒေသနာတော် အစဉ်အတိုင်း နယ်သုံးနယ်ကို ဉာဏ်အမြင်သုံးမျိုးနဲ့ဆင်ခြင်ကြည့်ရှုပြီး လေးလေးစားစားအားထုတ်ကြပါလို့တိုက်တွန်းခဲ့ပါတယ်။ အဟုတ်တကယ်အားထုတ်မယ်ဆိုရင် နောက်ဆုံး အရိယသစ္စာနယ်ကို ရောက်သွားပြီးတော့ ဝဋ်ဒုက္ခငြိမ်းရမှာအမှန်ဘဲသို့ စိတ်ချလက်ချ ယုံကြည်လေးစားကြစေကုန် သတည်း။

(ဘာဝနာကထာ ပြီး၏)

## နမော လောကဂရုနော ဇေယျတု
## (၃၀) အပစာယနကထာ

အဘိဝါဒန သီလိဿ၊
နိစ္စံ ဝုဍ္ဎာပစာယိနော။
စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊
အာယု ဝဏ္ဏော သုခံ ဗလံ။ ။

အဘိဝါဒန သီလိဿ၊ အဉ္စလီကမ္မ-ဝန္ဒနာကမ္မ နှစ်ဝစုံဖြိုး လက်စုံမိုး၍ ရှိခိုးလေ့ရှိထသော။ နိစ္စံ၊ အမြဲ။ ဝုဍ္ဎာပစာယိနော၊ အသက်သိက္ခာ ဂုဏ်ဝါမြင့်သီး ကြီးသောသူတို့ကို ရိုသေလေ့ရှိထသော။ ပုဂ္ဂလဿ၊ ကိုယ်ကို နှိမ်ချ နိဝါတနှင့် နိမာနမင်္ဂလာ စေတနာရှိသော ပုဂ္ဂိုလ်အား။ အာယု၊ ဆင့်တန်းပြည့်နေ အသက်ရှည် ရခြင်းငှင်း။ ဝဏ္ဏော၊ ဥပမိဂုဏ် ပြည့်စုံတင်းတင်း အဆင်း လှခြင်းငှင်း။ သုခံ၊ ဘောဂသမ္ပဒါ စည်းစိမ်သာ၍ ချမ်းသာရခြင်းငှင်း။ ဗလံ၊ ကာယ-ဉာဏ နှစ်ဝထင်ရှား အစွမ်းအားနှင့် ပြည့်စုံရခြင်းငှင်း။ ဣတိ၊ ဤသို့။ စတ္တာရော၊ လေးပါးကုန်သော။ ဓမ္မာ၊ လူ-ဗိုလ်အများ အလွန်လိုလားသည့် ကောင်းကျိုးတရားတို့သည်။ ဝဍ္ဎန္တိ၊ တနေ့တခြား တိုးပွားနိုင်ကုန်၏။

ယနေ့-ဟောပြောဘို့ တရားတော်ကတော့ အစဉ်ရောက်သောအားဖြင့် ပုညကြိယာဆယ်ပါးထဲက လေးခုမြောက်ဖြစ်တဲ့ "အပစာယန" ခေါ်တဲ့ ပုညကြိယာဒေသနာကို ဟောပြဘို့ဖြစ်ပါတယ်။ ဘယ်သဘောကို အပစာယန ခေါ်သလဲလို့ဆိုတော့ အရိုအသေ အလေးအမြတ် ပြုတာကို အပစာယန ခေါ်ပါတယ်လို့ မှတ်ကြ။ ရတနာသုံးပါး, အမိ - အဘ, ဆရာသမား အနန္တငါးပါးကစပြီးတော့ မိကြီး-မိထွေး, ဘကြီး-ဘထွေး အစရှိတဲ့ ရိုသေထိုက်တဲ့ဂုဏ်နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်များကို လေးစားရမယ်၊ ရိုသေကြရမယ်၊ ခရီးဦး ကြိုဆိုရမယ်၊ လက်အုပ်ချီခြင်း အဉ္စလီကမ္မ-ရှိခိုးခြင်း ဝန္ဒနာကမ္မ အမှုကိုပြုကြရမယ်။ အဲတာလို ကြီးသောသူတို့အား အရိုအသေပြုတဲ့ကုသိုလ်ဟာ အပစာယန ပုညကြိယကုသိုလ် ဖြစ်ပေတယ်။

ရိုသေထိုက်တဲ့ပုဂ္ဂိုလ်ကို ရိုသေကြရမယ်ဆိုရင်၊ " ဂါရဝေါစ နိဝါတောစ" ဆိုတဲ့ မင်္ဂလသုတ် ဒေသနာတော်အရ- ဂါရဝမင်္ဂလာ - နိဝါတမင်္ဂလာ ဖြစ်ကြတာပေါ့။ "မင်္ဂလန္တိ ဣဒ္ဓိ ကာရဏံ သဗ္ဗသမ္ပတ္တိ ကာရဏံ"

ဆိုတဲ့ ဒေသနာတော်အတိုင်း "မင်္ဂလာ" ဟူသော အမည်ရတဲ့ တရားဖြစ်ရင် အလုံးစုံ အလိုရှိသမျှ သမ္ပတ္တိဂုဏ်နဲ့ ပြည့် စုံ ခြင်း ၏ အကြောင်းဖြစ်ပေတယ် ဟူ၍ မှတ်ကြပေတော့။

စူဠကမ္မ ဝိဘင်္ဂသုတ်တော်မှာ မြတ်စွာဘုရားမိန့်တော်မူတာကတော့ ယုတ်နိမ့်သောအမျိုးမှာ ဖြစ်ရခြင်း၊ မြင့်မြတ်သော အမျိုးမှာ ဖြစ်ရခြင်း အဲဒီတာလို နှစ်မျိုးရှိတဲ့အနက် ရှိခိုးထိုက်တဲ့ပုဂ္ဂိုလ်ကိုရှိခိုးခြင်း၊ ခရီးဦးကြိုဆို ထိုက်တဲ့ပုဂ္ဂိုလ်ကို ခရီးဦးကြိုဆိုခြင်း၊ နေရာထိုင်ခင်းပေးရမဲ့ပုဂ္ဂိုလ်ကို နေရာ ထိုင်ခင်းပေးခြင်း၊ ခရီးလမ်း ရှောင်လွှဲပေးရမဲ့ပုဂ္ဂိုလ်ကို ခရီးလမ်းရှောင်လွှဲ ပေးခြင်း၊ ပူဇော်ထိုက်တဲ့ပုဂ္ဂိုလ်ကို ပူဇော်ခြင်း၊ ဤသို့စသည်ဖြင့် အရိုအသေ ပြုတဲ့အမှုဟာ ဧကြဝတေး, မန္တတ်, ပဒေသရာဇ်,ဧကရာဇ်, သူဌေး,သူကြွယ် အစရှိတဲ့ မြင့်မြတ်တဲ့အမျိုးမှာ ဖြစ်ရခြင်းဆိုတဲ့ "ဥစ္စကုလိန သံဝတ္တနိက" အကျိုးကို ရနိုင်တယ်ဟူ၍ မိန့်တော်မူခဲ့ပါတယ်။

မိမိကိုယ်ကို နှိမ်ချပြီးတော့ ရိုသေသာမှုပြုတဲ့ ဂါရဝ-နိဝါတ-နိမာန မင်္ဂလာဟာ အလွန် အဘိုးတန်သဖြင့် ကျင့်သင့်, ကျင့်ထိုက်တဲ့ တရားဘဲလို့ မသိတာက များနေကြတယ်။ အရိုအသေကင်းမဲ့ပြီး အလွန်ရိုင်းစိုင်းနေကြ ပေတယ်။ အဲဒီတာလို ရိုသေခြင်း "အပစာယန" အမှု မရှိကြရင် ၎င်းပုဂ္ဂိုလ် မျိုးဟာ ဖုန်းတောင်းယာစကာ ဒွန်းစဏ္ဍား ပန်းမှိုက်သွန် အစရှိတဲ့ ယုတ်ညံ့ တဲ့ အမျိုးမှာ ဖြစ်ရတတ်တယ်။ သို့ဖြစ်၍ ကြီးသောသူများအား ရိုသေခြင်း ဆိုတဲ့ "အပစာယန" ကုသိုလ်ကို မိမိတို့လဲ ကျင့်ကြံကြပါ၊ သူတပါးကိုလဲ ယဉ်ကျေးမှုရှိအောင် ကျင့်ကြံရေးကို နည်းလမ်းပေးကြပါလို့ တိုက်တွန်းပါ တယ်။

အရိုအသေပြုခြင်း "အပစာယန" အမှုဟာ ငယ်တဲ့သူများကသာ ကြီးတဲ့သူတွေကို ပြုရမဲ့ဝတ္တရားလို့ တထစ်ကျ, မမှတ်ရဘူး။ ဘယ်ကြောင့် ပါလဲဆိုတော့ ပိဋကတ်ကျမ်းဂန် တတ်ပြီးတော့ ဂဏဝါစကဂုဏ်ထူးဖြင့် အလွန် ထင်ရှားနေတဲ့ "ပေါဋ္ဌိလ"မထေရ်မြတ်ဟာ မိမိကိုယ်ကို နှိမ်ချခြင်း နိဝါတ - နိမာန သဘောထားပြီးတော့ ခီဏာသဝဖြစ်တဲ့ ရှင်သာမဏေ ကလေးအား လက်အုပ်ချီပြီးတော့ အရိုအသေပြုတဲ့သာဓကကိုလဲ ထောက် ကြည့်ပြီးတော့- ကြီးတဲ့သူကပေတဲ့ ငယ်တဲ့သူကို အရိုအသေ ပေးသင့်တဲ့ အရာမှာ အရိုအသေပေးရပါတယ်။

ထို့ပြင်လဲ ပညာအရာမှာ ဧတဒဂ်ရ ဖြစ်တော်မူတဲ့ မြတ်စွာဘုရား၏ လက်ျာတော်ရံ အရှင်သာရိပုတြာ မထေရ်မြတ်ပင်လျှင် ခုနစ်နှစ်အရွယ် ရှင်သာမဏေငယ်ကလေးကို လက်အုပ်ချီပြီးတော့ ရိုသေသမှု "အဥ္စလီကမ္မ" ပြုတာကို ထောက်ကြည့်ရင်လဲ လူကြီးကပေတဲ့ ရိုသေထိုက်တဲ့ လူငယ်ကို အရိုအသေပြုသင့်တဲ့အရာမှာ ပြုသင့်ကြောင်း မှတ်ရပေမယ်။

ကြီးတယ်ဆိုတဲ့ ဝုဍ္ဍိ သဘောဟာ ဇာတိဝုဍ္ဍိ - ဝယဝုဍ္ဍိ - ဂုဏဝုဍ္ဍိ ဟူ၍ သုံးမျိုးရှိဘဲ့အနက် ဇာတ်အားဖြင့်ကြီးခြင်း ဇာတိဝုဍ္ဍိ၊ အရွယ်အား ဖြင့် ကြီးခြင်း ဝယဝုဍ္ဍိ-ဤနှစ်မျိုးနဲ့ကြီးတိုင်းလဲ အကြီးမဟုတ်သေးပါဘူး၊ ဂုဏ်နဲ့တွဲစပ်ပြီးတော့ကြီးမှသာ အကြီးဖြစ်ပေတယ်။ ထင်ရှားအောင်ပြော ရသေးတာပေါ့။

ဇာတ်အားဖြင့်ကြီးတဲ့ လေးကျွန်းသေဋ္ဌနင်း စကြာမင်းဟာ ယနေ့ ပြုသစ်စဖြစ်တဲ့ ရှင်သာမဏေငယ်ကလေးအား လက်အုပ်ချီခြင်းအဥ္စလီကမ္မ ရှိခိုးခြင်း ဝန္ဒနာကမ္မအမှု ပြုရပေတယ်။ အရွယ်အားဖြင့်ကြီးတဲ့ မိဘနှစ်ပါး တို့ဟာ မိမိတို့ရဲ့သားဖြစ်တဲ့ ရှင်သာမဏေငယ်ကလေးအား အဥ္စလီ ကမ္မ- ဝန္ဒနာကမ္မ ပြုရပေတယ်။ အဲတာလိုညွှန်ပြတဲ့ သားကကို ထောက်ဆပြီး တော့ ဇာတိဝုဍ္ဍိ - ဝယဝုဍ္ဍိ နှစ်မျိုးထက် ဂုဏဝုဍ္ဍိဟာ လိုရင်းကျကြောင်း သိကြပါသဖြင့် လူငယ်ကသာ လူကြီးကိုအရိုအသေပေးရမယ်။ လူကြီးက လူငယ်ကို အရိုအသေမပေးထိုက်ဘူးလို့ တထစ်ကျ မမှတ်ရပေဘူး။ အရို အသေပေးထိုက်တဲ့ဂုဏ်ရှိလျှင် လူကြီး-လူငယ်မရွေး မည်သူကိုမဆို အပြန် အလှန် ရိုသေခြင်း "အပစာယန" အမှုကို ပြုရမယ်ဆိုတာ သတိပြုကြပါ။

ယခုဟောခဲ့တဲ့ အပစာယနအမှုဟာ ယခုခေတ်မှာ နားမလည်ကြ၊ အရေးမစိုက်ကြတော့ အလွန်ရိုင်းစိုင်းပြီး ယဉ်ကျေးမှုကင်းနေကြပေတယ်။ မြို့နေလူထုနဲ့ တောနေလူထု နှစ်မျိုးခွဲပြီး ကြည့်မယ်ဆိုရင် မြို့နေလူထုထက် တောနေလူထုက အရိုအသေ ဂရုဂါရဝ အပစာယန တရားရှိကြောင်းကို ဘုန်းကြီးများကိုယ်တွေ့ ညွှန်ပြရအုံးမယ်။

တနှစ်သောအခါက ပင်လယ်ဝ မုတ်ကျွန်းဘက်ကို သိမ်သမုတ်ရန် ကိစ္စနဲ့ပတ်သက်ပြီး ရောက်သွားကြတယ်၊ တည်းခိုတဲ့နေရာက သောင်ခုံရွာ ကျောင်းဖြစ်ပေတယ်။ ညနေပိုင်းအခါ ဆိုင်ရာကိစ္စမရှိခိုက် အချိန်အားလပ် နေကြတာနဲ့ ပင်လယ်ကမ်းခြေကိုရောက်ဘူးအောင် အညောင်းပြေ လမ်း

လျှောက်ထွက်ကြတယ်။ အဲဒီသောင်ခုံရွာဆိုတာက ရွာလယ်မှာ လမ်းမကြီး တလမ်းထဲထားပြီးတော့ လမ်းတောက်လျှောက်ဖောက်ထားတဲ့ ရွာရှည်ကြီး ဖြစ်တယ်။ လမ်းမကြီးကိုမျက်နှာပြုပြီး နှစ်ဘက်ညှပ်ကာ အိမ်တွေကို ဆောက်ထားကြတဲ့ ရွာတန်းရှည်ကြီးပေါ့။ ဘုန်းကြီးတို့ သံဃာ ဆယ့်လေးငါးပါးလမ်းမကြီးအတိုင်းလျှောက်သွားကြတော့ မြင်မြင်သမျှ အိမ်ပေါက်စေ့ အိမ်ရှိလူကုန် ကလေးများပါမကျန် အကုန်အိမ်အောက်ကိုဆင်းကြပြီး သံဃာတော်များကို လက်အုပ်ချီကြ-ရှိခိုးကြ-ကြည်ညိုကြပေတယ်။ အဲဒီလို တောရွာကလူစုတွေ ရိုသေခြင်း အပစာယနအမှု ပြုကြတာကိုမြင်ရတော့ ... အင်း- တောကလူတွေဖြစ်ပေတဲ့ တော်ကြပါပေတယ်လို့ သူတို့ရဲ့ ဘာသာရေး ယဉ်ကျေးမှုကို သာဓုခေါ်ကာ ဝမ်းမြောက်ခဲ့ရတယ်။ ပမာတခု ပြောပြရအုံးမယ် ... ဘုရားတွေပေါတဲ့အရပ်ကလူများဟာ ဘုရားတောကဖြစ်လို့ ဘုရားတွေကို ကြည်ညိုရမှန်း မသိသလို ထင်ပါရဲ့ ဘုန်းကြီးတို့ ရန်ကုန်က လူတွေလဲ ဘုန်ကြီးတောကဖြစ်နေလို့ ဘုန်းကြီး တွေကို အရေးမလုပ်နိုင်တော့ဘူး လမ်းသွားရင် များသောအားဖြင့် ဘုန်းကြီးတွေက ရှောင်သွားရတယ်၊ မရှောင်ရင် သူတို့က ဝင်တိုးမဲ့အနေ အမြဲတမ်း တွေ့နေရပေဘယ်။

ဤကဲ့သို့ အပစာယနအမှုကင်းကြပြီးတော့ ရိုသေရမဲ့ပုဂ္ဂိုလ်များကို ရိုသေခြင်းမရှိကြရင် ခုတင်ကဟောခဲ့တဲ့ နီစကုလ သံဝတ္တနိကအကျိုး ယုတ်ညံ့တဲ့အမျိုးမှာ ဖြစ်ကြရလိမ့်မယ်။ သို့အတွက် ရိုသေ ထိုက် တဲ့ ပုဂ္ဂိုလ်ကို ရိုသေခြင်း ဂရုဂါရဝ အပစာယန ကုသိုလ်ကို သတိပြုကြပါလို့ ထပ်မနား တိုက်တွန်းခဲ့ပါတယ်။

ကြီးတဲ့သူများကို ရိုသေသမှုပြုခြင်း အမှုဟာ လူလူချင်းမပြောနဲ့ တိရစ္ဆာန်များတောင် ကြီးစဉ်ငယ်လိုက် ရိုသေကြလို့အကျိုးရပုံကို မြတ်စွာဘုရားသည် “တေနိပါတ်,တိတ္တိရ”ဇာတ်တော်မှာ ဟောကြားခဲ့ပုံကို ထုတ်ဖော်ပြရသေးတာပေါ့။

ယေ ဝုဍ္ဎမပစာယန္တိ၊
နရာ ဓမ္မဿ ကောဝိဒါ။
ဒိဋ္ဌေဝ ဓမ္မေ ပါသံသာ၊
သမ္ပရာယေ စ သုဂ္ဂတိ။ ။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ဓမ္မညာ၊ ကြီးသောသူတို့ကို ရိုသေရခြင်း ဝုဍ္ဍာပစာယန ဓမ္မ၌။ ကောဝိဒါ၊ နည်းမှန်သိစွာ လိမ္မာကြကုန်သော။ ယေနရာ၊ အကြင် သူတို့သည်။ ဝုဍ္ဎဲ၊ အသက်သိက္ခာ ဂုဏ်ဝါမြင့်သိ ကြီးသောသူတို့ကို။ အပစာယန္တိ၊ အလေးပြုကြ, ရိုသေကြကုန်၏။ တေနရာ၊ ထိုသူတို့သည်။ ဒိဋ္ဌေဝဓမ္မေ၊ မျက်မှောက်ဘဝ ပစ္စုပ္ပန်လောက၌ပင်လျှင်။ ပါသံသာ၊ အများနှစ်ခြိုက် ချီးမွမ်းခြင်းငှာ ထိုက်ကုန်၏။ သမ္ပရာယေစ၊ တမလွန်ဘဝ နောင်လောက၌လည်း။သုဂ္ဂတိံ၊ချမ်းသာမျိုးစုံသုဂတိဘုံသို့။ ယန္တိ၊ လားရောက်ကြရလေကုန်၏။

ဤဒေသနာတော်ကို ဟောရခြင်းအကြောင်းရင်းကတော့ လွန်လေပြီးသော အတိတ်ကာလက ဟိမဝန္တာတောင်၌ ခါ, မျောက်, ဆင် ဆိုတဲ့ အဆွေခင်ပွန်းသုံးဦးတို့ဟာ စည်းကမ်းကိုမသိခင်တုံးက တဦးကိုတဦး ရိုသေခြင်း, တုန့်ဝပ်ခြင်းမရှိမှု၍ ဖြစ်သလို နေထိုင်ကြသတဲ့။ တနေ့သောအခါ ကျတော့ သတိတရားရကြပြီး အဆွေတို့ ငါတို့ဟာ ဒီလိုနေလို့မဖြစ်ကြဘူး ကြီးတဲ့သူကို အရိုအသေပေးပြီး ကြီးတဲ့သူရဲ့သြဝါဒကို နာခံပြီး နေကြမှ သင့်တော်မယ်။ သို့အတွက် ငါတို့သုံးယောက် အကြီး - အငယ် ရွေးကြစို့ ဆိုပြီးတော့ - ခါနဲ့မျောက်က မေးကြသတဲ့။ အဆွေဆင် ငါတို့မှီခိုနေတဲ့ ပညောင်ပင်ကို ဘယ်အရွယ်လောက်ကစပြီး သိပါသလဲ သို့မေးတော့ မိတ်ဆွေတို့ ... ငါ ဆင်ငယ်ဘဝက ဒီပညောင်ပင်ကို ကျော်ပြီး သွားတဲ့ အခါ ပညောင်ပင်ဟာ ငါ၏ချက်အောက်ကနေတယ်၊ အဲဒီအခါကစပြီးသိရတယ် လို့ ပြောကြားတယ်။ တဖန် ဆင်နဲ့ခါက မျောက်ကို မေးတဲ့အခါမှာ- အဆွေတို့ ငါ မျောက်ငယ်ဘဝက ဤပညောင်ပင်အနားမှာ ထိုင်ပြီးတော့ မမော်ဘဲနဲ့ အညွန့်ကို စားနိုင်တဲ့အခါကစပြီး သိရတယ်လို့ ပြောသတဲ့။ ထိုနောက် အဆွေနှစ်ယောက်က ခါ,ကို မေးကြတဲ့အခါမှာ- အဆွေတို့ ရှေးအခါက ဤနေရာမှာ ပညောင်ပင် မရှိဘူး၊ ငါသည် တပါးသော ညောင်ပင်ကညောင်သီးကိုစားခဲ့ပြီးတဲ့နောက်ဤနေရာ၌ကျင်ကြီးကိုစွန့်ပစ်ခဲ့တဲ့အတွက် ဤပညောင်ပင်ပေါက်ရတယ်။ သို့အတွက် ဤပညောင်ပင်၏ အကြောင်းကို မဖြစ်ပေါ်မီက ငါသိပေတယ်လို့ ပြောကြားသတဲ့။

ဤသို့ အကြီး အငယ် ရွေးကြတဲ့အခါမှာ ခါက အကြီးဆုံးဖြစ်နေတော့ မျောက်နဲ့ဆင်တို့က–အဆွေခါ၊ သင်သည် ငါတို့ထက်ကြီးပေတယ်၊ ယနေ့ကစပြီး ငါတို့ကို ဆုံးမ ပါ၊ သင်၏ဩဝါဒကိုခံယူပြီး ငါတို့နေကြမယ်လို့ ကတိခံကြပြီးတော့ အကြီးဆုံးဖြစ်တဲ့ ခါ အား ရိုသေခြင်း၊ အဆုံးမကို ခံယူခြင်းပြုကြပြီးတော့ အသက်ထက်ဆုံး ညီညွတ်စွာ နေကြပြီး သုဂတိနတ်ပြည်သို့ လားရောက်ရကြောင်းကို မြတ်စွာဘုရား မိန့်ကြားတော်မူပါတယ်။

ဗုဒ္ဓရှင်တော်မြတ်သည် ဤတိတ္တိရဇာတ်ကို သာဓကဆောင်ပြီးတော့ ရဟန်းတော်များအား ဆုံးမတော်မူသည်မှာ– ချစ်သားရဟန်းတို့ တိရစ္ဆာန်များပင် ကြီးစဉ်ငယ်လိုက် သိတတ်သောအားဖြင့် ကြီးသောသူကို အရိုအသေ အလေးအမြတ်ပြုကာ နေတတ်ကြပေသည်။ သင်တို့သည်ကား.... သာသနာတော်မှာ ရဟန်းပြုပြီး နေကြတဲ့ပုဂ္ဂိုလ်တွေဖြစ်တဲ့အတိုင်း အသိဉာဏ်ရှိကြသောအားဖြင့် ထေရ်စဉ်ဝါလိုက် မထေရ်ကြီး အစဉ်အတိုင်း ကြီးသောသူများကို အရိုအသေ ဂရုဂါရဝပြုပြီးနေကြရမယ်လို့ နိဝါတ, နိမာန, ဂရုဂါရဝ မင်္ဂလာဖြစ်တဲ့ ဝုဍ္ဎာပစာယနကျင့်ဝတ်ကို ရဟန်းတော်များအား ဆုံးမဩဝါဒပေးတော်မူပါတယ်။

ယခုဟောကြားခဲ့တဲ့ ဒေသနာသဘောသွားကို အမြဲတမ်းစိတ်ထားပြီး အရင်းအနှီး တပြားတချပ်မှ မကုန်ရတဲ့ "အပစာယန" ကုသိုလ်စုကို ရအောင်အားထုတ်ကြပါ။ မိမိအောက်က သား-သမီး-ငယ် ကလေးသူငယ်တွေကိုလဲ သွန်သင်ပြောပြပြီး နည်းလမ်းပေးကြပါ။ အတိုချုပ်ပြောရရင် လူကြီးသူကြီးတွေကို ရိုသေကြရင် ဖြစ်ရာဘဝမှာ မြင့်မြတ်တဲ့အမျိုးအနွယ်မှာ ဖြစ်ရမယ်။ လူကြီးသူကြီးတွေကို မရိုသေကြရင် ဖြစ်ရာဘဝမှာ ယုတ်နိမ့်တဲ့အမျိုးမှာ ဖြစ်ရမယ်။ အမျိုးမြတ် - အမျိုးယုတ်ကိုလဲ ကြည့်ထားကြအုံး၊ ယခုမျက်မှောက် မိမိတို့မျက်မြင်မှာ ကြည့်ကြစမ်း - မင်းစိုးရာဇာ သူဌေး-သူကြွယ်ကစပြီးတော့ အထက်တန်းကျကျ နေထိုင်ကြရတဲ့သူတွေဟာ မြင့်မြတ်တဲ့အမျိုးအနွယ်တွေပေါ့။ ဖုန်းတောင်းယာစကာ သုဘရာဇာ ပန်းမှိုက်သွန် ဒွန်းစဏ္ဍားကစပြီးတော့ အောက်တန်းအကျဆုံးလူရေး·လူရာမဝင်တဲ့ လူညံ့စားတွေဟာ ယုတ်ညံ့တဲ့ အောက်တန်းစား အမျိုးအနွယ်မဟုတ်ပေါ့။ အဲတာလို ကြည့်ပြီးတော့ ဘယ်အမျိုးမှာဖြစ်ရင် ကောင်းမလဲဆိုတာ ချင့်ချိန်ကြည့်ကြပေါ့။ စဉ်းစားကြပေါ့။

ရှိသေထိုက်တဲ့ပုဂ္ဂိုလ်ကို ရှိသေကြမယ်ဆိုရင် "ဂါရဝေါစ-နိဝါ တောစ"ဆိုတဲ့ မင်္ဂလသုတ် ဒေသနာတော်အရ - ဂါရဝမင်္ဂလာ - နိဝါတ မင်္ဂလာ ဖြစ်ကြရမယ်။ "မင်္ဂလန္တိ ဣဒ္ဓိ ကာရဏံ သဗ္ဗသမ္ပတ္တိ ကာရဏံ"ဆိုတဲ့ အတိုင်း "မင်္ဂလာ"ဟူသော အမည်ရတဲ့ တရားဖြစ်ရင် အလုံးစုံအလိုရှိသမျှ သမ္ပတ္တိဂုဏ်နဲ့ ပြည့်စုံခြင်း၏ အကြောင်းဘဲလို့ မှတ်ကြရမယ်။

နိဂုံးချုပ်ကြစို့ - သတ္တဝါအပေါင်းတို့၏ အကျိုးစီးပွားကို လိုလား တော်မူသော ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် သတ္တဝါအများ ကြီးပွားချမ်း သာ၍ ကောင်းကျိုးကို ခံစားကြရအောင် နည်းလမ်း ပေးတော်မူခဲ့တဲ့ ကုသိုလ်တရားတွေထဲက ဘဝအဆက်ဆက်မှာ ကောင်းကျိုးကိုသာ ခံစား ကြရအောင် ယဉ်ကျေးမှုဖြစ်ပြီးတော့ မြင်မြင်သမျှပုဂ္ဂိုလ်တိုင်းက ချီးမွမ်း ခြင်းကို ခံကြရအောင် စုတေ, ပျက်ကြွေ, သေသည်၏ နောင် ဘဝမှာလဲ အပါယ်လေးပါးမှ လွတ်ကင်းပြီးတော့ သုဂတိဘုံသို့သာ လားရောက်ကြ ရအောင် အပစာယန ဆိုတဲ့ ပုညကြိယာ ကုသိုလ်တပါးကို ထုတ်ဖော်ပြီး- ဟောကြား ကျင့်စဉ်တပါး ပေးခဲ့တာကို လေးစားစွာ လိုက်နာကျင့်သုံး၍ နှလုံးကြည်ဖြူ ခံယူလိုက်နာကြပါစေလို့ ဆုတောင်း မေတ္တာပို့ပြီး တရား တော် အပြီးသတ်ကြဦးစို့။

အဘိဝါဒန သီလိဿ၊
နိစ္စံ ဝုဍ္ဍာ ပစာယိနော။
စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊
အာယု ဝဏ္ဏော သုခံ ဗလံ။ ။

(ရှေးအတိုင်း အနက်ပေး၍ တရားတော် အပြီးသတ်ပါကုန်။)

(**အပစာယန ဓမ္မကထာ ပြီးပြီ**)

## နဝမ မဟာ ကာရုဏိကဿ ဇေယျတု၊
## (၃၁) ဝေယျာဝစ္စကထာ။

အတ္တာ ဟိ အတ္တနော နာထော၊
ကော ဟိ နာထော ပရော သိယာ။
အတ္တနာ ဟိ သုဒန္တေန၊
နာထံ လဘတိ ဒုလ္လဘံ။ ။

အတ္တာဟိ-အတ္တာဧဝ၊ ထင်ရှားသော မိမိကိုယ်သည်ပင်လျှင်။ အတ္တနော၊ မိမိ၏။ နာထော၊ မှီခိုစရာအစစ် အားထားရာဖြစ်ပေ၏။ ပရော၊ မိမိမှတပါး အသွင်တခြား ဖြစ်သော။ ကော၊ သားနှင့်သမီး ဇနီးမယား လင်သားဆွေညာ မိတ်သဟာတမူ အဘယ်မည်သောသူသည်။ နာထော၊ အားထားစရာသည်။ သိယာ၊ ဖြစ်နိုင်ပါအံ့နည်း။ အတ္တနာဟိ-အတ္တနာဧဝ၊ မိမိသည်သာလျှင်။ သုဒန္တေန၊ ပြုပြင်စစ်ဆေး လွန်ယဉ်ကျေးသဖြင့်။ဒုလ္လဘံ၊ ရခဲ,ကြုံခဲ,ရောက်နိုင်ခဲလှသော။ နာထံ၊ အားထားရာဖြစ် နိဗ္ဗာန်တည်းဟူသော တရားစစ်ကို။ လဘတိ၊ ရ,ရောက် ခံစားရနိုင်၏။

လောကကြီးမှာ မှီခိုစရာ,အားထားစရာ ရှာမှီးနေကြတဲ့သူတွေဟာ မိမိကိုယ်သာလျှင် မိမိ၏ မှီခိုစရာအစစ် ဖြစ်တယ်သို့ မှတ်ရမယ်။ မိမိမှတပါး တခြားသော သားသမီးနှင့် ဇနီးမယား လင်သားဆွေညာမိတ်သဟာ ဟူသမျှ ဟာ မှီခိုစရာအစစ် မဖြစ်နိုင်ပါဘူးတဲ့။ ဘယ်ကြောင့်ပါလဲ ဆိုတော့.... သူတပါးကို မှီခိုနေရုံ, အားထားနေရုံနဲ့ တရားထူးကိုမရနိုင်ပါဘူး မိမိကိုယ်ကို မှီခိုအားထားပြီး မိမိကိုယ်တိုင်သာ ပြုပြင်စစ်ဆေးလို့ ယဉ်ကျေးမှုရှိပါမှ တရားထူးကိုရနိုင်ကြောင်း ရှင်တော်ဘုရား ဟောတော်မူခဲ့ပါတယ်။

သို့ဖြစ်ပါသောကြောင့် ကိုယ့်ကိုယ်ကိုသာလျှင် အားကိုးအားထား ပြုပြီးတော့ ယဉ်ကျေးမှု ရအောင်၊ လမ်းမှန်သော ကျင့်စဉ် ပဋိပတ်မျိုး ရအောင် နည်းလမ်းကောင်းကို ရှာကြရမယ်။ ယခုလို တရားနာဘို့ကြုံတဲ့ အခါမျိုးမှာလဲ တရားတော်ကို နာယူပြီးတော့ မိမိကိုယ်ကို ယဉ်ကျေး အောင် ပြုပြင်နိုင်တဲ့ နည်းလမ်းကောင်းများကို နာယူမှတ်သားကြပါလို့ များစွာ တိုက်တွန်းခဲ့ပါတယ်။

ယနေ့ဝါခေါင်လဆုတ်(၈)ရက်နေ့မှာတော့ ပုညကြိယာဆယ်ပါး ရှိတဲ့အနက် "ဝေယျာဝစ္စ"နဲ့ ပတ်သက်တဲ့ အကြောင်းအရာကို ဟောပြောဘို့ အစဉ်ရောက်ပြီး လာခဲ့ပါတယ်။ ထို့ကြောင့် ဝေယျာဝစ္စနဲ့ ပတ်သက်တဲ့ အကြောင်းအရာများကို ကျိုးစားပြီးတော့ နာယူမှတ်သားကြပါ။ ပုဂ္ဂိုလ်တိုင်း-ပုဂ္ဂိုလ်တိုင်းမှာ ပုညကြိယာဆယ်ပါး တရားတော်ဟာ တပါးချင်း တပါးချင်း သဘောအဓိပ္ပါယ်နှင့်တကွ ကျင့်ကြံအားထုတ်ရေးကိုသိကြဘို့ အလွန်အရေးကြီးပါတယ်။ ထို့ကြောင့် ယနေ့အဘို့မှာတော့ ပုညကြိယာဆယ်ပါးထဲက ဝေယျာဝစ္စဆိုတဲ့ ပုညကြိယာ ကုသိုလ်တပါးကို နားလည်အောင် ဟောပြောမယ်လို့ အာရုံပြုခဲ့ပါတယ်။

ဝေယျာဝစ္စကုသိုလ်ဆိုတာ ရတနာသုံးပါး-အမိ-အဘ-ဆရာသမား အစရှိတဲ့ ပုဂ္ဂိုလ်တို့ရဲ့ အမှုကြီးငယ်ကို ဆောင်ရွက်ပေးတာကို ဝေယျာဝစ္စကုသိုလ် ခေါ်ပါတယ်။ ဒီနေရာမှာ လူငယ်များက လူကြီးများ၏ အမှုကိစ္စကို ဆောင်ရွက်ပေးမှ ဝေယျာဝစ္စကုသိုလ် ခေါ်သလား ဆိုတော့ လူကြီးများကလဲ လူငယ်များ၏အမှုကိစ္စအာဝကို ရွက်ဆောင်ပေးရင်လဲ ဝေယျာဝစ္စကုသိုလ်လို့ဘဲ ခေါ်ရပါတယ်။

ထို့ကြောင့် "သုတ်ပါထေယျ သိင်္ဂါလသုတ်"မှာ သားသမီးများက မိဘများအပေါ်မှာ ပြုကျင့်ရမဲ့ဝတ္တရား၊ မိဘများက သားသမီးများအပေါ်မှာ ပြုကျင့်ရမဲ့ဝတ္တရား။ ထို့အတူဘဲ ပြုကျင့် ဆောင်ရွက်ပေးရမဲ့ ဝတ္တရားတွေဟာ လင်ကျင့်ဝတ်, မယားကျင့်ဝတ်, မိတ်ဆွေတို့ကျင့်ဝတ်, အရှင်ကျင့်ဝတ်, ကျွန်ကျင့်ဝတ်။ သာသနာရေးဘက်ကဆိုရင်လဲ ဒါယကာများ ပြုကျင့်ရမဲ့ကျင့်ဝတ်,ရဟန်းသံဃာတော်များကျင့်ရမဲ့ကျင့်ဝတ် ဆိုပြီးတော့ ရှင်တော်မြတ်ဘုရား ညွှန်ကြားတော်မူခဲ့တဲ့ ကျင့်ဝတ်တရားတွေဟာ အားလုံး ဝေယျာဝစ္စကုသိုလ်တွေချည်းဘဲ။

ဤကဲ့သို့ ရှင်တော်မြတ်ဘုရား ဟောကြားတော်မူခဲ့တဲ့ ကျင့်ဝတ်တရားတွေကို ထောက်ထားပြီး ကြည့်မယ်ဆိုရင် လူကြီးများကလဲ လူငယ်များအပေါ်မှာ ထိုက်သင့်သလို အမှုကိစ္စကို ဆောင်ရွက်ပေးရမယ်။ လူငယ်များကလဲ လူကြီးများအပေါ်မှာ ထိုက်သင့်သလို အမှုကိစ္စဘွေကို ရွက်ဆောင်ပေးရမယ်။ အဲဒါလို ရွက်ဆောင်ပေးတဲ့ကုသိုလ်ဟာ "ဝေယျာဝစ္စကုသိုလ်"တွေချည်းဘဲလို့ မှတ်ချက်ချရမှာပေါ့။

ဂုဏ်း ဝေယျာဝစ္စကုသိုလ်ဆိုတာ ဘုန်းကြီး ၁၊ခေါ်လပြည့်နေ့က ဟောခဲ့တဲ့ ရတနာသုံးပါး, လူကြီးမိဘ အစရှိတဲ့ ရိုသေအပ် - ရိုသေထိုက်တဲ့ ပုဂ္ဂိုလ်များအား ရိုသေရခြင်းဆိုတဲ့ အပစာယနကုသိုလ်ရယ် ယခုဟောပြနေတဲ့ ဝေယျာဝစ္စကုသိုလ်ရယ် အဲဒီတရားနှစ်ပါးဟာ " သီလမယ ပုညကြိယာ" ဝတ္ထုထဲမှာ ထည့်သွင်း ကောက်ယူရမယ် ဆိုတော့ ဝေယျာဝစ္စကုသိုလ်ဟာ သီလကုသိုလ်ထဲမှာ ပါဝင်ပါတယ်လို့ မှတ်ယူရမယ်။

အရှင်ဘုရား.... လူကြီးများက လူငယ်များအပေါ်မှာ ဝေယျာဝစ္စ ရွက်ဆောင်သွားတဲ့ ရှေးထုံးရှေးနည်းများ ရှိပါရဲ့လားဘုရား....လို့ မေးဘို့ ရှိကြတာပေါ့၊ ထင်ရှားအောင်ပြရသေးတာပေါ့။ မြတ်စွာဘုရား၏လက်ျာတော်ရံ အမြင့်မြတ်ဆုံး အဂ္ဂသာဝက ဖြစ်တော်မူတဲ့ အရှင် သာရိပုတ္တရာ မထေရ်မြတ်ကြီးကို လက်ညှိုးထိုးပြီး ပြရတာပေါ့။

အရှင်သာရိပုတ္တရာ မထေရ်မြတ်သည် နံနက်စောစောထပြီး ရဟန်းတော်များ - သာမဏေငယ်များ ဆွမ်းခံကြွကြပြီဆိုလျှင် မထေရ်မြတ်ဟာ ဦးစွာမကြွဘဲ နောက်ချန်ပြီးနေလေ့ရှိတယ်။ နောက်ချန်ပြီးနေတော်မူတာက တခြားကြောင့်မဟုတ်ဘူး၊ သံဃာငယ်များ ဆွမ်းခံကြွကြရင် ကျောင်းစဉ်လှည့်လည် ကြည့်ရှုပြီးတော့ သောက်ရေအိုးမှာ သောက်ရေမရှိရင် မထေရ်မြတ် ကိုယ်တော်တိုင် သောက်ရေဖြည့်ပြီး ထည့်ထားတော်မူတယ်။ သုံးရေအိုးမှာ သုံးရေမရှိရင်လဲ ထည့်တော်မူတယ်။ ယုတ်စွအဆုံး ဝစ္စကုဋီအတွင်းမှာ သန့်သက်ရေမရှိဘူးဆိုရင်လဲ သန့်သက်ရေ ထည့်တော်မူတယ်။ သံဃာငယ်များ အမှတ်တမဲ့ ထွက်ခွါသွားလို့ ကျောင်းတံခါးများ မပိတ်ခဲ့ဘူးဆိုရင်လဲ တံခါးတွေကို လုံခြုံအောင်ပိတ်လို့၊ အဝတ်သင်္ကန်းများ ကစင့်ကရဲ ထားခဲ့ကြရင် ခေါက်သိမ်းလို့၊ အမှိုက်သရိုက်များလှဲကျင်းပြီး သန့်ရှင်းအောင် နေ့စဉ်-ပြုလုပ်ဆောင်ရွက်တော်မူပြီးမှ မထေရ်မြတ် ဆွမ်းခံကြွတော်မူသတဲ့။

အဲဒီသာဓကကိုကြည့်ကြစမ်း ငါ့လူကြီးဘဲ ဒီလိုကိစ္စတွေကို လူငယ်များ လုပ်ကြလိမ့်မယ်၊ လူငယ်များတာဝန်ဘဲလို့ ရှောင်လွှဲပြီးနေတော်မမူဘဲ ရဟန်းငယ် - ရှင်ငယ်များရဲ့ ဝေယျာဝစ္စကို မထေရ် မြတ်ကြီး ကိုယ်တိုင် ဆောင်ရွက်သွားတော်မူတဲ့ ရှေးထုံး - ရှေးနည်းကိုလဲ အတုယူဘို့ ကောင်းကြတယ်။

ထိုမှတပါးလဲ ဝေယျာဝစ္စကုသိုလ်ဟာ ဘာနဲ့သက်ဆိုင်ပါသလဲလို့ ဆိုရင် မေတ္တာတရားနဲ့ သက်ဆိုင်ပါတယ်လို့ မှတ်ရမယ်။ မေတ္တာဆိုတာက ကာယကံမေတ္တာ-ဝစီကံမေတ္တာ-မနောကံမေတ္တာရယ်လို့ သုံးပါးရှိပါတယ်။ ထိုသုံးပါးရှိတဲ့အနက် "ကာယကံမေတ္တာ" ဆိုတာ ဘယ်လိုသဘောပါလဲလို့ ဆိုတော့ ကိုယ်ထိလက်ရောက် ကိုယ်တိုင်ကိုယ်ကျဆောင်ရွက်ပေးတဲ့ ဝေယျာဝစ္စကုသိုလ်ဟာ ကာယကံမေတ္တာဘဲ။

နိမန္တနာယ ဂမနံ၊
ပစ္စုဂ္ဂမနဥ္စ ထာပရံ။
ပညာပနံ နုဂတဥ္စ၊
ကာယကမ္မန္တိဒံ မတံ။ ။

နိမန္တိတာယ၊ ကာလဝေဘန် အချိန်တန်၍ သံဃာတော်များအား ပင့်ဘိတ်ရန်သွားခြင်းငှင်း။ ပစ္စုဂ္ဂမနဥ္စ၊ ကြွလာသည့်အခါ ထေရ်သံဃာတို့အား စိတ်ထားကြည်ညို၍ ခရီးဦး ကြိုဆိုခြင်းငှင်း။ ပညာပနဥ္စ၊ သီတင်းသုံးစရာ နေရာထိုင်ခင်း ခင်းကျင်းစီမံခြင်းငှင်း။ အနုဂတဥ္စ၊ ပြန်ကြွသည့်အခိုက် လိုက်၍ပို့လိုက်ခြင်းငှင်း။ ဣတိ၊ဤသို့။ ဣဒံသဗ္ဗံ၊ ဤသို့များစွာ ကိုယ်အင်္ဂါဖြင့် လျောက်ပတ်စွာ ပြုကြသော အမှုမျိုးကို။ ကာယကမ္မန္တိ၊ မေတ္တာကာယကံ ဟူ၍။ မတံ၊ သိအပ်၏။

အကြောင်း အားလျော်စွာ သံဃာတော်များအား ပင့်ဘိတ်ရန် အတွက် ကိုယ်တိုင်ထွက်ပြီးတော့ သွားခြင်းဟာလဲ ကာယကံမေတ္တာ ခေါ်တယ်။ ကြွလာတဲ့အခါမှာ သံဃာတော်များအား ခရီးဦးကြိုဆိုခြင်းဟာလဲ ကာယကံမေတ္တာဘဲ၊ ရောက်လာတဲ့အခါမှာ ထိုင်နေသီတင်းသုံးရန် အတွက် နေရာထိုင်ခင်း ခင်းကျင်းစီမံပြုလုပ်ခြင်းဟာလဲ ကာယကံမေတ္တာဘဲ၊ ပြန်ကြွသွားတဲ့အခါမှာ ခြံဝ-လမ်းဝရောက်အောင်၊ သို့မဟုတ် အိမ်ဝ-အိမ်တံခါးရောက်အောင် အရိုအသေပေးပြီး လိုက်ပို့ခြင်းမျိုးဟာလဲ ကာယကံမေတ္တာဘဲ။ ဒီလို ကိုယ်အင်္ဂါဖြင့် ကိုယ်ထိလက်ရောက် ရွက်ဆောင်ပြုလုပ်ခြင်းဟာ သံဃာများအပေါ်မှာသာမဟုတ်ပါဘူး၊ မိဘ,ဆရာသမား,လူကြီး-သူကြီး အရေးတယူ အလေးမူအပ်တဲ့ ပုဂ္ဂိုလ်တို့အပေါ်မှာ ပြုလုပ်ပေးခြင်းဟူသမျှ အားလုံးဘဲ ကာယကံမေတ္တာ ခေါ်တယ်လို့ မှတ်ကြရမယ်။

ထို့မှတပါး ဝစီကံမေတ္တာလို့ဆိုတာက နှုတ်ဖြင့် စိမ်ခန့်ခဲ့ပြီးတော့ အမှုကိစ္စကို ဆောင်ရွက်ခြင်းဟူသမျှဟာ ဝစီကံမေတ္တာ ခေါ်ပါတယ်။

ဝန္ဒနတ္ထာယ ဂစ္ဆာမ၊
ဥပဋ္ဌေပေထ ပါဏိယံ။
ဝေယျာဝစ္စံ ကရောထာတိ၊
ဝစီကမ္မံ တိဓာ မတံ။ ။

ဝန္ဒနတ္ထာယ၊ အနန္တငါးအင် ဂုဏ်ကြီးရှင်တို့အား ဦးတင်ရိုကျိုး ရှိခိုးခြင်း အကျိုးငှါ။ ဂစ္ဆာမ၊ သွားကြကုန်စို့။ ပါဏိယံ၊ မရှိကုန်ခမ်း သောက်ရေချမ်းကို။ ဥပဋ္ဌေပေထ၊ ဖြည့်လောင်း ထည့်ထားကြ ကုန်လော့။ ဝေယျာဝစ္စံ၊ မြင်ရ-တွေ့ရ ပြုသင့်သောအမှုကိစ္စကို။ ကရောထ၊ ဆောင်ရွက် ပြုလုပ်ကြကုန်လော့။ ဣတိ၊ ဤသို့။ ဣဒံသဗ္ဗံ၊ နှုတ်ဖြင့်ဆိုမြွက် ဆောင်ရွက်ချက် ဤအလုံးစုံကို။ ဝစီကမ္မန္တိ၊ မေတ္တာဝစီကံဟူ၍။ မတံ၊ သိအပ်၏။

တဦးနဲ့တဦး နှိုးဆော် တိုက်တွန်းတဲ့ အနေနဲ့ ဘုရားဖူး သွားကြရအောင်၊ တရားနာသွားကြရအောင်၊ ဥပုသ်စောင့်သွားကြရအောင်ဟေ့-လို့ နှိုးဆော်ပြောဆိုခြင်းမျိုးဟာ ဝစီကံမေတ္တာခေါ်တယ်။ ကျောင်းကံဘုရား ရောက်သွားကြရင်လဲ သောက်ရေ-သုံးဆောင်ရေအိုးများမှာ ရေမရှိတာ-ရေနဲ့နေတာမြင်ရင် သောက်ရေထည့်ကြဟေ-သုံးရေထည့်ကြဟေ စသည်ဖြင့် တိုက်တွန်းနှိုးဆော်ပေးခြင်း၊ထို့ပြင်လဲ ကျောင်းကံဘုရားစတဲ့ သာသနာရေး ဌာနတွေမှာ ကြုံကြိုက်တဲ့အခါမှာ ကူညီပြီး လုပ်ဆောင် စရာများကို မြင်ခဲ့ရင် ရောက်တဲ့အခါမှာ ဝေယျာဝစ္စ ကုသိုလ် ယူကြဟေ-ကူညီပြီး ရွက်ဆောင်ကြဟေ စသည်ဖြင့် ဒီလို-နှုတ်ဝစီနဲ့ မြွက်ပြီးတော့ ပြောဆို ရွက်ဆောင်တဲ့အမှုဟာ ဝစီကံမေတ္တာလို့ မှတ်ကြပါ။

ထို့မှတပါး မနောကံမေတ္တာဆိုတာကတော့ စိတ်ဖြင့်သာ အာရုံပြုပြီးတော့ ချမ်းသာကြပါစေ၊ ကျန်းမာကြပါစေ၊ ဆင်းရဲဒုက္ခ ကင်းငြိမ်းကြပါစေ အစရှိသောအားဖြင့် မေတ္တာပို့တာကို မနောကံမေတ္တာခေါ်ပါတယ်။

သုခိတာ ဟောန္တု ဗျာပဇ္ဇာ၊
အဝေရာ အနီဃာ စ တေ။
မနသာ စိန္တနံ မေတ္တံ၊
မနော ကမ္မန္တိဒံ မတံ။ ။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ယေသတ္တာ၊ အကြင်သတ္တဝါအပေါင်းတို့သည်။ သန္တိ၊ ရှိကြကုန်၏။ တေသတ္တာ၊ ထိုထိုများစွာ သတ္တဝါမှန်သမျှ အနန္တတို့သည်။ သုခိတာ၊ ချမ်းသာကြကုန်သည်။ အဗျာပဇ္ဇာ၊ စိုးရိမ်သောကဗျာပါဒမရှိကြကုန်သည်။ အဝေရာ၊ ဘေးရန်ကင်းကြကုန်သည်။ အနီဃာ၊ ဆင်းရဲခြင်းကင်းကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ ဣတိ၊ ဤသို့။ မနသာ၊ စိတ်ဖြင့်။ စိန္တနံ၊ ကြံစည်မချို့ မေတ္တာပို့ခြင်းကို။ မေတ္တံမနောကမ္မန္တိ၊ မေတ္တာမနောကံဟူ၍။ မတံ၊ သိအပ်၏။

ယခုဟောပြောခဲ့တဲ့အတိုင်း ကိုယ်နှုတ်ဖြင့်မဟုတ်ဘဲ စိတ်ဖြင့်ကြံစည်ရုံမျှဖြစ်သောအမှုကို မေတ္တာမနောကံလို့ဆိုရတယ်။ ယခုဟောခဲ့တဲ့ကာယကံမေတ္တာ, ဝစီကံမေတ္တာ, မနောကံမေတ္တာ ဆိုတဲ့ မေတ္တာ သုံး မျိုး ဟာ လဲ ကိုယ်ဖြင့်အမှုကိစ္စကို ဆောင်ရွက်ခြင်း၊ နှုတ်ဖြင့်အမှုကိစ္စကိုဆောင်ရွက်ခြင်း၊ စိတ်ဖြင့်အမှုကိစ္စကို ဆောင်ရွက်ခြင်း ပြုလုပ်ကြတာဖြစ်တော့ ဒီရတနာသုံးပါးဟာလဲ ဝေယျာဝစ္စကုသိုလ်များဘဲလို့ မှတ်ယူကြပါ။

ငင်းပြင်လောကကြီးမှာ ဒုမင်္ဂလ-သုမင်္ဂလ ကိစ္စကြီးငယ်ပေါ်လာတဲ့အခါမျိုးမှာ နောက်ပိုင်းက ဝေယျာဝစ္စအမှု ကြီး-ငယ်များကို ရွက်ဆောင်ပေးနိုင်တဲ့ ဝေယျာဝစ္စအမှုဆောင်ရှိကြရတယ်။ အဲဒီလိုကိစ္စ ကြုံတဲ့အခါမှာ အလှူရှင်ထက် ဝေယျာဝစ္စအမှုဆောင်က ပိုပြီးအရေးကြီးတယ်။ ဝေယျာဝစ္စ အမှုဆောင်ကောင်းရင် ကောင်းသလောက် ပြည့်စုံတယ်၊ ခရီးရောက်တယ်။ ဝေယျာဝစ္စ အမှုဆောင် ညံ့ရင် ညံ့သလောက် အကွက်မစိဘဲ လစ်ဟင်းတတ်တယ်။ နောက်ပြီး- ဝေယျာဝစ္စရွက်ဆောင်တဲ့ အမှုဆောင်ဟာစိတ်ကောင်း-စေတနာကောင်းထားတတ်ရင် အလှူရှင်ထက်တောင် အကျိုးခံစားခွင့် ပိုမိုမြင့်မြတ်ပါတယ်။ အဲဒီ အကြောင်း အရာ ကို ပိုပြီး ထင်ရှားအောင် တင်ပြရအုံးမယ်။ တင်ပြမဲ့ ဒေသနာတော် က "သုတ်မဟာဝါပါယာသိသုတ်"တဲ့။ မြတ်စွာဘုရား ရှေ့လက်ထက်တော်က ကောသလမင်းကြီးသည် 'ပါယာသိ"အမည်ရှိတဲ့ သူဌေးအား မြို့တမြို့ကို မြို့စား - ရွာစားခန့်ကာ အပိုင်စားပေးပြီး အုပ်ချုပ်စေတဲ့အတွက် ငင်းပါယာသိမြို့စားကြီးဟာ 'ပါယာသိ ရာဇည" ပါယာသိမင်းလို့ ခေါ်တွင်နေတယ်။

ၫင်းပါယာသိမင်းဟာ ရတနာသုံးပါးကိုဆည်းကပ်တဲ့ပုဂ္ဂိုလ်မဟုတ်ဘူး။ အသိဉာဏ်နည်းပြီးတော့ မိစ္ဆာအယူကတန်သဲနေတယ်။ ဘယ်လိုလဲဆိုရင် လူများဟာသေသွားရင်ပြတ်တာဘဲ နောက်ထပ်ဖြစ်စရာမရှိတော့ဘူး၊ စွန့်ကြဲပေးကမ်းလှူဒါန်းတဲ့အလုပ်ဟာလဲအကျိုးမရှိဘဲ့အလုပ်တွေဘဲလို့ မိစ္ဆာအယူစွဲနေသတဲ့။ ၫင်းပါယာသိမင်းရဲ့ အယူဝါဒကို အရှင်ကုမာရကဿပမထေရ်က အမျိုးမျိုးသောဥပမာ -ဥပမေယျတွေ ထုတ်ဆောင်ညွှန်ပြလို့ ဩဝါဒပေးပြီးတော့ ရှင်းလင်းအောင် အမြင်မှန်ရအောင် တရားဟောပြတော်မူတော့မှ အသိဉာဏ်ယှဉ်ကာ အမြင်မှန်ရပြီး ရတနာသုံးပါးကို ဆည်းကပ်သွားသတဲ့။ အရှင်ကုမာရကဿပမထေရ် ဟောတော်မူတဲ့ ဒေသနာတော် အကျယ်ကိုတော့ သုတ်မဟာဝါပါဠိတော် ပါယာသိသုတ်တော်မှာ နာယူကြပေတော့။

ၫင်းပါယာသိမင်းဟာ ရတနာသုံးပါကိုဆည်းကပ်တဲ့ ဥပါသကာဖြစ်ပေတဲ့ စေတနာသဒ္ဓါတရားက ခပ်နဲနဲဖြစ်တော့ နှစ်နှစ်ခြိုက်ခြိုက် ထက်သန်တဲ့စိတ်မျိုးမရှိပေဘူး။ဒါန,သီလ,ဘာဝနာကုသိုလ်အလုပ်တော့လုပ်ပါရဲ့ ပေါ့ပေါ့လုပ်တာပေါ့လေ။ ဒါကြောင့် သူ၏ကုသိုလ်အလုပ်ကို ရွက်ဆောင်ဘို့ရာအတွက် သူ့အောက်ကလက်ပါးစေဖြစ်တဲ့ ဉတ္တရလုင်ကို အလုံးစုံလွှဲအပ်ထားသတဲ့။ လွှဲအပ်ထားတာကလဲ ဆွမ်းဘက်ကဆိုရင် ဆန်ကွဲထမင်းနဲ့ ပုံးရေဟင်းလောက်ဘဲ။ အဝတ် သင်္ကန်းဘက်ကဆိုရင်လဲ အင်မတန် ထူထဲပြီး အလွန်ညံ့တဲ့အဝတ်မျိုးကိုလှူဒါန်းဘို့ ညွှန်ကြားထားတယ်။

ဒီလိုဖြစ်တော့ - တနေ့သောအခါမှာ ဉတ္တရလုင် စိတ်ကူးဝင်လာတယ်။ ဘယ်လိုဝင်လာပါသလဲဆိုတော့၊ အော်....ပါယာသိမင်း ငါ့ကိုပေးအပ်ပြီးတော့ လှူဘို့ခိုင်းထားတဲ့ပစ္စည်းတွေက အလွန်ညံ့ဖျင်းတဲ့ပစ္စည်းတွေဘဲ၊ ဒီပစ္စည်းတွေကို အလှူခံဖြစ်တဲ့ပုဂ္ဂိုလ်များမပြောနဲ့ ငါတောင်မနှစ်သက်ဘူး၊ဒီပစ္စည်းတွေကို ငါမဆောင်ရွက်လိုတော့ဘူးလို့စိတ်ပျက်ပြီး ဆုတောင်းသတဲ့-ဉတ္တရလုင် ဆုတောင်းပုံက ကျွန်ုပ်သည် ယခုဝေယျာဝစ္စရွက်ဆောင်ပေးရတဲ့ကုသိုလ်ကြောင့် ပါယာသိမင်းနှင့် ယခုဘဝမှာသာ ဆက်သွယ်ပြီး နောက်နောင်ဘဝတွေကျတော့ ပါယာသိမင်းနဲ့မဆက်ဆံရပါစေသတည်းလို့ ဆုတောင်းသတဲ့။

ဒီလို ဥတ္တရလုင် ဆုတောင်းပုံ အခြင်းအရာကို ပါယာသိမင်း ကြားတော့ကာ- ခေါ်ပြီးမေးသတဲ့။ အမောင်ဥတ္တရ.... ငါလဲ ရတနာသုံးပါး ဆည်းကပ်ပြီးတော့ ဒါန အစရှိတဲ့ကုသိုလ်တွေကို အားထုတ်နေတာဖြစ်ပါတယ်၊ ဘာ့ကြောင့် ဒီလိုဆုမျိုးကိုတောင်းရသလဲလို့မေးတဲ့အခါမှာ အရှင်စဉ်းစားကြည့်ပါ။ အရှင်လှူခိုင်းတဲ့ ဝတ္ထုပစ္စည်းဟာ ဘယ်လောက်ညံ့ဖျင်းသလဲဆိုတာ သိပါလိမ့်မယ်၊ ဆွမ်းဆိုရင်လဲ ဆန်ကွဲထမင်းနဲ့ ပုံးရေဟင်း။ အဝတ်သက်န်းဆိုရင်လဲ ထူထဲညံ့ဖျင်းတဲ့အဝတ်တွေ၊ အဲဒီဝတ္ထုပစ္စည်းတွေဟာ အရှင်မင်းကိုယ်တိုင် သုံးနိုင်-စားနိုင်ပါ့မလား။ အယုတ်ဆုံး ပြောရရင် အရှင်ကိုယ်တိုင် ခြေနဲ့တောင်မတို့ချင်တဲ့ပစ္စည်းတွေဖြစ်မှာပေါ့။ စေတနာ သဒ္ဓါမရှိရင်လဲ မလှူဘဲနေတာက တော်ပါသေးတယ်။ သို့အတွက် ဒီလို သဒ္ဓါစေတနာနဲတဲ့ အရှင်တို့လိုပုဂ္ဂိုလ်မျိုးနဲ့ ဘဝဆက်တိုင်း မတွေ့ချင်-မဆုံချင်လို့ ဆုတောင်းရတာပေါ့လို့ ပြန်ပြီး ဖြေကြားသတဲ့။

ဒီတော့မှ အမောင်ဥတ္တရ၊ ဒါဖြင့်ရင်လဲ နောက်ကိုအလှူပြုလုပ်တဲ့အခါ ငါစားသလိုဘဲ ခဲဘွယ်ဘောဇဉ်တွေကို လှူဒါန်းပါ၊ အဝတ်အထည်ဘက်ကလဲ ငါဝတ်သလိုဘဲလှူဒါန်းပါတော့လို့ ခွင့်ပြုပြီးညွှန်ကြားပါသတဲ့။

ထိုနောက် - နှစ်ဦးသား မကွဲမကွာ နေလျက် ကုသိုလ်တရားတွေ အားထုတ်ခါနေကြပြီးတဲ့နောက် ပါယာသိမင်းက ရှေးဦးစွာ ကံကုန်ပြီး ဘဝသစ်ကိုယူသွားရတယ်။ ဒီတော့ပါယာသိမင်းဟာဘယ်ဘုံသွားဖြစ်သလဲ ဆိုတော့ စေတနာကနဲ၊ သဒ္ဓါတရားကမဲ့ပြီး စွန့်ကြဲလှူဒါန်းပုံ အချိုးမကျသော်လဲ လှူဒါန်းတဲ့ ဒါနကုသိုလ်က ပါခဲ့တာဖြစ်ဘော့ သုဂတိဘုံထဲမှာ အောက်တန်းစားဖြစ်တဲ့ စတုမဟာရာဇ်နတ်ပြည် ချောင်ကျတဲ့ ဆိတ်ငြိမ် ရပ်ကွက်ထဲမှာ အခြေအရံမရှိတဲ့ သေရိသကဗိမာန်မှာ သေရိသကနတ်သား ရယ်လို့ သွားဖြစ်သတဲ့။

ဝေယျာဝစ္စ ဆောင်ရွက်တဲ့ ဥတ္တရလုင် ကတော့ သူ၏ပစ္စည်း စိုက်ထုတ်ပြီး မကုန်ရပေတဲ့လို့ စေတနာသဒ္ဓါတရား ကောင်းကောင်းတားပြီးတော့ ကိုယ်ထိလက်ရောက် "သာဟတ္ထိက" မြောက်အောင် လှူဒါန်း ရွက်ဆောင်ခြင်းပြုတဲ့အတွက် အကျိုးပေးမြင့်မြတ်တဲ့ တာဝတိံသာ နတ်ပြည်မှာ သွားပြီးတော့ ဖြစ်ရတယ်။

ထိုနောက် - ဂဝမ္ပတိ မထေရ်မြတ် သည် စတုမဟာရာဇ်နတ်ပြည် ဆိတ်ငြိမ်တဲ့ သေရိသက ဗိမာန်မှာ နေ့စဉ် - နေ့တိုင်းသွားပြီးတော့ နေသန့်တော်မူတယ်။ တနေ့သောအခါကျတော့ သေရိသကဗိမာန်မှာ နတ်သားတယောက် ရောက်နေတာမြင်ရတော့ အချင်းနတ်သား ဤဗိမာန်မှာရှေးကသင်မရှိပါဘူး၊ သင်နတ်သား ဘယ်ကလာပြီး ဘယ်လိုရောက်နေတာလဲလို့ မေးတော်မူတော့ အရှင်ဘုရား-တပည့်တော်ဟာ"ပါယာသိ ရာဇည"ပါလို့ လျှောက်တော့ ဂဝမ္ပတိမထေရ်က သိတာပေါ့၊ ဒီတော့ ပါယာသိနတ်သား သင်ဟာ ရှေးအခါ လူဖြစ်စဉ်က မိစ္ဆာဝါဒဖက်ပြီးတော့ ရတနာသုံးပါးကို ဆည်းကပ်တဲ့ပုဂ္ဂိုလ်မဟုတ်ပါဘူး၊ ဘယ်ပုံဘယ်နည်းနဲ့ ဤဌာနမှာနတ်သား လာဖြစ်နေရတာလဲလို့မေးတော်မူတော့၊ အရှင်ဘုရား တပည့်တော်လျှောက်ထားပါရစေဘုရား၊ တပည့်တော်ဟာ လူ့ဘဝ အသိ အလိမ္မာ ကင်းမဲ့တဲ့၊ ရှေးအခါကတော့ မိစ္ဆာဝါဒ ရှိခဲ့တာ မှန်ပါတယ် ဘုရား၊ သို့ပါသော်လဲ အရှင်ကုမာရကဿပ မထေရ်မြတ်က အမျိုးမျိုးသောတရားဓမ္မတွေ ဟောကြားပြီးတော့ ချွတ်တဲ့အတွက် တပည့်တော်ဟာ မိစ္ဆာအယူပျောက် သမ္မာအယူဘက် ရောက်ကာ ရတနာသုံးပါးကို ဆည်းကပ်လို့ ဒါန စတဲ့ ကောင်းမှုကုသိုလ်တွေကို ပြုလုပ်ခဲ့တဲ့အတွက် နတ်ပြည်လောကကို ရောက်လာရပါတယ်ဘုရားလို့ လျှောက်ထားသတဲ့။

ဒါဖြင့်နေပါအုံး ပါယာသိနတ်သား၊သင့်လက်ထောက်က ဝေယျာဝစ္စ ရှက်ဆောင်နေတဲ့ ဥတ္တရလုလင်ကော ဘယ်မှာသွားဖြစ်သလဲလို့မေးတော်မူတော့- အရှင်မြတ်ဘုရား .... တပည့်တော်လျှောက်ပါရစေတော့၊ တပည့်တော်ကတော့ ပစ္စည်းအကုန်အကျခံပြီး လှူဒါန်းခိုင်းတဲ့ ကောင်းမှုရှင်တော့ မှန်ပါရဲ့၊ မှန်သော်လဲ ရိုသေစွာနဲ့ သာဟတ္ထိကမြောက်အောင် ကုသိုလ်ကို အားမထုတ်ခဲ့ပါဘူး၊ စိတ်စေတနာ သဒ္ဓါတရားကို စင်ကြယ်အောင်ထားပြီး အားမထုတ်ခဲ့တော့ တပည့်တော်မှာ ကုသိုလ်ပြုမှု ညံ့ဖျင်းတဲ့အတွက်ကြောင့် ယုတ်ညံ့ဘဲ့ စတုမဟာရာဇ်နတ်ဘုံလောကမှာလာပြီး ဖြစ်ရပါတယ် ဘုရား။ ဥတ္တရလုလင်ကတော့ တပည့်တော်၏အောက်က ဝေယျာဝစ္စ ရှက်ဆောင်ရဘဲ့ ပုဂ္ဂိုလ်ပင်ဖြစ်သော်လဲ စိတ်စေတနာ သဒ္ဓါတရား ကောင်းကောင်းထားပြီးတော့ ရိုသေစွာ"သာဟတ္ထိက" မြောက်အောင်ဆောင်ရွက် အားထုတ်သွားတာဖြစ်တော့ ရွက်ဆောင်မှုကောင်းတဲ့အတွက် တပည့်တော်ထက် မြင့်မြတ်ဘဲ့ တာဝတိံသာ နတ်ပြည်မှာသွားပြီး ဖြစ်ရပါတယ်ဘုရား။

တပည့်တော် ဆက်ပြီးလျှောက်ပါရစေဘုရား၊ အရှင်ဘုရား လူ့ပြည် ပြန်ကြွသွားတဲ့အခါမှာ တပည့်တော်ရဲ့ အခြွေအရံ ပရိသတ်ကွေကို အမိန့် ရှိတော်မူပါ။ သင်တို့ရဲ့အရှင် ပါယာသိမင်း,ဟာ ကုသိုလ်ပြုပုံ ညံ့ဖျင်းလို့ အောက်တန်းစားစတုမဟာရာဇ်နတ်ဘုံလောက်မှာဖြစ်ရတယ်။သင်တို့အရှင် ရဲ့ လက်အောက်က ဥတ္တရလုလင်ကတော့ ဆောင်ရွက်ပုံမြင့်မြတ်တော့ အထက် တန်းကျကျ တာဝတိံသာနတ်ပြည်မှာသွားပြီး ဖြစ်ရတယ်။ အဲဒီဖြစ်ပုံတွေ ကို ထောက်ဆပြီးတော့ ရတနာဘုံးပါးကိုဆည်းကပ်ခါ မြင့်မြတ်တဲ့အကျိုး ကို ရအောင် ကောင်းမြတ်သောနည်းလမ်းဖြင့် အားထုတ်ကြ, ကျိုးစားကြ လို့ အရှင်မြတ် အမိန့်ရှိပါလို့ လျှောက်ထားလိုက်သတဲ့။

ဂဝမ္ပတိမထေရ်လဲ ပါယာသိနတ်သား လျှောက်ထားတဲ့ အတိုင်း လူ့ပြည်မှာရှိကြတဲ့ ပါယာသိနတ်သားရဲ့ အခြွေအရံတွေကို ဟောပြတော့ ပရိသတ်အများလဲ ဂဝမ္ပတိမထေရ်၏ဩဝါဒအတိုင်း လိုက်နာကျင့်ကြံကြ ပြီးတော့ ကံအားလျော်စွာ သုဂတိချမ်းသာမျိုးတွေကိုသာ ခံစားသွားကြ ရသတဲ့။

ယခုဟောခဲ့တဲ့ ပါယာသိသုတ္တန်ဒေသနာတော်ကိုထောက်ထားပြီး ကြည့်ကြစမ်း၊ပါယာသိမင်းကတော့ကုသိုလ်ရှင်မှန်ပါရဲ့ လှူဒါန်းတဲ့အရာမှာ သာဟတ္ထိကမြောက်အောင် ကိုယ်တိုင် အားမထုတ်တဲ့အပြင် စေတနာသဒ္ဓါ တရားကလဲ ခပ်ဖျင်းဖျင်းဖြစ်တော့ အကျိုးပေးညံ့ဖျင်းပြီး အောက်တန်း ကျကျ အကျိုးခံစားရတာပေါ့။ ဥတ္တရလုလင်ကတော့ ပါယာသိမင်းရဲ့ အစေ အပါး လက်အောက်က ဝေယျာဝစ္စသမားလောက်ဖြစ်ပေတဲ့ ကိုယ်တိုင် ကိုယ်ကျ သာဟတ္ထိကမြောက်အောင် ကုသိုလ်ကိုအားထုတ်တယ်၊ စေတနာ သဒ္ဓါတရားကလဲ စင်ကြယ်အောင်ထားပြီး အားထုတ်တယ်။ ဒါ့ကြောင့် ဥတ္တရလုလင်မှာတော့ မြင့်မြတ်တဲ့အကျိုးကို ရသွားရတယ် မဟုတ်ပါလား။ "သုတ္တန် ဒေသနာ"ဆိုတာက ပြုလုပ်ပုံ,ဖြစ်ပျက်ပုံ များကို နည်းယူကြရမဲ့ သာဓကတရားတော်ဖြစ်ပေတယ်။ သို့အတွက် ပါယာသိသုတ္တန် ဒေသနာ တော် သာဓကကို ဆင်ခြင်ကြပြီးတော့ အတုခိုးပြီး ကျင့်ကြံ အားထုတ်ကြ ပေတော့။

ယနေ့ဟောခဲ့တဲ့ တရားတော်က ဝေယျာဝစ္စ ပုညကြိယာဝတ္ထု၏ သဘောသဘာ အားထုတ်ပုံနည်းလမ်း၊ အကျိုးပေးပုံ၊ အကျိုးခံစားရပုံတွေကို ထင်ရှားစွာ နားလည်အောင် ဟောပြောခဲ့ခြင်းဖြစ်ပါတယ်။ ဘုန်းကြီး ဟောပြောခဲ့တဲ့ ဝေယျာဝစ္စ ပုညကြိယာဝတ္ထု၏ ကျင့်ကြံ အားထုတ်သင့်သော ကျင့်စဉ်ကို နားလည်ကြသောအားဖြင့် တပည့်တော်တို့ လိုက်နာ ကျင့်ကြံကြပါမည်ဘုရားဟု ဝန်ခံသောအားဖြင့် သာဓုအနုမောဒနာပြုကြစေကုန်သတည်း။

(ဝေယျာဝစ္စကထာ ပြီး၏)

---

## နမော သိရိမတော ဇေယျတု

## (၃၂) ပတ္တိဒါန ကထာ

ဗုဒ္ဓါဒိစ္စေ အနုပ္ပန္နေ၊
ဗုဒ္ဓစန္ဒေ အနုဂ္ဂတေ။
တေသံ သဘာဂဓမ္မာနံ၊
နာမ မတ္တံ န နာယတိ။ ။

ဗုဒ္ဓါဒိစ္စေ၊ ဘုန်းတော်ရောင်လင်း ထိန်ထိန်ဝင်းတဲ့ ဘုရားတည်းဟူသော နေမင်းသည်။ အနုပ္ပန္နေ၊ ပွင့်ထွန်း ပေါ်ပေါက်၍ မလာခဲ့သည် ရှိသော်။ ဗုဒ္ဓစန္ဒေ၊ ကရုဏာကြေး ဖွေးဖွေးဖြူတဲ့ ပြိုင်သူပကင်း ဘုရားတည်းဟူသော လမင်းသည်။ အနုဂ္ဂတေ၊ ထွက်ပေါ်၍ မ လာ ခဲ့ သည် ရှိသော်။ တေသံသဘာဂဓမ္မာနံ၊ ထိုထိုသဘာဂဖြစ်ကုန်သော ရုပ်-နာမ်တရားတို့၏။ နာမ မတ္တမ္ပိ၊ အမည်ပညတ်မျှကိုသော်လည်း။ န နာယတိ၊ မသိမမြင် မထင်နိုင်ကြပေ။ ဝါ - သိနိုင်ဘို့အရေး ဘယ်လိုပင်တွေးသော်လည်း အဝေးကြီး ဝေးလေတော့သည်တကား။

လောကကြီးမှာ နေမင်း - လမင်းများ အရောင် အလင်းကိုပေးပြီး ထွက်ပေါ်လာကြသည်အတွက် အထူးထူးသော အရာဝတ္ထုတွေကို တွေ့ကြ ရ မြင်ကြရတယ်။ နေရောင် - လရောင်တွေသာ ထွက်ပေါ်ပြီးမလာဘူးဆိုရင် ဘာကိုမျှ တွေ့မြင်ရမည်မဟုတ်၊ လုပ်ကိုင်၍ရနိုင်တော့မှာမဟုတ်ပေဘူး။

အဲဒီဥပမာလိုဘဲ လောကသုံးပါးမှာ နေမင်း - လမင်းနဲ့တူတော်မူတဲ့ ရှင်တော်မြတ်ဘုရားသာ ပွင့်ပေါ်ပြီး-မလာဘူးဆိုရင် တရားမှန်-တရားကောင်းတွေကို တည့်တည့်ကျအောင်ဘယ်သူမှမသိနိုင်ပါဘူး။တရားမှန် အကျင့်မှန်ကို မသိကြဘူးဆိုရင် သုဂတိ လမ်းကြောင်းက လွဲဘို့သာ ရှိပေတယ်။ ယခုတော့ ဗုဒ္ဓရှင်တော်ဘုရား ပွင့်ထွန်းပေါ်ပေါက်လာတဲ့ ခေတ်အခါထဲမှာ ကြုံကြရတဲ့အတွက် နည်းမှန် - လမ်းမှန်ဖြစ်တဲ့ ကျင့်စဉ် ပဋိပတ်တွေကို သိကြရတယ်။ နည်းမှန် - လမ်းမှန်အတိုင်း ကျင့်ကြမယ်ဆိုရင် အလိုရှိတဲ့ အကျိုး ပြီးမြောက်နိုင်တာချည်းဖြစ်ပေတယ်လို့ သတိမူကြဘို့ သတိပေးခဲ့ရပါတယ်။

သတ္တဝါတွေအကျိုးများဘို့ နည်းလမ်းပေးခဲ့တဲ့ ဗုဒ္ဓရှင်တော်ဘုရား၏ အမျိုးမျိုးသောကျင့်စဉ်တွေထဲက ယခုနှစ်ဝါတွင်းမှာ ပုညကြိယာ - ၁၀ ပါးကို အစဉ်လိုက် တပါးစီ - တပါးစီ ညွှန်ပြဘို့ ပဋိညာဉ်ပေးခဲ့တဲ့အတိုင်း ယနေ့ တော်သလင်းလကွယ်နေ့မှာတော့ "ပတ္တိဒါန" ဆိုတဲ့ ပုညကြိယာကုသိုလ်ကိုဟောပြဘို့အစဉ်ရောက်လာခဲ့ပါပြီ။သို့အတွက်ပတ္တိဒါနရဲ့သဘောအဓိပ္ပါယ်ကို သိကြရရယ်။ "ပတ္တိဒါန" ကုသိုလ်ကြောင့် ရ,ရောက် ခံစားရမဲ့ အကျိုးကို သိကြရမယ်။ ကျိုးစားပြီးတော့ တရားတော်ကို အာရုံပြုကာ မှတ်သားကြဘို့ တိုက်တွန်းခဲ့ပါတယ်။

"ပတ္တိ" ဆိုတာက ပြုလုပ်အားထားတဲ့ ကောင်းမှုကုသိုလ်ရဲ့ အဘို့ဘာဂကို ဆိုတာ။ "ဒါန" ဆိုတာက ပေးကမ်းဝေငှတာ။ နှစ်ရပ်ပေါင်းပြီး ပတ္တိဒါနလို့ ဆိုလိုက်တော့ ပြုလုပ် အားထုတ်ထားဘဲ့ ကောင်းမှုကုသိုလ်ရဲ့ အဘို့ဘာဂကို သူတပါးအား ဝေငှ ပေးကမ်း တဲ့ ကုသိုလ်လို့ ဆိုပါတယ်။ ရှင်းရှင်းပြောရရင် အမျှဝေတဲ့ ကုသိုလ်ပါဘဲ။

ကောင်းမှုတသိုလ် ပြုပြီးတဲ့ အခါမှာ မိမိတို့ပြုတဲ့ ကုသိုလ်အဘို့ကို ဝေငှပေးကမ်းဘို့ မမေ့ကြပါနဲ့။ ယုတ်စွအဆုံး အိမ်မှာဘုရားပုထိုး ရှိခိုးတဲ့ ကုသိုလ်ကစပြီး အမျှအတမ်းပေးဝေကြပါ။ ဒီကုသိုလ်မျိုးရအောင်ယူတတ်ဘို့ ဆိုပြီးတော့ ရှင်တော်ဘုရားကလဲ ပတ္တိဒါနကုသိုလ်ခေါ်တဲ့ ပုညကြိယာတပါးကို သီးခြားဟောပြတော်မူပါတယ်။

အတူးမှတ်ဘို့ကတော့ မူလစတည်ပြီးတော့ပြုလုပ်ထားတဲ့ ကုသိုလ်က တပါးရထားတဲ့အပြင် ၎င်းကုသိုလ်၏အဘို့ကို အမျှအတမ်းပေးဝေလိုက်တော့ နောက်ထပ် ကုသိုလ်တပါး ထပ်ဆင့် တိုးလာတဲ့ အတွက် ကုသိုလ်

နှစ်မျိုး ရသွားတော့တာပေါ့။ဥပမာ-ယနေ့လို သီတင်းသီလဆောက်တည်တဲ့အခါမှာ သီလဆောက်တည်ဘို့ရထားတဲ့ သီလကုသိုလ်က တပါး၊ မိမိရဲ့ သီလကုသိုလ်ကို သူတပါးအား ပေးဝေလိုက်ရင် ပတ္တိဒါနကုသိုလ်ကတပါး ကုသိုလ်နှစ်မျိုး ရသွားတော့ကာ ကုသိုလ်စေတနာတွေ အားရှိသွားတော့တာပေါ့။ ဒါကြောင့် နည်းလမ်းမသိရင် ကျင့်ဘို့ ခက်တယ်၊ နည်းလမ်း သိသွားရင်တော့ ကုန်စရာ, ကျစရာမရှိဘဲနဲ့ အမြတ်ရသွားနိုင်တဲ့ သဘောတရား ဖြစ်ပါတယ်လို့ မှတ်ယူကြပါ။

ဒီနေရာမှာ အရှင်ဘုရား-မိမိကုသိုလ်ကို သူတပါးအားပေးလိုက်ရင် တပါးသောသူဟာ ရပါသလား....လို့ မေးဘို့ရှိပေတယ်။ ရသွားကြောင်း အဖြေကိုတော့ နောက်တော့ သာဓကဆောင်ပြီးပြတဲ့အခါမှာ သိကြရပါလိမ့်မယ်။

ပတ္တိဒါန အကျိုးရှိပုံကို တမျိုးမှတ်သားကြပေဦးတော့။ ရှေးဦးစွာ မီးတိုင်တခု ထွန်းညှိထားပြီးတော့ ၎င်းမီးတိုင်က နောက်ထပ်တတိုင် မီးကူးပြီး ယူကြမယ်ဆိုရင် ပထမမီးတိုင်ကမီးဟာ လျော့ပြီးတော့ မှေးမှိန်မသွားဘူးဆိုတာ လူတိုင်း အသိဘဲ။ မီးအလင်းရောင် လျော့မသွားတဲ့အပြင် နောက်ထပ်မီးရောင်နဲ့ပေါင်းပြီးတော့ အရောင်အလင်းတောင် ပိုပြီးလာပါသေးတယ်။ ထို့အတူဘဲ မိမိကုသိုလ်ကို သူတပါးအား ပေးဝေလိုက်တော့ လျော့မသွားတဲ့အပြင် ပတ္တိဒါန ကုသိုလ်တမျိုးပင် ပိုပြီး ရသွားသေးတာပေါ့။

မြတ်စွာဘုရား သက်တော်ထင်ရှားရှိတော်မူစဉ် အခါက တရားပွဲတခု အပြီးမှာ သိကြားမင်းသည် မြတ်စွာဘုရားအား ဤသို့လျှောက်ထား၏။ ရှင်တော်မြတ်ဘုရား.... တရားဟောခြင်း ဓမ္မဒါနဟာ အလွန့်အလွန် မြင့်မြတ်ကြောင်း အရှင်မြတ်ဟောတော်မူပါတယ်။ ဒီလိုမြင့်မြတ်တဲ့ကုသိုလ်အဘို့ကို တပည့်တော်များအား အဘယ့်ကြောင့် အမျှပေးဝေခြင်း မပြုပါသလဲဘုရား။ ယနေ့မှစ၍ တပည့်သံဃာတော်များအား အမျှပေးဝေဘို့ အရှင်မြတ် အမိန့်ရှိပါဘုရား.... လို့ လျှောက်ထားသတဲ့။ သိကြားမင်းရဲ့ တောင်းပန်ခြင်းကိုအကြောင်းပြုပြီးသကာလ တပည့်သံဃာတော်အပေါင်းအား အမိန့်ရှိတော်မူပုံမှာ....

သတ္ထာ တဿ ဝစနံ သုတွာ ဘိက္ခုသံဃံ သန္နိပါတေတွာ ဘိက္ခဝေ အဇ္ဇာဒိံ ကတွာ မဟာဓမ္မဿဝနံဝါ ပါကတိကဓမ္မဿဝနံဝါ ဥပနိသိန္နကထံဝါ အန္တမသော အနုမောဒနမ္ပိ ကထေတွာ သဗ္ဗသတ္တာနံ ပတ္တိံ ဒဒေယျာထာတိ အာဟ။

သတ္ထာ၊ မြတ်စွာဘုရားသည်။ တဿ၊ ထိုသိကြားမင်း၏။ ဝစနံ၊ လျှောက်ထားသောစကားကို။ သုတွာ၊ ကြား၍။ ဘိက္ခုသံဃံ၊ ရဟန်းသံဃာကို။ သန္နိပါတေတွာ၊ စည်းဝေးစေ၍၊ ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ အဇ္ဇာဒိံ ကတွာ၊ ယနေ့ကို အစပြု၍။ မဟာဓမ္မဿဝနံဝါ၊ တရားပွဲကြီး ဆင်နွှဲ၍ ကြားနာသော တရားစကားကိုဎင်း။ ပါကတိကဓမ္မဿဝနံဝါ၊ ရှိသမျှပြကတေ့ာသော ပရိသတ်ဖြင့် ကြားနာသော တရားစကားကိုဎင်း။ ဥပနိသိန္နကထံဝါ၊ အနီးမှာချဉ်းကပ်၍ နီးနှော ဟောပြောသော တရားစကားကိုဎင်း။ အန္တမသော၊ ယုတ်စွအဆုံး။ အနုမောဒနမ္ပိ၊ အနည်းငယ်သော အနုမောဒနာတရားကိုဎင်း။ ကထေတွာ၊ ဟောပြော ပြီးသည်ရှိသော်။ သဗ္ဗသတ္တာနံ၊ ခပ်သိမ်းကုန်သော သတ္တဝါအပေါင်းတို့အား။ ပတ္တိံ၊ ကုသိုလ်၏ အဖို့ဘာဂကို။ ဒဒေယျာထ၊ ပေးဝေကြကုန်လော့။ ဣတိ၊ ဤသို့။ အာဟ၊ ဟောဖေါ်ပြသ္ဒန်း တိုက်တွန်းတော်မူခဲ့လေပြီ။

“ချစ်သား-ရဟန်းတို့ တရားဟောပြောတဲ့ ဓမ္မဒါနကိစ္စ ပြီးကြရင် မိမိတို့ပြုခဲ့တဲ့ ဓမ္မဒါနကုသိုလ် အဘို့ဘာဂကို ခပ်သိမ်းကုန်သော သတ္တဝါအပေါင်းတို့အား အမျှပေးဝေကြလေ”ဟု ရဟန်းတော်များအား မြတ်စွာဘုရား အမိန့်ရှိတော်မူတဲ့စကားတော်ကို ကြားနာကြရပါသဖြင့် အမျှပေးဝေတဲ့ ပတ္တိဒါနအလုပ်ဟာ အရေးတယူ အထူးအားထုတ်ရမဲ့ကုသိုလ်ပါလား ဆိုတာ အမှတ်အသား ထားကြစေလိုပါတယ်။

အခွင့်ဆိုက်လို့ ပြောသင့်တာ ပြောရအုံးမယ်၊ တချို့ပုဂ္ဂိုလ်တွေဟာ ကုသိုလ်ကိစ္စပြီးလို့ ရေစက်-မိုးစက် ချပြီးတဲ့အခါမှာ ဝတ်ကျေ-တမ်းကျေ ဆိုသလိုဘဲ မပွင့်-တပွင့် မဆိုချင်-ဆိုချင်နဲ့ မရဲ-တရဲ အမျှဝေကြတယ်။ အဲဒါဟာ အကြောင်းမသိလို့ ဖြစ်ပါတယ်။ စင်စစ်မှာ ပွင့်ပွင့်-လင်းလင်း “အမျှယူတော်မူကြပါ”လို့ ကျယ်ကျယ်-လွင်လွင်ပေးဝေခြင်းပြုရမဲ့ကုသိုလ် အလုပ်ဘဲဆိုတာ သိမှတ်ထားကြပါလို့ သတိပေးရပါတယ်။

ယခုဟောခဲ့တဲ့စကားအစဥ်ဖြင့် ပတ္တိဒါနကုသိုလ်ရဲ့ သဘောသွားကို သိကြရပြီ၊ အလုပ်စခမ်းကို သိပြီးတဲ့နောက် ၎င်းကုသိုလ်နဲ့ ပတ်သက်တဲ့ အကျိုးရပုံကို ဆက်လက်ပြီး နာယူကြရန် ဖြစ်ပါတယ်။ သာဓကတင်ပြဘို့ အတ္ထုပ္ပတ္တိ ကတော့ .... တိကနိပါတ် ငါးရာ-ငါးဆယ် ဇာတ်တော်ထဲက "မစ္ဆုဒ္ဒါနဇာတ်" ဖြစ်ပါတယ်။

လွန်ပြီးသော အတိတ် ကာလက ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက်မှာ ငါတို့၏ဘုရားအလောင်းတော်မြတ်ဟာ တဦးသောသူကြွယ် အမျိုးမှာ ဖြစ်ပြီးတော့ မိမိအောက်မှာ ညီငယ်တယောက်ရှိသတဲ့၊ မိခင်-ဘခင်များ သေလွန်သွားတဲ့အခါမှာ ညီအစ်ကိုနှစ်ယောက် လှေတစင်းဖြင့် ကုန်ကူးသန်း ရောင်းဝယ်ရေး ပြုလုပ်ခဲ့တဲ့ အတွက် ငွေအသပြာတထောင် ရခဲ့ပါတယ်တဲ့။

ငွေတထောင်ရခဲ့လို့ နေရပ်သို့ ပြန်လာကြရင်း မြစ်ဆိပ် တခုမှာ အပန်းဖြေ နားနေကြပြီးတော့ ထမင်းဟင်းလျာများ စားသောက်ကြတယ်။ စားသောက်ပြီးတဲ့အခါကျတော့ အစ်ကိုဖြစ်တဲ့အလောင်းတော်ယောကျ်ား က ပိုလျှံကြွင်းကျန်တဲ့ ထမင်းများကို ဂင်္ဂါမြစ်ထဲက ငါးတွေကို ပက်ကြဲပြီး ကျွေးမွေးလှူဒါန်းတယ်၊ လှူဒါန်းပြီးတဲ့အခါမှာ ကုသိုလ်ယူဘို့ နည်းလမ်းကို သိပြီးဖြစ်ဘဲ့အတိုင်း ကျွန်ုပ်-ငါးတွေကို ကျွေးမွေးလှူဒါန်းရတဲ့ကုသိုလ်အဘို့ ဘာဂကို မြစ်စောင့်နတ်အား အမျှပေးဝေပါတယ်။ ကျွန်ုပ်၏ကုသိုလ်အဘို့ ဘာဂကို အမျှယူတော်မူပါလို့ ကျကျ-နန အမျှပေးဝေလိုက်တယ်တဲ့။

ထိုအခါ မြစ်စောင့်နတ်လဲ အလောင်းတော်ယောကျ်ားပေးဝေတဲ့ ကုသိုလ်အဘို့ကို ဝမ်းမြောက်စွာ သာဓုအနုမောဒနာ ပြုလိုက်တဲ့ အခါကျ တော့ သူ၏ နတ်စည်းစိမ်ဟာ ရှေးကထက်ပိုလွန်ပြီး တိုးတက်တင့်တယ်လာ သတဲ့။ အဲဒါလိုဖြစ်တော့ အလောင်းတော်ယောကျ်ားပေးဝေတဲ့ ကုသိုလ် အတွက် ငါ၏ စည်းစိမ်တက်ရတယ်လို့ သိရပြီးတဲ့နောက်၊ ကျေးဇူးရှိသော အလောင်းတော်ယောကျ်ားအား ချီးမြှောက်စောင့်ရှောက်ရမဲ့အခွင့်အရေး ကို စောင့်စားကြည့်ရှုပြီး နေတယ်တဲ့။

အလောင်းတော်ယောကျ်ားလဲ ထမင်းစားသောက်ပြီးတဲ့နောက် သဲ သောင်ပြင်ထက်မှာအပန်းဖြေရင်း လည်းလျောင်းကာအိပ်ပျော်သွားတယ်။ အလောင်းတော်ရဲ့ ညီဖြစ်သူက နောင်တော်ကြီး အိပ်ပျော်နေမှန်းသိတော့ ယုတ်မာတဲ့ အလိုဆိုးရှိတဲ့အတိုင်း ယုတ်မာတဲ့အကြံကိုကြံစည်ပုံက-ကူးသန်း

ရောင်းဝယ်ရာကရခဲ့တဲ့ အသပြာ ငွေတထောင်ကို ငါတယောက်ထဲ အပိုင်ရအောင် အစ်ကိုကြီးကိုတော့ လှည့်ပတ်ပြီး ပြုလုပ်မှဘဲလို့ ကြံစီပြီးတော့ မူလ-ငွေတထောင်ထုပ်နဲ့တူအောင် ကျောက်စရစ်ထုပ်တထုပ်ကိုစီမံပြီးတော့ မူလ-ငွေထုပ်နဲ့အတူ လှေပေါ်မှာတင်ထားလိုက်တယ်။

ထိုနောက် ညီအစ်ကိုနှစ်ယောက်လှေစီးပြီးတော့ ဗာရာဏသီပြည်ကို ပြန်ခဲ့ကြရာ ဂင်္ဂါမြစ်ထဲ အတန်ငယ်သွားမိတဲ့ အခါကျတော့ ယုတ်မာတဲ့ အကြံရှိတဲ့ညီငယ်က လှေကိုလှုပ်အောင်-စောင်းအောင်ပြုလုပ်ပြီး အထုပ်ကို ရေထဲကျအောင် ဖန်တီးလိုက်တာပေါ့။ ချလိုက်တာကတော့ ကျောက်စရစ်ထုပ်ရယ်လို့ ချလိုက်ထာဘဲ၊ ငွေထုပ်ကို ချမိရက်သား ဖြစ်သွားပေတယ်။ သို့သော်လဲ သူကတော့ ကျောက်စရစ်ထုပ်ကျသွားတယ်ဘဲ မှတ်ထင်နေတာပေါ့။ ငွေထုပ် ကျသွားပြီးတော့ "အစ်ကိုကြီးရေ....လှေစောင်းတဲ့အတွက် ငွေထုပ်ဖြင့် ရေထဲကျသွားပြီ၊ ဘယ်လို လုပ်ပါ့မလဲ"လို့ တိုင်ကြားပြောဆိုသတဲ့။ အစ်ကိုကြီးဖြစ်သူ အလောင်းတော် ယောကျ်ားကတော့ အဟုတ်မှတ်ပြီး လူကြီး သဘောရိုးအတိုင်း ဖျောင်းဖျတဲ့သဘောနဲ့ "ငါ့ညီရယ်.... ပစ္စည်းဆိုတာ ထိုက်မှ ခံစားရတာဘဲ၊ ရေထဲကျသွားမှတော့ ရဘို့မလွယ်တော့ပါဘူး၊ စိုးရိမ်မနေပါနဲ့တော့၊ ရအောင် နောက်ထပ်ရှာကြရသေးတာပေါ့"လို့ နှစ်သိမ့်တဲ့စကားကို ဖျောင်းဖျပြောဆိုသတဲ့။

ထိုအခိုက်အခါမှာ စောင်မ့ရန်အတွက် အကွက်ကိုကြည့်ပြီးနေတဲ့ မြစ်စောင့်နတ်က သိမြင်လိုက်တဲ့အတိုင်း သူတော်ကောင်းအား စောင်မ့ဘို့ အကွက်ရောက်ပြီဟု နှလုံးထားပြီးတော့ ရေထဲကျသွားတဲ့ငွေထုပ်ကို ငါးကြီးတကောင်အား စားမျိုပြီး ဆောင်ကြဉ်း သွားအောင် နတ်တို့တန်ခိုးနဲ့ ဘန်တီးပြီး ဗာရာဏသီဆိပ်ကမ်းရောက်အောင် ပို့လိုက်တယ်တဲ့။

ညီနောင် နှစ်ယောက်လဲ ဗာရာဏသီသို့ရောက်တော့ ညီဖြစ်သူကတော်လှပြီဆိုပြီးတော့ တိတ်တဆိတ်ငွေထုပ်ကိုယူသွားကာ အိမ်ရောက်တော့ ဖြေကြည့်လိုက်တော့မှ ငွေထုပ်မဟုတ်ဘဲ ကျောက်စရစ်ထုပ် ဖြစ်နေမှန်း သိရတယ်။ အဲဒီအခါကျတော့ မိမိစေတနာယုတ်မှုကို စဉ်းစားမိပြီး ယူကြုံးမရဖြစ်ကာ မှိုင်တွေငေးမောလို့ နေရတော့တာပေါ့။

ထိုနောက် မြစ်စောင့်နတ်လဲ ငွေထုပ်ကို မျိုခဲ့တဲ့ ငါးကြီးကို ဗာရာဏသီ ဆိပ်ကမ်းက တံငါသည်များ ပိုက်ကွန်အတွင်း ဝင်ရောက်အောင် ဆောင်ကြဉ်းခဲ့တယ်။ ငါးကြီးပိုက်ကွန်အတွင်း ဝင်မိတော့ တံငါသည်များ

က ငါးကြီးကို သယ်ယူထမ်းဆောင်ပြီး မြို့တွင်းသို့ဝင်လျက် အိမ်ပေါက်စေ့ ပေးမြန်းပြီး ငါးရောင်းကြသတဲ့။ ဝယ်လိုတဲ့သူတွေက ''ဒီငါး–ဘယ်လောက် ပေးရမလဲ'' မေးကြတော့ တထောင်နဲ့ ခုနစ်ပဲလို့ ပြောသတဲ့။ တာနဲ့ ငါး ဝယ်မဲ့သူတွေက '' တထောင်တန်ငါးရယ်လို့ ကြားဘဲမကြားဘူးပါ '' လို့ ပြက်ရယ်ပြုပြီး ဘယ်အိမ်ကမှ မဝယ်ကြဘူးတဲ့။

အလောင်းတော် ယောကျ်ားရဲ့ အိမ်ရှေ့ရောက်တော့ ငါးဝယ်ကြ မလားလို့ ဟစ်လိုက်ထာနဲ့၊ ဘယ်လောက်ပေးရမလဲလို့မေးတဲ့အခါကျတော့ ''ခင်ဗျားအိမ်ကယူရင်တော့ ခုနစ်ပဲဘဲပေးပါတော့''လို့ ပြောသတဲ့။ဒီတော့ အလောင်းတော်ယောကျ်ားက တခြားအိမ်ကမေးတုန်းကတော့ ငါးဘိုးကို တထောင်နဲ့ ခုနစ်ပဲ ပြောတယ်၊ ငါ့အိမ်ကျတော့ ခုနစ်ပဲဘဲ ပေးပါတော့ ဆိုတော့ ဘယ်လို အကြောင်းပါလိမ့်မတုန်းလို့ စဉ်းစားရင်း ငါးကြီးကို ခုနစ်ပဲနဲ့ဝယ်လိုက်ပြီး အိမ်ရှင်မအား ချက်ပြုတ်ရန်အပ်လိုက်ထာပေါ့။

အိမ်ရှင်မလဲ ငါးကြီးကိုချက်ပြုတ်ရန် ခွဲစိပ်ခုတ်ထစ်ကြည့်လိုက်တော့ ဝမ်းတွင်းက ငွေထုပ်ကို ရတဲ့အတွက် အလောင်းတော် ယောကျ်ားအား ခေါ်ပြီးပြတဲ့အခါ ငွေထုပ်ကိုဖြေပြီးကြည့်လိုက်တော့ လက်ရာ-ခြေရာမပျက် မိမိတံဆိပ်ဖြင့် ထုပ်ပိုးထားတဲ့ငွေတထောင်ကို အစစ်အမှန် တွေ့မြင်ရသတဲ့။

ထိုအခါကျတော့မှ - ''ဒီငွေတထောင်ဟာ ငါ့ငွေတွေဘဲ၊ ငါ့ငွေက တထောင်ဖြစ်လို့ ငါးဘိုးမျှသာ ခုနစ်ပဲလောက် ယူသွားတာ ဖြစ်ပေတယ်။ ဒီလိုဖြစ်ပုံ ဖြစ်နည်းဟာ ဆန်းကြယ်လှပါကလားလို့ စဉ်းစားလို့မရအောင် ဖြစ်နေတဲ့အခိုက်မှာ မြစ်စောင့်နတ်က ကိုယ်ထင်ရှား ပြပြီးတော့ ဖြစ်ပုံ အခြင်းအရာကို အကျယ်တဝင့် ပြောပြသတဲ့။

မစ္ဆာနံ ဘောဇနံ ဒတွာ၊
မမ ဒက္ခိဏ မာဒိသိ။
တံ ဒက္ခိဏံ သရန္တိယာ၊
ကတံ အပစိတိံ တယာ။ ။

သမ္မ၊ အချင်းယောကျ်ား။ တွံ၊ သင်ယောကျ်ားသည်။ မစ္ဆာနံ၊ ရေဝယ်ပျော်အောင်း ငါးအပေါင်းတို့အား။ ဘောဇနံ၊ စားဘွယ်ထမင်း ဘောဇဉ်အကြွင်းကို။ ဒတွာ၊ ပေးလှူပြီး၍။ မမ ငါ့အား။ ဒက္ခိဏံ၊ ဒါန အမှု ကုသိုလ်စုကို။အာဒိသိ၊ရည်ရွယ်မှန်း၍ ပေးကမ်းဝေငှခဲ့လေပြီ။တယာ၊

သင်သည်။ ကတံ၊ ပြုအပ်သော။ ဒက္ခိဏံ၊ ဒါနအခင်း ပေးဝေခြင်းဟုဆိုအပ်သော။ တံအပစိတိ၊ ကောင်းစွာပြုစု ထိုရှိသေသောအမှုကို။ သရန္တိယာ၊ အောက်မေ့သောငါသည်။ တဝ၊ သင်၏။ ခနံ၊ ရေဝယ်ချပြု ဥစ္စာစုကို။ ရက္ခိတံ၊ လက်ဝယ်အရောက် ငါချီးမြှောက်၍ စောင့်ရှောက် ထိန်းသိမ်းခဲ့လေပြီ။

"အချင်းယောကျ်ား မသမာသူဖြစ်တဲ့ သင့်ညီက ငွေထုပ်ကို ရေထဲချ၍ အဆုံးစီရင်ခဲ့သော်လဲ ငါ့အားသင်ပေးဝေတဲ့ ပတ္တဒါနကုသိုလ်အတွက် ကျေးဇူးဆပ်သောအားဖြင့် ဤငွေထုပ်ကို သင့်ထံရောက်အောင် ငါစောင့်ရှောက်ပြီး ဆောင်ကြဉ်းခဲ့တယ်" လို့ ဖြစ်ခဲ့ပုံ အခြင်းအရာကို ဥသျှံပြောပြီး သကာလ မိမိရပ်ဌာန် သမုဒ္ဒရာဗိမာန်သို့ နတ်ပြန်၍သွားလေ၏။

ယခုဟောခဲ့တဲ့ မစ္ဆုဒ္ဒါန ဇာတ်လမ်းကို စိတ်မှန်း၍ကြည့်ကြစမ်း၊ အလောင်းတော်ယောကျ်ားပေးဝေလိုက်တဲ့ ကုသိုလ်အဘို့ကို ရလေသောကြောင့် မြစ်စောင့်နတ်မှာ နတ်တို့၏စည်းစိမ် တိုးပွားကြောင်းသိရတာဖြစ်သောကြောင့် အမျှပေးဝေတဲ့ကိစ္စအတွက် အနုမောဒနာပြုတဲ့ပုဂ္ဂိုလ်အထံသို့ ရကြောင်း-ရောက်ကြောင်းကို အမှန်အကန် သိမှတ်ကြရမယ်။

ကိုင်း - နိဂုံးချုပ်ကြစို့။ ယခုဟောပြောခဲ့တဲ့တရားအစဉ်ဖြင့် အမျှပေးဝေတဲ့ ပတ္တိဒါန ကုသိုလ်ရဲ့ ပြုကျင့်ထိုက်ပုံ နည်းလမ်း၊ ပြုကျင့်ခြင်း၏ အကျိုးအာနိသင်တွေကို သိကြပြီး ဖြစ်ကြလေပြီ။ သို့အတွက် လိုက်နာပြီး ကျင့်ကြပါ၊ အားထုတ်ကြပါ။ ပတ္တိဒါနကုသိုလ်ရအောင် အားထုတ်ပုံနည်းလမ်းကိုမသိကြရင်, မပြုလုပ်တတ်ရင် ကုသိုလ်ပြုတိုင်း-ပြုတိုင်း လက်ငင်းပြုတဲ့ ကုသိုလ် တမျိုး ဘဲ ရကြမယ်။ ပတ္တိဒါနကုသိုလ်ပါ တွဲပြီးတော့ အားထုတ်တတ်ရင် ကုသိုလ်တမျိုး ထပ်ဆင့်ရပြီးတော့ "ညောင်စေ့လောက်လှူပေတဲ့ ညောင်ပင်ကြီးလောက်ရနိုင်တယ်" ဆိုတဲ့စကားပုံလိုပေါ့။ ကြီးမြင့်သောအကျိုးကို ရနိုင်ကြောင်းကို သတိပြုကြပေတော့။ ကိုင်း-တော်ကြအုံးစို့။ ရှင်တော်မြတ်ဘုရား ညွှန်ပြတော်မူတဲ့ ကုသိုလ်မမှုတွေကို အစဉ်ဌာန်နှံ့ ဖြည့်ပြီး နိဗ္ဗာန်ထိအောင် အားထုတ်နိုင်ကြပါစေ....ဟူ၍ တိုက်တွန်းခဲ့ပါသတည်း။

(ပတ္တိဒါန ဒေသနာ ပြီး၏)

---

## နမော ဒွိပဒုတ္တမဿ ဇေယျတု
## (၃၃) ပဏ္ဍာ နမောဒနကထာ

ဣဓ မောဒတိ ပေစ္စ မောဒတိ၊
ကတပုညော ဥဘယတ္ထ မောဒတိ။
သော မောဒတိ သော ပမောဒတိ၊
ဒိသွာ ကမ္မဝိသုဒ္ဓ မတ္တနော။ ။

ကတပုညော၊ ကျင့်ကြံပြုစု ကောင်းမှုရှိပြီးသောသူသည်။ ဣဓ၊ ပစ္စုပ္ပန်ဘဝ ဤလောက၌။ မောဒတိ၊ ဝမ်းမြောက်ရ၏။ ပေစ္စ၊ တမလွန်လောက နောက်ဘဝ၌လည်း။ မောဒတိ၊ ဝမ်းမြောက်ရ၏။ သောပုဂ္ဂလော၊ ကောင်းမှုပြည့်စုံ အကျင့်ဂုဏ်ရှိသော ထိုပုဂ္ဂိုလ်သည်။ အတ္တနော၊ မိမိ၏။ ကမ္မဝိသုဒ္ဓိံ - ကောင်းမှုကံ၏ စင်ကြယ်ပြည့်စုံသောအဖြစ်ကို။ဒိသွာ၊ သိမြင်ရသည်ရှိသော်။ မောဒတိ၊ နှစ်သက်ဝမ်းမြောက်၏။ ပမောဒတိ၊ ကြောက်လန့်ဘွယ်ရှင်း စိုးရိမ်ကင်း၍ လွန်လွန်မင်းမင်းချည်း ဝမ်းမြောက်ရလေတော့သတည်း။

ဤဒေသနာတော်၏ အဓိပ္ပါယ်ကတော့ စိုးရိမ်ဘွယ်,ထိတ်လန့်ဘွယ် မရှိ၊ အပြစ် လွတ် ကင်း ပြီး တော့ ကောင်းမြတ်သော အလုပ်အစားစား ကုသိုလ်တရားတွေကို ပြုလုပ်အားထုတ်ပြီးသကာလ ကုသိုလ်လက်ရှိဖြစ်တဲ့ ပုဂ္ဂိုလ်ဆိုတာ မျက်မှောက်ဘဝ ဤလောကမှာလဲ စိုးရိမ်စရာ, ပူပန်စရာမရှိသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပေတယ်။ တမလွန်ဘဝ နောင်လောကမှာလဲ ဒုဂ္ဂတိဘဝက လွတ်ကင်းပြီးတော့ သုဂတိဘဝမျိုးမှာသာ ဖြစ်ကြရတဲ့အတွက် စိုးရိမ်စရာ ပူပန်စရာမရှိသဖြင့် နောက်ဘဝမှာလဲ ဝမ်းမြောက်ဝမ်းသာဖြစ်ကြရမယ်တဲ့။

အဲဒါလို ပစ္စုပ္ပန်-တမလွန် နှစ်တန်သောဘဝတို့၌ စိုးရိမ်ဘွယ်မရှိ ဝမ်းမြောက်ဘွယ်ချည်းသာ ဖြစ်လေသောကြောင့် မိမိကျင့်ကြံ အားထုတ်ခဲ့တဲ့ ကောင်းမှုကုသိုလ်တရားတွေကို စဉ်းစားတိုင်း, ဆင်ခြင်တိုင်း နှစ်သက်အားရမ်း ဝမ်းပမ်းတသာ စိတ်ချမ်းသာခြင်းအကျိုးကို မုချခံစားရမယ်လို့ ဟောတော်မူလိုရင်းဖြစ်ပေတယ်။

သို့ပါသောကြောင့် ဗုဒ္ဓရှင်တော်မြတ်သည် သတ္တဝါတွေကို သနား တော်မူလှသော မဟာကရုဏာစိတ်ဓာတ်တော်ကြီးဖြင့် သတ္တဝါအများ စိတ်ချမ်းသာကြရအောင်၊ စိုးရိမ်စရာ မရှိကြရအောင် ဖြစ်ရာဘဝတိုင်း၌ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရအောင်၊ ကျင့်ကြံအားထုတ်ဘို့ တရားနည်း လမ်းတွေကို အမျိုးမျိုးညွှန်ပြပြီး နည်းလမ်းပေးတော်မူခဲ့ပါတယ်။

ရှင်တော်မြတ်ဘုရား နည်းလမ်းညွှန်ပြတော်မူခဲ့တဲ့ ကုသိုလ် ရ,စရာ အကျင့်တွေထဲက ပုညကြိယာဆယ်ပါးကို တပါးစီတပါးစီကျင့်ကြံပုံ နည်း လမ်းနှင့်တကွ အကျိုးရပုံတွေကို နားလည်ကြရအောင် တစ်သီတင်းလျှင် ပုညကြိယာဝတ္ထုတပါးစီအစဉ်ထားပြီး ဟောကြားခဲ့တဲ့အနက် ယနေ့တော့ "ပတ္တာနုမောဒန ပုညကြိယာ"တရားကို ဟောပြောဘို့ အစဉ်ရောက်လာပြီ ပေါ့။ သို့အတွက် "ပတ္တာနုမောဒန" ကုသိုလ်တရား၏ သဘောအဓိပ္ပါယ် ကျင့်ကြံပုံ နည်းလမ်းနှင့်တကွ အကျိုးရပုံကို မှတ်သား နာယူကြပေတော့။ ဘယ်လိုအလုပ်၊ ဘယ်လိုအပြုအမူ၊ ဘယ်လိုအကျင့်ကို ပတ္တာနုမောဒန ခေါ် သလဲလို့ သိဘို့လိုပေတယ်။

ပရေဟိ ဒိန္နံသ အဒိန္နံသ ပိဝါ ပုညံသ မစ္ဆေရမလဝိနိဿ

ဋ္ဌေန စိတ္တေန အဗ္ဘာနုမောဒနစေတနာ ပတ္တာနုမောဒနာနာမ။

ပရေဟိ၊ သူတပါးတို့သည်။ ဒိန္နံသ၊ ပေးဝေအပ်သော။ ပုညံသ ဝါ၊ ကောင်းမှုကုသိုလ်ကိုရင်း။ အဒိန္နံသဝါ၊ မပေးဝေသော ကောင်းမှု ကုသိုလ်ကိုရင်း။ မစ္ဆေရမလဝိနိဿဋ္ဌေန၊ မစ္ဆေရ တည်းဟူ သော အညစ် အကြေးကင်းသော။ စိတ္တေန၊ စိတ်ဖြင့်။ အဗ္ဘာနုမောဒနစေတနာ၊အလွန် ဝမ်းမြောက်နှစ်သက်သော စေတနာသည်။ ပတ္တာနုမောဒနာ နာမ၊ ပတ္တာ နုမောဒနကုသိုလ်မည်၏။

ဤသာဓကဒေသနာအတိုင်း ဝမ်းမြောက်စရာ, ဝမ်းသာစရာဖြစ်တဲ့ ကုသိုလ်ဟာ သူတပါးတို့က အမျှပေးဝေလို့ ဝမ်းမြောက်စွာရတဲ့ကုသိုလ်- သူတပါးတို့က မပေးဝေသော်လဲ ဝမ်းမြောက် ဝမ်းသာ ဖြစ်ပြီးတော့ ရတဲ့ ကုသိုလ်, အဲတာလို နှစ်မျိုးနှစ်စားရှိပါတယ်။

ဤကဲ့သို့ နှစ်မျိုးနှစ်စားရှိတဲ့အနက်“ကျွန်ုပ်တို့ပြုသမျှသောကုသိုလ်အဘို့ကို အမျှပေးဝေပါတယ်၊ အားလုံး ကြားကြားသမျှ အမျှ....အမျှ....အမျှ-ယူတော်မူကြပါ”လို့ အမျှပေးဝေတဲ့အခါမှာ အလွန်ဝမ်းမြောက်ဝမ်းသာစွာဖြစ်ပြီးတော့ စိတ်ပါလက်ပါနဲ့“သာဓု-သာဓု-သာဓု”ဟူ၍ အနုမောဒနာပြုရတဲ့ကုသိုလ်ဟာ သူတပါးတို့က ပေးဝေလို့ရတဲ့ ကုသိုလ် ဖြစ်ပါတယ်။

ဒီနေရာမှာ စကားစပ်မိလို့ သတိပေးရအုံးမယ်၊ ကုသိုလ်ကိစ္စတခုခု ပြုလုပ်တဲ့အခါမှာ အလှူရှင်က ရေစက်သွန်းချပြီးတော့အမျှပေးဝေလိုက်တဲ့အခါ လေးလေးနက်နက် စိတ်ပါလက်ပါ သာဓု အနုမောနာ ပြုကြပါ။ တချို့ကိစ္စတွေမှာ ဘုန်းကြီးများ ကြုံရတယ် သာဓုခေါ်ရမှာ ရှက်သလိုလို မဆိုချင့်ဆိုချင် မပွင့်တပွင့်နဲ့ အဘိုးမတန်တဲ့ လုပ်ငန်းလို သဘောထားပြီး အားတက်သရောမရှိကြဘူး။ သာဓုအနုမောဒနာပြုတဲ့အတွက် ရတဲ့ကုသိုလ်ဟာ အရင်း တပြားမှ မကုန် ရဘဲ နဲ့ အချောင် ရ တဲ့ ကုသိုလ် ဖြစ်ပါတယ်။ ထိုကြောင့် ခုတင်ကထုတ်ပြခဲ့တဲ့ သာဓကဒေသနာထဲမှာ ,အဗ္ဘာနုမောဒန, စေတနာ၊ အလွန်ဝမ်းမြောက်ရွှင်လန်း ဝမ်းပမ်းတသာဖြစ်တဲ့ ကုသိုလ်စေတနာနဲ့ပြုရမဲ့ ကုသိုလ်စေတနာမျိုးလို့ ညွှန်ပြခဲ့ပါတယ်။ ယခုဟောခဲ့တာက သူတပါးတို့ပေးဝေလို့ရတဲ့ “ပတ္တာနုမောဒန” ကုသိုလ်မျိုး ဖြစ်ပါတယ်။

သူတပါးတို့က မပေးဝေသော်လဲ ရနိုင်တဲ့ကုသိုလ်က ဘယ်လိုဟာလဲဆိုတော့ သူတပါးတို့ တည်ထားကိုးကွယ်တဲ့ ရုပ်ပွားတော်, စေတီတော်ကြီးတွေ၊ ဆောက်လုပ်လှူဒါန်းထားတဲ့ ဇရပ်,တန်ဆောင်း, သိမ်ကျောင်း, ပြဿာဒ် အစရှိတဲ့ ကုသိုလ် အဆောက်အဦတွေ၊ အယုတ်သဖြင့် လူ, ရှင်, ရဟန်းများ သွားလာဘို့ ချမ်းသာအောင် ပြုပြင်ဖို့လုပ်ထားတဲ့ လမ်းပန်းကလေးတွေကစပြီးတော့ ကောင်းတဲ့ ကုသိုလ်အလုပ်နဲ့ စပ်သမျှ အဆောက်အဦတွေကို တွေ့ဆုံကြတဲ့အခါ၊ မြင်ကြတဲ့အခါမှာ လေးလေးနက်နက်အာရုံပြုပြီးတော့ အလွန့်အလွန် ဝမ်းမြောက်ဝမ်းသာစွာနဲ့ သာဓု-သာဓု-သာဓု ဟူ၍ အနုမောဒနာပြုကြရင်၊ ဝမ်းသာစွာအာရုံပြုကြရင် သူတပါးကမပေးဝေသော်လဲ အလိုလိုရနိုင်တဲ့ ပတ္တာနုမောဒန ပုညကြိယာကုသိုလ်လို့ ဆိုရပါတယ်။

အကျင့်ဆိုတာမျိုးက မသိရင်လဲ မကျင့်တတ်ပါဘူး၊ သိမှလဲကျင့်တတ်မယ်၊ ကျင့်မှလဲ အကျိုးရမှာဖြစ်တဲ့အတွက် အသေးစိတ် ရှင်းလင်းပြီးတော့ ဘုရားဟော ဒေသနာတော်အရ နည်းလမ်း သိအောင်၊ ကျင့်တတ်အောင် ထုတ်ဖော်ပြရခြင်း ဖြစ်ပါတယ်။

ဒီနေရာမှာ သက်ဆိုင်တဲ့အရာဖြစ်လို့ အကြောင်းတခုကို ထုတ်ဖော်ပြီး နည်းလမ်းပေးရအုံးမယ်။ ဝန်တိုခြင်း, နှမြောတွန့်တိုခြင်းဆိုတဲ့ မစ္ဆရိယသဘောဟာ ကိုယ့်ပစ္စည်းကို နှမြောတွန့်တိုတဲ့ မစ္ဆရိယ။ သူတပါးပစ္စည်းကိုပါ လိုက်ပြီး နှမြောတွန့်တိုတဲ့ မစ္ဆရိယ။ အဲဒါလို နှစ်မျိုးရှိတဲ့အနက် ကိုယ့်ပစ္စည်းကို နှမြောတဲ့မစ္ဆရိယက တော်သေးတာပေါ့ သူတပါးပစ္စည်းကိုပါ လိုက်ပြီး သဝန်တိုတဲ့ မစ္ဆရိယဟာ အလွန့်အလွန် ခက်ထန် ကြမ်းတမ်းတဲ့ မစ္ဆရိယ ဖြစ်လို့ ၎င်းကို "ထဒ္ဓ မစ္ဆရိယ" လို့ သမုတ်ထားကြတယ်။

ဤကဲ့သို့ သူတပါးပစ္စည်းကိုပင် လိုက်ပြီး သဝန်တိုတတ်တဲ့မစ္ဆရိယသဘောရှိတတ်တဲ့အတွက် ပထမ ရွတ် ဆို ခဲ့ တဲ့ သာဓက ဒေသနာထဲမှာ- "မစ္ဆေရမလဝိနိဿဋ္ဌေန စိတ္တေန" လို့အတိအလင်းဟောပြပြီးတော့ မစ္ဆရိယဆိုတဲ့ အညစ်အကြေးကင်းတဲ့စိတ်နဲ့ ဝမ်းမြောက်ဝမ်းသာ အနုမောဒနာပြုမှသာ ပတ္တာနုမောဒနကုသိုလ်ဖြစ်မယ်လို့ ဆိုထားပါတယ်။

ဒီစကားဟာအလွန်မှန်ပါတယ်၊ ကိုယ်တွေ့ကြားဘူးတဲ့ ထဒ္ဓမစ္ဆရိယသဘောကို ပြောပြရအုံးမယ် - အချို့ပုဂ္ဂိုလ်များဟာ သူတပါး လှူဒါန်းထားတဲ့ ကျောင်း,ကန်,ဘုရား စတဲ့ အလှူဝတ္ထုကြီးတွေကိုကြည့်ပြီးတော့- ဒီလိုကျောင်းတွေ, ဘုရားတွေမှာ အကုန်ခံကြမဲ့အစား သည်ထက် ကျေးဇူးများတဲ့ ဆေးရုံကြီးတွေ, စာသင်ကျောင်းကြီးတွေ ဆောက်လိုက်ရင် ဘယ်လောက်အတိုးတန်မလဲ စသည်ဖြင့် အကျိုးအကြောင်းကို ကုန်စင်အောင် မသိမူ၍ သူတပါးကုသိုလ်မှုကို သဝန်တိုတဲ့ မစ္ဆရိယသဘောရှိပုံကို ကြားရဘူးတယ်။ မျိုးစေ့အမျိုးမျိုးကိုလိုက်ပြီးတော့ အသီးအမျိုးမျိုးကို ခံစားရသလို၊ အကြောင်းကံအမျိုးမျိုး၊ အကျိုးဝိပါက်အမျိုးမျိုးကို သတိပြုဘို့ကောင်းပါတယ်။ ဒီလိုအကြောင်းအကျိုးကိုမသိဘဲနှင့် ဝေဘန်တတ်တဲ့သူဟာ အကုသိုလ်ကို ရှာယူသလိုဖြစ်ပါတယ်။

ထို့ကြောင့် - မစ္ဆရိယ ကင်းတဲ့စိတ်နဲ့ ဝမ်းမြောက်-ဝမ်းသာ သာဓုအနုမောဒနာပြုပြီးတော့ ပတ္တာနုမောဒနကုသိုလ်ကို ရအောင် ဆည်းပူးကြပါလို့ နည်းလမ်းပြခဲ့ပါတယ်။

ဤမျှလောက်ဖြင့် "ပဋ္ဌာနနုမောဒန ပုညကြိယာဝတ္ထု"၏ သဘော အဓိပ္ပါယ်နှင့်တကွ ကျင့်ကြံအားထုတ်ပုံ နည်းလမ်းကို ဟော ခဲ့ ပြီး ပါပြီ။ အနုမောဒနာကုသိုလ်ရလို့ တမလွန်ဘဝမှာ အကျိုးခံစားရပုံတွေကတော့ ဝိမာနဝတ္ထု ဒေသနာတော်မှာလာတဲ့အတိုင်း အလွန် ထင်ရှားနေပါပြီ။ ပစ္စက္ခမျက်မှောက်ဘဝတွင် လက်ငင်းအကျိုးခံစားရပုံကို သာဓကထုတ် ဆောင်ပြီး ပြရသေးတာပေါ့။

ကဿပမြတ်စွာဘုရား လက်ထက်တော်က အရိယဇာတ်ဝင် ဖြစ်တဲ့ သောတာပန် ဒါယကာတယောက်ဟာ ကူးသန်းရောင်းဝယ်ရေး အလုပ်နဲ့ သမုဒ္ဒရာပင်လယ်ခရီးကို သွားဘို့ပြင်ဆင်နေတုန်း၊ ဆတ္တာသည့်တယောက် ကလဲ မိမိပါ လိုက်လိုကြောင်း လာပြီးပြောတဲ့အပြင် ၎င်းဆတ္တာသည့်ရဲ့ မယားကလဲ ကိုယ်တိုင်လာပြီးတော့ "အရှင်-ဤသူရဲ့ကောင်းကျိုးဆိုးကျိုး ဟာ အရှင့်တာဝန်ဘဲဖြစ်ပါစေ၊စောင့်ရှောက်ခေါ်ငင်သွားပါ"လို့ မယား ကပါလာပြီးအပ်နှံသတဲ့။ ဒါနဲ့ သောတာပန်ဒါယကာဟာလဲ ဆတ္တာသည် ကို ခေါ်ယူပြီး ပင်လယ်ခရီးကို ထွက်ကြတယ်တဲ့။ (၇) ရက်လောက် ခရီး ပေါက်ကြတော့ သမုဒ္ဒရာ ပင် လယ် တွင်း မှာ လှိုင်းကြမ်း, လေကြမ်းမိပြီး တော့ သင်္ဘောပျက်ပါရောတဲ့။

အဲဒီအခါမှာ ကံကောင်းထောက်မပြီး ပျဉ်ချပ်တခု တွယ်စရာ,မှီခို စရာ ရတဲ့အတွက် သောတာပန်ဒါယကာနဲ့ ဆတ္တာသည် နှစ်ဦးတို့ဟာ ပျဉ် ချပ်ကို မှီတွယ်ပြီး ပင်လယ်အတွင်းမှာ မျောမိမျောရာ မျောနေတော့တာ ပေါ့။ တနေ့သောအခါ ကျွန်းငယ်တခုကို ဆိုက်ကပ်ပြီး ထောက်တည်ရာ ရသွားကြတယ်။

ကျွန်းငယ်ပေါ်ရောက်သွားကြတော့ ဆတ္တာသည်ကတော့ ဘာမျှ အသိဉာဏ်မရှိ၊ အမြော်အမြင်မရှိ ဘေးကင်းရာသို့ရောက် အောင် ဘာမျှ ကြံစည်ခြင်းမရှိဘဲ့အပြင် ကြက်တွေ, ငှက်တွေကို ရှာကြံပြီး သတ်ဖြတ် စား သောက်နေသတဲ့။ သူ သတ်ဖြတ် ဖုတ်ကင်ထားတဲ့ ကြက်ငှက်တွေကို သော တာပန် ဒါယကာအား ပေးဝေတယ်။ ဒါယကာက လက်မခံဘူးတဲ့။

သော တာ ပန် ဒါယကာကတော့ မိမိအားထုတ်ခဲ့တဲ့ ကောင်းမှု ကုသိုလ်တွေကို အာရုံပြုပြီး သရဏဂုံသုံးပါးကို အထူးအောက်မေ့ဆင်ခြင်ကာ ဘေးကင်းရာ ဖြစ်ဟဲ့ မိမိတို့နေရပ်ဌာနသို့ ပြန်ရောက်ဘို့ကိုသာ ဆင်ခြင်ပြီး နေသတဲ့။

ထိုအခါမှာ သောတာပန်ဒါယကာရဲ့ သီလ,တန်ခိုးကြောင့် ကျွန်းစောင့်ဖြစ်တဲ့ နဂါးမင်းက လှေ၏အသွင်ဖန်ဆင်းပြီး ကူညီဘို့ကြံစည်တယ်။ သမုဒ္ဒရာစောင့်နတ်ကတော့ သင်္ဘောသူကြီးဟန်ဖန်ဆင်းပြီးတော့ သင်္ဘောထက်စီးလျက် ကျွန်းငယ်၏အားကို ဆိုက်ကပ်လာကြပြီး ဒီကျွန်းပေါ်က ဇမ္ဗူဒိပ်ကို လိုက်မဲ့လူများရှိပါသလားလို့ လှမ်းပြီးမေးလိုက်တော့ သောတာပန် ဒါယကာက လိုက်လိုကြောင်းပြောတဲ့အခါမှာ သောတာပန်ဒါယကာကို သင်္ဘောပေါ်တက်စေသတဲ့။

ထိုနောက် သောတာပန် ဒါယကာက ဆတ္တာသည်အား သင်္ဘောပေါ်တက်ခဲ့ရန် ခေါ်လိုက်သောအခါ သင်္ဘောသူကြီးက တားမြစ်လိုက်တယ်။ "အမောင်.... ရွှေ-ငွေ-ကျောက်သံပတ္တမြား-အပြည့်အစုံနဲ့ ဖန်တီးထားဟဲ့ ဒီသင်္ဘောဟာ သင့်အတွက်သာဖြစ်ပေတယ်။ ဆတ္တာသည်အတွက် ဖန်တီးခဲ့တာမဟုတ်ဘူး...." လို့တားမြစ်တဲ့ သင်္ဘောသူကြီးရဲ့ စကားသံကို ကြားရသည်အတွက် သောတာပန်ဒါယကာက အကြောင်းစုံကို မေးသောအခါ ဆတ္တာသည်ဟာ သင့်လိုသီလရှိတဲ့သူမဟုတ်ဘူး၊ အဲဒါလိုအကြောင်းကို ဖြေကြားသတဲ့။

အခက်ကြုံရပြီဖြစ်သော သောတာပန်ဒါယကာမှာ စဉ်းစားစရာဖြစ်တော့၏။ သင်္ဘောမထွက်မီက သူ၏မယားကလဲ "အရှင်....ကောင်ကျိုးဆိုးကျိုး နှစ်မျိုးလုံးဟာ အရှင့်တာဝန်ဘဲဖြစ်ပါစေ...." ဆိုပြီးတော့ လုံးလုံးပုံပြီးအပ်လိုက်တယ်။ သူ ကျန်နေမယ်ဆိုရင် ငါ့တာဝန်ဘဲဖြစ်တော့မှာဘဲ၊ ဤကျွန်းမှာထားခဲ့ရင်လဲ သေလမ်းတလမ်းသာ ရှိတော့တယ်။ သို့အတွက် ၎င်းအား ကယ်ဆယ်ရေးအတွက်သာ စဉ်းစားရပေတော့၏။

သောတာပန်ဒါယကာ၌ အသိဉာဏ် ပေါ်ပေါက် လာသည်မှာ- မြတ်စွာဘုရား ဟောကြားတော်မူတဲ့ကုသိုလ်ကို ရအောင်ရှာဘို့ နည်းလမ်းတွေထဲမှာ ယခုလတ်တလောလက်ငင်းဆိုင်ရတော့ ငါပြုခဲ့တဲ့ကုသိုလ်စေတနာတွေရဲ့ အဘို့ဘာဂကို သူ့အား အမျှပေးဝေလိုက်မယ်။ ငါပေးဝေတဲ့ ကုသိုလ်အဘို့ကို ဝမ်းမြောက်ဝမ်းသာစွာ အနုမောဒနာပြုပြီး ယူလိုက်မယ်ဆိုရင် သူ၏သန္တာန်မှာ အမြန်ဆုံး ကုသိုလ် စေတနာ ရ သွား လိမ့်မယ်။ တိုးတက်သွားလိမ့်မယ်။ သို့အတွက် ဒီနည်းနဲ့ကယ်ဆယ်မှ တော်မယ်လို့ ကြံစည်စဉ်းစား နှလုံးထားပြီးတော့ သောတာပန်ဒါယကာ၏ စိမံကိန်းကို ဤလိုမှတ်သားကြပေတော့။

အတ္တနာ ဒိန္နဒါနဿ၊
သီလဿ ဘာဝနာယစ။
တေဿ ပတ္တိံ ဒမ္မိတိ၊
သာမိ မောဒါမိ နှာပိတော။ ။

အတ္တနာ၊ မိမိကိုယ်တိုင်။ ဒိန္နဒါနဿစ၊ ပေးလှူခဲ့သမျှ ဒါနအစု ကောင်းမှုကုသိုလ်၏ငှင်း။ သီလဿစ၊ စောင့်ထိန်းခဲ့ရ မြတ်သီလ၏ငှင်း။ ဘာဝနာယစ၊ ပွားများအားထုတ် ဘာဝနာအလုပ်၏ငှင်း။ ပတ္တိံ၊များစွာ အစုံစုံ ကောင်းမှုအဘို့ကို။ တေဿ၊ ခရီးသွားရာ အတူပါသည့် ဆတ္တာ သည် ထိုယောကျ်ားအား။ ဒမ္မိ၊ ရစေရည်မှန်း စိတ်ဝယ်တမ်း၍ ပေးကမ်း ဝေငှပါ၏။ ဣတိ၊ ဤသို့ရည်မှန်း ပေးကမ်းလိုက်သည်ရှိသော်။ နှာပိတော၊ နောက်ပါးကပ်မှီ ဆတ္တာသည်သည်။ သာမိ၊ ကျေးဇူးသခင် မြတ်အရှင်။ မောဒါမိ၊ ဝမ်းမြောက်ပါ၏။ မောဒါမိ၊ ဝမ်းပမ်းတသာ ကောင်းစွာ ယခု သာဓု၊ သာဓု၊ သာဓု-ဟူ၍ စိတ်ဝယ်စွဲလမ်းပြီး လက်ကမ်းယူငင်ပါတော့ သည် ကျေးဇူးရှင်။

အဲဒီလိုပညာရှိနည်းနဲ့ ကုသိုလ်အဘို့ကို အပေးအယူပြုလိုက်တော့မှ- ဆတ္တာသည်၏သန္တာန်မှာ ပတ္တာနုမောဒန ကုသိုလ်ကိုရပြီးတော့ ကောင်းမှု ရှင်ကြီး ဖြစ်သွားတော့တယ်။ ဒီအခါကျမှ သင်္ဘောသူကြီးလဲ ဆတ္တာသည် ပါ သင်္ဘောအပေါ် တင်ဆောင်ပြီး ဇမ္ဗူဒိပ်သို့ရောက်အောင် ပို့ပေးလိုက် သတဲ့။

ပို့ဆောင်ပေးတဲ့ အခါမှာလဲ ဆိပ်ကမ်းတွင်မထားခဲ့ဘဲ နှစ်ဦးသား တို့၏ အိမ်အရောက် သင်္ဘောပေါ်မှာပါတဲ့ ရွှေ၊ ငွေ၊ ကျောက် သံ ပတ္တမြား တွေပါ ခွဲဝေပို့ဆောင် အပ်နှင်းပြီးသကာလ သူတော်ကောင်းနဲ့ ပေါင်း ဖော်မိလို့သင့်မှာ ကောင်းကျိုးချမ်းသာရတယ်၊နောက်နောင်ကိုလဲ သူတော် ကောင်းနှင့်သာ ပေါင်းဖော်ယှဉ်တွဲလို့ မှီဝဲဆည်းကပ်လေဟူ၍ ဆတ္တာသည် အား သင်္ဘောသူကြီးက ဆုံးမဩဝါဒပေးပြီး နေရပ်ဌာနသို့ ပြန်လည် ထွက်ခွာသွားကြကြောင်း ဤအတ္ထုပ္ပတ်ကို ဒုကနိပါတ် သီလာနိသံသဇာတ် တော်မှ ထုတ်ဖော်ပြီး ဟောကြားအပ်ပါသည်။

အဲဒီ သီလာနိသံသဇာတ်တော်အသွားကို အာရုံပြုကြစမ်း ပရိသတ် တို့-ပတ္တာနုမောဒနကုသိုလ် ကယ်ဆယ်လို့ ဆတ္တာသည်ဟာ အသက်ချမ်းသာ ရာ ရတဲ့အပြင် ဥစ္စာနေပါပြည့်စုံသွားရတယ် မဟုတ်ပါလား။

သူတပါးတို့ပေးဝေတဲ့ ကုသိုလ်အဘို့ဘာဂကို ဝမ်းမြောက်စွာအာရုံပြုပြီး သာဓုခေါ်ကာ အနုမောဒနာ ပြုကြရတဲ့ ပတ္တာနုမောဒနာ ကုသိုလ်စေတနာ ပေးဝေတဲ့သူမရှိသော်လဲ ကောင်းသောအရာဝတ္ထု အဆောက်အဦများကို တွေ့မြင်ရတဲ့အခါမှာ ဝမ်းမြောက်စွာအာရုံပြုရတဲ့ ပတ္တာနုမောဒန ကုသိုလ်စေတနာ၊ အဲဒီ ကုသိုလ်စေတနာမျိုးတွေဟာ နည်းလမ်းကိုသိထားကြရင် အလွန်ရလွယ်တဲ့ကုသိုလ်များ ဖြစ်ပါတယ်။

ထို့ကြောင့် ယခုဟောခဲ့တဲ့ နည်းလမ်းကို သိပြီးသား ဖြစ်ရင်လဲ ထပ်ပြီးသတိပြုကြပါ။ ၎င်းကုသိုလ်ကိုရအောင်ဆည်းပူးကြပါ။ရှေးက မသိဘူးသေးရင်လဲ ယခုဟောပြောခဲ့တာကို ကြားရသိရသဖြင့် သတိကြပ်ကြပ်ပြုပြီး နေ့စဉ်နေ့တိုင်း သွားရင်းလာရင်းတွေ့ကြုံရရှိနိုင်တဲ့ ဤပတ္တာနုမောဒန ကုသိုလ်ကို ဆည်းပူးကြပါလို့ တိုက်တွန်းပါတယ်။ ဟောပြောချက်ကို ဝန်ခံသောအားဖြင့် အားလုံး-သာဓုအနုမောဒနာပြုပြီး တရားသိမ်းကြစို့....။

(ပတ္တာနုမောဒနကထာပြီး၏)

---

## နမော သမန္တစက္ခုဿ ဇေယျတု
## (၃၄) ဓမ္မဿဝနကထာ

ဒီဃာ ဇာဂရတော ရတ္တိ၊
ဒီဃံ သန္တဿ ယောဇနံ။
ဒီဃော ဗာလာန သံသာရော၊
သဒ္ဓမ္မံ အဝိဇာနတံ။ ။

ဇာဂရတော၊ အတွေးအခေါ် အကြောင်းပေါ်သဖြင့် အိပ်မပျော်သောသူအား။ ရတ္တိ၊ ညဉ့်သည်၊ ဒီဃာ၊ အချိန်လေးဖင့် ရှည်မြင့် သကဲ့သို့ဖြစ်၏။ သန္တဿ၊ကိုယ်လက်ညိုးနွမ်းခရီးပမ်းသောသူအား။ ယောဇနံ၊လေးဂါဝုတ်တာ တယူဇနာသည်။ ဒီဃံ၊ ရောက်ရန်ဖင့်နွှေး ရှည်ဝေးသကဲ့သို့ဖြစ်၏။ သဒ္ဓမ္မံ၊ သူတော်ကောင်းတို့၏တရားကို။ အဝိဇာနတံ၊ မသိကုန်သော။ ဗာလာနံ၊ လူမိုက်တို့အား။ သံသာရော၊ လှည့်ပတ်ဖြစ်ရာ သံသရာသည်။ ဒီဃော၊ ကေန္တသာ ကျင့်ယုတ်မာကြောင့် ဒုံကြာဆုံး အရှည်ဆုံး ဖြစ်တော့သည်သာလျှင်တည်း။

ဤဒေသနာတော်၏ အဓိပ္ပါယ်က-အိပ်မပျော်တဲ့သူဟာ မိုးလင်းခဲ ပြီး ညဉ့်တာရှည်တယ်လို့ အောက်မေ့ရတယ်။ ထိုမှတပါးလဲ ခရီးပမ်းနေတဲ့ သူတယောက်ဟာ တယူဇနာလောက်ဖြစ်တဲ့ တနေ့တာခရီးကို အင်မတန် ရှည်ဝေးလှပြီလို့ ထင်မှတ်တတ်တယ်တဲ့။ ဤကဲ့သို့ဘဲ-သူတော်ကောင်းတို့၏ ကျင့်စဉ်ပဋိပတ်လမ်းကိုမသိဘဲ သူတို့မှာလဲ သံသရာကလွတ်မြောက်ဘို့နည်း လမ်းကိုမသိ၊ မသိတဲ့အတွက် မကျင့်ကြံဘဲနေလိုက်တော့ကာ - သံသရာခရီး ဟာ ရှည်တော့တာပေါ့လို့ ဤအဓိပ္ပါယ်မျိုးကို ရှင်တော်မြတ်ဟောတော် မူပါတယ်။

ထို့ကြောင့် သံသရာခရီးက လွတ်မြောက်ကြရန်အတွက် သူတော် ကောင်းတရားကိုသိအောင် အားထုတ်ဘို့လိုကြပါတယ်။ သူတော်ကောင်း တရားကိုသိဘို့ဆိုတဲ့နေရာမှာ....

သုဿုတာ လဘတေ ပညံ။

သုဿုတာ၊ သူတော်ကောင်း တရားကို ကြားနာခြင်းမှ။ ဝါ- သူတော်ကောင်းတရားကို ကြားနာရခြင်းကြောင့်။ ပညံ၊ အသိအလိမ္မာ ဉာဏ်ပညာကို။ လဘတေ၊ ရ၏။ ဤကဲ့သို့ဒေသနာတော်က လမ်းပြတာဖြစ် တော့-တရားတော်ကိုကြားနာရမယ်။ တရားတော်ကိုနာယူမှအသိအလိမ္မာ ဉာဏ်ပညာရကြမယ်လို့သတိပြုကြပါ။

ယနေ့ဟောဘို့တရားအစဉ်က ပုညကြိယာဆယ်ပါးထဲက ''ဓမ္မဿ ဝန ''ခေါ်တဲ့ ပုညကြိယာအစဉ်ကို ရောက်တဲ့အတိုင်း ဓမ္မဿဝနကုသိုလ် အလုပ်ကိုညွှန်ပြရလိမ့်မယ်။ တရားနာကြတဲ့ကုသိုလ်ဟာ ဓမ္မဿဝနကုသိုလ် ဆိုတာတော့ အများသိနေကြပါပြီ။ သို့အတွက် ဓမ္မဿဝန၏သဘောကို တော့ ခွဲခြမ်းပြဘို့မလိုတော့ပါဘူး။ ဓမ္မဿဝနကုသိုလ်ကို အားထုတ်ကြပါ က အကျိုးရှိပုံကိုသာ ဟောပြောရတော့မှာပေါ့။

''တရားနာရာမှပညာရတယ်''ဆိုတာကတော့ ဥက္ကဋ္ဌနည်းနဲ့ဆိုထား တာဖြစ်ပါတယ်။ အသိအလိမ္မာ ဉာဏ်ပညာရဘို့ကိစ္စမှာ ဆရာသမားများ အထံမှာ နည်းနာခံပြီးတော့ သင်ယူသည်ဖြစ်စေ၊ သို့မဟုတ် နည်းလမ်း အမှန်ကို ရေးသားညွှန်ပြထားတဲ့ စာအုပ်-စာတမ်းကို ဘတ်၍ဖြစ်စေ၊ ဗဟု သုတရှိသော ပုဂ္ဂိုလ်များအထံမှာ ဆည်းကပ်ပြီးတော့ ဆွေးနွေးမေးမြန်း မှတ်သားလို့ဖြစ်စေ၊ ဤကဲ့သို့ဆောင်ရွက်ရင်လဲ ပညာဉာဏ်တိုးပွားနိုင်တာ ပါဘဲ။

တရားတော်ကိုနာရတဲ့ကိစ္စဟာ "သဒ္ဓမ္မသဝနံ ဒုလ္လဘံ" လို့ ရှင်တော်မြတ်ဘုရား ဟောကြားတော်မူခဲ့တဲ့အတိုင်း ဒုလ္လဘတရားအစစ် ဖြစ်ပါပေတယ်။ ယခုအခါတော့ မြတ်စွာဘုရားပွင့်တော်မူရာ ဗုဒ္ဓုပ္ပါဒနဝခေတ်မှာ ကြုံနေရတော့ နေရာတကာကိုင်းမှာဘဲ တရားဟောပြောတဲ့ ဓမ္မဒေသက ပုဂ္ဂိုလ်တွေအလွန်ပေါနေတဲ့ သူတော်ကောင်းတရား ကြားနာရခြင်းဟာ ဒုလ္လဘဆိုတာယုံခြင်မှယုံလိမ့်မယ်။

ကြားနာရခဲတဲ့ ဒုလ္လဘတရားအစစ်ဖြစ်လို့ "သဒ္ဓမ္မသဝနံ ဒုလ္လဘံ" လို့ မြတ်စွာဘုရား သတိပေးနေတဲ့အပြင် "ကိစ္ဆံ သဒ္ဓမ္မသဝနံ" လို့ ကြားဖြတ် သတိပေးတော်မူပါသေးတယ်။ သဒ္ဓမ္မသဝနံ၊ သူတော်ကောင်းတရားကို ကြားနာရခြင်းသည်၊ ကိစ္ဆံ၊ငြိုငြင်ခဲယဉ်းလှပေ၏တဲ့။ ထို့ကြောင့်ရခဲတဲ့ အရာဖြစ်တဲ့အတိုင်း ဓမ္မသဝန ကုသိုလ်ကိုရအောင် ဆည်းပူးကြပါလို့ အထူးတလည်တိုက်တွန်းအပ်ပါတယ်။

တရားနာခြင်းကြောင့် အကျိုးတရား ငါးပါးရပုံကိုလဲ ရှင်တော်မြတ်ဘုရားသည်ပဉ္စင်္ဂုတ္တရပါဠိတော်၌ ဟောပြတော်မူသည်မှာ....

(၁) မကြားဘူးသေးတဲ့တရားတော်ကို ကြားနာရခြင်းတပါး၊

(၂) ကြားဘူးတဲ့တရားဖြစ်ရင်လဲ ထပ်ပြီးရှင်းလင်းအောင် မှတ်သား နိုင်ခြင်းတပါး၊

(၃) ယုံမှားသံသယရှိနေတဲ့အချက်များရှိနေရင်လဲယုံမှားသံသယ ကင်းပျောက်ရခြင်းတပါး။

(၄) အယူမှန်တဲ့သမ္မာဒိဋ္ဌိဖြစ်ရခြင်းတပါး။

(၅) ပညာတိုးပွားပြီး စိတ်ကြည်လင်ခြင်းတပါး။

အဲဒီအကျိုးငါးပါးကိုတော့ မုချရနိုင်ပါတယ်။ အစဦးစွာ စတည်ပြီး ဟောခဲ့တဲ့ "ဒီဃော ဗာလာနသံသာရော" ဆိုတဲ့ ဒေသနာတော် အရ သူတော်ကောင်းတရားကို မသိရင်တော့ သံသရာရှည်မှာက အမှန်ပေါ့။ တရားတော် တွေကို ကြားနာ ရရင် တော့ အသိဉာဏ် တိုးပွား ပြီးတော့ သံသရာမှလွတ်အောင် ကျင့်ကြံအားထုတ်ဘို့ ကျင့်စဉ် ပဋိပတ်တွေသိကြရမှာပေါ့။ပဋိပတ်ကျင့်စဉ်အတိုင်းအားထုတ်မယ်ဆိုရင် သံသရာပြတ်ဟဲ့ စခမ်းကိုရောက်နိုင်ပါတယ်။ ထို့ကြောင့် တရားတော်ကိုနာကြပါလို့တိုက်တွန်းပါတယ်။ တရားနာလို့အကျိုးရပုံတွေကို ဆက်လက်ပြီးဟောရသေးတာပေါ့။

မြတ်စွာဘုရား ဗောဓိပင်နှင့်ရွှေပလ္လင်၌ သစ္စာလေးခွင်ကိုသိမြင်ပြီးလျှင် ဘုရားအဖြစ်သို့ ရောက်တော်မူပြီး၍ အခါက မိဂဒါဝုန်တော၌ ဓမ္မစကြာတရားတော်ကို စ စဦး ဟောတော်မူပြီးသော အခိုက်အခါကာလပင်လျှင်---ကောင်းကင်ခရီးကနေပြီး သာတာဂိရိနတ်မင်းနှင့် ဟေမဝတနတ်မင်းကြီးနှစ်ယောက်တို့ဟာ မြတ်စွာဘုရား၏ ဂုဏ်တော်တွေ-ကျေးဇူးတော်တွေကို အမေးအဖြေပြုလုပ်ပြီး အကျယ်တဝင့် ချီးကျူးပြောဆိုနေကြတယ်။

ဤကဲ့သို့ပြောဆိုနေကြတဲ့ မြတ်စွာဘုရား၏ ဂုဏ်တော်တွေကို နတ်နှစ်ဦးတို့ရဲ့အောက်ကပြသာဒ်ထက်မှာနေတဲ့ ကာဠီအမည်ရှိတဲ့ ဥပါသိကာမက ကြားနာရတဲ့အခါမှာ အလွန်နှစ်သက်ဝမ်းမြောက်စွာ မကြားစဘူးကြားနာရတော့ အာရုံစူးစိုက်ပြီးမြတ်စွာဘုရား၏ဂုဏ်တော်တွေကိုနာရင်းပင်လျှင် သောတာပန်အဖြစ်သို့ ရောက်သွားရကြောင်းဖြင့် ဒေသနာတော်မှာ လာရှိတဲ့အတွက် တရားနာရခြင်းရဲ့ အကျိုးဟာ အဘိုးတန်ကြောင်းမှတ်သားကြရမယ်။

ၵင်းပြင် မဏ္ဍုကဒေဝပုတ္တခေါ်တဲ့ ဘားနတ်သားဟာလဲ တရားတော်ရဲ့သဘောအဓိပ္ပာယ်ကို ဘာတခုမျှမသိသော်လဲ မြတ်စွာဘုရား တရားဟောနေတဲ့အသံတော်ကို အာရုံပြုကာ ကြားနာနေတဲ့ အခိုက်မှာပင်လျှင် စုတေသွားသောအခါ တရားနာရတဲ့ ကုသိုလ်စေတနာကြောင့် ချက်ခြင်းတာဝတိံသာနတ်ပြည်မှာ ဘားနတ်သားဆိုတဲ့ အမည်နဲ့ဖြစ်ရတယ်။

ထိုအခါမိမိအဖြစ်ကိုပြန်၍ စဉ်းစားပြီးတဲ့နောက် မြတ်စွာဘုရားအထံအရောက် ပြန်ခဲ့ပြီးလျှင် အကြောင်းအရာကို လျှောက်ထား ဘုရားတရားတော်ကို တဖန်ကြားနာရသောအခါ သောတာပန်စခန်းသို့ပေါက်ပြီးဝမ်းမြောက်စွာတာဝတိံသာသို့ပြန်သွားသတဲ့။ ဤသာဓကဟာလဲ တရားနာရတဲ့အကျိုးထူးဖြစ်ပေတယ်လို့ ယုံကြည်စွာမှတ်သားကြရမယ်။

ထို့ပြင် သာဓကတခုကို နာယူကြပေအုံးတော့။ ကဿပ မြတ်စွာဘုရားပွင့်တော်မူတဲ့ လက်ထက်တော် အခါကာလက လင်းနို့ငယ်ငါးရာတို့ဟာတခုသော လိုဏ်ဂူအတွင်းမှာ လင်းနို့တို့၏ သဘာဝ အတိုင်း တွဲလျားခိုပြီးနေကြတယ်။ ထိုအခိုက်မှာ လိုဏ်ဂူအတွင်း၌ သီတင်းသုံးတော်မူနေတဲ့ ရဟန်းတော်နှစ်ပါး၏ အဘိဓမ္မာ ဒေသနာတော်ကို ရွတ်ဘတ် သရဇ္ဈာယ်

နေတဲ့ အသံတော်ကိုအာရုံပြုပြီး နာခံနေကြသတဲ့။ တရားသဘောကိုတော့ တိရစ္ဆာန် ဖြစ်တဲ့ အတိုင်း ဘာမှမသိရှာကြဘူး။ ၎င်းလင်းနို့သား ငါးရာ တို့ဟာ အဘိဓမ္မာဒေသနာတော်ကို နာယူခဲ့ရတဲ့ ကုသိုလ်စေတနာကြောင့် တာဝတိံသာ နတ်ပြည်မှာ သွားဖြစ်ပြီးသကာလ-ဂေါတမ ရှင်တော်ဘုရား မပွင့်ပေါ်မီ ဘုရားတဆူရဲ့ ကြားကာလပတ်လုံး နတ်တို့၏ စည်းစိမ်ကိုခံစား နေရာက ငါတို့ဘုရားလက်ထက်ကျတော့ တခုသောအမျိုး၌လာ၍ ဖြစ်ကြ ပြီးလျှင် အရှင်သာရိပုတြာ မထေရ်မြတ် အထံတော်မှာ ရဟန်း အဖြစ်ကို ရကြတယ်။

ကျဉ်းကျဉ်းဘဲ ပြောကြပါစို့။ ထိုရဟန်း ငါးရာတို့ဟာ အရှင် သာရိပုတြာမထေရ်မြတ်အထံက မကျဉ်းမကျယ် ဟောပြတော်မူတဲ့ အဘိ ဓမ္မာဒေသနာတော်ကိုကြားနာကြရတော့ မြတ်စွာဘုရားသာသနာတော်မှာ ပထမဦးဆုံး အဘိဓမ္မာဆောင် ရဟန်းတော်များအဖြစ်ဖြင့် ထင်ရှားကျော် ကြားတော်မူရပါတယ်တဲ့။ အဲဒီသာဓကကိုလဲ စဉ်းစား ကြည့်ကြစမ်း- တိရစ္ဆာန်အဖြစ်နဲ့ နာကြားခဲ့တဲ့ တရားနာခြင်းရဲ့ အကျိုးပါဘဲလို့ သိမှတ် ကြရမယ်။

ဝေါဟာရ ဒေသနာ ခေါ်တဲ့ သုတ္တန် ဒေသနာတော် ဆိုတာက နာယူပြီးတဲ့အခါမှာ ရှောင်သင့်တာကို ကြားရရင် အတုယူပြီးရှောင်ကြဉ် ကြရမယ်။ ပြုသင့်တာကိုကြားရရင် အတုယူလိုက်နာကျင့်ကြံရမယ်လို့ သတိ ပြုကြပါ။ ထို့ကြောင့် တရားတော်ကိုနာရတဲ့အတွက် မျက်မှောက်ဘဝတွင် အကျိုးခံစားရတဲ့သာဓကတခုကိုနာယူမှတ်သားကြပေအုံးတော့။

မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ် အခါကာလက ဧတဒဂ် ရာထူးဖြင့် ချီးကျူး မြှောက်စား ခြင်းကို ခံယူရတဲ့ မာတုဂါမ ဥပါသိကာဒါယိကာမ ဆယ်ဦးထဲမှာ တဦးပါဝင်တဲ့ ကာတိယာနီအမည် ရှိတဲ့ ဥပါသိကာမရဲ့အတ္ထုပ္ပတ္တိအကျဉ်းဖြစ်ပေတယ်။

ကာတိယာနီအမည်ရှိတဲ့ဥပါသိကာဒါယိကာမသည် သားဖြစ်သော ကုဋိကဏ္ဏသောဏ မထေရ်မြတ်ကို "ချစ်သား - မြတ်စွာဘုရား ဟောတော် မူတဲ့ နည်းနိဿယအတိုင်း မယ်တော်ကို တရားဟောတော်မူပါ"လို့ တရား တောင်းပြီး သကာလ ပရိသတ်အစွန်က နေပြီး ရိုသေစွာ တရားတော်ကို နာကြားပြီးနေသတဲ့။

အရှင်သောဏမထေရ်မြတ်လဲ ညဥ့်အခါမြို့အတွင်း ခင်းကျင်း စီမံထားတဲ့ တရားမဏ္ဍပ်မှာ မယ်တော်ကြီးကို အမှူးထားပြီးတော့ တရားနာပရိသတ်အပေါင်းတို့အား တရားဟောကြားတော်မူတယ်။

အဲဒါလို တရားပွဲကျင်းပတဲ့ ညမှာဘဲ ခိုးသားငါးရာတို့သည် ဥမင်လိုဏ်ခေါင်းလမ်း ဖောက်ကွင်းပြီးတော့ ဥပါသိကာမကြီး ကာတိယာနီအိမ်သို့အရောက်ဝင်လာကြသတဲ့။ ခိုးသားငါးရာထဲကခေါင်းဆောင်ဖြစ်တဲ့ခိုးမှူးကြီးက အိမ်ထဲရောက်အောင် ဝင်ပြီးတော့ မလိုက်သေးခင်ပရိသတ်အစုအဝေးကြီးကိုမြင်တော့ ဒီပရိသတ်တွေဟာဘာကိစ္စစည်းဝေးကြတာလဲလို့ သိလိုတဲ့အနေနဲ့ပရိသတ်ရှိရာသို့သွားသတဲ့။ သွားတဲ့အခါမှာ အရှင်သောဏမထေရ်ရဲ့ တရားပွဲမှန်းသိတော့ အသာကလေး ပရိသတ်အစွန်က ဝင်ပြီးထိုင်လိုက်တဲ့အခါဥပါသိကာမကာတိယာနီရဲ့နောက်နားမှာ နေမိရက်သားဖြစ်နေသတဲ့။

ထိုအခါကာလ တရားမဏ္ဍပ်မှာညဥ့်အခါရောက်လို့ မှောင်မိုက်လာတော့ ကာတိယာနီကမိမိ၏ကျွန်မတယောက်ကို "အမယ်-အိမ်သွားပြီးတော့ ဆီမီးသွားယူပါချေ" လို့ စေခိုင်းလိုက်တဲ့အတိုင်း ကျွန်မဖြစ်သူဟာလဲ အိမ်ပြန်ပြီးတော့ ဆီမီးခွက်သွားယူတဲ့အခါ အိမ်မှာ ခိုးသူတွေ ရောက်နေမှန်းသိတော့တာပေါ့။ ကျွန်မဖြစ်ပုံဟာ ဆီမီးတောင် မယူနိုင်ဘူး-ကဗျာကရာပြန်လာခဲ့ပြီးသကာလ "အရှင်မ-အိမ်မှာ သူခိုးတွေဥမင်လိုဏ်ခေါင်းတူးကာလမ်းဖောက်လာကြပြီးအိမ်ကိုရောက်နေကြပြီ" လို့ပြာပြာသလဲတရားနာပြီးနေတဲ့သူ့အရှင်မကိုပြောကြားလိုက်တယ်။အဲဒါလို ကျွန်မကလာပြီးပြောတဲ့အခါမှာ ကာတိယာနီက ဘယ်လိုပြန်ပြီးပြောလိုက်သလဲဆိုတော့။

> ကာတိယာနီ ပိ ခေါဒါသိယာ ကထံ သုတွာ အမ္မ မာ သဒ္ဒံ
>
> ကရိ။ စောရာနာမ ဟရန္တာ အတ္တနာ ဒိဋ္ဌမေဝ ဟရိဿန္တိ။
>
> အဟံ ပန အဇ္ဇ ဒုလ္လဘဿဝနံ သုဏာမိ။မာ ဓမ္မဿ အန္တရာယံ
>
> ကရောဟီတိ အာဟ။

ကာတိယာနီပိ၊ တရားနာသဲ အာရုံစွဲ၍ နေသော ကာတိယာနီဥပါသိကာမသည်။ ဒါသိယာ၊ ကျွန်မ၏။ ကထံ၊ တိုင်တန်းပြောဆိုသောစကားကို။ သုတွာ၊ကြားရသည်ရှိသော်။ အမ္မ၊အမိ။ သဒ္ဒံ၊အသံကို။မာကရိ၊

မပြုပါလင့်။ စောရနာမ၊ ခိုးသူတို့မည်သည်။ ဟရန္တာ၊ ဆောင်ယူကြကုန်သည်ရှိသော်။ အတ္တနာ၊မိမိသည်။ ဝါ-မိမိကိုယ်တိုင်။ ဒိဋ္ဌမေဝ၊တွေ့မြင်သော ပစ္စည်းသာလျှင်။ ဟရိဿန္တိ၊ ဆောင်ယူကြကုန်လတ္တံ့။ အဟံပန၊ ငါသည်ကား။ အဇ္ဇ၊ ယနေ့။ ဒုလ္လဘာဿဝနံ၊ ကြုံခဲ့၊ရခဲ့၊နာခဲ့သော တရားတော်ကို။ သုဏာမိ၊နာကြားရ၍နေ၏။ ဓမ္မဿ၊တရားတော်၏။ အန္တရာယံ။ နှောက်ယှက်သဖွယ် အန္တရာယ်ကို။ မာကရောဟ၊မပြုပါလင့်။ ဣတိ၊ဤသို့။ အာဟ၊ပြောကြားလိုက်လေ၏။

"အမိ-အသံမပြုပါနဲ့ ခိုးသူတွေဆိုတာ သူတို့တွေ့မြင်တဲ့အရာဝတ္ထုတွေကိုသာ ယူသွားကြမှာပေါ့။ ယူကြပါစေ၊ ယူကြပါစေ၊ တွေ့ခဲ့၊ကြုံခဲ့၊ နာရခဲ့တဲ့တရားတော်ကို ငါယခု ကြားနာပြီးနေတယ်၊ တရားနာတဲ့ ကိစ္စကို အနှောက်အယှက်မပေးပါနဲ့"လို့ စကားမပြောဘဲ တားမြစ်လိုက်တယ်။

အဲတာလို ကာတိယာနီက ပြန် ပြီး ပြော လိုက် တဲ့ စ ကား ကို အနီးအနားမှာရောက်နေတဲ့ ခိုးမှူးကြီးက ကြားသွားတာပေါ့။ ကြားတဲ့အခါမှာ - " အော် .... ငါတို့ဟာ အလွန်စိတ်ကောင်း စေတနာကောင်းရှိတဲ့ ဥပါသိကာမကြီးရဲ့ဥစ္စာတွေကို ယူမိမှားယွင်းမိလေပြီ။ဤသူရဲ့ပစ္စည်းတွေကို ခိုးယူမိရင်တော့ ငါတို့တစုဟာ မြေခွဲပြီး အဝီစိငရဲကိုသာ ဆင်းဘို့ရှိတော့တယ်"ဟု သတိသံဝေဂရကာ အလွန်ထိတ်လန့်တုန်လှုပ်ပြီးသကာလ အိမ်အရောက်လိုက်သွားပြီးတော့ မိမိတပည့်များအား ယူပြီးတဲ့ဘဏ္ဍာတွေကို ပြန်ထားစေလျက် ခိုးမှူးကြီးက အားလုံးစုပေါင်း ခေါ်ဆောင်လာပြီးလျှင် ပရိသတ်အစွန်က အားလုံးတရားတော်ကို နာယူ၍ နေကြသတဲ့၊

မထေရ်၏တရားတော်ဆုံးသည်နှင့်တပြိုင်နက် ကာတိယာနီ ဥပါသိကာ မဟာ အလွန်မြင့်မြတ်တဲ့ အဇ္ဈာသယရှိတဲ့အပြင် ရတနာသုံးပါးဂုဏ်ကို မတုန်မလှုပ် သက်ဝင်ယုံကြည်တဲ့ "အဝေစ္စပသန္နစေတနာ" ရှိတဲ့အတွက် သောတာပတ္တိမဂ်စခမ်းသို့ ခရီးရောက်အောင် တက်လှမ်းသွားရသတဲ့။

အာရုံချင်း၍ အလင်းရောက်တဲ့အခါကျတော့ ခိုးသားငါးရာတို့ဟာ ကာတိယာနီဥပါသိကာမအထံ အားလုံး ချဉ်း ကပ် လာရောက်ကြပြီးတော့ မိမိတို့ပြစ်မှားမိတဲ့အပြစ်တွေကိုတောင်းပန်ဝန်ချ ကန်တော့ကြသတဲ့။ တောင်းပန်ဝန်ချရုံသာမဟုတ်သေးဘူး "အရှင်မ....ကျွန်ုပ်တို့ ငါးရာလုံးကို အရှင်မြတ်နှင့်သား မထေရ်မြတ်အထံ အပ်နှံ၍ပေးပါ။ အားလုံးဘဲ ကျွန်ုပ်တို့

တစု ရဟန်းပြုလိုပါတယ်''လို့ တောင်းပန်တဲ့အတွက် သောဏမထေရ်မြတ် အထံ ပို့ဆောင်အပ်နှင်းပြီးတော့ ရဟန်းအဖြစ်ကိုရကြပြီးတဲ့နောက် မကြာ မြင့်မှီမှာပင် ရဟန်းတော်ငါးရာလုံးဟာ အရဟတ္တဖိုလ်ရောက် ခရီးပေါက် တော်မူသွားကြတယ်တဲ့။

အခါတပါး၌ ဗုဒ္ဓ ရှင် တော် မြတ် သည် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးတော်မူနေစဉ် ဥပါသိကာ ဒါယိကာမတို့အား အသီးသီး ဌာနန္တရ ရာထူးအဆင့်ဖြင့် အတန်းမြှင့်ပြီး ချီးမြှောက်တော်မူတဲ့ ပွဲမှာ....

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဥပ သိကာနံ အဝေစ္စပသန္နာ နံ ယဒိဒံ ကာတိယာနီ။

ဘိက္ခဝေ၊ ချစ်သမီးတို့။ မမ၊ ငါဘုရား၏။ သာဝိကာနံ၊ တပည့်မဖြစ် ကြကုန်သော။ အဝေစ္စပသန္နာနံ၊ ရတနာသုံးပါးကို မတုန်မလှုပ် သက်ဝင် ယုံကြည်ကြကုန်သော။ ဥပါသိကာနံ၊ ဥပါသိကာ ဒါယိကာမတို့သည်။ ယဒိဒံ ယာ သော ကာတိယာနီ၊ အကြင်ကာတိယာနီ အမည်ရှိတဲ့ ဥပါသိ ကာ ဒါယိကာမသည်။ အတ္ထိ၊ ရှိ၏။ ဧတံ သော ကာတိယာနီ၊ ထိုကာတိ ယာနီ ဥပါသိကာ ဒါယိကာမသည်။ အဂ္ဂံ အဂ္ဂါ၊ အမြင့်ဆုံး - အတော်ဆုံး ဖြစ်ပေ၏။

ဤကဲ့သို့ - ကာတိယာနီ ဥပါသိကာမဟာ အဝေစ္စ ပသန္နအရာ၌ အမြင့်ဆုံးထားပြီး ဧတဒဂ်ရာထူးဖြင့် ချီးကျူးမြှောက်စားခြင်းခံရပါတယ်။

ဤသာဓကဝတ္ထုအသွားကို စဉ်းစားကြည့်ကြစမ်း၊ တရားနာနေတဲ့ အခိုက်အတန့်မှာ စည်းစိမ်တွေကို ထိပါးပြီးတော့ အထင်အရှား လာရောက် ဖျက်ဆီး တိုက်ခိုက်တဲ့အခြင်းအရာကိုကြားရသော်လဲ လားလားမျှဂရုမစိုက် နှစ်ခြိုက်စွာ တရားတော်ကို အာရုံပြုနေတဲ့စေတနာကုသိုလ်အတွက်ကြောင့် လက်ငင်းဒိဋ္ဌ ပစ္စက္ခဘဝမှာပင် အာနိသင်ထင်ရှားလျက် အထက်တန်းစား အကျိုးကိုရကြောင်း ကောင်းကောင်းချည်းထင်ရှားပြီမဟုတ်ပါလား။

ဤသို့ ''ဓမ္မဿဝန''ကုသိုလ်ရဲ့အကျိုးကို သိကြရပြီး ဖြစ်ပါသော ကြောင့် ကျိုးစားပြီးတော့ ပညာလဲရ - အထက်တန်းကျအောင် တစတစ အဆင့်အတန်းမြင့်နိုင်တဲ့ ဓမ္မဿဝနကုသိုလ်ကို ကြိုးတိုင်း-ကြိုးတိုင်း မလွဲတန်း အားထုတ်နိုင်ကြပါစေဟူ၍ များစွာတိုက်တွန်း နှိုးဆော်ခြင်းပြုခဲ့ပါတယ်။

တရားနာရတဲ့ ဓမ္မဿဝန ကုသိုလ် အကျိုးကို ဆက်လက်ပြီး နာယူကြပေအုံးတော့-။ ကဿပမြတ်စွာဘုရား ပွင့်တော်မူတဲ့ လက်ထက်တော်က တခုသော စပါးကြီးမြွေသည် - အဘိဓမ္မာတရားတော်ကို သင်အံရွတ်ဖတ် သရဇ္ဈာယ်ပြီးနေကြတဲ့မထေရ်မြတ်တို့၏အထံမှ"အာယတန"ဆိုတဲ့တရားသံကို နာခံခဲ့ရသဖြင့် အာယတန ဟူသော တရားအာရုံကို ယူပြီးတော့ စုတေသွားသောအခါ နတ်ပြည်၌ ဖြစ်ပါသတဲ့။

ငါတို့မြတ်စွာဘုရားပွင့်တော်မူ၍ပရိနိဗ္ဗာန်ပြုပြီးတဲ့နောက်မှ ပုဏ္ဏားမျိုး၌ဖြစ်ပြီးသကာလ အာဇီဝကတို့၏ သာသနာ၌ ဇနသောဏအမည်ရှိတဲ့ အာဇီဝက ဖြစ်လာ၏။ ၎င်းအာဇီဝကဟာ ဗိန္ဒုသာရမင်း၏'ဓမ္မာ'အမည်ရှိတဲ့ မိဖုယား၏ဆရာ ဖြစ်သတဲ့။ ၎င်း မင်းမိဖုယားတို့၏သားတော်ဖြစ်သော အသောကမင်း မင်းပြုသောအခါ ယင်းအာဇီဝက ဆရာကို ပင့်ဆောင်စေသဖြင့် ကြွလာဆဲအခါမှာ လမ်းခရီးအကြား၌ အဿဂုတ္တမထေရ်၏ သီတင်းသုံးရာ နေရာအရပ်ကိုမြင်လေလျှင် ရဟန်းတော်တို့၏နေရာအရပ်ဟုသိသည်အတွက် မထေရ်မြတ်အထံသို့ ဝင်ရောက်ဆည်းကပ်သတဲ့။

မထေရ်မြတ်အထံ ဝင်ရောက်ဆည်းကပ်သောအခါ မထေရ်မြတ်၏မေတ္တာဓာတ်ကို ခိုလှုံပြီးတော့ ဘေးရန်ကင်းစွာ စုဝေးနေထိုင်ကြတဲ့ ခြင်္သေ့၊ ကျား,စသော သတ္တဝါတွေကို မြင်သောကာလ ၎င်းသတ္တဝါတွေရဲ့ ဖြစ်ပျက် နေထိုင်ပုံ အခြင်းအရာကို မထေရ်မြတ်အား မေးမြန်း လျှောက်ထားသောအခါ အဿဂုတ္တမထေရ်တ အာဇီဝက၏ ရှေးအကြောင်းကို အောက်မေ့ ဆင်ခြင် ကြည့်လတ်သော်- "အာယတနကထာ"ကို မြင်တော်မူသတဲ့။ မထေရ်မြတ်ကလဲ အာဇီဝက၏ အထုံရခဲ့သော အာယတနကထာကို ထင်ရှားအောင် ပြတော်မူလိုသည့်အတွက်"ငါ့ရှင်....ထိုသတ္တဝါတို့ကား အာယတန တို့တည်း"ဟု ဖြေဆိုလိုက်၏။

ထိုအခါ အာယတနဟူသော တရားသံကို ကြားရသဖြင့် အထုံရခဲ့သော တရားတော်က ဥပနိဿယအဖြစ်ဖြင့် ကျေးဇူးပြုသည့်အတွက် သတိရပြီးလျှင် အဿဂုတ္တမထေရ်မြတ်အထံတော်၌ ရဟန်း ပြု ပြီး သည် နောက်-မကြာမြင့်မီပင် အရဟတ္တဖိုလ်သို့ ရောက်၍ ရဟန်းကိစ္စ ပြီးဆုံးတော်မူပါသတဲ့။

(အမှာ။ ။မဟာဝင်ဋီကာထွက်ဖြစ်သော ဤအကြောင်းအရာ၏ အကျယ်ကို "မင်္ဂလတ္ထ ဒီပနီ - ၆၃၅ မှာ ယူပါကုန်။)

ယခုဟောပြခဲ့တဲ့ သက်သေသာဓကကို အာရုံပြုကြစမ်း၊ လူတို့လို သိတတ်တဲ့ အသိဉာဏ်နဲ့ တရားနာရတာ မဟုတ်ဘူး။ တိရစ္ဆာန် အနေနဲ့ ကြားနာခဲ့ရတဲ့ ဓမ္မဿဝနကုသိုလ်အကျိုးဟာ ဘယ်လောက် အဘိုးတန်ပါသလဲ။ အတ္တဖိုလ်သို့ဝင်ပြီး နိဗ္ဗာန်သို့ မရောက်သေးမီကလဲ သုဂတိ နတ်ချမ်းသာကြီးနဲ့နေရပြီးတော့ နောက်ဆုံးဘဝမှာလဲ နိဗ္ဗာန်အထိ မဟာသုခ အကျိုးဗလ၀ ခံစားရတာကို အားကျစရာ အလွန်ကောင်းပါတယ်။ ထို့ကြောင့် တရားနာရေးကို မမေ့မလျော့ အရေးတယူ အလေးမူကြပါလို့ တိုက်တွန်းခဲ့ပါတယ်။

ဒီနေရာမှာ ထပ်ပြီးတော့ သတိပေးခြင်တာက - မဏ္ဍပ် ကနားကြီး ထိုးပြီးတော့ ပရိသတ်တွေအမြောက်အများ ဘိတ်ခေါ် ကျွေးမွေးဧည့်ခံပြီး ပြုလုပ်တဲ့တရားပွဲကြီးမှာ၊တရားနာမှသာဓမ္မဿဝနခေါ်တာမဟုတ်ပါဘူး၊ ဆရာသမားများအထံမှာ တရားတော်ကို သင်အံလေ့ကျက်တာလဲ ဓမ္မဿဝနခေါ်ရတာပါဘဲ။ တယောက်ချင်းချင်း တရားစကားပြောတာကို နာခံတာဘဲဖြစ်စေ၊ တရားစာတွေကိုဘတ်ပြီး နာခံတာဘဲဖြစ်စေ "ဓမ္မဿဝန" ကုသိုလ်ခေါ်ရပါတယ်။ ဗုဒ္ဓရှင်တော်မြတ်ရဲ့"မုက္ခပါဌ်"တော် တရားတော်နှင့် စပ်သမျှတွေကို နာယူရင်၊ နားထောင်ရင် ဓမ္မဿဝနခေါ်တဲ့ တရားနာခြင်း ကုသိုလ်ဘဲလို့ အတိအကျ မှတ်ကြပေတော့။

ကိုင်း....နိဂုံးချုပ်ပြီးတော့ တရားတော်သိမ်းကြစို့။ အကျိုးရှိအောင် ကောင်းကျိုးချမ်းသာကို ခံစားကြရအောင် နည်းလမ်းပေးခဲ့တဲ့အတိုင်း အရင်းစိုက်ထုတ် ဥစ္စာကို မြှုပ်ရတာ မဟုတ်ဘဲနဲ့ ကောင်းကျိုး ချမ်းသာကို စင်စစ်ရနိုင်တဲ့ ဓမ္မဿဝနကုသိုလ် များကို လိုလိုလားလား အားထုတ်ပြီး နိဗ္ဗာန်တိုင်ရောက် ခရီးပေါက်အောင် ကျိုးစားနိုင်ကြပါစေလို့ ဆုတောင်း ပတ္ထနာပြုခဲ့ပါသတည်း။

(ဓမ္မဿဝနကထာ ပြီးပြီ)

## နမော မုနိကုဠရသ ဇေယျတု
## (၃၅) ဓမ္မဒေသနာကထာ

ဝိသုဒ္ဓိနတ် အမြတ်စစ်စစ် ဓမ္မရာဇ်မှန်ကူ သယမ္ဘူ ရှင်တော်မြတ်ဘုရားသည် ဗောဓိပင်ခြေ ပလ္လင်ဗွေ၌ ငါးထွေသောမာန်မျိုးကို ဖြတ်ချိုးပယ်ပစ်လျက် ဘုရား အဖြစ်သို့ ရောက် တော် မူ ပြီး သည် နောက် ပလ္လင်သတ္တာဟ စံနေတော်မူရာကစပြီးတော့ နောက်ဆုံး ရာဇာယတန-သတ္တာဟအထိ စံနေတော်မူပြီးသောအခါ ထိုရာဇာယတန လင်းလွန်းပင်ရှာနမှ ပြောင်းကြွတော်မူပြီးလျှင် အဇပါလညောင်ပင်ရင်း၌ ဆိတ်ငြိမ်စွာသီတင်းသုံးစဉ်အခါက ရှေ့နောက်မြော်မြင် ဉာဏ်သက်ဝင်လျက် စဉ်းစားဆင်ခြင်တော်မူသည်မှာ....

ကိစ္ဆေန မေ အဓိဂတံ၊
အလံဒါနိ ပကာသိတုံ။
ရာဂဒေါသ ပရေတေဟိ၊
နာယံ ဓမ္မော သုသမ္ဗုဒ္ဓေါ။ ။

မေ-မယာ၊ ငါဘုရားသည်။ ကိစ္ဆေန၊ ကိုယ်စိတ်ညစ်နွမ်း ပင်ပန်းငြိုငြင်စွာ ဆည်းပူးသဖြင့်။ အဓိဂတံ၊ ရခဲ့သောတရားတော်မြတ်ကို။ ဒါနိ၊ ယခုအခါ၌။ ပကာသိတုံ၊ သုံးဘုံသူအား ဟောကြားခြင်းငှါ။ အလံ၊ အခွင့်မတော် မသင့်လျော်။ ရာဂဒေါသ ပရေတေဟိ။ ရာဂဒေါသစသည်ရစ်ထပ်နှိပ်စက်အင်သော သတ္တဝါတို့သည်။ အယံဓမ္မော၊ မြတ်ထက်မြတ်ဖျား ဤတရားကို။ သုသမ္ဗုဒ္ဓေါ၊ အလွယ်တကူ နာယူ စိတ် ပိုင် သိနိုင်ကြသည်။ နဟောတိ၊ မဖြစ်နိုင်။

ငါဘုရားသည် သင်္ချေ-သင်္ချာ မြောက်မြားစွာ ခဲခဲယဉ်းယဉ်း ရှာကြံဆည်းပူးပြီး အထူးရှာမှီး၍ ရခဲ့တဲ့ တရားတော်မြတ်ကတော့ – "သုနိပုဏ-သုဂမ္ဘီရ–အတိဒုဒ္ဒသ" ဖြစ်သဖြင့် အလွန်နက်နဲ သိမ်မွေ့ပေတယ်။ သတ္တဝါတွေကတော့ "ရာဂ - ဒေါသ - မောဟ " အသွယ်သွယ် ကာမဂုဏ်နယ်ကဖြစ်သဖြင့် ကြမ်းတမ်းယုတ်မာနေကြတဲ့အတွက် တရားတော်ကိုသိဘို့မလွယ်ကြပေဘူး။ သို့အတွက် ငါဘုရား တရားဟောသော်လဲ ပင်ပန်းရုံသာရှိတော့မယ်လို့ တရားမဟောဘို့အတွက် စိတ်ညွတ်တော်မူတယ်။

အဲဒါလို ရှင်တော်ဘုရား တရားမဟောတော့ဘူးလို့ စိတ်အကြံဖြစ်တော်မူကြောင်း သဟမ္ပတိဗြဟ္မာမင်း သိတဲ့အခါ "အချင်းတို့... မြတ်စွာဘုရား ကြောင့်ကြမဲ့နေပြီး တရားမဟောတော့ဘူးလို့ စိတ်ညွတ်တော်မူပြီ။ ဒီလိုသာဖြစ်ရင်လောကကြီးပျက်စီးတော့မယ်"လို့ ညည်းတွားပြီးသကာလ အလျင်အမြန် ဘုရားရှင်အထံ ချဉ်းကပ်လာရောက်ပြီးတော့-

"ရှင်တော်မြတ်ဘုရား.... ကိလေသာမြူနည်းပါးပြီး တရားသိနိုင်တဲ့ သတ္တဝါများလဲ ရှိပါသေးတယ်၊ ကျွတ်ထိုက်တဲ့ သတ္တဝါတွေကို သနားသောအားဖြင့် တရားဟောတော်မူပါဘုရား"လို့ သုံးကြိမ်သုံးတန်လျှောက်ထား တောင်းပန်တဲ့ အခါကျမှ ဗုဒ္ဓစက္ခုနဲ့ လောကကို ကြည့်ရှုပြီးတော့ ကျွတ်ထိုက်တဲ့ဝေနေယျသတ္တဝါတွေအတွက်ငဲ့ကွက်တော်မူသဖြင့် သဟမ္ပတိဗြဟ္မာမင်းအား ဟောကြားမဲ့အရေး ခွင့်ပေးဝန်ခံတော်မူလိုက်ပါတယ်။

ယခု ဟောခဲ့တဲ့ စ,စဦး ဖြစ်စဉ် အကျဉ်း ကလေးကို စဉ်းစားပြီး ကြည့်ကြစမ်း၊ တရားဟောဘို့အလုပ်ဟာ မလွယ်လှပေဘူး၊ သတ္တဝါတွေရဲ့ အဇ္ဈာသယအလိုကို ကြည့်ကြရင် ဟောပြောရန်အတွက် စိတ်ပျက်စရာတွေချည်း များလှပေတယ်။ မြတ်စွာဘုရား တောင်မှ သဟမ္ပတိ ဗြဟ္မာကြီး အလျှောက် ကောင်းလို့ အကြောင်းကြောင်းကို ထောက်ချင့်ပြီး တရားဟောဘို့ ခွင့်ပြုတော်မူလိုက်ပါတယ်။ ယခုဟောခဲ့တာက ဟရားဟောခြင်း ဓမ္မဒါန အလုပ်ဟာ ခဲခဲ-ယဉ်းယဉ်း အစတည်ပြီးလာရပုံကို သိရအောင် အကျဉ်းညွှန်ပြခြင်း ဖြစ်ပါတယ်။

ယနေ့-တော်သလင်း လဆုတ် ( ၈ ) ရက်နေ့မှာ စီစဉ်ခဲ့တဲ့အတိုင်း "ဓမ္မဒေသနာ"ဆိုတဲ့ ပုညကြိယာကုသိုလ်ကိုဟောကြားဘို့အစဉ်ရောက်လာခဲ့တယ်။ တရားဟောတာကို ဓမ္မဒေသနာလို့ အများ သိနေကြပါပြီ၊ သာမည သိတာထက် တဆင့်တက်ပြီးတော့ ဓမ္မဒေသနာကုသိုလ်ဟာ မည်မျှလောက် မြင့်မြတ်ကြောင်း-အကျိုးရှိကြောင်းကို နားရှင်းအောင်သိကြဘို့ အတွက် ဟောပြောရသေးတာပေါ့။

တရားဟောတဲ့ ဒေသကပုဂ္ဂိုလ်ရှိမှ တရားတော်ကို ကြားနာကြရတယ်။ တရားတော်ကို သိရတယ်။ တရားတော်ကိုသိပြီး လိုက်နာကျင့်ကြံတော့မှ အကျိုးထူးကိုခံစားကြရတယ် မဟုတ်ပါလား။ ထို့ကြောင့်-မြတ်စွာဘုရားသည် သဟမ္ပတိဗြဟ္မာမင်း တောင်းပန်ခြင်းကို အကြောင်းရင်းပြုပြီး

တော့ သတ္တဝါတို့၏အလိုက် စရိုက်အားလျော်စွာ တရားတော်ဓမ္မောဇကို ဟောပြ ချွေချွတ်တော် မူမည်ဟု ဝန်ခံ ခွင့်ပြုတော်မူပြီးလျှင် အဇပါလ ညောင်ပင်ရင်း သီတင်းသုံးတော်မူရာမှ ဗာရာဏသီပြည် မိဂဒါဝုန်တောသို့ ကြွတော်မူပြီးတဲ့အခါမှာ၊ ရှေးဦးစွာ ကောဏ္ဍည, ဝပ္ပ, ဘဒ္ဒိယ, မဟာနာမ်, အဿဇိ အမည်ရှိတဲ့ ပဥ္စဝဂ္ဂီငါးဦးတို့အား "ဓမ္မစက္ကပဝတ္တန" သုတ်တော်ကြီးကို ဟောကြားချေချွတ်လို့ အကျွတ်တရား ရစေတော် မူပါတယ်။ ။ ထိုနောက်....

ဗာရာဏသီ သူဌေးသား ရှင်ယသအား တရားတော် ဓမ္မစက်ဖြင့် ဟောမြွက်ထုတ်ဖော် ခေါ်တော်မူပြီးလျှင် အဖော်ဖြစ်သော ရှင်ယသ၏ မိတ်ဆွေများ ဖြစ်တဲ့ ဝိမလ, သုဗာဟု, ပုဏ္ဏဇိ, ဂဝမ္ပတိ ငှင်း ပုဂ္ဂိုလ် လေးယောက် တို့ဟာလဲ သာသနာ တော်ကို ဝင်ရောက် ကြတယ်။ ထို နောက်လဲ....

ဗာရာဏသီသူဌေးသား ရှင်ယသရဲ့သတင်းကို ကြားကြတဲ့အတွက် ရှင်ယသရဲ့ မိတ်ဆွေတသင်း အပေါင်းအသင်း ငါးကျိပ်တယောက် တို့လဲ မြတ်စွာဘုရားထံ ချဉ်းကပ်လာရောက်ကြပြီးလျှင် ဘုရားရှင်ကိုမှီခိုပြီးတော့ အရဟတ္တဖိုလ်အရောက် ရဟန်းကိစ္စပြီးမြောက်တော်မူကြပါတယ်။ ထိုအခါ မှာ မြတ်စွာဘုရား၏ နောက်တော်ပါးမှ ၁,စားပြီး အခြံအရံ အဖြစ်နဲ့ ဖြစ်ထွန်း ပေါ်ပေါက် လာကြတဲ့ ရဟန္တာမထေရ်များမှာ "ကေသဠိ" ခြောက်ကျိပ်တပါး အရေအတွက် ရှိသွားလေပြီ။

ဤကဲ့သို့ တပည့်ပရိသတ်အခြံအရံရှိလာတဲ့အခါကျတော့ လူ,နတ်, ဗြဟ္မာ သတ္တဝါအပေါင်းတို့ အကျိုးကျေးဇူးများဘို့အတွက် အသီး-အသီး ခရီးထွက်ပြီးတော့ တရားပြဘို့-တရားဟောဘို့ အခါရောက်ပြီဟု နှလုံး သွင်းတော်မူပြီးလျှင် ရဟန်းများကို ခေါ်တော်မူပြီး သကာလ....

စရထ ဘိက္ခဝေ စာရိကံ ဗဟုဇနဟိတာယ။

မာ ဧကေန ဒွေ အဂမိတ္ထ။

ဒေသေထ ဘိက္ခဝေ ဓမ္မံ-ပ-ပရိသုဒ္ဓံ ဗြဟ္မစရိယံ ပကာသေထ။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ဗဟုဇနဟိတာယ၊ လူ,နတ်,ဗြဟ္မာ သတ္တဝါအများတို့ အကျိုးစီးပွားများစေခြင်းငှါ။ စာရိကံ၊ဒေသစာရီကို။ စရထ၊လှည့်လည်ဖဲ့ခွါ သွားလာကြကုန်လော့။ ဧကေန၊ တကြောင်းတည်း

သော ခရီးဖြင့်။ ဒွေါနှစ်ပါးကုန်သောရဟန်းတို့သည်။ မာအာဂမိတ္တ၊မသွား ကြကုန်လင့်။ ဘိက္ခဝေ၊ ချစ်သား ရဟန်းတို့။ ပရိသုဒ္ဓံ၊ ထက်ဝန်းကြင် စင်ကြယ်သော။ ဓမ္မံ၊တရားကို။ ဒေသေထ၊ဟောကြကုန်လော့။ ဗြဟ္မစရိယံ။ မြတ်သောအကျင့်ကို။ ပကာသေထ၊ ပြကြကုန်လော့။

ချစ်သားရဟန်းတို့၊ သတ္တဝါအများ ချမ်းသာသုခ ရကြစေခြင်းငှါ ခရီးဒေသစာရီ ထွက်ခွာပြီး သွားကြပေတော့....။ သွားတဲ့အခါမှာလဲ နှစ်ပါးမတွဲ တပါးစီခွဲပြီး သွားကြရမယ်။ ခရီးတကြောင်းထဲ နှစ်ပါးတွဲပြီးတော့ မသွားကြလေနဲ့။ ထက်ဝန်းကျင် စင်ကြယ်ကောင်းမြတ်တဲ့ မြတ်သော တရားတော်ကို ဟောကြားကြလေ....။ ငါဘုရားလဲ ဤနေရာက "ဥရုဝေလ"တော သေနာနိဂုံးသို့ ကြွမယ်လို့ တပည့်ရဟန်းတော်များအား ဩဝါဒပေးပြီး စေလွှတ်တော်မူတယ်။

ယခုဟောပြတဲ့ မြတ်စွာဘုရား၏စီမံတော်မူပုံကို စဉ်းစားကြည့်ကြစမ်း၊ သတ္တဝါအများ ချမ်းသာရေးအတွက် ကိုယ်တော်တိုင်လဲ ပင်ပမ်းမှုကို ငဲ့ကွက်တော်မမူဘဲ တရားဓမ္မ ဟော ပြတော် မူ ရ တယ်။ တရား ဟောတတ်အောင် တပည့်ရဟန်းတော်များကိုလဲ သင်ကြားပေးပြီးတော့ တရားဟော စေလွှတ်တော်မူရတယ်။ တ ရား ဟော ပြော ဘို့ ဓမ္မဒေသနာ အရေးဟာ အလွန်အရေးကြီးတယ်ဆိုတာ ထင်ရှားတော့တာပေါ့။

တရားဟောပြောတဲ့ "ဓမ္မဒေသက"ပုဂ္ဂိုလ်ရှိမှသာ တရားတော်ကို နာရပြီးတော့ အဆင့်ဆင့် မဂ်လမ်း - ဖိုလ်လမ်း ရောက်အောင် တက်နိုင်ပါတယ်။ ဒါ့ကြောင့် ရှင်တော်မြတ်ဘုရားလဲ တရားဟောပုဂ္ဂိုလ်တွေ တိုးတက်ပြန့်ပွားအောင် စီမံတော်မူရတာပေါ့။ တရားဟောတဲ့ ဓမ္မဒေသနာကုသိုလ်၏ အကျိုးကြီးပုံ - အရေးပါပုံကို ထင်ရှားအောင် နာယူကြပေအုံးတော့။

ကေသ္မိံ သမယေ၊ အခါတပါး၌။ တာဝတိံ သဒေဝလောကေ၊ တာဝတိံသာနတ်ပြည်၌။ ဒေဝတာ၊ နတ်တို့သည်။ သန္နိပတိတွာ၊ စည်းဝေး တိုင်ပင်ကြကုန်၍။ စတ္တာရောပဥှေ၊ ပြဿနာလေးမျိုးတို့ကို။ သမုဋ္ဌာပေသုံ၊ဖြစ်စေကြကုန်ပြီ။ တာဝတိံသာနတ်ပြည်မှာ နတ်အများ စည်းဝေးကြပြီးတော့ပြဿနာလေးမျိုးကို ဆွေးနွေးကြသတဲ့။ ပြဿနာလေးမျိုးက ဘယ်ဒင်းပါလဲဆိုတော့....

(၁) "ဒါန"ဟူသမျှမှာ ဘယ်ဒါနက မြတ်သလဲ။
(၂) "အရသာ"အပေါင်းတို့တွင် ဘယ်အရသာက မြတ်သလဲ။
(၃) "မွေ့လျော်ခြင်း" ဟူသမျှမှာ ဘယ်မွေ့လျော်ခြင်းက မြတ်သလဲ။
(၄) "တဏှာ၏ကုန်ခြင်း"ကို ဘယ်ကြောင့် မြတ်တယ်ဟူ၍ ဆိုရသလဲ။

အဲဒီပြဿနာများကို နတ်သားတယောက်မျှ မဆိုးဖြတ်နိုင်တဲ့အတွက် ၁၂-နှစ်တို့ ကာလပတ်လုံး စကြဝဠာ တိုက်တသောင်းလုံးမှာ ဤပြဿနာ ပြန့်ပွားနေသတဲ့။ မဆိုးဖြတ်နိုင်တာ နှစ်, လ, ကြာလာတော့- စကြဝဠာတိုက်တသောင်းလုံးက နတ်အများစုဝေးကြပြီးတော့ စတုမဟာရာဇ် နတ်မင်းကြီးလေးယောက်ထံလာပြီး မေးကြတယ်။ နတ်မင်းကြီးလေးယောက်တို့လဲ မဖြေရှင်းနိုင်တော့ သူတို့ထက် ဘုန်းသမ္ဘာ ဉာဏ်ပညာကြီးမြင့်တဲ့ သိကြားမင်းအထံ သွားကြပြန်သတဲ့။

သိကြားမင်းကလဲ "ဗုဒ္ဓဝိသယာ ဟေတေ" တော၊ ဤပြဿနာတို့သည်ကား။ ဗုဒ္ဓဝိသယာ၊ မြတ်စွာဘုရားသာသိနိုင်တဲ့ပြဿနာတို့ပေတည်း။ ဒီပြဿနာကို ဒို့မသိနိုင်ဘူး၊ မြတ်စွာဘုရားသာ သိနိုင်ပေတယ်ဆိုပြီးတော့ နတ်အပေါင်းများစွာတို့နှင့်တကွ ဇေတဝန်ကျောင်းတော်သို့ ညဥ့်အခါ ချဉ်းကပ်ပြီးတော့ ခုတင်က ဟောခဲ့တဲ့ ပြဿနာလေးမျိုးကို ဖြေကြားဘို့ သိကြားမင်းက လျှောက်ထားတဲ့အတွက် မြတ်စွာဘုရား ဖြေကြားတော်မူသည်မှာ....

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊
သဗ္ဗရသံ ဓမ္မရသော ဇိနာတိ။
သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ၊
တဏှက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ။ ။

ဓမ္မဒါနံ၊ တရားသဘော ဟောပြောဝေငှ ဓမ္မဒါနသည်။ သဗ္ဗဒါနံ၊ ပေးလှူသမျှ ခပ်သိမ်းသော ဒါနကို။ ဇိနာတိ၊ အောင်၏။ ဓမ္မရသော၊ တရားတည်းဟူသော အရသာသည်။ သဗ္ဗရသံ၊ ကောင်းဆိုသမျှ ရှိကြများစွာ အရသာကို။ ဇိနာတိ၊ အောင်၏။ ဓမ္မရတိ၊ တရားသဖြင့် မွေ့လျော်

ခြင်းသည်။ သဗ္ဗရတိ ၊ ကာမဂုဏ် မကင်း မွေ့လျော်ခြင်းဟူသမျှကို။ ဇိနာတိ၊ အောင်၏။ တဏှက္ခယော၊ တဏှာကင်းရာ အရဟတ္တဖိုလ် ချမ်းသာသည်။ သဗ္ဗဒုက္ခံ၊ သံသရာထဲ မလွတ်တဲ့သည့် ဝဋ်ဆင်းရဲ ဟူသမျှကို။ ဇိနာတိ၊ အောင်၏။

သိကြားမင်းအား ဖြေကြားတော်မူလိုက်တဲ့ ဤဒေသနာတော်ရဲ့ အဓိပ္ပါယ်ကို အာရုံစိုက်ပြီး လေးလေးစားစား မှတ်သားကြပေတော့။

ဓမ္မဒါနံ၊ တရားသဘော ဟောပြောဝေငှ ဓမ္မဒါနသည်။ သဗ္ဗဒါနံ၊ ပေးလှူသမျှ ခပ်သိမ်းသောဒါနကို။ ဇိနာတိ၊ အောင်၏။ အဲဒီပထမ ပါဒ ဒေသနာတော်ရဲ့ အဓိပ္ပါယ်ကတော့- တရားတော်ကို ဟောဖော်ညွှန်ပြ ဆုံးမသြဝါဒပေးဘို့ ဓမ္မဒါနကုသိုလ်ဟာ အမွန်မြတ်ဆုံး အကောင်းဆုံး စီမံပြီးတော့ လှူဒါန်းတဲ့ ကြီးကျယ်သောဒါနအမျိုးမျိုးတို့ထက် သာလွန်တယ်, မြင့်မြတ်တယ်လို့ မြတ်စွာဘုရား မိန့်ကြားတော်မူပါတယ်။

တပါးသောဒါနတို့ထက် ဓမ္မဒါနက မြင့်မြတ်ပုံကို အထင်အရှား သိကြရအောင် ဒေသနာတော်အရ အလှူပွဲကြီးတခု စီမံပြီးတော့ အာရုံပြု ကြရမယ်။ ဘယ်လိုစီမံရမလဲဆိုတော့ စကြဝဠာတိုက်ကြီး တခုလုံးအတွင်း ၌ အထက်ဗြဟ္မာဘုံထိအောင် ဘုရား,ပစ္စေကဗုဒ္ဓါ,ရဟန္တာမထေရ်မြတ်တွေ ကို တပါးနှင့်တပါး ထိစပ်ပြီးနေအောင် သီတင်းသုံးစေလျက် စိတ်ထဲက ပင့်ဘိတ်ပြီးတော့ ထားလိုက်ကြစမ်း၊ အဲဒါက အလှူခံပုဂ္ဂိုလ်ဘက်က အာရုံ ပြုထားဘို့ဖြစ်ပေတယ်။

၎င်း အလှူခံပုဂ္ဂိုလ်တွေကိုလှူဘို့ လှူဘွယ်ဝတ္ထုကတော့- ပင့်ဘိတ် ထားတဲ့ အလှူခံ ပုဂ္ဂိုလ်များ တပါးမကျန် စေ့အောင် လှူနိုင်ဘို့အတွက် အလွန်အဘိုးထိုက်တန်တဲ့ သင်္ကန်းပရိက္ခရာတွေကိုစီမံပြီးတော့ တမျိုးထား။

နောက်ပြီးတော့ - အကောင်းဆုံး, အမွန်ဆုံး, အမြတ်ဆုံးဖြစ်တဲ့ ဆွမ်း,ခဲဘွယ်,ဘောဇဉ်,ချိုချဉ် အရသာတွေကို ပုဂ္ဂိုလ်စေ့အောင်၊ သပိတ် စေ့အောင် လောင်းလှူနိုင်ဘို့ စီမံပြီးတော့ တမျိုးထားရမယ်။

နောက်ပြီးတော့ ထောပတ်,တင်လဲ,ပျား,ဆီအစရှိတဲ့ ဆေးပစ္စည်း တွေကိုလဲ ပင့်ဘိတ်ထားတဲ့ စကြဝဠာတိုက်အတွင်းအပြည့် သီတင်းသုံးနေ တဲ့ အလှူခံ အရှင်မြတ်တွေကို တပါးစီ လှူဒါန်း နိုင်အောင် စီမံပြီးတော့ တမျိုးထားရမယ်။

နောက်ပြီးတော့ ပင့်ဘိတ်ထားတဲ့ အလှူခံအရှင်မြတ်တွေ နေထိုင်သီတင်းသုံးရန်အတွက် မဇ္ဈိမဒေသက "မဟာဝိဟာရ" ကျောင်းကြီးနဲ့တူတဲ့ ကျောင်းတော်ကြီးတွေ။ "လောဟပါသာဒပြာသာဒ်"နဲ့တူတဲ့ ပြာသာဒ်ကြီးတွေ။ အနာထပိဏ်သူဌေးကြီးများ ကုဋေပေါင်းများစွာ အကုန်ခံပြီး ဆောက်လုပ်လှူဒါန်းခဲ့တဲ့ ကျောင်းတော်ကြီးမျိုးတွေ အဲဒီကျောင်းတော်ကြီးကိုလဲ စိတ်ထဲက စီမံပြီး ထားရမယ်။

ယခု နည်းလမ်းပေးခဲ့သလို စိတ်ဖြင့် စီမံပြီးထားတဲ့ အကောင်းဆုံး အမွန်အမြတ်ဆုံးဖြစ်တဲ့ ပစ္စည်းလေးပါးခေါ်တဲ့ ဆွမ်း-သင်္ကန်း-ကျောင်း-ဆေး ဆိုတဲ့ လှူဘွယ်ဝတ္ထုတွေကို ခုတင်က ပင့်ဘိတ်ထားတဲ့ ဗြဟ္မာ့ပြည်အထိ စကြဝဠာတိုက်လုံးပြည့်အောင် သီတင်းသုံးတော်မူနေကြတဲ့ ဘုရား ပစ္စေကဗုဒ္ဓါ-ရဟန္တာဖြစ်တဲ့ အလှူခံပုဂ္ဂိုလ်တွေကို "သက္ကစ္စဂါရဝ"ဖြစ်စေလျက် ရိုသေစွာ လှူဒါန်းကြရမယ်။

ယခုစီမံပြီးပြခဲ့တဲ့ အင်မတန်ကြီးကျယ်တဲ့ဒါနခဏ်းအလှူတော်ကြီးကို သေသေချာချာ စဉ်းစားကြည့်ကြမယ်ဆိုရင် အလှူခံပုဂ္ဂိုလ်ဘက်ကလဲ ဘုရား-ပစ္စေကဗုဒ္ဓါ-ရဟန္တာအရှင်မြတ်တွေဆိုတော့ဒက္ခိနေယျ အင်္ဂါပြည့်စုံပြီးသား, မြတ်ပြီးသား ဖြစ်နေတာပေါ့။ အလှူဝတ္ထုဘက်ကကြည့်မယ်ဆိုရင်လဲ လောကမှာ အကောင်းဆုံး-အမြတ်ဆုံး စီမံထားတဲ့ ပစ္စည်းလေးပါး ဒါနဝတ္ထုတွေကလဲ အင်မတန်ကောင်းမြတ်တဲ့ "ပဏီတဒါန" ဝတ္ထုတွေ ဖြစ်နေပါပြီ။

အဲတာလို ခမ်းနားကြီးကျယ်စွာ လှူဒါန်းတဲ့ "ဒါနခဏ်း"ကုသိုလ်မင်္ဂလာကြီးဟာ အင်မတန်-အင်မတန် အကျိုးပေးမြင့်မြတ်လိမ့်မယ်လို့ ဆိုရမှာပေါ့။ ဆိုရလောက်အောင်လဲ အကျိုးပေးမြင့်မြတ်မှာ မှန်ပါတယ်။

သို့ပေမယ်လို့ တရားဟောခြင်း ဓမ္မဒါနကုသိုလ်နဲ့ နှိုင်းချိန်ပြီးကြည့်မယ်ဆိုရင် လေးပါဒရှိတဲ့ တစ်ဂါထာမျှသော ဒေသနာဖြင့် တရား ဟောပြောပြတဲ့ ဓမ္မဒါနကုသိုလ်လောက် မမြတ်ဘူး။ ဓမ္မဒါနကသာ မြတ်တယ်လို့ မြတ်စွာဘုရား ဟောတော်မူလိုရင်း ဖြစ်ပေတယ်။

ထို့ကြောင့်-

အဋ္ဌမသော စတုပ္ပဒိကာယ ဂါထာယ အနုမောဒနာ ဝသေန
နာပိ ပဝတ္တိတံ ဓမ္မဒါနမေဝ ဝရံ သေဋ္ဌံ။

အန္တမသော၊ ယုတ်စွအဆုံးအားဖြင့်။ စတုပ္ပဒိကာယ၊ လေးပဒ-လေးပိုဒ်မျှသာရှိသော။ ဂါထာယ၊ ဂါထာဖြင့်။ အနုမောဒနာဝသေနာပိ၊ ဝမ်းမြောက်-ဝမ်းသာ အနုမောဒနာ ပြုသည်၏ အစွမ်း အား ဖြင့် လည်း။ ပဝတ္တိတံ၊ ဖြစ်စေအပ် ဟောပြောအပ်သော။ ဓမ္မဒါနမေဝ၊ ဓမ္မဒါနသည် သာလျှင်။ ဝရံ-သေဋ္ဌံ၊ မြင့်မြတ်လှပေ၏။

သေးသေးဖွဲ့ဖွဲ့ကုသိုလ်မျိုး မပြောနဲ့ ယခု ဟောပြောခဲ့တဲ့ အလွန့်-အလွန်ကြီးကျယ်တဲ့ ဒါနကုသိုလ်ကြီးဟာတောင် ဓမ္မဒါနကို မမှီနိုင်ဘူး။ ဓမ္မဒါနကသာ မြတ်တယ်လို့ ရှင်တော်ဘုရား မိန့်တော်မူခဲ့ပါတယ်။

ဒါဟာ ဘယ်ကြောင့်ပါလဲလို့ မေးစရာ-စောဒနာစရာ ဖြစ်တော့တာပေါ့။ ဒေသနာတော်မှာ ဖြေရှင်းပြီး ပြပြီးသားဖြစ်ပါတယ်။ ပေါ်လွင်အောင် ဖြေရှင်းချက်ကို ပြရသေးတာပေါ့။

ကောင်းမှုကုသိုလ် ပြုတယ်ဆိုတဲ့ကိစ္စဟာ တရားတော်ကို ကြားနာရတဲ့အတွက် အကျိုးအကြောင်းကိုသိတဲ့ အသိဉာဏ် ဝင်လာပြီးတဲ့နောက် အကျိုးအကြောင်းကိုသိလို့ ကောင်းမှုကိုပြုလုပ်တတ်ကြတာ ဖြစ်ပေတယ်။ အကယ်၍သာ တရားတော်ကို မနာရဘူးဆိုရင် အကြောင်းအကျိုးကို မသိတဲ့အတွက် တဇွန်း၊ တယောက်မလောက်ဖြစ်တဲ့ ဒါနကုသိုလ်ကိုပင် ပြုလုပ်တတ်ဘို့ ခဲရင်းလိမ့်မယ်။ တရားနာရပြီးတော့ ဒါနအမှုကို သိတဲ့အတွက် ကုသိုလ်ကို ပြုလုပ်တတ်ကြတာပေါ့။ ထို့ကြောင့် ခပ်သိမ်းသော ဒါနထက် ဓမ္မဒါနက သာလွန်တယ်-မြင့်မြတ်တယ် ဟူ၍ ရှင်တော်မြတ်ဘုရား ဟောတော်မူပါတယ်။

တမျိုးအားဖြင့်သိမှတ်စရာကတော့ အဆင့်အတန်းအမြင့်ဆုံးဖြစ်တဲ့ "ဘုရား-ပစ္စေကဗုဒ္ဓါ" အရှင်မြတ်တွေကို ချန်လှပ်ထားပြီးတော့၊ လောက သုံးပါးလုံးမှာ ပညာဉာဏ်အကြီးဆုံး-အမြင့်ဆုံးဖြစ်၍ ပညာအရာ၌ ဧတဒဂ်ရာထူးဖြင့် ချီးကျူး မြှောက်စားခြင်းကို ခံတော်မူရတဲ့ အရှင်သာရိပုတြာ အစရှိတဲ့ မထေရ်မြတ်ကြီးများ ပင်လျှင် မိမိတို့ သဘော မွေတာ အတိုင်း သောတာပတ္တိဖိုလ်အစရှိတဲ့တရားထူးများကို မျက်မှောက်မပြုနိုင်ကြပါဘူး။ အဿဇိ မထေရ်အစရှိတဲ့ မထေရ်များရဲ့ တရားဇတော်ကို နာကြားရလို့သာ သောတာပန်အဖြစ်သို့ ရောက်ကြရတယ်။ မြတ်စွာဘုရား၏ တရားတော်ကို ကြားနာရလို့ သာဝက ပါရမီဉာဏ်ကို မျက်မှောက်ပြုတော် မူကြရတယ် မဟုတ်ပါလား။

ထိုကြောင့်–သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။ ဓမ္မဒါနံ၊ တရားသဘောဟောပြောဝေငှ ဓမ္မဒါနသည်။ သဗ္ဗဒါနံ၊ပေးလှူသမျှ ခပ်သိမ်းသောဒါနကို။ ဇိနာတိ၊အောင်၏။ ဤကဲ့သို့ မြတ်စွာဘုရားမိန့်တော်မူခဲ့တဲ့ဒေသနာတော်တွေကို ထောက်ဆပြီးတော့ တရားဟောပြောတဲ့ ဓမ္မဒါန ကုသိုလ်ဟာ အမြင့်ဆုံး အမြတ်ဆုံးဖြစ်ကြောင်းကို သိမှတ်ကြရမယ်။

ထို့မှတပါးလဲဓမ္မဒေသနာကုသိုလ်ဟာ အမြတ်ဆုံးဖြစ်တဲ့အကြောင်းကို နာယူကြပြီးတော့။ မြတ်စွာဘုရားသည် ကျေးဇူး အင်မတန် ကြီးမားလှတဲ့ မယ်တော်မိ နတ်သားအား ကျေးဇူးဆပ်တော်မူတဲ့ ကိစ္စကိုဆင်ခြင်ပြီးတော့ ကြည့်ကြမယ်ဆိုရင်လဲ ဓမ္မဒေသနာတော်ရဲ့ အရေးပါကြောင်း မြင့်မြတ်ကြောင်းကို သိနိုင်ကြပါတယ်။

သဗ္ဗညုရှင်တော်ဘုရားသည် ကဏ္ဍမ္ဗမည်သော သရက်ပင်အရင်း၌ တပါးသောသာဝကတို့၏အရာမဟုတ်၊ဗုဒ္ဓရှင်တော်မြတ်၏သာအရေးအရာဖြစ်တော်မူတဲ့ ထူးကဲလှစွာသော ယမိုက်ပြာဋိဟာကို ပြတော် မူပြီးလျှင် မယ်တော်မိနတ်သားအား အဘိဓမ္မာ ဒေသနာတော်ကို ဟောတော်မူရန် အလို့ငှာ မြေပြင်မှနေ၍ လကျာခြေတော်ကို ယုဂန္ဓိုရ်တောင်ထိပ်၌တကြိမ် ထားလျက်၊ လက်ဝဲခြေတော်ကိုမြင့်မိုရ်တောင်ထိပ်၌တကြိမ် ထားပြီးလျှင် ယူဇနာပေါင်းတသိန်းခြောက်သောင်းရှစ်ထောင်ရှိတဲ့ တာဝတိံသာ နတ်ပြည်သို့ နှစ်လှမ်းနှင့်သုံးဖဝါးဖြင့်သာ ကြွတော်မူ၏။ ကြွတော်မူပြီးလျှင် တာဝတိံသာနတ်ပြည်ဝယ် ပင်လယ်ကသစ်ပင် ခြေရင်း၌ ခင်းထားအပ်သော ပဏ္ဍုကမ္ဗလာ မြကျောက်ဖြာ ထက်၌ စကြဝဠာ တိုက်တသောင်းမှ စည်းဝေး ရောက်လာကြတဲ့ နတ်,ဗြဟ္မာတို့ ခြံရံကာ သီတင်း သုံးတော်မူကြောင်းကို....

သတ္ထာရမ္ပိ မာတု အဘိဓမ္မဒေသနတ္ထံ ပဏ္ဍုကမ္ဗလသိလာယံ
ဝဿံဥပဂတံ ဒသသဟဿစက္ကပါဠဒေဝတာ ပရိဝါရယိံသု။

မာတု၊ကျေးဇူးအရှင်မွေးမိခင်အား။ အဘိဓမ္မဒေသနတ္ထံ၊အဘိဓမ္မာတရားဟောကြားခြင်း အကျိုးငှာ။ ပဏ္ဍုကမ္ဗလသိလာယံ၊ ပဏ္ဍုကမ္ဗလာကျောက်နေရာ၌။ ဝဿံဥပဂတံ၊ သုံးလသတ်မှတ် ဝါကပ်တော်မူမည်ဖြစ်သော။ သတ္ထာရမ္ပိ၊နတ်လူတို့ဆရာ ဘုရားမြတ်စွာကိုလည်း။ ဒသသဟဿစက္ကဝါဠဒေဝတာ၊ စကြဝဠာတိုက်တသောင်းမှ စုပေါင်းရောက်လာကြတဲ့ နတ်ဗြဟ္မာအပေါင်းတို့သည်။ပရိဝါရယိံသု၊ဝန်းရံဆည်းကပ်၍နေကြကုန်ပြီ။

မြတ်စွာဘုရား တာဝတိံသာနတ်ပြည် ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာထက်၌ စမ္ပယ်သီတင်း သုံးတော်မူတဲ့အခါမှာ အလွန်တန်ခိုးကြီးပါတယ်ဆိုတဲ့ နတ်,ဗြဟ္မာတို့၏ရုပ်ရုံအဆင်းတွေဟာ မြတ်စွာဘုရားနဲ့ ရူပဝိလာသဂုဏ်အဆင်းတော်ရဲ့အောက်ကနေရသတဲ့။ မြတ်စွာဘုရားအဆင်းတော်ကသာ နတ်,ဗြဟ္မာတို့၏အဆင်းထက်ထူးကဲတင့်တယ် သပ္ပါယ်တော်မူတဲ့ ဝဏ္ဏသမ္ပတ္တိဂုဏ်တော်ကို ဤနေရာမှာအနည်းငယ်သွင်းပြီးတော့ အာရုံပြုကာ ကြည်ညိုလိုက်ကြစမ်း။

န ကောစိ ဒေဝေါ ဝဏ္ဏေန၊
သမ္ဗုဒ္ဓဿ ဝိရောစတိ။
သဗ္ဗေ ဒေဝေ အတိက္ကမ္မ၊
သမ္ဗုဒ္ဓေါဝ ဝိရောစတိ။ ။

ကောစိ၊ တစုံတယောက်သော။ ဒေဝေါ၊ ကြည့်၍မဆုံး မိမိဘုန်းကြောင့် အလုဆုံးဖြစ်သော နတ်သားသည်။ သမ္ဗုဒ္ဓဿ၊ ယှဉ်ပြိုင်သူကင်းတရားမင်း ဖြစ်တော်မူသော မြတ်စွာဘုရား၏။ ဝဏ္ဏေန၊ အဆင်းတော်ကြောင့်။ ဝါ-ဘုရားရှင်အဆင်းဂုဏ်က လွှမ်းခြုံ၍ထားလေသောကြောင့်။ နဝိရောစတိ၊ ဘုရားရှင်ကိုလွန်ကဲ၍ အမှန်ဘဲမထွန်းပနိုင်ပေ။ သမ္ဗုဒ္ဓေါဝ၊ ရှင်တော်ဘုရားကသာလျှင်။သဗ္ဗေဒေဝေ၊ဆည်းကပ်ရောက်လာ နတ်,ဗြဟ္မာဟူသမျှတို့ကို။ အတိက္ကမ္မ၊ တင့်တယ်ပြည့်ဖြိုး ဘုန်းတန်ခိုးဖြင့် အဆင့်ဆင့်လွှမ်းမိုးတော်မူ၍။ ဝိရောစတိ၊ရှုမြင်မဝ အားမရဘွယ် အမျိုးမျိုးသပ္ပါယ်တော်မူပါပေစွတကား။

ဤဒေသနာတော်က ဘယ်သူနှင့်မျှ မတူနိုင်တဲ့ မြတ်စွာဘုရား၏အဆင်းတော်ကိုအာရုံပြုပြီး ကြည်ညိုကြဖို့အတွက် ကြားစွက်ပြီးဟောပြလိုက်ခြင်းဖြစ်ပါတယ်။

ကြယ်တာရာ အပေါင်းတို့ဖြင့် ခြံရံလျက် တင့်တယ်စွာ ထွက်ပေါ်လာသော လပြည့်ဝန်းကြီးကဲ့သို့ နတ်,ဗြဟ္မာ အပေါင်းတို့ဖြင့် ခြံရံလျက် အလွန်တင့်တယ်သပ္ပါယ်စွာ ပဏ္ဍုကမ္ဗလာမြကျောက်ဖျာထက်၌စံနေတော်မူသော ဗုဒ္ဓရှင်တော် မြတ်ဘုရား၏ လက်ျာဘက် နံပါးက မြတ်ဘုရား၏ မယ်တော်ဖြစ်တဲ့သန္တုဿိတနတ်သားသည် မိမိစံနေရာဖြစ်တဲ့တုသိတာနတ်ပြည်က ဆင်းသက်လာပြီးတော့ သားတော်ဘုရားရဲ့ နံပါးမှာ ခစားဆည်းကပ်ပြီး နေသတဲ့။

မာတာ တုသိတဝိမာနတော အာဂန္တွာ ဒက္ခိဏပဿေ နိသီဒိ။

ဗုဒ္ဓဿ၊ရှင်တော်မြတ်ဘုရား၏။ မာတာ၊ကျေးဇူးကြီးကျယ် နတ်မိမယ်သည်။ တုသိတဝိမာနတော၊တုသိတာစခန်း နတ်ဘုံနန်းမှ။ အာဂန္တွာ၊သက်ဆင်းလာရောက်၍။ ဒက္ခိဏပဿေ၊ သားတော်ဘုရား လကျ်ာနံပါး၌။ နိသီဒိ၊ရှိသေလေးမြတ် ဆည်းကပ်ခစား၍ နေလေ၏။

ဗုဒ္ဓရှင်တော်မြတ်သည် ရှိသမျှဉဿုံအကြောင်းစုံကို အကုန်သိတော်မူသည်၏အဖြစ်ကြောင့် သဗ္ဗညုဘဲ့ထူးကိုခံယူစိုးပိုင်တော်မူခဲ့လေပြီ။သိတော်မူပြီးသည်အတွက် အကျိုးအရှိဆုံးဖြစ်၍ မှန်ကန်သော နည်းလမ်း ကိုသာကျင့်ကြံတော် မူခဲ့သည်အတိုင်း ကျေးဇူးရှင်ဖြစ်တဲ့ မယ်တော်မိနတ်သားအား ကျေးဇူးဆပ်တော်မူတဲ့ကိစ္စမှာကြည့်ကြစမ်း။ တရားဟောပြောခြင်းနည်းဟူသော ဓမ္မဒေသနာ အလုပ်ဖြင့်သာ ကျေးဇူးဆပ်တယ် မဟုတ်ပါလား။

ထို့ကြောင့် ဓမ္မဒေသနာခေါ်တဲ့ ဓမ္မဒါန အလှူဟာ တပါးသောဒါနတို့ထက် သာလွန်ကြီးမြတ်တဲ့ တရားဖြစ်ပါတယ်ဆိုတာကို နောက်ကပြောဟောခဲ့တဲ့ ဒေသနာအစဉ် အတိုင်း သိကြမှတ်ကြ ပြီးတော့ မိမိတို့တတ်သမျှ မှတ်သမျှ တရားကိုလဲ တပါးသောသူတို့အား ဟောပြောကြပြီးတော့ကာ ဓမ္မဒေသနာကုသိုလ်ကို ဆည်းပူးကြပါ။

ပရိသတ် အမြောက်အမြားနဲ့ ဟောပြောမှ ဓမ္မဒေသနာ မဟုတ်ပါဘူး၊ တယောက်ချင်းချင်းဟောလဲ ဓမ္မဒေသနာပါဘဲ။ယုတ်စွအဆုံး မိမိတို့ သားသမီး များကို တရားလမ်းကြောင်း ကျအောင် ဆုံးမ ဩဝါဒပေးရင်လဲ ဓမ္မဒေသနာကုသိုလ်ပါဘဲ။ ထို့ကြောင့် အမြတ်ဆုံး အကျိုးကိုရနိုင်ကဲ့ ဓမ္မဒေသနာကုသိုလ်ကို ဆည်းပူးကြပါလို့ နောက်ဆုံးတိုက်တွန်းပြီးတော့ တရားတော် အပြီးသတ်ပါတော့မယ်။ နည်းလမ်း ပေးတာကိုဝန်ခံသောအားဖြင့် အားလုံး သာဓုသုံးကြိမ် ခေါ်ကြပေတော့။

(ဓမ္မဒေသနာကထာပြီး၏)

## နမော သဗ္ဗညုနော ဇေယျတု
## (၃၆) ဒိဋ္ဌိဇု ကမ္မ ကထာ

ယနေ့ ပုညကြိယာဆယ်ပါးရဲ့နောက်ဆုံး ဆယ် ခု မြောက် ဖြစ်တဲ့ "ဒိဋ္ဌိဇုကမ္မ ပုညကြိယာဝတ္ထု"ကို ဟောပြောဘို့ အစဉ်ရောက်ခဲ့ပါပြီ။ အတိဒုလ္လဘဖြစ်တဲ့ သူတော်ကောင်းတို့၏ တရားတော်များကို ကျိုးစားပြီးတော့ အာရုံပြုကာ နာယူမှတ်သားကြရန် ရှေးဦးစွာ တိုက်တွန်းအပ်ပါသတည်း။

အသာရေ သာရမတိနော၊
သာရေစာ သာရဒဿိနော။
တေသာရံ နာဓိဂစ္ဆန္တိ၊
မိစ္ဆာသင်္ကပ္ပ ဂေါစရာ။ ။

သာရဉ္စ သာရတော ဉတွာ၊
အသာရဉ္စ အသာရတော။
တေ သာရမဓိဂစ္ဆန္တိ၊
သမ္မာသင်္ကပ္ပ ဂေါစရာ။ ။

ယေ၊ အကြင်သူတို့သည်။ အသာရေ၊ အနှစ်မရှိ အကာအတိသာ ဖြစ်သော တရားစု၌။ သာရမတိနော၊ အနှစ်စုပေါင်း တရားကောင်းဟု အယူရှိကြကုန်၏။ သာရေစ၊ အနှစ်သာရလမ်းမှန်ကျသောတရား၌မူကား။ အသာရဒဿိနော၊ အနှစ်မပါ အကာအတိသာဟု အယူရှိကြကုန်၏။ မိစ္ဆာသင်္ကပ္ပ ဂေါစရာ၊ အကြံယုတ်မာ မိစ္ဆာဝိတက်၏ ကျက်စားရာ ဖြစ်ကုန်သော။ တေ၊ ထိုသူတို့သည်။ သာရံ၊ ကောင်းကျိုးစင်စစ် သီလအစရှိသော အနှစ်ကို။ နာဓိဂစ္ဆန္တိ၊ မရနိုင်ကြလေကုန်။

သာရဉ္စ၊ အနှစ်စုပေါင်း သူတော်ကောင်းတို့၏ တရား ကိုလည်း။ သာရတော၊ အနှစ်ရှိသောအားဖြင့်။ အသာရဉ္စ၊ အနှစ်မရှိ အကာအတိသာ ဖြစ်သော တရားကိုလည်း။ အသာရတော၊ အနှစ်မဲ့သောအားဖြင့်။ ဉတွာ၊ သိကြသည် ရှိသော်။ သမ္မာသင်္ကပ္ပ ဂေါစရာ၊ အကြံကောင်းစွာ သမ္မာဝိတက်၏ ကျက်စားရာဖြစ်ကုန်သော။ တေ၊ ထိုသူတို့သည်။ သာရံ၊ ကောင်းကျိုးစင်စစ် သီလအစရှိသော အနှစ်ကို။ အဓိဂစ္ဆန္တိ၊ ကောင်းစွာ ပိုင်ပိုင် ရနိုင်ကြလေကုန်၏။

ဤဒေသနာတော်ဖြင့် မြတ်စွာဘုရားသည် ဘယ်လိုဆုံးမတော်မူခဲ့ပါသလဲဆိုတော့ မကောင်းတဲ့တရားကို ကောင်းတဲ့တရားဘဲလို့ အယူရှိတဲ့သူတွေ၊ ကောင်းတဲ့တရားကိုတော့ မကောင်းတဲ့တရားလို့ အယူရှိတဲ့သူတွေအဲဒီသူတွေဟာ မှားတဲ့မိစ္ဆာဝိတက် လွှမ်းမိုးတဲ့သူတွေဖြစ်တော့ဒီလူမျိုးတွေဟာ သီလ,သမာဓိအစရှိတဲ့ တရားကောင်းကိုမရနိုင်ဘူးလို့ ဟောတော်မူလိုရင်း ဖြစ်တယ်။

"ကောင်းတာကို ကောင်းတာမှန်း သိတဲ့သူတွေ၊ မကောင်းတာကို မကောင်းတာမှန်းသိတဲ့သူတွေ၊ အဲဒီသူများကတော့ သမ္မာဝိတက်ခေါ်တဲ့ လမ်းမှန်တဲ့အသိဉာဏ်ရှိတဲ့သူတွေဖြစ်လို့ - တရားကောင်း-တရားမှန်ကိုရနိုင်ပါတယ်လို့။ ကောင်း- မကောင်း၊ မှန်-မမှန် ၎င်းလမ်းနှစ်ဖြာကို ခွဲခြားပြီးသိဘို့လိုတယ်"ဟူ၍ အမှန်-အမှား စစ်တမ်းထုတ်ဘို့ ဟောတော်မူလိုရင်းဖြစ်ပေတယ်။

ယနေ့ဟောပြောမဲ့ ဒိဋ္ဌိဇုကမ္မတရားကလဲ ကောင်း-မကောင်း၊ မှန်-မမှန် ဆိုတဲ့ လမ်းနှစ်ဖြာကို ရှင်းပြမဲ့တရားပါဘဲ။ထို့ကြောင့် ရှေးဦးစွာသိဘို့ကတော့ "ဒိဋ္ဌိ"က အယူ၊ "ဥဇု"က ဖြောင့်မတ်တာ၊ "ကမ္မ"က ပြုလုပ်တဲ့အမှု၊ "ဒိဋ္ဌိဇုကမ္မ"လို့ပေါင်းပြီးသုံးလိုက်တော့- "အယူဝါဒဖြောင့်မတ်စွာပြုလုပ်တဲ့အမှုကိစ္စ"လို့ အဓိပ္ပါယ်ကို ရှင်းပြီးသိထားရမယ်။

ဒိဋ္ဌိဇုကမ္မဆိုတဲ့ ပုညကြိယာတရားဟာ မဂ္ဂင်ရှစ်ပါးမှာပါတဲ့ သမ္မာဒိဋ္ဌိနဲ့ သဘောတူတူပါဘဲ။ ကောင်းတဲ့အယူ,ဖြောင့်မတ်တဲ့အယူလို့ သဘောပေါက်ထားရမယ်။ လောကကြီးမှာ ဝါဒအမျိုးမျိုးတွေ ပေါ်ထွက်နေတော့ မှန်တဲ့ဝါဒ, မှန်တဲ့လမ်းကို စင်စင်ကြယ်ကြယ် သိဘို့လိုနေကြပြီ။ သို့အတွက် ဒီနေရာမှာ "ဒသဝတ္ထုက သမ္မာဒိဋ္ဌိ" တရား ဆယ်ပါးကို ထုတ်ဖော်ပြီးရှင်းပြမယ်။ အဲဒီ သမ္မာဒိဋ္ဌိ ဆယ်ပါးထဲမှာ သက်ဝင်နေတဲ့ အယူဝါဒဖြစ်ရင် ဒိဋ္ဌိဇုကမ္မ သမ္မာဒိဋ္ဌိ လမ်းမှန်ဘဲလို့ ဆုံးဖြတ်ကြပေတော့။

(၁) အတ္ထိ ဒိန္နံ။
(၂) အတ္ထိ ယိဋ္ဌံ။
(၃) အတ္ထိ ဟုတံ။
(၄) အတ္ထိ သုကတ ဒုက္ကတာနံ ဖလံ ဝိပါကော။
(၅) အတ္ထိ အယံ လောကော။

(၆) အတ္ထိ ပရလောကော။
(၇) အတ္ထိ မာတာ။
(၈) အတ္ထိ ပိတာ။
(၉) အတ္ထိ သတ္တာ ဩပပါတိကာ။
(၁၀) အတ္ထိ လောကေ သမဏဗြာဟ္မဏာ သမဂ္ဂတာ သမ္မာ ပဋိပန္နာ ယေ ဣမဉ္စလောကံ ပရဉ္စလောကံ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေန္တိ။

အဲဒီဒေသနာတော်ဟာ-မြတ်စွာဘုရား ရှင်းပြတော်မူခဲ့တဲ့ သမ္မာဒိဋ္ဌိ ဝါဒ ဆယ်ပါးဖြစ်ပါတယ်။

(၁) ရှေးဦးစွာ"အတ္ထိ ဒိန္နံ"ဆိုတာက ဒိန္နံ၊အလှူ၏အကျိုးသည်။ အတ္ထိ၊ ရှိ၏။ "ဒါနကုသိုလ်" ဆိုတဲ့တရားဟာ အကျိုးရှိသောတရား၊ ကောင်းသောတရားဆိုတာ ဗုဒ္ဓဘာသာဝါဒရှိသူတိုင်း သိပြီး ဖြစ်နေကြပါပြီ။"ဒါနမယ ပုညကြိယာဝတ္ထု"ဆိုင်ရာတုံးက တော်တော်ကလေး ရှင်းပြီး ဟောခဲ့ပါတယ်။ သုမနသုတ္တန် ဒေသနာတော်မှာလဲ-

အလမေဝ သုမနေ ဒါနာနိဒါတုံ အလံ ပုညာနိ ကာတုံ။

သုမနေ၊ ချစ်သမီးသုမန။ ဒါနာနိ၊ ဒါနဝတ္ထုတို့ကို။ ဒါတုံ၊ပေးလှူခြင်းငှာ။ အလမေဝ၊သင့်သည်သာလျှင်တည်း။ ပုညာနိ၊ကောင်းမှုကုသိုလ်တို့ကို။ ကာတုံ၊ပြုခြင်းငှာ။ အလံ၊သင့်လျော်လျောက်ပတ်ပေ၏။ ချစ်သမီးသုမန ဒါနဝတ္ထုများကို ပေးလှူသင့်တယ်။ ကောင်းမှုကုသိုလ်ဆိုတာပြုလုပ်သင့်တယ်လို့ သုမနမင်းသမီးအား ဟောတော်မူတဲ့ဒေသနာမျိုးဟာများစွာ ပိဋကတ်တော်မှာရှိပါတယ်။ ထို့ကြောင့် ဤအမှတ်တရ ဒါနကုသိုလ်ဟာ အကျိုးရှိတယ်လို့ယူကြရင် အယူမှန်တဲ့ သမ္မာဒိဋ္ဌိ ဒိဋ္ဌိဇုကမ္မ ဖြစ်တယ်လို့ မြဲမြဲမှတ်ကြပေတော့။

(၂) ဒုတိယ "အတ္ထိယိဋ္ဌံ" ဆိုတာက ယိဋ္ဌံ၊ ကြီးကြီးကျယ်ကျယ် အမြောက်အမြား လှူသောအကျိုးသည်။ အတ္ထိ၊ရှိ၏။ ၎င်းဒုတိယ ဒေသနာတော်ကိုတော့ ရှင်းပြဘို့ မလိုတော့ပါဘူး။ အရင်အနီး များရင် အမြတ်များသလိုပေါ့၊ ကုသိုလ်အရာဘက်က ဖြစ်တော့ အကျိုးရှိမှာ အမှန် ပါဘဲ၊ အဲဒီအတိုင်းယူရင် သမ္မာဒိဋ္ဌိဝါဒပါဘဲ မလွဲတော့ပါဘူး။

(၃) တတိယ "အတ္ထိဟုတံ"ဆိုတာက-ဟုတံ၊သေးသေးဖွဲ့ဖွဲ့ လှူတဲ့ အလှူအကျိုးသည်။အတ္ထိ၊ရှိ၏။ နဲနဲကလေး ပေးလှူတဲ့အကျိုး ရှိတာပါဘဲ၊ သေးသေးဖွဲ့ဖွဲ့နဲနဲကလေးလှူတဲ့ကိစ္စဟာ အရေးပါအရာမရောက်ပါဘူး မလှူဘဲ နေတာကကောင်းသေးတယ် ဒီလိုမယူရဘူး၊ အကျိုးရှိတာချည်းဘဲလို့ ယူဆပါ၊ အကျိုးရှိတာချည်းဘဲလို့ ယူဆရင် သမ္မာဒိဋ္ဌိဝါဒ ဖြစ်ပါတယ်။

(၄) စတုတ္ထ "အတ္ထိ သုကတဒုက္ကတာနံ ဖလံဝိပါကော" ဆိုတာက သုကတ ဒုက္ကတာနံ၊ ကောင်းစွာ ပြုအပ်သော ကုသိုလ် အမှု- မကောင်းသဖြင့် ပြုအပ်သော အကုသိုလ် အမှုတို့၏။ ဖလံဝိပါကော၊ အကျိုးသည်။ အတ္ထိ၊ ရှိ၏။ ကုသိုလ် ဆိုတဲ့ ကောင်းတဲ့အမှု၊ အကုသိုလ်ဆိုတဲ့ မကောင်းတဲ့ အမှုတွေဟာ အကြောင်းတရားတွေဖြစ်တယ်။ အရင်းခံအကြောင်းတရားတွေ ဖြစ်တော့ ကုသိုလ်အကြောင်းကြောင့် ကောင်းတဲ့အကျိုးကို ခံစားရမယ်။ အကုသိုလ်အကြောင်းကြောင့်-မကောင်းတဲ့အကျိုးကိုခံစားရမယ်။အဲဒါလို့ လမ်းမှန်အတိုင်း ယူဆမယ်ဆိုရင် သမ္မာဒိဋ္ဌိ ဖြစ်တော့တာပေါ့။

(၅) ပဉ္စမ "အတ္ထိ အယံ လောကော" ဆိုတာက-အယံလောကော၊ ဤပစ္စုပ္ပန် လောကသည်။ အတ္ထိ၊ ရှိ၏။ မျက်မှောက် ဘဝ ဖြစ်တဲ့ ပစ္စုပ္ပန် လောကရှိတယ်လို့ယူဆတဲ့အယူရှိရင် သမ္မာဒိဋ္ဌိဖြစ်တာဘဲ။ ပစ္စုပ္ပန်လောက မရှိဘူးလို့ ယူလိုက်ရင် မိစ္ဆာဒိဋ္ဌိဖြစ်သွားလိမ့်မယ်၊ ထို့ကြောင့် အယူမှန် အတိုင်းဘဲ ဖြစ်စေရမယ်။

(၆) ဆဋ္ဌမ "အတ္ထိ ပရလောကော" ဆိုတာက-ပရလောကော၊ နောက်တမလွန်လောကသည်။ အတ္ထိ၊ရှိ၏။ သတ္တဝါများဟာ နိဗ္ဗာန်မရမီ အတွင်မှာစုတေသွားကြရင် ဒုတိယဘဝစသည်မှာသွား၍ဖြစ်စရာ တမလွန် လောက ရှိသေးတယ်လို့ ယူဆရမယ်။ ဒီလိုယူမှသမ္မာဒိဋ္ဌိဖြစ်မယ်။ တမလွန် လောကမရှိတူး သတ္တဝါသေရင်ပြတ်ထာဘဲလို့ ယူလိုက်ရင် မိစ္ဆာဒိဋ္ဌိခေါ် တာပေါ့။

(၇) သတ္တမ "အတ္ထိမာတာ" ဆိုတာက-မာတာ၊ အမိသည်။အတ္ထိ၊ ရှိ၏။

(၈) အဋ္ဌမ "အတ္ထိ ပိတာ" ဆိုတာကလဲ-ပိတာ၊အဘ။ အတ္ထိ၊ရှိ၏။

လောကကြီးမှာ မည်သူမဆို အမိအဘ ရှိကြတာချည်းဖြစ်လို့ အမိ အဘရှိတယ်၊ အမိအဘဟာ ကျေးဇူးရှိတယ် ဟူ၍ ယူရမယ် ပြောရမယ်။ ယခု ဝိပ္ပတ္တိ ခေတ်ကြီး ဖြစ်နေပုံကတော့ အမိအဘ ရှိတယ်လို့ မပြောချင်

ကြဘူး၊ ရှိတယ်ဆိုအုံးတော့ အမိအဘ တွေဟာ ဘာကျေးဇူး ရှိသလဲ၊ ကျေးဇူးတင်ဘို့မလိုပါဘူးဟူ၍ သုံးနှုန်းပြောဆိုနေတာကို ကြားနေရတယ်။ ဘုရားရှင်ရဲ့ ဝါဒနဲ့တော့ တော်တော်ဖြောင့်ဖြောင့် ဆန့်ကျင်ဘက် ဖြစ်ပြီး နေပါတယ်။ အဲဒါလို ဝါဒမှားတွေပေါ်ပြီးတော့ မိစ္ဆာဒိဋ္ဌိအယူမှားတွေ ကြောင့် တလောကလုံးချမ်းသာကြတယ်ဘဲ မရှိကြဘူး။ တာ့ကြောင့် အမိ-အဘ ရှိတယ်၊ အမိ-အဘဟာ ကျေးဇူးများတယ်ဟူ၍ ယူမှသာ သမ္မာဒိဋ္ဌိ ဒိဋ္ဌိဇုကမ္မဖြစ်ပြီးတော့ အယူမှန်တဲ့ သမ္မာဒိဋ္ဌိဝါဒဘဲလို့ မှတ်ကြပေတော့။

(၉)ကိုးခုမြောက် နဝမ"အတ္ထိ သတ္တာ ဩပပါတိကာ"ဆိုတာက- ဩပပါတိကာသတ္တာ၊ သေပြီးသည်နောက် တမလွန်လောက၌ တဖန်ဖြစ် သော သတ္တဝါတို့သည်။ အတ္ထိ-သန္တိ၊ရှိကုန်၏။ ဤဘဝက စုတေ သေလွန် သွားပြီးတဲ့နောက် ဒုတိယဘဝ တမလွန် လောကမှာ သွားပြီး ဖြစ်ကြတဲ့ သတ္တဝါဆိုတာ ရှိတယ်ဟူ၍ အမှန်ကိုယူကြရမယ်။

ကြံဆပြီးယူနေတဲ့ တက္ကီဝါဒသမားတွေကတော့ နတ်ပြည် ဗြဟ္မာ့ ပြည်ရယ်လို့မရှိပါဘူး၊ အနာဂတ်ကာလတမလွန်လောကဆိုတာလဲ မရှိဘူး လို့ ယူဆပြီးတော့ အယူလွဲဝါဒလွဲဖြစ်ပြီး နေကြကယ်၊

ဒို့ ဘုရားရှင် ကတော့ တရားအားလုံးကို သိတော်မူတဲ့ အတိုင်း စကြဝဠာ အနန္တမှာရှိတဲ့ သတ္တာါအနန္တကို အကျဉ်းခြုံးပြီး ပြထားလိုက် တာက ပုဂ္ဂိုလ်တကျိပ်နှစ်ယောက်ဘဲ ရှိတယ်။ အဲဒီ တကျိပ်နှစ်ယောက် အမည်ခံရှိတဲ့ အနန္တသတ္တဝါတွေရဲ့ နေထိုင်ရာဘုံဌာနက ဘုံသုံးဆယ်တစ်ဘုံ ရှိတယ်။ ၎င်းပုဂ္ဂိုလ်တွေ ဘုံတွေကို ပြုပြင်ဖန်တည်းပေးတဲ့ တရားကတော့ သင်္ခါရဓမ္မခေါ်တယ်။

ယခုဟောပြခဲ့တဲ့ သဘောသုံးမျိုးကို ဗုဒ္ဓရှင်တော်မြတ်သည် အဘိ ဓမ္မာဒေသနာတော်မှာ ပုဂ္ဂိုလ်တကျိပ်နှစ်ယောက်ကို "ပုဂ္ဂလဝါရ" အနေနဲ့ သီးခြား ဟောတော် မူတယ်။ ပုဂ္ဂိုလ်နဲ့ဘုံနှစ်ပါး တွဲပြီးတော့ ရောယှက် ဟောတော် မူတာက "ပုဂ္ဂလောကာသဝါရ" လို့ ခေါ်ဆို ရတယ်။ အဲဒီ ပုဂ္ဂိုလ်တွေ ဘုံတွေကို သင်္ခါရဓမ္မဖြင့် ဘယ်လိုပြုပြင်ထားကြောင်း အစိတ် စိတ်အမြွာမြွာဝေဘန်ပြီး ဟောတော်မူတဲ့ ဒေသနာတော်တွေက အထင် အရှားရှိတာဖြစ်တော့ အသီးသီးသောဘုံဌာနမှာ အသီးသီးသောသတ္တဝါ အနန္တ ရှိကြောင်း ထင်ရှားပါသဖြင့် တမလွန်လောက ရှိတယ် - တမလွန်

လောကမှာသွားပြီးဖြစ်တဲ့ သတ္တဝါရှိတယ်ဆိုတာကို မှန်ကန်စွာ ယုံကြည်ရတာပေါ့။ ဒီလိုယုံကြည်မှသာ "အတ္ထိ သတ္တာ ဩပပါတိကာ" ဆိုတဲ့ ဒေသနာတော်နဲ့ ညီညွတ်ပြီးတော့ သမ္မာဒိဋ္ဌိအယူရှိတဲ့ပုဂ္ဂိုလ် ဖြစ်ကြမယ်။

ယခုဟောပြောနေတဲ့ တမလွန်လောကရှိကြောင်း ဤဇာတကပြုလုပ်တဲ့ ကံအားလျော်စွာ တမလွန်လောက၌ ခံစားရကြောင်းဆိုတဲ့ ဝါဒနဲ့စပ်ပြီးတော့ အလွန်အလွန် ကြံစည်ဟောပြောတဲ့ ပုဂ္ဂိုလ်တွေများတဲ့အတွက် ဖြေရှင်းစရာကတော့အများကြီးရှိတာပေါ့။ သို့ပေတဲ့ တာဝေ့ဖြေရှင်းနေဘို့ အရာမဟုတ်ပါဘူး။ မြတ်စွာဘုရားတရားတော်ကို ယုံကြည်ပြီးသားဖြစ်တဲ့ ဗုဒ္ဓသာဝကတွေအတွက် မိစ္ဆာဒိဋ္ဌိ နယ်ဘက်ကို ရောက်မသွား ရအောင် သတိပေးသင့်သလောက်ပေးတာကို နာယူပြီးတော့ သမ္မာဒိဋ္ဌိ နယ်ဘက်က နေကြပါလို့ မျှားစွာတွန်းတိုက်ခဲ့ပါတယ်။

(၁၀) နောက်ဆုံး ဆယ်ခုမြောက်ဖြစ်တဲ့ သမ္မာဒိဋ္ဌိ တရားတော်ကတော့ "အတ္ထိ လောကေ သမဏဗြာဟ္မဏာ သမဂ္ဂတာ သမ္မာပဋိပန္နာ ယေ ဣမဉ္စလောကံ ပရဉ္စလောကံ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေန္တိ" လို့ ဟောတော်မူပါတယ်။ ယေ၊ အကြင်ရဟန်းတော်မြတ်တို့သည်။ ဣမဉ္စလောကံ၊ ဤပစ္စုပ္ပန်လောကကိုငင်း။ ပရဉ္စလောကံ၊ နောင်တမလွန်လောက ကိုငင်း။ သယံ၊ ကိုယ်တိုင်။ အဘိညာ-အဘိညာယ၊ ထူးကဲသောဉာဏ်ဖြင့် သိ၍။ သစ္ဆိကတွာ၊ မျက်မှောက်ပြု၍ ပဝေဒေန္တိ၊ ဟောကြားနိုင်ကြကုန်၏။ သမဂ္ဂတာ၊ ညီညွတ်ကုန်သော။ သမ္မာပဋိပန္နာ၊ ကောင်းသော အကျင့်ရှိကုန်သော။ တေသမဏဗြာဟ္မဏာ၊ ထိုရဟန်းတော်မြတ်တို့သည်။ အတ္ထိသန္တိ၊ ရှိကြကုန်၏။

အဓိပ္ပါယ်ကတော့ ပစ္စုပ္ပန် တမလွန်လောက နှစ်ပါးစလုံးမှာ သတ္တဝါတွေ ဖြစ်ပျက်နေပုံ - ကျင့်ကြံနေပုံတွေကို ထူးကဲတဲ့ ဉာဏ်အမြင်နဲ့ ကိုယ်တိုင် သိတော်မူကြတဲ့ ရဟန်းတော် သူမြတ်များဟာ အထင် အရှား ရှိတော်မူကြတယ်လို့ ဒီလိုအမှန်ကို ယူကြမယ်ဆိုရင် သမ္မာဒိဋ္ဌိဖြစ်ပြီးတော့ အယူဖြောင့်မှန်တယ်လို့ ဆိုရမှာပေါ့။ စိတ်ကူးနဲ့ ကြံသပြီးတော့ ဟောနေ-ပြောနေကြတဲ့အတိုင်း ပစ္စုပ္ပန် လောက တမလွန်လောကကို သိတဲ့ပုဂ္ဂိုလ် မရှိပါဘူးလို့ ယူလိုက်ရင်အယူမှားမိစ္ဆာဒိဋ္ဌိဖြစ်ကြလိမ့်မယ်။ မြတ်စွာဘုရားကို ယုံကြည်ကြ ဆည်းကပ်ကြရင်တော့ ဘုရားဟောတော်မူတဲ့အတိုင်း ကျင့်ကြံကြပါလို့ တိုက်တွန်းပါတယ်။

မကောင်းတဲ့အကျိုးကိုပေးနိုင်တဲ့ မိစ္ဆာဒိဋ္ဌိအမျိုးမျိုး ရှိတဲ့အထဲက အပြစ် အကြီးဆုံး ဖြစ်တဲ့ "နိယတ မိစ္ဆာဒိဋ္ဌိ သုံးပါး" ကိုတော့ ကောင်းကောင်းချည်း မှတ်သားပြီး ရှောင်ကြဉ်ကြပါ။ ၎င်းနိယတမိစ္ဆာဒိဋ္ဌိသုံးပါး ဆိုတာက....

(၁) ပထမ "အဟေတုကဝါဒ" တဲ့၊ ကုသိုလ်ကံ အကုသိုလ်ကံ ဆိုတာ မရှိဘူးလို့ယူတဲ့ ဝါဒဘဲ။ ဤဝါဒဖြင့် အကြောင်းကိုပယ်တယ်လို့ မှတ်ကြပါ။

(၂) ဒုတိယ"အကရိယဝါဒ"တဲ့၊ သတ္တဝါသေသွားရင်ပြတ်သွားတာဘဲ အကျိုးခံစားခွင့် မရှိပါဘူးလို့ ယူတဲ့ဝါဒဖြစ်တယ်။ ဤဝါဒဖြင့် အကျိုးကိုပယ်တယ်လို့ မှတ်ကြပါ။

(၃) တတိယဝါဒက"နတ္ထိကဝါဒ"တဲ့၊ ဤဝါဒက အကြောင်း အကျိုးနှစ်ပါးလုံးကိုပယ်တဲ့ဝါဒ ဖြစ်တယ်။

အဲဒီဝါဒသုံးမျိုးလုံးကို စစ်တမ်းထုတ်လိုက်ရင် အကြောင်းကိုပယ်ရင်လဲ အကျိုးကိုပါ ပယ်သည် မည်ပါတယ်။ အကျိုးကို ပယ်ရင်လဲ အကြောင်းကိုပါ ပယ်သည်မည်ပါတယ်။သို့အတွက် ဒီဝါဒ သုံးမျိုးလုံးဟာ အကြောင်းအကျိုးနှစ်ပါးလုံးကိုပယ်တဲ့ ဝါဒတွေဖြစ်ပါတယ်။ ယင်းဝါဒ သုံးမျိုးဟာ မိစ္ဆာအယူထဲမှာ အပြစ်အကြီးလေးဆုံးဖြစ်တဲ့ နိယတမိစ္ဆာဒိဋ္ဌိ ဖြစ်ကြောင်းကိုစွဲမြဲအောင်မှတ်ထားကြပါ။ အယူမှားဖြစ်တဲ့မိစ္ဆာဒိဋ္ဌိဝါဒရဲ့ အပြစ်ကြီးလေးပုံကို ဘုရားရှင်မိန့်ကြားခဲ့သည်မှာ....

> နာဟံ ဘိက္ခဝေ အညံ ဧကံ ဓမ္မမ္ပိ သမနုပဿာမိ၊ ယံ ဧဝံ မဟာသာဝဇ္ဇံ၊ ယထယိဒံ ဘိက္ခဝေမိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိပရမာနိ ဘိက္ခဝေ ဝဇ္ဇာနိ။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ဧဝံ၊ ဤမိစ္ဆာဒိဋ္ဌိတရားနှင့်အတူ။ ယံမဟာသာဝဇ္ဇံ၊ အကြင်အပြစ်အကြီးဆုံးဖြစ်သော။ အညံ၊တပါးသော။ ဧကံဓမ္မမ္ပိ၊ တခုသော တရားကိုမျှလည်း။ အဟံ၊ ငါဘုရားသည်။ နသမနုပဿာမိ၊မြင်တော်မမူ။ဘိက္ခဝေ၊ချစ်သားရဟန်းတို့။ ဣဒံ၊ဤအပြစ် အကြီးဆုံးသော တရားသည်။ ယထာ၊အဘယ်နည်း။မိစ္ဆာဒိဋ္ဌိ၊မိစ္ဆာဒိဋ္ဌိ ပင်တည်း။ ဘိက္ခဝေ၊ တို့။ ဝဇ္ဇာနိ၊ အပြစ်တို့သည်။ မိစ္ဆာဒိဋ္ဌိပရမာနိ၊ မိစ္ဆာဒိဋ္ဌိအပြစ် လျှင် လွန်ကဲသောသဘော ရှိကုန်၏။

အဲဒီမိစ္ဆာဒိဋ္ဌိကံဟာ ဘယ်လောက်အပြစ်ကြီးသလဲဆိုတော့ "ပဥ္စာနန္တရိယ" ခေါ်တဲ့ အကုသိုလ် ဂရုကံကြီး ငါးပါးထက် သာလွန်ပြီးတော့ အပြစ်ကြီးသတဲ့။

ပဥ္စ ဟိ အနန္တရိယကမ္မာနိ မဟာသာဝဇ္ဇာနိနာမ၊ တေဟိ ပိ မိစ္ဆာဒိဋ္ဌိ ယေဝ မဟာဝဇ္ဇတရာတိ။

ပဥ္စအနန္တရိယကမ္မာနိ၊ ငါးပါးသော အနန္တရိယကံတို့သည်။ မဟာသာဝဇ္ဇာနိ၊ အပြစ်ကြီးကုန်၏။ တေဟိပိ၊ အပြစ်ကြီးသော အနန္တရိယကံတို့ ထက်လည်း။ မိစ္ဆာဒိဋ္ဌိယေဝ၊ မိစ္ဆာဒိဋ္ဌိကသာလျှင်။ မဟာဝဇ္ဇတရာ၊ လွန်လွန်ကဲကဲ အပြစ်ကြီးကုန်၏။

အယူမှားတဲ့ မိစ္ဆာဒိဋ္ဌိဟာ ပဥ္စာအနန္တရိယကံ ထက် ပိုပြီးတော့ အပြစ်ကြီးသတဲ့။ အဲဒါလိုအပြစ်ကြီးတဲ့ မိစ္ဆာဒိဋ္ဌိမျိုးထဲက ကြီးသထက် ကြီးတဲ့ မိစ္ဆာဒိဋ္ဌိကတော့ ခုတင်က ဟောခဲ့တဲ့ နိယတမိစ္ဆာဒိဋ္ဌိ ဖြစ်တယ်။ မိစ္ဆာဒိဋ္ဌိရိုးရိုးကတော့ တကမ္ဘာလောက်သာ အပြစ်ခံစားခွင့် ရှိတယ်။ နိယတမိစ္ဆာဒိဋ္ဌိကတော့ "နိယတ"ဆိုတဲ့အတိုင်း အယူက မြဲတာဖြစ်တော့ ဤကမ္ဘာပျက်သွားရင် မပျက်တဲ့ကမ္ဘာမှာသွားပြီးတော့ အပြစ်ခံရပုံကလဲ အမြဲဖြစ်သွားတယ်လို့ မှတ်ကြပါ။

ထို့ကြောင့် ခုတင်ကဟောခဲ့တဲ့ "သမ္မာဒိဋ္ဌိ"တရား ဆယ်ပါးထဲမှာ အတွင်းဝင်အောင်သာ ကျင့်ကြပါ။ သမ္မာဒိဋ္ဌိ ဖြစ်ရင် အယူဖြောင့်မှန်တဲ့ ဒိဋ္ဌိဇုကမ္မပုညကြိယာကုသိုလ်နဲ့ ပြည့်စုံကြပြီဟု ဝမ်းမြောက်ကြရမယ်။

ဒီနေရာမှာ မိစ္ဆာဒိဋ္ဌိ ကုစားနည်းကို ပေးရသေးတာပေါ့။ မိမိကိုယ်တိုင်က မသိလို့ အယူမှားသွားသည်ဖြစ်စေ၊ သူတပါးတို့ဟောပြောချက်ကို ကြားနာရသောအခါ အပြောကောင်းသည့်အတွက် နှာဝင်ပြီးတော့ အယူမှားသွားသည်ဖြစ်စေ၊ အကြောင်းတခုခုကြောင့် မိစ္ဆာအယူဘက်ကို သက်ဝင်သွားခဲ့မယ်ဆိုရင် သတိရတဲ့အခါ၊ မှားမှန်းသိတဲ့အခါမှာ မှားတဲ့အယူကို စွန့်လိုက်မယ် ဆိုရင်တော့ မိစ္ဆာအယူက သမ္မာအယူ ဖြစ်နိုင်ပါတယ်။ အဲဒါ မိစ္ဆာဒိဋ္ဌိ ကုစားနည်းဘဲ။ မှားတဲ့အယူကို မစွန့်နိုင်လို့မှား အယူမြဲသွားမယ်ဆိုရင် ကြောက်စရာကောင်းတဲ့ကိစ္စကြီးဘဲ။ ထို့ကြောင့် ကုစားနည်းကိုလဲ ဟောပြောရပါတယ်။

ဤကိစ္စနှင့်ပတ်သက်ပြီးတော့ မကောင်းတဲ့အယူကိုစွန့်လိုက်ပြီး သမ္မာဒိဋ္ဌိလမ်း ရောက်သွားပြီးတော့ ကောင်းကျိုး ချမ်းသာကို ခံစားရဘူးကြောင်း သာကေတင်ပြရအုံးမယ်။

ဤဘဒ္ဒကမ္ဘာက ပြန်၍ ရေတွက် သည်ရှိသော် ကိုးဆယ့်တကမ္ဘာထက်၌ ဘုရားအလောင်းတော်မြတ်သည် သာသုနာတော်မှ အပ,ဖြစ်တဲ့ မိစ္ဆာအကျင့်ကို လက်တွေ့စုံစမ်းမယ်လို့ ကြံစီပြီးတော့ "အာဇီဝကရဟန်း" ပြုလျက် အဝတ်မဝတ်ဘဲ ကျင့်နေသတဲ့။

ထိုအခါမှာ မိမိကိုယ်ကို ငြိုငြင်အောင်၊ ခေါင်းပါးအောင်ကျင့်တဲ့ "အတ္တကိလမထာနုယောဂ"ဆိုတဲ့အကျင့်ကို ကျင့်ရင် ချမ်းသာသုံးပါးကို ရနိုင်တယ်လို့ လူအများပြောဆိုကြတဲ့ "သမ္မုတိ"စကားကိုကြားလို့ စမ်းကြည့်တာကိုး။ ဘယ်လောက် ကိုယ့်ကိုယ်ကို ပင်ပန်းခံပြီး ကျင့်ပါသလဲဆိုတော့ အဝတ်မဝတ်ဘူး၊ မှူအညစ်အကြေး လိမ်းကပ်တဲ့ကိုယ်နဲ့ ဖြစ်သလိုနေတယ်။ ဆိတ်ငြိမ်ရာတောထဲမှာ တယောက်ထဲနေပြီး လူမြင်ရင် အတွေ့မခံဘဲ ထွက်ပြေးသတဲ့။ စားတဲ့အစာကလဲ နွားငယ်ကလေးများရဲ့ ကျင်ကြီးစသည်ကိုသာ စားနေသတဲ့။ နွေအခါကာလမှာ လွင်တီးခေါင်မှာထွက်ပြီး အကြီးအကျယ် အပူခံနေတယ်။ ဆောင်းအခါမှာလဲ လွင်ပြင်ထွက်ပြီးတော့ အကြီးအကျယ် အချမ်း ခံပြီး နေတယ်။ တောအုပ်ထဲမှာနေတဲ့အခါနေ-လွင်ပြင်မှာနေတဲ့အခါ နေတယ်။

အဲဒါလို မိမိကိုယ်ကို ညှဉ်းဆဲပြီးတော့ အတ္တကိလမထအကျင့်ကို ကျင့်ရင်ချမ်းသာမယ်လို့ အယူမှားတဲ့မိစ္ဆာအယူကြီးယူပြီးတော့ တသက်လုံးကျင့်ကြံနေလိုက်တာ ဘယ်လိုမှ အကျိုးထူး မခံစားရတဲ့အပြင် သေခါနီးစုတိခါနီးတဲ့အခါကျတော့ ငရဲအိုး, ငရဲထိမ်း, ငရဲမီးလျှံ အစရှိတဲ့ "နိရိယနိမိတ်"တွေ ထင်လာသတဲ့။

အဲဒါလို နိရိယနိမိတ်တွေ ထင်လာတဲ့အခါကျတော့ သတိသမ္ပဇညတရား သက်ဝင်လာပြီး သတိရလာပုံက"အော်-ငါကျင့်ခဲ့တဲ့ အ ကိလမထအကျင့်တွေဟာ မိမိကိုယ်လဲ ဘာမျှသက်သာခွင့်မရ၊ချမ်းသာခွင့်မရှိပင်ပမ်းဆင်းရဲရုံသာဖြစ်ပြီးတော့ လုံးလုံးဘာမျှအကျိုးမရှိတဲ့ မိစ္ဆာအကျင့်ပါလားလို့ သတိရလာ,သိလာသတဲ့။

ဤကဲ့သို့ သိလာတဲ့အခါကျတော့ အတ္တကိလမထအကျင့်ဟာ ချမ်းသာကြောင်း "နိယျာနိက" အကျင့် မဟုတ်ဘူး၊ ဒီလိုအကျင့်မျိုးကို မကျင့်ထိုက်ဘူးဆိုပြီးတော့ မိမိစွဲပြီးယူထားတဲ့ မိစ္ဆာအယူကို တခါထဲစွန့်ပစ်လိုက်တယ်တဲ့။ အဲဒါလို မိစ္ဆာအယူကိုစွန့်ပယ်လိုက်ပြီး ဖြောင့်မှန်တဲ့ သမ္မာဒိဋ္ဌိလမ်း ရောက်လာတာနဲ့တပြိုင်နက် ပဌမထင်နေတဲ့ နိရိယနိမိတ်, ဒုဂ္ဂတိနိမိတ်တွေ ပျောက်သွားပြီးတော့ နတ်ဦဖြစ်တဲ့ ဥယျာဉ်, ရေကန်, ဘုံဗိမာန်အစရှိတဲ့ သုဂတိနိမိတ်တွေ ထင်လာတော့၏။

ထိုအခါ - တခဏခြင်း - တမုဟုတ်ခြင်း ဖြစ်ပေါ်ပြီးတော့လာတဲ့ သမ္မာဒိဋ္ဌိ - ဒိဋ္ဌိဇုကမ္မ ပုညကြိယာကုသိုလ်ကြောင့် အလောင်းတော်မြတ်ဟာ စုတေသေလွန်ပြီးတော့ နတ်ရွာသုဂတိသို့ လားရကြောင်းဖြင့် ဇာနိပါတ်လောမဟံသ ဇာတ်တော်မှာ ဘုရားရှင် ဟောကြားတော်မူခဲ့ပါတယ်။

အဲဒီသာဓကကိုကြည့်ကြစမ်း၊ တခဏလေးမှာ ဖြစ်ပေါ်လာတဲ့ "ဒိဋ္ဌိဇုကမ္မကုသိုလ်စေတနာ" ဟာ ဘယ်လောက်အဖိုးတန်ပါသလဲဆိုတာ မှတ်ကြရမယ်။ ဒါထက်တိုးပြီးတော့ ရက်,လ,နှစ်, အချိန်ကာလ ကြာမြင့်အောင် သမ္မာဒိဋ္ဌိအယူကို ယူကြပြီးသကာလ အယူကိုဖြောင့်မတ်စွာ ကျင့်ကြမယ်ဆိုရင် ပြောမကုန်-ဟောမကုန်အောင် အကျိုးကျေးဇူးရှိမယ်ဆိုတာ အများကြီး သိနိုင်ကြပြီပေါ့။

ထို့ကြောင့် အယူမလွဲကြရအောင် သတိပြုကြရမယ်။ အကြောင်းတခုခု ပေါ်လာတဲ့အခါမှာ ယုံမှားသံသယရှိလာရင် ဗဟုသုတရှိတဲ့ပုဂ္ဂိုလ်တွေနဲ့ နှီးနှော ဆွေးနွေးပြီးတော့ ယုံမှားသံသယ ကင်းအောင် ပြုလုပ်ကြရမယ်။ လမ်းမှန်ကိုသိနိုင်တဲ့ သာသနာတွင်းအခါကြီးမှာ ဖြစ်ကြရတဲ့အတိုင်း ပညာရှိ မဆိတ်သည်းသေးပါဘူး။အမှတ်တမဲ့မနေကြဘဲ မကြာမကြာမိမိတို့ အားထုတ်ကျင့်ကြံပြုလုပ်နေတဲ့ အကျင့်စာရိတ္တကို ဆန်းစစ်ကြည့်ပြီးတော့ မမှန်တဲ့အယူ, မမှန်တဲ့အကျင့်ဆိုရင် စွန့်ပစ်ပြီးတော့ အယူမှန်-လမ်းမှန်ဖြင့် သာ အချိန်ကာလကို ကုန်လွန်ကြပါစေဟူ၍တိုက်တွန်းနှိုးဆော်ခဲ့ပါတယ်။

ဘုန်းကြီးဘို့ကိုးကွယ်ရာဖြစ်တော်မူတဲ့ ဗုဒ္ဓရှင်တော်မြတ်ဘုရားကလဲ အယူမှန် လမ်းမှန်ဖြစ်ပြီးတော့ တရားထူးကို ရကြပါစေဆိုပြီးတော့ ပထမဦးစွာ စ,တည်ပြီးတော့ ဟောခဲ့တဲ့ဒေသနာတော်ဖြင့် ဆုံးမတော်မူခဲ့တာကို ထပ်ပြီးတော့ အာရုံပြုကြစမ်း။

(ပထမဦးဆုံးဟောခဲ့တဲ့ နှစ်ဂါထာကို အနက်-ပါဠိ ပြန်ကောက်၍ ဟောလေ။)

ဤဒေသနာတော်အတိုင်း မကောင်းတဲ့တရားကို....အကောင်း၊ ကောင်းတဲ့တရားကိုတော့....မကောင်းဘူးလို့မိစ္ဆာဝိတက်ဝင်ပြီးတော့အယူလွဲကြရင်-အမြင်လွဲကြရင် သီလ၊ သမာဓိ အစရှိတဲ့တရားကောင်းကို မရနိုင်ကြဘူး။ မကောင်းတဲ့တရားကို မကောင်းဘူးလို့ အမှန်တကယ်သိရမယ်။ ကောင်းတဲ့တရားကိုလဲ တရားကောင်း-တရားမှန်ဘဲလို့ သိအောင်ပြုလုပ်ပြီးတော့ ကျင့်ကြံရမယ်။

အဲဒါလို သမ္မာဝိတက်ဝင်ပြီး နည်းမှန်-လမ်းမှန် ယူကြမယ်ဆိုရင် သီလ၊ သမာဓိ အစရှိတဲ့ တရားကောင်း-တရားထူးများကို ရနိုင်မယ်လို့ ရှင်တော်မြတ်ဘုရား ဩဝါဒပေးတော်မူခဲ့တာကို နာယူ မှတ်သားပြီးတော့ လမ်းမှန်သောတရားကိုသာ ကျိုးစားပြီးကျင့်နိုင်ကြပါစေ့လို့ တိုက်တွန်းပြီး "ဒိဋ္ဌိဇုကမ္မ"တရားတော် အပြီးသတ်ပါတော့မယ်။ ဗုဒ္ဓဘာသာဝါဒ ဓမ္မလမ်းကြောင်းကျတဲ့ကမ္မဿကတာ သမ္မာဒိဋ္ဌိအယူကိုသာလက်ခံပြီးကျင့်ပါတော့မယ်ဘုရားဟု ဝန်ခံတဲ့အနေနဲ့ သာဓု အနုမောဒနာ ပြုကြစေကုန်သတည်း။

(ဒိဋ္ဌိဇုကမ္မကထာ ပြီး၏)

# တတိယပိုင်း

★

## ဥပသမ္ပဒ - ပဗ္ဗဇ္ဇာနုဂ္ဂဟ

## ပဥ္စင်းခံ - ရှင်ပြု တရားတော်များ။

●

## နမော နရသီဟာဿ ဇေယျတု

## (၃၇) ဥပသမ္ပဒါနိသံသ ကထာ။

ယာဒိသံ ဝပတေ ဗီဇံ၊
တာဒိသံ ဟရတေ ဖလံ။
ကလျာဏကာရီ ကလျာဏံ၊
ပါပကာရီ စ ပါပကံ။ ။

ယာဒိသံ၊ အကြင်သို့သဘောရှိသော။ ဗီဇံ၊ ချို, ချဉ်, ပူ,စပ် ရသာဓာတ်ကျ မျိုးဗီဇကို။ ဝပတေ၊ စိုက်ပျိုးကြ၏။ တာဒိသံ၊ မျိုးစေ့နှင့်တမူ ဝှသောအရသာရှိသော။ ဖလံ၊ အသီးကို။ ဟရတေ ယထာ၊ မှုယူမလွဲ အတူဘဲ ဖြစ်ထွန်းသကဲ့သို့။ ဧဝ မေဝ၊ မခြားတမူ အလားတူသာလျှင်။ ကလျာဏကာရီ၊ သုစရိတ ဓမ္မလမ်းကြောင်း ကောင်းသောအမှုကို ပြုလုပ်သောသူသည်။ ကလျာဏံ၊ အလုပ်နှင့်တမူ တူသော ကောင်းကျိုး ကို။ လဘတိ၊ ရ-ရောက်ခံစားရ၏။ ပါပကာရီ၊ ဒုစရိုက်ကြောင်းစု မကောင်းမှုကို ပြုလုပ်လေ့ရှိသောသူသည်။ ပါပကံ၊ ယုတ်မာညစ်ဆိုး မကောင်းသော အကျိုးကို။ လဘတိ၊ ရ-ရောက် ခံစားရ၏။

လောကသုံးပါး၌ ရှိသမျှသော ပုပုဂ္ဂိုလ် မြင်မြင်သမျှသော သတ္တဝါ တို့သန္တာန်ဝယ် ကုသိုလ်ကံ, အကုသိုလ်ကံ တည်းဟူသော စေတနာသခ်ါရ သည် အရင်းခံအမှန်ဖြစ်သည်အတိုင်း ထိုစေတနာက ပြုပြင်သမျှအကျိုးကို ခံစားကြရပါတယ်။ ထို့ကြောင့်....

ကောင်းသောစေတနာဖြင့် ကောင်းသောအမှုကို ပြုလုပ်ကြကုန် သောသူတို့အား ကောင်း သော အ ကျိုး ကို ခံစားရမည်ကား မလွဲကုန်-။ ထို့ကြောင့် ဗုဒ္ဓရှင်တော်ဘုရားသည် "ကလျာဏကာရီ - ကလျာဏံ" ဟူ၍ ဟောတော်မူခဲ့လေပြီ။ ယုတ်ညံ့သောစေတနာဖြင့် မကောင်းမှုကို ပြုကြပါ ကလည်း မကောင်းသောအကျိုးကိုခံစားကြရကုန်၏။ ထို့ကြောင့် - "ပါပ ကာရီစ-ပါပကံ" ဟူ၍ ဟောကြားတော်မူခဲ့လေပြီ။

ဤသို့အရင်းခံစေတနာအတိုင်း အကျိုးခံစားရပုံကို ထင်ရှားပေါ်လွင်အောင် ဥပမာဆောင်ခဲ့ပုံမှာတော့- အချို မျိုးစေ့ကို စိုက်ပျိုးကြကုန်သောသူတို့မှာ ချိုသောအသီးကို သုံးဆောင်ကြရ။ အခါး,အဖန် အစရှိတဲ့ မျိုးစေ့ကို စိုက်ပျိုးကြပါကလဲ အခါး-အဖန်အစရှိတဲ့အသီးကို စားသောက်သုံးဆောင်ကြရသည်နှင့် တူကြကုန်၏။ ထို့ကြောင့်"ယာဒိသံ ဝပတေ ဗီဇံ၊ တာဒိသံ ဟရတေ ဖလံ"ဟူ၍ ပမာပုံဆောင်ပြီး ယုံကြည်အောင် မိန့်တော်မူခဲ့ပါတယ်။

အနုစိတ်ပြီး အကြောင်းကံနှင့်တူစွာ အကျိုးခံစားရပုံများကိုတော့ ထိုထိုသောသက်သေသာဓက သုတ္တန်ဝတ္ထုသွားတို့ကို နာကြားကြဘူးသည့်အတိုင်း နှိုင်းချိန်၍ သိနိုင်ကြပါပြီ။ အကျဉ်းမှာတော့ အဆင်းလှပသောအရာဝတ္ထုကိုလှူဒါန်းပါက အဆင်းလှတဲ့အကျိုးကိုခံစားကြရသလို အမျိုးမျိုး မှတ်သားနိုင်ကြပါတယ်။ အကျယ်ကိုတော့ ဗဟုသုတရှိကြတဲ့အတိုင်း ဝေဘန်ပြီးတော့ သိကြပေတော့။

ဤကဲ့သို့ အကြမ်းစိတ်-အနုံစိတ်အားဖြင့် ခွဲချမ်းဝေဖန်ပြီးကြည့်ကြမယ်ဆိုရင် မိမိတို့ပြုလုပ်ကြတဲ့ စေတနာအရင်းခံ အကြောင်းကံနှင့်တူစွာ အကျိုးခံစားကြရမည်ဖြစ်ပါသောကြောင့်ယနေ့-ယခုပြုလုပ်လှူဒါန်းကြတဲ့ "ဥပသမ္ပဒကံ - ပဥ္စင်းခံ" ကုသိုလ် အလုပ်ကြီးဟာလဲ အကြောင်း နှင့် တမူတူသောအကျိုးကို ရနိုင်ပုံကို "နေယျတ္ထ"အားဖြင့် ဆောင်ပြီး မှတ်သားရဝမ်းမြောက်ကြရအောင် ဟောပြောရသေးတာပေါ့။

ရဟန်းအဖြစ်သို့ရောက်အောင် ချီးမြှောက်ကြတဲ့အရာမှာ "အင်္ဂါငါးပါး"ပြည့်စုံမှ ရဟန်းအဖြစ်သို့ ရောက်ပါတယ်။ အဲဒီအင်္ဂါငါးပါးကိုစွဲပြီးတော့ ရဟန်းတော်များကို "ပဥ္စင်း" ဟူ၍ ခေါ်ဝေါ်ကြရတာ ဖြစ်ပါတယ်။ မိမိတို့ ချီးမြှောက်ထောက်ပံ့လိုက်တဲ့ရဟန်းလောင်းမှာ အင်္ဂါငါးပါးနှင့်ပြည့်စုံတဲ့အတွက် ရဟန်းအဖြစ်သို့ရောက်ရခြင်းအကျိုးရှိသလို အနုဂ္ဂဟကုသိုလ်ရှင်တို့မှာလဲ ငါး ပါး သော အ ကျိုး ကို မုချ ခံစားရလိမ့်မယ်ဟူ၍ ယုံကြည်စွာ မှတ်သားလိုက်ကြပါ။ ရဟန်းအဖြစ်သို့ ရောက်ဘို့ အရာမှာ- ဝတ္ထု, ဉာတ်, ကမ္မဝါ, သိမ်, ပရိသတ် ဟူ၍ ငါးပါးရှိပါတယ်။ ထင်ရှားအောင် ပြရသေးတာပေါ့။

(၁) ရှေးဦးစွာ – "ဝတ္ထု"ဆိုတာက ရဟန်းလောင်းကို ဆိုလိုပါတယ်။ ဒီအရာမှာ မြင်မြင်သမျှပုဂ္ဂိုလ်တိုင်း ဘယ်လိုပုဂ္ဂိုလ်မျိုးမဆို ရဟန်းလောင်း ဖြစ်နိုင်တာမဟုတ်ပါဘူး....

၁။ အသက်နှစ်ဆယ် ပြည့်ရခြင်း။
၂။ ပါရာဇိကသို့ မရောက်ဘူးခြင်း။
(ပဏ်္ဍုက, ထေ, ပက်, စ္ဆာန်, ပဋ္ဌာနန်, ဒုသံ, ဥဘောဗျည်း, ဆိုတဲ့ မှတ်တမ်းအတိုင်း)
၃။ နပုံပဏ္ဍုက်။
၄။ ထေယျ သံဝါသက။
၅။ တိတ္ထိယ ပက္ကန္တက။
၆။ တိရစ္ဆာန်။
၇-၈-၉-၁၀-၁၁။ အနန္တရိယကံငါးပါး။
၁၂။ ဘိက္ခုနီဒူသက။
၁၃။ ဥဘတောဗျည်း-ဟု ဆိုအပ်သော တကျိပ်တယောက်သော "အဘဗ္ဗ"ပုဂ္ဂိုလ်မဟုတ်ခြင်း။

ယခုပြခဲ့တဲ့ တဆယ့်သုံးပါးသောသမ္ပတ္တိအင်္ဂါနဲ့ပြည့်စုံတဲ့ယောကျ်ားကောင်းစစ်စစ်ဖြစ်မှသာ "ဝတ္ထု သမ္ပတ္တိ - အင်္ဂါ"နဲ့ ပြည့်စုံပြီးတော့ ရဟန်းအဖြစ်သို့ ရောက်နိုင်ပါတယ်။

အဲဒီ ဝတ္ထု-သမ္ပတ္တိဆိုတဲ့ ပဌမအင်္ဂါနဲ့ပြည့်စုံတဲ့ရဟန်းလောင်းပုဂ္ဂိုလ်ကို ချီးမြှောက်ကြရတဲ့ ဒကာ-ဒကာမတို့ သန္တာန်မှာလဲ အကြောင်းနှင့်တူအောင် အကျိုးပြန်ပြီး ရနိုင်ကြပါတယ်။ အကျိုးခံစားခွင့် ဆိုတာကလဲ ဆုတောင်းရှိမှသာ အကျိုးပေးမြဲတာဖြစ်ပါတယ်။ သို့အတွက် ပဌမအင်္ဂါနဲ့ ညီညွတ်စွာ အကျိုးခံစားခွင့် မလွဲကြရအောင် လိုက်ဆိုပြီး ဆုတောင်းကြပေတော့။

ဘန္တေ၊အရှင်ဘုရား။မယံ၊အကျွန်ုပ်တို့သည်။ ဝတ္ထုသမ္ပတ္တိ၊ဝတ္ထုနှင့်ပြည့်စုံသော။ ဥပသမ္ပဒါပေက္ခ၊ ပဋ္ဌင်းလောင်းကို။ အနုဂ္ဂဟေမ၊ ပစ္စယဓမ္မ ထိုနှစ်ပါးဖြင့် ကျနလောက်လုံ ချီးမြှောက်ပါကုန်၏။ ဣမိနာပုညကမ္မေန၊ ဤကောင်းမှုကံ စေတနာကြောင့်။ ဘဝါဘဝေသု၊ ဖြစ်လေရာရာ ဘဝကြီးငယ်တို့၌။ ပုညသမံ၊ကောင်းမှုကံနှင့်တူစွာဖြစ်သော။ ဝိပါကံ....

(က) အသက်တမ်း ကုန်ဆုံးအောင် နေ၍ အသက်ရှည်ရခြင်း။ (ဤကားအသက်-၂၀ ပြည့်ခြင်း အင်္ဂါမှအပြန်)

(ခ) အပါယ်လေးပါးမှလွတ်၍ ဘဝမဆုံးရှုံးရခြင်း။ (ဤကား ပါရာဇိကမကျဘူးခြင်းမှအပြန်)

(ဂ) တကျိပ်တယောက်သော အဘဗ္ဗပုဂ္ဂိုလ်မျိုးတို့မှကင်းလွတ်၍ ကျွတ်ထိုက်သော ဘဗ္ဗပုဂ္ဂိုလ်ဟု ဆိုအပ်သော ယောကျ်ား စင်စစ် ဖြစ်ရခြင်းဟု ဆိုအပ်သော ကောင်းမြတ်သော အကျိုးကို။(ဤကား အဘဗ္ဗ တကျိပ်တယောက် မဖြစ်ခြင်း အင်္ဂါမှပြန်၍ ရနိုင်သောအကျိုး)

အနုဘဝိဿာမ၊ အစဉ် ခံစားစံစားရပါလိုကုန်၏။ အဲတာလို့နှုတ်က မြွက်ပြီးတော့ ကိုယ်တိုင်ဆုတောင်းရှိကြရင် အကျိုးပေးမလွဲနိုင်တော့ဘူးလို့ ယုံကြည်ကြရမယ်။ ထို့ကြောင့် ဥပရိပဏ္ဏာသအဋ္ဌကထာ သင်္ခါရုပတ္တိသုတ်အဖွင့်၌ မိန့်တော်မူခဲ့သည်မှာ၊

ယထာ ဟိ အာကာသေ ခိတ္တာ ဒဏ္ဍော အဂ္ဂေန ဝါ မဇ္ဈေန ဝါ မူလေန ဝါ နိပတိ ဿတီတိ နိယမော နတ္ထိ၊ ဧဝံ သတ္တာနံ ပဋိသန္ဓိဂဟနံ အနိယတံ၊ တသ္မာ ကုသလကမ္မံ ကတ္ဝာ ကေသိံ ဌာနေ ပတ္ထနံ ကာတုံ ဝဋ္ဋတိ။ ဟူ၍ မိန့်ဆိုခဲ့ပေသည်။

ဟိ၊ ဥပမာပုံ တင်၍ ပေါ်လွင်အောင် ပြဦးအံ့။ အာကာသေ၊ မိုဃ်းကောင်းကင်၌။ ခိတ္တာဒဏ္ဍော၊ ပစ်အပ်သော တုတ်, လှံတန်သည်။ အဂ္ဂေနဝါနိပတိဿတိ၊အဖျားဖြင့်မူလည်းကျလတ္တံ့။မဇ္ဈေနဝါနိပတိဿတိ၊ အလယ်ဖြင့်မူလည်း ကျလတ္တံ့။ မူလေနဝါနိပတိဿတိ၊ အရင်းဖြင့် မူလည်း ကျလတ္တံ့။ ဣတိ၊ဤသို့။ နိယမော၊အမှတ်စွဲမြဲခြင်းသည်။ နတ္ထိယထာ၊ မရှိသကဲ့သို့။ တထာ၊ထို့အတူ။သတ္တာနံ၊သတ္တဝါအနန္တ မှန်သမျှတို့၏ ပဋိသန္ဓိဂဟနံ၊ ပဋိသန္ဓေယူခြင်းသည်။ ယသ္မာ၊အကြင့်ကြောင့်။ အနိယတံ၊ လူဘုံ နတ်ဘုံ ဖြစ်ပုံမှန်မှန် ဧကန်တိတိ အမြဲမရှိပေ။ တသ္မာ၊ထို့ကြောင့်။ ကုသလံ၊ ကုသိုလ်ဖြစ်သော။ ကမ္မံ၊ ချမ်းသာစရာအကြောင်း ကောင်းသောအမှုကို။ ကတွာ၊ပြု၍။ ဝါ၊ ပြုကြကုန်သည်ရှိသော်။ ကေသိံဌာနေ၊လူနှင့်နတ်ရွာ ချမ်းသာရာဘဝ တခုခုသောဘုံဌာန၌၊ ပတ္ထနံ၊ဖြစ်ရန်မလွဲ မြဲပါစေကြောင်း ဆုပန်တောင်းခြင်းကို။ကာတုံ၊ပြုခြင်းငှါ။ဝဋ္ဋတိ၊သင့်၏။ အဲဒါလို မိန့်ဆိုတဲ့ အတိုင်း ဆုတောင်းရှိမှ အကျိုးပေးမြဲတယ်လို့မှတ်ယူကြရမယ်။

(၂) ဒုတိယအင်္ဂါကတော့ ဉာတ်နှင့်ပြည့်စုံမှုရဟန်းဖြစ်ပါတယ်တဲ့။

(၃) တတိယ အင်္ဂါကတော့ကမ္မဝါနှင့်ပြည့်စုံရမယ်တဲ့။ အဲဒီအင်္ဂါနှစ်ပါးကို သဘောတူချင်းဖြစ်လို့ တပေါင်းထဲ ထားပြီး ဟောရလိမ့်မယ်။ ရဟန်းအဖြစ်သို့ရောက်အောင် ဥပသမ္ပဒကံဆောင်ပြီးတော့ ဉာတ်ကမ္မဝါစာတို့ကို ရွတ်ဘတ်တဲ့အခါကာလမှာ....

(က) ဝတ္ထုလို့ခေါ်ဆိုရတဲ့ ရဟန်းလောင်း၏အမည်ကို သုံးသပ်ထည့်သွင်းပြီး ရွတ်ဘတ်ရခြင်း။

(ခ) သံဃာကို သုံးသပ်ထည့်သွင်းပြီးတော့ ရွတ်ဘတ်ရခြင်း။

(ဂ) ပုဂ္ဂိုလ်ဟု ဆိုအပ်တဲ့ ဥပဇ္ဈာယ် ဆရာ၏အမည်ကို သုံးသပ်ထည့်သွင်းပြီး ရွတ်ဘတ်ရခြင်း။

(ဃ) ဉာတ် ကမ္မဝါစာ တို့ကို ပြည့်စုံအောင် သုံးသပ် ရွတ်ဘတ်ရခြင်း။

(င) ဉာတ် ကမ္မဝါစာ တို့ကို ရှေ့နောက် အစဉ်မှန်အောင် ပြု၍ ရွတ်ဘတ်ရခြင်း။

(စ) သိထိလ ဓနိတ နိဂ္ဂဟိတ ဝိမုတ္တ အက္ခရာပဒတို့ကို မှန်ကန်ပြတ်သားစွာ ရွတ်ဘတ်ရခြင်း-ဟုဆိုအပ်သောအင်္ဂါ ၆-ပါး ညီညွတ်ပါမှ ဉာတ်ကမ္မဝါစာနှင့်ပြည့်စုံပြီး ရဟန်းအဖြစ်သို့ ရောက်နိုင်ပါတယ်။

အဲဒီ အင်္ဂါနှစ်ပါးနဲ့ ပြည့်စုံရန် အတွက်မှာလဲ ယနေ့ ယခု ရဟန်းဒါယကာ ရဟန်းအမ ပြုလုပ်သူတို့က ဗဟုသုတ ရှိတော်မူကြကုန်သော မထေရ်ကြီးတို့ကို ပင့်ဘိတ်၍ ထောက်ပံ့ ပြုစု ကြပါသောကြောင့်၊ ပြည့်စုံလုံလောက်သို့ ရဟန်းအဖြစ်သို့ရောက်ရလေပြီ။

ဤဒုတိယ တတိယအင်္ဂါနဲ့ပြည့်စုံအောင် ထောက်ပံ့ရသည်အတွက် မိမိတို့၌ခံစားထိုက်သော အကျိုးတရားတို့ကို မဖေါက်မပြန် မှန်ကန်စွာ ခံစားကြရအောင် လိုက်ဆို၍ ဆုတောင်းကြပေတော့။

ဘန္တေ၊ အရှင်မြတ်ဘုရား။ မယံ၊ အကျွန်ုပ်တို့သည်။ ဉာတ္တိသမ္ပတ္တိ။ ဉာတ်နှင့်ပြည့်စုံအောင်။ ကတ္ဝာစ၊ ပြု၍ငင်း။ အနုဿာဝနသမ္ပတ္တိ၊ ကမ္မဝါစာနှင့် ပြည့်စုံအောင်။ ကတ္ဝာစ၊ ပြု၍ငင်း။ အနုဂ္ဂဟေမ၊ ချီးမြှောက်ထောက်ပံ့ပါကုန်၏။ ဣမိနာ ပုညကမ္မေန၊ ဤကောင်းမှုကံစေတနာကြောင့်။ ဘဝါ

ဘဝေသု၊ ဖြစ်လေရာရာဘဝကြီးငယ်တို့၌။ ပုညသမံ၊ ကောင်းမှုကံနှင့်တူစွာ ဖြစ်သော။ ဝိပါကံ....

(က-ခ-ဂ)ဘုန်းတန်းသမ္ဘာ ဥစ္စာအင်အား ကြီးမားထင်ရှားသော မိမျိုး-ဘမျိုး၌ ဖြစ်ရခြင်း။ (က-ခ-ဂ-အင်္ဂါ-၃-ပါးမှ ပြန်ရသောအကျိုး)

(ဃ) ဥစ္စာအင်အား သားမယားနှင့် များပြားရိပ်ငြိမ် စည်းစိမ် အခြွေအရံအပေါင်းတို့နှင့် ပြည့်စုံရခြင်း။(ဃ-အကျိုး)

(င) စီစဉ်ပြောဆို လုပ်ကိုင်သမျှအဝဝတို့၌ ရှေးနောက်မှန်ကန်၍ ဖြောင့်မှန်သော နည်းလမ်းကိုသာ ရခြင်း။(င-အကျိုး)

(စ) မိမိနှင့် စပ်ရာဌာန တို့၌ ချို့ငဲ့ပျက်စီးသည် ဟူ၍ မရှိရခြင်း။ အစရှိသော ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းကို။

အနုဘဝိဿာမ၊ မုချမလွဲ အမြဲကေန် အမှန်ခံစားရပါစေ ကုန်သတည်း။ အဲတာက ဒုတိယ,တတိယ အင်္ဂါအတွက်ပါဘဲ။

စတုတ္ထအင်္ဂါကတော့သိမ်နှင့်ပြည့်စုံရမယ်လို့ဆိုလိုပါတယ်။ တဆယ့် တပါးသော သိမ်၏အပြစ်တို့မှ ကင်းစင်ပြီးတော့၊ နိမိတ်နှင့် ပြည့်စုံခြင်း၊ ပရိသတ်နှင့်ပြည့်စုံခြင်း၊ ကမ္မဝါစာနှင့် ပြည့်စုံခြင်းဟု ဆိုအပ်သော အင်္ဂါ သုံးပါးနှင့် ပြည့်စုံတဲ့ သိမ်၌ ကံဆောင်မှသာ ဥပသမ္ပဒကံမြောက်ပြီးတော့ ရဟန်းအဖြစ်သို့ ရောက်နိုင်ကြပါတယ်။

ယနေ့မှာတော့ ဥပသမ္ပဒကံကြီး ပြီးမြောက်ရန် ဘူမိနက်သန် မှန်ကန်တဲ့ သိမ်တော်ကြီးမှာ ဆောင်ရွက်ရတဲ့ အတွက် သီမသမ္ပတ္တိအင်္ဂါနဲ့ ပြည့်စုံလို့ ရဟန်းအဖြစ်သို့ ရောက်ရလေပြီ။

ဤစတုတ္ထ အင်္ဂါနှင့် ညီညွတ်စွာ ထမြောက် အောင်မြင်အောင် ထောက်ပံ့ကြရတဲ့ ဒကာ-ဒကာမတို့မှာလဲ အကြောင်းနှင့်တူစွာ အကျိုး ခံစားရအောင် လိုက်ဆိုပြီး ဆုတောင်းကြပေတော့။

ဘန္တေ၊ အရှင်ဘုရား။ မယံ၊ အကျွန်ုပ်တို့သည်။ အင်္ဂသမ္ပတ္တိယာ၊ သိမ်၏အင်္ဂါနှင့် ညီညွတ်စွာ။ ပဝတ္တာယ၊ ဖြစ်သော။ (သိမ်အားလုံးနှင့် သက်ဆိုင်စေသည်) သီမာယ၊သိမ်၌။ ဥပသမ္ပဒကမ္မံ၊ဥပသမ္ပဒကံကို။ ကာရေတွာ၊ ပြုစေ၍။ အနုဂ္ဂဟေမ၊ချီးမြှောက်ထောက်ပံ့ပါကုန်၏။ တေနပုညေန၊ ထိုကောင်းမှုကြောင့်။ ဘဝဘဝေသု၊ဘဝကြီးဘဝငယ် အသွယ်သွယ်တို့၌။ ပုညသမံ၊ကောင်းမှုကံနှင့်တူစွာဖြစ်သော။ ဝိပါကံ....

ရတနာ သုံးပါး ဖြစ်ထွန်း ပေါ်ပေါက်ရာ ဌာန ဘူမိနက်သန် မှန်ကန်သော အရပ်ဒေသမျိုး၌ ဖြစ်ရခြင်း။ အပြစ်မျိုးဟူသမျှတို့၏ ကင်းလွတ်ရာဒေသ နိဗ္ဗာန်တည်းဟူသော ရွှေဘုံဌာန၌ဖြစ်ရခြင်းဟု ဆိုအပ်သော ကောင်းမြတ်သောအကျိုးကို။ အနုဘဝိဿာမ၊ မလွဲကေန် အမှန်ခံစားရပါစေကုန်သတည်း။ ။

ဤကား-စတုတ္ထအင်္ဂါအတွက် ဟောပြောချက် ဖြစ်ပေတယ်။

ပဉ္စမအင်္ဂါကတော့ ပရိသတ်နဲ့ ပြည့်စုံရမယ်လို့ဆိုပါတယ်။ ပဥ္စဝဂ် သံဃာဆိုတဲ့ ရဟန်းတော်ငါးပါး ပြည့်စုံမှသာ ရဟန်းဖြစ်နိုင်တယ် ဆိုတဲ့ အင်္ဂါပါဘဲ။ သည်အင်္ဂါအရ ပရိသတ်နှင့်ပြည့်စုံအောင် ရဟန်းဒါယကာ ဒါယိကာမ အပေါင်းတို့က ဆွမ်း၊ ကွမ်း အစရှိသည် တို့ဖြင့် ပြည့်စုံအောင် ထောက်ပံ့ ပင့်ဘိတ် ချီးမြှောက် ကြလေသောကြောင့်၊ ယုတ်လျော့ ပျက်ကွက်ခြင်းမရှိဘဲ ပြည့်စုံရပါပြီ။

ဤအင်္ဂါနှင့်ပြည့်စုံစေရန် ထောက်ပံ့ကြတဲ့အတွက် အကျိုးဆက် အာနိသင်ကို အမှန်ခံစားကြရအောင် အားလုံးလိုက်ဆိုပြီး ဆုတောင်းပေတော့။

ဘန္တေ၊ အရှင်ဘုရား။ မယံ၊ အကျွန်ုပ် တို့သည်။ ပရိသသမ္ပတ္တိံ၊ ပရိသတ်နှင့်ပြည့်စုံအောင်။ ကတ္ဝာ၊ပြု၍။အနုဂ္ဂဟေမ၊ ချီးမြှောက်ထောက်ပံ့ပါကုန်၏။ တေနပုညေန၊ ထိုကောင်းမှုကြောင့်။ ဘဝါဘဝေသု၊ ဘဝကြီးငယ် အသွယ်သွယ်တို့၌။ ပုညသမံ၊ ကောင်းမှုကံနှင့် တူစွာ ဖြစ်သော။ ဝိပါကံ....

ဖောက်လွဲဖောက်ပြန် မမှန်စိတ်ကင်း သန့်ရှင်းသော အခြွေအရံ ပရိသတ်နှင့် ပြည့်စုံရခြင်း ဟု ဆိုအပ်သော ကောင်းမြတ်သော အကျိုးကို။ အနုဘဝိဿာမ၊ မလွဲကေန် အမှန်ခံစား ရပါစေကုန်သတည်း။အဲတာက နောက်ဆုံး ပဉ္စမအင်္ဂါအရ အကြောင်းအကျိုး နှစ်ပါးကို ပြည့်စုံအောင် ဟောခဲ့ခြင်း ဖြစ်ပါတယ်။

(ပထမဂါထာပြန်ကောက်ပြီး အနက်ပေး ဟောပြောလေ)

ပထမမူဘည်ပြီး ရွတ်ဆိုဟောပြောခဲ့တဲ့ ဤပါဠိတော်အရ ကျင့်ကြံ အားထုတ်ပြုလုပ်ကြတဲ့ အကြောင်းကံနှင့်တူစွာ အကျိုးခံစားရတယ်ဆိုတဲ့ ဟောပြောချက်ကို နာခံမှတ်သားကြရပါပြီ။ ခံစားဘို့ရာ အကျိုးဆိုတာ

မျိုးကလဲ ဆုတောင်းရှိမှမြဲတယ်ဆိုတဲ့ အဋ္ဌကထာဆရာမြတ်တို့၏ ဝါဒကိုလဲ ကြားနာကြရပါပြီ။ ဤသို့ကျမ်းဂန်လာ ဒေသနာများကို ဟောပြော ခဲ့သည့်အတိုင်း လမ်းမှန်ကျကျဖြစ်ကြရအောင် ဆုတောင်းပတ္တနာများကိုလဲ ကိုယ်တိုင် နှုတ်မြွက်၍ ရွတ်ဆို ဆုတောင်း ခဲ့ကြပြီး ဖြစ်ပါသောကြောင့် ဒကာ ဒကာမတို့သန္တာန်ဝယ် ဖြစ်ပေါ်လျက်ရှိသော စေတနာစိတ္တုပ္ပါဒ်တို့ကို သန့်ရှင်းအောင် ထားကြပြီးလျှင် ငါတို့ယနေ့ယခု ပြုလုပ်ရသော ကောင်းမှုကံကြောင့်၊ အကြောင်းကံနှင့်တမူ တူသောအကျိုးတို့ကို ဘဝဆက်တိုင်း ခံစားရ၍ အမတရိပ်မြုံ နန်းရွှေဘုံသို့ ခိုလှုံဝင်ရောက် ရပါလိုကုန်သောဟူ၍ ဆုတောင်းပတ္ထနာ ပြုကြကုန်ရာသတည်း။

(ဥပသမ္ပဒါနိသံကထာပြီး၏)

---

## နမော သုဂတဿ ဇေယျတု
## (၃၈) သဗ္ဗ သာခါရကာ တရားချီးနှင့် ရဟန်းခံ-ရှင်ပြု တရား

စိတ္တိကတံ မဟဂ္ဃဉ္စ၊
အတုလံ ဒုလ္လဘဒဿနံ။
အနောမသတ္တ ပရိဘောဂံ၊
ရတနံ တေန ဝုစ္စတိ။ ။

ယံဝတ္ထု၊ အကြင်ဝတ္ထုသည်။ စိတ္တိကတဉ္စ၊ ညွတ်တွားကော်ရော် ပူဇော်ခြင်းငှါလည်းထိုက်ပေ၏။ မဟဂ္ဃဉ္စ၊ နိသံတန်ခိုး လွန်စွာဖိုးသဖြင့် တန်ဘိုးကိုလည်း မဖြတ်နိုင်ကြပေ။ အတုလံ၊ ပြိုင်ဆိုင်သူရှင်း တုဘက်လည်း ကင်းပေ၏။ ဒုလ္လဘဒဿနံ၊ တွေ့မြင်ဘို့ရာ လွန်စွာဝေးလှ ဒုလ္လဘကြီးတခု ပေတည်း။ အနောမသတ္တပရိဘောဂံ၊ ယုတ်ညံ့ဆိုးဝါး သတ္တဝါများတို့ သုံးစားခြင်းငှါမထိုက်။ ဝါ-ဘုန်းကံကြီးမား ပုဂ္ဂိုလ်များသာ သုံးစားခြင်း ငှါထိုက်တန်လှပါပေ၏။ တေန၊ ထိုသို့ဆိုပြီး ဂုဏ်သကတ်အနည်းနည်းတို့ကြောင့်။ တံဝတ္ထုံ၊ ထိုဝတ္ထုကို။ ရတနံ၊ ရတနာဟူ၍။ ဝုစ္စတိ၊ ဆိုထိုက်ပေ၏။

လောကသုံးခွင် ဘုံပြင်အနန္တ ရှိသမျှများစွာ သတ္တဝါတို့၏ သုံးစားရာ အစစ် ကေန်ဖြစ်ပေသော ရတနာအမျိုးမျိုးတို့ကို လောကီရတနာ, လောကုတ္တရာရတနာ, ဟူ၍ နှစ်မျိုးနှစ်စား ခွဲခြား ဝေဘန်ပြီးတဲ့နောက်.... လောကီရတနာတွေထဲက တန်ခိုးရှိပုံ, အကျိုးကြီးပုံများကို ရှေးဦးစွာ ညွှန်ပြသင့်ပေတယ်။

ညွှန်ပြတဲ့အရာမှာလဲ လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာ့ဘုံဟု သုံးဘုံလောက ဌာနပြည်ဘောင် လောကဓာတ်ဘုံဆောင်ကြီး၌ အသီးသီးရှိသမျှ ရတနာတွေကို ရှောက်ပြီးချဲ့ထွင်နေပါက မိုးမဆုံး-မြေမဆုံး ပရိသတ်မုန်းဘို့ အချိန်ဖြုန်းရုံသာ ရှိတော့မယ်။ နတ်ပြည်,ဗြဟ္မာပြည်ဆိုတဲ့ ဝေးကွာတဲ့ ဘုံဌာနမှာ ရှိကြတဲ့ ရတနာတွေကို ထားလိုက်ပေအုံးတော့၊ အနီးအနားမှာ ကပ်ပြီး တပြင်တည်း စပ်လျက် ဖြစ်ပေါ် သုံးစွဲလျက်ရှိတဲ့ လူ့ဘုံက ရတနာတွေကိုဘဲ ကြည့်ကြစမ်း။

လူ့ဘုံ လူ့ရပ် လောကဓာတ် အတွင်းမှာ အဖြာဖြာ အသုံးချပြီး.... အမျိုးမျိုးသုံးဆောင်ခံစားလျက်ရှိတဲ့"ရတနာ"တွေထဲမှာ ဘယ်ရတနာကို အကောင်းဆုံးထားပြီး ဘယ်ရတနာကို တန်ခိုးအကြီးဆုံးဟူ၍ ခေါ်ဆိုကြမလဲ။ ရွှေ,ငွေ,မြရွဲ, ပုလဲသန္တာ,ရတနာတွေကို အမြတ်ဆုံးလို့ဆိုကြမလား။ သို့မဟုတ် ဓနငွေကြေး မြောက်မြားစွာပေးပြီးတော့ ကြေးစည်းစိမ်ခံ ကောင်းကင်ယံမြေစခမ်း ရေလမ်းမှာ ပျော်ပျော်စံနိုင်တဲ့ ဝေဟာပျံ ဓာတ်ရထားနှင့် မော်တော်ကား ရေယာဉ်ပျံတို့ကို အဘိုးတန် အမှတ်မှားပြီး အမြတ်ဆုံးဟူ၍ ထားကြမလား။ ယခုမျက်မြင် လောကကလေးမှာရှိတဲ့ ရတနာတွေကို လူပြည်မှာဖြင့် အကောင်းစားဘဲဟု အမြတ်ဆုံးလို့ အမှတ် မမှားကြပါနှင့်။

> တဿိမာနိ သတ္တ ရတနာနိ အဟေသုံ၊ သေယျထိဒံ စက္ကရတနံ ဟတ္ထိရတနံ အဿရတနံ မဏိရတနံ ဣတ္ထိရတနံ ဂဟပတိရတနံ ပရိဏာယကမေဝ သတ္တမံ။

ဤသို့ "စက္ကဝတ္တိသုတ်"တော်ကြီးမှာ ဘုရားရှင် ဟောကြားခဲ့တဲ့ အတိုင်း လူ့ဘုံက လောကီရတနာတွေထဲမှာ လေးကျွန်းသေဌ်နင်း စကြာ မင်းကြီး၏ ရတနာ ၇-ပါးဟာ တန်ခိုးအရှိဆုံး၊လောကီမှာတော့အကောင်း

ဆုံးဘဲလို့ မှတ်သားကြရမယ်။ သည်နေရာမှာ စကြာမင်း၏ ရတနာ ၇-ပါး ဟာ လူ့ပြည်၌ ပထမတန်းစားကျပုံကို အနည်းငယ် ထုတ်ဖော်ပြီး ပြရ အုံးမယ်။

(၁) ပထမဦးဆုံး "စက္ကရတနာ" ကို သိကြဘို့ကတော့ ကျင့်ဝတ် ဆယ်ပါး စကြာမင်းတို့၏ ကိုယ်ကျင့်တရားကို ပြည့်စုံစွာအားထုတ်ပြီးသော စကြာမင်းမြတ်သည် နေ့အခါ၌ ယုဂန်တောင်စွန်း အရှေ့ကျွန်းက တင့်ရှန်း စွာ ထွက်ပေါ်၍လာသော သဟဿရံသီ ရောင်ခြည်ထိန်ဝင်း နေမင်းကြီး ကဲ့သို့ရင်း၊ ညချမ်းအခါ ကြယ်တာယာအပေါင်း ခြောင်းရံပတ်ပြာသာဒ် ရဇတ် လဗိမာန်ကြီးကဲ့သို့ရင်း တင့်တယ်စွာ ထွက်ပေါ်၍လာတဲ့ စကြာ ရတနာမြတ်ကို "ပဝတ္တတု ဘဝံ စက္ကရတနံ၊ အဘိဝိဇိနာတု ဘဝံ စက္ကရတနံ" ဘဝံစက္ကရတနံ၊ အရှင် 'စက်' ရတနာ မြတ်သည်။ ပဝတ္တတု၊ လည်ပါစေ သတည်း။ ဘဝံ စက္ကရတနံ၊ အရှင်စက်ရတနာမြတ်သည်။ အဘိဝိဇိနာတု၊ များစွာကျော်ဟိုး ဘုန်းတန်ခိုးကြောင့် လွှမ်းမိုးအောင်မြင်ပါစေသတည်း။

အဲတာလို နှုတ်တော်မြွက်ဟ ရွတ်ဆိုပြလျက် ရေစင်သွန်းလောင်း ပြီး ချလိုက်တယ်ဆိုရင် ပဥ္စင်္ဂိက ငါးဝသောအင်္ဂါနှင့်ပြည့်စုံတဲ့တူရိယာအသံ ကဲ့သို့ သာယာစွာ အသံထွက်ပြီးတော့ ကောင်းကင်ထက် ဝေဟင်လမ်းဖြင့် စကြာရတနာဟာ အရှေ့ကျွန်းသို့ မြန်းတော်မူတယ်။ ထိုအခါကာလ တဆယ့်နှစ်ယူဇနာအပြန့်ကျယ်တဲ့ စစ်အင်္ဂါလေးပါး ပရိသတ်အများနှင့် တကွ စကြာမင်းမြတ်ကြီးသည် ကောင်းကင်ထက်လမ်း အာကာသစခန်းမှ စကြာရတနာ၏တန်ခိုးနဲ့ ကြွမြန်းတော်မူရပေတယ်။ ထိုအခါမှာလဲ စကြာ မင်းကြီး၏ စိတ်အလိုအတိုင်းဘဲ ဆင်းလိုက အောက်သို့သက်ပြီး၊ သွားလို ပါက ကောင်းကင်လမ်းကချည်းဘဲ သွားကြရတယ်တဲ့။

သည်နေရာမှာ ဖြတ်ပြီး နိုင်ငံစာ၍ကြည့်ကြစမ်း၊ ကောင်းကင်ရထား ကာလပေါ် လေယာဉ်ပျံများမှာတော့ ငွေကြေးမနည်း မြောက်မြားစွာ အကုန်အကျခံရတဲ့အပြင် ယန္တရားစက်အဟုန် အပျက်နဲ့ကြုံပါက မြေဘုံသို့ သက်ဆင်း အသက်တောင် အန္တရာယ်မကင်းနိုင် ကြဘူး။ အဲသည်တော့.... လောကီရတနာချင်းတူပေတဲ့ နိုင်ငံစာဘို့ရာ အလွန်တရာမှ ကွာဝေးလှ ပါတယ်။

အဲတာလို စကြာမင်းမြတ်ကြီးသည် စကြာရတနာကို စီးနင်းလျက် အရှေ့ကျွန်းသို့ အရောက်သွား ရန်သူများကိုနှိမ်နင်း အောင်ပွဲကြီးခင်းခဲ့ ပြီးတဲ့နောက် အရှေ့သမုဒ္ဒရာတွင်းသို့ သက်ဆင်းပြန်တယ်တဲ့။

စကြာရတနာကြီး သမုဒ္ဒရာအတွင်းသို့ သက်ဆင်းတယ် ဆိုရင် ဘဲ သမုဒ္ဒရာရေအယာဉ်ဟာ မြေပြင်ကျအောင် ဖယ်ရှား တယူဇနာအရပ် လောက်သွားပြီးတော့ နံရံကြီး များ လို တည်နေရသတဲ့။ ထိုအခါကာလ လူများအပေါင်းလဲ ရွှေငွေမြရှ ပုလဲသန္တာ သမုဒ္ဒရာအတွင်းမှာရှိတဲ့ အဖြာ ဖြာသော ရတနာတွေကို အလိုရှိတိုင်းကောက်ယူကြပြီးတဲ့နောက် သမုဒ္ဒရာ မှ တက်ခဲ့၍ အနောက်-တောင်-မြောက် လေးကျွန်းလုံးနှံ့အောင်ရှောက်ပြီး ခမ်းထောက်ချ မိမိနေရာဌာနသို့ ပြန်ကြွဆိုက်ရောက်တော်မူရတယ်။

စကြာရတနာ၏တန်ခိုးဟာ ဒါတင်မျှမကသေးပါဘူး။ ရတနာစက္က တည်ရာဌာနသို့ အသီးသီး လာရောက်ကြပြီးလျှင် ပူဇော်ကြ၊ မြတ်နိုးကြ၊ အရိုအသေပြုကြပြီးသကာလ လိုသမျှဆုပဋ္ဌနာကိုမြွက်ပြီး တောင့်တချက် ပြုပါက တောင့်တတိုင်း အကျိုးစုံတဲ့ တန်ခိုးဟုန်နဲ့လဲ ပြည့်စုံတယ်....ဟူ၍ မှတ်သားလိုက်ကြ။ ဒါ့ကြောင့် ခုဒ္ဒပါဌ ဒေသနာမြတ်မှာ....

" တံတံ ဝရံ ပတ္တေတိ ပတ္ထိတ ပတ္ထိတဥ္စသ ကေဇ္ဈံ သမိဇ္ဈတိ "။ ဤသို့ မိန့်ကြားတော်မူတယ်။ တံတံဝရံ၊ ထိုထိုလိုသား ဆုပတ္ထနာများကို။ ပတ္တေတိ၊ တောင့်တ၏။ အဿ၊ တောင့်တလိုလား သိုလူများအား။ ပတ္ထိတ ပတ္ထိတဥ္စ၊ တောင့်တတိုင်း-တောင့်တတိုင်းသည်လည်း။ ကေဇ္ဈံ။ တလုံးတဝ တည်း။ သမိဇ္ဈတိ၊ ပြည့်စုံနိုင်၏။ ယခုဟောခဲ့တာကတော့ စကြာရတနာ၏ တန်ခိုးရှိပုံကို အကျဉ်းကလေးမျှ ဟောပြခဲ့တာဖြစ်ပေတယ်။

(၂) ထိုမှတဖြာ - " ဟတ္ထိ ရတနာ " ဆိုတာက တန်ခိုးကြီးမား ကောင်းကင်က သွား နိုင် တဲ့ ဥပေါသထဆင်မျိုး၊ ဆဒ္ဒန်ဆင်မျိုးတို့တွင် တမျိုးမျိုးမှလာရောက်ဖြစ်ပေါ်တဲ့ စကြာမင်းကြီး၏ ဆင်ရတနာဖြစ်တယ်။ ၎င်း ဆင်ရတနာဟာ တဆယ့်နှစ်ယူဇနာရှိတဲ့ပရိသတ်ကို ယူပြီးတော့ ဇမ္ဗူ ဒိပ ကျွန်းမြမဟေ တောင်ကျွန်း ဗွေကို ရေမြေ ထုတ်ချောက် နှံ့အောင် လျှောက်ပြီးလျှင် နံနက်စာမစားမီ မိမိနေရာသို့ အရောက်ပြန်လာနိုင်တဲ့ သတ္တိရှိပါတယ်။

(၃) " ဝလာဟကမြင်း" မျိုးမှ ဖြစ်ပေါ်တဲ့ စကြာမင်းကြီး၏ " အဿ ရတနာ " ခေါ်တဲ့ မြင်းရတနာမှာလဲ ကောင်းကင်ထက်ဖျား ဝေဟင်ကြားမှ လျှင်မြန်သောအဟုန်အားဖြင့် သွားနိုင်ပုံမှာ ဆင်ရတနာနဲ့ အတူတူပါဘဲ။

(၄) ဝေပုလ္လတောင်ကဖြစ်ပေါ်လာတဲ့ " ပတ္တမြား ရတနာ " ကတော့ အတောင်ခြောက်ဆယ်လောက်မြင့်ရာ တိုင်ဖျားမှာတင်ပြီးထားလိုက်ပလားဆိုရင် တယူဇနာရပ်ခွင် ထက်ဝန်းကျင်ဒေသ ထိုထိုသောဌာနများမှာ အမိုက်မှောင်ကင်းပျောက်ပြီးတော့- နေ့အခါလိုတောက်ပတဲ့ အရောင်အဝါကို မှီခိုကြရတယ်တဲ့။

(၅) "ဣတ္ထိရတနာ"ဖြစ်တဲ့ မိမ္မရတနာ၏တန်ခိုးကိုတော့ သည်လိုမှတ်လိုက်ကြ။ အပြစ်ခြောက်ရပ် မကပ်ဝေးကွာ ငါးဖြာကလျာဏ ရူပသဏ္ဌာန် ကြန်အင်လက္ခဏာနှင့် ပြည့်စုံ၍ လှပပုံအချင်းအရာမှာဖြင့် အပြစ်ပြောစရာမရှိတဲ့အပြင် ကိုယ်၏အငွေ့ ဖေါ်ဌဗ္ဗာရုံအတွေ့မှာတော့ စကြာမင်းကြီး ချမ်းဘဲ့အခါကာလမှာ မိဖုယားကြီးရဲ့ကိုယ်ငွေ့ဟာ နွေးရသတဲ့။ ပူအိုက်တဲ့အခါမှာတော့ ရေသတဲ့။ အကြိမ်တရာဖတ်အပ်ပြီးသော ဝါဂွမ်းကဲ့သို့ နူးညံ့သောအတွေ့နှင့် ပြည့်စုံတဲ့အပြင် စန္ဒကူးနံ့သာကဲ့သို့ မွှေးကြိုင်သော ကိုယ် နံ့ ကြာညိုပန်း အနံ့ကဲ့သို့ သင်းပျံ့သော ခံတွင်း အနံ့ ရှိသတဲ့။ ဦးစွာထခြင်းအစရှိသော တပါးမက များလှဂုဏ်မျိုး ဘုန်းတန်ခိုးနဲ့ပြည့်စုံတဲ့ "မိမ္မ"ရတနာ၏အဖြစ်ကို မှတ်သားကြရမယ်။

(၆) ထိုမှတဖြာ " သူကြွယ် ရတနာ " ကတော့ ထက်ဝန်းကျင်တယူဇနာအတွင်းမှာရှိတဲ့ သသာမိက-အသာမိက အဝဝရတနာ အဖြာဖြာသော ဘဏ္ဍာတို့ကို မြင်စွမ်းနိုင်တဲ့ ဒိဗ္ဗစက္ခုနှင့်ပြည့်စုံတဲ့အတွက် စကြာမင်းကြီး အလိုရှိတိုင်း သုံးစွဲနိုင်လောက်အောင် ထောက်ပံ့ပေးကမ်းနိုင်တဲ့စွမ်းရည်သတ္တိရှိပါတယ်။

(၇) "ပရိဏာယက ရတနာ"ဆိုတဲ့ သားကြီးရတနာ၏ တန်ခိုးကတော့ စွမ်းအင်သတ္တိ-ဉာဏ်ပညာအမျိုးမျိုးရှိတဲ့အပြင် တဆယ့်နှစ်ယူဇနာလောက်ရှိတဲ့ ပရိသတ်တို့၏သဘောကို မပြောဘဲ အကုန်သိပြီးတော့ နှိမ်သင့်သူကို နှိမ်ချ မြှောက်သင့်သူကို မြှောက် မလျက် အဝဝသော ပြည်ရေးပြည်မှုကို ဘာတခုမျှ မင်းကြီး ကြောင့်ကြ မစိုက်ရဘဲ နှစ်ခြိုက်အောင် ဆောင်ရွက်နိုင်တဲ့ သတ္တိရှိပါတယ်တဲ့။

အဲ-ဤကဲ့သို့ (၇) ပါးသော စကြာမင်းကြီး၏ ရတနာအမျိုးမျိုး တန်ခိုးရှိပုံကို အနည်းငယ် နာကြားကြရပါသောကြောင့် လူ့ဘုံ၌သာန ဤလောကမှာ လောကီရတနာဘက်ကဆိုလျှင် စကြာရတနာ (၇) ပါး ဟာ အမြင့်ဆုံး အကောင်းဆုံးပါဘဲလို့ မှတ်သားလိုက်ကြ။ ထို့ကြောင့်- ဦးစွာပထမ ဟောကြားခဲ့သည်မှာ-

´စိတ္တီကတံ မဟဂ္ဃဉ္စ၊
အတုလံ ဒုလ္လဘ ဒဿနံ။
အနောမသတ္တပရိဘောဂံ၊
ရတနံ တေန ဝုစ္စတိ။ ။

ယံဝတ္ထု၊ အကြင်ဝတ္ထုသည်။ စိတ္တီကတဉ္စ၊ ညွတ်တွားကော်ရော် ပူဇော်ခြင်းငှါလည်း ထိုက်ပေ၏။ ။စကြာရတနာမြတ်ဟာ စိတ္တီကတဂုဏ်နဲ့ ပြည့်စုံပါသောကြောင့် လူအပေါင်းတို့ ပူဇော်ကြ,မြတ်နိုးကြ, အရိုအသေ ပြုကြလိုသောဆုကို တောင့်တကြတယ်ဆိုတာ ဟောပြခဲ့ပါပြီ။

ယံဝတ္ထု၊ အကြင်ဝတ္ထုသည်။ မဟဂ္ဃဉ္စ၊ နိုသံတန်ခိုး လွန်စွာဖိုး သဖြင့် တန်ဘိုးကိုလည်း မဖြတ်နိုင်ကြပေ။ ရတနာ (၇)ပါး ရှိတဲ့ အနက် တပါး-တပါးမှာဘဲ အာနိသင်တန်ခိုး အမျိုးမျိုးတို့ကို စစ်ဆေးပြီးကြည့် လိုက်မယ်ဆိုရင် အဘိုးမဖြတ်နိုင်အောင် ဖြစ်လေသောကြောင့် မဟဂ္ဃဂုဏ် နဲ့လဲ ပြည့်စုံပါတယ်လို့ မှတ်သားကြရမယ်။

ယံဝတ္ထု၊အကြင်ဝတ္ထုသည်။အတုလံ ပြိုင်ဆိုင်သူရှင်းတုဘက်လည်း ကင်းပေ၏။ သည်အင်္ဂါအရမှာတော့ လောကီရတနာချင်း ပြိုင်ဆိုင်ဘို့ရာကို ကြည့်လိုက်ကြစမ်း၊ ဘယ်မှာပြိုင်ဆိုင်တုပစရာ လောကမှာ ရှိပါ့မလဲ။ စကြာ မင်းကြီး၏ ရတနာများကိုသာ အတုလလို့ ဆိုရမှာပေါ့။

ထိုမှတပါးလဲ ယံဝတ္ထု၊အကြင်ဝတ္ထုသည်။ဒုလ္လဘဒဿနံ၊တွေ့မြင်ဘို့ရာ လွန်စွာဝေးလှ ဒုလ္လဘကြီးတခုပေတည်း။ သည်အရာမှာလဲ လေးကျွန်း သေဌ်နင်း စကြာမင်းများဖြစ်ပေါ်တဲ့ အခါမျိုးမှာသာ စကြာရတနာ ၇-ပါး ဟာလဲ ဖြစ်ပေါ် လာရတယ်။ စကြာမင်းတို့ မည်သည်မှာလဲ တပါးသော သာမန် မင်းတွေလို ဆက်ခါ-ဆက်ခါ မကြာ - မကြာ ဖြစ်ပေါ်တာ မဟုတ်တော့ ဒုလ္လဘဒဿန ရတနာ မျိုးတွေဘဲလို့ ဆိုရ တာပေါ့။

ယံဝတ္တု၊ အကြွင်ဝတ္ထုသည်။ အနောမသတ္တ ပရိဘောဂ၊ ယုတ်ညံ့ဆိုးဝါး သတ္တဝါများတို့ သုံးစားခြင်းငှါမထိုက်။ ဝါ-ဘုန်းကံကြီးမားပုဂ္ဂိုလ်များသာ သုံးစားခြင်းငှါ ထိုက်တန်လှပေ၏။ သည် နေရာမှာလဲထင်ရှားပါပြီ၊ မုဆိုးတငါ ပန်းမိုက်သူန် ဒွန်းစဏ္ဍား ယုတ်ညံ့သောသတ္တဝါအများနှင့် ဘုန်းကံ နည်းပါးသော ပုဂ္ဂိုလ်များတို့မှာ သုံးဆောင်ဘို့ရာအိပ်မက်ပင် မမြင်မက်ကောင်းပါဘူးတဲ့။ တေန၊ ထိုသို့ဆိုပြီး ဂုဏ်သကတ်အနည်းနည်း တို့ကြောင့်။ တံ ဝတ္ထုံ၊ စကြာရွှေသွား ထိုဝတ္ထု ၇-ပါးကို။ ရတနံ၊ ရတနာဟူ၍။ ဝုစ္စတိ၊ ဆိုထိုက်ပါပေ၏။

ယခု ဟောခဲ့တဲ့ စကားအစဉ်ဖြင့် လူ့ဘောင် လောကမှာတော့စကြာမင်းရဲ့ ရတနာများဟာ အမြင့်ဆုံး အကောင်းဆုံး ဟူ၍ သိကြရပြီ။ ထိုလောကီရတနာမျိုးထက် မြင့်မြတ်တဲ့ရတနာကို ရှာကြရမယ်။ ၎င်းရတနာ ၇-ပါးတို့ထက် တိုးတက် ဂုဏ်ဝါတန်ခိုးသာတဲ့ တပါးသောရတနာများရှိပါရဲ့လားလို့ဆိုတော့....

ယံ ကိဉ္စိ ဝိတ္တံ ဣဓဝါ ဟုရံဝါ သဂ္ဂေသုဝါ- အစရှိသော အားဖြင့်ဘုရားရှင် ဟောတော်မူခဲ့တဲ့ ရတနာသုတ် ဒေသနာတော်ကြီးအရ ဘုရားရတနာ-တရားရတနာ-သံဃာရတနာ-ဆိုတဲ့ လောကုတ္တရာ ရတနာသုံးပါးသည်ကား လောကီရတနာ အပေါင်းတို့ထက် သာလွန်တိုးပွား အကျိုးများလှ့် ကြီးမားသော ဂုဏ်သကတ်ရှိပါသောကြောင့် အမြတ်ဆုံး ရတနာကြီးများ ဖြစ်ပေတယ်လို့ မှတ်လိုက်ကြရတယ်။

သည်နေရာမှာဗုဒ္ဓဘာသာအယူဝါဒရှိတဲ့ သူတိုင်းပင် လောကုတ္တရာရတနာသုံးပါးဟာ အမြတ်ဆုံးရတနာဖြစ်ကြောင်း သိကြပြီးဖြစ်သော်လဲရတနာသုံးပါး ဂုဏ်တော်ကို အာရုံပြုပြီး ကြည်ညိုကြဘို့ အလေးအမြတ်ပြုကြလို့ စွဲမြဲစွာ ဆည်းကပ် နိုင်ကြဘို့ အတွက် အနည်းငယ် မွန်မြတ်ပုံကိုဟောပြောရအုံးမယ်။

လူတို့၏ ပူဇော်ရာဖြစ်တဲ့အတွက် စိတ္တီကာဘဂုဏ်နှင့်ပြည့်စုံတဲ့ စကြာရတနာဆိုတာ စကြာမင်းကြီး၏ အသုံး အဆောင် မျှသာ ဖြစ်ပါတယ်။ ၎င်းစကြာ ရတနာ၏ ပိုင်ရှင်ဖြစ်တဲ့ စကြာမင်းမြတ်ကိုယ်တိုင်က ပင်လျှင်ရတနာသုံးရပ် မြတ်ထက်မြတ်ကို ဆည်းကပ်ညွတ်လျှိုး လက်စုံမိုးကာ ရှိခိုးကာဖြင့် အမြဲဟန်း ပူဇော်နေရတာ ဖြစ်တော့ လောကုတ္တရာ ရတနာ၏စိတ္တီကာဂုဏ်မှာ ဟောမကုန်အောင် ကြီးမြတ်တော်မူတာပေါ့။

လောကီရတနာဘက်က မဟဂ္ဃအင်္ဂါနှင့် နှိုင်းစာ၍ ကြည့်ကြမယ် ဆိုရင်လဲ....

ယေကေစိ ဗုဒ္ဓံ သရဏံ ဂတာသေ၊
န တေ ဂမိဿန္တိ အပါယဘူမိံ။
ပဟာယ မာနုသံ ဒေဟံ၊
ဒေဝကာယံ ပရိပူရေဿန္တိ။

ယေကေစိ၊ သဒ္ဓါခါတ်ကြည်ယုံ ရတနာမြတ်အဆိဂုဏ်ကို မှီလှုံရန် မြတ်သဒ္ဓါပွါးကြသည့် အလုံးစုံသော သတ္တဝါအများတို့သည်။ ဗုဒ္ဓံ၊သစ္စာ လေးဆိုင် မြတ်ဖူးခိုင်ကို စိုးပိုင်ရပြီး ရှင်တော်မြတ်ဘုရားကြီးကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂတာသေ၊မြတ်လေးရိုသေ ဆည်းကပ်ကိုးကွယ် ကြပေ ကုန်၏။ တေ၊ စိတ်ခါတ် ကြည်လင် မြတ်ဖူးရှင်ကို စိတ်ဝင်လေးမြတ် ဆည်းကပ် ကြကုန်သော ထိုသူတို့သည်။ အပါယဘူမိံ၊ ဒုက္ခမျိုးအဖုံဖုံ ရန်မျိုးတွေ လွှန်စွာစုံသည့် လေးရပ်သော အပါယ်ဘုံသို့။ နဂမိဿန္တိ။ လားရောက်ချဉ်းကပ် မနီးစပ်ကြ ပေကုန်လတ္တံ့။ မာနုသံဒေဟံ၊ ဘဝထိုထို လူ၏ကိုယ်ကို။ ပဟာယ၊ ပယ်ကာစွန့်ထား ပစ်ခွါ၍ သွားရသည် ရှိသော်။ ဒေဝကာယံ၊ သုခရိပ်ငြိမ် စည်းစိမ်ပြန့်ပွါး နတ်ဘုံများကို ပရိပူရေဿန္တိ၊ ပြည့်ဝကုန်စေလတ္တံ့။ ပရိပူရေဿန္တိ၊ နတ်တွေပေါများ လွှန်စည်းကားဘို့ တိုးပွါးကြစေကုန်လတ္တံ့။

အဲ-ဤဒေသနာတော်ကြီးအရ ဘုရားရတနာကို ဆည်းကပ်ကြတဲ့ ပုဂ္ဂိုလ်တွေမှန်ရင် နတ်တို့ထံထက်စခန်း၌ စံမြန်းရတဲ့သုခမျိုးတွေ ထားလိုက် အုံးတော့-ဒုက္ခလွတ်ကင်းလို့ အပါယ်ဘုံသို့ မဆင်းရဘူးလို့ဆိုရင်ဘဲ ဘုရား ရတနာမြတ်ကို ဘယ်မှာအဘိုးဖြတ်နိုင်တော့မှာလဲ။ တရားရတနာ-သံဃာ ရတနာတို့မှာလဲ ထို့အတူပါဘဲ၊ လောကီရတနာ၏မဟဂ္ဃဖြစ်ပုံထက် အဆ အမျိုးမျိုးသာလွှန်တိုးလို့ အဘိုးမဖြတ်နိုင်ဘူးသို့ မှတ်ရမှာပေါ့။

ထိုမှတပြာ လောကီရတနာ၏အတုလဖြစ်ပုံမှာတော့ လူဘုံလောက ကိုသာ ကြည့်ရတာ ဖြစ်ပေတယ်။ လောကုတ္တရာ ရတနာ့အစစ် ကတော့ သုံးဆယ့်တစ် ဘုံတခွင်မှာ ပြိုင်ယှဉ်ဘို့ဝေးလေစွ လေသံမျှ မဟာနိုင်တာ ဖြစ်သောကြောင့် စင်စစ် အတုလရတနာလို့ မှတ်သားကြရမယ်။

ထို့ပြင်လဲ တခါတရံမှ မြင်တွေ့ရတာဖြစ်တော့ လောကီရတနာကို ဒုလ္လဘဒဿနလို့ဆိုရပေမဲ့ လောကုတ္တရာရတနာလောက်တော့ မခဲယဉ်းသေးပါဘူး။ ထို့ကြောင့်....

ကဒါစိ ကရဟာစိ တထာဂတာ လောကေ ဥပ္ပဇ္ဇန္တိ။

လောကေ၊ ကာမ ရူပ အရူပဟု လောကသုံးသွယ် သုံးဘုံနယ်၌။ တထာဂတာ၊ ရတနာထွင်ထား မြတ်ဘုရားတို့သည်။ ကဒါစိ ကရဟာစိ၊ ကမ္ဘာပေါင်းအသင်္ချေ လွန်လေသော်လဲမပေါ်ကြ တခါတရံမှ။ ဥပ္ပဇ္ဇန္တိ၊ တကဲသစ်စနေ လစန်းငွေသို့ လူပြေတဝ့န်း တောင်ဒီကျွန်း၌ ပွင့်ထွန်းပေါ်ပေါက်တော်မူကြကုန်၏။ ဤကဲ့သို့ မိန့်ဆိုတော် မူခဲ့လေသောကြောင့် စကြာရတနာ ၇-ပါးတို့ ကတော့ တကမ္ဘာထဲမှာပင် အကြိမ် များစွာ ဖြစ်ပေါ်ကြ - ၄ ါတို့ ကိုးကွယ်ရာ ဖြစ်တဲ့ ရတနာမြတ်ကတော့ ကမ္ဘာကမ္ဘာ သင်္ချေသင်္ချာ များစွာလွန်ပါမှ တခါတရံမှ ပွင့်ထွန်း ပေါ်ပေါက်တော်မူတာဖြစ်တော့ ဒုလ္လဘဒဿနအစစ်ပါဘဲလို့ မှတ်သားကြရမည်။

ထိုမှ တပါးလဲ ဘုန်းကံနည်းပါး ယုတ်ညံ့သော ပုဂ္ဂိုလ်များ မသုံးဆောင် ထိုက်သောကြောင့် စကြာရတနာ ၇-ပါးကို အနောမသတ္တပရိဘောဂလို့ ဆိုရပါသော်လဲ သမန္တစက္ခု သဗ္ဗညုတွင်ထားဘုရားအဖြစ်သို့ ရောက်နိုင်တဲ့ ပုဂ္ဂိုလ်မျိုးဆိုတာ သာမန်လူသားမျိုးတို့ ဖြစ်နိုင်တာမဟုတ်ပါဘူး။ အနဲဆုံး လေးသင်္ချေနှင့်ကမ္ဘာတသိန်း တွက်ကိန်းများစွာ ၄ါးဖြာ စာဂ ဆယ်ဝပါရမီ အလီလီသောကုသိုလ်မျိုးတို့ကို စိုက်ပျိုးတော်မူခဲ့ရကြီးလှသော ကုသိုလ်ရှင်တို့မှသာ ဆုတ်မှီလှမ်းချူ ဘုရားအဖြစ်ကို ယူနိုင်ကြတာတဲ့။ စကြာမင်းအဖြစ်လောက်ဆိုတာက အနည်းငယ်မျှလောက်သော ဒါန အဆောက် အဦဖြင့် လှမ်းယူလို့ ရတာဖြစ်တော့ အမြတ်ဆုံး မှန်စွာ လောကုတ္တရာ ရတနာမျိုးမှသာ စင်စစ် အနောမသတ္တပရိဘောဂအင်္ဂါနှင့် ပြည့်စုံလှပါတယ်လို့ ပိုင်းခြား၍ မှတ်သားကြရမယ်။

ကိုင်း-အမျိုးမျိုးသောရတနာတွေမှာ အကာကို ပယ်ပစ်ပြီး အနှစ်ကိုချည်းခွဲထုတ်လိုက်တော့ အချုပ်ပမါနမှာ ဘယ်ရတနာဟာအမြတ်ဆုံးလို့ ဆိုကြမလဲ။ ၄ါတို့ယခု ကိုးကွယ်ရင်း ရှိပြီးဖြစ်တဲ့ လောကုတ္တရာ ရတနာ သုံးပါးကိုသာ အမြတ်ဆုံးဟူ၍ တွေ့ရတာပေါ့။

(အမှာ။ ။ကျွန်ုပ်နေရာမှာ တရားချီးအဆုံးသတ်ပြီး ဆက်လက်၍ ပြုလုပ်ဆဲဖြစ်သော ကုသိုလ်လုပ်ငန်းနှင့် ဆိုင်ရာကို ဟောပြော ပြီးလျှင် အမြတ်ဆုံးရတနာသုံးပါးနှင့်ဆက်စပ်သော လုပ်ငန်း ဖြစ်အောင်ဆက်သွယ်ဟောပြော၍ တရားအပြီးသတ်ပါကုန်။)

ရတနာတွေကိုစစ်ပြီး အနှစ်ကိုသာ ထုတ်ခဲ့ပြီးတဲ့နောက်၊ ယနေ့ယခု ပစ္စယာနုဂ္ဂဟဒါန-ဓမ္မာနုဂ္ဂဟဒါန နှစ်ဝသော ကုသိုလ်ကြီးကို အားသစ်ပြီး ပြုကြတဲ့ ဒါယကာ - ဒါယိကာမ တစုတို့မှာ ဘယ်အရာကို ချီးမြှောက်လို့ ဘယ်အရာကိုလှူဒါန်းကြ ပူဇော်ကြပါသလဲလို့ စိစစ်မေးမြန်းပြီး ရှင်းတမ်း ထုတ်စရာလိုကြပေတယ်။

သည်ကနေ့ ကိစ္စကတော့-အစိန္တေယျ ဂုဏ်ပေါင်းခသည့် သမန္တ စက္ခု သဗ္ဗညု ရှင်တော်ဘုရားကို အမှူးထားပြီး လှူဒါန်းတဲ့ ဒါနဖြစ်တော့ ဘုရားရတနာကိုလဲ ချီးမြှောက်ကြ လှူဒါန်းကြ ပူဇော်ကြသည်မည်ပါတယ်။

တရားတော်လာတိုင်း ကျင့်ကြံပြီး အမှန်ပြုလုပ်ကြသောအရာဖြစ်၍ တရား ရတနာကိုလဲ ချီးမြှောက်ကြ လှူဒါန်းကြ ပူဇော်ကြတာ ဘဲလို့ မှတ်သားကြရမယ်။

အရှင်မဟာကဿပ စသည်စဉ်ဆက် မပျက်နွယ်လာ သမ္မုတိသံဃာ များကို လှူဒါန်းကြရလေသောကြောင့်၊ သံဃာ ရတနာမြတ် ကိုလဲ ချီးမြှောက်ကြ, လှူဒါန်းကြ, ပူဇော်ကြသည် မည်ပါတယ်လို့ မှတ်သား ကြရမယ်။

မိဂဒါဝုန် မြိုင်ရံဂုံ၌ လေးစုံသစ္စာ ခိုင်ပန်းလှာကို ကောင်းစွာစီးပိုင် မြတ်ဘုန်းလှိုင်၏ အဖြိုင်ဖြိုင်ဟောဖော်ပြသော ဓမ္မစက္ကပဝတ္တနသုတ်တော် ကြီးကို ကြားနာရပြီးသည့်နောက် ပေါဘိက္ခု ရဟန်းအဖြစ်သို့ရောက်တော် မူကြဘဲ့ ငါးဦးသောပဥ္စဝဂ္ဂီရဟန်းတော်များကစပြီး ယခုတိုင်ဆက် မပျက် စဉ်လာ တင့်တယ်စွာ ပေါ်ပေါက်ပြီးလာရတဲ့ သံဃာရတနာဆိုတာ ယနေ့ ယခုလို ပစ္စည်းလေးပါးတို့ဖြင့် ချီးမြှောက်ထောက်ပံ့ လှူဒါန်းတဲ့ ပစ္စယာ နုဂ္ဂဟကုသိုလ်ရှင် ဒါယကာ-ဒါယိကာမများ။ မိမိတို့ရင်ဖွါး သမီးသားနှင့် သူတပါးရင်နှစ် သား,မြေး,မြစ်တို့ကို သာသနဝန်ထမ်း ရှင်ရဟန်းအဖြစ်သို့ ရောက်အောင် ချီးမြှောက် ထောက်ပံ့ကြတဲ့ - မှာ နုဂ္ဂဟဒါန ကုသိုလ်ရှင် ဒါယကာ-ဒါယိကာမ များဟာ သံဃာရတနာ ဘက်က တိုးပွားအောင်

ကြီးမားသော ရတနတ္တယ ဂုဏ်ကို ခိုလှုံခဲ့ကြတဲ့ ဒါနရှင်များ ဖြစ်ကြတဲ့ အတွက် အထွဋ်အမြတ်ဆုံးဖြစ်တဲ့ ရတနာမြတ်ကိုချီးမြှောက်ကြ လှူဒါန်းကြ ပူဇော်ကြပါတယ်လို့ လေးလေးနက်နက်သိမှတ်ကြရမယ်။

အမြတ်ဆုံးထွဋ်ချွန် သုံးပါးသောရတနာကို ကောင်းမွန်စွာလှူဒါန်း ရတဲ့ ဒါနခန်းကုသိုလ်အတွက် အကျိုးဆက်မည်မျှ ကြီးကျယ်ပါသလဲလို့ မေးဘွယ်ရှိပါပေတယ်....

> အဂ္ဂသ္မိံ ဒါနံ ဒဒတံ၊
> အဂ္ဂံ ပုညံ ပဝဍ္ဎတိ။
> အဂ္ဂံ အာယုစ ဝဏ္ဏောစ၊
> ယသော ကိတ္တိ သုခံ ဗလံ။ ။

အဂ္ဂသ္မိံ၊အမြတ်ဆုံးဟူသမျှတို့၏ ထိပ်ခေါင်တင် ဘုံသုံးခွင်ပြိုင်ဘက် ရှားသည့် သုံးပါးသောရတနာမြတ်၌။ ဒါနံ၊သူတော်အလှူ လက်သုံးတံတွာ ဓမ္မတာ လမ်းကျ မြတ်ဒါနကို။ ဒဒတံ-ဒဒန္တာနံ၊ ပေး လှူ ကြ ကုန် သော သူတို့အား။ အဂ္ဂံပုညံ၊ ညွန့်ဖူးဝေဝေ မဟာပုည ကုသလသည်။ ဝါ- အထက်တန်း ကျကျ အစစမညိုး ကောင်းမှု အမျိုးမျိုးသည်။ ပဝဍ္ဎတိ၊ တက်နေအစ စန်းငွေလသို့ မုချပြီးပိုင် တိုးပွားနိုင်၏။ အဂ္ဂံ၊ မြတ်သော။ အာယုစ၊မပျက်တည်နေ အသက်ရှည်ရခြင်းသည် လည်းကောင်း။ အဂ္ဂေါ၊ မြတ်သော။ ဝဏ္ဏောစ၊ ရူပသဏ္ဌာန် ပုံဟန်ကျန အဆင်းလှခြင်းသည် လည်းကောင်း။ အဂ္ဂေါ၊ မြတ်သော။ ယသောစ၊ ဆက်ဆံ ပေါင်းသင်း အခြွေအရံများခြင်းသည်လည်းကောင်း။ အဂ္ဂါ၊မြတ်သော။ ကိတ္တိစ၊ ပျံ့နှံ့ သတင်း ကျော်စောခြင်းသည်လည်းကောင်း။ အဂ္ဂံ၊မြတ်သော၊ သုခဉ္စ၊ ကာယစိတ္တ နှစ်ဝ ပြည့်တင်း ချမ်းသာရခြင်းသည် လည်းကောင်း။ အဂ္ဂံ၊ မြတ်သော။ ဗလဉ္စ၊ အင်းအင် ဗလ ကြီးမား ရခြင်းသည် လည်းကောင်း။ ပဝဍ္ဎတိ၊ တက်နေအစ စန်းငွေလသို့ မုချပြီးပိုင် တိုးပွားနိုင်၏။

ဤဒေသနာတော်အရ သုံးဆယ်တစ်ခွင် ဘုံစဉ်အနန္တ ရှိသမျှများစွာ အမျိုးမျိုး သော ရတနာ တို့ထက် အညွန့် ခေါင်အုပ် အချုပ် ပဓာန အမြတ်ဆုံးဟူ၍ဆိုရတဲ့ သုံးဝသော ရတနာမြတ်တို့ကို ဆည်းကပ်ရည်မှန်း၍ လှူဒါန်းကြတဲ့ ကုသိုလ်ဒါနဖြစ်ပါသောကြောင့် အသက်ရှည်စွာ ဆင်းဝါ

လှုပ သုခရိပ်ငြိမ် စည်းစိမ်ပြည့်တင်း ကျော်စောခြင်းနှင့် သင်းပင်းခြွေရံ တပန်ခွန်အား ဤအကျိုးတရားတို့ကို သူတပါးတို့ထက်အမြတ်ဆုံးထားပြီး ကြီးမားစွာခံစားရပေတော့မည်ဟု-ကံ-ကံ၏အကျိုးကို ယုံကြည်လေးစား၍ သုံးပါးသောစေတနာကို ဖြောင့်မှန်စွာ နှလုံးသားကြကုန်ရာသတည်း။

**သဗ္ဗသာဓာရဏတရားချီးနှင့်**
**ပဥ္စင်းခံ - ရှင်ပြု တရားပွဲ ပြီးပြီ။**

---

## နမော မုနိန္ဒဿ ဇေယျတု

## (၃၉) ရဟန်းခံ-ရှင်ပြု တရားတော်

အဂ္ဂသ္မိံ ဒါနံ ဒဒတံ၊
အဂ္ဂံ ပုညံ ပဝဍ္ဎတိ။
အဂ္ဂံ အာယုစ ဝဏ္ဏောစ၊
ယသော ကိတ္တိ သုခံ ဗလံ။ ။

အဂ္ဂသ္မိံ၊ အထက်တန်းကျကျ အမြတ်ဆုံးဖြစ်သောဌာန၌။ ဒါနံ၊ အရိယာတို့တမူ အတုယူကာ အားထုတ်သင့်သောဒါနကုသိုလ်ကို။ ဒဒတံ-ဒဒန္တာနံ၊ အရေးတယူ ပေးလှူကြကုန်သော သူတို့အား။ အဂ္ဂံ၊ အောက်တန်းမကျ မြင့်မြတ်လှသော။ ပုညံ၊ ကောင်းမှုကုသိုလ်သည်။ ပဝဍ္ဎတိ၊ တိုးပွားနိုင်၏။ ကိံ ပဝဍ္ဎတိ၊ ဘယ်လိုတိုးပွားပြီး အကျိုးများနိုင်သနည်းဟူမူကား။ အဂ္ဂံ၊ သူတပါးတို့နှင့် ယှဉ်ပြိုင်လျှင် မိမိကသာအနိုင်ရနိုင်သော။ အာယုစ၊ အသက်ရှည်ခြင်းအကျိုးငှင်း။ အဂ္ဂေါ၊ မြတ်သော။ ဝဏ္ဏောစ၊ အဆင်းလှခြင်းအကျိုးငှင်း။ အဂ္ဂေါ၊ မြတ်သော။ ယသောစ၊ အခြွေအရံများခြင်းအကျိုးငှင်း။ အဂ္ဂါ၊ မြတ်သော။ ကိတ္တိစ၊ ကျော်စောသတင်းပျံ့နှံ့ခြင်းငှင်း။ အဂ္ဂံ၊ မြတ်သော။ သုခဥ္စ၊ ချမ်းသာကြီးခြင်း အကျိုးငှင်း။ အဂ္ဂံ၊ မြတ်သော။ ဗလဥ္စ၊ ကာယ-ဉာဏ နှစ်ဝပြည့်ဖြိုး အားကြီးခြင်းအကျိုးငှင်း။ ဣတိ၊ ဤသို့။ ပုညံ၊ ကောင်းမှု၏ အကျိုးသည်။ ပဝဍ္ဎတိ၊ တိုးပွားနိုင်၏။ ပဝဍ္ဎတိ၊ အခြေခံ အမြတ် တရား ကြောင့် အထပ်ထပ် ပွား ကာ အကျိုးများပြီး တိုးပွားဘို့ ဖြစ်ရလေတော့သတည်း။

ယနေ့အားထုတ် ပြုလုပ်ကြတဲ့ကိစ္စက ရဟန်းခံခြင်းဆိုတဲ့၊ ဥပသမ္ပဒ မင်္ဂလာကုသိုလ်၊ရှင်ပြုခြင်းဆိုတဲ့ ပဗ္ဗဇ္ဇမင်္ဂလာကုသိုလ်ဖြစ်ပေတယ်။ ဤကိစ္စဟာ ပစ္စယာနုဂ္ဂဟဒါန, မေ့ာနုဂ္ဂဟဒါနနှစ်ပါးလုံးသက်ဆိုင်တဲ့ ဒါနကုသိုလ်လို့ ဆိုရပါတယ်။ မိမိတို့အားထုတ် ပြုလုပ်တဲ့ကိစ္စဟာ ဒါနကုသိုလ်အစစ်ဖြစ်ကြောင်းကိုတော့ သိရပြီ။ မြင့်မြတ်တဲ့ အဂ္ဂဋ္ဌာနမှာ ပြုလုပ်တဲ့ ဒါနဖြစ်မှသာ မြင့် မြတ် သော ဒါန ဖြစ်နိုင်တယ်။ မြင့်မြတ်သောအကျိုးကို ပေးနိုင်တယ်လို့ ယခုရွတ်ဆို ဟောကြားခဲ့တဲ့ဒေသနာတော်ကညွှန်ပြထားပေတယ်။ ထို့ကြောင့် မြင့်မြတ်သော အဂ္ဂဋ္ဌာနမှာပြုလုပ်တဲ့ အဂ္ဂဋ္ဌာန ဖြစ်ကြောင်းကို ရှင်းလင်း၍ ပြရသေးတာပေါ့။ အလုပ်စခန်း၏ အကျိုးအကြောင်း ဆက်သွယ်ပုံကိုသိရမှသာ ဝမ်းမြောက်စွာ မိမိတို့ကုသိုလ်ကို အာရုံပြုနိုင်မည်ဖြစ်သောကြောင့် ယခု ဟောပြမည်ဖြစ်သော ရှင်းလင်းချက်ကို အာရုံပြုပြီး နာယူကြပေတော့။

ရှေးဦးစွာ ကြီးမားမြင့်မြတ်ခြင်းဆိုတဲ့ "ဝုဍ္ဎိ" သုံးမျိုးကို ခွဲခြားပြီး မှတ်သားထားကြပါ။

ဇာတိဝုဍ္ဎော ဝယောဝုဍ္ဎော ဂုဏဝုဍ္ဎောတိ တယော ဝုဍ္ဎာ။ ။ ဇာတိဝုဍ္ဎော၊ အမျိုးဇာတ်အားဖြင့် မြင့်မြတ်ခြင်း။ ဝယောဝုဍ္ဎော၊ အသက်အရွယ်အားဖြင့် ကြီးမားခြင်း။ ဂုဏဝုဍ္ဎော၊ ဂုဏ်အားဖြင့် ကြီးမားမြင့်မြတ်ခြင်း။ ဣတိ၊ ဤသို့။ ဝုဍ္ဎာ၊ ကြီး မား မြင့် မြတ် ခြင်း တို့ သည်။ တယော၊ သုံးမျိုးသုံးစား သုံးပါးအပြားရှိကုန်၏။ ဤဒေသနာတော်ဖြင့် ဝုဍ္ဎိ သုံးပါး ခွဲခြားပြီး ညွှန်ပြခဲ့ပါတယ်။

အဲဒီ အကြီးအကဲ "ဝုဍ္ဎ" သုံးပါးရှိတဲ့အနက် - (၁) ဇာတိဝုဍ္ဎ ဆိုတာက အမျိုးမြတ်တာကို ဆို လို ပါ တယ်။ အဲဒီ အမျိုးမြတ်ခြင်း ဆိုတဲ့ ဇာတိဝုဍ္ဎကို ရှေး ဦး စွာ စိစစ် ကြည့်ကြဦးစို့ရဲ့။ လောကသုံးပါး၌ အမြင့်မြတ်ဆုံး "ပဏ္ဍိတရတနာ"ဖြစ်တဲ့ ဘုရား, တရား, သံဃာ အဲဒီရတနာသုံးပါးကိုတော့ ဝေဘန်တဲ့ ဇာတိဝုဍ္ဎထဲမှာထည့်သွင်းပြီးတော့ ဝေဘန်ဘို့ မသင့်ပါဘူး။ ဘယ်ကြောင့်လဲဆိုတော့ ၎င်းရတနာသုံးပါးက အတုမရှိ နှိုင်းယှဉ်စရာမရှိတဲ့ ပဏ္ဍိတရတနာကြီးအဖြစ်ဟာ အလွန် ထင် ရှား နေ တာ ဖြစ် တဲ့ အတွက်ပါဘဲ။ ဒါ့ကြောင့် တပါးသော အမျိုးဇာတ်ကိုသာ ယှဉ်ပြိုင်ပြီး ဝေဘန်ကာကြည့်ရလိမ့်မယ်။

သုတ်ပါထေယျ-ဒေသနာ အဂ္ဂညသုတ်မှာ ညွှန်ပြထားတဲ့ အမျိုးလေးပါးဆိုတာက မင်းမျိုး, သူဌေး - သူကြွယ်မျိုး, ကုန်သည်မျိုး, သူဆင်းရဲမျိုး, အဲဒီအမျိုးလေးပါးထဲမှာ စစ်တမ်းထုတ်ပြီး ကြည့်လိုက်ရင် မင်းမျိုးဆိုတာကို အမြင့်ဆုံး - အမြတ်ဆုံးအမျိုးလို့ နားလည်ကြရပါတယ်။ မဟာသမ္မတ, ခတ္တိယ, ရာဇာ, အစရှိသည်ဖြင့် ဘွဲ့မည် အမျိုးမျိုး ရပြီးတော့-အရာရာမှာ ၎င်းပုဂ္ဂိုလ်ဘဲ အကြီးအကဲချည်းဖြစ်တဲ့အတွက်"ရာဇာပဋ္ဌာန်" ဆိုတဲ့ စကားကလဲ ထင်ရှားတဲ့သက်သေဖြစ်နေတော့ အမျိုးလေးမျိုးထဲမှာ မင်းမျိုးဟာ အမြင့်ဆုံး-အမြတ်ဆုံးပုဂ္ဂိုလ်၊ "ဇာတိဝုဍ္ဍ" အမည်ရတဲ့ပုဂ္ဂိုလ်လို့ သိမှတ်ထားရမယ်။

(၂) နောက်ပြီးတော့ - ဒုတိယ "ဝယဝုဍ္ဍ" ဆိုတာက အသက်အရွယ်ကြီးတာကို ခေါ်ဆိုပါတယ်။ အဲဒီ အသက်အရွယ်ကြီးတဲ့ ‌ စွမှာ တနေ့,တရက်, တနာရီ, တမိနစ်, တဗိဇနာဘဲ ကြီးကြီး အရွယ်ကြီးတဲ့ပုဂ္ဂိုလ်ဆိုတာ ရိုသေထိုက်တဲ့ ဝယဝုဍ္ဍ ပုဂ္ဂိုလ်လို့ မှတ်ကြရပါတယ်။

ကေနိပါတ် တိတ္တိရဇာတ်တော်မှာ ခါ-မျောက်-ဆင် သုံးဦးတို့ဟာ ပညောင်ပင်တခုကို အမှီပြုပြီးနေကြတဲ့အခါမှာ တဦးကိုတဦး အရိုအသေပြုပြီး နေကြမှတော်မယ်လို့ ကြံစည်ပြီးတော့ အသက် အကြီးဆုံး ပုဂ္ဂိုလ်ကို စီစစ်ကြပါတယ်။ ဒီလိုစစ်ဆေးကြတဲ့အခါမှာ အတိုချုပ် ပြောရရင်တော့ ခါ,က အသက်အကြီးဆုံးဖြစ်နေပါတယ်။ အဲဒါလို အသက်အရွယ်အားဖြင့် ခါ,က ကြီးကဲတော့ကာ မျောက်နဲ့ဆင်တို့က ဝယဝုဍ္ဍသဘောနဲ့ ကြီးကဲတဲ့ ခါကိုဘဲ အရိုအသေပြုကာ ခါရဲ့ဩဝါဒကို ခံယူပြီး အသက်ထက်ဆုံး အရွယ်ကြီးသူကိုသာ အလေးအမြတ်ပြုပြီး နေထိုင်သွားကြပါတယ်။ အဲဒီလို အသက်အရွယ်ကြီးတဲ့ပုဂ္ဂိုလ်ကို ရိုသေထိုက်ကြောင်း 'ဝယဝုဍ္ဍ' သဘောကိုလဲ မှတ်သားထားကြပေတော့။

(၃) နောက်ပြီးတော့ - တတိယ "ဂုဏဝုဍ္ဍ" ဆိုတာက ဘယ်လိုသဘောပါလဲဆိုတော့ ဂုဏ်ကြီးတာကို "ဂုဏဝုဍ္ဍ"ခေါ်ပါတယ်။ ဒီနေရာမှာ "ဂုဏ်"ဆိုတာကို သေဘာန်ကြည့်ကြမယ်ဆိုရင် ပဉ္စည်းချမ်းသာတဲ့ဂုဏ်, ပညာတတ်တဲ့ဂုဏ်, ရုပ်အဆင်းလှတဲ့ဂုဏ်, အပြောကောင်းတဲ့ဂုဏ်, အလုပ်ကောင်းတဲ့ဂုဏ်, အနေကောင်းတဲ့ဂုဏ်, အကျင့်သီလ ပြည့်စုံတဲ့ဂုဏ် အစရှိသည်ဖြင့် ပုဂ္ဂိုလ် တဦးတယောက်ရဲ့ ထူးကဲတဲ့ ဝိသေသသဘောဖြစ်တဲ့ ဂုဏ်

ဆိုတာ ဝေ ဘန် လို့ မ ဆုံး အောင် အမျိုးမျိုး - အစားစား ရှိကြပါတယ်။ လောကမှာ ဂုဏ်ရှိရင် ရှိသလောက် ကြီးကဲတယ်။ အရေးယူပြီး အလေးမူကြရတယ်ဆိုတာ အားလုံးသိကြပြီးဖြစ်ပါတယ်။ အဲတာလို ထူးကဲတဲ့ဝိသေသ သဘော ကြီးမားမြင့်မြတ်တာကို "ဂုဏဝုစ္စ"လို့ သိမှတ်ကြရမယ်။

အဲတာလို ဂုဏ်ကြီးမားတဲ့သဘောဟာ ပုဂ္ဂိုလ်တိုင်း-ပုဂ္ဂိုလ်တိုင်းမှာ သက်ဆိုင်ပြီးတော့ နေပါတယ်။ သို့ပေမဲ့ သည်အရာမှာ "ဘုရားရတနာ-တရားရတနာ နှင့် အရိယသံဃာ" များ ကို တော့ အ မြင့် မြတ် ဆုံး ဖြစ် လို့ ရွေးချယ်ဘို့ မလိုပါဘူး။ သို့အ ဘ္ဘက် ကြွင်း တဲ့ ပုဂ္ဂိုလ် များ ရဲ့ ဂုဏ်တွေကို ရွေးချယ်ပြီး အမြင့်ဆုံး ဂုဏ် ကို ညွှန်ပြဘို့ လိုပါလိမ့်မယ်။ ခပ်ကျဉ်းကျဉ်းကလေး ဝေ ဘန် ပြ ရ ရင် သာမန်ဖြစ်တဲ့ လူတွေရဲ့ ဂုဏ်ရှိပုံတွေကိုဖယ်ထားလိုက်အုံးတော့။ လူ့လောကမှာ အဆင့်အတန်းအမြင့်ဆုံးဖြစ်တဲ့ လေးကျွန်းသနင်း စကြာမင်းများရဲ့ ဂုဏ်တွေကိုလဲ အမြတ်ဆုံးလို့မဆိုနိုင်သေးပါဘူး။ ဘယ်ကြောင့်ပါလဲဆိုတော့ သူ့ထက်မြတ်တဲ့ ဂုဏ်ကြီးရှင်တွေက ရှိနေသေးတာကိုး။ နို့ ဘယ်ပုဂ္ဂိုလ်ရဲ့ ဂုဏ်ကို အမြင့်ဆုံးထားရမလဲဆိုတော့ အိမ်ယာမထောင် လူ့ဘောင်ကိုစွန့်ပြီး ရဟန်းဘောင်သို့ တက်ရောက်ပြီးနေကြတဲ့ ရဟန်းသံဃာတော်များရဲ့ သီလဂုဏ်,သိက္ခာဂုဏ်တော်များကို အမြင့်အမြတ်ဆုံး "ဂုဏ်" လို့ သိ မှတ် ကြ ပေ တော့။ ရဟန်းသံဃာတော်များရဲ့ သီလ, သိက္ခာဂုဏ် ကြီးမြင့်ပုံကို အကျယ်ဝေဘန်ပြီး ဟောပြောရင်း နားလည်လာကြပါလိမ့်မယ်။

ကိုင်း...."ဝုစ္စ"သုံးမျိုးရဲ့သဘောကို နားလည်ပြီးတဲ့နောက်၊ အမြင့်ဆုံး-အမြတ်ဆုံး "ဝုစ္စ"တပါးကို ရွေးကောက်ပြီး ရှင်းကြဦးစို့ရဲ့။ ခပ်ကျဉ်းကျဉ်းပြောရရင် နောက်ဆုံးဟောပြောထားတဲ့ "ဂုဏဝုစ္စ"အထဲက ရဟန်းသံဃာတော်များရဲ့ သီလသိက္ခာဂုဏ်ဆိုတဲ့ ဂုဏဝုစ္စဟာ ဇာတိဝုစ္စ ဝယဝုစ္စ နှစ်ပါးတို့ထက် အမြင့်မြတ်ဆုံး ဝုစ္စ ဘဲလို့ ဆုံးဖြတ်ကြပေတော့။

ပေါ်လွင်အောင် ရှင်းပြရသေးတာပေါ့။ ပထမ နံပါတ် (၁)က ဟောခဲ့တဲ့ "အမြတ်ဆုံးမင်းမျိုး"ဆိုတဲ့ ဇာတိဝုစ္စဟာလဲ ယခု ဆုံးဖြတ်ခဲ့တဲ့ ရဟန်းသံဃာများရဲ့ ဂုဏဝုစ္စ အောက်ကပါဘဲ။ ရဟန်းသံဃာတော်များရဲ့ ဂုဏဝုစ္စက ဇာတိဝုစ္စထက် ဘယ်ပုံမြင့်မြတ်ပါသလဲလို့ မေးလျှောက်ဘွယ်ရှိကြတာပေါ့။

မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်အခါက ... ဘဒ္ဒိယ, အနုရုဒ္ဓါ, ကိမိလ, အာနန္ဒာ, ဘဂု, ဒေဝဒတ် ဆိုတဲ့ သာကီဝင်မင်းသား ခြောက်ယောက်တို့ဟာ - "ငါတို့တစု မြတ်စွာဘုရားသာသနာတော်ဝင်ပြီး လျှင် ရဟန်းအဖြစ်နဲ့ တရားကိုသာ အားထုတ်ကြစို့...." လို့ အညီအညွတ် ဝမ်းမြောက်-ဝမ်းသာ တိုင်ပင်ကြပြီးတော့ မြတ်စွာဘုရားသီတင်းသုံးတော် မူရာ ကျောင်းတော်သို့ ထွက်ခွာပြီးသွားကြတယ်။ အဲဒီလိုသွားကြတဲ့အထဲ မှာ ၎င်းသာကီဝင်မင်းသားတွေရဲ့ အလုပ်အကျွေး ဥပါလိခေါ်တဲ့ ဆတ္တာ သည်လဲ ပါသွားသတဲ့။

ကျောင်းတော်ရောက်ခါနီးတော့- "အမောင်တို့ - ငါတို့လာခဲ့ကြ တာ ကျောင်းတော်နဲ့လဲနီးပြီ၊ အစစ်အမှန် ငါတို့အားလုံးဟာ ရဟန်းပြုကြ မှာဖြစ်တော့ ငါတို့ဝတ်စားလာတဲ့ ရွှေ,ငွေ,ဘဏ္ဍာ, ရတနာတွေနဲ့ အဝတ် ကောင်း-အစားကောင်းတွေကို မက်မောနေဘို့ ဝတ်ဆင်သွားဘို့လဲ မလို တော့ဘူး၊ သည်တော့ အားလုံးချွတ်ပြီးတော့ ငါတို့မှာ ကျေးဇူးများတဲ့ ဥပါလိကိုဘဲ ပေးလိုက်ကြစို့" လို့ အညီအညွတ်တိုင်ပင်ကြပြီး အဝတ်အစား ဘဏ္ဍာတွေကို ဥပါလိအား ပေးအပ်ကြတယ်။ "အမောင်ဥပါလိ....ဒီပစ္စည်း တွေယူပြီးတော့ မင်းအိမ်ပြန်ပြီးသကာလ မင်းသဘောအတိုင်းဝေဘန်ပြီး သုံးဆောင်ပေတော့။ ငါတို့တော့ ကျောင်းတော်တက်ပြီး ရဟန်းဘက်ကို ကူးတော့မယ်" လို့ ဥပါလိကို ပြန်ပြီးလွှတ်လိုက်ကြသတဲ့။

ဥပါလိလဲ ဖြူးကနဲဆိုတော့ မသိမမြင် သတိမဝင်သေးတဲ့အတွက် ဘဏ္ဍာထုပ်ကိုထမ်းမြှောက်ပြီး အိမ်အရောက် ပြန်တော့မယ်လို့ အရှင်သခင် ဖြစ်တဲ့ မင်းသားတွေနဲ့ ဖဲခွာပြီးလာခဲ့တယ်။ အတန်ငယ် သွားမိတဲ့အခါကျ တော့ သတိသမ္ပဇဉ် ဉာဏ်ယှဉ်တဲ့စိတ်မျိုး ပေါ်ပေါက်ပြီးလာပုံမှာ "အော်- ငါ့ထက်အဘိုးတန်တဲ့ အထက်တန်းစား သာကီဝင်မင်းသား တွေတောင် လှူဘောင်က ဖဲခွာ ဘဏ္ဍာကိုစွန့်ပစ်ပြီး ရဟန်းအဖြစ်သို့ ကူးကြတော့မယ်၊ သူတို့ရဲ့အခစား အောက်တန်းစားဖြစ်တဲ့ငါကတော့ ဘာသဘောနဲ့အိမ်ပြန် အုံးမှာ...။ အရှင်သခင်တို့နဲ့အတူ ရဟန်းအဖြစ်ကိုဘဲ ယူတော့မပေါ့-လို့ အကြံကောင်း - ဉာဏ်ကောင်း ဝင်လာပြီးတဲ့နောက် ထမ်းဆောင်လာခဲ့တဲ့ ဘဏ္ဍာထုပ်ကို လူမြင်ရာသစ်ပင်မှာ ချိပ်ဆွဲပြီးတော့ အလိုရှိသူကောက်ယူ၍ သုံးဆောင်ကြပေတော့လို့ စွန့်ပစ်ပြီးလျှင် သာကီဝင် မင်းသားတွေအထံ အမြန်ပြန်ပြီး လိုက်သွားသတဲ့။

မင်းသားများလဲဥပါလိနဲ့တွေ့ဆုံ အကြောင်းစုံကိုသိရတော့ဥပါလိကိုပါ ခေါ်ဆောင်ပြီး မြတ်စွာဘုရားကျောင်းကို အရောက်သွားကြ တယ်။ ဘုရားထံချဉ်းကပ်တဲ့အခါကျတော့ မာန်မာနအလွန်ကင်းတဲ့ သာကီဝင်မင်းတို့၏ အမျိုးစရိုက်ဟာ အဘိုးမထိုက်တဲ့အကျင့်ပါလားလို့ သဘောသက်ဝင်ခြောက်ဦးလုံး ဆင်ခြင်မိကြတဲ့အတွက်....

မြတ်စွာဘုရားအား ဦးခိုက် လျှောက်ထားသည်မှာ - "ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ ဘုရားတပည့်တော်များ၏မာနခဲကိုဖျက်ခွဲသောအနေဖြင့် နောက်တွဲက ယခုပါရှိသည့် ဥပါလိကို အမှူးရှေးပြီးဦးစားပေးကာ ပထမဆုံးရဟန်းအဖြစ် ချီးမြှောက်တော်မူပါ။ တပည့်တော်များကတော့ ဥပါလိ၏နောက်ပါးက အောက်တန်းစားအဖြစ်နဲ့ နေလိုပါတယ်ဘုရား...."လို့ လျှောက်ထားကြသတဲ့။

မြတ်စွာဘုရားလဲ သင့်လျော်သောစီမံကိန်းဖြစ်တဲ့အတွက် မင်းသားများ လျှောက်တဲ့အတိုင်း ဥပါလိ-ဆတ္တာသည်ကို ရှေးဦးစွာ ပထမဦးဆုံးရဟန်းအဖြစ်ကို ချီးမြှောက်တော်မူတယ်။ မင်းသား ခြောက်ဦးကိုတော့နောက်မှ ရဟန်းပြုစေသတဲ့။ အဲဒါလို ရဟန်းဖြစ်ပုံချင်း ရှေ့နောက်ဖြစ်သွားတော့ကာ နာရီ-မိနစ် လောက်ဘဲကြီးစေတော့ ကြီးတဲ့ပုဂ္ဂိုလ်က အပူဇော် ခံထိုက်သဲ့ "ပူဇာရဟ" ဂုဏ်ဟာ ကြီးမြင့်တဲ့အဖြစ်သို့ရောက်သွားတယ်လို့ မှတ်လိုက်ကြပါ။

အဲဒီအတ္ထုပ္ပတ္တိကို ကြည့်ကြစမ်း-၊ ဥပါလိက ရှေးဦးစွာ ရဟန်းဖြစ်သွားတော့ မင်းသားခြောက်ဦးတို့ထက် ဥပါလိက ရဟန်းတို့ရဲ့ သီလသိက္ခာအနေနဲ့ ကြီးမြင့် သွားတာပေါ့။ သာကီဝင်မင်းသား ရဟန်းတော်များက သီလသိက္ခာ အား ဖြင့် ငယ် ကြ သူ တွေ ဖြစ် တော့ သီလသိက္ခာကြီးမြင့်တဲ့ဥပါလိမထေရ်ကို "အဘိဝါဒန-ပစ္စုဋ္ဌာန-သာမိစိကမ္မ"ဆိုတဲ့ ရိုသေမှုတွေ ပြုပြီးတော့ လက်အုပ်ချီကြရတယ်၊ ရှိခိုးကြရတယ် ရိုသေသမှု ပြုကြရပေတယ်။

ထို့ကြောင့် - နောက်ကဟောခဲ့တဲ့ အမျိုးလေးပါးထဲမှာ အမြတ်ဆုံးဆိုကဲ့ မင်းမျိုးဇာတိရှာဘာ ရဟန်းတော်များရဲ့ ဂုဏ်ဝုဍ္ဎအောက် ယုတ်နိမ့်ပနေပေဘူးလား။ ဥပါလိက ဆတ္တာသည်။ ဇာတ်အားဖြင့် ယုတ်နိမ့်တဲ့

အပြင် မင်းသားတွေရဲ့ အခိုင်း အစေ အ လုပ် အ ကျွေး မျှ သာ ဖြစ် တယ်။ ရဟန်းတော်ခြောက်ပါးကတော့ သာကီဝင်မင်းသားတွေဆိုတော့ အမျိုးဇာတ်အားဖြင့် မြင့်မြတ် နေကြတာဘဲ၊ ဒီလိုဖြစ်ပေတဲ့ ရဟန်းတော်များရဲ့ သီလသိက္ခာဂုဏ်ကျတော့ ကြီးမားမြင့်မြတ်တာ ဖြစ်တဲ့အတွက် ဇာတိဝုဍ္ဎိဟာ ဂုဏဝုဍ္ဎိ အောက်ကဘဲဆိုတာ ထင်ရှားတော့တာပေါ့။

ထိုနောက် ဒုတိယ ဝယဝုဍ္ဎိကို စစ်တမ်းထုတ် ကြည့် ကြ ဦး စို့ ရဲ့....။ အသက်အရွယ်ကြီးတဲ့ ဝယဝုဍ္ဎိဟာလဲ ရဟန်းတော်များရဲ့ ဂုဏဝုဍ္ဎိအောက်က ပါဘဲ။ ထင်ရှားအောင် ပြရသေးတာပေါ့၊ ခုတင်က နှိုင်းယှဉ်ပြီးပြခဲ့တဲ့ ရဟန်းတော်များကို ထားလိုက်ဦးတော့ ယနေ့ပြုသစ်စဖြစ်တဲ့ ရှင်သာမဏေကလေးနဲ့ဘဲ တွဲဘက်ကြည့်ကြပါ။

ယနေ့ ပြု သစ် စ ဖြစ် တဲ့ ရှင်သာမဏေကလေးကို တဘက်ကထား၊ ရှင်သာမဏေကလေးရဲ့ အမိ-အဘတွေကို တဘက်ကထား၊ ဒီလိုနှစ်ဦးယှဉ်လိုက်တော့ ဘယ်သူက "ပူဇာရဟဂုဏ်" ရှိသလဲ၊ ဘယ် သူ က မြင့်မြတ်ပါသလဲလို့ ဆင်ခြင်ကြပေတော့။ "ရှင်" မ ဖြစ် ခင် က တော့ သားဖြစ်သူက အမိ-အဘကို ရှိခိုးပူဇော်ရမယ်။ ရှင်-အဖြစ်သို့ ရောက်ပြီး သွားတဲ့အခါကျတော့ အမိ-အဘက သား-သာမဏေကလေးကို ရှိခိုးပူဇော် ကန်တော့ရမယ် ဆိုတာ သိကြပြီးဖြစ်တဲ့အတိုင်းပါဘဲ။

အဲတာ ဘယ်ကြောင့်ပါလဲဆိုတော့၊ လူဖြစ်တဲ့ အမိ-အဘများမှာတော့ "နိစ္စ-သီလ"ဆိုတဲ့ ငါးပါးသီလလောက် သိက္ခာရှိကြတာ၊ လူတွေမှာတော့ တခါတရံ စောင့်ထိမ်း နိုင်မှ ရှစ် ပါး, ကိုးပါး, ဆယ်ပါး ဆိုတဲ့ ဥပေါသထသီလလောက်သာ သိက္ခာရှိကြပေတယ်။ ရှင်သာမဏေကလေးမှာတော့ ဆယ်ပါးသော "နိစ္စသီလ"နှင့်တကွ (၇၅)ပါးသော သိက္ခာပုဒ်တွေ တပြိုင်နက်တည်ရှိနေတော့ သိက္ခာသီလချင်း အများကြီး ကွာခြားနေတော့တာပေါ့။ ဒါတင်မကသေးဘူး ရှင်သာမဏေကလေးမှာ အရိယာသူတော်ကောင်းတို့၏ တံခွန်သဖွယ်ဖြစ်တဲ့ "အရဟဒ္ဓဇ" အဝတ်သင်္ကန်းကိုလဲ ဝတ်ရုံထားတာဖြစ်တော့ ပိုပြီးတော့ပူဇာရဟဂုဏ် ရှိကြောင်း ထင်ရှားခြင်းဖြစ်ပါတယ်။

ထို့ကြောင့် – အသက်အရွယ်ကြီးတဲ့" ဝယဝုဍ္ဍ" ဆိုတာလဲ ရဟန်းသာမဏေများရဲ့ သီလသိက္ခာဂုဏ်ထက် မြင့်မြတ်ခြင်းမရှိတဲ့အတွက် ဝယဝုဍ္ဍထက် ရဟန်းသာမဏေတို့၏ သီလသိက္ခာဂုဏ်ဆိုတဲ့ "ဂုဏဝုဍ္ဍ"က မြင့်မြတ်ကြောင်း သိကြရတာပေါ့။

အဲတာလို ဝုဍ္ဍ သုံးပါးလုံးကို စစ်တမ်းထုတ်ပြီး စစ်ဆေးလိုက်တော့ ရဟန်းသာမဏေများရဲ့ သီလသိက္ခာဂုဏ် ဆိုတဲ့ "ဂုဏဝုဍ္ဍ"ဟာ ဇာတိဝုဍ္ဍ-ဝယဝုဍ္ဍ တို့ထက် မြင့်မြတ်ကြောင်း ထင်ရှား အောင် ကြားနာ-မှတ်သားကြရလေပြီ။

မူလက အခြေတည်ပြီး ဟောခဲ့တဲ့စကားနဲ့ ဆက် စပ် ပြီး လိုရင်းကို ရှင်းကြဦးစို့ရဲ့။ ယနေ့-ယခု အလှူရှင်များရဲ့ ကုသိုလ်အလုပ်ဟာ အမြင့်မြတ်ဆုံးဖြစ်တဲ့ မြတ်စွာဘုရား၏သာသနာတော်ဖြစ်တဲ့ ဂုဏဝုဍ္ဍဌာနမှာ ဂုဏဝုဍ္ဍအဖြစ်သို့ရောက်အောင် ချီးမြှောက်ထောက်ပံ့ လှူဒါန်းကြတဲ့ ဥပသမ္ပဒ-မင်္ဂလာ၊ သာမဏေရ ပဗ္ဗဇ္ဇ-မင်္ဂလာ ကုသိုလ်ခမ်းကြီးဆိုတာ ဘွင်းဘွင်းကြီး ပေါ်လွင်လာကြောင်း အာရုံပြုနိုင်ကြပြီပေါ့။ ငါတို့အလှူဟာ အမြတ်ဆုံးဌာနမှာ အားထုတ်တဲ့ ဒါနကုသိုလ်မှန်ပေပြီဟု ဝမ်းမြောက်စွာစဉ်းစားကြပြီးလျှင် မူလက စတည်ပြီး ဟောခဲ့တဲ့ ဒေသနာကို နာယူမှတ်သားပြီးတော့ အကြောင်းအကျိုးနှစ်ပါးလုံး ထူးမြတ်ပုံကို လေးစားစွာ အာရုံပြုကြစေကုန်သတည်း။

အဂ္ဂသ္မိံ ဒါနံ ဒဒတံ၊
အဂ္ဂံ ပုညံ ပဝဍ္ဍတိ။
အဂ္ဂံ အာယုစ ဝဏ္ဏောစ၊
ယသော ကိတ္တိ သုခံ ဗလံ။ ။

(စတည်၍ရေးသားခဲ့သော အနက်အတိုင်း ရွတ်ဆိုဟောကြားလေ။)

(ရဟန်းခံ-ရှင်ပြုတရား ပြီးပြီ)

## နမော သတ္တ၊ဿ ဇောယျုတု၊
## (၄၀) ပဗ္ဗဇ္ဇမင်္ဂလာ ရှင်ပြုတရားတော်။

အဂ္ဂသ္မိံ ဒါနံ ဒဒတံ၊
အဂ္ဂံ ပုညံ ပဝၶုတိ။ ။

အဂ္ဂသ္မိံ၊ ဒက္ခိဏေယျ ပဏ္ဍိတမှန်စွာ မြင့်မြတ်ရာ ဌာနဌ်။ ဒါနံ၊ သူတော်တကာ ပြုရမှန်လှ မြတ်ဒါနကို။ ဒ ဒတံ - ဒ ဒန္တာနံ၊ နှစ်သက်ရွှင်လန်း သဒ္ဓါပန်းဖြင့် လှူဒါန်းခြင်းပြု ကြကုန်သောသူတို့အား။ အဂ္ဂံ၊ အထက်တန်းကျ မြင့်မြတ်လှသော။ ပုညံ၊ ကောင်း မှု ကု သိုလ် သည်။ ပ ၶုတိ၊ အဆင့်အတန်း ပွင့်လန်းကြီးစိုးပြီး ဖွံ့ဖြိုးတိုးတက်နိုင်၏။

ဤဒေသနာတော်အရ ဒါနကုသိုလ်ကို ပြု လုပ် အား ထုတ် ကြ တဲ့ နေရာမှာ မြင့်မြတ်တဲ့နေရာမျိုးမှာ ပြုလုပ်ကြမှသာ မြင့်မြတ်တဲ့အကျိုးကို ရကြမယ်လို့ ဆိုလိုပါတယ်။ ဥပမာအားဖြင့် ရေမြေကောင်းတဲ့နေရာမျိုးမှာ စိုက်ပျိုးမှသာလျှင် ဖွံ့ဖြိုးသော အပွင့်အသီးကို ရတယ် ဆို ဘာမျိုးလိုပေါ့။ ဤဒေသနာတော်ကို ဦးစွာ အစတည်ပြီး မှတ်သား ထားကြပေတော့။

ယနေ့အားတုတ်ပြီး ပြုလုပ်ကြတဲ့ ရှင်ပြုမင်္ဂလာကုသိုလ်ဟာ မြင့်မြတ်တဲ့နေရာမှာ ပြုလုပ်တဲ့ မြင့်မြတ်တဲ့ ဒါနအလုပ် ဖြစ်ပါရဲ့လားလို့ စိစစ်ပြီးတော့ အာရုံပြုကြဘို့လိုကြတယ်။ ရှင် ပြု မင် လာ အလှူပြုရာဌာနဘက်ကတော့ အထူးစိစစ်ပြဘို့ မလိုတော့ပါဘူး။ ဘယ့်ကြောင့်ပါလဲဆိုတော့ "ဗုဒ္ဓုပ္ပါဒ နဝမ"ခေတ်အဘွင်း သာသနာပွင့်လင်းပြီးနေတဲ့ သာသနာတော်အတွင်း အခါ သာသနာတော် တည်ရှိရာ ဌာ န မှာ ပြုလုပ်ကြတာဖြစ်လို့ ပြုရာဌာန မြတ်ပုံကတော့ ထင်ရှားနေပါပြီ။

ရှင်ပြုမင်္ဂလာ ကုသိုလ်ဒါနခံ်ႏရဲ့ မြင့်မြတ်တဲ့အဖြစ်ကိုသာ ရှင်းလင်းပြီး သိကြဘို့ အာရုံပြုကြဘို့ မှတ်သားကြဘို့ လိုပါတယ်။

ဒွေ မေ ဘိက္ခဝေ အနုဂ္ဂဟာ ကတ မေ ဒွေ အာမိသာနုဂ္ဂဟော စ ဓမ္မာနုဂ္ဂဟော စ။

ဘိက္ခဝေ၊ ချစ်သားတို့။ အနုဂ္ဂဟာ၊ သာသနာတော်ကို ချီးမြှောက်ခြင်းတို့သည်။ ဣမေ ဒွေ၊ ဤနှစ်ပါး ႁပေတည်း။ ကတမေ ဒွေ၊ အဘယ် နှစ်ပါးတို့နည်းဟူမူကား။ အာမိသာနုဂ္ဂဟော စ၊ ဆွမ်းသင်္ကန်းအစ ပစ္စည်း-

ပစ္စယတို့ဖြင့် ထောက်ပံ့ခြင်း အာမိသာနုဂ္ဂဟရင်း။ ဓမ္မာနုဂ္ဂဟောစ၊ ဓမ္မာနု မ္မေပဋိပတ် အကျင့်မြတ်ဖြင့် တင့်အပ်စွာ ထောက်ပံ့ခြင်း ဓမ္မာနုဂ္ဂဟရင်း။ ဣမေဒွေ၊ ဤနှစ်ပါးတို့ပေတည်း။

ဤသို့ ဟောတော်မူတဲ့ဒေသနာတော်အရ မြတ်စွာဘုရားသာသနာ တော်ကို ချီးမြှောက်ထောက်ပံ့ခြင်း အနုဂ္ဂဟကုသိုလ်ဟာ ဆွမ်း - သင်္ကန်း စသော ပစ္စည်းလေးပါးတို့ဖြင့် ချီးမြှောက် ထောက်ပံ့ခြင်း ဆိုတဲ့ ပစ္စယာ နုဂ္ဂဟ ကုသိုလ်ကတမျိုး။ တရားဒေသနာတော်အတိုင်း အမြင့်ဆုံး-အမြတ် ဆုံး ဖြစ်သော တရားတော်ကို လိုက် နာ ကျင့်ကြံ ပြီး ကျင့်သုံးခြင်းဆိုတဲ့ ဓမ္မာနုဂ္ဂဟ ကုသိုလ်ကတမျိုး။

အဲဒါလို အနုဂ္ဂဟကုသိုလ်နှစ်မျိုးရှိတဲ့အနက် ယနေ့-ယခု ချီးမြှောက် လှူဒါန်းတဲ့ ကုသိုလ်ကောင်းမှုထဲမှာ ဆွမ်း-သင်္ကန်း စသည်တို့ဖြင့်ချီးမြှောက် လှူဒါန်းတာက ပစ္စယာနုဂ္ဂဟ ကုသိုလ် ဖြစ်လို့ အလှူဒကာများ အနေဖြင့် ပစ္စယာနုဂ္ဂဟကုသိုလ်လဲ ဆည်းပူးရ-အားထုတ်ရပြီလို့ အာရုံပြုကြ။

တရားတော်လာတဲ့အတိုင်း အမြင့်ဆုံးကျင့်ကြံအားထုတ်တယ်ဆိုတဲ့ ပဗ္ဗဇ္ဇမင်္ဂလာအလုပ်ကတော့ ဓမ္မာနုဂ္ဂဟကုသိုလ်လို့ဆိုရပါတယ်။ သည်နေရာ မှာ တပါးသော ဆွမ်းအလှူ – ကျောင်းအလှူ အစရှိတဲ့ အလှူမျိုးကတော့ "အဘယ်ကြောင့် ဓမ္မာနုဂ္ဂဟ မဖြစ်ပါသလဲ ဘုရား" လို့ စောကြောဘို့ရှိပေ တာပေါ့။

ရှင်းလင်း၍ပြရသေးတာပေါ့။ ဆွမ်း-သင်္ကန်းအစရှိတဲ့ အလှူမျိုးက တော့ တရားတော်လာတိုင်း ကျင့်တာ-ကြံတာတော့ မှန်ပါ၍ သို့သော်လဲ ဒါနပါရမီသက်သက်သာဖြစ်သို့ ရှင်ပြု · ရဟန်းခံဆိုတဲ့ အလှူမျိုးလောက် မြင့်မြတ်တယ်လို့မဆိုနိုင်ဘူး။ ဘယ်ကြောင့်ပါလဲဆိုတော့ ဆွမ်း-သင်္ကန်း အစရှိတဲ့ လှူဘွယ် ဝတ္ထုတွေကို လှူဒါန်း အားထုတ်တဲ့အခါမှာ နိဗ္ဗာန်ထိ အောင် တောင့်တပြီးတော့ ဝိဝဋ္ဋနိဿိတဖြစ်အောင် အားထုတ်တတ်ပါမှ "ပါရမီ"ဒါနဖြစ်နိုင်တယ်။ ဝဋ်ဆင်းရဲကိုမှီတဲ့ "ဝဋ္ဋနိဿိတ" ဖြစ်ရင်တော့ ဒါနသက်သက်ဖြစ်ပြီးတော့ ပါရမီမြောက်အောင် အကျိုးမရှိပေဘူး။

ရှင်ပြု ရဟန်းခံ ကုသိုလ် အ လုပ် က တော့ မူလ စတည် ကထဲက " သံသာရ ဝဋ္ဋဒုက္ခတော မောစနတ္ထာယ " စ သည် ဖြင့် တောင်းပန်ပြီး သာသနာတွင်းဝင်ရောက်ထာဖြစ်တော့ ဝိဝဋ္ဋနိဿိတကုသိုလ်စစ်စစ်ဖြစ်နေ သဖြင့် ပါရမီမြောက်တဲ့ ဒါနပါရမီကုသိုလ်ကြီးလို့ မှတ်သားရပေမယ်။

ထိုပြင်လဲ ရှင်ပြု-ရဟန်းခံ ကုသိုလ်အလုပ်ဟာ တပါးသော ဆွမ်း, သင်္ကန်းအလှူမျိုးတို့လိုမဟုတ်ဘူး။ သင်္ကန်းဝတ်ပြီးကတဲက အိမ်မှာမနေရတော့ဘူး။ ' အိမ်က ထွက်ခွာပြီးတော့ ကျောင်း,ကန်,ဘုရားမှာ သွားနေရတာဖြစ်တော့ နိက္ခမပါရမီကုသိုလ်ကလဲ တွဲဘက်ဖြစ်ပြီး ပါနေပါတယ်။ ဒါကြောင့် ရှင်ပြုတဲ့ ပဗ္ဗဇ္ဇမင်္ဂလာ ကုသိုလ် အလုပ်ဟာ "ဒါနပါရမီ, နိက္ခမပါရမီ" တွဲဘက်ပြီးတော့ တရားတော် လာတဲ့အတိုင်း အမြင့်ဆုံး တရားတော်ကို အားထုတ်ကျင့်ကြံ ကြလို့ "ဓမ္မာနုဂ္ဂဟ ကုသိုလ်" ဟူ၍ အမည်တပ်ပေးရတာပေါ့။

ဧတဒဂ္ဂံ ဘိက္ခဝေ ဧတေသံ ဒွိန္နံ အနုဂ္ဂဟာနံ ယဒိဒံ ဓမ္မာနုဂ္ဂဟော။

ဘိက္ခဝေ၊ ချစ်သားတို့။ ဧတေသံဒွိန္နံအနုဂ္ဂဟာနံ၊ ဤနှစ်ပါးသော အနုဂ္ဂဟမျိုး တို့တွင်။ ယဒိဒံ ဓမ္မာနုဂ္ဂဟော၊ အကြင် ဓမ္မာနုဂ္ဂဟ ကုသိုလ်သည်။ အတ္ထိ၊ ရှိ၏။ ဧတံ ဧသော ဓမ္မာနုဂ္ဂဟော၊ ဤဓမ္မာနုဂ္ဂဟ ကုသိုလ်သည်။ အဂ္ဂံ - အဂ္ဂေါ၊ အမြတ်ဆုံးပေတည်း။ ဤ ဒေသနာတော် အတိုင်း ငါတို့သည် ဗုဒ္ဓရှင်တော်ဘုရား၏မိန့်တော်ချက်အတိုင်း မြင့်မြတ်တဲ့ ဓမ္မာနုဂ္ဂဟ ဒါနကုသိုလ်ကိုလဲ ယနေ့ အားထုတ်ရပြီးဟု မိမိတို့ ကုသိုလ်ကို အာရုံပြုကြပေတော့။

ယခု ဟောပြခဲ့တဲ့ ဒေသနာတော် အကျဉ်းကလေးမျှဖြင့် ပင်လျှင် မြင့်မြတ်သော သာသနာတော်အတွင်း၌ မြင့်မြတ်သော အနုဂ္ဂဟကုသိုလ်မျိုးကို အားထုတ်ကြရပြီဖြစ်လေသောကြောင့် မူလကစတည်ပြီးဟောခဲ့တဲ့ ဒေသနာတော်အတိုင်းမြင့်မြတ်သောကောင်းမှုကုသိုလ်တရားမိမိသန္တာန်မှာ တိုးပွားပြီး အကျိုးများနိုင်ကြပြီဟူ၍ အာရုံပြု ကြပေတော့။

အဂ္ဂသ္မိံ ဒါနံ ဒဒတံ၊
အဂ္ဂံ ပုညံ ပဝဍ္ဎတိ။ ။

(ရှေးအတိုင်း အနက်ပေး၍ ဟောပြောပါလေ)

တနည်းတဖုံ ဆက်လက်ပြီးတော့ ရှင်ပြု မင်္ဂလာရဲ့ မြင့်မြတ် ပုံကို နာယူကြပေအုံးတော့။ လောကရေး-ဓမ္မရေးအားဖြင့် . ၂ာနနှစ်ပါးခွဲခြားထားပြီးတော့၊ ဓမ္မရေးဘက်က အမြတ်ဆုံးပုဂ္ဂိုလ်ကို ထုတ်ဆိုညွှန်ပြရမယ်

ဆိုရင် ဘုရား၊တရား၊သံဃာအားဖြင့် သရဏဂုံသုံးပါးဟာ။အမြင့်မြတ်ဆုံး ဖြစ်ကြောင်း ထင်ရှားနေပါပြီ။ အဲဒီအမြတ်ဆုံး သရဏဂုံသုံးပါးထဲမှာ ဘုရားရတနာက ပထမတန်းအမြတ်ဆုံး၊ တရားရတနာက အလယ်အလတ် အမြတ်ဆုံး၊ သံဃာရတနာက တတိယအမြတ်ဆုံး ရတနာ ဟူ၍ ဝေဘန် ထားပြီးနောက်၊ တတိယအမြတ်ဆုံး သံဃာရတနာထဲက ရှင်သာမဏေ ဆိုတဲ့ အရိယာ အနွယ်ဝင် အောက်ဆုံး သံဃာ ကလေးကို ပိုင်းခြားပြီး အာရုံပြုကာ မှတ်သား ထားလိုက်ကြပါ။ ယခု ဝေဘန်ခဲ့တာက ဓမ္မရေး ဘက်က ဝေဘန်ပိုင်းခြားခဲ့ခြင်း ဖြစ်တယ်။

တဖန် လောကရေးဘက်က အမြတ်ဆုံးပုဂ္ဂိုလ်ကို စီစစ်ပြီးတော့ ကြည့်ကြအုံးစို့။ လူ့ဘောင်၊လူ့လောက၊လူ့ပြည်ဌာနမှာ ရတနာခုနစ်ပါး ပိုင်ရှင်ဖြစ်တဲ့ လေးကျွန်းသေဋ္ဌနင်း စကြာမင်းဆိုတာ အမြတ်ဆုံး ပုဂ္ဂိုလ် ပါဘဲ။ အဲဒီစကြာမင်းဆိုတာ ပေါ့ပေါ့ပုဂ္ဂိုလ်မဟုတ်ဘူး၊ လေးကျွန်းလုံးကို တယောက်တည်း ပိုင်စိုးအုပ်ချုပ်တဲ့ ဧကရာဇ်မင်း ဖြစ်ပေတယ်။ ကမ္ဘာ ပေါ်မှာ ရှိသမျှသော ပဒေသရာဇ်မင်းတွေဟာ ဧကရာဇ်မင်းဖြစ်တဲ့ စကြာ မင်းရဲ့ လက်အောက်ကချည်းဘဲ။

စကြာမင်းရဲ့ဂုဏ်သိရ်ဟာ ဘယ်လောက် ရောက်အောင် ကြီးမြင့်ပါ သလဲဆိုတော့ နတ်ရွာစံ၍ ကံတော်ကုန်တဲ့ အခါမှာတောင် စကြာမင်း အလောင်းတော်ကဖြစ်တဲ့ အရိုးဓါတ်၊ အသွေးဓါတ်၊ အသားဓါတ် ဖြစ်သော ဓါတ်တော်များကို လူများကစေတီတည်ထား ကိုးကွယ်ထိုက်ပါ သတဲ့။ အဲဒါလိုစေတီတည်ထား ကိုးကွယ်ထိုက်တဲ့ ထူးပါရဟာဂုဏ်ထူးဟာ ပုထုဇဉ်လောက လူ့ဘောင်မှာ စကြာမင်းကလွဲပြီး ဘယ်လိုလူမျိုးမှ အခွင့် အရေးမရှိကြဘူး။

ဗုဒ္ဓရှင်တော်ဘုရားမှာရှိတဲ့ သုံးဆယ်နှစ်ပါးသော ယောကျ်ားမြတ် တို့၏ လက္ခဏာတော်ကြီး များဟာ စကြာမင်းမှာလဲရှိပါသတဲ့။ အဲဒါလို မြင့်မြတ်တဲ့ ဂုဏ်ထူးရှိတဲ့ စကြာမင်းရဲ့ တန်ခိုးအာနိသင်တွေဟာ ထုတ်ဖေါ် ဟောကြားမယ် ဆိုရင် အလွန် ကျယ်ဝန်း လှပါတယ်။ ဤမျှ လောက် အနည်းငယ် ကြားနာ ရပါသဖြင့် လောကရေး ဘက်က လူ့လောက လူ့ဘောင်မှာတော့ လေးကျွန်းသေဋ္ဌနင်း စကြာမင်းဟာ အမြင့်မြတ်ဆုံး ပုဂ္ဂိုလ်ဘဲဆိုတာ သိလောက်သင့်ကြပေပြီ။

လူတို့ဌာန လူ့လောကမှာ ဂုဏ်ထူးဝိသေသ ထူးကဲလှသဖြင့် အမြင့်အမြတ်ဆုံးဖြစ်တဲ့ စကြာမင်းမြတ်ဟာ ခုတင်က မှတ်သားပြခဲ့တဲ့ ဓမ္မရေးဘက်က အောက်တန်းစား ရှင်သာမဏေကလေးနဲ့ တွဲဘက်ယှဉ်နှိုင်းပြီးကြည့်ကြစမ်း၊ ဘယ်သူကမြင့်မြတ်လို ဘယ်လိုကွာခြားသလဲဆိုတာ သိကြမှာပေါ့။

အနာဂါမိကဘက်ကနေတဲ့ ရှင်သာမဏေကလေးဆိုတာ အာဂါရိကဖြစ်တဲ့ လူ့ဘောင်က လူဟူသမျှတို့ရဲ့ "ပူဇာရဟ" ဂုဏ်ထူးရှင် ဖြစ်ပါတယ်။ ဒါ့ကြောင့် စကြာမင်းကြီးက ရှင်သာမဏေကလေးကို ရှိခိုးရမယ်-ဦးတိုက်ရမယ်-ကန်တော့ရမယ်။ အဲဒါလို နှိုင်းယှဉ် ကြည့်လိုက်ရင် ရှင်သာမဏေကလေးက မြင့်မြတ်တာ ထင်ရှားတာပေါ့။

သည်နေရာမှာ စောဒနာစရာကလေးတကွက်ပေါ်တော့ မေးသင့်ဖြေသင့် သေးတာပေါ့။ စေတီ တည်ထား ကိုးကွယ်ထိုက်အောင် ဂုဏ်ထူးရှင် ကြီး ဖြစ် တဲ့ စကြာမင်းကြီးထက် ယနေ့ ပြုသစ်စဖြစ်တဲ့ ရှင်သာမဏေကလေးက အဘယ်ကြောင့်မြင့်မြတ်ပါသလဲလို့မေးသင့်တာပေါ့။ အဖြေကိုမှတ်သားကြပေတော့။ ကျင့်ဝတ် သိက္ခာချင်း ထုတ်ဖော်ပြီး နှိုင်းယှဉ်ကြည့်ရမယ်၊ စကြာခင်းဆိုတာက ကာမဂုဏ်နယ်ထဲမှာနေပြီးတော့ မင်းတို့ ကျင့်အပ်တဲ့ ရာဇဓမ္မဆယ်ပါးနှင့်တကွ လူဆိုတော့-လူ့အရောက် လူ့သိက္ခာပုဒ်ကို ကြည့်လိုက်ရင် နိစ္စသီလဆိုတဲ့ ငါးပါးသီလလောက်သာ ရှိပေတယ်။ တရံတခါအားထုတ်နိုင်ပါမှ ရှစ်ပါးသီလ, ဆယ်ပါးသီလများသာ လူ့သိက္ခာအဖြစ်နဲ့ ထင်ရှားရှိပါတယ်။ ရှင်သာမဏေကလေးမှာတော့ ကာမဂုဏ်နယ်ထဲက လွတ်ထွက်ပြီးတော့ ရှင်ဖြစ်တာနဲ့တပြိုင်နက် ဆယ်ပါးသီလနှင့်ပြည့်စုံတဲ့အပြင် ခုနစ်ဆယ့်ငါးပါးသော ကျင့်ဝတ်သိက္ခာပုဒ်များကို စောင့်ထိန်းရမဲ့ သိက္ခာရှင်ကြီး ဖြစ်သွားပါတယ်။

အဲတာလို ကျင့် ဝတ် သိက္ခာ ချင်း ယှဉ် ကြည့် လိုက် ရင် သာမဏေကလေးက စကြာမင်းထက် သိက္ခာဂုဏ်-အားဖြင့် အများကြီး မြင့်မြတ်နေတာ တွေ့ရပါတယ်။ ထို့ပြင်လဲ ရှင်သာမဏေကလေးရဲ့သန္တာန်မှာ အရိယာတို့၏ တံခွန်သဘွယ်ဖြစ်တဲ့ "အရဟဒ္ဓဇ-သင်္ကန်း"တော်ကို ဆင်မြန်းဝတ်ရုံထားတာဖြစ်တော့ အဝတ်သင်္ကန်းကိုက ရှိခိုးထိုက် ပူဇော်ထိုက်တဲ့ဂုဏ်ထူးရှိပါတယ်။

အဲဤကဲ့သို့ ရှင်းတမ်းထုတ်ကြည့်လိုက်တော့ကာ ယနေ့-ယခု အလှူရှင်များ ချီးမြှောက်လှူဒါန်းတဲ့ ပစ္စဇ္ဇာနုဂ္ဂဟ-ဓမ္မဒါန ကုသိုလ် အလုပ်ကြီးဟာ သေးငယ်တဲ့လုပ်ငန်း အောက်တန်းစားမဟုတ်တာ ထင်ရှားပါသောကြောင့် မြင့်မြတ်တဲ့ သာသနာတော်ခေတ်မှာ အမြင့်အမြတ်ဆုံးဖြစ်သော ကောင်းမှုကုသိုလ်ကို ငါတို့အားထုတ်ကြရပြီလို့ အာရုံပြုကာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရမယ်။

အဂ္ဂသ္မိံ ဒါနံ ဒဒတံ၊

အဂ္ဂံ ပုညံ ပဝဍ္ဎတိ။ ဒေသနာတော်အရ မြင့်မြတ်တဲ့ သာသနာတော်ဌာနမှာ မြင့်မြတ်တဲ့ ကုသိုလ်ကြီးကို အားထုတ်ကြရတော့ ဘယ်လိုမြင့်မြတ်တဲ့အကျိုးကို ရမှာလဲဆိုတော့....

အဂ္ဂံ အာယု စ ဝဏ္ဏော စ၊
ယသော ကိတ္တိ သုခံ ဗလံ။

အဂ္ဂံ၊ သူတပါးတို့နှင့်ယှဉ်ကြည့်လျှင် မိမိကသာ အသာဆုံးဖြစ်ပေသော။ အာယုစ၊ မပျက်အတည် အသက်ရှည်ရခြင်းငှါ။ အဂ္ဂေါ၊ မြင့်မြတ်သော။ ဝဏ္ဏောစ၊ ရုပ်ဆင်းအသွင် ကြန်အင်အက္ခဏာနှင့်ပြည့်စုံရခြင်းငှါ။ အဂ္ဂေါ၊ မြင့်မြတ်သော။ ယသောစ၊ သားသမီးနှင့် ဆွေကြီးမျိုးမှန် အခြံအရံနှင့်ပြည့်စုံရခြင်းငှါ။ အဂ္ဂေါ၊ မြင့်မြတ်သော။ ကိတ္တိစ၊ ကျော်စောသတင်း ပျံ့နှံ့ခြင်းငှါ။ အဂ္ဂံ၊ မြင့်မြတ်သော။ သုခဉ္စ၊ စားဝတ်နေရာ အမြဲပါလျက် ချမ်းသာနှင့် ပြည့်စုံရခြင်းငှါ။ အဂ္ဂံ၊ မြင့်မြတ်သော။ ဗလဉ္စ၊ ကာယ-ဉာဏ ဗလဇေန် အားနှစ်တန်နှင့် ပြည့်စုံရခြင်းငှါ။ ဣတိ၊ဤသို့။ အဂ္ဂံ၊ မြင့်မြတ်သော။ ပုညံ၊ ကောင်းမှုရှိန်စော်အာနုဘော်သည်။ ပဝဍ္ဎတိ၊ တနေ့တခြား တိုးပွားမြင့်မောက် ခရီးရောက်နိုင်ပေတော့သတည်း။

ဤကဲ့သို့ အကျိုးရပုံကို ဟောဖော်ပြတဲ့ ဒေသနာတော်နဲ့အညီ မြင့်မြတ်တဲ့ကုသိုလ်ကို အားထုတ်ရခြင်းကြောင့် မြင့်မြတ်တဲ့ အသက်ရှည်ခြင်း, အဆင်းလှခြင်း, အခြံအရံများခြင်း, ကျော်စောသတင်း ပျံ့နှံ့ခြင်း, ချမ်းသာကြီးခြင်း, ခွန်အားကြီးခြင်း အဲဒီ အကျိုးတွေကို ခံစားရနိုင်ပါတယ်တဲ့။

ယင်း ခံစားရမဲ့အကျိုးကလဲ အောက် တန်း စား မဟုတ်ပေဘူး....။ အဂ္ဂ - ဆိုတဲ့ ဝိသေသနပုဒ်နဲ့ ဟောထားတာဖြစ်တော့ လူတကာနဲ့ယှဉ်လိုက်ရင် ကိုယ်ကသာ ပိုမိုသာလွန်မယ်လို့ ဆိုလိုပါတယ်။

ဤကဲ့သို့ ယနေ့ပြုတဲ့ ရှင်ပြုမင်္ဂလာ-ပဗ္ဗဇ္ဇမင်္ဂလာ - ကုသိုလ်အလုပ်ရဲ့ မြင့်မြတ်ပုံကို ပထမနည်းနဲ့တမျိုး - ဒုတိယနည်းနဲ့တဖုံ.... အ ဖုံ ဖုံ ညွှန်ပြပြီး ဟောကြားခဲ့တဲ့ ဒေသနာ-သာဓကတွေကို ထောက်ဆကြပြီးတော့ - ငါတို့သည် ယနေ့-ယခု မြင့်မြတ်သော ကုသိုလ် အလုပ်ကို အားထုတ်ကြရသဖြင့် မြင့်မြတ်သောအကျိုးကို မုချ ရတော့မည်ဟု ပြုလုပ်အပ်သော ကောင်းမှုကုသိုလ်ကို ဝမ်းမြောက်စွာအာရုံပြုကြပြီးလျှင် အမတနိဗ္ဗာန်ကိုရည်သန်တဲ့ ပတ္ထနာဆုကို လိုရင်းအဓိကထားပြီးတော့ အလိုရှိရာကို ဆုတောင်းပတ္ထနာ ပြုကြစေကုန်သတည်း။

**ရှင်ပြုတရား ပြီးပြီ။**

---

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

(ဤနေရာ၌ "နမော သယမ္ဘုနော ဇေယျတု")

## (၄၁) ပဥ္စင်းခံ-ရှင်ပြု တရားတော်

အပ္ပမာဒရတော ဘိက္ခု၊
ပမာဒေ ဘယ ဒဿိဝါ။
အဘဗ္ဗော ပရိဟာနာယ၊
နိဗ္ဗာနဿေဝ သန္တိကေ။ ။

အပ္ပမာဒရတော၊ သတိ ယှဉ်ပြိုင် ဉာဏ်မဏ္ဍိုင် ဖြင့် ယိမ်းယိုင်မရ အပ္ပမာဒ၌ မွေ့လျော်ထသော။ ပမာဒေ၊ မေ့လျော့ပေါ့ဆ ပမာဒတရား၌။ ဘယဒဿိဝါ၊ သံသရာနွယ်အမြစ် တကယ်ဖြစ်သဖြင့် ကြောက် ဘွယ် ရာ အစစ်ကြီးပေဟု ရှုလေ့ရှိထသော။ ဘိက္ခု၊ အပ္ပမာဒတရား လက်ကိုင်ထားသဖြင့် ပွားများအားထုတ် တရားမယုတ်သောသူသည်။ ပ ရိ ဟာ နာ ယ၊ ပျက်ပြားဆုတ်ယုတ်ခြင်းငှါ။ အဘဗ္ဗော၊ မထိုက်ပေ။ နိဗ္ဗာနဿေဝ၊ ဇာတိကုန်ခမ်း နိဗ္ဗာန် နန်း နှင့် သာ လျှင်။ သန္တိကေ၊ အပါးချဉ်းစပ် နီးကပ်လှပေ၏။

မေ့လျော့တယ်ဆိုတာက - ပမာဒ တရား။ မမေ့မလျော့တာက - အပ္ပမာဒတရား။ ဤတရားနှစ်ပါးဟာ ဆန့်ကျင်ဘက်တရားတွေဘဲ။ ပမာဒ ဖြစ်ရင် အပ္ပမာဒမဖြစ်တော့ဘူး။ အပ္ပမာဒ ဖြစ်နေရင်လဲ ပမာဒ မဖြစ်နိုင်တော့ဘူး။ အဲသည်တော့ ကောင်းကျိုး ချမ်းသာကို ပေးနိုင်တဲ့ အပ္ပမာဒ တရား ထင် ထင် ရှား ရှား ဖြစ်ပေါ် နေ အောင် သ တိ ဆောင် ကြ ရ မယ်။ "အဘဏ္ဍောပရိဟာနာယ" လို့ ဒေသနာတော်ကပြထားတော့ မမေ့မလျော့နေမယ်ဆိုရင် ဆုတ်ယုတ်ဘို့မရှိပေဘူး။ တရားတော်ကဆောင်ပြီးတော့ မိမိတို့အား နိဗ္ဗာန်ထိအောင် ပို့ဆောင်လိမ့်မယ်လို့ လမ်းညွှန်တဲ့ဒေသနာတော် ဖြစ်ပေတယ်။

မမေ့မလျော့နေရမယ်ဆိုတဲ့ အပ္ပမာဒတရားဟာ အလွန်အရေးစိုက်သင့်ဘဲ တရားဖြစ်တဲ့အတွက် သဗ္ဗညုရှင်တော်ဘုရားသည် နေ့စဉ်-နေ့တိုင်း ပြုလုပ်အားထုတ်တော်မူတဲ့ ကိစ္စငါးမျိုး ရှိတဲ့အနက် နံ နက် ဆွမ်း မ စား မှီ ပြုလုပ်အပ်တဲ့ "ပုရေဘတ္တ" ကိစ္စပြီးတဲ့နောက် "ပစ္ဆာဘတ္တ" ကိစ္စခေါ်တဲ့ နံနက်ဆွမ်း ဘုဉ်းပေးပြီးတဲ့အချိန်မှာ ရဟန်းတော်များအား တရားမဟောသေးမီ ခြေဆေး အင်းပျဉ်ပေါ်မှာ ရပ်တော်မူရင်း အမြဲတမ်း သတိပေးတော်မူသည်မှာ....

ဘိက္ခဝေ အပ္ပမာဒေန သမ္ပာဒေထ၊ ဒုလ္လဘော ဗုဒ္ဓုပ္ပါဒေါ
လောကသ္မိံ၊ ဒုလ္လဘော မနုဿတ္တပဋိလာဘော၊ ဒုလ္လဘာ
သဒ္ဓါသမ္ပတ္တိ၊ ဒုလ္လဘာ ပဗ္ဗဇ္ဇာ၊ ဒုလ္လဘံ သဒ္ဓမ္မသဝဏန္တိ။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ အပ္ပမာဒေန၊ သတိမကင်း မမေ့မလျော့ခြင်းနှင့်။ သမ္ပာဒေထ၊ ပြည့်စုံကြကုန်လော့။ လောကသ္မိံ၊ သတ္တလောကသ သင်္ခါရဟု လောကသုံးသွယ် ဘုံရပ်နယ်၌။ ဗုဒ္ဓုပ္ပါဒေါ၊ သဗ္ဗညုတဉာဏ်ထွင်၍တင် ဘုရားရှင်တို့ တွေ့မြင်ဖြစ်ပေါ်၍လာရခြင်းသည်။ ဒုလ္လဘော၊ ရခဲ-ကြုံခဲ-ဖြစ်ပေါ်ခဲသော အရာဖြစ်ပေ၏။

ချစ်သားတို့ မေ့မေ့လျော့လျော့ မနေကြနဲ့။ ကြုံခဲတဲ့ ဒုလ္လဘခေတ်ကြီးမှာ တွေ့ကြုံကြရတဲ့အတိုင်း အမြဲတမ်း သ တိ ဉာဏ် နဲ့ ယှဉ်ပြီး နေကြ, အားထုတ်ကြ။ ရခဲကြုံခဲတဲ့ ဒုလ္လဘငါးပါးရှိတဲ့အနက် ဘုရားရှင်တို့ပွင့်ပေါ်ဖြစ်ထွန်းလာရခြင်းဟာ အလွန့်အလွန် တွေ့ခဲ ကြုံခဲ ရခဲပေတယ်လို့ သတိပေးတော်မူတယ်။ ဒီနေရာမှာသတိထားစရာတချက်ကို ထည့်စွက်ပြီးပြောရ

အုံးမယ်၊ လောကမှာမိမိတို့ကိုယ်ကို မိမိတို့ဘုရားလို့သမုတ်ပြီးတော့ ဘုရားအမည်ခံနေတဲ့ ပုဂ္ဂိုလ်တွေ အမျိုးမျိုး ရှိနေကြပေတယ်။ ဒီလိုပုဂ္ဂိုလ်တွေကတော့ သာသနာတွင်း သာသနာပ ဘယ်ကာလမှာမဆို ရှိကြပါတယ်။ ဒီလိုကိုယ့်ကိုယ်ကို ကိုယ်ဖော်ပြီး ဘုရားလို့သမုတ်ရုံနဲ့ သို့မဟုတ် ယုံကြည်တဲ့ ပုဂ္ဂိုလ်တွေကဝိုင်းပြီးသမုတ်ရုံနဲ့ ဘုရားဖြစ်နိုင်ပါသလား ဆိုတော့၊ အမည်ပညတ်ဆိုတာက တပ်ချင်ရာတပ် - မှတ်ချင်ရာမှတ် ပညတ်အမည်အတိုင်း ပညတ်ဘုရားတော့ ဖြစ်နိုင်တာပေါ့။ ပရမတ်ဘုရား အစစ်ကတော့ ဒီလို အလွယ်ကလေးနဲ့ သမုတ်လို့မရနိုင်ပေဘူး။

အရဟံ အစရှိတဲ့ ဂုဏ်တော် များနှင့် တကွ ဟောလို့ ပြောလို့-ချီးမွမ်းလို့မကုန်နိုင်အောင် အနန္တပရိမာဏဖြစ်တဲ့ ဂုဏ်တော်တွေနဲ့ပြည့်စုံတဲ့ သဗ္ဗညုရှင်တော်ဘုရားမှသာ "ဗုဒ္ဓစစ်စစ်"ဖြစ်ပါတယ်လို့ လေးလေးနက်နက် သိကြ,မှတ်ကြပါ။ မြတ်စွာဘုရားသည် မိဂဒါဝုန် တောမှာ ဓမ္မစကြာတရား ဟောတော်မူပြီးတဲ့ အခါက မြတ်စွာဘုရားနဲ့ လက်ဦး တွေ့ဆုံရပြီး တရားတော်ကိုနာရတဲ့အတွက် မိတ်ဆွေကြီးဖြစ်တဲ့ သာတာဂိရနတ်မင်းကြီး အထံသို့သွားပြီး ဘုရားဖူးရအောင် ဘုရားရှင်၏တရားတော်ကိုနာရအောင် ဆိုပြီးတော့ အသိပေးဘို့သွားတဲ့အခါမှာ သတင်းသွားပြီးပေးတဲ့ ဟေမဝတနတ်မင်းရဲ့စကားကို ချက်ခြင်းလက်မခံသေးဘဲနဲ့ သာတာဂိရနတ်မင်းကြီးက မိတ်ဆွေကြီး ဖူးတွေ့ခဲ့ရတဲ့ ဘုရားဟာ ဘုရားစစ်စစ်မှ ဟုတ်ပါလေရဲ့လား၊ လောကမှာဘုရားတွေ အလွန်ပေါနေတယ်၊ ဘုရားအစစ်ကို တွေ့ရ-ကြုံရ-ဖူးမြော်ရမှ အဘိုးတန်ပေတယ်လို့ ဘုရားအစစ်ဟုတ်မဟုတ် စစ်တမ်းထုတ်ပြီး အမေးအဖြေလုပ်ကြတဲ့ သာဓကကို ထောက်ကြည့်ကြမယ်ဆိုရင် ဘုရားလို့ အမည်တပ်ရုံနဲ့ ဘုရားစစ် ဟုတ်ချင်မှ ဟုတ်လိမ့်မယ်။ သို့အတွက် ဘုရားဂုဏ်တော် တွေကို နားလည်အောင် သိမှတ် ထားမှသာ ဘုရားအစစ်ကို ရွေးချယ် တတ်ကြမှာ ဖြစ်ပေတယ် ဆိုတဲ့ စစ်တမ်း ကလေးကိုလဲ သိမှတ် ထားကြပါ။

သာတာဂိရနတ်မင်းကြီးနဲ့ဟေမဝတနတ်မင်းကြီးတို့ ဘုရားအစစ်ကို သိကြရအောင် စစ်တမ်းထုတ်ပြီး ကြည့်ကြသလို အနန္တ ဂုဏ်တော်တွေနဲ့ စစ်တမ်းထုတ်ပြီးကြည့်နိုင်တဲ့ ဘုန်းကြီးတို့ရဲ့ သမ္မာသမ္ဗုဒ္ဓ·အနုတ္တရမာရဇိ ဒေဝိ·အတုလ သုဂတဓမ္မရာဇ် ဘုရားစစ်ဘုရားမှန် ဆိုတာက သုံးလောက

လုံးမှာ အလှန်ပွင့်ခဲ ကြုံခဲ ရခဲ တွေ့ခဲတာ ဖြစ်လို့ "ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော" လို့ မိန့်ဟောညွှန်ပြ ဩဝါဒပေးပြီးတော့ အပ္ပမာဒတရားဖြင့် ရဟန်းတော်များအား သတိပေးတော်မူတဲ့ ဒုလ္လဘတရားတပါးကို ရှေးဦးစွာ မှတ်သားနာယူထားကြပါ။

ဒုတိယ-ဒုလ္လဘတရားတပါးကို နာယူကြပေဦးတော့....

ဘိက္ခဝေ၊ ချစ်သား ရဟန်းတို့။ လောကသ္မိံ၊ သတ္တောကာသ သင်္ခါရဟု လောကသုံးသွယ် ဘုံရပ်နယ်၌။ မနုဿတ္တလာဘော၊သုဂတိဌာန လူဘဝအစစ် လူ၏အဖြစ်ကို ရခြင်းသည်။ ဒုလ္လဘော၊ရောက်ခဲ ရခဲ ဖြစ်နိုင်ခဲတဲ့ ဒုလ္လဘကြီးတခုပါပေတည်း။ မြတ်စွာဘုရားသည် ဤဒေသနာဖြင့်လဲ သတိ ပေးတော် မူသည်မှာ ချစ်သားတို့ လောက သုံးပါး၌ လူဘဝမှာ လူလာ၍ ဖြစ်ရခြင်းဟာလဲ ဖြစ်ခဲတဲ့ဒုလ္လဘတခုဘဲ၊ သို့အတွက် လူဘဝမှာ လူလာပြီးဖြစ်ကြတဲ့အခါမှာ မေ့မေ့လျော့လျော့မနေကြနဲ့ ဆင်ခြင်စဉ်းစားနှလုံးထားပြီးတော့ တရားလက်လွှတ် သတိမချွတ်ကြစေနဲ့လို့ ဆုံးမတော်မူပါတယ်။

တချို့လူတွေကတော့ လူအဖြစ်ကို ရခဲတယ်ဆိုတာ ယုံချင်မှယုံကြမယ်၊ဘာကြောင့်ပါလဲဆိုတော့ နိုင်ငံတဝှန်းလုံးမှာ မွေးစာရင်းက တိုးတက်နေတဲ့အတိုင်း ပုပု-ရွရွ မြင်ရတဲ့လူတွေကဘဲ အမြောက်အများဖြစ်နေတော့ လူလာဖြစ်ဘို့မခဲယဉ်းပေဘူးလို့ ပြောသံလဲကြားဘူးရတယ်။ဖြစ်ပုံ-ပျက်ပုံကို နှိုင်းချိန်ပြီး မကြည့်တတ်-မဝေဘန်တတ်ရင်တော့ ထင်သလို ယူဆကြမှာပေါ့။ မြတ်စွာဘုရားသည် လူဘဝရခဲပုံကို "ကာဏကစ္ဆပေါပမ"သုတ္တန်ဒေသနာတော်, နခသိခသုတ္တန်ဒေသနာတော် စသည်တို့ဖြင့် လူဘဝရခဲပုံကို အမျိုးမျိုးသတိပြုဘို့ ဟောပြတော်မူခဲ့ပါတယ်။

နှိုင်းယှဉ်ပြီးတခုပြလိုတာက-အနန္တလောကဓာတ်မှာရှိတဲ့ လူတွေကိုတော့ ထားလိုက်ပါဦးတော့၊ ဇမ္ဗူဒီပါ လကျ်ာတောင်ကျွန်းဟာ ယူဇနာပေါင်း တသောင်းကျယ်တယ်တဲ့၊ တောနေသုံးထောင်, လူနေသုံးထောင်, ရေနေလေးထောင်လို့ ပိုင်းခြားလိုက်တော့ လူနေရာအရပ်မြေဟာ ယူဇနာသုံးထောင်သာရှိပေတယ်၊ ထိုသုံးထောင်မှာလဲ မျက်မြင်အားဖြင့် ကြည့်ကြစမ်း၊ မြို့-ရွာတည်ထောင်ပြီးတော့ အိမ်-ကျောင်း-တိုက်တာ ရှိတဲ့နေရာမှာသာ လူတွေကို မြင်ရ-တွေ့ရတယ်၊လွင်တီးခေါင် လေဟာပြင် တောတောင်

ဖြစ်နေတဲ့ နေရာတွေမှာ လူမရှိကြဘူးဆိုတာ အားလုံးအသိပေါ့၊ လူနေသုံးထောင်ဆိုပေတဲ့ ယူဇနာသုံးထောင်လုံး လူမရှိပါဘူး။ လူနေ ပိုင်းခြားထားတဲ့ ယူဇနာသုံးထောင်ပတ်ဝန်းကျင်ရှိသမျှ ဘယ်နေရာမှာမဆို မြေကိုလှန်ပြီး ကြည့်ကြစမ်း၊ တိရစ္ဆာန် မရှိတဲ့နေရာဟူ၍ မရှိပါဘူး။ သို့ဖြစ်၍-အကျယ်ခဲ့ပြီး ပြောနေဘို့ မလိုပါဘူး၊ အင်မတန်များတဲ့ တိရစ္ဆာန်တွေနဲ့ နှိုင်းစာပြီး ကြည့်ကြရင် လူတွေများတယ်ဆိုတာက မပြောသင့်တဲ့ အရာတောင် ဖြစ်မနေဘူးလား။ အဲတာက လူနေသုံးထောင် လောက်ကိုသာ ပြောပြတာဖြစ်တယ်။ တောနေ-ရေနေ အရပ်တွေမှာရှိတဲ့ သတ္တဝါအနန္တတွေနဲ့ နှိုင်းယှဉ်တိုင်းတာကြည့်ကြရင် လူ့ပြည်မှာ လူဖြစ်ရခြင်းဟာ လူအဖြစ်နည်းတဲ့အတွက် ရခဲတဲ့ဒုလ္လဘအဖြစ် ထင်ရှားလာတာပေါ့။ ထို့ကြောင့်-"ဒုလ္လဘော မနုဿတ္တ ပဋိလာဘော"ဆိုတဲ့ မြတ်စွာဘုရားသတိပေးတော်မူချက်ကို စဉ်းစားကြပြီး လူဘဝ၌ လူဖြစ်ရခြင်းသဘော ရခဲပုံကို သတိထားကြရာ ဟောပြောရခြင်းဖြစ်ပေတယ်။

တတိယ-ဒုလ္လဘသဘောကို နာယူကြပေဦးတော့....

ဘိက္ခဝေ ၊ချစ်သားရဟန်းတို့။ လောကသို့ ၊ လောကသုံးသွယ် ဘုံသုံးနယ်၌။ သဒ္ဓါသမ္ပတ္တိ၊ ရတနာသုံးပါးဂုဏ်ကို ယုံကြည်တဲ့သဒ္ဓါတရားနှင့် ပြည့်စုံရခြင်းသည်။ ဒုလ္လဘာ၊ ရခဲစွာလှ ဒုလ္လဘကြီး တခုပါပေတည်း။

မြတ်စွာဘုရားသခင်သည် ဤဒေသနာတော်ဖြင့် သဒ္ဓါတရားနှင့် ပြည့်စုံဘို့ဆိုတာလဲ ရခဲပုံကို သတိပေး ဆုံးမတော်မူပါတယ်။ ဤဒေသနာတော်အရ သဒ္ဓါသမ္ပတ္တိ ခေါ်သင့်တဲ့ အရာကတော့ "သဒ္ဓေယျဝတ္ထု ပဒဋ္ဌာန" ဆိုတဲ့ ဒေသနာတော်အတိုင်း ယုံကြည်အပ် - ယုံကြည် ထိုက်တဲ့ ရတနာသုံးတန် ကံ-ကံ၏ အကျိုးကို ယုံကြည်တဲ့ သဒ္ဓါမျိုးနဲ့ ပြည့်စုံမှသာ သဒ္ဓါသမ္ပတ္တိ ခေါ်ရပါတယ်။မြင်မြင်သမျှကိုယုံကြည်ခြင်းဟာ သဒ္ဓါသမ္ပတ္တိ မဖြစ်နိုင် ပါဘူး။ မှားယွင်းသောအယူရှိတဲ့ မိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ်များ၊ သူတို့၏ ဆရာဒိဋ္ဌိတို့ကို ယုံကြည်တဲ့သဒ္ဓါမျိုးက မုဒ္ဓပသန္နသဒ္ဓါလို့ ခေါ်ဆိုရတယ်။ တရားကိုယ်ကတော့ "မောဟ"ကို ကောက်ယူရမယ်။ အစစ်အမှန်ဖြစ်တဲ့ "သဒ္ဓါစေတသိက်"ကို မကောက်ယူရပေဘူး။ ဘယ်ကြောင့်ပါလဲဆိုတော့ ယုံကြည်အပ်တဲ့ သဒ္ဓေယျဝတ္ထု မဟုတ်တဲ့အတွက် ဆိုတာ နက်နက် - နဲနဲ စဉ်းစားကြည့်မှ အသိဉာဏ်ထင်ရှားကြပါလိမ့်မယ်။

ယုံကြည်ထိုက်တဲ့ ရတနာသုံးတန် ကံ-ကံ၏အကျိုးကို ယုံကြည်ခြင်းနှင့်ပြည့်စုံတဲ့ သဒ္ဓါသမ္ပတ္တိဂုဏ်ဟာ လောကမှာအလွန်နည်းပါးကြပါတယ်။ ရတနာသုံးတန် ကံ-ကံ၏အကျိုးကို ယုံကြည်အားကိုးနိုင်အောင် အသိဉာဏ်ပေးနေတဲ့ ဗုဒ္ဓသာသနခေတ်ကြီးမှာ ကြုံပြီးနေပါလျက် အမြင်မှန်မရတဲ့သူတွေ၊ ထို့ပြင်လဲ ရပ်ပစ်ရှစ်ပါးထဲမှာ ပါဝင်ပြီးတော့ ဗုဒ္ဓသာသနာတော်နဲ့ဝေးတဲ့ပုဂ္ဂိုလ်တွေ၊ အဲဒီပုဂ္ဂိုလ်မျိုးတွေက အလွန်များနေတဲ့အတွက် သဒ္ဓါသမ္ပတ္တိဂုဏ်ကို မရကြပေဘူး။ ထို့ကြောင့်-ဘုန်းတော်သခင်သဗ္ဗညုဘုရားရှင်က "ချစ်သားတို့....မှန်ကန်တဲ့ သဒ္ဓါတရားနဲ့ပြည့်စုံဘို့ဟာ အလွန်ရခဲတယ်။ မမေ့ကြနဲ့ သတိပြုကြ" လို့ အထပ်ထပ်သတိပေးတော်မူခဲ့ပါတယ်။

စတုတ္ထ-ဒုလ္လဘတရားကို မှတ်သားကြပေဦးတော့....

ဘိက္ခဝေ၊ချစ်သားရဟန်းတို့။လောကသ္မိံ၊ လောကသုံးသွယ် ဘုံရပ်နယ်၌။ ပဗ္ဗဇ္ဇာ၊ ရှင်အဖြစ်-ရဟန်းအဖြစ်သည်။ ဒုလ္လဘာ၊ ရနိုင်ခဲလှ ဒုလ္လဘကြီးတခုပေတည်း။ ချစ်သားတို့ ရှင်အဖြစ်-ရဟန်းအဖြစ်ဆိုတာ ဖြစ်ခဲ-ရခဲတဲ့ ဒုလ္လဘကြီးတခု ဖြစ်တယ် - မမေ့ကြနဲ့။ သဘိကင်းလွတ်ပြီး မနေကြနဲ့လို့ ထပ်ခါ-ထပ်ခါ သတိပေးတော်မူပါတယ်။

ရဟန်းအဖြစ် ရခဲပုံကို ပုံစံထုတ်ပြီးကြည့်ကြရင်- ဘုရားအလောင်းတော်မြတ်သည် ဘုရားဖြစ်ဘို့ရာ ပါရမီတော်တွေကို ဖြည့်ကျင့်တော်မူနေရတဲ့ ကာလအပိုင်းအခြားဟာ "နိယတဗျာဒိတ်တော်" ရပြီးတဲ့နောက် လေးသင်္ချေနှင့်ကမ္ဘာတသိန်းကာလပတ်လုံးဖြစ်ပေတယ်။အဲဒီအရေအတွက်ဟာ ကမ္ဘာပေါင်းကိုသာ ရေတွက်ပြီး ပြခဲ့တာဖြစ်တယ်။ ဘဝပေါင်းကတော့ ရေတွက်လို့မရနိုင်ဘူး။ ရေတွက်လို့မရအောင် အလွန်များပြားလှတဲ့ ဘဝတွေထဲမှာ ကိုးဘဝလောက်သာ ရဟန်းအဖြစ်ကို ရခဲ့ပါတယ်တဲ့။ အဲဒီအလောင်းတော်မြတ်ဖြစ်ပုံကို စဉ်းစားကြည့်ရင် ရဟန်းအဖြစ် ရခဲပုံဟာ ပေါ်လွင်တော့တာပေါ့။

တကြောင်းကတော့ ရဟန်းပြုရတဲ့ကိစ္စကစောင့်ထိန်းရမဲ့ သိက္ခာပုဒ်တွေကို ထားလိုက်ပါဦးတော့ "နိက္ခမ" သဘောနဲ့ မိမိအိမ်က ထွက်ခွာဘို့ပင်လျှင် အလွန်ခဲယဉ်းကြပေတယ်။ ရဟန်းပြုပြီးရင် သားမယားတွေ ဥစ္စာပစ္စည်းတွေနဲ့ကွဲပြီးတော့ အိမ်မှာမနေရတော့ဘူး၊ ကျောင်း, ကန်, ဘုရားအစရှိတဲ့ သံယောဇဉ်လွတ်ကင်းရာမှာ ထွက်ခွာပြီး နေကြရပေတယ်။ အဲဒါ

ကြောင့် သိက္ခာပုဒ်တွေ စောင့်စည်းဘို့ကို ထားဦးတော့ အိမ်ကထွက်ခွာပြီး နေဘို့ပင် အလွန်ခဲယဉ်းမနေဘူးလား။ ရဟန်းပြုတယ်ဆိုတဲ့ကိစ္စဟာ "နိက္ခမ ပါရမီ"ဖြည့်ရခြင်းတမျိုးဘဲ။ ကုဋေ့ပေါင်း ကိုးထောင်ကျော်ရှိတဲ့သိက္ခာပုဒ် တော်များကို စောင့်စည်းနေရမဲ့ကိစ္စကို တွေးတောကြည့်ရင်တော့ သာပြီး ရဟန်းပြုဘို့ ခဲယဉ်းတော့မှာပေါ့။ ထို့ကြောင့် ပဗ္ဗဇိတဘာဝ-ဒုလ္လဘဟာ အလွန်ဖြစ်နိုင်ခဲတဲ့ ဒုလ္လဘဆိုတာကို သတိပြုကြပေတော့။

ပဉ္စမ-ဒုလ္လဘကို မှတ်သားကြပေဦးတော့....

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ လောကသ္မိံ၊ လောကသုံးသွယ် ဘုံရပ်နယ်၌။ သဒ္ဓမ္မသဝနံ၊ သူတော်ကောင်းတို့၏တရားကို ကြားနာရခြင်း သည်။ ဒုလ္လဘံ၊ ရခဲစွာလှ ဒုလ္လဘကြီးတခုဖြစ်ပေ၏။ ချစ်သားတို့ သူတော် ကောင်းတို့၏တရားတော်များကို ကြားနာရဘို့ဆိုတာ အလွန်တရာ ကြုံခဲ, ရခဲတယ်။ သို့အတွက် မေ့မေ့လျော့လျော့ မနေကြနဲ့လို့ နေ့စဉ် သတိပေး တော်မူပါတယ်။

သူတော်ကောင်းတရား ဆိုတာက မဂ်လေးတန် - ဖိုလ်လေးတန် - နိဗ္ဗာန်ပရိယတ်ဟူ၍ ဆယ်ပါးရှိပါသည်။ အဲဒီဆယ်ပါးထဲမှာ ပရိယတ်လို့ ခေါ်တဲ့ မြတ်စွာဘုရား အဆုံးအမတော်ဟာ အခြေခံ-အရင်းခံဖြစ်ပါတယ်။ ယင်းအခြေခံ ပရိယတ်တရားတော်ရှိမှသာ ပဋိပတ် ကျင့်စဉ် အမှန်ကို သိရ မယ်။ အကျင့်မှန်ကို ကျင့်ကြံမှသာ မဂ်လေးတန် - ဖိုလ်လေးတန် နိဗ္ဗာန်ကို ရခြင်းဆိုတဲ့ ပဋိဝေဓအကျိုးကို ခံစားကြရမယ်။ သို့ဖြစ်၍ ပဋိဝေဓအကျိုး ကို ခံစားရဘို့ကို ထားလိုက်ဦးတော့ အခြေခံ ပရိယတ်တရားတော်ကို နာကြားရဘို့ကိစ္စပင်လျှင် ရခဲ, ကြုံခဲတယ်လို့ မှတ်ကြပါ။

ယခုအခါကတော့ - ဗုဒ္ဓုပ္ပါဒ နဝမခေတ်မှာ ကြုံနေကြတော့ ဓမ္မ ဒေသကပုဂ္ဂိုလ်တွေက အနှံ့အပြား တရားပွဲကြီးတွေဆင်ယင်ပြီး ဟောကြ- ပြောကြပေတယ်။ ကိစ္စကြီးငယ်ဟူသမျှမှာလဲ တရားတော်ကို အနဲ-အများ ဆိုသလို ကြားနာနေကြရတော့ သူတော်ကောင်းတရား ကြားနာရခြင်း ဟာ ရခဲတယ်ဆိုတဲ့စကားကို ယုံချင်မှ ယုံကြလိမ့်မယ်။ မယုံမရှိကြလေနဲ့ မင်္ဂလာတရားတော်ကို မကြားရ-မနာရမိက မင်္ဂလ-ကောလာဟလ အဖြစ်နဲ့ တဆယ့်နှစ်နှစ်တိုင်တိုင် ထင်မိထင်ရာ ယူဆနေကြတယ်ဆိုတာ ဘယ်ကြောင့် ပါလဲဆိုတော့ သူတော်ကောင်းတရားအစစ်ကို မနာကြရလို့ပေါ့။

ခေတ်—၁၉

"ဓမ္မသုန္ဒရ-မင်းကြီး"ဟာ အသပြာတထောင်ထုပ်ကို ဆင်ပေါ်မှာတင်ပြီးတော့ "လေးပါဒလောက်ရှိတဲ့ ဘုရား-တရားတော်ကို ဟောကြားနိုင်လျှင် ဤအသပြာတထောင်ဖြင့် ပူဇော်မယ်"လို့ လှည့်လည်ပြီးတော့ တရားဟောတက်တဲ့ ဓမ္မကထိက ပုဂ္ဂိုလ် ရှာဖွေရသတဲ့။ ထို့ကြောင့် သူတော်ကောင်းတရားတော်ကို ကြားနာဘို့ရာဟာ အလွန်ကြုံခဲ-တွေ့ခဲတာဖြစ်လို့ "သဒ္ဓမ္မ-သဝန-ဒုလ္လဘ" ကို သတိပြုကြ၊ မမေ့ကြနဲ့လို့ မြတ်စွာဘုရား ဩဝါဒပေးတော်မူပါတယ်။

ယခုဟောခဲ့တဲ့ တရားအစဉ်ဖြင့် အလွန်အရေးကြီးတဲ့သဘောရှိတဲ့အတွက် လေးလေးနက်နက်သတိပြုကြဘို့ သဘောပေးသောအားဖြင့် မြတ်စွာဘုရားသည် နေ့စဉ်-နေ့တိုင်း တပည့်ရဟန်းတော်များအား ဟောကြားတော်မူတဲ့ ဒုလ္လဘတရားငါးပါးကို အမြဲနှလုံးသွင်းကြပါလို့ တိုက်တွန်းခဲ့ပါတယ်။

ရခဲ - ကြုံခဲတဲ့ ဒုလ္လဘတရားငါးပါးကို ကြားနာ သိမှတ်ကြရပြီးတဲ့နောက် - ယနေ့ ယခု အားထုတ် ပြုလုပ်ကြတဲ့ "ပဗ္ဗဇ္ဇ-မင်္ဂလာ၊ ဥပသမ္ပဒ-မင်္ဂလာ"ကိစ္စကို အကျိုးအကြောင်းဆက်စပ်ပြီး ဟောပြောရသေးတာပေါ့ အာရုံပြုပြီး သိမှတ်ကြပါ။

ဗုဒ္ဓသာသနာဝင် တလျှောက်လုံးမှာ ဆရာသမား၊ မိဘ-ဘိုးဘွားအဆက်ဆက်က အရွယ်ရောက်ပြီးလာကြတဲ့ မိမိတို့၏သားငယ်ကလေးများအား သာသနာ့ဘောင်သို့ သွတ်သွင်းပြီး "ရှင်"အဖြစ်ဖြင့် ချီးမြှောက်လို့ ရှင်ပြုရမယ်လို့ ထုံးစံကြီးတခုပြုပြီး မှတ်တမ်းတင်ထားခဲ့တဲ့ကိစ္စဟာ ဘယ်လို ရည်ရွယ်ချက်ရှိကြလို့လဲလို့ မေးစရာဖြစ်ပေတယ်။ အလွယ်နဲ့ဖြေရင်တော့- "ကုသိုလ်ရအောင်လို့ပေါ့..."လို့ ဖြေကြမှာပေါ့။ ရှေ့နောက် ဆင်ခြင်ပြီး ဉာဏ်ယှဉ်၍ ကြည့်ကြရမယ်၊ ပေါ့ပေါ့ကလေးပြောလို့ မဖြစ်ဘူး။ စတည်ပြီး ဟောပြခဲ့ဘဲ့ ဒုလ္လဘငါးပါးရှိတဲ့အရာမှာ....

(၁) ဗုဒ္ဓုပ္ပါဒ နဝမ ခေတ်မှာ ကြုံနေကြရတော့ ရခဲတဲ့ ဗုဒ္ဓုပ္ပါဒ ဒုလ္လဘ တပါးကို ရနေကြရပြီ။

(၂) ရခဲ-ကြုံခဲတဲ့ မနုဿတ္တ ဒုလ္လဘကိုလဲ ရနေကြရပြီ။

(၃) မိဘ-ဘိုးဘွားက ဆင်းသက်ပြီး ရတနာသုံးပါးကို ယုံကြည်စွာ အဆက်ဆက် ကိုးကွယ်ခဲ့ကြ တဲ့အတိုင်း သဒ္ဓါသမ္ပတ္တိ-ဒုလ္လဘလဲ ရနေကြရပြီ။

(၄) သာသနာတွင်းအခါဖြစ်တဲ့အတိုင်း တရားတော်ကိုလဲမကြာမကြာ နာကြရတော့ သဒ္ဓမ္မသဝန-ဒုလ္လဘကိုလဲ ရနေကြရပြီ။

ယခုပြခဲ့တဲ့ ဒုလ္လဘလေးပါးကတော့ အတိတ်-ကံဟုန်က အထောက်အပံ့ စုံခဲ့ကြတဲ့အတိုင်း အထူး အားမထုတ်ရဘဲနဲ့ ပြည့်စုံ ကြရပုံကတော့ ထင်ရှားနေပြီပေါ့။ရှင်ရဟန်းအဖြစ်ဆိုတဲ့ ''ပဗ္ဗဇိတဘာဝ ဒုလ္လဘ'' အဖြစ်ကို ရအောင်တော့ အား ထုတ် ဆည်း ပူး အ ထူး ပြု လုပ်မှ ဖြစ်နိုင်တာဖြစ်သို့-ပဗ္ဗဇိတ-ဒုလ္လဘကို ရကြပြီး ဒုလ္လဘငါးမျိုး အကျိုးခံစားခွင့် စုံသွားအောင် ဆရာစဉ် သမားဆက် မိဘ-ဘိုးဘွားလက်ထက်က အထူးတလည် စီမံကိန်း ချပြီး မလုပ်မနေရတဲ့ ကိစ္စကြီးအဖြစ်နဲ့ စီမံတော်မူသွားကြတယ်လို့ သိမှတ်ကြရမယ်။

ဘုန်းကြီးများကတော့ သတိရသည်ထက်ရအောင် ထပ်ပြီး သတိပေးရခြင်းသာ ဖြစ်ပါတယ်။ ဗုဒ္ဓဘာသာဝင်ဖြစ်တဲ့ ပုဂ္ဂိုလ် တွေ က တော့ ဒီစီမံကိန်းကို အရိုးစွဲနေသလောက် လေးစားကြတယ်လို့ယုံကြည်ပါတယ်။ ဘယ်ကြောင့်ပါလဲဆိုတော့ ဗုဒ္ဓဘာသာဝင်တို့သန္တာန်မှာ သားယောကျ်ားကလေး မွေးဖွားလာတယ်ဆိုရင်ဘဲ ငါတို့သားကလေး ကြီးပြင်းပြီး အရွယ် ရောက်လာရင် ရှင်ပြုရမယ်လို့ ဝမ်းမြောက်တဲ့စကား မပြတ် ကြားနေရပါတယ်။ အဲတာလို အ ရိုး စွဲ နေ တဲ့ ပဗ္ဗဇိတ-မင်္ဂလာ ပြုစရာထုံးစံ မှန်ကန်တဲ့ လမ်းစဉ်ကို တည်ထွင်သွားကြတဲ့ ဆရာ သမား-ဘိုးဘွား-မိဘတို့အား အထူး ကျေးဇူးတင်ဆိုက်ပါတယ်ဟူ၍ ဤတရားပွဲကနေပြီး သာသနာဝင်စာတမ်း တင်ကြရမှာပေါ့။

ယခုဟောပြောခဲ့တဲ့ တရားအစဉ်ဖြင့် ငါတို့၏ သားမြေးများအား ဒုလ္လဘအကျိုးငါးမျိုးစုံအောင်ဟောကာပြသည့် ဩဝါဒတရားအကြောင်းကို ကောင်းကောင်းချည်း နားလည်ကြရပြီ။ ပြည့်စုံအောင်လဲ အားထုတ်ရပေပြီ။ သို့အတွက် ငါတို့ အလှူရှင်များသန္တာန်မှာလဲ ''ကလျာဏကာရီ-ကလျာဏံ'' မိန့်တော်သံအတိုင်း ကောင်းမှုပြု ကုသလစေတနာတို့ကြောင့် မှန်စွာပင် ဆုပြည့်စုံ ပြီးလျှင် သုဂတိဘုံ အဆင့်ဆင့်က မြင့် သည် ထက် မြင့်အောင်လှမ်းပြီး အထက်နန်းအမတာဘုံသို့ ခိုလှုံရပါစေဟူ၍ ပတ္ထနာဆုပြုကြပေတော့။

(ဤမျှဖြင့် တရားအဆုံးသတ်ပြီးလျှင် တပိုင်းဖြတ်လိုက ဖြတ်နိုင်ပေသည်။ အချိန်ရ၍ ဟောပြော သင့်သည်ထင်က အောက်ပါဒေသနာကိုဆက်လက်ဟောပြောနိုင်ကြသည်။)

မြတ်စွာဘုရားအလောင်းတော်သည် မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ကဆုန်လပြည့်နေ့ နေမဝင်မီ "ဒေဝပုတ္တမာရ်"ကို အောင်တော်မူပြီးသည်နောက် ညဥ့်ဦးယံ၌ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်,သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ်,မိုးသောက်ယံဝယ် အာသဝက္ခယဉာဏ်ကိုရတော်မူ၍ ဘုရားအဖြစ်သို့ရောက်တော်မူပြီးလျှင် - ဒေသစာရီ ကြွချီမပျက် အဆက်ဆက် ဓမ္မောဇကို ဟောပြခြေချွတ်တော်မူရင်း ဗိမ္ဗိသာရမင်း၏ဌာန "ရာဇဂဟ" ခေါ်တဲ့ ရာဇဂြိုဟ်ပြည်မှန် ဝေဠုဝန်ကျောင်းတော်ကြီး၌ သီတင်းသုံး စမွယ်လျက်ရှိပေတယ်။

ဘုရားခမည်းတော် သုဒ္ဓေါဓနမင်းမြတ်သည် သားတော်မင်းမြတ်နန်းရပ်ကခွါသွားကတဲက တတမ်းတတနဲ့ သတင်းစကား ထောင်နားစိုက်တော်မူနေရင်း ဗိမ္ဗိသာရမင်း၏ပြည်ဗဟို ရာဇဂြိုဟ်မှာရောက်နေကြောင်း သတင်းကောင်းကြားရသဖြင့် အဆင့်ဆင့်သော အမတ်တမန်တို့ကို အတန်တန် စေလွှတ်ပြီး ပင့်ခေါ် လျှောက်ထားစေတယ်တဲ့။

ခမည်းတော်မင်းတရား အတန်တန်လျှောက်ထားချက်အရကြောင့် နေရင်းဌာန ကပိလဝတ် ပြည်မသို့ သမ္ဗုဒ္ဓ ရှင်တော်ဘုရား ကြွသွားတော်မူပြီးလျှင် ဆွေရင်းမျိုးရင်း သာကီဝင်မင်းတို့၏ ထန်ပြင်းသော မာန်မာနကို နှိမ်ချခြေချွတ်ခါ အကျွတ်တရားရအောင် ဟောပြပြီး သီတင်းသုံးတော်မူလျက်၊ နှစ်ရက်မြောက်သောနေ့သို့ ရောက်တော်မူတော့....

ညီတော်နန္ဒမင်းသား၏ "ကေသဝိသဇ္ဇနမင်္ဂလာ၊ ပဋ္ဋဗန္ဓန-မင်္ဂလာ၊ ဃရ-မင်္ဂလာ၊ အာဝါဟ-မင်္ဂလာ၊ ဆတ္တ-မင်္ဂလာ" ဟု ဆိုအပ်တဲ့ မင်္ဂလာငါးပါးနဲ့ အခမ်းအနားကြီး အကြီးအကျယ် ကျင်းပတဲ့ အခါတွင်းမှာပင်လျှင် နန္ဒညီတော်ရင်းအား သပိတ်တော်ကို အပ်နှင်းပြီး တော့ ကျောင်းတော်အရောက် ခေါ်ဆောင်သွားပြီးသကာလ လောကုတ္တရာ အမွေအနှစ်ရဟန်းအဖြစ်ဖြင့် ချီးမြှောက်တော်မူလိုက်ပါတယ်တဲ့။

နောက်တကြိမ် ကပိလဝတ်နေပြည်တော်ကြီးမှာ သီတင်းသုံးနေ ယျက် ခုနစ်ရက်မြောက်တဲ့နေ့ကျပြန်တော့ ခမည်းတော်မင်းမြတ်၏"ရဝေ ဆောင်ခမ်း - ဗိမာန်နန်း "၌ စံမြန်းတော်မူနေတဲ့အခါအခိုက်မှာ ရာဟုလာ မယ်တော် ယသော်ဓရာမိဖုရားသည် သားတော်ကလေး ရာဟုလာအား "ချစ်သားရာဟုလာ....ရဟန်းတော်အပေါင်း နှစ်သောင်းခြံရံလျက် ပလ္လင် ထက်မှာ စံနေတဲ့ ဗုဒ္ဓရှင်တော်မြတ်ဟာ သင်ချစ်သားရဲ့ ခမည်းတော်ဘုရား ဖြစ်ပေတယ်။ သင်၏ ခမည်းတော်မြတ်မှာ လေး ရပ် သော ရွှေ အိုး ကြီး၊ အသီးသီးသောရတနာစုံ၊ အဖုံဖုံအစားစား များပြားသောပစ္စည်းဘဏ္ဍာ တွေ ရှိလေရဲ့....။ ငါ့သားတော်သွား ဘုရားထံအနီးအစပ်မှာ ချဉ်းကပ်ပြီး အမွေတောင်းချေ-"လို့ သားတော်ကလေးအား အမွေတောင်းလွှတ်လိုက် ပေတယ်တဲ့။

ရာဟုလာသတို့သားလဲ ခမည်းတော်ဘုရားမြတ်အထံ ဝင်စံချဉ်းကပ် ပြီးတော့ ရွှေငွေဘဏ္ဍာ, ရတနာအပေါင်း ရလိုကြောင်းဖြင့် အမွေတောင်း စကား လျှောက်ထားလိုက်တဲ့အခါကျတော့ ရှင် တော် မြတ် ဘု ရား သည် သားတော်ကလေးအား လှည့်ဖျား သွေးဆောင်ပြီး ကျောင်းတော်ရောက် အောင် ခေါ် သွားတော်မူပြီးလျှင် ကျောင်း တော် သို့ ရောက်တဲ့ အခါကျ တော့- "အော်.... ရင်သွေးသည်းချာ ရာဟုလာကတော့ ရွှေ-ငွေ-တဏ္ဍာ- လောကီရတနာမျိုးကို အလိုရှိပေတယ်။ လော ကီ ရ တ နာ မျိုး ဆိုတာက "ဝဋ္ဋာနုဂတ သဝိဃာတက" ဖြစ်တဲ့အတွက် ဝဋ်ဆင်းရဲက ထွက်မြောက် နိုင်တာမဟုတ်ပေဘူး။ ဗောဓိမဏ္ဍိုင်က စိုး ပိုင် စွာ ငါ ရ ခဲ့ တဲ့ အရိယာတို့၏ ဥစ္စာမျိုးကို ငါဘုရား ချီးမြှောက်မှုတော်မယ်"လို့ဆင်ခြင်တော်မူပြီးလျှင်-

> အထ အာရာမံ ဂန္တွာ အယံ ပိတုသန္တကံ ဓနံ ဣစ္ဆတိ၊ တံ ဝဋ္ဋာနုဂတံ သဝိဃာတကံ၊ ဟန္ဒဿ ဗောဓိမဏ္ဍေ ပဋိလဒ္ဓံ သတ္တဝိဓံ အရိယဓနံ ဒေမိ လောကုတ္တရဒါယဇ္ဇဿ နံ သာမိကံ ကရောမီတိ အာယသ္မန္တံ သာရိပုတ္တံ အာမန္တေသိ။

အထတသ္မိံ ကာလေ၊ ရာဟုလာသတို့သား အမွေစကား လျှောက် ကြားသောထိုအခါ၌။ အာရာမံ၊ စံရာဗိမာန် ကျောင်းအရာမ်သို့။ ဂန္တွာ၊ ရောက်သည်ရှိသော်။ အယံရာဟုလော၊ ဤရင်သွေးသည်းချာ ရာဟုလာ

သည်။ ပိတုသန္တကံ၊ ဘခင်ပိုင်သ အစိုးရသော။ ဓနံ၊ ရွှေငွေဘဏ္ဍာ လောကီ ဥစ္စာမျိုးကို။ ဣစ္ဆတိ၊ အလိုရှိ၏။ တံ၊ ထိုဥစ္စာမျိုးသည်။ ဝဋ္ဋာနုဂတံ၊ သံသရာနှောင်ညွတ် ဝဋ္ဋ်ဒုက္ခအကြိုးဝင်၏။ သဝိဃာတကံ၊ကိုယ်စိတ်ကို ညှဉ်းဆဲသဖြင့် ဆင်းရဲခြင်းနှင့်ဘက်ဖြစ်၏။ ဟန္ဒ၊ ယခု။ အဿ ရာဟုလဿ၊ ငါ့ထံ ရောက်လာ ထိုရာဟုလာအား။ ဗောဓိမဏ္ဍေ၊ ပင်မင်းဗုဒ္ဓဟေ ဗောဓိမ္ဗေက။ ပဋိလဒ္ဓံ၊ အုပ်စိုးပိုင်သ လက်ကိုင်ရခဲ့သော။ သတ္တဝိဓံ၊ ခုနစ်ပါး အပြားရှိသော။ အရိယဓနံ၊ ဘေးရန်ကင်းလတ် သူတော်မြတ်တို့၏ဥစ္စာကို။ ဒေမိ၊ ငါဘုရားပေးတော့အံ့။ နံရာဟုလံ၊ အမွေစကား လျှောက်ထားတောင်းရှာ ရာဟုလာလို။လောကုတ္တရဒါယဇ္ဇဿ၊ လောကုတ္တရာအခမ္မဥစ္စာ၏။သာမိကံ၊ အရှင်ကို။ ကရောမိ၊ ပြုလုပ်တော့အံ့။ ဣတိ၊ ဤသို့စဉ်းစား နှလုံးထား တော်မူ၍။ အာယသ္မန္တံ သာရိပုတ္တံ၊ အရှင်သာရိပုတ္တရာကို။ အာမန္တေသိ၊ ခေါ်ဝေါ်မြွက်ကြား အမိန့်ထားတော်မူ၏။

ဗုဒ္ဓရှင်တော်ဘုရားသည် တလောကလုံးအကျိုးစီးပွား များအောင် နှလုံးထားတော်မူခဲ့တဲ့ မဟာကရုဏာတော်အလျောက် အလွန်မြင့်မြတ်တဲ့ ချီးမြှောက်ခြင်းမျိုးဖြင့်သာ ချီးမြှောက်လိုသော ဆန္ဒရှိတော်မူတဲ့အတိုင်း နန္ဒညီတော်ရင်းကိုဝဋ္ဋ်တွင်းကဆွဲတင်ပြီး တန်းမြင့်အောင်ပို့ဆောင်ခဲ့လေပြီ။ ရွှေရင်တော်ဖွား သတို့သား-ရာဟုလာကိုလဲ ဝဋ်ထဲမှာ မထားတော့ဘဲ မြင့်မားအောင် ဆောင်ထမ်းပြီး အောင်နန်းသို့ ပို့ဆောင်မယ် ဆို တဲ့ အာသီသနဲ့ ဗောဓိမဏ္ဍိုင်ကလက်ကိုင်လက်ဆုပ် အဟုတ်ရခဲ့သော အရိယာတို့၏ ဥစ္စာ ရတနာခုနစ်ပါး တရားအမွေကို ခွဲဝေပေးတော် မူလိုသော အားဖြင့် အရှင်သာရိပုတ္တရာ မထေရ်မြတ်ကို မိန့်ခေါ် အပ်နှင်းတော် မူပြီးလျှင် "ချစ်သား-သာရိပုတ္တရာ သားတော်ရာဟုလာအား ဆံချခေါင်းရိပ် ,သပိတ်ပရိက္ခရာတို့ဖြင့် စုံလင်စွာအသွင်သစ်ဆောင်ပြီးလျှင် ရှင်ဖြစ်အောင် ချီးမြှောက် လိုက်ပေတော့" လို့ အရှင်သာရိပုတ္တရာအား အပ်နှံလိုက်သတဲ့။

ဤသို့ ညွှန်ပြသွားတဲ့ သာကေ စကားအတိုင်း ဘုန်းတော် သခင် ရှင်တော် ဘုရား ထင်ရှားစွာ ကျင့်သုံး သွား တဲ့ ကျင့်ထုံး-ကျင့်နည်း နိဿယည်းကို နည်းမှီပြီးအာရုံပြုကြစမ်း။ ချီးမြှောက်ခြင်းအနုဂ္ဂဟာအရာမှာ ရှင်အဖြစ်-ရဟန်းအဖြစ်နဲ့ ချီးမြှောက်ခြင်းမျိုးကသာ တန်ဘိုးအရှိဆုံးဖြစ်လို့ ဘုရားရှင်လက်သုံးပြုသွားတာပေါ့။

အဲဒီထုံးကို အစွဲကြီးစွဲကပ်ပြီးတော့ ဆရာမြတ်တို့နှင့်တကွ မိဘ, ဘိုးဘွားလူကြီးများလဲ သားကလေးများ အရွယ်ရောက်လာရင် သာသနာ တွင်း ပို့ဆောင်၍ ရှင်ဖြစ်အောင် ပြုရမယ်လို့ လိုက်နာရန်ထုံးတခုကို စီစဉ် ခဲ့ကြတာ ဖြစ်ပေတယ်။ နောင်လာ နောင်သား သားသမီးများက လဲ ဤထုံးကိုလိုက်နာပြီး ကျင့်သုံးကြတဲ့အတွက် "အရိယာဘာဝံ နိဿာယ သမာဒိန္နံ ပဏိတံ" ဆိုတဲ့ ဒေသနာတော်အရ မွန်မြတ်တဲ့ ပဏိတ ကုသိုလ် အလုပ်ကို အားထုတ်ရပြီ။ အားထုတ်ရတဲ့စေတနာအတွက် အဆက်ဆက် မှချ ဥက္ကဋ္ဌအကျိုးကို အမျိုးမျိုး ခံစား ရနိုင်ပြီဟူ၍ ယုံကြည်ကြစေလို ပါတယ်။

သားကလေးများကို ရှင်ပြုချိန်ရောက်ရင် ရှင်ပြုပေးရမယ်။ မပြု မလုပ်ရရင် နေလို့မရအောင် ထုံးစံတခု အတည်ပြုသွားကြတဲ့ ဆရာသမား ဘိုးဘွား,မိဘများအား များစွာကျေးဇူးတင်ကြရမယ်။ ထို့ပြင်လဲ မူလက စတည်ပြီးဟောခဲ့တဲ့ ဒုလ္လဘ ငါးပါးထဲမှာ တမင်္ဂလာအားထုတ်မှုဖြစ်နိုင်တဲ့ ပဗ္ဗဇိတဘာဝ ဒုလ္လဘကို အရကြီးရကြလေအောင် ရှင်ပြုပေးတဲ့ အလုပ်က ဖြည့်စွက်ပြီး ရခဲစွာလှ ဒုလ္လဘငါးပါး ဤတရားကို ဘုရားအလိုတော်ကျ ဤဘဝက စတည်လျက် ဖြည့်စွက်ရတဲ့အတွက် အဆက်ဆက်သော စခန်း သုဂတိ အထက်နန်းမှ တက်လှမ်း ဆုံးရောက် နိဗ္ဗာန် ပေါက်အောင် ကူးမြောက်နိုင်ရပါလို၏ဟူ၍ ဆုတောင်းပတ္ထနာ ပြုကြစေကုန်သတည်း။ ။

ပဥ္စင်းခံ-ရှင်ပြုတရားတော် ပြီး၏။

# စတုတ္ထပိုင်း

★

ဒါန၊ သီလ၊ ဘာဝနာ ကထာသုံးပါးနှင့်

ဆိုင်ရာ-ဆိုင်ရာ တရားတော်များ။

●

## နဝမ ဓမ္မသာမိကဿ

## (၄၂) ဒါန၊ သီလ၊ ဘာဝနာသုံးပါးလုံးနှင့်သက်ဆိုင်သော လိုရာရ တရားချီး

လောက သုံးပါး လုံးမှာ နေထိုင်ကြတဲ့ သတ္တဝါ မှန်သမျှ တို့မှာ အကြောင်းတရားတွေကို အခြေခံတည်ထောင်ကြပြီးတော့ အကျိုးတရားတွေကို ခံစားပြီး နေကြရတယ်။ တာ့ကြောင့် မိမိတို့ နေ့စဉ် - နေ့တိုင်း သုံးဆောင်ခံစားနေရတဲ့ အကျိုးတရားစုမှန်သမျှဟာ အကြောင်းကင်းပြီး မဖြစ်နိုင်ကြဘူး။ အကြောင်းတရားကြောင့်ဖြစ်တယ်လို့ အတိအကျမှတ်ကြရမယ်။

ထို့ကြောင့် "ယေဓမ္မာ ဟေတုပဘဝါ"လို့ ဒေသနာတော်က ညွှန်ပြပေတယ်။

ယေဓမ္မာ၊အကြင်ခပ်သိမ်းကုန်သော သင်္ခါရတရားမှန်သမျှတို့သည်။ ဟေတုပဘဝါ၊ အကြောင်းတရားသာ အမှန်အစဖြစ်ကုန်၏။ အကြောင်းတရားကစပြီး ဖြစ်ရတာဆိုတော့ အကြောင်းတရားဟာ အခြေခံ အရင်းခံ အစစ်ဖြစ်ရတာပေါ့။ ၎င်းအခြေခံ အကြောင်းတရားဟာလဲ ကောင်းတဲ့ အကြောင်းဖြစ်တဲ့ကုသိုလ်တရား၊ မကောင်းတဲ့အကြောင်းဖြစ်တဲ့အကုသိုလ်တရား ဒီနှစ်မျိုးသာရှိပေတယ်။

အဲဒါလိုမူလအကြောင်းနှစ်မျိုးရှိတဲ့အနက်"ပါပသ္မိံ ရမတိ မနော" လို့ မိန့်ဆိုတဲ့အတိုင်း သတ္တဝါတွေရဲ့စိတ်ဟာ မကောင်းတဲ့အကုသိုလ် အရာမှာသာ မွေ့လျော်တာ လိုက်စားတာက များနေကြပါတယ်။ အဲဒါလို အကုသိုလ် အကြောင်းတွေကိုအားထုတ် ကျင့်ကြံဟာက များနေကြတော့ "သင်္ခါရပစ္စယာ ဝိညာဏံ" ဆိုတဲ့ အတိုင်း အကုသိုလ် အကြောင်း သင်္ခါရ ကြောင့် ဒုဂ္ဂတိ ဘုံဘဝ တွေမှာ အကုသလ ဝိပါက် ပဋိသန္ဓေ ဝိညာဉ်တွေ ရကြပြီးအကုသိုလ်အကျိုးတွေကို ခံစားနေကြရတဲ့ သတ္တဝါတွေကများနေကြရတာပေါ့။ အဝီစိ ငရဲကြီးမှာ မီးလျှံနဲ့သတ္တဝါတွေဟာ အကြားအလပ် မရှိအောင် ထိစပ်နေကြလို့ အဝီစိလို့ခေါ်ရသတဲ့။ မျက်မြင် ထင်ရှားတဲ့ အရာကိုပြရလျှင် မိမိတို့မြင်သလောက်မျက်စေ့အောက်ဘွင်ဘဲ လူနဲ့တိရစ္ဆာန်

ခေတ်—၂၀

တွေ့ဟာ ဘယ်သူကမျှားနေကြသလဲ။ အဲဒါထင်ရှားတဲ့သာဓကပေါ့။ ဒီလို အကုသိုလ် ဘက်ကသာ လိုက်စားတာ များနေကြတော့ အကုသိုလ်ထက် ကုသိုလ်က အလုပ်ခက်နေကြတာပေါ့။

နောက်ပြီး ကုသိုလ် ဆိုတဲ့ ကောင်းတဲ့ ဘက်က ကြည့်ကြ အုံးစို့။ ကုသိုလ် အကြောင်းဟာ ဒါန, သီလ, ဘာဝနာ ရယ်လို့ အကြောင်း သုံးမျိုး တွေ့ရတယ်။ အဲဒီသုံးမျိုးထဲမှာလဲဒါနက ရှေးဦးစွာအလုပ်ခက်တဲ့တရားဘဲ။ ဒါနထက် သီလက ခက်ပြန်တယ်။ သီလထက် ,ဘာဝနာက ပိုပြီး ခက်ပြန်သတဲ့။

ဒါနခက်ပုံကိုဝေဘန်ပြီး ပြရသေးတာပေါ့။ "ဒါနဉ္စ ယုဒ္ဓဉ္စ သမာန မာဟု" လို့ ကျမ်းဂန်က မိန့် ဆိုထားတယ်။ ဒါနဉ္စ၊ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းဆိုတဲ့ ဒါနတရားသည်၎င်း။ ယုဒ္ဓဉ္စ၊ရန်သူနှင့်ယှဉ်ပြိုင်ပြီး အနိုင် ယူကာ စစ်တိုက်ရခြင်းသည်၎င်း။ သမာနံ၊အလုပ်သဘောအားဖြင့် တူညီ ကြ၏ဟူ၍ ။အာဟု၊မိန့်ဆိုကြကုန်ပြီ။

အလှူဒါနပြုလုပ်ရတာနဲ့စစ်တိုက်ရတဲ့ ကိစ္စနဲ့ သဘောအားဖြင့် တူပါ တယ်တဲ့။ ဘယ်လိုတူသလဲ ဆိုတော့ တဘက်သောရန်သူကို အနိုင်ရအောင် စစ်တိုက်ရသလို၊ဒါနဟာလဲ မစ္ဆေရနဲ့ပမာဒဆိုတဲ့တရားတွေကို နိုင်အောင် တိုက်ရသေးတယ်။ အဲဒီ တရားနှစ်ပါးကိုနိုင်မှ ဒါနအလုပ်အောင်မြင်ခြင်း ဖြစ်ပါတယ်။

မစ္ဆေရာစ ပမာဒါစ၊
ဧဝံ ဒါနံ န ဒီယတိ။
ပုညံ အာကင်္ခမာနေန၊
ဒေယျံ ဟောတိ ဝိဇာနတာ။ ။

မစ္ဆေရာစ၊ မိစ္ဆာရစ်ကွေး မစ္ဆရိယတည်း ဟူသော အညစ်အကြေး တို့၎င်း။ ပမာဒါစ၊ စိတ်သားလွန့်ပေါ့ မေ့လျော့ခြင်း ဆိုတဲ့ ပမာဒတရား တို့၎င်း။ ဧဝံ၊ဤသို့နှစ်စားနှစ်ပါးသော နှောက်ယှက်မှုတို့ကြောင့်။ ဒါနံ၊ အလှူဒါနကို။ နဒီယတိ၊မပေးမလှူဖြစ်ကြပေ။ ပုညံ၊ကောင်းမှုကုသိုလ်ကို။ အာကင်္ခမာနေန၊ တောင့်တခင်မင် လိုချင်သောစိတ်ရှိသော။ ဝိဇာနတာ၊ ပညာရှိသောသူသည်။ ဒါနံ၊ စွန့်ကြဲပေးကမ်း လှူဒါန်းစာဂ မြတ်ဒါနကို။ ဒေယျံ၊ ပေးလှူသင့်တော့သည်သာလျှင်တည်း။

ဤဒေသနာတော်အရ မစ္ဆေရနဲ့ပမာဒဟာ ဒါနကုသိုလ်ရဲ့ရန်သူတွေဘဲလို့ သိရတာဖြစ်တော့ ဒါနကုသိုလ် အထမြောက်အောင် ၎င်းရန်သူတွေကို နိုင်အောင် တိုက်နိုင်မှ အထမြောက် ပါလိမ့်မယ်။ တာ့ကြောင့် "ဒါနနဲ့ယုဒ္ဓ" နှစ်ပါးဟာ သဘောသွား အတူတူဖြစ်တဲ့အတွက် "ဒါနဉ္စ ယုဒ္ဓဉ္စ သမာန မာဟု" လို့ မိန့်ဆိုထားတာပေါ့။ ယခုဟောခဲ့တဲ့အကျဉ်းမျှ လောက်သော ဒေသနာတော်ဖြင့် ဒါနကုသိုလ်အထမြောက်ဘို့ခဲယဉ်းပုံကို သိကြ,မှတ်ကြရမယ်။

တဖန် ဒါနထက် သီလ ခက်ပြန်သတဲ့။ ဘယ်ပုံဘယ်နည်းနဲ့ ဘယ်လို ခက်ပြန်သလဲလို့ ရှင်းလင်းဘို့လိုသေးတာပေါ့။ သိနောတိ စိတ္တံ စေတနာတိ သီလံ။ စေတန၊ထိုပဋိပတ်အကျင့်မြတ်ဖြင့်။စိတ္တံ၊စိတ်ကို။ သိနောတိဗန္ဓတိ၊ ချုပ်နှောင် တားဆီးထားတတ်၏။ ဣတိ၊ထို့ကြောင့်။ သီလံ၊ သီလမည်၏။ မကောင်းတဲ့ဘက်ကိုမရောက်အောင်စိတ်ကိုချုပ်နှောင်တားဆီးပေးတတ်တဲ့ အကျင့်ကို သီလလို့ခေါ်သတဲ့။

မကောင်းတဲ့ ဘက်ကိုသာ ဆွဲဆောင်သွားတတ်တဲ့ စိတ်ကလေးကို မဟုတ်တဲ့ဘက်ကို မရောက်အောင် မကောင်းတာမကြံမိအောင် မတွေး မိအောင် ဆွဲဆောင်ချုပ်တည်းထိန်းပေးတဲ့သူ ရှိရလိမ့်မယ်။ အဲဒါလိုစိတ်ကို ချုပ်ထိန်းနိုင်တဲ့တရားကို ရှာလိုက်တော့ တခြားဟာမဟုတ်ဘူး။ ဟောဒီ သီလဆိုတာကိုလာပြီး တွေ့ရတယ်။

သီလတည်းဟူသော အစောင့်တရား အထိန်းတရားရှိမှစိတ်ငြိမ်တယ် မကောင်းတဲ့အရာကို မကြံစည်မိဘူး။ မကောင်းတာကို မကြံမိတော့ မကောင်းတာကို မလုပ်ဖြစ်တော့ဘူး။ ကောင်းတဲ့ကာယကံ,ဝစီကံတွေသာ အထမြောက်ပြီး ကောင်းကျိုး ချမ်းသာတွေသာ တိုးတက်ဘို့ ရှိပါတယ်။

ထိုမှတပါးလဲ ကောင်းမှုကုသိုလ်တရား၏အစဟာ ဘယ်တရားပါလဲ လို့ စိစစ်ရှာဖွေကြည့်ကြရင် "ကောစာဒိ ကုသလာနံ ဓမ္မာနံ၊သီလဉ္စ သုဝိသုဒ္ဓံ။ ကုလလာနံ ဓမ္မာနံ၊ ကုသိုလ်တရားတို့၏။ အာဒိ၊အစသည်။ ကော၊အဘယ် တရားနည်း။ သုဝိသုဒ္ဓံ၊ အလွန်စင်ကြယ်သော။ သီလံ၊ သီလအကျင့်တည်း" ဤသို့ ဟောတော်မူတဲ့ ဒေသနာတော်အရ သီလ စေတနာဟာ ကုသိုလ် ဖြစ်ဘို့ရာ ကောင်းမှုကုသိုလ်တရားတို့ရဲ့ အာဒိအစဖြစ်ပါသတဲ့။ ထို့ကြောင့်

အဘယ်သို့သော ကုသိုလ်မှုကို အားထုတ်ကြသည်ဖြစ်စေ၊ ရှေးဦးစွာ သီလ သိက္ခာပုဒ်များကို ခံယူဆောက်တည်၍ ပြုလုပ်တဲ့ အာဒိကလျာဏသဘော ရှိတဲ့အတွက် ဆရာစဉ်သမားဆက် ဗုဒ္ဓဘာသာ လူကြီးမိဘ အဆက်ဆက် တို့ဟာ ဒါနမှုကိုဖြစ်စေ၊ သီလမှုကိုဖြစ်စေ၊ ဘာဝနာမှုကိုဖြစ်စေ အားထုတ် ကြတဲ့အခါ ရှေးဦးစွာသီလခံယူဆောက်တည်ရေးကို ဦးစားပေးပြီး ကျင့်ကြံ အားထုတ်ဘို့ နည်းလမ်း ပေးခဲ့ကြပါတယ်။

အဲဒီလို သီလအလုပ်ဟာ အင်မတန် အပြောင်းအလဲ လျင်မြန်တဲ့ စိတ်ကို ထိန်းချုပ်ပေးရတဲ့ တာဝန်ကြီးကို ဆောင်ရွက်ရတာ ဖြစ်တော့ ဒါနထက် သီလကခက်တယ်လို့ ဆိုရတာပေါ့။ ပိုက်ဆံကြေးငွေ ပြည့်စုံလို့ အင်မတန်ကြီးကျယ်တဲ့ အလှူကြီးအတန်းကြီးတွေ ပြုရင်သာပြုနိုင်ကြမယ်၊ တနေ့ တရက်လောက် သီလစောင့်ထိန်းဘို့ ဆိုတာ ခဲယဉ်းတဲ့ အဖြစ်ကို မျက်မြင်ဘဲကြည့်ကြတော့၊ မှန်းခြေအားဖြင့် ပြောရမယ်ဆိုရင် ဥပုသ်နေ့ များမှာ ဥပုသ်စောင့်တဲ့သူဟာ ရာခိုင်နှုန်းတစ်လောက်တောင် ရှိမယ်မထင် ပါ။ အဲဒါဘဲကြည့်ကြတော့ ဒါနထက်သီလခက်ပုံပါဘဲ။

သီလထက်ဘာဝနာခက်ပုံကို ကြည့်ကြဦးစို့။ ဘာဝနာဆိုတာက ကုသိုလ်တရားတွေ တိုးပွားမြင့်တက်လာအောင် ပြုလုပ်ရတဲ့ လုပ်ငန်းဘဲ။ အဲဒီဘာဝနာကုသိုလ် ဖြစ်ဘို့ဆိုတာ ပိုက်ဆံတပြားမှ အရင်းမစိုက်ရဘဲနဲ့ ရနိုင်တဲ့ကုသိုလ်ဖြစ်ပါတယ်။ ဒီလိုခဲရာခက်ဆစ်အရင်းငွေတည်ပြီး အားထုတ် ရတာမဟုတ်သော်လဲ...

"ဖန္ဒနံ စပလံ စိတ္တံ၊ ဒုရက္ခံ ဒုန္နိဝါရယံ။ ဖန္ဒနံ၊ရူပါရုံ စသည်တို့၌ တုန်လှုပ်ထသော။ စပလံ၊ လျှပ်ပေါ် လော်လီ ထသော။ ဒုရက္ခံ၊ သမထ ဝိပဿနာတည်အောင် စောင့်နိုင်ခဲထသော။ ဒုန္နိဝါရယံ၊ဝိသဘာဂအာရုံသို့ သွားသည်ကို တားမြစ်နိုင်ခဲထသော။ စိတ္တံ စိတ်ကို။မေဓါဝီ၊ ပညာရှိသည်။ ဥဇုံကရောတိ၊ သမထဝိပဿနာဖြင့် ဖြောင့်စွာပြုရ၏။ အဲဒီ ဒေသနာတော် အတိုင်း တုန်လှုပ်ခြောက်ခြားလို့ များပြားသော အာရုံတွေဘက်ကို အကူး အပြောင်း မြန်လှသဖြင့် စောင့်ရှောက်ဘို့ မလွယ်၊ တားမြစ် ပိတ်ပင်ဘို့ မလွယ်တဲ့ စိတ်ဆိုကဲ့ နာမ်တရားကလေးကို မ ထိန်း နိုင် လို့ ကိုယ့်ဘက် ပါအောင်မဆွဲနိုင်လို့ ဘာဝနာကုသိုလ်မှုဟာ သီလထက် ခက်ပြန်တာပေါ့။

ထင်ရှားတာကို ဆွဲပြရမယ်ဆိုရင် ငါးမိနစ်, ဆယ်မိနစ်လောက် ကလေး ဘုရားရှိခိုးဘို့ ဘုရားအာရုံပြုဘို့ဟာဘဲ တည်ကြည်ငြိမ်သက်ဘို့ ခဲယဉ်းပုံမှာ ကိုယ်တွေ့ဖြစ်ကြပါလိမ့်မယ်။ မိမိကိုယ်ကိုသာစဉ်းစားကြည့်ကြ ပေတော့။ ဘာဝနာလုပ်ငန်းဆိုတာစိတ်ကိုတည်ကြည်အောင်ထားပြီးတော့ အာရုံတခုထဲမှာ ငြိမ်ဝပ်စွာ စူးစိုက်နေရတဲ့ လုပ်ငန်းဖြစ်ပါတယ်။

ဒါနအရာမှာတော့ စိတ်ကယောင်ချောက်ချား ဖြစ်နေပေဘဲ့ ဒါန ဝတ္ထုစွန့်ကြဲမှု အထမြောက်သွားရင် ဒါနကုသိုလ် ဖြစ်ထာပါဘဲ။ သီလ အရာမှာလဲ စောင့်ထိန်း ဆောက်တည်တဲ့ သိက္ခာပုဒ်တွေ မလွန်ကျူးရင် သီလကုသိုလ် ဖြစ်တာဘဲ။

ဘာဝနာအလုပ်ကတော့ ဒီလိုမဟုတ်ဘူး။ စိတ်ကိုငြိမ်သက်အောင် ထိန်းထားရမယ်။ အာရုံတခုထဲမှာတည်တန့်စွာသမာဓိရအောင် အားထုတ် ရမယ်။ အဲဒါလိုအုပ်ထိန်းဘို့ ခဲယဉ်းတဲ့စိတ်ကို ပဓာနထားပြီး အားထုတ် ရတဲ့အလုပ်ဖြစ်လို့ ဒါန,သီလ တို့ထက် ဘာဝနာက အလုပ်ခက်တဲ့ တရား ဘဲလို့ ဆရာ့,ဆရာများ အမိန့်ရှိတော်မူကြတာပေါ့။

ယခုဟောပြခဲ့တဲ့တရားအစဉ်ဖြင့်ရှေးဦးစွာ ဒါနခက်ပုံကစပြီး ဒါန ထက်သီလခက်ပုံ သီလထက် ဘာဝနာ ခက်ပုံတွေ သိကြရ, ကြားနာကြရ ပါသောကြောင့် အခက်တွေကို ဖြေရှင်းပြီးတော့ အကြောင်းရင်းဖြစ်တဲ့ ဒါန,သီလ,ဘာဝနာ,ကုသိုလ်မှုတွေကို ကြိုးစားပြီး ပြုလုပ်အားထုတ်ကြဘို့ များများချည်း တိုက်တွန်းနှိုးဆော်ခဲ့ပါတယ်။

နိဂုံးချုပ် အနေနဲ့ပြောရရင် ပထမစတည်ပြီးတော့ စကားပလ္လင် ခံခဲ့တဲ့အတိုင်း အကြောင်းမကောင်းတဲ့သခၤါရနယ်တွင်းမှာ နေကြရတဲ့အတွက် ၎င်းသခၤါရ နယ်တွင်းက လွတ်ကင်းကြရအောင်၊ သို့မဟုတ် သခၤါရနယ် တွင်းက မလွတ်ကင်း ကြရသေးမီ ကောင်းမြတ်တဲ့ အကျိုး ဝိပါက် တွေနဲ့ ပေါင်းသင်းကြရအောင် ဒါန,သီလ,ဘာဝနာတည်းဟူသောကောင်းသော ကုသိုလ် အကြောင်း တရားတွေကိုသာ အလေးဂရုပြုပြီး များများချည်း အားထုတ်နိုင်ကြပါစေကုန်သတည်း။ ။

စကားပလ္လင်ခံ စကားချီး၊ ပြီး၊ပြီ။

## နဝမ စက္ခုမန္တသ ဇေယျတု
## (၄၃) စရိုက်အားလျော်စွာ ကျင့်ထိုက်ပုံ ဒေသနာ
## ဒါနကထာ

"ကုသလာ အနဝဇ္ဇသုခဝိပါက လက္ခဏာ" ကုသလာ၊ ကုသိုလ်
တရားတို့သည်။ အနဝဇ္ဇသုခဝိပါကလက္ခဏာ၊ အပြစ်မရှိခြင်း
ကောင်းသောအကျိုးကို ပေးခြင်း လက္ခဏာရှိကုန်၏။

ကုသိုလ်ဆိုတဲ့ တ ရား ဟာ အကျဉ်းဆုံး ချုပ်ပြီး တော့ကြည့်မယ် ဆိုရင် ဒါန,သီလ,ဘာဝနာ ဒီသုံးပါးဘဲ ဖြစ်ပါတယ်။ ကောင်းတဲ့ကုသိုလ် အလုပ်မှန်သမျှဟာ ဒီသုံးပါးထဲမှာ အတွင်းဝင်ရမှာချည်း ဖြစ်ပါတယ်။ ကုသိုလ် အလုပ်မှန်ရင် အပြစ်မရှိဘူး။ ကောင်းသော အ ကျိုး ကို သာ ပေးမယ်လို့ တထစ်ကျ မှတ်ရမယ်။

ကုသိုလ်အလုပ်ကသုံးမျိုး - လူတို့၏ဝါသနာစရိုက်ကလဲ အမျိုးမျိုး ဆိုတော့ မိမိဝါသနာအလိုက် စရိုက်နဲ့လျော်တာကိုမှပြုလုပ်ချင်ကြမှာပေါ့။ ဝါသနာမပါတာကိုတော့ တိုက်တွန်းလို့မရနိုင်ဘူး။ ထို့ကြောင့် ဒါနကိုသာ အားထုတ်မှ အကျိုးရှိမယ်-သို့မဟုတ် သီလကိုသာ အားထုတ်မှ အကျိုး ရှိမယ်-သို့မဟုတ် ဘာဝနာကိုသာ အားထုတ်မှ အကျိုးရှိမယ်၊ ဘာဝနာမှ နိဗ္ဗာန်ရောက်ကြောင်း တရားဖြစ်တယ်လို့ မိမိတို့ သန်ရာကို တိုက် တွန်း ကြမယ်ဆိုရင် တိုက်တွန်းတဲ့ပုဂ္ဂိုလ်ရဲ့ တိုက်တွန်းချက်နဲ့ ကျင့်ကြံတဲ့ပုဂ္ဂိုလ်ရဲ့ စရိုက်ဟာ ကိုက်ညီချင်မှညီမယ်။

အဲဒီတော့ နည်းလမ်းပေးလိုတာက ခုတင်ကဟောခဲ့တဲ့ ကုသိုလ် သုံးပါးထဲမှာ မိမိအကြိုက် မိမိစရိုက်နဲ့ကိုက်တဲ့ကုသိုလ်မှုကို အားပါးတရ အားထုတ်ပါ။ ဒါနကို ဝါသနာပါလို့ ဒါနကို အားထုတ် ချင်ရင် ဒါန ကုသိုလ်ကို အားပါးတရအားထုတ်ပါ။ သီလနဲ့ ဘာဝနာမှာလဲအတူတူပါဘဲ။ မိမိနှစ်သက်ရာ သဘောသက်ဝင်ရာကို အားပါးတရ အားထုတ်ကြပါ။ ကုသိုလ်အလုပ်ဖြစ်ရင် ကောင်းကျိုးကိုသာပေးမှာချည်း အမှန်ဖြစ်ပါတယ်။

"ဒွေ ပိ နာမ သတ္တာ ကေဇ္ဈာသယာ ဒုလ္လဘာ လောကသ္မိံ"

လောကသ္မိံ၊ လောက၌။ ကေဇ္ဈာသယာ၊ အလိုစရိုက် အကြိုက် ဝါသ နာ ချင်း တူ ကြ ကုန် သော။ ဒွေ ပိ၊ နှစ် ဦး နှစ် ယောက် လည်း ဖြစ်ကုန်သော။ သတ္တာနာမ၊ သတ္တဝါမည်ကုန်သည်။ ဒုလ္လဘာ၊ တွေ့ခဲ,ကြုံခဲ,

ရခဲပါကုန်၏။ အဲသလိုဒေသနာတော်ကလဲ ပြထားတာရှိတော့ သူ့အလိုနဲ့ ကိုယ့်အလို-သူ့အကြိုက်နဲ့ ကိုယ့်အကြိုက် မကိုက်မညီနိုင်ပေဘူး။ အလိုတူတဲ့ ပုဂ္ဂိုလ်နှစ်ယောက်ရှိခဲတယ်လို့ အမိန့်ရှိတော်မူပေတယ်။

သို့အတွက် ကုသိုလ်အလုပ်ဆိုရင် ဝါသနာထုံရာ မိမိနှစ်သက်ရာကို စူးစူးစိုက်စိုက် အားထုတ်ကြပါ။ ဝါသနာအလိုက် စရိုက် အားလျော်စွာ ကြိုက်နှစ်သက်ရာလမ်းကို စူးစူးစိုက်စိုက် အားထုတ်သွားတဲ့အတွက် အကျိုး ခံစားရပုံကို ရှေးရှောက်ဟောပြောရင်း ပေါ်လွင်နားလည် ကြပါလိမ့်မယ်။

(မှာထားချက်။ ။ဤနေရာကနေ၍-သီလအရာဖြစ်လျှင် သီလ အတွက် အကျိုးရှိပုံ၊ ဘာဝနာအရာဖြစ်လျှင် ဘာဝနာအတွက် အကျိုးရှိပုံ များကို ချဲ့ထွင်ဟောပြောရန် ဖြစ်ပါသည်။)

ယနေ့ကိစ္စက ဒါနခဏ်းအရာဖြစ်တဲ့အတွက် ဒါန နဲ့ ပတ်သက်တဲ့ အကြောင်းအရာကိုသာ ဟောပြောဘို့ဖြစ်ပါတယ်။ ထို့ကြောင့်ဒါနကုသိုလ် ကိုသာ စူးစိုက်ပြီး အားထုတ်သွားတဲ့ ဒါနကုသိုလ်ရှင်တဦးရဲ့ အားထုတ်ပုံ-ကျင့်ကြံပုံကို သာဓက တင်ပြရသေးတာပေါ့။

ဒါနရှင်ကြီးက တခြားပုဂ္ဂိုလ်မဟုတ်ပါဘူး သာသနာ့ရေးလောက သာသနာတော်ရဲ့ သမိုင်းတလျှောက်လုံးမှာ အလွန် လူသိ များပြီးတော့ အလွန်ထင်ရှားတဲ့ မြတ်စွာဘုရားကျောင်းဒါယကာ "အနာထပိဏ်" သူဌေး ကြီး ဖြစ်ပါတယ်။ ၎င်းသူဌေးကြီးရဲ့ သူ၏အကြိုက်စရိုက်ဝါသနာကို ဒေသနာ တော်မှာ ဘယ်လိုမှတ်တမ်းတင်ခဲ့ပါသလဲဆိုတော့-

"အယံ ဥပါသကော ဒါနာဓိ မုတ္တော ဒါနာဘိရတော"လို့ ညွှန်ပြ ခဲ့ပါတယ်။

အယံ ဥပါသကော၊ ဤအနာထပိဏ်သူဌေးကြီးသည်။ ဒါနာဓိ မုတ္တော၊ ဒါနမှာသာ အလွန်အကဲ ဒါနကိုသာစိတ်စွဲလျက်ရှိ၏။ ဒါနာဘိ ရတော၊ သူ၏အကြိုက် စရိုက်ကိုယ်တွေ့ ဒါနမှာသာပျော်မွေ့၏။ အနာထ ပိဏ် သူဌေးကြီးဟာ သီလကုသိုလ်,ဘာဝနာကုသိုလ်တွေထက် ဒါနကုသိုလ် ထဲမှာသာ စိတ်ဝင်စားတယ်။ ဒါနကုသိုလ်မှု၌သာပျော်မွေ့တယ်လို့ သူဌေး ကြီးရဲ့ အလိုအကြိုက် စရိုက်ဝါသနာအမှန်ကို ကျမ်းဂန်မှာ မှတ်တမ်းတင် ခဲ့ကြတယ်။ သီလကုသိုလ်, ဘာဝနာကုသိုလ်များကိုလဲ လုံးလုံးတော့ လက်

မလွတ်ပါဘူး။ သို့ပေမဲ့ ဒါနကုသိုလ်ထဲမှာတော့ အမြဲအစွဲ စိတ်ဝင်စားပြီး အားပါးတရအားထုတ်ပြီးနေတဲ့ အထုံဝါသနာကြီး ရှိနေပါတယ်။

သူဌေးကြီးဟာ ဒါန အ လုပ် ကို ဘယ် လောက် စိတ် ဝင် စား ပြီး အားထုတ်နေပါသလဲဆိုတော့- မြတ်စွာဘုရား သာသနာတော်ကို စ,စဦး သက်ဝင်လာကထဲက (၅၄) ကုဋေသော သပြာငွေကို စွန့်လွှတ်ပြီးတော့ ဇေတဝန်ကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းပြီးတဲ့နောက် မြတ်စွာ ဘုရား သီတင်းသုံးတော်မူတဲ့ ကျောင်းတော်သို့ တနေ့လျှင် သုံးကြိမ်တိုင်တိုင် ဆည်းကပ်သွားလာပြီးတော့ လှူ ဒါန်း နေ သ တဲ့။ မသွားရရင် မနေနိုင်တဲ့ စိတ်ထားဖြင့် သွား ဖြစ် အောင် သွားသတဲ့။ "မဟာဥပဋ္ဌာနကိစ္စကြီး" ကို နေ့တိုင်း တနေ့သုံးကြိမ် မလွတ်တမ်း အားထုတ်နေပါတယ်။

အဲဒါလို တနေ့သုံးကြိမ်တိုင်တိုင် သွားနေတဲ့အထဲမှာ ကြားဖြတ်ပြီး ဆည်းကပ်တဲ့ "အန္တ ရန္တ ရုပဋ္ဌာန" ဆိုတဲ့ ကြားဖြတ် ဆည်းကပ်တဲ့ကိစ္စကလဲ ရှိသေးသတဲ့။ ဒီနေရာမှာ စိတ် ဝင် စား ပြီး စဉ်း စား ကြည့် ကြ စမ်း၊ တနေ့ တွက်တာလုံးမှာ သူဌေးကြီး၏ ကျောင်းနဲ့အိမ် ကူးနေတဲ့ကိစ္စဟာ တနေ့လုံး မပြတ်တဲ့ အလုပ်ကြီးဖြစ်နေတော့တာပေါ့။ ဧဆေးဆေး စိတ်ချလက်ချ အိမ်မှာနေတယ်ဘဲ ရှိမှာမဟုတ်တော့ပါဘူး။ ယ ခု ကာ လ ကျောင်း,ကန်, ဘုရား ထွက်ပြီး ရတနာသုံးပါး ဆည်းကပ်တဲ့ အခြင်းအရာတွေဟာ အနာ ထပိဏ်သူဌေးကြီးနဲ့ယှဉ်ပြီး ကြည့်ကြစမ်း၊ မနှိုင်းယှဉ်သင့်တဲ့အရာ ဖြစ်တော့ မှာပေါ့။

သူဌေးကြီး ကျောင်းတော်ထွက်ပြီး ဆည်းကပ်ပုံကလဲ အတုယူစရာ အလွန်ကောင်းပါတယ်။ နံ နက် ဆွမ်း မ စား မီ စောစောတကြိမ် ကျောင်း တော်ကိုထွက်တဲ့အခါမှာ ယာဂု-ခဲဘွယ်-ဘောဇဉ် ချိုချဉ်အရသာများကို ယူဆောင်သွားပြီး ဆက်ကပ်လှူဒါန်းတယ်။ ဆွမ်းစားပြီး နေ့လယ်တကြိမ် ကျောင်းတော်ကို ထွက် တဲ့ အ ခါ မှာ ထောပတ်ဆီဦး-ပျားသကာ-အဖျော် ယမကာ အစရှိတဲ့ လှူဘွယ်ဝတ္ထုများကိုယူသွားပြီးဆက်ကပ်လှူဒါန်းတယ်။ ညချမ်းအခါ ကျောင်းတော်ကိုထွက်တဲ့အခါမှာ နံ့သာ-ပန်းမာလ်များကို ယူသွားပြီး ဆက်ကပ်လှူဒါန်းသတဲ့။ အခန့်မသင့်လို့ အိမ်မှာ လှူဘွယ်ဝတ္ထု တစုံတခုမျှ မရှိဘူးဆိုရင် သဲတွေကျုံးယူသွားပြီး ကျောင်းတော် ပရိဝုဏ် အတွင်းမှာ သဲခင်းပြီး လှူဒါန်းသတဲ့။

“တသ္မိံ အသတိ ဝါလိကံ ဂဟာပေတွာ ဂန္ဓကုဋိပရိဝေဏေ သြကိရာပေတိ” တသ္မိံ၊ ထိုခဲဘွယ်ဘောဇဉ် ချိုချဉ်တတန် ပန်းမာလ်အစု လှူဘွယ်တခုခုသည်။ အသတိ၊ မရှိခဲ့သော်။ ဝါလိကံ၊ သဲကို။ ဂဟာပေတွာ၊ ကျုံးခဲ့စေ၍။ ဂန္ဓကုဋိပရိဝေဏေ၊ ဂန္ဓကုဋိကျောင်းတော် ပရိဝုဏ်၌။ သြကိရာပေတိ၊ သွန်းလောင်းကြဲဖြန်း လှူဒါန်းစေ၏။

သူဌေးကြီးဟာ တနေ့သုံးကြိမ်ကျောင်းတော်ထွက်ပြီးတော့ မပြတ် လှူဒါန်းနေရုံမဟုတ်သေးပါဘူးတဲ့။ ဒါနကုသိုလ်ကို ဘယ်လောက်အားစိုက် ခွန်စိုက် စရိက်ဝါသနာ လွန်စွာအားကြီးပါသလဲဆိုတော့ မိမိနေအိမ်မှာ နံနက်တိုင်း-နံနက်တိုင်း သံဃာတော်ငါးရာကို အမြဲနိဗဒ္ဓဝတ်ထားပြီးတော့ နိစ္စဘတ် ဆွမ်းဒါန ပြုနေပါသေးတယ်။ ဤကဲ့သို့ နေ့စဉ်-နေ့တိုင်း အချိန် မလပ်အောင် ဘုရားအမှူးရှိတဲ့ရဟန်းသံဃာတော်များနဲ့ လက်ပွန်းတတည်း တွေ့ဆုံစည်း၍ ရင်းနှီးပြီးနေလေတော့....

“သဗ္ဗဘိက္ခူနံ မာတာပိတုဌာနေ ဌိတံ” သဗ္ဗဘိက္ခူနံ၊ ရှိသမျှ များစွာ ရဟန်းသံဃာတော်အများတို့၏။ မာတာပိတုဌာနေ၊ အမိ-အဘ အရာ၌။ ဌိတံ၊ တည်၏။ ရှိသမျှများစွာ ရဟန်းသံဃာဟူသမျှတို့ရဲ့ အမိ-အဘ လိုဖြစ်နေတော့တာပေါ့။ ဒါကြောင့်မို့ သူဌေးကြီး ကျောင်းတော်ထွက် လာရင် ရဟန်းငယ်တွေ သာမဏေငယ်တွေက ဒို့ကျောင်းဒကာကြီးလာပြီ၊ ဘာတွေများပါမလဲဟဲ့ဆိုပြီး ကြည့်ကြ-ရှုကြ-ကြိုဆိုကြတာပေါ့။ ဒါကြောင့် မို့ သူဌေးကြီးဟာ လက်ချည်းသက်သက် ဘယ်အခါမှ ကျောင်းတော်ကို ထွက်မသွားဘူးတဲ့။ လှူစရာ-လှူဘွယ်ဝတ္ထုပါမှ သွားတတ်သတဲ့။

“တုစ္ဆဟတ္ထော န ဂတပုဗ္ဗော” ဥပါသကော၊ ကျောင်းဒါယကာ ကြီးသည်။ တုစ္ဆဟတ္ထော၊ လှူဘွယ်ဝတ္ထု တခုခုမပါ ဗလာပြုလျက် လက်ချည်းသက်သက်။ နဂတပုဗ္ဗော၊ မသွားစဘူးတဲ့။ အနာထပိဏ်သူဌေး ကြီး နေ့စဉ်နေ့တိုင်း လှူဒါန်းနေတဲ့ ပစ္စည်းဥစ္စာဟာ ဘယ်လောက် အကုန် အကျခံပြီး လှူဒါန်းနေသလဲဆိုတော့....

“ဧဝံ ဒိဝသေ ဒိဝသေ ပရိစ္စဇန္တဿ ပနဿ ပရိစ္စာဂေ ပမာဏံ နတ္ထိ”။ ဧဝံ၊ ဤသို့။ ဒိဝသေဒိဝသေ၊ နေ့တိုင်း-နေ့တိုင်း။ ပရိစ္စဇန္တဿ၊ စွန့်လွှတ်လှူဒါန်းနေသော။ အဿ၊ ထိုအနာထပိဏ်သူဌေးကြီး၏။ ပရိစ္စာဂေ၊

လူ့ဒါန်းသောကိစ္စ၌။ ပမာဏ၊ အတိုင်းအတာ ပမာဏသည်။ နတ္ထိ၊ မရှိ။ တနေ့တနေ့ လှူဒါန်းပြီးအကုန်အကျခံနေလိုက်ဘဲ့ပစ္စည်းဟာ ဘယ်လောက်ကုန်ကျတယ်လို့ အရေအတွက်တောင်မရှိဘူးတဲ့။ ဒီစကားကို ထုတ်ပြရတာက ဒါနထဲမှာ အားခဲပြီးတော့ ဘယ်လောက်သဲသဲမဲမဲ ဒါနကိုအားကိုးသလဲဆိုတာသိရအောင် ထုတ်ဖော်ပြရတာပါ။ အားကိုးသလောက်လဲ ဒါနစေတနာက သူဌေးကြီးကို ပြန်ပြီးစောင့်ရှောက်ပုံကို သိရပါလိမ့်မယ်။

အဲဒါလို အနာထပိဏ်သူဌေးကြီးသည် နေ့စဉ်-နေ့တိုင်း ကသိုဏ်းတမှု ဒါနကိုအ ရေး ယူ ပြီး တော့ ပေးလှူစွန့်ကြဲပြီး နေလိုက်တာ ရှ့စရာ-ယူစရာနှင့် ဥစ္စာကို ရှာဖွေဘို့၊ ဒါတွေကို ဂရုမထားတော့ဘူးတဲ့။ တိုးပွားအောင် ပစ္စည်းဘက်ကို လုံးလုံးပင်စိတ်မသက်သည့်တွက် တရက်ထက်တရက် တနေ့ထက်တနေ့ဆိုသလိုဘဲ ပစ္စည်းအင်အားတနေ့တခြားနဲ့ပြီး မွဲပြာကျတဲ့အဖြစ်သို့ သူဌေးကြီး ရောက်ရသေးတယ်တဲ့။

ဒီအ ချက် မှာ ယုံမှား ဖြစ်စရာ ကလေးကို ရှင်းပြခဲ့ပါအုံးမယ်....။ အနာထပိဏ်သူဌေးကြီးဟာ ဒါနကြောင့် ပစ္စည်းကုန်တာ မဟုတ်ပါဘူး၊ အရင်းခံသဘောကို ဝေဘန်ကြည့်မယ်ဆိုရင် ဒါနက ကုသိုလ်အကြောင်းတရား၊ ပစ္စည်းနဲ့ပြီး မွဲသွားတာက အကုသိုလ်ဝိပါက်အကျိုးတရား၊ ကုသိုလ်ကြောင့် အကုသိုလ်မဖြစ်နိုင်ပါဘူး။ ပြုတာကအသစ်၊ ဖြစ်တာကအဟောင်းဆိုတော့ အတိတ်က အကြောင်းကံကြောင့် မကောင်းတဲ့ ဝိပါက်ကြမ္မာဝင်လို့ မကောင်းကျိုးကိုခံရတယ်လို့ မှတ်ယူကြပါ။ သူဌေးကြီးလဲ ပစ္စည်းနဲ့ပြီး မွဲသွားပေတဲ့ ဒါနကိုလက်မလျှော့ဘူး၊ အားထုတ်နေတဲ့ကံအတွက် ကုသိုလ်ဥပတ္ထမ္ဘက-ကံက ဝင်ပြီး ထောက်ပံ့ပေးလိုက်တော့-မကြာမီပြန်ပြီးချမ်းသာကြွယ်ဝလာရပါတယ်။

နေ့စဉ်နေ့တိုင်း ပစ္စည်းအမြောက်အမြား အကုန်အကျခံကာ ဒါနကုသိုလ်ကိုချည်း သဲသဲမဲမဲ အားထုတ်နေတာ ဘုရားရှင်နှင့်တကွ အရိယာသာဝကတွေပါ မျက် မှောက် ပက် ပင်း မှာ ပင် မြင်တွေ့ပြီး အားလုံးအသိချည်း ဖြစ်ကြပါတယ်။ ဒါနလောက်နဲ့ အားမကိုးထိုက်ဘူးဆိုရင် အလွန်ကျေးဇူးများတဲ့ ကျောင်း ဒါ ယ ကာ ကြီး အား ပြောင်း လွဲ ဖျောင်း ဖျ အကြောင်းပြပြီးတော့ နည်းလမ်းပေးတော်မူကြမှာပေါ့။

ယခုတော့ ဒါနသက်သက်ပေတဲ့ နိဗ္ဗာန်ထိအောင် အကျိုးဆောင်ပြီး ကောင်းအောင် ချီးပင့် ကြီးမြင့်သောအကျိုးကို ပေးနိုင်တဲ့ ကုသိုလ်တရားဖြစ်တဲ့အတွက် မြတ်စွာဘုရား ကိုယ်တော်တိုင် ပင်လျှင် ဆက်လက်အားပေး အရေးတယူ တိုက်တွန်းတော်မူတဲ့ ဒေသနာတော်ကို နာယူမှတ်သားကြပေအုံးတော့။

ဘဂဝါ စတုဝီသတိ သံဝစ္ဆရာနိ ဥပါသကာနံ ယေဘုယျေန ဒါနကထမေဝ ကထေသိ၊ ဥပါသက ဣဒံ ဒါနံနာမ ပေါဓိ သတ္တာနံ ဂတမဂ္ဂေါ၊ မယှမ္ပိ ဂတမဂ္ဂေါ၊ မယာ သတသဟဿ ကပ္ပါဓိကာနိ စတ္တာရိ အသင်္ချေယျာနိ ဒါနံ ဒိန္နံ၊ တုမှေ မယာ ဂတမဂ္ဂမေဝ အနုဂစ္ဆထာတိ။

ဘဂဝါ၊ ဘုန်းတော်သခင် ရှင်တော်ဘုရားသည်။ စတုဝီသတိ သံဝစ္ဆရာနိ၊ နှစ်ဆယ့်လေးနှစ်တို့ ပတ်လုံး။ ဥပါသကာနံ၊ ဒါယကာ အနာထပိဏ်သူဌေးကြီးအား။ ယေဘုယျေန၊ များသောအားဖြင့်။ ဒါနကထမေဝ၊ ဒါနတရားကိုသာလျှင်။ ကထေသိ၊ ဟောကြားပြသတော်မူ၏။

မြတ်စွာဘုရားသည် သတ္တဝါများ၏ အကျိုးစီးပွားကို ကြည့်ပြီး-ဒေသစာရီကြွချီလျက် တပါးသော မြို့ရွာကျောင်းကန်တွေမှာ သီတင်းသုံးတော်မူရာမှလွဲရင် အနာထပိဏ်သူဌေးကြီးလှူဒါန်းတဲ့ ဇေတဝန်ကျောင်းတော်ကြီးမှာသာလျှင် နှစ်ဆယ့်လေးနှစ်တိုင်တိုင် သီတင်းသုံးတော်မူတယ်။ သီတင်းသုံးတော်မူတဲ့ နှစ်ဆယ့်လေးနှစ်ပတ်လုံး များသောအားဖြင့် ဒါနကထာ ဒါနတရားကိုဘဲ သူဌေးကြီးအား ဟောကြား ချီးမြှောက်တော်မူသတဲ့။ ဒါနတရားကိုချည်း ဟောတော်မူတာက တခြားအကြောင်းမဟုတ်ပါဘူး သတ္တဝါတို့ အလိုက် စရိုက်ကို ကြည့်ပြီး ချီးမြှောက်တော်မူတာဖြစ်ပေတယ်။ ဝါသနာအလိုက် စရိုက်ကိုကြည့်ပြီးချီးမြှောက်တယ် ဆိုပေတဲ့ အကျိုးမရှိမဲ့အရာကိုတော့ လိုက်လျောတော်မူတာ မဟုတ်ပေဘူး။

"အမောဃဝစနာ ဇိနာ" ဇိနာ၊ ဘုရားရှင်တို့သည်။ အမောဃဝစနာ၊ အကျိုးမပြီး အချည်းနှီးသောစကားကို မိန့်ဆိုတော်မမူကြကုန်။ အဲဒါလို မိန့်တော်မူတဲ့ ဒေသနာတော်အတိုင်း အကျိုးမဲ့ဘို့ စကားကို

ခတ်—၂၁

ရှင်တော်ဘုရား မိန့်တော်မမူဘူးဟူ၍ တထစ်ကျမှတ်ယူကြပါ။ ဒီကိစ္စမှာလဲ စင်စစ်အကျိုးရှိမှာအမှန်ဖြစ်လို့လိုက်ရောချီးပင့်ပြီး ကြီးမြင့်အောင်အားပေးတော် မူတယ်လို့ မှတ်ကြရမယ်။ ဒါနကုသိုလ်ကံကြောင့် သူဌေးကြီးခံစားရမဲ့ အကျိုးဝိပါက်ထိအောင် နာယူကြပြီးတဲ့နောက် လမ်းကြောင်းမှန်-မမှန်ကို ကေန်သိကြရပါလိမ့်မယ်။

ကိံကထေသိ၊ဒါနကထာကိုသာ ချီးမြှောက်ပြီး ခရီးရောက်အောင် အဘယ်သို့ဟောကြားပါသနည်းဟူမူကား။ဥပသကျဒါယကာသူဌေးကြီး။ ဣဒံဒါနံနာမ၊ ဤဒါန ကုသိုလ် မည်သည်။ ဗောဓိသတ္တာနံ၊ အမြင့်ဆုံးသူတော်ကောင်း ဘုရား အလောင်းတော် တို့၏။ ဂတမဂ္ဂေါ၊ သွားရာ လမ်းကြောင်းပေတည်း။ မယှမ္ပိ၊ ငါဘုရား၏လည်း။ ဂတမဂ္ဂေါ၊သွားရာ အစစ် လမ်းကြောင်းဖြစ်ပေ၏။

မြတ်စွာဘုရားသည် သူဌေးကြီးအား ဒါနကထာကိုသာ အရေးတကြီး ဘယ်လိုဟောကြားပါသလဲ ဆိုတော့၊ ဒါယကာသူဌေးကြီး - ဒါနကုသိုလ်အလုပ်ဟာ အမြင့်ဆုံးသောကံ သဗ္ဗညုတဉာဏ်ကြီးကိုရဘို့ကြံပြီး မှန်ကန်စွာကျင့်ကြံတော်မူကြတဲ့ ဘုရားအလောင်းတော်ကြီးများရဲ့ သွားရာလမ်းကြောင်းဖြစ်တယ်။ ငါဘုရားလဲ ဒီလမ်းကြောင်းက နေပြီး ဘုရားဖြစ်အောင် လျှောက်ခဲ့ရတယ်လို့ ဒါနကိုဦးစားပေးပြီး ဟောကြားတော်မူပါတယ်။

မယာ၊ ငါဘုရားသည်။ သတသဟဿာဓိကာနိ၊ ကမ္ဘာ တသိန်းအလွန်ရှိကုန်သော။ စတ္တာရိအသင်္ချေယျာနိ၊ လေးသင်္ချေတို့ပတ်လုံး။ ဒါနံ၊ အလှူဒါနကို။ ဒိန္နံ၊ ပေးလှူခဲ့လေပြီ။ တွံ၊ သင်ကျောင်းဒါယကာကြီးသည်။ မယာ၊ငါဘုရားသည်။ ဂတမဂ္ဂမေဝ၊ သွားရာလမ်းကြောင်းသို့သာလျှင်။ အနုဂစ္ဆသိ၊အစဉ်လိုက်၍ ကျင့်ကြံအားထုတ်ရိုး မှန်ပေ၏။

ဒါယကာသူဌေးကြီး ငါဘုရားသည် လေးသင်္ချေနှင့် ကမ္ဘာတသိန်းကာလပတ်သုံး ပါရမီတော် တွေကို ဖြည့်ကျင့်နေစဉ် အခါက လှူဒါန်းပေးကမ်းခြင်း ဒါနကုသိုလ်ကို များစွာ အားထုတ်ခဲ့ပြီ။ သင်သူဌေးကြီးသည်လည်း ငါဘုရား၏အပြုအမူကို အတုယူပြီးကျင့်ကြံတာ ဖြစ်ပေတယ်လို့ နိတဉ္ဇစကားဖြင့် တိုက်ရိုက် ဟောကြားတော် မူပါတယ်။

ထိုပြင်လဲသူဌေးကြီးအိမ်ကို အမြဲမပြတ်ကြွနေကြတဲ့ အရိယာမထေရ်များလဲ မြတ်စွာဘုရားမိန့်တော်မူတဲ့အတိုင်းဘဲ သူဌေးကြီးရဲ့အကြိုက် ၈ ရိုက်အားလျော်စွာ ဒါနကထာကိုဘဲဟောကြားတော်မူကြောင်း ဧကနိပါတခဒိရင်္ဂါရဇာတကဒေသနာမှာ သေသေချာချာ ညွှန်ပြခဲ့တာဖြစ်တော့ ဒါနကိုချည်း အားထုတ်နေလို့မဖြစ်ပါဘူး၊ ဒါနနဲ့နိဗ္ဗာန်ရောက်အောင် အကျိုးမဆောင်နိုင်ပါဘူးလို့ သန်သန်ချည်း မယူမှတ်ကြရန် နည်းလမ်းဖော်ပြရပါတယ်။

ယခုဟောပြခဲ့တာက အနာထပိဏ်သူဌေးကြီးဟာ ဒါနကိုဝါသနာပါတဲ့အတိုင်း ဒါနကုသိုလ်ကိုဘဲ မြဲမြဲစွဲစွဲသန်သန်ချည်းအားထုတ်ခဲ့ကြောင်း သူဌေးကြီးရဲ့ ဒါနအလုပ်ဟာ လမ်းမှန်ဖြစ်ကြောင်း၊ လမ်းမှန်တဲ့အတွက် ဘုရားအမှူးရှိတဲ့ အရိယာ မထေရ်များကပါ အားပေးတော်မူကြကြောင်း အတိအကျ သိရအောင် ဟောပြခြင်း ဖြစ်ပါတယ်။ ဒါနကုသိုလ်ကိုသာ သန်သန်ချည်း အားထုတ်နေတဲ့အတိုင်း အနာထပိဏ်သူဌေးကြီးဟာ နိဗ္ဗာန်တိုင်အောင် အကျိုးခံစားခွင့် ရသွားပုံကိုလဲ အာရုံစိုက်ပြီး နာယူမှတ်သားကြပေအုံးတော့။

အနာထပိဏ်သူဌေးကြီးဟာ နောက်ဆုံးဌာန လူ့ဘုံကပြောင်းရွှေ့ပြီး စုတေသေလွန်သွားတဲ့အခါမှာ ကာမာဝစရနတ်ပြည်ခြောက်ထပ်ရှိတဲ့အနက် ၄-ဆင့်မြောက်ဖြစ်တဲ့ တုသိတာနတ်ပြည်မှာ လူ့ပြည်တုန်းကအမည်ရင်းအတိုင်း အနာထပိဏ္ဍိက နတ်သားဆိုတဲ့ အမည်နဲ့ အင်မတန်မွန်မြတ်တဲ့ နတ်စည်းစိမ်ရှင်ကြီး သွားရှိဖြစ်ပါတယ်။

"တုသိတံ ကာယံ ဥပပဇ္ဇိ"ဟူ၍ ဥပရိပဏ္ဏာသပါဠိတော်မှာ ညွှန်ပြတော်မူပါတယ်။ အနာထပိဏ္ဍိကော၊ အနာထပိဏ် ဂုဏ်သိရ်ရှိ မြင့်သီးသူဌေးကြီးသည်။ တုသိတံကာယံ၊ ပျော်မွေ့ဘွယ်ဖုံ တုသိတာနတ်ဘုံ၌။ ဥပပဇ္ဇိ၊ ပြောင်းရွှေ့ကြွသွား ထင်ရှားစွာဖြစ်ရလေပြီ။

ဒီနေရာမှာ အနာထပိဏ်သူဌေးကြီးဟာ ဒါနဘာမားကြီးမို့ ချက်ချင်းနိဗ္ဗာန်မရဘဲနဲ့ သံသရာမှာ လယ်ရတာပေါ့လို့ ဒါနကို အာသာမရှိတဲ့ သူတွေက ပြောချင်ပြောကြ လိမ့်မယ်။ နဲနဲရှင်းပြရသေးတာပေါ့။ အနာထပိဏ်သူဌေးကြီးဟာ အောက်ဆုံးသောတာပန် အရိယာပုဂ္ဂိုလ်ကြီးဖြစ်ပေတယ်။ သောတာပန်ပေတဲ့ ဧကဗီဇ-ကောလံကောလ-သတ္တက္ခတ္တု

ပရမ သောတာပန်မျိုးမဟုတ်တော့ ခုနစ်ဘဝနဲ့ ဝဋ်ဒုက္ခ မသိမ်းရသေးဘူး။ သူ့ရဲ့အလိုက ဝဋ္ဋာဘိရတ ဝဋ္ဋာဘိရတ သဘောရှိတာဖြစ်တော့ ဘုံစဉ် စံပြီးမှ နိဗ္ဗာန်ကိုလှမ်းချင်တာ ဖြစ်ပေတယ်။ သူ့အလို သူ့အဇ္ဈာသယအတိုင်း နဲ့သာ သံသရာထဲ လှဲ့ရတာဖြစ်ပါတယ်။ ဒါနကြောင့် သံသရာလယ်ရတာ မဟုတ်ပါဘူးလို့ မှတ်ယူကြပါ။

ဒါနရှင်ကြီးတွေဖြစ်တဲ့ အနာထပိဏ်သူဌေး- ဝိသာခါ ဒါယိကာမ ကြီး-စူဠရထ-မဟာရထ-အနေကဝဏ္ဏ-သုဒတ္တနတ်သားများနှင့် သိကြားမင်း အဲဒီပုဂ္ဂိုလ်များဟာ သူတို့အလိုအတိုင်းကာမာဝစရနတ်ပြည်ခြောက်ထပ်က နတ်စည်းစိမ်တွေကို အဆင့်ဆင့်ခံစား စံစားပြီးတဲ့နောက် အကနိဋ္ဌဗြဟ္မာဘုံ အရောက် တက်ပြီး အကနိဋ္ဌ ဗြဟ္မာဘုံကျမှ လမ်းဆုံး ပြီးတော့ ပရိနိဗ္ဗာန် စံရမတဲ့....။

အကနိဋ္ဌေ ဌတ္ဝာ ပရိနိဗ္ဗာယိဿန္တိ။

အကနိဋ္ဌေ၊အကနိဋ္ဌဗြဟ္မာဘုံ၌။ ဌတွာ၊တန့်ရပ်၍၊ ပရိနိဗ္ဗာယိဿန္တိ၊ ပရိနိဗ္ဗာန်ပြုကြကုန်လတ္တံ့။ အကနိဋ္ဌဘုံကျတော့ လမ်းဆုံးပြီး၊ တခြားဘုံကို ပြောင်းလို့မရတော့ဘူး။တာကြောင့် ၎င်းဘုံကဘဲ ပရိနိဗ္ဗာန် ပြုကြရမယ်။

ယခုဟောခဲ့တဲ့အတိုင်း အနာထပိဏ်သူဌေးကြီးဟာ ဒါနကုသိုလ် စေတနာကံကြောင့် တုသိတာခေါ်တဲ့နတ်ဘုံသို့ ရောက်ပြီဟုသိရပြီ၊ ဘယ်မျှ လောက် ကြီးကျယ်တဲ့စည်းစိမ်တွေကို ဘယ်မျှလောက် ရှည်ကြာစွာ အကျိုး ခံစားရပါသလဲ ဆိုတော့၊ သူဌေးကြီးရောက်သွားတဲ့ တုသိတာနတ်ပြည် ဆိုတာ နတ်တို့၏ နှစ်ပရိစ္ဆေဒအားဖြင့် နှစ်ပေါင်း လေးထောင်၊ လူတို့၏ နှစ်အရေအတွက်အားဖြင့် နှစ်ပေါင်း ငါးဆယ့်ခုနစ်ကုဋေ ခြောက်သန်း ကြာမြင့်အောင် နတ်စည်းစိမ်ကြီးများကို ခံစား စံစားကာ နေရမယ်။

လူ့ပြည်က အနှစ်လေးရာကြာမှ တုသိတာနတ်ပြည်မှာ တရက်သာ ရှိသေးတယ်။ တာကြောင့် လူ့ပြည်ကနှစ်ပေါင်း တသောင်း နှစ်ထောင် ကြာမှ တုသိတာ နတ်ပြည်မှာ တလပြည့်မယ်။ ဒီတွက်ကိန်းနဲ့ ကြည့်ရင် မြတ်စွာဘုရားပရိနိဗ္ဗာန်စံသွားတော်မူတာကနှစ်ပေါင်း ၂၅၀၀-ကျော်ကာ ရှိသေးတော့ ဒါနရှင် ကြီးများ စံပျော်တဲ့ တုသိတာ နတ်ဘုံကြီး မှာ တလဟောင် စည်းစိမ်ရက်မပြည့်သေးပါဘူး။ ဒါနကုသိုလ်စေတနာအတွက် အကျိုးပေးကြီးကျယ်ပုံကိုသိကြဘို့ ညွှန်ပြခြင်း ဖြစ်ပါတယ်။

တဆင့်တိုးပြီး သိဘို့ကတော့- တုသိတာဘုံက သက်တမ်း ကုန်ရင် စည်းစိမ်အဟုန် အပြီးသတ်သွားပလားလို့ဆိုရင် တုသိတာနတ်ဘုံအထက်က နိမ္မာနရတိ နတ်ဘုံကို တက်ရအုံးမယ်။ နိမ္မာနရတိဘုံက နတ်သက်ကုန်ရင် သူ့ အထက်က ပရနိမ္မိတ ၊သဝတ္တီဘုံကို တက်ရမယ်။ ၎င်း ကာမာဝစရ နတ်ပြည် နှစ်ထပ်ရဲ့ နတ်သက်,လူသက် နှစ်ပရိစ္ဆေဒတွေကို အကျယ်မချဲ့ တော့ဘဲ ချုံးပြီးဟောကြပါစို့။

ကာမာဝစရဘုံက နတ်သက်အစုံ နတ်စည်းစိမ်ကုန်ပြီးရင် အထက် ဖြစ်သော ရူပါဝစရဘုံကို တက်တဲ့အခါမှာလဲ ပထမဈာန်ဘုံက စပြီးတော့ စတုတ္ထဈာန်ဘုံကို ရောက်အောင်တက်ပြီး သက်တမ်းရှည်တဲ့ ဗြဟ္မာ့စည်းစိမ် ကြီးတွေကို ခံစား သွားကြရအုံးမယ်။ နောက် ဆုံး ရောက်မဲ့ စတုတ္ထဈာန် အကနိဋ္ဌဘုံဆိုတာက ဗြဟ္မာဘုံဖြစ်တော့ဗြဟ္မာတို့သက်တမ်းကိုနှစ်နဲ့ပိုင်းခြား တာ မဟုတ်တော့ဘူး။

"အကနိ ဋ္ဌာနံ ဒေဝါနံ သောဠသကပ္ပ သဟဿာနိ" ဟူ၍ မိန့်ဆို တော်မူသောကြောင့် ဗြဟ္မာတို့သက်တမ်းကို ကမ္ဘာနဲ့ပိုင်းခြားပြီး ပြတော့ တယ်။ ထို့ကြောင့် အကနိဋ္ဌ ဗြဟ္မာကြီးများရဲ့သက်တမ်းဟာ ကမ္ဘာပေါင်း "တသောင်းခြောက်ထောင်"အသက်ရှည်သတဲ့။ ကမ္ဘာရဲ့ သက်တမ်းရှည်ပုံ တွေကို ဟောပြောနေလျှင် ငြီးငွေ့ဘွယ် ဖြစ်နေတော့မယ်။ ကြံဆပြီး အာရုံ ပြုကြပေတော့။

အဲဤကဲ့သို့ ဒါနရှင်သူဌေးကြီးသည် အောက်အောက်သော ဘုံတွေ က နှစ်ရှည်လများ စံစားမကုန် စည်းစိမ်ဂုဏ် အဆင့်ဆင့်ဖြင့် မြင့်မြင့်ချည်း တက်လာပြီးတဲ့နောက်၊ အဆုံး၌ာန "အကနိဋ္ဌ" မည်သော ဗြဟ္မာဘုံကြီးက ကမ္ဘာပေါင်း တသောင်းခြောက်ထောင် ငြီးငွေ့အောင် စံပြီးလျှင် စည်းစိမ် ခံသော ဤကိုစ္စကို အကနိဋ္ဌဘုံမှာ အသာရပ်ပြီးလျှင် လမ်းဖြတ်ကာ စိစဉ်၍ သံသာခွင်ဒုက္ခစခန်းမှ အနုတ္တရနန်းနိဗ္ဗာန်ခွင်သို့ စံဝင်ပြောင်းကြွတော့မည် ဖြစ်ပါသတည်း။

ယခုဟောခဲ့တဲ့အတိုင်း ကျောင်းဒါယကာ အနာထပိဏ်သူဌေးကြီး ရဲ့ ကျင့်စဉ်စခန်း ဒါနလမ်းကို ကြည့်ကြစမ်း၊ သူ၏အကြိုက် စရိုက်အား လျော်စွာ ဒါနကိုချည်းဘဲ အားထုတ်ကျင့်ကြံသွားတဲ့ စေတနာကကြောင့် ဟောင့်ဘဝိုင်းပြည့်စုံပြီးလျှင်-နိဗ္ဗာန်ခွင်သို့မရောက်မီအကြား ဖြစ်သမျှဘဝ

များမှာလဲ အားပါးတရ စည်းစိမ်တွေကို ငြီးထိန်အောင် ခံစားရပြီးတဲ့နောက် အဆုံးတိုင် ခရီးပေါက်ပြီး နိဗ္ဗာန်အထိ ရောက်သွားရကြောင်းမှာ လယ်ပြင်တွင် ဆင်သွားသလို ထင်ရှားတဲ့သာဓကကြီးဖြစ်ပါတယ်။

ထို့ကြောင့် မူလကစတင်ပြီး နည်းလမ်းပေးခဲ့တဲ့အတိုင်း မိမိတို့အကြိုက် စရိုက်အားလျော်စွာ ဘယ်ကုသိုလ်မျိုးကို မဆို လုံလုံလောက်လောက် ခရီးပေါက်အောင် အားထုတ်ကြပါက အကျိုးကြီးမှာချည်း ဖြစ်ပါသောကြောင့် ယခုဟောခဲ့တဲ့ နည်းလမ်းကို ယုံကြည်စွာ လက်ခံကြပါ-ဟူ၍ တိုက်တွန်းပြီးတော့ "စရိတာနုလောမ" ဒေသနာတော်ကို နိဂုံးကမ္ပတ်အဆုံးသတ်ပြီဖြစ်ပါသတည်း။

**စရိုက်အားလျော်စွာ ကျင့်ထိုက်ပုံဒေသနာ ဒါနကထာ ပြီး၊ပြီ။**

---

## နမော ဝိသုဒ္ဓိ ဒေဝသ ဇေယျတု
## (၄၄) ဒါနခဏ်း ရှင်းတမ်း တရားတော်

ဒါနအတွက်ရှင်းလင်းချက်မပေးရသေးခင် ရှေးဦးစွာ စကားပလ္လင်ခံလိုပါတယ်။ ပြောလိုတာကတော့ စာမတတ်တဲ့သူတွေ ဇဝေဇဝါဖြစ်ဘို့ ထင်ရောင်ထင်မှားဖြစ်ဘို့ ကိုယ်အာသာရှိရာ-ကိုယ်နှစ်သက်ရာကို ဆွဲဆောင်ပြီး ဟောကြ-ပြောကြတာတွေ အလွန်များပြားလာတော့ ဗုဒ္ဓသာသနာတော်မှာ ဘာသာရေးဝါဒဟာ တော်တော်ကလေး ရှုပ်ထွေးလာပေပြီ။

အတန်းအစား ခွဲခြားပြီးကျင့်ကြံရေး၊ အကျိုးခံစားရေးကိုဝေဘန်ထားတဲ့ ယုဂ်(၅)မျိုးသက်တမ်းကုန်လို့ ဝိမုတ္တိယုဂပြန်ရောက်ပြီဆိုပြီးတော့ ဝိပဿနာတရားတွေ ဟောကြ-ပြောကြ၊ တရားအားထုတ်ရေးဘက်ကို ဦးစားပေးပြီး တိုက်တွန်းသူတွေများလာပြီးတော့ သာသနာတော်သုံးရပ်ရဲ့ အခြေခံ ပရိယတ္တိသာသနာတော် ကြီးပွားရေးကို အားထုတ်နေတဲ့ပုဂ္ဂိုလ်တွေကိုတောင် လှမ်းမကြည့်ကြတော့ဘူး။ ဒါကြောင့်မို့ ပရိယတ္တိ သင်ကြားရေးကိစ္စတွေဟာ တဖြေးဖြေး ယုတ်လျော့လာကြပြီ။ ပဋိယတ္တိမရှိရင် - ပဋိပတ္တိလမ်းစဉ်ကို မှန်အောင်သိနိုင်ပါ့မလား၊ စာမတတ်ရင် အယူအဆလွဲကုန်ကြမှာပေါ့။

အယံ ဟိ ပရိယတ္တိ ပဋိပတ္တိယာ ပစ္စယော ဟောတိ။

ဟိ၊ အမှန်အားဖြင့် ပြော ဆို ဦး အံ့။ ပရိယတ္တိ၊ စာ ပေ ကျမ်း ဂန် မွေကွန် ပရိယတ္တိတရားတော်သည်။ ပဋိပတ္တိယာ၊ အ ကျင့် ပ ဋိ ပတ် အား။ ပစ္စယော၊ အထောက်အပံ့သည်။ ဝါ-လမ်းမှန်အောင်ဖြောင့်မတ်ပေးသည်။ ဟောတိ၊ ဖြစ်၏။ ဤ"သံယုတ်အဋ္ဌကထာ"ဒေသနာတော်ကလဲ ပရိယတ် တရားတော်က ပဋိပတ်ကျင့်စဉ်ကို ထောက်ပံ့ပေးတယ်လို့ မိန့်ဆိုထားတော့ ပရိယတ္တိမရှိရင် ပဋိပတ် လမ်းမမှန်နိုင်ဘူးဆိုတာ သိကြပါသဖြင့် ပရိယတ္တိ ကိုလဲ လှည့်ကြည့်ကြပါ - အားပေးကြပါလို့ တိုက်တွန်းခဲ့ပါတယ်။

ဝိပဿနာတရားဘက် လိုက်စားကြတာကိုတော့ အပြစ်ပြောတာ မဟုတ်ပါဘူး၊ ကုသိုလ်တရားဆိုတာက ကာယကံမြောက်၊ ဝစီကံမြောက် အားထုတ်စီမံတာမပြောနဲ့ စိတ် နဲ့ ကြံ စည် ရုံ ပင် အကျိုးရှိကြောင်း သိတဲ့ အတွက် ဝိပဿနာတရားအားထုတ်ရေးကိုလဲထောက်ခံပါတယ်။ဟောပြော ရေးတွေကဲ့ တမူထူးလာကြတဲ့အတွက် ရှင်းတမ်းလုပ်ပြီး ပြောဆိုနေရပါ တယ်။ ဘယ်လိုဟောပြောရေးတွေ ထူးလာကြသလဲဆိုတော့- ဘာဝနာမှ နိဗ္ဗာန်ရောက်ကြောင်းအစစ်အမှန်ဖြစ်တယ်။မိမိတို့လို ရိပ်သာဝင်ပြီး တရား အားထုတ်တဲ့ပုဂ္ဂိုလ်မဟုတ်ရင် လူမပြောနဲ့ ဘုန်းကြီးတွေတောင် လမ်းမမှန် ဘူးပြောဆိုကြတယ်။မိမိတို့ဟာတရားအားထုတ်ခဲ့လို့မဂ်ရောက်-ဖိုလ်ရောက် ဖြစ်ပြီးတော့ အရိယာဖြစ်လာတဲ့အတွက် မိမိ တို့ က သာ မြတ်တယ်ဆိုပြီး တော့ ဘုန်းကြီးတွေကိုပင် အရိုအသေမပေးနိုင်တော့ဘူး။

အဲတာလို အထင်လွဲကာ မြင့်မောက်တဲ့ မာန်မာန တက်ကြွပြီးတော့ မဖြစ်ဘဲနှင့် ဖြစ်သလို၊ မမြတ်ဘဲနှင့် မြတ်သလို၊ မဂ်-ဖိုလ်ကို မရဘဲနှင့်ရသလို ထင် လာ က ထဲ က ၎င်းတို့သန္တာန်မှာ ဝိစိကိစ္ဆာ မ ပယ် သေး ဘူး ဆို တာ ပေါ်လော ပေါ်နေတာပေါ့။ ယုံမှားတဲ့သဘောရှိတဲ့ ဝိစိကိစ္ဆာမပယ်နိုင် သေးရင် ဘယ်မှာ မဂ် - ဖိုလ် ကို ရ နိုင် မှာ လဲ။ မပြစ်မှားသင့်တာတွေကို ရှောက်ပြီး ပြစ်မှားခြင်းကြောင့် အကုသိုလ်သာ တိုးပွားတော့ တာပေါ့။

အဲတာလိုမဆုံးဖြတ်နိုင်တဲ့ ဝိစိကိစ္ဆာတန်းလန်းကြီးနဲ့ ကိုယ့်ကိုယ်ကို အထင်ကြီးခဲ့တာက ကိစ္စမရှိပါဘူး၊ သူတပါးကိုပါ အတွေးအထင်လွဲသွား အောင်၊ ယောင်လယ်လယ်ဖြစ်သွားအောင် သွယ်ဝိုက် ဟော ပြော တာ က ပိုပြီး အရှုပ်ဆိုးကြပေတယ်။

ဘယ်လို ဟောပြောနေကြသလဲဆိုတော့.... ဒါနဟာ သံသရာရှည်တယ်။ ဒါနနဲ့ နိဗ္ဗာန်မရောက်နိုင်ဘူး။ ဒါနတွင် တင်းတိမ်နေတဲ့ပုဂ္ဂိုလ်တွေ အမှားကြီး မှားနေကြပြီလို့ ဟောပြောသူတွေ ပေါ်နေပါတယ်။အဲတာလို ဟောပြောချက်တွေကြားရတော့- ဘာသာရေး အခြေခံမရှိတဲ့သူများမှာ ယုံမှားသံသယဖြစ်ပြီးတော့ ငါတို့အားထုတ်နေတဲ့ ဒါနလမ်းဟာ ဟုတ်မှ-ဟုတ်ပါ့မလား၊ လမ်းမှား လွဲနေမလား၊ ဘယ်လို လမ်းမှန်ကို သိရပါမလဲ ဟူ၍ ဇဝေဇဝါ-ယောင်ယောင်မှားမှား ဖြစ်ကုန်ကြတာပေါ့-။ အဲတာလို ထင်ယောင်ထင်မှား ဇဝေဇဝါဖြစ်တဲ့ပုဂ္ဂိုလ်ထဲက ပြောသံ-ဆိုသံ-ညည်းညူသံ-မေးမြန်းတဲ့အမေးပြဿနာအသံတွေကိုကြားရတာဖြစ်လို့ ဒါနရှင်းတမ်းဆိုပြီးတော့.... ယနေ့ ဤတရားကို ဟောရပါတယ်။ ယခုဟောခဲ့တာက.... ရှေးဦးစွာ စကားပလ္လင်ခံခြင်း ဖြစ်ပါတယ်။

ဒါနရှင်းတမ်း မပြသေးခင် ရှေးဦးစွာ ခွဲခြားပြီးသိထားဘို့ကတော့ အကျိုးဆိုတာမျိုးဟာ အကြောင်းကြောင့် ဖြစ်ရတယ်။ အဲဒီအကြောင်းတရားဟာ ကုသိုလ်အကြောင်း - အကုသိုလ်အကြောင်း နှစ်မျိုးဘဲရှိတယ်။ ကုသိုလ် အကြောင်း ကံကို ပြု လုပ် ရင် ကောင်းတဲ့အကျိုးကို ခံစားရမယ်။ အကုသိုလ်အကြောင်းကံကိုပြုလုပ်ခဲ့ရင် မကောင်းတဲ့အကျိုးကိုခံစားရမယ်၊ အဲဒီအရင်းခံနည်းလမ်းကို ရှင်းရှင်းချည်း တိ တိ ကျ ကျ သိ ပြီး စွဲစွဲမြဲမြဲ မှတ်ထားရမယ်။

ဤကဲ့သို့ အကြောင်းရင်းကို ခွဲခြားကာသိမှတ်ထားပြီးတော့ ဒါနဟာ ကုသိုလ်လား-အကုသိုလ်လား စိစစ်ကြည့်ပါ၊ သိပြီးသားဖြစ်ကြပေတဲ့ ဉာဏ်နဲ့ သူများအတွက် ကွက်ကွက်ကွင်းကွင်း ပေါ်အောင် ဝေဘန်ပြပါအုံးမယ်။ ကာမာဝစရကုသိုလ် ပုညကြိယာဝတ္ထုဆယ်ပါးထဲမှာ ဒါနက အစတည်ပြီး ဟောထားတာဖြစ်တယ်။ တကြောင်းမှာလဲ အလောင်းတော်များ ဖြည့်ကျင့်တဲ့ပါရမီဆယ်ပါးထဲမှာလဲ ဒါနပါရမီကစတည်ပြီးဖြည့်ကျင့်တော်မူရကြောင်းဟာလဲ ထင်ရှားတာ ဖြစ်တော့ ဒါနအမှုဟာ ကုသိုလ်ဆိုတဲ့ အကြောင်းတရား ပေါ်လွင်နေပါပြီ....။ ဒါနကုသိုလ်ဟာကုသိုလ် အကြောင်းတရားအဖြစ် ထင်ရှားပြီးတဲ့နောက် သံသရာထဲမှာ ရှည်မြင့်စွာ ကျင်လည်နေကြရတဲ့ဒုက္ခဟာ အကျိုးလား - အကြောင်းလားလို့ စိစစ်ကြ ဦးစို့ရဲ့။

" ဒုက္ခံ တေဘူမကံ ဝဋ္ဋံ "ဆိုတဲ့ ဒေသနာတော်အတိုင်း ဘုံသုံးပါး ထဲမှာ ကျင်လည်ပြီးဖြစ်နေကြတဲ့ သံသရာဝဋ်ဆင်းရဲကြီးဆိုတာ ဧကန်အမှန် အားဖြင့် ဒုက္ခသစ္စာ အကျိုးတရားပါဘဲ။

"ဒုက္ခ သမုဒယော အရိယသစ္စံ"ဆိုဘဲ့ ဒေသနာတော်အတိုင်း ဒုက္ခ သစ္စာရဲ့ အကြောင်းတရားကို သမုဒယသစ္စာခေါ်တဲ့ တဏှာလောဘဘဲလို့ ဟောတော်မူထားတော့ သံသရာဝဋ်ဒုက္ခဖြစ်တဲ့ ဒုက္ခသစ္စာဟာ အကျိုး တရားအဖြစ် ထင်ရှားသွားတာပေါ့။

၎င်း အကျိုးဖြစ်တဲ့ သံသာရဒုက္ခဟာ ကောင်းကျိုးလား-ဆိုးကျိုး လားဆိုတာ မေးဘို့တောင်မလိုပါဘူး၊ ဆင်းရဲဒုက္ခဆိုကထဲက မကောင်းတဲ့ အကျိုး-အကုသိုလ်အကြောင်းကြောင့်ဖြစ်တဲ့ ဆိုးကျိုးဘဲလို့ ဆုံးဖြတ်ရတာ ပေါ့။

ဤကဲ့သို့ရှင်းလင်းဝေဘန်လိုက်ရင်ဒါနကကုသိုလ်အကြောင်းတရား သံသရာရှည်တာက အကုသိုလ်အကျိုးတရား။ ဒါနတည်းဟူသော ကုသိုလ် အကြောင်းကြောင့်- သံသရာ ရှည်တယ်ဆိုတဲ့ အကုသိုလ် အကျိုး တရား ဖြစ်နိုင်ပါ့မလား ချိုတဲ့သရက်မျိုးစေ့ကြောင့်ခါးတဲ့တမာသီးမသီးနိုင်သလို မှတ်ကြရမယ်။ တခ့ကြောင့် ဒါနကြောင့်သံသရာ ရှည်တယ်ဆိုတဲ့စကားဟာ မှားမနေဘူးလား၊ သံသရာထဲမှာ ကြာရှည်စွာ လည့်လည်ပြီး ဒုက္ခ ခံနေ ကြရတာက ဒါနကြောင့်မဟုတ်ဘူး။ တဏှာ-မာန-ဒိဋ္ဌိဆိုတဲ့ ပပဉ္စတရား ကြောင့်လို့ မှတ်ကြပါ။ အဲဒီပပဉ္စတရားသုံးပါးကြောင့်သာ သံသရာထဲမှာ ကျင်လည်ကြရတယ်။ သံသရာရှည်ရမယ်လို့ မှတ်ယူကြပါ။

ဝိသာခါ-အနာထပိဏ်တို့လို ဘုံစဉ်စံပြီးတော့ သံသရာထဲက မြန်မြန် မထွက်လိုသေးတဲ့ ပုဂ္ဂိုလ်များ မှာတော့ သူတို့ တောင့်တတဲ့ ဆုပတ္ထနာ အတိုင်းဘဲအကျိုးခံစားရတာပေါ့။ ဒါနကသံသာရာရှည်အောင်လုပ်ပေးတာ မဟုတ်ပါဘူး။ ကုသိုလ်စေတနာဟာ မိမိတောင့်တတဲ့အတိုင်း ဖြစ်နိုင်တယ် ဆိုတဲ့ သဘာဝရှိတာဖြစ်တော့ဝဋ္ဋနိဿိတအကျိုးကို တောင့်တရင် သံသရာ ထဲမှာ နေရအုံးမှာဘဲ။ ဒါနကသံသရာထဲမှာထားတာမဟုတ်ပါဘူး။ ဝိဝဋ္ဋ နိဿိတအကျိုးကို တောင့်ကရင်း မြန်မြန် သံသရာထဲက ထွက်နိုင် မှာဘဲ။ အဲဒါကလမ်းမှန်တရားဖြစ်ပါတယ်။ ဒါနကသံသရာရှည်ရတယ်လို့ ဒါနကို အပြစ်တင်ဘို့ မလိုပါဘူး။ ယခု ဟောခဲ့တာက ရှင်းနည်း တမျိုး ဘဲလို့ မှတ်ယူကြပါ။

နောက်တနည်းရှင်းပြပါအုံးမယ်။ ပေးကမ်းစွန့်ကြဲ လှူဒါန်းဘဲ့ဒါန အမှုဆိုတာ လောဘလား-အလောဘလားလို့ စိစစ်ကြစို့။ ဥပမာအားဖြင့် လူတယောက်မှာငွေတကျပ်ရှိတယ် ဆိုပါတော့၊ အဲဒီမိမိငွေကိုသူတပါးအား မလှူသေးခင်-အပြီးအပိုင် မပေးသေးခင် ငါ့ပစ္စည်း-ငါ့ငွေ-ဟု တပ်နှစ်သက်တဲ့ လောဘတဏှာ ရှိသေးတာပေါ့။ ၎င်းငွေကို သူတပါးအား လှူလိုက်-ပေးလိုက်ပြီးလျှင် ၎င်းငွေတကျပ်အပေါ်မှာ တပ်နှစ်သက်နေတဲ့ လောဘ မရှိတော့ဘူး။လောဘမရှိတော့ဘာဖြစ်သလဲ၊ ပေးလှူလိုက်တဲ့စေတနာဟာ "အလောဘလို့"ဆိုရတာပေါ့။ အဲဒီဒါနကုသိုလ်ကိုအလောဘလို့ဆိုတော့ အလောဘကုသိုလ်ကြောင့် ဘာအကျိုးခံစားရမလဲ သို့ မေးဘွယ်ရှိပါတယ်။

"အလောဘော ဘောဂသမ္ပတ္တိယာ ပစ္စယော ဟောတိ"

အလောဘော၊ အလောဘ ကုသိုလ်သည်။ ဘောဂသမ္ပတ္တိယာ၊ စည်းစိမ်ဥစ္စာနှင့်ပြည့်စုံခြင်း၏။ ပစ္စယော၊ အထောက်အပံ့သည်။ ဟောတိ၊ ဖြစ်၏။ ၎င်းဒေသနာတော်အတိုင်း အလောဘကုသိုလ်ကြောင့် ဘောဂသမ္ပတ္တိခေါ်တဲ့ စည်းစိမ်ဥစ္စာ ကြွယ်ဝချမ်းသာခြင်း အကျိုးကို ရဘို့သာ ကျိန်းသေဖြစ်ပါတယ်။ ဘယ်မှာ အလောဘတည်းဟူသော ဒါနကြောင့် သံသရာလည်ဘို့ ဖြစ်ရမှာလဲ။ ကောင်းတဲ့အကြောင်းကြောင့် ကောင်းကျိုးကိုသာခံစားရမယ်သို့ တထစ်ချမှတ်ထားကြပါ။ ဒေသနာတော်ကိုပြပြီး ရှင်းလင်းပါအုံးမယ်။

"ဒါနံနာမေတံ မယှံ ဂတမဂ္ဂေါ၊ မယှမေဝေသော ဝံသော"

တံဒါနံနာမ၊ ဤဒါနကုသိုလ်မည်သည်။ မယှံ၊ငါဘုရား၏။ ဂတမဂ္ဂေါ၊ သွားရာလမ်းကြောင်းတည်း။ ဧသော၊ ဤဒါန တည်းဟူသော လမ်းကြောင်းသည်။မယှမေဝ၊ငါဘုရား၏သာလျှင်။ဝံသော၊အနွယ်တည်း။ ဤဒေသနာတော်မှာ ဒါနကုသိုလ်ဟာ ငါဘုရားတို့သွားရာ လမ်းကြောင်း ဖြစ်တယ်၊ ငါတို့အနွယ်ဘဲဟု ဟောပြတော်မူတဲ့အပြင် ...

ဘုရားဖြစ်ရန်တရား ပါရမီ ဆယ်ပါးကို ဖြည့် ဆည်း ပူး စဉ် အခါ ကာလက ဘုရားအလောင်းတော်သည် ဝေလာမပုဏ္ဏား, မဟာဂေါဝိန္ဒ ပုဏ္ဏား,မဟာသုဒဿနစကြာမင်း,ဝေဿန္တရာမင်းဖြစ်စဉ်ကပင်လျှင် ကြီးစွာ သော ဒါနပါရမီတော်များကို ဆည်းပူး အားထုတ် ခဲ့လေပြီ။ ယုန်မင်း ဖြစ်စဉ် ဘဝကလည်း မိမိကိုယ်ကို မီးပုံကြီးအတွင်းသို့ ခုန်ချပြီးလျှင် ဒါန ပရမတ္ထပါရမီကို ဖြည့်ခဲ့လေပြီ။

လောကဥ္စဒါနတရားသည် သိကြားမင်းစည်းစိမ်, မာရ်မင်းစည်းစိမ်, ဗြဟ္မာမင်းစည်းစိမ်, စကြဝတေးမင်းစည်းစိမ်၊ သာဝကပါရမီဉာဏ်, ပစ္စေကဗောဓိဉာဏ်, အဘိသမ္ဗောဓိဉာဏ်ကိုလည်း ပေးစွမ်းနိုင်ကြောင်း ကြီးသောအကျိုးရှိကြောင်းကို ဟောကြားတော်မူသော ဒေသနာတော် သာဓကတွေကို ယောက်ထားကြပါလျှင် ဘာမျှယုံမှားရှိဘို့မလိုပါဘူး။ ကြိုးစားပြီး ဒါနကုသိုလ်ကို တတ်စွမ်းနိုင်သမျှအားထုတ်ကြပါ။သာဓကတရပ်ကို ပြပါအုံးမယ်။

> အတ္ထိ ဒိန္နန္တိအာဒိနယပဝတ္တေ ဣမသ္မိံ ကမ္မဿကတဉာဏေ
>
> ဌတွာ ဗဟုံ ဒါနံ ဒတွာ သီလံ ပူရေတွာ ဥပေါသထံ သမာ
>
> ဒိယိတွာ သုခေန သုခံ သမ္ပတ္တိယာ သမ္ပတ္တိံ အနုဘဝိတွာ
>
> နိဗ္ဗာနပတ္တာနံ ဂဏနပရိစ္ဆေဒေါ နတ္ထိ။

ဒိန္နံ၊အလှူဒါနအကျိုးသည်။ အတ္ထိ၊ရှိ၏။ ဣတိအာဒိနယပဝတ္တေ၊ ဤသို့အစရှိသောနည်းဖြင့်ဖြစ်သော။ဣမသ္မိံ ကမ္မဿကတဉာဏေ၊ဤကမ္မဿကဉာဏ်၌။ ဌတွာ၊ တည်၍။ ဗဟုံ၊ များစွာ။ ဒါနံ၊ အလှူဒါနကို။ ဒတွာ၊ ပေးလှူ၍။ သီလံ၊သီလကို။ ပူရေတွာ၊ဖြည့်ကျင့်၍။ ဥပေါသထံ၊ဥပုသ်ကို။ သမာဒိယိတွာ၊ ကောင်းစွာဆောက်တည်၍။ သုခေန၊ ချမ်းသာတပါးမှ။ သုခံ၊ ချမ်းသာ တပါးကို။ သမ္ပတ္တိယာ၊ စည်းစိမ် တပါးမှ။ သမ္ပတ္တိံ၊ စည်းစိမ် တပါးကို။ အနုဘဝိတွာ၊ ပြောင်းရွှေ့ခံစား၍။ နိဗ္ဗာနပတ္တာနံ၊ နိဗ္ဗာန်သို့ ရောက်ကုန်သော ပုဂ္ဂိုလ်တို့၏။ ဂဏနပရိစ္ဆေဒေါ၊ အရေအတွက်အပိုင်းအခြားသည်။ နတ္ထိ၊မရှိပြီ။

ဤဒေသနာတော်ဖြင့် ဒါနကုသိုလ်ကို အားထုတ်ပြုလုပ်ပြီးတော့ ထိုဒါန ကောင်း မှု ကြောင့် ချမ်းသာ တခုက ချမ်း သာ တခုသို့ ပြောင်း၊ စည်းစိမ်တခုက စည်းစိမ်တခုကို ပြောင်းရွှေ့ ခံစား,စံစား ပြီးကြပြီးလျှင် နောက်ဆုံးကျတော့ နိဗ္ဗာန်ကိုဝင်သွားကြတဲ့ ပုဂ္ဂိုလ်တွေကို ရေတွက်လို့မရအောင်ပင် များလှပြီလို့ ပြတော် မူပါတယ်။ ထို့ပြင်လဲ - ပါဠိတော်လာ တိုက်ရိုက်သာဓကတခုကို ထုတ်ပြရအုံးမယ်....။

ခေတ်—၂၂

ဇဝ်မေတံ သုမနေ၊ အလမေဝ သုမနေ ဒါနာနိ ဒါတုံ၊ အလံ
ပုညာနိ ကာတုံ။

သုမနေ၊ချစ်သမီးသုမန။ ဧဝမေတံ၊သင်လျှောက်သောစကားသည် လျှောက်ထားတိုင်း မှန်ပေသည်။ သုမနေ၊ ချစ်သမီးသုမန။ ဒါနာနိ၊ အလှူဒါနတို့ကို။ ဒါတုံ၊ ပေးခြင်းငှာ။ အလမေဝ၊ သင့်သည်သာလျှင်တည်း။ ပုညာနိ၊ကောင်းမှုတို့ကို။ ကာတုံ ပြုလုပ်ခြင်းငှာ။ အလံ၊ ပြုလုပ်ထိုက်ပေ၏။

မြတ်စွာဘုရားသခင် ကိုယ်တော်တိုင်ပင်လျှင် ကောသလမင်းကြီး၏ သမီးတော်သုမနမင်းသမီးအား ဟောကြားတော်မူသောအရာမှာ ချစ်သမီး သုမန-ဒါနကုသိုလ်ဟာ ပြုလုပ်ထိုက်ကြောင်း အားထားရာ ဖြစ်ကြောင်း သင်လျှောက်တဲ့အတိုင်းမှန်ပေတယ်။ ဒါနကိုပြုသင့်တယ်-ကောင်းမှုကုသိုလ် ကို ပြုသင့်တယ်လို့ မိန့်တော်မူတဲ့ ဤဒေသနာတော်တွေကို ထောက်ဆကြည့် ကြရင် ဒါနကိုပယ်တဲ့ ဟောပြောချက်တွေဟာ ဘယ်မှာ ယုံကြည်ဘို့ ရှိမလဲ မယုံကြည်ကြပါနဲ့ ယောင်ယောင်-မှားမှား ဇဝေဇဝါ မဖြစ်ကြပါနဲ့။ ဟောပြောတဲ့ ပုဂ္ဂိုလ်တွေကလဲ မိမိမလှူနိုင်လို့-သို့မဟုတ် မလှူချင်လို့ရှိရင် မိမိအတွက်သာ ဖယ်ရှားနေဘို့ ကောင်းပါတယ်။ သူတပါး ထင်ယောင် ထင်မှားဖြစ်အောင် မပြောသင့်ပေဘူး။

ဒါနကုသိုလ်ကို အပြစ်ဆိုတဲ့ပုဂ္ဂိုလ်တွေအတွက် အန္တရာယ်တွေ့ကြုံ တတ်ကြောင်း ဒေသနာတော် ထုတ်ပြရအုံးမယ်။

ယော ခေါ ဝစ္ဆ ပရံ ဒါနံ ဒဒန္တံ ဝါရေတိ၊ သော တိဏ္ဏံ
အန္တရာယကရော ဟောတိ၊ တိဏ္ဏံ ပါရိပန္ထိကော။

ဝစ္ဆ၊ ဝစ္ဆဂေါတ္တပရိဗိုဇ်။ ဒါနံ၊ အလှူဒါနကို။ ဒဒန္တံ၊ ပေးလှူတတ် သော။ ပရံ၊သူတပါးကို။ ဝါရေတိ၊တားမြစ်ပိတ်ပင်၏။ သော၊ ထိုဒါနကို တားမြစ်သောသူသည်။ တိဏ္ဏံ၊သုံးပါးတို့၏။ အန္တရာယကရော၊အန္တရာကိုယ် ပြုသည်။ ဟောတိ၊ဖြစ်၏။ တိဏ္ဏံ၊သုံးပါးတို့၏။ ပါရိပန္ထကော၊ဘေးရန်ကို ပြုသည်။ ဟောတိ၊ ဖြစ်၏။

ပရိဗိုဇ် ရဟန်း - အလှူဒါနကို တားမြစ်တဲ့ သူဟာ သုံးမျိုးတို့၏ အန္တရာယ်ကို ပြုသည်မည်တယ်ဟူ၍ ဂစ္ဆဂေါတ္တပရိဗိုဇ်အား ဟောတော် မူတဲ့ ဒေသနာ တော်တို့ နာယူပြီး စဉ်းစား ကြအုံးတော့။ ၎င်းသူဟာ ဘယ်အန္တရာယ်သုံးပါးကိုပြုပါသလဲဆိုတော့....

(၁) အလှူ ဒါယကာ၏ ကောင်းမှု၏ အန္တရာယ်ကို ပြုသည် မည်တယ်။

(၂) အလှူခံ ပုဂ္ဂိုလ်၏ လာဘ်လာဘ အန္တရာယ်ကို ပြုသည် မည်တယ်။

(၃) တားမြစ်သောသူသည် မိမိကိုယ်ကို တူးဖြိုဖျက်ဆီးအပ်သည် မည်တယ်။

အလှူဒါနကို တားမြစ်သူဟာ ဤအန္တရာယ် သုံးပါးကို ပြုသည် မည်တယ်လို့ ဟောတော်မူတဲ့ ဒေသနာကိုထောက်ကြည့်မယ်ဆိုရင် ဒါနကို ခပ်ပယ်ပယ်ဟောတဲ့ပုဂ္ဂိုလ်များဟာ ဘယ်လောက်ကြောက်စရာကောင်းပါ သလဲ။ ဒါတင်မကသေးဘူး ဒါန၏အန္တရာယ်ကိုပြုတဲ့ ပုဂ္ဂိုလ်များရဲ့ခံစားရာ ဖြစ်တဲ့ ပစ္စုပ္ပန်အကျိုး-သံသရာအကျိုးကိုလဲ နာယူကြပေအုံးတော့။

(၁) ယေစ မစ္ဆရိနော လောကေ၊
ကဒရိယာ ပရိဘာသကာ။
အညေသံ ဒဒမာနာနံ၊
အန္တရာယကရာ နရာ။

(၂) နိရယံ တိရစ္ဆာနယောနိံ၊
ယမလောကံ ဥပပဇ္ဇရေ။
သစေ ဧန္တိ မနုဿတ္တံ၊
ဒလိဒ္ဒေ ဇာယရေ ကုလေ။

(၃) စောဠံ ပိဏ္ဍော ရတီ ခိဍ္ဍာ၊
ယတ္ထ ကိစ္ဆေန လဗ္ဘတိ၊
ပရတော အာသီသရေ ဗာလာ၊
တမ္ပိ တေသံ နလဗ္ဘတိ။
ဒိဋ္ဌေ ဓမ္မေသ ဝိပါကော၊
သမ္ပရာယေစ ဒုဂ္ဂတီတိ။ ။

(၁) ယေနရာ၊ အကြြင်သူတို့သည်။ ဣမလောကေ၊ ဤလောက၌။ မစ္ဆရိနော၊ မပေးကမ်းလို ဝန်တို နှမြောကုန်၏။ ကဒရိယာ၊ ဒါနကိုလွှဲ စေးနှဲသောသဘော ရှိကုန်၏။ ပရိဘာသကာ၊ ဒါနသခင် ကောင်းမှုရှင်ကို မချင့်မရဲ ကျိန်ဆဲရေရွတ် တတ်ကုန်၏။ ဒဒမာနာနံ၊ အရေးတယူ ပေးလှူ တတ်ကုန်သော။ အညေသံ၊ တပါးသောသူတို့၏။ အန္တရာယကရာ၊ အကျိုး ယုတ်ဘွယ် အန္တရာယ်ကို ပြုတတ်ကုန်၏။

(၂-၃) တေနရာ၊ မိမိလည်းမလှူချင် အလှူရှင်ကိုလည်း ကျိန်ဆဲ မိုက်မဲသောထိုသူတို့သည်။ နိရယံ၊ ဒုက္ခသက်သက် ဒဏ်ချက်မစဲ အပါယ်ငရဲ သို့ရင်း။ တိရစ္ဆာနယောနိံ၊ ဖိလာအကျင့်ဆိုး တိရစ္ဆာန် အမျိုးသို့ရင်း။ ယမလောကဥ္စ၊ ယမမင်းများ ပျော်ပါးစံလှူ ပြိတ္တာဘုံသို့ရင်း။ ဉပပဇ္ဇရေ၊ အမှန်တပ်အပ် ချဉ်းကပ်နေထိုင်ရကုန်၏။ မနုဿတ္တံ၊ တခါတရံ လူရပ်ဌာန် သို့။ သစေဧန္တိ၊ အကယ်၍ရောက်ကုန်သည်ဖြစ်အံ့။ ယတ္ထ၊ အကြင်အမျိုး၌။ စောဠံ၊ ဆင်မြန်းစရာ အဝတ်တန်းဆာကိုရင်း။ ပိဏ္ဍော၊ စားသောက်ဘွယ် အခင်း ဘောဇဉ်ထမင်းကိုရင်း။ ရတိ၊ ကာမဂုဏ်ရပ် ချဉ်းကပ်တွေ့ပျော် မွေ့လျော်ခြင်းကိုရင်း။ခိဍ္ဍာ၊စိတ်ရွှင်ကြည်နူး ပျော်မြူးခြင်းကိုရင်း။ကိစ္ဆေန၊ ဆင်းရဲငြိုငြင်သဖြင့်။ လဗ္ဘတိ၊ရအပ်၏။ ဒလိဒ္ဒေ၊ မပြည့်မစုံ လူနုံလူမွဲ့ လွန် ဆင်းရဲသော။ တတ္ထကုလေ၊ ထိုအမျိုး၌။ ဇာယရေ၊ ဖြစ်ရကုန်၏။

ယေဗာလာ၊ ဒါနမလို ဝန်တိုစရိုက် အကြြင် လူမိုက်တို့သည်။ ပရ တော၊ သူတပါးထံမှ။ ယံ၊ အကြြင်ဉစ္စာကို။ အာသီသရေ၊ ရလိုစိတ်ထား နိုး၍,စား၍ လိုလားတောင့်တကုန်၏။ တေသံ၊ ထိုသူမိုက် တို့သည်။ တမ္ပိ၊ လိုချင်သည့်အရာ ထိုဥစ္စာကိုလည်း။နလဗ္ဘတိ၊မရနိုင်။ဒိဋ္ဌေဓမ္မေ၊မျက်မှောက် ထင်ထင် မျက်မြင်ဘဝ ဤလောက၌။ ဧသောဝိပါကော၊ဤအကျိုးသည် ရင်း။ သမ္ပရာယေ၊ တမလွန်ဘဝ နောင်လောက၌။ ဒုဂ္ဂတိစ၊ ယုတ်ညံ့စွာလှ အောက်တန်းကျသည့် ဒုဂ္ဂတိဘဝသည်ရင်း။ ဟောတိ၊ဖြစ်ရချေ၏။

ဤဒေသနာတော်ဖြင့် ဒါန၏အန္တရာယ်ကိုပြုတဲ့သူဟာငရဲ,တိရစ္ဆာန်, ပြိတ္တာဘုံမှာ ဖြစ်ရလိမ့်မယ်။လူဘဝကို တကယ်လို့ ရောက်လာခဲ့မယ်ဆိုရင်လဲ စား‌·ဝတ်-နေရေးချို့တဲ့တဲ့ သူဆင်းရဲအမျိုးမှာ ဖြစ်ရမယ်။ တောင့်တတိုင်း မပြည့်စုံနိုင်ဘူး။ စုတေသေလွန်ခဲ့ရင်လဲ ဒုဂ္ဂတိဘဝကိုသာ လားရမယ်လို့ မိန့်တော်မူခဲ့တယ်။

ဒါနကိုပယ်ပြီးဉာဏ်အမြင်ကျယ်တဲ့သူတွေဟာ အမြော်အမြင်ပညာကွန့်သလောက် သဒ္ဓါတွန့်ဘဲ့သဘောရှိကဲ့အတွက် ပစ္စုပ္ပန်-သံသရာ နှစ်ဖြာနှစ်မျိုးလုံးမှာ ကောင်းကျိုးကိုခံစားရမည်မဟုတ်သည့်အတွက် လေးလေးနက်နက် စဉ်းစားကြစေလိုပါတယ်။ ဟောလက်စနဲ့ ဟောသင့်တာကလေးထုတ်ပြရအုံးမယ်။ဒါနကိုမချီးမွမ်းဘဲ ရှုတ်ချတဲ့သူဟာ လူမိုက်လို့ ဒေသနာတော်က ပြထားသေးတယ်။

ဗာလာ ဟဝေ နပ္ပသံသန္တိ ဒါနံ၊
ဓီရောဝ ဒါနံ အနုမောဒမာနော။

ဗာလာ၊ မသိမလိမ္မာ ပညာမဲ့ကင်း လူဖျင်း-လူမိုက်တို့သည်။ ဟဝေ၊ စင်စစ်။ ဒါနံ၊ အလှူဒါနကို။ နပ္ပသံသန္တိ၊ ချီးမွမ်းစကား မပြောကြားကုန်။ ဓီရောဝ၊ တရားမှန်သိ ပညာရှိသော သူသည်သာလျှင်။ ဒါနံ၊ အလှူဒါနကုသလကို။ အနုမောဒမာနော၊ ထောက်ခံချီးမြှောက် ဝမ်းမြောက်နှစ်သက်နိုင်၏။

ဤဒေသနာတော်တွေက ဘုရားရှင်ကိုယ်တော်တိုင် မိန့်တော်မူခဲ့တဲ့ တိုက်ရိုက် နိတတ္ထဒေသနာတွေဖြစ်တော့ မည်သူမျှမဟုတ်ဘူးလို့ ငြင်းပယ်လို့ မရပါဘူး။ အဲဒါလို ညွှန်ပြခဲ့တဲ့ ဒေသနာတော်တွေကို ပေါင်းစုဆင်ခြင်ပြီးတော့ နိဂုံးချုပ်အနေနဲ့ ဒါနကုသိုလ်ရဲ့ အကျိုးများပုံ၊ ဒါနကို ပယ်သူတွေရဲ့ အကျိုးမရှိပုံတွေကို ထင်ရှားအောင် သိကြရပြီးဖြစ်ပါသောကြောင့် ဒါနရှင်းတမ်း တရားခဏ်းကို ဤမျှလောက်နဲ့ အပြီးသတ်ကြစို့ရဲ့။

သဒ္ဓါယ၊ ယုံကြည်စိတ်မြတ် သဒ္ဓါခတ်ဖြင့်။ ဒါနံ၊ အရိယာဝင် သူတော်စင်တို့ မြော်မြင်ချီးကျူး အထူးဖော်ပြ မြတ်ဒါနကို။ ဒဒန္တု၊ အလေးတမူ အရေးယူ၍ ပေးလှူကမ်းလှမ်းနိုင်ကြပါစေကုန်သတည်း။

သဗ္ဗဒါ၊ နေ့ညဥ့်မကွာ အခါမလပ် အာထပ်ထပ်။ သီလံ၊ စောင့်ထိန်းအပ်စွ မြတ်သီလကို။ ရက္ခန္တု၊ မပျက်မတိမ်း စိတ်ဝယ်ကိန်းလျက် စောင့်ထိန်းနိုင်ကြပါစေကုန်သတည်း။

ဘာဝနာဘိရတာ၊ သူတော်ဓလေ့ စိတ်မှာတွေ့ပြီး ဘာဝနာနဲ့ ပျော်မွေ့ကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သာတည်း။

သာဓု ခေါ်ကြပေတော့....။

**ဒါနခဏ်းရှင်းတမ်း တရားတော် ပြီးပြီ။**

## နမော ဝိနာယကဿ ဇေယျတု
## (၄၅) လိုရာရ ဒါနကထာ

ရှေး ဦး စွာ တ လော က လုံး ၌ ရှိ သော သတ္တဝါ အ ပေါင်း တို့ ၏ များသောအားဖြင့်အလိုရှိနေကြတဲ့ ဓမ္မတာသဘောတခုကိုထင်ရှားအောင် ထုတ်ဖော်၍ ညွှန်ပြပါအုံးမယ်။

ကုသိုလ်ကံအဟုန် အထောက်အပံ့မစုံကြသဖြင့် ဆင်း ရဲ တဲ့ အ မျိုး ဆင်းရဲတဲ့ဘဝမှာ ကြုံကြိုက်ပြီးတော့ ဝမ်းစာရေးကလဲမဝ ဝတ်ရေးကလဲ မလုံကြသဖြင့် များစွာစိတ်ညှိုးကိုယ်နွမ်းဖြစ်ပြီး ဆင်းရဲဒုက္ခရောက်နေကြတဲ့ ပုဂ္ဂိုလ်တွေ များစွာပင်ရှိကြပေတယ်။ အဲဒီတာလို ဆင်းရဲဒုက္ခရောက်နေကြ ရတဲ့ပုဂ္ဂိုလ်တွေဟာ ဘယ်ဟာကိုတောင့်တပါသလဲလို့ဆိုတော့ ချမ်းသာဘို့ ကိုသာ လိုလားပြီး ချမ်းသာခြင်းကိုဘဲ တောင့်တကြတာဘဲ။

အဲဒီတာလို ဆင်းရဲတဲ့သူမှန်သမျှတို့၏သဘောမှာ ချမ်းသာဘို့ကိုသာ လိုလားလို့ တိုက်တာ-လယ်မြေ, ရွှေငွေ ရံ အ သင်း အ ပင်း နှင့် တကွ ဥစ္စာခန ပြည့်စုံဘို့ကိုသာ ရည်မှန်းပြီး ချမ်းသာလမ်းကိုသာ တောင့်တလျက်နေကြ တာ တလောကလုံး၏ ဓမ္မတာသဘောကြီးဆိုတာ သိ ပြီး သား ဖြစ်နေကြ ပါပြီ။

အဲဒီတာလို ချမ်းသာဘို့ကိုသာ ရည်မှန်းလို့ ချမ်း သာ လမ်း ကို သာ လိုလားတဲ့သဘောဟာ ဆင်းရဲတဲ့လူတစုရဲ့ သဘောသာလားလို့ဆိုတော့.... ကာမာဝစရကံဟုန် အထောက်အပံ့စုံလို့မို့ အဖုံဖုံအနည်းနည်း စည်းစိမ်ကြီး ရှင်တွေဖြစ်ကြတဲ့ သူဌေးကြီး - သူကြွယ်ကြီး - လူချမ်းသာကြီးများဟာလဲ ချမ်းသာသည်ထက် ချမ်း သာ အောင် ချမ်း သာ ဘို့ ကို သာ လို လား ပြီး ချမ်းသာခြင်းကိုဘဲ တောင့်တကြတာ ဖြစ်ပေတယ်။

ဆားငန်ရည်သောက်မိတဲ့သူလိုဘဲ သောက်ပြီးရင်းသောက်ချင်ရင်း ဆိုတာလို လောကီအာရုံ ကာမဂုဏ်ချမ်းသာမျိုး ဆိုတာကတော့ အားရ-တင်းတိမ်ခြင်း ရှိနိုင်တာမဟုတ်ပေဘူး။ သို့အတွက် လောကမှာ ချမ်းသာ ကြွယ်ဝပြီးနေကြတဲ့ သူဌေးကြီး-သူကြွယ်ကြီး-လူချမ်းသာကြီးတွေဟာလဲ ချမ်းသာသမျှနဲ့ တင်းမတိမ်နိုင်ကြဘဲ တိုးတက်ချမ်းသာဘို့ စည်းစိမ်ကြီး မားဘို့ကိုသာ များများချည်း တောင့်တ လိုလားကြတယ်ဆိုတဲ့ အဖြစ်ကို တော့ အသစ်လုပ်ပြီး ပြောစရာမလိုတော့ပါဘူး။

ဤကဲ့သို့ တလောကလုံး၏ ဓမ္မတာသဘောကိုထောက်ပြီးတော့.... အရကောက်ကာ လိုရင်းကိုကြည့်လိုက်လျှင် မည်သည့်ပုဂ္ဂိုလ်မဆို ချမ်းသာကိုသာ လိုလားကြ - နှစ်သက်ကြ - မြတ်နိုးကြတယ် ဆိုတဲ့ ရှေးရိုးစဉ်လာ ဓမ္မတာသဘောတခုကိုသာ ကောက်နှုတ်ပြီး သိကြရတာပေါ့။

ဖော်ပြခဲ့တဲ့ စကားအစဉ်ဖြင့် တလောကလုံး လိုချင်ကြတယ်ဆိုတဲ့ ချမ်းသာခြင်းသဘောကို သိရပါပြီ။ ဥပမာအားဖြင့် အရွက်၊ အပွင့်၊ အသီး အနှံတို့ကို အလိုရှိတဲ့သူဟာ မိမိတို့လိုတဲ့ မျိုးစေ့၏အကြောင်းရင်းမူလကိုလဲ သိပါမှ၊ လိုချင်တဲ့အသီးအနှံကိုရအောင်လဲ ကောင်းစွာစိုက်ပျိုးပါမှ အလိုအတိုင်း ပြည့်စုံနိုင်ဘိသကဲ့သို့။

ထိုနည်းအတူဘဲ ချမ်းသာခြင်းကိုအလိုရှိကြတယ်ဆိုတော့ ချမ်းသာခြင်းဆိုတဲ့ "သုခ"၏အမည်ရင်း-သဘောရင်းကို သိအောင်ပြုလုပ်ကြရမယ်။ သဘောအရင်းခံကို သိပြီးတဲ့နောက်မှာလဲ ၎င်းချမ်းသာကို ရအောင် အားထုတ်ပါမှ ရနိုင်ဘို့ရန်အကြောင်းဖြစ်ပေတယ်။ ထို့ကြောင့် ချမ်းသာခြင်း၏အမည်ရင်းကို ဖော်ထုတ်ပြီးတော့ ချမ်းသာအောင် ပြုလုပ်တတ်ဘို့ နည်းစနစ်ကို ပြတော်မူလိုသော မြတ်စွာဘုရားသည်....

မာ ဘိက္ခဝေ ပုညာနံ ဘာယိတ္ထ၊ သုခဿေတံ ဘိက္ခဝေ အဓိဝစနံ ဣဋ္ဌဿ ကန္တဿ ပိယဿ မနာပဿ ယဒိဒံ ပုညာနိ။

ဘိက္ခဝေ၊ ချစ်သားတို့။ ယဒိဒံ-ယာနိပုညာနိ၊ ဒါနစတည် အကြင်အမည်ဖြင့် မျိုးတည်ပိုင်းခြား သုံးပါးသော ကောင်းမှုကုသိုလ်တရားတို့သည်။ သန္တိ၊ ထင်ရှားရှိကုန်၏။ ဧတံနာမံ၊ ဤကောင်းမှုကုသိုလ်ဟူသော အမည်သည်။ ဣဋ္ဌဿ၊ အလိုရှိအပ်သော။ ကန္တဿ၊ နှစ်သက်အပ်သော။ ပိယဿ၊ ချစ်မြတ်နိုးအပ်သော။ မနာပဿ၊ နှလုံးကိုပွားစေတတ်သော။ သုခဿ၊ ချမ်းသာခြင်း ဆိုတဲ့ သုခတရား၏။ အဓိဝစနံ၊ အမည်ရင်း ပေတည်း။

ဤဒေသနာတော်အရ သာသနာတော်အတွင်းမှာ ကြားနာသိမြင်ပြီး နေကြရတဲ့ ကောင်းမှုကုသိုလ်ဆိုတဲ့အမည်ဟာ တလောကလုံး ညွတ်ရိုးခင်မင် လိုချင်ကောင့်တပြီးနေကြတဲ့ ချမ်းသာခြင်း သုခ၏ အမည်ရင်း-သဘောရင်းပါဘဲလို့ မိန့်ဆိုတော်မူခဲ့ပါတယ်။

ဤကဲ့သို့ မိမိတို့ လိုချင်တောင့်တပြီးနေကြတဲ့ ချမ်းသာခြင်းသုခ၏ အမည်ရင်း - သဘောရင်းကိုတော့ သိရပြီ။ သို့က လို သဘောရင်းကို သိကြရပြီးတဲ့နောက် အလိုရှိကြတဲ့ချမ်းသာခြင်းသုခကို ရနိုင်ကြလေအောင် အရင်းမူလဖြစ်တဲ့ ကောင်းမှုကုသိုလ်တရားတွေကို အားထုတ်လိုက်ကြလို့ တိုက်တွန်းတော်မူလိုသည်ဖြစ်၍....

ဘိက္ခဝေ၊ သံသရာညွန့်ဗွက် ဝဲဂရက်မှ ကူးတွက်လိုငြား အိုချစ်သားတို့။ ပုညာနံ၊ ပ-ဘဝ အရင်းခံ ချမ်းသာ မျိုး စင် စစ် မှန် တဲ့ ကု သိုလ် ကံ မြတ်ဓမ္မကို။ မာဘာယိတ္ထ၊ ဖယ် ရှား သွေ့ ကွင်း ရန် သူ လို ပ မာ သွင်း ၍ ကြောက်ရွံ့ခြင်းမရှိကြကုန်လင့်။ မာဘာယိတ္ထ၊ ဖင့်ကြာမနေး ချမ်းသာကို စင်စစ်ပေးမည်ကြောင့် လေး လေး နက် နက်ကြီး အားထုတ်လိုက်ကြကုန် လော့။

ဤကဲ့သို့ ဗုဒ္ဓရှင်တော်ဘုရား တိုက်တွန်းတော်မူခဲ့တဲ့အတိုင်း ပုပ္ပရွှေ မြင်မြင်သမျှထိုထို ဘယ်ပုဂ္ဂိုလ်မျိုးမဆို လိုချင်ကြ,တောင့်တကြတဲ့ချမ်းသာ ခြင်းသုခတွေကို ရနိုင်ကြရန်အတွက် ကောင်းမှုကုသိုလ်ဆိုတဲ့ တရားတွေကို အားထုတ်လိုက်ကြရမယ်။

ဒေသနာတော်အရ အားထုတ်ကြ-ပြုလုပ်ကြရန်ဖြစ်တဲ့ ကောင်းမှု ကုသိုလ်တရားဆိုတာ ဒါန,သီလ,ဘာဝနာ ဟူ၍ အကျဉ်းအားဖြင့် သုံးမျိုး သုံးစားရှိတဲ့အနက် ယနေ့အားထုတ်ခြင်း ပြုကြတာကတော့ ဒါနဝတ္ထုကို အဓိကထားပြီး ပြုလုပ်တာဖြစ်လေသောကြောင့် ဒါန၏ အကြောင်းအရာ လောက်သာ ဟောပြောပြရမှာပေါ့။

ငါတို့၏ အလောင်းတော်မြတ် ဗောဓိသတ်သည် ဒီပင်္ကရာ-မြတ်စွာ ဘုရား၏ ခြေတော်ရင်း၌ သုမေဓာရှင်ရသေ့အဖြစ်နဲ့ နိယတ ဗျာဒိတ်တော် ကို အပ်နှင်းခံရစဉ်အခါကာလက ဘယ်လိုအကြံမျိုး ဖြစ်ပေါ်ပြီးလာပါ သလဲဆိုတော့....

"ငါအား....သင်္ချေလေးရပ် တသိန်းကပ် လွန် မြောက် တဲ့ အခါကျ တော့ "ဂေါတမ"အမည်တော်ရှိတဲ့ သဗ္ဗညုတ ဘုရားစင်စစ် ကေန်ဖြစ်လိမ့် မယ်လို့ ဒီပင်္ကရာမြတ်စွာဘုရားက နိယတဗျာဒိတ်တော်ကို ခဝ်နှိပ်တော်မူခဲ့ လေပြီ။ ဗျာဒိတ်ပန်းကို ဆင်မြန်းရပါသော်လဲ ဘုရားဖြစ်ကြောင်းဖြစ်တဲ့ အကျင့်တရားတွေကို ကျင့်ကြံ အားထုတ်ခြင်း မရှိပါက အဘယ်မှာလျှင်

ဘုရားအဖြစ်သို့ ရောက်တော့မှာလဲ”လို့ ကြံစည်ပြီးလျှင် ဘုရားဖြစ်ခြင်း၏ အကြောင်းကို ဆင်ခြင် တွေးတောသို့ ရှာ ဖွေ တော် မူလိုက်တယ်။ အဲတာလို စူးစမ်းရှာဖွေလိုက်တော့- ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူကြတဲ့ ဘုရားရှင်တို့၏ ကျင့်စဉ်ထုံးတမ်း အခြေခံမြမ်းကြီးသဖွယ်ဖြစ်တဲ့ ဒါနပါရမီ တော်ကို ရှေးဦးစွာ တွေ့မြင်တော်မူရတယ်တဲ့။

ဝိစိနန္တော တဒါ ဒက္ခိံ၊
ပဌမံ ဒါနပါရမိံ။
ပုဗ္ဗကေဟိ မဟေသိဟိ၊
အနုစိဏ္ဏံ မဟာပထံ။ ။

အဟံ၊ ငါဘုရားသည်။ တဒါ၊ ထိုအခါက။ ဝိစိနန္တော၊ ဘုရားဖြစ်ခြင်း၏အကြောင်း လမ်းကောင်းကိုရှာကြံ အမှန်ကိုသိလိုရေးနဲ့ စစ်ဆေး စုံစမ်းလိုက်သည်ရှိသော်။ ပုဗ္ဗကေဟိ၊ ရှေး၌အဆူဆူ ပွင့်တော်မူပြီးကြကုန် သော။ မဟေသိဟိ၊ သီလက္ခန္ဓ စသည်ကျေးဇူး ဂုဏ်အထူးကို ဆည်းပူး တော်မူကြကုန်သော ဘုရားရှင် ကိုယ်တော်မြတ်တို့သည်။ အနုစိဏ္ဏံမဟာ ပထံ၊ လေ့ကျက်ဆည်းပူး အထူးသွားလာရာ ခရီးမကြီးသဖွယ် ဖြစ်သော။ ဒါနပါရမိံ၊ လမ်းကြောင်းအမှန် ကေန်ကျတဲ့ ဒါနတည်းဟူသော ပါရမီ တော်ကို။ အဒက္ခိံ၊ ရွှေဉာဏ်တော်စက်ကွင်း၌ ထင်းထင်းချည်းပေါ်လွင် အမှန်ပင် ဝင်စား၍ ထင်ရှားစွာတွေ့မြင်ရလေပြီ။

ဤကဲ့သို့ အလောင်းတော်မြတ် ဗောဓိသတ်သည် ဗုဒ္ဓဟေတု ဘုရား ဖြစ်ခြင်း၏ အကြောင်းစုဖြစ်တဲ့ အကျင့်တရား တွေကို ဆင်ခြင် စုံစမ်းပြီး ကြည့်လိုက်တော့၊ ဒါနပါရမီတော်ကို ရှေးဦးစွာတွေ့မြင်ပြီးသကာလ ဒါန စတည်တဲ့ ပါရမီဆယ်ပါး အကျင့်တရားတွေကို အားထုတ်ပြီး သဗ္ဗညုတ ဘုရားအဖြစ်ကို ရယူတော်မူပါတယ်တဲ့။

ထို့ကြောင့် ယနေ့-ယာဉ ပြုစု အားထုတ်ကြတဲ့ ဒါနခဏ်း ကုသိုလ် အလုပ်ဟာ အလောင်းတော်တို့လက်သုံး၊ အရိယာ သူ တော် ကောင်း တို့ ကျင့်ကြံတဲ့ ခရီးလမ်းမကြီးသဖွယ်ဖြစ်၍ စင်စစ် မှန်မြတ်တဲ့ အလုပ်ကြီးပါ ကလားဟူ၍ ဝမ်းမြောက်-ဝမ်းသာ အာရုံပြုကြ။

ယခု ဟောပြောခဲ့သော စကားအစဉ်ဖြင့် ဒါနကုသိုလ်မှုဆိုတာ ပြုသင့် ပြုထိုက်တဲ့ ကောင်း သော အမှုကြီးဖြစ်ကြောင်းကို သိကြရပြီးတဲ့ နောက် မိမိတို့ပြုလုပ်အပ်သောဒါနကုသိုလ်အတွက် မည်မျှလောက်အကျိုး ရှိလိမ့်မည်ကို နာယူမှတ်သားဘို့ လိုကြပေတယ်။ ထို့ကြောင့် ဤနေရာ၌ အလှူပေး - အလှူခံ ဤနှစ်တန်ခွဲခြားပြီး ဟောပြရလိမ့်မယ်။

ရှေးဦးစွာ အလှူခံပုဂ္ဂိုလ်ဘက်က မှတ်သားဘို့ကတော့ - ရတနာ သုံးပါး ကင်းမဲ့ပြီးသာသနာတော်မရှိတဲ့ "ဗာဟိရက" အခါမျိုး၌ သမာပတ် ရှစ်ပါး၊ အဘိညာဉ်ငါးပါးနှင့် ပြည့်စုံတဲ့ ရှာန်ရပုဂ္ဂိုလ်တွေကို လှူဒါန်းတဲ့ ဒါနကုသိုလ်က တမျိုး၊ "ဘုရား - တရား - သံဃာ" ဆိုတဲ့ ရတနာသုံးပါး ဖြစ်ကွန်းပေါ်ပေါက်ပြီး နေတဲ့ သာသနာတော်အတွင်း၌ သရဏဂုံမျှသာ တည်ရှိတဲ့ အလှူခံပုဂ္ဂိုလ်တို့အား လှူဒါန်းရတဲ့ဒါနကုသိုလ်ကတမျိုး။ အဲတာ လို နှစ်မျိုးနှစ်စားခွဲခြားဝေဘန်၍ ထားပြီးတဲ့နောက် အဘယ်ပုဂ္ဂိုလ်အား လှူဒါန်းရတဲ့ဒါနက အကျိုး "မဟပ္ဖလ" မဟာနိသံသဖြစ်ပါသလဲလို့ဆိုတော့ သာသနာတော်အတွင်း၌ သရဏဂုံမျှသာတည်တဲ့ပုဂ္ဂိုလ်အား လှူဒါန်းရဘဲ့ ဒါနက အကျိုးကြီးတယ် လို့ မှတ်ကြရမယ်။

> ဗာဟိရကဿ အဋ္ဌသမာပတ္တိလာဘိနော ပဉ္စာဘိညဿပိ ဒိန္နံ ဒါနတော သာသနေ တိသရဏဂတဿ ဒိန္နဒါနံ မဟပ္ဖလ တရံ ဟောတိ။

ဗာဟိရကဿ၊ သာသနာပအခါ၌ဖြစ်သော။ အဋ္ဌသမာပတ္တိလာ ဘိနော၊ သမာပတ်ရှစ်ပါးကို ရသော ပုဂ္ဂိုလ် အားရင်း။ ပဉ္စာဘိညဿပိ၊ အဘိညာဉ်ငါးပါးနှင့်ပြည့်စုံသော ပုဂ္ဂိုလ်အားရင်း။ ဒိန္နဒါနတော၊ ပေးလှူ အပ်သော အလှူထက်။ သာသနေ၊ ဗုဒ္ဓမြတ်စွာ ဂေါတမကြီးလတ် သာသနာ တော်မြတ်၌။ တိသရဏ ဂတဿ၊ သရဏဂုံသုံးရပ် မြတ်ထက်မြတ်ကို ဆည်းကပ်ဝပ်တွား သရဏဂုံမျှသာတည်သောပုဂ္ဂိုလ်အား။ ဒိန္နဒါနံ၊ ပေးလှူ အပ်သော အလှူသည်။ မဟပ္ဖလတရံ၊ အထူးသဖြင့် ကြီးမြတ်သောအကျိုး ရှိသည်။ ဟောတိ၊ မုချမသွေ ဖြစ်နိုင်ပေ၏။

ယခု ဟောပြချက်အတိုင်း သာသနာအပ ရှာန်ရပုဂ္ဂိုလ် လှူရတာ ထက် သာသနာတော် အတွင်း၌ သရဏဂုံမျှသာ တည်သော ပုဂ္ဂိုလ်ကို လှူရတာက သာလွန်၍ မြတ်ပါတယ်ဆိုတဲ့အရာမှာ ဘယ်ကြောင့်ပါလဲလို့

အကြောင်းကို မေးဘွယ်ရှိပြန်တယ်။ အကြောင်းကတော့ သည်လိုပါတဲ့။ သာသနာ့ပအခါ၌ဖြစ်တဲ့ ဗျာနလာသီ ပုဂ္ဂိုလ်ကြီးတို့၏ သမာပတ်ရှစ်ပါး အဘိညာဉ်ငါးပါးဆိုတဲ့ တရားတွေက ဘဝဝဋ်အတွင်းက လွတ်ကင်းအောင် တတ်နိုင်တာ မဟုတ်တဲ့အပြင် သံသရာဝဋ်ဒုက္ခကြီး၏ အခြေခံမူလသာ ဖြစ်ပေတယ်။ သာသနာတော် အတွင်းမှာရှိတဲ့ သရဏဂုံ သုံးပါး ဆိုတာ ကတော့ ဖိနလှောင်ကြိတ်ညှပ် နှိပ်စက်အပ်တဲ့ ဒုက္ခဇာတ်ဝဋ်အတွင်းက လွတ်ကင်းအောင် ကယ်တင်နိုင်တဲ့ လောကုတ္တရာ တရားကြီး၏ အခြေခံအမြစ် အရင်းခံစင်စစ် ဖြစ်ပေတယ်။

ဤကဲ့သို့ အကျိုးခံစားဘို့ရန်အတွက် အကြောင်းဖြစ်တဲ့ဂုဏ်အချင်းချင်းကို နှိုင်းယှဉ်ပြီးကြည့်လိုက်တော့ လောကီနှင့်လောကုတ္တရာ ကွာချင်သလောက် ကွာခြားတာမို့ထပ်ပြီးစောဒနာဘို့မလိုတော့ပါဘူး။ ထို့ကြောင့် အဋ္ဌကထာဆရာမြတ်က....

· ဗာဟိရကာနံ အဋ္ဌ သမာပတ္တိယော ဝဋ္ဋပါဒကာယေဝ၊
သာသနေ သရဏဂမနမ္ပိ လောကုတ္တရပါဒကော။

ဗာဟိရကာနံ၊ သာသနာ့ပ ဗာဟိရက ပုဂ္ဂိုလ်တို့၏။ အဋ္ဌသမာပတ္တိယော၊ ရှစ်ပါးသော သမာပတ် တို့ သည်။ ဝဋ္ဋပါဒကာယေဝ၊ ဒုက္ခမျိုးစင်စစ်မှန်တဲ့ ဝဋ်ဘဝကြီး၏ အခြေခံတို့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ။သာသနေ၊ဗုဒ္ဓမြတ်စွာသာသနာတော်ကြီး၌။ သရဏဂမနမ္ပိ၊ သုံးစုံသုံးရပ် သရဏဂုံမြတ်သည်ကား။ လောကုတ္တရပါဒကော၊ မဂ်ဖိုလ်နှင့် ပြည့်နိဗ္ဗာန် ဤကိုးတန် အမြတ်တရားတို့၏ ထူးခြားသော အခြေခံသည်။ ဟောတိ၊စင်စစ်ကေန် အမှန်ပင်ဖြစ်ရလေတော့သတည်း။

ယနေ့လှူဒါန်းပြုလုပ်တဲ့ ဒါနခဏ်းကုသိုလ်အလုပ်ကြီးဟာ ရတနာသုံးပါး ဖြစ်ထွန်းပေါ်ပေါက်ရာ ဖြစ်တဲ့ သာသနာတော်အတွင်း၌ ကြုံကြိုက်နေပုံကိုတော့ အထူးပြောစရာ မလိုတော့ပါဘူး။ ရှေးဦးစွာ အလှူခံပုဂ္ဂိုလ်တွေကို ကြည့်လိုက်မယ် ဆိုရင်လဲ အယုတ်ဆုံးအားဖြင့် ရတနာသုံးပါးကို ဆည်းကပ်လို့ သရဏဂုံတည်ကြတဲ့ လူပရိသတ်တွေ။ ထိုမှတဆင့် ငါးပါးသီလကိုစောင့်ထိန်းကြတဲ့ လူပရိသတ်တွေ။ အဲဒီ လူပရိသတ် အလှူခံတွေက စပြီးတော့ အရိယာ အနွယ်အဝင် ဖြစ်တဲ့ သမ္မုတိထေရ် အရှင် ရဟန်း, သံဃာတော် များ နှင့် တ ကွ သဓာတုကပဋိမာ ဖြစ်တဲ့ မြတ် စွာ ဘု ရား

ကိုယ်တော်မြတ် တိုင်အောင် လှူဒါန်းကြတဲ့ ဒါန ဖြစ်ပါသောကြောင့် သာသနာပ အလှူခံမျိုးတို့ထက် အဆအရာ, အဆအထောင်,မက အလှူခံ ပုဂ္ဂိုလ်တွေဘက်က မြင့်မြတ်တဲ့အဖြစ်ကို တွေ့မြင်ကြရပါတယ်။

သို့ပါသောကြောင့် ဒါနကုသိုလ်မှုအတွက် အကျိုးမဟပ္ဖလဖြစ်ဘို့ နေရာမှာ အလှူပေး, အလှူခံ ဤနှစ်တန် ရှိသည့် အနက် အလှူခံဘက်က ဆိုရင်ဖြင့် ငါတို့ဒါနခဏ်းမှာ ရွေးချယ်စရာ-ယုံမှားစရာ မရှိတော့ပါဘူးလို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရမယ်။

ယခုဟောပြောခဲ့တာကတော့ အလှူခံပုဂ္ဂိုလ်တွေဘက်က စိစစ်ပြီး ပြခဲ့တာ ဖြစ်ပေတယ်။ အလှူပေးတဲ့ အလှူရှင်များဘက်ကလဲ အကြောင်း အင်္ဂါနှင့် ပြည့်စုံက အကျိုး ပေးပုံ အထူး လှပပြီး မဟာနိသံသ ဖြစ်နိုင် လိမ့်မယ်။ထို့ကြောင့်....

ပုဗ္ဗေဝ သုမနော ဒါနာ၊
ဒဒံ စိတ္တံ ပသာဒယေ။
ဒတွာ စတ္တမနော ဟောတိ၊
ဧသာ ပုညဿ သမ္ပဒါ။

ဒါနာ၊ အနုဂါမိက ဥစ္စာမျိုးကို ထုပ်ပိုးရန် ရည်မှန်း၍ လှူဒါန်း ပေးကမ်းကြသည်မှ။ ပုဗ္ဗေဝ၊ကြံစည်ရွယ်စူး ကနဦးကပင်လျှင်။ သုမနော၊ မစ္ဆေအစ ရန်မျိုးတွေဟူသမျှကို မပူရအောင်ပယ်နှင် အောင်ပွဲဝင်ခရီး ချောက်စေလျက် ဝမ်းမြောက်သော နှလုံးဓာတ်ရှိသည်။ ဟောတိ၊ဖြစ်ရ ပေ၏။

ဤပထမ အင်္ဂါကတော့ - မလှူမီရှေးမဆွ လှူဒါန်းဘို့ရာ ကြံစည် စိတ်ကူးကတဲကစပြီးတော့ ရှေးဦးစွာဖြစ်ပေါ်လာတဲ့ ပုဗ္ဗစေတနာကို မညှိုး မနွမ်း မပျက်မစီးရအောင် စောင့်ရှောက်ပြီး ဝမ်းမြောက်ဝမ်းသာစွာ ပုဗ္ဗ စေတနာနဲ့ပြည့်စုံအောင် အားထုတ်ကြရမယ်လို့ဆိုလိုပါတယ်။ ပုဗ္ဗစေတနာ အခိုက်အတန့်မှာ မစ္ဆရိယဆိုတဲ့ အတွင်းရန်သူကြီးနှင့်တကွ ပါပမိတ္တဆိုတဲ့ အပရန်သူတွေကလဲ ရှိကြပေတယ်။ အဲဒီ ရန်သူတွေ လက်တွင်းက လွတ်ကင်းအောင်ကြိုးစားပြီး စောင့်ရှောက်ကြရမယ်။

ဒဒံ-ဒဒန္တော၊ စိတ်ကြံသလောက် ခရီးပေါက်အောင် ချီးမြှောက် လှူဒါန်းဆဲဖြစ်သော အလှူဒါယကာသည်။ စိတ္တံ၊ သဒ္ဓါဇောပြတ် မိမိ၏ စိတ်ဓာတ်ကို။ ပသာဒယေ၊ ကြည်လင်သန့်ရှင်းကြစေရာ၏။

ဤဒုတိယအင်္ဂါကတော့ ပုဗ္ဗစေတနာဖြင့် လှူဒါန်းဘို့ရန် ကြံစည်ပြီးမြှောက် ခဲ့ကြသည်အတိုင်း လှူဒါန်းဆဲ ဖြစ်တဲ့ အခိုက်အတန့် မှာလဲ ဝမ်းမြောက်ဝမ်းသာ ကြည်လင်စွာဖြင့် မုဉ္စစေတနာကို ပြည့်စုံစေရမယ်လို့ ဆိုလိုပါတယ်။ ဤမုဉ္စစေတနာ အခိုက်အတန့်မှာ အရိယာ အပေါင်းသူတော်ကောင်း တို့၏ လမ်းကြောင်းကို မှီးဆပြီးတော့ ဝိဝဋ္ဋနိဿိတ ကုသိုလ်မျိုး ဖြစ်အောင် အားထုတ်ကြရမယ်။ ငါတို့၏ ဒါန ကုသိုလ် လုပ်ငန်းကြီးသည်ကား အရိယာသူတော်ကောင်းတို့၏ လမ်းကြောင်းကြီး ဖြစ်ပါသောကြောင့် အရိယာပုဂ္ဂိုလ်တို့ ရအပ်, သိအပ်တဲ့ လောကုတ္တရာ တရားထူး တရားမြတ်ကိုရပါလို၏ သိမြင်ရပါလို၏ဟု့ို ဉာဏ်နဲ့ယှဉ်ပြီးလျှင် အမှန်အမြတ်ဆုံးဖြစ်တဲ့ မုဉ္စစေဘနာနဲ့ပြည့်စုံအောင် သတိပြုကြရမယ်။

ဒတွာစ၊စွန့်ကြဲပေးကမ်း လှူဒါန်းကြ၍လည်း။ အတ္တမနော၊ အရိပ်ပမာ သွားလေရာအစဉ်လိုက်နိုင်သည့် သုစရိုက်ကုသိုလ်မှန် ဝေကံဤအမှုကို ငါလက်ကိုင်ပြုရလေပြီဟု နှစ်သက်ဝမ်းမြောက် သဒ္ဓါဇောပေါက်ကြသည်။ ဟောတိ၊မုချမသွေ ဖြစ်ရပေ၏။

ဤတတိယအင်္ဂါကတော့ အလှူပွဲကြီးပြီးစီးအောင်မြင်ကြတဲ့နောက် အဖန်ဖန်ပေါ်ပေါက်လာပြီးတဲ့ ပရစေတနာနဲ့လဲ ပြည့်စုံစေရမယ်လို့ ဆိုလိုပါတယ်။ စေတနာသုံးပါးရှိတဲ့အနက် နောက်ဆုံးဖြစ်တဲ့ အပရစေတနာက သာပြီးအရေးကြီးပါတယ်။ ဘယ်ကြောင့်ပါလဲဆိုတော့ ဒါနကုသိုလ်ကြီး ထမြောက် အောင်မြင်ပြီးဖြစ်ပါလျက် ချွီယွင်းခဲ့တာတွေကို စိတ်ဝင်စားပြီးတော့ အသင့်အတင့်နှလုံးမသွင်းတတ်ပါက အပုတ္တကသူဌေးသားလို ပရစေတနာချို့ပြီးလျှင် ပြည့်ပြည့်စုံစုံ အကျိုးမခံစားရပေဘူး။

ဉပ္ပန္နာနံ ကုသလာနံ ဘိယျောဘာဝါယ ဝါယာမော။ ။ဉပ္ပန္နာနံ၊ ဖြစ်ကုန်ပြီးသော။ ကုသလာနံ၊ ကုသိုလ်တရားတို့ကို။ ဘိယျောဘာဝါယ၊ လွန်စွာ တိုးပွားစေခြင်းငှာ။ ဝါယာမော၊ လုံ့လပြုရခြင်း၊ ဤကဲ့သို့ သမ္မပ္ပဓာန် ဒေသနာတော် လာတဲ့အတိုင်း ဖြစ်ပြီးတဲ့ ကုသိုလ် တရားကို

အထပ်ထပ်အာရုံပြုပြီး နှစ်သက်ဝမ်းမြောက်တဲ့စိတ်မျိုး ဖြစ်ပေါ်နေပါက အထပ်ထပ် ကုသိုလ်တရား တိုးပွားနိုင်တဲ့အတွက် ဖြစ်လေရာ ဘဝ နောင်ကာလတို့၌ တိုးတက်ကြီးမားသော ကောင်းကျိုးတရားတို့ကို မုချခံစားရမည်ဖြစ်ပါတယ်။

သော၊ သုံးပါးမှန်စွာ စေတနာနှင့် ကောင်းစွာလောက်လုံ ပြည့်စုံရခြင်းသည်။ ပုညဿ၊ ကောင်းမှုကုသိုလ်၏။ သမ္ပဒါ၊ ပြည့်စုံရခြင်း အကြောင်းရင်း ဖြစ်ပါပေတော့သတည်း။

ဤဒေသနာတော်အရ ပုဗ္ဗ, မုဥ္စ, ပရ, ဆိုတဲ့ စေတနာ သုံးပါးနှင့် ညီညွတ်အောင် လှူဒါန်းနိုင်တဲ့ ဒါနရှင်တို့ သန္တာန်မှာ ရောက်ရာ ဘုံရပ် ဂတိမြတ်တို့၌ အထပ်ထပ် ကောင်းကျိုး ကိုသာ ခံစား, စံစားဘို့ ဖြစ်တဲ့ ကောင်းမှုကုသိုလ်နှင့်ပြည့်စုံပြီလို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်သင့်ပါတယ်။

ယခုဟောခဲ့တာကတော့ အလှူရှင်များဘက်က ပြည့်စုံဘို့ရန်ဖြစ်တဲ့ အကြောင်းအင်္ဂါ ဖြစ်ပါတယ်။ နိဂုံးချုပ်ကြစို့....ဟောပြော ခဲ့တဲ့ တရားအစဉ်ဖြင့် တလောကလုံး ညွတ်ရိုးခင်မင် လိုချင်တောင့်တပြီး နေကြတဲ့ လူချမ်းသာ, နတ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာကြီးတွေကို ရနိုင်ဘို့ရာအတွက် ကောင်းမှုကုသိုလ် တရားတွေကို အားထုတ်ပြီး နေကြတဲ့ ဒကာ, ဒကာမတို့ သန္တာန်မှာ သာသနာ တော် အတွင်း၌ ဖြစ် လေ သော ကြောင့် အလှူခံ ဘက်ကဖြင့် ပြည့်စုံပြီ။ အလှူပေးတဲ့ ဒကာများ ဘက်ကသာ သုံးပါးသော စေတနာဖြင့် ညီညွတ်အောင်ပြုပြင်ကြပြီးလျှင်ပြုအပ်တဲ့ကောင်းမှုကုသိုလ်ကို ဝမ်းမြောက်စွာ အာရုံပြုကြကုန်ရာသတည်း။

လိုရာရဒါနကထာ ပြီး၏။

## နမော ဖြဟ္မာဂတိ ဖြဟ္မန္ဒိဿ ဇေယျတု
## (၄၆) သီလကထာ။

ဝိစိနန္တော တဒါ ဒက္ခိံ၊
ဒုတိယံ သီလပါရမိံ။
ပုဗ္ဗကေဟိ အနေကေဟိ၊
အာသေဝိတ နိသေဝိတံ။ ။

တဒါ၊ ဗုဒ္ဓကိုရ ဈာနပျော်မွေ့ ရသေ့ဖြစ်စဉ် ထိုစဉ်ကာလ ခါသမယက။ ဝိစိနန္တော၊ဘုရားဖြစ်ကြောင်းနည်းလမ်းကောင်းကို ဖူပေါင်းထော်ကာလှမ်း စုံစမ်း ဆင်ခြင် လတ် သည် ရှိသော်။ ပုဗ္ဗကေဟိ၊ ရှေးရှေးက ပွင့်တော်မူသွားကြကုန်သော။ အနေကေဟိ၊ ဂင်္ဂါသဲလုံး တုန္ဒနုန်းမရ များလှသော ဘုရားရှင်တို့သည်။ အာသေဝိတ နိသေဝိတံ၊ သုံးသပ်အမြဲ မှီဝဲအပ်ပေထသော။ ဒုတိယံ သီလပါရမိံ၊ နှစ်ခုမြောက်ကျ သီလတမည် မြတ်ပါရမီကို။ အဒက္ခိံ၊ ဆင်ခြင်အောက်မေ့ မြင်တွေ့သိရှိရလေပြီ။

အလောင်းတော်မြတ်ဖြစ်တော်မူသော သုမေဓာရှင်ရသေ့ကြီးသည် ဒီပင်္ကရာ မြတ်စွာသနင်း ဗျာဒိတ်တော်နှင်းစဉ်အခါကာလက ရှေ့နောက်ဖြစ်အင် လမ်းအစဉ်ကို ဉာဏ်သက်ဝင်နှလုံးထားပြီးတော့ စဉ်းစားဆင်ခြင်တော်မူသည်မှာ- ဒီပင်္ကရာမြတ်စွာဘုရားကတော့ နောင်အခါစင်စစ် ဘုရားဖြစ်လိမ့်မည်ဟု တကယ်ပင်စင်းစင်း ဗျာဒိတ် တော် နှင်း ခဲ့ လေ ပြီ။ ဘုရားဖြစ်ကြောင်း အကျင့်ကောင်းတို့ကို ရှာကြံပြုလုပ်ငါအားထုတ်မှတော်မည်။ သို့ဖြစ်၍ ဘုရားအလောင်းတော်တို့ဓမ္မတာ ကျင့်စရာဖြစ်သောတရားတွေဟာ ဘယ် တ ရား များ ဖြစ် ပါ လိမ့် မ လဲ ဟု ရှာဖွေစဉ်းစား နှလုံးထားပြီး ဆင်ခြင်တော်မူတဲ့အခါမှာ ရှေးဦးစွာ ဒါနပါရမီတော်ကို တွေ့မြင်တော်မူတယ်။ ဒါနပါရမီတော်ကိုရှေးဦးစွာသိရပြီးတဲ့နောက် ဆက်လက်ဆင်ခြင်လို့ သိမြင်တော်မူတဲ့တရားကတော့ ယခု တုတ် ဖော် ပြီး ဟောခဲ့တဲ့ သီလပါရမီတော် ဖြစ်ပါတယ်။

သီလပါရမီတော်ဖြစ်တဲ့ သီလကုသိုလ်ဟာ အားထုတ်သင့်တဲ့တရား၊ ကျင့်ကြံသင့်ဘဲ့တရားပါလားလို့ အလောင်းတော်မြတ် တွေ့မြင်တော်မူလို့ ကျင့်ကြံ အားထုတ်တော် မူခဲ့ကြသည် အတိုင်း မြတ် စွာ ဘု ရား ၏ တပည့်

သာဝကအပေါင်းတို့ဟာလဲ လိုက်နာအသင့် ပြုကျင့်ကြရမယ်၊ အားထုတ်ကြရမယ်။ အသေင်းတော်ကြီးများက နည်းလမ်းပြခဲ့တာ ဖြစ်တော့ လမ်းကောင်း လမ်းမှန်ဆိုတာ တထစ်ချ ဆုံးဖြတ်ပြီး အားထုတ်ကြပါဟူ၍ တိုက်တွန်းလိုက်ချပါတယ်။

ဣဇ္ဈတိ ဘိက္ခဝေ သီလဝတော စေတောပဏိဓိ ဝိသုဒ္ဓတ္တာ။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ သီလဝတော၊ သီလရှိသောသူ၏။ စေတောပဏိဓိ၊ စိတ်၏တောင့်တခြင်းသည်။ ဣဇ္ဈတိ၊ ပြည့်စုံနိုင်၏။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ ဝိသုဒ္ဓတ္တာ၊ စိတ်စင်ကြယ်သည်၏ အဖြစ်ကြောင့်တည်း။

ဤဒေသနာတော်အတိုင်း မည်သူမဆို မိမိတို့အလိုရှိရာကိုတောင့်တပန်ဆင်ကြတဲ့ ဆုတောင်းပတ္ထနာဆိုတာ ရှိကြစမြဲဘဲ။ တောင့်တတိုင်းပြည့်စုံဘို့ တရားကတော့ တခြားမဟုတ်ပါဘူး၊ သီလကို စောင့်ရှောက်ပြီး သီလ၌ တည်ကြမှသာ သီလရှိသောသူ၏တောင့်တခြင်းဟာ တောင့်တတိုင်း ပြည့်စုံနိုင်ပါတယ်တဲ့။ ဘယ်ကြောင့်ပါလဲဆိုတော့ သီလရှိသောသူမှသာ စင်ကြယ်သောစိတ် ရှိပေတယ်။ စိတ်စင်ကြယ်ကြရင် တောင့်တတိုင်း ပြည့်စုံတယ်လို့ ဒေသနာတော်က ညွှန်ပြထားတာ လိုက်နာပြီးတော့ တောင့်တတိုင်းပြည့်စုံနိုင်တဲ့ သီလကုသိုလ်ကို စောင့်ထိန်းကြရမယ်၊ အားထုတ်ကြရမယ်။

ဒါနကို အားထုတ်ကြတဲ့အခါမှာလဲ ဒါနအတွက် အကျိုးမဟပ္ဖလရနိုင်အောင် သီလကို ရှေးဦးစွာဆောက်တည်ပြီးမှ ဒါနကုသိုလ်ကိုပြုကြတဲ့ အစဉ်အလာကို ဆရာ့-ဆရာများ လမ်းကြောင်းပြခဲ့တယ် မဟုတ်ပါလား။

ဒါနံ သီလပရိဂ္ဂဟိတံ မဟပ္ဖလံ ဟောတိ မဟာနိသံသံ။

သီလပရိဂ္ဂဟိတံ၊ သီလဖြင့် သိမ်းဆည်း အပ်သော။ ဝါ - သီလနှင့် ပြည့်စုံပြီးမှပြုလုပ်အပ်သော။ ဒါနံ၊ ဒါနကုသိုလ်သည်။ မဟပ္ဖလံ၊ ကြီးသော အကျိုးရှိသည်။ မဟာနိသံသံ၊ ကြီး သော အာ နိ သင် ရှိ သည်။ ဟောတိ၊ ဖြစ်၏။ ဤဒေသနာတော်အရ သီလ အခြံအရံပါတဲ့ ဒါနကုသိုလ်မှသာ မဟပ္ဖလ - မဟာနိသံသ ဖြစ်ကြောင်းကို နှ လုံး သွင်း ထား ကြ ရ မယ်။ ထို့ပြင်လဲ ...

ဒါနံ သီလဿ ဗဟူပကာရံ။

ဒါနံ၊ ဒါနသည်။ သီလဿ၊ သီလအား။ ဗဟူပကာရံ၊ ကျေးဇူးများ၏။ ဤဒေသနာတော်အရ သီလဆောက်တည်နိုင်ဘို့၊ သီလစောင့်ထိန်းနိုင်ဘို့အရာမှာလဲ ဒါနက ကျေးဇူးပြုပေးရပါတယ်။ စားဝတ်နေရေး ဘောဂသမ္ပတ္တိ မပြည့်စုံရင် ဘယ်မှာသီလစောင့်ထိန်းဘို့ဖြစ်မလဲ။ ဒါကြောင့်မို့ ဒါနကိုလက်မလွှတ်ရဘူး၊ ဒါနနဲ့ပြည့်စုံမှ ဘောဂသမ္ပတ္တိပြည့်စုံမယ်။ ဘောဂသမ္ပတ္တိပြည့်စုံမှ ဥပုသ်စောင့်ဘို့ လွယ်ကူမယ်။ ထို့ကြောင့် - ဒါနဟာ သီလအား ကျေးဇူးပြုတယ်၊ ကျေးဇူးများတယ်လို့ မိန့်ဆိုတော်မူတာပေါ့။

ယနေ့ကိစ္စက သီလဆောက်တည်ပုံနှင့် သီလ၏အကျိုးအာနိသံသကို ဟောပြဘို့ သီလအရာဖြစ်တဲ့အတွက် သီလကုသိုလ်ကံရဲ့ ဟောပြောရေးကို ဆက်ကြဦးစို့။

သီလကုသိုလ်စေတနာဟာ စာတုမဟာရာဇ်နတ်ဘုံအစရှိတဲ့ သုဂတိဘုံသို့ ရောက်ကြောင်း၊ နိဗ္ဗာန်သို့ရောက်ကြောင်း စောင်းတန်းကောင်းတခုအဖြစ်ဖြင့် ရှင်တော်ဘုရား ဟောကြားတော်မူခဲ့တဲ့အတိုင်း သီလကုသိုလ်၏ မြင့်မြတ်ပုံအခြင်းအရာကို ပေါ်လွင်ထင်ရှားအောင် အင်္ဂုတ္တရပါဠိ ဥပေါသထဝဂ် ဝိသာခါသုတ်တော်ကို ထုတ်ဖော် ဟောပြရပါလိမ့်မယ်၊ နာယူမှတ်သားကြပေတော့။

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်းတော်ကြီး၌ သီတင်းသုံးတော်မူစဉ်အခါက မြတ်စွာဘုရား၏ အနီးထံပါး ခစားဆည်းကပ်ပြီးနေတဲ့ ဝိသာခါ ဒါယိကာမကြီးအား မိန့်ကြားတော်မူသည်မှာ- "ချစ်သမီး ဝိသာခါ....အင်္ဂါရှစ်ပါးနှင့်ပြည့်စုံတဲ့ ဥပုသ်-သီလကို ကျင့်သုံးခြင်းကုသိုလ်ဟာ အလွန်ပင် ကြီး မြတ် သော အကျိုး အာနိသင်ရှိတယ်။ အကျိုးအာနိသင်ရှိအောင် ဘယ်ကဲ့သို့ ကျင့်သုံးရမလဲဆိုရင်....

(၁) ရဟန္တာ အ ရှင် မြတ် တို့ သည် အသက်ထက်ဆုံး သူတပါးအသက်ကို သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ကြပေတယ်။ ငါလဲဘဲ ဤတနေ့နဲ့ တညဉ့်ပတ်လုံး သူတပါးအသက်ကို သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်မယ်လို့ ရဟန္တာပုဂ္ဂိုလ်များကို အတုယူပြီးတော့ ကျင့် သုံး မယ် ဆိုရင် ဥပုသ်စောင့်သုံးခြင်းကိစ္စမှာ "ပါဏာတိပါတာ"ဆိုတဲ့ ပထမအင်္ဂါနဲ့ ပြည့်စုံလိမ့်မယ်။

(၂) ထိုအတူဘဲ သူတပါးဥစ္စာကိုခိုးယူခြင်းမှ ရှောင်ကြဉ်မယ်ဆိုရင် "အဒိန္နာဒါနာ"ဆိုတဲ့ ဒုတိယအင်္ဂါနဲ့ ပြည့်စုံလိမ့်မယ်။

(၃) ထိုအတူ မမြတ်သော မေထုန်အကျင့်မှ ရှောင်ကြဉ်မယ်ဆိုရင် "အဗြဟ္မစရိယာ"ဆိုတဲ့ တတိယအင်္ဂါနဲ့ ပြည့်စုံလိမ့်မယ်။

(၄) ထိုအတူ မုသားပြောဆိုခြင်းမှ ရှောင်ကြဉ်မယ်ဆိုရင်"မုသာဝါဒါ"ဆိုတဲ့ စတုတ္ထအင်္ဂါနဲ့ ပြည့်စုံလိမ့်မယ်။

(၅) ထိုအတူ အရက်သေစာ သောက်စားခြင်းမှ ရှောင်ကြဉ်မယ်ဆိုရင် "သုရာမေရယ"ဆိုတဲ့ ပဉ္စမအင်္ဂါနဲ့ ပြည့်စုံလိမ့်မယ်။

(၆) ထိုအတူ နေလွဲညစာ စားခြင်းမှ ရှောင် ကြဉ် မယ် ဆို ရင် "ဝိကာလဘောဇနာ"ဆိုတဲ့ ဆဋ္ဌမအင်္ဂါနဲ့ ပြည့်စုံလိမ့်မယ်။

(၇) ထိုအတူ ကခြင်း, သီခြင်း, တီးမှုတ်ခြင်း, နံ့သာလိမ်းကျံခြင်းမှ ရှောင်ကြဉ်မယ်ဆိုရင် "နစ္စ-ဂီတ-ဝါဒိတ" ဆိုတဲ့ သတ္တမအင်္ဂါနဲ့ ပြည့်စုံလိမ့်မယ်။

(၈) ထိုအတူ ရဟန္တာပုဂ္ဂိုလ်များကို အတုယူပြီးတော့ မြင့်သောနေရာ မြတ်သောနေရာများ၌ နေထိုင်ခြင်းမှ ရှောင်ကြဉ်မယ်ဆိုရင် "ဥစ္စာသယန - မဟာသယန"ဆိုတဲ့ အဋ္ဌမအင်္ဂါနဲ့ ပြည့်စုံလိမ့်မယ်။

ဤကဲ့သို့ ရှစ်ပါးသောအင်္ဂါနှင့် ပြည့်စုံသော ဥပုသ် သီလ တော်မြတ်၏ ခံယူဆောက်တည်ပုံ နည်းလမ်းကို ဝိသာခါဒါယိကာမကြီးအား ဟောကြား ပြသပြီးတဲ့နောက် အဋ္ဌင် - ဥပုသ် သီလ၏ အကျိုးကြီးပုံကို ထင် ရှား စေ ခြင်း ငှာ မြတ်စွာဘုရားသည် ဝိသာခါဒါယိကာမကြီးအား ဆက်လက်၍ ဟောကြားတော်မူသည်မှာ–

"ချစ်သမီး ဝိသာခါ.... အလွန်နှစ်သက်ဘွယ် ရတနာ အ မျိုး မျိုးတို့နှင့်ပြည့်စုံတဲ့ အင်္ဂတိုင်း၊ မဂဓတိုင်း၊ ကာ သိ တိုင်း၊ ကော သ လ တိုင်း၊ ဝဇ္ဇီတိုင်း၊ မလ္လာတိုင်း၊ စေတိယတိုင်း၊ ဝံသတိုင်း၊ ကုရုတိုင်း၊ ပဉ္စာလတိုင်း၊ မစ္ဆတိုင်း၊ သုရသေနတိုင်း၊ အ သ က တိုင်း၊ အဝန္တိတိုင်း၊ ဂန္ဓာရတိုင်း၊ ကမ္ဗောဇတိုင်းဆိုတဲ့ တိုင်းကြီး "သောဠသ"၊ ပြည်ကြီးတဆယ့်ခြောက်ပြည်တို့၌ မင်းအဖြစ်ကိုရတဲ့ စည်းစိမ်ရှင် ဘုရင်မင်းကြီးရဲ့ မင်းစည်းစိမ်ကြီးဟာ

အင်္ဂါရှစ်ပါးရှိတဲ့ ဥပုသ် သီလ ကုသိုလ် ကံ ၏ တဆယ့်ခြောက်စိတ်-စိတ်၍ တစိတ်မျှဖြစ်သောအကျိုးကို မမှီနိုင်ဘူး....'' လို့ ဟောတော်မူပါတယ်။ ဘယ်ကြောင့်ပါလဲဆိုတော့ နတ်ချမ်းသာကြီးများကို ထောက်ဆကြည့်ကြရင် လူမင်း၏စည်းစိမ်ဟာ အထီးကျန်သော လူဆင်းရဲ၏ချမ်းသာလောက်ကလေးနဲ့တူပေတယ်လို့ ရှင်တော်ဘုရား ဟောကြားတော်မူပါတယ်။

သောဠသ မဟာဒေသာနံ၊
ရဇ္ဇံ ကရေယျ ဣဿရိယာဂတံ။
တေဿ ဥပေါသထဿ၊
ကလံ နဂ္ဃတိ သောဠသိံ။

ယော၊ အကြင်ပုဂ္ဂိုလ်သည်။ သောဠသ မဟာဒေသာနံ၊ အင်္ဂမဂဓ ကောသလ ဝဇ္ဇီ အပြည့်ပြည့်အသီးသီး တိုင်းကြီးသောဠသ မဟာဒေသကြီးတို့၌။ ဣဿရိယာဂတံ၊ အုပ်ချုပ်ပိုင်နင်း အစိုးရခြင်းသို့ရောက်သည်ဖြစ်၍။ ရဇ္ဇံ၊ တယောက်တည်းပိုင်နင်း ကေရာဇ်မင်းအဖြစ်ကို။ ကရေယျ၊ ပြုရာ၏။ တေဿ၊ အမြတ်သနင်း ထိုကေရာဇ်မင်း၏။ ရဇ္ဇံ၊ မင်းအဖြစ်သည်။ ဥပေါသထဿ၊ ရှစ်ပါးအင်္ဂါ လုံစွာစောင့်ချုပ် အဋ္ဌင်္ဂဥပုသ်၏။ သောဠသိံ၊ တဆယ့်ခြောက်စိတ် စိတ်ခါဖန်ဖန် အထူးဝေဘန်အပ်သော။ ကလံ၊ တစိတ်စာမျှ ကျိုးဖလကို။ နဂ္ဃတိ၊ မမှီနိုင်။

ဤဒေသနာတော်အရ လူ့အဖြစ်မှာ အင်မတန် ကြီးကျယ်မြင့်မြတ်တယ် ဆိုရတဲ့ လူမင်းစည်းစိမ်ကြီးဟာ နတ်စည်းစိမ်ကြီးများနဲ့ ထောက်ဆကြည့်ရင် အလွန်သေးငယ်တဲ့ ရက်တို-စည်းစိမ် ကလေး ဟူ၍ ဆိုရမယ်။ မြတ်စွာဘုရားသည် ပေါ်လွင် ထင်ရှားအောင် နတ် စည်းစိမ်ကြီးများနဲ့ နှိုင်းစာပြီး ပြတော်မူပါသေးတယ်။ ပြတော်မူပုံကတော့....

လူပြည်ကအနှစ်ငါးဆယ်ဟာ စာတုမဟာရာဇ်နတ်ပြည်မှာ တရက်သာ ဖြစ်တယ်။ အဲဒီရက်မျိုးနဲ့ ရက်သုံးဆယ်ကို တလ၊ ၁၂-လကို တနှစ် ခေါ်တဲ့ နတ်တို့အရေအတွက်အားဖြင့် အနှစ် ၅၀၀-ဟာ စာတုမဟာရာဇ်နတ်တို့၏အသက် ဖြစ်ပေတယ်။ လူတို့၏နှစ်အရေအတွက်အားဖြင့်ပြရလျှင် အနှစ်ကိုးသန်း ပမာဏရှိပေတယ်။

ရှစ်ပါးသီလ အဋ္ဌင်္ဂဥပုသ် စောင့်ထိန်းတဲ့သူဟာ ယခု ဖော်ပြခဲ့တဲ့ စာတုမဟာရာဇ်နတ်ဘုံသို့လဲရောက်နိုင်တယ်။ ကာမာဝစရနတ်ပြည် ၆-ထပ်မှာ အောက်ဆုံးဖြစ်တဲ့ စာတုမဟာရာဇ် နတ်ဘုံကို ရောက်တယ်ဆိုရင်ဘဲ လူစည်းစိမ်ခံစားရတဲ့ သက်တမ်းနဲ့ နတ်စည်းစိမ်ခံစားရတဲ့ သက်တမ်းဟာ အလွန် ဝေးကွာကြောင်းသိရတော့ ဥပုသ်သီလ၏ အကျိုးအာနိသင် ကြီးကြောင်းမှာ ထင်ရှားပေါ်လွင်တော့တာပေါ့။ မြတ်စွာဘုရား လက်ထက်တော်က လူပြည်ကစုတေကွယ်လွန်ပြီး စာတုမဟာရာဇ်နတ်ဘုံမှာ သွားပြီးဖြစ်နေတဲ့ ဗိမ္ဗိသာရမင်းကြီးဟာ ဇနဝသဘနတ်သားဆိုဘဲ့အမည်နဲ့ စာတုမဟာရာဇ်နတ်ဘုံမှာ နတ်စည်းကြီးများကို ခံစားနေရတဲ့ အဖြစ်ကလေးကို မှန်းဆပြီး တွေးတော ကြည့်ကြစမ်း၊ ဗိမ္ဗိသာရမင်းကြီး လက်ထက်က နှစ်ပေါင်းကို ထောက်ဆကြည့်မယ်ဆိုရင် နှစ်ပေါင်း ၂၅၀၀၊(နှစ်ထောင်ငါးရာ)ကျော်ပေဟဲ့စာတုမဟာရာဇ်နတ်ပြည်မှာတော့နတ်တို့အရေအတွက်အားဖြင့် ရက်ပေါင်း ၅၀-ကျော် တလကျော်လောက်ကလေး ရှိပါသေးတယ်။ ယခုဟောခဲ့တာက လူ့ပြည်က လူစည်းစိမ်နဲ့ နတ်စည်းစိမ်များကို နှိုင်းချိန်ကြည့်ကြဘို့ထုတ်ပြရတာပါ။

၎င်းပြင်လဲ နတ်စည်းစိမ်ရှင်ကြီးများဟာ လူတွေလို ရှာနိုင်-ဖွေနိုင်-အားထုတ်နိုင်မှ စား - ဝတ် - နေရေး ပြည့်စုံတာမဟုတ်ဘူး။ ကမ္မဇလူပဇီဝိပုဂ္ဂိုလ်မျိုးဆိုတော့ နတ်များဟာ ၎င်းကျိုးသက်သက်ကိုသာ မှီခိုပြီးတော့ မပူရ-မပင်ရ ရှာဖွေမနေရဘဲနဲ့ ပြည့်စုံပါတယ်။ အသက်ရှည်ပုံတွင်မကဘူး စည်းစိမ်ခံစားရပုံမှာလဲ အများကြီးကွာခြားပုံကိုစဉ်းစားပြီးသိနိုင်ပါတယ်။

တဆင့်တက်ပြီးတော့ တာဝတိံသာ နတ်သက် နဲ့ ဘဲ နှိုင်းယှဉ်ပြီး ဟောတော်မူပါသေးတယ်။ လူ့ပြည်က အနှစ်တရာကြာမှ တာဝတိံသာမှာ တရက်ဖြစ်တယ်။ ၎င်းနတ်သက်မျိုးနဲ့ အနှစ်တထောင် အသက်တမ်းရှိပါတယ်။ လူ့ ပြည် က နှစ် နဲ့ ရေတွက်နေရင်တော့ နှစ်ပေါင်း သုံးကုဋေ ခြောက်သန်း ရှိပါတယ်။ ဓမ္မပဒဒေသနာတော်မှာဟောတော်မူတဲ့ ပတိပူဇိကာ နတ်သမီး၏ အတ္တုပ္ပတ္တိကို စဉ်းစားကြည့်ကြစမ်းပါ၊ ၎င်းနတ်သမီးဟာ တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ပင်ထက်မှာ ကသစ်ပန်းများဆွတ်ခူးပြီး ပျော်ပါးနေကြတဲ့အခိုက် နတ်သမီးတယောက် နတ်သက်-ကြွေကာ စုတေလာပြီး လူ့ပြည်မှာ လူမိန်းမအဖြစ်နဲ့ ဖြစ်ရတယ်။ အချိန်အရွယ်ရောက်

တော့ အိမ်တောင်ပြုကာ သားသမီးများ မွေးဖွားကြီးပြင်းလာပြီးတဲ့နောက် အသက်အရွယ် ၇၀ လောက်ကျမှ လူ့ပြည်ကသေလွန်ပြီးတော့ သူ၏နေရာ ပင်လယ်ကသစ်ပန်း ဆွတ်ခူးနေတဲ့နေရာမှာဘဲ ပြန်ပြီးပြ သတဲ့။ ပန်းခူးလို့ မပြီးသေးမီ ရောက်သွားတော့ မာလာဘာရီ-နတ်သားက နတ်သမီးအား မေးမြန်းပုံမှာ-"နတ်သမီး သင် ခုတင်က ဘယ်သွားနေသလဲ" လို့ မေးမြန်းသတဲ့။ ပတိပူဇိကာကလဲ နတ်ပြည်က စုတေပြီး လူ့ပြည်မှာသွားဖြစ်၊ လူ့ပြည်မှာ အနှစ်ငါးဆယ်လောက်နေပြီးမှ သေလွန်ပြီး ဤနေရာသို့ ပြန်ရောက်ရကြောင်း ပြောပြတော့ နတ်သား-နတ်သမီးများလဲ လူတို့၏ အသက်တမ်းတိုတဲ့အဖြစ်ကို စဉ်းစားပြီး သတိသံဝေဂ ရကြသတဲ့။ သံဝေဂရစရာဖြစ်တာပေါ့၊ ဘယ်ကြောင့်ပါလဲဆိုတော့ လူ့ပြည်က အနှစ် ငါးဆယ်ဟာ တာဝတိံသာနတ်ပြည်မှာ နေ့တဝက် တမွန်းတည့်လောက်ဘဲရှိသေးတယ်၊ ဟို့ကြောင့် ဥပုသ်သီလကုသိုလ်အတွက် တာဝတိံသာနတ်ပြည်မှာလဲဖြစ်နိုင်တယ်။ တာဝတိံသာနတ်တို့၏ စည်းစိမ်နဲ့ ထောက်ဆကြည့်ရင် လူ့ပြည်က လူမင်းစည်းစိမ်ဟာ မပြောပလောက်တဲ့ စည်းစိမ်ဖြစ်တော့တာပေါ့။

တဆင့်တက်ပြီးကြည့်ကြဦးစို့။ဥပုသ်သီလအကျိုးဟာတာဝတိံသာရဲ့ အထက်က "ယာမာဘုံ" မှာလဲ ဖြစ်နိုင်တယ်။ ယာမာနတ်ဘုံဆိုတာ လူ့ပြည်က အနှစ် ၂၀၀ ကြာမှ တရက်လောက်သာ ရှိသေးတယ်။ အဲဒီနတ်သက်အပိုင်းအခြားအားဖြင့် နှစ်ပေါင်း၂နှစ်ထောင် အသက်ရှည်သတဲ့၊ လူတို့၏ နှစ်အရေအတွက်နဲ့ပြောရရင်တော့ တဆယ့်လေးကုဋေနဲ့ လေးသန်းအတိုင်းအရှည် ပမာဏ ရှိပေတယ်။ ၎င်း ယာမာဘုံကနတ်သက်နဲ့ နှိုင်းစာပြီး ကြည့်ရင်ကော ခုတင်ကပြောခဲ့တဲ့ လူမင်း စည်း စိမ် ဟာ မပြောပလောက်တဲ့ စည်းစိမ်ကလေး ဖြစ်တော့တာပေါ့။

တဆင့်တက်ပြီး မြတ်စွာဘုရား ဟောတော်မူခဲ့သေးတယ်။ ဥပုသ် သီလ စေတနာအတွက် ယာမာနတ်ဘုံရဲ့အထက်က တုသိတာနတ်ဘုံမှာလဲ ဖြစ်နိုင်တယ်။ တုသိတာ နတ်ဘုံဆိုတာ လူ့ပြည်က အနှစ်လေးရာ ကြာမှ တုသိတာ နတ်ဘုံမှာ တရက်ဘဲရှိသေးတယ်။ အဲဒီရက်မျိုးနဲ့ ရက် ၃၀-ကို တလ၊ ၁၂-လကို တနှစ်ဖွဲ့ပြီးတော့ နှစ် ပေါင်း လေး ထောင် နတ်တို့၏ သက်တမ်းရှိပါတယ်။ လူတို့အရေအတွက်နဲ့ပြောရရင်တော့ ငါးဆယ်ခုနစ် ကုဋေနဲ့ ခြောက်သန်း အသက်အတိုင်း အရှည်ရှိပါတယ်။ ဘုရားကျောင်း

ဒါယကာ အနာဂတ်ထပိဏ်သူဌေးကြီးဟာ အဲဒီတုသိတာနတ်ပြည်မှာဘဲ ယခု ရှိလေသေးရဲ့။ သူဌေးကြီးများ လူ့ပြည်ကစုတေပြီးသွားတဲ့ နှစ်အပိုင်းအခြား နဲ့ ရေတွက်ကြည့်မယ်ဆိုရင် တုသိတာနတ်ပြည်မှာ သူဌေးကြီး ခံစားနေတဲ့ နတ်စည်းစိမ်အပိုင်းအခြားဟာ တလတောင်မရှိသေးပါဘူး။ ဘယ်ကြောင့် ပါလဲဆိုတော့ မြတ်စွာဘုရားပရိနိဗ္ဗာန်စံတော်မူတဲ့နှစ်ကစပြီးတည်လာခဲ့တဲ့ သက္ကရာဇ်ဟာ နှစ်ပေါင်း ၂၅၀၀-ကျော်ကလေး ရှိသေးတယ်။ တုသိတာ နတ်ပြည်မှာက လူ့ပြည်က လူတို့ နှစ်နဲ့နှစ်ပေါင်း တသောင်း နှစ်ထောင် ကြာမှ တလဘဲရှိသေးတယ်။ အဲဒီတော့ အနာဂတ်ထပိဏ် သူဌေးကြီးများရဲ့ နတ်စည်းစိမ်ဟာ တုသိတာနတ်ပြည်မှာ တလတောင် မပြည့်သေးပါဘူး။ ထို့ကြောင့် ဉာဏ်သည်, သီလ အတွက် တုသိတာ နတ်ပြည်မှာ သွား ဖြစ် ရင် ၎င်းတုသိတာနတ်ဘုံက နတ်စည်းစိမ်နဲ့ ထောက်စာကြည့်ပါက နောက်က ဟောခဲ့တဲ့ တိုင်းကြီးသောဌေသက မင်းစည်းစိမ်ဟာ ဘယ်မှာပြောပလောက် တဲ့စည်းစိမ်ဖြစ်တော့မှာလဲ၊တခဏကလေးခံစားရတဲ့ရက်တိုစည်းစိမ်ကလေး ဖြစ်တော့တာပေါ့။

တဆင့်တက်ပြီးတော့ ဟောတော်မူတာက ဥပုသ်သီလအကျိုးဟာ တုသိတာနတ်ဘုံရဲ့အထက်က နိမ္မာနရတိနတ်ဘုံမှာလဲ ဖြစ်နိုင်သေးတယ်တဲ့၊ နိမ္မာနရတိ နတ်ဘုံဆိုတာ လူ့ပြည်က နှစ်ပေါင်း ရှင်ဂေ ကြာမှ ထိုဘုံမှာ တရက်သာရှိသေးတယ်။ အဲဒီနတ်တို့၏ အရေအတွက်နဲ့ဆိုရင် နှစ်ပေါင်း ရှစ်ထောင်သက်တမ်းရှိပါတယ်။ လူတို့အရေအတွက်နဲ့ ပိုင်းခြားကြည့်မယ် ဆိုရင် ကုဋေပေါင်း နှစ်ရာသုံးဆယ်နဲ့လေးသန်း အရေအတွက် ရှိပါတယ်။ အဲဒီနိမ္မာနရတိဘုံက နတ်သက်နဲ့ကြည့်မယ်ဆိုရင် လူ့ပြည်မှာ ခံစားနေရတဲ့ လူမင်းစည်းစိမ်ဟာ ပြောပလောက်တဲ့ အခြေ မရှိတော့ဘူး။ စည်းစိမ်ငယ် စည်းစိမ်တိုကလေး ဖြစ်နေတာပေါ့။

နောက်ဆုံး တဆင့်တက်ပြီး ညွှန်ပြတော်မူတာက ဥပုသ် သီလ စေတနာကြောင့် နိမ္မာနရတိဘုံရဲ့အထက်က ပရနိမ္မိတဝသဝတ္တီဘုံမှာလဲ ဖြစ်နိုင်ပါတယ်၊ ၎င်းနတ်ဘုံဟာ လူ့ပြည်က လူတို့ နှစ် အပိုင်း အခြားနဲ့ နှစ်ပေါင်း တထောင်ခြောက်ရာကြာမှ ပရနိမ္မိတဝသဝတ္တီဘုံမှာ တရက်သာ ရှိသေးတယ်။ ၎င်းရက်မျိုးနဲ့ ရက် ၃၀-ကိုတလ၊ ၁၂-လ ကို တနှစ် ဖွဲ့ပြီးတော့ နတ်တို့၏ နှစ်ပေါင်း-တသောင်း,ခြောက်ထောင် အသက်ရှည်

တယ်တဲ့။ လူတို့၏ နှစ်ပရိစ္ဆေဒဖြင့် ပိုင်းခြား ပြရမယ် ဆိုရင် နှစ်ပေါင်း ကိုးရာနှစ်ဆယ်တစ်ကုဋေ့ ခြောက်သန်း အရေအတွက်ရှိပါသတဲ့။ မြတ်စွာ ဘုရား ပရိနိဗ္ဗာန် စံတော်မူတဲ့ နှစ်ကစပြီး တည်ခဲ့တဲ့ သက္ကရာဇ်ဟာ ယခု အခါမှာ ၂၅၀၀-ကျော် ကလေးသာ ရှိသေးတော့ ပရနိမ္မိတဝသဝတ္တီ နတ်ဘုံမှာ နတ်သက်အားဖြင့် နှစ်ရက်တောင်မပြည့်သေးပါဘူး။ လူ့ပြည်က နှစ်ပေါင်း သုံးထောင်နှစ်ရာပြည့်မှ ပရနိမ္မိတဝသဝတ္တီဘုံမှာ နှစ်ရက်ရှိပြီလို့ ဆိုရမယ်။

သီလကုသိုလ်အတွက် အဲဒါလိုအလွန်မြင့်ရှည်တဲ့ နတ်စည်းစိမ်ကြီး တွေရှိတဲ့ ပရနိမ္မိတဝသဝတ္တီဘုံမှာလဲ ဖြစ်နိုင်တယ်။ အဲဒါလောက် ကြာမြင့် ရှည်လျားလှတဲ့ နတ်စည်းစိမ်ကြီးတွေကို ထောက်ဆပြီး ကြည့်မယ်ဆိုရင် အစတယ်ပြီးပြခဲ့တဲ့ တိုင်းကြီးသောဠသ ပြည်ကြီးတဆယ်ခြောက်ပြည်မှာ စံစားနေရတဲ့ လူမင်းစည်းစိမ်ဟာ အလွန်သေးနုပ်တဲ့ ရက်တို - အချိန်တို စည်းစိမ် ကလေးတွေ ဖြစ်နေ တာပေါ့။ ယခုအချိန် လူ့ပြည်မှာ အသက် တရာတမ်းလောက် မှန်းဆထားကြပေတဲ့ တရာပြည့်အောင် နေရတဲ့သူဟာ ရာခိုင်နှုန်း ၉၀-လောက်တောင် မရှိတော့ပါဘူး။

သောဠသ မဟာဒေသာနံ၊
ရဇ္ဇံ ဣဿရိယာဂတံ။
တေဿ ဥပေါသထဿ၊
ကလံ နဂ္ဃတိ သောဠသိံ။

ယော၊အကြင်ပုဂ္ဂိုလ်သည်။ သောဠသမဟာဒေသာနံ၊ အင်္ဂ မဂဓ ကောသလ ဝဇ္ဇီ အပြည်ပြည်အသီးသီး တိုင်းကြီးသောဠသ မဟာဒေသကြီး တို့၌။ ဣဿရိယာဂတံ၊အုပ်ချုပ်ပိုင်နင်း အစိုးရခြင်းသို့ ရောက်သည်ဖြစ်အံ့။ ရဇ္ဇံ၊ တယောက်ထည်းပိုင်နင်း ကေရာဇ်မင်းအဖြစ်ကို။ ကရေယျ၊ ပြုရာ၏။ တေဿ၊ အမြတ် သနင်း ထို ကေရာဇ်မင်း၏။ ရဇ္ဇံ၊ မင်း အ ဖြစ် သည်၊ ဥပေါသထဿ၊ရှစ်ပါးအင်္ဂါ လုံစွာစောင့်ချုပ် အဋ္ဌင်္ဂဉပုသ်၏။ သောဠသိံ။ တဆယ် ခြောက်စိတ် စိတ်ခါဖန်ဖန် အထူး ဝေဘန် အပ်သော။ ကလံ၊ တစိတ်စာမျှ ကျိုးဖလကို။ နဂ္ဃတိ၊မမှီနိုင်။

ဤကဲ့သို့ ရှေးနောက်အစဉ် ဖြစ်အင်ကြောင်းခြင်းရာများကို အပိတ်အပင်မရှိ သိတော်မူတဲ့ အနာဝရဏဉာဏ်တော်သခင် ဘုရားရှင်၏ နိုင်းယှဉ်ညွှန်ပြ မိန့်ဟမြွက်ဖော် ဟောကြားတော်မူတဲ့ ဒေသနာတော်ကြီးများကို ကြားနာကြရပါသောကြောင့် အလွန်ပင်အကျိုးအာနိသင်ကြီးကျယ်လှတဲ့ ရှစ်ပါးသီလအင်္ဂါဥပုသ်ကို မပြတ်မလပ် စောင့်ထိန်းနိုင်အောင် ဂရုပြုကြရမယ် စောင့်ထိန်းကြပါဟူ၍ နောက်ဆုံးနိဂုံးချုပ် အနေဖြင့် တိုက်တွန်းနှိုးဆော်ခဲ့သည် ဖြစ်ပါသတည်း။

သီလကထာ ပြီး၏။

---

## နမော ပါရင်္ဂတဿ ဇေယျတု
## (၄၇) ကုမ္မောပမဒေသနာ
## သီလကထာ

အတ္တာနဉ္စေ ပိယံ ဇညာ၊
ရက္ခေယျ နံ သုရက္ခိတံ။
တိဏ္ဏ မညတရံ ယာမံ၊
ပဋိဇဂ္ဂေယျ ပဏ္ဍိတော။

အတ္တာနံ၊ ရဆဲထိုထို မိမိကိုယ်ကို။ ပိယံ၊ချစ်အပ်၏ဟူ၍။ စေဇညာ၊ အကယ်၍သိငြားအံ့။ ဝါ-ကိုယ့်ကိုယ်ကိုသာ အများတကာထက် စိတ်မှာ သက်ဝင် ချစ်ခင်သည်ကို သိကြရပါမူကား။ နံအတ္တာနံ၊ ထိုမိမိကိုယ်ကို။ သုရက္ခိတံ၊ မကွေ့-မကောက် စိတ်နောက်မပါ ကောင်းစွာ ဖြောင့်မတ် စောင့်ရှောက်အပ်သည်ကို။ ကတွာ၊ပြု၍။ ရက္ခေယျ၊ စောင့်ရှောက်ရာ၏။ တိဏ္ဏံ၊ သုံးဆင့်ပိုင်းခြား အရွယ်သုံးပါးတို့တွင်။ ပဏ္ဍိတော၊ပညာရှိသောသူသည်။ အညတရံယာမံ၊ တပါးပါးသောအရွယ်၌။ အတ္တာနံ၊ ချစ်ခင်လှစွာ မိမိခန္ဓာကို။ ပဋိဇဂ္ဂေယျ။ အကုသိုလ်မြေး ကင်းစင်ဝေးဘို့ ညစ်ကြေးမတင် သန့်ရှင်းစင်အောင် သုတ်သင်ရှင်းလင်းကြရာ၏။

လောကကြီးမှာ မည်သူမဆို ကိုယ့်ကိုယ်တော့ကိုယ် - ချစ်ခင်တယ် ကျင်နာတယ် ခင်မင်တယ် ဆိုတာ သိပြီးကြတဲ့ အတိုင်း ပါဘဲ။ ကမ္ဘာ မီးလောင် သားကောင်ချနင်း ဆိုတဲ့ ရှေးလူကြီးများရဲ့ စကားပုံဟာလဲ အဓိကအားဖြင့် မိမိကိုယ်ကိုသာ အချစ်ဆုံး အခင်ဆုံးဆိုတာ ညွှန်ပြတဲ့ စကားဖြစ်တာပေါ့။ အဲဒါလို သူတပါးထက် မိမိကိုယ်ကိုမိမိ အချစ်ဆုံး အခင်ဆုံးဖြစ်ရတဲ့ ဓမ္မတာ သဘောဟာ တခြား မဟုတ်ဘူး၊ ဘ ကခုရဲ့ အစဖြစ်တဲ့ ပဋိသန္ဓေစိတ်နဲ့ တစပ်ထဲတွဲပြီး ဖြစ်ပေါ်လာတဲ့ ဘဝနိကန္တိက လောဘဇောနဲ့ တည်ထောင်လာတာ ဖြစ်တော့ မိမိကိုယ်ကို ချစ်ခင်တဲ့ ကိစ္စမှာ မူလဗီဇကဘဲ ပါလာကြတာ ဖြစ်ပေတာပေါ့။

သဗ္ဗေ ဘာယန္တိ မစ္စုနော-လို ဒေသနာတော်ကပြတယ်။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော သတ္တဝါတို့သည်။ မစ္စုနော၊သေရခြင်းမှ။ ဘာယန္တိ၊ ကြောက်ကြကုန်၏။ကိုယ့်ကိုယ်ကို ကိုယ်မချစ်ရင် သေပေစေပေါ့၊ ဘယ်မှာ ကြောက်စရာ လိုမလဲ၊ ခုတော့ ကိုယ့်ကိုယ်ကို ချစ်ခင်လို့ သေရမှာ ကြောက်ကြတယ်လို့ ဆိုရတာပေါ့။

အဲဒါလိုကိုယ့်ကိုယ်ကို သူတပါးထက်ပိုပြီးချစ်ခင်ကြောင်းသိကြရင် ဘာလုပ်ကြမလဲ ဆိုရင် စိတ်နောက်ကိုယ်ပါ မဖြစ်စေဘဲ လမ်းကြောင်း မမှားအောင် စောင့်ရှောက် ထိန်းသိမ်း ပေးရမယ်၊ အရွယ် သုံးပါးရှိတဲ့ အနက် ပထမအရွယ်ကတဲက သိတတ်ပြီး စောင့်ရှောက်တတ်ရင် ပထမ အရွယ်ကတဲက အကျိုးရှိရမယ်။ ဒုတိယအရွယ်မှာ စောင့်ရှောက်တတ်ရင် ဒုတိယအရွယ်ကစပြီး အကျိုးရှိရမယ်။ တတိယ အရွယ်ကျမှ သတိရပြီး စောင့်ရှောက်တတ်မယ်ဆိုရင်လဲ တတိယအရွယ်မှာ အကျိုးရှိပါသေးတယ်။ တာကြောင့် မိမိကိုယ်ကိုချစ်ခင်ကြရင် အရွယ်သုံးပါးရှိတဲ့အနက် တပါး ပါးမှာ အကုသိုလ်စင် ကုသိုလ် ဝင်အောင် စင်ကြယ်စွာ မိမိ ကိုယ်ကို စောင့်ရှောက်ကြလို့ မြတ်စွာဘုရား သတိပေးတော်မူပါတယ်။

(ပထမဂါထာ ပြန်ကောက်၍ အနက်ပါရွတ်ဆိုဟောပြောလေ)

မိမိကိုယ်ကိုချစ်ခင်လို့ အကုသိုလ်မဝင်အောင် ဘယ်လိုစောင့်ရှောက် ထိန်းသိမ်းကြပလဲဆိုရင် မိမိတို့ရဲ့အနီးအစပ် အပြင်ပကကပ်ပြီး နှိပ်စက်ဘို့ရာ စောင့်နေတဲ့ အဘိဇ္ဈာဒေါမနဿဆိုတဲ့ ကိလေသာမာရ်ယုတ်တရားနှစ်ပါးက

အနီးဆုံးရန်သူ ဖြစ်ပေဘယ်။ မိမိတို့သန္တာန်မှာ စက္ခုန္ဒြေအစရှိတဲ့ ဣန္ဒြေခြောက်ပါး တံခါး ခြောက် ပေါက် ကို လုံခြုံအောင် ပိတ် ဆို့ နိုင် ဘို့ စောင့်ရှောက် နိုင်ဘို့ အ ရေးကြီး တယ်။ ၎င်း တံ ခါး ခြောက် ပေါက်ကို လုံခြုံအောင် စောင့်ထိန်းနိုင်ရင် ကိလေသာတရားများအနှိပ်အစက်ကို မခံရပေဘူး။ အေးချမ်းပြီးတော့ မိမိတို့ကိုယ်ကိုလဲ ချစ်ခင်ရာရောက်တော့ဝါသပေါ့။ ဣန္ဒြေခြောက်ပါးတံခါးခြောက်ပေါက်ကို လုံခြုံအောင်စောင့်ဘို့အတွက် ဗုဒ္ဓရှင်တော် ဘုရားသည် ကုမ္မောပမသုတ်တော်ဖြင့် နည်းလမ်းပေးတော်မူခဲ့ပုံကို လေ့လာစရာကြပေတော့။

ကုမ္မောပမ ဒေသနာတော် မြတ်ကို ကရုဏာတော် သခင် ဘုရားရှင်သည် ကြုံဘူး ဖြစ်ဘူးတဲ့ အဖြစ်အပျက် တခုကို ဥပမာ ထားပြီးတော့ တပည့်ရဟန်းတော်များအား ဟောကြားတော် မူခဲ့ပါတယ်။

တနေ့သောအခါက မိမိကိုယ်ကိုအခွံနဲ့ဖုံးအုပ်ထားတဲ့လိပ်တကောင်ဟာ ရေစပ် ကမ်းပါး အနီးမှာ အစာရှာဖွေပြီး စားသောက်ရန် အတွက် ထွက်ပြီး ရှောက်လာ သတဲ့။ ထိုအခါ မှာဘဲ မြေ ခွေး တ ကောင် ကလဲ စားသောက်စရာရှာဖွေရင်း ရေစပ်မှလျှောက်ပြီးလာပြန်တယ်။ နှစ်ဦးသား လျှောက်ပြီး လာကြရင်း ရှေးဦးစွာ လိပ်က အဝေးက မြေခွေး လာတာမြင်တော့ ဦးခေါင်းနှင့် တကွ လက်နှစ်ချောင်း၊ ခြေ နှစ် ချောင်း အင်္ဂါငါးမျိုးစလုံး လုံခြုံအောင် မိမိအခွံဖြစ်တဲ့ အုပ်ဆောင်းထဲမှာ ထည့်သွင်းပြီးတော့ မလှုပ်မရှက်ဘဲ ငြိမ်သက်စွာ ချုပ်တည်းပြီးနေလိုက်တယ်တဲ့။

ဒီတော့ မြေခွေးက ငါ့အစာ လိပ်တော့ တွေ့ပြီ။ ဒင်းမပြေးနိုင်တော့ဘူး။ အနားက နေပြီး စောင့် မှ ဘဲ၊ ခေါင်းထွက်ရင် ခေါင်း ကို စားလိုက်မယ်။ လက်ထွက်ရင်လက်ကို-ခြေထွက်လာရင်ခြေကိုစားလိုက်မယ်-ဆိုပြီး လိပ်ရဲအနားမှာမခွာဘဲ အလစ်ကိုအမိဖမ်းဘို့ အရိပ်သင့် စောင့်စားနေသတဲ့။

လိပ်ကလဲ ရန်သူအနီးအနားရောက်နေမှန်းသိတော့ သတိမလစ်စေဘဲနဲ့ ရန်သူ့လက်ကျွင်း မပါရလေအောင် အကုန်လုံး အင်္ဂါကြီးငယ်တွေကို စောင့်စည်း ဖုံးအုပ်ပြီး အပြင်ကို မထွက်စေဘဲ ငြိမ်သက်စွာ ထိန်း သိမ်းထားလိုက်တယ်တဲ့။

အဲတာလို အချိန်ကြာမြင့်စွာ စောင့်စည်းဖုံးအုပ်ထိန်းသိမ်းထားတဲ့ လိပ်၏ သတိ ဝီရိယကြောင့် မြေခွေး အလိုမပြည့်တော့သည့် အတွက် ကြာကြာချည်းမစောင့်နိုင်ဘဲ လက်မှိုင်ချကာ စိတ်လျှော့ပြီး စောင့်ရမှာ ငြီးငွေ့တဲ့အတွက်လိပ်ရဲ့အနားက ဖယ်ခွာသွားရတယ်တဲ့။

ဤသာခကကို ဥပမာပုံစံပြပြီး ရှင်တော်မြတ်ဘုရားသည် ရဟန်းတော်များအား ဤကုမ္မောပမသုတ္တန် ဒေသနာတော်ကို ဟောကြားတော်မူခြင်း ဖြစ်ပါတယ်။ ဟောတော်မူတဲ့ အလိုတော်ရင်းကတော့ ချစ်သား ရဟန်းတို့...သင်တို့၏သန္တာန်မှာ စက္ခုန္ဒြေ,သောတိန္ဒြေ, ဃာနိန္ဒြေ,ဇိဝှိန္ဒြေ, ကာယိန္ဒြေ,မနိန္ဒြေဆိုတဲ့ ဣန္ဒြေခြောက်ပါး၊ တံခါးခြောက်ပေါက် ရှိလေရဲ့၊ အဲဒီ တံခါးခြောက်ပေါက်အနီးမှာ ကပ်ပြီးတော့ ထွက်လာရင် နှိပ်စက်ဘို့, ညှဉ်းဆဲဘို့ အနေနဲ့ စောင့်ပြီးနေတဲ့ ကိလေသာ မာရ်ယုတ်ဟာ အလစ်သုတ်ဘို့ချောင်းကုတ်ပြီး စောင့်လျက်ရှိပေတယ်။

မျက်စိကဘဲ နှိပ်စက်ဘို့ အခွင့်ရမလား၊ နားက နှိပ်စက်ဘို့ အခွင့်ရမလား၊ နှာခေါင်းကဘဲ နှိပ်စက်ဘို့ အခွင့်ရမလား၊ လျှာကဘဲ နှိပ်စက်ဘို့ အခွင့်ရမလား၊ ကိုယ်ကဘဲ နှိပ်စက်ဘို့ အခွင့်ရမလား၊ စိတ်ကဘဲ နှိပ်စက်ဘို့ အခွင့်ရမလား....၊ အဲဒီလိုသဘောနဲ့ လိပ်နားမှာ မြေခွေးစောင့်နေသလို ကိလေသာမာရ်ယုတ်ဟာလဲ သင်တို့၏ အနားမှာ စောင့်ပြီး နေပေတယ်။ သို့အတွက် သင်တို့၏ တံခါးခြောက်ပေါက်ကို လုံခြုံအောင် ပိတ်ဆို့ ထိန်းချုပ်ပြီး ထားလိုက်ကြ။

မျက်စိဖြင့် ရူပါရုံကို မြင်သည်ရှိသော်- မိန်းမ-ယောကျ်ား စသော သဏ္ဌာန်နိမိတ် ပြုံးဟန်-ရယ်ဟန်စသော အမူအရာ လက္ခဏာများကို စွဲယူပြီးတော့ နှစ်သက်ဘွယ် သာယာဘွယ် အဖြစ်ဖြင့် အာရုံပြုမိရင် စက္ခုန္ဒြေဆိုတဲ့ တံခါးနားမှာ စောင့်နေတဲ့ အဘိဇ္ဈာလောဘဆိုတဲ့ ကိလေသာမာရ်ယုတ်က သင်တို့အား ဖမ်းချုပ်ပြီး အရကုတ်ခါဆင်းရဲအောင် ညှဉ်းဆဲခြင်း ပြုလိမ့်မယ်။

ရူပါရုံကိုမြင်တဲ့အခါမှာ ရွံဘွယ်-မုန်းဘွယ် အမူအရာ လက္ခဏာများကို စွဲယူပြီးတော့ သာယာဘွယ် မရှိတဲ့ အဖြစ်ဖြင့် သာ အာရုံပြုမိကြရင် အနားမှာစောင့်နေတဲ့ နှလုံးမသာယာခြင်း ဒေါမနဿဆိုတဲ့ ကိလေသာ

မာရ်ယုတ်က သင်တို့အား ဖမ်းချုပ်ပြီးတော့ အရကုတ်ခါ ဆင်းရဲအောင် ညှဉ်းဆဲခြင်းပြုကြလိမ့်မယ်။ထို့ကြောင့် စက္ခုန္ဒြေဆိုတဲ့တံခါးကို လုံခြုံအောင် ပိတ်ဆို့ထားလိုက်ကြ။ ထို့ပြင်လဲ-

နားဖြင့် သဒ္ဒါရုံအသံကို ကြားရသည်ရှိသော်-

နှာခေါင်းဖြင့် ဂန္ဓာရုံအနံ့ကို နမ်းရှုရသည်ရှိသော်-

လျှာဖြင့် ရသာရုံ အရသာများကို လျက်မိ-စားမိသည်ရှိသော်-

ကိုယ်ဖြင့် ဖောဋ္ဌဗ္ဗာရုံ အတွေ့အထိများကို တွေ့ထိ စမ်းသပ်မိသည် ရှိသော်-

စိတ်ဖြင့် ဓမ္မာရုံသဘောတရားများကို ကြံစည်သိမြင်သည်ရှိသော်-

တပ်နှစ်သက်စရာ လောဘတဏှာဦးစီးပြီးတော့ အာရုံပြုမယ်ဆိုရင် သို့မဟုတ် ရွံမုန်းစရာ ဒေါသဦးစီးပြီးတော့ အာရုံပြုကြမယ်ဆိုရင် အဘိဇ္ဈာ ဒေါမနဿဆိုတဲ့ကိလေသာမာရ်ယုတ်တွေက အငိုက်ကိုဖမ်းချုပ်ပြီး ဆွဲဆုတ် ညှဉ်းဆဲ ဆင်းရဲအောင် ပြုလိမ့်မယ်။ "ချစ်သားတို့.... စောင့်ရှောက်ကြ၊ စောင့်စည်းခြင်းငှာ ကျင့်ကြံကြ"လို့ ရှင်တော်ဘုရားဟောကြားဆုံးမတော်မူပေသည်။

ယတော တုမ္ဟေ ဘိက္ခဝေ ဣန္ဒြိယေသု ဂုတ္တဒွါရာ ဝိဟရိဿထ၊ အထ တုမ္ဟေဟိပိ မာရော ပါပိမာ နိဗ္ဗိဇ္ဇ ပက္ကမိဿတိ ဩတာရံ အလဘမာနော ကုမ္မမှာဝ သိင်္ဂါလောတိ။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ တုမ္ဟေ၊ သင်ချစ်သားတို့သည်။ ဣန္ဒြိယေသု၊ စက္ခုစသော ဣန္ဒြေခြောက်ပါးတို့၌။ ဂုတ္တဒွါရာ၊ လုံခြုံအောင် စောင့်ထိန်းပိတ်ဆို့ကုန်သည်ဖြစ်၍။ယတော၊အကြင့်ကြောင့်။ဝိဟရိဿထ၊ နေကြကုန်သည်ဖြစ်အံ့။ ဝါ-ဣန္ဒြေခြောက်ပါး တံခါးဥဿုံ အလုံးစုံကို လုံခြုံအောင် အောင့်အည်း၍ စောင့်စည်းနေနိုင်ကြပါကုန်မူကား။ အထ၊ ထိုသို့ မပေါက်မကြား တရားစောင့်၍နေကြကုန်သည်ရှိသော်။ သိင်္ဂါလော၊ မြေခွေးသည်။ ကုမ္မမှာ၊ လိပ်မှ။ ဩတာရံ အခွင့်အရေးကို။ အလဘမာနော၊ မရသည်ဖြစ်၍။ ပက္ကမတိဣဝ၊ ဖဲသွားရသကဲ့သို့။ ဧဝမေဝ၊ ဤနည်းအတူသာလျှင်။ပါပိမာ၊ယုတ်မာသော။မာရော၊ကိလေသာမာရ် ကိုယ်တွင်းရန်သည်။ ဩတာရံ၊ အခွင့်အရေးကို။ အလဘမာနော၊ မရသည်ဖြစ်၍။

နိဗ္ဗိဇ္ဇ၊ ငြီးငွေ့၍။ ဝါ-နှိပ်စက်ခွင့်မရသည်ဖြစ်၍။ တုမှေဟိပိ၊ သင်တို့အထံမှလည်း။ ပက္ကမိဿတိ၊ ဖဲခွာ၍ သွားရပေလတ္တံ့သတည်း။

“ချစ်သားရဟန်းတို့ ... သင်တို့ သဏ္ဍာန်မှာရှိတဲ့ ဋ္ဌေခြေခြောက်ပါး တံခါးအပေါက်တို့ကို လုံခြုံအောင်ပိတ်ဆို့ စောင့်စည်းထားလိုက်ကြ၊ စက္ခုစသော ဋ္ဌေခြေ ခြောက်ပါး တံခါးများကို လုံခြုံအောင် ပိတ်ဆို့ထားနိုင်ကြမယ်ဆိုရင် သတ်ဖြတ်ညှဉ်းဆဲရန်စောင့်စားနေသော မြေခွေးသည် လုံခြုံအောင် စောင့်စည်းထိန်းချုပ်နေသော လိပ်၏အထံမှ အခွင့်အရေးကို မရတော့သဖြင့် ဖဲခွာ၍ကွက်သွားရဘိသကဲ့သို့ သင်တို့၏အနီးအနားမှာကင်ပြီး စောင့်စားနေတဲ့ ကိလေသာမာရ်ယုတ်ဟာလဲ လုံခြုံအောင် စောင့်စည်းထိန်းချုပ်နေဘဲ့ သင်တို့အထံမှ အခွင့်အရေးမရတော့ကာ ဖဲခွာ၍ သွားရလိမ့်မည်။

လိပ်သည် ဦးခေါင်းစသော အင်္ဂါတို့ကို မိမိဥစ္စာဖြစ်သော လိပ်ခွံအတွင်း၌ ကောင်းစွာသား၍ မြေခွေး အား အခွင့်အရေး ကို မပေးသည်အတွက် မြေခွေးသည် မနှိပ်စက်နိုင်သကဲ့သို့၊ ထိုအတူ သင် ချစ် သား တို့သည်လည်း မိ မိ ၏ စိတ် အ ကြံ အ စည် ကို မိမိဥစ္စာဖြစ်သော အာရုံတည်းဟူသောခွက်၌ ကောင်းစွာထားသည်ဖြစ်၍ ကိလေသာမာရ်၏ နှိပ်စက်ဘို့အခွင့် အရေးကို မပေးကြကုန်လင့်ဟု ဩဝါဒစကားဟောကြားဆုံးမတော်မူ၏။

ယခုဟောပြောခဲ့တဲ့ စက္ခုဋ္ဌေအစရှိတဲ့ ဋ္ဌေခြေခြောက်ပါး တံခါးခြောက်ပေါက်ကို လုံခြုံအောင် စောင့်ထိန်းကြရင် ဤကုသိုလ်ဟာ “ဣန္ဒြိယသံဝရသီလ”ကုသိုလ်လို့ ခေါ်ပါတယ်။ ဥပုသ်သီတင်းစောင့်ထိန်းတဲ့နေ့မှာ ယခုကြားနာခဲ့ရတဲ့နည်းကိုယူပြီးတော့ ကျင့်သုံးကြမယ်ဆိုရင် ရှစ်ပါးသော အင်္ဂါရှိတဲ့ ဥပေါသထ-သီလဟာ အစင်အကြယ် လုံခြုံတဲ့အပြင် ဣန္ဒြိယသံဝရသီလပါ ပြည့်စုံသွားတော့တာပေါ့။ အခြေတည်ပြီးတော့ ဟောခဲ့တဲ့ ဒေသနာအတိုင်း မိမိကိုယ်ကိုလဲ ချစ်ရာ-ခင်ရာ ရောက်အောင် အားထုတ်သည် မည်တယ်။ အရှယ်သုံးပါးရှိတဲ့အနက် တပါးပါးသော အရွယ်မှာ သတိရကြပြီး မိမိကိုယ်ကို သုတ်သင်ကြ....” လို့ မိန့်တော်မူတဲ့ ဗုဒ္ဓရှင်တော်ဘုရားရဲ့ အမိန့်တော်ကိုလဲ နာခံရာရောက်ပေတယ်။

ကိုကြောင့် - စကျေစသည် ခြောက်မည်တံခါး အပေါက်များတွင် ကပ်ယှဉ်ပြီး အခွင့်ရှာနေတဲ့ အဘိဇ္ဈာနှင့်ဒေါမနဿ နှစ်ဝသောအကုသိုလ် အရင်းတို့ကို ပယ်ရှင်းကာ သုတ်သင်၍ နိဗ္ဗာန်ခွင် အမတနန်းသို့ ကြွလှမ်း တက်ရောက်နိုင်ကြစေကုန်သတည်း။

ကုမ္မောပမသုတ္တန်ဒေသနာ သီလကထာ ပြီး၊ ပြီ။

---

# နဝမ ဓမ္မသာမိနော
# (၄၈) သံဝေဇနီယ ကထာ

ဘုန်းကြီးများထံ ဆည်းကပ်ပြီးတော့ ဥပုသ်စောင့်လာကြတဲ့ ဥပုသ် သည်များအား သိတင်းနေ့တိုင်းဆိုသလိုဘဲဗဟုသုတဖြစ်ကြဘို့ ဘာသာရေး နာလည်ကြဖို့ ကျင့်ကြံ အားထုတ်ဘို့ရာဖြစ်တဲ့ ပဋိပတ်နည်းလမ်းများရကြ ဘို့ ဤသို့အစရှိတဲ့ အမျိုးမျိုးသောအကျိုးတွေရကြစေခြင်းငှာ အနည်းငယ် အနည်းငယ် အချိန်ပိုကလေးအတွင်းမှာ တရားဓမ္မ ပြသ ဟောကြားခဲ့တာ တော်တော်များသွားပြီ- မှတ်သားမိကြမယ်ဆိုရင်တော့ တော်တော် ဗဟု သုတ ရှိလောက်ပေပြီ။

မမှတ်မိရင်တော့လဲ တရားနာရတဲ့အကျိုးကတော့ မလျော့-ရကြမှာ ပေါ့။ မဏ္ဍုကနတ်သားတို့၊ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးရဲ့အဘိဓမ္မာ ဆောင် တပည့်တွေဖြစ်သွားကြတဲ့ လင်းနို့သား ငါးရာတို့ဟာ တရားတော် အသံကိုကြားရရုံ နာရုံပုံကြရုံဘဲ ဖြစ်ကြတယ်။ ဘယ်မှာ တရားတော်ရဲ့ အဓိပ္ပါယ်ကိုသိမလဲ မှတ်မိမှာလဲ။ နို့ပေမဲ့ တရားတော်သံကို နာကြားရတဲ့ ကုသိုလ်စေတနာကြောင့် အဆင့်ဆင့်တက်လမ်းကိုရကြပြီးမဂ်ဖိုလ်ဘိအောင် အကျိုးခံစားသွားကြရပါဘယ်။ ဘို့ကြောင့် တရားတော်ကိုနာဘဲ့အခါ အာရုံတပါး စိတ်မသွားမူ၍ တရားတော်ကိုသာ စူးစိုက်ပြီးနာယူကြ၊ မှတ် သားကြပါလို့ စကားပသ္သင်ခံပြီးတော့ သတိပေးရပါဘယ်။

ယနေ့ဟောပြမဲ့ ဒေသနာကတော့- "သံဝေဇနီယ ကထာ" တဲ့။ သတိသံဝေဂရဘို့ရန်ဖြစ်တဲ့ ဒေသနာပေါ့။ ဖြစ်ပုံ-ပျက်ပုံ နှစ်ပါးစုံတွဲစပ် ပြီးတော့ ထင်ရှားနေတဲ့ တရားဖြစ်ပေမဲ့ အမှတ်တမဲ့နေကြတဲ့အခါမှာတော့

မဆင်ခြင်ကြလို့ ထင်ကြမြင်ကြမှာ မဟုတ်ပေဘူး။ အဲဒီထင်ရှားတဲ့ အဖြစ် အပျက်နှစ်ပါးကို ကွက်ကွက်ကွင်းကွင်း ပေါ်အောင်၊ ထင်အောင် ဟော ပြောလိုက်ရင်တော့ ဘွင်းဘွင်းကြီး အသိဉာဏ်ပေါ်လာကြပြီးလျှင် သတိ သံဝေဂ ရကြဘို့ သခါရ တရားတွေကို ငြီးငွေ့ကြဘို့ ဖြစ်စေတတ်တဲ့ မေ့ ဒေသနာကို သံဝေဇနီယကထာလို့ ခေါ်ပါတယ်။

အဲဒီလို သံဝေဂရကြဘို့ဒေသနာကို ယနေ့ဟောပြမယ်လို့ ကြံစည် ခဲ့တဲ့အတိုင်း ဟောပြမဲ့ သံဝေဂကထာဟာ အဖြစ်အပျက် နှစ်ပါးတွဲတွဲပြီး ဖော်ပြသွားမှာ ဖြစ်ပါတယ်။ ဟောပြတဲ့အခါကျတော့ ဒီတရားတွေဟာ ဒို့သိပြီးသားဘဲလို့ အထင် မသေးကြနဲ့။ ခုတင်က ဘုန်းကြီးပြောခဲ့သလို ထင်ရှားပေါ်လွင်နေတဲ့ အကြောင်းအရာပေမဲ့ "သတိမမူတော့ ဂူမမြင်" ဆိုသလိုဘဲ သတိထားပြီး မရှုဆ မဆင်ခြင်ကြရင် သတိသံဝေဂ မရနိုင်ကြ ဘူး။ သတိထားပြီး ဆင်ခြင်မိအောင် ထပ်ပြီး ဘုန်းကြီးများက သတိပေး ရခြင်းဖြစ်ပေတယ်လို့ "ယောနိသော-မနသိကာရ" ထားပြီး နာယူမှတ်သား ကြပါ။

(၁) ဟာ ယောဗ္ဗနာ ဇရာ အန္တာ။

ယောဗ္ဗနာ၊ နုနယ်ရုပ်ဆင်း ပျိုမြစ်ခြင်း တို့သည်ကား။ ဟာ ဇရာ အန္တာ၊ ပျိုရွယ်တဲ့ရူပကာယဟာ မူလအတိုင်းမနေမူ၍ အခြေမတူဖောက် ပြုံးလျက် နောက်ဆုံးတွင် ယိုယွင်းကြပြီး အော်....အိုမင်းရခြင်းလျှင် အဆုံး သတ်ဘို့ ရှိကုန်လိမ့်မည်တကား။

အရွယ် ဆယ် ပါး ပိုင်းခြားထားတဲ့အနက် မသိတတ်သေးတဲ့ မန္ဒ- ဒသက အရွယ်။ ခိဍ္ဍာ-ဒသက အရွယ်ကို လွန်မြောက် ပြီး တော့ အသက် နှစ်ဆယ်၊ နှစ်ဆယ်ကကျော်တဲ့အရွယ် ရောက် တဲ့ အ ခါ မှာ အရေအသား ပြည့်ဖြိုး တင့်တယ်ရှုချင်စဘွယ်ဖြစ်လျက် အလွန်လှပတဲ့အဘျယ်မျိုး ဖြစ်လေ တော့' ၎င်းအရွယ်ကို ဝဏ္ဏ-ဒသက အရွယ်လို့ ပိုင်းခြား ပြထားပေတယ်။

အဲဒီ ဝဏ္ဏ-ဒသကအရွယ် ရောက် တဲ့ အ ခါ မှာ အရွယ်ကလဲ လှပ တင့်တယ်တဲ့အရွယ် ဖြစ်တဲ့အပြင် အ တိတ် ကံ က လဲ "ရူပဝိလာသကံ"မျိုး ပါလာမယ်ဆိုရင်တော့ မြင်သူတိုင်း ရှုမဝအောင် အလှဆုံး လှကြပေလိမ့် မယ်။ အများဆိုးကြွားဘူးနေကြတဲ့ အချိုးသမီးဥမ္မာဒန္တီတို့လိုပေါ့။အဲဒီလို

ခေတ်—၂၅

အလှဂုဏ်ကြွယ်တဲ့အခါမျိုးမှာ အလှမာန်တက်ပြီးတော့ တသက်လုံး လှနေတော့မဲ့အနေနဲ့ တဖက်သားကိုပင် အလေးမမူ အရေး မ ယူ ကြဘဲ တရား လက်လွှတ် ငှက်တောင်ကျွတ်ဖြစ်ပြီးတော့ ကာမဂုဏ်ထဲမှာသာ စိတ်ထားပြီး ခပ်ကြွားကြွားနေတတ်ကြပေတယ်။

ဤကဲ့သို့ အလှဂုဏ်ကြွားပြီး ဇရာတရားကိုသတိမရကြရင် "တဏှာမာန-ဒိဋ္ဌိ"ဆိုတဲ့ ပပဉ္စတရားက နှိပ်စက်ပြီး သံသရာနယ်ကြီးက လွှတ်နိုင်ဘို့ ခဲယဉ်းကြလိမ့်မယ်။ ထို့ကြောင့် ပျိုမြစ်နုနယ် အလှကြွယ်တဲ့ အရွယ်ကောင်းခြင်း ဆိုတာဟာ နောက်ဆုံး အိုမင်းရခြင်းဆိုတဲ့ ဇရာလမ်းမှာ အဆုံးသတ်ရမယ်လို့ သတိရကြလေအောင် ဆရာ့-ဆရာများ သတိပေးခဲ့တဲ့ သံဝေဂ-ပထမလင်္ကာကို လိုက်ပြီးရွတ်ဆိုကာ သတိပြုကြပါ။

(၁) နုနယ်ရုပ်ဆင်း ပျိုမြစ်ခြင်းကား အိုခြင်းနောက်ဆုံးရှိချေ၏။

အဲဒီ သံဝေဂ လင်္ကာအတိုင်း အရွယ်ကောင်းတုန်း ပျိုမြစ်နုနယ် အလှကြွယ်တဲ့အခြင်းအရာဟာ နောက်ဆုံးတော့ ဆံဖြူခြင်း၊ သွားကျိုးခြင်း၊ မျက်စိသီခြင်း၊ နားထိုင်းခြင်း၊ ခါးကိုင်းခြင်း၊ အကြောပြိုင်းပြိုင်းထခြင်း၊ အရေအသားတွန့်လိပ်ခြင်း အစရှိတဲ့ ဇရာတရား နှိပ်စက်ခြင်းကို မုချ ခံရလိမ့်မယ်ဟူ၍ သတိသံဝေဂ ယူကြပြီးလျှင် အိုခြင်းကင်းရာ ဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကြီးကို ရအောင်ကြိုးစားကြပါလို့ တိုက်တွန်းခဲ့ပါတယ်။

ဒီနေရာမှာ အလှမာန်ယစ်ပြီးတော့ မြတ်စွာဘုရားကိုပင်အာခံနေခဲ့ဘူးတဲ့ ခေမာမိဖုရား၏ အတ္တုပ္ပတ္တိ က လေး ကို တင် ပြ ရ သေး တာ ပေါ့။ ရာဇဂြိုဟ်ပြည်ရှင် ဘုရင်ဗိမ္ဗိသာရမင်းရဲ့ "ခေမာဒေဝီ"ခေါ်တဲ့ မိဖုရားဟာ အရွယ်ကလေးက ကောင်းတုန်းအခါ ဝဏ္ဏဒသက အရွယ်လောက်မှာပေါ့လေ၊ သူ့ရဲ့အတိတ်ကံကလဲ အဆင်းလှဘို့ အကြောင်းပြည့်စုံလာတော့-တူသူမရှိအောင် အလွန် လှပ တင့်တယ်တဲ့အဆင်းနဲ့ ပြည့်စုံသတဲ့။ ကြားသမျှမြင်သမျှ လူအပေါင်းတို့ကလဲ ခေမာမိဖုယားရဲ့ လှပတဲ့ အဆင်းဂုဏ်ကို ချီးကျူးမကုန်အောင် မြှောက်ပင့်ပေးကြတော့- အဆင်းမာန်တက်ကြွပြီး မိမိကိုယ်ကိုသာ တသသ လှသထက်-လှအောင် ပြုပြင်ပြီး အမွှမ်းတင်ကာ နေ့ရက်တွေဖြုန်းလို့မို့ တပြုံးပြုံးတရွှင်ရွှင်နဲ့နေတာက များနေတာပေါ့လေ။

ဗိမ္ဗိသာရမင်းကြီးကလဲ ရဟန္တာသုံးပါးဆည်းကပ်တဲ့ဘုရားကျောင်း ဒါယကာ တရားဝါသနာပါတဲ့အတိုင်း ခေမာဒေဝီကို ဘုရားထံသွားပြီး တရားနာစေချင်တဲ့အတွက် အနည်းနည်းတိုက်တွန်းပါသော်လဲ တိုက်တွန်းလို့ မရအောင် ဖြစ်နေသတဲ့။ ရောဂါတက်တုန်း ဆေးပေးလို့ မရအောင် ဖြစ်နေတာပေါ့လေ။

တိုက်တွန်း လို့မရတဲ့ အချက်ကတော့ ခေမာမိဖုရား သဘောက-အဆင်းလှပ-ရူပကာယ တင့်တယ်တာကို နှစ်သက် စွဲလမ်းနေတဲ့ သဘော ရှိတယ်။ မြတ်စွာဘုရားဟာ အဆင်းလှတာကို ရှုတ်ချပြီး အပြစ်ပြောလေ့ ရှိတယ်လို့ ကြားဘူးနေတော့ သဘာဝချင်း မတိုက်ဆိုင်တော့ဘူးပေါ့။ ဒါ့ကြောင့် မြတ်စွာဘုရားထံ ဆည်းကပ်ပြီး ဘုရားရှင်ကိုဖူးဘို့၊ တရားနာသွားဘို့ ခဲယဉ်းနေတာဖြစ်တော့ ဗိမ္ဗိသာရမင်းကြီးဘဲ တိုက်တွန်းလို့မရနိုင်တော့ဘူးပေါ့။

တဿာဟံ သုပ္ပိယာ အာသိံ၊
ရူပကေ လာယနေ ရတာ။
ရူပါနံ ဒေါသဝါဒီတိ၊
န ဥပေသိံ မဟာဒယံ။

အဟံ၊ ငါသည်။ တဿ၊ ထိုဗိမ္ဗိသာရမင်း၏။ သုပ္ပိယာ၊ မြတ်နိုးကြည်သာ အလွန် ချစ်စွာသော မိဖုရားသည်။ အာသိံ၊ ဖြစ်ခဲ့လေပြီ။ ရူပကေလာယနေ၊ အဆင်းပြည့်စုံ ရူပါရုံ၌ ခိုလှုံအားကိုး မြတ်နိုးတွယ်တာခြင်း၌။ ရတာ၊ မွေ့လျော်ပျော်ပါး၍ အမျှားချည်း စွဲမက်ကာ နေခဲ့၏။ ဘဂဝါ၊မြတ်စွာဘုရားသည်။ ရူပါနံ၊အဆင်းလှပုံရူပါရုံတို့၏။ ဒေါသဝါဒီ၊ ရှုတ်ချမြွက်ဟော အပြစ်သဘော ကိုသာ ပြောလေ့ရှိ၏။ ဣတိ၊ ဤသို့ ကွေးတော သဘောချင်းမတူဟု အယူတမျိုးရှိခဲ့သည်ဖြစ်၍။ မဟာဒယံ၊ မဟာကရုဏာတော်သခင် ဘုရားရှင်ကို။ နဥပေသိံ၊ ဆည်းကပ်ဝပ်တွား ခစားခြင်း မပြုလေပြီ။

အဲဒီ ဂါထာက ခေမာ မိဖုရား၏ သဘောကို ထုတ်ပြောတဲ့ ဂါထာပေါ့။ ခေမာမိဖုရားကတော့ အဆင်းလှတာကို တပ်မက်ပြီးနှစ်သက် မွေ့လျော်၍ နေတယ်။ ဘုရားရှင်ကတော့ အဆင်းလှတာကို အသစ်ထွင်ပြီး အပြစ်တင်၍ ဟောပြောတယ်လို့ သဘောရတော့ ဘုရားထံ ချဉ်းကပ်ဘို့ အလိုမရှိဘူးပေါ့။

ထိုအခါ ဗိမ္ဗိသာရ မင်းကြီးက ပရိယာယ်တပါး ပြုပြီးတော့ အသံကောင်း, အာသံအဆို ကောင်းတဲ့ ကချေသည်, ဂီတသမား တွေကို ခေါ်ပြီးလျှင် မြတ်စွာဘုရား သီတင်းသုံးရာဖြစ်တဲ့ ဝေဠုဝန်ကျောင်းတော်ကြီးနှင့်တကွ ဝေဠုဝန် ဥယျာဉ်တော်ကြီးရဲ့ သာယာကြည်နူး အထူး တင့်တယ်ပုံ အဆန်းတကြယ်ရှိပုံ ရှုမြင်အံ့အဲလို့ မဒရောင့်ရဲနိုင်ပုံတွေကို ဖွဲ့နွဲ့ သီကုံးလို့ ရွတ်ဆိုသီပြ ချီးမွမ်းကြဖို့ ခိုင်းစေလိုက်တယ်။

ခိုင်းစေတဲ့အတိုင်း သဘင်သမားတွေကလဲ ကဏ္ဏသုခ ဟဒယ ရှင်ကြည် မနသိနှလုံးထဲမှာ အစွဲကြီးစွဲလောက်အောင် ဖွဲ့နွဲ့သီဆိုသို့ နားဝင်ချိုအောင် တီးမှုတ်ပြကြတဲ့ အခါကျတော့ ခေမာမိဖုရားလဲ ဝေဠုဝန် ဥယျာဉ်တော်ကြီးနှင့်တကွ ဘုရားကျောင်းတော်ကြီးသို့သွားပြီး ကြည့်ချင်, ရှုချင် လယ်ပတ်ချင်တဲ့အာသာဆန္ဒ ဖြစ်ပေါ်ပြီးလာသတဲ့။ အာသာရှိတဲ့ အတိုင်းဘဲ ဗိမ္ဗိသာရ မင်းကြီးထံ လျှောက်ထား၊ မင်းကြီးကလဲ ဒီလို ဆန္ဒမျိုး ဖြစ်ပေါ်လာအောင် အကြံထုတ်ပြီး စီမံထားတာ ဖြစ်တဲ့အတိုင်း ကိုယ့်သဘောနဲ့တိုက်ဆိုင်တဲ့ဘက်ကိုရောက်လာတော့ကာ လိုလားစွာအခြွေ အရံတွေနဲ့ ပျော်ပျော်ပါးပါးချည်း သွားကြပေတော့လို့ ဝမ်းမြောက်စွာ အပို့ခိုင်းလိုက်တော့၏။

ခေမာမိဖုရား ကျောင်းတော်ရောက်သွားတော့ ထောင်ချောက်ထဲ ရောက်သွားတဲ့ငှက်လိုပေါ့။ ပြန်ထွက်ဘို့အပေါက် မရတော့ဘူး။ မင်းချင်း ယောကျ်ားတွေကလဲ ပြန်ချင်ပေတဲ့ မပြန်နိုင်အောင် ဆွဲဆောင်ပြီးထား ကြတယ်။ နောက်ဆုံးတော့ မြတ်စွာဘုရားထံ အရောက်ပို့ကြတာပေါ့။

ဗုဒ္ဓရှင်တော်ဘုရားကလဲ ခေမာမိဖုရား မိမိထံ ဆည်းကပ် လာတာ မြင်တော့ ခေမာမိဖုရားထက် ပိုပိုတင့်တယ်အလှကြွယ်တဲ့ သတို့သမီးငယ် တယောက်ကို ဖန်ဆင်းပြီးတော့ မိမိထံပါးမှာ ယပ်လေခပ်လျက် ခစား နေတာကို သရုပ်ဆောင်ပြီး ပြထားတော်မူတယ်။

ထိုသတို့သမီးငယ်ကို ခေမာမိဖုရားမြင်တဲ့အခါ အော် .... မြတ်စွာ ဘုရားထံ ဆည်းကပ်နေတဲ့ သတို့သမီးဟာ အသွင်မှုယာ လွန်စွာလှပ နတ်မယ်မျှ မကသော အဆင်ထူးဖြင့် မမြင်ဘူးအောင် တင့်တယ်လှပါ ကလား။ ဤသတို့သမီးနဲ့နှိုင်းစာလျှင် ငါ့ရဲ့လှပတဲ့အဆင်းအင်္ဂါဟာ သူ၏ အလုပ်အကျွေး တမျှသာ ဖြစ်နေပါပကောလို့ တစိမ့်စိမ့် တွေးတောပြီး ၎င်းသတို့သမီးကလေး ကိုသာ အာရုံတိုက်ရိုက် စူးစိုက်ပြီး ကြည့်နေသတဲ့။

ဗုဒ္ဓ ရှင်တော် ဘုရား ကလဲ နိမ္မိတ သတို့သမီး ကလေး၏ အသွင် အပြင်ကို ကြည့်ရှုနေရင်းပင် ပထမအရွယ်က တရွေ့ရွေ့ပြောင်းပြီး မဇ္ဈိမ အရွယ်သို့ ရောက်အောင်၊ မဇ္ဈိမ အရွယ်က တဆင့် ပြောင်းပြီး ပစ္ဆိမ အရွယ်လောက် ရောက်အောင် ဆွဲဆောင် ဖန်ဆင်းပြီးလျှင် နောက်ဆုံး ဆံဖြူသွားကျိုး အိုဆိုးသော ရုပ်ရေအသွင်ဖြင့် အားအင်ချိနဲ့ တကယ့်ဇရာ အထိ ဗျာဓိပါနှိပ်စက်ပြီး ယပ်ခပ်လျက်နေဆဲမှာ ဘုံးကနဲလဲကျသွားတဲ့ဆီ အထိ ဖန်ဆင်းဆွဲဆောင်ကာ သရုပ်ပေါ်အောင် ပြသဆုံးမတော် မူလိုက် သတဲ့။

အဲဤကဲ့သို့ရှင်တော်ဘုရားဖန်ဆင်းဆွဲဆောင်ပြီးသရုပ်ပေါ်အောင် ပြလိုက်တဲ့ နိမ္မိတသူငယ်မကလေးရဲ့ဖြစ်ပုံကို အလုံးစုံအစအဆုံး မြင်လိုက်ရ တွေ့လိုက်ရတော့ ခေမာမိဖုရား သတိသံဝေဂကြီးစွာရသွားပုံက ...

> တတော ခေမာ ကတာဓိကာရတ္တာ ဧဝံ စိန္တေသိ၊ ဧဝံဝိဓမ္ပိ
>
> သရီရံ ဤဒိသံ ဝိပတ္တိံ ပါပုဏိ၊မယှမ္ပိ သရီရံ ဧဝံဂတိက-
>
> မေဝ ဘဝိဿတီတိ။

တတော၊ ထိုသတို့သမီးကလေး ဖြစ်ပုံကို တွေ့မြင်သိရသော အခါ ကျတော့မှ။ ခေမာ၊ ခေမာဒေဝီ မဟေသီမိဖုရားသည်။ ကတာဓိကာရတ္တာ၊ ပြုလုပ်ဆည်းပူး အထူး အားထုတ် ခဲ့တဲ့ ပါရမီကံ စိမ့်ပြည့်စုံ ပြီးလေ သောကြောင့်။ဧဝံ၊ဤသို့။ စိန္တေသိ၊တွေးတောကြံဆမိလေပြီ။ ကိံ စိန္တေသိ၊ ဘယ်လိုကြံဆမိပါသနည်းဟူမူကား။ ဧဝံဝိဓမ္ပိသရီရံ၊ ငါတို့ထက်ငယ် အလှ ကြွယ်လျက် နုတ်မယ်တမျှ အလွန်လှပသော သဘောရှိသော အမျိုးသမီး ကလေး၏ ခန္ဓာကိုယ် သည်လည်း။ ဤဒိသံဝိပတ္တိံ၊ ကြည့်ရှုရင်း-မြင်ရင်း ချွတ်ယွင်းပြောင်းလွဲမမြဲသောဖောက်ပြန်ခြင်းသို့။ ပါပုဏိ ရောက်ရလေ၏။ မယှမ္ပိသရီရံ၊ သူ့လောက်အသွင် အဆင်မလှ အောက်တန်းမျှဖြစ်သော ငါ၏ ခန္ဓာကိုယ်သည်လည်း။ ဧဝံဂတိကမေဝ၊ သူ့လိုတမူ အမူမကွဲ ပြောင်းလဲ ဖောက်ပြန်ရမြဲ သဘောရှိသည် သာလျှင်။ ဘဝိဿတိ၊ ဖြစ်ရပေလိမ့် သတည်း။ ဣတိ၊ဤသို့။ စိန္တေသိ၊အမြင်မှန်ကျ သံဝေရ၍ တွေးဆကြံစည် မိလေပြီ။

အဲတာလိုခေမာမိဖုရား သတိသံဝေဂတရား ကောင်းစွာရသွားတဲ့ သဘောကို ရှင်တော်ဘုရားသိတော်မူတော့ အဇ္ဈာသယအလိုက် စရိုက်နှင့် လျော်တဲ့တရားတော်ကို ဟောကြားဆုံးမတော်မူလိုက်၏။

ခေမာဒေဝီ မဟေသီမိဖုရားလဲ မြတ်စွာဘုရား တရားဟောတော်မူသည်၏အဆုံးမှာ ရှင်ပြုံးစွာသောတာပန်အဖြစ်ကိုရပြီး နန်းတော်ကြီးသို့ ပြန်သွားပြီး မင်းတြား ကြီးထံ အခွင့် တောင်းပြီးလျှင် ကျောင်း တော် အပြင်သင်္ချမ်း၌ ရဟန်း အဖြစ်ကို အရ ယူပြီး သည် နောက် အထက်တန်း ရောက်အောင် မြင့်မောက်ပြီး အရဟတ္တဖိုလ်ရောက် ချမ်းသာသွားရတဲ့ အပြင် ပညာဉာဏ် ကြီးတဲ့ အရာမှာ ချီးကျူး မြှောက်စားခြင်း ခံရတဲ့ ဧတဒဂ်ရ ခေမာထေရီဆိုတဲ့ အမည်နဲ့ ထင်ရှားတဲ့ အဖြစ်သို့ ရောက်သွား ပါသတဲ့။

အဲတာလိုအမြင်မှန်ရပြီးတဲ့အခါကျတော့မှ မိမိမှားယွင်းခဲ့တဲ့ အယူအဆနှင့်တကွ နုနယ်ပျိုမြစ် အဆင်းမာန်ယစ်ခဲ့တဲ့ အမှားတရားတွေကို ဘုရားအား လျှောက်ထားပြီး တောင်းပန်ဝန်ချလိုက်ပါတယ်တဲ့။

မဟာဟိတံ ဝရဒံ၊
အဟိတောတိ ဝိသင်္ကိတာ။
နောပေသိ ရူပနိရတာ၊
ဒေသယာမိ တမစ္စယံ။

ရူပနိရတာ၊ ပျိုမြစ်နုနယ် အရွယ်ကျစ်လစ် ထိုအဖြစ်က အဆင်း မာန်ယစ်ခဲ့သောတပည့်တော်မသည်။အဟိတောတိဝိသင်္ကိတာ၊ဘုရားထံပါး အရောက်သွားလည်း အလကားသာဖြစ်ဘိ အကျိုးမရှိဟု မှတ်ထင်ခဲ့သည် ဖြစ်၍။ မဟာဟိတံ၊ အကျိုးတရားကို မြှောက်မြားစွာ ဆောင်တော် မူတတ်သော။ ဝရဒံ၊ အစစ်အမှန် မြတ်နိဗ္ဗာန်ကို ဧကန် ပေးတော်မူ တတ်သော ရှင်တော်မြတ်အထံသို့။ နောပေသိံ၊ မဆည်းကပ်မိခဲ့ပါဘုရား။ တံအစ္စယံ၊ အလွဲလွဲဖြစ် တပည့်တော်မ၏ ထိုအပြစ်ကို။ ဒေသယာမိ၊ဖွင့်ဟ မြွက်ကြားလို့လျှောက်ထားတောင်းပန်လိုက်ပါတော့သည် မြတ်စွာဘုရား။

အဲဒါလို ခေမာဒေဝီ မဟေသီ မိဖုရားရဲ့ အမြင်မှန်မရတဲ့ အခါ တုန်းက လှပတင့်တယ်ရှုချင်ဘွယ်ဖြစ်တဲ့ အဆင်းဓာတ်ရူပါရုံကိုသာ အာရုံ

ပြုပြီးတော့ အဆင်းမာန်ယစ်ပြီး နေခဲ့ပုံ အခြင်းအရာ၊ အရွယ်ကောင်းစ ကျော်တဲ့ရုပကာယဟာ နောက်ဆုံးတော့ အိုရခြင်းဇရာသဘောသို့ ရွေ့လျော ရမယ်ဆိုတဲ့ အခြင်းမှန်ရာ၊ သဘာဝသံဝေဂရာများကို ပုံစံနမူနာထားပြီးတော့ "နုနယ်ရုပ်ဆင်း ပျိုမြစ်ခြင်းကား အိုမင်းနောက်ဆုံး ရှိချေ၏" ဟူသော သံဝေဂလင်္ကာလေးကိုရွတ်ဆိုပွားများပြီးတော့ သံဝေဂဉာဏ်အမြင်ဖြင့် ဆင်ခြင်ပွားများကြပါလို့ တိုက်တွန်းခဲ့ပါတယ်။

ဒုတိယသံဝေဂတရားကို အာရုံပြုကြဦးစို့။

(၂) ဟာ ဝိနာသာ ပဟဒ္ဒနာ၊

မဟဒ္ဒနာ၊ဥစ္စာဆင်မြင်း ပေါများခြင်းတို့သည်ကား။ ဟာဝိနာသာ၊ ဥစ္စာကလဲရှောင်တန်ရှောင် မိမိကလဲပစ်တန်ပစ် စင်စစ်မှာ ရမ္မက်မကြီး ကြနဲ့တော့ အော်.... ပျက်စီးရခြင်းသာ နောက်ဆုံး ဖြစ်ကုန်လိမ့်မည် တကား။

ရွှေ,ငွေ,ဘဏ္ဍာ ဥစ္စာရတနာတွေ ပေါများတဲ့သူတွေ၊ ဆင်,မြင်း ကျွဲ,နွား,စပါးဆန်ရေ ပေါများတဲ့သူတွေ၊ အဲဒီ သူတွေဟာ မိမိမှာရှိတဲ့ ဥစ္စာပဘန်ယစ်ပြီးတော့ အမှတ်တမဲ့နေကြမယ်ဆိုရင် သတိသံဝေဂ မရတာ ဖြစ်တော့ ကိုယ့်ဥစ္စာတွေနဲ့ကိုယ်နဲ့ ထာဝရအမြဲဘဲ အတူနေကြလိမ့်မယ်လို့ ထင်နေကြမှာပေါ့။

ပစ္စည်းနဲ့ပစ္စည်းရှင်ဆိုတာက ပစ္စည်းကအရင် ပျောက်ပျက်ကုန်ဆုံး ပြီးတော့ ခွဲရင်ခွဲသွားလိမ့်မယ်။ ပစ္စည်းမကုန်ပေတဲ့ ပစ္စည်းရှင်က သေကြေ ပျက်စီးပြီ ဆိုတော့ ခွဲရင်ခွဲသွားလိမ့်မယ်။ တာ့ကြောင့် ပစ္စည်းဥစ္စာ ကြွယ်ဝ ချမ်းသာခြင်းဆိုတာဟာလဲ ပျောက်ပျက်ကုန်ဆုံးရခြင်းနဲ့ နောက်ဆုံးတွေ့ရ မယ်လို့ ဒေသနာက သတိပေးခဲ့ပါတယ်။

မြတ်စွာဘုရား ကျောင်းဒါယကာ အနာထပိဏ် သူဌေးကြီးကို ကြည့်ပါလား။ တနေ့တနေ့ သူ့အိမ်မှာ ဘုရားအမှူး ရှိတဲ့ သံဃာတော် တထောင် တထောင် ဆွမ်းလုပ်ကျွေးနိုင်အောင် ချမ်းသာတယ်။ ၅၅- ကုဋေ ကုန်အောင် ဘုရားကျောင်းတော်ကြီးကို ဆောက်လုပ် နိုင်အောင် ချမ်းသာတယ်။ အဲဒါလောက် ချမ်းသာပေဘဲ့ နောက်ဆုံး ပစ္စည်းကုန်ပြီး ဆင်းရဲတဲ့ဘဝ ရောက်သွားသေးသတဲ့။

အဲဒါလို ပျက်စီးရမဲ့သဘောက မလွန်ဆန်နိုင်တော့ ပစ္စည်းရှိပေတဲ့ ပစ္စည်းမာန် တက်ပြီး သတိ လွတ်ကင်းစွာ မနေကြ နဲ့လို့ သတိ ပေးသော အားဖြင့် ရှေးဆရာ-ဆရာများ သတိပေးထားတဲ့ သံဝေဂလင်္ကာကိုလိုက်ဆို ကြပါ။

(၂) ဥစ္စာဆင်,မြင်း ပေါများ ခြင်းကား ကွေကွင်း နောက်ဆုံး ရှိချေ၏။

အဲဒီသံဝေဂလင်္ကာကလေးကို နှုတ်တက်အရကျက်ပြီး ရွတ်ဆိုကာ သံဝေဂဉာဏ် ဖြစ်ကြပါစေ။

တတိယသံဝေဂတပါးကို အာရုံပြုကြဦးစို့။

(၃) ဟာ သံယောဂါ ဝိယောဂန္တာ။

သံယောဂါ၊ ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်း တို့ သည် ကား။ ဟာဝိယောဂန္တာ၊ ရှင်ကွဲသေကွဲ ထိုနှစ်ကွဲဖြင့် မလွဲပင်အခြေယွင်းကြပြီး ကွေကွင်းရခြင်းသာ နောက်ဆုံးတွေ့ကြလိမ့်မည်တကား။

ဆရာနဲ့တပည့်၊ အမိနှင့် အဘ၊ လင်နဲ့မယား၊ သားနဲ့အမိ၊ မောင်နဲ့ နှမ စသည်ဖြင့် ချစ်ခင်စွာ ပေါင်းသင်း ဆက်ဆံနေကြတဲ့ ကိစ္စမှာ သတိ သံဝေဂ မယူတတ်ကြလျှင် ကမ္ဘာချင့်အောင် အတူနေရမဲ့အနေ မှတ်ထင် ကြလိမ့်မယ်။ နာနာဘာဝ ဝိနာဘာဝ သဘောတရားနဲ့ မကင်းကြတာ ဖြစ်တော့ တရပ်တပါးသို့ ပြောင်းသွားဖဲ့ခွာပြီး နေကြရတဲ့အခါမှာ မသေ ခင် ကွဲကြရတဲ့ နာနာဘာဝ ရှင်ကွဲ ကွဲခြင်းပေါ့။ တဦးဦးကအရင်သေသွား ကြရင်တော့ ဝိနာဘာဝခေါ်တဲ့ သေကွဲ ကွဲခြင်းမျိုးပေါ့။ ဒီလိုသေကွဲကွဲရ မယ်ဆိုတာလဲ သတိဉာဏ်နဲ့ မဆင်ခြင်ကြရင် ကွဲဘို့လမ်းကို မထင်မြင်ကြ ပေဘူး။

အဲဒါလို ခွဲခွာကွေကွင်းကြရမဲ့သဘောကို နောက်ဆုံး တွေ့ကြရမှာ ဖြစ်လို့ အမှတ်တမဲ့ သတိ သံဝေ ဂ မယူကြမှာစိုးလို့ ဆရာ့ - ဆရာများ မိန့်ကြားခဲ့တဲ့ သံဝေဂလင်္ကာကိုရွတ်ဆိုပြီး သံဝေဂ ယူကြပေအုံးတော့။

(၃) ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်းကား ကွေကွင်းနောက်ဆုံး ရှိချေ၏။

ဤသံဝေဂသဘောအတိုင်း တဦးနဲ့တဦးမကွေကွင်းကြသေးမီ သတိဉာဏ်နဲ့ ခွဲကြရမဲ့သဘောကို စဉ်းစားကြပြီးတော့ တဦးနဲ့ တဦး ကလျာဏမိတ္တအနေ သဘောထားကြပြီးလျှင် ကောင်းမှုတရားဘက်က တိုးပွားအောင် သတိပေးကြ စောင့်ရှောက်ကြဘို့ သတိပေးခဲ့ရပါတယ်။

စတုတ္ထသံဝေဂသဘောကို အာရုံပြုကြဦးစို့။

(၄) ဟာ မတန္တာ သဇီဝကာ။

သဇီဝကာ၊ဝိညာဉ်ထင်လင်းသက်ရှင်ခြင်းတို့သည်ကား။ဟာမတန္တာ၊ စုတေပြောင်းကြွ သေကြရခြင်းသာ နောက်ဆုံးတွေ့ကြရလိမ့်မည်တကား။ မိမိရှေ့မှာ ဘယ်နှလောင်းဘဲထပ်သေနေစေကာမူ မိမိကိုယ်ကိုတော့ သေကြရလိမ့်မယ်လို့ တယ်မထင်ကြဘူး။ ဒါဘာ့ကြောင့်လဲဆိုတော့ သေရမဲ့ သေခြင်းတရားကို ဉာဏ်ဖြင့် ထင်အောင်မရှုလို့ မဆင်ခြင်လို့ ဖြစ်ကြရပေတယ်။ အသက်ဝိညာဉ် ထင်ရှားရှိနေတဲ့ပုဂ္ဂိုလ်မှန်သမျှ နောက်ဆုံး သေကြရမယ်ဆိုတဲ့သဘောကိုတော့ ပုံစံတွေပြနေဘို့မလိုပါဘူး။ နို့ပေမဲ့ နေ့မြင်ညပျောက်သဘောကိုထပ်ပြီး သတိပေးရအုံးမယ်။

သာယ မေကေ န ဒိဿန္တိ၊
ပါတော ဒိဋ္ဌာ ဗဟူ ဇနာ။
ပါတော ဧကေ န ဒိဿန္တိ၊
သာယံ ဒိဋ္ဌာ ဗဟူ ဇနာ။

ပါတော၊နံနက်အခါ၌။ ဗဟူဇနာ၊ဆွေရင်းညာတကာ မိတ်သဟာ အစားစား အမြောက်အမြား သော သူတို့ကို။ ဒိဋ္ဌာ၊ ရင်ဆိုင်ပျော်မွေ့ မြင်တွေ့ခဲ့ရကုန်သေး၏။ တေသု၊ နံနက်ကပင် တွေ့မြင်ခဲ့ရသောသူတို့တွင်။ ဧကေ၊ အချို့သောသူတို့ကို။ သာယံ၊ နေ့တာကုန်ခန်း ညချမ်းအခါ၌။ နဒိဿန္တိ၊ သေမင်းခေါ်ငင် သွားသည့်အင်ကြောင့် မတွေ့မမြင်ကြရကုန်။ သာယံ၊ နေရောင်မသန်း ညချမ်းအခါက။ ဗဟူဇနာ၊ ဆွေရင်းညာတကာ မိတ်သဟာအစားစား အမြောက်အမြား သော သူတို့ကို။ ဒိဋ္ဌာ၊ ရင်ဆိုင်ပျော်မွေ့ မြင်တွေ့ခဲ့ရကုန်သေး၏။ တေသု၊ ညချမ်းကပင် တွေ့မြင်ခဲ့ရသော သူတို့တွင်။ ဧကေ၊ ညကမြင်သူ အချို့သူတို့ကို။ ပါတော၊ နံနက်မိုးသောက် အလင်းရောက်သောအခါ၌။ နဒိဿန္တိ၊ သေမင်းခေါ်ငင် သွားသည့်အင်ကြောင့် မတွေ့မမြင်ကြရကုန်။

ဤဒေသနာတော်အတိုင်းဘဲ နံနက်ကတွေ့မြင်နေရပေမဲ့ ညကျတော့ ပျောက်ရင် ပျောက်သွားတတ်တယ်။ ညကတွေ့နေရပေမဲ့ နံနက်ကျတော့ မရှိချင် မရှိတော့ဘူး။ အဲဒါလို "နေ့မြင် ညပျောက် - ညမြင် နေ့ပျောက်" ဆိုတဲ့သဘောအတိုင်း သေခြင်းဆိုက်ရောက်မှုကို သတိ ကြပ်ကြပ်ပြုကြရမယ်။ သေရမယ်ဆိုတဲ့ အနိစ္စသဘောကို ထင်မြင်အောင် သတိသံဝေဂရဖို့ သံဝေဂလင်္ကာကို လိုက်ဆိုပြီး ဆင်ခြင်ကြပေတော့။

(၄) ဝိညာဉ်ထင်လင်း သက်ရှင်ခြင်းကား သေ ခြင်း နောက် ဆုံး ရှိချေ၏။

အဲဒီ သံဝေဂ လင်္ကာ အ တိုင်း သေရမယ် ဆိုတဲ့ မရဏာနုဿတိ ကမ္မဋ္ဌာန်းကို ထင်မြင်အောင်ရှုကြပြီးလျှင် မသေမီကာလက အားထားစရာ ဒါနသီလ ဘာဝနာတည်းဟူသောရိက္ခာကို ရအောင်ထုပ်ပိုး ယူဆောင်ကြပါလို့ တိုက်တွန်းခဲ့ရပါတယ်။

ပဉ္စမသံဝေဂတရားကို အာရုံပြုကြဦးစို့။

(၅) ဟာ ဥန္နတာ သြနတန္တာ။

ဥန္နတာ၊ တက်ကြွား ကြွကြွ မောက်လွန်းကြခြင်းတို့ သည်ကား။ ဟာသြနတန္တာ၊ မောက်သမျှမမြဲ ထောင်သမျှ လဲကြပြီးလျှင် အော် တနဲနဲ သို့ ရောက်ရပြီး အောက်ကျ-နောက်ကျ ဖြစ်ကြကုန်လိမ့်မည်တကား။

မောက်နေတဲ့အရာဝတ္ထုဟာ နိမ့်ကျသွားရမယ်။ ထောင်နေတဲ့အရာဝတ္ထုဟာ နောက်ဆုံး လဲကျသွားရမယ်ဆိုတဲ့ မလွဲနိုင်တဲ့သဘောကို မစဉ်းစားကြဘူးဆိုရင်တော့ အ ဆင့် အ တန်း မြင့် နေ တဲ့ အ ခိုက် အ တန့် မှာ ထောင်လွှားပြီး တက်ကြွတဲ့မာန်မာနကလေးတွေနဲ့ ကိုယ့်ကိုယ်ကို ဟုတ်လှပြီလို့ ထင်နေတတ်ကြတယ်။

မောက်ကြွနေရင် နောက်ဆုံးတော့ အောက်ကျ သွားလိမ့်မယ်လို့ သတိသံဝေဂ ရကြရမယ်။ ဒါမျိုးကို ရည်ရွယ်ပြီးတော့ - "မှန်ကင်းတလှဲ- ထင်းတလှဲ" ဆိုတဲ့ စကားပုံကို လူကြီးများ သုံး နှုန်း ပြော ဆို သွားကြတာပေါ့။ တန်ဆောင်းပြာသာဒ်ကြီးတွေမှာ အမွမ်းတင်ပြီး တပ်ဆင်ထားတဲ့ "ဒုယင်မှန်ကင်း"ဆိုတဲ့ အ ညွန့် အ ထွဋ်ကြီး တွေ ဟာ မြင့်မောက်အောင် ထောင်ကြွပြီး တပ်ဆင်ထားကြတယ် မဟုတ်ပါလား။ သို့ပေမဲ့ တိုက်ခိုက်စရာ တ ခု ခု ဖြင့် တွေ့ဆုံသည်ဖြစ်စေ၊ သို့မဟုတ် နှစ်လများ ရှည်ကြာလို့ ဟောင်းနွမ်း ရင့်ရော်လာတဲ့ အခါမှာဖြစ်စေ လဲပြိုပြီး တုံးလုံးကျကာ

မြေကြီးပေါ်မှာ ခ,ပြီးတော့ ထင်းဘဝ ရောက်ရတဲ့အဖြစ်ကို အများသိကြတဲ့အတိုင်း သံဝေဂရအောင် ဖော်ပြရခြင်း ဖြစ်ပါသည်။ ဒါ့ကြောင့်- "မှန်ကင်းတလှဲ-ထင်းတလှဲ" ထောင်ထောင်ကြွကြွ မြင့်မောက်တဲ့ မာန်မာန မရှိကြဘို့အတွက် သံဝေဂလင်္ကာကို ရွတ်ဆိုပြီး သတိပြုကြပေတော့။

(၅) တက်ကြွား ကြွကြွ မောက်လွန်းကလည်း အောက်ကျ နောက်ဆုံး ရှိချေ၏။

ဆင့်-သံဝေဂတရားကို အာရုံပြုကြဦးစို့ရဲ့။

(၆) ဟာ ပိယာ သောကအန္တကာ။

ပိယာ၊ ခုံမင်ခယ ချစ် လွန်း ကြ ကုန် မူ ကား။ သောကအန္တကာ၊ စိုးရိမ်ပူဆွေး ငိုကြွေးတမ်းတပြီး သောကနှင့်သာ နောက်ဆုံးတွေ့ကြလိမ့်မည်တကား။

အ ချစ် အား ကြီး တဲ့ သ ဘော ဟာ စိုး ရိမ် ခြင်း သော က ဖြစ် ဘို့ အကြောင်းဖြစ်ပါတယ်တဲ့။သည်နေရာမှာစဉ်းစားပြီးဆင်ခြင်ကြည့်ကြစမ်း၊ မိမိနဲ့မဆိုင်တဲ့သူတယောက် ကိုယ့်မျက်စိအောက်မှာတစုံတရာနစ်နာအောင်ဖြစ်တဲ့ ကိစ္စမျိုး တွေ့ကြုံတာကို မြင်ရတယ်ဆိုပါတော့- အဲဒီအခါမှာ မိမိသန္တာန်မှာ ဘာဖြစ်ဘွားမလဲ၊ ကိုယ်နဲ့မဆိုင် ကိုယ်ချစ်ခင်သူမဟုတ်တော့တယ်ပြီး မတုန်လှုပ်ဘူးပေါ့။ မိမိချစ်ခင်တဲ့သူသာ ခံရတဲ့ဘဝမျိုး သွားတွေ့ရရင်တော့ သောကရော - ဒေါသရော အမျိုးမျိုး ပိုနဲ့ပြီး ငိုပွဲကြီးရောက်အောင် စိုးရိမ်ကြတော့မှာပေါ့။ အဲဒါက အား လုံး လက် တွေ့ ဖြစ် နိုင် ပဲ့ ဓမ္မတာသဘောပါဘဲ။ အဲဒါလို စဉ်းစား ကြည့်လိုက်ရင် အချစ်ကြီးလေ သောကကြီးလေဆိုတာ ထင်ရှားတဲ့ပုံစံဖြစ်တာပေါ့။ထို့ကြောင့်"ပိယတော ဇာယာတေ သောကော"လို့လဲ ဘုရားရှင် ဟောခဲ့ပါတယ်။

ရှင်တော်ဘုရားလက်ထက်တော်က "ကိသာဂေါတမီ"ဆိုဘဲ့ ဒါယိကာမ ကြည့်ပါလား၊ သားကလေးအပေါ်မှာ အချစ်ဓာတ်က အလွန်အကဲအားကြီးတာဖြစ်တော့ - မိမိသား သေတာတောင် သူ့သား သေတယ်လို့မထင်ဘူး၊ အင်မတန် စိုးရိမ်ပူဆွေး ငိုကြွေးပြီးတော့ ကုလို ရစကောင်းတဲ့ဆေးဆရာလိုက်ရှာပြီး သောက အင်မတန် ရောက်နေရတယ်။ နောက်ဆုံးဘုရားရှင်နဲ့တွေ့တော့မှ သတိရပြီး သောက ပြေပျောက်ရသတဲ့။ဒါ့ကြောင့် သောက နည်းအောင် အချစ်ဓာတ်ကိုရှော့ပြီး သတိသံဝေဂ ယူကြဘို့ရာ သံဝေဂလင်္ကာကို လိုက်ပြီးရွတ်ဆိုကြ။

(၆) ခံ့မင်ခယ ချစ်လွန်းကလည်း သောကနောက်ဆုံးရှိချေ၏။ သတ္တမ-သံဝေဂ တရားကို အာရုံပြုကြဦးစို့။

(၇) ဟာ ထောမနာ ဝိနိန္ဒန္တာ။

ထောမနာ၊ ပွဲလယ်ပြင်ပ ချီးမွမ်း ကြခြင်း တို့သည်ကား။ ဟာ ဝိနိန္ဒန္တာ၊ အလိုမတူ အယူမမျှ စိတ်တိုင်းမကျတဲ့ အခါမှာ အော်... ရှုတ်ချ ကဲ့ရဲ့ခြင်းသာလျှင် နောက်ဆုံး တွေ့ကြကုန်လိမ့်မည်တကား။

ချီးမွမ်းခြင်း ကဲ့ရဲ့ခြင်းနှစ်မျိုးဟာလဲ ဒွန် တွဲ ပြီး နေ ကြ ပေ တယ်။ အလိုတူလို့ ကြည်ဖြူတဲ့အခါတော့ မြှောက်ကြပင့်ကြ ချီးမွမ်းကြတာပေါ့။ အလိုမတူလို့ မကြည်ဖြူတဲ့တခါကျတော့ ရှုတ်ချကဲ့ရဲ့ပြီး အကျိုးမဲ့အောင် ပြောတတ်ပြုတတ်ပါတယ်။ အဲဒါလဲလောကဓမ္မတာကြီးတခုဘဲ။ ဒါကြောင့် မြှောက်ဘိုင်းလဲမမြှောက်နဲ့၊ ချီးမွမ်းတိုင်းလဲ - ဝမ်းမသာနဲ့။ မြှောက်ပင့် ချီးမွမ်းခြင်းဆိုတာ ရှုတ်ချကဲ့ရဲ့ခြင်းသာအဆုံးရှိတယ်လို့ သတိသံဝေဂယူကြ ရမယ်။

ရှုတ်ချကဲ့ရဲ့တဲ့သဘောကို အညွှတ်စားပုဂ္ဂိုလ်တွေ ခံရတာက မပြောပ လောက်သေးပါဘူး။ အထွဋ်အထိပ် ရောက်တော်မူနေတဲ့ အရှင်ရေဝတ မထေရ်မြတ်ကို "ဒီကိုယ်တော်ကြီးဟာ.... စကား မ ပြော တုဏှိဘောနေတဲ့ ကိုယ်တော်ကြီးဘဲ"။ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးကိုတော့ "ဒီကိုယ် တော်ကြီးဟာ-တရားဟောလိုက်ရင် အဘိဓမ္မာတရားကိုချည်းဟောတယ်" အရှင်အာနန္ဒာကိုတော့...."ဒီကိုယ်တော်ဟာ စကားအလွန်နဲ့တဲ့ကိုယ်တော် ဘဲ" လို့ ကဲ့ရဲ့တတ်ဘဲ့ အတုလ ဒါယကာကြီးကို မြတ်စွာဘုရား ဆုံးမတော် မူရသေးတယ်လို့ ဓမ္မပဒ ဒေသနာတော်မှာ လာရှိပါတယ်။ ထို့ပြင်လဲ....

ဧဝံ နိန္ဒာ ပသံသာသု၊
န သမိဉ္ဇန္တိ ပဏ္ဍိတာ။

ဧဝံ၊ ဤသို့။ နိန္ဒာပသံသာသု၊ ကဲ့ရဲ့ခြင်း ချီးမွမ်းခြင်းတို့၌။ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ န သမိဉ္ဇန္တိ၊ မတုန်လှုပ်ကုန်။ အဲတာလို ဓမ္မပဒ-လကုဏ္ဍက ဘဒ္ဒိယထေရဝတ္ထုမှာ ဟောတဲ့ ဒေသနာတော်အရ ကဲ့ရဲ့ခြင်း-ချီးမွမ်းခြင်း နှစ်မျိုးကို သည်းခံနိုင်ရမယ်။ ဤကဲ့သို့ ချီးမွမ်းခြင်း-ကဲ့ရဲ့ခြင်း သဘောကို အသိဉာဏ်ဝင်ပြီးတော့ ခံနိုင်ရည်ရှိအောင်လို့ ဆရာ့-ဆရာများ ညွှန်ပြခဲ့တဲ့ သံဝေဂလင်္ကာကို ရွတ်ဆိုကာ သတိပြုကြပါစေ။

(၇) ပွဲလယ်ပြင်ပ ချီးမွမ်းကြလည်း "ရှုတ်ချနောက်ဆုံး ရှိချေ၏။ အဌမ-သံဝေဂတရားကို အာရုံပြုကြဦးစို့။

(၈) ဟာ ဒုက္ခာ သဗ္ဗသော သုခါ။

သဗ္ဗသောသုခါ၊ ကြည်သာရွှင်ပျ အလုံးစုံချမ်းသာကြခြင်းတို့သည် ကား။ ဟာဒုက္ခာ၊ မုချလုံးလုံး ဒုက္ခမှာဆုံးကြပါလိမ့်မည်တကား။

ချမ်းသာအစစ်ဆိုတဲ့ သန္တိသုခ ဆိုတာ နိဗ္ဗာန်ချမ်းသာကြီးသာ ဖြစ်ပေတယ်။ သံသရာတခွင်မှာ မျက်မြင်ခံစားနေကြရတဲ့ လောကီချမ်းသာ မျိုးဆိုတာက ချမ်းသာစစ်မဟုတ်ပေဘူး။ ချမ်းသာတု ချမ်းသာယောင်သာ ဖြစ်ပေတယ်။ အဲဒီ အတုအယောင်ဖြစ်တဲ့ လောကီချမ်းသာမျိုးဆိုတာက နောက်ဆုံး ဒုက္ခမှာချည်းဘဲ ဆုံးကြရမယ်လို့ သတိသံဝေဂရအောင် ညွှန်ပြ တဲ့ ဒေသနာဖြစ်ပေတယ်။

မြတ်စွာဘုရား သက်တော်ထင်ရှားရှိတော်မူစဉ်အခါက "မနသေဋ္ဌိ- သူဌေးသား"ဆိုတာဟာ လင်ယောကျ်ားဘက်ကလဲကုဋေရှစ်ဆယ်ချမ်းသာ တယ်၊ မယားဘက်ကလဲ ကုဋေရှစ်ဆယ်ချမ်းသာသတဲ့။ နှစ်ဦးပေါင်းလိုက် တော့ ကုဋေပေါင်း တရာ့ခြောက်ဆယ်ချမ်းသာတဲ့ သူဌေးကြီးပေါ့။ အဲဒါ လောက် ချမ်းသာသော်လဲ မိမိတို့နဲ့ မထိုက်တန် မခံစားထိုက်တော့ ကုဋေ ပေါင်းများစွာအကုန်မွဲပြီး ခွက်-လက်စွဲကာ တောင်းစားရတဲ့ ဘဝဒုက္ခမှာ အဆုံးသတ်သွားရတဲ့ပုံထုံးကို နှလုံးပြုကြပြီး သတိသံဝေဂ ယူကြပေတော့။

အဲဒီသံဝေဂမျိုး အသိဉာဏ်မပေါ်တဲ့သူများမှာတော့ အနည်းငယ် မျှသော စည်းစိမ်ကလေးနဲ့ပင် ဒုက္ခကိုမမြင် သုခဟု အစစ်ထင်ပြီး မေ့လျော့ နေတတ်ပေတယ်။ ထို့ကြောင့် သုခ-ဒုက္ခနှစ်ပါးတွဲပြီး သတိဉာဏ်စွဲကြစေလို တဲ့အတွက် ဆရာများဟောကြားသွားတဲ့ သံဝေဂလင်္ကာကလေးကို အရ ကျက်ပြီး နှုတ်တက်အောင် ပွားများကြစေလိုပါတယ်။

(၈) ကြည်သာရွှင်ပျ ချမ်းသာကြလည်း ဒုက္ခနောက်ဆုံးရှိချေ၏။

ကိုင်း - သီတင်းသီလ စောင့်ထိန်းနေကြတဲ့ အခါမှာ သီလသိက္ခာ ပုဒ်လဲ မကျိုးမပေါက်ရအောင်၊ ဘာဝနာကမ္မဋ္ဌာန်းလဲ ပွားများပြီးဖြစ်ကြ ရအောင် သဘိပေးခဲ့တဲ့ သံဝေဂ ရစရာတွေ ရှစ်မျိုးစလုံးပြည့်စုံကြပေပြီ။ အဆုံးသတ် နိဂုံးချုပ်အနေနဲ့ သံဝေဂလင်္ကာချုပ်ပုဒ်ကို ရွတ်ဆိုပြီး တရား အပြီးသတ်ကြစို့ရဲ့။

(၁) နုနယ်ရုပ်ဆင်း ပျိုမြစ်ခြင်းကား အိုခြင်းနောက်ဆုံးရှိချေ၏။
(၂) ဥစ္စာဆင်မြင်း ပေါများခြင်းကား ယိုယွင်းနောက်ဆုံး ရှိချေ၏။
(၃) ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်းကား ကွေကွင်းနောက်ဆုံး ရှိချေ၏။
(၄) ဝိညာဉ်ထင်လင်း သက်ရှင်ခြင်းကား သေခြင်းနောက်ဆုံး ရှိချေ၏။
(၅) တက်ကြွားကြွကြွ မောက်လွန်းကလည်း အောက်ကျ နောက်ဆုံး ရှိချေ၏။
(၆) ခုံမင်ခယ ချစ်လွန်းကလည်း သောကနောက်ဆုံး ရှိချေ၏။
(၇) ပွဲလယ်ပြင်ပ ချီးမွမ်းကြလည်း ရှုတ်ချနောက်ဆုံး ရှိချေ၏။
(၈) ကြည်သာရွှင်ပျ ချမ်းသာကြလည်း ဒုက္ခနောက်ဆုံးရှိချေ၏။

သာခု (၃)ကြိမ် ခေါ်ကြစေ။

**သံဝေဇနီယကထာ ပြီး၏။**

---

## နမော ဒေဝါတိဒေဝဿ ဇေယျတု
## (၄၉) ဗုဒ္ဓါနုဿတိ ဘာဝနာ

သီတင်းသီလ စောင့်ထိန်းကြတဲ့ အခါမှာ မိမိတို့ စောင့်ထိန်းတဲ့ သိက္ခာပုဒ်တော်ကျိုးပေါက်ပျောက်ကြားခြင်းမရှိစေဘဲ သန့်သန့်ရှင်းရှင်းနဲ့ လုံခြုံအောင် စောင့်ထိန်းဘို့ လိုကြပါတယ်။ လုံခြုံအောင် စောင့်ထိန်းနိုင်မှ သီလစောင့်ထိန်းရကျိုးနပ်ကြပါလိမ့်မယ်။

အဲဒီတော့ သိက္ခာပုဒ်တော်များ မကျိုးမပျက်အောင် ဘယ်လို စောင့်ထိန်းရမလဲ ဆိုရင် တနေ့တရက်အတွက် သားကိစ္စ - မယားကိစ္စ စီးပွားရေးကိစ္စ, နိုင်ငံရေးကိစ္စ, အစရှိတဲ့ လောကီရေးကိစ္စတွေကို မပြော မိအောင် စကားမစပ်မိအောင် သတိထားပြီး ရှောင်ကြဉ်ကြပါလို့ သတိ ပေးရပါတယ်။

သီလစောင့်ထိန်းနေတဲ့ တနေ့တရက်အတွက်မှာ တရားစကားကို ဆွေးနွေးနေကြသည်ဖြစ်စေ၊ ဘုရားဝတ်တက်ဝတ်ကပ် ပြုလုပ်နေကြသည် ဖြစ်စေ၊ တရားနာနေကြသည်ဖြစ်စေ၊ လက္ခဏာရေးသုံးပါးကို ဆင်ခြင် နေကြသည်ဖြစ်စေ၊ မိမိတို့စရိုက်နဲ့လျော်တဲ့ ကမ္မဋ္ဌာန်းတရားကို အားထုတ် နေကြသည်ဖြစ်စေ၊ ဘုရားဂုဏ်, တရားဂုဏ်, သံဃာတော်များရဲ့ ဂုဏ်တော် တွေကို အောက်မေ့ ဆင်ခြင်နေကြသည် ဖြစ်စေ၊ အဲဒါလို ကုသိုလ်နဲ့စပ်တဲ့ လုပ်ငန်းတွေကို ပြုလုပ်နေကြမယ် ဆိုရင် ဘယ်မှာ သီလ ပေါက်ကြားဘို့ ရှိတော့မှာလဲ။ ထို့ကြောင့် ယနေ့ အတွက်မှာ အကျိုးမရှိတာတွေကို ရှောင်ကြဉ်ကြပြီးတော့ အကျိုးရှိဘို့ တရားတွေကိုသာ အာရုံပြုကြပါ အားထုတ်ကြပါလို့ တိုက်တွန်းပါတယ်။

ယနေ့အဘို့မှာတော့ အကျိုးရှိတဲ့တရားတွေ အမျိုးမျိုးရှိတဲ့အနက် မြတ်စွာဘုရား ဂုဏ်တော်များကို အာရုံပြုကြပြီး "ဗုဒ္ဓါနုဿတိဘာဝနာ" ထဲမှာ စိတ်ဝင်စားလျက် ကြည်ညိုနှစ်သက်တဲ့ ပီတိတွေ တဖွားဖွား ပေါ်ပေါက်အောင် အာရုံပြုနေကြဘို့ နည်းလမ်းပြပြီး တိုက်တွန်း လိုပါတယ်။

ဘာဝနာနံအနုတ္တရံလို့မိန့်ဆိုတဲ့ဒေသနာတော်အတိုင်း "ဗုဒ္ဓါနုဿတိ ဘာဝနာ"ဟာ တပါးသော ဘာဝနာများထက် အမြတ်ဆုံး ဘာဝနာလဲ ဖြစ်ပါတယ်။ ဗုဒ္ဓါနုဿတိဘာဝနာကို အားထုတ်လို့ မဂ်ရောက်-ဖိုလ်ရောက် ခရီးပေါက်ဘဲ့ သာဓကတွေလဲ အမြောက်အမြား ရှိပါတယ်။ အမြောက် အမြားရှိတဲ့အထဲက မြတ်စွာဘုရား၏သဒ္ဒါရုံခေါ်တဲ့အသံတော်ကို ထိရောက် အောင် အာရုံပြုနိုင်တဲ့အတွက်အရိယာစခန်းသို့ ရောက်သွားတဲ့အသန္ဓိမိတ္တာ မိဖုရား အကြောင်းကို ယနေ့ ဟောပြပါမယ်။ အာရုံပြုပြီး နည်းယူကြ ပေတော့။

ဇမ္ဗူဒိပ်တကျွန်းလုံးမှာ ရေတွင်းပေါင်း ရှစ်သောင်း, လေးထောင် ရေကန်ပေါင်း ရှစ်သောင်း, လေးထောင် - စေတီပေါင်း ရှစ်သောင်း, သေးထောင် - ကျောင်းပေါင်း ရှစ်သောင်း, လေးထောင် များမြောင် လှစွာသော ပစ္စည်း ဝတ္ထုတွေ အကုန်အကျခံပြီးတော့ တူသူမရှိအောင် ပစ္စယာနုဂ္ဂဟဘက်က လှူဒါန်း အားထုတ်သွားတဲ့ သိရီဓမ္မာသောကမင်း ကြီးရဲ့ တောင်ညာစံ ဒေဝီ မဟေသီ မိဖုရားခေါင်ကြီးရဲ့ အမည်ဟာ "အသန္ဓိမိတ္တာ"လို့ ခေါ်ပါတယ်။

အဲဒီ အသန္ဓိမိတ္တာ မိဖုရားကြီးဟာ တနေ့သောအခါမှာ နန်းတော်တွင်း၌ သီတင်းသုံးတော် မူနေကြတဲ့ သံဃာတော် အရှင်မြတ်များ အထံချဉ်းကပ်ပြီးတော့ အရှင်မြတ်တို့ဘုရား - ဘုရားတပည့်တော်မတို့ ကိုးကွယ်ဆည်းကပ်ပြီးနေတဲ့ ဗုဒ္ဓရှင်တော်မြတ်ဘုရားဟာ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံတဲ့ အသံတော် ရှိကြောင်း-မြတ်စွာဘုရားရဲ့ အသံတော်ဟာ အလွန်သန့်ရှင်း သာယာ ချိုသာ နူးညံ့သော အသံတော် ဖြစ်ကြောင်းကို မကြာ မကြာ ကြားနာ ရပါတယ် ဘုရား။ မြတ်စွာဘုရား သခင်လဲ သက်တော် ထင်ရှား ရှိတာမဟုတ်တော့ ကိုယ်တော်တိုင်ရဲ့ အသံကိုတော့ကြားနာဘို့ မဖြစ်နိုင်တော့ပါဘုရား။ သို့ပါ သောကြောင့် မြတ်စွာ ဘုရား အသံတော်နဲ့ တစိတ်တဒေသ တူတဲ့အသံများ ရှိပါရဲ့လားဘုရားလို့ အသန္ဓိမိတ္တာ မိဖုရားကြီးက သံဃာတော်များအား လျှောက်ထားသတဲ့။

ဒီနေရာမှာ ကြားဖြတ်ပြီးတော့ အင်္ဂါရှစ်ပါးရှိတဲ့ မြတ်စွာဘုရားရဲ့ အသံတော်အကြောင်းကို နာယူကြပေအုံးတော့။ "ဗြဟ္မဿရော" ဗြဟ္မာမင်း၏အသံနှင့် တူသောအသံရှိတော်မူသော မြတ်စွာဘုရား ဆိုတဲ့ ဂုဏ်တော်အတိုင်း မြတ်စွာဘုရားရဲ့အသံတော်ကို "ဗြဟ္မဿရ"ဆိုတဲ့ ဂုဏ်တော်ပုဒ်နဲ့ ချီးကျူးတော်မူကြရပေတယ်။ သနင်္ကုမာရ ဗြဟ္မာအစရှိတဲ့ ဗြဟ္မာများရဲ့ အသံဟာအင်္ဂါရှစ်ပါးနဲ့ပြည့်စုံသတဲ့။ အင်္ဂါရှစ်ပါးရှိတဲ့အနက်....

(၁) ပထမ-ဝိဿဋ္ဌဆိုတဲ့ အင်္ဂါက-အသံနဲ့စပ်တဲ့ အရာမှာ အပြစ်လွတ်ကင်း ပြီးတော့ လေ, သလိပ်, သည်းခြေ, အစ ရှိတဲ့ နှောက်ရှက်စရာတွေ, အနှောက်အရှက်ကင်းလျက် သန့်သန့်ရှင်းရှင်း ဖြစ်ပေါ်တဲ့အသံဖြစ်ပါတယ်။

(၂) ဒုတိယ-ဝိညေယျ အင်္ဂါက - အနှောက်အရှက် လွှက်ကင်းတဲ့အတွက်ကြားရသူတို့အဘို့မှာသိလွယ်,နားလည်လွယ်တဲ့အသံ ဖြစ်ပါတယ်။

(၃) တတိယ-မဉ္ဇုဆိုတဲ့အင်္ဂါက-သာယာချိုမြိန်တဲ့ နူးညံ့တဲ့အသံ ဖြစ်ပါတယ်။

(၄) စတုတ္ထ-သဝနီယအင်္ဂါက - သာယာ နူးညံ့တဲ့ အသံ ဖြစ်တဲ့အတိုင်း နာပျော်ဘွယ်ရာဖြစ်တဲ့အသံ, နားချမ်းသာ ကဲ့အသံ ဖြစ်ပါတယ်။

(၅) ပဉ္စမ-ဗိန္ဒုဆိုတဲ့အင်္ဂါက-တော့တခဲနက်ပျံ့နှံ့ခြင်းမရှိမှု၍ လုံးပြီး ထွက်တဲ့အသံဖြစ်ပါတယ်။

(၆) ဆဋ္ဌမ-အဝိသာရီအင်္ဂါက - တခဲနက် လုံးပြီး ထွက်တဲ့ အသံ ဖြစ်တော့ ပျံ့နှံ့ခြင်း ဖရိုဖရဲကြဲခြင်း မဖြစ်တဲ့ အသံတော်ဖြစ် ပါတယ်။

(၇) သတ္တမ-ဂမ္ဘီရအင်္ဂါက-ပေါ့ပေါ့တန်တန် မဟုတ်မှု၍ အသံ ဖြစ်ရာ ချက်ကစပြီး ဖြစ်ပေါ်ခဲ့တဲ့ အသံဖြစ်တော့ နက်တဲ့ အသံဖြစ်ပါသတဲ့။

(၈) အဋ္ဌမ-နိန္နာဒီဆိုတဲ့ အင်္ဂါကတော့-သံညှင်း သံပေါ့ ကလေး မဟုတ်-နက်တဲ့ ဂမ္ဘီရ အသံ ဖြစ်ခြင်းကြောင့် စည်ကြီး သံ များလို အဆင့်ဆင့် ပဲ့တင်ရိုက်ခတ်ပြီး အဝေးကပင်ကြားနိုင် သလို ပဲ့တင်ထပ်တဲ့အသံမျိုး ဖြစ်ပါသတဲ့။

ယခု ဟောပြခဲ့တဲ့အတိုင်း ဗြဟ္မာများရဲ့ အသံဟာ အင်္ဂါရှစ်ပါးနဲ့ ပြည့်စုံပြီးတော့ အလွန်သာယာနာပျော်ဘွယ်ရှိတဲ့ အသံမျိုး ဖြစ်ပါတယ်။ အဲဒီဗြဟ္မာများရဲ့အသံလို ဘုရားရှင်တို့အသံဟာလဲ အင်္ဂါရှစ်ပါးနဲ့ပြည့်စုံတဲ့ အသံဖြစ်ခြင်းကြောင့် မြတ်စွာဘုရားရဲ့အသံတော်ကို "ဗြဟ္မဿရ" ဆိုတဲ့ ဂုဏ်ပုဒ်နဲ့ချီးကျူးဟောပြတော် မူကြရပါတယ်။

အသန္ဓိမိဖုရားမိဖုရားဟာလဲ ဤကဲ့သို့ ဗုဒ္ဓရှင်တော်ဘုရားရဲ့ ကြည်ညို ဘွယ်ရာ ဖြစ်တဲ့ အသံ တော်ကို ကြားလို့, နာလို့, အာရုံပြုလို့တဲ့ ဆန္ဒက အားကြီးဘာ ဖြစ်တော့ သံဃာတော် များ အား အရှင် မြတ်တို့ ဘုရား ရှင်တော်မြတ် ဘုရား၏ အသံ တော်နဲ့ အ နည်းငယ် တူတဲ့ အ သံများ မရှိပါဘူးလားဘုရား သို့ လျှောက်ထားမေးမြန်းရတာပေါ့။

ထိုအခါ သံဃာတော်များက "မိဖုရားကြီး-ဗုဒ္ဓရှင်တော်ရဲ့ အသံ တော်နဲ့ အနည်းငယ်တူလို့ သာယာနာပျော်ဘွယ် နှိုင်းခိုင်းစရာ အသံက တော့ ကရဝိက်ငှက်ရဲ့ အသံတော့ ရှိလေရဲ့" လို့ ကရဝိက်ငှက် အသံကို ညွှန်ကြားတော်မူကြတယ်။

ဒီနေရာမှာ သာယာနာပျော်ဘွယ် အသံရှိတဲ့ ကရဝိက်ငှက်ရဲ့ အကြောင်းအရာကို ဗဟုသုတဖြစ်စရာ ဟောပြောရသေးတာပေါ့။ အမျိုးအလိုက် နှစ်ခြိုက်စွာအလိုကျသည့် ချိုမြကောင်းမွန်တဲ့ သစ်သီးများကို စားသောက်ပြီးတော့ တက်ကြွားစိတ်ဓာတ် ခြေစုံရပ်လျက် အတောင်လေးကို ခတ်လိုက်ပြီးလျှင် ပျော်မြူးရွှင်ပြစွာ မြည်တွန်လိုက်တဲ့ ကရဝိက်ငှက်ရဲ့အသံကို ကြားလိုက်ရတယ်ဆိုလျှင် ကြားကြားသမျှ ကုန်းနေရေပြင် ကောင်းကင်မကျန် သတ္တဝါမှန်သမျှတို့ဟာ အတန်ငယ် မူးယစ်သွားသလို ထိုင်းမှိုင်းသွားသလိုဖြစ်ပြီး ကရဝိက်ငှက်ရဲ့အသံကိုနာခံဦးကိုက်ပြီး စူးစိုက်ခါ နားထောင်ကြရသတဲ့။

သားကောင်ကို လိုက်လာတဲ့ ခြင်္သေ့၊ ကျား အစ ရှိတဲ့ သတ္တဝါများဟာ ကရဝိက် ငှက်ရဲ့ အသံကို ကြား လိုက် တယ်ဆိုရင် မြှောက်ချီထားတဲ့ ခြေကိုပင် မချနိုင်ဘဲ တန့်ရပ်ပြီး နားထောင် ကြ ရတယ်။ ရန်သူလိုက်လို့ ပြေးလွှားသွားရတဲ့သားကောင်များဟာလဲ ကရဝိက်ငှက်ရဲ့အသံကို ကြားလိုက်ရင် ရန်သူကို မကြောက်နိုင်တော့ဘဲ ရပ်တန့်ပြီး အသံကိုနာခံကြရသတဲ့။ အစာစားနေတဲ့ သတ္တဝါများဟာလဲ ကရဝိက်ငှက်ရဲ့ အသံကို ကြားတာနဲ့ တပြိုင်နက် စားမဲ့အစာကိုစွန့်ပြီး အသံကို နာခံ ကြရသတဲ့။ ရေထဲကငါးများတောင် ရေရက်နားပန်ကို ရပ်ပြီး ကရဝိက်ငှက်ရဲ့အသံကို စူးစိုက် နားထောင်ကြရသတဲ့။ အဲဒါလို ကရဝိက်ငှက်ရဲ့ အသံကောင်းပုံကို ကျမ်းဂန်များမှာ များစွာပြဆိုထားကြတာကို သိရပါတယ်။ ထို့ကြောင့် သံဃာတော်များက အသန္ဓိမိတ္တာမိဖုရားကြီးအား ဘုရားရှင်ရဲ့အသံတော်နဲ့ တစိတ်တဒေသတူတဲ့အသံဟာ ကရဝိက်ငှက်သံတော့ ရှိလေရဲ့လို့ မိန့်တော်မူကြတာပေါ့။

ထိုအခါမိဖုရားကြီးက အရှင်မြတ်တို့ဘုရား-အဲဒီကရဝိက်ငှက်ဆိုတာ ဘယ်အရပ်မှာရှိပါသလဲဘုရားလို့လျှောက်ထားတဲ့အခါဟိမဝန္တာတောမှာ ရှိလေရဲ့လို့ ကရဝိက်ငှက်ရှိတဲ့နေရာကို လမ်းညွှန် ပြသ အမိန့် ရှိ ကြ တာ ကို ကြားရတော့ကာ....

အသန္ဓိ မိတ္တာ မိဖုရား ကြီး သည် ဓမ္မာ သော က မင်း မြတ် အထံ ချဉ်းကပ်ပြီးလျှင် အရှင်မင်းကြီး ဟိမဝန္တာတောမှာရှိတဲ့ ကရဝိက်ငှက်ကို ကျွန်တော်မ မြင်တွေ့လိုပါတယ်လို့ တောင်းပန် လျှောက်တင်လိုက်တယ်ဘဲ။

ထိုအခါ ဓမ္မာသောကမင်းမြတ်သည် ဤချိုင့်၌နေ၍ ကရဝိက်ငှက် လာရောက်စေဟု မင်းအာဏာဖြင့် ဟိမဝန္တာသို့ ရွှေချိုင့်ကို လွှတ်တော်မူလိုက်လေ၏။

သိရီဓမ္မာသောက မင်းတရားသည်ကား မြေပြင်ပေါ်တွင် မက ကောင်းကင်ပြင်အထက်သို့လည်း တယူဇနာတိုင်တိုင် မြေအောက်သို့လည်း တယူဇနာတိုင်တိုင် အာဏာတော် ပျံ့နှံ့တော်မူတဲ့ တန်ခိုးကြီးတဲ့ ဘုန်းရှင် ကံရှင်ကြီးဖြစ်ပေတယ်။

အဲဒါလို့ရွှေချိုင့်ကိုလွှတ်လိုက်တော့ ဟိမဝန္တာတော ကရဝိက်ငှက် ရှိရာသို့ သွားပြီးတော့ ကရဝိက်ငှက်ရဲ့ ရှေ့မှာ ရွှေချိုင့် ရောက်တယ် ဆိုရင် မင်းအာဏာနဲ့ လာတဲ့ ချိုင့်ဖြစ်တော့ ကရဝိက်ငှက်လဲ တခြားသို့ မပျံဝံ့ မသွားဝံ့တော့ဘဲ ချိုင့်အတွင်းသို့သာ ဝင်ရောက်ပြီးနေရသတဲ့။

ကရဝိက်ငှက် ဝင်ရောက်ပြီးနေတဲ့ ရွှေချိုင့်လဲ နန်းတော်သို့ ပြန်လာပြီးလျှင် မင်းကြီး ရှေ့တော် မှောက်သို့ အရောက် ပို့ဆောင်ပြီး အပ်နှင်းဆက်သွင်းရတယ်တဲ့။

ကရဝိက်ငှက်ရောက်လာတော့လဲ အသံပြုခြင်း မြည်တွန်ခြင်းမပြုတဲ့ အတွက် မှူးကြီးမတ်ရာ သေနာပတိ စသည်တို့အား "မင်းကြီးတို့-အဘယ် ကြောင့် ကရဝိက်ငှက်ဟာ အသံမပြုတာလဲ၊ အသံပြုအောင် - တွန်သံပေး အောင် ဘယ်လိုစီမံကြမလဲ" လို့ အမိန့်ရှိတော့ "အသင်မင်းကြီး- အပေါင်း အဖော် ဆွေမျိုးသားချင်းတွေကိုမမြင်လို့ အသံမပြုတာ ဖြစ်လိမ့်မယ်" လို့ လျှောက်တင်ပြီးတော့ အရိပ်ထင်အောင် ကြေးမုံခေါ်တဲ့ မှန်တွေနဲ့ ဝန်းရံ ပြီး ပြကြတယ်။ သည်တော့မှ ကရဝိက်ငှက်လဲ မိမိနှင့်တူတွေ ငှက်အပေါင်း အဖော်တွေကိုမြင်ရတော့ ငါ့ရဲ့အပေါင်းအဖော် ဉာတိသားချင်းတွေ ရှိပါ ကလားဟုထင်ပြီးတော့ ရွှင်မြူးသောစိတ်ဓာတ်ဖြင့် အတောင်ဂလေများကို ခက်ချက် နှဲ့ ငွေ့များကို သာယာစွာ မှုတ်လိုက်သကဲ့သို့ သာယာကြည်နူး အထူးချိုသာသောအသံဖြင့် တွန်သံပေး၍ ကြွေးကြော်လိုက်လေ၏။

ဟိုသောအခါ ကရဝိက်ငှက်၏ သာယာ ကြည်နူး အထူးချိုသာ နှစ်သက်စရာဖြစ်တဲ့အသံကို ကြားလိုက်ကြရတော့ နန်းတော်ကြီးအတွင်းနှင့် တကာ ပါဋလိပုတ်တမြို့လုံး ကြားသမျှလူအပေါင်းတို့ဟာ မိန်းမောယစ်မူး ရွှင်မြူးတက်ကြွကာ ဖြစ်ကြပြီးဘော့ ကရဝိက်ငှက်၏ သာယာသောအသံကို ဒူးတိုက်ခါ အာချီပြုကြရတယ်။

အသန္ဒိမိတ္တာ မိဖုရားကြီးလဲ မူလကထဲက အလွန်သာယာနာပျော်ဘွယ်ရှိတဲ့ မြတ်စွာဘုရား၏ အသံတော်ကို အာရုံပြုပြီး ကြည်ညိုလိုဘဲ့ စိတ်ဓာတ်တွေက ရှိနေတဲ့အပြင် အထူးသာယာနာပျော်ဘွယ်ရှိတဲ့ ကရဝိက်ငှက်ရဲ့အသံကိုကြားရပြန်တော့ သက်တော်ထင်ရှား ဘုရားကိုယ်တော်မြတ်ရဲ့ အသံတော်သို့ ရောက်အောင် အာရုံပြုပြီး ဝမ်းမြောက် ကြည်နူး အထူးနှစ်သက်တဲ့ပီတိအဟုန်လွှမ်းပြီးတော့ ရည်မှန်းကာစိတ်ကူးဖြင့် အထူးကြံစည်စဉ်းစားလိုက်ပါသတဲ့။

တိရစ္ဆာ နဿေဝံ သဒ္ဒေါ၊
စိန္တေသိ မဓုရော တဒါ။
ကီဒိသော သိရိပတ္တဿ၊
ဒေဝီ နုခေါ အဟောသိတိ။

တဒါ၊ သံသာမြူးတင့် ကျူးရင့်သော ကရဝိက်ငှက်၏အသံကို ကြားရသော ထိုအခါ၌။ ဒေဝီ၊ အသန္ဒိမိတ္တာ မည်သာထင်ရှား မိဖုရားသည်။ စိန္တေသိ၊ ရှင်ကြည်မနော အာရုံစော၍ တွေးတောကြံစည်မိလေပြီ။ ကိံ စိန္တေသိ၊ ဘယ်သို့သဘော ဘယ်လိုစော၍ တွေးတောပါသနည်းဟူမူကား။ တိရစ္ဆာနဿ၊ ဒုဂ္ဂတိဘုံစံ တိရစ္ဆာန်၏။ ဝါ – ဒုဂ္ဂတိဘုံသားအောက်တန်းစား ဖြစ်သော ကရဝိက်ငှက်၏။ သဒ္ဒေါ၊ အသံသည်။ ဧဝံ မဓုရော၊ သာယာမည်ကြွေး ကြားရသူဧးလောက်အောင် အော်-ကြည်ချိုသာသော အသံ ရှိပါပေ၏။ သိရိပတ္တဿ၊ သဗ္ဗညုတ ဉာဏမြင့်ပေါ် အသရေတော်ဟူသမျှတို့၏ အထွဋ်အထိပ် သို့ ရောက်တော်မူသော ငါတို့သခင် ဘုရားရှင်၏။ သဒ္ဒေါ၊ အသံတော်သည်။ ဝါ - ဝိဿဋ္ဌအင်္ဂါ အစဖြာသား ရှစ်ပါးစုံပေါ် အသံတော်ဖြင့် ကြားသော်ကာ သုခမင်္ဂလာ ထင်စွာထပ်ပွား မြတ်ဘုရား၏အသံတော်သည်။ ကီဒိသော နုခေါ၊ ဘယ်သို့အခေါင် ဘယ်သို့ဆောင်၍ ဘယ်ထိအောင် ကောင်းပါလိမ့်မည်နည်း။ ဣတိ၊ ဤသို့။ စိန္တေသိ၊ အသံတော်ထင်ရှား ဘုရားအထံ အရောက်ဖန်၍ တွေးကြံစိတ်သွား သဒ္ဒါပွားသဖြင့် စဉ်းစားဆင်ခြင်မိလေပြီ။

ဒုဂ္ဂတိအဟိတ်တိရစ္ဆာန် ဖြစ်တဲ့ ကရဝိက်ငှက်တောင် ဒါလောက် အသံသာယာတယ်ဆိုတော့၊ ၎င်းကရဝိက်ငှက်၏ အသံထက် အဆပေါင်းများစွာ ပိုလွန်ပြီး သာယာကြည်နူးဘွယ်ဖြစ်တဲ့ ငါတို့မြတ်စွာဘုရားရဲ့အသံတော်ဟာ ဘယ်မျှလောက် ကောင်းလိမ့်မယ်၊ သာယာဘွယ်ဖြစ်လိမ့်မယ် သို့

ပြောမဆုံးအောင်၊ကြည်ညိုလို့မဆုံးအောင် ဖြစ်တော့မှာပေါ့ဟု သက်တော်ထင်ရှား မြတ်စွာဘုရားသို့ ရောက် အောင် ဆင်ခြင်သုံးသပ် အာရုံကပ်ပြီးတော့ စဉ်းစားကြံစည်လိုက်တယ် အာရုံပြုကာ ကြည်ညိုလိုက်တယ်တဲ့။

"တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ၊ သမေ စိတ္တံ သမံ ဖလံ"ဟူ၍ မိန့်တော်မူတဲ့ ဒေသနာတော်အတိုင်း သက်တော်ထင်ရှား ရှင်တော်ဘုရားနှင့် နိဗ္ဗာန်ဝင်သွား ရှင်တော်ဘုရားတို့အပေါ်မှာ စိတ်တူ - စေတနာတူ အညီအမျှသဘောထားပြီး အာရုံပြုနိုင်ကြလျှင် အ ကျိုး ပေး အတူတူ ဖြစ်ပါတယ်ဆိုတာ သည်နေရာမျိုးမှာ ထင်ရှားတော့တာပေါ့။

အဲတာလို အသန္ဓိမိတ္တာ မိဖုရားကြီးလဲ မြတ်စွာဘုရား၏ အသံတော်သို့ ရောက်အောင် အာရုံပြုပြီး ကြည်ညိုစွာ ကြံ စည် အာ ရုံ ပြု လိုက် တော့ ဖာလှန်ရှင်လန်း နှစ်သက်စေတတ်တဲ့ ပီတိဇောတွေ တဖွားဖွား ပေါ်ထွက်လာပြီးတော့ အဲဒီ ပီတိအရှိန် မပြေပျောက်တော့ဘဲ ရံရွေဘော်ခုနစ်ရာနှင့် တကွ သောတာပတ္တိဖိုလ်သို့အရောက်တက်ပြီး အရိယာဘက်စခန်းသို့ ရောက်သွားပါတယ်တဲ့။

> ပီတိံ ဥပ္ပါဒေတွာ တံပီတိံ အဝိဇဟိတွာ သတ္တဟိ ဇဃံ သတေဟိ သဒ္ဓိံ သောတာပတ္တိဖလေ ပတိဋ္ဌာသိ။

ဒေဝီ၊ အသန္ဓိမိတ္တာ မိဖုရားကြီးသည်။ ပီတိံ၊ မြတ်စွာဘုရား အသံတော်ကို အာရုံပြု၍ ဖြစ်သော နှစ်သက်ခြင်းပီတိကို။ ဥပ္ပါဒေတွာ၊ ဖြစ်စေ၍။ တံပီတိံ၊ ထိုပီတိကို။ အဝိဇဟိတွာ၊ မစွန့်မူ၍။ သတ္တဟိဇဃံသတေဟိ၊ သွားဖော်-သွားဘက် နောက်လိုက်-နောက်ပါ ခုနစ်ရာတို့နှင့်။ သဒ္ဓိံ၊ တကွ။ သောတာပတ္တိဖလေ၊ သောတာပတ္တိဖိုလ်၌။ ပတိဋ္ဌာသိ၊ တည်လေပြီ။

အတုယူစရာဖြစ်တဲ့ ဤ အသန္ဓိမိတ္တာ မိဖုရားကြီးရဲ့ အတ္ထုပ္ပတ္တိကို စဉ်းစား ကြည့်ကြပေတော့။ ယုံကြည်ချက် သဒ္ဓါတရား ရှေ့ဆောင်ထားပြီးတော့ ထိထိရောက်ရောက် အားထုတ်လိုက်တယ်ဆိုရင် ဘယ်လောက်အကျိုးရှိပါသလဲဆိုတာ ဤသာဓကနဲ့ ထင်ရှားတော့တာပေါ့။

ထို့ကြောင့် ယနေ့ သီတင်းသီလ စောင့်ထိန်းကြတဲ့ ဒကာ-ဒကာမတွေလဲ ယခုဟောခဲ့တဲ့ဒေသနာကို အတုယူကာ အားကျပြီးတော့ မိမိနှစ်သက်ရာ အာရုံပြုနိုင်ရာဖြစ်တဲ့ မြတ်စွာဘုရား ဂုဏ်တော်တပါးပါးကို စူးစူးစိုက်စိုက် ပွားများကြပါ အားထုတ်ကြပါလို့ တိုက်တွန်းခဲ့ပါတယ်။

အဲဒါလို အားထုတ်ကြရင် ဗုဒ္ဓါနုဿတိ ဘာဝနာလဲဖြစ်၊ သိက္ခာပုဒ်တော်များကိုလဲ မကျိုးမပျက်အောင် စောင့်ရှောက်ပြီးသား ဖြစ်သွားတော့ သာမန်မျှဖြစ်တဲ့"ကုသိုလ်"က တက်ပြီး ပါရမီမြောက်တဲ့"ကုသိုလ်" စေတနာတွေ ဖြစ်ကြရ ရကြရမှာပေါ့။

မိမိအားထုတ်ကြတဲ့ ပါရမီမြောက်တဲ့ ကုသိုလ်စေတနာတို့ကြောင့် ဇာတိကုန်ခန်း နိဗ္ဗာန်နန်းသို့ မလှမ်းရသေးမီ အတွင်း၌ မိမိတို့ အလိုရှိရာ ကောင်းသော ဆုပတ္ထနာများကို တောင့်တပန်ဆင်ကြပြီးလျှင် နောက်ဆုံး ဘဝ ပစ္ဆိမ၌ အမတ-မည်တွင် နိဗ္ဗာန်ခွင်သို့ ဆောလျင်စွာရောက်ကြရပါလို ကုန်သောဟူ၍ ဆုတောင်းပတ္ထနာပြုကြကုန်ရာသတည်း။

ဗုဒ္ဓါနုဿတိ ဘာဝနာ ပြီး၏။

---

## နမော နရဒေဝ မင်္ဂလဿ ဇေယျတု
## (၅၀) အားအကြီးဆုံးကိုဖော်ပြသော
## သံဝေဂ ဒေသနာ

ယနေ့-ယခု ဟောပြောဘို့ တရားကတော့ ကာလအားလျော်စွာ သံဝေဂ ယူစရာများကို ဟောပြောဘို့ ကြံစည်ခဲ့ပါတယ်။ သခ်ါရနယ် အတွင်းက မလွတ်ကင်းနိုင်တဲ့ သက်ရှိ-သက်မဲ့ အရာဝတ္ထု ဟူသမျှတွေဟာ ဘယ်သူက ကြီးလို့ ဘယ်သူက ငယ်တယ်၊ ဘယ်သူကနိုင်လို့ ဘယ်သူက ရှုံးတယ်၊ အဲတာလိုဝေဘန်ပြီး သံဝေဂယူရန် ဟောပြပါလိမ့်မယ်။

ရှေးဦးစွာ"အားရှိ-အားမဲ့"ဆိုတဲ့သဘောကို အကျဉ်းမျှ မှတ်သား ထားကြပါ။ သည်အရာမှာ အားနည်းတဲ့အရာဝတ္ထုကို အားကြီးတဲ့ အရာ ဝတ္ထုက နိုင်မယ် ဆိုတာကတော့ ပြောဘို့တောင် မလိုပါဘူး၊ အားလုံး မျက်မြင်ကိုယ်တွေ့ချည်းဖြစ်နေကြပါပြီ။အသက်ရှိတဲ့ သဝိညာဏကဘက်က ဖြစ်စေ၊ အသက်မရှိတဲ့ အဝိညာဏကဘက်က ဖြစ်စေ၊ ဘယ်အရာမျိုးမဆို အားကြီးတဲ့အရာဝတ္ထု သဘောတရားက လွှမ်းမိုးဖိနှိပ်ပြီး အနိုင်ယူသွားမှာ ချည်းဘဲ။ အဲတာကြောင့် ရှေးဦးစွာ အားရှိ-အားမဲ့ဆိုတဲ့ သဘောတခုကို ဆင်ခြင်ထားပြီးတော့ အကျယ်အခ်ဲ့ပွါယ် ရှင်းလင်းသွားအောင်၊ သံဝေဂ ရလာကြရအောင် ဝေဘန်ပြီး ဟောပြောရသေးတာပေါ့။

လောကကြီးမှာ အားအကြီးဆုံး တရား ဟာ ဘယ်ဒင်းပါလဲလို့ မေးဘို့-သိဘို့ လိုကြပေတယ်။

ဇဝံ အနိစ္စတာ သော သဗ္ဗလောက ဝိနာသိနီ။

ဇဝံ၊ ဤသို့။ သောအနိစ္စတာ၊ ဤအနိစ္စအဖြစ်သည်။ ဝါ-အတည် အမြဲမရှိ ပျက်စီးတတ် ဖျက်ဆီးတတ်သော ဤအနိစ္စဆိုတဲ့ သဘောတရား သည်။ သဗ္ဗလောကဝိနာသိနီ၊ သုံးလောက အကုန်ဆုံးအောင် တပြုံလုံး ဖျက်ဆီးတတ်သောသဘော ရှိပေ၏။

အဓိပ္ပါယ်လိုရင်းအဖြေက အားအကြီးဆုံး သဘောဟာ "အနိစ္စ" ဆိုတဲ့သဘောတရားဘဲလို့ အကျဉ်းဖြေလိုက်ပါတယ်။ ဘယ့်ကြောင့်အနိစ္စကို အား အကြီးဆုံးဘဲလို့ သမုတ်ရပါသလဲဆိုတော့ သဗ္ဗလောကဝိနာသိနီလို့ ဆိုထားတော့ လောကသုံးပါးလုံး အနန္တစကြဝဠာမှာနေကြတဲ့ အနန္တ သတ္တဝါတွေဆိုတဲ့ သတ္တလောကကြီးရော၊ အဲဒီ သတ္တဝါတွေကို ပြုပြင် ပေးနေတဲ့ သင်္ခါရ လောကကြီးရော၊ သတ္တဝါတွေ နေထိုင်ရာ ဖြစ်တဲ့ ဘုံသုံးဆယ်တစ်ဘုံခေါ်တဲ့ ဩကာသလောကကြီးရော၊ အဲဒီလောကကြီး သုံးပါးလုံးကို ပျက်ပြုံးအောင် မခိုင်မြဲအောင် တားမြစ်လို့မရအောင် ဖျက် ဆီးပစ်နိုင်တဲ့ သတ္တိက အနိစ္စမှာသာရှိတယ်။ ၎င်းအနိစ္စ သဘာဝကို ဘယ်လို ဘုန်းရှိတဲ့ပုဂ္ဂိုလ် ဘယ်လိုအားရှိတဲ့ပုဂ္ဂိုလ်ကမှ တွန်းလှန်တားဆီးလို့မရနိုင်ပါ ဘူး။တာ့ကြောင့် အနိစ္စဆိုတဲ့ သဘောတရားကို လောကမှာအင်အားအကြီး ဆုံးဘဲလို့ သမုတ်ပညတ်ရပါတယ်။ အားကြီးပုံကို အကျယ် ဝေဘန် ကြ အုံးစို့ရဲ့။

အသက်ရှိတဲ့ သဝိညာဏက ဘက်က အားအကြီး ဆုံး ဝတ္ထုဟာ ဘယ်ဟာပါလဲလို့ စိစစ်ကြမယ်ဆိုရင် လူ, နတ်, ဗြဟ္မာ, သတ္တဝါအားလုံး တို့၏ ကိုးကွယ်ရာ ဖြစ်တော်မူတဲ့ သဗ္ဗညု ရှင်တော်ဘုရား သာ လျှင် တလောကလုံးမှာ အားအကြီးဆုံးဝတ္ထုဖြစ်ပေတယ်၊ တာကြောင့် ရှင်တော် ဘုရားကို "ဒသဗလ"ဆိုတဲ့ ဂုဏ်တော်အထူးနဲ့ ချီးကျူး ထားကြပါတယ်။ မြတ်စွာဘုရား၏ "ဉာဏဗလ"အရာကို သည်နေရာမှာ မြှုပ်ထားကြဦးစို့၊ "ကာယဗလ" တော်ကြီးရဲ့ အရာဖြစ်လို့ ကာယဗလတော် ကြီးကျယ် ကြောင်းကိုသာ မှတ်ကြပေအုံးတော့။

ကာလာဝကဉ္စ ဂင်္ဂေယျံ၊
ပဏ္ဍရံ တမ္ဗ ပိင်္ဂလံ။
ဂန္ဓ မင်္ဂလ ဟေမဉ္စ၊
ဥပေါသထဆဒ္ဒန္တိမေဒသာတိ။

ဤသာဓကအရ၊ ကာလာဝကဆင်မျိုး, ဂင်္ဂေယျဆင်မျိုး, ပဏ္ဍရဆင်မျိုး, တမ္ဗဆင်မျိုး, ပိင်္ဂလဆင်မျိုး, ဂန္ဓဆင်မျိုး, မင်္ဂလဆင်မျိုး, ဟေမဆင်မျိုး, ဥပေါသထဆင်မျိုးနှင့် ဆဒ္ဒန်ဆင်မျိုးလို့ အားကြီးတဲ့အပိုင်းက ဆင်-၁၀-မျိုးရှိပါတယ်။

အဲဒီ ဆယ်မျိုးထဲမှာ အောက်တန်းကြတဲ့ အငယ်စား ပထမဆုံး ကာလာဝက ဆင်မျိုးဆိုတာ လောကမှာရှိတဲ့ ယောကျ်ားဆယ်ယောက်အားနဲ့ညီမျှတဲ့ အားရှိပါတယ်တဲ့။ အဲဒီ ယောကျ်ားဆယ်ယောက်အားကို ဆောင်နိုင်တဲ့ ကာလာဝကဆင်ဆယ်စီးအားကို ဂင်္ဂေယျဆင်က ဆောင်နိုင်ပြန်တယ်။ ဤကဲ့သို့ ဆယ်ပြန်စီတက်တက်ပြီး အစဉ်လိုက်တွက်ကြည့်လိုက်ရင် ၉-ခုမြောက် ဥပေါသထဆင် ဆယ်စီးအားကို နောက်ဆုံး ဆဒ္ဒန္တခေါ်တဲ့ ဆဒ္ဒန်ဆင်က ဆောင်နိုင်ပါတယ်တဲ့။ တဲ့ကြောင့် ဆဒ္ဒန်ဆင်မင်းရဲ့ ကာယဗလဟာ ဘယ်လောက် ကြီးပါသလဲ ဆိုရင် ယောကျ်ားဗိုလ်ခြေ ကုဋေတထောင်အားရှိပါသတဲ့။

မြတ်စွာဘုရားရဲ့ ကာယဗလတော်ဟာ ယခု ပြောခဲ့တဲ့ ဆဒ္ဒန်ဆင်ဆယ်စီးအားကိုဆောင်နိုင်တယ်ဆိုတော့ ဘုရားရှင်ရဲ့အားတော်ဟာဗိုလ်ခြေကုဋေတသောင်းအားကို ဆောင်တော်မူနိုင်တဲ့ ကာယဗလတော်ရှိကြောင်း သိမှတ်ကြရပါတယ်။

အဲတာလို လောကကြီးမှာရှိတဲ့ သဝိညာဏကဘက်က အားအကြီးဆုံးကို စိစစ်ကြည့်လိုက်ရင် ဒသဗလဂုဏ်တော်ရှင် သဗ္ဗညုဘုရားရှင် သာလျှင် ကာယဗလအားအကြီးဆုံးဟူ၍သိမှတ်ကြရတဲ့အတွက် ရှင်တော်မြတ်ဘုရားဟာ ကာယဗလအားတော်ဘူသူမရှိအောင်ကြီးကျယ်တော်မူပေတဲ့၊ အနိစ္စသဘောနဲ့ တွေ့ဆုံယှဉ်ပြိုင်လိုက်တော့-အနိစ္စကသာနိုင်လို့ မပိုင်တဲ့မိမိခန္ဓာတော်ကို ကုသိနာရုံမှာ ပယ်ရှင်းအားတော်ကိုမတင်းနိုင်ဘဲ စံခင်းတော်နိဗ္ဗာန်းသို့ ကြွမြန်းတော်မူရသည်မဟုတ်ပါလား။

တာကြောင့်မို့ ကြီးနိုင်ငယ်ညှဉ်းဆိုတဲ့ သဘာဝအရေးကို ရှေးရှေးကတဲက သုံးခဲ့တာပေါ့။ ကြီးသူကနိုင်ပြီး ငယ်သူဟာ အညှဉ်းဆဲခံရမှာချည်းဘဲဆိုတာတထစ်ကျမှတ်စရာဖြစ်တာပေါ့။ယခုဟောခဲ့တဲ့သဝိညာဏကဘက်က အားအကြီးဆုံးကို ထုတ်ဆောင်ပြီးတော့ ရှင်းလိုက်ရင် အနိစ္စကို ဘယ်ဝတ္ထုကမှ မမိုနိုင်၊ သူကဘဲအနိုင်ယူသွားတာဖြစ်လို့....

တံ ဝေါ အတိသာဟသံ အတိဗလံ၊ နာဝ ါရိယံ ယောနရော၊
ဇာနန္တောပိ အနိစ္စတံ ဘဝဂတော၊ နိဗ္ဗိန္ဒတေ နေဝစ။
ဟူ၍ သတိသံဝေဂရအောင် ဟောတော်မူခဲ့ပါတယ်။

အတိသာဟသံ၊ နိုင်ထက်စီးနင်း လွန်လွန်မင်းမင်း နှိပ်စက်တတ်ထသော။ အတိဗလံ၊အားအကြီးဆုံးလည်းဖြစ်ထသော။ နာဝ ါရိယံ၊ ဘယ်သူတဦးတယောက်မျှ တားမြစ်ခြင်းငှာ မစွမ်းနိုင်ထသော။ တံဝေါအနိစ္စတံ၊ ယိုအနိစ္စအဖြစ်ကို။ ဇာနန္တောပိ၊ သိလျက်ဖြစ်သော်လည်း။ နရော၊ လူအပေါင်းသည်။ဘဝဂတော၊သံသရာကိုဘဝဝယ် ကျင်လည်သွားလာရခြင်း၌၊ နေဝစနိဗ္ဗိန္ဒတေ၊ မငြီးငွေ့နိုင် တော့သည် သာလျှင်တည်း။ နိဗ္ဗိန္ဒတေဝ၊ ငြီးငွေ့သင့်တော့သည်သာလျှင်တည်း။

ဤသာဓက၏အဓိပ္ပါယ်က ဘယ်လို ဆိုလိုပါသလဲဆိုတော့....
နိုင်ထက်စီးနင်း နှိပ်စက်နိုင်ဆုံးသဘောဟာလဲ အနိစ္စဘဲ။
အားအကြီးဆုံးဟာလဲ အနိစ္စဘဲ။
ဘယ်သူမှ မတားမြစ်နိုင်တာလဲ အနိစ္စဘဲ၊

အဲတာလို မိမိတို့အပေါ်မှာ ဖိစီး အုပ်ချုပ် နှိပ်စက်နေတဲ့ အနိစ္စသဘောကို မျက်မြင်ကိုယ်တွေ့လဲ ဖြစ်ကြ၊ ဟောပြော ဆုံးမနေတဲ့ တရားတော်တွေလဲ ကြားနာနေရသဖြင့် အတတ်သိ အဟုတ်သိ သိပြီးနေကြသော်လဲ အနိစ္စနယ်ခင်း ဝဋ္ဋဘဝအတွင်းမှာ ကျင်လည်နေကြရပုံကို သံဝေဂမရနိုင်၊ မငြီးငွေ့နိုင်ကြပေဘူး။ သံဝေဂ ရ ဘွယ်၊ ငြီး ငွေ့ ဘွယ် ကောင်း ကြပေတယ်လို့ သတိပေးတဲ့ဒေသနာတော် ဖြစ်ပေတယ်။

ယခုဟောခဲ့တဲ့ ဒေသနာတော်ကတော့ သဝိညာဏကဘက်က စိစစ်ကြည့်လိုက်ရင် အနိစ္စသဘာဝတခုသာလျှင် အားအကြီးဆုံးဖြစ်ကြောင်းကို ရှင်းခဲ့တဲ့ ဒေသနာဖြစ်ပေတယ်။ အသက်မရှိတဲ့ အဝိညာဏကဘက်ကလဲ အားအကြီးဆုံးကိုရှာပြီး ဖြစ်ပျက်ပုံကိုကြည့်ကြအုံးစို့။

သတ္တဝါအနန္တတို့ နေထိုင်ကြရာဖြစ်တဲ့ တောင်တောင်ရေမြေ သမုဒ္ဒရာ သီတာသတ္တရဗ္ဗာန် တောင်စဉ် ခုနစ်ထပ်နှင့်တကွ မဟာမြင့်မိုရ်တောင်ကြီးတွေ၏တည်ရာ စူဠ-လောကဓာတ် မဇ္ဈိမ-လောကဓာတ် မဟာလောကဓာတ်ခေါ်တဲ့ အနန္တစကြဝဠာတွေဟာ အဝိညာဏကဝတ္ထုတွေလို့ အာရုံပြုပြီး ကြည့်ထားကြပေတော့။

အဲဒီ အဝိညာဏက လောကဓာတ်ကြီးတွေဟာ မိမိတို့ ပစ္စက္ခမျက်မှောက်အတွင်းမှာ ပျက်စီးသွားတာ ပြောပြလောက်အောင် မတွေ့ရ မမြင်ရတော့ ၎င်းလောကဓာတ်ကြီးများဟာ တော်တော်ခိုင်မြဲတဲ့, အင်အားကြီးတဲ့, မပျက်စီးနိုင်တဲ့ ဝတ္ထုကြီးတွေဘဲလို့ မှတ်ထင်ကြပေလိမ့်မယ်။ ကမ္ဘာလောကကြီးဆိုတာ ဂဏန်းချ၍မရအောင် အလွန့်အလွန်ရှည်မြင့်စွာ တည်နေကြတာဖြစ်တော့ ကမ္ဘာလောကကြီးကို ပျက်လိမ့်မယ်လို့ ထင်ကြမှာမဟုတ်ပေဘူး။ ဤကဲ့သို့ ထင်ကြတဲ့အတိုင်း နိစ္စဓုဝဖြစ်ပြီးတော့ မပျက်ဘဲ အမြဲတည်နေပါသလားဆိုတော့-

မီးဖျက်တဲ့ကမ္ဘာမှာ မီးတွေလောင်ပြီးတော့ အကြွင်းအကျန်မရှိအောင် ပျက်စီးရတယ်။ ရေဖျက်တဲ့ကမ္ဘာမှာ ရေတွေကြီးပြီးတော့ အကြွင်းအကျန်မရှိအောင် ပျက်စီးရတယ်။ လေဖျက်တဲ့ကမ္ဘာကျတော့လဲ လေတိုက်ပြီးတော့ အကြွင်းအကျန်မရှိအောင် ပျက်စီးရတယ်။ အဲဒါလို ဒုဒယ်အလွန်ကြီးမားလှလို့ ခိုင်ခံ့တည်တန့်ပြီးနေလိမ့်မယ်ထင်ရတဲ့ လောကဓာတ်တိုက်ကြီးဟာလဲ အနိစ္စ၏ လက်အောက်က မလွတ်ကင်းနိုင်တဲ့အတွက် ၎င်းလောကဓာတ်ကြီးတွေထက် အင်အားကြီးလှတဲ့ အနိစ္စသဘာဝက လွှမ်းမိုးပြီး ဖိစီးနှိပ်စက်သွားတော့ မိမိက အားသေးတဲ့အတွက် ခံလိုက်ရတော့တာဘဲ။

အဂ္ဂိနာ ဘဿရာ ဟေဋ္ဌာ၊
အာပေန သုဘကိဏှတော။
ဝေဟပ္ဖလတော ဝါတေန၊
ဧဝံ လောကော ဝိနဿတိ။

အာဘဿရာ၊ ရူပါဝစရ ဒုတိယစျာန်ဘုံဖြစ်တဲ့ အာဘဿရာဘုံမှ။ ဟေဋ္ဌာ၊ အောက်၌။ အဂ္ဂိနာ၊ မီးဖြင့်။ ဝိနဿတိ၊ ပျက်စီးရ၏။ သုဘကိဏှတော၊ ရူပါဝစရ တတိယစျာန်ဘုံဖြစ်တဲ့ သုဘကိဏှာဘုံမှ။ ဟေဋ္ဌာ၊

အောက်၌။ အာပေန၊ ရေဖြင့်။ ဝိနဿတိ၊ ပျက်စီးရ၏။ ဝေဟပ္ဖလတော၊ ရှုပါဝစရ စတုတ္ထဈာန်ဘုံဖြစ်တဲ့ ဝေဟပ္ဖိုလ်ဘုံမှ။ ဟေဋ္ဌာ၊ အောက်၌။ ဝါတေန၊ လေဖြင့်။ ဝိနဿတိ၊ ပျက်စီးရ၏။ ဧဝံ၊ ဤသို့ ဆိုခဲ့ပြီးသော မီး-ရေ-လေထု သုံးခုသော အဖျက် အဆီး တို့ကြောင့်။ လောကော၊ လူတို့နေရာ သင်္ချာမရ ဩကာသလောကကြီးသည်။ ဝိနဿတိ၊ ထောက်တည်ရာမရ အစစမကျန်ကြွင်းစေဘဲ ဟင်းလင်းချည်းဖြစ်အောင် ပျက်စီးပြုံးတီးရလေတော့သတည်း။

ယခုဟောခဲ့တာကတော့ အသက်ဝိညာဉ်ကင်းမဲ့တဲ့ အဝိညာဏကအရာဝတ္ထုဘက်က စိစစ်ပြီး ပြခြင်း ဖြစ်ပေတယ်။ အလွန် ခိုင်မာလှ ပြီး အားကြီးလှပြီထင်ရတဲ့ သံတုံး-သံခဲကြီးတွေ၊ ကျောက်တုံး-ကျောက်ခဲကြီး တွေနှင့်တကွ နှစ်သိန်းလေးသောင်း အထုရှိတဲ့ မဟာပထဝီမြေကြီးတွေရဲ့ စုပေါင်းတည်နေရာ ဖြစ်ဖော်ဖြစ်ဖက် ပျက်ဖော်ပျက်ဖက်ဖြစ်တဲ့ စကြဝဠာကုဋေတသိန်းလုံးဟာလဲ အနိစ္စသဘာဝ၏ လက်အောက်ခံ ငယ်သားအဖြစ်ဆိုတော့ အားကြီးတဲ့အနိစ္စက နှိပ်စက်သိုက်တော့ အားပြိုင်လို့ မနိုင်တော့သဖြင့် အရှုံးပေးလိုက်ရတော့တာဘဲလို့ ထင်အောင်-မြင်အောင် ရှုဆင်ခြင်ကြပေဟော့။

နိဂုံးချုပ်အနေနဲ့ နောက်ဆုံး သဘောသံဝေဂယူကြရန် စုပေါင်းပြီး ဆင်ကြင်ကြရန်မှာ မူတယ်ပြီးတော့ ပထမဟောခဲ့တဲ့စကားအရ အားရှိ-အားမဲ့နှစ်ပါးကိုခွဲခြားပြီးစစ်လိုက်တော့ အနိစ္စသဘောကသာ အားအကြီးဆုံးတွေ့ရတယ်။ သက်ရှိသက်မဲ့ ဘယ်ဝတ္ထုမျိုးမဆို အနိစ္စရဲ့လက်အောက်ကချည်း နေရတာဖြစ်တော့ အနိစ္စသဘာဂမှ တပါးသော အရာဝတ္ထုမှန်သမျှတွေဟာ အားနဲ့တဲ့ အရာချည်းဘဲလို့ ဆုံးဖြတ်ချက် ချလိုက်ကြပေတော့။

ဒါကြောင့်မို့ အတိတ်, အနာဂတ်, ပစ္စုပ္ပန် ကာလသုံးပါးလုံးမှာ အားနဲ့တဲ့အရာဝတ္ထုမှန်သမျှတို့ဟာ အားကြီးတဲ့ အနိစ္စရဲ့ ဖျက်ဆီးမှုတွေကို ကြုံရပြီး, ကြုံရဆဲ, ကြုံရလတ္တံ့ဟူ၍ သံဝေဂယူကြပေတော့။

နိရုဒ္ဓါ တီတ သင်္ခါရာ၊
ပစ္စုပ္ပန္နာ စ ဘိဇ္ဇရေ။
အနာဂတာ ဘိဇ္ဇိဿန္တိ၊
သဗ္ဗေ တေ ဘာယိတဗ္ဗကာ။

အတီတသင်္ခါရာ၊ လွန်လေပြီးသော ရုပ်နာမ်ဓမ္မ သင်္ခါရဟူသမျှတို့သည်။နိရုဒ္ဓါ၊ ကုန်ဆုံးပျက်စီး၍ ချုပ်ငြိမ်းပြီးဖြစ်ကြလေကုန်ပြီ။ပစ္စုပ္ပန္နာစ၊ ရဆဲအမှန် ပစ္စုပ္ပန်ဖြစ်သော ရုပ်နာမ်သင်္ခါရတို့သည်လည်း။ ဘိဇ္ဇရေ၊ မတည်စေခင်းတိမ်း ချုပ်ငြိမ်းကွယ်ပျောက်ရမည် ဖြစ်ကုန်၏။ အနာဂတာစ၊ အနာဂတ်ဖြစ်သော ရုပ်နာမ်ဓမ္မ သင်္ခါရတို့သည်လည်း။ ဘိဇ္ဇိဿန္တိ၊ မုချမလွဲ အမှန်ဘဲ ပျက်စီးကြကုန်လတ္တံ့။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေ၊ သက်ရှိ သက်ကင်း အခင်းခင်းအဝဝ ထိုသင်္ခါရဓမ္မဟူသမျှတို့သည်။ ဘာယိတဗ္ဗကာ၊ ကြောက်လန့်ဘွယ်အစစ် ဖြစ်ကြီးဖြစ်ကြကုန်၏။ ဝါ - အတိဗလ အနိစ္စကို မလှန်ရဲသဖြင့် လွန်လွန် ကဲကဲချည်း ကြောက်ဘွယ် ကောင်းလှပေကုန်စွတကား။

သံဝေဂဒေသနာ ပြီးပြီ။

---

## နမော မဟောသဓိနော ဇေယျတု
## (၅၁) မရဏာနုဿတိကထာ

တံ ပုတ္တ ပသုသမ္မတ္တံ၊
ဗျာသတ္တ မနသံ နရံ။
သုတ္တံ ဂါမံ မဟောဃောဝ၊
မစ္စု အာဒါယ ဂစ္ဆတိ။

ပုတ္တ ပသုသမ္မတ္တံ၊ သမီးသားနှင့် ကျွဲနွားဘဏ္ဍာ အရာရာအသီးသီး အတိတ်ကံဟုန်ကြီးသဖြင့် ပြည့်စုံပြီး ဖြစ်ကြသည်ဖြစ်၍။ ဗျာသတ္တမ နသံ၊ သမီးနှင့်သား ငါ့ကျွဲနွားဟု စိတ်ထားငဲ့မက် ရှိတာကိုအကုန်ဖက်သည်အပြင် ထိုထက်ပင် အကဲဟန်ဘို့ အစွဲသန်မာတဲ့ စိတ်ရှိထသော။ တံနရံ၊ ထိုတရားကင်းလွတ် သတိချွတ်သောသူကို။မဟောဃောဝ၊ပြင်းထန်စွာစီး ရေအယဉ်ကြီးသည်။ သုတ္တံဂါမံ၊ အိပ်ပျော်နေကြ လူဟူသမျှကို။ အာဒါယ၊ တွန်းကန်ဖိလှဲ မျှောချဆွဲ၍။ ဂစ္ဆတိဣဝ၊ သွားသကဲ့သို့။ မစ္စု၊ ကရုဏာ

ကင်း ရှင်သေမင်းသည်။ အာဒါယ၊ မသက်ညှာဘဲ အပါဆွဲ၍။ ဂစ္ဆတိ၊ သွားလေ၏။ ဂစ္ဆတိ၊ သနားအောင်ချဉ်း ဘယ်လို ပင် ငြင်း သော် လည်း မသက်ညှာ ဖက်ပြိုင်မာန်ပြု အံတုခြင်းငှာလည်း မတတ်သာ သူခေါ်ရာ ဘဝစခန်းသို့ ကြွမြန်းလိုက်ပါရလေတော့သတည်း။

ဤဒေသနာတော်ကို မြတ်စွာဘုရားသည် ကိသာဂေါတမီ သတို့ သမီးကို အကြောင်းပြုပြီး ဟောတော်မူတဲ့ ဒေသနာတော်ဖြစ်ပေတယ်။

ဤဒေသနာတော်ရဲ့ အဓိပ္ပါယ် အကျဉ်း က တော့ သမီးသားနှင့် ကျွဲနွားဘဏ္ဍာ ရတနာအများတို့ကို စိတ်ဝင်စားပြီးတော့ အပျက်တရားကို မသိမမြင်တော့ဘဲ ဆင်ခြင်တဲ့အသိဉာဏ်ကလဲ ပစ္စည်းထဲမှာသာ အာရုံမြဲပြီး တရားလက်လွှတ်နေကြတဲ့ ပုဂ္ဂိုလ်တွေအတွက် သတိပေးပြီး ဆုံးမတော်မူဘဲ့ ဒေသနာတော်ဖြစ်ပါတယ်။

ဗုဒ္ဓုပ္ပါဒနဝမခေတ်ကြီးမှာကြုံပြီးတော့ တရားတော်တွေကို မကြာ မကြာ နာကြားရ ဗဟုသုတရှိသင့်သလောက် ရှိနေကြသော်လဲ "ပညာရှိ သတိဖြစ်ခဲ"ဆိုတဲ့အတိုင်း သတိမေ့လျော့ ခပ်ပေါ့ပေါ့ဖြစ်နေကြသူတွေကို အကြောင်း အား လျော် စွာ သတိပေးတရား ဟောကြားရခြင်းသာဖြစ် ပါတယ်။

အဲဒါကြောင့် သားသမီး အစရှိတဲ့ အခြွေအရံ အသင်းအပင်းတို့ အပေါ်မှာ အမြဲတမ်း အာရုံထားပြီးနေတဲ့ပုဂ္ဂိုလ်တွေ၊ ကျွဲနွားဆင်မြင်း အစရှိဟဲ့ ပစ္စည်းဥစ္စာတွေအပေါ်မှာသာ ပြင်းပြင်းပျပျ တွယ်တာငြိကပ် ပြီးနေတဲ့ ပုဂ္ဂိုလ်တွေ အဲဒီပုဂ္ဂိုလ်တွေဟာ တရားမတွေ့ အမေ့ကြီး မေ့နေ တဲ့ အဖြစ်မျိုးသို့ ရောက်နေကြပါတယ်။

ဤသို့ မေ့လျော့နေခိုက် အငိုက်ကိုဖမ်းလိုက်သလို ကတိုက်ကရိုက် အဘင်း သေမင်းဝင်ရောက်ပြီးဆွဲလိုက်ရင် မငြင်းသာမရှောင်သာ လိုက်ပါ ကာ သွားရမည်ကား မလွဲပေဘူးတဲ့။ ဥပမာဖြင့်ဆိုရသော် သက်မတော် ကိုက်မပေါ်ပါဘဲ အိပ်ပျော်နေတဲ့ လူတစုကို အဟုန်ထန်သီး ရေယဉ်ကြီး တိုက်မျှောသဖြင့် ကသောကမျော လိုက်ပါသွားရသလို-

သမီး၊သားများနှင့်ကျွဲ၊နွား၊ဘဏ္ဍာ၊ရတနာတို့ဖြင့် ပျော်မွေ့ တရား မေ့ပြီးနေခိုက် ကတိုက်ကရိုက်အလျင်အမြန် သေမင်းတပါကြရင် မဟန်တဲ့ ဘုံဌာန ဒုဂ္ဂတိဘဝသို့ကျသွားသော ကာလ နှောင်အခါမှ နောင်တ ရပြီး အကျိုးမပြီး ဖြစ်တတ်ပါတယ်တဲ့။ ထို့ကြောင့်....

တံ ပုတ္တပသုသမ္မတ္တံ၊
ဗျာသတ္တ မနသံ နရံ။
သုတ္တံ ဂါမံ မဟောဃောဝ၊
မစ္စု အာဒါယ ဂစ္ဆတိ။

(အနက်ရှေးအတိုင်းရွတ်ဆိုဟောကြားလေ)

ဤဒေသနာတော်အရ နောက်ဆုံးသေမင်းဆွဲမှာ ကတော့အမှန်မုချ ဖြစ်ဂလသောကြောင့် သေမင်း၏ထံ နိုင်ငံတပါး အရပ်ခြားသို့ မသွား မရောက်ကြရသေးမီ ဘဝကူးကောင်းကြဘို့ သုဂတိဘုံဌာန အဆင့်ဆင့်က တက်ပြီး ဒုက္ခဇာတ်သိမ်းနိုင်ကြဘို့ကို မမေ့သောသတိသမ္ပဇဉ်ဖြင့် ကုသိုလ် တရားကို လက်ကိုင်ထားမိအောင် ကြိုးစားကြပါလို့ မျှားစွာကိုက်တွန်း အပ်ပါသတည်း။

ဤနေရာ၌ သား,သမီးအပေါ်မှာသာ အာရုံကပ်ပြီး သကိလက် လွတ် ဖြစ်နေတဲ့ ကိသာဂေါတမီ သတို့သမီး အကြောင်းကို အကျဉ်းမျှ ဟောပြလိုပါတယ်။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်သည် သာဝတ္ထိပြည်ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် သာဝတ္ထိပြည်၌ ကုဋေလေးဆယ် ကြွယ်ဝသော သူဌေးတဦးရှိသတတ်။ ထိုသူဌေး၏ချွေးမကို ကြုံလှီပါးယား သောကိုယ် ရှိသည် အဖြစ် ကြောင့် ကိသာဂေါတမီလို့ ခေါ်ဝေါ်ကြ ပါတယ်။ ၎င်းကိသာဂေါတမီ သတို့သမီးမှာ သား ဦး ရတနာ ကလေး မွေးဖွား ပေါ်ပေါက်လာတဲ့ အခါကစပြီး မိမိသားကလေးအား ချစ်ခင် ယုယစွာဖြင့် အစွဲအလမ်းကြီးကြီးဖြင့် အချစ်ကြီးချစ်နေသတဲ့။

အဲတာလို ပုတ္တသိနေဟသဘော ချစ်တဲ့ဇောတွေက တဇောထဲစော ပြီးတော့ အတောမသတ်နိုင်အောင်ဖြစ်ပြီး တရားလက်လွတ် ၎က်တောင် ကျွတ်ပမာ သားပေါ်မှာသာ ချစ်စိတ်တွေမွှန်ပြီး အလွန်အကျွံဖြစ်နေတုန်း ဗြုန်းကနဲ လွှဲမရ ဖယ်မရ သားကလေးအား သေမင်း အဆွဲ ခံရပါရောတဲ့။ ဒီတော့ ဘေးကလူတွေက သေမှန်းသိတော့ ကလေးအလောင်းကိုတောင်း ဆိုပြီး သဂြိုဟ်ဘို့စီမံကြတာပေါ့။

ထိုအခါ ကိသာဂေါတမီ၏ သန္တာန်မှာ အဒိဋ္ဌမရဏသဘောဖြင့် သေခြင်းသဘောကို မမြင်မတွေ့ဘူးသေးတဲ့အနေဖြစ်သဖြင့် မိမိသားကလေးကို သေသည်ဟူ၍ပင်မထင် ဆေးကုလျှင်ပျောက်ကင်းဘို့အတွက် ရင်ခွင်မှာ အလောင်းကိုဖက်ပြီး ဆရာရှာထွက်လေသတဲ့။

အပိနု မေ ပုတ္တဿ ဘေသဇ္ဇံ ဇာနာထ။

မေ၊ ကျွန်တော်မ၏။ ပုတ္တဿ၊ နုနယ်သေးငယ်ကွေး ယုယစွာမွေးခဲ့ရတဲ့ သားကလေး၏။ ဝါ-နုနယ်သေးကွေးသားကလေးပျောက်ကင်းဘို့အတွက်။ ဘေသဇ္ဇံ၊ ဆေးကို။ ဇာနာထအပိနု၊ သိတော်မူကြပါကုန်သလော။ ဝါ-ဆေးကုတတ်လျှင် သည်ကလေးကို ဆေးပေးတော်မူကြပါ အရှင်တို့။

အဲတာလို ကလေးအတွက်ရတက်မရှင် ရှင်အုံးမည်အထင်နှင့် ရင်ခွင်မှာ အလောင်းပွေ့ပြီးတော့ ဆရာတွေ့အောင်ရှောက်ပြီး ရှာနေသတဲ့။

ထိုအခါ ပြည်သူပြည်သားလူအများကလဲ အော်....သည်ကလေးမဖြင့် အရူးထနေလေပြီ၊ မိမိသား သေနေတာတောင် သေမှန်းမသိ ရောက်မိရောက်ရာဆရာစစ်ပြီး သေတဲ့သူရှင်အောင်ဖြစ်ဘို့ ဘယ်ခေတ်က ဆေးရှိဘူးသလဲလို့ ပြောဆိုလမ်းလွှဲပြီး ကြဉ်ဖဲလို့ ရှောင်ကွင်းသွားကြသတဲ့။

ထိုအခါမှာ ပညာဉာဏ်ရှိ သတိကောင်းသူတယောက်က "ချစ်သမီး ငါတို့တော့ သင့်ကလေးပျောက်ဘို့အတွက် ဆေးချက်ကိုမသိကြဘူး၊ သိသူကိုတော့ ညွှန်ပြနိုင်ပါရဲ့"လို့ ပြောတော့ "ဘယ်သူပါလဲဘခင်"လို့ မေးတဲ့ အခါမှာ "မြတ်စွာဘုရားတော့ သိပါလေရဲ့၊ ဘုရားထံ သတို့သမီးသွား-ဘုရားအားလျှောက်-ကလေးပျောက်အောင် ပြောကြားပါလိမ့်မယ်" လို့ ပြောလိုက်သတဲ့။

သည်တော့ ကိသာဂေါတမီသည် အားပါးတရ ဆေးကောင်းဖြင့် ရတော့မယ်ဟု ကျောင်းတော်သို့အရောက်သွား ဘုရားထံချဉ်းကပ်ပြီးလျှင် "အရှင်မြတ်ဘုရား-တပည့်တော်မရဲ့ သားကလေး ရှင်ဖို့ဆေးကို အရှင်မြတ် သိပါသလားဘုရား"လို့ လျှောက်တော့ "ချစ်သမီး ငါဘုရားသိတယ်"လို့ အမိန့်ဟော် ရှိလိုက်လျှင်၊ "တာဖြင့် တပည့်တော်မ ဘာကို ရှာပေးရမလဲ ဘုရား၊ ဘာကို အလိုတော်ရှိပါသလဲ"လို့ လျှောက်ပြန်သတဲ့။ သည်တော့ ရှင်တော်မြတ်က "ချစ်သမီး....သားသေဘ်ဖူး-သမီးသေဘ်ဖူး မသေဘူးသေးတဲ့ အိမ်က မုံညင်းစေ့ တလက်ဆုပ်မျှလောက် ရှာခဲ့ပေတော့"လို့ အမိန့်ရှိလိုက်တယ်။

ထိုအခါ သားကလေးအတွက် ရတက်မအေး ပျောက်လိုရေးနဲ့ ကြံတွေးရှာမျှ မကြည့်၊ ဟုတ်၏ မဟုတ်၏ မယူဆ၊ ကလာပရုပ်အလောင်း ကလေးကို ရင်ခွင်မှာထွေးလို့မှီ အိမ်ပေါက်စေ့ရှောက်ခါ မေးတော့တာ ဘဲတဲ့။

အဲ-ဤကဲ့သို့ တအိမ်တက်ဆင်း မကြွင်းအောင်မေးလို့မှီ မုံညင်းစေ့ အရှာထွက်တဲ့အခါမှာ အလိုရှိတဲ့မုံညင်းစေ့ကိုတော့ရပါရဲ့ အသက်ရှင်သမျှ မသေဘူးသေးတဲ့ အိမ်ရယ်လို့ မတွေ့ရဘဲနဲ့ အချိန်ကုန်လှုပန်းပြီး ညချမ်း အခါသို့ ရောက်ပါရောတဲ့။

အဲသည်တော့မှ အရုဏ်ရောင်နှင့်အရံသင့်တွေ့ကာမှ ပွင့်ရှာတဲ့ပဒုမာ ကဲ့သို့ ရှောက်ရှောက်ပြီး မေးသမျှတို့မှာ ဆေးရဘို့မဟုတ်မူ၍ အရုဏ်ရောင် တည်းဟူသော အဖြေစကားတို့နှင့်ဉာဏ်အလားပဒုမာငုံတို့သည် တွေ့ဆုံကာ ပေါင်းမိပြီး သတိရဘို့ဖြစ်ပေါ်ရပါတယ်။

ထိုအခါကျမှ ကိသာဂေါတမီ သတို့သမီးသည်"အဟော ဘာရိယံ ကမ္မံ" ကမ္မံ၊သားယော်အမူ ရှင်အောင်ပြုဘို့ ယခုငါလုပ်သမျှ ငါ့ကိစ္စသည်။ အဟောဘာရိယံ၊ပေါ့ပေါ့မဟုတ် အလွန်လေးလံတဲ့ အလုပ်ကြီးပါတကား။ ဝါ-သေသောသူ ရှင်စေကြောင်းဖြင့် အော်....မလုပ်ကောင်းတဲ့အလုပ်ကြီး ဖြစ်ပါတော့သည်တကား။

ဤသို့ တရားသဘောကျကျ အမြင်မှန်ရလေတော့မှ သားကလေး အလောင်းကို တောစပ်မြေခင်း ချုံအတွင်းမှာ ပစ်သွင်း မြုပ်နှံခဲ့ပြီးသည် နောက် ဘုရားထံအရောက်သွားပြီး သင့်လျော်ရာအရပ်က ဆည်းကပ် ဝပ်တွားပြီး မြတ်စွာဘုရား မိန့်တော်မူမဲ့ တရားတော်ကိုသာ အာရုံပြုလျက် နေပေတယ်။

ထိုအခါ ဘုရားရှင်ကိုယ်တော်မြတ်က "ချစ်သမီး ကိသာဂေါတမီ သင်၏သား သာ သေသည်ဟူ၍ မမှတ်လေနဲ့၊ အသက်ရှင်သမျှ သေရခြင်း သာအမြဲဖြစ်ပေတယ်။ ရှောင်လွှဲမရ မရဏနိုင်ငံသို့ အမှန်ပင်နောက်ဆုံး လိုက်ပါရမည် ဖြစ်ပေသည်။ သားသမီးနှင့် ပစ္စည်းဘဏ္ဍာ ရတနာအတွက် အထွေထွေ အဖက်ဖက်ကို တပ်မက်ကာသတိပေါ့ပြီး မေ့လျော့ကာနေကြ ပါမူကား - အိပ်ပျော်တဲ့ လူအလုံးကို ရေဖုံး၍ မျှောလိုက်သလို ကသော ကမျောနှင့် မတွယ်မဆွဲအားကြဘဲ အပါယ်ရေသို့သာ လားဘို့ဖြစ်ကြလိမ့် မယ်လို့ ဟောတော်မူလို့၍....

တံ ပုတ္တ ပသုသမ္ပတ္တံ၊
ဗျာသတ္တ မနသံ နရံ။
သုတ္တံ ဂါမံ မဟောဃောဝ၊
မစ္စု အာဒါယ ဂစ္ဆတိ။
(ရှေးအတိုင်း အနက်ပေး ဟောပြောလေ။)

ဤဒေသနာတော်ကို ကြားနာကြရပါသဖြင့် မသေမီကာလ အသက်ရှိစဉ်အခါက အပ္ပမာဒ တရားအမြတ်ကို အထပ်ထပ် ဆင်ခြင်ကြပြီးလျှင် ဇာတိကုန်ခန်း နိဗ္ဗာန်နန်းအကျ ရောက်သမျှဘဝအဆက်ဆက်မှာ မပျက်မကွက် သုံးဆောင်ကြဘို့ ယူငင်သွားနိုင်တဲ့ပစ္စည်းကတော့ ကုသိုလ်-အကုသိုလ် စေတနာတွေသာဖြစ်ပါတယ်တဲ့။

ကုသလာ ကုသလမေဝ ဟိ သတ္တာ အာဒါယ ဂစ္ဆန္တိ။

ဟိ၊ ယူငင်သွားရမဲ့ပစ္စည်းကို ပြဆိုပေအံ့။ သတ္တာ၊ ပုပ္ပုရှရှ မြင်သမျှ များစွာသတ္တဝါတို့သည်။ ကုသလာ ကုသလမေဝ၊ ပြုသမျှတရား ကုသိုလ်-အကုသိုလ်နှစ်ပါးကိုသာလျှင်။ အာဒါယ၊ မကွဲမကွာ အရိပ်ပမာတွဲ အပါဆွဲ၍။ ဂစ္ဆန္တိ၊ သွားကြကုန်၏။

ဤဒေသနာတော်အရ သတိရကြပါသဖြင့် အပါခေါ်တွဲပြီး ဆွဲငင်လို့မရ မိမိနောက်သို့ မလိုက်ပါနိုင်ကြတဲ့ သားသမီးအစ များလှ ဘဏ္ဍာ ရတနာ့ရွှေငွေ အထွေထွေ၌သာ တွယ်တာပြီး မနေကြဘဲ အရိပ်ပမာ သွားလေရာအတူတွဲပြီး မခွဲဘဲလိုက်ပါနိုင်တဲ့ ကုသိုလ်အများ ကောင်းသော တရားများကိုသာ ကြိုးစားအားထုတ် ပြုလုပ်ဆောင်ရွက်နိုင်ကြပါစေကုန်သတည်း။

မရဏာနုဿတိကထာ ပြီး၏။

## နပေဘ အရဟာတော ဇေယျတု
## (၅၂) ပရဏာ နုသတိကထာ

အကတံ ဒုက္ကဋံ သေယျော၊
ပစ္ဆာ တပ္ပတိ ဒုက္ကဋံ။
ကတဉ္စ သုကတံ သေယျော၊
ယံ ကတွာ နာနုတပ္ပတိ။

ဒုက္ကဋံ၊ အပါယ်လားကြောင်း မကောင်းသောအမှုကို။ အကတံ၊ မပြုလုပ်ခြင်းသည်။ သေယျော၊ တင့်တယ်လျောက်ပတ် ကောင်းမြတ်သည် သာတည်း။ ဒုက္ကဋံ၊ဒုစရိုက်မျိုး မကောင်းသောအမှုဆိုးသည်။ ပစ္ဆာတပ္ပတိ၊ နောင်ခါနောင်တ ရချည်းရ၍ ကြောင့်ကြပူပန်ရ၏။ သုကတံ၊ကောင်းစွာ ပြုစု သုစရိုက်မှုကို။ ကတံ၊ ပြုလုပ်ခြင်းသည်။ သေယျော၊ မျက်မှောက်နှင့် သံသရာ အရာရာအကူးအစပ် ထူးမြတ်သောတရားမျိုးဖြစ်ပါပေ၏။ ယံကမ္မံ၊ အကြင်အမှုကို။ ကတွာ၊ပြုလုပ်ကျင့်ကြံ၍။ နာနုတပ္ပတိ၊ စိုးရိမ်ကြောင့်ကြ မပူပန်ရပေ။ တံကမ္မံ၊ မပူပန်ရ ထိုအကျင့်ဓမ္မသည်။ ဝရံ၊ ကောင်းမြတ်လှ ပေ၏။ ဝါ-ယခုဘဝမှာလဲအပြစ်မထင် နောင်သံသရာခွင်မှာလဲအကျိုးလှ အမျိုးမျိုးအစစ အပေါင်းသုံးကြဘို့ အကောင်းဆုံးသောတရား ဖြစ်ပါ တော့သတည်း။

ဤဒေသနာတော်၏အဓိပ္ပါယ်အကျဉ်းကတော့-အကုသိုလ်ဒုစရိုက် အမှုကို မပြုမလုပ်မူ၍ ရှောင်ကြဉ်ကြပါ၊ အကုသိုလ်အမှုဆိုတာ နောင်တ တဖန် ပူပန်ရတတ်ပါတယ်တဲ့။ ထို့မှတပါး ကောင်းသောကုသိုလ်တရားကို တော့ ပြုလုပ်ကြ-အားထုတ်ကြပါ၊ ကောင်းသော ကုသိုလ်ဒါလုပ်ဆိုတာ- နောင်တတဖန် ပူပန်စရာမရှိပါဘူးလို့ ဟောတော်မူလိုရင်း ဖြစ်ပေတယ်။

အနည်းငယ်မျှ အကျယ်ဝေဘန်ပြီး ဟောပြပါအုံးမယ်.... ပုပ္ပရွှ မြင်သမျှများစွာ သတ္တဝါအနန္တ ဟူသမျှတို့သည် ပဋိသန္ဓေနေရခြင်းဇာတိ အရင်းခံရှိကြသဖြင့် "ဇာတိပစ္စယာ ဇရာမရဏံ" ဆိုသည့်အတိုင်း လွဲဖယ်သို့ မရတဲ့ ဇရာမရဏဘေးကို မုချတွေ့ကြုံကြရပါလိမ့်မယ်။

အဲ-ဤကဲ့သို့ ဆံဖြူသွားကျိုး အမျိုးမျိုး ထိုင်းမှိုင်းပြီး ခါကိုင်းလေးလံ မဟန်နိုင်တဲ့အရွယ် ရောက်တဲ့အခါမှာ ဖြစ်စေ၊ သို့တည်းမဟုတ် သေရမည့်ဆဲဆဲ သေခါနီးမရဏာသန္န ရောက်တဲ့အခါမှာ ဖြစ်စေ၊ ခလုပ်ထိမှ အမိတဆိုတဲ့ စကားပုံအတိုင်း ထိုအခါမျိုးကျမှ နောင်တကြီးစွာ ရတတ်ပါတယ်ဘဲ့၊ သည်နေရာမှာ နောင်တကြီးစွာ ရတယ်ဆိုတာက အကုသိုလ် ဒုစရိုက်မှုတွေများတဲ့ ပုဂ္ဂိုလ်တွေကို ဆိုလိုပါတယ်။ သုစရိုက်ကုသိုလ်တရား အားထားစရာရှိတဲ့ ပုဂ္ဂိုလ်များကတော့ပူပန်စရာ မရှိတော့ဘူးပေါ့။

ထို့ကြောင့် - ဒုက္ကဋံ၊ ဒုစရိုက်မျိုး မကောင်းသောအမှုဆိုးသည်။ ပစ္ဆာတပ္ပတိ၊ နောက်ခါနောင်တ ရချည်းရ၍ ကြောင့်ကြပူပန်ရ၏။ သုကတံ၊ ကောင်းစွာပြုစု သုစရိုက်အမှုသည်။ နာနုတပ္ပတိ၊ စိုးရိမ်ကြောင့်ကြ မပူပန်ရပေ။

ဤနေရာ၌ နောင်တကြီးစွာရပြီး ပူပန်ရတယ်ဆိုတဲ့စကားဟာ အကြောင်းမပေါ်သေးတဲ့အခါမှာတော့ မထင်ရှား မသိသာသေးသဖြင့် အချို့ပုဂ္ဂိုလ်များကတော့ ယုံချင်မှ ယုံကြလိမ့်မယ်။ ကျိန်းသေတွေ့ကြုံရမဲ့ အဖြစ်မျိုး ရှောင်လို့မရတဲ့ အခါမျိုးကို သတိသံဝေဂဉာဏ် ရကြစေရန် ဤနေရာမှာ ဝေဘန်ပြီး ဟောပြပါအုံးမယ်။

သတ္တဝါတို့သန္တာန်မှာ အကျိုးပေးဘို့ရာ ကံတရားဟာ အစီအစဉ်အားဖြင့် လေးပါးရှိပါတယ်။ အဲဒီအစဉ်ကို "ပါကဒါန ပရိယာယ"ခေါ်တယ်၊ ၎င်းလေးပါးက ဘယ်လိုပါလဲဆိုတော့....

(၁) ဂရုကံ၊
(၂) အာသန္နကံ၊
(၃) အာစိဏ္ဏကံ၊
(၄) ကဋတ္တာကံ။

ဤသို့အားဖြင့် လေးပါးရှိပါတယ်။

ယင်းကံလေးပါးအနက် အကုသိုလ်ဘက်က အနန္တရိယကံငါးပါးနဲ့ နိယတမိစ္ဆာဒိဋ္ဌိကံမျိုး။ကုသိုလ်ဘက်ကဆိုရင်တော့မဟဂ္ဂုတ်,လောကုတ္တရာကံမျိုးပေါ့။ ၎င်းကံမျိုးကို အားထုတ်ပြုလုပ်ထားတဲ့ ပုဂ္ဂိုလ်များမှာတော့ ကျိန်းသေ ဒုတိယဘဝမှာ မုချ အကျိုးကို ခံစားဘို့ မလွဲတော့ဘူးလို့ မှတ်ရမယ်။

အာသန္နကံဆိုတာက စုတေပျက်ကြွေ မသေသေးမီ သေခါနီး ကာလမှာ ဖြစ်ပေါ်တဲ့ကံမျိုးကို ဆိုပါတယ်။ သတ္တဝါတို့သန္တာန်မှာ ခုတင်ကပြောခဲ့တဲ့ "ဂရုကံ" မရှိရင် ၎င်းအာသန္နကံက အကျိုးပေးမှာ ဖြစ်တော့ အဲဒီအာသန္နကံဟာ အလွန်အရေးကြီးပါတယ်တဲ့။

မရဏာသန္နခေါ်တဲ့ သေကာနီးအခါ မရောက်မီ အသက်ဝိညာဉ် ရှိစဉ်အခါက မကောင်းကဲ့ဒုစရိုက်အမှုတွေ ပြုလုပ်မိခဲ့တာ များလာကြရင် သေခါနီးအခါမှာ နောင်တကြီးစွာရပြီးတော့ ပြင်းပျစွာ စိုးရိမ်ရ ပူပန်ရ တတ်ပါတယ်။ ဒီလိုအခါမျိုးကတော့ ဘယ်သူမှ လွှဲဖယ်လို့မရ ကျိန်းသေ တွေ့ရမှာ မုချပါဘဲတဲ့။ ဤကဲ့သို့ ဒုစရိုက်မှုတွေများခဲ့လို့ သေကာနီးအခါ မှာ ပူပန်ရတဲ့ သာဓကတခုကို အကျဉ်းမျှ ထုတ်ဖော်ပြခဲ့ပါအုံးမယ်။

သေဏာတောင်ခြေဝယ် သောဏာအမည်ရှိတဲ့ မထေရ်မြတ်၏ ဘခင် ပုဏ္ဏားကြီးဟာ သားသမင်တွေကို သတ်ဖြတ်တဲ့ အကုသိုလ် ဒုစရိုက်အမှု တွေကို တသက်လုံး အားထုတ်နေတာဖြစ်တော့ သားမထေရ်မြတ်က စောင့်ရှောက်လိုသောအားဖြင့် ကျောင်းကိုခေါ်ပြီးတော့ သင်္ကန်းဝတ် ပေးထားသတဲ့။

တနေ့သောအခါ ဘခင်ရဟန်းကြီးသည် သေရာညောင်စောင်း၌ လျောင်းစက်၍ မရဏာသန္နအခါ နီးလာတော့ကာ ခွေးကြီးတို့သည် မိမိ အား လာ၍ ကိုက်တော့မဲ့ဟန် ချီတော့မဲ့ဟန်ဖြင့် မကောင်းတဲ့ နိမိတ် တွေ ထင်လာတော့ "ချစ်သားသောဏာ ငါ့ကို ကယ်ပါ-ယူပါ-စောင့်ရှောက် ပါ၊ ငါ့အား ခွေးကြီးတို့သည် ကိုက်တော့မည်....ချီတော့မည်" ဟု အပူ တပြင်း လွန်လွန်မင်းမင်း ကြောက်လှသဖြင့် ချုံးချငိုကြွေး အလွန့်အလွန် ပူဆွေးရတော့တယ်တဲ့။

အဲသည်အရာကိုကြည့်ကြစမ်း၊နောက်ဆုံး စုတေခါနီး မရဏာသန္န အခါဆိုတာက ဘယ်သူမှ လွှဲဖယ်လို့မရပါဘူး ကျိန်းသေ ရောက်ကြရပါ လိမ့်မယ်။ ဤကဲ့သို့ ရောက်တဲ့အခါမှာ အကုသိုလ်များခဲ့တဲ့ ပုဂ္ဂိုလ်တွေ ကတော့ "ကိုယ့်အတတ်နဲ့ ကိုယ်စူး" ဆိုတာလို ကိုယ်ပြုခဲ့တဲ့ အကုသိုလ်ကံက နှိပ်စက်လာတော့ ကယ်ပါယူပါ တစာစာနှင့် ဗျာပါသောက ဒုက္ခမအေး ပူဆွေးရတဲ့အဖြစ်နဲ့သာ တွေ့ကြုံရပါတယ်လို့ သတိသံဝေဂ ယူကြပါ။

အဲတာလို ဘခင်ရဟန်းကြီး ငိုမြည်တမ်းတဲ့ အသံ ကြား ရတော့ သားသောဏမထေရ်မြတ်က ငါ၏ဘခင်ကြီးတော့ မကောင်းတဲ့နိမိတ်တွေ ထင်ရလေပြီ၊ ငါ၏မျက် မှောက် တွင် ဂတိတိမ်းပါးပြီး ချွတ်ချော် မသွားရအောင် ကယ်ဆယ်မှု ဖြစ်တော့မည်ဟု စဉ်းစားပြီးတော့ ညောင်စောင်းနှင့်တကွ ဘခင်ရဟန်းကြီးကို စေတီတော် ရင်ပြင်အရောက် ရွှေ့ပြီး သကာလ သာမဏေများအား ပန်း-ဆီမီး အစရှိတဲ့ ပူဇော်ဘွယ်ဝတ္ထုများကို ယူစေ၍ ပူဇော်လှူဒါန်းစေပြီးလျှင်....

"ဘခင် ရဟန်းကြီး....၊ သင်၏မျက်မှောက်မှာရှိတဲ့ စေတီတော်ကို ဟောဒီ ပန်း-ဆီမီး အစရှိတဲ့ လှူဘွယ် ဝတ္ထု တွေ နဲ့ မြတ်စွာ ဘု ရား အား ရည်မှန်း၍လှူဒါန်းပူဇော်ပါ၊ ဖူးမျှော်ကန်တော့ပါ၊သင်ဘခင်အတွက်စီမံ၍ထားပါတယ်" လို့ ကလျာဏမိတ္တဖြစ်တဲ့ သားမထေရ်မြတ်က တိုက်တွန်းပေးလိုက်တယ်။

တိုက်တွန်းလိုက်တဲ့ အ တိုင်း ဘဲ ရ ဟန်း ကြီး သည် ကောင်း သော မနသိကာရဖြင့် မြတ်စွာဘုရားအား အာ ရုံ ပြု လိုက် တာ နဲ့ တ ပြိုင် နက်၊ မကောင်းတဲ့ နိရယ နိမိတ်တွေ ပျောက်ပြီး ကောင်းသောသူတို့၏ လားရာဌာန သုဂတိဘဝသို့ ရောက်ကြောင်း နိမိတ်ကောင်းတွေထင်လာပြီးတော့ ၎င်းရဟန်းကြီးဟာ ဘဝကူးကောင်းသွားရတယ်ဆိုတဲ့သာဓကကို ကျမ်းဂန်များမှာ အမိန့်ရှိတော်မူကြပါတယ်။

အဲဒီနေရာမှာ ကြည့်ကြဦးတော့၊ သေ ခါ နီး ကာ လ မရဏာသန္န အခါမှာ ပြုလုပ်အပ် ဆည်းပူးအပ်တဲ့ "အာသန္နကံ" ဆိုတာ ဘယ်လောက် အရေးကြီးပါသလဲဆိုတော့ ဘ ဝ တ ပါး အကူးအပြောင်းကို ၎င်းကံက ဖန်တီးပေးလိုက်တာ ဖြစ်ပေတယ်လို့ မှတ်ကြရမယ်။

သီဟိုဠ်ကျွန်း မခုရင်္ဂဏရွာ၌ တံခါးစောင့် ယောကျ်ားတယောက်သည် အနှစ်ငါးဆယ်တို့ပတ်လုံး ပါဏာတိပါတကံဖြင့်သာ အသက်မွေးမှုဝမ်းတကွာကို ပြုစုပြီး မကောင်းမှုကိုသာ အားထုတ်လျက်နေခဲ့ရာ သေခါနီး ကာလ ရောက်ခဲ့လေသော် ဂိရိဝိဟာရ၌ သီတင်းသုံး နေတော်မူသော စူဠပိဏ္ဍပါတိက ထေရ်မြတ်က ဤဒါယကာသည် ငါမြင်လျက် - သိလျက်ပင် မျက်မှောက်တွင်ဖြစ်သည်အတွက် မပျက်စီးပါစေလင့်ဟု ကရုဏာစိတ်ဓာတ် လှုံ့ဆော်အပ်ပါသောကြောင့် ဒါယကာ၏အပါးသို့ ကြွသွားတော်

မူပြီးလျှင်- "ဒါယကာ....သီလခံယူဆောက်တည်ပါ"ဟု တိုက်တွန်းတော်မူရှာတယ်။

သည်တော့- ဒါယကာကလဲ "ပေးသနားတော်မူပါဘုရား...."ဟု လျှောက်ထား၍ ပေးသနားတော်မူသောကာလ သရဏဂုံ မျှ လောက်ကို သာ ယူနိုင်ပြီးလျှင် မ ့ပီ မပြင် ရွတ် ဆို ချင် သော် လဲ မရ မြွက်ဟတို့ မပိုင် မဆိုနိုင် မရွတ်နိုင်ဖြစ်နေသတဲ့။

ထိုအခါကာလ မထေရ်မြတ်ကလဲ သရဏဂုံမျှဆောက်တည်နိုင်လျှင်လဲ အကျိုးရှိနိုင်ပါပြီဟု ပြန်ကြွတော်မူ၍ မကြာမြင့်မီပင် စုတေပျက်ကြွေ သေလွန်လေလျှင် သေခါနီးကာလဝယ် အားထုတ်အပ်သော သရဏဂမန ကုသိုလ်ကံကြောင့် သုဂတိချမ်းသာ နတ်ရွာနတ်နန်းသို့ ပြောင်းကြွ စံမြန်း ရကြောင်းကို ကျမ်းဂန်၌ ညွှန်ပြတော်မူကြပါတယ်။

အဲ-ဤကဲ့သို့ ကျိန်းသေရောက်ကြရ တွေ့ကြုံကြရမဲ့ မရဏာသန္နအခါ ဆိုတာ ဘယ်သူမှ လွန်ဆန်လို့မရပါဘူး။ အဲ ဒီ မ ရ ဏာ သန္န အ ခါ မျိုး သေခါနီးကာလမှာ အားထုတ်အပ် ပြုလုပ်အပ်တဲ့ အာသန္နကံ အရေးအခွင့် ကြုံလာကြရင် အကုသိုလ်မှု ပြုလာကြတဲ့ သူတွေကတော့ အားကိုးစရာမရှိ တော့သဖြင့် ပူပန်ကြရတော့တယ်။ အားကိုးစရာ ကုသိုလ်စေတနာတွေ ရှိကြရင်တော့ ပူပန်ဘို့ မရှိတော့ပါဘူး။

ထို့ကြောင့် မရဏာသန္နအခါ မရောက်မီ နောင်တပူဆွေး ငိုကြွေး ပူပန်ရမဲ့ အကုသိုလ်အမှုတွေကို ကြဉ်ဖယ် တကယ်အားထားရ မပူပန်ရမဲ့ ကုသိုလ်တရားတွေကိုသာ ကြိုးစားလုံ့လ ဥဿာဟဖြင့် အားထုတ်ကြိုးကုတ် ပြုလုပ်ကြစေလိုကြောင်းဖြင့် ထပ်လောင်း၍ သတိပေးလိုက်ရသည် ဖြစ်ပါ သတည်း။

အကတံ ဒုက္ကဋံ သေယျော၊
ပစ္ဆာ တပ္ပတိ ဒုက္ကဋံ။
ကတဉ္စ သုကတံ သေယျော၊
ယံ ကတွာ နာနုတပ္ပတိ။

(အနက်ကို ရှေးအတိုင်း ရွတ်ဆိုဟောပြော၍ အဘိဓမ္မာတပ် အဆုံး သတ်လေ။)

**မရဏာနုဿတိကထာ ပြီး၏။**

# ပဉ္စမပိုင်း

★

## အထွေထွေပက်ကတ္တာက ဒေသနာတော်များနှင့် နောက်ဆုံး အက္ခရာဝလိ ကျမ်းညွှန်း

●

## နမော သက္ကျသီဟဿ ဇေယျတု

## (၅၃) သောတာနုဂတ သုတ္တန် ဒေသနာတော်

လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ကိုးကွယ်ရာစင်စစ်ဖြစ်တော်မူသောကြောင့် လောကနာထဂုဏ်တော်ဖြင့် ထင်ပေါ်ကျော်ကြားတော်မူသော ဗုဒ္ဓရှင်တော်မြတ်သည် လေးဆယ့်ငါးဝါကာလပတ်လုံး ဗောဓနေယျ သတ္တဝါအပေါင်းတို့အား ကယ်ဆယ်စောင့်ရှောက် နိဗ္ဗာန်ရောက်အောင် ပို့ဆောင်ကယ်တင်လိုသော မဟာကရုဏာတော်မြတ်ဖြင့် နေ့မအား-ညဥ့်မလပ်အောင် မပြတ်သုံးသပ်ပြီး အထပ်ထပ်ညွှန်ကြား၍ ဩဝါဒ ပေးသနားတော်မူခဲ့သော တရားဓမ္မက္ခန္ဓာတော်များသည်ကား-

ဝိမုတ္တိရသ အားဖြင့် တပါး၊
ဓမ္မဝိနယအားဖြင့် နှစ်ပါး၊
ပိဋကအားဖြင့် သုံးသွယ်၊
နိကာယ်အားဖြင့် ငါးဖြာ၊
အင်္ဂါအားဖြစ် ကိုးတန်၊
ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင်-

များမြောင်လှစွာသော ဒေသနာအမယ်မယ်တို့ကို ကျယ်ကျယ်ပြန့်ပြန့် ဟောကြားတော်မူရခြင်းရဲ့အကြောင်းကို ကောင်းကောင်းချည်း သိဘို့လိုကြလိမ့်မယ်။

ဒို့ရှင်တော်ဘုရားရဲ့ တရားတော်တွေဟာ ဒါလောက်တောင် ဘာကြောင့် များပြားရသလဲ၊ ပွင့်တော်မူသွားကြတဲ့ ဘုရားရှင်တိုင်းဘဲ ဤကဲ့သို့တရားတော်များကို ကျယ်ကျယ်ပြန့်ပြန့် အများကြီးဘဲ ဟောသွားတော်မူကြသလားလို့ မေးကောင်း - သိကောင်းတဲ့ အရာဖြစ်လို့ တရားချီး ဘနေနဲ့ အမေးထုတ်ပြီး အဖြေကို နာယူမှတ်သားကြပေတော့။

> တေသံ ကိရ ကာလေ ဒီဃာယုကာ သတ္တာ အပ္ပရဇက္ခာ အဟေသုံ၊ တေ စတုသစ္စ ပဋိသံယုတ္တံ ကေဂါထမ္ပိ သုတွာ ဓမ္မံ အဘိသမေန္တိ၊ တသ္မာ န ဝိတ္ထာရေန ဓမ္မံ ဒေသေသုံ၊ တေနေဝ ကာရဏေန အပ္ပကဉ္စ နေသံ အဟောသိ သုတ္တံ။

တေသံ၊ ထိုသက်တော်ကြာရှည် တည်နေသီတင်းသုံးတော်မူရသော ဘုရားရှင်တို့၏။ ကာလေ၊ လက်ထက်တော်၌။ ဒီဃာယုကာ၊ အသက်ရှည်ကြကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ အပ္ပရဇက္ခာ၊ ကိလေသာတည်း

ဟူသော မြူ နည်းပါးကုန်သည့်။ အပေဟသုံ၊ ဖြစ်ကုန်ပြီ။ တေ၊ ထိုသတ္တဝါ တို့သည်။ စတုသစ္စ ပဋိသံယုတ္တံ၊ သစ္စာလေးပါးနှင့်စပ်သော။ ဧကဂါထမ္ပိ၊ တဂါထာလောက်ကိုလည်း။ သုတွာ၊ ကြားနာရသည်ရှိသော်။ ဓမ္မံအတိ သမေန္တိ၊ အကျွတ်တရား ရကြကုန်၏။ တသ္မာ၊ ထိုကြောင့်။ ဝိတ္ထာရေန၊ အကျယ်အားဖြင့်။ ဓမ္မံ၊ တရားတော်ကို။နဒေသေသုံ၊ ဟောတော်မမူရကုန်။ တေနေဝ ကာရဏေန၊ ထိုကြောင့်သာလျှင်။ နေသံ၊ ထိုသက်တော်ရှည် ဘုရားရှင်တို့၏။ သုတ္တံ၊ သုတ်ဟုခေါ်မြတ် တရားမြတ်သည်။ အပ္ပကဥ္စ၊ နည်းပါးသည်သာလျှင်။ အပေဟာသိ၊ ဖြစ်ပြီ။

၎င်းဒေသနာတော်အရ သက် တမ်း ရှည် တဲ့ ကာလမှာ ဖြစ်ထွန်းတဲ့ သတ္တဝါတွေရဲ့သန္တာန်မှာ ပညာမျက်စိမှာ ကိလေသာမြူက နည်းလေတော့ သစ္စာလေးပါးနဲ့ စပ်တဲ့ တ ဂါထာ လောက် ဟောကြားလိုက်တယ်ဆိုရင် ပိုင်ပိုင်ချည်း အသိဉာဏ်ပွင့်ပြီးတော့ အကျွတ်တရား ရ လွယ် ကြ ပါ တယ်။ ဒါကြောင့် ထိုအခါမျိုးမှာ ပွင့်တော်မူတဲ့ သက်တော်ရှည် ဘုရားကိုယ်တော် များဟာ တရားတော်တွေကို အကျယ်ဟောတော်မမူကြရဘူး။ အဲဒီကာလ မျိုးမှာတော့ ဓမ္မက္ခန္ဓာ တရားတော်များဟာ အနဲအကျဉ်းသာရှိပြီးတော့ ယခုအခါလို ကျယ်ကျယ်များများ မရှိပါဘူးတဲ့။

ဘုန်းကြီးများရဲ့ ကိုးကွယ်ရာဖြစ်တော်မူတဲ့ ရှင်တော်ဘုရားကတော့ သက်တမ်းတိုဘဲ့ ရာတမ်းခေတ်မှာသာ ပွင့်တော်မူရတယ်။ သတ္တဝါတွေ ကလဲ ကိလေသာမြူပွား အပိတ်အဖုံးများကြတော့ သိနိုင်အောင်-နားလည် နိုင်အောင် လူတွေရဲ့အလိုကိုကြည့်ပြီးတော့ တရားတော်တွေကို အကျယ် ဟောပြောတော်မူရတာဖြစ်တော့ ဘုန်းကြီးများရဲ့ သာသနာတော်ခေတ် ဟာ တရားတော်တွေ အမျိုးမျိုးအစားစား များပြားတဲ့ခေတ်ကြီးဖြစ်နေရ တာပေါ့။ ထို့ကြောင့်-

အမှာကံ ဘဂဝါ မဟာသမုဒ္ဒံ ပူရယမာနော ဝိယ ဝိတ္ထာရေန ဓမ္မံ ဒေသေသိ။

အမှာကံ၊ ငါတို့၏။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ မဟာသမုဒ္ဒံ၊ ယူဇနာပေါင်းများစွာ အလွန်ကျယ်ဝန်းလှတဲ့ သမုဒ္ဒရာကြီးကို။ ပူရယမာ နောဝိယ၊ ပြည့်အောင်ဖြည့်ရသကဲ့သို့။ ဝိတ္ထာရေန၊ ကျယ်ကျယ်ပြန့်ပြန့် အားဖြင့်။ ဓမ္မံ၊ တ ရား တော် ကို။ ဒေသေသိ၊ ဟော ဖော် မြွက် ကြား ၍ အများကြီး ထားတော်မူခဲ့ရှလေပြီ။

အဲတာလို အဝိဇ္ဇာမောဟ အားကြီးလှတဲ့သတ္တဝါတွေအား သနား တော်မူတဲ့ မဟာကရုဏာတော်စိတ်ခေတ်ဖြင့် လေး ဆယ့်ငါး ဝါကာလ ပတ်လုံး မနေမနား ဟောကြား ညွှန်ပြ နည်းလမ်းပေးခဲ့ရတာဖြစ်တော့ ဗုဒ္ဓရှင်တော်ဘုရားရဲ့တရားတော်ဟာ အလွန်ကျယ်ဝန်း ပြီးတော့ နည်းနာ နယတွေ အလွန်များပြားနေတော့တာပေါ့။

ထို့ပြင်လဲတရားဒေသနာတော်တွေအလွန်များပြားရတဲ့အကြောင်း ကို တနည်းတင်ပြပြီးတော့ ဟောကြားပါအုံးမယ်။

ဒွေ ပိ နာမ သတ္တာ ဧကစ္ဆန္ဒာ ဧကဇ္ဈာသယာ ဒုလ္လဘာ လောကသ္မိံ။

ဧကဇ္ဈာသယာ၊ အလိုဆန္ဒ အဇ္ဈာသယတူညီကြကုန်သော။ ဒွေပိ နာမ သတ္တာ၊ နှစ်ယောက်သော ပုဂ္ဂိုလ်တို့ မည်ကုန်သည်။ လောကသ္မိံ၊ လောက၌။ ဒုလ္လဘာ၊ ရနိုင်ခဲ တွေ့နိုင်ခဲကုန်၏။

၎င်းဒေသနာတော်ကပြသလို လောကမှာ အလိုဆန္ဒတူတဲ့ ပုဂ္ဂိုလ် နှစ်ယောက်မရှိနိုင်ဘူးဘဲ့။ တယောက်က ထ,လိုရင် တယောက်က ထိုင်ချင် လိမ့်မယ်။ တယောက်က အချိုကြိုက်ရင် တယောက်က အချဉ်ကြိုက်လိမ့် မယ်။

ဤကဲ့သို့ တဦးနဲ့တဦး အလိုမတူ အကြိုက်မတူ ပုဂ္ဂိုလ်တွေ များနေ တော့ ပုဂ္ဂိုလ်အလိုက် စရိုက်ကို ကြည့်ပြီး ဒေသနာတော်တွေကို အဖုံဖုံ အမယ်မယ် အသွယ်သွယ်ဟောနေရတော့ ဗုဒ္ဓရှင်တော်မြတ်ရဲ့ တရားတော် များဟာ အများကြီး ကျယ်ပြန့်များပြားခြင်း ဖြစ်ရတာပေါ့။ ယခုဟောခဲ့ တာက ရှင်တော်ဘုရားရဲ့ တရားတော်များဟာ ကျယ်ဝန်း များပြားရတဲ့ အကြောင်းကို နားလည်မှတ်သားကြဘို့ အကြောင်းပြခဲ့ခြင်း ဖြစ်ပေတယ်။

ဤကဲ့သို့ ဒေသနာတော်တွေက ကျယ်ဝန်း များ ပြား နေတော့ ဒေသကဖြစ်တဲ့ တရားဟော ပုဂ္ဂိုလ်တွေကလဲ ကိုယ့်စရိုက် - ကိုယ့်အကြိုက် ကိုယ့်အာသနဲ့ဆိုသလိုဘဲ အမျိုးမျိုးနည်းလမ်းပေးပြီးတော့ ဟောကြပြောကြ ကြဝါဒပေးတော်မူကြပါတယ်။

ဘယ်နည်းလမ်းက မှန်သို့ ဘယ်တရားကို အားကုတ်ရမလဲ၊ ဘယ် အယူက အစစ်အမှန်ဖြစ်သို့ ဘယ်လိုကျင့်မှ တရားထူးကိုရနိုင်မလဲ။ အဲဒါလို တချို့ပုဂ္ဂိုလ်တွေလဲ တရားတော်ကျင့်ကြံရေးမှာ ခပ်ထွေး ထွေး ဖြစ်နေကြ ပေတယ်။

ဒကာတယောက် ညည်းညူသံကို ကိုယ်တွေ့ကြားဘူးလို့ ဒီစကားကို ပြောရပါတယ်။ အဲဒီဒကာ ညည်းညူပုံက "အရှင်ဘုရား- ဓမ္မကထိကပုဂ္ဂိုလ်တွေကလဲ တဦးလာ တမျိုးဟော၊ တမျိုးလမ်းပြကြပါတယ်။ ရိပ်သာတွေကလဲ တဝါဒစီဖြစ်၊ စာအုပ်တွေကလဲ နည်းလမ်း အမျိုးမျိုး ရေး ထုတ်၊ တပည့်တော်ဖြင့် မျက်စိလယ်နေပါပြီ၊ ဘာကို အမှန်ယူရမလဲ မသိတော့ပါဘူး" လို့ ညည်းညူသံ ကြားဘူးရပါတယ်။

ရှင်တော်ဘုရားရဲ့ တရားတော်တွေကလဲ များပြား၊

ဟောကြားတဲ့ပုဂ္ဂိုလ်တွေကလဲ ကိုယ့်အကြိုက် ကိုယ့်ဝါဒကို ညွှန်ပြ၊

ဘာဝနာလမ်းတွေကလဲ တဝါဒစီ စည်းကမ်းချနေကြတော့ အတိအကျ နည်းယူဘို့ ခက်နေကြတယ်၊ သို့အတွက် ညည်းမယ်ဆိုလဲ ညည်းစရာဖြစ်နေကြတာပေါ့လေ။

အဲတာလို ထွေးစရာ ရှုပ်စရာ ဝေခွဲလို့မရတာတွေကို အတိအကျယူဆတတ်အောင် နည်းကောင်း-နည်းမှန်များကို ထုတ်ဖော်ပြဘို့အတွက် ဤဒေသနာတော်ကို ဟောရခြင်းဖြစ်ပေတယ်။

အကျဉ်းချုပ် ရှေးဦးစွာ မှတ်သားရမှာက နည်းလမ်းတွေ ဘယ်လောက်ပဲများများ ဘုရားဟော ဒေသနာတော်နဲ့ ကိုက်ညီတဲ့ နည်းလမ်းဖြစ်ပါက မှန်ကန်တဲ့တရားချည်းဘဲလို့ မှတ်ယူရမယ်။

နဲနဲခဲ့ျပြီး သိဘို့ရာကတော့ မိမိဉာဏ်မမှီလို့ (သို့မဟုတ်) မိမိအလိုအဇ္ဈာသယနဲ့ မတိုက်ဆိုင်လို့ မပေါ်လွင်တာ မသိတာ နားမလယ်တာနဲ့ ဒီနည်းလမ်းတွေဟာ မမှန်ကန်ပါဘူးလို့ ငြင်းပယ်ဘို့ မထိုက်ပေဘူး။

ဥပမာပြရလျှင် - မိမိမှာ ဖြစ်ပေါ်လာတဲ့ ရောဂါဝေဒနာတခုအတွက် ဆေးတခွက်တိုက်လိုက်လျှင် ဘာမျှအကြောင်းမထူး သက်သာခွင့်မရတာနဲ့ ဒီဆေးဟာ မကောင်းပါဘူး လို့ အပြစ်တင် မစောသင့်ပေဘူး၊ ဘယ်ကြောင့်ပါလဲဆိုတော့ ဒီရောဂါမျိုးနဲ့ တခြားလူများမှာ ပျောက်နေကျမို့ ပျောက်ကင်းအောင်တိုက်လိုက်တဲ့ဆေး ဘဲ၊ မိမိဓာတ်သဘာဝနဲ့မကိုက်ညီလို့ ချမ်းသာခွင့်မရတာ ဖြစ်တာပေါ့၊ ဆေးကို အပြစ်တင် မစောသင့်ပေဘူး။

အဲဒီဥပမာလိုဘဲ မှန်ကန်တဲ့တရားတော်ဖြစ်ဦးတော့ မိမိအဇ္ဈာသယနဲ့ မတိုက်ဆိုင်ကြရင် အမြင် မှန် မ ရ နိုင် ကြ ဘူး။ စိတ်ဝင်စားဘို့တောင်ဝေးလိမ့်မယ်။ ခုတင်ကပြောခဲ့တဲ့ ရောဂါသယ်ကို ဆေးတမျိုးနဲ့မတွဲလို့

တမျိုးပြောင်းပြီးပေးလိုက်ရင် ဓာတ်သဘာဝနဲ့ကိုက်ညီသွားပါက ရောဂါ ပျောက်ကင်းနိုင်တဲ့အကြောင်း ရှိတာကြောင့် ကုစားစရာ ဆေးတွေကလဲ အမျိုးမျိုးအဖုံဖုံ အမယ်မယ် စီမံပြီး ထားကြရသလို သတ္တဝါများရဲ့ အလို အဇ္ဈာသယနဲ့ ကိုက်ညီအောင် အမျိုးမျိုးဝေဘန်ပြီး ဟောတော်မူထားတဲ့ တရားတော်တွေဟာလဲ အများအပြား အစားစားရှိနေပါတယ်။

အဲတာကြောင့် တရားတော်တွေက ဘယ်လောက်ဘဲ များများ၊ ဟောတဲ့ ပုဂ္ဂိုလ်တွေကလဲ ဘယ်နှစ်မျိုးဘဲ ဟောဟော၊ စာအုပ်တွေကလဲ ဘယ်နှစ်အုပ်ဘဲထုတ်ထုတ်၊ ပျောက်သင့်တဲ့အကြောင်းနဲ့ဆုံတော့ နောက်ဆုံး ဆေးတခွက်ထဲနဲ့ခရီးရောက်သွားသလို မိမိအသိဉာဏ်အလိုဆန္ဒအဇ္ဈာသယနဲ့ ကိုက်ညီတဲ့ နည်းတကွက်ဟာ မိမိအတွက် အထူးအကျိုးများမဲ့ဒေသနာဖြစ်နိုင်တာပေါ့။ အဲတာက အတိုချုပ်မှတ်ထားဘို့ အချက်ဘဲ။

ထိုကြောင့် တရားတော် ကျင့်ကြံရေးမှာ မထွေးရအောင် – မရှုပ်ရအောင်-ဝေခွဲလို့မရ မရှိရအောင် ဗုဒ္ဓဟောဖော် ပါဠိတော်ဒေသနာအရင်းနဲ့ ခပ်ရှင်းရှင်းနည်းနာပြပြီး မှတ်သားဘို့ဟောရသေးတာပေါ့။

ယခုဟောပြမဲ့ ဒေသနာတော်က စတုကအင်္ဂုတ္တိုရ် ပါဠိတော်လာ သောတာနုဂတသုတ် ဖြစ်ပါတယ်။ ၎င်း ဒေသနာတော်ကို တိတိကျကျ မှတ်သားပြီး လိုက်နာအားထုတ်ကြပါက ဒုတိယဘဝမှာ ကျိန်းသေပေါက်, ဖိုလ်ကိုရပြီး ဒုက္ခခပ်သိမ်း အမှန်ငြိမ်းနိုင်မယ်လို့ မှတ်လိုက်ကြပါ။

> သောတာနုဂတာနံ ဘိက္ခဝေ ဓမ္မာနံ ဝစသာ ပရိစိတာနံ မနသာ နုပေက္ခိတာနံ ဒိဋ္ဌိယာ သုပ္ပဋိဝိဒ္ဓါနံ စတ္တာရော အာနိသံသာ ပါဋိကင်္ခါ။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ သောတာနုဂတာနံ၊ နားဖြင့်ဆတ်ဆတ် ကြားနာမှတ်သား ပြီးကြကုန်သော။ ဝစသာ၊ နှုတ်ဖြင့်။ ပရိစိတာနံ၊ ရအောင်လေ့ကျက်၍ နှုတ်တက်အောင်ဆည်းပူးပြီးကြကုန်သော။ မနသာ၊ စိတ်ဖြင့်။ အနုပေက္ခိတာနံ၊ ဆင်ခြင်ကြံဆ၍ ဂဏ-ခဏ သုံးသပ်ပြီးကြကုန်သော။ ဒိဋ္ဌိယာ၊ အသိဉာဏ်ဖြင့်။ သုပ္ပဋိဝိဒ္ဓါနံ၊ ကောင်းစွာထိုးထွင်း၍ ရှင်းရှင်းချည်း ကမ္ပတ်ဖုံးအောင် အစအဆုံးသိမြင်ပြီးကြကုန်သော။ ဓမ္မာနံ၊ တရားတို့၏။ စတ္တာရော၊ လေးပါးကုန်သော။ အာနိသံသာ၊ အကျိုးထူးတို့ကို။ ပါဋိကင်္ခါ၊ အလိုရှိအပ်ကုန်၏။

ဤဒေသနာတော်ရဲ့ အဓိပ္ပါယ်က မိမိစရိုက်နဲ့ ကိုက်ညီလို့ သဘောကျတဲ့တရား-နာလည်ဘဲ့တရား-နှစ်သက်တဲ့တရား တပါးပါးကို....

(၁) သေသေချာချာ နာယူမှတ်သားပြီး ဖြစ်စေရမယ်။ အဲတာက ပထမအင်္ဂါဖြစ်တယ်။

(၂) နာယူမှတ်သားပြီးတဲ့ တရားတော်ကို နှုတ်တက်ကျေပွန်အောင် အနက်-ပါဠိ အစုံအလင် ကျက်မှတ်ပြီး ရအောင်ဆောင်ရွက်ထားရမယ်။တာက ဒုတိယအင်္ဂါဖြစ်တယ်။

(၃) ရပြီးတဲ့ထိုတရားတော်ကို စိတ်နဲ့ဆင်ခြင်ပြီးတော့ သဘောအဓိပ္ပါယ်ကို စဉ်းစား တွေးတော ထားရမယ်။ တာက တတိယအင်္ဂါဖြစ်တယ်။

(၄) လေ့လာထားတဲ့ မိမိ၏တရားတော်ကို အသိဉာဏ်သွင်းပြီးတော့ အစအဆုံး တိကျမှန်ကန်စွာ ဝေဘန် ထိုးထွင်းပြီး ပွားမျှားအားထုတ်ရမယ်။အဲတာက စတုတ္ထအင်္ဂါဖြစ်တယ်။

အဲဒီအင်္ဂါလေးပါးနဲ့ညီညွတ်အောင် အားထုတ်ထားတဲ့တရားတော်ဟာ မုချအားဖြင့် အကျိုးလေးပါးကို ခံစားရမယ်လို့ ရှင်တော်မြတ် ကိုယ်တော်တိုင် ဟောတော်မူခဲ့ပါတယ်။ တရားတပါးပါးကို အင်္ဂါလေးပါးနဲ့ ညီအောင် အားထုတ်နည်းကို ထင်ရှားအောင် ညွှန်ပြပါဦးမယ်။ ပုံစံအားဖြင့်....

အနိစ္စာဝတ သင်္ခါရာ၊ ဥပ္ပါဒဝယ ဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။

အဲဒီ လေးပါဒရှိတဲ့ဒေသနာတော်ကို မိမိအလိုနဲ့တိုက်ဆိုင်လို့ သိချင်တယ်-လေ့ကျက်ချင်တယ်-အားထုတ်ချင်တယ် ဆိုပါတော့ ၎င်းဒေသနာတော်ကို....

(၁) ဟောပြောတဲ့ပုဂ္ဂိုလ်ထံက နာယူပြီးတော့ ရေးမှတ်ထားပါ။ စာအုပ် တခုခုထဲမှာတွေ့လို့ သဘောကျတယ်ဆိုပါတော့ ရေးကူးထားပါ။ အဲတာလိုပြုတာက "သောတာနုဂတ" ဆိုတဲ့ ပထမအင်္ဂါဘဲ။

(၂) ထိုနောက် နာယူမှတ်သားပြီးတဲ့ ၎င်း ဒေ သ နာ တော် ကို နှုတ်တက်အာဂုံရအောင် ကျက်အံထားပါ။ အဲတာက "ဝစသာပရိစိတ" ဆိုတဲ့ ဒုတိယအင်္ဂါဘဲ။

(၃) နောက်ပြီး အရကျက်ထားပြီးတော့ အလွတ်ရနေပြီဆိုရင် စိတ်နဲ့ဆင်ခြင်ရမယ်။ ဆင်ခြင်ပုံက "အနိစ္စာ ဝတ သင်္ခါရာ" ဆိုတာဟာ ပါဠိဒေသနာတော်ဖြစ်တယ်။

သင်္ခါရာ၊သင်္ခါရတရားတို့သည်။အနိစ္စာဝတ၊အမြဲမရှိကုန်စွတကား။

အဲတာက ၎င်းပါဠိရဲ့ အနက်ဖြစ်တယ်။ သင်္ခါရတရားတွေဟာ အမြဲ မရှိကြဘူးလို့ အဓိပ္ပါယ်ကောက်ယူရမယ်။ ဤသို့စသည်ဖြင့် လေးပါဒလုံး ပါဠိဆုံးသွားအောင် စိတ်နဲ့စဉ်းစားဆင်ခြင်တာကတော့ တတိယအင်္ဂါဖြစ်တဲ့ "မနသာနုပေက္ခိတ" အင်္ဂါခေါ်တယ်။

(၄) ထိုနောက်-နောက်ဆုံး "ဒိဋ္ဌိယာသုပ္ပတိဝိဒ္ဓ"ခေါ်တဲ့ စတုတ္ထ အင်္ဂါကျတော့ လေးလေးနက်နက် ဉာဏ်သွင်းပြီးတော့ ဆင်ခြင်ပွားများ ရမယ်။ ပွားများပုံက ကံ - စိတ် - ဥတု - အာဟာရဆိုတဲ့ အကြောင်းတရား လေးပါး ပြုပြင်ထားတဲ့ သင်္ခါရတရားမှန်သမျှဟာမမြဲကြဘူး၊ မုချပျက်စီး မှာ မှန်တယ်။မိမိနှင့်တကွ သုံးဆယ့်တဘုံအတွင်းမှာရှိကြတဲ့ သက်ရှိ·သက်မဲ့ အားလုံး ဘယ်ဟာမှ မခိုင်မြဲကြဘူး၊ ထာဝရတည်မြဲနေအောင် ဘယ်လို ပုဂ္ဂိုလ်မှ ပြုပြင်ဖန်ဆင်းလို့ မရနိုင်ဘူး – စသည်ဖြင့် အမြင်ကျယ်ကျယ်နဲ့ သတိသံဝေဂရအောင် ဆင်ခြင်ပွားများအားထုတ်ရမယ်။

အဲဒီစတုတ္ထအင်္ဂါအနေနဲ့ တရားတပါးပါးကို ပွားများအားထုတ်လို့ သဘောမပေါက်ကြရင် ဗဟုသုတရှိတဲ့ ပုဂ္ဂိုလ်များအထံ မှီခိုဆည်းကပ်ပြီး တော့ ဆင်ခြင်တတ်အောင်-ပွားများတတ်အောင်နည်းနာယူပြီး လေးလေး နက်နက် မပြတ်မလပ်အားထုတ်ကြရမယ်။အဲတာက လေးခုမြောက် စတုတ္ထ အင်္ဂါဖြစ်တယ်။

ယခုဟောခဲ့တာက ပုံစံတခုထုတ်ပြီးတော့ ဒေသနာတော်အရ အင်္ဂါ လေးပါးပြည့်စုံအောင် ပွားများအားထုတ်နည်းကိုပြခြင်းသာဖြစ်ပေတယ်။ ဘယ်ဒေသနာကိုဘဲဖြစ်ဖြစ် မိမိအလိုဆန္ဒနဲ့ကိုက်ညီတဲ့ ဘုရားဟောဒေသနာ တော် တခုခုကို ဤနည်းအတိုင်း အားထုတ်ပါလို့ တိုက်တွန်းပါတယ်။

ယခုဟောခဲ့တဲ့နည်းလမ်းကိုသိသွားရင် ဘယ်လိုအရှုပ်တွေ ရှင်းသွား မလဲဆိုတော့ နည်းလမ်းတွေ ဘယ်လောက်ဘဲ ပေးပေး၊ တရားတွေ ဘယ် နှစ်မျိုးဘဲ နာရစေကာမူ တွေဝေဘို့မရှိတော့ဘူး၊ စိတ်ရှုပ်ဘို့မရှိတော့ဘူး၊ မိမိ ကြိုက်နှစ်သက်ရာဖြစ်တဲ့ ဒေသနာတော် တပါးပါးကို အရဖမ်းလိုက်ရုံ- ဆွဲလိုက်ရုံဘဲ ဖြစ်ပါတယ်။

ဘယ်ဒေသနာဘဲဖြစ်ဖြစ် ပေးခဲ့တဲ့နည်းလမ်းအတိုင်း အားထုတ်ရင် အကျိုးရမှာချည်း ဖြစ်သောကြောင့် အထွေထွေနည်းလမ်းတွေ ကြားနာနေရပေမဲ့ ရှုပ်စရာ-ထွေးစရာ မရှိတော့ပါဘူး။တခုထဲ ကောက်ချက်ချလိုက်ရုံဘဲ ရှိတော့တာပေါ့။

ယခုဟောခဲ့တဲ့အတိုင်း တရားတွေများ - ဝါဒတွေများ နေပေမဲ့ ဖြေရှင်းဘို့ နည်းလမ်းကို သိနိုင်ကြပြီ။ ယခုပြခဲ့တဲ့နည်းနဲ့ အားထုတ်ရင် ဘယ်လိုအကျိုးများ ရမှာလဲလို့ မေးဘွယ်ရှိပြန်တော့ "စတ္တာရော အာနိသံသာ ပါဠိကန်ါ"လို့ ဟောခဲ့တဲ့အတိုင်း အကျိုးလေးပါးရနိုင်ကြောင်းကို ခွဲဝေလို့ ပြကြဦးစို့....။

အကျိုးလေးပါးကို ခွဲဝေ၍မပြသေးမီ ရှေးဦးစွာ တထစ်ကျ မှတ်သားရမှာက "ဓမ္မော ပါပေတိ သုဂတိံ"ဆိုတဲ့ ဓမ္မပဒပါဠိတော်ဒေသနာအတိုင်း တရားလမ်းကြောင်းအမှန်ကို ကျင့်ထားတဲ့ပုဂ္ဂိုလ်ဟာ သုဂတိလောက နတ်ဘုံဌာနသို့ ရောက်ရမည်ကား "မြေကြီးလက်ခတ်မလွဲ" အမြဲတမ်း ကျိန်းသေဘဲလို့ ဦးစွာမှတ်သားထားကြပါ။

တဿ တတ္ထ သုခိနော ဓမ္မပဒါ လိဝန္တိ၊ ဒန္ဓော ဘိက္ခဝေ သတုပ္ပါဒေါ။ အထခေါ သော သတ္တော ခိပ္ပမေဝ ဝိသေသဂါမီ ဟောတိ။

တတ္ထ၊ ထိုနတ်ဘုံ၌။ တဿ၊ အင်္ဂါလေးတန်ဖြင့် အကျင့်မှန်ခဲ့သော ထိုနတ်သားအား။ သုခိနော၊ ချမ်းချမ်းသာသာ လွယ်ကူစွာ။ ဓမ္မပဒါနိ၊ အားထုတ်ခဲ့သမျှ တရားဓမ္မတို့သည်။ လိဝန္တိ၊ ကွက်ကွက်ကွင်းကွင်း ဉာဏ်အမြင် သန့်ရှင်းလျက် ထင်ထင်ကြီး ပေါ်ပေါ်က် လာကုန်၏။ ဘိက္ခဝေ၊ ချစ်သားတို့။ သတုပ္ပါဒေါ၊ သတိဖြစ်ဘို့ရန်ကား။ ဒန္ဓော၊နှေးကန်တတ်၏။ အထခေါ၊သူတပါးမှာနှေးကန်၍ အသိဉာဏ်မပေါ်ပေါ်က်နိုင်သော်လည်း။ သောသတ္တော၊ လက်ဆုပ်လက်ကိုင် ပိုင်ပိုင်မိမိ တရားရှိခဲ့သော ထိုနတ်သားသည်။ ခိပ္ပမေဝ၊ အမြန်ဆုံးသာလျှင်။ ဝိသေသဂါမီ၊ မဂ်-ဖိုလ်အဆင့်ကူး တရားထူးကိုရနိုင်သည်။ ဟောတိ၊ ဖြစ်၏။

ကိုင်း-ဤဒေသနာမိန့်ချက်ကို ဦးထိပ်ရွက်ဆင်ကြည့်ကြစမ်း လူပြည်က တရားအလုပ်ဖြင့် အားထုတ်ခဲ့တဲ့နတ်သားဟာ ဒုတိယဘဝမှာ နတ်ဘုံရောက်ပြီးတော့ မိမိအားထုတ်ခဲ့တဲ့ တရားတော်တွေဟာ အလွယ်တကူနဲ့ အားလုံးပြန်ပြီးပေါ်သတဲ့။

ပြန်ပေါ်တဲ့ မိမိတရားက ဥပနိဿယ သတ္တိဖြင့် အထောက်အကူ ပြုပြီးတော့ကာ မဂ်-ဖိုလ်ကိုရရောက်ပြီး နိဗ္ဗာန်အထိ ကူးနိုင်တဲ့ အကျိုးရှိပုံ ကို ရှင်တော်ဘုရား မိန့်ကြားတော်မူခဲ့တာ ကြားနာကြရပြီ မဟုတ်ပါလား။

ကိုင်း-ဘုန်းကြီးဟောခဲ့တဲ့ တရားအားထုတ်နည်းကို စဉ်းစားကြည့် ကြစမ်း၊ ဘယ်လောက်လွယ်ကူပြီး သုခပဋိပဒါ ဖြစ်သလဲဆိုတာ အထူး ပြောဘို့ မလိုတော့ပါဘူး၊ သည်နည်းအတိုင်း မှတ်သားပြီး မပြတ်မနား အားထုတ်ဘို့သာ လိုပေတော့တယ်။

သည်နေရာမှာ အကူကိုဆိုက်သဖြင့် ကြားဖြတ်ပြီး အကျိုးရှိပုံတခု ကို ဟောပြလိုပါသေးတယ်။ နောက်က ဟောခဲ့တဲ့ အင်္ဂါလေးပါးထဲက တရားတော်ကို နာယူမှတ်သားရမယ်ဆိုတဲ့ "သောတာနုဂထ" ပထမအင်္ဂါ သပါးထဲ ပြည့်စုံပါကလဲ အားကိုးလောက်တဲ့ တရားတော် ဖြစ်ကြောင်း ပါဘဲ။

ဘဂဝတော ဓမ္မဿဝနေန ဥပနိဿယသမ္ပတ္တိံ ပတွာ တာယ
ဝေ ဥပနိဿယသမ္ပတ္တိယာ ဒုတိယေ တတိယေ ဝါ အတ္တဘာ
ဝေ မဂ္ဂဖလ ဘာဂိနော ဟောန္တိ။

ဘဂဝတော၊ မြတ်စွာဘုရား၏။ ဓမ္မဿဝနေန၊ တရားတော်ကို ကြားနာရသဖြင့်။ ဥပနိဿယသမ္ပတ္တိံ၊ အားကြီးသော မှီရာအထောက်အကူ နှင့် ပြည့်စုံခြင်းသို့။ ပတွာ၊ ရောက်၍။ တာယ ဝေ ဥပနိဿယသမ္ပတ္တိယာ၊ ထိုဥပနိဿယနှင့်ပြည့်စုံခြင်းကြောင့်သာလျှင်။ ဒုတိယေဂါ၊ နှစ်ခုမြောက် လည်းဖြစ်သော။ တတိယေဝါ၊ သုံးခုမြောက်လည်းဖြစ်သော။ အတ္တ ဘာဝေ၊ ကိုယ်၏အဖြစ်၌။ မဂ္ဂဖလဘာဂိနော၊ မဂ်ဖိုလ်ကိုရခြင်း အကျိုးရှိ ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

အဲဒီဒေသနာတော်ရဲ့ အဓိပ္ပါယ်က မြတ်စွာဘုရား တရားတော်ကို နာကြားရကဲ့သူဟာ နာကြားတဲ့ဓမ္မဿဝနကုသိုလ်စေတနာကြောင့်မဂ်ဖိုလ် ကို ရဖို့အတွက် အားကြီးသော အထောက်အကူနဲ့ ပြည့်စုံ သွားရသတဲ့။ ရှင်းအထောက်အကူက မြှင့်တင်ပေးလိုက်ကော့ ဒုတိယဘဝ - တတိယဘဝ မှာ မဂ်ဖိုလ်ကို ရနိုင်ကြောင်းဖြင့် "မဏ္ဍုက နတ်သား" ကို ပုံစံထားပြီး ဟောတော်မူဘဲ့ ဤဒေသနာတော်ဟာ အင် ပ တန် ပေါ် လွင် ပြီး တော့ လွယ်လွယ်ကူကူနဲ့ ကျင့်ကြံအားထုတ်ဘို့ ကောင်းကြတာပေါ့။

ယခုဟောပြတာက တရားနာရတဲ့ ပထမအင်္ဂါ တပါးထဲတောင် အင်မတန်အကျိုးထူးပုံကို ကြားဖြတ်ပြီး သတိပေးလိုက်ပါတယ်။ အင်္ဂါ လေးပါးပြည့်အောင် အားထုတ်ရတဲ့ တရားတော်အတွက် လေးချက်သော အကျိုး ရနိုင်ခြင်းကို ဆက်လက်ပြီး နာကြပေဦးတော့။

အမှတ်(၁) ပထမအကျိုးက-

နတ်ရွာလောက သုဂတိဌာနဝ၌ သူတပါးညွှန်ကြားခြင်း အကူအညီ မရှိဘဲနှင့် မိမိအလိုလို လူ့ပြည်က ကျင့်ကြံ အားထုတ်ခဲ့တဲ့ တရားတွေဟာ အလှယ်တကူနဲ့ အလုံးစုံထင်မြင်ပေါ်ပေါက်လာပြီးတော့ ယင်းတရားတော် ကို ဆင်ခြင်ရုံနဲ့ မဂ်ဖိုလ်ကို ရောက်နိုင်ခြင်းအကျိုးကို ရပါသတဲ့။ အဲတာက ပထမအကျိုးတပါးဖြစ်ပါတယ်။

အမှတ်(၂) ဒုတိယအကျိုးက-

တခုခုသောနတ်ဘုံမှာဖြစ်တဲ့အခါမှာ သတိမေ့လျော့နေတဲ့အတွက် လူ့ပြည်က အား ထုတ် သွား တဲ့ တရားတွေဟာ မိမိအလိုလိုပေါ်မလာဘူး ထင်မလာဘူးလို့ဆိုပါတော့ တနေ့နေ့သောအခါ ရဟန္တာဖြစ်တဲ့ ဓမ္မကထိက ရဟန်းတော်များ နတ်ပြည်ကိုကြွလာပြီး တရားဟောတော်မူတဲ့အခါကြုံကြ ရင် ၎င်းတရားတော်ကို နာရတဲ့အတွက် မိမိအားထုတ်ဖူးတဲ့ တရားတော် တွေဟာ အကုန်ပေါ်ပေါက်သိမြင်ပြီးတော့ မဂ်-ဖိုလ်ဆိုတဲ့ တရားထူးကို ရနိုင်ပါတယ်တဲ့။

ဥပမာအားဖြင့်တင်ပြရရင် စည်သံကို ကြားဘူး သိဘူးထားတဲ့သူ ဟာ တနေရာရာက တီးလိုက်တဲ့စည်သံကိုကြားရသောအခါ ၎င်းအသံဟာ ဘယ်အသံမျိုးဖြစ်ပါလိမ့်မလဲဟု တွေးတောနေဘို့မရှိ၊ စည်သံဘဲလို့ တချက် ထဲ ဆုံးဖြတ်နိုင်တာလို ဓမ္မကထိကပုဂ္ဂိုလ်များရဲ့တရားတော်ကို ကြားလိုက် တာနဲ့တပြိုင်နက် မိမိအားထုတ်ဖူးတဲ့ တရားတော်တွေဟာ ရှင်းရှင်းချည်း ပေါ်ပြီးတော့ မဂ်ဖိုလ်ဆိုတဲ့တရားထူးကိုရနိုင်ပါတယ် သို့ ဗုဒ္ဓရှင်တော်မြတ် ကိုယ်တိုင် မိန့်တော်မူခဲ့ပါတယ်။ အဲတာက ဒုတိယအကျိုးတချက်ဖြစ်တယ်။

အမှက်(၃) တတိယအကျိုးက-

တခုခုသော နတ် ဘုံ မှာ ဖြစ် ပြီး တော့ မေ့လျော့ နေတဲ့ အတွက် အားထုတ်ဘူးတဲ့တရားတော်ကို မသိ မမြင်ဘဲ အမှတ် တမဲ့ နေ ခဲ့ရာ တနေ့ သောအခါ နတ်ပြည်ဓမ္မသဘင်၌ ဓမ္မကထိကဖြစ်သော နတ်ပြဟ္မာများ၏

တရားသံကိုကြားနာရတဲ့အခါမှာ အော်-ဤတရားတော်ဟာ ငါအားထုတ်ကျင့်ကြံဘူးတဲ့ တရားပါလားဟူ၍ ပေါ်လွင်ထင်ရှားပြီးတော့ တရားဓာတ်ကို သိမြင် ဆင်ခြင်လိုက်ရုံနဲ့ မဂ်ဖိုလ်ကို ရရောက်နိုင်ပါတယ်။

ဥပမာဆိုလျှင် ခရှသင်းအသံကို ကြားသိ မှတ်သားဘူးတဲ့ သူဟာ တနေရာက ခရုသင်းအသံကို ကြားလိုက်ရလျှင် ဒီအသံဟာ ဘာသံပါလိမ့်မလဲဟု တွေးတောနေဘွယ်မရှိမူ၍ ခရုသင်းအသံဘဲသို့ တချက်ထဲဆုံးဖြတ်နိုင်သကဲ့သို့ တရားတော်ရဲ့အသံကို ကြားနာရတာနဲ့ တပြိုင်နက် အလုံးစုံပေါ်လွင်ထင်ရှားပြီးတော့ တရားထူးကို ရသည်အထိ အကျိုးပြုသွားနိုင်ပါတယ်တဲ့။ အဲတာက-တတိယအကျိုးတပါးပါဘဲ။

အမှတ်(၄) စတုတ္ထအကျိုးက-

နတ်ဘုံမှာရောက်ပြီး ဥပပတ်နက်သားအဖြစ်နဲ့ဖြစ်နေပေမဲ့ တရားတော်တွေကို သတိမရ မေ့လျော့ပျောက်ကွယ်ပြီး အမှတ်တမဲ့နေခဲ့ရာ နတ်သားအချင်းချင်း နတ်တဦးက "အသင်ဟာ ရှေးဘဝက ဘယ်တရားတွေကို အားထုတ်ဘူးခဲ့တာဘဲ...."လို့ သတိပေးလိုက်တာနဲ့ တပြိုင်နက် မိမိအားထုတ်ခဲ့တဲ့တရားတွေ အလုံးစုံ ပြန်၍ပေါ်လွင်ပြီး အာရုံ ထင် ရှား တဲ့ ဓမ္မအာနုဘော်ကြောင့် ချက်ချင်း မဂ်ဖိုလ်ကို အာရုံပြုနိုင်ပါတယ်တဲ့။

ဥပမာနဲ့ ဘယ်လိုပြခဲ့သလဲဆိုတော့ ကစားဖော်ကစားဖက် သူငယ်ဖော်အချင်းချင်း တနေ ရာရာမှာ တွေ့ဆုံ ပေါင်း စည်း မိ တဲ့ အခါ မှာ တယောက်သူက မေ့နေတဲ့ အကြောင်းအရာတခုကို သူငယ်ချင်းတဦးက ကုတ်ဖော်ပြီး "သင်ဘယ်တုန်းက ဘာကိုပြောမိတယ်၊ ဘာကို လုပ်ခဲ့တယ် မဟုတ်ပါလား၊ စဉ်းစားစမ်းပါ"လို့ သတိပေး လိုက်တဲ့ အခါကျတော့မှ သတိရပြီး အလုံးစုံပြန်ပြီး စဉ်းစားမိသလို သူငယ်ချင်း နတ်တဦးက သတိပေးလိုက်တော့ မိမိကျင့်ကြံဘူးတဲ့ တရားတွေ ပြန်ပေါ်ပြီး ဂီသေသဘာဂီ ဖြစ်ရပါတယ်။ အဲတာက စတုတ္ထမြောက် အကျိုးရခြင်းပါဘဲ။

ယခုဟောခဲ့တဲ့ စတုတ္ထမြောက် အကျိုးရပုံကို စဉ်းစားကြည့်ရရင်-တယောက်တည်း တရားအားထုတ်နေတာထက် ကျင့်ဖော်ကျင့်ဖက်ဖြစ်တဲ့ အလိုတူ-သဘောတူ မိတ်ကောင်း-ဆွေကောင်းကိုရှာပြီး ပူးတွဲအားထုတ်ခြင်းက ပိုပြီးအကျိုးရှိလိမ့်မယ်လို့ သတိပြုဘို့ ဖြစ်ပေတယ်။ ဘယ်ကြောင့်

ပါလဲဆိုတော့ နတ်ပြည်မှာ ရောက်နေတဲ့အခါ ပထမ - ဒုတိယ - တတိယ - အကျိုးသုံးချက်နဲ့ မတွေ့ကြုံပါက ရှေးက အတူ တရား အားထုတ်ဘူးတဲ့ မိတ်ဆွေနတ်သားရဲ့ သတိပေးချက်ကို အထောက်အကူရဘို့က အရေးကြီး ပေတယ်။ ဒါကြောင့် ပူးတွဲအားထုတ်ရေး မိတ်ကောင်းဆွေကောင်းရှိသင့် တယ်လို့ စဉ်းစားသင့်ကြောင်း ဟောပြောရပါတယ်။

ကိုင်း – နိဂုံးချုပ်ကြစို့....။

မိမိနှစ်ခြိုက်တဲ့ တရားတပါးပါးကို ဟောပြောခဲ့တဲ့ အင်္ဂါလေးပါးနဲ့ ညီအောင်အားထုတ်ကြပါက အကျိုးလေးပါးရှိတဲ့အနက် တပါးပါးနဲ့တိုက် ဆိုင်ပြီးလျှင် မဂ်ရောက် - ဖိုလ်ရောက် ခရီးပေါက် သွားကြရင် "ကတံ - ကရဏီယံ" ဆိုတဲ့ အမြင့်ဆုံးဒေသနာအတိုင်း ပြုဘွယ်ကိစ္စမရှိ အတိသုန္ဒရ အမတရိပ်သာ ခေမာသောင်ကမ်းသို့ အရောက်လှမ်းပြီး တက်မိကြလေပြီ၊ ဒုက္ခကင်းငြိမ်းသို့ ဘဝဇာတ်သိမ်းနိုင်ကြပေပြီလို့ မှတ်ယူကြပေတော့။

ကလိယုဂ်ခေါ်သော ဝိပ္ပတ္တိ-သမယ ဤဆုတ်ကပ် ကာလကြီးမှာ ရှိသမျှသတ္တဝါတွေဟာ များသောအားဖြင့် "ဝိပါကန္တရာယ်" ဆိုတဲ့ ပဋိ သန္ဓေက တားဆီးထားတော့ ယခုဘဝတွင်ဖြင့် မဂ်ဖိုလ်ဆိုက်ဆောက်ပြီး အထွဋ်ဆုံးပေါက်ဘို့ ခဲယဉ်းလှပါတယ်။

ဒါကြောင့်- ယခုဟောပြောပြီး နည်းလမ်းပေးခဲ့တဲ့ သုခပဋိပဒါ ဒေသနာအကျင့်တရားဖြင့် ဒုတိယဘဝ နတ်ဌာနက ဝိသေသဘာဂီ ရာထူး မှာဘည်သို့မို့ အမတာပြည်နိဗ္ဗာနသို့ စိတ်ချ လက်ချ ကူးနိုင်မည် ဖြစ်ပါ သောကြောင့်-

ချမ်းသာလွယ်ကူသော ဤပဋိပဒါအကျင့်တရားကို လေးလေးစား စား လိုက်နာကျင့်ကြံနိုင်ကြပါစေလို့ တိုက်တွန်းတဲ့ နိဂုံးချုပ် စကားဖြင့် တရားတော်အပြီးသတ်ကြပြီ ဖြစ်ပါသတည်း။

သောတာနုဂတသုတ္တန် ဒေသနာတော် ပြီး၊ ပြီ။

## နမော နာထဿ ဇေယျတု
## (၃၄) ဂုထိန ကထာ ကထိန်တရားတော်

ယနေ့ဟောပြောဘို့တရားတော်က ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းတဲ့ ကိစ္စနဲ့ပတ်သက်တဲ့ကထိန်တရားတော်ဖြစ်ပေတယ်။ ရှေးဦးစွာဟောပြောမဲ့ အစီအစဉ်ကလေးကို ဖော်ပြလိုပါတယ်။

(၁) ကထိန်လို့ ခေါ်ရခြင်း၏ အကြောင်းအရာ၊

(၂) ကထိန်သင်္ကန်း ဆက်ကပ်ပုံ နည်းလမ်း၊

(၃) ရိုးရိုးကာလမှာ ရိုးရိုးသင်္ကန်း လှူဒါန်းရခြင်း၏အကျိုး၊

(၄) ကထိန် သင်္ကန်း လှူ ဒါန်း ခြင်း ကြောင့် သံ ဃာ တော် များ အကျိုးခံစားရပုံနှင့် ကထိန် ဒ ကာ များ အကျိုးခံစားရပုံ အခြင်းအရာ။

အဲဒီလေးချက်ကို ဝေဘန်ပြီး ဟောပြလိမ့်မယ်၊ မှတ်သားနာယူကြပေတော့။

အမှတ် (၁) ကထိန်လို့ ခေါ်ရတဲ့အကြောင်းကတော့ “ဗုဒ္ဓါဒီတိ ကာဘိယတေ ဿိလာဃတေတိ ကထိနံ” ဆိုတဲ့ ဝိဂြိုဟ်အတိုင်း ဘုရားအစရှိတဲ့ သူတော်ကောင်း အပေါင်းတို့က ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းတဲ့အလှူဟာ တပါးသော ရိုးရိုးသင်္ကန်းအလှူမျိုးထက် မြင့်မြတ်တဲ့အလှူလို့ ချီးမွမ်းစကား မိန့်ကြား ပြောဆိုအပ်သောကြောင့် ကထိန်လို့ ခေါ်ရပါသတဲ့။

“သင်္ကန်းအလှူချင်း အ တူ တူ ဖြစ် လျက် အဘယ့်ကြောင့် ကထိန်သင်္ကန်း အ လှူ ကို သာ မြင့်မြတ်တဲ့ အလှူ ဘဲ လို့ ချီးမွမ်းရ ပါသလဲ....” လို့ မေးလျှောက်ဘွယ် ရှိတာပေါ့။

အဖြေကို ဒီလိုမှတ်ကြ ပေ တော့။ တ ပ ါး သော သင်္ကန်း လှူ တာကတော့ သံဃိကလှူချင်လဲ လှူလို့ရတယ်၊ ပုဂ္ဂလိကလှူချင်လဲ လှူလို့ရတယ်၊ အလှူဒကာရဲ့ သဘောတခုဘဲ။ ကထိန်သင်္ကန်းကတော့ ပုဂ္ဂိုလ်စွဲ ပုဂ္ဂလိကလှူလို့ကို မရဘူး၊ ပုဂ္ဂလိကလှူတဲ့သင်္ကန်းနဲ့ ကထိန်မခင်းကောင်းဘူး၊ကထိန်သင်္ကန်းဖြစ်အောင် သံဃာကိုရည်မှန်းပြီးတော့ သံဃာကိုလှူတဲ့သင်္ကန်းမှသာ

ကထိန်ခင်းကောင်းတယ်။ အဲဒါလိုဖြစ်တော့ အလှူခံထဲမှာလဲ "သံဃေ ဒိန္နေ မဟပ္ဖလံ" ဆိုတဲ့ ဒေသနာတော်အတိုင်း သံဃိက အလှူ ဟာ အမြတ် ဆုံး မဟုတ်ပါလား၊ ထို့ကြောင့် တပါးသောသက်န်းအလှူထက် ကထိန်သင်္ကန်း အလှူက သာလွန်၍ မြတ်ပါတယ်လို့ ချီးမွမ်းကြတာပေါ့။

အဖြေတမျိုး မှတ်ဘို့ကတော့ မြတ်စွာဘုရား အမိန့်အာဏာပညတ် တော်မူချက်ကို ဘယ်လောက်တန်ခိုးကြီးတဲ့ပုဂ္ဂိုလ်ကဖြစ်ဖြစ် ကန့်ကွက်လို့ မရပါဘူး၊ ကထိန်သင်္ကန်း ဆက်ကပ် လှူဒါန်းလိုက်လို့ ကထိန်၏အာနိသင် ရသွားတယ်ဆိုရင် မြတ်စွာဘုရား ပညတ်တော်မူတဲ့ သိက္ခာပုဒ်တော်ငါးမျိုး ဟာ ရဟန်း တော် များ မှာ လွတ် ငြိမ်း ချမ်း သာ ခွင့် ရသွားကြပါတယ်။ တပါးသော သာမန်သင်္ကန်းအလှူနဲ့ ဒီ လို အကျိုး မျိုးကို မရနိုင်ပါဘူး။ ဒါကြောင့်လဲ ကထိန်သင်္ကန်းအလှူကို ချီးမွမ်းစကား ပြောကြားကြရတာ ပေါ့။ ယခုလောက် အကျဉ်းပြလိုက်ရင်ဘဲ အမှတ်(၁) ကထိန်ခေါ်ရတဲ့ အကြောင်းအရာ ပြေလည်ကြပါပြီ။

အမှတ် (၂) ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပုံကိုလဲ ဒါယကာ များ သိနားလည်ထားဘို့ လိုကြပါတယ်။ ကထိန်ခင်းဘို့ကာလက သီတင်း ကျွတ် လပြည့်ကျော် တရက်နေ့က စပြီးတော့ တန်ဆောင်မုန်း လပြည့်နေ့ တလအတွင်းမှာသာ ကထိန်ခင်းဘို့ကာလ ဖြစ်ပါတယ်။ ကထိန်သင်္ကန်း အဖြစ်နဲ့ လှူချင်ရင်လဲ အဲဒီရက်အတွင်းမှာသာ လှူကြရပါလိမ့်မယ်။

ဒီနေရာမှာ သတိပြုထားဘို့ကလေးကို ထည့် သွင်း ပြီး သတိပေး ထားရသေးတာပေါ့။ မိမိတို့ ကိုးကွယ်ရာဖြစ်တဲ့ ကျောင်းကန်,တိုက်တာမှာ သီတင်းသုံးဘဲ့ မိမိတို့ဆရာသမားကိုသာ အာရုံပြုပြီး "ငါတို့ဆရာ ဘုန်းကြီး ကို ကထိန်သင်္ကန်းကပ်မယ်" လို့ အဲဒီလိုရည်ရွယ်ချက်နဲ့ ကထိန်သင်္ကန်းကပ် တဲ့ ဒကာများလဲ ရှိကြောင်း ကြားဘူးရတယ်။

အဲဒီလို ကိုယ့် ဆ ရာ သ မား ကို ရည် ရွယ် လိုက် ရင် ပုဂ္ဂလိကအလှူ ဖြစ်သွားမှာပေါ့။ သံဃိက အ လှူ မ ဖြစ် တော့ ဘူး။ သံဃိကအလှူမဖြစ်ရင် ကထိန်ခင်းလို့ ရမယ် မဟုတ်တော့ဘူး။ ဒါကြောင့်မို့ ပုဂ္ဂိုလ်စွဲ အစွဲအလမ်း မထားမူ၍ မိမိတို့ရည်ညွှန်းရာ ကျောင်းကန်တိုက်တာကသံဃာကို ရည်ညွှန်း ပြီးတော့ လှူဒါန်းကြရမယ်။

ပုဂ္ဂိုလ်စွဲမထားရဘူး၊ ပုဂ္ဂိုလ်ကို မရည်ညွှန်းရဘူး လို့မသိတဲ့အတွက် ကထိန်သင်္ကန်းမကပ်မီက ပုဂ္ဂိုလ်ကို အာရုံပြုပြီး လာခဲ့တယ် ဆိုပါတော့ သင်္ကန်းမကပ်မီ အာရုံပြုပြီး လာတာက လိုရင်းမဟုတ်သေးပါဘူး။ သင်္ကန်းကပ်တဲ့အခါမှာသာ "ဣမံ စီဝရံ သံဃဿ ဒေမ" လို့ နှုတ်က မြွက်ဆိုပြီးတော့ ကပ်လိုက်ရင် သံဃာကိုလှူပြီးသား သံဃိကသင်္ကန်းဖြစ်သွားပါတယ်၊ အဲသည်တော့မှ ကထိန်ခင်းကောင်းတဲ့သင်္ကန်း ဖြစ်နိုင်ပါတယ်။

တခုမှတ်သားစရာရှိတာကို တဆက်ထဲပြောလိုက်ရအုံးမယ်။ ကထိန်ခင်းမဲ့ ကထိန်ရက်မရောက်ခင် သင်္ကန်းကိုစောစောဝယ်ပြီးတော့ ကျောင်းမှာ သွားထားတယ်ဆိုပါတော့၊ အဲဒီအခါမှာ ကျောင်းမှာ အပ်ရုံသာ အပ်ထားခဲ့ရမယ်၊ သင်္ကန်းကို အပြီးအပိုင် မလှူခဲ့ရဘူး၊ အပြီးလှူခဲ့ရင် မျက်မကူးစေရဘူး၊ ချက်ချင်းကထိန်ခင်းရလိမ့်မယ်။အဲဒီအချက်ကို ကထိန်ဒါယကာများ သတိထားကြပါ။

တချို့ကတော့ ကထိန်ခင်းပွဲရက်မရောက်ခင် ကျောင်းမှာတောင် သွားမထားကောင်းဘူးလို့ အယူရှိတာက နည်းလမ်းမမှန်ဘူး၊ သင်္ကန်းကို မလှူသေးရင် သံဃာများနဲ့ ဘာမျှမဆိုင်သေးပါဘူး၊ ကျောင်းမှာထားပေတဲ့ ဒကာများပစ္စည်းတွေဘဲလို့ ရှင်းရှင်းချည်းသိအောင် သတိပေးလိုက်ရပါတယ်။ ယခုဟောပြောခဲ့တာက အမှတ်(၂) ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပုံ အခြင်းအရာဖြစ်ပါတယ်။

အမှတ်(၃)အရ ရိုးရိုးကာလမှာ ရိုးရိုးသင်္ကန်း လှူဒါန်းရခြင်း၏ အကျိုးကို ဟောပြပေအံ့။ ရိုးရိုးကာလဆိုတာက ကထိန်ခေတ် ကထိန်အခါ မဟုတ်တဲ့ ကာလကို ဆိုလိုပါတယ်။ အဲဒီလို ကထိန်နဲ့မဆိုင်တဲ့ အခါမျိုးမှာ လှူတဲ့သင်္ကန်းကတော့ ရိုးရိုးသင်္ကန်း သာမန်သင်္ကန်းအလှူဘဲ ဖြစ်တယ်။

သာမန်သင်္ကန်းအလှူရဲ့ အကျိုးရပုံကို ဘယ်ကဲ့သို့မှတ်ရမလဲဆိုတော့-

"ကိံဒဒေါ ဟောတိ ဝဏ္ဏဒေါ"။ ကိံဒဒေါ၊ အဘယ်ဝတ္ထုကို လှူဒါန်းခြင်းသည်။ ဝဏ္ဏဒေါ၊ အဆင်းကိုလှူသည် မည်ပါသလဲ မြတ်စွာဘုရားလို့ နတ်သားတယောက် ဘုရားထံလျှောက်တဲ့အခါမှာ....

"ဝတ္ထဒေါ ဟောတိ ဝဏ္ဏဒေါ"။ ဝတ္ထဒေါ၊ အဝတ်သင်္ကန်းကို လှူဒါန်းခြင်းသည်။ ဝဏ္ဏဒေါ၊ အဆင်းကို လှူ သည် မည် သည်။ ဟောတိ၊ ဖြစ်၏။

ဤကဲ့သို့ မြတ်စွာဘုရား မိန့်ကြား ဖြေကြားတဲ့ ဒေသနာတော်ကို ထောက်ဆခြင်းဖြင့် အဝတ်သင်္ကန်းလှူဒါန်းတဲ့ကောင်းမှုဆိုတာ ဖြစ်ရာဘဝ၌ အဆင်းလှခြင်းအကျိုးကို မုချရပြီးတဲ့နောက် နောက်ဆုံး ပစ္ဆိမဘဝမှာ မဂ်ဖိုလ်နိဗ္ဗာန်အထိ အကျိုးရှိတဲ့ကောင်းမှုကုသိုလ်ဘဲလို့ ယုံကြည်စွာမှတ်ကြရမယ်။ ဒီနေရာမှာ သာဓကတခု တင်ပြရတဲ့အနေနဲ့ ဥမ္မာဒန္တီရဲ့ ဇာတ်လမ်းကလေးကို နာယူကြပေအုံးတော့....။

မြတ်စွာဘုရား၏ တပည့်မသာဝိကာ ဥပ္ပလဝဏ်ထေရီ၏ အလောင်းလျာဖြစ်တဲ့ ဥမ္မာဒန္တီဆိုတဲ့ အမျိုးသမီးဟာ ကဿပမြတ်စွာဘုရား ပွင့်တော်မူတဲ့ လက်ထက်တော်အခါက ဗာရာဏသီပြည်မှာ အလွန်ဆင်းရဲတဲ့ အမျိုးသမီးကလေး ဖြစ်ရှာတယ်။

တခုသောပွဲလမ်းသဘင် ခင်းကျင်းပျော်ပါးကြတဲ့ ပွဲသဘင်နေ့မှာ ချမ်းသာတဲ့ အမျိုးသမီးတွေက အလွန်လှပတဲ့ ဝတ်ပန်းပုဆိုးကို ဆင်မြန်းဝတ်ရုံသွားလာနေကြတာမြင်ရတော့ သူမျှားနည်းတူ ဝတ်ချင်-စားချင်တဲ့ဆန္ဒက ပြင်းပြလာသတဲ့။

ထိုအခါ ပစ္စည်းချမ်းသာတဲ့ သူဌေးတဦးထံ သွားပြီး ပန်ကြားတောင်းပန်တော့ သုံးနှစ်အလုပ်လုပ်ပေးနိုင်ရင် ဝတ်ပန်းပုဆိုး ရစေမယ်ဆိုတဲ့အတိုင်းဘဲ သူတပါးအိမ်မှာ ပုဆိုးရလိုမှုနဲ့ သုံးနှစ်အစေအပါးခံပြီး အလုပ်လုပ်ရသတဲ့။ သူဌေးကလဲ အလုပ်ဝတ္တရားကျေပွန်တဲ့အတွက် သုံးနှစ်မပြည့်မီဘဲ တပါးသော ဝတ်ရုံစရာ အဝတ်တွေနှင့်တကွ သူလိုချင်တဲ့ ဝတ်ပန်းပုဆိုးကို ပေးပြီးချီးမြှောက်လိုက်တယ်တဲ့။

သူငယ်မလဲ အပေါင်းအဖော်တွေနဲ့ ရေမိုးချိုးပြီးဘဲ့နောက်မှ ဒီ-ပုဆိုးကို ဝတ်တော့မယ်ဆိုပြီး မြစ်ဆိပ်သို့ ရေချိုးရန်သွားကြသတဲ့။

ထိုအခါမှာ ကဿပဘုရားရှင်ရဲ့ တပည့်သာဝကရဟန်းတော်တပါးဟာ သင်္ကန်းတွေကို ခိုးသူများက လုယက်ယူလိုက်ကြတော့ သစ်ရွက်-သစ်ခက်တွေနဲ့ ဖုံးလွှမ်းပြီး ကြွလာတာ သူငယ်မလေး မြင်လိုက်တော့ကာ "အော်-ဤအရှင်မြတ်ဟာ သူခိုးတွေက လုယက်ယူလိုက်လို့ အဝတ်သင်္ကန်းရှိဟန်မပေါ်ဘူး၊ ငါ့မှာလဲ သုံးနှစ်ကျွန်ခံပြီးမှ ခဲယဉ်းစွာရခဲ့တဲ့ ဝတ်ပန်းပုဆိုးရှိပေတယ်၊ ငါဟာ ရှေးအခါက အဝတ်ပုဆိုးမလှူဘူးလို့ ဒီလိုဆင်းရဲနေရ

တာ ဖြစ်မှာပဲ၊ သည့်အတွက် ဒီပုဆိုးကို ငါမဝတ်တော့ပါဘူး ” လို့ မြင့်မြတ်တဲ့ စိတ်အကြံ ဖြစ်ပေါ်ပြီးတော့ သက်န်းမရှိတဲ့ ရဟန်းတော်အား မိမိအင်မကန်နှစ်သက်တဲ့ ဝတ်ပန်းပုဆိုးကို ဆက်ကပ် လှူဒါန်းလိုက်သတဲ့။

ပုဆိုးလှူတဲ့အခါမှာလဲ ဘယ်လို ဆုတောင်းလိုက်ပါသလဲ ဆိုတော့ “အရှင်မြတ်ဘုရား....တပည့်တော်မရဲ့ ဤပုဆိုးအလှူကြောင့် ဖြစ်လေရာရာ ဘဝတိုင်း-ဘဝတိုင်း၌ အလွန်လှပတဲ့ အဆင်းအင်္ဂါနဲ့ပြည့်စုံသဖြင့် တပည့်တော်မရဲ့ရုပါရုံအဆင်းကို ယောကျ်ားတပါးကမြင်လိုက်ရလျှင် မရပ်မတည် အရှူးပမာ ဣန္ဒြေမဆယ်နိုင်အောင်ဖြစ်ပြီး အလှပဆုံးအဆင်းအင်္ဂါနဲ့ ပြည့်စုံရပါစေ” လို့ ဆုတောင်းလိုက်သတဲ့။

အဲဒါလို့ သူဆုတောင်းတဲ့အတိုင်းဘဲ ပုဆိုးလှူတဲ့ကောင်းမှုစေတနာကြောင့် နတ်ပြည်လောကမှာလှည့်လည်လာပြီးတော့ ၎င်းကဿပဘုရားရှင် လက်ထက်မှာပင် အရိဋ္ဌပုရမည်သောမြို့မှာ ဥမ္မာဒန္တီဆိုတဲ့အမည်နဲ့ အလှဆုံး အလှဘုရင်မ လာပြီးဖြစ်တယ်။

ဥမ္မာဒန္တီရဲ့ အလွန်လှပတဲ့အဆင်းရုပါရုံရှိပုံနှင့်တကွ သိဝိမင်းကြီးပါ ရူးသွပ်ပြီး ဥမ္မာဒန္တီကိုမရလျှင် သေရမလောက် ဖြစ်သွားပုံတွေ ကိုတော့ ကြားဘူးနားဝ ရှိနေကြပါလိမ့်မယ်။

သူငယ်မလေးရဲ့ ဝတ်ပန်းပုဆိုး လှူခဲ့တဲ့ ကောင်းမှု စေတနာဟာ ဘယ်ထိအောင် အကျိုးလိုက်ပြီး ပေးပါသလဲဆိုတော့ ငါတို့ ဘုရားရှင် လက်ထက်တော်မှာ ဥပ္ပလဝဏ်ဆိုတဲ့အမည်နဲ့ ပဋိသမ္ဘိဒါပတ္တရဟန္တာထေရီမ ဖြစ်သွားတဲ့ ဘဝအထိ အလွန်လှပတဲ့ ရုပ်ဆင်းအင်္ဂါ ပြည့်စုံတဲ့အကျိုးကို ဘဝဆက်ကိုင်း ရရောက်ခံစား သွားရပါတယ်။

ယံ ယဒေဝါဘိပတ္ထေန္တိ၊ သဗ္ဗ မေ တေန လဗ္ဘတိ။

ယံယံဧဝ၊ အကြင်-အကြင် အလိုရှိသောဆုကို။ အဘိပတ္ထေန္တိ၊ တောင့်တကြကုန်၏။ တံတံသဗ္ဗံ၊ ထိုကိုတောင်းသမျှ ဆုအလုံးစုံကို။တေန၊ အနုမောဒိက ဥစ္စာတည်းဟူသော ကောင်းမှု စေတနာဖြင့်။ လဗ္ဘတိဧဝ၊ ရရောက်ပြည့်စုံနိုင်သည်သာလျှင်တည်း။

၎င်းဒေသနာတော်အတိုင်းဘဲ ဆုတောင်းကြရင် တောင်းတဲ့အတိုင်း ပြည့်စုံတာ ဖြစ်လေတော့ ဥမ္မာဒန္တီတို့ ဆုတောင်းနည်းလို သူတပါးကို ထိခိုက်အောင် ဆုတောင်းနည်းမျိုးတော့ အတုမခိုးသင့်ပေဘူး။

ဥမ္မာဒန္တီရဲ့ ဖြစ်စဉ်အကျယ်အထွေပွတ္တိကို ပဏ္ဏာသနိပါတ် ဥမ္မာဒန္တီဇာတကအဖွင့်မှာ ကြည့်ကြပေတော့။ သည်နေရာမှာတော့ ဆိုင်ရာလိုရင်းကလေးကိုသာ ဟောပြောရပေတယ်။ ယခုဟောခဲ့တဲ့ သာဓကကိုစဉ်းစားကြည့်ကြရင် ခုတင်ကဟောခဲ့တဲ့ " ဝတ္ထဒေါ ဟောတိ ဝဏ္ဏဒေါ " ဆိုတဲ့ ဘုရားဟောဒေသနာတော်နဲ့ ကိုက်ညီသွားတော့တာပေါ့။

သင်္ကန်းအလှူဟာ ဒါလောက်တင် အကျိုးပေးတာ မဟုတ်သေးပါဘူး၊ အတိုကောက် ပြောရရင်တော့ ဝိသာခါတို့-မလ္လိကာဒေဝီတို့လို ဆင်ပြောင်ငါးစီးအားကို ဆောင်နိုင်မှသာ ဝတ်ဆင်နိုင်တဲ့ ရွှေ,ငွေ,ရတနာ, ကျောက်,သံ,ပတ္တမြားတို့ဖြင့် ခြယ်လယ်ချုပ်လုပ်ပြီးထားတဲ့ အဖိုးကိုးကုဋေထိုက်တန်တဲ့ " မဟာလ္လတာတန်ဆာ" ကို နောက်ဆုံး ဝတ်ဆင်ရတယ်လို့ မာတုဂါမ ဒကာမတွေဘက်က အကျိုးရပုံကိုသိရယ်။

သင်္ကန်းလှူဘူးတဲ့ ဒကာမျာဘက်ကတော့ နောက်ဆုံးပစ္ဆိမဘဝမှာ ဧဟိဘိက္ခုရဟန်းအဖြစ်ကို ရပြီးတော့ မဂ်-ဖိုလ်-နိဗ္ဗာန်ကိုရောက်နိုင်ပါတယ်လို့ အကျိုးရှိပုံကို ယုံကြည်စွာ နာယူကြပါ။ ယခု ဟောခဲ့တာကတော့ အမှတ်(၃)အရ ရိုးရိုးသင်္ကန်း,သာမန်သင်္ကန်း အလှူအတွက် အကျိုးရပုံကို ဟောပြောခြင်းဖြစ်ပါတယ်။

အမှတ်(၄)ကထိန်ကာလမှာ ကထိန်သင်္ကန်း လှူဒါန်းခြင်းကြောင့် သံဃာတော်များမှာ ခံစားရတဲ့အကျိုးနှင့်တကွ ကထိန်သင်္ကန်းလှူဒါန်းတဲ့ ဒါယကာများမှာ အကျိုးရပုံကို နာယူကြပေအုံးတော့။

ရှေးဦးစွာ ကထိန်ဒါယကာများကြောင့် ကထိန်ခင်းတဲ့ကျောင်းတိုက်အတွင်းမှာရှိတဲ့ ပုရိမဝါသား သံဃာတော်များမှာ အနာမန္တစာရအစရှိတဲ့ အကျိုးငါးပါးကို ခံစားရပါတယ်။

ဒီနေရာမှာ ရဟန်းသံဃာများ ဒိဋ္ဌလက်ငင်း ခံစားရတဲ့အကျိုးနှင့်တူစွာ အလှူဒါယကာများမှာလဲ နေ ယျ တ္တ အား ဖြင့် ပြန် ပြီး ရ နိုင် တဲ့ အကျိုးတရားပါတွဲပြီး ဟောပြပါမယ်။

ကမ္မသရိက္ခကဝိပါကာဝသေနေဝ၊ ကမ္မနိယမော ဟောတိ။

ကမ္မသရိက္ခက ဝိပါကာဝသေနေဝ၊ ကံနှင့်တူစွာ အကျိုးပေးသည်၏ အစွမ်းအားဖြင့်သာလျှင်။ ကမ္မနိယမော၊ ကမ္မနိယမသည်။ ဟောတိ၊ ဖြစ်၏။

၎င်းအဋ္ဌကထာဒေသနာတော်အတိုင်း မိမိတို့အားဆုတ် ပြုလုပ်ခဲ့တဲ့ အကြောင်းကံနှင့်တူစွာ အကျိုးခံစားရပါတယ်လို့ မှတ်ကြပေတော့။

ကထိန်အာနိသင်ရတဲ့ သံဃာတော်များမှာ ပထမရတဲ့ အကျိုးက တော့ "အနာမန္တစာရ" ခေါ်တဲ့အကျိုးဘဲ၊ အဓိပ္ပါယ်က ဆွမ်းစားပင့် ထားတာကို လက်ခံထားတဲ့ ရဟန်းတော်ဟာ ထင်ရှားရှိတဲ့ ရဟန်းတပါး ပါးကို မပန်ကြားဘဲ တပါးသော ဒါယကာအိမ်ကို မသွားကောင်းဘူး။ သွားမိရင် အပြစ်အာပတ်သင့်တယ်။ ကထိန်အာနိသင် ရတယ်ဆိုရင်တော့ ဤ သိက္ခာပုဒ်အတွက် အပြစ်မရှိတော့ဘူး၊ လွတ်လွတ်ကင်းကင်း သွားလို ရာကိုသွားနိုင်တဲ့ ဤပထမအကျိုးကို ရပါတယ်။

အဲဒီလို ရဟန်းတော်များ အပြစ်လွတ်ကင်းပြီး အကျိုးခံစားရသလို ကထိန်ဒါယကာများမှာလဲ ရဟန်းတော်များရတဲ့ အကျိုးနှင့်တူစွာ သွား လိုရာဖြစ်တဲ့ အရပ်ဒေသသို့ အခွင့်ယူဘွယ်-ပန်ကြားဘွယ်-တိုင်ကြားဘွယ် မရှိမူ၍ လွတ်လွတ်လပ်လပ်သွားနိုင်ခြင်း သွားလာခြင်းကြောင့် အပြစ်လွတ် ကင်းခြင်းအကျိုးကို တူစွာရနိုင်ပါတယ်လို့ မှတ်သားကြပေတော့။

ဒုတိယကျိုးကတော့"အသမာဒါနာစာရ"တဲ့၊အဓိပ္ပါယ်က ရဟန်း တော်များဟာ တိစီဝရိက် အဓိဋ္ဌာန်တင်ထားတဲ့ သင်္ကန်းနဲ့ ညဥ့်ကင်းပြီး ပနေကောင်းဘူး။ ညဥ့်ကင်းပြီးနေမိရင် ၎င်းသင်္ကန်းကို စွန့်ပစ်ရတယ်၊ မိမိ မှာလဲ အပြစ်အာပတ်သင့်တယ်၊ အာနိသင်ရရင်တော့ ၎င်းအပြစ်အာပတ်က လွတ်ကင်တဲ့အကျိုးကို ရပါတယ်ဘဲ့။

အဲဒီ ဒုတိယအကျိုးကို ရဟန်းတော်များရသလို ကထိန်ဒါယကာ များမှာလဲ မိမိတို့ပိုင်ဆိုင်တဲ့ပစ္စည်းနဲ့ တကွဲစီ ခွဲခွါပြီး နေမိသော်လဲ ရန်သူ မျိုးငါးပါး မဖျက်ဆီးနိုင်ဘဲ ရန်သူများရဲဘေးရန်က လွတ်ကင်းတဲ့အကျိုး ကို ရနိုင်ပါဘယ်လို့ နေယျတ္ထ အားဖြင့် အကျိုးရပုံကို မှတ် သား ကြ ပေ တော့။

တတိယအကျိုးကတော့"ဂဏဘောဇန"အကျိုးတဲ့။ အဓိပ္ပါယ်က "အရှင်ဘုရားတို့ ထမင်းစားကြွပါ" လို့ ရဟန်းတော်များအား မအပ်တဲ့ အကပ္ပိယဝေါဟာရဖြင့် လာပြီးပင့်မယ်ဆိုရင် အဲဒီလိုဆွမ်းမျိုးကို လိုက်ပြီး

မစားကောင်းဘူး။ ဒီဆွမ်းမျိုးကို လိုက်ပြီး စားမိရင် အဆိပ်ကိုစားမိသလို မအပ်တဲ့အစာအာဟာရဖြစ်လို့ အပြစ်အာပတ် ရှိပါတယ်။ တဲ့ကြောင့်-ရဟန်းတော်များကို အစားအသောက်နဲ့ပတ်သက်ပြီး ပင့်ဘိတ်တဲ့နေရာမှာ "ဆွမ်း"ဆိုတဲ့ အပ်တဲ့ဝေါဟာရနဲ့သုံးမှ ပင့်ဘိတ်မှ လိုက်ပြီး စားကောင်းတယ်၊ အပ်တယ်ဟူ၍ မှတ်သားထားကြပါ။ ယခုဟောခဲ့တဲ့ တတိယအာနိသင်ရတဲ့ ရဟန်းတော်များမှာတော့ ဒီလိုမအပ်တဲ့ ပင့်နည်းမျိုးနဲ့ပင့်သော်လဲ လိုက်ပြီးသုံးဆောင်နိုင်တယ်။ အပြစ်အာပတ် မသင့်တော့ဘူး။

ဤတတိယအကျိုးကို ရဟန်းတော်များရသလို ကထိန်ဒါယကာများမှာလဲ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းတဲ့ ကုသိုလ်စေတနာကြောင့် စားကောင်း သောက်ဘွယ် ဘောဇဉ်ခဲဘွယ် များကိုသာ ဖြစ်ရာဘဝ၌ သုံးဆောင် စားသောက်ရခြင်း မိမိနဲ့မသင့်တဲ့ အစာအာဟာရကို ဖြစ်စေ၊ အဆိပ်များကိုဖြစ်စေ စားသောက်မိပါက မိမိနဲ့သင့်တဲ့ အာဟာရဖြစ်ပြီးတော့ အဆိပ်အတောက်ကင်းစွာ အန္တရာယ်မရှိနိုင်တဲ့အကျိုးမျိုးကို ရနိုင်တယ်လို့ မှတ်သားကြပါ။

စတုတ္ထအကျိုးကတော့ "ယာဝဒတ္ထစီဝရ"ဆိုတဲ့ အကျိုးကို ရဟန်းတော်များ ရနိုင်ပါတယ် တဲ့။ အဓိပ္ပါယ်ကတော့ - ရဟန်းတော်များမှာ အဝတ်သင်္ကန်းရလာရင် ဆယ်ရက်အတွင်းမှာ အဓိဋ္ဌာန်ဝိကပ္ပနာပြုလုပ်ပြီး သုံးဆောင်ရတယ်၊ လူများလို အမှတ်တမဲ့ ဝတ်ရုံ သုံးဆောင်လို့ မရဘူး၊ ဆယ်ရက်အတွင်းမှာ ဝိနည်းကံနဲ့ညီအောင် မပြုလုပ်ဘူးဆိုရင် ဆယ်ရက်လွန်သွားရင် အဲဒီအဝတ်ကိုစွန့်ပစ်ရတဲ့အပြင် အပြစ်အာပတ်လဲ သင့်တယ်။ ကထိန်အာနိသင်ရရင်တော့ အဲဒီအပြစ်လဲမဖြစ်နိုင်တော့ဘူး၊ ကထိန်ခင်းတဲ့နေ့ကစပြီး တပေါင်းလပြည့်အတွင်း ထားချင်သလိုထားတော့ အပြစ်အာပတ် မသင့်တော့ဘူး၊ အဲဒီအကျိုးကို ရဟန်းတော်များ ရပါတယ်။

ဤကဲ့သို့ စတုတ္ထအကျိုးကို ရဟန်းတော်များရသလို ကထိန်ဒါယကာများလဲ မိမိတို့ပိုင်တဲ့ ပစ္စည်းများ ကို ကာလ မြင့်ရှည်စွာ မသိမ်းဆည်းမိသော်လဲ ပျောက်ကွယ်ပျက်စီးခြင်းမရှိသောအကျိုးကို ရနိုင်တယ်ဟူ၍ ကမ္မနိယမသဘောကို မှတ်ယူကြပါ။

ပဉ္စမငါးခုမြောက် အကျိုးကတော့ "ယောဇ ဟတ္ထ စိဝရုပ္ပါဒ" အကျိုးဖြစ်ပေတယ်။ ဒီအကျိုးရပုံက ဘယ်လိုလဲဆိုတော့ ကထိန်ခင်းတဲ့ ကျောင်းတိုက်အတွင်းမှာဖြစ်ပေါ်တဲ့ သံဃိကသင်္ကန်းဟူသမျှဟာ ကထိန်အာနိသင်ရတဲ့ သံဃာများသာ ပိုင်ဆိုင်ရတယ်။ အာနိသင်မရဘဲ့ သံဃာနဲ့ မသက်ဆိုင်တော့ဘူး၊ အဲဒါလို အများသံဃာပိုင်တယ်ဆိုတဲ့အထဲမှာ မိမိပါ ပိုင်ဆိုင်ခွင့်ရတဲ့အကျိုးကို ခံစားရပါတယ်။

ဤကဲ့သို့ ငါးခုမြောက်အကျိုးကို ရဟန်းတော်များ ခံစားရသလို ကထိန်သင်္ကန်းလှူဒါန်းတဲ့ ဒါယကာများမှာလဲ အများပိုင်ဆိုင်တယ်ဆိုတဲ့ ပစ္စည်းဥစ္စာမှန်သမျှကို ယခုကာလမှာ ထီပေါက်သလိုပေါ့၊ မိမိပါသက်ဆိုင်ပြီး ပိုင်ဆိုင်ခွင့်ရနိုင်ပါတယ်။ စီးပွားဥစ္စာ ရှာဖွေတဲ့အခါမှာလဲ ရှာဖွေလို့ ရလွယ်တယ်ဆိုတဲ့ အကျိုးကိုရနိုင်ကြောင်း လေးလေးစားစား မှတ်သားကြပေတော့။

အကျိုးရပုံကို ဝေ ဘန် ပြီး ဟော ခဲ့ တာ က ယခင်က ရွတ်ဆိုပြီး ဟောခဲ့တဲ့ ဒေသနာအတိုင်းဘဲ အားထုတ်ခဲ့တဲ့အကြောင်းကံနှင့်တူအောင် အကျိုးပေးတတ်တဲ့ ကမ္မနိယမ သဘောနဲ့ ဝေဘန်ပြီး ဟောခဲ့ခြင်းဖြစ်တဲ့ အတွက် ယုံကြည်စွာလိုက်နာပြီးတော့ မိမိတို့ပြုအပ်တဲ့ ကောင်းမှုကုသိုလ်ကို အာရုံပြုပြီး ဝမ်းမြောက်ကြပေတော့။

ယခု ဟောပြောခဲ့သော တ ရား အ စဉ် ဖြင့် သာမန်သင်္ကန်းအလှူ အတွက် အလွန်အကျိုးကြီးကြောင်းကိုလဲ သိကြရပြီ။ ကထိန်သင်္ကန်းအလှူ အဘွက် အကျိုးရပုံကိုတော့ ရဟန်းတော်များရနိုင်တဲ့ အကျိုးက ပြန်ပြီး တော့ တူစွာရနိုင်တဲ့ အခြင်းအရာကိုလဲ ဟောပြခဲ့ပြီ။

ထို့ကြောင့် ကထိန်သင်္ကန်း ဒါယ ကာ များ မှာ အ ကျိုး နှစ် ရပ် ပေါင်းစပ်ပြီး မြင့်မြတ်သောအကျိုးကို ရနိုင်ကြပါသောကြောင့် တပါးသော သာမန်သင်္ကန်း၊ ရိုးရိုးသင်္ကန်းအလှူထက် ထူးမြတ်တဲ့ ကထိန်သင်္ကန်း အလှူကို ငါတို့လှူဒါန်းရပြီ၊ အားထုတ်ရပြီဟု မိမိတို့ ကောင်းမှုကုသိုလ်ကို အာရုံပြုကာ ဝမ်းမြောက်ကြစေကုန်သတည်း။

(အဘိဓမ္မာတပ်၍ တရားအပြီးသတ်လေ။)

**ကထိန်တရားတော် ပြီး၏။**

---

## နမော ဝတ္ထုတ္တယဿ ဇေယျတု
## သရဏ ဂမန ကထာ
## (၅၅) အပါယ် တံခါးပိတ် တရားတော်

ယနေ့ ဟော ပြော မဲ့ တရားတော်နဲ့ ပတ်သက်ပြီးတော့ ရှေးဦးစွာ တထစ်ကျ မှတ်သားထားကြဘို့ တင်ကြိုပြီး သတိပေးရအုံးမယ်။

"အဒ္ဒဇ္ဈဝစနာ ဗုဒ္ဓါ"ဆိုတဲ့ ဒေသနာတော်လမ်းပြရှိပါတယ်။ ဗုဒ္ဓါ၊ ဘုရားရှင်တို့သည်။ အဒ္ဒဇ္ဈဝစနာ၊ စကားနှစ်ခွန်း ပြော တော် မ မူ ကုန်။ ဘုရားရှင်တို့မည်သည်မှာ တခြားသူများလို အရင်ပြောတဲ့စကားကတမျိုး ယခုပြောတာကတဖုံ၊ နောက် ပြော ဘို့ ဟာ က တ သွယ်၊ ဒီလို မတဲ့ မမှန် ဖောက်လွဲဖောက်ပြန် အမျိုးမျိုးပြောဆိုခြင်းမရှိဘူးတဲ့၊ စကားတခွန်းထဲ သာ ဟောတော်မူတတ်ပါတယ်။ တခွန်းထဲပြောတယ်ဆိုပေတဲ့ မမှန်တဲ့ စကားအကျိုးမရှိတဲ့စကားကိုလဲ ဟောပြောလေ့ မရှိပါဘူးတဲ့။

"အမောဃဝစနာ ဇိနာ"။ ဇိနာ၊ ဘုရားရှင်တို့သည်။ အမောဃ ဝစနာ၊ အကျိုးမပြီး အချည်းနှီးသောစကားကို ဟောပြောတော်မမူကြ ကုန်။ တခွန်းတည်းပြောတာပေတဲ့ မှန်တဲ့စကား၊ အကျိုးရှိတဲ့စကားကိုသာ ဟောပြောတော်မူလေ့ရှိပါတယ်။

ဒါ့ကြောင့် ငါတို့ ကိုးကွယ်ရာဖြစ်တော်မူတဲ့ ဗုဒ္ဓရှင်တော်မြတ်ရဲ့ စကားဘော်၊ တရားတော်ဟာ အစစ်မှန်ကန်တဲ့ တရားတော်ဘဲ၊ ယုံကြည် ထိုက်ဘဲ့ တရားတော်ဘဲလို့ သန္နိဋ္ဌာန်ချပြီးတော့ စွဲစွဲမြဲမြဲ မှတ်သားထားကြ ပါလို့ တရားမဟောမီ လိုရင်းကျတဲ့ အချက်တခုကို သတိပေးထားရပါ တယ်။

ယနေ့ဟောမဲ့တရားတော်က- "အပါယ်တံခါးပိတ်တရားတော်"လို့ အမည်တပ်ကြပါစို့။ ဒကာ-ဒကာမတွေ အပါယ်လေးပါး မလားမရောက်ရ အောင် လမ်းပြမဲ့ တရားတော်ကို ဟောပြမယ်လို့ ရည်ရွယ်ခဲ့ပါတယ်။ အဲဒီ စကားချီးထဲမှာဘဲ"အပါယ်"ဆိုတဲ့ စကားတခွန်းပါလာတော့ကာ အဲဒါကို ရှင်းပြီးသိကြဘို့ အရေးကြီးသေးတာပေါ့။အပါယ်ဆိုတာ ငရဲဘုံ့၊တိရစ္ဆာန် ဘုံ၊ပြိတ္တာဘုံ၊အသုရကာယ်ဘုံ အဲဒီလေးဘုံကို အပါယ်လေးဘုံလို့ ခေါ်ပါ

တယ်။ အဲဒီအပါယ်လေးဘုံဟာ ဘာတခုမှ ချမ်းသာခွင့်မရှိ၊ ကုသိုလ်တရား တိုးပွားဘို့ အခွင့်မရတဲ့ဘုံဖြစ်တော့ အလွန် ကြောက် ဘွယ် ကောင်း တဲ့ ဘုံ ဖြစ်ပါတယ်။

ဒီအရာမှာ ဗုဒ္ဓဘာသာဝါဒမရှိတဲ့ ပုဂ္ဂိုလ်တွေရဲ့ ယူဆချက်၊ ဟော ပြောချက်များကို ဖော်ထုတ်ပြီး ရှင်းပြရသေးတာပေါ့။ အယူအဆလွဲတဲ့ ပုဂ္ဂိုလ်တွေက ငရဲဘုံဆိုတာ မရှိပါဘူး၊ သက်သက် ဘုန်းကြီးတွေက ချောက် ပြီး ဟောတဲ့တရားတွေပါ၊ ထို့ပြင်လဲ နတ်ဘုံ-ဗြဟ္မာဘုံဆိုတာလဲ မရှိတာကို လုပ်ဇာက်ထွင်ပြီးတော့ မြှောက်ပင့်ဟောတဲ့ တရားဘဲလို့ ဟောပြောချက် တွေ, ယူဆချက်တွေ ကြားဘူးရတာဖြစ်လို့ ဒို့ဒကာ-ဒကာမတွေ သံသယ ကင်းကြရအောင် ရှင်းပြပါမယ်။

အနန္တစကြဝဠာတိုက်အပေါင်း၌နေကြတဲ့ သဝိညာဏက အသက် ရှိတဲ့ ပုဂ္ဂိုလ်သတ္တဝါတွေကို အကျဉ်းချုံးပြီး ဘုရားရှင်ဟောခဲ့တာကတော့ ပုဂ္ဂိုလ် တကျိပ်နှစ်ပါးသာ ဖြစ်ပါတယ်။ ဒုဂ္ဂတိ - အဟိတ်ပုဂ္ဂိုလ်၊ သုဂတိ- အဟိတ်-ပုဂ္ဂိုလ်၊ ဒွိဟိတ်-ပုဂ္ဂိုလ်၊ တိဟိတ်-ပုဂ္ဂိုလ်ဆိုတဲ့ ပုထုဇဉ်ပုဂ္ဂိုလ်က လေးယောက်။ မဂ်ပုဂ္ဂိုလ်၊ ဖိုလ်ပုဂ္ဂိုလ်က လေးယောက်ဆိုတော့ အရိယာ ပုဂ္ဂိုလ်ကရှစ်ယောက်။ပေါင်းလိုက်တော့ပုဂ္ဂိုလ်ပေါင်း တကျိပ်နှစ်ယောက် ဖြစ်ပါတယ်။

ဒီပုဂ္ဂိုလ် တကျိပ်နှစ်ယောက်တို့ရဲ့ နေရာ ဘုံဌာန ကတော့ အပါယ် လေးဘုံ၊ ကာမသုဂတိ ခုနစ်ဘုံဆိုတဲ့ ကာမဘုံက (၁၁) ဘုံ၊ ဗြဟ္မာဘုံက နှစ်ဆယ် ပေါင်းလိုက်တော့ ဘုံပေါင်း (၃၁)ဘုံ ရှိပါတယ်။

အဲဒီ ပုဂ္ဂိုလ်နဲ့ဘုံတွေရှိကြောင်းကို ဒေသနာတော်အရ ညွှန်ပြရမယ် ဆိုရင် အဘိဓမ္မာ(၇)ကျမ်းရှိတဲ့အနက် ခြောက်ဆင့်မြောက်ဖြစ်တဲ့ ယမိုက် ကျမ်းတော်ကြီးမှာ ပုဂ္ဂိုလ် တကျိပ်နှစ်ပါး ကိုတော့ "ပုဂ္ဂလဝါရ" ဆိုပြီး တော့ တဝါရ သက်သက် သီးခြား ဟောတော်မူပါတယ်။ ဘုံ(၃၁)ဘုံ ကိုတော့ "ဩကာသဝါရ"ဆိုပြီးတော့ တဝါရ သက်သက် သီးခြားဟော တော်မူပါတယ်။ ဘယ်ဘုံမှာ ဘယ်ပုဂ္ဂိုလ်မျိုးရှိကြောင်း စသည်ကိုတော့ "ပုဂ္ဂလောကာသ ဝါရ"ဆိုပြီးတော့ တဝါရသက်သက် ဟောတော်မူပါ တယ်။

အဲဒါလို ဘုရားမြတ်ကိုယ်တော်တိုင် ဟောမြွက်တော်မူတဲ့ ဒေသနာတော်ကြီး အထင်အရှား ရှိနေတော့ ပုဂ္ဂိုလ်ရှိကြောင်း၊ ဘုံ-ရှိကြောင်း ယုံကြည်ရတာပေါ့။ ဤကဲ့သို့ ဒေတနာတော် အရ ဘုံ (၃၁)ဘုံ ရှိတယ် ဆိုကထဲက အပါယ်လေးဘုံ အထင်အရှားရှိကြောင်း ယုံမှားဘို့မလိုပါဘူး။

အယူလွဲတဲ့သူတွေ ပြောတဲ့အတိုင်း သူတို့မမြင်ရလို့ မရှိဘူးပြောချင်ရင် သူတို့အမေကြီး-အဖေကြီးများရဲ့ မိဘဖြစ်တဲ့ ဘိုးတွေ-ဘွားတွေ၊အဘိ-အဘင်တွေကော သူတို့ မမြင်ရတဲ့ အတွက် မရှိဘူးဆိုကြမလား၊ တောက်ရှောက် လွဲစရာကြီး တွေဘဲ။ ဘုန်း ကြီး များ တော့ ဗုဒ္ဓရှင်တော်ဘုရားကို ယုံကြည်ပြီးသားဖြစ်လို့ ကိုယ် မမြင်ရပေတဲ့ ဘုရားရှင်ဟောခဲ့တဲ့ ဒေသနာတော်က ရှိတော့ စွဲစွဲမြဲမြဲကို ယုံ ကြည် ရ ပါ တယ်။ ဒကာ - ဒကာမတွေလဲ မယုံမရှိကြနဲ့၊ အပါယ်လေးဘုံဆိုတာ ရှိတယ်လို့ တထစ်ချ ယုံကြည်ကြပြီးတော့ အဲဒီ အ ပါ ယ် ဘုံ ကို မ ရောက် အောင် အ ပါ ယ် ဘုံ လွတ် အောင် နည်းလမ်းရှာဘို့ဘဲ လိုပါတယ်။

အပါယ်လေးပါးဆိုတာ ဘာမျှ ချမ်းသာစရာမရှိ၊ စိတ်ဝင်စားစရာမရှိ၊ ကုသိုလ်ရဘို့ဆိုတာလဲ အရှင်းမရှိတဲ့ သမ္ဗတ္တိမျိုးလွတ်ကင်းတဲ့ ဂတိဝိပ္ပတ္တိဘုံကြီးဘဲ။ ထို့ကြောင့် ယနေ့ ဒကာ-ဒကာမတွေကို အပါယ်တံခါးပိတ်တဲ့နည်းလမ်း ပေးရလိမ့်မည်။ ဘုန်းကြီးပေးမဲ့နည်းလမ်းက ပိုက်ဆံတပြားမှလဲ မကုန်ရပါဘူး၊ ယုံကြည်ချက်သဒ္ဒါတရားကိုသာ အရင်းတည်ဘို့လိုပါတယ်။

ရှေးဦးစွာ အတိုချုပ်နည်းလမ်း ပေးရမှာကတော့ "ရတနာသုံးပါးကို ဆည်းကပ်ကြပါ" ဟူ၍ တိုက်တွန်းလိုက်ရခြင်းပါဘဲ။ ကိုင်း....ရတနာသုံးပါးကို ဆည်းကပ်ဘို့အလုပ်ဟာ ပိုက်ဆံတပြားမှ ကုန်ဘို့မလိုပါဘူး။ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ရင် ငါတို့ဟာ အပါယ်မလားတော့ဘူး၊ အပါယ်တံခါးပိတ်ပြီလို့ ယုံကြည်ဘို့ သဒ္ဒါတရားသာ လိုရင်းပါဘဲ။

ယခု တရားနာပရိသတ်တွေဟာ ရ တ နာ သုံး ပါး ကို ယုံကြည်စွာ ဆည်းကပ်ပြီးသားပရိသတ်တွေဖြစ်လို့"ဉပါသကာ-ဉပါသိကာ"လို့ အမည်တွေတောင် ရနေကြပါပြီ။

သို့ပါသော်လဲ စိတ်ထား မမြဲလို့ ပြောင်း လွဲ သွား မှာ စိုး ရ တယ်။ ခိုင်ခိုင်မြဲမြဲနဲ့ တိုးပြီးတော့ ယုံ ကြည် ကြ ရ အောင်၊ တိုး ပြီး တော့ ရတနာသုံးပါးကို ဆည်းကပ်နိုင်ကြရအောင် အနည်းငယ် ထင်ရှားအောင် ဟောကြားရသေးတာပေါ့။

ရတနာသုံးပါးရှိတဲ့အနက်- "ဘုရားရတနာဆိုတာ" ဘယ်သောက် ဂုဏ်တော်ကြီးပါသလဲဆိုရင် ဘုရား တ ဆူ ရဲ့ ဂုဏ် တော် ကို ဘုရားတဆူက ဟောရင်ပြောရင်တောင်မှ ကုန်ဆုံးနိုင်ဘွယ် မရှိဘူးလို့....။

"ဗုဒ္ဓေါ ပိ ဗုဒ္ဓဿ ဘဏေယျ ဝဏ္ဏံ" အစရှိတဲ့ ဒေသနာတော်နဲ့ ပြထားပါတယ်။ ဒါ့ကြောင့် ဘုရားရတနာရဲ့ဂုဏ်တော်ဟာ အဆုံး အပိုင်း အခြားမရှိဘူးလို့ အာရုံပြုကြရတာပေါ့။ ဘုရားရတနာမြတ်ကို ကြည်ညို စရာ ကျေးဇူးတင်စရာတခုကို ဟောပြောရသေးတာပေါ့။

ဗုဒ္ဓါဒိစ္စေ အနုပ္ပန္နေ၊
ဗုဒ္ဓစန္ဒေ အနုဂ္ဂတေ။
တေသံ သဘာဝ ဓမ္မာနံ၊
နာမမတ္တံ န နာယတိ။

ဗုဒ္ဓါဒိစ္စေ၊ ဘုန်းတော်ပဝင်း ထိန်ထိန်လင်းတဲ့ ဘုရားတည်းဟူသော နေမင်းသည်။ အနုပ္ပန္နေ၊ ပလ္လင်ညောင်ရိပ် ဥဒည်ထိပ်တ တဖိတ်ဖိတ်လက် ရောင်စုံပြက်၍ မထွက်မပေါ်ခဲ့သည် ရှိသော်။ ဗုဒ္ဓစန္ဒေ၊ ကရုဏာအေးကြူ ဖွေးဖွေးဖြူတဲ့ ပြိုင်သူပကင်း ဘုရားတည်းဟူသော လမင်းသည်။ အနုဂ္ဂတေ၊ ရောင်ဝါပွင့်လန်း အာကာလမ်းမှ တင့်ဆန်းစွာ ထွက်ပေါ်၍ မလာခဲ့သည် ရှိသော်။ တေသံ သဘာဝဓမ္မာနံ၊ ထိုထိုရှိသမျှ သဘာ ဖြစ်သော တရား တို့၏။ နာမမတ္တမ္ပိ၊ အမည်နာမ ပညတ်မျှ ကို သော်လည်း။ န နာယတိ၊ မသိမထင် မမြင်နိုင်ကြ ပေ။

ဤဒေသနာတော်အရ နေဝန်း - လဝန်းတို့ ထွက်ပေါ်မလာခဲ့ရင် သဝိညာဏက အဝိညာဏက ဘယ်အရာဝတ္ထုကိုမျှ မမြင်ရတော့ဘူး၊ မမြင် ရတော့ သတ္တဝါတွေရဲ့ နေရေး-ထိုင်ရေး လုပ်ကိုင်ရေး စားသောက်ရေး အစရှိသည်တို့ဟာ ဘယ် မှာ ကိစ္စ ပြီး တော့ မှာ လဲ။ နေဝန်း - လဝန်းတို့ ထွက်ပေါ်လာလို့ အရာရာ ကိစ္စပြီးကြ၊ ချမ်းသာကြတယ်မဟုတ်ပါလား။

အဲဒါလိုဘဲ ဘုရားရှင်တို့လောကကြီးမှာ ပွင့်ပေါ်ပြီး မလာကြဘူး ဆိုရင် အပြစ်ရှိတဲ့ကိစ္စကိုလဲ မသိကြဘူး၊ အပြစ်မရှိတဲ့ကိစ္စကိုလဲ ထင်ရှား အောင် ခွဲဝေလို့ မသိနိုင်တော့ဘူး၊ အသိအခက်ဆုံးဖြစ်တဲ့ ပညတ်သဘော ပရမတ်သဘောတွေကိုလဲ ဘယ်လိုနည်းနဲ့မှ သိဘို့မရှိတော့ဘူး၊ အဲဒီတရား တွေက သဗ္ဗညုတဉာဏ်တော်ရဲ့အရာ ဖြစ်နေတာကိုး။ ယခုမှာတော့ လောက

ရေးဘက်က ဖြစ်စေ၊ မမွေရေးဘက်ကဖြစ်စေ၊ အထွေထွေသော တရားတွေကို ဝေဘန်ပြီးတော့ ဘုရားရှင် ဟောကြားတော်မူတာ ဖြစ်တော့ အသိအလိမ္မာဉာဏ် ပွင့်လင်းပြီး သတ္တဝါတွေမှာ အထွေထွေ ချမ်းသာခွင့်ကို ရကြပါတယ်။ အဲဒါလိုကြည့်ပြီးတော့ကာ ဘုရားရတနာဖြစ်တဲ့ ဗုဒ္ဓဘုရားရှင်အပေါ်မှာ အင်မတန်မှ ကျေးဇူးတင်စရာ၊ ကြည်ညိုစရာ၊ ဆည်းအပ်စရာ ဖြစ်ပါသောကြောင့် ဘုရားတည်းဟူသော ဆည်းကပ်သင့်တဲ့ သရဏာအပေါ်မှာ ယုံကြည်စွာနဲ့ဆည်းကပ်ကိုးကွယ်ကြပါလို့တိုက်တွန်းခဲ့ပါတယ်။

မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်သည် နတ်ပြဟ္မာ အပေါင်းတို့အား "မဟာသမယသုတ်"တော်ကို ဟောကြားမယ်လို့ မဟာဝုန်တော၌ သကျသာကီဝင်မင်းသားရဟန္တာ ငါးရာခြံရံပြီးတော့ နတ်ပြဟ္မာပရိသတ်ကြီး စုဝေးနေကြတဲ့အခါမှာ သုဒ္ဓါဝါသဘုံက ဣဒ္ဓိမန္တဖြစ်တဲ့ အရိယာပြဟ္မာကြီး(၄)ယောက်ဟာ အရပ်လေးမျက်နှာ တယောက်စီ ခွဲပြီးတော့ မြတ်စွာဘုရားထံ ဆည်းကပ်ကြပါတယ်။ ထိုအခါ မြောက်အရပ်က ဆည်းကပ်တဲ့ ပြဟ္မာကြီးက အောက်ပါဂါထာဖြင့် လျှောက်ထားလိုက်ပါတယ်။

ယေကေစိ ဗုဒ္ဓံ သရဏံ ဂတာသေ၊
န တေ ဂမိဿန္တိ အပါယဘူမိံ။
ပဟာယ မာနုသံ ဒေဟံ၊
ဒေဝကာယံ ပရိပူရေဿန္တိ။

ယေကေစိ၊ လူနတ်မဟူ ဆူဆူသောင်းသောင်း သတ္တဝါအပေါင်းတို့သည်။ ဗုဒ္ဓံ၊ ဂုဏ်တော်ထူးလတ် ရှင်တော်မြတ်ကို။ သရဏံ-သရဏံဂတိ၊ ဆင်းရဲကိုဖျောက် ချမ်းသာရောက်အောင် ချီးမြှောက်တတ်ပေ၏ ဟူ၍။ ဂတာသေ၊ ယုံကြည်စိတ်စွဲ မှီဝဲဆည်းကပ်ကြကုန်၏။ တေဇနာ၊ ထိုသူတို့သည်။ မာနုသံဒေဟံ၊ ရဆဲထိုထို လူ၏ကိုယ်ကို။ ပဟာယ၊ စွန့်ကာပယ်ချ ဘဝအထူး ကူးပြောင်းကြရသည်ရှိသော်။ အပါယဘူမိံ၊ မလိုလားအပ်လေးရပ်ရိပ်မြုံ အပါယ်ဘုံသို့။ နဂမိဿန္တိ၊ မလားရကုန်လတ္တံ့။ ဒေဝကာယံ၊ သုဂတိနန်း သာဆန်းရိပ်မြုံ နတ်တို့ဘုံကို။ ပရိပူရေဿန္တိ၊ ပြည့်စေကုန်လတ္တံ့။ ဝါ- နတ်နန်းရိပ်သာ နတ်ချမ်းသာဝယ် ထယ်ဝါခန့်ညားလွှန်ပျော်ပါးအောင် စံစားကြရမည် ဖြစ်ကုန်တော့သတည်း။

အဲဒီ ဂါထာ ရဲ့ အဓိပ္ပါယ် အ ကျဉ်း က တော့ မြတ်စွာ ဘု ရား ကို ကိုးကွယ် ဆည်းကပ်တဲ့ သူတွေဟာ အပါယ်လေးပါး မလားရဘဲ သုဂတိ နတ်ရွာသို့သာ ရောက်ကြပါတယ်လို့ ဟော ထားတဲ့ဂါထာဖြစ်ပါတယ်။ ၎င်းအရိယာပြဟ္မာကြီးများ မြင်သိ လျှောက် ထား တဲ့ အ တိုင်း မှန်ကန်တဲ့ သဘောသွားဖြစ်လို့ ဘုရားရှင်လဲ ခွင့်ပြု သည်းခံတော်မူပါတယ်။

အဲဒီသာဓကကို ထောက်ကြည့်ကြရင် ဘုရားရတနာကို ကိုးကွယ် ဆည်းကပ်တဲ့ကိစ္စဟာ ဘယ်လောက် တန်ဖိုးရှိသလဲဆိုတာ သိမှတ်နိုင်ပါပြီ- ဘုရားကို ဆည်းကပ်ပြီး သရဏဂုံတည်တဲ့အလုပ်ကို အားကိုးကြရအောင် သာဓကတခု ထုတ်ပြပါအုံးမယ်။

ငါတို့ ကိုး ကွယ် ရာ ဖြစ် တော် မူ တဲ့ ဂေါတမ ရှင်တော်ဘုရားဟာ သဗ္ဗညုတဉာဏ်တော်ကြီးကို ရလို့ ဘုရားစင်စစ် ဖြစ်ပြီးတဲ့နောက် သတ္တ-သတ္တာဟ လွန်မြောက်ပြီးတဲ့အခါ မိဂဒါဝုန်တောသို့ ကြွတော်မူပြီးလျှင် ပဉ္စ ဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရား ဟော တော် မူ တဲ့ အ ခါ ဓမ္မစကြာ တရားတော်ကို ကြားနာရတဲ့ ပရိသတ်တွေထဲက သာတာဂိရ နတ်မင်းကြီး ဟာ လောကသုံးပါး၌ ဘုရားစင်စစ်ပွင့်တော်မူကြောင်း မိမိ၏မိတ်ဆွေကြီး ဖြစ်တဲ့ ဟေမဝတနတ်မင်းကြီးထံသို့ အကြောင်းကြားရအောင်ကောင်းကင် ခရီးက သွားတဲ့ အခါမှာ ရာဇဂြိုဟ် မြို့ကြီး၏အပေါ် ရောက်ပါရောတဲ့။ ထိုအခိုက် မှာဘဲ ဟေမဝတနတ် မင်းကြီးကလဲ သူ၏ မိတ်ဆွေကြီး ဖြစ်တဲ့ သာတာဂိရနတ်မင်းကြီးထံ လာတဲ့အခါ ကောင်းကင်ခရီးမှာဆုံမိကြတယ်။ ဒီတော့ သာတာဂိရ နတ်မင်းက မိတ်ဆွေကြီး ဟေမဝတအား လောက သုံးပါး၌ အတုမရှိတဲ့ မြတ်ဘုရား စင်စစ် ပွင့်တော်မူကြောင်း သတင်း ကောင်းပေးဘို့ လာခဲ့ကြောင်း ပြောပြလိုက်တယ်။

ထိုအခါ ဟေမဝတနတ်မင်းက မိတ်ဆွေကြီး-လောကမှာ ဘုရား အမည်ခံနေတဲ့ ပုဂ္ဂိုလ်တွေ များစွာ ရှိကြတယ်။ မိတ်ဆွေကြီး တွေ့ရတဲ့ ပုဂ္ဂိုလ်ဟာ ဘုရားအစစ်မှ ဟုတ်ပါလေရဲ့လားလို့ စစ်တမ်းထုတ်တဲ့အခါမှာ သာတာဂိရ နတ်မင်းကြီးက ဘုရားဂုဏ်တော် လက္ခဏာတော်တွေကို မေး သမျှ အကုန်ဖြေပြီး ပြောကြားပြသပါတယ်။

အဲတာလို နတ်မင်းကြီးနှစ်ဦးတို့ ဘုရားရှင်နှင့်စပ်တဲ့ ဘုရားဂုဏ်တော်တွေကို ထုတ်ဖော်ချီးကျူး အထူးပြောဆိုနေကြတာကို ရာဇဂြိုဟ်ပြည်က ကာဠီအမည်ရှိတဲ့ သူငယ်မက မိမိနေရာတိုက်အိမ်ပေါ်က ကြားရတော့ နားစိုက်ပြီးထောင်နေတုန်း အလွန်ကြည်ညိုဘွယ်ဖြစ်တဲ့ ဘုရားဂုဏ်တော်များကို အာရုံပြုပြီးသကာလ တဆင့်ကြားဖြစ်တဲ့ အနုဿဝပသန္နစေတနာအရှိန်နဲ့ ချက်ချင်းပင် သူငယ်မဟာ သောတာပတ္တိ မဂ်ဖိုလ်ကို မျက်မှောက်ပြုပြီး သောတာပန် တည်သွားပါသတဲ့။

ထိုနောက် မြတ်စွာဘုရား ရာဇဂြိုဟ်ပြည်သို့ ကြွရောက်တော်မူတဲ့အခါမှာ ဥပါသိကာဒကာမများကို တေဒဂ်ရာထူးဖြင့် ချီးကျူးမိန့်ကြားတော်မူတဲ့အထဲမှာ....

တေဒဂ္ဂံ ဘိက္ခဝေ မမသာဝိကာနံ ဥပါသိကာနံ အနုဿဝပ္ပသန္နာနံ ယဒိဒံ ကာဠီဥပါသိကာ ကုလဃရိကာ။

ဘိက္ခဝေ၊ ချစ်သမီးတို့။ မမ၊ ငါဘုရား၏။ သာဝိကာနံ၊ တပည့်မဖြစ်ကြကုန်သော။ အနုဿဝပ္ပသန္နာနံ၊ တဆင့်ကြားရုံနဲ့ ကြည်ညိုတတ်ကုန်သော။ ဥပါသိကာနံ၊ ဥပါသိကာဒါယိကာမတို့တွင်။ ကာဠီ၊ ကာဠီအမည်ရှိသော။ ကုလဃရိကာ၊ ကုလဃရမြို့သူ ဖြစ်သော။ ယဒိဒံ-ယာသော ဥပါသိကာ၊ အကြင်ဥပါသိကာမသည်။အတ္ထိ၊ရှိ၏။ တေ-သောဥပါသိကာ၊ ထိုဥပါသိကာမသည်။ အဂ္ဂံ-အဂ္ဂါ၊အမြင့်အမြတ်ဆုံးပေတည်း။

အဲဒါလို ဘုရားရှင်ကိုယ်တော်မြတ်ကိုယ်တော်တိုင် ချီးကျူးတော်မူခြင်းကို ခံယူရပါတယ်။ကဲ-ဒီသာဓကကို စဉ်းစားကြစမ်း၊ မြတ်စွာဘုရားကိုယ်တော်တိုင်ကို တွေ့ကြုံပြီးတော့ ဆည်းကပ်ရတာ ကိုးကွယ်ရတာ မဟုတ်သေးဘူး။တဆင့်စကားကို ကြားနာပြီး အာရုံပြုရုံနဲ့ ဘယ်လောက်ကျေးဇူးများပါသလဲ။ အပါယ်လေးပါး တံခါးပိတ်ရုံမကဘူး အပါယ်မလားဘို့ စိတ်ချရတဲ့ သောတာပန်အဖြစ်သို့ ရောက်သွားရပါတယ်။

ထို့ပြင်လဲ စဏ္ဍာလီခေါ်တဲ့ အဖွားကြီးဝတ္ထုကို နာကြပါအုံး.... မြတ်စွာဘုရား သံဃာတော်အပေါင်းခြံရံလျက် ရာဇဂြိုဟ်ပြည်ထဲ ဆွမ်းခံဝင်သွားတော့ စဏ္ဍာလီအမည်ရှိတဲ့အဖွားကြီးဟာ တောင်ဝှေးတချောင်းနဲ့ လမ်းရှောက်လာရင်း ဘုရားရှင်နဲ့ ပက်ပင်းမှာ ခရီးချင်း ဆုံနေကြတာကိုး။ တာနဲ့ အဖွားကြီးဟာ လမ်းဘေးကိုလွှဲပြီး အသာရပ်နေသတဲ့၊ ရတနာ

သုံးပါး ဆည်းကပ်တဲ့ ဗုဒ္ဓဘာသာဝင်အဖွားကြီးမဟုတ်တော့ ဘုရားကို ကြည်ညိုရမှန်း ရှိခိုးရမှန်း သိတာ မဟုတ်ဘူးပေါ့၊သည်တော့ ဘုရားရှင်က အော်....ဒီစဏ္ဍာလီဒကာမကြီးဟာ မကြာခင်ဘဲ စုတေပျက်ကြွေ သေရ တော့မယ်။ ဂတိကောင်းသို့ လားရောက်ရန် ဘာမျှအားကိုးစရာ မရှိပါ လားလို့ သိတော်မူတော့ ဖြုံးကနဲ စဏ္ဍာလီဒကာမကြီးကို ချီးမြှောက်ရန် အတွက် ဒကာမကြီးအနီးမှာ ရပ်တော်မူလိုက်ပါတယ်။ ထိုအခြင်းအရာကို အရှင်မောဂ္ဂလာန်မထေရ်မြတ်က သိတော်မူတော့-စဏ္ဍာလီဒကာမကြီး- ဘုရားရှင် သင့်အတွက် ရပ်တော်မူနေတယ်၊ မြတ်စွာဘုရားကို ရှိခိုးလိုက် ကြည်ညိုလိုက်၊မြတ်စွာဘုရားကို ရှိခိုးလိုက်ရင် သင့်အား များစွာကျေးဇူး ရှိပါလိမ့်မယ်လို့ အရှင်မောဂ္ဂလာန်မထေရ်က တိုက်တွန်းတော်မူလိုက်မှ ခုတ်တပ် ရပ်ရင်းဘဲ လက်အုပ်ချီလို့ ဘုရားရှင်ကို တကြိမ်မျှ ရှိခိုးလိုက် ပါတယ်။

ထိုနောက် ဘုရားနှင့်ခွဲခွာပြီး မကြာခင် လမ်းခရီး အတွင်းမှာ နွားငယ်လျှင် သားငယ်ရှိတဲ့နွားမက တိုးဝှေ့လိုက်ပါသဖြင့် သေပွဲဝင်ရရှာတယ်။ သေပြီးတဲ့နောက် ဗုဒ္ဓဘုရားရှင်အား ရှိခိုးခဲ့တဲ့ ကုသိုလ်စေတနာ အတွက် တာဝတိံသာနတ်ပြည်မှာ စဏ္ဍာလီအမည်ရှိတဲ့ နတ်သမီးဖြစ်ပြီးတော့ နတ် တို့၏ စည်းစိမ်ကိုခံစားရတယ်လို့ ကျမ်းဂန်မှာရှိပါတယ်။

အဲဒီဝတ္ထုကိုလဲ ထောက်ဆ ကြည့်ကြပေတော့၊ စဏ္ဍာလီ အမည် ရှိတဲ့ အဖွားကြီးဟာ တကြိမ်မျှ ဘုရားရှင်ကို ရှိခိုးလိုက်တဲ့ စေတနာက အပါယ်လေးပါးကလွှဲပြီးတော့ နတ်ရွာရောက်အောင် ဆောင်ကြဉ်းနိုင်တဲ့ အကျိုးရှိကြောင်းမှာ ဖြေရှင်းဘို့ မလိုတော့ပါဘူး။

ထိုမှတပါး တရားရတနာရဲ့ ဂုဏ်ကျေးဇူးကိုလဲ အာရုံပြုကြပါအုံး၊ တရားတော်ဟာ ဘယ်လောက်ကျေးဇူးရှိလို့ ကိုးကွယ်ဆည်းကပ် ထိုက်ပါ သလဲလို့ မေးဘွယ်ရှိကြအုံးမယ်။ဘုရားရှင်ကိုယ်တော်မြတ်တို့သော်မှ တရား တော်အတိုင်း ကျင့်ကြံလို့ ဆည်းပူးလို့ သဗ္ဗညုတဉာဏ်တော်ကြီးကို ရပြီး ဘုရားဖြစ်တော်မူရတယ် မဟုတ်ပါလား။ ဒို့ကြောင့် ဘုရားရှင်တို့ကတောင် တရားတော်ကို ဂေါ်ရဝ-ဘဟုမာနနှင့် ပူဇော်ရပါ တယ်လို့ ကျမ်းဂန်က ညွှန်ပြပါတယ်။တရားမရှိရင် ဘုရားဖြစ်ဘို့တောင် ခပ်ခက်ခက်မနေပါလား။

"ဓမ္မော ပါပေတိ သုဂတိံ"တဲ့၊ အပါယ်လေးပါးက လွတ်အောင် သုဂတိဘုံသို့ရောက်အောင် တရားတော်က ပို့ဆောင်ပေးတာတဲ့။ ထို့ပြင်လဲ "ဓမ္မစာရီ သုခံ သေတိ"တဲ့၊တရားကျင့်တဲ့သူမှန်ရင် ဒုက္ခမရောက်စေရဘူး။ ချမ်းသာအောင် တရားတော်က ဆောင်ကြဉ်းပါလိမ့်မယ်။

ဤကဲ့သို့ ထူ ကဲတဲ့ ဂုဏ်ထူးတွေ များစွာရှိပါသောကြောင့် တရားတော်ကို ကိုးကွယ်ဆည်းကပ်ကြပါလို့ တိုက်တွန်းရပါတယ်။တရားတော်ကို ကျင့်ကြံလို့ တရားတော်ကို ကိုးကွယ်ဆည်းကပ်ကြတဲ့ ပုဂ္ဂိုလ်အပေါင်းဟာ မဓရမတွက်နိုင်အောင် အပါယ်တံခါး ပိတ်ကြရပုံတွေကို ကျမ်းဂန်များမှာ အမြောက်အမြား ပြထားပါတယ်။

သံဃာ ရတနာဘက်ကို ကြည့်ကြ သေးတာပေါ့၊ ဘုရားရှင်ကိုယ်တော်မြတ် သက်တော်ထင်ရှား မရှိတဲ့နောက် ဘုရားဂုဏ်တော်တွေကို သိကြရတာ ဘုရားကို ကိုးကွယ်ဆည်းကပ်တတ်ကြတာ ထို့ပြင်လဲ တရားတော်တွေကို သိကြရတာ တရားတော်လာတိုင်း ကျင့်ကြံအားထုတ်နိုင်ကြတာဟာ ဘယ်သူ့အတွက်ကြောင့်လဲလို့ စဉ်းစားကြစမ်းပ ။

ဃရာဝါသ ကိစ္စများမြောင် လူတို့ဘောင် နေ တဲ့ အာဂါရိက လူတွေဆိုတာက နေ့ရှိသမျှ စားဝတ်နေရေး သားသမီးရေးနှင့် မနားတမ်းရှာဖွေ လုပ်ကိုင် နေရတာနဲ့ အချိန်ကုန်နေကြရတော့ ဘုရားရှင် မုက္ခပါဠိ ပရိယတ်တရားတော်တွေကို ဘယ်မှာလျှင် သင်အံလေ့ကျက်လို့ ဆောင်ရွက်နိုင်ကြပါမလဲ။ လူတွေလိုသာဖြင့်ရင် သာသနာတော် ကွယ်လောက်နေပြီ။ ဘာကြောင့်လဲဆိုတော့ သာသနာတော်တည်တံ့ဘို့အရေးကို ပရိယတ္တိက စပြီး မေးပေးနေရတာကိုး။အဲတာလို ဗုဒ္ဓသာသနာတော်တခုလုံးရဲ့ အခြေခံအစစ်ဖြစ်တဲ့ ပရိယတ္တိသာသနာတော်ကို သံဃာတော်များကသာ သင်အံလေ့ကျက်လို့ ဆောင်ရွက်လာခဲ့ကြတာ အမှန်ဖြစ်ပါတယ်။ တာ့ကြောင့်....

ဗုဒ္ဓဓမ္မရတနာဓိုဂမော သံဃရတနာဓိနော - လို့ အမိန့်ရှိတော်မူကြပါတယ်။

ဗုဒ္ဓ-ဓမ္မ ရတနာ ဓိဂမော၊ ဘုရားရတနာ, တရားရတနာတော်ရဲ့ ကျေးဇူးဂုဏ်တွေကို သိရခြင်းသည်။ သံဃရတနာဓိနော၊ သံဃာရတနာနှင့်သာ စပ်၏။ ဝါ - သံဃာရတနာကြောင့်သာ သိကြရ၏။

ပရိယတ္တိကို သင်ကြားနေကြတဲ့ သံဃာတော်တွေရှိလို့သာ အားလုံး ရှိသမျှလူတွေဟာ ဘုရားဂုဏ်ကိုလဲ သိရတယ်၊ တရားဂုဏ်ကိုလဲ သိရတယ် မဟုတ်ပါလား။ ဘုရားရှင်ကတော့ ခန္ဓပရိနိဗ္ဗာန်စံဝင်လို့ ဓာတ်တော်များသာ ကျန်ရစ်ခဲ့ပါတော့တယ်။ ဘာတခုမျှ နှုတ်တော်က ထုတ်မြွက်လို့ ဟောမိန့်ချက် မပေးတော့ပါဘူး၊ တရားတော်ဆိုရင်လဲ မူလသဘာဝအတိုင်း ရှိတဲ့ အပြင် ကျောက်ထဲ ပေထဲ စာအုပ်ထဲမှာသာ ရေးသားထားတာရှိတော့ ဟောဖော်ရတာ မဟုတ်ပါဘူး၊ သံဃာတော်များကသာ သင်ကြားဆောင်ရွက်လို့ ဟောကြပြောကြရတယ် မဟုတ်ပါလား။

ဒါ့ကြောင့် ဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံပြီးတဲ့နောက် အရှင်မဟာကဿပ အစရှိတဲ့ အရိယာမထေရ်ကြီး အဆက်ဆက်ဖြစ်တော်မူတဲ့ သံဃာတော်တွေ၊ အရိယာမထေရ်ကြီးတွေကို အထင်အရှား မဖူးမြင်ရတဲ့အခါက စပြီးတော့ အရိယာနွယ်ဝင်ဖြစ်တဲ့ ယခုလက်ရှိ သမ္မုတိသံဃာတော်တွေ အဲဒီသံဃာတော်တွေက ရတနာသုံးပါးဂုဏ်ကို သိကြရအောင် ဟောကြ-ပြောကြတာဖြစ်တော့ သံဃာတော်ရတနာဟာ ယခုခေတ်မှာတော့ အလွန်အကျိုး အထူးဘဲ ကျေးဇူးများလှပါတယ်။ ကိုးကွယ်ဆည်းကပ်ထိုက်ပါတယ်လို့ မှတ်သားကြပေတော့။

ရတနာသုံးပါးနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကို ဟောပြမယ်ဆိုရင် အလွန်အလွန် များပြားပါတယ်၊ ဒါလောက်နဲ့ အကျဉ်းချုံးပြီး နိဂုံးသတ်ကြရအောင်။

> ဥတ္တမဂုဏေဟိ သမန္နာဂတံ ရတနတ္တယံ သရဏံ ဂတာ ဥပါသကာ ဝါ ဥပါသိကာ ဝါ နိရယာဒီသု နိဗ္ဗတ္တကာနာမ နဟုတ္တ၊ အပါယ နိဗ္ဗတ္တိတော ပန မုစ္စိတွာ ဒေဝလောကေ ဥပ္ပဇ္ဇိတွာ မဟာသမ္ပတ္တိံ အနုဘောန္တိ။

ဥတ္တမဂုဏေဟိ၊ မြတ်သောဂုဏ်တော်တို့နှင့်။ သမန္နာဂတံ၊ ပြည့်စုံတော်မူထသော။ ရတနတ္တယံ၊ ဘုရား-တရား-သံဃာအားဖြင့် သုံးပါးသချာပဏ္ဏတ်ရတနာမြတ်ကို။ သရဏံ၊ ရင်းရင်းနှီးနှီး အနီးဌာန်ရပ် ဆည်းကပ်ကိုးကွယ်ခြင်းသို့။ ဂတာ၊ ရောက်ကြကုန်သော။ ဥပါသကာဝါ၊ သီတင်းသည်ယောကျ်ားတို့သည်ရင်း။ ဥပါသိကာဝါ၊ သီတင်းသည်မိန်းမတို့သည်

ဋင်း။ နိရယာဒိသု၊ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ် အပါယ်လေးဘုံ တို့၌။ နိဗ္ဗတ္တကာနာမ၊ ဖြစ်မြောက် ကျရောက်ခြင်း မည် ကုန် သည်။ နတ္ထိ၊ မရှိကုန်။ အပါယနိဗ္ဗတ္တိတော၊ အပါယ်၌ဖြစ်ခြင်းမှ။ မုစ္စိတ္ဝာ၊ လွတ်မြောက်၍။ ဒေဝလောကေ၊နတ်ပြည်၌။ ဥပ္ပဇ္ဇိတ္ဝာ၊ ဖြစ်၍။ မဟာသမ္ပတ္တိံ၊ ကြီးစွာသော စည်းစိမ်ချမ်းသာကို။ အနုဘောန္တိ၊ အစဉ်ခံစားရကုန်၏။

ဤဒေသနာတော်နဲ့ နိဂုံးအုပ်ပြီးတော့ အကျဉ်းချုပ်ယုံကြည်စွာ ဆုံးဖြတ်ကြတော့။ပထမဆုံး ဦးတည်ပြီး ဟောပြောခဲ့တဲ့ ဒေသနာတော် အတိုင်း သရဏဂုံသုံးပါးကို အမြဲအစွဲ အားထားယုံကြည်စွာ ဆည်းကပ်ကိုးကွယ်တဲ့ ပုဂ္ဂိုလ်မှန်သမျှတို့ဟာ အပါယ်လေးပါးသို့ မကျရောက်နိုင်ဘူးလို့ တထစ်ကျဆုံးဖြတ်ပြီး သရဏဂုံသုံးပါးဟာ အများကြီး အားထားစရာအစစ် ဖြစ်ပါကလားလို့ အားကိုးကြဘို့ ဤဒေသနာတော်ဖြင့် ထပ်ပြီး ဖော်ပြရပါတယ်။

ယခု ဟောပြတဲ့ သာဓက ဒေသနာတော်က ဘယ် ရောက်အောင် အားထားစရာ ပြသလဲဆိုရင် အပါယ်လေးဘုံမှာ ဖြစ်နေရတဲ့ သတ္တဝါတောင် သရဏဂုံကို ဆည်းကပ်လိုက်ရင် အပါယ်လေးဘုံက လွတ်မြောက်ပြီးတော့ နတ်ရွာသုဂတိသို့ရောက်ကာ ကောင်းမြတ်သော စည်းစိမ်များကို ခံစားရနိုင်တယ်လို့ ဟောတော်မူထားတယ်။ ဟောပြတဲ့ ဒေသနာအတိုင်း အကြောင်းအကျိုးညီညွတ်တဲ့ သာဓကဒေသနာတွေ များစွာရှိပါရဲ့။ယနေ့အဘို့တော့ ဤမျှလောက်နဲ့ တရားတော် အပြီးသတ်ကြသေးတာပေါ့။

(သရဏဂုံသုံးပါးကို အနက်ပါလိုက်ဆိုစေ၍ တရားအပြီးသတ်လေ။)

**သရဏဂမနကထာ**

**အပါယ်တံခါးပိတ်တရားတော်ပြီး၏။**

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## (၅၆) ကုသိုလ်–အကုသိုလ်ကံတို့၏ အကျိုးပေးပုံကို ဝေဖန်ရာ ကမ္မဝိဘင်္ဂ ဒေသနာတော်

ယခု ဟောပြောမဲ့တရားတော်ဖြင့် ကုသိုလ်ကံ အကုသိုလ်ကံနှစ်ပါး တို့၏ အကျိုးပေးပုံကို ဝေဘန်၍ ဟောပြောပါလိမ့်မယ်။ ဘာကြောင့် ဤတရားကို ဟောရပါသလဲဆိုတော့ ပုထုဇဉ်တို့သန္တာန်မှာ မိစ္ဆာဒိဋ္ဌိနဲ့ဝိစိ ကိစ္ဆာဆိုတဲ့တရားက မပယ်နိုင်သေးတာဖြစ်တော့ အထင်မှား အမြင်မှား တွေးတောယူဆချက်တွေ မှားယွင်းနေကြတော့ကာ အယူအဆမမှန်ကြ ပေဘူး။ယုံမှားသံသယတွေ များနေကြတယ်။

လူတွေမှာ များသောအားဖြင့် ဘယ်လိုယုံမှား ဖြစ်နေကြသလဲ ဆိုတော့ ငါတို့ဟာ ဘာသာရေးတရား ဟောပြောချက်တွေကို ကြားနာ ရလို့ ဒါန,သီလ,ဘာဝနာဆိုတဲ့ ကုသိုလ်တရားတွေကို နိုင်သလောက်တော့ အားထုတ်နေကြတာဘဲ။ ဒီလို အားထုတ်နေရင်းဘဲ ချောင်လယ်တယ်ဘဲ မရှိကြဘူး။တစတစနဲ့ ဆင်းရဲတွင်းက မတက်ရဘူး၊သို့အတွက် ငါတို့အား ထုတ်နေတဲ့တရားဟာ အမှန်စစ်စစ် ကောင်းကျိုးကို ပေးနိုင်တဲ့တရားမှ ဟုတ်ပါလေရဲ့လား၊ လမ်းမှန်ပါလေရဲ့လားလို့ အဲဒါလို ယုံမှားသံသယ ဖြစ်တဲ့စကားတွေကို ကြားနေရပေတယ်။

ဒါကြောင့် အကြောင်းရင်း အမှန်ဖြစ်တဲ့ ကုသိုလ်ကံ အကုသိုလ်ကံ နှစ်ပါး အကျိုးပေးဟန်ကို အမှန်အကန်သိရအောင် ဝေဘန် ဟောပြော ရပါတယ်။ လေးလေးနက်နက်မှတ်သား နာယူပြီးတော့ ကံတရားရဲ့အကျိုး ပေးပုံကို ဝေဘန်ကြမှတ်သားကြတော့။

ရှေးဦးစွာ နား လယ် ထားဘို့ကတော့ သမ္ပတ္တိ လေးပါး ဝိပတ္တိ လေးပါး တရားနှစ်မျိုးပါဘဲ။ သမ္ပတ္တိဆိုတာက ပြည့်စုံတာ ကောင်းကျိုး ချမ်းသာကို ပေးတာ။ ဝိပတ္တိ ဆိုတာက - ပျက်စီးတာ မကောင်း ကျိုး ကို ပေးတာ။ သမ္ပတ္တိနဲ့ကြုံတဲ့အခါမှာ ကောင်းကျိုးချမ်းသာကို ခံစားရမယ်။ ဝိပတ္တိနဲ့ကြုံတဲ့အခါမှာ မကောင်းတဲ့အကျိုးကို ခံစားရမယ်။ အဲဒီသဘော နှစ်မျိုးကို တင်ကြိုပြီးသိထားကြပါ။

သမ္ပတ္တိ-၄-ပါးက (၁) ဂတိသမ္ပတ္တိ၊
(၂) ဥပဓိသမ္ပတ္တိ၊
(၃) ကာလသမ္ပတ္တိ၊
(၄) ပယောဂသမ္ပတ္တိ၊

အဲဒီတရား လေးပါးဖြစ်ပါတယ်။

ဝိပတ္တိ-၄-ပါးက (၁) ဂတိဝိပတ္တိ၊
(၂) ဥပဓိဝိပတ္တိ၊
(၃) ကာလဝိပတ္တိ၊
(၄) ပယောဂဝိပတ္တိ။

အဲဒီတရားလေးပါးပါဘဲ။ အကျယ်ကိုနာကြားရပါလိမ့်မယ်။

ဂတိသမ္ပတ္တိတိ သမ္ပန္နာဂတိ၊ ဒေဝလောကောစ မနုဿလောကောစ။

ဂတိသမ္ပတ္တီတိ၊ ဂတိသမ္ပတ္တိ ဟူသည်ကား။ သမ္ပန္နာဂတိ၊ ကောင်းသော လားရာဂတိနှင့် ပြည့်စုံခြင်းတည်း။ ဒေဝလောကောစ၊ နတ်ပြည် နတ်ဘဝသည်လည်းကောင်း။ မနုဿလောကောစ၊ လူ့ဘုံ လူ့ဘဝသည် လည်းကောင်း။ ဂတိသမ္ပတ္တိ၊ ဂတိသမ္ပတ္တိမည်၏။

သုဂတိခေါ်တဲ့ နတ်ပြည်လူပြည်ဟာ ဂတိသမ္ပတ္တိခေါ်တယ်။ နတ်ပြည်မှာဖြစ်ရတာ လူပြည်မှာဖြစ်ရတာတွေဟာ ကောင်းတဲ့ကုသိုလ်ဇနကကံကြောင့်သာ ဖြစ်ရတာဖြစ်လို့ ဒေဝဂတိ မနုဿဂတိနှစ်ပါးကို ဂတိသမ္ပတ္တိလို့ခေါ်ကြောင်း မှတ်သားကြရမယ်။

ဂတိဝိပတ္တီတိ ဝိပန္နာဂတိ၊ စတ္တာရော အပါယာ။

ဂတိဝိပတ္တီတိ၊ ဂတိဝိပတ္တိဟူသည်ကား။ ဝိပန္နာဂတိ၊ မကောင်းသော လားရာဂတိသို့ရောက်ခြင်း။ စတ္တာရော အပါယာ၊ အပါယ်လေးဘုံတို့တည်း။

ဒုဂ္ဂတိလို့ခေါ်ရတဲ့ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်, အပါယ်လေးဘုံဟာ မကောင်းတဲ့ အကုသိုလ် ဇနကကံကြောင့် ဖြစ်ရတာဖြစ်တဲ့ အတွက် နိရယဂတိ - တိရစ္ဆာနဂတိ - ပေတဂတိ ၎င်း သုံးပါးကို ဂတိဝိပတ္တိလို့ မှတ်သားကြရမယ်။

ဒေဝဂတိ- မနုဿဂတိ- နိရယဂတိ- တိရစ္ဆာနဂတိ- ပေတဂတိ- လို့ ဂတိငါးမျိုးရှိတဲ့အနက် အသုရကာယ်ဘုံဟာ ဂတိထဲမဝင်ဘဲ ကျန်နေသလို ဖြစ်ပေတယ်။ ဒီနေရာမှာ အထူးမှတ်ကြပေတော့။ မြင့်မိုရ်တောင်အောက်မှာရှိတဲ့ ဝေပစိတ္တိအသုရကာယ်ဘုံကို ဒေဝဂတိထဲ ထည့်သွင်းကောက်ယူရတယ်။ တပါးသောကာလကဉ္စိက အသုရကာယ် ဘုံကိုတော့ ပေတဂတိထဲ ထည့်သွင်းကောက်ယူရကြောင်း ကျမ်းဂန်များမှာ မိန့်ဆိုထားတော့ အသုရကာယ်ဘုံဟာ ဂတိငါးပါးထဲ အပါအဝင်ဖြစ်ကြောင်း မှတ်သားကြ ပေတော့။ ယခုဟောခဲ့တာက ဂတိသမ္ပတ္တိနဲ့ ဂတိဝိပ္ပတ္တိ နှစ်မျိုးကို ရှင်းပြခဲ့တာဖြစ်ပါတယ်။

ဥပဓိသမ္ပတ္တိတိ အတ္တဘာဝသမိဒ္ဓိ။

ဥပဓိသမ္ပတ္တိတိ၊ ဟူသည်ကား။ အတ္တဘာဝသမိဒ္ဓိ၊ အတ္တဘော၏ ပြည့်စုံခြင်းတည်း။

ဤဒေသနာတော်အတိုင်း မျက်စိ,နား,နှာ, အင်္ဂါခြေလက်ချို့ယွင်းချက် မရှိမူ၍ အင်္ဂါအပြည့်အစုံ ဖြစ်ပေါ်လာရတဲ့ အတ္တဘောဟာ ဥပဓိသမ္ပတ္တိခေါ်ရတယ်။ ဒီနေရာမှာ အင်္ဂါခြေလက် ချို့ယွင်းချက် မရှိပေတဲ့ အရုပ်ဆိုး အကြည့်တန်နေရင် ဥပဓိသမ္ပတ္တိ မခေါ်နိုင်ပေဘူး။ လှပယဉ်ကျေးတဲ့ ရုပ်ဆင်းအင်္ဂါနဲ့ ပြည့်စုံမှသာ ဥပဓိသမ္ပတ္တိအစစ် ဖြစ်တယ်လို့ မှတ်ပါ။

ဥပဓိဝိပ္ပတ္တိတိ ဟီနအတ္တဘာဝတာ။

ဥပဓိဝိပ္ပတ္တိတိ၊ ဟူသည်ကား။ ဟီနအတ္တဘာဝတာ၊ ချို့တဲ့ယုတ်ညံ့သော အတ္တဘောရှိသည်၏ အဖြစ်တည်း။

ဤဒေသနာတော်အရ မျက်စိ,နား,နှာ အင်္ဂါခြေလက် ချို့တဲ့ရင် (သို့မဟုတ်)အရုပ်ဆိုးအကြည့်တန်ပြီးတော့ ရုပ်ဆင်းအင်္ဂါမလှပရင် ဥပဓိဝိပ္ပတ္တိလို့ မှတ်ရမယ်။ ယခုဟောခဲ့ဘာက ဥပဓိသမ္ပတ္တိ ဥပဓိဝိပ္ပတ္တိ နှစ်ပါးတွဲ သဘောသွားဖြစ်ပေတယ်။

ကာလသမ္ပတ္တိတိ သုရာဇ, သုမနုဿ ကာလ သင်္ခါတော သမ္ပန္နကာလော။

ကာလသမ္ပတ္တိတိ၊ ဟူသည်ကား။ သုရာဇ, သုမနုဿ ကာလ သင်္ခါတော၊ ကောင်းသောမင်း, ကောင်းသောလူ ဖြစ်ပေါ်သောအခါဟု

ဆိုအပ်သော။ သမ္ပန္နကာလော၊ ပြည့်စုံသောအခါ ကောင်းသောအခါ ပေတည်း။

ဤဒေသနာတော်အရ ကာလသမ္ပတ္တိဆိုတာ ကမ္ဘာဦးသူလူများ တရားစောင့်တဲ့သူ ဖြစ်ပြီးတော့ ကောင်းသောလူ ဖြစ်တဲ့ အခါမျိုးတွေ စကြာမင်းများနှင့်တကွ တရားစောင့်တဲ့ဓမ္မရာဇ်မင်းများ အုပ်စိုးဖြစ်ပေါ်တဲ့ အခါမျိုးတွေ လောကသုံးပါးမှာ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်တဲ့ အခါမျိုးတွေ၊ အဲဒီအခါမျိုးတွေဟာ ကာလသမ္ပတ္တိလို့ ခေါ်ရပေတယ်။

ကာလဝိပ္ပတ္တိတိ ဒုရာဇဒုမနုဿကာလသင်္ခါတော ဝိပ္ပန္နကာလော။

ကာလဝိပ္ပတ္တိတိ၊ ဟူသည်ကား။ ဒုရာဇဒုမနုဿကာလသင်္ခါတော၊ မကောင်းသောမင်း မကောင်းသောလူများ ဖြစ်ထွန်းနေသော အခါဟု ဆိုအပ်သော။ ဝိပ္ပန္နကာလော၊ ဖောက်ပြန် ပျက်စီး နေ သော အခါ ကာလတည်း။

ဤဒေသနာတော်အရ တရားမစောင့်သောမင်းများ အုပ်စိုးနေတဲ့ အခါ တရားမစောင့်တဲ့သူတွေ များများဖြစ်ထွန်းနေတဲ့အခါ၊ အဲဒီအခါ မျိုးဟာ ကာလဝိပ္ပတ္တိခေါ်တယ်။ ယခုဟောခဲ့တာက ကာလသမ္ပတ္တိ ကာလ ဝိပ္ပတ္တိတစုံရဲ့ သဘောသွားဖြစ်ပေတယ်။

ပယောဂသမ္ပတ္တိတိ သမ္မာပယောဂေါ။

ပယောဂသမ္ပတ္တိတိ၊ဟူသည်ကား။ သမ္မာပယောဂေါ၊ကောင်းမြတ်သော သုစရိုက်တရားများကို ကျင့်ကြံအားထုတ်ခြင်းတည်း။

ဤ ဒေ သ နာ တော် အရ သ မ္မာ က - ကောင်း တာ ကို ပြ တယ်။ ပယောဂက - လုံ့လ ဝီရိယကိုပြတယ်၊ ပေါင်းလိုက်တော့ - သမ္မာပယောဂ ဆိုတာဟာ ကောင်းတဲ့ တရားသဘောဘက်က ကောင်းမြတ်တဲ့ သုစရိုက် တရားတွေကို ကောင်းကောင်းအားထုတ်ပြီး ကျင့်ကြံနေထိုင်တာကို သမ္မာ ပယောဂလို့ ဆိုရပါတယ်။ အဲဒီသမ္မာပယောဂကို ပယောဂ သမ္ပတ္တိလို့ ခေါ်ရတာပေါ့။မကောင်းတဲ့ဘက်က အားထုတ်ဘဲ့လုံ့လ ကိုသမ္မာပယောဂ မခေါ်နိုင်ဘူးဆိုတာ မှတ်ရမယ်။

ပယောဂဝိပ္ပတ္တိတိ မိစ္ဆာပယောဂေ၊။

ပယောဂဝိပ္ပတ္တိတိ၊ ဟူသည်ကား။ မိစ္ဆာပယောဂေ၊ မှားယွင်းဖောက်ပြန် မမှန်ကန်သော ဒုစရိုက်တရားတွေကို အားထုတ်ခြင်းတည်း။

ဤဒေသနာတော်အရ လုံ့လပြုပြီး အားထုတ် ပြုလုပ် နေပေတဲ့ မတရားတဲ့ ဘက်က ဒုစရိုက် တရားတွေကို အားထုတ်နေရင် ပယောဂဝိပ္ပတ္တ်ခေါ်ကြောင်း မှတ်ရမယ်။ ယခုဟောခဲ့တာက ပယောဂသမ္ပတ္တိ ပယောဂဝိပ္ပတ္တိတစုံ၏ သဘောကို အကျဉ်းပြခဲ့ခြင်း ဖြစ်ပေတယ်။

ယခုလို သမ္ပတ္တိလေးပါး ဝိပ္ပတ္တိလေးပါးရဲ့သဘောသွားကို ထင်ရှားအောင် မှတ်သားကြရပြီးတဲ့နောက် ကောင်းသောကုသိုလ် စေတနာကံနှင့် မကောင်းသော အကုသိုလ် စေတနာ ကံတို့၏ အကျိုး ပေးပုံကို ရှင်းလင်းအောင် ဖော်ပြပါလိမ့်မယ်၊ အာရုံပြုပြီး မှတ်သား နာယူကြပေတော့။

အကုသိုလ်ကံ - ကုသိုလ်ကံဟူ၍ အကြောင်းရင်းဖြစ်တဲ့ ကံနှစ်ပါး ရှိတဲ့အနက် ပထမဦးစွာ အကုသိုလ်ဒုစရိုက်တရားတွေကို အားထုတ်နေတဲ့ အကုသိုလ်အလုပ်လက်ရှိဖြစ်တဲ့ ပုဂ္ဂိုလ်ဟာ ဂတိဝိပ္ပတ္တိနဲ့ကြုံတဲ့အခါမှာသာ အကုသိုလ် အကျိုးကို ခံစားခွင့် ရှိပေတယ်။ ဂတိ သမ္ပတ္တိနဲ့ ကြုံတဲ့အခါ မှာတော့ ကောင်းကျိုး ချမ်းသာကိုသာ ခံစားနေရမယ် မှတ်ပါ။ ဂတိ သမ္ပတ္တိက ဖုံးအုပ်လိုက်ရင် အကုသိုလ်အကျိုးဟာဝင်ပြီး အကျိုးပေးခွင့် မပြုနိုင်ပါဘူး။

သာဓကတင်ပြပါမယ်။မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်က နှစ်ပေါင်း-၅၅-နှစ်တို့ပတ်လုံး ရာဇဝတ်သင့်တဲ့သူတွေကို နေ့စဉ်နှင့် အမျှ သတ်ဖြတ်ပြီးတော့ ပါဏာတိပါတ ဒုစရိုက်မှုနဲ့ အသက်မွေးနေတဲ့ တမ္ဗဒါဌိက ခေါ်တဲ့ သူသတ်ယောကျ်ားကြီးဟာ နောက်ဆုံး သေဘို့ရာနီးသော အခါကာလ ကလျာဏမိတ္တ အစစ်ဖြစ်တဲ့ အရှင်သာရိပုတ္တရာ၏ တရားဒေသနာတော်ကို ကြားနာရသောအခါ ၎င်းတရားတော်ကို အာရုံ ပြုပြီး တည်ကြည်စွာနားစိုက်လျက် နာယူရတဲ့ကုသိုလ်ကံကြောင့် မကြာမီ စုတေ သေလွန်တဲ့ အခါမှာ တုသိတာ နတ်ပြည်၌ နတ်သား ဖြစ်ရသတဲ့။ ၎င်းအတ္ထုပ္ပတ္တိအကျယ်ကိုတော့ (ဓမ္မပဒအဋ္ဌကထာ-ပ-၄၅၀ -တမ္ဗဒါဌိက စောရဃာတက ဝတ္ထုမှာ ယူကြပါကုန်။)

ယခုပြောခဲ့တဲ့ သာဓကကို ကြည့်ကြစမ်း၊ အကုသိုလ်ကံတွေက အများအစားရှိနေပေတဲ့ ဒေဝဂတိဆိုတဲ့ ဂတိသမ္ပတ္တိက ဖုံးအုပ်ပြီး အကျိုးပေးသွားတော့ အကုသိုလ်တွေဟာ အကျိုးပေးခွင့် မရတော့ဘူးပေါ့။ ဒါကြောင့် ပုထုဇဉ်ဖြစ်နေကြတုန်း အကုသိုလ်မကင်းသေးတဲ့ သူတွေဟာ ဂတိသမ္ပတ္တိနဲ့ကြုံရအောင် ကုသိုလ်ကို အားထုတ်ကြ၊ ကုသိုလ်ကို ဆည်းပူးကြလို့ အများကြီး တိုက်တွန်းခဲ့ပါတယ်။

ထို့နောက် အကုသိုလ် လက်ရှိလုပ်နေတဲ့သူဟာ ဥပဓိဝိပတ္တိနဲ့ ကြုံမှသာ အကုသိုလ်အကျိုးကို ခံစားရမယ်။ ဥပဓိသမ္ပတ္တိနဲ့ ကြုံကြိုက်သွားရင် ၎င်းသမ္ပတ္တိက ဖုံးအုပ်ပြီး အကျိုးပေးလိုက်ရင် ကောင်းကျိုးချမ်းသာကိုဘဲ ခံစားရမယ်။ အကုသိုလ်အကျိုးဟာ ငုပ်ပြီး အကျိုးပေးခွင့် မရနိုင်သေးပါဘူး။

ဘာတိကမင်း လက်ထက်က နွားတွေကို သတ်ပြီးတော့ နွားသားစားတဲ့အမှု လွန်ကျူးနေတဲ့ ရာဇဝတ်သားတွေကို သတ်သင်လိုက်ပေတော့လို့ ဘုရင်က အမိန့်ချမှတ်သတဲ့၊ ထိုအခါ ၎င်းလူအုပ်ထဲမှာ အလှန်အဆင်းလှတဲ့ မိန်းကလေးတယောက် ပါလာတော့ကာ ၎င်းမိန်းကလေး၏ လှပတင့်တယ် ရှုချင်စဖွယ်ဖြစ်တဲ့ ဥပဓိသမ္ပတ္တိဂုဏ်ကို မြင်ရတော့ လှပတင့်တယ်တဲ့ ရုပ်ဆင်းအင်္ဂါ အမူအရာကလေးကို နှစ်သက်ကြ ချစ်ခင်ကြ ကြင်နာကြတော့ ၎င်းသူငယ်မကလေးကို အပြစ်ဒဏ်ပေးဘို့ မပြုရက်အောင် ဖြစ်ကြရတာပေါ့။ ဒါနဲ့ ဘုရင့်ထံပြန်ပြီး သံတော်ဦးတင်ကြ၊ လွတ်ငြိမ်းချမ်းသာခွင့်ရအောင် တောင်းဆိုကြတော့- တိုတိုပြောရရင် ၎င်းမိန်းကလေးနှင့်တကွ အမျိုးသားစုအားလုံးပါ အပြစ်ဒဏ်ကလွတ်ပြီး ငြိမ်းချမ်းသာတဲ့အကျိုးကို ရသွားကြပါသတဲ့။

အဲဒီသာဓကကိုကြည့်ကြစမ်း၊ ပြုလုပ်ထားတဲ့ အကုသိုလ်က ရှိပေတဲ့ ဥပဓိသမ္ပတ္တိက ဖုံးအုပ်ပြီး အကျိုးပေးသွားတော့ ရှိတဲ့အကုသိုလ်မှုတွေဟာ နောက်ဆုတ်ပြီး နေခဲ့ရပေတယ်။ ဒါ့ကြောင့် ဥပဓိဝိပတ္တိက လွတ်ပြီး ဥပဓိသမ္ပတ္တိနဲ့ပြည့်စုံအောင် ကုသိုလ်တရားတွေကို ကြပ်ကြပ် ဆည်းပူးကြပါလို့ တိုက်တွန်းခဲ့ပါတယ်။

ထို့နောက် အကုသိုလ်ကံတွေများနေကဲ့ပုဂ္ဂိုလ်ရဲ့အကုသိုလ်စေတနာတွေဟာ ကာလဝိပတ္တိကြုံမှသာ အကျိုးပေးခွင့် ရလိမ့်မယ်။ ကာလသမ္ပတ္တိနဲ့

ကြုံကြိုက်သွားရင် ကာလသမ္ပတ္တိက ကောင်းကျိုးကိုပေးသွားရင် လက်ရှိ အကုသိုလ်ကံတွေဟာ နောက်ဆုတ်ပြီး နေခဲ့ရလိမ့်မယ်။

ထင်ရှားတဲ့ သာဓကတခုကို ပြရသေးတာပေါ့၊ အဇာတသတ်မင်းဟာ အဘသတ်တဲ့ ပိတုဃာတက ကံကြီး အကြီးအကျယ် ရှိနေတော့ကာ ၎င်းကံအတွက်ဆိုရင် အဝီစိငရဲမှာ တကမ္ဘာသတ်လုံး အကုသိုလ်အကျိုးကို ခံရဘို့သဘောရှိတယ်။ သို့ပေတဲ့ ဘုရားရှင် ထင်ရှားပွင့်ပေါ်နေတဲ့ ကာလ သမ္ပတ္တိနဲ့ ကြုံကြိုက်တော့ကာ ဘုရားတည်းဟူသော ကလျာဏမိတ္တ အမှီ ကောင်းကိုရတော့ ကြီးလေးသောအပြစ်ကလွတ်ပြီး အနည်းငယ်လောက် သာ အကုသိုလ်အကျိုးကို ခံရတော့တယ်။ အဲတာ ဘယ်ကြောင့်လဲဆိုတော့ ကာလသမ္ပတ္တိက ဖုံးအုပ်လိုက်တော့ သက်သာခွင့်ရသွားတာပေါ့။

တိုနောက် အကုသိုလ်များနေတဲ့သူရဲ့ အကုသိုလ်စေတနာတွေဟာ ပယောဂဝိပ္ပတ္တိကြုံတဲ့အခါမှာသာ အကျိုးပေးနိုင်ပါတယ်။ ပယောဂသမ္ပတ္တိ က အားကြီးနေရင် အားကြီးရာက အကျိုးပေးပြီးတော့ ပယောဂသမ္ပတ္တိက ဖုံးအုပ်ထားလိုက်ရင် အကုသိုလ်အကျိုးတွေဟာ နောက်ဆုတ် နေရစ်ရ ပေတယ်။

သာဓကပြရမယ်ဆိုရင် အဇာတသတ်မင်းရဲ့ ပယောဂသမ္ပတ္တိဂုဏ် ကိုဘဲ ကြည့်ပေတော့၊ အဇာတသတ်မင်းဟာ အင်မတန် အားကြီးတဲ့ အကုသိုလ်ကို ကျူးလွန်ထားတယ်မဟုတ်ပါလား၊ ကောင်းတဲ့ပယောဂမျိုး ကိုသာ အားမထုတ်ဘူးဆိုရင် အဝီစိငရဲကြီးမှာ ကြာမြင့်စွာ ခံရဘို့ရှိတယ်။ ဒါပေမဲ့ ဘုရားတည်းဟူသော အမှီကောင်းကိုရတဲ့အတွက် ကောင်းတဲ့ ဘက်က ဘယ်လောက် အားကြီးမာန်တက် အားထုတ်သွားသလဲဆိုရင် ရတနာသုံးပါးကိုအားကိုးယုံကြည်တဲ့ သဒ္ဓါဂုဏ်နဲ့ပြည့်စုံတဲ့အရာမှာ ပုထုဇဉ် ပုဂ္ဂိုလ်ထဲမှာဆိုရင် တူသူမရှိအောင် လူထူးတယောက် ဖြစ်ပါတယ်တဲ့၊ ဒါကြောင့်–

ဘန္တေ ပုထုဇ္ဇနေသုနာမ အဇာတသတ္တုနာ သမော သဒ္ဓေါ နတ္ထိ။ ဟူ၍ သိကြားမင်းကတောင် ချီးကျူးရပါတယ်။

ဘန္တေ၊ အရှင်မြတ်တို့။ အဇာတသတ္တုနာ၊ အဇာတသတ်မင်းနှင့်။ သမော၊ တူသော။ သဒ္ဓေါ၊ သဒ္ဓါတရားနှင့်ပြည့်စုံသော။ ပုထုဇ္ဇနေသုနာမ၊ ပုထုဇဉ်မည်သည်။ နတ္ထိ၊ မရှိရိုးမှန်ပါသည်ဘုရား။ သိကြားမင်းက ရဟန်း တော်များကို လျှောက်တဲ့စကားဖြစ်တယ်။

အဲဒီသာဓကကိုကြည့်ကြစမ်း၊ အကုသိုလ်က အလွန်အားကြီးနေပေတဲ့ ကောင်းတဲ့လုံ့လပယောဂ သူတပါးနဲ့မတူအောင် အလွန့်အလွန် အားကြီးသည်ထက် အားကြီးတဲ့ပယောဂသမ္ပတ္တိကဖုံးအုပ်ထားလိုက်တော့ အကုသိုလ်အကျိုးဟာ အားသေးသွားရတာဖြစ်ကြောင်း ကောင်းကောင်းချည်း သိနိုင်ပါတယ်။

ဒါ့ကြောင့် လွန်ကျူးထားတဲ့ အကုသိုလ်စေတနာတွေ နောက်ထိုင်ပြီး ကျန်ရစ်အောင် ကောင်းသောအမှု၊ ကောင်းသောအလုပ်ကို ပြုလုပ်ခြင်း ဆိုတဲ့ ပယောဂသမ္ပတ္တိနဲ့ပြည့်စုံအောင် အား ထုတ် ကြ ဘို့ တိုက်တွန်းပါတယ်။

ယခုဟောခဲ့တဲ့ဒေသနာက အာ့ုသိုလ်အလုပ်များနေတဲ့ အကုသိုလ်ရှင်များကို ဝိပ္ပတ္တိလေးပါး၊ သမ္ပတ္တိလေးပါးနဲ့ တွဲစပ်ပြီး အကျိုးပေးပုံကို ပြခဲ့ခြင်းဖြစ်ပေတယ်။

တဖန်ဆက်ပြီးတော့ ကုသိုလ်အလုပ်ကို အားထုတ်နေတဲ့ ကုသိုလ်ရှင်တွေရဲ့ အကျိုးပေးပုံကိုလဲ ဝိပ္ပတ္တိလေးပါး-သမ္ပတ္တိလေးပါနဲ့ တွဲစပ် ပြပါအုံးမယ်၊ နာယူကြပေတော့။ ကုသိုလ်ကံများတဲ့ ကုသိုလ်ရှင်တွေဟာလဲ ဂတိ-သမ္ပတ္တိနဲ့ကြုံကြိုက်တဲ့အခါမှာ ကောင်းကျိုးကို ခံစားရပေတယ်။ ဂတိဝိပ္ပတ္တိနဲ့ ကြုံသွားရင် ၎င်းကံက ဖုံးအုပ်သွားတော့ ကောင်းမှုအကျိုးဟာ နောက်ဆုတ်နေရသေးတယ်။

သာဓကပြပါအုံးမယ်။ ကောသလမင်းကြီးရဲ့မိဖုရား မလ္လိကာဒေဝီဟာ ဘုရား အမှူး ရှိတဲ့ ရတ နာ သုံး ပါး ကို ဆည်း ကပ် ကိုး ကွယ် နေ တဲ့ ကောင်းမှုရှင်ကြီးပေါ့။ သေခါနီးကာလမှာ မကောင်းတဲ့အာရုံကို ယူပြီးတော့ မကောင်းတဲ့ဇောစေတနာကြောင့် အပါယ်ငရဲမှာ ခုနစ်ရက်လောက်သွားဖြစ်ရတယ်။ နို့ပေမဲ့ ကုသိုလ်ကံက ပြန်ပြီး ကယ်ဆယ်လိုက်ပါတယ်။

အဲဒါက ကောင်းမှုကုသိုလ် ရှိနေပေတဲ့ ဂတိဝိပ္ပတ္တိက လက်ဦးပြီး ဖုံးအုပ်သွားတော့ ကောင်းမှုအကျိုးတွေဟာ နောက်ကျန်နေခဲ့ရတဲ့ဖြစ်ပုံကို ပြရတာပါ။

နောက် တ ပါး က ကုသိုလ်စေတနာများတဲ့ ကုသိုလ်ရှင်တွေဟာ ဥပဓိသမ္ပတ္တိနဲ့တိုက်ဆိုင်မှ ကောင်းကျိုးကို ခံစားရပါတယ်။ အခန့်မသင့်လို့ ဥပဓိဝိပ္ပတ္တိနဲ့ ကြုံကြိုက်သွားရင် မကောင်းမှုက လက်ဦးဝင်ပြီး အကျိုးပေးတတ်ပါတယ်။

သီဟိုဠ်ကျွန်း ဒီပရာဇာမင်းရဲ့ သားတော် မင်းသားကလေးဟာ သီဟိုဠ်ကျွန်းအလုံးကို စိုးပိုင်ပြီး မင်းပြုနိုင်တဲ့ဘုန်းကြီး ကံကြီး ပါခဲ့သော်လဲ ငယ်ရွယ်စဉ်က ကြက်ခွပ်မိသဖြင့် မျက်စိတဖက်ပျက်ပြီးတော့ အင်္ဂါချို့တဲ့နေတဲ့အတွက် ဥပဓိဝိပ္ပတ္တိ ကဝင်ပြီး နှိပ်စက်ထားတော့ ဘုန်းကံရှိသလောက် အကျိုးမခံစားရလေဘူးဆိုတာ သက်သေတင်ကြည့်ကြပေတော့။ အကျယ်ကို သမ္မောအဋ္ဌကထာမှာ ယူပေတော့။

နောက်တပါးက ကောင်းမှုရှင်ကြီးတွေဟာ ကာလသမ္ပတ္တိနဲ့တွေ့ကြုံမှသာ ကောင်းကျိုးကို အထင်အရှား ခံစားရလိမ့်မယ်။ ကာလဝိပ္ပတ္တိနဲ့ ကြုံကြရင် ဝိပ္ပတ္တိအကျိုးက လက်ဦးသွားရင် ကောင်းတဲ့အကျိုး ခံစားဘို့တွေဟာ နောက်ဆုတ်နေရလိမ့်မယ်။

သီဟိုဠ်ကျွန်း၌ ဗြာဟ္မဏတိဿ ခိုးသူကြီး ထကြွသောင်းကျန်းလို့ ကာလပျက်နေတဲ့အခါမှာ ရဟန္တာမထေရ်ကြီးများပင်လျှင် အစာရေစာ ငတ်မွတ်ခေါင်းပါးတဲ့အတွက် အာဟာရပြတ်ပြီးတော့ တချို့ ပရိနိဗ္ဗာန် ပြုရတယ်။ တချို့မထေရ်များတော့ ဟင်းရွက်တွေ၊ သစ်ခွံတွေ၊ သစ်ဥ၊ သစ်ဖုတွေ ရရာကို စားသောက်ပြီး မျှတနေကြရတယ်။ အဲဒီသာဓကကိုကြည့်ကြစမ်း၊ ရဟန္တာပုဂ္ဂိုလ်ထက် ကုသိုလ်များတာ ဘယ်သူရှိပါ့မလဲ၊ ကုသိုလ်ရှင်ဖြစ်ပေတဲ့ ကာလဝိပ္ပတ္တိကြုံတော့ကာ မကောင်းကျိုးကို ခံစားရသေးတယ်။

ဒီနေရာမှာ ဟောခွင့်ကြုံလို့ ဟောပြရအုံးမှာပေါ့၊ ဘုန်းကြီးများနှင့် တကွ ဒကာကြီး ဒကာမကြီးတွေ ယခုဖြစ်ပေါ်နေထိုင်ရတဲ့ ခေတ်ကာလက ဆုတ်ကပ်ခေတ်အခါဖြစ်တယ်။ ဘာဖြစ်လို့ ဆုတ်ကပ်ဖြစ်ရသလဲဆိုရင် အကုသိုလ်မှုတွေများသို့ ဆုတ်ကပ်ခေတ်ဖြစ်ရတယ်ဆိုတာ တချက်မှတ်ထားကြပေတော့။

နောက်တချက်က ယုဂ်လေးမျိုးရှိတဲ့အနက် ကလိယုဂ်လို့ ယခုအခါကို သမုတ်ထားကြတယ်။ ဘာကြောင့်ပါလဲဆိုတော့ အခြေလေးချောင်းရှိတဲ့ ခုံတခုံဟာ သုံးချောင်းကျိုးပြီးတော့နေခဲ့ရင် တချောင်းယဲ့နဲ့ ထောက်တည်ရာ မရနိုင်သလို ကမ္ဘာပေါ်မှာ ရှိသမျှလူတွေကို လေးပုံ-ပုံထားရင် သုံးပုံလောက်က မသမာလူတွေဖြစ်နေတော့ လူကောင်း-သူကောင်းတပုံလောက်ဟာလဲ ထောက်တည်ရာကို မရနိုင်တဲ့ အယုတ်ဆုံး အညံ့ဆုံးဖြစ်တဲ့ ခေတ်အခါဖြစ်လို့ ဒီခေတ်-ဒီအခါဟာ ကလိယုဂ်အခါလို့ ဆိုရတယ်။ အဲဒါလို မကောင်းတဲ့ ကလိယုဂ်ဖြစ်နေတာကို တခုမှတ်ထားကြပါ။

ဆေတ်—၃၃

နောက်တချက်က ကမ္ဘာဦး အခါ မျိုး လဲ မ ဟုတ်၊ ဘုန်းတန်ခိုး အာနုဘော်ကြီးတဲ့ စကြာမင်းများ ဖြစ်ထွန်း ပေါ်ပေါက်တဲ့ အခါလဲ မဟုတ်၊ ဘုရားကိုယ်တော်မြတ်ရဲ့သာသနာတော်တော့ ရှိပါသေးရဲ့၊ သို့ပေမဲ့ သာသနာတော်က နှစ်ပေါင်း ၂၅၀၀-ကျော်လာတော့ ဝါဒကွဲ ဘာသာကွဲတွေ နှောက်ယှက် ဝင်ရောက် လာကြတော့ သာသနာတော်ရဲ့ အရှိန် အစော်ကလဲ တယ်မရှိတော့ဘူး၊ လူတွေဘက်ကို ကြည့်ရင် လဲ တရားကို တယ်မစောင့်ကြတော့ဘူး၊ တရားစစ်၊ တရားမှန်ကို တယ်ပြီး အားမကိုးကြဘူး၊' ဤဒါလိုဖြစ်တော့ မကောင်းသောမင်း၊ မကောင်းသောလူဖြစ်ရခြင်း ဆိုတဲ့ ကာလဝိပ္ပတ္တိဖြစ်ပုံကို တချက်မှတ်လိုက်ကြ။

ဤကဲ့သို့ ကောက်ချက်ချလိုက်တော့ အသက်တမ်း ဆုတ်ကပ်အခါ ဖြစ်ရခြင်း၊ အကုသိုလ်မှုတွေ များ တဲ့ ကလိယုဂ်အခါ ဖြစ်ရခြင်း၊ ကာလ-ဝိပ္ပတ္တိအခါကြုံရခြင်း။ ဤသို့စသည်ဖြင့် မကောင်းကျိုး ပေး စ ရာ တွေ က များနေတော့ ကောင်းတာကိုပြုလုပ်ပြီး ကောင်းကောင်းနေတဲ့ပုဂ္ဂိုလ်တွေလဲ ရောနှောပြီး မကောင်းကျိုးကို ခံနေကြရတယ်လို့ အသင့်အတင့် နှလုံးသွင်းကြရသိမ့်မယ်။ ငါတို့တော့ ကောင်းတဲ့အလုပ်ကို ပြုလုပ်နေပါလျက် ဘာကြောင့် ဆင်းရဲတွင်းနက်နေရတာလဲ၊ ငါတို့အားကိုးတဲ့ ဘာသာရေးတရားတွေဟာ ဟုတ်မှ-ဟုတ်ပါလေရဲ့လားလို့ ယုံမှားသံသယမရှိကြလေနဲ့။

သတိပြုဘို့တချက်ကတော့ ဒီလိုအခါမျိုးမှာ မဟုတ်တာလုပ်တဲ့လူမှ စားရတယ်၊ အရာရာတိုင်း သူတော်ကောင်းကြီးလုပ်နေလို့ မဖြစ်ဘူးလို့ အယူအဆ လွဲမ သွား ကြ နဲ့၊ မကောင်း တာ လုပ် ရင် - မကောင်းကျိုးကို-ကောင်းတာလုပ်မှ - ကောင်းကျိုးကို ခံစားရမှာကတော့ မလွဲတမ်းတရားစစ်ပေဘဲလို့ တထစ်ကျ မှတ်ထားကြပါ။

နောက်ပြီးတော့ ကောင်းမှုကုသိုလ်ရှင်ကြီး တွေ ဟာ ပယောဂ-သမ္ပတ္တိနဲ့ တိုက်ဆိုင်မှသာ ကောင်းကျိုးကို ကောင်းကောင်းခံစားရပါလိမ့်မယ်။ ကောင်းတဲ့ဘက်က လုံ့လဝီရိယချိတ်နေပြီးတော့ ပယောဂဝိပ္ပတ္တိက အုပ်သွားရင် မကောင်းတဲ့အကျိုးက အရင်ပေးသွားပါလိမ့်မယ်။

ဘုရားရှင်လက်ထက်တော်က မဟာဓနသေဋ္ဌီ သူဋ္ဌေးသားကို ပုံစံပြုပြီး ကြည့်ကြတော့။ ၎င်းသူဋ္ဌေးသားဟာ အ တိတ် က ကု သိုလ်ကံ ပ ါခဲ့တဲ့ အတွက် ကုဋေရှစ်ဆယ်ကြွယ်ဝတဲ့ သူဋ္ဌေးသားပေါ့။ သမ္ပာပယောဂဆိုတဲ့

ကောင်းတဲ့ လို့လပယောဂကင်းတဲ့အတွက် အလွန်အလွန် ဆုံးရှုံးရတယ်။ သူဟာ ပထမအရွယ်က သတိရပြီး လှူလုပ်မယ်ဆိုရင် ပထမတန်းသူဌေးကြီး ဖြစ်ရမယ်။ ရဟန်းဘောင်ဝင်မယ်ဆိုရင်လဲ ရဟန္တာဖြစ်ဘို့ကံရှိတယ်တဲ့။

ဒုတိယအရွယ်ကသတိရပြီး လှူလုပ်မယ်ဆိုရင်လဲ ဒုတိယတန်းသူဌေးကြီးဖြစ်ပြီး ရဟန်းပြုမယ်ဆိုရင်လဲ အနာဂါမ်လောက် ဖြစ်နိုင်တယ်တဲ့။ တတိယအရွယ်ကျမှ သတိရရင်လဲ တတိယတန်းစား သူဌေးဖြစ်ပြီး ရဟန်းပြုမယ်ဆိုရင်လဲ သကဒါဂါမ်လောက် ရောက်နိုင်တဲ့ ကံ-ကုသိုလ်ကြီး ပါခဲ့ပေတယ်ဘဲ။

သို့ပေမဲ့ အရွယ်သုံးပါးလုံး သတိမရဘဲ ကောင်းတဲ့ လို့လပယောဂကင်းတော့ကာ ကောင်းကျိုးကို ဘာမျှ မခံစားရဘဲ အလွန်နစ်နာတဲ့ အခြေကိုရောက်ပြီး ခွက်လက်စွဲကာ တောင်းစားရတဲ့ဘဝသို့ ရောက်ရပေတယ်။ (ဓမ္မပဒ အဋ္ဌကထာ ဆ-ဒု-ဂ၁-မှာကြည့်)။

အဲဒီသာဓကကိုကြည့်ကြစမ်း၊ ကောင်းကျိုးတွေကို ခံစားရနိုင်တဲ့ ကုသိုလ်ရှင်ကြီးဖြစ်ပေတဲ့ ပယောဂဝိပ္ပတ္တိနဲ့ ကြုံသွားတော့ မကောင်းတဲ့ အကျိုးကိုသာ ခံစားသွားရတယ်။ ယခုဟောခဲ့တာကတော့ ကုသိုလ်ကို မူတည်ပြီးတော့ သမ္ပတ္တိလေးပါး - ဝိပ္ပတ္တိလေးပါးနဲ့ တွဲစပ်ပြီး အကျိုးပေးပုံကို ရှင်းလင်းပြခဲ့ခြင်း ဖြစ်ပေတယ်။

ကျင့်ကြံရေးတရားတွေဟာ မြတ်စွာဘုရား ဟောကြားဆုံးမခဲ့တာ အထင်အရှားရှိနေပေတဲ့ တရားလမ်းစဉ်ကိုသိအောင် မှတ်သားခြင်း၊ ကြံဆခြင်း၊ ဝေဘန်ခြင်းမပြုလုပ်တတ်ကြဘူး။ အကျိုးပေးပုံကို နားမလည်ကြတဲ့ အတွက် အထွေထွေကိစ္စတွေမှာ သံသယဖြစ်နေကြရပေတယ်။ အဲဒီသံသယ တွေ ပျောက်အောင် ဆရာသမားများထံ ဆည်းကပ်ပြီး လျှောက်ထားခြင်း-မှတ်သားခြင်း-ဆွေးနွေးခြင်းပြုလုပ်ကြပါ လို့ ထပ်တလဲလဲ တိုက်တွန်းခဲ့ပါတယ်။

ယခုဟောပြခဲ့တဲ့ ကုသိုလ်ကံ - အကုသိုလ်ကံတွေ၏ သမ္ပတ္တိ-ဝိပ္ပတ္တိ နှစ်ပါးနဲ့ ရောရှက်ပြီး အကျိုးခံစားခွင့်ရှိပုံ ဒေသနာတော်ဟာ နားလည်ဘို့တော့ ရုတ်တရက် မလွယ်ကြပေဘူး၊ အသိခက်ပေလိမ့်မယ်။ သို့ပေမဲ့ ဗဟုသုတကို လိုလိုလားလားရှိကြရင်တော့ မေးမြန်းစုံစမ်းလေ့လာပြီးတော့ ဉာဏ်အမြင်ပေါက်ကြပါစေ လို့ ဆုတောင်းခဲ့ပါတယ်။

ဤဒေသနာတော်တခုလုံးရဲ့ အချုပ်ကိုရှာကြည့်လိုက်ရင် ပယောဂသမ္ပတ္တိနဲ့ ပြည့်စုံဘို့ သမ္မာပယောဂဆိုတာ လိုရင်းအကျဆုံး တွေ့ကြရလိမ့်မယ်။ ကောင်းတဲ့တရားတွေကို အားထုတ်မှု လုံ့လပယောဂနဲ့ပြည့်စုံကြရင် ဝိပ္ပတ္တိလေးပါးက လွတ်ကင်းပြီးတော့ သမ္ပတ္တိလေးပါးနှင့် ပြည့်စုံဘို့ ဖြစ်ရမှာပေါ့။

ထို့ကြောင့် နောက်ဆုံး နိဂုံးချုပ်အနေနဲ့ ကောင်းသော လုံ့လပယောဂကို မူတည်အားထားပြီးတော့ သမ္ပတ္တိလေးပါးနှင့် ပြည့်စုံကြပါစေလို့ဆုတောင်းရင်း တရားတော်အပြီးသတ်ပါပြီ။ လိုရာလိုရာ ဆုတောင်း ပဌ္ဌနာ ပြုကြစေကုန်သတည်း။

**ကမ္မဝိဘင်္ဂဒေသနာတော် ပြီးပြီ။**

---

## နမော လောကဇေဋ္ဌဿ ဇေယျတု

## (၅၇) ခမာဍနကထာ – ကန်တော့ခဏ်းတရား

နှစ်စဉ်နှစ်တိုင်း ဝါဝင်တဲ့ ဝါဆိုလအခါ၊ ဝါကျွတ်တဲ့ သီတင်းကျွတ်လအခါ အဲဒီလအခါမျိုးမှာ ဆရာ့-ဆရာမျာနှင့်တကွ လူကြီးမိဘအစဉ်အဆက်တို့က အင်မတန်ကောင်းမြတ်တဲ့ နည်းကောင်း လမ်းမှန်ကြီးတခု ထားခဲ့ကြတာကို မမေ့သင့်ကြပေဘူး။

ဘယ်လိုနည်းလမ်းပါလဲဆိုတော့ အနန္တငါးပါးနှင့်တကွ ဂုဏဝုဒ္ဓိ၊ ဝယဝုဒ္ဓိ ဖြစ်တော်မူကြတဲ့ပုဂ္ဂိုလ်များအပေါ်မှာ ပြစ်မှား ကျူးလွန် မိတဲ့ အပြစ်များရှိကြရင် ပြေငြိမ်းသွားအောင် ကန်တော့တောင်းပန်ကြတဲ့ ကန်တော့ပွဲဆိုတဲ့ နည်းလမ်းပေါ့။

အဲဒီ ကန်တော့တောင်းပန်တဲ့ ကန်တော့ခဏ်းကုသိုလ်မှုဟာ အင်မတန်ကျေးဇူးများတဲ့ လုပ်ငန်းကြီးဖြစ်တဲ့အကြောင်းကို အနည်းငယ် ရှင်းပြခဲ့မယ်။ ရှေးဦးစွာ သိနားလည်ထားဘို့ကတော့....

(၁) ကန်တော့ တောင်းပန်ပုံနည်းလမ်း၊

(၂) ကန်တော့တောင်းပန်ရခြင်း၏ အကျိုး၊

အဲဒီနှစ်ချိုးကို အတိအကျသိထားကြရမယ်။ အကျိုးအကြောင်း သိထားပြီး ပြုလုပ်ကြရင် လုပ်ငန်းသဲ စိစပ်တယ်၊ဉာဏ်နဲ့ယှဉ်ပြီး ပြုလုပ်တာ ဖြစ်တော့ အကျိုးပြည့်စုံအောင် ရကြတာပေါ့။ ဒါကြောင့် ယခုပြောခဲ့တဲ့ အင်္ဂါနှစ်ပါးကို မှတ်သားကြပါ။

(၁) ရှေးဦးစွာ ကန်တော့ တောင်းပန်တဲ့နည်းလမ်းကို သိရမယ် ဆိုတာက ဘယ်လိုသိရမလဲဆိုတော့ နှုတ်ကမြွက်ဆိုပြီးတော့ တောင်းပန် ကြရမယ်။ အဲဒါဟာလိုရင်းပဓာနဘဲ။ ယခုကာလ ကန်တော့ပုံတွေ တွေ့နေ ရတာက တောင်းပန်ဝန်ချတာ မပါဘူး၊ လက်အုပ်ချီပြီး ရှိခိုးဝပ်ချရုံနဲ့ ပြီးကြတာဘဲ။ အဲဒါ ခွဲခြားပြရအုံးမယ်။

လက်ဆယ်ချောင်း ယှက်တင်ပြီး လက်အုပ်ချီတာက "အဥ္စလိကမ္မ" ခေါ်တယ်၊ ရှိခိုးတာက "ဝန္ဒနာကမ္မ" ခေါ်တယ်၊ ဦးနှိပ်တာက "သာမိစိ ကမ္မ" ခေါ်တယ်။ အဲဒါလို အဥ္စလိကမ္မ - ဝန္ဒနာကမ္မ - သာမိစိကမ္မ ပြုရုံနဲ့ ဘယ်မှာ ဝန်ချတောင်းပန်တာခေါ်မလဲ၊ အရိုအသေပေးတာဘဲ ဖြစ်တာ ပေါ့။ ဒို့ကြောင့် ကန်တော့တောင်းပန်ဝန်ချခြင်း အပြည့်အစုံအထမြောက် သွားအောင် နှုတ်ကမြွက်ဆိုပြီးတော့ တောင်းပန်ကြ၊ ကန်တော့ကြပါလို့ အသိဉာဏ်ပေးခဲ့ပါတယ်။

နှုတ်က မြွက်ဆိုဘို့ဆိုတာက ဆိုနေကျဖြစ်တဲ့ ဩကာသ ကန်တော့ ခဏ်းကို ဆိုသည်ဖြစ်စေ၊ ဒီလိုမဟုတ်လို့ အရေးကြီးတဲ့ကိစ္စ ရှိရင်ဖြစ်စေ၊ (သို့မဟုတ်) ဩကာသ ကန်တော့ခဏ်းကိုမရလို့ဖြစ်စေ အရှည်မဆိုတတ်ရင် "ပြစ်ကြီး-ပြစ်ငယ်များကို သည်းခံပါ" လို့ ဆိုရင်လဲ ကန်တော့တောင်းပန် တဲ့ကိစ္စ ပြီးပါတယ်။

ယခုပြောခဲ့တဲ့ နှုတ်မြွက်ပြီးတော့ တောင်းပန် ကန်တော့ တာကို လေးလေးစားစား သတိပြုကြပါ။ မသိကြသေးတဲ့ပုဂ္ဂိုလ်တွေကို ဖြစ်စေ၊ သတိလစ်ဟင်းနေတဲ့ ပုဂ္ဂိုလ်တွေကို ဖြစ်စေ၊ နားမလည်သေးတဲ့ ကလေး သူငယ်များကိုဖြစ်စေ၊ နည်းလမ်းပေးကြပါ။

ဒီကိစ္စဟာ လူချင်းချင်းမပြောနဲ့ ဘုန်းကြီးများ ကျောင်းကိုလာပြီး ကန်တော့တာတောင်မှ နှုတ်မြွက်ပြီး တောင်းပန်ကန်တော့ခြင်း မရှိ၊ရှိခိုး ကန်တော့ရုံကလေးနဲ့ ပြန်သွားကြတဲ့သူတွေ တွေ့နေရလို့ နည်းလမ်းကျ အောင် ပေးရခြင်းဖြစ်ပါတယ်။

သတိပေးလက်စနဲ့ ထပ်ပြီး သတိပေးရအုံးမယ်။ လာပြီးကန်တော့ကြတဲ့အခါမှာ ကန်တော့ခံရတဲ့ ဘုန်းကြီးများဘက်ကလဲ ပြန်ပြီးဆုပေးရတဲ့ အလေ့အကျင့်တာဝန်တခု ရှိပါတယ်။ဘုန်းကြီးများက ပြန်ပြီးဆုပေးခြင်းဟာလဲ ဗုဒ္ဓရှင်တော်ဘုရားရဲ့ အလေ့အကျင့်တော်ပါဘဲ။

သုခီ ဟောဟီတိ တဿတဿ နာမံ ဂဟေတွာ ဝဒတိ၊တော်
အာစိဏ္ဏံ တထာဂတာနံ။

တဿတဿ၊ ထိုထိုလာရောက်ကန်တော့သောသူ၏။ နာမံ၊ အမည်ကို။ ဂဟေတွာ၊ခေါ်ယူ၍၊ သုခီဟောဟီတိ၊ ချမ်းသာပါစေဟူ၍။ ဝဒတိ၊ မိန့်ကြား ဆုပေးတော်မူ၏။ တော်၊ ဤသို့ဆုပေးခြင်းသည်။ တထာဂတာနံ၊ ဘုရားရှင်တို့၏။ အာစိဏ္ဏံ၊အလေ့အကျင့်တော်တည်း။

ဤသာဓကအတိုင်း ဘုန်းကြီးများလဲ ရှင်တော်မြတ်ဘုရားရဲ့ ကျင့်ကြံနည်းအတိုင်း ပြန်ပြီးဆုပေးဘို့ တာဝန်ရှိပါတယ်။လာပြီးကန်တော့တဲ့သူက ရှိခိုး ဦးချပြီးတဲ့အခါ ကန်တော့ခဏ်းကို ဆိုလိမ့်အုံးမယ် ထင်ပြီး စောင့်ဆိုင်းနေတုန်း ကန်တော့တဲ့သူကလဲ ဘာမှမဆို၊ ဆုပေးမည့် ပုဂ္ဂိုလ်ကလဲ အချိန်နဲနဲလင့်သွားတော့ ဆုပေးရမှာခက်ပြီး ဘာမျှမဆိုဖြစ်ဘဲ ကိစ္စပြီးကြရတယ်။

အဲဒီလိုဖြစ်သွားတော့ ကန်တော့တောင်းပန်ခြင်းလဲ အထမမြောက် ဆုပေးဘို့တာဝန်လဲ မကျေဖြစ်ပြီး အကျိုးမရှိဖြစ်တဲ့အတွက် နှုတ်မြွက်ပြီး ထုတ်ဆို တောင်းပန် ကန်တော့ရေးကို အလေးပြုကြပါလို့ သတိထပ်ပြီး ပေးခဲ့ပါတယ်။

ဒုတိယအင်္ဂါက - ကန်တော့တောင်းပန်ရခြင်း၏ အကျိုးကို သိရမယ်လို့ ဆိုခဲ့ပါတယ်။ ကန်တော့တောင်းပန်ရင် ဘယ်လို အကျိုး ရမလဲ ဆိုတော့ ပြစ်မှားကျူးလွန်မိတဲ့ ကာယကံမှု ဝစီကံမှု မနောကံမှုတွေရှိရင် အားလုံးပြေငြိမ်းသွားပါတယ်၊အပြစ်ကင်းသွားပါတယ်၊အဲဒါ လိုရင်းသိဘို့ အကျိုးဘဲ။

အနည်းငယ် အကျယ်ကလေး ဟောပြရအုံးမယ်။ နတ်ရွာနိဗ္ဗာန် မရောက်နိုင်အောင် တားမြစ်တတ်တဲ့ အန္တရာယ် ငါးပါး ရှိတယ်။ အဲဒီ အန္တရာယ်ငါးပါးထဲက "ဥပဝါဒန္တရာယ်"ဆိုတာကို နာယူမှတ်သားကြပါ၊

သောတာပန်ကစပြီးတော့ ရဟန္တာအထိ အရိယာပုဂ္ဂိုလ် များနှင့် တကွ ဘုရားရှင်သို့ရောက်အောင် အင်မတန်ဂုဏ်ကြီးတဲ့ ပုဂ္ဂိုလ်များကို စွပ်စွဲတာကဲ့ရဲ့တာကို "ဥပဝါဒန္တရာယ်" ခေါ်တယ်။ အဲဒီ ဥပဝါဒန္တရာယ်မျိုးရှိထားရင် ဒီပုဂ္ဂိုလ်ဟာ နတ်ရွာနိဗ္ဗာန်သို့ မရောက်နိုင်တော့ဘူး။

ဒီနေရာမှာ အလားတူ တခုကို မှတ်ကြရအုံးမယ်။ဘုရား ပစ္စေကဗုဒ္ဓါ အရိယာသာဝကတွေကို ပြစ်မှားမှသာ ဒီအန္တရာယ် ဖြစ်သလားဆိုတော့ ဂုဏဝုဍ္ဍိ ဝယဝုဍ္ဍိ ရှိကြတဲ့ ရှိသေထိုက် အလေး ပြုထိုက်တဲ့ ပုထုဇဉ် အမိ,အဘ,ဆရာသမား, ထို့ပြင်လဲ စေတီ,ဗောဓိ, စသည် တို့ကို ကဲ့ရဲ့ရှုတ်ချ အပြစ်ပြောကြရင်လဲ အလားတူအန္တရာယ်ကြီးဖြစ်လို့ နတ်ရွာနိဗ္ဗာန်အကျိုးကို တားမြစ်နိုင်ပါတယ်။

သီဟိုဠ်ကျွန်းမှာ ရဟန်းတော်ကြီးတပါး နံနက်စောစော ရွာတွင်းသို့ ဆွမ်းခံကြွတော်မူတော့ ရွာဝင်အိမ်အစက လောင်းလိုက်တဲ့ ယာဂုဆွမ်းပူပူကလေးကို ရတော်မူတယ်။သည်တော့ မထေရ်ကြီးက အော်....သည်ယာဂုပူပူကလေးဟာ ငါနဲ့ သင့်မြတ်ထာဘဲ၊ ယခုနေ ပူပူကလေးသောက်လိုက်ရရင် ငါ့ရဲ့လေနာဝေဒနာဟာ ငြိမ်းသွားမှာဘဲလို့ ဝေဒနာပျောက်ကင်းရေးကို အာရုံပြုပြီးတော့ ရွာတွင်းဦပင် သင့်တော်မဲ့တနေရာမှာ ယာဂုပူပူကလေးကို ဘုန်းပေးတော်မူသတဲ့။

ဒီတော့ နောက်ကပါလာတဲ့ ရဟန်းငယ်တပါးက အကြောင်းကို မသိရှာတော့ ဒီရဟန်းကြီးနှယ် ကျောင်းရောက်အောင်မှ သည်းမခံနိုင်ဘူး၊ လမ်းမှာဘဲ ဘုန်းပေးနေရသလားလို့ စိတ်ထဲက အပြစ်တင်လိုက်တယ်။

အဲဒီ ရဟန်းငယ်ကလေး ရှုတ်ချ အပြစ်တင်တာကို မထေရ်ကြီးသိတော်မူတော့ ကျောင်းရောက်ရင်ဘဲ ရဟန်းငယ်ကလေးကို ခေါ်ပြီး ငါ့ရှင်-သင့်မှာ အားထားစရာ ဘာတရားများ ရှိပါသလဲမေးတော့ ရဟန်းငယ်က တပည့်တော်ဟာ သောတာပန်ပါလို့ လျှောက်ထားတယ်။

ဒီတော့ မထေရ်ကြီးက ငါ့ရှင်-သောတာပန်ဖြစ်ပေတဲ့ အထက်မဂ်ဖိုလ်တရားများကို ငါ့ရှင်မှာရဘို့ မရှိတော့ဘူးလို့ မိန့်တော်မူလိုက်တော့ ရဟန်းငယ်ကလေးလဲ သတိရပြီး အော်....ငါဖြင့် အကျိုးအကြောင်းကို မစဉ်းစားမဆင်ခြင်ဘဲနဲ့ ရဟန္တာမထေရ်ကြီးကို ပြစ်မှားမိပြီ ဟု ဆင်ခြင်

ပြီးတော့ ချက်ချင်းပင် လက်အုပ်ချီကာ အရှင်မြတ်ဘုရား-တပည့်တော် ပြစ်မှားမိတဲ့ အပြစ်များကို သည်းခံတော်မူပါ ဘုရားလို့ တောင်းပန် ကန်တော့လိုက်တော့မှ ရဟန္တာကို ပြစ်မှားမိတဲ့ဥပဝါဒန္တရာယ် ပျောက်ခါ မဂ်ဖိုလ်ကို ရဘို့အကြောင်းနဲ့ ပြည့်စုံသွားရတယ်။

အဲဒီသာဓကကို ထောက်ကြည့်ကြပေတော့၊ ရဟန္တာကို ပြစ်မှားတဲ့ ပုဂ္ဂိုလ်ဟာ သောတာပန် ရဟန်းတောင်မှ ဥပဝါဒန္တရာယ် ရှိထားရင် အထက်မဂ်ဖိုလ်ကို မရနိုင်တော့ဘူးတဲ့၊ ကန်တော့လိုက်တော့မှ အန္တရာယ် ကင်းပြီး မဂ္ဂန္တရာယ်က လွတ်ငြိမ်းသွားပါတယ်လို့ ကျမ်းဂန်က ပြတာ ထောက်ဆလိုက်ရင် ကန်တော့တောင်းပန်တဲ့ကိစ္စဟာ ဘာမျှဝန်လေးစရာ မဟုတ်ပေတဲ့ အင်မတန်အကျိုးကျေးဇူး များပါတယ်။

ထို့ကြောင့် အနန္တငါးပါးနဲ့တကွ ကြီးကဲသော ပုဂ္ဂိုလ်များအား ကန်တော့ တောင်းပန်ဝန်ချတဲ့ လုပ်ငန်းကို လေးလေးစားစား ပြုလုပ်ကြ ပါလို့ တိုက်တွန်းပါတယ်။

သာကေတခုကို နာယူကြအုံးတော့။ အဇာတသတ်မင်းဟာ အဘကို သတ်တဲ့ ပိတုဃာတကကံကြီးထိုက်နေတော့ နတ်ရွာနိဗ္ဗာန်ကို မရနိုင်တဲ့ အပြင် အဝီစိငရဲမှာ တကမ္ဘာပတ်လုံး ခံစားရမဲ့အပြစ်ကြီး ရှိနေပါတယ်။ ၎င်းအပြစ်ကြီးရှိနေပေတဲ့ မိမိပြစ်မှားမိတဲ့အပြစ်ကိုအပြစ်ရှိမှန်း သိနေတော့ သဗ္ဗညုဘုရားထံချဉ်းကပ်ပြီး ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရား - ဘုရားတပည့်တော်ဟာ မိုက်မဲလှစွာ မလိမ္မာတဲ့ အတွက် ဓမ္မိကဓမ္မရာဇာ ဖြစ်တော်မူဘဲ့ ဘခင်မင်းမြတ်ကို မင်းပြုလိုတဲ့အကြောင်း ကြောင့် သတ်ဖြတ်မိပါပြီ၊တပည့်တော်မှာ အပြစ်ရှိပါတယ်ဘုရား၊တပည့် တော်၏အပြစ်ကို အရှင်ဘုရား သည်းခံတော်မူပါဘုရားလို့ မြတ်စွာဘုရား ကို ကန်တော့တောင်းပန်ပါတယ်။

အဲဒါလို ကန်တော့တောင်းပန်လိုက်တော့ ကန်တော့တောင်းပန်တဲ့ ကံက ကယ်ဆယ်သောအားဖြင့် အဇာတသတ်မင်းဟာ အဝီစိငရဲကြီးမှာ ခံရမဲ့အပြစ်က လွတ်ပြီးတော့ လောဟကုမ္ဘီငရဲမှာသာအနှစ်ခြောက်သောင်း မျှ ခံရပြီးနောက် ၎င်းငရဲက လွတ်လာရင် "ဝိဇိတာဝီ" အမည်ရှိတဲ့ ပစ္စေက ဗုဒ္ဓါဘုရားဃယ်ဖြစ်ပြီး ပရိနိဗ္ဗာန်ပြုရမယ်လို့ ဘုရားရှင် မိန့်တော်မူကြောင်း ကျမ်းလာရှိပေတယ်။

အဲဒီသာဓကကို ကြည့်ကြစမ်း၊ ကန်တော့တောင်းပန်တဲ့ အလုပ်ဟာ ဘယ်လောက် ခရီးရောက်သလဲ ဆိုတာ နှစ်ပေါင်းများစွာခံရမဲ့ အဝီစိငရဲကြီးကလွတ်ပြီး လောဟကုမ္ဘီငရဲငယ်မှာသာ အနှစ်ခြောက်သောင်းလောက် ခံရမယ်ဆိုသဖြင့်ဘယ်လောက်အပြစ်ပေါ့သွားသလဲ၊တာကြောင့် ကန်တော့တောင်းပန်ခြင်းဟာ ကြီးကဲသောအကျိုးရှိကြောင်းကို ယုံကြည်စွာ လက်ခံကြရမယ်။

တောင်းပန်ကန်တော့တဲ့ကိစ္စဟာ ကန်တော့ခံဖြစ်တဲ့ပုဂ္ဂိုလ်ထင်ရှား မရှိပေမဲ့ ထင်ရှားရှိတဲ့ပုဂ္ဂိုလ်တပါးထံ သွားပြီးတော့ အရှင်ဘုရား-တပည့်တော်ဟာ ဘယ်ပုဂ္ဂိုလ်ကို ပြစ်မှားမိပါတယ်ဘုရား၊ တပည့်တော် ပြစ်မှားမိတဲ့အပြစ်ကို တောင်းပန် ဝန်ချ ပါတယ်ဘုရားလို့ တောင်းပန် လိုက်ရင်လဲ အန္တရာယ်ပြေပျောက်ပါတယ်။

ဒါတင်မကသေးဘူး ကန်တော့ခံဖြစ်တဲ့ ပုဂ္ဂိုလ်ဟာ စုတေသွားရင် သေရာညောင်စောင်း ဘုံသွားပြီး (သို့မဟုတ်) သုသာန်ရောက်အောင် သွားပြီး ကန်တော့ရင်လဲ ပြေပျောက်ပါတယ်လို့ ကျမ်းလာရှိပါတယ်။ အဲဒါလို ကန်တော့ခဏ်းနဲ့ ပတ်သက်တဲ့ အကြောင်းအရာများကို မှတ်သားနာယူထားကြပြီး ကန်တော့ တောင်းပန် ဝန်ချခြင်းအမှုကို လေးလေး စားစား ဂရုတစိုက် လိုက်နာပြုကျင့်ကြပါလို့ တိုက်တွန်းစကားဖြင့် နိဂုံးချုပ်ပြီး တရားသိမ်းလိုက်သည် ဖြစ်ပါသတည်း။

ခမာပနကထာ ကန်တော့ခဏ်းတရား ပြီး၏။

## နပေါ အနုဝိဝရဿ ဇေယျုတု
## (၅၈) ကံ, ဉာဏ်, ဝီရိယ တိကမ္မ ကထာ

ကမ္မုနာ ဝတ္တတိ လောကော၊
ကမ္မုနာ ဝတ္တတိ ပဇာ။
ကမ္မနိဗန္ဓနာ သတ္တာ၊
ရထဿာဏီဝ ယာယတော။

လောကော၊ နာမ်ရုပ်နှစ်သွယ် မှီတွယ်မှတ်ကြ သတ္တလောကသည်။ ကမ္မုနာ၊ ကိုယ်ပင်ပြုထား ကံတရားကြောင့်။ ဝတ္တတိ၊ ဖြစ်၏။ ပဇာ၊ သိမှတ်စရာ ဉာဏ်ရင်းပါသည့် သတ္တဝါမှန်သမျှသည်။ ကမ္မုနာ၊ ကိုယ်ပင်ပြုထား ကံတရားကြောင့်။ ဝတ္တတိ၊ ဖြစ်၏။ သတ္တာ၊ အနန္တမျှားစွာ သတ္တဝါမှန်သမျှတို့သည်။ ယာယတော၊ တွဲစပ်၍သွားသော။ ရထဿ၊ ရထား၏။ အာဏီဝ၊ စောင့်ထိန်းဘွယ်ထွန်း နားပန်းစွန်းကဲ့သို့။ ကမ္မနိဗန္ဓနာ၊ ကံလျှင် အနှောင်အဖွဲ့ရှိကုန်၏။

ယနေ့ဟောပြောဘို့ တရားတော်ကတော့ သတ္တဝါမှန်သမျှ အနန္တတို့ဟာ ကံ, ဉာဏ်, ဝီရိယ သုံးပါးလုံးပြည့်စုံအောင် အားထုတ်ကြရမှာချည်း ဖြစ်တဲ့အတွက် ၎င်းတရား သုံးပါးလုံးကို ဝေဘန်ပြီး ဟောပြမှာဖြစ်တဲ့ "ကံ-ဉာဏ်-ဝီရိယ တိကမ္မကထာ ဒေသနာ" ဖြစ်ပေတယ်။

ဟောပြခဲ့တဲ့ ဒေသနာတော်အရ အဆုံးအပိုင်းအခြားမရှိအောင် ဖြစ်ပေါ်နေကြတဲ့ သတ္တလောကခေါ်တဲ့ အနန္တ-သတ္တဝါတွေဟာ မိမိတို့ ပြုလုပ်တဲ့ ကံတရားကြောင့် အမျိုးမျိုး ဖြစ်ထွန်းပေါ်ပေါက်ပြီး နေကြရပါတယ်။ အပါယ်ဘုံ၌ ဖြစ်စေတတ်တဲ့ ကံကြောင့် အပါယ်ဘုံမှာ ဖြစ်ကြရတယ်။ လူ့ဘုံမှာဖြစ်စေတတ်တဲ့ကံကြောင့် လူ့ဘုံမှာ ဖြစ်ကြရတယ်။ နတ်ဘုံ, ဗြဟ္မာဘုံတွေမှာ ဖြစ်ဘို့ရာ ပြုလုပ်တဲ့ကံတွေကြောင့် နတ်ဘုံ-ဗြဟ္မာဘုံများမှာ ဖြစ်ကြရတယ်၊ နောက်ဆုံး ဒုက္ခဇာတ်သိမ်းနိုင်ဘို့ကံကို ပြုလုပ်ကြရာ ၎င်းကံကြောင့် ဒုက္ခဇာတ်သိမ်းရပါတယ်။ ဥပမာဆိုရင်- ရထားလှည်းဘီးကို ကစင့်ကရဲ တကွဲတပြား ကျွတ်ထွက်မသွားအောင် နားပန်းစွန်းခေါ်တဲ့ နားစောက်က ထိန်းချုပ်ပြီးပေးထားရသလို သတ္တဝါတွေ ကစင့်ကရဲမဖြစ်ရအောင် ကံတရားက ထိန်းချုပ်ထားကြောင်း မှတ်ကြရမယ်။

ကံတရားက ထိန်းချုပ်ပုံကို နဲနဲ ဝေဘန် ပြရသေးတာပေါ့။ ကောင်းတဲ့ကံကို အားထုတ်ထားရင် ၎င်းကံက ကံရှင်သတ္တဝါကို မကောင်းတဲ့ကံက ဝင်ပြီး အကျိုးမပေးအောင် ထိန်းချုပ်ပေးထားတယ်။ မကောင်းတဲ့ကံကို အားထုတ်ထားရင် ၎င်းကံက ကံရှင်သတ္တဝါကို ကောင်းတဲ့ကံက ဝင်ပြီး အကျိုးမပေးအောင် ထိန်းချုပ်ပေးထားတယ်။ ကံ၏ထိန်းချုပ်ပုံကို မသိတဲ့သူများကတော့ သတ္တဝါဟာ လုပ်ချင်တာကိုလုပ် ကောင်းတာ မကောင်းတာဟူ၍ ဝေဘန်ဘို့မလိုဘူးလို့ ကံကိုပစ်ပယ်တဲ့အယူ ရှိကြတယ်။ ထို့ကြောင့် ဒေသနာတော်အရ သတ္တဝါမှန်သမျှ "ကံ" ဟူသော အထိန်းအချုပ်ရှိကြောင်း ယုံကြည်ကြရမယ်။

ကမ္မံ သတ္တေ ဝိဘဇတိ-ဒေသနာတော်အရ သတ္တဝါတွေကို ကံတရားက ဝေဘန်တယ်ဆိုတာ ထင်ရှားအောင် ပြရလျှင် ခိုးတတ်တဲ့ကံအလုပ်ကြောင့် သူခိုးဖြစ်ရတယ်၊ တိုက်ခိုက်လုယက်တတ်တဲ့ အလုပ်ကြောင့် ဓားပြဖြစ်ရတယ်။ လယ်ထွန်တဲ့ ကံအလုပ်ကြောင့် လယ်သမားဖြစ်ရတယ်။ ကုန်သွယ်တတ်တဲ့ အလုပ်ကြောင့် ကုန်သည်ဖြစ်ရတယ်။ ကျောင်းလှူလို့ ကျောင်းဒကာဖြစ်ရတယ်။ ဘုရားတည်လို့ ဘုရားဒကာဖြစ်ရတယ်။ ဤသို့စသည်ဖြင့် ကံကဝေဘန်ချထားပုံတွေကို ပြောမကုန်အောင် ဝေဘန်ကြည့်ကြပေတော့။ လိုရင်းမှာတော့ မိမိတို့ပြုလုပ်တဲ့အလုပ်ကို ကံလို့ခေါ်တာဘဲ၊ မိမိတို့ပြုလုပ်တဲ့အလုပ်ကံက ဝေဘန်ပြီးချထားတာ ဖြစ်ရတာပေါ့၊

အဲတာလို ကံကြောင့်ဖြစ်ပုံတွေကို ဝေဘန်ပြီးကြည့်ရင် သတ္တဝါတွေရဲ့သန္တာန်မှာ ကံတရားလိုရင်းကျပုံကို အထင်အရှားသိကြရမှာပေါ့။ ကံတရားလိုရင်းကျပုံကို သိပြီးကြရင် ပြုလုပ်သင့်တဲ့ကုသိုလ်ကံတရား မပြုလုပ်သင့်တဲ့ အကုသိုလ်ကံတရား ၎င်းနှစ်ပါးကို ဝေဘန်တတ်ဘို့ကတော့ ဉာဏ်အရာကျတော့ ထင်ရှားပါလိမ့်မယ်။ ယခုဟောခဲ့တာက "ကံ" ကို အနည်းငယ် ဝေဘန်ပြီး ပြခဲ့တာဖြစ်ပေတယ်။ ဉာဏ်ဆိုတဲ့ အသိတရားကို ဝေဘန်ပြီး ကြည့်ကြဦးစို့....။

> ဝိဇ္ဇာ စ ခေါ ဘိက္ခဝေ ပုဗ္ဗင်္ဂမာ ကုသလာနံ ဓမ္မာနံ သမာပတ္တိယာ။

ဘိက္ခဝေ၊ချစ်သားတို့။ကုသလာနံဓမ္မာနံ၊ကောင်းသော ကံအများကုသိုလ်တရားတို့၏။ သမာပတ္တိယာ၊ထင်ရှားစွာဖြစ်ပေါ်၍ လာရခြင်းငှာ။

ဝိဇ္ဇာဒစခေါ-ဝိဇ္ဇာစငေ၊ အသိဉာဏ်တပါး ဝိဇ္ဇာတရားသာလျှင်။ ပုဗ္ဗင်္ဂမာ၊ ပြဋ္ဌာန်း၏။ ဝါ-ဦးတည်ရှေ့သွား လိုရင်းတရားဖြစ်ပေ၏။

ခုတင်ကပြောခဲ့တဲ့ ကံကောင်းဘို့ရာကို ဉာဏ်နဲ့လောင်းပြီး ပြုလုပ်တတ်ရမယ်။ ကောင်းတဲ့ ကုသိုလ်ကံတရားဖြစ်နိုင်ဘို့အရာမှာ ဉာဏ်ဟာ ရှေ့သွားဖြစ်ပေတယ်။ဉာဏ်ဟာလိုရင်းဖြစ်တယ်လို့ မိန့်တော်မူထားပါပကော။ မကောင်းတဲ့ကံဆိုတဲ့ အကုသိုလ်ကံအလုပ်ကတော့ ဉာဏ်ကူဘို့မလိုပါဘူး။ "ပါပသ္မိံ ရမတိ မနော" ဆိုတဲ့ ဒေသနာအတိုင်း ဉာဏ်နဲ့မဆင်ခြင်ရဘဲနဲ့ သူ့ဥစလိုလို မကောင်းတဲ့ဘက်ကို ဆွဲသွားတာက အထင်အရှား သိပြီးသားဖြစ်နေကြပါပြီ။ ကုသိုလ်ကံဖြစ်ဘို့သာ ဉာဏ်ဟာပဓာနဖြစ်လို့ ဉာဏ်နဲ့ ဆင်ခြင်တတ်ရမယ်။

ဒါကြောင့်မို့ ဉာဏသမ္ပယုတ်-ဉာဏဝိပ္ပယုတ် သဘောနှစ်မျိုးရှိတာပေါ့။ ဉာဏ်ကို ရှေ့ဆောင်မတင်ဘဲနဲ့ ဉာဏ်ကင်းပြီးတော့ ပြုလုပ်တဲ့ကုသိုလ်ဟာ ဉာဏဝိပ္ပယုတ်ကုသိုလ်ဖြစ်တော့ အကျိုး ပေး အောက် တန်း ကျ တာပေါ့။ ဉာဏ်နဲ့ယှဉ်ပြီး ဉာဏ်ကို ရှေ့ဆောင်ထားပြီးတော့ ပြုလုပ်တဲ့ကုသိုလ်မှသာ ဉာဏသမ္ပယုတ်ကုသိုလ်ဖြစ်တယ်။ မြင့် မြတ် တဲ့ တိဟိတ်ကုသိုလ်ဖြစ်တယ်။ သို့အတွက် ကောင်းတဲ့ကံတရားမျိုး ဖြစ် ပေါ် ရ အောင် အရိယာသူတော်ကောင်း ပြုလုပ်ပုံနည်းလမ်းကို ဉာဏ်ဖြင့်စဉ်းစား နှလုံးထားပြီး အားထုတ်ကြဘို့ သတိပြုကြပါ။ ယခုဟောခဲ့တာက ဉာဏ်၏သဘောကို အဘိုချုပ်သိကြဘို့ ဟောပြောခဲ့ခြင်း ဖြစ်ပါတယ်။ "ဝီရိယ" ဆိုတဲ့ တရားတပါးကို ကြည့်ကြဦးစို့။

> သံဝိဂ္ဂေါ ယောနိသော ပဒဟတိ၊ သမ္မာ အာရဒ္ဓံ သဗ္ဗာသံ
> သမ္ပတ္တီနံ မူလံ ဟောတိ။

သံဝိဂ္ဂေါ၊ ထိတ်လန့်တတ်သော လူနတ်ပြဟ္မာ သတ္တဝါတွေသည်။ ယောနိသော၊ ဆင်ခြင်စဉ်းစား ပညာအားဖြင့်။ ပဒဟတိ၊ ဝီရိယမယုတ် အားထုတ်တတ်၏။ သမ္မာ၊ ကောင်းစွာ။ အာရဒ္ဓံ၊ အားထုတ်အပ်သော ဝီရိယသည်။ သဗ္ဗာသံ၊ ခပ်သိမ်းကုန်သော။ သမ္ပတ္တီနံ၊ ကောင်းကျိုးအစစ သမ္ပတ္တိဟူသမျှတို့၏။ မူလံ၊ အကြောင်းစင်စစ် အရင်းအမြစ်သည်။ ဟောတိ၊ ဖြစ်၏။

အားထုတ်ခြင်းလုံ့လသဘောကို ဝီရိယခေါ်တယ်။ ဟောခဲ့ပြီးတဲ့ ကံအလုပ်ကို ဉာဏ်နဲ့ယှဉ်ပြီးတော့ ပြုလုပ်တဲ့အခါမှာ အားထုတ်တို့ ဝီရိယလိုပေတယ်။ ဝီရိယချွတ်ရင် ပယောဂဝိပ္ပတ္တိခေါ်တယ်။ ဝီရိယနဲ့ပြည့်စုံရင် ပယောဂ သမ္ပတ္တိခေါ်တယ်။ ဉာဏ်နဲ့ယှဉ်ပြီးတော့ ကောင်းကောင်း အားထုတ် ပြုလုပ်တတ်ကြမယ်ဆိုရင် ဂတိသမ္ပတ္တိခေါ်တဲ့ ဂတိကောင်းကို ရနိုင်တယ်။ ဥပဓိသမ္ပတ္တိခေါ်တဲ့ အင်္ဂါကြီးငယ် ပြည့်စုံ လှပတဲ့ အကျိုးကို ရနိုင်တယ်။ ကာလသမ္ပတ္တိခေါ်တဲ့ ခေတ်ကောင်း အခါကောင်းမှ ဖြစ်နိုင်တယ်။ သမ္မာ အာရဒ္ဓဆိုတဲ့ ဝီရိယကောင်းကြမယ်ဆိုရင် နိဗ္ဗာနသမ္ပတ္တိအထိ သမ္ပတ္တိဟူသမျှနဲ့ ပြည့်စုံနိုင်တယ်လို့ ဒေသနာတော်ကလဲ ပြထားပါပြီ။

ဉာဏ်နဲ့ယှဉ်ပြီး အားထုတ်ထားတဲ့ ကံကြောင့်ဖြစ်တဲ့ အကျိုးတရားတွေဟာ မပျက်စီးရအောင် ခိုင်မြဲအောင် ထောက်ပံ့ပေးဘို့က ဝီရိယတာဝန်ဖြစ်ပေတယ်။ ထို့ကြောင့် 'သဟဇာတာနံ ဥပတ္ထမ္ဘန ရသံ'' လို့ ကျမ်းဂန်က ပြထားတယ်။ အဓိပ္ပါယ်က ဝီရိယဆိုတဲ့တရားဟာ အတူတူဖြစ်တဲ့ သဟဇာတ တရားတွေကို ခိုင်ခံ့အောင် ထောက်ပံ့ ပေး တတ် တဲ့ ကိစ္စ ရှိ တယ် လို့ မိန့်ဆိုထားပါတယ်။

> ယောဂါဝစရော ဝီရိယုပတ္ထမ္ဘေန ဥပတ္ထမ္ဘိတော ဟုတွာ သဗ္ဗ
> ကုသလဓမ္မေဟိ နဟာယတိ။

ယောဂါဝစရော၊ ကောင်းသောတရားအလုပ်ကို အားထုတ်သော ပုဂ္ဂိုလ်သည်။ ဝီရိယုပတ္ထမ္ဘေန၊ ဝီရိယတည်းဟူသော အထောက် အပံ့ ဖြင့်။ ဥပတ္ထမ္ဘိတော၊ ကူညီဖေးကပ် ထောက်ပံ့အပ်သည်။ ဟုတွာ၊ ဖြစ်၍။ သဗ္ဗကုသလဓမ္မေဟိ၊ အလုံးစုံသော ကုသိုလ် တ ရား တို့ မှ။ နဟာယတိ၊ မဆုတ်ယုတ်နိုင်။

ဤ ဒေ သ နာ တော် အ ရ ယိမ်း ယိုင် ယို ယွင်း ပြီး အိုမင်းတဲ့ အိမ် အဆောက်အဦကို ထောက်ကူတဲ့ ကျားတိုင်သစ်ဖြင့် တည်တံ့ခြင်း ဖြစ်သကဲ့သို့ ဝီရိယထောက်ကူမှ ကံ-ပစ်ချတဲ့ အကျိုးဖလ အပေါင်းတို့ဟာ တိုးပွားကြောင်း ဖြစ်နိုင်တာကို မှတ်သားကြရမယ်။

ဤ သို့ ဟော ကြား ခဲ့သော တ ရား အ စဉ် ဖြင့် လူ့ဘုံဌာန ငါတို့ နေထိုင်ရာဖြစ်တဲ့ လူ့ရွာလောကကြီးမှာ ကံကိုချည်း တဖက်သတ် မစွဲကြဘဲ ဉာဏ်နဲ့ဝီရိယကိုလဲ တွဲဖက်ပြီး အနည်းနည်းသော ကောင်းကျိုးချမ်းသာ

အပေါင်းတို့ကို ဆည်းပူးကြဘို့ရာ ဖြစ်ပါတယ်။ ဤအရာ၌ စပ်ဖက်ပြီး နှစ်သက်စွာ မှတ်သားကြရအောင် လေးပါးသော ပုဂ္ဂိုလ်မျိုးတို့ကို ဘုရားရှင်မိန့်တော်မူခဲ့သည်မှာ....

(၁) ဥဋ္ဌာနဖလူပဇီဝီ နကမ္မဖလူပဇီဝီ ဆိုတဲ့ ဤပထမပုဂ္ဂိုလ်မျိုးက ဝီရိယအကျိုးကိုသာမှီပြီး အသက်မွေးရတယ်။ ကုသိုလ်ကံ၏အကျိုးကိုတော့ မှီခိုပြီး အသက်မွေးလို့ မရဘူး၊ လောသကဘိဿရဟန်းတို့လိုပုဂ္ဂိုလ်မျိုးပေါ့။ လုံးလုံးကံအကျိုးကို မှီခိုလို့မရပေဘူး။

> တံ ပန ဥဋ္ဌာနံ အာဂမ္မ ကိဉ္စိ ပုညဖလံ နပ္ပဋိလဘတိ၊ အယံ ဥဋ္ဌာနဖလူပဇီဝီ န ကမ္မဖလူပဇီဝီနာမ။

ယော၊ အကြင်ပုဂ္ဂိုလ်သည် ကား။ တံပနဥဋ္ဌာနံ၊ ထိုထကြွလုံ့လ ဝီရိယကို။ အာဂမ္မ၊ စွဲ၍။ ကိဉ္စိ၊ တစုံတခုသော။ ပုညဖလံ၊ ကောင်းမှု၏အကျိုးကို။ နပ္ပဋိလဘတိ၊ မရနိုင်။ အယံ၊ ဤပုဂ္ဂိုလ်သည်။ ဥဋ္ဌာနဖလူပဇီဝီ၊ လုံ့လဝီရိယဖြင့်သာ အသက်မွေးရသည်ဖြစ်၍။ နကမ္မဖလူပဇီဝီနာမ၊ ကုသိုလ်ကံ၏အကျိုးဖြင့် အသက်မမွေးရသောပုဂ္ဂိုလ်မည်၏။

ဤသို့ ဒေသနာတော်က ညွှန်ပြထားပါတယ်။

(၂) ဒုတိယပုဂ္ဂိုလ်က နဥဋ္ဌာနဖလူပဇီဝီ-ကမ္မဖလူပဇီဝီ ပုဂ္ဂိုလ်တဲ့။ ဤပုဂ္ဂိုလ်မျိုးက ဝီရိယအကျိုးကိုမှီပြီး အသက်မမွေးရဘူး။ ကုသိုလ်ကံသက်သက်ကိုသာ မှီပြီးတော့ အသက်မွေးရပေတယ်။ စတုမဟာရာဇ် နတ်ပြည်က စပြီးတော့ နတ်ပြည်ဌာနာပြည်က ပုဂ္ဂိုလ်တွေကို ကြည့်ရမယ်။ ၎င်းပုဂ္ဂိုလ်တွေဟာ ဝီရိယမလိုတော့ဘူး၊ ကံကျိုးသက်သက်ကိုသာမှီခိုပြီး အသက်မွေးရတဲ့ ပုဂ္ဂိုလ်တွေပေါ့။

> စာတုမဟာရာဇိကေ ပန ဒေဝေ အာဒိံ ကတွာ သဗ္ဗေပိ ဒေဝါ ဥဋ္ဌာနဝီရိယေန ဝိနာ ပုညဖလသေဝ ဥပဇီဝန္တော ကမ္မဖလူပဇီဝိနော န ဥဋ္ဌာနဖလူပဇီဝိနော နာမ။

စာတုမဟာရာဇိကေ၊ စတုမဟာရာဇ်ဘုံ၌ ဖြစ်ကုန်သော။ ဒေဝေ၊ နတ်တို့ကို။ အာဒိံ ကတွာ၊ အစပြု၍။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ ဒေဝါ၊ နတ်ဗြဟ္မာအပေါင်းတို့သည်။ ဥဋ္ဌာနဝီရိယေန၊ ထကြွလုံ့လဝီရိယနှင့်။ ဝိနာ၊ ကင်း၍။ ပုညဖလသေဝ၊ ကောင်းမှု၏ အကျိုးကိုသာလျှင်။

ဥပဇီဝနော၊ မှီခို၍အသက်မွေးရလေသောကြောင့်။ ကမ္မဖလူပဇီဝိနော၊ ကောင်းကျိုးမှီ၍ အသက်မွေးရကုန်သည်ဖြစ်၍။ နဥဋ္ဌာနဖလူပဇီဝိနော နာမ၊ ထကြွလုံ့လ ဝီရိယကို မှီ၍ ကင်မွေး အသက်မမွေးရသောပုဂ္ဂိုလ်တို့မည်ကုန်၏။ ဤသို့ ဒေနာတော်က ညွှန်ပြထားပါတယ်။

(၃) တတိယပုဂ္ဂိုလ်က ဥဋ္ဌာနဖလူပဇီဝီ - ကမ္မဖလူပဇီဝီ ပုဂ္ဂိုလ်ဖြစ်ပေတယ်။ ဤပုဂ္ဂိုလ်မျိုးကတော့ လူ့ဌာန လူ့ဒေသမှာ ဖြစ်နေကြတဲ့ လူပုဂ္ဂိုလ်တွေပေါ့။ ၎င်းလူပုဂ္ဂိုလ်တွေဟာ လုံ့လဝီရိယနဲ့ ကုသိုလ်ကံ ဤနှစ်မျိုးလုံးကို မှီခိုပြီး အသက် မွေး ကြ ရတယ်။ ဆင်းရဲသားများ မှာတော့ ဝီရိယကို အများကြီးမှီရပေတယ်။ ကံ-ကို ဝီရိယနဲ့ဖေ်ယူရတာပေါ့။ သူဌေးသူကြွယ် မင်းစိုးရာဇာတို့ကတော့ ကုသိုလ်ကံကို အများကြီးမှီရပေတယ်။ သူတို့လဲ ဝီရိယကင်းလို့ မရပေဘူး။

ရာဇ-ရာဇမဟာမတ္တာဒယော ဥဋ္ဌာနဖလူပဇီဝိနောစ ကမ္မဖလူပဇီဝိနောစ။

ဤသို့ ဒေသနာက မိန့်ဆိုထားပါတယ်။

ရာဇ-ရာဇ မဟာ မတ္တာဒယော၊ မင်း - မင်းအမတ် အစရှိသည်တို့သည်။ ဥဋ္ဌာနဖလူပဇီဝိနောစ၊ လုံ့လဝီရိယအကျိုးကိုလည်း မှီ၍ အသက်မွေးရကုန်၏။ ကမ္မဖလူပဇီဝိနောစ၊ ကုသိုလ်ကံ၏ အ ကျိုး ကို လည်း မှီ၍ အသက်မွေးရကုန်၏။

(၄) စတုတ္ထပုဂ္ဂိုလ်ကတော့ နေဝဥဋ္ဌာနဖလူပဇီဝီ-နကမ္မဖလူပဇီဝီ ပုဂ္ဂိုလ်ဖြစ်ပေတယ်။ ငရဲဘုံ၌ ဖြစ် ကြ တဲ့ ငရဲသူ သတ္တဝါတွေပေါ့။ ၎င်းပုဂ္ဂိုလ်တွေဟာ လုံ့လအကျိုးကိုလဲ မှီခိုလို့မရဘူး၊ ကုသိုလ်ကံ၏အကျိုးကိုလဲ မှီခိုလို့ မရဘူး။

နေရယိကာ သတ္တာ နေဝဥဋ္ဌာနဖလူပဇီဝိနော န ကမ္မဖလူပဇီဝိနော။

နေရယိကာသတ္တာ၊ ငရဲသူသတ္တဝါအပေါင်းတို့သည်။ နေဝဥဋ္ဌာနဖလူပဇီဝိနော၊ လုံ့လအကျိုးကိုမှီ၍ အသက်မမွေးရကုန်သည်ဖြစ်၍။ နကမ္မဖလူပဇီဝိနော၊ ကုသိုလ်ကံ၏အကျိုးကိုလည်း မှီ၍ အသက် မမွေးရကုန်။ ဤသို့ ဒေသနာတော်က ညွှန်ပြထားပါတယ်။

ဤသို့ ဟောပြခဲ့တဲ့ ပုဂ္ဂိုလ်လေးမျိုးထဲမှာ လူပြည်နှင့်ရွာမှာဖြစ်ကြတဲ့ ပုဂ္ဂိုလ်များမှာတော့ ကံ-ဉာဏ်-ဝီရိယ သုံးပါးလုံးကိုမှီပြီး အသက်မွေးကြရတယ်။ ရှေးကံကောင်းလျှင် ကောင်းတဲ့အလိုက်၊ ရှေးကံအားနည်းလျှင်လဲ အားနည်းတဲ့အလိုက် မင်းမျိုးတဝ, သူဌေးမျိုးတသွယ်, ကုန်သယ်ဆင်းရဲသား အစားစား အမျိုးမျိုးမှာ ဖြစ်ကြရတယ်။ ပစ်ချလိုက်တဲ့ကံကြောင့် ရကြတဲ့ စည်းစိမ်တွေကို မပျောက်မပျက်ရအောင် တိုးတက်အောင်ဖြစ်ဘို့ကိစ္စကတော့ ဉာဏ်ဝီရိယနဲ့ ဖေးမစီစဉ်ပြီးပြုပြင်ပေးရပေတယ်။

ရှေးကံဟောင်း တိုးတက်ဘဲ့ကိစ္စမှာ ဘုရားအလောင်းတော် ဇနကမင်းကြီး ဝီရိယပါရမီတော် ဖြည့်စဉ်က ဝီရိယ အထောက်အပံ့အတွက် ပျက်စီးခြင်းမရှိဘဲနှင့် မြင့်မြတ်တဲ့ အထက်တန်းစားအဖြစ်သို့ ရောက်သွားရတာကို ကြည့်ကြပေတော့။

ရှေးကံအလိုက် ခံစားထိုက်တဲ့အကြောင်း ရှိပေတဲ့ ဉာဏ်ဝီရိယကို ပယ်ချ အစမှ သက် သက် မကောင်းတဲ့ ဘက်ကို အလိုက်မှားသွားတဲ့ "ဓနသေဋ္ဌိ-သူဌေးသား"ကို ကြည့်ပြီးတော့- ကံကိုချည်းသက်သက်မချဘဲ ဉာဏ်-ဝီရိယပါ တွဲယူကြိုးကုတ် အားထုတ်သင့်ကြောင်းကို လမ်းကြောင်းပြပြီး ဟောခဲ့တဲ့ဒေသနာတော်ကို စဉ်းစားကြပေတော့။

ဓနသေဋ္ဌိ သူဌေးသားရဲ့ ဇာတ်ထုပ်ကို အကျဉ်းချုပ် ပြရသေးတာပေါ့။ သက်တော်ထင်ရှား ဂေါတမရှင်တော်ဘုရားသည် ဣသိပတန နာမ ပြန့်ခြုံ မိဂဒါဝုန် မြိုင်တွင်း၌ သီတင်းသုံးတော်မူစဉ် အခါကာလက ဗာရာဏသီပြည်ဖွား ဓနသေဋ္ဌိ-သူဌေးသားသည် သုရာသေရက်စား အရက်သမားတို့က မြှောက်စားပင့်ကာ အလိုပါအောင် ဆွဲကြတော့ အမြော်အမြင်မရှိ ဉာဏ်ယှဉ်ပြီး မကြည့်ဘဲတတ်လေတော့ အလိုတူတဲ့ အရက်သမားတွေနှင့် သောက်စားပျော်ရှင် ဆင်ခြင်မရှိ ပြုမိပြုရာ များစွာရမ်းကား မော်ဝါကြွားလျက် စိတ်ထားမတတ် သဘင်ဇာတ်အမျိုးစုံတို့ကို အဖုံဖုံခင်းကျင်းပြ ဆုနေများစွာကမ်း ထင်သလောက်ရမ်းလိုက်ရာ များမကြာမီ စည်းစိမ်ပြုက်ပြီး အဝတ်စုတ်-အိမ်ဗလာနှင့် ခွက်ဆွဲကာ လှည့်လည်သွားလို့မှ စားကြွင်းစား ဖြစ်ရပါသတဲ့။

တနေ့သောအခါမှာ တခုသောဇရပ်ဝ၌ သာမဏေငယ်တို့က ပေးကမ်းတဲ့စားကြွင်း ထမင်းများကို ခံလင့်ယူငင်နေတာကို မြတ်စွာဘုရား မြင်တော်မူတော့ ပြုံးတော်မူသည့်အတွက် ညီတော်အာနန္ဒာ လျှောက်ထားချက်အရ မြတ်စွာဘုရား မိန့်ကြားတော်မူသည်မှာ ချစ်သားအာနန္ဒာ ဤသူသည်ကား ဤဗာရာဏသီမြို့ကြီး၌ ကုဋေရှစ်ဆယ်ကြွယ်ဝတဲ့ မဟာဓနသေဋ္ဌီသူဌေးသား ဖြစ်ပေတယ်။ များစွာပေါကြွယ်တဲ့ ကုဋေရှစ်ဆယ်သော ဥစ္စာတို့ကို ကုန်ခန်းအောင်ဖြုန်းတီးပြီးတော့ လက်၌အမြဲ ခွက်ကိုင်စွဲလျက် မြို့ထဲမြို့ပြင် ထွက်ဝင်လူးလာ တောင်းရမ်းကာ စားသောက်ပြီးနေရတာကို သင်ချစ်သား မြင်ရဲ့လား၊အကယ်၍ ဤသူသည် ပထမအရွယ်က စည်းစိမ်ဥစ္စာတို့ကို မကုန်ခန်းစေဘဲ တိုးတက်အောင်ပြု အရင်စု၍ ကြီးပွားမှုကိုအားထုတ်ပါက ဤဗာရာဏသီမြို့ကြီး၌ အတက်တန်းစား သူဌေးကြီးဖြစ်နိုင်တယ်။ အကယ်၍ ပထမအရွယ်ကဘဲ လူတို့ဘောင်က လွတ်အောင်ရှန်းထွက်၍ ရဟန်းအဖြစ်သို့ တက်ခဲ့ပါမူကား အရဟတ္တဖိုလ်သို့ ရောက်နိုင်ပေတယ်။

ပထမအရွယ်က သတိမရ ဒုတိယအရွယ် ကျမှဘဲ အမြော်အမြင်စိတ်သက်၍ တိုးတက်အောင် အားထုတ်ပြန်ရင်လဲ ဒုတိယတန်းစား သူဌေးဖြစ်နိုင်တဲ့အပြင် ရဟန်းပြုပြန်ရင်တော့ အနာဂါမိဖိုလ်တော့ရောက်သေးရဲ့။

တဖန် မဇ္ဈိမ အရွယ် ကလဲ သတိမရ တတိယ အရွယ် ကျမှဘဲ ဥစ္စာကို တိုးတက်အောင် စီးပွားဘက်ကိုပြုလုပ်ပါက တတိယတန်းစား သူဌေးတော့ ဖြစ်နိုင်သေးရဲ့။ရဟန်းပြုပြန်ရင်လဲ သကဒါဂါမိဖိုလ်ကိုတော့ ရောက်နိုင်သေးတယ်။ ယခုမှာတော့ ဥစ္စာလည်းတဝ ရဟန်းဘဝလည်းတသွေ ကျိုးနှစ်ထွေကင်းပျောက်၍ ရေခန်းခြောက်သည့် ညွန်အိုင်ဗွက်၌ ကြိုးကြာငှက်မှိုင်ပုံနည်းကဲ့သို့ မှိုင်ခြင်းကြီး မှိုင်ရလေပြီ ဟူ၍ ဟောကြားတော်မူလိုသောကြောင့်....

အစရိတွာ ဗြဟ္မစရိယံ၊
အလဒ္ဓါ ယောဗ္ဗနေ ဓနံ။
ဇိဏ္ဏကောဉ္စာဝ ဈာယန္တိ၊
ခီဏမစ္ဆေဝ ပလ္လလေ။

ယောဗ္ဗနေ၊ပြည့်ဖြိုးစည်းစိမ် အချိန်ရှိတုန်းက။ ဗြဟ္မစရိယံ၊မြှော်မြင်ပေတတ် သူတော်မြတ်တို့အကျင့်ကို။ အစရိတွာ၊အားယူအသင့် မကျင့်မူ၍။ ဓနံ၊ပစ္စည်းဥစ္စာ ရတနာကို။ အလဒ္ဓါ၊လက်ဆုပ်လက်ကိုင် မပိုင်ဆိုင်ရလေသောကြောင့်။ ခီဏမစ္ဆေ၊အကြွင်းပဲ့သို့ ကုန်ပြီးသော ငါးရှိသော။ ပလ္လလေ၊ညွန်အိုင် ညွန်ဗွက် ညွန်၏ အထက်၌။ ဇိဏ္ဏကောဉ္စာ၊ အတောင်ကျိုးပျက်ကြိုးကြာငှက်အိုကြီးတို့သည်။ ဈာယန္တိဣဝ၊သောကပွေလိုင် ကြံမှိုင်ရလေကုန်သကဲ့သို့။ ဈာယန္တိ၊ စိတ်လက်မခိုင် ကြံမှိုင်ရလေကုန်၏။

ဤကဲ့သို့ မြတ်ဘုရားသည် ညီတော်အာနန္ဒာအား ရှေးဘဝကပြုလုပ်ခဲ့တဲ့ ကံဟောင်းကံထုပ် ပါခဲ့သော်လဲ ဉာဏ်ဝီရိယ ချို့တဲ့သဖြင့် အကျိုးမဲ့အကျိုးယုတ် ပျက်ပြားဆုတ်ယုတ်ရတဲ့အကြောင်းကို ဟောကြားပြသတော်မူပါတယ်။

ဤသာဓက စကား မနသေဋ္ဌိဇာတ်သွား၌ ရှေးကံဟုန် ပစ်ချ၍ အကျိုးဖလအာနိသင်တို့ကို မျက်မှောက်တွင် ခံစားသင့်သော်လဲ ဉာဏ်ကိုလက်လွှတ် ဝီရိယချတ်ထဲ့အတွက် ငတ်မွတ်ခေါင်းပါး အောက်တန်းစားပိတ်ဆုံး အမျိုးမျိုးရှုံးရတာကို ထောက်ထားဆင်ခြင်ကြပြီးလျှင် ဉာဏ်ဝီရိယ ဖေးကူမက မုချကြွခိုင် ယိမ်းယိုင်မရှိ တိုးတက်ဘိ၍ အတိုင်းမသိကျေးဇူး အထူးထူးသောဂုဏ် အဖုံဖုံသောဇာတ် အရပ်ရပ်သော ကန်ခိုးတို့ကို အမျိုးမျိုးခံစားနိုင်ကြပါသဖြင့် များစွာဒုက္ခ သံသရာ၌ နိဗ္ဗာန်ဉာဏ်အဘန်ဘန်ထင်စေလျက် ကိုယ့်အတွက်ကိုယ့်အကျိုးကို အမျိုးမျိုးရအောင်ကုတ်၍ အားထုတ်လိုက်ကြလို့ တိုက်တွန်းခဲ့ရပါသတည်း။

ကံ, ဉာဏ်, ဝီရိယ တိကမ္မကထာ ပြီး ပြီ။

## နမော နံရဝရဿ ဇေယျတု
## (၅၉) ပဝါရဏာဝနိသံသ ကထာ

အတ္တဟိတပ္ပဋိပ္ပန္နော၊
ပရဟိတာယ ပုဂ္ဂလော။
ပုဂ္ဂလာနံ စတုန္နဉ္စ၊
ပါမောက္ခေ ဥတ္တမော စ ယော။

ယောပုဂ္ဂလော၊ ရွှေနောက်မြော်မြင် ပညာရှင်ဖြစ်သော အကြင်ပုဂ္ဂိုလ်သည်။ အတ္တဟိတပ္ပဋိပ္ပန္နောစ၊ လောကသံသရာနှစ်ဖြာမျှော်ကိုး မိမိအကျိုးငှာလည်း အားထုတ် ဆောင်ရွက်၏။ ပရဟိတာယ၊ မိမိမှတပါး အခြားထိုထို ခပ်သိမ်းသောပုဂ္ဂိုလ်တို့၏အကျိုးစီးပွားအလို့ငှာ။ပဋိပ္ပန္နောစ၊ မတွက်မချက် မာန်မတက်ဘဲ ဆောင်ရွက်ကျင့်ကြံသည်လည်း။ ဟောတိ၊ ဖြစ်၏။သောပုဂ္ဂလော၊ပညာဉာဏ်ရှိ ကဝိထိုထို ခပ်သိမ်းသောပုဂ္ဂိုလ်သည်။ စတုန္နံပုဂ္ဂလာနံ၊ ဘုရားရှင်ခွဲဝေမှတ်သည့် လေးရပ်သောပုဂ္ဂိုလ်မျိုးတို့တွင်။ ပါမောက္ခောစ၊အချုပ်ခေါင်စွဲ အကြီးအကဲသည်သည်း။ ဟောတိ၊ဖြစ်၏။ ဥတ္တမောစ၊ ဒေါက်တန်းမကျ ပွန်မြတ်လှသည်လည်း။ ဟောတိ၊ ဖြစ်ရလေ၏။

ဤဒေသနာ၏အဓိပ္ပါယ်ကတော့....

(၁) မိမိအကျိုးစီးပွားအတွက်သာလျှင် ကျင့်ကြံ၍ သူတပါးတို့အတွက် မငဲ့ကွက်ဘဲ့ပုဂ္ဂိုလ်။

(၂) သူတပါးအကျိုးစီးပွားကိုသာ ပြုလုပ်ပြီး မိမိအတွက် မကျင့်ကြံတဲ့ ပုဂ္ဂိုလ်။

(၃) နှစ်ပါးလုံးတို့၏အတွက်ကိုပင် မကျင့်ကြံတဲ့ပုဂ္ဂိုလ်။

(၄) မိမိအတွက်နှင့်တကွ သူတပါးတို့၏အကျိုးစီးပွား နှစ်ပါးလုံးအတွက် ကျင့်ကြံအားထုတ်တဲ့ပုဂ္ဂိုလ်ဟူ၍

ပုဂ္ဂိုလ်လေးမျိုးရှိတဲ့အနက်....

နောက်ဆုံးဖြစ်တဲ့ အတ္တ - ပရ-နှစ်ဝသောအကျိုးစီးပွားကို ကျင့်ကြံတဲ့ ပုဂ္ဂိုလ်ကိုသာ အမြတ်ဆုံး အကြီးအမှူးဖြစ်ကြောင်းကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါတယ်။

ယခုဟောခဲ့တဲ့အတိုင်း ပုဂ္ဂိုလ်လေးမျိုးကို ဝေဘန်ပိုင်းခြားပြီးတဲ့နောက် ယနေ့ယခု ပဝါရဏာကံဆောင်တော်မူကြတဲ့ သံဃာတော်အပေါင်းတို့အား ညီညွတ်စွာ စည်းဝေး မိအောင် ပင့်ဆောင်ကြပြီး သကာလ ပဝါရဏာ ကံကြီး ပြီးမြောက်အောင် လှူဒါန်း ထောက်ပံ့ကြတဲ့ ဒကာ-ဒကာမတွေကို ဘယ်ပုဂ္ဂိုလ်မျိုးထဲ သွင်းကောက်ပြီး ယူရမှာလဲလို့ မေးဘွယ်ရှိပေတယ်။ နောက်ဆုံးဖြစ်ဘဲ့ မိမိအကျိုး သူတပါးအကျိုး နှစ်ပါးစလုံးအတွက် ကျင့်ကြံအားထုတ်တဲ့ ပုဂ္ဂိုလ်မျိုးထဲကို သွင်းကောက်ပြီး ယူကြရလိမ့်မယ်။ထင်ရှားအောင် ပြရသေးတာပေါ့။

ပဝါရဏာကံဆောင်ကိစ္စမှာ ထောက်ပံ့တဲ့ကုသိုလ်အတွက် အတ္တ-ပရ နှစ်ဝအကျိုးရှိကြောင်းကို ဟောရင်း-ပြောရင်း တဖြေးဖြေးပေါ်လွှင်ထင်ရှားပါလိမ့်မယ်။ ဗုဒ္ဓရှင်တော်မြတ်ဘုရားပင်လျှင် ကိုယ်ကျိုးသက်သက်ကိုသာ ကြည့်တော်မမူဘဲ ဗဟုဇနသုခဆိုဘဲ့ တလောကလုံးရဲ့ ချမ်းသာဘို့အကျိုးကို အများဆုံးကြည့်တော်မူ ကျင့်တော်မူခဲ့ပါတယ်။

ရှင်တော်မြတ်ဘုရားရဲ့ ကျင့်တော်မူစဉ်ကို ကြည့်ကြစမ်း၊မိမိအကျိုးထက် သူတပါး အကျိုးရှိဘို့အတွက် ကျင့်တော်မူရတာက သာလွန်ပြီးအားကြီးတော်မူပါတယ်။ ဘယ်ကြောင့်ပါလဲဆိုတော့ စရိယ သုံးပါးရှိတဲ့အနက် ကိုယ့်အတွက် ကိုယ့်အကျိုးဘက်ကတော့ "ဗုဒ္ဓတ္ထစရိယ" တပါးသာဖြစ်ပါတယ်။ "ဉာတတ္ထစရိယ-လောကတ္ထစရိယ" နှစ်ပါးကတော့ သူတပါးအတွက်ချည်းသာ ဖြစ်ပါတယ်။ တာကြောင့် ဗုဒ္ဓရှင်တော်ဘုရားဟာ မိမိအကျိုးထက် တလောကသုံးအကျိုးရှိဘို့ကို ပိုပြီးလိုလားတော်မူကြောင်း သိရပါတယ်။

ကော မေ အညာတဝေသေန၊
ဓမ္မံ သစ္ဆိကတေနိဓ။
သဗ္ဗညုတံ ပါပုဏိတွာ။
သန္တာရေဿံ သဒေဝကေ။

မေ-မယာ၊ငါသည်။ ဣဓ၊ သုမေဓာဘုန်းတော့ ရသေ့ဘဝ ဤကာလက။အညာတဝေသေန၊သူတပါးအတွက်မငဲ့ကွက်ဘဲ မိမိသက်သက် အကျိုးရှိသောအသွင်ဖြင့်။ ဓမ္မံ၊နိဗ္ဗာန်လမ်းပေါက် သွားရောက်နိုင်ငြား မြတ်တရားကို။ သစ္ဆိကတေန၊ လက်ရောက်မြင်ရှု မျက်မှောက်ပြုသဖြင့်။ ကိံ၊ ဘာ

အကျိုးရှိလိမ့်မည်နည်း။ သဗ္ဗညုတ၊သဗ္ဗညုတ ဉာဏ်တော်ရသည့် ဗုဒ္ဓစင်စစ် ဘုရားအဖြစ်သို့။ပါပုဏ္ဏိတ္တာ၊ရောက်၍။သဒေဝကေ၊နတ်နှင့်လူကုန် အလုံးစုံ တို့ကို။ သန္တာရေဿံ၊ ငါနှင့်တမူ ဆောင်တဲ့ယူ၍ နိဗ္ဗူကမ်းရောက် စခန်း ပေါက်အောင် ကူးမြောက်ဆောင်ကြဉ်းပေတော့အံ့။

ရှင်တော်မြတ် အလောင်းတော်ကြီး ကြုံးဝါးတော်မူတဲ့စကားကို ကြည့်ကြစမ်း၊ မိမိတယောက်အတွက် သံသရာဇာတ်သိမ်းပြီး မီးငြိမ်းဘို့ကိစ္စ ဆိုရင်တော့ သုမေဓာရသေ့ဘဝကပင် ကိစ္စပြီး စိမ်နိုင်ပါတယ်။ မိမိအကျိုး သက် သူတပါးအကျိုးရှိဘို့ကို ပိုပြီး လိုလားတော်မူကြောင်း သိမှတ်ကြရ တာပေါ့။

ယခုဟောပြခဲ့တဲ့စကားဖြင့် ဘာကိုအဓိကထားပြီး ပြောလိုပါသလဲ ဆိုတော့ ကိုယ့်အတွက်-သူ့အတွက် နှစ်ဘက်လုံးအကျိုးရှိအောင် ကျင့်ကြံ နိုင်ဘို့ကို အဓိကထားပြီး သတိပေးလိုပါတယ်။ တလောကလုံးကတော့ များသောအားဖြင့် ကိုယ်ရေးကိုယ်တာ ကိုယ့်ကိုယ်အတွက်သာ ကြည့်ကြ တာ များပေတယ်။သို့အတွက် နှစ်ဦး-နှစ်ဝ အကျိုးရှိကြောင်းတရားကိုသာ ကိုးစားပြီးအားထုတ်ကြဘို့ တိုက်တွန်းသောအားဖြင့် စတည်ပြီးဟောခဲ့တဲ့ ပုဂ္ဂိုလ်လေးမျိုးထဲမှာ အတ္တ-ပရ နှစ်ဝအကျိုးရောက်တဲ့ လေးခုမြောက် ပုဂ္ဂိုလ်ကို ရှင်တော်မြတ်ချီးမွမ်းတော်မူကြောင်း ညွှန်ပြရပါတယ်။

ယနေ့-ပဝါရဏာကံကြီး ပြီးစီးအောင်အားထုတ်တဲ့ပုဂ္ဂိုလ်တွေဟာ အတ္တဟိတ-ပရဟိတ နှစ်ခုနှစ်မျိုး အကျိုးပျိုအောင် အားထုတ်တဲ့ ကုသိုလ် ရှင်တွေဘဲလို့ ညွှန်ပြခဲ့တဲ့ တရားအစဉ်ကို ပေါ်လွင်အောင် ပြလိုပါသေး တယ်။

အစိန္တေယျ ဂုဏ်ပေါင်းခသည့် အနန္တဂုဏ်အင် သဗ္ဗညုဘုရားရှင် သည် သာဝတ္ထိပြည် ဇေတဝန်မဟာဝိဟာရ၌ မျှတရှင်ပြီး သီးတင်းသုံး နေထိုင်တော်မူစဉ်အခါက ကောသလတိုင်းအပါ တခုသော ဇနပုဒ်ရွာ၌ ဝါကပ်တော် မူကြကုန်သော ရဟန်းတော် အများတို့သည် အချင်းချင်း တပါးသည် တပါးအား စကားပြောဆိုခြင်းမရှိ၊ အဆုံးအမ ဩဝါဒကို ပေးခြင်းမရှိ၊ ဩဝါဒအနုသာသနကို ခံယူခြင်းမရှိမူ၍ ကိုယ့်အမှုအရာ-လက်အမှုအရာဖြင့်သာ လှုပ်ရှားပြသလျက် ခပ်သိမ်းသော အမှုကိစ္စတို့ကို ပြီးစေကြပြီးလျှင် စကားပြောဆိုခြင်းမရှိ၊ အ,သော သူတို့ကဲ့သို့ ကျင့်ကြံ နေထိုင်ကြပြီးလျှင် ဝါလကျွတ်တော်မူကြစေကုန်၏။

ခေတ်—၃၅

ဤသို့သောအကျင့်ဖြင့် သီတင်းဝါလကျွတ်၍ မြတ်စွာဘုရားအား ဖူးမျှော်ကန်တော့ကြအံ့သောငှာ ဘုရားအထံတော်သို့ ချဉ်းကပ်ကြသော ကာလ ဘုရားရှင်တို့၏ဓမ္မတာ ဝမ်းမြောက်ဝမ်းသာ နှုတ်ခွန်းဆက်စကား ပြောကြားမေးမြန်းတော်မူလိုသည်ဖြစ်၍ "ချစ်သားတို့....ကျန်းကျန်းမာမာ ချမ်းသာစွာဖြင့် ဝမ်းမြောက်ဝမ်းသာ နေရပါကုန်သလော၊ ဆွမ်း၊ ကွမ်း၊ စသည်တို့ဖြင့် ပြည့်စုံပါ၏လော၊ အညီအညွတ် သင့်တင့်စွာ နေထိုင်ရပါကုန်သလော" ဟု မေးမြန်းတော်မူလိုက်တယ်။

ထိုအခါကာလ ကျန်းမာ ချမ်းသာစွာဖြင့် သင့်တင့်စွာ နေထိုင်ရကြောင်းကို လျှောက်ထားကြသောအခါ "ချစ်သားတို့....အဘယ်သို့လျှင် ဝမ်းမြောက်ဝမ်းသာ ချမ်းသာစွာနေထိုင်ခဲ့ကြပါသလဲ" လို့ သိလျက်နှင့်ပင် အကြောင်း တင် ပြီး ပေါ် လွင်အောင် မေး တော်မူ လိုက် ပြန် တယ် တဲ့။ အဲတာလို မေးတော်မူ လိုက်တော့ မိမိတို့ နေထိုင်ခဲ့ပုံ အခြင်းအရာ များကို အကျယ်တဝင့် လျှောက်ထားကြသောအခါကာလ-

အဖာသုညေဝ ကိရိမေ ဘိက္ခဝေ မောဃပုရိသာ ဝုတ္ထာ

သမာနာ ဖာသုကမှာ ဝုတ္ထာတိ ပဋိဇာနန္တိ။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ဣမေမောဃ ပုရိသာ၊ မဂ်-ဖိုလ်မရ အချည်းနှီးမျှသာဖြစ်ကုန်သော ဤယောကျ်ားတို့သည်။ အဖာသုညေဝ၊ မရွှင်မလန်း မချမ်း သာ သော နေရခြင်းဖြင့် သာလျှင်။ ဝုတ္ထာသမာနာ၊ နေရကုန်သည်ဖြစ်ပါလျက်။ ဖာသုကံ၊ ဝမ်းမြောက်ဝမ်းသာ ချမ်းသာစွာ။ ဝုတ္ထာ၊ နေရကုန်သည်။ အမှာဣတိ၊ ဖြစ်ပါကုန်၏ဟူ၍။ ပဋိဇာနန္တိကိရ၊ ဝန်ခံကြကုန်သတတ်။

"ချစ်သားတို့-သင်တို့နေထိုင်ခဲ့ကြပုံ အမူအရာမျိုးဟာ နွားတို့တမူ ရန်သူအချင်းချင်း ပေါင်းသင်း ဆက် ဆံ ကြ ဘိ သကဲ့သို့ အ-သေသူတို့၏ အကျင့်၊ တိတ္ထိတို့၏ ဆောက်တည်ခြင်းမျိုး ဖြစ်သဖြင့် မရွှင်မလန်း မချမ်း မသာ နေထိုင်ရတာမျိုးဖြစ်ပါလျက် ချမ်းသာစွာနေထိုင်ရပါတယ်ဘုရား" လို့ အဘယ်ကြောင့် ဝန်ခံကြပါသလဲလို့ အမိန့်တော်ရှိပြီးသည်နောက်....

န ဘိက္ခဝေ မူဂဗ္ဗတံ တိတ္ထိယ သမာဒါနံ သမာဒိယိတဗ္ဗံ၊ ယော သမာဒိယေယျ၊ အာပတ္တိ ဒုက္ကဋဿ။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ မူဂဗ္ဗတံ၊ အ-သောသူတို့၏ အကျင့်ဖြစ်သော။ တိတ္ထိယသမာဒါနံ၊ သာသနာပ အညအယူ မိစ္ဆာ လူမျိုးတို့၏ ဆောက်တည်ခြင်းမျိုးကို။ နသမာဒိယိတဗ္ဗံ၊ မဆောက်တည်အပ်။ ယော၊ အကြင်ရဟန်းသည်။ သမာဒိယေယျ၊ ဆောက်တည်ငြားအံ့၊ အာပတ္တိ-ဒုက္ကဋဿ၊ ဒုက္ကဋ်အာပတ်သင့်သည်။ ဟောတိ၊ ဖြစ်၏။

အဲတာလို အပြစ်အာပတ်ဖြင့် နှိပ်ကွပ်ခြင်းပြုတော်မူပြီးလျှင်-

အနုဇာနာမိ ဘိက္ခဝေ ဝဿံဝုဋ္ဌာနံ ဘိက္ခူနံ တီဟိ ဌာနေဟိ ပဝါရေတုံ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဝဿံဝုဋ္ဌာနံ၊ ဝါမှထကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့အား။ ဒိဋ္ဌေနဝါ၊ မြင်သဖြင့်ရင်း။ သုတေနဝါ၊ ကြားသဖြင့်ရင်း။ ပရိသင်္ကာယဝါ၊ ရှံရှာသဖြင့်ရင်း။ တီဟိ၊ သုံးပါးကုန်သော။ ဌာနေဟိ၊ အကြောင်းတို့ဖြင့်။ ပဝါရေတုံ၊ ဖိတ်ကြားခြင်းငှာ။ အနုဇာနာမိ၊ ငါဘုရား ခွင့်ပြုတော်မူ၏။

ဤကဲ့သို့ ဝဿံဝုဋ္ဌ ဝါမှထ၍ သီတင်းဝါလကျွတ်တော်မူကုန်သော ရဟန်းတော်အများတို့အား မြင်ခြင်း-ကြားခြင်း-ရှံရှာခြင်း သုံးပါးတို့ဖြင့် တပါးသည် တပါးအား လျှောက်ထားဖိတ်ကြားသောအားဖြင့် ပဝါရဏာ အမှုကို ပြုလုပ်ကြစေဟူ၍ မိန့် ခြွေ အာ လုပ် ဂမုဘ် ရွှေကြာ ဒေသနာဖြင့် အာဏာထားတော်မူခဲ့ပါတယ်။

ဤကဲ့သို့ အာဏာစက်မြတ်ကို နှင်းအပ်တော်မူခြင်းမှာလဲ ရဟန်းတော် အပေါင်းတို့အား သုံးပါးသော်အကျိုးကို မြင်မျှော်၍ မိန့်တော်မူခြင်း ဖြစ်ပါတယ်။ ထို့ကြောင့်-

သာ ဘဝိဿတိ အညမညာနုလောမတာ အာပတ္တိဝုဋ္ဌာနတာ ဝိနယပုရေက္ခာရတာ။

ဟူ၍ မိန့်တော်မူပါတယ်။

သာ၊ထိုတပါးသည် တပါးအား ဖိတ်ကြားသမှု ပဝါရဏာပြုခြင်း အမှုသည်။ အညမညာနုလောမတာ၊ အချင်းချင်းလျှောက်ပတ်၍ သင့်မြတ်သော အ ဖြစ် သည် ရင်း။ အာပတ္တိဝုဋ္ဌာနတာ၊ အာပတ်မှ လျင်စွာထ၍

အပြစ်ကင်းစင်ကြသော အဖြစ်သည်ငှါ။ ဝိနယပုရေက္ခာရတာ၊ ဝိနည်းကို ရှေ့ဆောင်ထား၍ လေးစားသောအဖြစ်သည်ငှါ။ ဘဝိဿတိ၊ ကေန်စင်စစ် ဖြစ်ပေလိမ့်သတည်း။

အဲတာလို သုံးပါးသောအကျိုးကို ရည်စူးလျက် ကြည်နူးစွာ ခွင့်ပြုတော်မူခြင်း ဖြစ်ပါတယ်။ ပာရာဇိကံ ဆောင်ရွက်ကြတဲ့အတွက် ရဟန်းတော်များမှာ ဘယ်လိုအကျိုးသုံးပါးကို ရပါသလဲဆိုတော့-

(၁) အညမညာနုလောမတာ - ဆိုတာက ပထမ အကျိုးတပါး ဖြစ်တယ်။ အဓိပ္ပါယ်ကတော့ အချင်းချင်း ဒိဋ္ဌ-သုတ-ပရိသင်္ကိတ သုံးပါးစည်းကမ်းထားပြီးတော့ တပည့်တော်များအပေါ်မှာမတော်တာမြင်ရင်လဲ ဆုံးမပါ၊ မတော်တာကြားရင်လဲ ဆုံးမပါ၊ ယုံမှားသံသယရှိရင်လဲ ဆုံးမ ဩဝါဒပေးတော်မူကြပါလို့ ဖိတ်ကြားလိုက်တော့ကာ တဦးနဲ့တဦး ဆန့်ကျင်ဘက်မဖြစ်နိုင်ကြဘူး၊ မုန်းထားရန်ငြိုး မရှိနိုင်ကြဘူး၊ စိတ်ဝမ်းကွဲပြားဘို့ မဖြစ်နိုင်ကြဘူး၊ ဝမ်းမြောက်ဝမ်းသာ ကြည်သာရွှင်ပျ ပေါင်းသင်းကြ ဆက်ဆံကြရတော့ အထူးသဖြင့် ဗုဒ္ဓရှင်တော်မြတ် လိုလားတော်မူတဲ့ သံဃ သာမဂ္ဂီ ပုဒ်မကို မှုချရပြီးတော့ အချမ်းသာကြီး ချမ်းသာသွားကြရတာပေါ့။ အဲဒါက ပထမရတဲ့ အကျိုးပါဘဲ။

(၂) ဒုတိယအကျိုးကတော့-"အာပတ္တိဝုဋ္ဌာနတာ"ဆိုတဲ့အကျိုးပေါ့။ အဓိပ္ပါယ်က အပြစ်အာပတ်မစင်လို့ အညစ်အကြေး တင်တဲ့အခါမှာ အချင်းချင်း လိုက်လျောညီညွတ်စွာနေထိုင်ကြတဲ့အတိုင်း ဒေသနာကံ ဝုဋ္ဌာနကံ တို့ဖြင့် သင့်သလို ဝေဘန်ရှုဆပြီး ကုသပေးလိုက်ကြတော့ အပြစ်ကင်းစင်ပြီး သစ်လွင်သောရဟန်းအဖြစ်သို့ရောက်ခြင်းအကျိုးကိုရပါတယ်။ ဥပမာဆိုရင် ဆရာသမားကောင်း အပေါင်းအသင်းရှိတော့ ရောဂါပျောက်ကင်းလွယ်တာမျိုးပေါ့။ အဲတာက ဒုတိယအကျိုးပါဘဲ။

(၃) တတိယအကျိုးက "ဝိနယပုရေက္ခာရတာ"ဆိုတဲ့ အကျိုးပေါ့။ အဓိပ္ပါယ်က ရှင်တော်မြတ်ဘုရား ညွှန်ကြားသတ်မှတ်တဲ့ ပညတ်တော် မူချက်ကို ဦးတည်ကာရှေ့ဆောင်ပြီး ကောင်းအောင်နေထိုင်ကျင့်ကြံကြလိမ့်မယ်တဲ့။အချင်းချင်းဆုံးမဘို့ ဩဝါဒပေးဘို့ ပန်ကြားတာဖြစ်တော့ မတော်တာကို မလုပ်မိအောင် သတိဆောင်ပြီးတော့ တပါးတပါးကို

ငှဲကွက် ပညတ်တော်မူတဲ့ဘက်က ကျော်မထွက်အောင် နေကြတော့မှာပေါ့။ ဝိနည်းကိုရှေ့ဆောင်ထားပြီး ကျင့်ကြံသွားတဲ့အတွက် သုပ္ပဋိပန္နဂုဏ်တက်ပြီး အဆက်ဆက်သော အကျင့်တရား တို့ကြောင့် နိဗ္ဗာန် တိုင်အောင် သွားနိုင်တဲ့အကျိုးတရားကို ခံစားရနိုင်ပါတယ်။

ယခုဟောခဲ့တဲ့ သုံးပါးသော အကျိုးကို ရဟန်းတော်များ ရကြရအောင် ပဝါရဏာကံကို ဆောင်တော်မူကြရတယ်။ ပဝါရဏာ ကံကြီးပြီးစီးအောင်မြင်အောင် လိုတဲ့ဘက်က ဖြည့်စွက်ပြီးသကာလ ထောက်ပံ့ကြတဲ့ ဒါယကာ များ၏ ခံစားသင့်တဲ့ အကျိုးကို တမျိုး ညွှန်ပြရသေးတာပေါ့။

ကမ္မသရိက္ခကဝိပါကဝသေန ကမ္မနိယာမော ဟောတိ။

ကမ္မသရိက္ခ ကဝိပါကဝသေန၊ ပြုလုပ်အားထုတ်တဲ့ ကံနှင့်တူစွာ အကျိုး ပေးသည့် အစွမ်းအားဖြင့်။ ကမ္မနိယာမော၊ ကမ္မနိယာမသည်။ ဟောတိ၊ဖြစ်၏။

ဒေသနာတော်လာရှိသည့်အတိုင်း အကြောင်းကံနှင့်တူစွာ အကျိုးပေးတတ်တဲ့ ကမ္မနိယာမသဘော ရှိပါသောကြောင့် မိမိတို့ ထောက်ပံ့တဲ့ အနုဂ္ဂဟစေတနာအတွက် ရဟန်းတော်များမှာ သုံးဖြာသောအကျိုးကို ခံစားရသလို ဒါယကာများမှာလဲ သုံးပါးသောအကျိုးဖလကို မုချပင်ခံစားဘို့ရှိပါတယ်။ညွှန်ပြရသေးတာပေါ့။

(၁) ရဟန်းတော်များရတဲ့ အကျိုးနဲ့တူစွာ ဒါယကာများမှာလဲ အနုဂ္ဂဟစေတနာကြောင့် နေသမျှဒေသ ဖြစ်သမျှဌာနဌ် ခြွေရံသင်းပင်း လူတသင်းနှင့် ဆန့်ကျင်ခြင်းမရှိမူ၍ ညီညွတ်စည်းလုံးစွာ ဘေးဘယာရန်ကင်းလျက် ချစ်တင်းနှီးနှော သဘောကြည်သာ ဝမ်းမြောက်စွာနေထိုင်ရခြင်းအကျိုးကို ရစေတတ်ပါတယ်။

(၂) ရဟန်းတော်များရတဲ့ ဒုတိယအကျိုးနှင့်တူစွာ ဒါယကာအများတို့မှာ အနုဂ္ဂဟစေတနာကြောင့် ကြမ္မာဝိပါက်ဝင်စွက်မွှေနှောက်ပြီး ဘေးရောက်တွေ့ဆုံ၍ အကြောင်းကြုံတဲ့အခါမျိုးမှာ ကူညီမစ ကလျာဏမိတ်အပေါင်း တို့က အကြောင်း အားလျော်စွာ ဝန်းဝိုင်း စောင့်ရှောက်ကြပြီးတော့ ဘေးကင်းရန်ကွာ၍ အရာရာမှာ သန့်ရှင်းပြီး ချမ်းသာခြင်းအကျို ကို ရစေတတ်ပါတယ်။

(၃) ရဟန်းတော်များရတဲ့ တတိယ အကျိုးနှင့်တူစွာ အနုဂ္ဂဟ ကုသိုလ်ရှင်တို့မှာ အားထုတ်တဲ့ကုသိုလ်စေတနာကြောင့် ရောက်ရာဘဝ နောင်ကာလတို့၌ သုစရိုက်ဆယ်ပါးနှင့် ပုညကြိယာတလီ ပါရမီကုသိုလ်ထဲ မှာသာ စိတ်စွဲကာ အားထုတ်ကြလျက် မယုတ်သောဒါန သီလနှင့်ဘာဝနာ ကောင်းတဲ့အရာမှာသာ စိတ်ဝင်စားပြီးတော့ တရားလက်ကိုင် အကျင့် ပိုင်တဲ့အတွက် နိဗ္ဗာန်တိုင်အောင် စခန်းပေါက်ပြီးတော့ ဝမ်းမြောက်ဘွယ် အကျိုးကို ခံစားရပါလိမ့်မယ်။

ယခု ဟောပြောခဲ့တဲ့တရားအစဉ်ကို ဆင်ခြင်ပြီးကြည့်ကြပေတော့၊ ရှင်တော်မြတ်ဘုရားမိန့်ကြားပညတ်တော်မူခဲ့တဲ့ပဝါရဏာကံကို ညီညွတ်စွာ ဆောင်တော်မူတဲ့ ရဟန်း သံဃာတော်များမှာ သုံးပါးသော အကျိုးကို ရအောင် ပင့်ဆောင်ထောက်ပံ့လှူဒါန်းကြတဲ့ ဒကာ, ဒကာမများရဲ့စေတနာ ဟာ "ပရဟိတစေတနာ"ဖြစ်တယ်လို့ အရကောက်ရမယ်။

ပရဟိတအနုဂ္ဂဟစေတနာကြောင့် ဒကာ,ဒကာမများ သန္တာန်မှာ ပြန်ပြီး ရကြမဲ့အကျိုးသုံးပါးက "အတ္တဟိတ"လို့ အရ ကောက်ရ မှာပေါ့။

ဤသို့ကဲ့ အတ္တဟိတ–ပရဟိတ အကျိုးနှစ်ဝစုံအောင် ကျင့်ဆောင် တတ်တဲ့ပုဂ္ဂိုလ်ကိုသာ မြတ်စွာဘုရားချီးမွမ်းတော်မူကြောင်း လမ်းကောင်း လမ်းမှန်ကို ငါတို့ အားထုတ်ရလေပြီ-ဟု ဝမ်းမြောက်ဝမ်းသာ သာဓု အနုမောဒနာပြုပြီး တရားတော်သိမ်းကြဦးစို့....။

(ပထမဂါထာ ပြန်ကောက် အနက်ပေး ဟောပြောကာ တရား သိမ်းလေ)။

ပဝရဏာနိသံသကထာ ပြီး၏။

## နမော ဘူရိပညဿ ဇေယျတု
## (၆၀) ဓမ္မသဝနကထာ

ဓမ္မပ္ပီတိ သုခံ သေတိ၊
ဝိပ္ပသန္နေန စေတသာ။
အရိယပ္ပဝေဒိတေ ဓမ္မေ၊
သဒါ ရမတိ ပဏ္ဍိတော။

ဓမ္မပ္ပီတိ၊ရသာမျိုးစုံ လွှမ်းကာခြုံသည့် ကိုးစုံသချာ တရားအရသာကို သောက်သောသူတော်ကောင်းသည်။ ဝိပ္ပသန္နေန၊ စိတ်ထားကြည်ရွှင်ပူပင်လွတ်ကင်း အထူးသဖြင့် သန့်ရှင်းစွာ ထသော။ စေတသာ၊ နှစ်ခြိုက်ရွှင်ပြုံး စိတ်နှလုံးဖြင့်။ သုခံ၊ချမ်းချမ်းသာသာ ကောင်းမွန်စွာ။ သေတိ၊ ဣရိယာပထ တူညီမျှ၍ စိတ်တိုင်းကျ နေရလေ၏။ အရိယပ္ပဝေဒိတေ၊ အရိယာအပေါင်း သူတော်ကောင်းတို့ လမ်းကြောင်းဖော်ပြ ဆုံးမဟောကြား အပ်သော။ ဓမ္မေ၊ မြတ်ထက်ဖြတ်ဖျား ဗောဓိပက္ခိယ တရား၌။ ပဏ္ဍိတော၊စိတ်ထားစင်ဖြူ ပညာရှိဖြစ်သောသူသည်။ သဒါ၊နေ့ရောညဥ့်ပါ အခါခပ်သိမ်း။ရမတိ၊ စိတ်ဝင်လေးစား အာရုံထား၍ ပျော်ပါးမွေ့လျော်ရ၏။

ယခုဟောပြခဲ့တဲ့ ဒေသနာတော်ရဲ့ အဓိပ္ပါယ်ကို အဘယ်သို့မှတ်သားရပါမလဲဆိုတော့ လောကသုံးဆိုင် ခရိုင်နယ်အတွင်း၌ နေ့မကင်းညမလာပ် အထပ်ထပ်တင်းမဘိမ်နိုင်ဘဲ မြိန်မြိန်ကြီး သုံးဆောင်စားသောက်ပြီး နေကြတဲ့ ခဲဘွယ် ဘောဇဉ် ချိုချဉ်အာဂုဂ ရှိသမျှများစွာ အမျိုးမျိုးသော အရသာတွေဆိုတာက ပဋ္ဋုပ္ပန်နှင့်သံသရာစခန်း နှစ်ဖြာသော ခရီးလမ်းမှာ ချမ်းစွာစည်းစိမ်ဘိုးပြီး ကောင်းကျိုးကို စင်စစ်ပေးနိုင်တာ မဟုတ်ပါဘူး။

ရပ္ပက်လောဘ စိတ်အာရုံတွယ်တာကြပလားဆိုရင် လေးဝသောအပါယ်ခွင်သို့ သက်ဝင်ဘိုတောင် ရှိပါသေးတယ်။ ပစ္စက္ခမျက်မှောက်အတွင်းမှာလဲ ကျန်းမာခြင်း အာရောဂျ အကျိုးကို အမျိုးမျိုး ပေးနိုင်ပါတယ်လို့ဆိုပေမဲ့ "အန္နံ၊ထမင်းကို။ ပါနံ၊ အဖျော်ကိုမူ။ ပသံသေယျ၊ချီးမွမ်းရာ၏။" အဲတာလို လောကနီတိဆရာမြတ် မိန့်မှာ်တော်မူခဲ့တဲ့အတိုင်း အစာ

မကျေ ရောဂါထွေမှုဖြင့် လူအနေကျဉ်းကြပ်ပြီး ခန္ဓာပြတ်ဘို့တောင် ဖြစ်နိုင်ပါသေးတယ်။

ထို့ကြောင့် လောကအားလုံး ပျက်မမုန်းနိုင်သဖြင့် လက်သုံးကြီးကေန်ဖြစ်ကြတဲ့ ခဲဘွယ်ဘောဇဉ် ချိုချဉ်အဝဝ ရှိသမျှမျှားစွာ အမျိုးမျိုးသော အရသာတို့ထက် တိုးတက်ကြီးမားလို့ အာနိသင်မျှားစွာတိုးပွားလှတဲ့ တရားအရသာ မြိုက်သုခကို ကောင်းစွာသောက်လိုက်ကြရမယ်တဲ့။

သည်နေရာမှာ တရားအရသာကို သောက်လိုက်ကြပါလို့ ဆိုတဲ့ သဘောက အဖျော်ယာဂု အမျိုးမျိုးသောအရသာစုကို သောက်ယူသုံးစွဲသကဲ့သို့ မမှတ်လိုက်ပါနှင့်တဲ့။ ရှင်တော်ဘုရား ဟောဖော်ကြားသည့် တရားတော်ကို နာယူမှတ်သားပြီး ကျင့်ကြံကြိုးကုတ် အားထုတ်ဆောင်ရွက်ကြပါလို့ ဆိုလိုပါတယ်။ အဲ-ဤကဲ့သို့ ရသာအချုပ် တရားတော်တည်းဟူသော သုခဘုတ်ကို အဟုတ်သုံးဆောင်သူတို့သန္တာန်မှာ နှစ်သက်စရာအဖုံဖုံ ပီတိအဟုန်လျှမ်းကာတောက်ပြီး ချမ်းသာခြင်းသို့ ရောက်နိုင်ပါတယ်တဲ့။

ဓမ္မပီတိ သုခံ သေတိ၊
ဝိပ္ပသန္နေန စေတသာ။

ဓမ္မပီတိ၊ ရသာမျိုးစုံ လွှမ်းကာခြုံသည့် ကိုးစုံသချာ တရားအရသာကို သောက်သော သူတော်ကောင်းသည်။ ဝိပ္ပသန္နေန၊ စိတ်ထားကြည်ရွှင်ပူပင်လွတ်ကင်း အထူးသဖြင့် သန့်ရှင်းစွာထသော။ စေတသာ၊ နှစ်ခြိုက်ရွှင်ပြုံး စိတ်နှလုံးဖြင့်။ သုခံ၊ ချမ်းချမ်းသာသာ ကောင်းမွန်စွာ။ သေတိ၊ ဣရိယာပထ တူညီမျှ၍ စိတ်တိုင်းကျနေရလေ၏။

ဒါတွင်မျှမကသေးပါဘူးတဲ့။ တရားတည်းဟူသော အရသာကို သောက်၍ ချမ်းသာခြင်းသို့ရောက်ကြသူတို့မှာ နိဗ္ဗာန်ပေါက် ဗောဓိပက္ခိယတရား၃၇ လေးစားစွာ အာရုံထားကြပြီး နိဗ္ဗာန်တိုင် သွားနိုင်ကြပါတယ်။ ထို့ကြောင့်-

အရိယပ္ပဝေဒိတေ ဓမ္မေ၊
သဒါ ရမတိ ပဏ္ဍိတော။

အရိယပ္ပဝေဒိတေ၊ အရိယာအပေါင်း သူတော်ကောင်းတို့ လမ်းကြောင်းဖော်ပြ ဆုံးမဟောကြားအပ်သော။ ဓမ္မေ၊ မြတ်ထက်မြတ်ဖျား ဗောဓိပက္ခိယတရား၌။ ပဏ္ဍိတော၊ စိတ်ထားစင်ဖြူ ပညာရှိဖြစ်သော

သူသည်။ သဒ္ဒါ၊ နေ့ရော-ညဉ့်ပါ အခါခပ်သိမ်း။ ရမတိ၊ စိတ်ဝင်လေးစား အာရုံထား၍ ပျော်ပါးမွေ့လျော်ရ၏။

ယခုဟောပြခဲ့တဲ့ ဒေသနာစကားအရ တရားအရသာကို သောက်ယူသုံးပြီး နှလုံး၌မြဲသည်ကို ထားလိုက်ပါဦးတော့၊ သောက်လိုသောအာသာဆန္ဒ လွန်မင်းစွာဖြစ်ပေါ်ရုံမျှနဲ့ ပစ္စက္ခတွင် ခရီးရောက်ပြီး အဘယ်သူသည် ပီတိအဟုန်ပေါက်ဘူးပါသလဲလို့ဆိုတော့-

ဝတ္တဂါလက ရွာကြီး ၌ တယောက် သော အမျိုးသမီးကလေး၏ အတ္ထုပ္ပတ်ကို မှတ်သားနာယူကြရမယ်။ ရှေးအခါကာလက ဂိရိကဏ္ဏက အမည်ရှိတဲ့ ကျောင်းတိုက်ကြီး၏ ဂေါစရဂါမ်ဖြစ်တဲ့ ဆွမ်းခံရွာဟာ "ဝတ္တဂါလက ရွာ"ဟူ၍ ခေါ် ဆိုကြပါတယ်။အခါတပါး ဂိရိကဏ္ဏက ကျောင်းဘော်ကြီး၌ စေတီတော်ကို မီးပူးဇော်ပွဲ, တရားပွဲများ ကျင်းပတဲ့အခါ-

ဝတ္တဂါလကရွာသူဖြစ်တဲ့ တဦးသောအမျိုးသမီးကလေး၏ မိခင်ဘခင် အရှင်နှစ်ပါးတို့သည် အားပါးတရ တရားနာသွားကြဘို့ ပြင်ကြ-ဆင်ကြ-တိုင်ပင်ကြတဲ့ အခြင်းအရာကို သတို့သမီးကလေး မြင်•သောအခါ ကာလ "မိခင်-ဘခင်တို့.... ကျွန်တော်မလဲ စေတီတော်ကို ဖူးမြင်၊ တရားတော်ကိုလဲ နာ:ဆင်လိုလှပါသဖြင့် လိုက်ချင်သောဆန္ဒရှိပါတယ်၊ ကျွန်မပါ တရားနာ လိုက်ပါရစေ...."လို့ မိဘတို့ထံ ခွင့်ပန် ပြောကြား လိုက် တယ်။ သည်နေရာမှာ သတို့သမီးကလေး၏သဏ္ဍာန်မှာ ပင်ကိုရင်း ဓာတ်ခံကိုက သဒ္ဒါစရိုက် အားသန်နေတာဖြစ်တော့ တရားတော်ဆိုရင်ဘဲ နာခံချင်တဲ့ ဆန္ဒ မြောက်မြားစွာ ဖြစ်ပေါ်နေပုံရပါလိမ့်မယ်။

အဲ-ဤကဲ့သို့ ခွင့်ပန်ပြီး လိုက် ဘို့ ရာ အ ကြောင်း တောင်း ပန် ရာ တော့ မိဘနှစ်ပါး ကျေးဇူးရှင်များကလဲ "ချစ်သမီး....သင့်မှာ တပါးသူနှင့် မတူ အမူကွဲပြား ဓမ္မတာတရားဖြစ်တဲ့ သန္ဓေဝန်ကြောင့် လေး လံ သော ကိုယ် ရှိပါတယ်၊ သို့အတွက် မမြင်စမ်းတမ်း လမ်းပမ်းမသာ အ့ကာလ ညအခါ သွားလာဘို့မသင့်ပေဘူး၊ ငါတို့ နှစ် ပါး ဘ မယ် များ တို့ သာ သမီးအတွက်အဘိုကိုထားပြီး လေးစားစွာ တရားတော်ကို နာယူခဲ့ပါမယ်။ ငါ့သမီး မလိုက်ပါနဲ့"လို့ မလိုက်ဘို့အရေး သမီးကလေးအား ဖြောင်းဖျ ပြောဆိုလို၍-

အကာလေ ဂရုဘာရာမ္မ၊
န သက္ကောသိ ဝိစာရိတုံ။
ပတ္တိံ ကတွာ မယံ တုယှံ၊
ဓမ္မံ သောဿာမ သာဓုကံ။

အမ္မ၊ တရားပျော်မှီး စိတ်အလိုကြီးသည့် အိုချစ်သမီး။ တွံ၊ သင်-ချစ်သမီးသည်။ ဂရုဘာရာ၊ ဓမ္မတာလမ်းကျ သန္ဓေခ၍ ရှေးကနှင့်မတူတန် မူသန္တာန်ပြောင်းပြန်သဖြင့် လေးလံသော ဝန်လည်း ရှိ၏။ အကာလေ၊ မမြင်စမ်းတမ်း လမ်းပမ်းမသာ ညအခါ၌။ ဝိစာရိတုံ၊ လှည့်လည်ပျော်ပါး သွားလာခြင်းငှာ။နသက္ကောသိ၊သူတကာလိုနဲ့ စိတ်မှာခဲသော်လည်း မစွမ်းနိုင်ဘဲ ရှိချေ၏။ မယံ၊ မိမယ်,ဘဘွား တို့နှစ်ပါးတို့သည်။ တုယှံ၊ သင်-ချစ်သမီး၏။ ပတ္တိံ၊ ကောင်းမှုပုညအဖို့ဘာဂကို။ ကတွာ၊ ပြု၍။ ဓမ္မံ၊ ဒုလ္လဘငါးအင် ပါဝင်မြွက်ကြား မြတ်တရားကို။ သာဓုကံ၊ ရိုသေလေးနာ ကောင်းမွန်စွာ။ သောဿာမ၊ သမီးအတွက် စိတ်မှာသက်၍ လေးလေးနက်နက် နာကြားခဲ့ပါကုန်အံ့။

အဲတာလို သမီးချစ်အား မလိုက်ရန် အကြောင်းပြ၍ ဖြောင်းဖျ ပြောဆိုခဲ့ပြီးတဲ့နောက် အမိအဘနှစ်ပါးတို့ဟာ နေအိမ်မှထွက်ခွာ၍ တရားနာ သွားကြတယ်။ အဲ-ထိုနောက် ကျန်ရစ်သူ သတို့သမီးမှာလဲ အကြောင်းအကျိုးဖော်ပြတဲ့ မိဘတို့၏စကားသံကို မတော်လှန်ဝံ့တဲ့အတွက်ကြောင့် စိတ်ပျက်ပျက်နေရစ်ရ တံခါးဝအိမ်ခန်းသာကသာ မျှော်မှန်းကာ ကြည့်ရှုပြီး အာရုံပြုကာ နေရစ်ရရှာပေတယ်။

အဲတာလို စေတီတော်ကို ဖူးမျှော်လိုသော ဆန္ဒ၊ တရားတော်ကို နာယူလိုတဲ့ဆန္ဒ အားကြီးတဲ့အာသီသဖြင့် တမ်းတကာမျှော်လင့်ပြီးနေလိုက်တဲ့အခါမှာ ကြယ်တာရာအပေါင်း ခ,ညောင်းရံပတ် ပြာသာဒ်ရဇတံ လဗိမာန်၏အရောင်ကလဲတမျိုး၊ လူအများတို့ ညွှတ်တွားကော်ရော် ပူဇော်လှူဒါန်းကြတဲ့ ဆီမီးအရောင်ကလဲ တဖုံ၊ ရောင်မျိုးစုံ ခြယ်ကာ စပ်ပြီး ကောင်းကင်ရပ် စေတီအပြင်မှာ အမျိုးမျိုးပေါ်ထင်ပြီးတော့နေတဲ့ စေတီတော်မြတ်၏ အသရေတော်ကို အိမ်ကပင် ဖူးမျှော်မြင်တွေ့ပြီး နေရပေတယ်။

ပတ်ဝန်းကျင်ဒေသ အမျိုးမျိုးသော မြို့ရွာဌာနမှ သူထက်ငါ အားတက်ကြပြီး ဟဒယရွှင်စွာ ပန်းနံ့သာလက်မှာစွဲလျက် အနဲနဲပူဇော်ကြ ရင်ပြင်တော်ကို လှည့်ပတ်ပြီး အထပ်ထပ် ကြည်ညိုကြတဲ့ ပရိသတ်၏အသံ တွေကိုလဲ ကြားပြီးနေရတဲ့အပြင် ရဟန်းတော်များ ရွတ်ဖတ်သရဇ္ဈာယ် ကြတဲ့ ဂဏသဇ္ဈာယက အသံတွေကိုလဲ ကြားရတာဖြစ်တော့ "အော်.... အကြင်သူတို့သည် စေတီတော်၏ရင်ပြင်မှာ ကြည်ရွှင်စွာလှည့်လည်ပတ်ပြီး အထပ်ထပ်ကြည်ညိုကြရ သူတော်ကောင်းတို့ ကိန်းအောင်းပျော်စံ ကျောင်းဗိမာန်သို့ တဖန်အရောက်သွားကြပြီးလျှင် အရှင်မြတ်များ ဟော ဖော်ကြားသည့် တရားဓမ္မစကားကိုလဲ လေးနက်စွာ နာကြားရပေတယ်။ ထိုသူတို့မှာတော့ အတိတ်ကံကြီးက စီမံ၍ပြီးခဲ့တာမို့ "အော်-ဘုန်းကံကြီး မားကြပေကုန်စွတကား"လို့ ဤကဲ့သို့သူတပါးတို့၏ ကောင်းမှုဂုဏ်ကို အာရုံပြုကာ ကြည်ညိုလှပါသဖြင့်-

ဓညာ ဝတ မနုဿာ ယေ၊
ဂန္တွာန စေတိယင်္ဂဏာ။
သဥ္စရိတုံ ဝိဟာရမှိ၊
ဓမ္မံ သောတုံ လဘန္တိမေ။

ယေမနုဿာ၊ သဒ္ဓါပြည့်စုံ ကောင်းမှုဟုန်ပွား အကြင်လူအများ တို့သည်။ ဝိဟာရံ၊ သူတော်ကောင်းတို့ ပျော်အောင်းစံရာ ကျောင်းတော် သာသို့။ ဂန္တွာ၊ထက်သန်စိတ်ထား အရောက်သွားကုန်ပြီး၍။ စေတိယင်္ဂဏေ၊ များစွာဆည်းကပ် ပူဇော်အပ်သည့် စေတီရင်ပြင်၌။ သဥ္စရိတုံ၊ စိတ်တူကိုယ်မျှ ပူဇော်ကြ၍ ဟဒယရွှင်ကြည် အလီလီအထပ်ထပ် လှည့်လည်၍ပတ်ကြ ခြင်းငှာ။ဓမ္မံ၊တရားတော်မြတ်ကို။ သောတုံ၊ညီညာဖြဖြ ကြားနာရခြင်းငှာ။ လဘန္တိ၊ ရကြကုန်၏။ ဣမေ၊ရခဲစွာလှ ဒုလ္လဘကို ရကြလေငြား ဤလူ အများတို့သည်။ ဓညာဝတ၊ရှေးကုသိုလ်ကံ စီမံဘန်တီး၍ အော်....ဘုန်းကံ ကြီးကြလေကုန်စွတကား။

အဲ-ဤကဲ့သို့ ရဟန်းတော် အရှင်မြတ်များ ဟောမြွက်ကြားတဲ့ တရားတော်ကို နာလိုတဲ့ဆန္ဒ အားကြီးလှတဲ့ အပြင် အာကာသဘုံယံ အဇ္ဈာက ယုန်စန္ဒာလမင်း၏ အရောင်နဲ့ဟပ်ပြီး တလျှပ်လျှပ် တပြောင်

ပြောင် ပုလဲရောင်အဆင်းကဲ့သို့ တောက်ပြောင် ကြည်ညိုဘွယ် ရှိတော်မူတဲ့ ဂိရိကဏ္ဏကစေတီတော်မြတ်ကို ပူဇော်မြင်တွေ့ရတဲ့အခါ သတို့သမီးကလေးသန္တာန်မှာ ဥဗ္ဗေဂါပီတိဆိုတာ ဖြိုးကနဲဖြစ်ပေါ်ပြီးတော့ လာတယ်ဘဲ့။

သည်နေရာမှာ ဥဗ္ဗေဂါပီတိအကျိုးဟာ တမျိုးထူးခြားတဲ့တရားပါဘဲလို့ မှတ်သားကြရမယ်။ ဘယ်လိုထူးခြားပါသလဲ ဆိုတော့ တန်ခိုးစျာန်ရှင် အဘိညာဉ်ဖြင့် ကောင်းကင်တိမ်ကြား ဝေဟင်ဖျားမှ စျာန်ကစားပြီး သွားနိုင်တဲ့ပုဂ္ဂိုလ်များလို ဥဗ္ဗေဂါပီတိအဟုန်ဖြင့် မြှောက်ပင့်ခိုက်ကြုံပါက ကောင်းကင်ဘုံထက်စခန်း အာကာသဝေဟင်လမ်းမှ ပျံသန်းပြီး သွားနိုင်တဲ့သတ္တိရှိပါတယ်တဲ့။ ထို့ကြောင့် အဋ္ဌကထာ အရှင်မြတ်တို့မိန့်ဆိုတော်မူကြသည်မှာ....

ဝေံ ဥဗ္ဗေဂါပီတိ အာကာသေ လင်္ဃာပနပ္ပမာဏာ ဟောတိ။

ဝေံ၊ဤသို့။ဥဗ္ဗေဂါပီတိ၊ ပီတိငါးအင် ပါဝင်ထူးဘိ ဥဗ္ဗေဂါပီတိသည်။ အာကာသေ၊ ထက်ဖျားဝေဟင် မြင့်ကောင်းကင်၌။ လင်္ဃာပနပ္ပမာဏာ၊ စကြာယာဉ်ကြီး စျာန်ဟုန်စီးသကဲ့သို့ စိတ်ကြံတိုင်း အပြီးတိုင်ခရီးမိုင်မည်မျှလှမ်းသော်လည်း ပျံသန်းနိုင်ခြင်းပမာဏရှိသည်။ ဟောတိ၊ မုချပုံသေ ဖြစ်နိုင်ပေ၏။

ဤအဋ္ဌကထာစကားအရ ထူးခြားတဲ့ပီတိသဘောကို ထင်ရှားစွာမှတ်သားကြရမယ်။ အဲ-ဤကဲ့သို့ ဆန္ဒအားကြီး တရားတော်ကို ရှာမှီးတဲ့အမျိုးသမီးသူတော်ကောင်းမကလေးမှာလဲ ဘုရား၏အာရုံ တရားတော်၏အာရုံနဲ့ ဥဗ္ဗေဂါပီတိအဟုန်ပေါက်ပြီး ကောင်းကင်အရောက် လွင့်မြောက်ပျံတက်ပြီး သွားပါသတဲ့။

အဲတာလို မြင့်ကောင်းကင် အထက်လမ်းမှ စိတ်မှန်းတိုင်း ခရီးပေါက်ပြီး စေတီတော်သို့ရောက်သောအခါကျတော့ အောက်သို့ဆင်းသက်စေတီတော်ရင်ပြင်ထက်မှာ ညွတ်တွားလျက်ကြည်ညိုရ စေတီကိုလဲရှိခိုးရတဲ့အပြင် ရှေးဦးစွာထွက်ခွာသွားကြတဲ့ မိဘနှစ်ပါး ကျေးဇူးရှင်များတို့ရဲ့အရင် တရားတော်ကို နာဆင်ပြီး ကြည်ရွှင်စွာ ရောက်နှင့်ပါတယ်တဲ့။ ထို့ကြောင့်....

သာကာသံ ဥလ္လင်္ဃိတွာန၊
ဩရုယှ စေတိယင်္ဂဏေ။
ဝန္ဒိတွာ စေတိယံ ရမ္မံ၊
သုဏန္တာဋ္ဌာသိ သာဒရံ။

သာ၊ထိုလိုရာခရီးသို့ရောက် စိတ်တိုင်းကျ ပြီးမြောက်သဖြင့် အံ့ချီး လောက်ပေသောအမျိုးသမီးကလေးသည်။ အာကာသံ၊ထက်ဖျားဝေဟင် မြင့်ကောင်းကင်သို့။ ဥလ္လင်္ဃိတွာန၊ပီတိစွမ်းဟုန် တန်ခိုးဂုဏ်ဖြင့် လွှားခုန် ကျော်တက် ပျံသန်းကာတက်ခဲ့ပြီး၍။ စေတိယင်္ဂဏေ၊ စေတီတော်မြတ်၏ ရင်ပြင်၌။ ဩရုယှ၊ ပီတိဟုန်ကိုဖြတ် စက်ရှိန်ကိုသတ်သကဲ့သို့ ရပ်ကာချက် ချင်း မြေသို့ဆင်းခဲ့ပြီးသည်ရှိသော်။ ပုရေတရံယေဝ၊ (ထည့်) မိဘနှစ်အင် ကျေးဇူးရှင်တို့ မရောက်ခင်ရှေးမဆွ ဦးစွာကပင်လျှင်။စေတိယံ၊ရောင်တော် တူးလတ် စေတီတော်မြတ်ကို။ဝန္ဒိတွာ၊ဦးနှိမ်တုပ်ကွ ရှိခိုးရ၍။ရမ္မံ၊တောင့်တ လိုလား မြတ်တရားကို။ သာဒရံ၊ စိတ်ကြံသလောက် ခရီးရောက်အောင် ဝမ်းမြောက်ဝမ်းသာ လေးမြတ်ရိုသေစွာ။ သုဏန္တာ၊ကောင်းစွာစိတ်ထား နာယူကြားလျက်။ အဋ္ဌာသိ၊ စေတီတော် ရင်ပြင်မြတ်မှာ တည်ရပ်ကာ ရောက်နှင့်လေတော့သတည်း။

အဲ-ထို့နောက်မှ မိခင်ဘခင်တို့ ရောက်လာကြပြီးလျှင် အံ့အား သင့်ကာ လျှင်စွာချဉ်းကပ် သမီးအနားမှာရပ်ပြီး ချစ်သမီး - ဘယ်ပုံဘယ် နည်း ဘယ်ခရီးကလာခဲ့လို့ ငါတို့အရင် စေတီတော်ရင်ပြင်မှာ ရှေးဦးစွာ ရောက်နှင့်နေတာလဲလို့ မေးမြန်းကြတော့ မိခင်ဘခင်တို့- ကျွန်တော်မသည် လူတို့သွားနေကျဖြစ်တဲ့ ခရီးလမ်းက လာခဲ့တာမဟုတ်ပါဘူး၊ အာကာသ စခန်း ကောင်းကင်လမ်းက ပျံသန်း၍လာခဲ့ရပါတယ်လို့ ပြောပြတဲ့အခါ-

အလို....လူနဲ့မတန် စကားသံ ကြီးကျယ်လှပါကလား၊ ဝေဟင် ထက်ဖျား ကောင်းကင်ကသွားတယ်လို့ဆိုတာ ရဟန္တာပုဂ္ဂိုလ်များနဲ့ချွန်ရ ပုဂ္ဂိုလ်များသာ သွားနိုင်ကြပေတယ်။ ဘယ်ပုံဘယ်နည်း ညည်းဖြစ်ပုံကို အကုန် ရှင်းပြီး ပြောစမ်းပါလို့ မေးမြန်း ကြလေတဲ့။ ထိုအခါ ကာလ အကြောင်းစုံပြန် ဇာတ်လှန်၍ပြောပြသည်မှာ -

မိခင်ဘခင်ကျေးဇူးရှင်တို့ ကျွန်တော်မသည် -ငွေသော်တာလမင်း၏ အရောင်အလင်းနှင့်ပူးစပ်ပြီး တလျှပ်လျှပ်တဖိတ်ဖိတ် သိပ်ပြီးကြည်ညိုတွယ် ကောင်းတဲ့ စေတီတော်မြတ်ရဲ့ အရောင်ကိုမြင်ရ စိတ်နှလုံးကြည်နူးလှတာနဲ့

အဝေးကပင် ပူဇော် ဦးချပြီးနေတုန်းအခါ ပြောမပြနိုင်လောက်အောင် ဝမ်းမြောက်နှစ်သက် ပီတိအဟုန်တက်ပြီးတော့လာပါတယ်။ထိုသောအခါ ကျွန်တော်မကိုယ်သန္တာန်ဟာ ထသည်ဟူ၍လဲမဆိုနိုင်၊ ထိုင်သည်ဟူ၍လည်း မသိရ၊ စွဲလမ်းပြီးတော့နေတဲ့ဘုရားအာရုံ တရားတော့အာရုံနဲ့ တဟုန်တည်း ပျံတက်ပြီး ကောင်းကင်ထက်ဝေဟာအဇ္ဈာမှ စေတီတော်အထိ လာရ ပါတယ်လို့ အကြောင်းအမျိုးစုံဖြစ်ခဲ့ပုံကို ကုန်စင်အောင်ဖြေကြားပြောဆို လိုက်ပါတယ်။

ကိုင်း....ဒီဝတ္ထုအသွားကို မှတ်သားကာကြည့်လိုက်ကြစမ်း၊ဘုရား ရှင်ကိုလဲ ကိုယ်ထိလက်ရောက် မျက်မှောက်မွှေတွင် ဖူးမြင်ကြည်ညိုရတာ မဟုတ်သေးပါဘူး၊အဝေးကပင်လှမ်း၍ တမ်းတပြီးအာရုံပြုကာမျှ ဖြစ်ပါ သေးတယ်။တရားတော်ဆိုရင်လဲ ကျင့်ကြံအားထုတ်ဘို့ဆိုတာ ထားလိုက် ပါအုံးတော့ နည်းလမ်းကျနနာရုံမျှ မနာရသေးပါဘူး။ အာရုံပြုကာ တမ်းတကာမျှသာ ဖြစ်ပါသေးတယ်။ ထိုကဲ့သို့ အာရုံပြုကာ တမ်းတကာ မျှဖြင့်ပင် ဘယ်လောက်ခရီးရောက်ပြီး စိတ်ထင်တိုင်း ပေါက်သလဲဆိုတာ အထူးထပ်မံပြီး ဟောပြောဘွယ်မလိုတော့ပါဘူး။

သို့ဖြစ်ပါသောကြောင့် ကိုယ်ထိလက်ရောက် ခရီးပေါက်၍ ကြီး မြောက်သော အကျိုးတရားများကို ခံစားကြရအောင် တရားတော်ကို ကြိုးစားပြီး နာကြ-ကျင့်ကြ-ကြံကြ-အားထုတ်ကြပါလို့ တိုက်တွန်းရပါ တယ်။တရားတော်ကို နာယူပြီး နည်းလမ်းကိုရမှသာလျှင် ဘုရား၏ဂုဏ် တော်တွေကိုလဲသိရ ဘုရားကိုလဲ ကိုးကွယ်တတ်ကြလိမ့်မယ်။သံဃာတော်၏ ဂုဏ်တော်တွေကိုလဲသိပြီး သံဃာတော်ကိုလဲ ကိုးကွယ်တတ်ကြပါလိမ့်မယ်။

သို့ဖြစ်ပါ၍ ရသာအချုပ် တရားတော်တည်းဟူသော သုဒ္ဓါဘုတ်ကို အဟုတ်သောက်စား နာမှတ်သား၍ လေးလေးစားစား ကျင့်ကြ-ကြံကြ- အားထုတ်ကြပလားလို့ ဆိုလျှင် ကောင်းကျိုးချမ်းသာ မင်္ဂလာတိုးတက် အကျိုးဆက်ကြီးမားသဖြင့် နိဗ္ဗာန်တိုင် သွားနိုင်ကြပါလိမ့်မယ်လို့ ပထမ ဂါထာအရ အဓိပ္ပါယ်သဘာဝကို နာယူမှတ်သားကြစေကုန်သတည်း။

(ပထမဂါထာကို ပြန်ကောက် အနက်ပေး၍ တရား အပြီးသတ် လေကုန်။)

**မမ္ဗသာဝနကထာ ပြီး၏။**

နမော မာရဇိနော ဇေယျတု

(၆၁) သာရကာရကထာ

ပီတိပါမောဇ္ဇဇနနံ၊
သောကသလ္လဝိနောဒနံ။
သမ္ဗသမ္ဗတ္တိပဋိလာဘာ၊
စိတ္တီကတွာ သုဏာထ မေ။

ပီတိပါမောဇ္ဇဇနနံ၊နှစ်သက်ရွှင်လန်း ပီတိပန်းကို တင့်ဆန်းအောင် ဖြစ်စေတတ်ထသော။ သောကသလ္လဝိနောဒနံ၊ စိုးရိမ်သောက ဗျာပါဒ ခပင်း ငြောင့်တသင်းကို ပယ်ရှင်းပြေပျောက်စေနိုင်ထသော။ သမ္ဗသမ္ပတ္တိ ပဋိလာဘာ၊ စည်းစိမ်မကြွင်း သမ္ပတ္တိခပင်းကို ရခြင်းငှာလည်း စွမ်းနိုင်ထသော။ ခမ္ဗ၊ တွေ့ခဲ-ကြုံခဲ-ရခဲစွာလှ မြတ်ဓမ္မကို။ စိတ္တီကတွာ၊ ရိုသေသမှု အလေးပြုကြကုန်သည်ဖြစ်၍။ တုမှေ၊ သရဏဂုံ သုံးပုံသုံးရပ် ထွဋ်အမြတ်ကို ဆည်းကပ်မှီငြောင်း သင်သူတော်ကောင်းတို့သည်။ မေ၊ တရားဒေသနာ မြိုက်ရသာကို ကောင်းစွာဖော်ထုတ် အကျွန်ုပ်၏။ သဒ္ဓိကာ၊ အထံမှ။ သုဏာထ၊ နှစ်ခြိုက်ကြည်ဖြူ အာရုံမူလျက် နာယူ မှတ်သားနိုင်ကြပါစေ ကုန်သတည်း။

ယခုဟော ပြခဲ့တဲ့ ဒေသနာတော်ကတော့ တရားနာလာကြတဲ့ ပရိသတ်အပေါင်းတို့အား တရားတော်ကိုကြားနာကြရတဲ့အတွက် အကျိုး ရှိပုံ၊ ဝိပ္ပတ္တိဘေးဆိုးတွေက လွတ်ကင်းပြီးတော့ သမ္ပတ္တိဟူသမျှနဲ့ တိုက်ဆိုင် တွေ့ဆုံ ပြည့်စုံဘို့ ဖြစ်နိုင်ပါတယ်လို့ အကျိုးတရားကို အနည်းငယ်ပြပြီး တော့ တရားတော်ကို အာရုံစူးစိုက် နှစ်ခြိုက်စွာ နာယူကြဘို့ တိုက်တွန်း လိုက်တဲ့ ဥယျောဇနကထာ ဒေသနာတော်ဖြစ်ပေတယ်။

သဒ္ဓမ္မံ ဒေသနာကာလေ၊
သာဓုသာဓုတိ ဘာသတော။
မုခတော ဇာယတေ ဂန္ဓော၊
ဥပ္ပလံဝ ယထောဒကေ။

သဒ္ဓမ္မံ၊ ရခဲ-ကြုံခဲ-တွေ့ခဲပေတောင်း သူတော်ကောင်းတို့၏ တရား တော်ကို။ ဒေသနာကာလေ၊ အခန့်သင့်ဆုံ ရွှေကြုံဟောကြားသောအခါ ၌။ သာဓုသာဓုတိ၊ သာဓုသာဓုဟူ၍။ ဝါ-ကောင်းပေစွ-ကောင်းပေစွဟု။

ဘာသတော၊ နှစ်သက်ရွှင်မြူး ချီးကူးမြွက်ဆိုသောသူ၏။ မုခတော၊ ရွတ်ဆိုရခြင်း နှုတ်ခံတွင်းမှ။ ဂန္ဓော၊ သင်းကြိုင်လှိုင်ပျံ့ မွှေးရနံ့သည်။ ဇာယတေ၊ ဖြစ်ပေါ်ရလေ၏။ ယထာ၊ ဥပမာပြရပါမူကား။ ဥဒကေ၊ သန့်ရှင်းကြည်လင် ရေအပြင်၌။ ဥပ္ပလံဝ၊ ရှုစရာရေမှာပျံ့ပေသည့် ပဒုမာ ရွှေကြာရနံ့ကဲ့သို့။ ဂန္ဓော၊ သင်းကြိုင်လှိုင်ပျံ့ မွှေးရနံ့သည်။ ဇာယတေ၊ ထင်ထင်ရှားရှားကြီး ဖြစ်ပေါ်ရပေလိမ့်သတည်း။

ဤဒေသနာတော်ရဲ့အဓိပ္ပါယ်ကတော့ ဒုလ္လဘာသဝနဖြစ်တဲ့ သူတော်ကောင်း တရားတော်များကို ကြား နာ ရတဲ့ အခါမှာ အားပေးထောက်ခံ မှန်ကန်တဲ့သဒ္ဓါစိတ်နဲ့ သာဓု-သာဓု-သာဓုဟူ၍ အနုမောဒနာပြုလိုက်ကြရင် မည်သို့အကျိုးပေးတယ်လို့ အကျိုးရှိပုံကို မိန့်တော်မူတဲ့ ဒေသနာဖြစ်ပေတယ်။

သူတော်ကောင်းတရားဆိုတာဟာ ကြားရခဲ – နာရခဲ – ကြုံရခဲတာဖြစ်လို့ ဒုလ္လဘဂါးဖြာဒေသနာစကားဖြင့် ရှင်တော်ဘုရား နေ့တိုင်း-နေ့တိုင်း သတိပေးတော်မူခဲ့တာကို သတိ ကြပ်ကြပ် ပြုကြရမယ်။ ကြားနာရခဲတဲ့ သူတော်ကောင်းတရားကို နာ ကြား ကြ တဲ့ အ ခါ မှာ လဲ တရားတော်ကို ကြည်ညိုသမှု အာရုံပြုပြီးတော့ ရခဲကြုံခဲတဲ့တရားကို ငါတို့ နာကြားရပြီဟု ဝမ်းမြောက်ရွှင်ပျ ပီတိသောမနဿဖြစ်ပြီးတော့ သာဓု-သာဓု-သာဓုလို့ ထောက်ခံသမှု အနုမောဒနာပြုလိုက်ကြမယ်ဆိုရင် ခံတွင်းရနံ့ မွှေးပျံ့သန့်ရှင်းပြီး လူခပင်း နှစ်လိုလို့ ကြည်ညိုကြ, ချစ်ခင်ကြတဲ့အကျိုးကို လက်ငင်းခံစားရပါလိမ့်မယ်။

သာဓကဆောင်ပြီး ပေါ်လွင်အောင် ဟောပြောရသေးတာပေါ့။ ဘုန်းတော်သခင် ရှင်တော်ဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်အခါကာလက သာဝတ္ထိပြည်မှာ ရူပနိကာယ်,သဒ္ဒနိကာယ် တင့်တယ်အစုံ အလှဂုဏ်နှင့် ပြည့်စုံတဲ့ သူဌေးသမီးကလေးတယောက် ရှိပေတယ်။ အဲဒီ သူဌေးသမီးကလေးရဲ့ ကြင်ရာဖြစ်တဲ့ ခင်ပွန်းယောကျ်ားဖြစ်သူဟာ တနေ့သောအခါမှာ မြတ်စွာဘုရားရဲ့ တရားတော်ကိုကြားနာရတော့ "အော်-ကြားနာရတဲ့ ဤတရားတော်ကို ကျင့်ဆောင်ဘို့ဆိုရင် လူ့ဘောင်မှာ နေလို့မဖြစ်တော့ဘူးလို့ ကြံ စည် စိတ် ကူး ပြီး တော့ မိမိ၏ဇနီးမယားအထံ ခွင့်ပန်ခွင့်တောင်းကာ ကျောင်းတော်သို့အရောက်သွားလျက် ပိဋကပါတိကတိယံ မထေရ်မြတ်အထံမှာ ရဟန်းပြုပြီးသကာလ လူ့ဘောင်ကိုပြန်သက် လူဘက်

ကို ပြန်မလှဲတော့ဘဲ သာသနာ့ဝန်ထမ်း ရဟန်းအဖြစ်နဲ့သာ အမြဲတမ်း နေတော်မူသတဲ့။

ထိုအခါကာလ သာဝတ္ထိပြည်ရှင် ဘုရင်ကောသလမင်းကြီးသည် ရုပ်ရည်လှပ ရူပကာယပြည့်စုံ ဥပဓိသမ္ပတ္တိဂုဏ်နဲ့ ပြည့်စုံတဲ့ သူဌေးသမီး ကလေးရဲ့ အကြောင်းအရာ လင်ဖြစ်သူနဲ့ ကင်းကွာပြီးတော့ အသာမိက အဖြစ်သို့ ရောက်ပြီးနေတဲ့ အခြင်းအရာကို သိတော်မူတော့ နန်းတော်သို့ ဆောင်ကြဉ်းပြီး နန်းတွင်းမှာ ခ,စားစေလျက် မိဖုရားအဖြစ်ဖြင့် မြှောက် စားတော်မူတယ်တဲ့။

ဒီနေရာမှာ ကြားဖြတ်ပြီး သတိချပ်ဘို့ ကောင်းတာ ကလေးကို ဟောပြောရအုံးမယ်။ လှပတင့်တယ် ရှုချင်စဖွယ်ဖြစ်တဲ့ ရူပဝိလာသဂုဏ် ဥပဓိသမ္ပတ္တိဂုဏ်ဟာ အလွန်အဘိုးထိုက်တန်ကြောင်း သတိပြုကြရမယ်။ ယခု ဟောခဲ့တဲ့ သူဌေးသမီးကလေးဟာ အရုပ်ဆိုး အကြည့်တန်းပြီးတော့ ပုံပန်းသဏ္ဌာန် အချိုးမကျဘူးဆိုရင် မိဖုရားဖြစ်ဘို့မပြောနဲ့ သာမန် အရပ် သားကတောင် ဆက်ဆံဘို့မလွယ်ပါဘူး။

ယခုမှာတော့ လှပတဲ့အဆင်းဂုဏ်က မြှောက်တင်ပေးလိုက်တော့ အတန်းအစား မြင့်မြတ်သွားရတာပေါ့။ အဲတာလို အတန်းအစားမြင့်တက် သွားရခြင်းဟာ အဆင်းအင်္ဂါလှပတဲ့ ဥပဓိသမ္ပတ္တိဂုဏ်ကြောင့်ဘဲလို့ သတိ ပြုလိုက်ကြရမယ်။ ဤကဲ့သို့ ရူပနိကာယ် တင့်တယ်ပြည့်ဝ လှပတဲ့ ဥပဓိ- သမ္ပတ္တိ ဂုဏ်ကြောင့်ဘဲလို့ သတိပြုလိုက်ကြရမယ်။ ဤကဲ့သို့ ရူပနိကာယ် တင့်တယ်ပြည့်ဝ လှပတဲ့ ဥပဓိသမ္ပတ္တိ အံကျိုး ကို အလို ရှိ ကြ မယ် ဆို ရင် နည်းပေးရသေးတာပေါ့။

"ဝတ္ထဒေါ ဟောတိ ဝဏ္ဏဒေါ" တဲ့။ ဝတ္ထဒေါ၊ အဝတ်ပုဆိုး တမျိုးတခန်း အဝတ်သင်္ကန်းကို လှူဒါန်းခြင်းသည်။ ဝဏ္ဏဒေါ၊ တင့်တင့် တယ်တယ် နှစ်သက်ဖွယ်အခင်း ရုပ်အဆင်းကို လှူသည်မည်သည်။ ဟောတိ၊ ဖြစ်၏။

လူနဲ့လူချင်းဆိုတော့ ဝတ်ဘို့, ဆင်ဘို့ တင့်တယ်အောင်ပြုပြင်ဘို့ရာ အတွက် အဝတ်ပုဆိုး အင်္ကျီလုံချည် စသည်ကို ပေးကမ်းရမယ်။ ချီးမြှောက် ရမယ်၊ လှူဒါန်းရမယ်၊ ရဟန်းသံဃာများအတွက်ဆိုတော့ အဝတ်သင်္ကန်း လှူဒါန်းရမယ်။ ဤကဲ့သို့ အ ဝတ် သင်္ကန်း လှူ ဒါန်း ခြင်း ကောင်း မှု ဟာ အဆင်းလှစေတတ်တဲ့ အဆင်းကိုလှူသည် မည်တယ်လို့ ဘုရားရှင်ဟောခဲ့တဲ့

ဒေသနာတော်ရှိပေတယ်။ အဘိဓမ္မာ ဒေသနာတော်နည်းအရ နည်းပေး ရမယ်ဆိုရင် အဆင်းဂုဏ်ဆိုတဲ့ ရူပါရုံကို အာရုံပြုပြီးတော့ အဝတ်သက်နန်း လှူဒါန်းရင် ရူပဒါနဖြစ်ပါတယ်တဲ့။

အဲတာလို ဟောပြောခဲ့တဲ့ နည်းလမ်းကို မှတ်သားကြပြီးတော့ နိဗ္ဗာန်မရောက်မီအကြား ဖြစ်ရာဖြစ်ရာဘဝတိုင်း၌ အဆင်းအင်္ဂါ လှပတင့် တယ်ခြင်း, လက်ခြေအင်္ဂါ မချို့ယွင်းခြင်း ဆိုတဲ့ ဥပဓိသမ္ပတ္တိ အကျိုးကို ရကြလေအောင် ရူပါရုံကို အာရုံပြုပြီးတော့ အဝတ်သက်နန်း လှူဒါန်းခြင်း ဒါနကုသိုလ်ကို အားထုတ်ကြပါလို့ ဟောပြောရခြင်းဖြစ်ပါတယ်။

ဝတ္ထုသွား ပြန်ဆက်ကြဦးစို့။ သူဌေးသမီးကလေးကို ကောသလ ဘုရင်က နန်းတော်တွင်တင်ထား မိဖုရားအရာ မြှောက်စားပြီးတဲ့နောက် တနေ့သောအခါမှာ နန်းတော်အတွင်း ဆက်သွင်းပို့ဆောင်လာကြတဲ့ ကြာညိုပန်းတွေကို မိဖုရားအပေါင်းတို့အား တယောက်လျှင် ကြာပန်း တပွင့်စီ-တပွင့်စီ ခွဲဝေပြီး ပေးစေတယ်တဲ့။

အဲတာလို ပေးကမ်းတဲ့ ကြာပန်းဝေစု ရတဲ့ သူထဲမှာ ခုတင်က မြှောက်စားထားတဲ့ မိဖုရားကလေးကတော့ သူတပါးထက် ထူးတင့်ပြီး ပန်းနှစ်ပွင့်တောင် ရသွားသတဲ့။ ထိုအခါမှာ အများထဲမှာ စန်းပွင့်ပြီး ပန်းနှစ်ပွင့်တောင် မိမိရလေတော့ ဝမ်းမြောက်ရွှင်မြူး အထူးနှစ်သက်တဲ့ အသွင်ကိုပြပြီးတဲ့နောက် ဘယ်လိုထူးခြားချက် ဖြစ်သွားသလဲလို့ဆိုတော့ ဆုတော်ရတဲ့ ကြာပန်းကိုရှုနမ်းကာ ဂန္ဓာရုံဘက် လှဲလိုက်တော့ ငိုမဲ့မဲ့နဲ့ ဟဒယမရွှင်တော့ဘဲ မကြည်လင်တဲ့ အမူအရာ ဖြစ်သွားပါသတဲ့။

ထိုအခါကာလ မိဖုရားကလေးရဲ့ အမူအရာက ကြည်သာတာက တလှည့် ငိုမဲ့မဲ့ကတဖုံ နှစ်မျိုးနှစ်စုံ ဖြစ်ပေါ်တဲ့အသွင်ကို ကောသလဘုရင် မြင်လေတော့ ခေါ်ယူစစ်ဆေးလို့ အကြောင်းကို မေးတော်မူတယ်တဲ့။

မေးတော်မူတဲ့အခါကျတော့ အများနဲ့မတူ အမူထူးတင့်ပြီး ပန်းနှစ်ပွင့်တောင် ကျွန်တော်မ ရလေတော့ နှစ်သက်ကြည်နူး အထူးဝမ်း သာလှသို့ ရှေးဦးစွာ ရွှင်လန်းတဲ့အမူအရာ ဖြစ်ရပါတယ်ဘုရား။ ကြာညို ပန်းရနံ့ မွှေးပျံ့သင်းထုံ ဂန္ဓာရုံအနံ့ကလေးကို နမ်းမိ ရှူမိတဲ့ အခါကျတော့ ငယ်ငယ်က ပေါင်းဖော်ပြီး ကျောင်းတော်ကိုရောက်ပြီးနေတဲ့ ရဟန်းတော် မြတ်ရဲ့ ခံတွင်းအနံ့ သင်းပျံ့တဲ့အနေထိအောင် တွေးမိလို့ ငိုရကြောင်းပါ ဘုရားလို့ သံတော်ဦးတင်လိုက်တယ်တဲ့။

ထိုအခါကာလ ကောသလပြည် ရှင်ဘုရင်လဲ မကြည်ရှင်မနှစ်သက် လျှောက်ချက်ကို မယုံကြည်တဲ့အတွက် ဒီအချက်ကို မမေ့လျော့ဘဲ တနေ့ တော့ သိစေမယ်လို့ ကြံစည်စိတ်ထားပြီး သကာလ ဆွေးနွေး ထုတ်နုတ် ဟုတ်မဟုတ်အမြင်အားဖြင့် ထင်ရှားအောင်ပြုလုပ်မှတော်မယ်လို့နန်းတော် အတွင်းမှာ မူလကခြယ်လှယ်ပြုပြင်ပြီး အမွှမ်းတင်ထားတဲ့ နံ့သာမျိုးစုံ အမွှေးအထုံဟူသမျှကို တစမကြွင်း ရှင်းလင်းပယ်ရှား တခြားသို့ယူဆောင် ပယ်ရှားစေပြီးတဲ့နောက် ဘုရားအမှူးရှိတဲ့ သံဃာတော်များအား နန်းဖျား မှာ ဆွမ်းကပ်လျှက် လျှောက်ပတ်တဲ့နေရာက ခစားပြီးတော့ကာ မိဖုရား ဒီသံဃာများအထဲမှာ သင်ပြောကြားတာက ဘယ်မထေရ်လဲလို့ အတပ်ပင် သိလိုရေးနဲ့ အမေးတော်ထုတ်လိုက်ပါသတဲ့။

မိဖုရားလဲ မဖယ်မလွဲ ဤမထေရ်ဘဲလို့ အတပ်စွဲညွှန်ပြလိုက်တဲ့အခါ ကျတော့ ကောသလမင်းတြားလဲ မြတ်ဘုရားထံချဉ်းကပ်ပြီး ရှင်တော်မြတ် ဘုရား-အရှင်မြတ်ဘုရားနှင့်တကွ တပါးသောသံဃာများမှာ ဆွမ်းစားစရာ ပြီးမြောက်ဘော့ ကျောင်းတော်ရောက်ကြွနိုင်ပါပြီ၊ ဤမထေရ်မြတ်တပါး ကိုတော့ သွမ်းအနုမောဒနာအတွက် ညွှန်ကြားချက် ပြုတော်မူခဲ့ပါဘုရားလို့ လျှောက်ထားတဲ့တောင်ပန်စကားကြောင့် မထေရ်ကိုချန်ထားပြီး ဘုရားရှင် ကြွသွားတော်မူပါတယ်တဲ့။

ထိုသောအခါမှာ ကျန်ရစ်ခဲ့တဲ့ မထေရှင်လဲ ကောသလဘုရင်၏ လျှောက်တင်တဲ့တောင်းပန်စကားကြောင့် တရားဟောဘို့ပြင်လိုက်တဲ့အခါ ကျတော့ မထေရ်ရှင့်ရဲ့ခံတွင်း အနံ့ဟာရွှေနန်းတော်အလုံး လွှမ်းဖုံးသင်းလှိုင် မွှေးကြိုင်သွားသတဲ့။

ဒီတော့မှ ဘုရင်ကြီး ကောသလလဲ သဘောကျ သံသယပျောက် ပြီးတော့ မကွေ့ကောက်တဲ့ဒီစကား မိဖုရားပြောတာမှန်ပေတယ်လို့ ဝမ်း မြောက်ကြည်နူး ချီးကျူးစကားပြောပြီး နောက်တနေ့ရောက်တဲ့ အခါ ကျတော့ မြတ်စွာဘုရားအထံ ချဉ်းကပ်ပြီးတော့ အရှင်းခံ အကြောင်း အဘယ်သို့သောကောင်းမှုကြောင့် ယခုလိုသန့်ရှင်းပြီး ခံတွင်း၏ရနံ့ဂုဏ်ဟာ ဤပုံလို ဖြစ်ရပါသလဲ ဘုရားသို့ မေးမြန်း လျှောက်ထား လိုက်တယ်တဲ့။ အဲတာလို လျှောက်စကားကြောင့် ရှင်တော်ဘုရား ပြန်ကြားမိန့်တော် မူပုံမှာ....

ဓမ္မုဿဝေ အတိတျာယံ၊
သုဏန္တော ဓမ္မမုတ္တမံ။
သက္ကစ္စံ သာဓု သာဓူတိ၊
ပဝတ္တေသိ နုမောဒနံ။
တမ္ဗုလကော မဟာရာဇ၊
လဒ္ဓေါ အာစိက္ခိ တေန တံ။

မဟာရာဇ၊ ကောသလတိုင်း ခွန်လှိုင်းပြည့်ဝင် မြတ်ဘုရင်။ အယံ ထေရော၊ ဂန္ဓာရုံငွေ့ အစုံပြေ့၍ ပျော်မွေ့တည်နေ ဤမထေရ်သည်။ အတီတေ၊လွန်လေခဲ့ရ အတိတ်ကာလက။ဓမ္မုဿဝေ၊ကြုံခဲ့ရခဲ တရားပွဲဟု အားခဲဆင်ယင် ဓမ္မသဘင်၌။ဥတ္တမံ၊အဆင့်အတန်း စခန်းမလပ် ထူးမြတ် လှပေသော။ဓမ္မံ၊နိဗ္ဗာန်လမ်းပြ တရားဓမ္မကို။ သုဏန္တော၊ နာကြားရသည် ရှိသော်။သာဓု သာဓူတိ၊ကောင်းပါပေစွ ကောင်းလေစွဟု။ အနုမောဒနံ၊ ဝမ်းမြောက်ကြည်သာ သဒ္ဓါရွှေးရှု အနုမောဒနာမှုကို။ ပဝတ္တေသိ၊ချီးကျူး မြွက်ဖော် သာဓုခေါ်၍ ပျော်ပျော်ကြီး အားထုတ်ခဲ့လေပြီ။ တေန ထေရေန၊မျက်ဝါးထင်ထင် သင်တွေ့မြင်သည့် ကျိုးစဉ်ထူးလတ် ထိုမထေရ် မြတ်သည်။ တမ္ဗုလကော၊ သာဓုခေါ်ခြင်း ထိုအကြောင်းရင်းကြောင့် ဖြစ်သော။ အာနိသံသော၊ (ထည့်)တန်ခိုးပိုင်ပိုင် ရန့်လှိုင်၍ မွှေးကြိုင်ခဲ့သော သောအကျိုးကို။လဒ္ဓေါ၊ ရအပ်လေပြီ။ ဣတိ၊ဤသို့။ဘဂဝါ၊ ရှေ့နောက် ဖြစ်အင် လုံးစုံမြင်သည့် ဘုန်းရှင်ထူးလတ် ဘုရားမြတ်သည်။တံဝါစံ၊ ထိုသို့ ဟောမြွက် မိန့်တော်မူချက်ကို။ အာစိက္ခိ၊ ထုတ်ဖော်ပိုင်းခြား လွန်ထင် ရှားအောင် မြွက်ကြားမိန့်ဆိုတော်မူခဲ့လေပြီ။

ကောသလမင်းကြား လျှောက်ထားတဲ့အတွက် ဟောမြွက်တော်မူတဲ့အလိုကတော့ မြတ်သောမင်းကြီး-လွန်ခဲ့သော အတိတ်ကာလက ဓမ္မသဘင် ဆင်ယင်ကျင်းပနေတဲ့ တရားပွဲကြီးတခုမှာ ဤမထေရ်ရဲ့အလောင်း သူတော်ကောင်းဖြစ်တဲ့ သူဟာ တရားတော်ကို ရိုသေစွာ နာကြားရင်း လွန်မင်းဆန္ဒ ကြည်ညိုလှတဲ့သဒ္ဓါ ပသန္နသဘောဖြင့် သာဓု, သာဓု, သာဓု ဟူ၍ ဝမ်းမြောက်ကြည်နူး အထူးသာယာပြီး အနုမောဒနာပြုခဲ့ပါတယ်။

အဲတာလို တရားတော်ကိုထောက်ခံပြီး အမှန်အကန် လေးစားစွာ အာရုံပြုတဲ့ အနေနဲ့ သာဓု, သာဓု, သာဓု ဟူ၍ အနုမောဒနာ ပြုခဲ့တဲ့ အကြောင်းရင်းမူလကြောင့် ခံတွင်းအနံ့ သင်းပျံ့လှိုင်လှိုင် မွှေးကြိုင်တဲ့ အနံ့ ရတဲ့ ဂန္ဓာရုံအကျိုးကို ရခဲ့ပေသည်ဟု-ဗုဒ္ဓရှင်တော်မြတ်ဘုရား ကောသလ ဘုရင်အား ဟောကြားတော်မူခဲ့တဲ့ ဒေသနာတော် ဖြစ်ပါတယ်တဲ့။

အဲဒီဝတ္ထုအသွား ဒေသနာတရားကို မှတ်သားကာ အာရုံ ပြုကြ ပြီးတော့ တရားတော်ကို အာရုံပြုကာ သာဓုခေါ်ရတဲ့အတွက် အကျိုး အဆက်ဆက်ရနိုင်တဲ့ နိသန္ဒဖလကို အနည်းငယ် ဖော်ပြရသေးတာပေါ့။

ခံတွင်းအနံ့ သင်းပျံ့လှိုင်လှိုင် မွှေးကြိုင်တဲ့ ဂန္ဓာရုံတန်ခိုး ရှိသော သူအား မည်သူကမဆို ချစ်ခင်ကြပယ်-လေးစားကြမယ်၊ ခေါ်ချင်ကြ-ပြောချင်ကြမယ်၊ အပေါင်းအဖော် လုပ်ချင်ကြမယ်ဆိုတာ မိမိတို့ဉာဏ် အမြင်နဲ့ဘဲ သိနိုင်ကြပါတယ်။

ချစ်ခင်သူပေါ အပေါင်းပေါတော့ ထိုသူဟာ ကြံတိုင်းအောင် ရမယ်၊ဆောင်တိုင်း မြောက်ရပယ်၊ ကလျာဏမိတ်ကောင်း ဆွေကောင်း ရှိလာရမယ်၊ကလျာဏမိတ်ကောင်း ဆွေကောင်းရှိလာရင် ကောင်းကျိုး ချမ်းသာကိုချည်း မြင်ရမှာပေါ့။

ကလျာဏမိတ်ကောင်း ဆွေကောင်းရှိကြရင် ပစ္စုပ္ပန်မျက်မှောက် ဘဝမှာလဲ စားဝတ်နေရေး ပြေလည်ရမယ်၊ သံသရာ နောင်ရေးအတွက် မှာလဲ သုဂတိဘဝအဆက်ဆက်က အထက်ကိုသာ တက်လှမ်းပြီး နိဗ္ဗာန် ချမ်းသာအထိ အကျိုးခံစားခွင့် ရှိပေတယ်ဟူ၍ သာဓုခေါ်ရတဲ့ အခြေခံ အကြောင်းရင်းကြောင့် အကျိုးအဆက်ဆက်ရနိုင်ကြောင်းကို စိတ်ကောင်း ဉာဏ်ဝင် ကြံဆင်ခြင်ကြပြီးတော့အမှန်ပင် အားကုတ်တဲ့ တရားပါလားဟု ဆုံးဖြတ်ကြည်ဖြူ သဒ္ဓါမူ၍ မှတ်ယူကျင့်သုံး နိုင်ကြပါစေကုန်သတည်း။

(သဒ္ဓမ္မံဒေသနာကာလေ-ဟူသော ပထမဂါထာကို ပြန်ကောက် အနက်ပါရွတ်ဆို၍ တရားတော်အပြီးသတ်လေ။)

သာဓုကာရကထာ ပြီး၏။

---

## နမော မဟာမုနိနော ဇေယျတု

## (၆၂) ပလ္လင် ဒါနကထာ

ဝါတံ ဝဿူ ပါသာဏံ၊
အာဝုခံ ဝါဠုကံ တထာ။
ကုက္ကုဠံ ကလလင်္ဂါရံ၊
အန္ဓကာရန္တိ မေ နဝ။
သတ္တေ မာရေန ဝိဿဋ္ဌေ၊
ဝိဇယန္တံ ဇိနံ နမေ။
မယမ္ပိ တေန ပုညေန၊
ဝိဇေယျုံ သဗ္ဗမာယုဓေ။

ဝါတံ၊ ပတ်ခါညှိုမှိုင်း ရှစ်ရပ်ဝိုင်းသည့် မုန်တိုင်းလေဆိုး လက်နက်မိုးဃ်းရင်း။ ဝဿူ၊ မာန်ဟုန်ပျိုးလျက် တမျိုးဖျက်လို့ လက်နက်တခန်းမိုးဃ်းရေကြမ်းရင်း။ ပါသာဏံ၊ ပျက်ခါလွင့်ဖဲ ဖျက်ဖြိုခွဲဘို့ ကျောက်ခဲတမျိုး ကျောက်စိုင်မိုးဃ်းရင်း။ အာဝုခံ၊ အလျှံပြောင်လက် အသွားထက်သည့် စုလျက်ဖန်ပျိုး လက်နက်မိုးဃ်းရင်း။ တထာ၊ ထိုမှတပါး။ ဝါဠုကံ၊ ဖုံးဖိသေအောင် တမျိုးထောင်သည့် ပြုဆောင်ဖန်ချိုး သဲထုမိုးဃ်းရင်း။ ကုက္ကုဠံ၊ တဆင့်တတန် အထူးဖန်သည့် အကြံတမျိုး ပြာပူမိုးဃ်းရင်း။ ကလလံ၊နစ်အောင်ဖိအုပ် တမျိုးလုပ်ဘို့ ညာဏ်ထုတ်တမျိုး ရွှံ့ညွန်မိုးဃ်းရင်း။ အင်္ဂါရံ၊ ဖျက်လိုဖျက်ဆီး ပူလောင်မီးဖြင့် တနည်းထွင်ချိုး မီးကျိုးမိုးဃ်းရင်း။ အန္ဓကာရံ၊ ရှစ်မျက်နှာလုံး ပိတ်ကာဖုံးလျက် နှလုံးခိုက်အောင် အမိုက်မှောင်ရင်း။

ဣတိ၊ ဤသို့။ မာရေန၊ မာရ်နတ်ယုတ်သည်။ ဝိဿဋ္ဌေ၊ အငြိုးမာန်နှင့် ပစ်လွှင့်အပ်ကုန်သော။ ဣမေ နဝသတ္တေ၊ လေမိုးဃ်းကျောက်သဲ ညွန်မီးခဲနှင့် ပြာမှောင်မိုက်မှောင် ကြံဆောင်တိုက်ဖျက် ကိုးချက်သောလက်နက်တို့ကို။ ဝိဇယန္တံ၊ မြေလုံးငြိမ့်အောင် သက်သေဆောင်၍ အောင်ကြီးအောင်တော်မူထသော။ ဇိနံ၊ ငါးပါးမာန်နှင်အောင်ပွဲရှင်ဖြစ်တော်မူသော မြတ်စွာဘုရားကို။ နမေ-နမာမိ၊ လက်စုံမိုးကာ ရှိခိုးပါ၏ မြတ်စွာဘုရား။

တေနပုညေန၊ ချီးကျူးဝန္ဒနာ စေတနာပဏာမ ထိုပုညကြောင့်။ မယမ္ဘိ၊ ရုပ်-နာမ် ပေါင်းချုပ် ကျွန်ုပ်တို့သည်လည်း။ သဗ္ဗမာယုမေ၊ ညှဉ်းဆဲနှိပ်စက် လွှန်တိုက်ဖျက်သည့် လက်နက်မျိုးအစုံတို့ကို။ ဝိဇေယျံ၊ မမြင်ရ-မကြားရ အဝေးကပင် အောင်နိုင်ပြီး အောင်ခြင်းကြီး အောင်ရပါစေသား မြတ်စွာဘုရား။

အလောင်းတော်မြတ်ဘုရားအား ကိုးပါးသော လက်နက်ကြီးများဖြင့် တိုက်ခိုက်ရန်ငြိုး ဖျက်ချိုးဆုံးရှုံးအောင် ကြံဆောင် ပြီး စီးလာခဲ့တဲ့ ဝသဝတ္တိဘုံစံ မာရ်နတ်သား၏ရန်ကို တွန်းလှန် ပယ်ဖြုတ်ပြီး တမဟုတ်ချင်း အနိုင်စီးလျက် အောင်ခြင်းကြီး အောင်ကော်မူခဲ့တဲ့ ရှင်တော်မြတ်ဘုရားအား ဦးနှိမ် ရိုကျိုး လို့ ရှိခိုးကြည်စွာ ဝန္ဒနာ ပဏာမ ကုသလစေတနာ အဖြာဖြာတို့ကြောင့် ဘုန်းကြီးများနှင့်တကွ ပလ္လင်တော်ကြီးကို အောင်မြင်စွာ လှူဒါန်းကြတဲ့ ဒကာ-ဒကာမ ပလ္လက် ဒါယကာတွေမှာ လက်နက်ဘေးဒဏ် ပြင်ပရန်နှင့်တကွ အတွင်းရန်အဇ္ဈတ္တ ရန်ဟူသမျှ အပြီးပြတ်ပြီးတော့ အနီးအစပ်မှာတောင် အစမ်းမလာဘဲ ချမ်းသာဘွယ်ဆိုတဲ့ ကောင်းကျိုးတရားနှင့်သာ ပြည့်စုံရပါလို၏၊ ပြည့်စုံကြပါစေဟူ၍ ရှေးဦးစွာဆုတောင်းတဲ့ တရားအဆင်မှန်ဖြင့် စကားပလ္လင်ခံခြင်းပြုလိုက်ပါတယ်။

ပလ္လင်ဆိုတာက သေဋ္ဌ-ဇေဋ္ဌ-မဟန္တရ အဆင့်တရပ်၌ မြင့်မြတ်တဲ့ ပုဂ္ဂိုလ်များ သီတင်းသုံးရာ မဟာဌာနဖြစ်ပါတယ်။ သို့ပါသောကြောင့် အဆင့်အတန်းကြီးမားတဲ့ ဘုရားရှင်တို့စံစားဘို့ တရားတော်မြတ်တို့စံပယ်ရာ သံဃာတော်မြတ်များသီတင်းသုံးဘွယ်ဆိုပြီးတော့ရည်ရွယ်ညွှတ်နူး စိတ်ကူးသတ်မှတ်လျက် ထူးမြတ်တဲ့ ပလ္လင်တော်ကြီးကို လှူဒါန်း ပူဇော်ကြတဲ့ ဤအခမ်းအနားကြီးမှာ လှူဒါန်းတဲ့ ပလ္လင်တော်ဒါယကာများ၏ အကျိုးရပုံ အမြတ်ထွက်ပုံများကို အာရုံပြုပြီး နာယူကြဘို့ တိုက်တွန်းခဲ့ပါတယ်။

စိမ်းရောင်-နီ-ပြာ ရတနာကျောက်မြတ်တို့ဖြင့် လျှောက်ပတ်စွာ အသရေဆောင်လျက် ရွှေရောင်ရွှေသား ခမ်းနားစုံတင့် ဂုဏ်မြင့်အောင် စီမံထားပြီးဖြစ်တဲ့ မှန်စီရွှေချ ပလ္လင်တော်ကြီးကို ရတနာပုံ ရွှေဘုံကြငှန်းရွှေမန်းက ပင့်ဆောင်ခဲ့ပြီးတော့ မော်လမြိုင်မြို့သို့ရောက် မော်လမြိုင်က တဆင့် ဘီလူးကျွန်းကလှမ်းမြှော်လျက် ကမ်းပေါ်သို့ တက်ရောက်တဲ့အခါ

မှာ မျက်မှောက်ထင်ထင် ရွှေပလ္လင်ကို မြင်ကြတော့ ရှင်ပြုစွာသဘောကျ လျက် မနောဟာဒယမှုအရှိသာတဲ့အတွက် ဒူရိယာတို့ဖြင့် လမ်းတလျှောက် မှာ ခမ်းမြောက်ကြည်နူး အထူးပင့်ဆောင်လာကြပြီးတဲ့နောက် ယခုနေရာ ကလဘီ တိုက်ကျောင်းတော်ကြီးအပေါ် သို့တင် ပြင်ဆင်ကျန နေရာချပြီး တဲ့အခါတုန်းက ဘယ်ပုံဘယ်နည်း အသင်သင့်အောင် ပလ္လင်ဖွင့်ခဲ့သလဲလို့ ပြန်ပြီး အာရုံပြုကြစမ်း...။ (ဤစာပိုဒ်ကို လူဒါန်းသောမြို့ရွာ ကျောင်းကန် နှင့် လိုက်လျောအောင် ပြုပြင်၍ ဟောပြောရန် သတိပြုပါကုန်)။

မဆွလက်ဦး ပကတူးတရားဇင်အောင် ဘုရားရှင်၏ကိုယ်စားတော် ဖြစ်တဲ့ ဥဒ္ဒိဿစေတီတော်ကို ပလ္လင်အပေါ် သို့ ပင့်ဆောင်တင်ထားပြီးတော့ ဦးဦးဖျားဖျား ဘုရားရှင်အား ပူဇော်ကိုးကွယ်ခြင်း "ဗုဒ္ဓသရဏ" ဂုဏ်ကို တမျိုးတဖုံစီစဉ်ပြီး တီထွင်ကိုးကွယ်ခြင်းပြုခဲ့ကြတယ် မဟုတ်ပါလား။ အဲဒီ ကိစ္စကို ပြန်ပြီးတော့ အာရုံပြုကာ စဉ်းစားဆင်ခြင်ပြီး ကြည့်ကြပါ။

ဤကဲ့သို့ ပထမလက်ဦး အမှူးစစ္စာက မဟာဝိဇယဿဝ အပ္ပရာဇိတ ပလ္လင်တော်အဖျားဌ် စံစားတော်မူသော သက်တော်ထင်ရှား ရှင်တော် ဘုရားသို့ရောက်အောင် စိတ်ထားရှင်မြူး အထူးရည်ရော်လျက် ပူဇော်ခြင်း ပြုကြရပြီဖြစ်သောကြောင့် ပလ္လင်တော် ဒါယကာတို့ဟာ ဓမ္မသာမိ မုနိပုင်္ဂဝ သမ္ဗုဒ္ဓဘုရားရှင်ကို ရှိတင်ကော်ရော်၍ ပူဇော်ခြင်းပြုကြရလေပြီ။ ငါတို့ သဏ္ဍာန်၌ အနုတ္တရဂုဏ်ကို ရသဖြင့် ဗုဒ္ဓသရဏဂုံ၌ တည်ကြလေပြီဟု ဝမ်းမြောက်စွာ အာရုံပြုကြပေတော့။

> ယေကေစိ ဗုဒ္ဓံ သရဏံ ဂတာသေ၊
> န တေ ဂမိဿန္တိ အပါယဘူမိံ။
> ပဟာယ မာနုသံ ဒေဟံ၊
> ဒေဝကာယံ ပရိပူရေဿန္တိ။

ယေကေစိ၊ လူနတ်မဟူ ဆူဆူသောင်းသောင်း သတ္တဝါအပေါင်း တို့သည်။ ဗုဒ္ဓံ၊ ဂုဏ်တော်ထူးလတ် ရှင်တော်မြတ်ကို။ သရဏံ-သရဏံဂ္ဂတိ၊ ဆင်းရဲကိုဖျောက် ချမ်းသာရောက်အောင် ချီးမြှောက်တတ်ပေ၏ ဟူ၍။ ဂတာသေ၊ ယုံကြည်စိတ်စွဲ မှီဝဲဆည်းကပ်ကြကုန်၏။ တေဇနာ၊ ထိုသူ တို့သည်။ မာနုသံဒေဟံ၊ ရဆဲထိုထို လူ၏ကိုယ်ကို။ ပဟာယ၊ ဘဝအထူး

ကူးပြောင်း စုန်ပစ်ရသည်ရှိသော်။ အပါယဘူမိံ၊မဟိုလားအပ် လေးရပ်ရိပ်မြုံ အပါယ်ဘုံသို့။ နဂမိဿန္တိ၊ မလားရကုန်လတ္တံ့။ ဒေဝကာယံ၊ သုဂတိနန်း သာဆန်းရိပ်မြုံ နက်တို့ဘုံကို။ ပရိပူရေဿန္တိ၊ ပြည့်ဝစေကုန်လတ္တံ့။ ဝါ၊နတ်နန်းရိပ်သာ နတ်ချမ်းသာဝယ် ထယ်ဝါခန့်ညား လွန်ပျော်ပါးအောင် စံစားကြရမည်ဖြစ်ကုန်လေတော့သတည်း။

ဤဒေသနာတော်အရ မိမိလှူဒါန်းတဲ့ ပလ္လင်တော်ပေါ်သို့ ဘုရားရှင်ကိုပင့်တင်ပြီး လက်ဦးပင် ဗုဒ္ဓရှင်တော်မြတ်အား ပူဇော်ကိုးကွယ်ကြရသော ကောင်းမှုစေတနာကြောင့် အပါယ်လေးပါးက လွတ်ပြီးတော့ မချွတ်စတမ်း သုဂတိနန်းသို့ စံမြန်းရခြင်း အကျိုးကို ရနိုင်ကြောင်း ယုံကြည်စွာ အာရုံပြုကြပေတော့။

ထို့ပြင်လဲ တရားတော်ကိုဆောင်ထမ်းတဲ့ ရဟန်းတော်အများအား မြတ်တရားကိုရည်မှန်းပြီး လှူဒါန်းခြင်းပြုကြပါလျှင် တရားတော်ကိုပူဇော်သည် မည်ကြောင်းဖြင့် ကျမ်းအပေါင်း၌ မိန့်တော်မူသောကြောင့် ဓမ္မရေ မမ္မဒေသက ပုဂ္ဂိုလ်တို့အား ဘိတ်ကြားကာ ကြုံရွယ်ပြီး စပ္ပယ်သိတင်းသုံးတော်မူစေလျက် တရားတော်ကို ရည်ရော်ပြီး ပူဇော်ခြင်း ပြုကြပါသောကြောင့် ပလ္လင်တော်လှူဒါန်းတဲ့ ဒါယကာတစုတို့ဟာ ဗုဒ္ဓနိသေဝိတ အစစစုံတဲ့ ဓမ္မသရဏဂုံ၌လဲ တည်ကြလေပြီဟု ဝမ်းမြောက်စွာ အာရုံပြုကြပေတော့။

ယေကေစိ ဓမ္မံ သရဏံ ဂတာသေ၊
န တေ ဂမိဿန္တိ အပါယဘူမိံ။
ပဟာယ မာနုသံ ဒေဟံ၊
ဒေဝကာယံ ပရိပူရေဿန္တိ။

ဓမ္မံ၊ မဂ်ဖိုလ်ရှစ်တန် မြတ်နိဗ္ဗာန်နှင့် ဓမ္မက္ခန်ပရိယတ် တရားတော်မြတ်ကို။(အကြွင်းရှေးအတိုင်း အနက်ပေးလေ)။

ဤဒေသနာတော်အရ ဒကာ-ဒကာမတို့သဏ္ဍာန်မှာ ရတနာမြတ်တခု ဓမ္မသရဏဂုံနဲ့လဲ ပြည့်စုံကြပြီ ဖြစ်ပါသောကြောင့် အပါယ်လေးဝ ဒုဂ္ဂတိဘုံဘာဝမှ မုချပင် လွတ်ကင်းပြီးတော့ သန့်ရှင်းသော သုဂတိဘုံကို ခံယူံရတော့မည်ဟု ယုံကြည်စွာ အာရုံပြုကြပေတော့။

ထိုမှတပါးလဲ အရှင်ကောဏ္ဍညာ, အရှင်မဟာကဿပ, မူလနွယ်ဝင် သံဃာတော် အရှင်တို့မှဆက်စပ်၍ အမြင့်ဇာတ်ကြွယ် အရိယအနွယ်နှင့် ဆက်သွယ်ကာ အမှန်ယခု ရှိသည့် သမ္မုတိ ထေရ် သံဃာ တို့သည် ကား နိဗ္ဗေဓဘာဂိယ မဂ္ဂသစ္စိကိရိယပုဂ္ဂိုလ်တို့ပင် ဖြစ်ကြသောကြောင့် အရိယ သံဃာတော်များနှင့်မခြား တသားတည်းမှတ်ယူအပ်သည်နှင့်အညီ အရိယ နွယ်ဝင် သံဃာတော်အရှင်တို့အား ရှိတင်ဦးညိတ် ပင့်ဘိတ်သီတင်းသုံးစေ ပြီးတော့ ရှိတင်ရိုကျိုး ရှိခိုးပူဇော်ကြပါသောကြောင့် ပုညခေတ္တ မှန်စွ အစုံ သံဃသရဏဂုံ၌လဲ တည်ကြလေပြီဟု ဝမ်းမြောက်စွာ အာရုံပြုကြ ပေတော့။

ယေကေစိ သံဃံ သရဏံ ဂတာသေ၊
န တေ ဂမိဿန္တိ အပါယဘူမိံ။
ပဟာယ မာနုသံ ဒေဟံ၊
ဒေဝကာယံ ပရိပူရေဿန္တိ။

သံဃံ၊အရိယာဇာတ် သံဃာမြတ်နှင့် ဆက်စပ်ယခု သမ္မုတိမည်ခေါ် သံဃာတော် အပေါင်းကို။ (အကြွင်းကို ရှေးအတိုင်း အနက် ယောဇနာ ပါကုန်)။

ဤဒေသနာတော်အရ သံဃသရဏဂုံနှဲ့လဲ မွမ်းထုံပြည့်ဝ ဆည်းကပ် ကြ ပူဇော်ကြရပြီ ဖြစ်ပါသောကြောင့် ငါတို့သဏ္ဍာန်မှာ အောက်သို့မစုန် အထက်ဘုံသုဂတိခရိုင်မှ နိဗ္ဗာန်တိုင် သွားနိုင်သော ကောင်းမှုတရားနှင့် ပြည့်စုံကြပြီဟု ဝမ်းမြောက်ဘို့ ဟောပြောခဲ့ရပါတယ်။

ထူးလှရတနာ၊ မြတ်အိပ်ယာနှင့်၊ တဖြာပါသာဒ၊ အနဂ္ဃအခင်း၊ ဆင့်မြင်း, ထမ်းစင်၊ တသွင် သံလျှင်း၊ ကျွန်ရင်း မိန်း-ယောက်၊ တထောက်ပြင်လျှာ၊ လှစွာမိန်းမ၊ ကုလဝရံ၊ မျှားဟန်ဘောဂ၊ ထူးလှစည်းစိမ်၊ ကင်းငြိမ်မစွေ၊ လိုလေဌာန၊ ပလ္လင်ရ၏၊ ပန္နရသ၊ ဤဖလသည်၊ ဒါနပလ္လင်အကျိုးတည်း။

ယခုရွတ်ဆိုခဲ့တဲ့လင်္ကာက ပလ္လင်လှူဒါန်းကြတဲ့ ဒါယကာများခံစား ရနိုင်တဲ့ တဆယ့်ငါးပါးသော အကျိုးကို မှတ်လွယ် ဆောင်လွယ် အောင် လင်္ကာ သီကုံးထားခြင်း ဖြစ်ပါတယ်၊ အကျဉ်း မျှ ရှင်း လင်း ပြရသေး တာပေါ့။

ပလ္လင်လှူဒါန်းတဲ့ ဒါယကာများမှာ....

(၁) တပါးသောရတနာတို့ထက် ထူးကဲသော ရတနာကိုရခြင်း၊
(၂) မွန်မြတ်သောအိပ်ယာနေရာကိုရခြင်း၊
(၃) နေထိုင်စရာ ဗိမာန်ပြာသာဒ်ကိုရခြင်း၊
(၄) အဘိုးအနဂ္ဃတန်တဲ့အခင်းကိုရခြင်း၊
(၅) ဆင်ယာဉ်ကိုရခြင်း၊
(၆) မြင်းယာဉ်ကိုရခြင်း၊
(၇) ထမ်းစင်ကိုရခြင်း၊
(၈) သံလျင်းကိုရခြင်း၊ (သံလျင်း ဆိုတာက ရိုးရိုး ထမ်းစင်လို မဟုတ်ဘဲ အမိုးအကာများဖြင့် အထူးစီမံထားတဲ့ ထမ်းစင် ဟူ၍ ကြားဘူးရတယ်)။
(၉) ကျွန်မိန်းမကိုရခြင်း၊
(၁၀) ကျွန်ယောကျ်ားကိုရခြင်း၊
(၁၁) အဆင်းသဏ္ဍာန် ကြန်အင်လက္ခဏာနှင့် ပြည့်စုံသောမိန်းမကို ရခြင်း၊
(၁၂) မြတ်သောအမျိုးမှာသာ ဖြစ်ရခြင်း၊
(၁၃) ဥစ္စာပေါကြွယ်ဝ၍ ထူးကဲသော စည်းစိမ်နှင့် ပြည့်စုံရခြင်း၊
(၁၄) ဝန်တိုသော မစ္ဆေရတရားမရှိခြင်း၊
(၁၅) မိမိအလိုရှိသောနေရာမှာ ပလ္လင်ပေါ်ပေါက်လာရခြင်း။

အဲ-ဤကဲ့သို့ ပလ္လင်ဒါယကာတို့ရနိုင်တဲ့အကျိုး၁၅-ပါးကို စဉ်းစား ကြည့်ကြမယ်ဆိုရင် ဘယ်လောက် အားရစရာ ဝမ်းသာစရာ ကောင်းပါ သလဲ၊ ကုသိုလ်ဆိုတာ မုချကောင်းကျိုးကို ပေးမယ်ဆိုတာ တထစ်ကျ ဆုံးဖြတ်ပြီးတော့ ရတနာသုံးပါး၌ ယုံကြည်မှုသဒ္ဓါဖြစ်အောင် ကြိုးစားကြ ပါလို့ တိုက်တွန်းပါဘယ်။

တိုမှတပါးလဲ ပလ္လင်လှူဒါန်းတဲ့ ဒါနခန်း ကုသိုလ်အလုပ်ကြောင့် သုဂတိဘုံအဆင့်ဆင့်မှ နေရာတကျတက်လှမ်းပြီး နိဗ္ဗာန်နန်းအထိ အကျိုး ခံစားသွားရတဲ့ အဋ္ဌုပ္ပတ္တိကို ထင်ရှားစွာထုတ်ပော်ပြီး ပြရသေးတာပေါ့။

ဤကမ္ဘာက နောက်ဆုတ်ပြန်၍ ရေတွက်သည်ရှိသော် ကမ္ဘာပေါင်း သုံးသောင်းထက်က သုမေဓာဘုရားရှင် ပွင့်တော်မူတဲ့ ဗုဒ္ဓခေတ်အခါတော်က ဖြစ်ပါတယ်။ နိဗ္ဗာန်ရောက်ကြောင်းဖြစ်တဲ့ ကောင်းမှုတွေကို ဆည်းပူး အားထုတ်တတ်တဲ့ ဂဟပတိကုလ သူကြွယ်အမျိုးသား ဒါယကာတယောက် ဟာ ပလ္လင်ဒါယကာ ဖြစ်ပါတယ်။

ထိုသူကြွယ် ဒါယကာဟာ မြတ်စွာဘုရားအား အလွန်ကြည်ညိုတဲ့ သဒ္ဓါပသန္နရှိတဲ့အတိုင်း သုမေဓာအမည်ရှိတဲ့ မြတ်စွာဘုရားအား ပလ္လင်တော်ကို ရိုသေလေးစားစွာ လှူဒါန်းခဲ့ပါတယ်။

အဲဒီပလ္လင်တော် လှူဒါန်းခဲ့တဲ့ ကောင်းမှုစေတနာကြောင့် ၈၁ကမ္ဘာ ပေါင်းများစွာ ဒုဂ္ဂတိဘဝသို့လားရောက်ရခြင်းမရှိမူ၍ သုဂတိဘဝအတွင်း မှာ ကျင်လည်ပြီးတော့ သုဂတိချမ်းသာတွေကိုသာ ခံစား-စံစားနေရာက နောက်ဆုံး ပစ္ဆိမဘဝကျတော့ ငါတို့မြတ်စွာဘုရားပွင့်တော်မူရာလက်ထက် တော်ရောက်ပါရော။ မြတ်စွာဘုရား လက်ထက်တော်ကျတော့ ဘုရားရှင် ပွင့်တော်မူရာဌာန၌ မြင့်မြတ်သော သူကြွယ်အမျိုးမှာဖြစ်ပါသတဲ့။

ထိုအခါမှာလဲ သာသနာတော်ကို ကြည်ညိုတဲ့သဒ္ဓါဓာတ်က အမြဲ တမ်း လှုံ့ဆော်ပေးနေတော့ တနေ့သော အခါ၌ မြတ်စွာဘုရားတရား တော်ကို နာယူရတဲ့အတွက် သဒ္ဓါပဗ္ဗဇိတသဘောနဲ့ ရဟန်းပြုတော်မူတယ်။ ရဟန်းပြုပြီး မကြာမီဘဲ အရဟတ္တဖိုလ်ပေါက် ခရီးရောက်အောင် ရဟန်း ကိစ္စ ပြီးမြောက်ပြီး သွားသတဲ့။

ရဟန်းဖြစ်သွားတဲ့အခါမှာလဲ ရှေးဘဝက ပြုစု အားထုတ်ခဲ့ဘူးတဲ့ ပလ္လင်၏အမည်အတိုင်းဘဲ "ပလ္လင် ဒါယကာမထေရ်" လို့ ၎င်းအမည်နဲ့ဘဲ ကျော်ကြား ထင်ရှားတော်မူပါတယ်။

တနေ့သောအခါမှာ ထိုမထေရ်မြတ်သည် မိမိရှေးက ပြုခဲ့ဘူးတဲ့ ကောင်းမှုကံကို ဆင် ခြင် အောက် မေ့ ပြီး တော့ ဝမ်းမြောက်ဝမ်းသာ သာယာရွှင်လန်း ဥဒါန်းကျူးတော်မူတဲ့ ဒေသနာတော်ကို နာယူကြည်ညို ကြပေတော့။

တိံသကပ္ပသဟဿမှိ၊
ပလ္လင်္ကမဒဒိံ ဒဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊
ပလ္လင်္ကဿ ဣဒံ ဖလံ။

တဒါ၊ သုမေဓာဘုန်းမော် ပွင့်တော်မူသောထိုအခါက။ တိံသကပ္ပသဟဿမှိ၊ ကမ္ဘာသုံးသောင်းထက်၌။ ပလ္လင်္ကံ၊ ရတနာစုံစီခြယ်၍တင့်တယ်စွာ ပြုပြင်အပ်သော ပလ္လင်တော်မြတ်ကို။ အဒဒိံ၊ စိတ်ထားကြည်နူးအထူးကော်ရော် ပူဇော်လှူဒါန်းခဲ့ပါပြီ။ တေန၊ ထိုသို့ပလ္လင်တော်ကိုလှူဒါန်းခဲ့ရသော ဒါနကုသိုလ်ကြောင့်။ အဟံ၊ ငါသည်။ ဒုဂ္ဂတိံ၊ အပါယ်လေးဝ ဒုဂ္ဂတိဘုံဌာနကို။ နာဘိဇာနာမိ၊ မသိမမြင် မလားမရောက်ခဲ့ရပေ။ ဣဒံ၊ ဤသို့ဖွံ့ဖြိုး ကောင်းကျိုးကိုခံစားရခြင်းသည်။ ပလ္လင်္ကဿ၊ လှူဒါန်းကြည်ဖြူ ပလ္လင်အလှူ၏။ ဖလံ၊ အကျိုးပေတည်း။

ဝီသကပ္ပသဟဿမှိ၊
သုဝဏ္ဏာဘာ တယော ဇနာ။
သတ္တ ရတန သမ္ပန္နာ၊
စက္ကဝတ္တီ မဟဗ္ဗလာ။

ဝီသကပ္ပသဟဿမှိ၊ ကမ္ဘာနှစ်သောင်းထက်၌။ သတ္တရတနသမ္ပန္နာ၊ ရတနာခုနစ်ပါးတို့ဖြင့် အမြောက်အမြားပြည့်စုံကုန်သည်ဖြစ်၍။ မဟဗ္ဗလာ၊ ဗိုလ်ပါအင်အား မြောက်မြားစွာကုန်ထသော။ သုဝဏ္ဏာဘာ၊ ရွှေရောင်ဝင်းဝင်းထိုအဆင်းကြောင့် မည်ရင်းလှပ သုဝဏ္ဏာဘာအမည်ရှိကုန်ထသော။ တယော၊ သုံးကြိမ်တိုင်ရောက် သုံးယောက်သားဖြစ်ကုန်သော။ စက္ကဝတ္တိရာဇာ၊ စကြာမင်းတို့သည်။ အာသုံ၊ ဖြစ်ခဲ့ဘူးကုန်ပြီ။

ပဋိသမ္ဘိဒါ စတဿော၊
ဝိမောက္ခာပိ စ အဋ္ဌိမေ။
ဆဠဘိညာ သစ္ဆိကတာ၊
ကတံ ဗုဒ္ဓဿ သာသနံ။

စတဿော၊ လေးပါးကုန်သော။ ပဋိသမ္ဘိဒါစ၊ ပဋိသမ္ဘိဒါဉာဏ်တို့ကိုရင်း။ အဋ္ဌ၊ ရှစ်ပါးကုန်သော။ ဣမေ ဝိမောက္ခာစ၊ ဤဝိမောက္ခတရားတို့ကိုရင်း။ ဆဠဘိညာစ၊ ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း။ သစ္ဆိကတာ၊ မျက်ဝါးထင်ထင် သိမြင်မပြတ် မျက်မှောက်ပြုအပ်ကုန်ပြီ။ ဗုဒ္ဓဿ၊ ကျေးဇူးတော်သခင် ဘုရားရှင်၏။ သာသနံ၊ သွန်သင်ပြသ အဆုံးအမတော်ကို။ ကတံ၊ လိုက်နာကျင့်သုံး လမ်းဆုံးတိုင်ပေါက် ခရီးရောက်ခဲ့လေပြီ။

အဲ-ဤကဲ့သို့ ပလ္လက်ဒါယကမထေရ်ကိုယ်တိုင် ကျင့်သုံးလျှံဒါန်းခဲ့တဲ့ ပလ္လင်တော်ဒါနကြောင့် ဘဝအဆက်ဆက် အောက်သို့မသက်မူ၍ အထက်တန်းဖြစ်သော သုဂတိဘုံ၌သာ စုန်ဆန်သွားလာ ကောင်းမွန်စွာသော သုဂတိချမ်းသာတွေကို ခံစား-စံစားရပြီးနောက် အဆုံးစွန်သောဘဝသို့ ရောက်ခဲ့ပြီးလျှင်-

ပဋိသမ္ဘိဒါလေးပါး ရှစ်ပါးသောဝိမောက္ခ ခြောက်ဝသော အဘိညာဉ်တို့ဖြင့် ပျော်ရွှင်စွာ မဂ်လမ်းပေါက်ပြီးတော့ အထက်တန်းသို့ ရောက်ခဲ့ရပြီဟု ထုတ်ဖော်ဟောကြားသော ပလ္လက်ဒါယကမထေရ်၏ ဒေသနာစဉ်ကို စိတ်ဝင်ဉာဏ်ရှု အာရုံပြုလျက် နိဗ္ဗာန်ဆု ပတ္ထနာစကားဖြင့် သဒ္ဓါပွားကာ စုပေါင်းပြီး ဆုတောင်းခြင်းပြုကြစေကုန်သတည်း။

ပလ္လက်ဒါနကထာ ပြီး၏။

---

## နယော အမိတဂုဏာဂဏာဝရသာ ဓေယျာတု (၆၃) ဗုဒ္ဓါဘိသေက ပဟာမင်္ဂလာ အနေကဇာတင်တရားတော်

စကြဝဠာတိုက်ပေါင်း တသောင်းသော လောကဓာတ်ဟု ဆိုအပ်သော "ဇာတိခေတ်"၊ စကြဝဠာ ကုဋေတသိန်းဟု ဆိုအပ်အော "အာဏာခေတ်"၊ အဆုံးမရှိသော အနန္တစကြဝဠာဟုဆိုအပ်သော "ဝိသယခေတ်"၊ ၎င်းခေတ် သုံးခေတ်လုံး၌ အမြင့်ဆုံး-အမြတ်ဆုံး တုနှိုင်းမရ သောဠ-ဇေဠ ပရမဝိသုဒ္ဓိ မုနိပုင်္ဂမ ဓမ္မရာဇာ မဟာအတုလ သမ္ဗုဒ္ဓမည်တွင် ဘုရားရှင်သည် မဟာသက္ကရာဇ် ၆၈-ခု ဥတုဂိမှာန ကဆုန်လပြည့် သောကြာနေ့က ဝိသာခါနက္ခတ်နှင့် စန်းယှဉ်လျက် မိဲရှူးသန့်စင် ဖွားမြင်တော်မူခဲ့ပြီးသည်နောက် မဟာသက္ကရာဇ် ၉၇-ခု ဥတုဂိမှာန ဝါဆိုလပြည့် တနင်းလာနေ့ ညဉ့်သန်းခေါင်ယံအချိန်ကာလ ထီးနန်းကိုစွန့်ခွာလျက် တောထွက်တော်မူခဲ့ပြီးလျှင်-

မဟာသက္ကရာဇ် ၁၀၃-ခု ဥတုဂိမှာန ကဆုန်လပြည့်နေ့တွင် နေမဝင်မီအခါကပင်လျှင် ဒေဝပုတ္တမာရ်ကို အောင်တော်မူပြီးသည့်နောက် ညဉ့်ဦးယံအခါမှာ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကိုရတော်မူတယ်။သန်းခေါင်

ယံအခါမှာ ဒိဗ္ဗစက္ခုဉာဏ်ကို ရတော်မူပြီးလျှင် မိုးသောက်ထ လင်းအားကြီး အခါကျတော့ ကိလေသာမှုမေး အညစ်အကြေးတွေ အကုန်ထွင်ပြီး သကာလ သန့်စင်သော အာသဝက္ခယ ဉာဏ်တော်ကြီးကို လက်ဆုပ်လက်ကိုင် ပိုင်ပိုင်ကြီး ရတော်မူလျက် သမ္ဗုဒ္ဓထင်ရှား ဘုရားအဖြစ်သို့ ရောက်တော်မူပါတယ်ဟူ၍ ဗုဒ္ဓဝင်အကျဉ်းချုပ်ကို ရှေးဦးစွာ ထုတ်နှုတ်ပြီး ပြခဲ့ပါတယ်။

ရှင်တော်မြတ်ဘုရားသည် နှစ်တွေ့လတွေ့ရက်တွေ ရေချ ဂဏန်းပြုပြီး ရေတွက်လို့မရနိုင်အောင် များပြားလှတဲ့ ဘဝအနန္တ အလွန့်အလွန်ဝေးကွာလှတဲ့ ခရီးကာလကြီးကပင်လျှင် နှစ်သက်ဆန္ဒ အာသီသကြီးကြီးဖြင့် အနည်းနည်းဒုက္ခခံ အတန်တန်ရှာမှီးခဲ့ရတဲ့အတွက် မျက်မှောက်ထင်ထင် လိုချင်တဲ့ သဗ္ဗညုတဉာဏ်တော်မြတ်ကို ရတော်မူတော့ အလွန့်အလွန် နှစ်သက်ပြီး အလွန့်အလွန် ဝမ်းမြောက်တော်မူတဲ့အတွက် နှုတ်တော်ကတွက်ပြီး မမြွက်ခင် - မဟောခင် စိတ်တော်မှာဆင်ခြင်ပြီးတော့ အရင်ဆုံး ပေါ်ပေါက်တော်မူတဲ့ ဒေသနာတော်ကို ဘုရားရှင်အားဦးခိုက်ပြီး စူးစိုက်စွာ နာယူကြ။

အနေကဇာတိ သံသာရံ၊
သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊
ဒုက္ခာ ဇာတိ ပုနပ္ပုနံ။
ဂဟကာရက ဒိဋ္ဌောသိ၊
ပုန ဂေဟံ န ကာဟသိ။
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊
ဂဟကူဋံ ဝိသင်္ခတံ။
ဝိသင်္ခါရဂတံ စိတ္တံ၊
တဏှာနံ ခယ မဇ္ဈဂါ။

ပုနပ္ပုနံ၊ အဖန်တလဲလဲ တဘဝပြီးတဘဝ ပြောင်းလွှဲလျက်။ ဇာတိ၊ ပဋိသန္ဓေနေခဲ့ရခြင်းသည်။ ဒုက္ခာ၊ ဆင်းရဲလှပေ၏။ တသ္မာ၊ ထိုသို့အနှံ့နှံ့ ဆင်းရဲခဲ့ရ လေသောကြောင့်။ ဂဟကာရံ၊ ခန္ဓာ အိမ်ကို ပေါ်ယုတ်ပြီး

ဆောက်လုပ်ပေးတဲ့ လက်သမားကို၊ ဂဝေသန္တော၊ တွေ့အောင်မနေသာ၍ ဖွေရှာခဲ့သော ငါသည်။ အနိဗ္ဗိသံ၊ သူ့ကိုအမှန် အမြင်သန်သည့် ဉာဏ်ကို မရသေးသောကြောင့်။ အနေကဇာတိသံသာရံ၊ တပါးမက ဘဝများစွာ သံသရာပတ်လုံး။ သန္ဓာဝိဿံ၊ ပြေးသွားကျင်လည်ခဲ့ရလေပြီ။

ဂဟကာရက၊ခန္ဓာကိုယ်စုတ် ငါ့အိမ်နုပ်ကို ဆောက်လုပ်တတ်ငြား ဟယ်လက်သမား။တံ့၊ သင်ကို။ ဒိဋ္ဌော၊ အခြားသူမဟုတ် တဏှာယုတ်ဟု အဟုတ်ထင်ထင် ငါသိမြင်သည်။ အသိ၊ ဖြစ်ပြီ။ တံ့၊ တအိမ်ပြီးနောက် တအိမ်ဆောက်ဘို့ လာရောက်စောင့်စား သင်လက်သမားသည်။ ပုန၊ နောက်ထပ်တဖန်။ ဂေဟံ၊ငါ၏ခန္ဓာ ငါ့အိမ်သာကို။ နကာဟသိ၊ ငါ့ထံ မချဉ်း သင်ရှောင်ကွင်းတော့ အလျှင်းဆောက်လို့မရတော့ပြီ။ တေ၊တဏှာ ယောကျ်ား သင်လက်သမား၏။ ဖာသုကာ၊ အခြင်ရနယ် အသွယ်သွယ်သို့ ပေါယယ်များစွာ ကိလေသာတို့ကို။ ဘဂ္ဂါ၊စိစိကြေညက် ငါချိုးဖျက်အပ် ကုန်ပြီ။ ဂဟကူဋံ၊ ခေါင်စီးမချွတ် အဝိဇ္ဇာတည်းဟူသော အိမ်အထွဋ်ကို။ ဝိသင်္ခတံ၊ မှုန့်မှုန့်ချေမွ ငါချိုးချအပ်လေပြီ။

မေ၊ ငါဘုရား၏။ စိတ္တံ၊ သန့်ရှင်းကြည်လင် စိတ်အစဉ်သည်။ ဝိသင်္ခါရဂတံ၊ သင်္ခါရကုန် မြတ်နန်းဘုံသို့ ခိုလှုံဝင်ရောက်ရလေပြီ။ တဏှာနံ၊ တရာ့ရှစ်ပါး တဏှာအများတို့၏။ ခယံ၊ ကုန်ကြောင်းဧကန် အရဟတ္တဖိုလ်ဉာဏ်ကို။ အဇ္ဈဂါ-အဓိဂတော၊မယိမ်းမယိုင်ကြွကြွခိုင်လျက် ပိုင်ပိုင်ကြီးရရှိခဲ့လေပြီ။

ယခုရွတ်ဆို ဟောပြောခဲ့တဲ့ ဒေသနာတော်က ရှင်တော်ဘုရား သဗ္ဗညုတ အစစ် ဘုရားအဖြစ်သို့ ရောက်တော်မူသည်နှင့် တပြိုင်နက် နှုတ်တော်က ဧကားတခွန်းမျှ မမြွက်ကြားသေးမီ ဦးဦးဖျားဖျားစိတ်တော်ဖြင့် ကျူးရင့်တော်မူတဲ့ "မနသာဥဒါန်း" ဒေသနာတော်လို့ ခေါ်ဆို ရတယ်။

ဗုဒ္ဓဝစနဆိုတဲ့ မြတ်ဘုရား စကားတော်များဟာ ပထမ ဗုဒ္ဓဝစန, မဇ္ဈိမဗုဒ္ဓဝစန, ပစ္ဆိမဗုဒ္ဓဝစန ဤသို့အားဖြင့် သုံးမျိုးသုံးစား ပိုင်းခြားပြီး မှတ်ကြရမယ်။

ဗုဒ္ဓဝစနခေါ်တဲ့ ဘုရားစကားတော်သုံးမျိုးရှိတဲ့အနက်....

စိတ်တော်က အာရုံပြုပြီး ကျူးရင့်တော်မူတဲ့ "အနေကဇာတိ သံသာရံ"အစရှိတဲ့"မနသာဥဒါန်း"နှင့်တကွ ဦးဦးဖျားဖျား နှုတ်တော်ဖြင့် မြွက်ဟဟောကြားတော်မူတဲ့ "ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ"အစရှိတဲ့ "ဝစသာဥဒါန်း" အဲဒီစကားတော်နှစ်မျိုးကို ပထမဗုဒ္ဓဝစနလို့ မှတ်ကြရမယ်။

မြတ်စွာဘုရား ကုသိနာရုံပြည့် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ် တော၌ ပရိနိဗ္ဗာန် ဝင်စံတော်မူ လုနီး အခါက နောက် ဆုံး မိန့်ကြား မှာသွားတော်မူတဲ့ "ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊ ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ" အဲဒီဒေသနာတော်က ပစ္ဆိမဗုဒ္ဓဝစန နောက်ဆုံးစကားတော် ဖြစ်တယ်။

သက်တော်ရှစ်ဆယ် ဝါတော်လေးဆယ့်ငါးဝါပတ်လုံး လူ့နတ်၊ ဗြဟ္မာ၊သတ္တဝါမှန်သမျှတို့အား မဟာကရုဏာကြီးစွာထားပြီး ဟောကြားတော် မူသွားပဲ့ ပိဋကအားဖြင့် သုံးသွယ်၊ နိကာယ်အားဖြင့် ငါးဖြာ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်း၊ လေးထောင် ရှိတဲ့ ဘုရားမုက္ခပါဌ် ပိဋက အစုံကို အလယ်အလတ်ဖြစ်တဲ့ မဇ္ဈိမဗုဒ္ဓဝစနဟူ၍ မှတ်သားကြရမယ်။ အဲဒါက ဗုဒ္ဓဝစနသုံးပါးကို ခွဲခြားပြခဲ့တာပါ။

ကိစ္စအားလျော်စွာ အနေကဇာတင်နဲ့ ပတ်သက်တဲ့ အကြောင်း အရာများကို ဟောပြောကြစို့ရဲ။ ဗုဒ္ဓဝါဒတော်ကို လိုက်နာကျင့်သုံးကြတဲ့ ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တို့ သဏ္ဍာန်မှာ မိမိတို့အိမ်၌ စ၊ စဦး တည်ထား ကိုးကွယ်ကြတဲ့အခါမှာ ဖြစ်စေ။ သို့တည်းမဟုတ် သာဓုါတရားအလျောက် တနှစ်တကြိမ် ဖြစ်စေ၊ မိမိတို့ကိုးကွယ်တဲ့ ရုပ်ပွားတော် ဆင်းတုတော် များအား အနေကဇာတင် ဗုဒ္ဓါဘိသေကမင်္ဂလာပြုလုပ်ပြီးတော့ ပူဇော်ကြ ပေတယ်၊ ၎င်းပူဇော်ပွဲကို အင်မတန်အဘိုးတန်တဲ့ ပူဇော်ပွဲလို့ အားပေး တိုက်တွန်းခဲ့ပါတယ်။

အနေကဇာတင်တယ် ဆိုတာက ဘုရားဖြစ်တော်မူစက ရှင်တော် မြတ်ဘုရား ဝမ်းမြောက်ဝမ်းသာ ရွေးဦးစွာဥဒါန်း ကျူးတော်မူတဲ့ ပထမ ဗုဒ္ဓဝစနဒေသနာတော်နဲ့ ရွတ်ဆိုပြီးတော့ မြတ်စွာဘုရားအား ပူဇော်ခြင်း ဖြစ်ပေတယ်။

တချို့ယူဆကြတာက အနေကဇာ တင်ပြီးတော့ ဘုရားဖြစ်အောင် စိမံရတာ အနေကဇာတင်မှ ဘုရားဖြစ်တယ်ဟူ၍ ယူဆပြောဆိုသံကြားရဘူးတယ်။ စဉ်းစားစရာကလေး ပြောရအုံးမယ်၊ ဘုရားအလောင်းတော်များဟာ ဘုရားဖြစ်အောင် သခေျသဲ့ချာ မြောက်မြားစွာသော ကာလပတ်လုံး ပါရမီဆယ်ပါး၊ စရိယသုံးပါး၊ စွန့်ခြင်းကြီးငါးပါးအစရှိတဲ့ ဘုရားဖြစ်ကြောင်း အကျင့်ပေါင်းများစွာတို့ကို သဲသဲမဲမဲကျင့်တော်မူပြီးမှ ဘုရားအဖြစ်သို့ ရောက်တော်မူကြပုံကို သိပြီးသား ဖြစ်ကြတယ် မဟုတ်ပါလား။ အနေကဇာတင်ရုံနဲ့ ဘုရားဖြစ်နိုင်တယ် ဆိုရင်တော့ တော်တော်လွယ်တဲ့ ကျင့်စဉ်ဖြစ်မနေဘူးလား။ အယူအဆမလွဲအောင် ရှင်းလင်းပြရခြင်းဖြစ်ပါတယ်။

ယခု အနေကဇာတင်ကြတာက ပထမ ဗုဒ္ဓဝစန ဒေသနာတော်နဲ့ မြတ်စွာဘုရားအား ပူဇော်ကိုးကွယ်တဲ့ "ဗုဒ္ဓပူဇနိယ မင်္ဂလာ" ကုသိုလ်ကို ပြုလုပ်တယ်လို့ မှတ်သားကြပေတော့။

ရုပ်ပွားဆင်းတုတော်, စေတီတော်များနှင့်တကွ ဘုရားကား, ဘုရားပုံတော်များကို ကိုးကွယ်ပူဇော်ရေးနှင့် ပတ်သက်ပြီးတော့ ရှင်းလင်းချက်ပေးရသေးတာပေါ့။

ဓာတုစေတီ၊
ဓမ္မစေတီ၊
ဥဒ္ဒိဿစေတီ၊
ပရိဘောဂစေတီ....

ဟူ၍ မြတ်စွာဘုရား ညွှန်ကြားတော် မူခဲ့တဲ့ ပူဇော် ကိုးကွယ်ရာ စေတီတော်တွေဟူသမျှဟာ ကိုးကွယ်ရာ စေတီမြောက်ပြီးသားဖြစ်ပုံကို နဲနဲ ရှင်းပြရမှာပေါ့။

မြတ်စွာဘုရား၏ အသွေးဓာတ်, အသားဓာတ်, အရိုးဓာတ် စသည်တို့ကဖြစ်တဲ့ ဓာတ်တော်များဟာ မူလပကတိအတိုင်းပင် ပူဇော်ရာ "ဓာတုစေတီ" ဖြစ်နေပြီဟူ၍ မှတ်ကြ။

ဘုရား မုက္ခ ပါဌ် ဗုဒ္ဓဿ မုက္ကံသိက ဖြစ်တဲ့ ဓမ္မက္ခန္ဓာ အပေါင်း ရှစ်သောင်းလေးထောင်သော ပိဋကတော် စာပေကျမ်းဂန်များဟာ မူလပကတိအတိုင်း ပူဇော်ရာ "ဓမ္မစေတီ"ဟူ၍ မှတ်ကြပါ။

မြတ်စွာဘုရားသုံးဆောင်တော်မူတဲ့မဟာဗောဓိပင်, ရွှေပလ္လင်တော်, ကျောင်းတော်, သပိတ်သင်္ကန်းတော် အစရှိဘဲ့ အသုံးအဆောင်များဟာ ဘယ်လိုမျှ မပြုပြင်ရဘဲနဲ့ မူလအတိုင်းပင် ပူဇော်ရာ "ပရိဘောဂစေတီ" ဖြစ်နေပြီဟူ၍ မှတ်ကြရမယ်။

ကြေး-သံ့ကျောက် အစရှိသည်တို့ကို ထုလုပ်ထားတဲ့ ရုပ်ထုတော်များဟာ ကြည်ညိုဘွယ်ရာ တင့်တယ်သပ္ပါယ်အောင် ပြည့်ပြည့်စုံစုံ ထုလုပ်ပြီးပြီဆိုရင် မြတ်စွာဘုရားအား ရည်ရွယ်ပြီးတော့ ပူဇော်ထိုက်တဲ့ "ဥဒ္ဒိဿစေတီ"ဖြစ်ပြီဟူ၍ မှတ်ကြ။

ခတ်ကား-ခတ်ပုံများနှင့်တကွ ကြည်ညိုဘွယ်ဖြစ်အောင် အပြည့်အစုံရေးခြယ်ပြီးဖြစ်တဲ့ ဘုရားပုံတော်ကားများဟာလဲ ရေးခြယ်၍ ပြီးတဲ့အခါကစပြီးတော့ ပူဇော်ရာ"ဥဒ္ဒိဿစေတီ" ဖြစ်နေပြီ-သို့ မှတ်ကြပေတော့။ အနေကဇာတင်ပြီး ဘုရားဖြစ်အောင် ပြုပြင်ဘို့ မလိုတော့ပါဘူး။

အဲဒီရှင်းတမ်းကလေးကို သတိပြုပြီးတော့ အနေကဇာတင်မှ ဘုရားဖြစ်မယ်ဆိုတဲ့ယူဆချက်ကို စွန့်ဘို့ဖြစ်ပေတယ်။ ဤရှင်းတမ်းနဲ့ အနေကဇာတင်မှုကို မကန့်ကွက်ကြောင်းကိုလဲ သတိပြုပါ။

မြတ်စွာဘုရားကို ပူဇော်တဲ့ကိစ္စနဲ့ ပတ်သက်ပြီးကော့ ဗုဒ္ဓရှင်တော်မြတ်ကို အာရုံပြုကြရအောင် ကြည် ညို ကြ ရ အောင် ယာ့ ဟော ပြော မဲ့ ဟောပြောချက်ကို စူးစိုက်ခါ နာယူနှလုံးသွင်းပြီး ကြည်ညိုနိုင်ကြပါစေ။

ရှင်တော်မြတ်ဘုရားသည် သဗ္ဗညုတဉာဏ်တော်ကြီးကိုရ၍ ဘုရားအဖြစ်သို့ရောက်တော်မူတော့ အလွန်အလွန်နှစ်သက်ဝမ်းမြောက် ပီတိဇောတွေ ပေါက်ပြီးလျှင် စိတ်နှလုံးထဲတွင် အထင်းသား ပေါ်လျက် ကျူးရင့်တော်မူသည်မှာ....

"အော်-ငါဘုရားသည် တဘဝကတဘဝသို့ပြောင်းပြီး ဘဝပေါင်းများစွာ အခါခါအထပ်ထပ် ဒလစပ်ဖြစ်ခဲ့ရ ပဋိသန္ဓေကိုယူခဲ့ရတာတွေဟာ အလွန် ဆင်းရဲလှပါကလား"လို့ ဦးစွာ ညည်း တွား လျက် ဒုက္ခတရားကို ရှုစားတော်မူပါတယ်။ အဲတာလို ဇာတိဒုက္ခကို ဆင်ခြင် ရှုစားပြီးတဲ့အခါကျတော့ တဘဝပြီး-တဘဝ ခဏ ခဏအသစ်ဖြစ်ရအောင် ငါ၏ခန္ဓာကိုယ်ကို တည်ဆောက်တဲ့ လက်သမားဟာ ဘယ်သူပါလိမ့်မလဲလို့ လက်သမားကို ရှာဖွေရင်း သူ့ကိုသိမြင်နိုင်တဲ့ ဉာဏ်မျိုးကို မရသေးကဲ့အတွက် ဘဝပေါင်းများစွာ ကျင်လည်ခဲ့ရလေပြီဟူ၍ ကျူးရင့်တော်မူသည်။

အနေကဇာတိ သံသာရံ၊
သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊
ဒုက္ခာ ဇာတိ ပုနပ္ပုနံ။

ပုနပ္ပုနံ၊ အဖန်တလဲလဲ တဘဝပြီး - တဘဝ ပြောင်းလွှဲလျက်။ ဇာတိ၊ ပဋိသန္ဓေနေခဲ့ရခြင်းသည်။ ဒုက္ခာ၊ ဆင်းရဲလှပေ၏တကား။ တသ္မာ၊ ထိုသို့အနန့်နဲ့ ဆင်းရဲခဲ့ရလေသောကြောင့်။ ဂဟကာရံ၊ ခန္ဓာအိမ်ကိုဖော် တုတ်ပြီး ဆောက်လုပ်ပေးတဲ့ လက်သမားကို။ ဂဝေသန္တော၊ တွေ့အောင် မနေသာ၍ ဖွေရှာခဲ့ရသောငါသည်။ အနိဗ္ဗိသံ၊ သူ့ကိုအမှန် အမြင်သန်သည့် ဉာဏ်ကိုမရသေးသောကြောင့်။ အနေကဇာတိသံသာရံ၊ တပါးမက ဘဝ များစွာ သံသရာပတ်လုံး။ သန္ဓာဝိဿံ၊ ပြေးသွားကျင်လည်ခဲ့ရလေပြီ။

အဲတာလို ခန္ဓာအိမ်ကို တည်ဆောက်တဲ့ လက်သမားကို သိမြင်နိုင်တဲ့ ဉာဏ်ကို မရခင်က ကျင်လည်ခဲ့ရသော်လဲ ယခုအခါမှာတော့ အတပ်သိနိုင် တဲ့ ဉာဏ်ကိုရတဲ့အတွက် ဟယ်....တဏှာယောကျ်ား လက်သမား၊ ငါကိုမှီကာ ငါ့ခန္ဓာကို အခါခါဆောက်လုပ်ခဲ့တဲ့ လောဘတရား သင် လက်သမားကို အထင်အရှား ငါမြင်ရပြီဟု လက်ညှိုးထိုးပြခြင်းငှါ-

ဂဟကာရက ဒိဋ္ဌောသိ၊

ဂဟကာရက၊ ခန္ဓာကိုယ်စုဘ် ငါ့အိမ်နှပ်ကို ဆောက်လုပ်တတ်ငြား ဟယ်လက်သမား။ တွံ၊ သင့်ကို။ ဒိဋ္ဌော၊ တခြားသူမဟုတ် တဏှာယုတ်ဟု အဟုတ်ထင်ထင် ငါသိမြင်သည်။ အသိ၊ ဖြစ်လေပြီ။

အဲတာလို ခန္ဓာအိမ်ကို ဆောက်လုပ်တတ်တဲ့ လောဘတဏှာ ဗိသုကာကို ထင်လင်းစွာသိမြင်ရပြီဟူသောစကားကို မြွက်ကြားတော်မူပြီး လျှင် ယခင်ကလို အကောက်ကြံပြီးနောက် တဖန် သင်မဆောက်ရတော့ ဘူးဟု ရင့်ကျူးမြွက်ဆိုတော်မူသည်မှာ....

ပုန ဂေဟံ န ကာဟသိ၊

တွံ၊ တအိမ်ပြီးနောက် တအိမ်ဆောက်ဘို့ လာရောက် စောင့် စား သင်လက်သွားသည်။ ပုန၊ နောက်ထပ်တဖန်။ ဂေဟံ၊ ငါ၏ခန္ဓာ ငါ့အိမ် သာကို။ နကာဟသိ၊ ငါ့ထံမချဉ်း သင့်ရှောင်ကွင်းတော့ အလျဉ်းဆောက် လို့ မရတော့ပြီ။

အဲတာလို မြွက်ကြားပြီး လက်သွားအား အကြောင်းပြုတော်မူသည်မှာ တဏှာယောကျ်ား လက်သွား - သင်အားထားပြီး ဆောက်လုပ်စရာဖြစ်တဲ့ ယောက်တုပ်တသွယ် အခြင်ရနယ်မြွား အစားစား ရှိနေရှာသည့် ကိလေသာတည်းဟူသော သင်၏အချိုးအဆက်တွေကို ချိုးဖျက်ပြီး ငါပစ်လိုက်ပြီ။ အမြင့်ဆုံးပွတ်ဆင်ပြီး အထွဋ်တင် ပိတ်ကာထားတဲ့ အဝိဇ္ဇာကရားကိုလဲ ငါဖြုတ်ပြီး အငုတ်ပါမကျန်အောင် ဖျက်လိုက်ပြီဟု မြွက်ဟတော်မူသည်မှာ....

သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊
ဂဟကူဋံ ဝိသင်္ခတံ။

တေ၊ တဏှာယောကျ်ား သင် လက်သွား၏။ ဖာသုကာ၊ အခြင်ရနယ် အသွယ်သွယ်သို့ ပေါယယ်များစွာ့ ကိလေသာတို့ကို။ ဘဂ္ဂါ၊စိစိကြေညက် ငါချိုးဖျက်အပ်ကုန်ပြီ။ ဂဟကူဋံ၊ ခေါင်းစီးမချွတ် အဝိဇ္ဇာတည်းဟူသော အိမ်အထွဋ်ကို။ ဝိသင်္ခတံ၊ မှုန့်မှုန့်ခြေမွ ငါချိုးချအပ်လေပြီ။

ထိုနောက်တဖန် အမှန်ကိုမြင်တခော်မူတဲ့အတိုင်း စိတ်ရှင်ကြည်နူး အထူးဝမ်းမြောက်တော်မူသည်ဖြစ်၍ တဆက်ဘည်း ကျူးရင့်တော်မူသည်မှာ....

ဝိသင်္ခါရဂတံ စိတ္တံ၊
တဏှာနံ ခယ မဇ္ဈဂါ။

မေ၊ ငါဘုရား၏။ စိတ္တံ၊ သန့် ရှင်း ကြည်လင် စိတ်အစဉ် သည်။ ဝိသင်္ခါရဂတံ၊ သင်္ခါရကုန် မြတ်နန်းဘုံသို့ ခိုလှုံဝင်ရောက်ရလေပြီ။ တဏှာနံ၊ တရာ့ရှစ်ပါး တဏှာအများတို့၏။ ခယံ၊ ကုန်ကြောင်းကေန် အရဟတ္တဖိုလ်ညာဏ်ကို။ အဇ္ဈဂါ-အဓိကတော၊ မပါမ်းမယိုင် ကြံ့ကြံ့ခိုင်လျက် ပိုင်ပိုင်ကြီး ရရှိခဲ့လေပြီ။

ယခုဟောပြောခဲ့တဲ့ ဒေသနာတော်က အနေကဇာတင်ခေါ်တဲ့ ဗုဒ္ဓါဘိသေက မင်္ဂလာဖြင့် ပူဇော်စဉ်အခါက သံဃာတော်များ ရွတ်ဆိုပူဇော်ခဲ့တဲ့ အနေကဇာတိသံသာရံ အစရှိတဲ့ မနသာဥဒါန ပထမဗုဒ္ဓဝစန ဒေသနာတော်ကို မြတ်စွာဘုရား နှလုံးသွင်းတော်မူရင်းအတိုင်း ကွဲကွဲပြားပြား ထင်ရှားအောင် အနက်အဓိပ္ပါယ်ပါပြုပြီး ကြည်ညိုစွာအာရုံပြုကြဘို့အတွက် ဟောပြောခဲ့ခြင်း ဖြစ်ပေတယ်။

အနေကဇာတင်ကိစ္စအတွက် သိ သင့် သိ ထိုက် တာ များ နှင့် တ ကွ ကြည်ညိုစရာ, အာရုံပြုစရာတွေကို အထိုက်အလျောက် ဟောကြားခဲ့ပြီး တဲ့နောက် ဘုရား ပူဇော် ရခြင်း ကုသိုလ်စေတနာအတွက် အကျိုး ရှိပုံကို အနည်းငယ်ဖော်ပြရသေးတာပေါ့။

ဤကမ္ဘာက ပြန်၍ ရေတွက်ပါလျှင် ကိုးဆယ့်လေးကမ္ဘာထက်က "သိဒ္ဓတ္ထ"မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူပြီးတဲ့နောက် ဘုမ္မစိုးနတ်တဦး ဟာ သိဒ္ဓတ္ထမြတ်စွာဘုရားကို အိပ်မက်ထဲမှာဖူးမြင်ပြီး အထူးပင် ကြည်ညို ခဲ့ရသတဲ့။ အိပ်မက်ထဲမှာပင် ဘုရားရှင်အား ကြည်ညိုစွာ ဖူးမြင်ခဲ့ရတဲ့ ကောင်းမှုစေတနာကြောင့် ငါတို့ဘုရားရှင်ပွင့်တော်မူရာ လက်ထက်တော် ကျတော့ အရဟတ္တဖိုလ်ရောက် ခရီးပေါက်ပြီးလျှင် "ဗုဒ္ဓသညက မထေရ်" ဟူ၍ ထင်ရှားစွာ ဖြစ်တော်မူတယ်။ ထိုမထေရ်မြတ်က မိမိဖြစ်စဉ်ကို သိမြင် တဲ့အတိုင်း ထုတ်ဖော်ပြတော်မူတဲ့ ဒေသနာတော်မှာ....

အဒ္ဒသံ သုပိနန္တေန၊
သိဒ္ဓတ္ထံ လောကနာယကံ။
တတ္ထ စိတ္တံ ပသာဒေတွာ၊
သုဂတိံ ဥပပဇ္ဇဟံ။

သိဒ္ဓတ္ထံ၊ သိဒ္ဓတ္ထအမည်တော်ရှိသော။ လောကနာယကံ၊ လူတို့ကို ထုံးပြပြီး ဆုံးမတော်မူတတ်သော မြတ်စွာဘုရားကို။ သုပိနန္တေန၊ အိပ်နေဆဲ ခဏ အိပ်မက်မျှဖြင့်။ အဒ္ဒသံ၊ ဖူးမြင်လိုက်ရပြီ။ တတ္ထ၊ ထိုသို့ ထင်ထင် အိပ်မက်တွင် ဖူးမြင်ရသောခဏ၌။ စိတ္တံ၊ မိမိစိတ်ကို။ ပသာဒေတွာ၊ ရှိသေ ဦးချ ကြည်ညိုခဲ့ရသည်ဖြစ်၍။ အဟံ၊ ငါသည်။ သုဂတိံ၊ ကောင်းသည့် ရိပ်မြုံ သုဂတိဘုံ၌။ ဥပပဇ္ဇိံ၊ ဖြစ်ခဲ့ရလေပြီ။

စတုန္နဝုတိတော ကပ္ပေ၊
ယံ သညံ မလဘိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊
ဗုဒ္ဓသညာယိဒံ ဖလံ။

တဒါ၊ ထို သိဒ္ဓတ္ထဘုရားထင်ရှားပွင့်တော်မူသောအခါ၌။ ဣတော၊ ဤကမ္ဘာမှ။ စတုန္နဝုတိတော ကပ္ပေ၊ ကိုးဆယ့်လေးကမ္ဘာထက်၌။ ယံသညံ၊ အကြင်အိပ်မက်တွင်ကပ် ဘုရားဟူသောအမှတ်ကို။ အလဘိံ၊ ရခဲ့လေပြီ။

တာယသညာယ၊ ကြည်ညိုစဲ့ကပ် ထိုဘုရားတည်းဟူသော အမှတ်ကြောင့်။ ဒုဂ္ဂတိံ၊ အပါယ်လေးဝ ဒုဂ္ဂတိဌာနကို။ နာဘိဇာနာမိ၊မသိခဲ့ဘူးပါ။ ဣဒံ၊ ဤအကျိုးသည်။ ဗုဒ္ဓသညာယ၊ အိပ်မက်ထဲတွင် ဖူးမြင်ဆည်းကပ် ဘုရားတည်းဟူသောအမှတ်၏။ ဖလံ၊ အကျိုးပေတည်း။

ယခုဟောခဲ့တဲ့ ဗုဒ္ဓသညကမထေရ်ရဲ့ အတ္တုပ္ပတ္တိနဲ့တွဲစပ်ပြီးကြည့်ကြစမ်း၊ ဘုရားပူဇော်ရေးကိစ္စမှာ ဗုဒ္ဓသညကမထေရ်ကတော့ အိပ်မက်ထဲမှာသာ ကြည်ညိုရတာ ပူဇော်ရတာ မဟုတ်ပါလား။ ဤမျှလောက်ဖြစ်တဲ့ ကုသိုလ်မျှပင်လျှင် အပါယ်လေးပါးက လွတ်ပြီးတော့ သုဂတိဘဝ အဆက်ဆက်က နိဗ္ဗာန်ထိအောင် လှမ်းတက်သွားရတာကို ထောက်ဆကြည့်ကြမယ်ဆိုရင်....

ယနေ့ ဘုရားပူဇော်တဲ့ ဘုရားဒကာ - ဘုရားအမတွေရဲ့ ကုသိုလ်စေတနာဟာ ဘယ်လောက်အကျိုးပေးကြီးကျယ်နိုင်သလဲဆိုတာ အကျယ်ချဲ့ပြီး ဟောဘို့ မလိုတော့ပါဘူး။ ဒါကြောင့် ဥဒ္ဒိဿ စေတီတော်မြတ်ကို လေးလေးစားစား မျက်ဝါးထင်ထင် ဖူးမြင်ရအောင် ပင့်ဆောင်ပြီးတော့ သမ်းနားဟင့်တယ်စွာ ပူဇော်သက္ကာရပြုရတဲ့ ငါတို့၏ဗုဒ္ဓပူဇနိယကုသိုလ်ဟာ အဆင့်အတန်းမြင့်မားသောအကျိုးကို ရနိုင်ပြီဟူ၍ ယုံကြည်ကြပြီးလျှင် ဗုဒ္ဓသညကမထေရ် အစရှိသည်တို့ကဲ့သို့ ဒုဂ္ဂတိဘဝက လွတ်ကင်းပြီး နိဗ္ဗာန်ထိအောင် အကျိုးဆောင်နိုင်ပါစေဟူ၍ ဆုတောင်းပတ္ထနာ ပြုကြစေကုန်သတည်း။

အနေကဘာတင်တရားတော် ပြီးပြီ။

## နမော မုနိကုဋ္ဌရသ ဇေယျတု
## (၆၄) သိမ် အနုမောဒနာ တရား

သုခါ သံဃဿ သာမဂ္ဂီ၊
သမဂ္ဂါနဉ္စ နုဂ္ဂဟော။
သမဂ္ဂရတော ဓမ္မဋ္ဌော၊
ယောဂက္ခေမာ န ဓံသတိ။
သံဃံ သမဂ္ဂံ ကတွာန၊
ကပ္ပံ သဂ္ဂမှိ မောဒတိ။

သံဃဿ၊ ဗုဒ္ဓရှင်ဖွား တပည့်သား သံဃာတော်အပေါင်း၏။ သာမဂ္ဂီ၊ ကိုယ်ရောစိတ်ပါ နှစ်ဖြာမကွဲ တူယှဉ်နှဲ၍ အမြဲညီညွတ်ခြင်းသည်လည်းကောင်း။ သမဂ္ဂါနံ၊ စိတ်တူကိုယ်မျှ ညီညွတ်ကြကုန်သော သံဃာတော်တို့အား။ အနုဂ္ဂဟောစ၊ သင့်အောင်နေရေး အားပေးချီးမြှောက်ခြင်းသည်လည်းကောင်း။ သုခါ၊ ကောင်းသောအဆင့် ချမ်းသာသောအကျင့်ဖြစ်ပေ၏။ သမဂ္ဂရတော၊ သာမဂ္ဂီအစု ညီညွတ်မှု၌ မွေ့လျော်သည်ဖြစ်၍။ ဓမ္မဋ္ဌော၊ ကောင်းသည့်မနသီ သာမဂ္ဂီတရား၌ တည်သောသူသည်။ ယောဂက္ခေမာ၊ ယောဂလေးဖြာ ကုန်ရာစခန်း နိဗ္ဗာန်နန်းမှ။ န ဓံသတိ၊ မဆုတ်ယုတ်နိုင်။ သံဃံ၊ ဇာတ်တူသမျှ ရှိကြများစွာ မြတ်သံဃာကို။ သာမဂ္ဂံ၊ ညီညွတ်အောင်။ ဝါ၊ မကွဲမပြား တသားတည်း ဖြစ်ရအောင်။ ကတွာန၊ ဆောင်ရွက်အားထုတ် ပြုလုပ်ကြကုန်သည်ရှိသော်။ ကပ္ပံ၊ အာယုကပ်ပတ်လုံး။ သဂ္ဂမှိ၊ အမြင့်စခန်း နတ်ဘုံနန်း၌။ မောဒတိ၊ မွေ့လျော်ရ၏။ မောဒတိ၊ ဘုရားရှင်လိုလားသည့် သာမဂ္ဂီကျင့်တရားကြောင့် များများကြီး ဝမ်းမြောက်ရပေလိမ့်သတည်း။

မြတ်စွာဘုရား မိန့်ကြားတော်မူခဲ့တဲ့ ဣတိဝုတ်ပါဠိတော်လာ ဤဒေသနာတော်ရဲ့ ဟောတော်မူလိုရင်းက ဘယ်ကဲ့သို့ ဆိုလိုပါသလဲ ဆိုတော့....

(၁) ဘုရားသားတော်များဖြစ်ကြတဲ့ သာသနာ့ဝန်ထမ်း ရဟန်းအပေါင်းတို့ဟာ သဘောမကွာ နှစ်ဖြာမကွဲ တပေါင်းထဲ ညီညွတ်ပြီးနေကြတဲ့ သံဃသာမဂ္ဂီကိစ္စ၊

(၂) ရဟန်းသံဃာတော်များ ညီညွတ်ရေးကို အားပေးကြပြီးတော့ အညီအညွတ်ဖြစ်အောင် စောင့်ရှောက် ထောက်ပံ့ကြတဲ့ ကိစ္စ။

၎င်းအမှုကိစ္စနှစ်မျိုးဟာ မိမိတို့နှင့်တကွ ဆိုင်ရာ-ဆိုင်ရာ အပေါင်းအသင်းများပါ ချမ်းသာခြင်း၏အကြောင်း ကောင်းသော အကျင့်တရားဖြစ်ပေတယ်ဟူ၍ "သံဃသာမဂ္ဂီ" အကျင့်တရားကို များများကြီး လိုလားပြီး ရှင်တော်ဘုရား ဟောကြားတော်မူလိုရင်း ဖြစ်ပေတယ်။

သံဃာညီညွတ်ရေးကိစ္စ, ညီညွတ်စွာ သီတင်း သုံး တော် မူ ကြ တဲ့ သံဃာတော်များအား ထောက်ပံ့ ကူညီရေးကိစ္စ, ဒါဒီ အလုပ်နှစ်မျိုးဟာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်း ဖြစ်တဲ့အတွက် နိဗ္ဗာန်ထိအောင် အကျိုးဆောင်လိမ့်မယ်။

ဟိုပြင် နိဗ္ဗာန်မရမီ အကြားမှာလဲ အာ ယု ကပ် ပတ်လုံး သုဂတိနတ်ရွာများ၌သာ ချမ်းသာကို ခံစားရပြီးတော့ ဝမ်းမြောက်-ဝမ်းသာဖြစ်ကြရမယ်ဟူ၍ သံဃသာမဂ္ဂီ အကျင့်တရားကို အများကြီးအရေးထားပြီး ဟောကြားတော်မူခဲ့သည်အတွက် ဤ သံဃသာမဂ္ဂီ အ ကျ င့် တ ရား ဟာ ရဟန်းတော်များနှင့်တကွ ဒကာ ဒကာမများပါ လိုက်နာပြီး မည်သူမဆို ကျင့်ကြံကြိုးကုတ် အားထုတ်ထိုက်တဲ့ တရားပါလားလို့ ရှေးဦးစွာ အာရုံပြုပြီး ထားကြစေလိုပါတယ်။

ယနေ့ဟောပြောဘို့ကိစ္စက သိမ်အောင်ပွဲ သိမ်အနုမောဒနာတရားကို ဟောပြောဘို့ကိစ္စဖြစ်ပေတယ်။ ယခု ဟောပြောမဲ့ တရားတော်ရဲ့ အစီအစဉ်က....

(၁) သာသနာတော်မှာ "သိမ်" ဆိုတဲ့ အရာဝတ္ထုတခု ဖြစ်ပေါ်လာရခြင်း၏ အကြောင်းရင်းကို သိနားလည်ရမယ်။

(၂) သိမ်ဆိုတာဟာ ဗုဒ္ဓသာသနာတော်မှာ မရှိလျှင် မဖြစ်တဲ့ အရာဝတ္ထုဖြစ်ကြောင်းကို သိနားလည်ရမယ်။

(၃) သိမ်ဖြစ်ပေါ်အောင် အားထုတ် ဆောင်ရွက်တဲ့ ပုဂ္ဂိုလ်များဟာ မည်မျှလောက်အကျိုးကြီးကြောင်းကို နားလည်ကြရမယ်။

အဲဒီ အစီအစဉ် သုံးမျိုးနဲ့ ရှင်းလင်းပြီးတော့ သိမ် အနုမောဒနာ တရားကို ဟောပြမယ်၊အလေးဂရုပြုကာ နာယူမှတ်သားကြ ပေတော့။

ခုတင်ကပြောခဲ့တဲ့ အစီအစဉ်သုံးခုအနက် ပထမ အမှတ်(၁)အရ အဘယ်အကြောင်းကြောင့် သိမ်ဖြစ်ပေါ်လာရပါသလဲဆိုတဲ့ အမေးအရ သိမ်ဖြစ်ပေါ်လာရခြင်း၏အကြောင်းရင်းကို ဖော်ပြရတာပေါ့။

ဓမ္မသာမိ ဖြစ်တော်မူသော သဗ္ဗညု ရှင်တော်မြတ်သည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ သီတင်း သုံးတော်မူတဲ့ အခါက တပည့် ရဟန်းတော် များအား ချစ်သားတို့-စာတုဒ္ဒသီခေါ်တဲ့ တဆယ့်လေးရက် ဥပုသ်နေ့နှင့် ပန္နရသီခေါ်တဲ့ တဆယ့်ငါးရက် ဥပုသ်နေ့များမှာ ဥပုသ်ပြုကြလို့ ဥပုသ် ကံကို ခွင့်ပြုတော်မူတဲ့ကိစ္စမှာ....

အနုဇာနာမိ ဘိက္ခဝေ သမဂ္ဂါနံ ဥပေါသထကမ္မံ။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ သမဂ္ဂါနံ၊ညီညွတ်ကုန်သော သမဂ္ဂ ရဟန်းတော်တို့အား။ဥပေါသထကမ္မံ၊ဥပုသ်ပြုရန်ဥပုသ်ကံကို။အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။

အဲဒါလို ဥပုသ်ပြုဘို့ခွင့်ပြုတော်မူတဲ့ အမိန့်တော်ထဲမှာ "သမဂ္ဂါနံ" ဆိုတဲ့ စကားတခွန်းက ပါလာတော့၊ဘယ်မျှလောက်သော ရဟန်းအစုကို ညီညွတ်တဲ့သမဂ္ဂသံဃာဟူ၍ ခေါ်ရမလဲ၊ တကျောင်းတာဝိုက်ထဲမှာ အတူ နေကြ ရဟန်းတော်တစုကို သမဂ္ဂသံဃာခေါ်ရမလား၊ သို့မဟုတ်-မြေပြင် အလုံးမှာရှိကြတဲ့ ရဟန်းသံဃာစုကို သမဂ္ဂသံဃာခေါ်ရမလား၊ အဲဒါလို ဝေခွဲမရဖြစ်ကြရတော့ ရှင်တော်ဘုရားအထံ ရဟန်းတော်များ လျှောက် ထား တိုင်ကြားကြရတယ်။

ထိုအခါ ရှင်တော်ဘုရားက တခုတည်းသောကျောင်းရပ်မှာ အတူ နေတဲ့ ရဟန်းတော် တစုဟာ သမဂ္ဂီ သံဃာဘဲလို့ ညွှန်ပြတော် မူတယ်။ အဲဒီလို အမိန့်တော်ရှိသော်လဲ တခုတည်းသော ကျောင်းရပ် ဆိုတာကို ပိုင်းခြားသတ်မှတ်ချက် မရှိပြန်တော့ သာမဂ္ဂီသံဃာတစုကို အတိအကျ မသိကြပြန်ဘူး။ သို့အတွက် တကျောင်းတရပ်အတူနေဖြစ်တဲ့ "ကောဝါသ" သဘောကို စောကြောဆွေးနွေး- မေးလျှောက်ကြရပြန်တယ်။ ဒီတော့မှ ရှင်တော်မြတ်ဘုရားက ရှင်းရှင်းကြီး ပိုင်းဖြတ်ပြီး သာမဂ္ဂီ သဘောရပ်ကို သတ်မှတ်မိန့်ကြားတော်မူသည်မှာ....

အနုံဇာနာမိ ဘိက္ခဝေ သီမံ သမ္မန္နိတုံ။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ သီမံ၊ သိမ်ကို။ သမ္မန္နိတုံ၊ သမုတ်ခြင်းငှာ။ အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။

အဲတာလို သိမ်သမုတ်ကြရန် ခွင့်ပြုပြီးတော့ သိမ်ဖြင့်ပိုင်းခြားယျက် သာမဂ္ဂီသံဃာစုကို ညွှန်ပြတော်မူပါတယ်။ လိုရင်းဖြစ်တဲ့ သဘောက တသိမ်ထဲမှာ ကံကြီးကံငယ်ဆောင်ပြီး စိတ်တူကိုယ်မျှ သမာန သံဝါသ ဖြစ်တော်မူကြတဲ့ ရဟန်းတော်တစုဟာ ညီညွတ်ရေးရှိပြီးဖြစ်တဲ့ သာမဂ္ဂီ သံဃာတော်များဘဲလို့ အတိအကျ မှတ်ကြရမယ်။

ဤကဲ့သို့ သာမဂ္ဂီသံဃာ ရပ်ကို သတ်မှတ် ပိုင်းခြားလို့ ထင်ထင် ရှားရှား သိစေခြင်းငှာ သီမသမ္မုတိကံကို ရှင်တော်ဘုရား ခွင့်ပြု တော် မူခြင်းကြောင့် သိမ်ဖြစ်ပေါ် ရပေတယ်လို့ အတိအကျ မှတ်သားကြ ပေတော့။

သိမ်ဆိုတာဟာ ဗုဒ္ဓသာသနာတော်မှာ မရှိလျှင်မဖြစ်တဲ့ အရာဝတ္ထုဖြစ်ကြောင်း ဒုတိယအစီအစဉ်ကို တင်ပြပြောကြားပါအုံးမယ်၊ အာရုံပြုကြပေတော့။

မြတ်စွာဘုရား ထားတော်မူခဲ့တဲ့ သာသနာမြတ်ကြီး မပျောက် မပျက်ရအောင် ဆက်လက်စောင့်ရှောက်လို့ အုပ်ချုပ်ထိန်းသိမ်းနေကြတာ ဘယ်ပုဂ္ဂိုလ်တွေလဲလို့ စီစစ် ကြည့်ကြရင် ယခုထင်ရှား ရှိတော်မူကြတဲ့ အရိယနွယ်ဝင် သူတော်စင်ဖြစ်တဲ့ သမ္မုတိသံဃာတော်များဘဲလို့ မလွဲအောင် အဖြေပေးရမှာပေါ့။

အဲဒီရဟန်းသံဃာတော်ဟာ ဘယ်နေရာကပေါက်ပွားပြီး ဘယ်လို ဖြစ်ထွန်းလာကြသလဲလို့ စစ်ဆေးကြဦးစို့ရဲ့။

(၁) ဝတ္ထုက တပါး၊
(၂) ကမ္မဝါစာက တပါး၊
(၃) ဉတ်က တပါး၊
(၄) ပရိသတ်က တပါး။

ငင်းအင်္ဂါရပ် လေးပါးပြည့်စုံအောင် စုစည်းပြီး သကာလ အင်္ဂါ ငါးပါးနှင့်ပြည့်စုံရာဖြစ်တဲ့....

(၅) သိမ်-ဟူသော ဌာနက ရဟန်းတော်များ ဖြစ်ထွန်း ပေါ်
ပေါက် လာရခြင်းဖြစ်ပေတယ်။ ရဟန်းတော်များဖြစ်ပေါ်ရာဖြစ်တဲ့ အင်္ဂါ
ငါးပါးအနက် ရဟန်းလောင်း တည်းဟူသော "ဝတ္ထု" နှင့် ကမ္မဝါစာ,
ဉတ်,ပရိသတ်, ၎င်းအင်္ဂါလေးပါးက ပြည့်စုံဘို့မခဲယဉ်ပေဘူး။ သိမ်ဆိုတဲ့
အင်္ဂါက ဖြစ်ပေါ်နိုင်ဘို့ ခဲယဉ်းပါတယ်၊ မရှိရင်လဲ မဖြစ်တဲ့အင်္ဂါပါဘဲ။ နို့
တပါးသောအင်္ဂါများကကော မရှိရင်ဖြစ်နိုင်လို့လားလို့ စောကြောဘွယ်
ရှိပါရဲ့။ တပါးသောအင်္ဂါများကလဲ မရှိလျှင် မဖြစ်ပါဘူး၊သို့ပေမဲ့ တပါး
သော အင်္ဂါလေးပါးကတော့ အလွယ်တကူ ရှာယူပြည့်စုံနိုင်ပါတယ်။

"သိမ်"ဆိုတာကတော့ဝိပတ္တိတဆယ့်တပါးကလွတ်ကင်းပြီး သမ္ပတ္တိ
သုံးပါးနဲ့ပြည့်စုံအောင် အင်မတန်အားပါးတထုတ် ပြုလုပ်ဆောင်ရွက်မှသာ
ဖြစ်ပေါ်နိုင်တဲ့ အရာဖြစ်တဲ့အတွက် မရှိမဖြစ်တဲ့ အင်္ဂါထဲမှာ အများဆုံး
ခဲယဉ်းတဲ့အရာဖြစ်တယ်ဟူ၍ မှတ်သားကြပါ။

ထို့ကြောင့် သာသနာတော်မှာ လိုရင်းအကျဆုံး ဖြစ်ပေါ်ရန်
အလွန်ခဲယဉ်းဆုံးဖြစ်တဲ့ "သိမ်"ဟူသော အင်္ဂါရပ်ကို အောင်မြင်အောင်
အားထုတ်ရပြီဟူ၍ သိမ်ဒါယကာ-သိမ်အမများ ဝမ်းမြောက်စွာ အာရုံ
ပြုကြပေတော့။

ထိုမှ တပါး အစီအစဉ် အမှတ် သုံးအရ သိမ်အလှူနှင့် ပတ်သက်
ပြီးတော့ အကျိုးရပုံများကို နာယူမှတ်သားကြပေဦးတော့။ အစဦးက
မူတယ်ပြီးဟောခဲ့တဲ့ "သုခါ သံဃဿ သာမဂ္ဂီ"အစရှိတဲ့ ဒေသနာတော်ဖြင့်
ရှင်တော်မြတ်ဘုရား လိုလားတော်မူချက်ကို နှုတ်မြွက်ပြီး မိန်တော်မူခဲ့တဲ့
အတိုင်း ဗုဒ္ဓရှင်တော်မြတ်ဟာ သံဃာညီညွတ်မှုသာမဂ္ဂီကိစ္စကိုများများကြီး
နှစ်သက်တော်မူကြောင်း သိကြရတာပေါ့။

ကောသမ္ဗီပြည်မှာ ရဟန်းတော်များ မညီမညွတ် ဖြစ်ပြီးတော့
ကြီးကြီးကျယ်ကျယ် နှစ်ပက္ခကွဲတဲ့အဖြစ်သို့ ရောက်တဲ့အခါတုန်းက "သမဂ္ဂါ
ကိရ ဟောန္တု" ချစ်သားတို့ အညီအညွတ်ဖြစ်ကြလို့ အတန်တန် နှိုင်းခိုင်း
စရာ ဒေသနာတွေနဲ့ပြုပြီး ဟောကြားသော်လဲ မနာယူကြမူ၍ ကွဲသည်ထက်
ကွဲပြီး ကစင့်ကရဲ ဖြစ်ကြတဲ့ အခါမှာ ဗုဒ္ဓ ရှင်တော် မြတ်သည် ညီညွတ်တဲ့
အဖြစ်သို့ရောက်အောင် ဆုံးမခြင်းတမျိုးဖြင့် ဆုံးမတော်မူလိုသည့်အတွက်
ပရိသတ်ကိုစွန့်ခွာပြီးတော့ ပါလိလေယျကတောအုပ်သို့ ကြွတော်မူပြီးလျှင်

မိမိကိုယ်ကို အပင်ပန်းအဆင်းရဲ ခံပြီးတော့ တပါးတည်း ဝါကပ်ကာ သီတင်းသုံးတဲ့ အခါကျ တော့မှ ညီညွတ်မှု သာမဂ္ဂီအဖြစ်သို့ ရောက်ကြ သတဲ့။

ကောသမ္ဗီ အဓိကရုဏ်းကို အနည်းငယ် ဟောရခြင်းက လိုရင်း ဘာကိုပြချင်လို့လဲဆိုတော့ သံဃာညီညွတ်တဲ့ကိစ္စ ညီညွတ်အောင်ဆောင် ရွက်ပြီးတော့ ညီညွတ်တဲ့သံဃာများအား ထောက်ပံ့ အားပေးတဲ့ကိစ္စဟာ ချမ်းသာကြောင်းအမှန်ဖြစ်တဲ့အတွက် ရှင်တော်ဘုရား အမျိုးမျိုးဆောင် ရွက်သွားပုံကို ထုတ်ပြလိုခြင်းဖြစ်ပါတယ်။

အကျိုးရပုံကို ကောက်ချက်ချပြီး ပြပါအုံးမယ်။ သိမ်ဆိုတာဟာ ညီညွတ်တဲ့ သံဃာတစုကို ပိုင်းခြားပြီးပြတဲ့ အမှုဘဲလို့ ပေါ်လွင်ကြပြီ မဟုတ်ပါလား။ သို့အတွက် သိမ်ဖြစ်အောင် ဆောင်ရွက်တည်ထောင်ပေး ကြတော့ ညီညွတ်တဲ့ ရဟန်း သံဃာတွေ သိမ်အတွင်းကိုဝင်ပြီး ကံဆောင် ကြတယ်ဆိုရင် သံဃာညီညွတ်ရေးကို ပြတဲ့အဖြစ် ရောက်တော့တာပေါ့။

အဲဒီတော့ သိမ်ဖြစ်အောင် ဓမ္မာနုဂ္ဂဟဖြင့် ရှက်ဆောင်ပေးတော် မူကြတဲ့ သံဃာတော်များနှင့်တကွ သိမ်ကိစ္စကို အောင်မြင်အောင် ပစ္စယာ နုဂ္ဂဟဖြင့် ထောက်ပံ့ကြတဲ့ ဒါယကာတွေဟာ မြတ်စွာဘုရားလိုလားတော် မူတဲ့ သံဃာညီညွတ်ရေး သံဃသာမဂ္ဂီကိစ္စကို ပြုကျင့်သည် မည်ပါတယ်။ ထို့ကြောင့်....

သုခါ သံဃဿ သာမဂ္ဂီ၊
သမဂ္ဂါနဉ္စ နုဂ္ဂဟော။

လို့ ဟောကြားခဲ့သည် မဟုတ်ပါလား။

သံဃဿ၊ ရဟန်း သံဃာတော်များ၏။ သာမဂ္ဂီ၊ အညီအညွတ် ဖြစ်ခြင်းသည်၎င်း။ သမဂ္ဂါနံ၊ ညီညွတ်ကုန်သော သံဃာတော်တို့အား။ အနုဂ္ဂဟောစ၊ ချီးမြှင့်ထောက်ပံ့ခြင်းသည်၎င်း။ သုခါ၊ချမ်းသာဘို့ အကျင့် ပေတည်း။

ဤဒေသနာတော်ဖြင့် အကြောင်းဖြစ်သော ညီညွတ်ရေးအကျင့်ကို ပြတော်မူပါတယ်။ ညီညွတ်ရေးတရားကို ကျင့်ကြရင် ညီညွတ်မှုကိုတောက်ခံ အားပေးကြရင် ဘယ်လိုအကျိုးကို ခံစားရမလဲဆိုတော့....

သမဂ္ဂရတော မဗ္ဗေဒ၊
ယောဂက္ခေမာ န ခံသတိ။

ဟူ၍ အကျိုးကို ပြတော်မူခဲ့ပါတယ်။

သမဂ္ဂရတော၊ ညီညွတ်သော အကျင့်၌ ပျော်မွေ့သည် ဖြစ်၍။ ဓမ္မဋ္ဌော၊သာမဂ္ဂီဓမ္မ၌တည်သောသူသည်။ ယောဂက္ခေမာ၊ယောဂလေးဖြာ ကုန်ရာနိဗ္ဗာန်မှ။နခံသတိ၊ မဆုတ်ယုတ်နိုင်။

ဤဒေသနာဖြင့် ညီညွတ်ရေးကို လိုလား ကျင့်ကြံပြီးတော့ သာမဂ္ဂီ ဓမ္မ၌ တည်သောသူဟာ ကောင်းမြတ်သော သာမဂ္ဂီအကျင့်ကြောင့် အထွဋ် အထိပ်ဖြစ်သော နိဗ္ဗာန်သို့ ရောက်နိုင်တဲ့ အကျိုးကို ခံစားရနိုင်တယ်ဟူ၍ ဟောတော်မူပါတယ်။ သာမဂ္ဂီကျင့်ဝတ်ကြောင့် နိဗ္ဗာန်မဂ်ဖိုလ်ကိုရနိုင်တယ် ဆိုတော့ နိဗ္ဗာန်မရမီအကြားမှာတော့ ကောင်းကျိုးကို ခံစားခွင့်မရှိတော့ ဘူးလားဆိုတော့....

သံဃံ သမဂ္ဂံ ကတွာန၊
ကပ္ပံ သဂ္ဂမှိ မောဒတိ။

ဟူ၍ လောကီအကျိုးကိုလဲ ညွှန်ပြတော်မူခဲ့ပါသေးတယ်။

သံဃံ၊ သံဃာကို။ သမဂ္ဂံ၊ ညီညွတ်အောင်။ ကတွာန၊ ပြုလုပ် ဆောင်ရွက်ခဲ့လေသောကြောင့်။ ကပ္ပံ၊ အာယုကပ်ပတ်လုံး။ သဂ္ဂမှိ၊ နတ် ပြည်၌။ မောဒတိ၊ မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်စွာနေရပေ၏။

ဤဒေသနာတော်ဖြင့် ညီညွတ်ရေးသာမဂ္ဂီကံကို အားထုတ်ခဲ့သည် ရှိသော် ဒုက္ခရိပ်မြုံ အပါယ်ဘုံသို့ မဆင်းရဘဲ သုဂတိနတ်ဘုံမှာသာ ပျော် ပါးစွာ စံစားရမယ်သို့ နိဗ္ဗာန်မရောက်မီ အကြားမှာလဲ အကျိုးရနိုင်ပုံကို ဟောတော်မူခဲ့တာ ဖြစ်တော့ သာမဂ္ဂီသံဃာတော်များ၏ စည်းဝေးရာ သာမဂ္ဂီဌာနဖြစ်တဲ့ သိမ်ကိစ္စကို အောင်မြင်အောင် ဆောင်ရွက်ခဲ့ကြတဲ့ သိမ်ဒါယကာများမှာ ယခုဟောပြောညွှန်ပြခဲ့တဲ့အတိုင်း အကျိုးရနိုင်ပုံကို အာရုံပြုကြပါ။

ထို့ပြင်လဲ သာမဂ္ဂီ၏ အကျိုးကြီးမြင့်ပုံကို တနည်းတဖုံ နာယူပြီး တော့ မှတ်သားကြစေလိုပါတယ်။ အကုသိုလ်ဘက်က သေသည်၏အခြား မဲ့မှာ ငရဲသို့သာ မလွဲတမ်းကျရောက်စေတတ်တဲ့ အာနန္တရိယကံကြီးငါးပါး ကို ကြားဘူးကြပါလိမ့်မယ်။ အဲဒီကံကြီးငါးပါးဆိုတာက....

(၁) အမိသတ်တဲ့ မာတုဃာတကကံ၊
(၂) အဖသတ်တဲ့ ပိတုဃာတကကံ၊
(၃) ရဟန္တာကိုသတ်တဲ့ အရဟန္တဃာတကကံ၊
(၄) ဘုရားအား သွေးခြေဥရုံမျှပြစ်မှားတဲ့လောဟိတုပ္ပါဒကကံ၊
(၅) သံဃာကွဲပြားအောင်ပြုတဲ့ သံဃဘေဒကကံ၊

အပြစ်ကြီးလေးတဲ့ ၎င်းအာနန္တရိယ ကံကြီးငါးပါးထဲက **သံဃဘေဒကကံ**မှ တပါးဖြစ်တဲ့ လေးပါးသော ကံတွေကတော့- ကပ္ပဋ္ဌိတိ ကံမျိုး မဟုတ်ဘူး။ သံဃာကွဲပြားအောင်ပြုလုပ်တဲ့ သံဃဘေဒက ဂရုကံကတော့ ဘယ်လိုပင် ကုစားလို့မှ အပြစ်မပေါ့တော့ဘူး။ အာယုကပ်ပတ်လုံး အဝီစိငရဲကြီးမှာ ခံရမဲ့ "ကပ္ပဋ္ဌိတိကံ"ဟူ၍ ဒေသနာတော်က ပြတယ်။

သံဃဘေဒေါ ယေဝ စေတ္ထ ကပ္ပဋ္ဌိတိယော။

ဧတ္ထ၊ ဤလေးပါးသော အာနန္တရိယကံတို့တွင်။ သံဃဘေဒေါ ယေဝ၊ သံဃဘေဒက ကံသည်သာလျှင်။ ကပ္ပဋ္ဌိတိယော၊ အာယုကပ်ပတ်လုံး ငရဲ၌ တည်စေ၏။

သံဃာကွဲပြားအောင်ပြုတဲ့ သံဃဘေဒကကံဟာ ဘယ်လောက် အပြစ်ကြီးသလဲဆိုရင် အာနန္တရိယကံငါးပါးလုံးကို လွန်ကျူးမိတဲ့သူဟာ သံဃဘေဒကကံအကျက်သာလျှင် ပဋိသန္ဓေ အကျိုးပေးပြီးတော့ ငရဲမှာ ကျရမယ်။ တပါးသော ကံလေးပါးကတော့ အဟောသိကံ ဖြစ်ရတယ်လို့ ဒေသနာတော်ကပြတော့ သံဃဘေဒကကံဟာ အလွန့်အလွန် အပြစ်ကြီးကြောင်း သိရတာပေါ့။

သံဃဘေဒကကံဟာ အလွန်အပြစ်ကြီးတယ်ဆိုတော့ သံဃာ ညီညွတ်အောင်ပြုပေးတဲ့ သံဃသာမဂ္ဂီကံက အလွန်အကျိုးကြီးကြောင်းကို "အဝုတ္တသိဒ္ဓိနည်း, နေယျတ္ထနည်း"များဖြင့် သိကြရမှာပေါ့။

ဒို့ကြောင့် သံဃသာမဂ္ဂီသဘောကို ထင်ရှားအောင်ပြတဲ့ "သိမ်" သမုတ် ကံကြီးကို အားပေးကူညီထောက်ပံ့ကြတဲ့ အလှူရှင်များသန္တာန်မှာ ခုတင် ရှင်းပြခဲ့တဲ့အတိုင်း အလွန် ကြီးမြင့်တဲ့ အကျိုးကို ခံစားရမယ် ဟူ၍ အာရုံပြုကြပါ၊ ယုံကြည်ကြပါ။

တို့မှတပါးလဲ သိမ် သမုတ် ကံကြီး အောင်မြင်အောင် ထောက်ပံ့ လှူဒါန်းတဲ့ အလှူရှင်များဟာ အစစ် အမှန် သာသနာပြု-ဒါယကာတွေ ဖြစ်ကြောင်းကို သာဓကဆောင်ပြီး ပြရသေးတာပေါ့။

သီဟိုဠ်ကျွန်း အနုရာဓမြို့ကြီးအရှင် ဘုရင်ဒေဝါနံပိယတိဿ မင်းကြီးသည် တနေ့သောအခါ အရှင်မဟိန္ဒ အရှင်မြတ်အား လျှောက်ထားသည်မှာ "အရှင်မြတ်ဘုရား....တပည့်တော်များ သီဟိုဠ်ကျွန်းမှာ မြတ်စွာဘုရားသာသနာတော် တည်ပါပြီလားဘုရား" လို့ လျှောက်ထားသတဲ့။

ထိုအခါ အရှင်မဟိန္ဒမထေရ်မြတ်က "အသင်မင်းကြီး-ရဟန်းတော်တို့ ဥပုသ်, ပဝါရဏာ စသော ကံကြီး-ကံငယ်ပြုခြင်းငှာ ဘုရားရှင်အာဏာတော်ဖြစ်သော ဥတ်ကမ္မဝါစာဖြင့် သိမ်ကိုဖွဲ့ပြီးမှသာလျှင် ဘုရားသာသနာတော် တည်လတ္တံ့ဟု မိန့်တော်မူပါတယ်။

အဲဒီတော့ ဒေဝါနံပိယတိဿမင်းကြီးသည် သီဟိုဠ်ကျွန်း၌ "သိမ်" ဖြစ်မြောက်ရန် ကောင်းစွာစီမံတော့၏။ ထိုအခါ မိမိသည် ဘုရားသာသနာတော်ကို များစွာအားကိုး ယုံကြည်တဲ့အတိုင်း အရှင်မဟိန္ဒမထေရ်မြတ်အား လျှောက်ထားသည်မှာ "အရှင်မြတ်ဘုရား-တပည့်တော်များဟာလဲ မြတ်စွာဘုရား အာဏာစက်တော်အတွင်းမှာ နေလိုပါတယ်။ တပည့်တော်တို့နေရာ ဤအနုရာဓမြို့ကြီးကို သိမ် သမုတ် ပေးပါ" လို့ လျှောက် ထားတဲ့အတိုင်း အရှင်မဟိန္ဒမထေရ်မြတ်လဲ အနုရာဓမြို့အလုံးကို ခြုံပြီးတော့ မဟာသိမ်ကြီး သမုတ်တော်မူသတဲ့။

စပ်မိတဲ့အတိုင်း ဒီအချက်မှာ သိမှတ်ဘို့ကောင်းတာကို ထုတ်ဖော်ပြရအုံးမယ်။ မဟာသိမ်ကြီးဖြစ်တဲ့ အနုရာဓမြို့ပေါ်မှာ လူနေ အိမ် ခြေ မြောက်မြားစွာ အိမ်ယာတည်ထောင်ပြီးနေကြတယ်မဟုတ်ပါလား။ အဲဒီအနုရာဓမြို့သူ-မြို့သား တွေဟာ သိမ်ပေါ်မှာ, သိမ်ထဲမှာ နေကြတာပေါ့။ တချို့ နားမလယ်တဲ့လူတွေက သိမ်ပေါ်ကို ဒကာမတွေ မတက်ကောင်းဘူးဆိုတာ မှတ်သားကြပါ။ တခု သတိပြုဘို့ကတော့ သိမ်ထဲမှာ ရဟန်းတော်များ ကံဆောင်နေတဲ့အခါမှာတော့ ရဟန်း တော်များ ရဲ့ အနီး အပါး ဟတ္ထပါသ်အတွင်းကို မိန်းမပြောနဲ့ ယောကျ်ားတောင် မကပ်ကောင်းဘူး။ အဲတာ သတိပြုကြပေါ့။

ယခုဟောခဲ့တဲ့ အရှင်မဟိန္ဒမထေရ်မြတ်ရဲ့ဩဝါဒကိုထောက်ကြည့်ကြရင် သိမ်ဖွဲ့ပြီးမှ, သိမ်ရှိမှ သာသနာတည်မယ်ဆိုတော့ သိမ်ရှိအောင်, သိမ်ဖြစ်ပေါ်အောင် ဆောင်ရွက်ထောက်ပံ့ကြတဲ့ အလှူရှင်များဟာ ကောန်စင်စစ် သာသနာပြု သာသနာနုဂ္ဂဟ, သာသနဒါယကာတွေ ဖြစ်ကြပါ

သောကြောင့် ငါတို့ဟာ အလွန်ကြုံခဲ့လှစွာသော သာသနာတော်ကြီးကို ချီးမြှောက်ရပြီဟူ၍ ဝမ်းမြောက်ကြ-အာရုံပြုကြပေတော့။

သိမ်ဒကာတွေ အကျိုးရနိုင်ပုံတမျိုးကို ညွှန်ပြပါအုံးမယ်၊ အာရုံပြုကာ နာယူကြပါအုံး။

> ပိဏ္ဍာယ ပဝိဋ္ဌံ ဒိသွာ ယာဂုဘတ္တာဒီနိ သမာဒပေန္တော သဗ္ဗေသမ္ပိ ဒါယကာနံ ကုသလေန သမကံ ကုသလံ ပါပုဏာတိ။

ပိဏ္ဍာယ၊ ဆွမ်းအလို့ငှာ။ ပဝိဋ္ဌံ၊ ဆွမ်းခံဝင်သော ရဟန်းတော်ကို။ ဒိသွာ၊ မြင်ခဲ့သည်ရှိသော်။ ယာဂုဘတ္တာဒီနိ၊ ယာဂုဆွမ်းအစရှိသည်တို့ကို။ သမာဒပေန္တော၊ လောင်းလှူအောင် တိုက်တွန်းသောသူသည်။ သဗ္ဗေသမ္ပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ ဒါယကာနံ၊ ပေးလှူသမျှ အလှူ့ဒါယကာတို့၏။ ကုသလေန၊ ကုသိုလ်နှင့်။ သမကံ၊ တူမျှသော။ ကုသလံ၊ ကုသိုလ်သို့။ ပါပုဏာတိ၊ ရောက်၏။ ဝါ၊ ရ၏။

ဤဒေသနာတော်က ဘာကို ပြသလဲဆိုတော့ ရဟန်းတော်များ ဆွမ်းခံကြွလာသာမြင်ရလျှင် ဆွမ်းလောင်းကြအောင်၊ ဆွမ်းလှူကြအောင် တိုက်တွန်း နှိုးဆော်ပေးတဲ့သူဟာ အလုံးစုံ လှူဒါန်းတဲ့ သူတွေရဲ့ ကုသိုလ်နဲ့ တူအောင် ဟူမျှတဲ့ကုသိုလ်ကို ရသတဲ့။

အဲဒီ ဒေသနာတော်က တပါးသော သူတွေ ကုသိုလ်ရအောင် တိုက်တွန်းပြီး အားထုတ်ပေးတဲ့သူဟာ မိမိကြောင့် သူတပါးရတဲ့ကုသိုလ်နဲ့ အတူအမျှ မိမိမှာလဲ ကုသိုလ်ရကြောင်းကို ဟောပြတဲ့ ဒေသနာတော်ဘဲ။

သို့ဖြစ်သောကြောင့် သိမ်ဖြစ်အောင် အားထုတ်ပေးတဲ့ ဒါယကာများရဲ့ အဋ္ဌခြံသိမ်နဲ့စပ်ပြီ တော့ သူတပါးရသွားတဲ့ ကုသိုလ်နှင့်အတူ သိမ်ဒကာများသန္တာန်မှာလဲ တူညီသော ကုသိုလ်ကို ရနိုင်ပါတယ်ဟူ၍ ပျော်ကြည်စွာ အာရုံပြုကြ-ဝမ်းမြောက်ကြပြီးသကာလ ဝိဝဋ္ဋနိဿိတ ကုသိုလ်ဖြစ်အောင် လမ်းမှန်သော ပတ္ထနာဆုများကိုတောင်းပြီး သာဓု-အနုမောဒနာ ပြုကြစေကုန်သတည်း။

သိမ် အနုမောဒနာတရား ပြီး၏။

## နမော ပဘက်ရသ ဇေယျတု
## (၆၅) သင်္ခါရတရားတော်

အနိစ္စာ ဝတ သင်္ခါရာ၊
ဥပ္ပါဒဝယ ဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊
တေသံ ဝူပသမော သုခေါ။

သင်္ခါရာ၊ သက်ရှိသက်မဲ့ ပြုပြုကုန်စင် မြင်သမျှအစားစား သင်္ခါရ တရားဟူသမျှတို့သည်။ အနိစ္စာ ဝတ၊ မခိုင်မြဲရ ပျက်စီးကြကုန်လိမ့်မည် တကား။ ဥပ္ပါဒဝယဓမ္မိနော၊ ဖြစ်လျှင်ပျက်မြဲ မလွဲသောသဘောရှိကုန်၏။ ဥပ္ပဇ္ဇိတွာ၊ ဦးစွာအစ ဖြစ်ကုန်ကြ၍။ နိရုဇ္ဈန္တိ၊ နောက်ဆုံးတွင် ယုတ်သိမ်း ပြီး ချုပ်ငြိမ်းကြရလေကုန်၏။ တေသံ၊ ဖြစ်ပျက်ဖကင်း ထိုသင်္ခါရတသင်း တို့၏။ ဝူပသမော၊ ချုပ်ငြိမ်းရာမှန် မြတ်နိဗ္ဗာန်သည်။ သုခေါ၊ ချမ်းသာ မျိုး ကေန် စင်စစ်မှန်ပေတော့သည်တကား။

ဤဒေသနာတော်က ပုရိန္ဒဒ သူဇာသက်ထား မိုးသိကြားသည် မြတ်စွာဘုရား နိဗ္ဗာန်ခွင်သို့ စံဝင်တော်မူသည်နှင့်တပြိုင်နက် စိတ်လက်မရွှင် ပူပင်သောက ဗျာပါဒမိုးပွားလျက် ထူးထူးခြားခြားကြီး သတိသံဝေဂ ရကာ သိဆိုမြွက်ဟတဲ့ "ဥဒယဗ္ဗယ ဓမ္မဂီတ"ဖြစ်ပေတယ်။

အစစ်အမှန်ဖြစ်သော ဖြစ်ခြင်းပျက်ခြင်း သဘောကို ဟုတ်ဆိုဖော် ကြားတဲ့သိကြားမင်းရဲ့ ဥဒယဗ္ဗယကထာ ဒေသနာ အတိုင်း သင်္ခါရနယ် အတွင်းက မလွတ်ကင်းတဲ့ တရားမှန်သမျှတွေဟာ အဖြစ်အပျက် နှစ်ပါး စုံတွဲလျက် ခွဲမရတဲ့ အရာဖြစ်၍ ဖြစ်လျှင်ပျက်ရမယ်၊ ပျက်ပြီးလဲ ဖြစ်ရအုံး မယ်။ အဲဒီသဘောရင်းကလွတ်ကင်းတဲ့ နိဗ္ဗာန်သို့ရောက်မှသာ အဖြစ်အပျက် နှစ်ပါးရပ်ပြီး အအေးဓာတ်ကို ရကြ မယ် ဟူ၍ မပြဲဘဲ့ သင်္ခါရသဘောကို ထင်အောင်-မြင်အောင်ရှုဆ သံဝေဂယူကြဘို့ သတိပေးရခြင်းဖြစ်ပေတယ်။

ဖြစ်ခြင်းပျက်ခြင်း ဥဒယဗ္ဗယ မွေကထာကို ဦးစွာစတည်ပြီး ဘာကို ဟောသည်-ပြောလိုလို့ တရားချီရပါသလဲဆိုတော့ ဖြစ်ပေါ်တာက ပြောင်း ရွှေပြီး ပျက်စီးကြရ - အပျက်ကပြောင်းရွှေပြီး ဖြစ်ပေါ်ကြရ။ အဲတာလို

ဖြစ်ပုံ, ပျက်ပုံ, ပြောင်းရွှေ့ပုံတွေကို တွေးဆဆင်ခြင်ပြီးတော့ သတိသံဝေဂ ရကြစေလိုတဲ့အတွက် ဤဥဒယဗ္ဗယ-ဓမ္မကထာကို မူဘည်ပြီး ထုတ်ပြရခြင်း ဖြစ်ပေတယ်။

ယခုဟောမဲ့တရားတော်က တနှစ်က တနှစ်သို့ ပြောင်းရွှေ့လာတာ ကို သင်္ကြန်အခါလို့ ခေါ်ကြတဲ့သင်္ကြန်အကြောင်းကို ဟောပြောတဲ့သင်္ကြန် တရားလို့ အမည်တပ်ရမှာပေါ့။

သင်္ကြန်ဆိုတဲ့ ဝေါဟာရဟာ "သင်္ကန္တ" ဆိုတဲ့ ပါဠိဘာသာက ပြောင်းလဲလာခဲ့ပါတယ်။ သင်္ကန္တသဒ္ဒါက ပြောင်းလွဲခြင်း၊ ပြောင်းရွှေ့ခြင်း အနက်ရပါတယ်။ ကကြီးကို ရရစ်ပြီးတော့သက္ကဋအသံထားဖြင့် "သင်္ကြန်" လို့ ခေါ်ကြတာဖြစ်လေတာပေါ့။

တနှစ်၏နောက်ဆုံးရာသီဖြစ်တဲ့ မိန်ရာသီမှ နောက်တနှစ်၏အစဆုံး ရာသီဖြစ်တဲ့ မိဿရာသီသို့ တနင်္ဂနွေဂြိုဟ် ပြောင်းရွှေ့တာကို "သင်္ကြန်"လို့ ခေါ်ဝေါ်သမုတ်ပြီး အမည်တွင်ခဲ့ခြင်းဖြစ်ပါတယ်။

ဒီနေရာမှာ စောဒနာဘွယ်တခုကို ရှင်းလင်းရသေးတာပေါ့။ ပြောင်းရွှေ့တဲ့အခြင်းအရာတွေ အမျိုးမျိုး ရှိပါလျက် တနှစ်မှ တနှစ်သို့ ပြောင်းဟာကိုမှ အဘယ်ကြောင့် သင်္ကြန်လို့ ခေါ်သလဲ။ တပါးသော ပြောင်လွဲမှု, ပြောင်းရွှေ့မှုတွေကို ဘာဖြစ်လို့ သင်္ကြန်လို့ မခေါ်ပါသလဲလို့ မေးဘွယ်ရှိကြတာပေါ့။

အဖြေကတော့ အတည်ဒြဗ်တခုရဲ့ ထင်ရှားပြီးသား, တွင်ပြီးသား ဖြစ်တဲ့အမည်ဟာ တပါးသောအထည်ဒြဗ်မှာ ထင်ရှားအောင်-တွင်အောင် ပြုလို့မရပါဘူး။ သွားတတ်လို့ "နွား" ဆိုတဲ့အမည်ကို၊ သွားတတ်တဲ့မြင်းမှာ သွားပြီးတော့ "နွား"လို့ အမည်မှည့်လို့ ရပါ့မလား။ နွား သတ္တဝါမှာ တွင်ပြီးသားနွားဆိုတဲ့အမည်ကို မြင်းမှာသွားပြီးတော့ "နွား"လို့ မှည့်လို့ မရသလိုပေါ့။ နှစ်ဟောင်းက နှစ်သစ်သို့ ပြောင်းလွဲခြင်းကိုသာ သင်္ကြန်လို့ ခေါ်ဝေါ်တဲ့ဝေါဟာရဟာ ဘိုးစဉ်-ဘောင်ဆက်က ခေါ်တွင်ပြီးလာခဲ့တဲ့ အတွက် တပါးသောပြောင်းလွဲမှု၊ ပြောင်းရွှေ့မှု များကို "သင်္ကြန်" ဟူ၍ မှည့်ခေါ်လို့မရတော့ပါဘူး။ အမည်တူမှည့်ခေါ်ခြင်းကိုလဲ မပြုသင့်ပါဘူး လို့ ရှင်းလင်းချက်ပြုခဲ့ပါတယ်။

တနှစ်မှ တနှစ်သို့ ကူးပြောင်းတာကို သင်္ကြန်လို့ ခေါ်ဆိုရတဲ့ သဘောနဲ့ပတ်သက်ပြီးတော့ ပြောင်းရွှေ့ပုံအမျိုးမျိုး, ဖြစ်ပျက်ပုံ အများအပြား, အကြီးစား-အငယ်စား, တပါးပြီး-တပါး,တမျိုးပြီးတမျိုး ဖြစ်ပုံ-ပျက်ပုံ, ပြောင်းပုံ-ရွှေ့ပုံတွေကို ဒေသနာတော်ရှိတဲ့အတိုင်း ဖော်ပြ-ဟောကြားမယ်။ အဖြစ်အပျက်သဘော ထင်ရှားအောင်အာရုံပြုကာ မှတ်သားနာယူကြပေတော့။

ဘုန်းကြီးဟောပြမဲ့ ဖြစ်ပုံ-ပျက်ပုံ, ပြောင်းပုံ - ရွှေ့ပုံ တွေကို နာယူမှတ်သားကြရင် ဘယ်လိုအကျိုးထူးရကြမလဲဆိုတော့ အကျိုးထူးရနိုင်ပုံကို ရှေးဦးစွာ ဖော်ပြရသေးတာပေါ့။

ကပ်ကမ္ဘာမှန်သမျှ စကြဝဠာအနန္တတို့၏ ကြီးကြီး ကျယ်ကျယ် ဖြစ်ပျက်ပုံ၊ ကြီးကြီးကျယ်ကျယ်ပြောင်းရွှေ့ပုံအကြောင်းအရာတွေကိုသိဘို့ ဟောပြောဘို့အရာဟာ သာမန်မျှသော အရာ က လေး မဟုတ်ပါဘူး။ "လောကဝိဒူ" ဂုဏ်တော်ရှင်ဖြစ်တော်မူတဲ့ သမ္မာသမ္ဗုဒ္ဓ သဗ္ဗညု မြတ်စွာဘုရားများသာလျှင် သိမြင်နိုင်, ဟောကြားနိုင်တဲ့ ဗုဒ္ဓဝိသယ မဟာကိစ္စတော်ကြီး ဖြစ်ပေတယ်။ ဗုဒ္ဓရှင်တော်မြတ်၏ ဟောပြချက် ဒေသနာမှုကို နာယူ မှတ်သားပြီး တဆင့် ဖောက်သည်ချကာ ဟောကြားတဲ့ ဘုန်းကြီးများအထံက စကြဝဠာမဟာကပ်ကမ္ဘာကြီးတို့၏ ဖြစ်ပုံ, ပျက်ပုံ, တည်ပုံ, ပြောင်းရွှေ့ပုံများကို ကြားနာကာ အာရုံပြုကြရင်းပင်လျှင်....

အော်....လောကဝိဒူဂုဏ်တော်ရှင် ဖြစ်တော်မူတဲ့ ဗုဒ္ဓရှင်တော်မြတ်ဘုရား ဟောကြားလမ်းညွှန်ခဲ့သို့ ဤအဖြစ်အပျက်တွေကို ငါတို့ သိမှတ်ရပေတယ်၊ ကြားနာရပေတယ်ဟူ၍ သက်တော်ထင်ရှား ဘုရားကိုယ်တော်မြတ်သို့ ရောက်အောင် အာရုံပြုကြပါ။ ဤကဲ့သို့ အာရုံပြုကြမယ်ဆိုရင် ဗုဒ္ဓါနုဿတိဘာဝနာကုသိုလ်ကြီးကို တရားနာပရိသတ်တွေ ရကြလိမ့်မယ်။

တဖန် ဒုတိယရနိုင်တဲ့အကျိုးက ပထဝီ,အာပေါ,တေဇော,ဝါယော ဟု ဆိုအပ်သော ဓာတ်ကြီး လေးပါး တို့ရဲ့ စုပေါင်း ဖြစ်ပေါ် နေဟန် ကျောက်ပျက်စီးပုံတွေကို နာယူပြီး သုံးသပ်ဆင်ခြင်ကြမယ်ဆိုရင် ကမ္မဋ္ဌာန်းလေးဆယ်ထဲက စတုဓာတုဝဝတ္ထာန်ကမ္မဋ္ဌာန်းကို ပွားများအားထုတ်သည် မည်ပါသောကြောင့် သမထဘာဝနာကုသိုလ်ကြီးကို ရနိုင်ကြပါတယ်။

တတိယ ရနိုင်တဲ့အကျိုးကတော့ ယခုဘဝက လေ့ကျက်မှတ်သား ကြားနာရတဲ့ အာစိဏ္ဏပုဗ္ဗက အကြောင်းများကြောင့် နောင်သောအခါ ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်စသည်တို့ကို အလွယ်တကူ ရနိုင်ခြင်း၏ အထောက်အပံ့ အားကြီးသော မှီရာ ပကတူပနိဿယ များလဲ ဖြစ်နိုင် ပါတယ်။

စတုတ္ထအချက်ကတော့ယခုပစ္စက္ခဘဝမှာပင်လျှင် ကပ်ကမ္ဘာများ၏ ဖြစ်ပျက်တည်နေမှုအဖုံဖုံကို နားလည်သိမှတ်ရခြင်းသုတမယဉာဏ် တိုးပွား ပြီးတော့ စဉ်းစားတိုင်း၊ ဆင်ခြင်တိုင်းမှာ ပင်လျှင် သတိ သံဝေဂတရား တဖွားဖွား ပေါ်ပေါက်လျက် ဝိပဿနာ သမ္မာဒိဋ္ဌိ ဉာဏ်အလင်းရောင်ကို ရနိုင်ကြပါလိမ့်မယ်။ ဤသို့စသည်ဖြင့် များစွာအကျိုး ရနိုင်သောကြောင့် ဥဒယဗ္ဗယ ဓမ္မသဘာဝကို ကောင်းစွာနာယူကြ မှတ်သားကြပါကုန် ဟူ၍ ဦးစွာတိုက်တွန်းခဲ့ပါတယ်။

သတ္တဝါတွေမှီခိုပြီးတော့ နေထိုင်ရာဖြစ်တဲ့ ကပ်ကမ္ဘာကြီးဆိုတာ အာယုကပ်၊ အန္တရကပ်၊ အသင်္ချေယျကပ်၊ မဟာကပ်ဟူ၍ လေးမျိုးလေးစား ရှိပါတယ်။ အဲတာလို လေးမျိုးလေးစားရှိတဲ့အနက် အာယုကပ် ဆိုတာက လူတို့၏ သက်တမ်းပမာဏအားဖြင့် ဆယ်နှစ်တမ်း၊ တရာတမ်း၊ တထောင် တမ်း၊ တသောင်းတမ်း၊ တသိန်းတမ်းစသောအားဖြင့်အသက်တမ်းပမာဏကို မှတ်သားပြလိုတဲ့ကပ်ကို အာယုကပ်ဟူ၍ မှတ်သားကြ၊ အဲဒီအာယုကပ်၏ ဖြစ်ပျက် ပြောင်းလဲပုံ များဟာ ရှေးရှောက် ဟောပြောရင်း ပေါ်လွင်ပါ လိမ့်မယ်။

အသင်္ချေယျကပ်ကိုဝေဘန်တဲ့အခါကျတော့အန္တရကပ်အကြောင်း ကို သိရပါလိမ့်မယ်။ အသင်္ချေယျကပ်ဆိုတာက....

သံဝဋ္ဋော သံဝဋ္ဋဋ္ဌာယီ ဝိဝဋ္ဋော ဝိဝဋ္ဋဋ္ဌာယီ
ကပ္ပဿ စတ္တာရိ အသင်္ချေယျာနိ။

ဟူ၍ ဒေသနာတော်က ထုတ်ဖော်ညွှန်ပြတော်မူတဲ့အတိုင်း....

သံဝဋ္ဋအသင်္ချေယျကပ်၊
သံဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ်၊
ဝိဝဋ္ဋအသင်္ချေယျကပ်၊
ဝိဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ်။

အဲဒီလို လေးမျိုးလေးစား ရှိတဲ့အနက် "သံဝဋ္ဋအသင်္ချေယျကပ်" ဆိုတာက ပျက်ဖော်ပျက်ဖက်ဖြစ်တဲ့ စကြာဝဠ ကုဋေတသိန်းလုံး မီးဖျက်တဲ့ ကမ္ဘာဆိုရင် မီးတွေလောင်ပြီး ဖျက်ဆီးနေလိုက်ထာ အောက်ပိုင်းက စကြာဝဠာကိုခံထားတဲ့ လေးသိန်းရှစ်သောင်း အထုရှိသော "ရေထုကြီး" နှင့် တကွ နှစ်သိန်းလေးသောင်း အထု ရှိသော မဟာပထဝီ မြေကြီးက စပြီးတော့ အထက်က ရူပါဝစရဒုတိယဈာန်ဘုံဖြစ်တဲ့အာဘဿရာဗြဟ္မာဘုံ တိုင်အောင် တော့တောင်, ရေ့မြေ, သီဒါသတ္တရဘာန်, မြင့်မိုရ်ပါမကြွင်း ဟင်းလင်းအပြင်ကြီးဖြစ်စေလျက်"နေဝ ဆာရိကာ ပညာယတိ၊ န မသိ" ဟူ၍ သတ္တသူရိယ သုတ်ဒေသနာတော်တို့ ပြတဲ့အတိုင်း မီးသွေးခဲကလေး ပြာမှုံကလေးပါမကျန်ရအောင် ကပ်ကမ္ဘာကြီးကို မီးတွေလောင်မြိုက်ပြီး မီးတိုက်ကာ ဖျက်ဆီးနေလိုက်တဲ့ကာလကြီးဟာ သံဝဋ္ဋအသင်္ချေယျကပ်လို့ ခေါ်တယ်။

အဲတာလို ကမ္ဘာကြီး ပျက်အောင် ဖျက်ဆီးတတ်တဲ့ သံဝဋ္ဋ သဘောဟာ တေဇောသံဝဋ္ဋ,အာပေါသံဝဋ္ဋ,ဝါယောသံဝဋ္ဋ ဟူ၍ သုံးမျိုး ရှိတဲ့အနက် ယခုဟောခဲ့တာက မီးဖျက်တဲ့ တေဇောသံဝဋ္ဋကပ်ကို ပြခဲ့ ပါတယ်။ ရေဖျက်တဲ့ အာပေါသံဝဋ္ဋကပ်မှာလဲ မီးဖျက်တဲ့ကပ်လို ဘဲ အထက်သုဘကိဏှာဘုံရောက်အောင် အားလုံးအကြွင်းအကျန်မရှိ ဖျက်ဆီး ပစ်လိုက်တယ်။ လေဖျက်တဲ့ဝါယော သံဝဋ္ဋကပ်ကတော့ အထက် ဝေဟပ္ဖိုလ်ဘုံရောက်အောင် သင်္ခါရမကြွင်း ဟင်းလင်းပြင်ကြီးဖြစ်အောင် အကြွင်းအကျန်မရှိစေဘဲ ဖျက်ဆီးပစ်လိုက်တယ်။ အဲတာလို ကမ္ဘာကြီးကို ပျက်အောင် ဖျက်နေလိုက်တာ သံဝဋ္ဋအသင်္ချေယျကပ်တကပ်ကြာတယ်လို့ မှတ်လိုက်ကြ၊ မည်မျှလောက် ကြာတယ်ဆိုတာ ကိုတော့ သိကြရပါ လိမ့်မယ်။

အဂ္ဂိနာ ဘဿရာ ဟေဋ္ဌာ၊
အာပေန သုဘကိဏှတော။
ဝေဟပ္ဖလတော ဝါတေန၊
ဧဝံ လောကော ဝိနဿတိ။

အာဘဿရာ၊အာဘဿရာဘုံမှ။ ဟေဋ္ဌာ၊အောက်၌ရှိသမျှသင်္ခါရမှု တရားစုသည်။ အဂ္ဂိနာ၊ မီးဖြင့်။ ဝိနဿတိ၊ လောင်ကျွမ်း ပျက်စီး ရ၏။ သုဘကိဏှတော၊ သုဘကိဏှာဘုံမှ။ ဟေဋ္ဌာ၊ အောက်၌ရှိသမျှ သင်္ခါရမှု

တရားစုသည်။ အာပေန၊ ရေဖြင့်။ ဝိနဿတိ၊ နူးနပ်ကျေမွ ပျက်စီးရ၏။ ဝေဟပ္ဖလတော၊ ဝေဟပ္ဖိုလ်ဘုံမှ။ ဟေဋ္ဌာ၊ အောက်၌ရှိသမျှ သင်္ခါရမှု တရားစုသည်။ ဝါတေန၊ လေဖြင့်။ ဝိနဿတိ၊ လွင့်ပါးပြုန်းတီး ပျက်စီး ရ၏။ ဇေံ၊ ဤသို့ ဖော်ပြ သဘာဝအားဖြင့်။ လောကော၊ မိုရာဌာန ဩကာသ လောကကြီးသည်။ ဝိနဿတိ၊ လောင်ကျွမ်းကျေမွ လွင့်ကျ ပျက်စီးကြရလေတော့သတည်း။

မီး,ရေ,လေ,သုံးမျိုးတို့ဖြင့် ပြုန်းတီးကျေမွ တစမကျန် တွန်းလှန် ဖျက်ဆီးပြီးတဲ့နောက် ကမ္ဘာပြုတဲ့မိုးကြီးရွာသည်တိုင်အောင် ဟင်းလင်း အပြင်ကြီးဖြစ်နေလျက် အပျက်တည်ဆဲဖြစ်တဲ့အခါကိုတော့ သံဝဋ္ဋဋ္ဌာယီ အသင်္ချေယျကပ်လို့ ခေါ်ရတယ်။ အဲဒီ ကပ်အခါမှာတော့ ဟင်းလင်း အပြင်ကြီးထဲမှာ ဘာတခုမျှ ထင်ရှားမရှိတဲ့အခါ ဖြစ်ပေတယ်။

ထိုနောက် ကမ္ဘာပြုမိုးကြီးရွာတဲ့အခါကစပြီးတော့ တောနေရာ တော,တောင်နေရာတောင်,ရေနေရာရေ,မြေနေရာမြေ, သိဒ္ဓါ သတ္တရဘာန် မြင့်မိုရ်ပါမကျန် သူ့နေရာနှင့်သူ သတ္တဝါတွေနေထိုင်ဘို့ရာ ပြုပြင်ဖန်တီး ပြီးတော့ အမျိုးမျိုး အထွေထွေ ဖြစ်ထွန်း ပေါ်ပေါက်လျက် ကမ္ဘာ လောကကြီးအပြည့်အစုံဖြစ်ပေါ်အောင် ဖန်တီးနေကဲ့ကာလက ဝိဝဋ္ဋဋ္ဌာယီ အသင်္ချေယျကပ် ခေါ်တယ်။ယခုလို ကမ္ဘာကြီးဖြစ်ပေါ်အောင် ပြုပြင်ပေး နေတုန်းမှာလဲ ဘယ်လိုအရာမျိုးမှ ကမ္ဘာပေါ်မှာ ထင်ရှားမရှိသေးဘူးတဲ့။

ထိုနောက် သတ္တဝါတွေနေထိုင်ဘို့ရာ ကပ်ကမ္ဘာကြီးအပြည့်အစုံ ပေါ်လာပြီးတော့ ဗြဟ္မာ့ဘုံနေရာမှ ဗြဟ္မာတွေ၊ နတ်ဘုံနေရာမှ နတ်တွေ၊ လူ့ဘုံနေရာမှ လူတွေ၊ ငရဲဘုံနေရာမှ ငရဲသားတွေ၊ ကိုယ့်နေရာနဲ့ကိုယ် ဖြစ်ပေါ် နေထိုင်လာရတဲ့ အခါကာလကတော့ ဝိဝဋ္ဋဋ္ဌာယီအသင်္ချေယျ ကပ်လို့ ခေါ်ဆိုရတယ်။ အဲဒီ ဝိဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ်ကျတော့ သက်ရှိ သက်မဲ့ သင်္ခါရဓမ္မတွေဟာ ဤကမ္ဘာပေါ်မှာ ဖြစ်ပေါ်လာကြပေတယ်လို့ သိမှတ်ကြရမယ်။

ယခုဟောခဲ့တဲ့ အသင်္ချေယျ ကပ်လေးကပ် ဆိုတာ တကမ္ဘာလို့ ခေါ်ဆိုရတဲ့ မဟာကပ်ကြီးကို လေးပုံ,ပုံပြီးတော့ ပဌမ တပုံက သံဝဋ္ဋ အသင်္ချေယျကပ်၊ ဒုတိယတပုံက သံဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ်၊ တတိယ တပုံက ဝိဝဋ္ဋအသင်္ချေယျကပ်၊ စတုတ္ထတပုံက ဝိဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ် ဟူ၍ အညီအမျှ လေးမျိုးပြောင်းလဲပြီး ဖြစ်ပေါ်လာရတယ်။

အဲဒီ အသင်္ချေယျကပ် လေးမျိုးထဲက လူနေအိမ်ခြေ ရှိပြီးတော့ တည်နေကြတဲ့ နောက်ဆုံးဖြစ်တဲ့ ဝိဝဋ္ဋဌာယီ အသင်္ချေယျကပ်ကို တဖန် အန္တရကပ် (၆၄) ကပ်နဲ့ ဝေဘန်ပြီး ပြောင်းရွှေ့ဖြစ်ပျက်ပုံကို သိမှတ်ကြရအုံးမယ်။ အသင်္ချေယျကပ် လေးကပ်ရဲ့ အသက်တမ်းဟာ အညီအမျှစီဘဲ အသက်တမ်းရှိကြပေတယ်။

ဝိဝဋ္ဋဌာယီ အသင်္ချေယျံ စတုသဋ္ဌိ အန္တရကပ္ပ သင်္ဂဟိတံ၊ သေသာနိ အသင်္ချေယျာနိ ကာလတော တေန သမပ္ပမာဏာနေဝ။

ဝိဝဋ္ဋဌာယီအသင်္ချေယျံ၊ ဝိဝဋ္ဋဌာယီအသင်္ချေယျကပ်ကို။ စတုသဋ္ဌိ အန္တရကပ္ပသင်္ဂဟိတံ၊အန္တရကပ် ၆၄-ကပ်တို့ဖြင့် ရေတွက်အပ်၏။သေသာနိ၊ အသင်္ချေယျာနိ၊ ကြွင်းသော အသင်္ချေယျ သုံးကပ်တို့သည်။ ကာလတော၊ အန္တရကပ် ၆၄-ကပ်ကြာသော ကာလအားဖြင့်။ တေန၊ ထိုဝိဝဋ္ဋဌာယီ အသင်္ချေယျကပ်နှင့်။ သမပ္ပမာဏာနေဝ၊ ညီမျှသော ပမာဏရှိကုန်သည် သာလျှင်။ ဟောန္တိ၊ဖြစ်ကုန်၏။

ဒီနေရာမှာ အန္တရကပ်အကြောင်းကို ဖော်ပြခဲ့အုံးမယ်၊အသက်တမ်း တက်ကပ်-ဆုပ်ကပ်တစုံကို အန္တရတကပ်လို့ မှတ်သားကြရမယ်။ ဆယ်နှစ်တမ်းက စပြီးတော့ တရားတော်ကို ကျင့်သုံးကြတဲ့အတွက် ဆယ်နှစ်က-နှစ်ဆယ်၊နှစ်ဆယ်က လေးဆယ်၊ ဤသို့စသည်ဖြင့် တပြန်တပြန် တက်တက်ပြီးတော့ အသက် အသင်္ချေ တိုင် အောင် အ သက် တမ်း တိုးသွား သတဲ့။ ထိုနောက် တဖြေးဖြေးဆုတ်ခဲ့ရာ ဆယ်နှစ်တမ်းပြန်ရောက်အောင်ဆုတ်သွားသဘဲ့။ အဲဒါလို တက်ကပ်ဆုတ်ကပ် တစုံပြည့်သောအခါ ကျင့်ပုံမတရားအကုသိုလ်များတဲ့အတွက် အန္တရကပ်တကြိမ် ပျက်ရသတဲ့။ အဲဒီလို အန္တရကပ်မျိုး ၆၄-ကြိမ်ကို ဝိဝဋ္ဋဌာယီအသင်္ချေယျတကပ် ခေါ်တယ်လို့မှတ်ကြ။

ဣမာနိ စတ္တာရိ အသင်္ချေယျာနိ ဧကော မဟာကပ္ပေါ ဟောတိ။

ဤဒေသနတော်အရ အသင်္ချေယျကပ် လေးကပ်ဟာ တကမ္ဘာ ခေါ်တဲ့ မဟာကပ်ကြီးတကပ်ဖြစ်တယ်။အဲဒီမဟာကပ်ကြီးရဲ့ အသက်တမ်း ပမာဏဟာ ဘယ်လောက်ရှိပါသလဲလို့ မေးလျှောက်ဖွယ်ရှိသေးရဲ့။

မဟာကပ်တကပ်ရဲ့ သက်တမ်းပမာဏကို သင်္ချာချပြီး မပြနိုင်ဘူး၊ ဥပမာဖြင့်သာ ရှင်တော်ဘုရား မိန့်တော်မူခဲ့ပါတယ်။ တယူဇနာ ပတ်လည်ရှိတဲ့ တိုက်ခန်းအတွင်းမှာ မုံညင်းစေ့ကလေးတွေ ပြည့်အောင် ထည့်ထား

ပြီးတော့ လူ့ပြည်ကအနှစ်တရာကျလျှင် တစေ့တစေ့ ယူပစ်လိုက်တဲ့အခါမှာ မုံညင်းစေ့တွေသာ ကုန်သွားမယ်၊ တကမ္ဘာရဲ့အသက်တမ်းဟာ မကုန်ဆုံးသေးဘူးတဲ့။ ဤဒေသနာဖြင့် တကမ္ဘာရဲ့အသက်တမ်းကို မှန်းဆပြီး သိကြပေတော့။

ယခုဟောပြောခဲ့တဲ့ဒေသနာတော်က အာယုကပ်တခုကအာယုကပ်တခုသို့ ပြောင်းဖြစ်ပြီး တဖန်ပျက်ကြရပြန်တယ်။ အန္တရကပ်တခုက အန္တရကပ်တခုသို့ပြောင်းကာ ဖြစ်ပေါ်ပြီးတဖန် ပျက်ကြရပြန်တယ်။ အသင်္ချေယျကပ်တခုက အသင်္ချေယျကပ်တခုသို့ ပြောင်းကာ ဖြစ်ပေါ်ပြီး တဖန်ပျက်ကြရပြန်တယ်။ မဟာကပ်တခုက မဟာကပ်တခုသို့ ပြောင်းရွှေ့ဖြစ်ပေါ်ပြီး တဖန်ပျက်ကြရပြန်တယ်။

အဲတာလို ဖြစ်ခြင်း–ပျက်ခြင်း မကင်းတဲ့ သံသရာနယ်အတွင်းကဲ လူသာမန်တို့ မသိနိုင် မကြုံစည်နိုင်တဲ့ ဩကာသလောကကြီးရဲ့ ပြောင်းပုံရွှေ့ပုံ,ဖြစ်ပုံ,ပျက်ပုံ တွေကို ရှင်တော်မြတ်ဘုရား ညွှန်ပြ ဟောကြားတော်မူခဲ့တဲ့အတိုင်း နာကြားကြရ အာရုံပြုကြရပြီဖြစ်ပါသောကြောင့် ဆင်ခြင်ရှုဆပြီးသကာလ ဓမ္မသံဝေဂရအောင် အာရုံပြုကြပါလို့ များစွာတိုက်တွန်းခဲ့ပါတယ်။

နှစ်ဟောင်းက နှစ်သစ်သို့ပြောင်းလာကြတာကို သင်္ကြန်လို့ခေါ်ဆိုခြင်းနဲ့ပတ်သက် စပ်ရှက်ပြီးတော့ လူဘကာတိုင်း မသိနိုင်တဲ့ ကပ်ကမ္ဘာကြီးတွေရဲ့ ပြောင်းရွှေ့ပုံများကို အကျဉ်းမျှသာ ဟောပြခဲ့ခြင်း ဖြစ်ပေတယ်။ ကျန်းဂန် ဒေသနာတော် များမှာတော့ တော်တော်ကြီး အကျယ်တဝင့် ဟောပြောချက်တွေ ရှိပါရဲ့။

သို့သော်လဲ...တရားဟောရေးဘက်က မတတ်နိုင်လို့ ဝန်လေးခြင်း, တရားနာရေးဘက်ကလဲ စိတ်မငြိမ်သက်လို့ဝန်လေးခြင်း၊ အဲ့တာလို ဒေသကဂမျ, သဝနဂရ ဝန်လေးမှုတွေကို ထိန်းသိမ်းပြီးတော့ "တရားသင်္ဂြိုဟ်" ဆိုတဲ့ အမည်အတိုင်း တိုတိုကျဉ်းကျဉ်းနဲ့ အပြီးသတ်ကြဦးစို့။ သာဓုခေါ်ကာ ဓမ္မသဝနကုသိုလ်မှုကို အာရုံပြုပြီးတော့ လိုရာလိုရာ ဆုတောင်းပတ္ထနာပြုကြစေကုန်သတည်း။

**သင်္ကြန်တရားတော်ပြီးပြီ။**

## နမော သိရိသမ္ဗုဒ္ဓဿ ဇေယျတု
## (၆၆) သပ္ပုရိသဒါနတရားတော်

ပဉ္စိမာနိ ဘိက္ခဝေ သပ္ပုရိသဒါနာနိ၊ ကတမာနိ ပဉ္စ၊ သဒ္ဓါယ ဒါနံ ဒေတိ၊ သက္ကစ္စံ ဒါနံ ဒေတိ၊ ကာလေန ဒါနံ ဒေတိ၊ အနုဂ္ဂဟိတစိတ္တော ဒါနံ ဒေတိ၊ အတ္တာနဉ္စ ပရဉ္စ အနုပဟစ္စ ဒါနံ ဒေတိ။

ဘိက္ခဝေ၊ ချစ်သား ရဟန်းတို့။ သပ္ပုရိသဒါနာနိ၊ ကျိုးကြောင်း သိမြင် သူတော်စင်တို့ ကြည်လင်ရွှင်လန်း လှူဒါန်းကြသောဒါနတို့သည်။ ဣမာနိပဉ္စ၊ ဤငါးပါးတို့တည်း။ ကတမာနိပဉ္စ၊ အဘယ်ငါးပါးတို့နည်း ဟူမူကား....။

ဤသို့ အစချီပြီးတော့ မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ ဒေသနာတော်ရဲ့ အဓိပ္ပာယ် ကတော့ ရှေ့နောက် ဆင်ခြင်ပြီး အကျိုး အကြောင်းကိုသိမြင်တဲ့ သူတော်စင်သူတော်ကောင်းတို့ လှူဒါန်းကြတဲ့ဒါန ကုသိုလ်ဟာ ငါးမျိုးငါးစား ငါးပါး ရှိပေတယ်လို့ "သပ္ပုရိသဒါန" ငါးပါးကို ဘုရားရှင်ဟောပြတော်မူခဲ့ပါတယ်။ နည်းယူကျင့်ကြံဖို့ အလွန် ကောင်းတာဖြစ်လို့ မှတ်လဲမှတ်မိအောင် ခပ်ရှင်းရှင်းနဲ့ကျဉ်းကျဉ်းကလေးဘဲ ဟောပြခဲ့မယ်၊ အာရုံပြုကြပေတော့။

(၁) ပဌမသပ္ပုရိသဒါနက....
သဒ္ဓါယ ဒါနံ ဒေတိ။

သဒ္ဓါယ၊ ယုံကြည်သဖြင့်။ ဒါနံ၊ အလှူကို။ ဒေတိ၊ ပေးလှူ၏။

ယုံယုံကြည်ကြည်နဲ့ ဒါနကုသိုလ်ကို ပြုကြသတဲ့၊ ရှေးကသူတော် ကောင်းကြီးများဟာ ဒါနကုသိုလ်အရာမှာ ဘယ်ထိအောင် အားကိုးပါ သလဲ ယုံကြည်ပါသလဲဆိုတော့....

ဒါနကုသိုလ်ကို ပြုလုပ်အားထုတ်ရင် ဒါနကုသိုလ် စေတနာကြောင့် လူချမ်းသာ-နတ်ချမ်းသာ အစရှိတဲ့ သုဂတိချမ်းသာ တွေကို အဆင့်ဆင့် ခံစားကြ ပြည့်စုံကြပြီးတဲ့နောက် မြင့်မြတ်တဲ့ သာဝကဗောဓိဉာဏ်, ပစ္စေက ဗောဓိဉာဏ်, သမ္မာသမ္ဗောဓိဉာဏ် အထိ ရနိုင်တယ် ရောက်နိုင်တယ်-လို့ ယုံကြည်တဲ့ သဒ္ဓါကို ရှေ့ဆောင်ထားပြီး ဒါနကုသိုလ်ကို အားထုတ်ကြ ရမယ်။

နောက်ပြီးတော့ ကြည်လင် သန့်ရှင်းတာကို သဒ္ဓါ လို့ ခေါ် တဲ့ သဘောအတိုင်း ကောင်းမှုပြုတဲ့အခါမှာ စိတ်နောက်စရာ စိတ်ရှုပ်စရာ ဟူသမျှကို လက်မခံမူ၍ ကြည်ကြည်လင်လင် သန့်သန့်ရှင်းရှင်း သဒ္ဓါ စေတနာထားပြီး သူတော်ကောင်းများ အားထုတ်တော်မူကြတယ်။

အဲဒီ ပဌမသပ္ပုရိသဒါန၏ သဘောအတိုင်း ယနေ့အားထုတ်ကြတဲ့ အလှူရှင်အပေါင်းတို့ဟာလဲ သူတော်ကောင်းကြီးများရဲ့ နည်းလမ်းအတိုင်း ငါတို့အားထုတ်တဲ့ ဒါနကုသိုလ်ဟာ ဘဝအဆက်ဆက် ကောင်းတဲ့လမ်းက တက်ပြီး ထိုမှာဘက် နိဗ္ဗာန်ကမ်းသို့ တက်လှမ်းနိုင်အောင် ထောက်ပံ့ လိမ့်မယ်ဟူ၍ ယုံကြည်တဲ့ သဒ္ဓါတရား ကြည်လင်သန့်ရှင်းတဲ့ သဒ္ဓါတရား လက်ကိုင်ထားကြပါလို့ သတိပေးခဲ့ပါတယ်။

(၂) ဒုတိယ သပ္ပုရိသ ဒါနက....

သက္ကစ္စံ ဒါနံ ဒေတိ။

သက္ကစ္စံ၊ ရိုသေစွာ။ ဒါနံ၊ အလှူဒါနကို။ ဒေတိ၊ ပေးလှူ၏။

အဓိပ္ပါယ်က - လှူတဲ့အခါမှာ ရိုရိုသေသေ ပေးလှူတယ်လို့ ဆိုလို ပါတယ်။ ရိုသေတဲ့သက္ကစ္စအမှုဟာ လှူဘွယ်ဝတ္ထုကို ရိုသေခြင်း, အလှူခံကို ရိုသေခြင်း အဲတာလို နှစ်မျိုးရှိပေတယ်။

ကောင်းတဲ့လှူဘွယ်ဝတ္ထု၊ မွန်မြတ်တဲ့ လှူ ဘွယ် ဝတ္ထု၊ ပြည့်စုံတဲ့ လှူဘွယ်ဝတ္ထု၊ သန့်ရှင်းစင်ကြယ်တဲ့ လှူဘွယ်ဝတ္ထု၊ အဲဒီ လှူဘွယ်ဝတ္ထုမျိုးကို လှူဒါန်းကြရင် လှူဘွယ်ဝတ္ထုကို ရိုသေသည် မည်ပါတယ်။

အလှူခံဘက်ကတော့ - သာသနာတွင်း အ လှူ ခံ ပုဂ္ဂိုလ်၊ သီလရှိတဲ့ အလှူခံပုဂ္ဂိုလ်၊ မဂ် - ဖိုလ်ကို အလိုရှိလို့ ကျင့်ကြံနေတဲ့ အလှူခံပုဂ္ဂိုလ်၊ အဲဒီ အလှူခံပုဂ္ဂိုလ်များကို ရွေးချယ်ပြီးတော့ ကိုယ်ထိလက်ရောက် သာဟတ္ထိက မြောက်အောင် လှူဒါန်းကြမယ်ဆိုရင် အလှူခံကို ရိုသေသည် မည်ပါတယ်။ အဲဒီ ဒုတိယ သပ္ပုရိသဒါနကို အတုယူကြပြီးတော့ အလှူဝတ္ထုနဲ့ - အလှူခံ နှစ်မျိုးလုံးအပေါ်မှာ သက္ကစ္စဒါနမြောက်အောင် ရိုသေစွာလှူဒါန်းကြပါ လို့ တိုက်တွန်းရပါတယ်။

(၃) တတိယ သပ္ပုရိသဒါနက....
ကာလေန ဒါနံ ဒေတိ။

ကာလေန၊ ချိန်ခါအလိုက် ပြုထိုက်သောအခါ၌။ ဒါနံ၊ အလှူဒါနကို။ ဒေတိ၊ ပေးလှူ၏။

အချိန်အခါအားလျော်စွာ ကာလဒေသကိုကြည့်ပြီးတော့ ပေးလှူတဲ့ ဒါနမျိုးကို ဆိုလိုပါတယ်။

သံဃာတော်များ ဝါဆိုတဲ့ခေတ်ကာလမှာ ဝါဆိုသင်္ကန်းလှူဒါန်းခြင်း၊ ကထိန်ခေတ်ကာလမှာ ကထိန်သင်္ကန်းကပ်လှူခြင်း၊ ရဟန်းတော်များ မကျန်းမာတဲ့အခါမှာ သပ္ပါယဖြစ်တဲ့ ခဲဘွယ်ဘောဇဉ် ဆေးဝါးဓာတ်စာ လှူဒါန်းခြင်း၊ ဤကဲ့သို့ အစရှိသည်ဖြင့် အခါကာလ အားလျော်စွာ အခါအခွင့်သင့်သလို လှူဒါန်းတဲ့ ဒါနကုသိုလ်ဟာ ကာလဒါန ခေါ်ဆိုရတယ်။ အဲဒီဒါနမျိုးတွေကိုလဲ ရှေးသူတော်ကောင်းကြီးများဟာ အားထုတ်သွားကြတဲ့အတွက် ၎င်းဒါနမျိုးကို သပ္ပုရိသဒါနလို့ ခေါ်ဆိုရပေတယ်။ ဒို့ဒကာ ဒကာမတွေလဲ ကာလ-ဒါနအရာကို စောင့်စား ကြည့် ရှု ပြီး တော့ အခါ အခွင့် ကြုံတိုင်း-ကြုံတိုင်း လက်မလွတ်ကြရအောင် ကာလဒါန ကုသိုလ်ကို ရအောင် ဆည်းပူးကြပါလို့ တိုက်တွန်းပါတယ်။

(၄) စတုတ္ထ သပ္ပုရိသ ဒါနက....
အနုဂ္ဂဟိတ စိတ္တော ဒါနံ ဒေတိ။

အနုဂ္ဂဟိတ စိတ္တော၊ လွတ် လွတ် စွန့် ကြဲ သော စိတ် ရှိ သည် ဖြစ်၍။ ဒါနံ၊ အလှူကို။ ဒေတိ၊ ပေးလှူ၏။

ပေးလှူလိုက်တဲ့အတွက် မိမိပြန်ပြီး ရဘို့၊ ပြန်ပြီး အချိုးအမြှောက်ခံရဘို့ သဘောမထားမူ၍ လွတ်လွတ်ကြီးစွန့်ကြဲလှူဒါန်းတာကို ဆိုလိုပါတယ်။

အဲဒီ ဒါန၏သဘောသွားကတော့ ငါတို့ ဒီပုဂ္ဂိုလ် ကို လှူလိုက်ရင် အကြောင်းရှိပါက ငါတို့ ကို ပြန် ပြီး ကြည့် လိမ့် မယ်၊ စောင်မလိမ့်မယ်၊ ငါတို့ကိုပြန်ပြီး ချီး မြှောက် လိမ့် မယ် လို့ ငဲ့ကွက်တဲ့သဘော မ ထား မူ ၍ လွတ်လွတ်ကြီး စွန့်ကြဲလှူဒါန်းခြင်းကို သူတော်ကောင်းကြီးများ ကျင့်ကြံသွားကြပေတယ်လို့ နားလည်ကြရမယ်။ အဲဒါလို သူတော် ကောင်း များ ကျင့်သုံးပုံနည်းလမ်းကို မှီငြမ်းပြုကြပြီးတော့ မုတ္တစာဂီဖြစ်အောင် လှူဒါန်းတဲ့ ဒါနသဘောကို သတိပြုကြဘို့ သတိပေးရပါတယ်။

(၅) ပဥ္စမ သပ္ပုရိသဒါနက....

အတ္တာနဉ္စ ပရဉ္စ အနုပဟစ္စ ဒါနံ ဒေတိ။

အတ္တာနဉ္စ၊ မိမိကိုယ်ကိုရင်း။ ပရဉ္စ၊ သူတပါးကိုရင်း။ အနုပဟစ္စ၊ မထိပါး-မထိခိုက်စေမူ၍။ ဒါနံ၊ အလှူကို။ ဒေတိ၊ ပေးလှူ၏။

ဤဒေသနာတော်က မိမိကိုလဲ မထိခိုက်အောင်၊ သူတပါးကိုလဲ မငြိစွန်းရအောင် လှူဒါန်းနည်းကို ဖော်ပြပါတယ်။

ဒီလို အလှူမျိုးဆိုတာ ငါတို့သာ လှူနိုင်တယ်၊ တတ်နိုင်တယ်။ ငါတို့ဟာ လှူတဲ့နေရာမှာ သူတပါးထက်နားလည်တယ်။ တချို့သူတွေဟာ အလှူလုပ်ပေတဲ့ နားမလယ်တော့ အကွက်မစေ့ဘူးပေါ့။

အလှူဆိုတာ ပိုက်ဆံရှိရုံနဲ့မပြီးဘူး၊ နားလည်မှ အရေးရောက်တယ်၊ ဤသို့စသည်ဖြင့် မိမိကိုယ်ကို ချီးပင့် မြှောက်စားခြင်း "အတ္တုက္ကံသန"၊ သူတပါးကို ရှုတ်ချ ခြင်း- "ပရဝမ္ဘန" သဘော ထား မျိုး ကို သူတော်ကောင်းများ ရှောင်ကြဉ်ကြတယ်။

ထို့ပြင်လဲ မိမိအလှူအတွက် သူတပါးတို့၏အသက်တွေကို မထိခိုက်စေရဘူး။ ဟပါးသောသတ္တဝါတွေရဲ့ အသက်တွေကို သတ်ဖြတ်ပြီးလှူဒါန်းတဲ့ကိစ္စကို သူတော်ကောင်းကြီးများ ရှောင်ကြဉ်ကြတယ်။ အဲတာလို မိမိကိုယ်ကိုလဲ မပလွှား၊ သူတပါးကိုလဲ မရှုတ်ချ-မထိခိုက်စေမူ၍ လှူဒါန်းကြတဲ့ သူတော်ကောင်းကြီးများရဲ့ လှူဒါန်းပုံကို အတုယူပြီးတော့ အကျိုးကြီးအောင် ကျင့်သုံးတတ်ဘို့ နည်းလမ်းပေးရပါတယ်။ ဘုရားရှင်ညွှန်ပြတော်မူတဲ့ ဤနည်းလမ်းကို နားလည်အောင်ပြုလုပ်ပြီး လိုက်နာ ကျင့်သုံးနိုင်ကြပါစေ။

ယခု ဟောပြောခဲ့တဲ့ တရား တော်က သပ္ပုရိသဒါန ဖြစ်အောင် လှူဒါန်းနည်း ငါး မျိုး ဖြစ် ပါ တယ်။ အဲဒီ သပ္ပုရိသဒါနမျိုး ဖြစ်အောင် ကျင့်သုံးတတ်မယ်ဆိုရင် နိဗ္ဗာန်မရောက်မီအကြားမှာလဲ စိတ်သာချတော့ ဣဋ္ဌာသယအစုစု ပြည့်စုံပြီး သုဂတိဘုံစခန်းအဆင့်က တန်းမြင့်တဲ့ အမတာဘုံသို့ ခိုလှုံရန်မလွဲကြပေဘူးဟူ၍ ယုံကြည်စွာ အာရုံပြုကြပေတော့။

ယခုဟောခဲ့တဲ့ တရားတော်အစဉ်က သပ္ပုရိသ ဒါန ဖြစ်အောင် လှူဒါန်းနည်းကို ပြခဲ့တာဖြစ်ပေတယ်။ ကျင့်သုံးအားထုတ်ကြတဲ့အကြောင်းနှင့်တူစွာ အကျိုးရပုံကိုလဲ ရှင်တော်ဘုရား မိန့်ကြားတော်မူခဲ့တဲ့ ဒေသနာတော်အရ အကျဉ်းမျှ ဟောပြခဲ့မယ်၊ နာယူကြပေအုံးတော့။

"သဒ္ဓါယ ဒေါ ပန ဘိက္ခဝေ ဒါနံ ဒတွာ" အစရှိသောအားဖြင့် အကျိုးငါးပါး ရပုံကို ရှင်တော်ဘုရား အကျယ် ဟောတော် မူခဲ့ ပါတယ်။ အကျယ်ဟောတော်မူခဲ့တဲ့ ဒေသနာတော်ကို အကျဉ်းချုံးပြီးတော့ သိမှတ်လွယ်အောင် လင်္ကာကလေးနဲ့ မှတ်တမ်းတင်ခဲ့ပါတယ်။

> အဆင်းလှစွာ[၁]၊ ရှိုသြဇာနှင့်[၂]၊ အခါညီက၊ စည်းစိမ်ရ၏[၃]၊ ကောင်းသမျှသာ၊ ခံစားရာတည်း[၄]၊ ရန်ကွာ-ဘေးပျက်[၅]၊ ဤငါးချက်တွင်၊ တဲ့ဖက်ကျိုးထင်၊ စည်းစိမ်ရှင်သည်၊ ငါးအင်သပ္ပုရိ၏အကျိုးတည်း။

ဤလင်္ကာအရ အကျဉ်းမျှသာ ကောက်ယူဟောပြောခဲ့မယ်။

(၁) အဆင်းလှစွာ-ဆိုတဲ့ လင်္ကာအရ အကျိုးရနိုင်ပုံက ဘယ်လိုပါလဲဆိုတော့ ယုံကြည်စွာလှူဒါန်းတဲ့ "သဒ္ဓါဒါန" အတွက် ဘဝတိုင်း-ဘဝတိုင်း စည်းစိမ်ဥစ္စာပေါများကြွယ်ဝပြီးတော့ အထူးအားဖြင့် အဆင်းအင်္ဂါလှပခြင်းအကျိုးကို ခံစားရမယ်လို့ ဟောတော်မူခြင်းဖြစ်ပါတယ်။

(၂) ရှိုသြဇာနှင့်-ဆိုတဲ့ လင်္ကာအရ ဒုတိယအကျိုးရနိုင်ပုံကတော့ ရိုသေစွာလှူဒါန်းတဲ့ "သက္ကစ္စဒါန" အတွက် ဖြစ်လေရာရာ ဘဝတိုင်း၌ စည်းစိမ်ဥစ္စာပေါများကြွယ်ဝပြီးတော့ အထူးအားဖြင့် အခြွေအရံပရိသတ် သားသမီး ငယ်သားများ အပေါ်မှာ သြဇာရှိမယ်၊ မိမိစကားကို နာခံတဲ့ အကျိုးကို ရမယ်လို့ ဟောတော်မူခြင်း ဖြစ်ပေတယ်။

(၃) အခါညီက၊စည်းစိမ်ရ၏-ဆိုတဲ့ လင်္ကာအရ တတိယအကျိုးရနိုင်ပုံကတော့ အခါအားလျော်စွာ လှူဒါန်းတဲ့ "ကာလဒါန" အတွက် ဖြစ်လေရာရာဘဝတိုင်း၌ စည်းစိမ်ဥစ္စာ ပေါများ ကြွယ်ဝပြီးတော့ အထူးအားဖြင့် ပဌမအရွယ်ကစပြီးသကာလ အကျိုးခံစားခွင့်ကို ရလိမ့်မယ်လို့ ဟောတော်မူခြင်း ဖြစ်ပါတယ်။

(၄) ကောင်းသမျှသာ၊ ခံစားရာတည်း-ဆိုတဲ့ လင်္ကာအရ စတုတ္ထ အကျိုးရနိုင်ပုံကတော့ လွတ်လွတ်စွန့်ကြဲပြီး လှူဒါန်းတဲ့"အနုဂ္ဂဟိတဒါန" အတွက် ဖြစ်လေရာရာဘဝတိုင်း၌ စည်းစိမ်ဥစ္စာ ကြွယ်ဝချမ်းသာပြီးတော့ အထူးအားဖြင့် အကောင်းဆုံးအမွန်မြတ်ဆုံးဖြစ်တဲ့ ဝတ္ထုပစ္စည်းများကိုသာ သုံးဆောင်ရခြင်းအကျိုးကို ရနိုင်ပါတယ်လို့ဟောတော်မူခြင်းဖြစ်ပါတယ်။

(၅) ရန်ကွာဘေးပျက် - ဆိုတဲ့ ပဥ္စမ လင်္ကာအရ အကျိုးခံစားရ နိုင်ပုံကတော့ ချီးပ ရှုတ်ချခြင်းမရှိမှု၍ လှူဒါန်းတဲ့"အနုပဟစ္စဒါန"အတွက် ဖြစ်လေရာရာဘဝတိုင်းတို့၌ စည်းစိမ်ဥစ္စာ ကြွယ်ဝချမ်းသာပြီးတော့ အထူး အားဖြင့် မိမိပိုင်ဆိုင်တဲ့ ကိုယ်ပိုင် ပစ္စည်းများဟာ အန္တရာယ်လွတ်ကင်း ဘေးရန်ရှင်းပြီး လုံခြုံခြင်းဆိုတဲ့အကျိုးကိုခံစားရမယ်လို့ ဟောတော်မူခြင်း ဖြစ်ပါတယ်။

အကျဉ်းမျှသာ ဟောပြောခဲ့တဲ့ သပ္ပုရိသဒါန ငါးဖြာ ဒေသနာကို ကောင်းစွာယူဆ လိုက်နာကြပြီးတော့ ကျင့်ကြံကြိုးကုတ် အားထုတ်နိုင် ကြပါစေ။ အားထုတ်ကြတဲ့ သမ္မာပယောဂ ကုသလစေတနာ ဉာဏဝေဖြာ စေတနာ ဉာဏ်ဓမ္မကြောင့် ပြည်အမတ နန်းရွှေဘုံသို့ ခိုလှုံ ဝင်ရောက်ကြပါစေ ဟူ၍ ဆုတောင်းပဋ္ဌနာပြုရင်း တရားတော် သိမ်းကြဦးစို့။

(အဘိဓမ္မာတပ် အဆုံးသတ်လေ။)

**မှတ်ချက်။** ။ဒါနကြောင့် ဥစ္စာပေါများခြင်းအကျိုးကို ရမည် ဖြစ်သောကြောင့် အကျိုးငါးပါးလုံးတွင် ဘောဂသမ္ပဒါအကျိုး ကို တွဲစပ်ဟောတော်မူသည်။ ထို့ကြောင့်- "ဤငါးချက်တွင်၊ တွဲဘက်ကျိုးထင်၊ စည်းစိမ်ယှဉ်သည်"ဟူ၍ လင်္ကာဆင်ခဲ့ပါသည်။

သပ္ပုရိသဒါန တရားတော် ပြီး၏။

## နမော နရ နာထဿ ဇေယျတု
## (၆၇) မှန်ပြဒေသနာ ညီမျှရေးကထာ

ယနေ့ တရားနာ ပရိသတ် အပေါင်းတို့အား အရေးကြီးတဲ့အရာ မှန်ပြဒေသနာခေါ်တဲ့ "ညီမျှရေးကထာ"ကို ဟောကြားဘို့ နှလုံးသွင်းခဲ့ပါတယ်။ အာရုံစူးစိုက်ပြီး လေးစားစွာ နာယူလိုက်ကြပေတော့။

သဒ္ဓါပညာနံ သမတံ ပသံသန္တိ။

သဒ္ဓါပညာနံ၊ ယုံကြည်မှုသဒ္ဓါ ဉာဏ်ပညာ အသိတရားတို့၏။ သမတံ၊ ညီမျှအောင်ထားတတ်ခြင်းကို။ ဝါ၊ သူမသာ-ကိုယ်မသာ ချိန်ခွင်မှာ တင်ပြသလို အသွင်မျှအောင်သတိနှင့်ပြုပြီး အတိအကျဖြစ်ကြခြင်းကို။ ပသံသန္တိ၊ ချီးမွမ်းတော်မူကြကုန်၏။

လောကကြီးဖြစ်နေပုံက ကမ္ဘာတဝှမ်းလုံးကို ထားလိုက်ပါဦးတော့ နိုင်ငံတခုလောက်မှာဘဲ ဘာသာရေးဝါဒကွဲတွေ အမျိုးမျိုးရှိကြတဲ့အပြင် ဘာသာဝါဒတူညီတဲ့ ပုဂ္ဂိုလ်အချင်းချင်းမှာလဲ အယူအဆ အကွဲကွဲအပြားပြားတွေ များစွာဖြစ်ပေါ်နေကြတာ အားလုံးအသိဖြစ်ကြပေတယ်။

သို့အတွက် စိမ်ပုံအမျိုးမျိုး ယူဆချက်အတန်တန် ဝေဘန်မှုအထွေထွေ အမျိုးမျိုး ရှုပ်ထွေးနေဘဲ့အထဲမှာ အယူအဆ မလွဲဘို့၊ အကျင့်တရား မှန်ကန်ဘို့ဆိုတာ အလွန့်အလွန်အရေးကြီးလှပါတယ်။ ထို့ကြောင့် လမ်းမှန်ညွှန်ပြပြီး စည်းကမ်းကျကျဖြစ်တဲ့ မှန်ပြဒေသနာ ညီမျှရေးကထာကို ဒီနေ ရာမှာ ဟောကြားဘို့ အာရုံပြုခဲ့ပါတယ်။ ဒါကြောင့်- ပဌမ စတည်ပြီး ဟောခဲ့တာက....

သဒ္ဓါပညာနံ သမတံ ပသံသန္တိ။

သဒ္ဓါပညာနံ၊ ယုံကြည်မှုသဒ္ဓါ ဉာဏ်ပညာ အသိတရားတို့၏။ သမတံ၊ ညီမျှအောင်ထားတတ်ခြင်းကို။ ဝါ၊ သူမသာ့ကိုယ်မသာ ချိန်ခွင်မှာတင်ပြသလို အသွင်မျှအောင် သတိနှင့်ပြုပြီး အတိအကျဖြစ်ကြခြင်းကို။ ပသံသန္တိ၊ ချီးမွမ်းတော်မူကြကုန်၏။

ဤဒေသနာတော်အတိုင်း ယုံကြည်မှုသဒ္ဓါနဲ့ အသိဉာဏ်ပညာ အဲဒီ တရားနှစ်ပါးဟာ ညီမျှအောင် ထားတတ်ရမယ်။ ညီမျှမှသာ လမ်းမှန် ဖြစ်နိုင်တဲ့အတွက် ပညာရှိကြီးများ ချီးမွမ်းကြတယ်လို့ ဒေသနာတော်က

ပြထားပေတယ်။ အလွန်မှန်ကန်တဲ့တရား၊ အလွန်လေးစားစွာ လိုက်နာသင့်တဲ့တရားဖြစ်တဲ့အတိုင်း ထင်ရှားသိသာအောင် နည်းလမ်းပေးပြီး ဟောပြောရသေးတာပေါ့။

ယုံကြည်မှုသဒ္ဓါ နဲ့ပြီးတော့ ဉာဏ်အမြင်က လွန်ကဲနေရင် အလွဲလွဲအချော်ချော် အတွေးအယူ ကော်ပြီးသကာလ မတော်တဲ့လမ်းကို ရောက်တတ်ပါတယ်။ ဘယ်လိုဖြစ်တတ်သလဲဆိုတော့ "ကုသလေသု ဓမ္မေသု စိတ္တုပ္ပါဒမ္ပိ ဗဟူပကာရံ ဝဒါမိ" ဒေသနာက ရှိတာဖြစ်တော့ စိတ်နဲ့ကြံစည်နေရုံဖြင့် ကုသိုလ်ရနေတာဘဲ၊ ငွေကုန်လူပန်း ခံပြီးတော့ ဒါနမှု - သီလမှု-ဘာဝနာမှုတွေကို အားထုတ်နေဘို့မလိုပါဘူးလို့ အသိဉာဏ်ချော်တဲ့ပုဂ္ဂိုလ်တွေ ရှိနေကြတယ်။

အဲဒီလို အသိဉာဏ်ချော်သွားကြမယ်ဆိုရင် သုဂတိလမ်းကြောင်းသို့ ဖြောင့်ဖြောင့်ကြီး မရောက်နိုင်တော့ပါဘူး။အဲဒါဟာ သဒ္ဓါနဲ့ပြီးတော့ ပညာက လွန်ကဲလို့ပေါ့။ ကာယကံ ့ဝစီကံမြောက်အောင် အားထုတ်ထားတဲ့ ဒါနအစရှိတဲ့ ကောင်းမှုကုသိုလ်မရှိကြရင် အပါယ်ငရဲစာ ဖြစ်တတ်တယ်လို့ သတိပြုကြရမယ်။

ခုတင်ကဟောခဲ့တဲ့ ကုသိုလ်စိတ်ဖြစ်ရုံနဲ့ အကျိုးရှိတယ် ဆိုတာကို နဲနဲရှင်းပြပါအုံးမယ်။ အလှူတခုပြုမယ်ဆိုရင် ရှေးဦးစွာ ကြံစည်စိတ်ကူးတဲ့ စိတ္တုပ္ပါဒ်က အရင်ဖြစ်ရမယ်၊ အဲဒီ ကြံစည်မှု စိတ္တုပ္ပါဒ်ကြောင့် ကာယကံမြောက် ့ဝစီကံမြောက် အလှူကိုပြုလုပ်ဖြစ်ကြတာပေါ့။ အဲတာလို ကာယကံ ့ ဝစီကံမြောက် အလှူဖြစ်ခြင်း၏ အကြောင်းရင်းဖြစ်တဲ့အတွက် ပဌမကြံစည်တဲ့ စိတ္တုပ္ပါဒ်ကို ကျေးဇူးများတယ်ဟူ၍ ရှင်တော်ဘုရား မိန့်ကြားတော်မူခဲ့ပါတယ်။

ပဌမ ကုသိုလ်ပြုဘို့ စိတ်ဖြစ်ပေါ်ခြင်းကြောင့် ဒုတိယကုသိုလ်အလုပ် ပြီးမြောက်ရပါတယ်။ အဲဒီ ဒုတိယကုသိုလ်အလုပ် အထမြောက်ခြင်းဟာ ပဌမအခြေခံကုသိုလ်စိတ် အကြောင်းမကောင်းပါဘူး။ ဒါကြောင့် အဋ္ဌကထာအရှင်မြတ်ကလဲ "အနုဝိဓိယနာနံ ဟေတုတ္တာ" လို့ အကြောင်းပြခဲ့တာပေါ့။ စင်စစ်မှာတော့ ကာယကံမြောက်၊ ဝစီကံမြောက်အောင် အားထုတ်ပြုလုပ်မှသာ ပိုပြီး အကျိုးရှိမယ်လို့ ယုံကြည်စွာ ဆုံးဖြတ်ကြပေတော့။

ယုံကြည်မှုသဒ္ဓါနဲ့ပြီးတော့ ဉာဏ်အမြင်လွန်ကဲတဲ့အတွက် အကျိုးနဲ့ရပုံတကွက်ကို ဆက်လက်ညွှန်ပြလိုပါသေးတယ်။ ဗုဒ္ဓဘာသာတရားတော်ရဲ့ အခြေအမြစ်ကျကျ မှန်ကန်ပုံကို မသိနားမလည်ကြတဲ့ လောကဓာတ်ဘက် ဆိုင်ရာ သိပ္ပံသမားတချို့ရဲ့ ယူဆချက်ပြောဆိုပုံမှာ....

"ကျွန်ုပ်တို့ ဉာဏ် အ မြင် နဲ့ လောကရေးဘက်က ဖြစ်ပုံ့ ပျက်ပုံ့, တွေ့ခန်း, ဆုံခန်း, ကွဲကွာတဲ့အခန်း, ချစ်ခန်း-ကြိုက်ခန်း, ဝမ်းမြောက်ခန်း, ပူဆွေးခန်း အစရှိတဲ့ အကြောင်းအရာ အမျိုးမျိုးတွေကို ဇာတ်ကွက်ဆင်ပြီးတော့ ဉာဏ်အမြင်ရှိသလောက် တီထွင်ရေးသားလိုက်တဲ့အခါမှာ အများနှစ်သက်လောက်အောင်၊ တကယ်တမ်း အဖြစ်အပျက်ဟု ထင်ရလောက်အောင် ဒဏ္ဍာရီ ဝတ္ထု ဇာတ် လမ်း တွေ ဟာ အများကြီး ဖြစ်ပေါ် နိုင်တာလောကမှာ ထင် ရှား နေ တယ် မဟုတ်ပါလား။ အဲဒီလို ဇာတ်လမ်းတွေဖြစ်ပေါ် အောင် ဟော ပြော နည်း, ရေး သား နည်း ဟာ မဆန်းပါဘူး၊ ဉာဏ်ရှိရင် ဖြစ်တာပါဘဲ....။

"အဲတာလို ကျွန်ုပ်တို့ ဉာဏ်မှီသလောက် ဇာတ်ကွက်ဆင်ပြီး တီထွင်နိုင်သလို ဂေါတမဗုဒ္ဓဟာလဲ အင်မတန်ဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်တယောက်ဖြစ်တဲ့အတိုင်း တေ-ဇ-သု-နေ-မ-ဘူ-စန်-နာ-ဝိ-ဝေ ဆိုတဲ့ ဇာတ်ကြီးဆယ်ဘွဲ့နှင့် တကွ ငါးရာ့ငါးဆယ်ခေါ်တဲ့ ဇာတ်နိပါတ်တွေကို မြိုင်မြိုင်-ဆိုင်ဆိုင်ကြီး တီထွင် စီစဉ်ပြီး ဟော သွား တာ ဖြစ် ပါ လိမ့် မယ်။ တ ကယ် တမ်း အဖြစ်အပျက်အမှန် ဟုတ်ချင်မှ ဟုတ်မှာပါ" ဟူ၍ လောကဓာတ်သမား - သိပ္ပံသမားတချို့ရဲ့ ယူဆချက်, ပြောဆိုချက်ကို ကြားဘူးရပေတယ်။

သမ္မာသမ္ဗုဒ္ဓ ဘုရားရှင် အပေါ်မှာ ယုံကြည်မှု သ ဒ္ဓါ နဲ့ပြီးတော့ သူတို့ရဲ့အသိဉာဏ်က လွန်ကဲသွားတယ် မဟုတ်ပါလား၊သနားဘွယ်ကောင်းလိုက်တာ၊ အလွန့်အလွန် အပူဓာတ်ပြင်းထန်နေတဲ့ သံတွေခဲကို ပူနေမှန်းမသိတဲ့အတွက် ရဲရဲကြီးကိုင်လိုက်တဲ့အခါမှာ အလွန့်အလွန် ပူလောင်သွားတဲ့ ဘေးဒဏ်ကို ခံသွားရသလို သူတို့ ဉာဏ်အမြင် ရှိသလောက် အပြစ်ရှိမှန်းမသိတဲ့အတွက် ဘုရားရှင် အပေါ်မှာ စော်ကားခြင်းဟာ အင်မတန်ကြီးလေးတဲ့အတွက် အပြစ်ဒဏ်ကြီးကို ခံရဘို့ ဖြစ်ကြလိမ့်မယ်။ မဟုတ်မမှန် လုပ်ကြံပြီးတော့ အချီးနှီးသောတရား သမ္ဗပ္ပလာပစကားကို မြတ်စွာဘုရား ဟောကြားသွားသလို မတရားစွပ်စွဲခြင်း ဖြစ်တော့တာပေါ့။

ဤအချက်နှင့် ပတ်သက်ပြီး လေးလေးနက်နက် မှတ်သားကြပါ။ ဘုရားရှင်တို့မည်သည် "အဒ္ဒေဇ္ဈဝစနာဗုဒ္ဓါ" တဲ့၊ စကားနှစ်မျိုး ပြောတော်မမူဘူး၊ "အမောဃဝစနာဇိနာ" တဲ့၊ အကျိုးမသက် အပျက်တရား အချိုးနှီးသော စကားကို ဘယ်အခါမှ မပြောဘူးလို့ တထစ်ကျယုံကြည်ကြပါ။

မှန်ကန်တိကျစွာ မိမိ - ရရ ဟောတော်မူခဲ့တဲ့ ဗုဒ္ဓသာမုက္ကံသိက ပါဠိတော်လာဒေသနာကို ကန့်ကွက်ဖျက်ဆီးတဲ့သူဟာ ဗုဒ္ဓရှင်တော်မြတ်ကို ကန့်ကွက်ဖျက်ဆီးသည် မည်ပါသဘဲ့။

> သုတ္တံ အပ္ပဋိဗာဟိယံ၊ တံ ပဋိဗာဟန္တေန ဗုဒ္ဓေါဝ ပဋိဗာဟိတော ဟောတိ။

သုတ္တံ၊ ပါဠိတော်ကို။ ဝါ၊ မြတ်စွာဘုရား စကားတော်ကို။ အပ္ပဋိဗာဟိယံ၊ မကန့်ကွက်အပ်။ ဝါ၊ မဟုတ်မမှန် မဟန်သောတရားဟူ၍ တားမြစ်ဖယ်သားပြီး ပယ်ရှားခြင်းမပြုအပ်။ တံ၊ ထိုဘုရားစကားတော်ကို။ ပဋိဗာဟန္တေန၊ ကန့်ကွက် ဖယ်ထား ပယ်ရှားသော သူသည်။ ဗုဒ္ဓေါဝ၊ ရှင်တော်ဘုရားကို သာလျှင်။ ပဋိဗာဟိတော၊ တားမြစ် ကန့်ကွက်သောသူ မည်သည်။ ဟောတိ၊ ဖြစ်၏။

ပါဠိတော်ထွက် ဓမ္မစကားကို ကန့်ကွက်တဲ့သူဟာ ဘုရားကို ပစ်ပယ်သည် မည်သတဲ့။ ကြောက်စရာ အလွန်ကောင်းတဲ့ ကိစ္စဘဲ။ သို့အတွက် အနန္တဉာဏ်တော်ရှင်ဖြစ်တဲ့ ဘုရားရှင်ကိုပင် ယုံကြည်မှုသဒ္ဓါနဲ့ပြီးတော့ မိမိဉာဏ်အမြင် ကြီးကျယ်သွားရင် အဲဒီဉာဏ်မျိုးဟာ အကျိုးမပြီး အချိုးနှီးဉာဏ်မျိုးဘဲလို့ မှတ်ယူကြပြီး သဒ္ဓါနဲ့ပညာကိုညီမျှအောင် အသုံးပြုတတ်ဘို့ သတိပြုကြပါလို့ မျှားစွာတိုက်တွန်းခဲ့ပါတယ်။

ယခုဟောခဲ့တာက သဒ္ဓါနဲ့ပြီးတော့ ဉာဏ်အမြင်လွန်ကဲတဲ့အတွက် အထင်လွဲ အမြင်လွဲ အကျိုးနဲ့တဲ့ အယူအဆမျိုးဖြစ်ပွားပုံကို ဝေဘန်ပြီး ပြရပါတယ်။ ဆေးကြောင့်ဖြစ်တဲ့ဝေဒနာဟာ ကုစားရခက်သလိုမှတ်ပါလို့ ဒေသနာတော်ကလဲ ပြထားပါတယ်။

အသိအမြင် ဉာဏ်ပညာနဲ့ပြီးတော့ ယုံကြည်မှုသဒ္ဓါ လွန်ကဲရင်လဲ အလွဲအမှား ဖြစ်တတ်ပါသတဲ့။ မှန်-မမှန် ဟုတ်-မဟုတ် မဝေဘန်တတ်တဲ့ အတွက် မယုံသင့်တဲ့နေရာမှာသွားပြီး ယုံကြည်မိသို့ အဇာတသတ်မင်းတို့ လိုပေါ့။

တော့ အဝိဒ္ဒိတံနာမ နတ္ထိ-ငါ့ဆရာ ဒေဝဒတ်ဟာ မသိတဲ့အရာ မည်သည် မရှိ။အားလုံးသိတာချည်းဘဲလို့ အယုံမှားသွားတော့ အဘကို သတ်တဲ့ဆီအထိ ပြုကျင့်ကာ ပိတုဃာတကကံကြီးထိုက်ပြီး ငရဲ့ဒွကျသွားရ တာကို စဉ်းစားကြည့်ကြစမ်း၊ ဉာဏ်ပညာကနဲပြီးတော့ ယုံကြည်မှုသဒ္ဓါက လွန်ကဲတဲ့အတွက် မဟုတ်ပါလား။ အဲဒီလိုသဒ္ဓါမျိုးဟာ "မုဒ္ဓပသန္နသဒ္ဓါ" ခေါ်တယ်။

ဗလဝသဒ္ဓော ဟိ မန္ဒပညော မုဒ္ဓပသန္နော ဟောတိ။

ဟိ၊အမှန်စကားထင်ရှားအောင်ပြဆိုဦးအံ့။ မန္ဒပညော၊ ဉာဏ်အမြင် လွှဲ ပညာနဲသော။ ဗလဝသဒ္ဓေါ၊ အားကြီးသောသဒ္ဓါသည်။ ဝါ၊အကျိုး မပြီး အားကြီးယုံကြည်ခြင်းသည်။ မုဒ္ဓပသန္နော၊ အချီးနှီး အကျိုးမဆိုက် အဘိုးမထိုက်သောသဒ္ဓါသည်။ ဟောတိ၊ ဖြစ်၏။

ပညာ နဲပြီးတော့ သဒ္ဓါ လွန်ကဲခြင်းဟာ အလွဲလွဲ အကျိုးမပြီး အချီးနှီး သဒ္ဓါမျိုးလို့ ဒေသနာတော်က ပြခဲ့ပါတယ်။

ထို့ကြောင့် သဒ္ဓါနဲ့ပညာ ညီညွတ်မျှတအောင် ထားတတ်ရမယ်။ မိမိတို့မှာ ပညာဗဟုသုတနဲလို့ ညီမျှအောင် မညှိတတ်ရင် ဗဟုသုတ ရှိတဲ့ ပုဂ္ဂိုလ်များ အထံ ချဉ်းကပ် ပြီးတော့ ဆွေးနွေး တိုင်ပင်လို့ လမ်းမှန်သို့ ဝင်အောင် အားထုတ်ကြပါ။

ပညာရှိတဲ့ ပုဂ္ဂိုလ်များ အထံ ဆည်းကပ်ပြီးတော့ ဆွေးနွေးခြင်း, မေးမြန်းခြင်း, စုံစမ်းဆင်ခြင်ခြင်း, အမှန်တရားကိုရအောင် အားထုတ်ခြင်း အမှုဟာ ပေါ့သေးသေးကိစ္စ မဟုတ်ပါဘူး၊ ယခု မျက်မှောက် ဘဝမှာလဲ ပညာဗဟုသုတ တိုးပွားပြီးတော့ တရားမှန်ကို သိရတဲ့အပြင် လမ်းမှန်သော အကျင့်ပဋိပတ်ကို ရနိုင်ပါတယ်။ လမ်းမှန်တဲ့ အကျင့်ပဋိပတ်ကို ကျင့်ပြီး တော့ နိဗ္ဗာန်ထိအောင် တရားတော်က ဆောင်ပြီးသွားပါလိမ့်မယ်။

စူဠကမ္မဝိဘင်္ဂသုတ်တော်အရ **အကျိုးရှိပုံက** ဘဝအဆက်ဆက်မှာ အသိအလိမ္မာ ဉာဏ်ပညာတိုးပွားမြင့်လျက် အဆင့်အတန်းတက်သွားနိုင်တဲ့ "ပညာသံဝတ္တနိက" အကျိုးကို ရနိုင် ပါတယ်လို့ ရှင်တော် မြတ်ဘုရား မိန့်ကြားတော်မူခဲ့ပါတယ်။

ဘာသာကို ဝါဒ အယူအဆအနန်နဲ့ဖြစ်နေတဲ့ ယခုလိုကာလကြီးမှာ ယခုဟောပြောခဲ့တဲ့ သဒ္ဓါ-ပညာ နှစ်ဖြာမျှတို့ တရားဓမ္မဟာ လိုရင်းကျတဲ့ အတွက် တင်ဆက်ရှင်းပြတာကို သတိပြုပြီး အယူအဆ မှန်ကန်အောင် အားထုတ်ကြပါ။ အယူအဆလွဲရင် ကုသိုလ်ကံအားနဲ့ပြီးတော့ လမ်းလွဲသို့ ရောက်တတ်ပါသောကြောင့် အရေးကြီးသော ဘာသာရေးသဘောဓမ္မကို ဟောပြ ရှင်းလင်းရပါတယ်၊ ဆိုတဲ့ သတိပေးစကားဖြင့် တရားတော်အပြီး သတ်ပါပြီ။

မှန်ပြဒေသနာညီမျှရေးကထာပြီး၏။

---

## နမော နရာသဘာဿ ဇေယျာတု

## ( ၆၀ ) ဝေါစရှဍ်န ဒေသနာ

ဥပုသ်နေ့အခါမှာ တပါးသောနေ့တွေထက် ထူးထူးကဲကဲ သီလ ကုသိုလ် ရကြဘို့ အတွက် ကျောင်းကန် ဘုရား ထွက်ကြပြီးတော့ ဥပုသ် သီတင်း စောင့်သုံးကြပေတယ်။ တခြားသောနေ့တွေမှာတော့ ဗဟုကိစ္စ-ဗဟုကရဏီယဖြစ်တဲ့ လူတွေရဲ့အဘို့မှာ ငါးပါးသီလလောက်တောင် လုံခြုံ ဘို့ အလွန်ခဲယဉ်းကြတယ်။ သို့အတွက် ထူးထူးကဲကဲ သီလကုသိုလ်ရကြဘို့ ဥပုသ်စောင့် ထွက်လာကြခြင်း ဖြစ်တယ် ဆိုတာ မေးဘို့-ပြောဘို့ မဟုတ် တော့ပါဘူး။

ဒါကြောင့် ဥပုသ်စောင့်သုံးနေတဲ့ တနေ့-တရက် အတွက် မိမိတို့၏ သီလ မကျိုးမပေါက် မပြောက်မကျား ကြရအောင် ကျင့်သုံးနည်းဖြစ်တဲ့ နည်းကောင်း-နည်းမှန်ကို ပေးဘို့အတွက် မဟာဝဂ္ဂသံယုတ် ပါဠိတော်မှာ ရှင်တော်ဘုရား ဟောကြားတော်မူခဲ့ဘဲ "သကုဏဂ္ဃိသုတ်" တော်ကို အာရုံ ပြုခဲ့ပါတယ်။ အာရုံပြုကာ နာယူကြပြီးတော့ လိုက်နာ ကျင့်ကြံနိုင်ကြပါ စေဟူ၍ သတိပေးရပါတယ်။

ဘူတပုဗ္ဗံ ဘိက္ခဝေ။

ဘိက္ခဝေ၊ချစ်သားရဟန်းတို့။ဘူတပုဗ္ဗံ၊အတိတ်ကာလ ရှေးအခါက မဆွအထူး ဖြစ်ခဲ့ဘူးလေပြီ။ ဤသို့ အစဖော်ပြီး သကာလ ဒေသနာတော် ဓမ္မောဇဖြင့် ဟောဖော်ညွှန်ပြခဲ့သည်မှာ....

ချစ်သားတို့- ဘီလုံးငှက်တကောင်သည် မိမိတို့နေရာ လုံခြုံရာဌာန ဖြစ်တဲ့ စားကျက်မြေခင်း နေရာရင်းက ထွက်ခွာပြီးသကာလ ရန်သူကိုလဲ မတွေးတော၊ အန္တရာယ် ရှိလိမ့်မယ်လို့လဲ မစဉ်းစားမိသဖြင့် တံခါးတိုင် တခု၏ အပေါ်မှာ တက်နား၊ အထက်ဖျားမှာ ရောက်ပြီးတော့ နေစာ လှုံလျက် နေသတဲ့။

ထိုအခါ အစာရှာဘို့အတွက် ခရီး ထွက် ပြီး လာ ခဲ့ တဲ့ သိန်းငှက် တကောင်ဟာ အဝေးမှ ထင်ထင် ဘီလုံး ငှက် က လေး ကို မြင် လိုက်တော့ "အင်း....တိုင်ဖျားမှာနားနေတဲ့ စားစရာငှက်ဘီလုံးကို သိမ်းကျုံးပြီး အရ သုတ်လေမှဘဲ"ဟု အလွန်လျင်မြန်တဲ့အဟုန်နဲ့ ထိုးသုတ်ယူငင်ပြီး ကောင်း ကင်ခရီးက ပျံသွားသတဲ့။

ထိုအခါ သိမ်းငှက်၏ လက်အတွင်းမှာ အကြပ်အကျဉ်း စံစားပြီး ပါသွားတဲ့ ဘီလုံးငှက်ကလေးသည် စိုးရိမ်သောက ဗျာပါဒမီးတောက်ပြီး စိတ်နောက်ကာပူဆွေးလျက် ငိုကြွေးမြည်တမ်းတဲ့စကားသံက ဘယ်လိုပါလဲ ဆိုတော့ "အော် ငါတို့မှာ ကြက်သရေမဲ့ ဘုန်းကံကလဲနဲတဲ့အတွက် အလွဲလွဲ အမှားမှား သူတပါးအစာ ဖြစ်ရတော့မယ်။ မွေးဖခင်တို့၏နေရာ မိမိဟို့ စားကျက်မြေမှာဖြစ်ရင်တော့ ဒီသို့အခြေနဲ့ပြီး သေပွဲသို့မရောက်နိုင်ပေဘူး။ ငါတို့စားကျက်ခင်း ကိုယ့်နယ်တွင်းမှာသာဖြစ်ရင်တော့ သိမ်းငှက်နဲ့ အတူ ဆိုင်ပြီး စစ်ပြိုင်လို့တိုက်နိုင်ပါရဲ့...." လို့ အဲတာလို သိမ်းငှက်ခြေကြားက ညည်းတွားပြီး ပါသွားသတဲ့။

အဲတာလို ဘီလုံးငှက်ရဲ့မာနသံဖြင့် မခံချင်အောင်ပြောဆိုကဲ့စကား ကို သိမ်းငှက်က ကြားလေတော့ "အောင်မယ်...မလောက်လေး မလောက် စား ငါ့ခြေကြားက အသေးစားကောင်ကလေးက ကိုယ့်နယ်ကို ကိုယ်ကိုင် ပြီး ပိုင်ပိုင်ကြီးပြောလိုက်တာ ဘယ်လောက်များ အင်အားရှိပါလိမ့်မလဲ။ နင်တို့ဖခင်ရဲ့နယ်ကွက် နင်တို့စားကျက်က ဘယ်မှာရှိသလဲ၊ ဘယ်လောက် တောင် အံ့တုပြီး ရန်ပြုနိုင်အောင် လုံခြုံပါသလဲ" လို့ မခံချင်သို့အရေး လုပ်ပြီး အမေးထုတ်ကာ ပြောလိုက်သတဲ့။

ဒီတော့ ဘီလုံးငှက်ကလေးက ပြန်ပြီးပြောကြားလိုက်ပုံမှာ-"ငါတို့ ဖခင်များနေရာ စားကျက်ဌာနက တခြားဟုတ်ပါရိုးလား၊တွန်နဲ့ထွန်ယက် ပြီးထားတဲ့ ထွန်ချေးခဲများရှိရာ လယ်ကွက်မြေဟာ ငါတို့ဖခင်များရဲ့နေရာ ငါတို့စားကျက်နယ်မြေဘဲ"လို့ အဖြေပေးလိုက်သတဲ့။

ထိုအခါ သိမ်းငှက်ကြီး တအံ့တသြ ဖြစ်ရသည်မှာ "အောင်မယ်မင်း အဌတိုက်ဂူတွင်း သံမြေကျင်းနှင့် အခင်းအကာ လွန်မင်းစွာ လုံခြုံတဲ့ ဆောင်ဘုံကြီးများရှိလိမ့်မလားမှတ်ပါတယ်၊ လက်စသတ်တော့ လယ်ကွက်မြေစု မမှုလောက်တဲ့ နေရာမျိုးပါကလား၊ ကိုင်း....ဒါဖြင့်ရင် မင်းနယ်ကို မင်းသွား၊ မင်းစားကျက်မှာ မင်းနေ၊ မင်းအခြေနဲ့မာန်တင်းပေတဲ့ ငါ့လက်တွင်းက မလွတ်ကင်းနိုင်ပါဘူး၊ လယ်ကွင်းမြေစာကျက်တွင်းသို့ သက်ဆင်းပြီး မင်းသွားပေတော့"ဟု မိမိခွန်အား စွမ်းပကားကို အားထားယုံကြည်လျက် ဘီလုံးငှက်ကလေးကို လွှတ်လိုက်သတဲ့။

ထိုအခါ ဘီလုံးငှက်ကလေးသည် မိမိဖခင်၏ဒေသ စားကျက်မြေဌာနသို့ ပျံကျရောက်ရှိလာသောအခါ မှီခိုရန်လုံလောက်တဲ့ ထွန်ချေးခဲကြီး အပေါ်မှာ နားနေပြီး သကာလ ငါ့နေရာ - ငါ့အသက်ကို ဒင်းဖျက်လို့မရနိုင်တော့ဘူး၊ ဆင်းသက်ပြေးသုတ် ဒင်းလုပ်၍ ကြည့်ပေစေတော့ဟု စိတ်မာန်ရဲရဲ အားအန်ခဲပြီးလျှင်-

ဟေ ခေါ ဒါနိ မေ သကုဏဂ္ဂိ၊
ဟေ ခေါ ဒါနိ မေ သကုဏဂ္ဂိ၊

အဲတာလို နှစ်ခွန်းဆင့်ပြီး ခေါ်လိုက်သတဲ့။

သကုဏဂ္ဂိ၊ ငါ့ကိုသေးသေး ငှက်ကလေးမို့ အရေးမထား မလေးစားသော အိုသိမ်းငှက်။ ဒါနိ၊ အံစွမ်းပြိုင်ရာ ယခုအခါ၌။ မေ၊ မွေးဘ မြေကွက် ငါ့စားကျက်၌ အားတက်မာန်သုံး ငါဘီလုံး၏။ သန္တိကံ၊ မရှောင်မရှား အနီးအပါးသို့။ ဟေ၊ တိုက်ခိုက်ရန် အတွက် ဆင်းသက်၍လာခဲ့ပေတော့။

အိုသိမ်းငှက်ကြီး-ဤလယ်မြေကွက် တို့စားကျက်မှာကား စစ်ဖက်ကာ တုပြိုင်ပြီး ရင်ဆိုင်ဘို့ဖြစ်နိုင်ပြီ၊ မရှောင်မကွင်းဘဲ ကျွန်ုပ်ထံ ဆင်းခဲ့ပေတော့လို့ အကောင်သေးသေးနဲ့ မလေးမခန့် တပ်လှန့်ပြီးစိန်ခေါ်လိုက်သတဲ့။

ကိုင်း-ဒီနေရာမှာစဉ်းစားကြည့်ကြစမ်း၊ မိမိတို့အောက်လက်တဆုပ်လောက်ကလေးက မထေလေးစား မော်ကြွားကာ အံတုလျက် ခုခံခြိမ်းချောက် ဟိန်းဟောက်ပြီး အာဏာသံပြုလိုက်တော့ ဘယ်လောက်များ ဒေါသဖြစ်သွားမလဲဆိုတာ စဉ်းစားကြည့်ကြပေတော့။

အဲတာလို ဘီလုံးငှက်၏ခေါ်သံကိုကောင်းကင်ယံက သိမ်းငှက်ကြီး ကြားတဲ့အခါ ဒေါသအမျက် ချောင်းချောင်းထွက်ပြီး စိတ်လက်မာန်ပြင်း ခပ်တင်းတင်းအစွမ်းကို ဖွင့်ပြီးတော့ သင့်မသင့်-တော်မတော် တွေးမျှော်ဖို့ အချိန်မရတော့ဘူး တရှိန်ထိုး အဟုန်ပြင်းပြင်းနဲ့ တမဟုတ်ချင်း ဆင်းသက်ခဲ့ပါရောတဲ့။

သိမ်းငှက်ကြီး တရှိန်ထိုး ဆင်းသက်လာတာမြင်ရတော့ ဘီလုံးငှက်ကလေးလဲ အရံသင့် ပြင်ဆင်လျက် စီစဉ်ပြီးဖြစ်တဲ့အတိုင်း အသာကလေး ကိုယ်ကိုလှဲပြီး ငဲ့လိုက်ရုံနဲ့ ဘေးကင်းသွားတဲ့ ဘန်ဒိုသမားများရဲ့ ရှောင်လွှဲပုံမျိုး ဆိုပါတော့၊ ရပ်နားပြီးနေတဲ့ ထွန်ချေးခဲပေါ်က အသာလျှောက်ပြီး ခဲအောက်ကို ဝင်ပြီး ခိုလိုက်သတဲ့။

အဲဒီတော့ သိမ်းငှက်ကြီးဖြစ်ရပုံမှာ စိတ်မာန်တင်းတင်းနဲ့ တဟုန်ထိုး ဆင်းလာခဲ့တော့ မျက်လုံးပြာဝင် ဖြစ်သလို ဘီလုံးငှက်ကိုလဲ မမြင်ရ၊ ဟန်ပြင်လို့လဲမရတဲ့အတွက် လယ်ပြင်မြေထဲက ထွန်ချေးခဲနဲ့ ရင်အုံတွဲပြီး တခါထဲရင်ကွဲလျက် သေပွဲသို့ဝင်ရသတဲ့။

ဤသကုဏဂ္ဃိ သုတ္တန်ဒေသနာတော်ဖြင့် ရှင်တော်မြတ်ဘုရားသည် ဘယ်ဟာကိုရည်ရွယ်ပြီး ဘယ်အချက်ကိုနည်းပြတော်မူပါသလဲဆိုပါတော့-

ဝံ ဟောတံ ဘိက္ခဝေ ဟောတိ၊

ယော အဂေါစရေ စရတိ ပရဝိသယေ။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ယော၊ အကြင်ပုဂ္ဂိုလ်သည်။ ပရဝိသယေ၊ မိမိမဆိုင် ကိုယ်မပိုင်ငြား သူတပါးတို့၏နေရာဖြစ်သော။ အဂေါစရေ၊ ကျက်စားဘို့မတော် မလျော်သောနေရာ၌။ စရတိ၊ ကျက်စားမိသည်ဖြစ်အံ့။ တဿ၊ ထိုပုဂ္ဂိုလ်အား။ ဧဝံ၊ သိမ်းငှက်နှင့် ဘီလုံး တစုံလုံးပျက်စီးရသည်နှင့်တူစွာ။ ဧတံ၊ ဤသို့မလွဲ ပျက်စီးရမြဲသဘောသည်။ ဟောတိ၊ ဖြစ်ရတတ်ချေ၏။

ဘီလုံး ငှက် ငယ် သည် မကျက် စား သင့် သော မိမိနေရာက ကျူးကျော်ပြီးလျှင် သူတပါးတို့၏နေရာ၌ ကျက်စားမိတဲ့အတွက် ရှေဦးစွာ အန္တရာယ်တွေ့ရသလို၊ သိမ်းငှက်သည်လည်း မိမိနေရာ-မိမိဌာနမဟုတ်သောအရပ်သို့ ကျူးကျော်ရောက်သွားပြီးသကာလ ဝင့်ကျယ်မိတဲ့အတွက် ဘေးအန္တရာယ်နှင့် တွေ့ရသလို၊ ချစ်သားရဟန်းတို့ - သင်တို့သည်လည်း

မကျက်စားသင့်သော သူတပါးတို့၏နေရာအရပ်သို့ ကျူးကျော်၍ မကျက်စား-မသွားလာကြကုန်လင့်။ သူတပါးတို့၏ နေရာအရပ်သို့ ကျူးကျော်၍ ကျက်စားသွားလာကြပါလျှင် ကိလေသာမာရ်ယုတ်၏ ဖမ်းကုတ်ဆွဲဖျက် နှိပ်စက်ခြင်းကို ခံရလိမ့်မည်ဟူ၍ မကျက်စားသင့်သောအရပ်၌ ကျက်စားမိပါက အပြစ်အန္တရာယ်ရှိကြောင်း မိမိနှင့်ဆိုင်ရာ ကျက်စားသင့်သောအရာ၌သာ ကျက်စား သွားလာကြပါက ကိလေသာမာရ်ရှင်း၍ ဘေးကင်းရန်ကသာ ဖြစ်နိုင်ကြောင်းကို မြတ်စွာဘုရား သြဝါဒစကား မိန့်ကြား ညွှန်ပြတော်မူလိုရင်း ဖြစ်ပေသည်။

ဤ သကုဏဂ္ဃိသုတ်တော်ကို နည်းမှီပြီးတော့ ဥပုသ်သည်များအား သတိပေးလိုတာကတော့ မိမိတို့စောင့်ထိန်းကြတဲ့ သီလသိက္ခာပုဒ်တော်များ မကျိုးမပေါက်ရအောင် ဥပုသ်စောင့် သုံး နေ တဲ့ ယနေ့ တနေ့လုံးအတွက် သူတပါးတို့စားကျက်ကို မကျူးကျော်မိအောင် သိက္ခာပုဒ်တော်များကိုသာ စစ်ကြောဆင်ခြင်၍ နေကြရမယ်၊ ဘယ်လို ဆင် ခြင် ရ မ လဲ ဆိုတော့....

ငါသည် ယနေ့ သူတပါးအသက်ကို မသတ်ဖြတ်ပါဘူး၊ သူတပါးအသက်ကို သတ်ဖြတ်ခြင်းမှ ရှောင် ကြဉ် ပါ မယ် လို့ ပဌမပါဏာတိပါတ သိက္ခာပုဒ်ကို ခံယူဆောက်တည်ထားကြတယ်။ ခံယူဆောက်တည်ထားတဲ့ အတိုင်း ဤသိက္ခာပုဒ်ကို ငါမလွန်ကျူးဘူး၊ ငါ၏သန္တာန်မှာ ဤသိက္ခာပုဒ်ဖြင့် လုံခြုံ၍နေပြီဟူ၍ ပဌမဆုံးသိက္ခာပုဒ်ကို စိစစ်ပြီး ဆင်ခြင်သုံးသပ်ရမယ်။

တဖန်အဒိန္နာဒါန်ခေါ်တဲ့ဒုတိယသိက္ခာပုဒ်ကစပြီးတော့နောက်ဆုံးရှစ်ခုမြောက် ဖြစ်တဲ့ ဥစ္စာသယန - မဟာသယန သိက္ခာပုဒ် ရောက်အောင် သိက္ခာပုဒ်တပါးတပါးစီ အသီးသီးစိစစ်ဆင်ခြင်ပြီးသကာလ နှလုံးသွင်းကြရမယ်။အဲတာလို မိမိတို့၏ သီလသိက္ခာပုဒ်များကို ဆင်ခြင်ပွားများနေတဲ့ အခါမှာ မိမိတို့၏ ကျက်စားရာ ဌာနမှာသာနေတဲ့ အတွက် ကိလေသာမာရ်ယုတ်ဟာ ဝင်ရောက်နှောင့်ယှက်ခြင်းငှာ မစွမ်းနိုင်တော့ဘူး။မိမိတို့၏ သီလဟာလဲ ကျိုးပေါက်ပြောက်ကျားခြင်း မရှိတဲ့အပြင် သီလာနုဿတိ ဘာဝနာကမ္မဋ္ဌာန်းကိုလဲ စီးဖြန်းပွားများရာရောက်ပါသဖြင့် အလွန်ထူးမြတ်တဲ့ သီလအကျိုးကို ရနိုင်မယ်ဟူ၍ အာရုံပြုကာ ဝမ်းမြောက်ကြရမယ်။

တဖန် ကျင့်စဉ်တခုကတော့ မြတ်စွာဘုရား ရှေ့တော်မှာ ဖြစ်စေ၊ သို့မဟုတ် ဆိတ်ငြိမ်ရာအရပ်သို့ကပ်၍ ဖြစ်စေ၊ "အရဟံ" ဂုဏ်တော်ကို အစတည်ပြီးတော့ မြတ်စွာဘုရား၏ ဂုဏ်တော်ကိုးပါးကို တပါးစီတပါးစီ ရွတ်ဆိုပြီးသကာလ သက်တော်ထင်ရှား ဘုရားကိုယ်တော်မြတ်သို့ ရောက်အောင် အာရုံပြုပြီးတော့ စီးဖြန်းပွားများနေကြမယ်ဆိုရင်လဲ မိမိနယ်က မလွန်ကျူးတဲ့အတွက် ကိလေသာမာရ်ယုတ်ဟာ မိမိတို့အထံ မကပ်နိုင်တော့ သီလလုံခြုံတဲ့အပြင် ဗုဒ္ဓါနုဿတိဘာဝနာကမ္မဋ္ဌာန်းကိုလဲ စီးဖြန်းခြင်းဖြစ်ပြီးတော့ စင်ကြယ်သောသီလအကျိုးကို ရနိုင်ပါတယ်။

ထို့ပြင်လဲ သွာက္ခာတ အစရှိတဲ့ တရားဂုဏ်တော် ခြောက်ပါးကို တပါးစီ တပါးစီ ရွတ်ဆိုပြီးတော့ ဓမ္မာနုဿတိ ဘာဝနာ ကမ္မဋ္ဌာန်းကို ပွားများနေခြင်း၊ သုပ္ပဋိပန္နအစရှိတဲ့ သံဃာဂုဏ်ကိုးပါးကို တပါးစီတပါးစီ ရွတ်ဆိုပြီးတော့ သံဃာနုဿတိဘာဝနာကမ္မဋ္ဌာန်းကို ပွားများခြင်း ပြုကြရမယ်။

ထို့မှတပါးလဲ တမျိုးပြီးတမျိုးပြောင်းပြီး လမ်းကောင်းကို ကျင့်ကြံတဲ့ အနေဖြင့် ဝိပဿနာ ဘာဝနာ တရားကိုလဲ အားထုတ် ကြရမယ်၊ ဘယ်လိုအားထုတ်ရမလဲဆိုတော့....

ဆိတ်ငြိမ်ရာ အရပ်သို့ ချဉ်းကပ်ပြီးတော့ မိမိတို့နှင့် တကွ သက်ရှိသက်မဲ့ဖြစ်တဲ့ သင်္ခါရဓမ္မ မှန်သမျှတွေဟာ ဖြစ်ပြီးလျှင် ပျက်ရမြဲဓမ္မတာက မလွတ်ကင်းနိုင်တာဖြစ်လို့ အားလုံး "အနိစ္စ" သဘောသာ ဖြစ်ပေတယ်။

သင်္ခါရတရား မှန်သမျှတွေဟာ ချမ်းသာတု ချမ်းသာယောင်တွေ ဖြစ်တဲ့အတွက် နောက်ဆုံး ဆင်းရဲတွင်းသို့သာ သက်ဆင်းရမြဲ ဓမ္မတာ ဖြစ်သောကြောင့် သုခမဟုတ် "ဒုက္ခ" အစစ်သာ ဖြစ်ပေတယ်ဟူ၍ ဆင်ခြင်ကြရမယ်။

မမြဲတဲ့အနိစ္စ, ဆင်းရဲတဲ့ဒုက္ခ သဘောတွေကို မြဲအောင်, ချမ်းသာအောင် မိမိက စီမံပြုပြင်လို့ မရတဲ့အတွက် ခပ်သိမ်းသော သင်္ခါရတရားတွေဟာ ကိုယ်မပိုင်တဲ့ ကိုယ်အစိုးမရတဲ့ "အနတ္တ" သဘော သာ အစစ် ဖြစ်ပေတယ်ဟူ၍အနိစ္စ,ဒုက္ခ,အနတ္တ,ဟူသော လက္ခဏာယာဉ်သုံးပါးတင်ပြီး ဆင်ခြင်တတ်တဲ့ ဝိပဿနာဉာဏ်ဖြင့် လက္ခဏာယာဉ်သုံးပါးကို ရှုဆင်ခြင်ပြီး နေကြရမယ်။

နိဂုံးချုပ်ကြစို့ရဲ့ - ယခုဟောခဲ့တဲ့ နည်းလမ်း အတိုင်း ကိုယ့်နယ်က အပြင်သို့မထွက်စေဘဲ ကျင့်သုံးနေထိုင်ကြပါလျှင် သီလယူစဉ်က တဟ်စွမ်းသမျှ လှူဒါန်းခဲ့ကြတဲ့ "ဒါနကုသိုလ်" လုံ့လ့ခိုင်ခိုင်စွာ စောင်ထိန်းခဲ့တဲ့ "သီလကုသိုလ်" ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိဆိုတဲ့ အနုဿတိဘာဝနာကမ္မဋ္ဌာန်းများနှင့်တကွ လက္ခဏာယာဉ်တင်ပြီး ဆင်ခြင်ခဲ့တဲ့ "ဝိပဿနာကမ္မဋ္ဌာန်း" ဤသို့အားဖြင့် ဒါန, သီလ, ဘာဝနာ, သုံးဖြာသုံးပုံ ကုသိုလ်မျိုးစုံသဖြင့် ရွှေဘုံကြငှန်း နိဗ္ဗာန်နန်းသို့ တက်လှမ်းနိုင်သော ရိက္ခာမျိုးငါတို့မှာ စုံလင်ကြပြီဟူ၍ ဝမ်းမြောက် ဝမ်းသာ အာရုံ ပြုကြပြီးလျှင် လိုရာလိုရာ ပတ္ထနာဆုကို တောင့်တခြင်း ပြုကြစေကုန်သတည်း။

ဂေါစရဋ္ဌာနဒေသနာပြီး၏။

---

## နံမော ဓမ္မ ရာဇာဿ ဇေယျတု
## (၆၉) ဓမ္မာ ရုံ သြဝါဒ ဒေသနာ
## သာရဏီယ ကထာ

ကျေးဇူးတော်အရှင် ဖြစ်တော် မူသော မူလ ဓမ္မာရုံ ဆရာတော်ဘုရားကြီး၏ တပည့်တပန်း ရဟန်းသံဃာ မြောက် မြား စွာ တို့ နှင့် တကွ ဒကာ-ဒကာမ ကြီး-ငယ် တစုတို့က တ ပည့် တော် များ အ သက် ထက် ဆုံး ကျင့်သုံးလိုက်နာကြရန်ဖြစ်သော "သြဝါဒ ဒေသနာတော်"ကို ချီးမြောက် မစ ဟောပြတော်မူပါ ဟူ၍ လျှောက် ထား တိုက် တွန်း ကြ တဲ့ အ တွက်- ၁၃၂၃-ခုနှစ် တန်ဆောင်မုန်းလဆန်း(၁၅)ရက်နေ့က နည်းလမ်းဖော်ပြသြဝါဒပေးခဲ့သော တရားဒေသနာတော်ကို "ဓမ္မာရုံ သြဝါဒဒေသနာ-သာရဏီယ ကထာ"လို့ အမည်တပ်ပြီး ဟောကြားခဲ့ပါတယ်။ ဤဒေသနာတော် တရားဓမ္မဖြင့် လမ်းပြခဲ့တဲ့ သာရဏီယ ကထာကို အကြောင်းအခွင့်သင့်ရာဌာနတို့၌ ဟောပြောနိုင်ကြရန် ထည့်သွင်းဖော်ပြအပ်ပါသတည်း။

သာဓု သမ္ဗဟုလာ ဉာတီ၊
အပိ ရုက္ခာ အရညဇာ။
ဝါတော ဝဟတိ ကေဋ္ဌံ၊
ဗြဟန္တမ္ပိ ဝနပ္ပတိံ။

ဉာတီ၊ ဆွေရင်းညာတကာ မိတ်သဟာ မကောင်း အပေါင်းအသင်း ဟူသမျှတို့သည်။ သမ္ဗဟုလာ၊ စိတ်တူကိုယ်မျှ ဆက်ဆံကြ၍ တဦးကတဦး ကိုမှီ တည်ကြည်ခိုင်မြဲ၍ ဥမကွဲသိုက်မပျက်အောင် တွဲဘက်ကာ မဖောက် ပြားကြဘဲ အမြောက်အမြားရှိကြပါကုန်မူကား။ သာဓု၊ အားအင်ကြီး မား၍ ကောင်းကျိုးတပါး ဖြစ်ပါပေ၏။

အရညဇာ၊ တောတွင်ဖြစ်မြောက် တောမှာပေါက်ကြကုန်သော။ ရုက္ခာပိ၊ သေးငယ်ညွန့်ညှောက် ကြီးရောက်ရှင်ပြီး သစ်ပင်ကြီး-သစ်ပင်ငယ် ဟူသမျှတို့သည်လည်း။ သမ္ဗဟုလာ၊ စုဝေးပေါက်ပွား အမြောက်အမြား ဖြစ်ကြပါကုန်မူကား။ သာဓု၊ အန္တရာယ်ကင်း ဘေးရန်ရှင်း၍ ကောင်း ခြင်းကြီးတခု ဖြစ်ပါကုန်၏။

ကေဋ္ဌံ၊ အဖော်မမှီး တပင်တည်း ပေါက်ရောက်နေပါမူ ကား။ ဗြဟန္တမ္ပိ ဝနပ္ပတိံ၊ မြင့်မားရင့်ကြီး တောစိုး သစ်ပင်ကြီးကို သော်လည်း။ ဝါတော၊ လေပြင်း-လေကြမ်း လေသရမ်းသည်။ ဝဟတိ၊ တိုက်ခတ်ဖျက် ဆီးနိုင်၏။

ဤ ဒေသနာတော်ကို မြတ်စွာဘုရားသခင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ်အခါက ရောဟိဏီမြစ်ရေ ကို အကြောင်းပြုပြီးတော့ ဆွေတော် မျိုးတော်တွေ ဖြစ်ကြတဲ့ သာကီဝင် မင်းသားတွေ စိတ် ဝမ်း ကွဲ ပြား ဒုတ်-ဓား-လှံကိုင် ရင် ဆိုင် ပြီး သတ်ကြ- ပုတ်ကြလျက် အခင်းကြီးစွာဖြစ်ကြတော့မဲ့အခြင်းအရာကို မြင်တော်မူတာ နဲ့ ဘုရားရှင် ဖြူးကနဲကြွသွားကာ ရောဟိဏီမြစ်ကမ်းနားတွင်ဘဲ ထက်ဝယ် ဖွဲ့ခွေ သီတင်းသုံး စံနေတော်မူပြီးလျှင်....

"မင်းမြတ်တို့- ဆွေချင်း-သားချင်း မကောင်းနိုင်တဲ့ပုဂ္ဂိုလ်တစုတို့ဟာ ဤကဲ့သို့ ခိုက်ရန်ပွား၍ စိတ်ဝမ်းကွဲပြားကြမယ်ဆိုရင်၊ ဘေးက ရန်သူတွေ ဝင်ရောက်ပြီး နှောက်ယှက်ဖျက်ဆီးကာ အကြီးအကျယ် အန္တရာယ်ရောက်

ဘို ဖြစ်ကြလိမ့်မယ်၊ အချင်းချင်း ညာတိသားချင်းတစုတို့ဟာ ညီညွတ်စွာ စည်းလုံးပြီး နေသင့်ကြတယ်”ဆိုပြီးတော့ ဦးစွာ ရှတ်ဆိုဟောပြခဲ့တဲ့ ရက္ခမမ္မ ဇာတ်တော်လာ ဒေသနာဓမ္မကို သာကီဝင် မင်းသားတစုတို့အား ဟောကြားတော်မူခဲ့ပါတယ်။

အဲဒီဒေသနာတော်ဟာ မည်သည့်ပုဂ္ဂိုလ်မျိုးမဆို လိုက်နာကျင့်သုံးကြရန် ကောင်းတဲ့အတွက် အသက်ထက်ဆုံး အောက်မေ့စဉ်းစားပြီး မှတ်သားထိုက်သော သာရဏီယကထာအဖြစ်နဲ့ တပည့်တပန်းအပေါင်းနှင့်တကွ ဒကာ-ဒကာမ ကြီး-ငယ်တစုတို့အား သြဝါဒပေးခဲ့မည်၊ မပြတ်မလပ် စဉ်းစားပြီး လိုက်နာကျင့်ကြံနိုင်ကြပါစေလို့ တောင့်တခဲ့ပါတယ်။

ဒေသနာတော်ရဲ့ အဓိပ္ပါယ်ကတော့ ဆွေမျိုး-ညာတိ-ဖြစ်စေ၊ အပေါင်းအသင်း မိတ်သင်္ဂဟဘဲဖြစ်စေ၊ များလျှင် ကောင်းတဲ့ အကျိုးရှိတယ်လို့ ဆိုလိုရင်း ဖြစ်ပါတယ်။ ဘယ့်ကြောင့် အစုအဝေး များရင် ကောင်းပါသလဲလို့ မေးဘွယ်ရှိပါတယ်။ လူတို့ဘောင်မှာ အသက်တရာ မနေရပေမဲ့ အမှုတရာ တွေ့ရတတ်တယ်လို့ ရှေးလူကြီးများ မှတ်တမ်းရှိခဲ့သလိုဘဲ အကြောင်းကိစ္စပေါ်ပေါက်လာတဲ့အခါမှာ ပတ်ဝန်းကျင်မှိခိုစရာ အားထားစရာ ကူဖော်-လောင်ဖက် ညာတိမိတ်သင်္ဂဟရှိမှသာ အကြောင်းအားလျော်စွာ အကူအညီ ရပြီးတော့ ကိစ္စပြီးကြရတယ် မဟုတ်ပါလား၊ သိပြီးသားတွေ ဖြစ်ကြပါတယ်။

ဉပမာ ဆိုကြပါစို့- သုမင်္ဂလဘက်က အလှူတခု ပြုလုပ်ချင်တယ် ဆိုရင် ဝေယျာဝစ္စ ဆောင်ရွက်တဲ့အမှုဆောင်ရှိမှ စိတ်ချမ်းသာစွာနဲ့ အလှူကိစ္စပြီးစီးရတာ ဖြစ်ပေတယ်။ အလှူ့ရှင် တဦးတယောက်ထဲ အဘယ်မှာ အထွေထွေလိုက်ပြီးတော့ ဆောင်ရွက်နိုင်မလဲ။ အလှူပြုလုပ်တဲ့ကိစ္စမှာ သေးငယ်ရင် တော်သေးရဲ့၊ ကြီးကျယ်တဲ့ ကိစ္စဆိုရင်တော့ သာပြီးတော့ အကူအညီ အပေါင်းအသင်း လိုတာကို သိကြပြီး ဖြစ်ပါတယ်။ ဒုမင်္ဂလ ကိစ္စမျိုး ကြုံတဲ့အခါကျရင် သာပြီးတော့ အပေါင်းအသင်း အကူအညီများဘို့ လိုတာကို တွေ့ရပါတယ်။ ဘို့ကြောင့် ဆွေမျိုး-ညာတိ အရင်းအချာဘဲဖြစ်စေ၊ မိတ်သင်္ဂဟ အပေါင်းအသင်းဘဲဖြစ်စေ၊ မြောက်မြားစွာ စုရုံးပေါင်းစည်းနေကြရင် ကောင်းကျိုးတခုဖြစ်ပါတယ်လို့ ရှင်တော်ဘုရား မိန့်ကြားတော်မူခဲ့တာပေါ့။

ဉာတိ၊ ဆွေရင်းဉာတကာ မိတ်သဟာမကင်း အပေါင်းအသင်းဟူသမျှတို့သည်။ သမ္ဗဟုလာ၊ များကုန်မူကား။ ဝါ၊ စိတ်တူကိုယ်မျှ ဆက်ဆံကြ၍ တဦးက တဦးကိုမှီ တည်ကြည်စွာခိုင်မြဲ၍ ဥမကွဲ သိုက်မပျက်အောင် တွဲဘက်ကာ မဖောက်ပြားကြဘဲ အမြောက်အမြား ရှိကြပါကုန်မူကား။ သာဓု၊ အားအင်ကြီးမား၍ ကောင်းကျိုးတပါးဖြစ်ပါကုန်၏။

ဆွေရင်းဉာတကာ မိတ် သ ဟာ အ ချင်း ချင်း အပေါင်းအသင်း များဘို့ဆိုတဲ့ နေရာမှာလဲ လောကရေး-ဓမ္မရေးနှစ်ပါးရှိတဲ့အနက် လောကရေးဘက်က ကြည့်လိုက်ရင်လဲ မိမိတို့နဲ့ဇာတ်တူ လူအချင်းချင်း အပေါင်းအသင်း များများ ရှိရမယ်။ အရေးကြီး သွေးနီးမှ ဆိုသလိုဘဲ ပစ္စုပ္ပန်မျက်မှောက်မှာ လောကရေးရာကိစ္စကြုံလာရင် စိတ်တူကိုယ်မျှဖြစ်တဲ့ပုဂ္ဂိုလ်အချင်းချင်းသာအကူအညီရနိုင်တယ်၊ သဘာဝမတူတဲ့ ပုဂ္ဂိုလ်များကိုတော့ ဘယ်တော့မှ အားမကိုးကြလေနဲ့။ ဘယ်လိုမှ အကူအညီရလိမ့်မယ် မဟုတ်ပါဘူး။ ထို့ကြောင့် မိမိတို့နဲ့ စိတ်တူ-ကိုယ်မျှ ဖြစ်ပြီးတော့ ဂိုဏ်းဂဏတူ ဆရာတူ အယူဝါဒတူအစရှိတဲ့ အရာရာမှာ တူမျှသောသဘောရှိတဲ့ ပုဂ္ဂိုလ်ချင်း တွဲဘက်စုဝေးကြပြီးတော့ အင် အား ရှိ အောင်၊ အကြောင်းရှိကကိစ္စပြီးလွယ်အောင် အမြောက်အမြား တစုတဝေးထဲဖြစ်အောင် ကြိုးစားပြီး စည်းလုံးကြပါလို့ များစွာ တိုက်တွန်းခဲ့ပါတယ်။ အဲတာက လောကအရေးဘက်က အကျိုးအကြောင်း နည်းလမ်းကောင်းပါဘဲ။

ဓမ္မရေးဘက်ကလဲ အပေါင်းအသင်း ရှိရမယ်၊ အပေါင်း အသင်း များရမယ်။တာက နောင်တမလွန် အတွက် ရည်ရွယ်ချက် ဖြစ်ပါတယ်။ နောင်တမလွန် ဘဝမှာ ဂတိကောင်းရဘို့ ရောက်ရာဘဝမှာ ချမ်းချမ်းသာသာ ဖြစ်ကြဘို့ နောက်ဆုံးဒုက္ခဇာတ်သိမ်းနိုင်ကြဘို့ အဲတာလို တမလွန်ကောင်းကျိုးအတွက် ဓမ္မလမ်းကြောင်းကျကျ ကုသိုလ်တရားတွေပြည့်စုံဘို့ ဆိုတဲ့အရာမှာ ကလျာဏမိတ်ကောင်းဆိုတဲ့ အပေါင်းအသင်း များများ လိုပါတယ်။ ဓမ္မရေး ဘက်က ပြည့်စုံဘို့ နေရာမှာ သံဃာတော်ဘက်က အပေါင်းအသင်းရော-လူဘက်က မိတ်ကောင်းဆွေကောင်းရော နှစ်ဘက်နှစ်ဝ ပြည့်စုံရပါတယ်။ "ဥဘော အညောညနိဿိတာ" ဆိုတဲ့ ဒေသနာတော်အတိုင်း သာဂါရိကဖြစ်တဲ့လူတွေနဲ့ အနာဂါရိကဖြစ်တဲ့ သံဃာများနဲ့ဆိုတာ တဦးကိုတဦး မှီခိုပြီးတော့ သူတော်ကောင်းတရား ပြည့်စုံရပါတယ်။

ထိုနောက် လောကရေး ဓမ္မရေး နှစ်ဘက်စလုံး အပေါင်းအသင်းများပါက အကျိုးရှိပုံသဘောကို အဝိညာဏကသစ်ပင်များနဲ့ ပုံစံထားပြီး ဘုရားဟောတော်မူခဲ့ပါတယ်။

အရညဇာ၊ တောတွင်ဖြစ်မြောက် တောမှာ ပေါက်ကြကုန်သော။ ရုက္ခာအပိ၊ သေးငယ်ညွန့်ညှောက် ကြီးရောက်ရှင်ပြီး သစ်ပင်ကြီး သစ်ပင်ငယ်ဟူသမျှတို့သည်လည်း။ သမ္ဗဟုလာ၊ ငုဝေးပေါက်ပွား အမြောက်အမြားဖြစ်ကြပါကုန်မူကား။ သာခု၊ အန္တရာယ်ကင်း ဘေးရန်ရှင်း၍ ကောင်းခြင်းကြီး တခုပင် ဖြစ်ပါကုန်၏။

တောမှာပေါက်ရောက်ပြီးနေတဲ့ အဝိညာဏကဖြစ်တဲ့ သစ်ပင်များတောင် အစုအဝေးနဲ့ တပင်ကိုတပင် အမှီပြုကြပြီး မြောက်မြောက်မြားမြား ပေါက်ပွားနေကြရင် လေဒဏ်မိုးဒဏ်အစရှိသည် ခံနိုင်ပြီးတော့ ပျက်စီးခြင်းမရှိဘဲ ကောင်းကျိုးကို ရနိုင်ပါတယ်လို့ သစ်ပင်နဲ့ပမာထားပြီး အပေါင်းအသင်းများခြင်းရဲ့ အကျိုးကို မှတ်သားကြရမယ်။

ဧကဋ္ဌံ၊ အဖော်မမှီး တပင်တည်း ပေါက်ရောက် နေပါမူကား။ ဗြဟန္တမ္ပိ ဝနပ္ပတိံ၊ မြင့်မားရင့်ပြီး တောစိုး သစ်ပင် ကြီးကို သော်လည်း။ ဝါယော၊ လေပြင်းလေကြမ်း လေသရမ်းသည်။ ဝဟတိ၊ တိုက်ခတ်ဖျက်စီးနိုင်၏။

အလွန့်ကြီးမား၍ ဝနပ္ပတိခေါ်တဲ့တောစိုးသစ်ပင်ကြီးဖြစ်စေကာမူ တပင်ထဲပေါက်နေပြီးတော့ မှီခိုစရာ အားထားစရာ ကာကွယ်စရာ မရှိရင် လေပြင်းတိုက်ခတ်ပြီးတော့ ပျက်စီးနိုင်တာကို ပမာပြုပြီး ရှင်တော်ဘုရားဟောတော်မူခဲ့တာကို သတိမူကြလျက် အင်အားနဲ့တဲ့ အစုအဝေး အပေါင်းအသင်း ဖြစ်ပါလျှင် အန္တရာယ်နှင့် တွေ့ကြုံပါက မှီခိုစရာ ကင်းပြီးတော့ ပျက်စီးနိုင်တာကို သတိပြုကြပါ။ စိတ်တူကိုယ်တူ အရာရာတူမျှညီညာသော အစည်းအရုံး မြောက်မြားစွာ အင်အားရှိသော အစည်းအရုံးများ ဖြစ်အောင် သတိကြီးစွာထားကြဘို့ အထူးတိုက်တွန်းကာ ဩဝါဒ ပေးအပ်ပါတယ်။

ထိုမှတပါးလဲ အသက်ထက်ဆုံး မှတ်သားလိုက်နာ ကျင့်ကြံဘို့ရာ သာရဏီယကထာ ဩဝါဒ ဒေသနာတော် တမျိုးကို ဆက်လက်ပြီးတော့ နာယူကြစေလိုပါတယ်။ ပုပ္ဖုရှိ မြင်းသမျှပုဂ္ဂိုလ်တို့မှာ မျက်မှောက်ဘဝ

ပစ္စုပ္ပန်လောကမှာလဲ ချမ်းသာကြ၊ တမလွန်လောက နောင်ဘဝမှာလဲ ချမ်းသာကြဘို့အတွက် ဘာအရေးကြီးပါသလဲ ဆိုတော့ အကုသိုလ်နဲ့ဘို့ ကုသိုလ်များဘို့ ရဆဲဖြစ်တဲ့မိမိခန္ဓာကိုယ်ကို စင်စင်ကြယ်ကြယ် ချမ်းချမ်းသာသာနဲ့ ရှက်ဆောင်နိုင်ဘို့ လိုကြဘယ်။ ဒီတော့ အကုသိုလ် နဲ့အောင် ကုသိုလ်တရားတိုးပွားအောင် မိမိခန္ဓာကိုယ်လဲ ချမ်းသာအောင် ဘယ်လိုကျင့်ရမလဲဆိုတော့။

(၁) ကိုယ်တွင်းမှာ အဇ္ဈတ္တိကတရားတပါး ရှိရမယ်။
(၂) ကိုယ်ပမှာ ဗာဟိယတရားတပါး ရှိရမယ်။

၎င်းတရားနှစ်ပါးရှိတဲ့အနက် ကိုယ်တွင်းမှာရှိရမဲ့အဇ္ဈတ္တိကတရားက ဘယ်တရားပါလဲဆိုတော့။

> အဇ္ဈတ္တိကံ ဘိက္ခဝေ အင်္ဂန္တိ ကရိတွာ နာညံ ဧကင်္ဂမ္ပိ သမနုပဿာမိ၊ ဧဝံ ဗဟုပကာရံ ယထယိဒံ ဘိက္ခဝေ ယောနိသော မနသိကာရော၊ ယောနိသော ဘိက္ခဝေ မနသိကရောန္တော ဘိက္ခု အကုသလံ ပဇဟတိ၊ ကုသလံ ဘာဝေတိ၊ သုဒ္ဓံ အတ္တာနံ ပရိဟရတိ။

ဘိက္ခဝေ၊ ချစ်သားတို့။ အဇ္ဈတ္တိကံ၊ ကိုယ်တွင်းတရားသည်။ အင်္ဂံ၊ လိုရင်းအင်္ဂါတည်း။ ဣတိကရိတွာ။ ဤသို့ နှလုံးပြု၍။ ပရိယေသမာနော၊ ရှာမှီး သည် ရှိသော်။ ဘိက္ခဝေ၊ ရဟန်း တို့။ ဣဒံ - အယံယောနိသော မနသိကာရော၊ ဤအသင့်အတင့်နှလုံးသွင်းခြင်းသည်။ ဗဟုပကာရံယထာ၊ ထိုသူအားကျေးဇူးများသကဲ့သို့။ ဧဝံတထာ၊ထိုအတူ။ ဗဟုပကာရံ၊များစွာ အကျိုးကျေးဇူး ရှိသော။ အညံ၊ ယောနိသော မရသိကာရမှ တပါးသော။ ဧကင်္ဂမ္ပိ၊ တခုသော အကြောင်း အင်္ဂါကိုမျှလည်း။ နသမနုပဿာမိ၊ ငါမြင်တော်မမူ။ ဘိက္ခဝေ၊ ချစ်သားတို့။ ယောနိသော၊သင့်သောအားဖြင့်။ မနသိကရောန္တော၊ နှလုံးသွင်းသော။ ဘိက္ခု၊ ရဟန်းသည်။ အကုသလံ၊ အကုသိုလ်ကို။ ပဇဟတိ၊ ပယ်စွန့်၏။ ကုသလံ၊ ကုသိုလ်ကို။ ဘာဝေတိ၊ ပွားစေ၏။ သုဒ္ဓံ၊ စင်ကြယ်အောင်။ အတ္တာနံ၊ မိမိကိုယ်ကို။ ပရိဟရတိ၊ ရှက်ဆောင်နိုင်၏။

ဤဒေသနာတော် အရ အသင့်အတင့် နှလုံး သွင်းခြင်း ဆိုတဲ့ ယောနိသောမနသိကာရဟာ ကိုယ်တွင်းသန္တာန်မှာရှိရမဲ့ အဇ္ဈတ္တိကတရား တပါး ဖြစ်ပါတယ်။ ယခုဟောခဲ့တဲ့ အသင့်အတင့် နှလုံးသွင်းခြင်းဆိုတဲ့

ယောနိသောမနသိကာရသာရှိကြရင် အကုသိုလ် နဲရမယ်။ကုသိုလ် တိုးပွား ရမယ်၊ မိမိကိုယ်ကိုလဲ ချမ်းသာအောင် ရှက်ဆောင် နိုင်ကြမယ်။ အသင့် အတင့်နှလုံးသွင်းခြင်းဆိုတဲ့ ယောနိသောမနသိကာရ ကိုယ်ချင်းစာတရား ထားနိုင်ကြလျှင် အကျိုးရှိပုံကို အတိုချုပ်ဟောပြပြီး သတိပေးထားရသေး တာပေါ့။

မြတ်စွာဘုရား ဒေသစာရီ ကြွချီတော်မူရင်း ဝေဠုဒွါရ ရွာကို ရောက်တော်မူတော့ သူဌေးသူကြွယ်များနှင့်တကွ ပရိသတ်ပေါင်းများစွာ မြတ်စွာဘုရားအထံတော်သို့ ချဉ်းကပ်ကြပြီးတော့ ဘုန်းကြီးသော အရှင် မြတ်ဘုရား-ဘုရားတပည့်တော်များသည် အိမ်ထောင်သားမွေး လူရေးလူရာ အဖြစ်ကဘဲ နေလိုပါတယ်။ရွှေ,ငွေ,ဘဏ္ဍာ နှံ့သာပန်းမာလ်စတဲ့ လောကီ ချမ်းသာ တွေကို ခံစား, စံစားပြီးနေရာက စုတေတဲ့ အခါမှာလဲ နတ်ရွာ သုဂတိသို့ ရောက်လိုပါတယ်၊ဤသို့ဖြစ်အောင် ဘယ်တရားမျိုးကိုအားထုတ် ရပါမလဲဘုရားလို့ လျှောက်ထားကြသတဲ့။

အဲဒီတော့ မြတ်စွာဘုရားက သတ္တဝါတို့အလိုက် စရိုက်ကိုသိတော် မူသည်အားလျော်စွာ အသင့်အတင့်နှလုံးသွင်းခြင်း ယောနိသော မနသိ ကာရ သဘောရှိတဲ့ ကိုယ်ချင်းစာ တရားကို ဟောကြားတော် မူတယ်။ ဘယ်လိုဟောပါသလဲဆိုတော့....

ဒါယကာတို့-မိမိတို့အလိုဆန္ဒ မိမိတို့သဘောနဲ့ကိုက်ညီတဲ့ အတ္တူပ နာယိက မမ္မပရိယာယ်ကို နားလည်အောင်မှတ်သားကြလို့ မိန့်တော်မူပြီး လျှင်....ဒါယကာတို့-မိမိတို့ အလိုဆန္ဒရှိသလို အရာရာမှ ကိုယ်ချင်းစာတတ် ရမယ်။ ငါသည် အသက်ရှည်လိုတယ်၊ သေခြင်းငှာ အလိုမရှိ၊ ချမ်းသာကို လိုလား၏။ ဆင်းရဲဒုက္ခဟူသမျှကို စက်ဆုပ်ရွံရှာ၏။ ဤကဲ့သို့ အသက်ရှည် လိုသော မသေလိုသော ချမ်းသာကို လိုလားသော ဆင်းရဲ ဟူ သ မျှ ကို စက်ဆုပ်သောငါ့ကို အကြင် တဦး တယောက်သော သူသည် သတ်ဖြတ် ညှဉ်းဆဲမည်ဖြစ်အံ့၊ ထိုသူပြုသော သတ်ဖြတ်ညှဉ်းဆဲမှုကို ငါသည် အလိုမရှိ၊ မနှစ်သက်နိုင်။

ငါကဲ့သို့ သတ်ဖြတ်ညှဉ်းဆဲမှုကို အလိုမရှိသော တပါးသောသူအား ငါက သတ်ဖြတ်ညှဉ်းဆဲမည် ဖြစ်အံ့၊ငါ၏သတ်ဖြတ်မှုကို ထိုသူသည်လည်း နှစ်သက်မည်မဟုတ်ပေ။

ခေတ်—၄၃

ဤသို့သတ်ဖြတ်နိုပ်စက်မှုကို မိမိမနှစ်သက်သလို သူတပါးကလည်း နှစ်သက်မည် မဟုတ်ဟူ၍ ပညာဖြင့်ဆင်ခြင်ကာ ကိုယ်ချင်းစာလျက် သူ၏ အသက်သတ်ဖြတ်ခြင်းမှ မိမိလည်းရှောင်ကြဉ် သူတပါးကိုလည်းရှောင်ကြဉ် စေလျက် ကျင့်သုံးဆောက်တည်ကြလေဟူ၍ ဝေဠုဒွါရ ရွာသားတို့အား မြတ်စွာဘုရားသည် အသင့်အားဖြင့်နှလုံးသွင်းရမည်ဖြစ်သော ကိုယ်ချင်းစာ တရားကို ဟောကြားတော်မူပါတယ်။

အဲတာလို ပါဏာတိပါတ ကံကို ရှောင်ကြဉ်ဘို့က စပြီးတော့ အဒိန္နာဒါန်ကံ အစရှိတဲ့ ရှောင်ကြဉ်ဘို့ရာ ဒုစရိုက်တရားများကို ကိုယ်ချင်း စာ၍ ရှောင်ကြဉ်ကာ ကျင့်ကြံ အားထုတ်မယ် ဆိုရင် မိမိတို့ အလိုရှိတဲ့ နတ်ရွာသို့လားရခြင်း သဂ္ဂပရာယနအကျိုးကို မုချရနိုင်ပါတယ်လို့ မြတ်စွာ ဘုရား ဟောကြားတော်မူတဲ့ ဝေဠုဒွါရေယျသုတ်တော်ကို နှလုံးသွင်းကြ ပြီးတော့ အသင့်အားဖြင့် နှလုံးသွင်းခြင်းဆိုတဲ့ ယောနိသောမနသိကာရ အဇ္ဈတ္တိက ကိုယ်တွင်းတရားကို မြဲမြံစွာ ကျင့်ကြံကြပါလို့ ဩဝါဒပေးခဲ့ ပါတယ်။

ထိုမှတပါး ကိုယ်ပသဏ္ဍာန်မှာ ရှိရမဲ့ ဗာဟိယ တရားကတော့....

ဗာဟိယံ ဘိက္ခဝေ အင်္ဂန္တိ ကရိတွာ နာညံ ဧကင်္ဂမ္ပိ သမနုပဿာမိ၊ ဧဝံ ဗဟူပကာရံ၊ယထယိဒံ ဘိက္ခဝေ ကလျာဏမိတ္တတာ၊ကလျာဏ မိတ္တော ဘိက္ခဝေ ဘိက္ခု အကုသလံ ပဇဟတိ၊ကုသလံ ဘာဝေတိ၊ သုဒ္ဓံ အတ္တာနံ ပရိဟရတိ။

ဘိက္ခဝေ၊ ချစ်သားတို့။ ဗာဟိယံ၊ ကိုယ်ပ၌ဖြစ်သော တရားသည်။ အင်္ဂ၊လိုရင်းအင်္ဂါတည်း။ ဣတိကရိတွာ၊ဤသို့နှလုံးပြု၍။ ပရိယေသမာနေ၊ ရှာသည်ရှိသော်။ ဘိက္ခဝေ၊ ချစ်သားတို့။ ဣဒံ-အယံကလျာဏမိတ္တတာ၊ ဤမိတ်ဆွေ ခင်ပွန်း ကောင်း ရှိ သည် ၏ အ ဖြစ် သည်။ ဗဟူပကာရံယထာ၊ ကျေးဇူးများသကဲ့သို့။ ဧဝံတထာ၊ ထိုအတူ။ ဗဟူပကာရံ၊ များစွာကျေးဇူး ရှိသော။ အညံ၊ က လျာ ဏ မိတ် မှ တပါးသော။ ဧကင်္ဂမ္ပိ၊ တခုသော အ ကြောင်း အင်္ဂါ ကို မျှ လည်း။ နသမနုပဿာမိ၊ ငါဘုရား မြင်တော်မမူ။ ဘိက္ခဝေ၊ ချစ်သားတို့။ ကလျာဏမိတ္တော၊ မိတ်ဆွေခင်ပွန်းကောင်းရှိသော။ ဘိက္ခု၊ ရဟန်းသည်။ အကုသလံ၊ အကုသိုလ်ကို။ ပဇဟတိ၊ စွန့်နိုင်၏။ ကုသလံ၊ ကုသိုလ်ကို။ ဘာဝေတိ၊ ပွားစေနိုင်၏။ သုဒ္ဓံ၊ စင်ကြယ်စွာ။ အတ္တာနံ၊ မိမိကိုယ်ကို။ ပရိဟရတိ၊ ရွက်ဆောင်နိုင်၏။

ဤဒေသနာတော်အရ မိတ်ဆွေ ခင်ပွန်းကောင်းဆိုတဲ့ ကလျာဏ မိတ္တ-ဆိုတာဟာ ကိုယ်ပမှာရှိရမဲ့ ဗာဟိယ-တရားတပါးဖြစ်တယ်။ အဲဒီ- မိတ်ကောင်းဆွေကောင်းဆိုတဲ့ ကလျာမိတ်သာ ရှိကြမယ်ဆိုရင် အကုသိုလ် နဲ့ကြမယ်၊ ကုသိုလ်တိုးပွားကြမယ်၊ မိမိတို့ကိုယ်ကိုလဲ ချမ်းသာစွာ ရွက်ဆောင်နိုင်ကြပါလိမ့်မယ်။

ယခု ဩဝါဒပေးခဲ့တဲ့ အင်္ဂုတ္တိုရ် ပါဠိတော်လာ ဘုရားဟော **ဒေသနာတော်အရ** ကိုယ်တွင်း-တရားတပါး၊ ကိုယ်ပ-တရားက တပါး၊ အဲဒီ **ဧကဓမ္မ** တရားနှစ်ပါးကို နေ့စဉ်-နေ့တိုင်း ဆင်ခြင်စဉ်းစားပြီးတော့ **မိမိ**သန္တာန်မှာ ရှိ-မရှိ စစ်ဆေးကြည့်ရှုကြပါ။ စစ်ဆေးကြည့်ရှုလို့ ရှိတယ် ဆိုရင်တော့ ပစ္စုပ္ပန်တမလွန် နှစ်ဌာနလုံးမှာ စိတ်သာချတော့ ကောင်းကျိုး ကို ခံစားရမှာ မလွဲနိုင်တော့ဘူး။ မရှိသေးရင်တော့ ရှိအောင်ပြုလုပ်ကြပါ၊ ကြိုးစားကြပါလို့ များစွာ တိုက်တွန်းခဲ့ပါတယ်။

ယခုဟောခဲ့တဲ့ တရားနှစ်ပါးအနက် ကိုယ်ပတရားဖြစ်တဲ့ ကလျာဏ မိတ္တသဘောကို အထူးသတိပေးလိုပါသေးတယ်။ လောကကြီးမှာ မူလဘူတ ပင်ကိုက လူကောင်း-သူကောင်းတယောက်ဖြစ်ပေတဲ့ အပေါင်းအသင်း မကောင်းလို့ပျက်စီးရတဲ့သူတွေ၊ မူလကထဲက မကောင်းတဲ့အပြင် အပေါင်း အသင်းကလဲ မကောင်းဘူးဆိုတော့ ပိုပြီးပျက်စီးရတဲ့သူတွေ။ အဲဒီသူတွေကို အများအားဖြင့် ကြားသိတွေ့မြင်နေကြရတော့ အပေါင်းအသင်းဟာ အလွန်အရေးကြီးကြောင်း သိကြရတယ်။ ထို့ကြောင့် ပေါင်းသင်းဆက်ဆံ ရေးအတွက် မိတ်ကောင်း-ဆွေကောင်း အစစ်ဖြစ်တဲ့ ကလျာဏမိတ္တ-အင်္ဂါ (၇)ပါးကို မှတ်သားကြပါ။

(၁) ဒုဒ္ဒံ ဒဒါတိ၊ အဲတာက ပထမအင်္ဂါတပါးဖြစ်တယ်၊ အဓိပ္ပါယ်က ပေးနိုင်ခဲတဲ့ ပစ္စည်းကို မိမိအား ပေးစွန့်နိုင်ခြင်းတဲ့။

(၂) ဒုက္ကရံ ကုဗ္ဗတိ၊ ဒါက ဒုတိယအင်္ဂါဖြစ်တယ်။ အဓိပ္ပါယ်က ပြုနိုင်ခဲတဲ့ အမှုကိစ္စကို မိမိအား ပြုလုပ်ဆောင်ရွက်ပေးခြင်းတဲ့။

(၃) ဒုက္ခမံ ခမတိ၊ ဒါက တတိယအင်္ဂါဖြစ်တယ်။ အဓိပ္ပါယ်က သည်းခံနိုင်ခဲတဲ့အရာကို မိမိအပေါ်မှာ သည်းခံနိုင်ခြင်းတဲ့။

(၄) ဂုယှဉ္ဇသာ တဿ အက္ခာသိ၊ အဲဒါက စတုတ္ထအင်္ဂါဖြစ်တယ်။ အမိပ္ပါယ်က လျှို့ဝှက်ထားတဲ့ အကြောင်းအရာကို မိမိအား ပြောကြားခြင်းတဲ့။

(၅) ဂုယှံဿ ပရိဂူဟတိ၊ ဒါက ပဉ္စမအင်္ဂါဖြစ်တယ်။ အမိပ္ပါယ်က လျှို့ဝှက်ပြီးထားရမဲ့ အကြောင်း အရာကို သေဝပ်စွာ သိုသိပ်ထားခြင်းတဲ့။

(၆) အာပဒါသု နဇဟတိ၊ အဲဒါက ဆဋ္ဌမ အင်္ဂါ ဖြစ်တယ်။ အမိပ္ပါယ်ကတော့ ဘေးရန်ကြုံတဲ့အခါမှာ စွန့်ခွာပြီးမသွားခြင်းတဲ့။

(၇) ခီဏေပိ နာတိမညတိ၊ အဲဒီအင်္ဂါကတော့ နောက်ဆုံး သတ္တမ အင်္ဂါဖြစ်ပေတယ်။ အမိပ္ပါယ်ကတော့ ပစ္စည်းကုန်ပြီးတော့ ဆင်းဆင်းရဲရဲဖြစ်နေပေတဲ့ မိမိကို မထေမဲ့မြင် မလေးမစား မပြုခြင်း။

ယခုဟောခဲ့တဲ့ အင်္ဂါ(၇)ပါးနဲ့ ညီညွတ်တဲ့ အပေါင်းအသင်းမျိုးမှသာ မိတ်ကောင်းဆွေကောင်းစစ်စစ် ကလျာဏမိတ္တပုဂ္ဂိုလ် ဖြစ်ပေတယ်လို့ ရှင်တော်မြတ်ဘုရား ဟောကြားညွှန်ပြတော်မူခဲ့ပါတယ်။

ယခုဟောခဲ့တာကတော့ အကျဉ်းမျှ ညွှန်ပြခဲ့ပါတယ်။ အကျယ်ကို ဝေဘန်ပြီးတော့ အများကြီး စဉ်းစားဘို့ လိုက်နာဘို့ကောင်းတဲ့ ဒေသနာ ဖြစ်ပါတယ်။သို့အတွက် ၎င်းကလျာဏမိတ္တ-အင်္ဂါ ၇-ပါးကို မှတ်သားထားကြပြီးတော့ မိမိကလဲမိမိမိတ်ဆွေရဲ့အပေါ်မှာ ၎င်းအင်္ဂါနဲ့ညီအောင် ကျင့်ရမယ်။ ၎င်းအင်္ဂါနဲ့ညီညွတ်တဲ့ မိတ်ကောင်းဆွေကောင်းနဲ့သာ မိမိကလဲ ပေါင်းသင်းနေထိုင်ရမယ်။ အဲဒီအကျင့်နဲ့သာ ညီညွတ်ပြည့်စုံကြရင် ပစ္စုပ္ပန် သံသရာနှစ်ဖက်လုံးမှာ အကျိုးယုတ်ဘို့ မရှိကြတော့ဘူးလို့ တထစ်ကျမှတ်ကြပေတော့။

**နောက်ဆုံး** နိဂုံးချုပ် အနေဖြင့် သတိ ပေးလိုသည်မှာ ဩဝါဒပေးသနား ညွှန်ကြားခဲ့တဲ့ အသက်ထက်ဆုံး ကျင့်သုံးလိုက်နာရမဲ့သာရဏီယကထာဩဝါဒဒေသနာတော်ကို လည်တွင်စွဲသုံး ပုလဲကုံးကဲ့သို့ ပြုံးပြုံးရွှင်ရွှင်နဲ့ လိုချင်စိတ်စွဲ အမြဲလိုက်နာပြီးတဲ့နောက် ဘုန်းကြီးများနှင့်တကွ တပည့်

ဒကာ-ဒကာမ အပေါင်းတို့ရဲ့ ကျေးဇူးတော်အရှင် မူလဓမ္မာရုံဆရာတော် ဘုရားကြီး၏ ဆရာ့ဂုဏ်တော်ကို အာရုံပြုကြပြီးတော့ ဆရာသမားရဲ့ဩဝါဒ ဒေသနာတော်ကို နာယူကြကာ လိုက်နာကျင့်ကြံပါတော့မယ် ဆိုတဲ့ ပဋိညာဉ်စကားဖြင့် အပြီးသတ်ကြဦးစို့။

ဝေ ထေရာနုဂတာဝ၊
ဓမ္မာရာမိကဝံသိကာ။
မယံ သိဿာနုသိဿာစ၊
စရာမောဝါဒ တံ ကထံ။

ထေရာနုဂတာဝ၊ ဓမ္မာရုံ ဂိုဏ်းကြီး ကို ဖွဲ့စည်း ရန် ရည်ဆောင်၍ တည်ထောင်တော်မူခဲ့သော ဆရာတော်ဘုရားကြီးကို ကပ်တွယ်ကြည်ညို၍ မှီခိုကာ ပေါက်ပွားခဲ့ကြသည်သာလျှင် ဖြစ်ကုန်ထသော။ ဓမ္မာရာမိကဝံသိကာ၊ ဂဏာသမုဒ္ဒာပက ဂဏာလွှမ်းခြုံ ဓမ္မာရုံဆရာတော်ဘုရားကြီး၏ အဆက်အသွယ် အနွယ်တော်မှ ဆင်းသက်၍ ဖြစ်ထွန်းခဲ့ကြကုန်ထသော။ သိဿာနုသိဿာစ၊ သဒ္ဓိဝိဟာရိက မူလပြည့်တင်း တပည့်ရင်းနှင့် မကင်းဆက်ကြ အနုသိဿလည်းဖြစ်ကုန်ထသော။ မယံ၊ ဩဝါဒကထာ ဒေသနာဖွင့်ထုတ် အကျဉ်းချုပ်နှင့်တကွ ရှိသမျှသောင်းသောင်း ဓမ္မာရုံအဖွဲ့ဝင်အပေါင်းဖြစ်သော ငါတို့သည်။ ဝေ ဧကမိနာ ပကာရေန၊ ဤသို့ ညွှန်ပြ မူလသဏ္ဌာစုံ ဓမ္မာရုံ ဆရာတော်ဘုရားကြီး၏ နိဿယည်းအစဉ် သွန်သင်ခဲ့သော အစီအရင်ဖြင့်။ ကထံ၊ မိန့်ဆိုမြွက်ကြွေး သတိပေး ဟောကြား အပ်သော။ တံဩဝါဒံ၊ သက်ဆုံးတိုင်ကြောင်း မမေ့ကောင်းသည့် စုပေါင်းမိန့်မှာ ထိုသာရဏီယ ဒေသနာကို။ စရာမ၊ လိုက်နာနှစ်မျို့ ကျင့်ကြံကြပါကုန်စို့။ ဝါ၊ ဆရာ့ဂုဏ်တပါး အာရုံထား၍ လေးလေးစားစား လိုက်နာကာ ကျင့်ကြံကြပါကုန်အံ့သတည်း။

**ဓမ္မာရုံ ဩဝါဒဒေသနာ သာရဏီယကထာ ပြီး၏။**

မမ္မကထိကပုဂ္ဂိုလ်တို့၏ မမ္မတာ အတိုင်း တရားဆုံးသော အခါ အဘိဓမ္မာတပ်၍ အပြီး သတ်တော်မူကြ ရန် အောက်ပါ အတိုင်း အကျဉ်းအကျယ်နှစ်မျိုးခွဲခြား၍ ထည့်သွင်း ပေးလိုက်ပေ သည်။ အချိန်ရသည်အားလျော်စွာ အရှည်-အတို နှစ်မျိုးတို့ဖြင့် သင့်သလိုဟောပြောရန် ဖြစ်ပါကြောင်း။

## (၇၀) အဘိဓမ္မာအကျဉ်း ဟောရန်

ဒုက္ခံ တေဘူမကံ ဝဋ္ဋံ၊
တဏှာ သမုဒယော ဘဝေ။
နိရောဓော နာမ နိဗ္ဗာနံ၊
မဂ္ဂေါ လောကုတ္တရော မတော။

မိန့် ဟောသော ဒေသနာတော်နှင့်အညီ တေဘူမက ဝဋ်ဒုက္ခဖြစ် ကျင်လည်စေတတ်သောတရားဟူသမျှတို့သည်ကား ဒုက္ခသစ္စာ ဖြစ်ကုန်၏။ ၎င်းဒုက္ခသစ္စာကို ပိုင်းခြား၍ သိ အောင် ပြုကြပြီးလျှင် တဏှာလောဘ ဟူသမျှသည်ကား ဒုက္ခသစ္စာ၏အကြောင်းဖြစ်သော သမုဒယသစ္စာဖြစ်၏။ ၎င်းသမုဒယသစ္စာ လောဘတဏှာကို ပယ်ခွာစွန့်ပစ်ကြ၍ သမ္မာဒိဋ္ဌိ အစရှိ သော မဂ္ဂင်ရှစ်ပါး မဂ္ဂသစ္စာတရားကို လေး လေး စား စား ပွားများ အားထုတ်ကြပြီးသကာလ နိရောဓသစ္စာဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန် ရွှေပြည်မြတ်သို့ ကေန်မုချ ရကြရ-ရောက်ကြရပါလိုသောဟူ၍ ဆုတောင်း ပတ္ထနာပြုကြကုန်။

## အဘိဓမ္မာတပ် အကျယ်ဟောရန်

ဒုက္ခံ တေဘူမကံ ဝဋ္ဋံ၊
တဏှာ သမုဒယော ဘဝေ။
နိရောဓော နာမ နိဗ္ဗာနံ၊
မဂ္ဂေါ လောကုတ္တရော မတော။

တေဘူမကံ၊ ဘုံသုံးပါး၌ဖြစ်သော။ ဝဋ္ဋံ၊ ဝဋ်တရားသည်။ ဒုက္ခံ၊ ဒုက္ခသစ္စာမည်၏။ တဏှာ၊ လောဘစေတသိက်သည်။ သမုဒယော၊ သမုဒယ သစ္စာသည်။ ဘဝေ၊ ဖြစ်၏။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ နိရောဓော နာမ၊ နိရောဓသစ္စာမည်၏။ လောကုတ္တရော၊ လောကုတ္တရာ ဖြစ် သော။ မဂ္ဂေါ၊ မဂ္ဂင်ရှစ်ပါးကို။ မဂ္ဂေါ၊ မဂ္ဂသစ္စာဟူ၍။ မတော၊ သိအပ်၏။

ဟောခဲ့ပြီးတဲ့ဒေသနာတော်က သုတ္တန်ဒေသနာတော်ဖြစ်ပေတယ်။ အဘိဓမ္မာဒေသနာတော်ဆိုတာက သုတ္တန် ဒေသနာတော် ထက် ထူးကဲ လွန်မြတ် သိမ်မွေ့တဲ့သဘောရှိပါတယ်။ အဲဒီ ထူးကဲသိမ်မွေ့တဲ့ အဘိဓမ္မာ ဒေသနာတော်ကိုလဲ နာယူကြရအောင် နောက်ဆုံး အရဟတ္တဖိုလ်နဲ့ အထွဋ် တင်ပြီး ဆင်ယင်ဟောပြတာကို လေးစားစွာ နာယူကြပေတော့။

ဒုက္ခံတေဘူမကံဝဋ္ဋံ-ဟူ၍ ဟောခဲ့တဲ့ဒေသနာအတိုင်း ဘုံသုံးပါး လုံးမှာ တပြောင်းပြန်ပြန် နိမ့်တုံမြင့်တုံ တက်တုံကျတုံ အဆက်မပြတ် ဒလစပ် ဖြစ်နေတဲ့ လောကီစိတ် ကောသိတိ လောဘကြဉ်တဲ့စေတသိက်ကေပညာသ ရုပ်အဋ္ဌဝီသ-ဆိုဘဲ့ ပရမတ္ထတရား ၎င်းပရမတ္ထတရားများနဲ့စပ်သမျှ သင်္ခါရ တရားမှန်သမျှဟာ ဆင်းရဲခြင်းကေန်အမှန်ဖြစ်သောကြောင့် ဒုက္ခသစ္စာလို့ ခေါ်ဆိုရတယ်။ အဲဒီ ဆင်းရဲခြင်းအစစ်ဖြစ်တဲ့ ဒုက္ခသစ္စာ တရားများကို အဘန်ဘန်ဆင်ခြင်ပြီးတော့ ဒုက္ခမှန်းသိအောင် ပြုလုပ်ကြပြီး သကာလ ၎င်းဒုက္ခသစ္စာဖြစ်ခြင်း၏အကြောင်းကို ရှာကြရမယ်။

တဏှာ သမုဒယော ဘဝေ-ဆိုတဲ့ ဒေသနာတော် အရ လောဘ တဏှာဟာ သမုဒယသစ္စာခေါ်တယ်။ အဲဒီသမုဒယတဏှာ လောဘဆိုတဲ့ တရားဟာ ဒုက္ခသစ္စာဖြစ်ခြင်း၏ အကြောင်းရင်းဘဲ။ ဤကဲ့သို့ ဒုက္ခ၏ အကြောင်းရင်းကိုသိတော့ ဒုက္ခဖြစ်ခြင်း၏အကြောင်းရင်းဖြစ်တဲ့ သမုဒယ သစ္စာ လောဘတဏှာကို ပယ်ခွာစွန့်ပစ်ရမယ်။

နိရောဓေါနာမ နိဗ္ဗာနံ-ဆိုဘဲ့ဒေသနာအတိုင်း ဒုက္ခ သမုဒယတရား တို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်တရားတော်ဟာ နိရောဓသစ္စာခေါ်တယ်။ဒုက္ခ၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်ကို သိပြီးတဲ့နောက် နိဗ္ဗာန်ရောက်ဘို့ရာ အကြောင်း တရားကို ရှာကြရမယ်။

မဂ္ဂေါ လောကုတ္တရော မတော-ဟူသော ဒေသနာတော်အရ သမ္မာ ဒိဋ္ဌိ၊သမ္မာသင်္ကပ္ပ၊သမ္မာဝါစာ၊သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊သမ္မာဝါယာမ၊ သမ္မာသတိ၊သမ္မာသမာဓိ၊ဆိုတဲ့ လောကုတ္တရာတရား မဂ္ဂင်ရှစ်ပါးဟာ မဂ္ဂ သစ္စာဖြစ်တယ်။ အဲဒီမဂ္ဂင်ရှစ်ပါးဆိုတာဟာ နိဗ္ဗာန်ရဘို့ရာ အကြောင်း တရားအစစ် ဖြစ်ပေတယ်။

ထို့ကြောင့် ဒုက္ခသစ္စာ ထိုအရာကို မှန်စွာသိအောင် သတိဆောင်ကြပြီးလျှင် ဒုက္ခ၏အကြောင်းဓမ္မ သမုဒယတဏှာတပါးကို ပယ်ရှားစွန့်ပစ်ကြပြီးတဲ့နောက် သမ္မာဒိဋ္ဌိအစရှိတဲ့ ဤသည့်တရား မဂ္ဂင်ရှစ်ပါးကို ပွားများအားထုတ် မယုတ်အောင်ပြုလုပ်ကြပြီး သကာလ သန္တိသုခ အသင်္ခတအစစ် ဓမ္မရာဇ်ဟောပြတဲ့ နိရောဓသစ္စာ အမတာအောင်ခန်း နိဗ္ဗာန်နန်းအရောက် မျက်မှောက်ပြုရပါလိုသောဟူ၍ ဆုတောင်းပတ္ထနာပြုကြကုန်။

**အဘိဓမ္မာ တစ်၍အပြီးသတ်ရန်ပြီးပြီ။**

---

## (၇၁) တရားသင်္ဂြိုဟ်ကျမ်း နောက်ဆက်တွဲ

တရားသင်္ဂြိုဟ်ကျမ်း၏ နောက်ဆက်တွဲအဖြစ်ဖြင့် ယထာရဟကာလ ဒေသ အားလျော်စွာ သတိ သံဝေဂ ရဘွယ် ငြိမ်းအေးဘွယ် ဖြစ်စေတတ်သော ဗုဒ္ဓဒေသနာတော်အနည်းငယ်ကို ဝါစသိလို၍ သုခုစ္စာရဏ ဖြစ်စေရန် သာယာကြည်နူး အထူးရွတ်ဆိုလွယ်သော အတ္ထယောဇနာများဖြင့် စီစဉ်၍ထည့်သွင်းဖော်ပြလိုက်ပါသည်။

(၁) အနိစ္စာ ဝတ သင်္ခါရာ၊
ဥပ္ပါဒဝယ ဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊
တေသံ ဝူပသမော သုခေါ။

သင်္ခါရာ၊ လေးဝသမုဋ္ဌာန် စီမံဖန်တီး ရင့်ရော်ကြီးသည့် အနည်းနည်း အဝဝ သင်္ခါရဓမ္မဟူသမျှတို့သည်။ အနိစ္စာဝတ၊ ဘယ်ပုံဘယ်နဲ့ တည်အောင်ဆွဲလည်း မမြဲကေန် ပျက်စီးရမည်ကား အမှန်ဖြစ်ကုန်စွတကား။ ဥပ္ပါဒဝယ ဓမ္မိနော၊ ဥပါဒ်မကင်း ဇာတိရင်းကြောင့် လက်ငင်းအမှန် ဧကန်ပင် ပျက်စီးခြင်းသဘောသာရှိကုန်၏။ ဥပ္ပဇ္ဇိတွာ၊အနည်းနည်းအဝဝ ဖြစ်ပေါ်ကြကုန်ပြီး၍။ နိရုဇ္ဈန္တိ၊ တနေ့တသီး ရင့်ရော်ကြီး၍ ပျက်စီးချုပ်ငြိမ်းကြရလေကုန်၏။ တေသံ၊စတုဇမျိုး စိုက်ချုပျိုးကြောင့် ဖွံ့ဖြိုးလာကြထို သင်္ခါရ ဓမ္မတို့၏။ ဝူပသမော၊ ငြိမ်းအေးရာအမှန် ပြည်နိဗ္ဗာန်သည်။ သုခေါ၊ ပူပင်လွတ်ရှင်း တောင့်တကင်း၍ သန့်သန့်ရှင်းရှင်းကြီး ချမ်းသာလှပါပေ၏။

(၂) သာယမေကော နဒိဿန္တိ၊
ပါတော ဒိဋ္ဌာ ဗဟူဇနာ။
ပါတော ဧကေ နဒိဿန္တိ၊
သာယံ ဒိဋ္ဌာ ဗဟူဇနာ။

ပါတော၊ ဥဒည်တောင်ယံ ဒေါင်းရွှေဖလင်၏ ဆောင်လျှံတက်ကြွ နံနက်ကာလ၌။ ဗဟူဇနာ၊ မိမယ်အရင်း ဆွေစုံကျင်း၍ သင်းပင်းထိုထို များလူဗိုလ်တို့ကို။ ဒိဋ္ဌာ၊ ပျော်ပျော်ပါးပါး သက်ရှင်သားနှင့် ထင်ရှားစွာ တွေ့မြင်ရကုန်သေး၏။ သာယံ၊အတ္ထတောင့်စွယ် နေရောင်ပြယ်၍ ညိုးကွယ် မတောက် ညချမ်းသို့ရောက်သောအခါ၌။ဧကေ၊နံနက်ကလူ အချို့သူတို့ကို။ နဒိဿန္တိ၊ သေမင်းယူငင် သွားသည့်အင်ကြောင့် မမြင်လုံးလုံး ပျောက် ပျက်ကာ ဆုံးကြရကုန်ပြီ။ သာယံ၊ သော်တာစက်နန်း ရောင်ရှိန်ပြွမ်းသည့် ညချမ်းအခါ၌။ ဗဟူဇနာ၊ ဆွေစုံတသင်း ညာတိချင်းနှင့် နှီးရင်းတသွယ် အထွေထွေသော သားသမီးငယ်တို့ကို။ ဒိဋ္ဌာ၊မကွယ်မပျောက် မျက်မှောက် ရှေ့တွင် ထင်ထင်ကြီးမြင်ရကုန်သေး၏။ ပါတော၊ ချိန်ခါရွှေဆင်း ရောင်စုံ ကျင်း၍ နံနက်လင်းသောအခါ၌။ ဧကေ၊ ညကမြင်သူ အချို့သူတို့ကို။ နဒိဿန္တိ၊သေမင်းယူငင် သွားသည့် အင်ကြောင့် မမြင်လုံးလုံး ပျောက်ပျက် ကာ ဆုံးကြရကုန်ပြီ။

(၃) အဇ္ဇေဝ ကိစ္စံ အာတပ္ပံ၊
ကော ဇညာ မရဏံ သုဝေ။
နဟိ နော သင်္ဂရံ တေန၊
မဟာသေနေန မစ္စုနာ။

အဇ္ဇေဝ၊ ရက်ချိန်းမပေး ချိန်မရွေးဘဲ မနေ့းဆောစွာ ယနေ့ သာလျှင်။ အာတပ္ပံ၊ခပ်သိမ်းကိလေ ပူပန်စေသည့် စိတ်နေထူးမြတ် ဝီရိယ ဓာတ်ကို။ ကိစ္စံ·ကာတဗ္ဗံ၊ အာရုံစူးစိုက် ပြုလုပ်ထိုက်ပါပေ၏။သုဝေ၊ ယနေ့ ကို‌ရှေ့ နက်ဖြန့်နေ့၌။မရဏံ၊သေရမည့်ရေး မရဏဘေးကို။ ကော၊ ဘယ်သို့ မြင်သိ ပညာရှိသည်။ ဇညာ၊ မချွတ်မယိုင် ဉာဏ်မကျိုင်ဖြင့် ဘယ်မှာလျှင် ပိုင်ပိုင်ကြီးသိနိုင်ရာအံ့နည်း။ မဟာသေနေန၊ ၉၆-တန် ဝန်းရံခြောင်း စစ်သည်အပေါင်းလည်းရှိထသော။ တေနမစ္စုနာ၊ဗိုလ်ပါစစ်ခင်း အားမာန် တင်းသည့် ထိုရှင်သေမင်းနှင့်။ သင်္ဂရံ၊ ကိန်းသေပြောလျက် ချိန်းအချက်

သည်။ နဟိအတ္ထိ၊ ဘယ်လိုဂုဏ်အား ရှိပေငြားလည်း လားလားမနိုင် စိုးမပိုင်သဖြင့် ကန့်သတ်ရက်မရှိနိုင်တော့သည်သာလျှင်တည်း။

(၄) ယထာ ဒဏ္ဍေန ဂေါပါလော၊
ဂါဝေါ ပါဇေတိ ဂေါစရံ။
ဧဝံ ဇရာစ မစ္စုစ၊
အာယုံ ပါဇေန္တိ ပါဏိနံ။

ဂေါပါလော၊ ထိန်းရန်ခန့်ထား နွားကျောင်းသားသည်။ ဒဏ္ဍေန၊ မောင်းနှင်ဘို့ရန် တုတ်လုံတန်ဖြင့်။ ဂါဝေါ၊ ကြီးငယ်သောင်းသောင်း နွားအပေါင်းတို့ကို။ ဂေါစရံ၊ စားဘွယ်အတွက် နွားစားကျက်သို့။ ပါဇေတိ ယထာ၊ ချောက်လှန့်တွင်တွင် မောင်းနှင်ဘိသကဲ့သို့။ ဧဝံ၊ ဤနည်းထားယူ အလားတူသာလျှင်။ ဇရာစ၊ မျက်စိသီခြင်း နားထိုင်းခြင်းနှင့် ခါးကိုင်းဆံဖြူ မှုယှုပျက်ပြား အိုခြင်းဇရာ တရားသည်၎င်း။ မစ္စုစ၊ ဆွဲဆောင်ဇွတ်တင်း အပိုင်နင်းသည့် သေခြင်းမရဏ တရားသည်၎င်း။ ပါဏိနံ၊ ဝဋ္ဋဘဝတွင်း မကင်းကြရာ သတ္တဝါတို့၏။ အာယုံ၊ အသက်ကို။ ပါဇေန္တိ၊ နည်းစုံကျန ဘယ်လိုပြုလည်း မရအတွင် ရှေ့သို့တင်၍ မောင်းနှင်ပို့ဆောင် ကြလေကုန် တော့သတည်း။

(၅) စောဒိတာ ဒေဝဒူတေဟိ၊
ယေ ပမဇ္ဇန္တိ မာနဝါ။
တေ ဒီဃရတ္တံ သောစန္တိ၊
ဟီနကာယူပဂါ နရာ။

ဒေဝဒူတေဟိ၊ သူအိုသူနာ သူငယ်သူသေ အကျဉ်းသားဟူသော ထင်ထင်ရှားရှား နတ်တမန်ငါးပါးတို့သည်။ စောဒိတာ၊ ပြောဆိုပြည့်နှင်း တိုက်တွန်း နှိုးဆော်အပ်ပါကုန်လျက်။ မာနဝါ၊ ယစ်မူးထောင်လွှား မော်ကြွားသောမာနရှိကုန်သော။ ယေနရာ၊ အကြင်သူတို့သည်၊ ပမဇ္ဇန္တိ၊ မသိလေယောင် ဟန်ပန်ဆောင်လျက် သွေ့ရှောင်ပျော်မွေ့ အမေ့ကြီးမေ့၍ နေကြလေကုန်၏။ တေနရာ၊ သတိမရ မေ့လျော့ကြသော ထိုသူတို့သည်။ ဟီနကာယူပဂါ၊ ယုတ်ညံ့သူများ အမှန်လားသည့် လေးပါးအပါယ်ဘုံ ခိုလှုံကပ်ရောက်ရ ကုန်သည်ဖြစ်၍။ ဒီဃရတ္တံ၊ ခံစားကြရာ ရှည်စွာသော ညဉ့်တို့ပတ်လုံး။ သောစန္တိ၊ များစွာပူဆွေး ငိုကြွေး စိုးရိမ်ကြရကုန်၏။

(၆) ကိစ္စော မနုဿပဋိလာဘော၊
ကိစ္ဆံ မစ္စာန ဇီဝိတံ။
ကိစ္ဆံ သဒ္ဓမ္မသဝနံ၊
ကိစ္ဆော ဗုဒ္ဓါန မုပ္ပါဒေါ။

မနုဿပဋိလာဘော၊ သုဂတိဌာန ဘုံဘဝစစ် လူအဖြစ်ကို ရခြင်းသည်။ ကိစ္ဆော၊ ငြိုငြင်ဆင်းရဲ ရခဲလှပေ၏။ မစ္စာနံ၊ သတ္တဝါတို့၏။ ဇီဝိတံ၊ ဝိညာဉ်ခေါ်ကြ ဇီဝိတနှင့် ထိုမှတချက် ရုပ်အသက်သည်။ ကိစ္ဆံ၊ တွေ့ခဲကြုံခဲ ရခဲလှပေ၏။ သဒ္ဓမ္မသဝနံ၊ သူတော်ကောင်းတို့၏တရားကို ကြားနာရခြင်းသည်။ ကိစ္ဆံ၊ တွေ့ခဲကြုံခဲ အလွန်ရခဲလှပေ၏။ ဗုဒ္ဓါနံ၊ သဗ္ဗညုတွင် ဘုရားရှင်တို့၏။ ဥပ္ပါဒေါ၊ ဇမ္ဗူတောင်ကျွန်း မြေတဝှန်း၌ ဖြစ်ထွန်းပေါ်ပေါက်တော် မူလာရခြင်းသည်။ ကိစ္ဆော၊ တခါတရံ ပွင့်ပေါ်ဟန်ကြောင့် ကေန်မလွဲ အလွန့်အလွန်ရခဲသောသဘော ရှိပေစွတကား။

(၇) ဇရာယ ပရိမဒ္ဒိတံ၊
မိလာတ စမ္မနိဿိတံ၊
မရဏေ ဘိဇ္ဇတိ တော၊
မစ္စုဿ ဃာသမာမိသံ။

(၈) ကိမိနံ အာလယံ တော၊
နာနာကုဏပပူရိတံ။
အသုစိဘာဇနံ တော၊
ကဒလိခန္ဓသမံ ဣဒံ။

တော၊ ခြင်းရုပ်သဏ္ဌာန် သရွတ်ကြံ၍ ပြုစီမံငြား ကဲ့အလားသို့ နှစ်ပါးသော ရုပ်နာမ်ဓမ္မတို့၏ အပေါင်းမျှသာဖြစ်သော ဤငါ၏ခန္ဓာကိုယ်ကို။ ဇရာယ၊ မျက်စိသိခြင်း နားထိုင်းခြင်းနှင့် ခါးကိုင်းဆံဖြူ မူယူပျက်ပြား အိုမင်းရခြင်း ဇရာတရားသည်။ ပရိမဒ္ဒိတံ၊ နုနယ်ကြမ်းထမ်း အခန်းခန်းဖြင့် ညှဥ်းပန်းအထပ်ထပ် နှိပ်စက်အပ်ချေ၏။ တော၊ တနေ့တခြား ပျက်ပြားယွင်းယို ဤငါ၏ကိုယ်သည်။ မိလာတစမ္မနိဿိတံ၊ ဝတ်စားမျိုးအဖုံဖုံ ပန်းနံ့သာအစုံစုံတို့ဖြင့် နေ့မကုန်ပြုပြင်မွမ်းသော်လည်း ပွင့်လန်းစရာ ဖယ်ရှား၍ ညှိုးနွမ်းသော အရေအသားကိုသာ မှီရချေ၏။ တော၊ မခိုင်မြဲကြ ပျက်စီးရမည့် မဆွမှန်စွာ ငါ့ခန္ဓာသည်။ မရဏေ၊ မရဏမင်း သူ့ခံတွင်း၌။

ဘိဇ္ဇတိ၊ လက်ခတ်မြေတီး ပမာမှီးတော့ ပျက်စီးရမည်အမှန်ကေန်ပင်ဖြစ်ရပေလိမ့်သတည်း။ တော်၊ ဝဋ္ဋဘဝကုံး မကုန်ဆုံးသမျှ ဖြစ်ပေါ်ခဲ့ရသော ဤငါ၏ ခန္ဓာကိုယ်သည်။ မစ္စုသာ၊ ကရုဏာလွတ်ကင်း ရှင်သေမင်း၏။ ဃာသမာမိသံ၊ပျော်ပျော်ရှင်ပြုံး ပွဲတော်သုံးဘို့ တန္ဒုန်းကြံရွယ် စားသောက်ဘွယ် အစာနှင့်လည်းတူလှပါပေ၏။

တော်၊ ရိုးရေကြောမ ပေါင်းစုကြ၍ အတ္တသညာ ငါ့ခန္ဓာသည်။ ကိမိနံ၊ သချာတွက်ရိုး ရှစ်ဆယ်သောပိုးမျိုးတို့၏။ အာလယံ၊ တူစုံမောင်နှံ ပျော်ပျော်စံဘို့ ဗိမာန်အလား ခမ်းနားသော နေအိမ်ကြီးနှင့်လည်း တူချေ၏။ တော်၊နှစ်သက်ဖွယ်ယောင် ဟန်ဆောင်မှုပြု ငါ့ကာယသည်။ နာနာကုဏပပူရိတံ၊ အနိဋ္ဌာရုံ ညှနံ့ပေါင်းစုံ၍ လှိုင်ထုံနံ့သိုး အပုပ်အမျိုးမျိုးတို့ဖြင့် ပြည့်ပေ၏။ တော်၊ ပြင်သဏ္ဌာန်ရုပ် အသွင် လုပ်လည်း အယုတ် မှန်စွာ ငါ့ခန္ဓာသည်။ အသုစိဘာဇနံ၊ ရွံရှာဘွယ်အသွင်ဆိုးသည့် မစင်အိုးနှင့်လည်း တူလှပါပေ၏။ ဠာဒံ၊ အသက်ဝိညာဉ် ရှိစဉ်ခဏ အသုံးချ၍ တဘဝစံဝင် စွန့်ကြဉ်ပယ်ထား အကာသားမျှသာဖြစ်သော ဤ ငါ၏ ခန္ဓာကိုယ်သည်။ ကဒလိခန္ဓသမံ၊ အနှစ်မမြင် သုံးမဝင်သဖြင့် အဆုံးတွင် ဖြစ်ပုံရှုံးရသည့် ငှက်ပျောတုံးနှင့်သာ တူရချေ၏။

(၉) ယထာပိ ကုမ္ဘကာရဿ၊
ကတာ မတ္တိကဘာဇနာ။
သဗ္ဗေ ဘေဒန ပရိယန္တာ၊
ဧဝံ မစ္စာန ဇီဝိတံ။

ကုမ္ဘကာရဿ၊ အိုးလုပ်ငန်းတွင် လွန်ကျွမ်းကျင်၍ ပြုပြင်လုပ်စားအိုးထိန်းသမားသည်။ ကတာ၊ မြေနှင့်တမျိုး စဉ့်အိုးတသွယ် ကြီးငယ်ရိုက်ခတ် ပြုလုပ်အပ်ကုန်သော။ သဗ္ဗေ၊ ပြုသမျှပြီးစီး အလုံးစုံလည်း ဖြစ်ကုန်သော။ မတ္တိကဘာဇနာ၊ မြေအိုး-မြေညက် မြေ ခွက် ဟူ သ မျှ တို့ သည်။ ဘေဒနပရိယန္တာ၊ ဘယ်လိုပင်ထု ခိုင်အောင်ပြုလည်း တခုမကြွင်း ကွဲပျက်ရခြင်းအဆုံးရှိကုန်သည်။ ယော‌န္တိယထာ၊ ဖြစ်ကုန်သကဲ့သို့။ ဧဝံတထာ၊ ပမာမလွဲ တပုံတဲသာလျှင်။ မစ္စာနံ၊ သတ္တဝါတို့၏။ ဇီဝိတံ၊ အိုးသို့ပုံသွင် ဝိညာဉ်ခေါ်ကြ သက်ဇီဝသည်။ ဘေဒနပရိယန္တံ၊ ဘယ်လိုကုထုံး လုံ့လသုံးလည်း နောက်ဆုံးတွင်အပြီး ပျက်စီးရခြင်းသာ အဆုံးရှိချေ၏။

(၁၀) ဒဟာရာစ မဟန္တာစ၊
ယေ ဗာလာ ယေစ ပဏ္ဍိတာ။
သဗ္ဗေ မစ္စုဝသံ ယန္တိ၊
သဗ္ဗေ မစ္စုပရာယဏာ။

ဒဟာရာ၊မရောက်အရွယ် နုငယ်သေးကွေး ကလေးမျှသာ ဖြစ်ကုန်သော။ ယေစ၊အကြင်သူတို့သည်ရင်း။ မဟန္တာ၊ နှစ်လရှည်ပြီး အသက်အရွယ် ကြီးကြကုန်သော။ ယေစ၊ အကြင် သူ တို့ သည် ရင်း။ ဗာလာ၊ အလိမ္မာတုံး လူမသုံးသည့် အမိုက်တုံးဖြစ်ကြကုန်သော။ ယေစ၊ အကြင်သူတို့သည်ရင်း။ ပဏ္ဍိတာ၊ အလိမ္မာဉာဏ် ရင့်သန်မြတ်ဘိ ပညာရှိဖြစ်ကုန်သော။ ယေစ၊ အကြင်သူတို့သည်ရင်း။ သဗ္ဗေ၊ကြီးငယ်မဟူ မိုက်သူဉာဏ်ရှိ ပဏ္ဍိမဟေ အထွေထွေ ဖြစ်ကုန်သော။ တေ၊ ထိုသူတို့သည်။ မစ္စုဝသံ၊ သေမင်းနိုင်ငံ သူ့အထံသို့။ယန္တိ၊ လိုက်ကြရကုန်၏။ သဗ္ဗေ၊ယုတ်အလတ်နှင့် အမြတ်မဟူ ဆူဆူသောင်းသောင်း သတ္တဝါအပေါင်းတို့သည်။ မစ္စုပရာယဏာ၊ သေရခြင်းသာ လဲလျောင်းရာရှိကုန်၏။ ဝါ၊ ဘယ်လိုရှောင်ကွင်း ဘယ်လိုငြဝ်းလည်း သေခြင်းသာနောက်ဆုံး တွေ့ရလိမ့်မည်တကား။

**တရားသဘြိုဟ်ကျမ်းနောက်ဆက်တွဲ ပြီးပြီ။**

## (၇၂) ရေစက်ချစာတမ်း

ဘန္တေ၊ အရှင်ဘုရား။ မယံအကျွန်ုပ်တို့သည်။ သံသရဝဋ္ဋဒုက္ခတော၊ သံသရာတည်းဟူသောဝဋ်ဆင်းရဲမှ။မောစနတ္ထာယစ၊ထွက်မြောက်ပါရခြင်း အကျိုး ငှာ ရင်း။ မဂ္ဂဖလ နိဗ္ဗာန သစ္ဆိ ကရဏတ္ထာယစ၊ မဂ်ဖိုလ် နိဗ္ဗာန်ကို မျက်မှောက် ပြုပါရခြင်းအကျိုးငှာရင်း။ ကမ္မဋ္ဌကံကိုရင်း။ ကမ္မဝိပါကဋ္ဌ ကံ၏အကျိုးကိုရင်း။ ရတနတ္တယဂုဏဥ္စ၊ ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူး ကိုရင်း။ သဒ္ဒဟိတွာ၊ ယုံကြည်ပါကုန်သည်ဖြစ်၍။ တိသရဏေန၊ သရဏဂုံ သုံးပါးနှင့်။ သဟ၊ တကွ။....

ပဥ္စသီလံ၊ ငါးပါးသောသီလတော်မြတ်ကို။

အဋ္ဌင်္ဂသမန္နာဂတံ၊ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော။ ဥပေါသထသီလံ၊ ဥပုသ်သီလတော်မြတ်ကို။

(လျှော်ရာကိုဆိုပါ)

သမာဒိယိတွာ၊ ကောင်းစွာခံယူဆောက်တည်ပြီး၍။ ဣမံဒါနဝတ္ထုံ၊ ဤဆွမ်းစသော ဒါနဝတ္ထုကို။

(ဤသင်္ကန်းကို၊)

(ဤထီးကို၊)

(ဤဘိနပ်ကို၊)

(ဤမျက်နှာသုတ်ပုဝါကို၊)

(ဤအိပ်ယာခင်းကို၊)

(ဤခြင်ထောင်ကို၊)

(ဤစောင်ကို၊)

(ဤနေရာ၌ လှူဒါန်းသော ဒါနဝတ္ထု-ဘာကို မဆို အမည် တပ်၍ သုံးသပ်မြွက်ဆိုပါလေ။)

ဗုဒ္ဓဿ၊မြတ်စွာဘုရားအား။

ဓမ္မဿ၊တရားတော်အား။

သံဃဿ၊သံဃာတော်အရှင်မြတ်အား။(သံဃာအတွက်)

အာယသ္မန္တာနံ၊အရှင်ဘုရားတို့အား။(ဂိုဏ်းအတွက်)

အာယသ္မတော၊အရှင်ဘုရားအား။(ပုဂ္ဂိုလ်အတွက်)

(လျှော်ရာကိုမြွက်ဆိုပါ)

သက္ကစ္စံ၊ ရှိသေစွာ။ သဟတ္ထာ၊ ကိုယ်ထိလက်ရောက် သာဟတ္ထိက မြောက်အောင်။ ဒေမ၊ သဒ္ဓါကြည်ဖြူ ပေးလှူဆက်ကပ်ပါကုန်၏။

(အသုဘကိစ္စဖြစ်လျှင် အောက်ပါအတိုင်း ဆက်၍ဆိုပါ)

ကာလက်တံ၊ ဘဝ တပါး သို့ ရွှေ့လျော ပြောင်း သွား သော (နာမည်ထည့်ပါ) ကို။ ဥဒ္ဒိဿ၊ ရည်မှတ်၍။ ဒေမ၊ ဆက် ကပ် လှူဒါန်းပါကုန်၏။

ဘန္တေ၊အရှင်ဘုရား။ ဣမိနာပုညကမ္မေန၊ ဤကောင်းမှုကံ စေတနာကြောင့်။ မယံ၊ အကျွန်ုပ်တို့သည်။ အဇာတိံ၊ ပဋိသန္ဓေနေခြင်းမရှိသော။ အဇရံ၊ မအိုရာဖြစ်သော။ အဗျာဓိံ၊ နာခြင်းမရှိသော။ အမတံ၊ သေခြင်းကင်းသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ရွှေပြည် မြတ်သို့။ သုခပ္ပဋိပဒါယ၊ မငြိုမငြင် မပင်မပန်း ချမ်းသာသော သုခပဋိပဒါအကျင့်ဖြင့်။ ခိပ္ပံ၊လျင်မြန်စွာ။ ပါပုဏေယျာမ၊ ရောက်ရပါလိုကုန်၏။

ယာဝနိဗ္ဗာနပုရံ၊ နိဗ္ဗာန်ရွှေပြည်မြတ်သို့ ရောက်ရသည်တိုင်အောင်။ တွေ့နွှရေပိ၊ ဤအတွင်း၌လည်း။ စတူဟိအပါယေဟိစ၊ လေးပါးသော အပါယ်တို့မှရင်း။ စတူဟိဝိပ္ပတ္တိဟိစ၊ လေးပါးသောဝိပ္ပတ္တိတို့မှရင်း။ အဋ္ဌဟိ အက္ခဏေဟိစ၊ ရှစ်ပါးသော အက္ခဏတို့မှရင်း။ ဝိပ္ပမုတ္တာ၊ မတွေ့မကြုံ လွတ်မြောက်ရကုန်သည်။ ဘဝေယျာမ၊ ဖြစ်ရပါလိုကုန်၏။

ဇာတိဇာတိသုပိ၊ ဖြစ် တိုင်း ဖြစ် တိုင်း သော ဘဝ တို့ ၌ လည်း။ ဥစ္စကုလေသုယေဝ၊ မြင့် မြတ် သော အမျိုး တို့၌ သာ လျှင်။ ရတနတ္တယ မာမကာ၊ ရတနာသုံးပါးကို ယုံကြည်မြတ်နိုးကုန်သည်ဖြစ်၍။ ဇဝန တိက္ခ ဂမ္ဘီရ ပဋ္ဌာတ ဟာသ ပညဝန္တာ၊ လျင်သောပညာ, ထက်သောပညာ, နက်နဲသောပညာ, ထွန်းတောက်ပသောပညာ, ရွှင်သောပညာနှင့် ပြည်စုံကုန်သည်ဖြစ်၍။ ဒိဋ္ဌုဇုပညာ၊ ဖြောင့်မတ်သော အယူပညာရှိကုန်သော။ သပရဟိတစရာ၊ မိမိအကျိုး-သူအပါး အကျိုးကို ကျင့်ဆောင် တတ်ကုန်သော။ ဒီဃာယုကာ၊ ရှည်သောအသက်ရှိကုန်သော။ အရောဂါ၊ အနာရောဂါကင်းကုန်သော။ ဘောဂဝန္တာ၊ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံကုန်သော။ တိဟေတုကပဋိသန္ဓိကာ၊ တိဟိတ်ပဋိသန္ဓေ စွဲလမ်း နေကုန်သော။ မဟာပုရိသာ၊ ယောကျ်ားမြတ်တို့သည်။ ဘဝေယျာမ၊ ဖြစ်ရပါလိုကုန်၏။

ဣန္ဒပုညဘာဂဥ္စ၊ ဤကောင်းမှု ကုသိုလ်အဖို့ကိုလည်း။ ဂုဏဝိသိဋ္ဌ တရာနံ၊ ဂုဏ်ကျေးဇူး အထူးကြီးမြင့်ကြကုန်သော။ မာတာပိတူနဥ္စ၊ မိခင်-ဖခင် ကျေးဇူးရှင်တို့အားရင်း။ အာစရိယာနဥ္စ၊ ဆရာသခင် ကျေးဇူးရှင်တို့အားရင်း။ ဣမသ္မိံ ဂေဟေ၊ ဤအိမ်၌။ ဣမသ္မိံ မဂ္ဂေ၊ ဤလမ်း၌။ ဣမသ္မိံ ပဒေသေ၊ ဤရပ်ကွက်၌။ ဣမသ္မိံ နဂရေ၊ ဤမြို့၌။ အာရက္ခ ဒေဝတာနဥ္စ၊ စောင့်ရှောက်ကုန်သော နတ်အပေါင်းတို့အားရင်း။ သဗ္ဗ ဒေဝတာနဥ္စ၊ သိကြား-ဗြဟ္မာ-စတုမဟာနှင့် များစွာအနန္တ ရှိသမျှသောင်းသောင်း နတ်အပေါင်းတို့အားရင်း။ ယမရာဇဿစ၊ ငရဲသနင်း ယမမင်း အားရင်း။ ကေတိံသဘဝေ၊ သုံးဆယ့်တစ်ဘုံ၌။ စရန္တာနံ၊ ကျက်စား သွားလာကြကုန်သော။ သဗ္ဗသတ္တာနဥ္စ၊ ခပ်သိမ်းသော သုခိတ-ဒုက္ခိတ သတ္တဝါအပေါင်းတို့အားရင်း။ ဘာဇေမ၊ အမျှပေးဝေပါကုန်၏။

(အသုဘကိစ္စဖြစ်လျှင် အောက်ပါအတိုင်း ထည့်ဆိုပါ)

ကာလင်္ကတဿာပိ၊ ဘဝတပါး ပြောင်းသွားကွင်းကွေ စုတေလေ သော(အမည်ထည့်)အားရင်း။ ဘာဇေမ၊ အမျှပေးဝေပါကုန်၏။

တေတေသတ္တာ၊ ထိုထိုဆိုအပ်ခဲ့ပြီးသောသတ္တဝါအပေါင်းတို့သည်။ အမှေဟိ၊ အကျွန်ုပ်တို့နှင့်။ သမံ၊ ညီတူညီမျှ။ ပုညဘာဂံ၊ ကောင်းမှုကုသိုလ်၏ အဖို့ကို။ လဘန္တု၊ ရပါစေကုန်သတည်း။ အနုမောဒန္တု၊ ဝမ်းမြောက် ဝမ်းသာ သာဓု အနုမောဒနာ ပြုနိုင်ကြပါစေကုန် သတည်း။ အယံမဟီ၊ နှစ်သိန်းလေးလီ ဤမဟာပထဝီမြေကြီးသည်။ အမှာကံ၊ အကျွန်ုပ်တို့၏။ သက္ခိ၊ သက်သေသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

ရေစက်ချစာတမ်း ပြီး၏။

## (၇၃) နိဂမကထာ

သတ္တတိတျေကေ ဝဿေယံ၊
သမတ္တော ဓမ္မသင်္ဂဟော။
ဘဝတု ဥစ္စိနုကာနံ၊
ဝိဒ္ဒါနမ္ပိ မနောဟရော။

သတ္တတိတျေကေဝဿေ၊ တထောင့်သုံးရာသုံးဆယ့်ခုနစ်ခုနှစ်၌။ အယံဓမ္မသင်္ဂဟော၊ အခွင့်ကြုံစွာ ဟောပြောရာ၌ ချိုသာမြွက်ဟ မြတ်ဓမ္မကို သံခေပနည်း ခြုံကာမှီး၍ သိပ်သည်းညွှန်ပြ သဘာဝကြောင့် ဓမ္မသင်္ဂဟခေါ်မှန်း ဤတရားသင်္ဂြိုဟ်ကျမ်းသည်။ သမတ္တော၊ အန္တရာယ်မနှောက် ဘေးမရောက်ဘဲ ပြီးမြောက်အောင်မြင်ခဲ့လေပြီ။ ဝါ၊သမတ္တော၊ အန္တရာယ်ကင်းပျောက် အပြီးသို့ရောက်ခဲ့သော။ အယံဓမ္မသင်္ဂဟော၊အကျဉ်းနည်းပြ ဤဓမ္မသင်္ဂဟကျမ်းသည်။ဥစ္စိနုကာနံ၊ယထာဘူတ သဘာဝဖြင့် ကျနတန်တန် အဘန်ဘန်ရွေး စစ်ဆေးပုံပြင် တတ်ကုန်သော။ ဝိဒ္ဒါနမ္ပိ၊ ယုတ္တိသဘာဝ အာဂမနှင့် ညာဏဖြူစင် ပညာရှင်တို့၏လည်း။ မနောဟရော၊ စိတ်နှလုံးကို ရွှင်ပြုံးစေလျက် နှစ်သက်ကြည်ဖြူ လက်ခံယူသည်။ ဘဝတု၊ ဖြစ်ပါစေသတည်း။

**ဓမ္မသင်္ဂဟခေါ် တရားသင်္ဂြိုဟ်ကျမ်း**
**ဤတွင်ပြီး၏။**

# (၇၄) အက္ခရာဝလိ ကျမ်းညွှန်းကဏ္ဍ

**သတိပြုဘွယ်။**

အောက်၌ အက္ခရာဝလိဖြင့် ညွှန်ပြထားသော ကျမ်းများသည်ကား များသောအားဖြင့် ဆဋ္ဌမူ-ပါဠိ-အဋ္ဌကထာ-ဋီကာ-ပိဋကတ်တော်များသာ ဖြစ်သည်။ မူကွဲများကို ထူးခြားစွာ ဖော်ပြထားလိမ့်မည်။

( အ )

| | |
|---|---|
| အကနိဋ္ဌေ ဌတ္ဗာ။ | မဟာဝဂ္ဂသံ-ဋ္ဌ-၂၇၁။ |
| အကနိဋ္ဌာနံ ဒေဝါနံ။ | ဓမ္မဟဒယဝိဘင်္ဂပါဠိ-၄၄၀။ |
| အကင္ခံ ဒုက္ကဋံ သေယျော။ | ဓမ္မပဒပါဠိ-၅၈။ |
| အကာလေ ဂရုဘာရ-မှ။ | အဋ္ဌသာလိနီ -ဋ္ဌ- ၁၅၉ - မှိသော ရစနာ ဂါထာ။ |
| အဂ္ဂသ္မိံ ဒါနံ ဒဒတံ။ | ပဉ္စင်္ဂုတ္တရပါဠိ-၃၀။ |
| အဂ္ဂံ အာယုစ ဝဏ္ဏောစ။ | ။ |
| အဂ္ဂိနာဘာသာရ-ဟော့ဌာ။ | ဋီကာကျော်-ဝိထိမုတ္တပရိစ္ဆေဒ။ |
| အစရိတွာ ဗြဟ္မစရိယံ။ | ဓမ္မပဒပါဠိ-၃၆။ |
| အစ္ဆေဝ ကိစ္စံ အာတပ်ံ။ | ဥပရိပဏ္ဏာသပါဠိ-၂၂၈။ |
| အန္တမသော စတုပ္ပဒိကာယ။ | ဓမ္မပဒ-ဋ္ဌ-ဒု-၃၅၂။ |
| အတ္တာနမေ့ ပိယံ။ | ဓမ္မပဒပါဠိ-၃၇။ |
| အတ္တနာ ဒိန္နဒါနဿ။ | ဇာတက-ဋ္ဌ-ဒု-၁၀၂။ |
| အတ္တာဟိ အတ္တနော နာထော။ | ဓမ္မပဒပါဠိ-၃၇။ |
| အတ္တဟိတပ္ပဋိပန္နော။ | စတုက္ကင်္ဂုတ္တရ-ဋ္ဌ-၄၀၈-ကို မှိသော ရစနာ ဂါထာ။ |
| အထအာရာမံဂန္တွာ။ | ဝိနယ မဟာဝါ-ဋ္ဌ-၂၉၁။ |
| အတ္ထိဒိန္နံ အတ္ထိယိဋ္ဌံ။ | ဥပရိပဏ္ဏာသပါဠိ-၇၄။ |
| အတ္ထိဒိန္နန္တိ အာဒိ နယပဝတ္တော။ | သမ္မော-ဋ္ဌ-၃၉၇။ |
| အဒေါသော မိတ္တ သမ္ပတ္တိယာ။ | အဋ္ဌသာလိနီ-ဋ္ဌ-၁၇၂။ |
| အဒ္ဓဏ္ဏဝစနာ ဗုဒ္ဓါ။ | ဗုဒ္ဓဝံသပါဠိ-၃၁၅။ |
| အနုဇာနာမိဘိက္ခဝေ။ | ဝိနည်း မဟာဝဂ္ဂ-ဋ္ဌ-၂၂၃။ |

| | |
|---|---|
| အနိစ္စာဝတသင်္ခါရာ။ | သုတ်မဟာဝါပါဠိ-၁၂၉။ |
| အပ္ပမာဒရတော ဘိက္ခု။ | ဓမ္မပဒပါဠိ-၁၇။ |
| အပ္ပမတ္တကံ ပဏ္ဏမုဋ္ဌိ။ | နိဒါနဝဂ္ဂသံ-ဋ္ဌ-ဒု-၁၈။ |
| အဖာသုဉ္စေဝ။ | ဝိနည်းမဟာဝဂ္ဂပါဠိ-၂၂၃။ |
| အဘိဝါဒနသီလိဿ။ | ဓမ္မပဒပါဠိ-၂၉။ |
| အမှာကံ ဘဂဝါ။ | ပါရာဇိကဏ် ဋ္ဌ-ပ-၁၅၃။ |
| အမောဃောအတ္တသမ္ပတ္တိယာ။ | အဋ္ဌသာလိနီ ဋ္ဌ-၁၇၂။ |
| အမောဃဝစနာ။ | ဗုဒ္ဓဝံသပါဠိ-၃၁၅။ |
| အယံဥပါသကော။ | ဥပရိပဏ္ဏာသ-ဋ္ဌ-၂၃၀။ |
| အယံဟိ ပရိယတ္တိ။ | နိဒါနဝဂ္ဂသံ-ဋ္ဌ-၁၈၇။ |
| အရိယဘာဝံ နိဿာယ။ | ဝိသုဒ္ဓိမဂ်-ဋ္ဌ-ပ-၁၃။ |
| အာရမ္ဘထ နိက္ကမထ။ | သဂါထာဝဂ္ဂသံ-ဋ္ဌ-၁၅၉။ |
| အလမေဝသုမနေ။ | ပဉ္စင်္ဂုတ္တရပါဠိ-၂၈။ |
| အလောဘော ဘောဂသမ္ပတ္တိ။ | အဋ္ဌသာလိနီ-ဋ္ဌ-၁၇၂။ |
| အသာရေ သာရမတိနော။ | ဓမ္မပဒပါဠိ-၁၄။ |
| အန္တမသော စတုပ္ပဒိကာယ။ | ဓမ္မပဒ-ဋ္ဌ-ဒု-၃၅၂။ |
| အတ္တနာဒိန္နဒါနဿ။ | ဇာတက-ဋ္ဌ - ဒု - ၁၀၂ ကို မှီသော ရစနာဂါထာ။ |
| အဇ္ဈတ္တိကံ ဘိက္ခဝေ။ | ဧကင်္ဂုတ္တရပါဠိ-၁၇။ |

( ဣ )

| | |
|---|---|
| ဣဒံ မေ ဒါနံ ဉာတီနံ။ | ခုဒ္ဒကပါဌ-ဋ္ဌ-၁၇၂။ |
| ဣဒံ မေ ဒါနံ အာသဝက္ခယံ။ | နိဒါနဝဂ္ဂသံ-ဋ္ဌ-ဒု-၁၈။ |
| ဣဓ မောဒတိ ပေစ္စ။ | ဓမ္မပဒပါဠိ-၁၅။ |
| ဣဇ္ဈတိ ဘိက္ခဝေ။ | သုတ်ပါထေယျပါဠိ-၂၁၄။ |

( ဥ )

| | |
|---|---|
| ဥတ္တမဂုဏေဟိ သမန္နာဂတံ။ | ဇာတက-ဋ္ဌ-ပ-၁၁၂။ |
| ဥပဓုမိဒံ ဘန္တေ။ | မဟာဝဂ္ဂသံ-ပါဠိ-၂။ |
| ဉာဏသမ္ပတ္တိတိ။ | သမ္မော-ဋ္ဌ-၄၂၁။ |
| ဥပဓိဝိပ္ပတ္တိတိ။ | ။ |

( ဧ )

| | |
|---|---|
| ဧတဒဂ္ဂံ ဘိက္ခဝေ။ | ဒုကင်္ဂုတ္တရပါဠိ-၉၁။ |
| ဧတဒဂ္ဂံဘိက္ခဝေ(ကာတိယာ) | ဧကင်္ဂုတ္တရပါဠိ-၂၈။ |
| ဧတဒဂ္ဂံဘိက္ခဝေ မမသာဝိ။ | သုတ္တနိပါတ-ဋ္ဌ-ပ-၂၀၅။ |
| ဧဝံနိန္ဒာ ပသံသာသု။ | ဓမ္မပဒပါဠိ-၂၅။ |
| ဧဝံ ဒိဝသေ ဒိဝသေ။ | ဇာတက-ဋ္ဌ-ပ-၂၄၃။ |
| ဧဝံမေတံ သုမနေ။ | ပဉ္စင်္ဂုတ္တရပါဠိ-၃၈။ |
| ဧဝံ အနိစ္စတာ သော။ | မဟာဝင်ကျမ်း-ဒု-၃၉။ |
| ဧဝံ ဥဗ္ဗေဂါပီတိ။ | အဋ္ဌသာလိနီ-ဋ္ဌ-၁၆၀။ |
| ဧဝံ ထေရာနုဂတာဝ။ | ရစနာ ဂါထာ။ |

( က )

| | |
|---|---|
| ကမ္မသရိက္ခကဝိပါက ဝသေန။ | အဋ္ဌသာလိနီ-ဋ္ဌ-၃၁၂။ |
| ကမ္မုနာဝတ္တတိ လောကော။ | မဇ္ဈိမပဏ္ဏာသပါဠိ-၄၁၂။ |
| ကဒါစိ ကရဟာစိ။ | သုတ်မဟာဝါပါဠိ-၁၁၅။ |
| ကာလသမ္ပတ္တိ။ | သမ္မော-ဋ္ဌ-၄၂၁။ |
| ကာလဝိပတ္တိ။ | ။ |
| ကာလာဝကဉ္စဂင်္ဂေယျံ။ | သမ္မော-ဋ္ဌ-၃၈၀။ |
| ကာတိယာနိပိ။ | ဧကင်္ဂုတ္တရ-ဋ္ဌ-၃၅၀။ |
| ကိစ္ဆော မနုဿ ပဋိလာဘော။ | ဓမ္မပဒပါဠိ-၄၁။ |
| ကိံ ဒဒေါ ဟောတိ။ | သဂါထာဝဂ္ဂပါဠိ-၂၉။ |
| ကိံ မေ အညာတဝေသေန။ | ဗုဒ္ဓဝံသပါဠိ-၃၁၀။ |
| ကိစ္ဆေန မေ အဓိဂတံ။ | ဝိနယမဟာဝါပါဠိ-၅။ |
| ကောစာဒိ ကုသလာနံ။ | မဟာဝဂ္ဂသံ-ဋ္ဌ-၁၂၄။ |
| ကုသလာ အနဝဇ္ဇ သုခဝိပါကာ။ | အဋ္ဌသာလိနီ-ဋ္ဌ-၈၂။ |

( ဂ )

| | |
|---|---|
| ဂတိသမ္ပတ္တိ။ | သမ္မော-ဋ္ဌ-၄၂၁။ |
| ဂတိဝိပတ္တိ။ | ။ |

( စ )

| | |
|---|---|
| စရထဘိက္ခဝေ စာရိကံ။ | ဝိနယမဟာဝါပါဠိ-၂၇။ |
| စာတုမဟာရာဇိကေ ပန။ | စတုက္ကင်္ဂုတ္တရ-ဋ္ဌ-၃၃၇။ |
| စိတ္တုပ္ပါဒမ္ပိ ခေါ စုန္ဒ။ | မူလပဏ္ဏာသပါဠိ-၅၂။ |
| စိတ္တိကတံ မဟဂ္ဃဉ္စ။ | ခုဒ္ဒကပါဌ-ဋ္ဌ-၁၄၃။ |
| စောဒိတာ ဒေဝဒူတေဟိ။ | တိကင်္ဂုတ္တရပါဠိ-၁၄၁။ |

( ဇ )

| | |
|---|---|
| ဇယန္တော ဗောဓိယာမူလေ။ | ပုဗ္ဗဏှသုတ်ပါဠိ။ |
| ဇာတိဝုဍ္ဎော။ | ဇာတက-ဋ္ဌ-ပ-၂၃၆။ |
| ဇယောဟိဗုဒ္ဓဿ သိရိမတော။ | အပဒါနဋ္ဌကထာ-ပ-၈၉။ |
| ဇီဝိတံ ဗျာဓိကာလောစ။ | သဂါထာဝဂ္ဂသံ-ဋ္ဌ-၃၉။ |

( တ )

| | |
|---|---|
| တထေဝ ဥဂ္ဃောသထတံ။ | ဇဂတိဆန်း၊ ဝံသဋ္ဌဂါထာ ရစနာ။ |
| တဿာဟံ သုပ္ပိယာ။ | အပဒါနပါဠိ-ဒု-၂၂၄။ |
| တတော ခေမာကတာ ဓိကာ။ | ထေရီဂါထာ-ဋ္ဌ-၁၃၂။ |
| တသ္မိံ အသတိ။ | ဥပရိပဏ္ဏာသ-ဋ္ဌ-၂၃၀။ |
| တဿိမာနိ သတ္တ ရတနာနိ။ | သုတ်ပါထေယျပါဠိ-၄၈။ |
| တဿတတ္ထ သုခိနော။ | စတုက္ကင်္ဂုတ္တရပါဠိ-၅၀၅။ |
| တိရစ္ဆာ နယောဝံ။ | သုတ်မဟာဝါ-ဋ္ဌ-၄၄ ကို မှီသော ရစနာ ဂါထာ။ |
| တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ။ | ဝိမာနဝတ္ထု ပါဠိ-၆၆။ |
| တသ္မိံ အသတိ။ | ဥပရိပဏ္ဏာသ-ဋ္ဌ-၂၃၀။ |
| တုစ္ဆဟတ္ထော။ | ဇာတက-ဋ္ဌ-ပ-၂၄၃။ |
| တုသိတံကာယံ။ | ဥပရိပဏ္ဏာသ-ဋ္ဌ-၃၀၅။ |
| တံ တေံ အတိသာဟသံ။ | မဟာဝင်ကျမ်း-ဒု-၃၉။ |
| တဿိမာနိ သတ္တ ရတနာနိ။ | သုတ်ပါထေယျပါဠိ-၄၈။ |
| တံ တံ ဝရံ ပတ္ထေတိ။ | ခုဒ္ဒကပါဌ-ဋ္ဌ-၁၄၃။ |
| တေသံ ကိရ ကာလေ။ | ပါရာဇိကကဏ်-ဋ္ဌ-ပ-၁၅၃။ |

| | |
|---|---|
| တံ ပုတ္တ ပသုသမ္မတ္တံ။ | ဓမ္မပဒပါဠိ-၅၄။ |
| တဿတတ္ထ သုခိနော။ | စတုကင်္ဂုတ္တရပါဠိ-၅၀၅။ |
| တံ ပန ဥဋ္ဌာနံအာဂမ္မ။ | စတုကင်္ဂုတ္တရ-ဋ္ဌ-၃၃၇။ |
| တိံသ ကပ္ပ သဟဿမှိ။ | ထေရာပဒါန ပါဠိ-၁၉၃။ |
| တိဏ္ဏံ ဘိက္ခဝေ သမ္မုခီဘာဝါ။ | တိကင်္ဂုတ္တရပါဠိ-၁၄၈။ |

( ဒ )

| | |
|---|---|
| ဒဟရာစ မဟန္တာစ။ | သုတ္တနိပါတ ပါဠိ-၃၇၁။ |
| ဒါနဥ္စ ယုဒ္ဓဥ္စ။ | သဂါထာဝဂ္ဂသံ-ဠိ-၂၀။ |
| ဒါနံ ဟိ လောကေ။ | မဇ္ဈိမ ပဏ္ဏာသ-ဋ္ဌ-၆၄။ |
| ဒါန နာမေတံ မယှံ။ | ။ |
| ဒါနံ သီလ ပရိဂ္ဂဟိတံ။ | စရိယပိဋက-ဋ္ဌ-၂၇၆။ |
| ဒါနံ သီလဿ ဗဟူပကာရံ။ | ။ |
| ဒီဃာဇာဂရတော ရတ္တိ။ | ဓမ္မပဒ ပါဠိ-၂၂။ |
| ဒုဒ္ဒဒံ ဒ ဒါတိ။ | သတ္တကင်္ဂုတ္တရပါဠိ-၄၂၁။ |
| ဒုက္ခံ တေဘူမကံ ဝဋ္ဋံ။ | သင်္ဂြိုဟ်ပါဠိ သမုစ္စယသင်္ဂဟ။ |
| ဒုက္ခသမုဒယော အရိယသစ္စံ။ | ဓမ္မစကြာပါဠိ။ |
| ဒွေပိနာမသတ္တာ။ | သုတ်သီလက္ခံ-ဋ္ဌ-၄၅။ |
| ဒွေ မေ ဘိက္ခဝေ အနုဂ္ဂဟာ။ | ဒုကင်္ဂုတ္တရပါဠိ-၉၁။ |

( ဓ )

| | |
|---|---|
| ဓညာဝတ မနုဿာယေ။ | အဋ္ဌသာလိနီ -ဋ္ဌ- ၁၅၉-ကို မှီသော ရစနာ။ |
| ဓမ္မပီတိ သုခံ သေတိ။ | ဓမ္မပဒပါဠိ-၂၄။ |
| ဓမ္မုဿဝေ အတိတျာယံ။ | ဧကင်္ဂုတ္တရ-ဋ္ဌ-၂၂ကိုမှီသော ရစနာ။ |

( န )

| | |
|---|---|
| နကောစိဒေဝေါ ဝဏ္ဏေန။ | ဓမ္မပဒ ဋ္ဌ ဒု ၁၄၂။ |
| န ဘိက္ခဝေ မူဂဗ္ဗတံ။ | ဝိနယမဟာဝဂ္ဂ ပါဠိ ၂၂၃။ |
| နာဟံ ဘိက္ခဝေ အညံ။ | ဧကင်္ဂုတ္တရပါဠိ ၃၅။ |
| နိမန္တနာယ ဂမနံ။ | သုတ်မဟာဝါ-ဋ္ဌ-၁၂၁-ကို မှီသော ရစနာ။ |

| | |
|---|---|
| နိရုဒ္ဓါတီတ သခ်ါရာ။ | ပရမတ္ထ သရူပ ဘေဒနီကျမ်း-၅၉၉။ |
| နေရယိကာ သတ္တာ။ | စတုကင်္ဂုတ္တရ-ဋ္ဌ-၅၃၇။ |

(ပ)

| | |
|---|---|
| ပယောဂသမ္ပတ္တိတိ။ | သမ္မော-ဋ္ဌ-၄၂၁။ |
| ပယောဂဝိပ္ပတ္တိတိ။ | ။ |
| ပဉ္စဟိအနန္တရိယကမ္မာနိ။ | ဧကင်္ဂုတ္တရပါဠိ-၃၇။ |
| ပဋိသမ္ဘိဒါ စတဿော။ | ထေရာပဒါနပါဠိ-၁၇၀။ |
| ပရေဟိဒိန္နသညံ။ | ဋီကာကျော်ဝိထိမုတ်ပိုင်း။ |
| ပါပသ္မိံ ရမတိမနော။ | ဓမ္မပဒပါဠိ-၅၁။ |
| ပီတိံ ဥပ္ပါဒေတွာ။ | သုတ်မဟာဝါ-ဋ္ဌ-၄၄။ |
| ပီတိပါမောဇ္ဇဇနနံ။ | ဗုဒ္ဓဝံသပါဠိ-၃၀၆။ |
| ပုဗ္ဗေဝသုမနောဒါနာ။ | ဆက္ကနိပါတပါဠိ-၂၉၆။ |
| ပေတာနံကာလင်္ကတာနံ။ | သုတ်ပါထေယျ-ဋ္ဌ-၁၅၄။ |

(ဖ)

| | |
|---|---|
| ဗာလာဟဝေနပသံသန္တိ။ | ဓမ္မပဒပါဠိ-၁၈။ |

(ဗ)

| | |
|---|---|
| ဗာလာဟဝေနပသံသန္တိ။ | ဓမ္မပဒပါဠိ-၄၀။ |
| ဗာဟိယံ ဘိက္ခဝေ။ | ဧကင်္ဂုတ္တရပါဠိ-၁၇။ |
| ဗုဒ္ဓဓမ္မရတနာ နဓိဂမော။ | မဏိသာရမဉ္ဇူ-ပ-ပဏာမအဖွင့်။ |
| ဗုဒ္ဓါဒိစ္စေအနုပ္ပန္နေ။ | ပရိဝါပါဠိ-၁၅၇။ |

(ဘ)

| | |
|---|---|
| ဘဝတုသဗ္ဗမင်္ဂလံ။ | ပုဗ္ဗဏှသုတ်ပရိတ်၊ မဟာဝိဟာရဝါသီ ရဟန္တာ အရှင်မြတ်တို့ ဟောတော်မူသော ပရိတ်မှန်း ဒေသနာ ဟူ၍ စလင်းဆရာတော်ပရိတ်ကြီးနိဿယ၌ မှာထားသည်။ |
| ဘဂဝါစတုဝီသတိသံဝစ္ဆရာနိ။ | ဥပရိပဏ္ဏာသ-ဋ္ဌ-၂၃၀။ |
| ဘဂဝတောဓမ္မဿဝနေန။ | ပါရာဇိကကဏ်-ဋ္ဌ-၉၄။ |

| | |
|---|---|
| ဘန္တေပုထုဇ္ဇနော နာမ။ | သုတ်မဟာဝါ-ဋ္ဌ-၂၀၂။ |
| ဘဒ္ဒိယ အနုရုဒ္ဓါ ကိမိလ။ | စူဠဝဂ္ဂပါဠိ-၃၄၈။ |
| ဘာဝနာနုမနုတ္တရံ။ | ထေရာပဒါနပါဠိ-ပ-၇၆။ |
| ဘိက္ခဝေ အပ္ပမာဒေန။ | သုတ်သီလက္ခံ-ဋ္ဌ-၄၇။ |

(မ)

| | |
|---|---|
| မစ္ဆေရာစ ပမာဒါစ။ | သဂါထာဝဂ္ဂသံ-ဋီ-ပ-၁၇။ |
| မစ္ဆာနံ ဘောဇနံ ဒတွာ။ | တိကနိပါတ်ဇာတက-ဋ္ဌ-ဒု-၃၈၃။ |
| မာဘိက္ခဝေ ပုညာနံ။ | ဣတိဝုတ္တကပါဠိ-၂၀၅။ |
| မာရာရိဗလဝိဿဋ္ဌာ။ | အလင်္ကာကျမ်း။ |
| မာဟောဝံ အာနန္ဒ။ | မဟာဝဂ္ဂသံ-ဋီ-၂။ |
| မဟာဟိတံ ဝရဒံ။ | အပဒါနပါဠိ-ဒု-၂၂၈။ |
| မင်္ဂလန္တိ ဣဒ္ဓိကာရဏံ။ | ခုဒ္ဒကပါဌ-ဋ္ဌ-၁၀၄။ |
| မောဒန္တုသန္တာ။ | ဇဂတိဆန်း ဣန္ဒဝံသဂါထာ-စရနာ။ |

(ယ)

| | |
|---|---|
| ယတောတုမှေ ဘိက္ခဝေ။ | သဠာယတနသံ-ဋီ-၃၈၆။ |
| ယထာဟိ အာကာသေ။ | ဥပရိပဏ္ဏာသ-ဋ္ဌ-၁၀၄။ |
| ယဿ သဒ္ဓါ သီလသုတစာဂ။ | ဥပရိပဏ္ဏာသ-ဋ္ဌ-၁၀၄။ |
| ယထာ ဒဏ္ဍေန ဂေါပါလော။ | ဓမ္မပဒပါဠိ-၃၃။ |
| ယထာပိ ကုမ္ဘကာရဿ။ | သုတ္တနိပါတပါဠိ-၃၇၁။ |
| ယာဒိသံ ဝပတေ ဗီဇံ။ | သဂါထာဝဂ္ဂသံ-ဋီ-၂၂၈။ |
| ယေ ဓမ္မာ ဟေတုပ္ပဘဝါ။ | ဝိနယမဟာဝါပါဠိ-၅၁။ |
| ယေ မစ္ဆရိနော လောကေ။ | သဂါထာဝဂ္ဂသံ-ဋီ-၃၁။ |
| ယေ ဝုဍ္ဎမပစာယန္တိ။ | ဧကနိပါတပါဠိ-၉။ |
| ယေ ကေစိ ဗုဒ္ဓံ သရဏံ။ | သုတ်မဟာဝါပါဠိ-၂၀၄။ |
| ယေ ကေစိ ဓမ္မံ သရဏံ။ | ဇာတက-ဋ္ဌ-ပ-၁၁၃။ |
| ယေ ကေစိ သံဃံ သရဏံ။ | ။ |
| ယောဂါဝစရော ဝီရိယု။ | အဋ္ဌသာလိနီ-ဋ္ဌ-၁၆၃။ |
| ယောပိ ဟောတု။ | ခန္ဓဝဂ္ဂသံ-ဋီ-၂၆။ |
| ယော ဘိက္ခဝေ။ | ။ |

| | |
|---|---|
| ယောမာရသေနမာသန္န။ | အလင်္ကာကျမ်း။ |
| ယောခေါဝစ္ဆ။ | တိကင်္ဂုတ္တရပါဠိ-၁၆၁။ |
| ယံယဒေဝါဘိပတ္ထေန္တိ။ | ခုဒ္ဒကပါဌပါဠိ-၁၀ |
| ယံကိဉ္စိဝိတ္တံ ဣဓဝါ။ | ရတနသုတ်ပရိတ်တော်။ |

(ရ)

| | |
|---|---|
| ရာဇ ရာဇမဟာမတ္တာ။ | စတုက္ကင်္ဂုတ္တရ-ဋ္ဌ-၃၃၇။ |
| ရူပံအနိစ္စံ။ | ခန္ဓဝဂ္ဂသံ-ဠိ-၂၀။ |
| ရူပံဘိက္ခဝေ အနတ္တာ | ခန္ဓဝဂ္ဂသံ-ဠိ-၅၅။ |

(ဝ)

| | |
|---|---|
| ဝတ္ထဒေါ ဟောတိ။ | သဂါထာဝဂ္ဂသံ-ဠိ-၂၉။ |
| ဝန္ဒနတ္ထာယ ဂစ္ဆာမ။ | သုတ်မဟာဝါ-ဋ္ဌ-၁၂၁-ကို မှီသော ရစနာ။ |
| ဝါတံဝဿဥပါသာဏံ။ | တောင်တွင်းကြီး ဆရာတော် ခင်ကြီးဖျော် ရေး သား သော ဗုဒ္ဓ ဝန္ဒနာဂါထာ။ |
| ဝိစိနန္တော့တဒါဒက္ခိံ။ | ဗုဒ္ဓဝံသပါဠိ-၁၁၆။ |
| ဝိဇ္ဇာစရဏေါဘိက္ခဝေ။ | ဣတိဝုတ္တကပါဠိ-၂၁၀။ |
| ဝိသာကပ္ပသဟာဿမို။ | ထေရာပဒါနပါဠိ-၁၉၃။ |
| ဝိဿဋ္ဌ မဉ္ဇူ ဝိညေယျာ။ | သုတ်ပါထေယျပါဠိ-၁၇၁။ |

(သ)

| | |
|---|---|
| သကလမိဒံအာနန္ဒ။ | မဟာဝဂ္ဂသံ-ဋ္ဌ-၂။ |
| သတ္တာတဿဝစနံသုတွာ။ | ဓမ္မပဒ-ဋ္ဌ-ဒု-၃၅၃။ |
| သတ္တာရမ္ပိမာတုအာဘိဓမ္မ။ | ဓမ္မပဒ-ဋ္ဌ-ဒု-၁၄၃။ |
| သဒ္ဓမ္မဒေသနာကာလေ။ | ဧကင်္ဂုတ္တရ-ဋ္ဌ-၂၂။ |
| သဗ္ဗဒါနံဓမ္မဒါနံ။ | ဓမ္မပဒပါဠိ-၆၄။ |
| သဗ္ဗာဘိက္ခုနံ။ | ဇာတက-ဋ္ဌ-ပ-၂၄၄။ |
| သာဂါရာအနာဂါရာစ။ | ဣတိဝုတ္တကပါဠိ-၂၇၀။ |
| သာဓုသမ္ဗဟုလာဉာတီ။ | ဇာတကပါဠိ-ပ-၁၇၊ |

| | |
|---|---|
| သာဘဝိဿတိ။ | ဝိနယမဟာဝဂ္ဂပါဠိ-၂၂၃။ |
| သာယာမေကေနဒိဿန္တိ။ | ကောဒသနိပါတပါဠိ-၆၉၃။ |
| သီလဝန္တေသု ဒဇ္ဇာသိ။ | ဇာတကပါဠိ-ဒု-၃၁၆။ |
| သုခိတာဟောန္တိ။ | သုတ်မဟာဝါ-ဋ္ဌ-၁၂၁ ကိုမှီသောရစနာ။ |
| သုခီဟောဟီတိ။ | မူလပဏ္ဏာသ-ဋ္ဌ-၁၈၅။ |
| သုဿုသာလဘတေ။ | သဂါထာဝဂ္ဂသံ-ဋ္ဌ-၂၁၇။ |
| သောဠသ မဟာဒေသာနံ။ | အင်္ဂုတ္တရပါဠိ-၈၅ ကိုမှီသောရစနာဂါထာ။ |
| သောတာနုဂတာနံဘိက္ခဝေ။ | စတုက်ဂုတ္တရပါဠိ-၅၀၅။ |
| သဗ္ဗာဘာယန္တိ။ | ဓမ္မပဒပါဠိ-၃၂။ |
| သံဝိဂ္ဂေါ ယောနိသော။ | အဋ္ဌသာလိနီ-ဋ္ဌ-၁၆၄။ |


အက္ခရာဝလိကျမ်းညွှန်းကဏ္ဍ ပြီးပြီ။

မကြာမီ ထွက်တော့မည်

ဦးရိပ်သာ ဆရာတော်

ညောင်လွန့် အရှင်သောဘိတာစာရ-၏

နိပုဏဓမ္မပဒေသာ

# ညောင်လွန့်တရားအဘိဓာန်ချုပ်

## ကျမ်းကြီး

**ဝေဝေဆာဆာ ထွက်ပေါ်လာပါတော့မည်။**

- ရှိုင်ဆိုက်၊ ဂျပ်ဖုံး၊ ကာလာ သုံးရောင်ခြယ်ဖြင့် စာမျက်နှာ-၆၀၀ ကျော်ခန့် ရှိပါမည်။
- ဟောကွက်-ပြောကွက်ကျသော တရားပုဒ်ပေါင်း မြောက်များစွာကို တစုတဝေး-စုစည်းထားပါသည်။
- ဘယ်အလှူ ဘယ်တရားပွဲမှာဘဲ ဟောဟော၊ ဟောသူလည်း ဟောကွက်ဆိုက်၍ နာကြားသူလည်း နှစ်ခြိုက်စေရပါမည်။
- "တရားမမျော-စကားကြောမရှည်" လိုရင်းအချက်တွေ ပြည့်ဝ၍ တရားသားကလည်း အကွက်စေ့လှပါသည်။
- ဂါထာ, စုဏ္ဏိယ, ပါဠိ - အနက် အဓိပ္ပါယ် အဆန်း - အညွန့်တွေ ရွေးချယ်၍ ¦စကား ချောပြေ ဝတ္ထု သက်သေ ကောင်း ကောင်း၊ သံပေါက်-လင်္ကာ-ကဗျာပေါင်းစုံလင်စွာဖြင့် တရားစာတို့ဂုဏ်အင်္ဂါကို စံတင်ကာ နမူနာထားလောက်အောင် လက်စွမ်းပြ ရေးသားထားပါသည်။
- သုတ်-တရား, အဘိဓမ္မာတရား, ဝိပဿနာတရား ဟောလိုရာ တရားမျိုးစုံကို နေ့ပွဲ-ညပွဲ ဆင်နွှဲ၍ ဟောမကုန်အောင် စုံစုံလင်လင် ပြုစုထားပါသဖြင့် လူကြိုက် - ရှင်ကြိုက် - ရဟန်းကြိုက်သော တရားစာပေမျိုး ဖြစ်ပါသည်။

မျှော်ပါတော့ ပေါ်လာတော့မည်။

# ပညာရောင်ခြည်စာပေ-ပင်မမှ မကြာမီ ဖူးပွင့်ကြဦးမည့် အမြဲတော စာပေရတနာများ

★

## ● ပစ္စေက ဗုဒ္ဓဝင်

ရန်ကုန်မြို့ ကြည့်မြင်တိုင် ဇေယျ ဝတီ ကျောင်း တိုက်- သုခဝါသီ ကျောင်း၊ ကျမ်းပြု စာချ ဓမ္မာစရိယ ပါဠိပါရဂူ အရှင်ဥက္ကဋ္ဌာဘိဝံသ ဆရာတော် ပြုစုသော ကျမ်းစာဖြစ်ပါသည်။

ပစ္စေကဗုဒ္ဓါဆိုတာ ဘယ်လိုဘုရားမျိုးလဲ၊ ဘယ်အခါ-ဘယ်ကမ္ဘာမှာ ပွင့်ကြသလဲ၊ မိမိအကျိုး-သူတပါးအကျိုးကို ဘယ်လိုဆောင်ရွက်တော်မူကြသလဲ၊ ဘယ်လိုကျင့်လို့ ပစ္စေကဗုဒ္ဓါဘုရား ဖြစ်တော်မူသလဲ....စသည့် စသည့် သိစရာ - မှတ်စရာ - ကြည်ညိုစရာများကို ထူးခြားစုံလင်စွာ ဖော်ပြထားပါသည်။

## ● မဟာသတိပဋ္ဌာန်အဖွင့်ကျမ်းကြီး

ရန်ကုန်မြို့ သစ္စဒီပက ဝိပဿနာအဖွဲ့ကြီး၏ ကမ္မဋ္ဌာနာစရိယ-မူလ ဓမ္မာစရိယ ဆရာဦးကြည်ပြုစုရေးသားသော ကျမ်းစာဖြစ်ပါသည်။ မဟာသတိပဋ္ဌာန်နိသျကိုမူတည်၍ အဓိပ္ပါယ်အဖွင့် အမျိုးမျိုး တင်ပြရှင်းလင်းထားပါသည်။

ဆရာဦးကြည်သည် ဝိပဿနာအလုပ်တရားများကို မည်မျှပေါ်လွင်အောင် ရေးတတ်၍၊ မည်မျှ ဉာဏ်အမြင်ပွင့်လင်းအောင် ဟောတတ်သည်ကိုတော့ အထူးချဲ့ပြောစရာမလိုတော့ပါ။ ယောဂီတို့သန္တာန်မှာ ပိတ်ကာနေသော အဝိဇ္ဇာ အမှောင်ထုကို ဖြိုခွင်း၍ ဝိဇ္ဇာဉာဏ်ရောင်အလင်းကို ဤကျမ်းစာကြီးက ဆောင်နှင်းပေးအပ်ပါလိမ့်မည်။

## ● လျှပ်စစ်ကာဝါကျမ်း

ဤကျမ်းစာကို ဓမ္မာစရိယ ပါဠိပါရဂူ အရှင် ဓမ္မပိယာဘိဝံသ ပြုစုရေးသားပါသည်။ ငယ် - လတ် - ကြီး - ကျော် - ပထမပြန်ပွဲ ဆင်နွဲတော်မူကြသော သောတုဇန အရှင်များအတွက် အထူး တင်ဆက် လိုက်သော ကျမ်းစာဖြစ်ပါသည်။ ယခင်အကြိမ်က ပထမတွဲတအုပ်ထည်းသာ ထွက်ခဲ့ဘူးသော်လည်း ယခုမူ ပ-ဒု-နှစ်စုံ ဝိနည်းသိက္ခာပုဒ် အဓိပ္ပါယ်ကုန်အောင် တအုပ်ထည်းနှင့် အပြီးစုံလင် စီစဉ်ထုတ်ဝေပါတော့မည်။

ဤကျမ်းစာထွက်ပေါ်ပြီးက **လျှပ်စစ်ရူပသိဒ္ဓိကျမ်း၊ လျှပ်စစ်ဋီကာကျော်ကျမ်း**များလည်း စီတန်းထွက်ပေါ်လာကြပါလိမ့်မည်။

# ပညာရောင်ခြည် စာပေမှ ဖြန့်ချိလျက်ရှိသော

## အနုဿရတနာ အမြုတေစာပေများ

- မစိုးရိမ်ရှုပသိဒ္ဓိအဖြေ။
- မစိုးရိမ်ဋီကာကျော်အဖြေ။
- မစိုးရိမ်သီလက္ခန်အဖြေ။
- ဝိသုဇ္ဇနာဝရဇိန်။ (ပ-ဒု)
- အဘိဓမ္မာညဝါလရောင်။
- သုတ္တဂ္ဂဿဝိဘာဝိနီ။
- သဒ္ဒါဉာဏ်ရောင်ကျမ်း။
- အဘိဓမ္မာဉာဏ်ရောင်ကျမ်း။
- ဝိနယဉာဏ်ရောင်ကျမ်း။
- ကူညီရေးရှုပသိဒ္ဓိ။
- ဆန်းအလင်္ကာရောင်ခြည်။
- ကျမ်းရင်းသုံးကျမ်း ပါဠိတော်လင်းရောင်ခြည်။
- ဓမ္မရုံသီတရားစာ၊ (ပ-ဒု)
- ဓမ္မဂီတိတရားစာ။
- သာယာဝတီတရားပေါင်းချုပ်။
- ဓမ္မမာလာပဒေသာ ခေတ်မှီတရားစာ။
- သိမ်မျိုးစုံဘာသာဋီကာ။
- ဝိနည်းမိုရ်နှင့်ကျောင်းထိုင်လက်စွဲ။
- အခြေခံပဒမာလာ။
- မြင်းခြံဆုပေးကျမ်း။
- ပညာရောင်ခြည်ဘုရားရှိခိုး။
- စိန်ရောင်ခြည်ဘုရားရှိခိုး။
- ကြာပန်းအိုင်ပဋ္ဌာဇနိယကမ္မဝါ။
- ဥပုသ်သည်ကြေးမုံ။
- သုတမဉ္ဇူရီကျမ်း။
- နရသုခိအင်္ဂဝိဇ္ဇာခြောက်စောင်တွဲ။
- ဂါထာမန္တန်ညွန့်ပေါင်းကျမ်း။
- မဟာမောဂ္ဂလာန်။
- ပရိမိဏ္ဍဇာလသုတ်နှင့်ရှင်အရဟံပုတီးစိတ်နည်း။
- ဓာရဏပရိတ်တော်။
- ဓမ္မဝိနယရှင်ကျင့်ဝတ်။

**အခြားထွက်ပေါ်လာဦးမည့် ကျမ်းစာများ ရှိပါသေးသည်။**